www.burmeseclassic.com

ဘုန်ကြီး(ကြွင်း)၊ ကဝေဒေါ်ခင်ဇုန်၊ ဝန်နဂါရီလ

ဂန္ဓိဂ

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထ ဘုရားရှိခိုး

ပါဠိ-အနုက်ကို

သမ္မုဒ္ဓေ အဋ္ဌပိသ္မာ၊ ဒွါဒသဟ္မာ သဟဿကေ။
ဝဠာသတသဟဿာနိ၊ နဗ္ဗမိ သိရသာမဟံ။
အဝ္ဟာ ဝါဠဂ္ဂဟာ ဂဠီ။ အနုန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနာသန္တု အသေသတော။

အဋ္ဌပိသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိုးရှစ်ဆူကုန်သော၊ **သမ္မုဒ္ဓေစ**-ဘုန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာမှင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဟ္မာ သဟဿကေ**-မိုဃ်ကိန်းအောင်း ကော်ဇော်လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပသ္သသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠကာ**-ရှိကြကုန်သော သဲတို့သည်၊ **အမ္ဟကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဘဝတိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ဝင်းဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချှာဂဏန်း ရေတွက်မှုန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တာ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိုးရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်ဓာန်လျှော် ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနာသန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရား-တရား၊ ယြေးတော်ကြီးများနှင့် သာသနာတော်ဝန်ထမ်းတော်များ၏

ဒီဒီး(နီကွန်) စီစဉ်တည်းဖြတ်သည့်

ဂန္ဓိ

မဂ္ဂဇင်း

အယ်ဒီတာ

ဦးစိန်မျိုးမြင့်

ဆရာရန်စအောင်ဟိန်း(B.Sc)

အယ်ဒီတာ

စမောင်စမောင်လတ်

အမှတ်(၂၄၆)၊ ၂၀၁၆ ဇန်နဝါရီလ

၅။ ယောနက-ဘိုးထောင်

ရွှေတိဂုံနှင့် ဘုရင်မကြီး ရှင်စောပု

၁၀။ ဓိလ်တထောင်-ကိုဦး

မြူခိုးဝေမှောင် နဂါးရစ်တောင်တွင် ထီးကိုးလက်
တင်လျှူပူဇော်မည့် မိဘကျေးဇူး မြင်းမိုရ်ဦးစေတီ

၂၀။ သစ္စာမင်းခေါင်

ကျခတ်ဝါးရဲ့ မင်းသမီး၏ နက်ရှိုင်းသောမေတ္တာနှင့်
တောတွင်းသား မောင်ဒီ၏ လွမ်းစေတီ

၂၄။ ဘသန်းတင်

နဂါးလေးကောင် ခြံရံထားသည့်
စတုရဿနာဂရံသီစေတီတော်

၃၀။ တက္ကသိုလ်မျိုး

ဘန်ကောက်မြို့က ရွှေဟောင်းဆုတောင်းပြည့်
Wat Pho လျောင်းတော်မူမြတ်စွာဘုရားအား
ဖူးမြော်၍ လိုရာဆု တောင်းခဲ့ခြင်း

၃၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)

မှော်သေးကျောင်းတိုက်နှင့် သီလသိဒ္ဓိဝင်သိမ်တော်

၆၀။ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)

ဆင်ဖြူကျွန်းက ပုတီးပင်မယ်ပွေးရဲ့ဘုရား

၇၀။ အာကာသ(သာစည်)

အရှေ့ပြက္ခရွှေတောင် ချမ်းမြေ့ပါရမီတောရတွင်
မြင့်မြတ်ဖြူစင်သော ရဟန်းဘဝ
တစ်ခဏ ရောက်ခဲ့ရ

၇၆။ ဓမ္မယောသက-အရှင်ဩဘာသ

ထိုင်ခုံလှူအကျိုး ထူးတန်ခိုး

၈၀။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

စွန့်လွှတ်ခြင်း၏ ဒုတိယစာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ဓမ္မာစရိယ-သန်းထွန်း
ထင်ရှားကျော်ကြား သာမဏေများ

၂၂။ ထွန်းအားရှင်
ရာဇကြိုဟ်ပြည် တန်ဆောင်မုန်းလပြည့်ညနှင့်
အာဇာတသတ်မင်း၏ ရင်ထဲက ဓမ္မ

၂၃။ သာထက်ဇော်(မကွေး)
ပုဏ္ဏားဟူသည့် အဓိပ္ပာယ်နှင့် သောဏဒဏ္ဍပုဏ္ဏား

၂၄။ ခိုင်ဇာ-နေဇာ
ကံတရား၏ ဆန်းကြယ်ပုံ

၂၅။ ဗျာပုံ-ရည်လွင်အောင်
ကျွန်တော်ရဲ့ ဖြောင့်ချက်

၂၆။ ကျော်ကျော်ဦး(ဒါးဘီး)
ငရဲကျသည့်တိုင်အောင် မိုက်တွင်းနက်လေသူ

၂၇။ ကိုရွှေမြသန်း(သမိုင်း)
ပေါင်းထိုက် မပေါင်းထိုက် ဂန္ဓိရကထာ

၂၈။ မင်းသန့်ကျော်(စီးကုန်း)
ရှိခိုးပူဇော် အရဟံဝုဏ်တော်

၂၉။ ဓရည်မွန်(ကျုံပျော်)
လယ်တီဆရာတော်ဘုရားကြီး၏
ပုစ္ဆာအဖြေများ

၃၀။ တက္ကသိုလ်အပန်ငယ်
အေးကင်းပြီး စိတ်လိုတိုင်း ပြည့်စေသည့်ဂါထာ

၃၁။ သုဒ္ဓ(နဝင်းမြို့)
ရတနာသုံးပါး အမြတ်ထားပြီး
သိကြားမင်းကြီး ပူဇော်ခဲ့သော
ဂါထာတော်ကို ရွတ်ဆိုပြီး သစ္စာပြုလျှင်

၃၂။ ဗျာပုံ-တင်နိုင်ဝင်း
ကိုးကွယ်မှုခေတ်များ

၁၄၆။ အောင်ကျော်စွာ
အယူတော်မဂ်လာ အမတ်ကြီးဦးနိုး၏
အံ့မခန်းဖွယ် နိဗ္ဗိတ်ကောက်ဟောခဲ့ပုံများ

၁၅၀။ ရွှေတလေး(လွယ်လင်)
ဆွမ်းတစ်နပ်၏ ကုသိုလ်ကံစေတနာကြောင့်
ဆင်းရဲသားဘဝမှ မြတောင်သူဌေးမင်း ဖြစ်သွားသူ

၁၅၄။ စိုးယဉ်ထွန်း
ရှေးထုံးစဉ်လာ လှူအပ်ရာ

၁၅၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
သိဒ္ဓိနမော မနောလင်ပန်းအင်းတော်ကြီး

၁၆၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
ကပ်ကျော်လာဘ်ခေါ် ဗျည်းနဝင်းဘုရား

၁၆၄။ ဂန္ဓိရ-ဆရာလှမျိုး(B.Sc)
ကောင်းကျိုးဝေဆာ ဂြိုဟ်ရှစ်ခွင်ယဘြာ

၁၆၈။ အောင်ကောင်းမြ(သာကေတ)
ကားအန္တရာယ်ကင်းနှင့် ကားဝယ်ရောင်းယဘြာများ

၁၇၃။ ကျော်မိုးလွင်(ဝါးခယ်မ)
(၁၂)ရာသီပဋိစ္စသမုပ္ပဒ် ဇယားပေဒင်

၁၇၈။ သာထက်ဇော်(မကွေး)
နိဗ္ဗိတ်ရှာပြီးမှ ခရီးသွားပါ

၁၈၂။ မင်းနေထွန်း(ကန့်ဘလူ)
ကြားမြင်သုတ မှားကြပါစေ

www.burmeseclassic.com

www.burmeseclassic.com

၁၈၆။ ကြည်ဝင်း(ဟသံတ)
ကျန်းမာရေးလမ်းကြောင်း (သို့မဟုတ်)
ဗုဒ္ဓဟူးလမ်းကြောင်း

၁၉၃။ ခေတ္တရာ-ဆရာကျော်
လက်တွေ့လေ့လာ အသုံးချပညာ

၁၉၆။ ဆရာကံထူး(ဓေဒသုတေသီ)
အဲဒါ အဓိကပါပဲ

၂၀၁။ ဆရာကံထူး(ဓေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ

၂၀၈။ မင်းမဟော်ညွှန့်
နက္ခတ်ကောဇော ရက်မြတ်ကောင်း အချိန်အခါ

၂၁၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ကမ္ဘီရပရိသတ်မေး၍ ဖြေသည်

၂၂၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၂၂၄။ ဆရာရန်အောင်ဟိန်း(B.Sc)
ဒေါနယ်ထရန့် အမေရိကန်သမ္မ ဖြစ်နိုင်,မဖြစ်နိုင်
ကေ.ဝီစနစ်ဖြင့် သုံးသပ်ကြည့်ခြင်း

၂၂၈။ ဟိန်း(ဘူမိ)
သံလွင်ဆီ၏ အကျိုးကျေးဇူးများ

၂၃၂။ ကိုမောင်သန်းဝင်း
သန္ဓေပင်သိုက်

၂၃၆။ ဒါရိုက်တာမျိုးဇော်အောင်
လောက်စာလုံးသုံးလုံး တန်ခိုးရှင်

၂၄၄။ ဝေယံလင်းခေါင်
တန်ဆေးပေးသော ဆေးမြစ်

၂၄၈။ မောင်သွေးရင့်
မြွေမင်းသား

၂၅၈။ သျှင်ရဲထွဋ်
(တောင်စွန်း)
အားနာ ခါးပါ

၂၆၄။ ကောင်းသော်
ဝူထွက်မြို့ဟောင်းက
ခေါင်းလောင်းသံ

၂၇၂။ ကြည်ဝင်း(ဟသံတ)
သံသပိတ်ကြီးနှင့် မှော်ဝင်ဖဲချပ်

၂၈၀။ မင်းဟိန်းခိုင်
ဦးဝေထွန်းဦးနှင့် ပြဒါးပြာ

၂၈၈။ ချစ်ဆိုင်
သရဲကြီးပေးတဲ့ ချစ်ဒုက္ခ

၂၉၄။ ရွှင်ထွေးအောင်
သက်တံရောင်ဖြာဓားနှင့် ဂမ္ဘီရလက်စွပ်

၃၀၀။ ဧရာထွန်း(စစ်ချောင်း)
ဖုတ်ဘုရင်

၃၀၄။ ကျော်ဓော(စားကုန်)
ကဝေရန်ငြိုး

၃၁၂။ ခဲမောင်မြင့်မား(ဗိုလ်ကလေး)
တောဏ်၏ ဆန်းကြယ်ခြင်း

၃၁၆။ ခင်မောင်အေး(မန္တလေး)
တောဆင်ရိုင်းကြီး၏
ကလဲ့စား

၃၂၀။ နေမင်းသူရိယ(ဆင်ဖြူကျွန်း)
ပျံလွှင့်နေသည့် ဝိညာဉ်ကိုယ်ပွား
စိတ်ခွဲပညာ

ထုတ်ဝေသူ–ဦးသန်းဦး(မြို–၀၀၅၃၆၆) ၊ **ဂန္ဓိရ Logo**–မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
အတွင်းသရုပ်ဖော်–မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ညွှန့်နိုင်လှ၊ အောင်လင်းထွန်း။ **အတွင်းသားဇလင်**–STARS ။ **စာအုပ်ချုပ်**–အောင်ဝင်း ။
မျက်နှာဖုံးပုံနှိပ်–ဦးတိုးဝင်း(မြို–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း။ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြို–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ● အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅၄ ၊ ✎ ၀၉၂၆၀၀၈၅၅ ၈၆၀

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံနှင့်
ဘုရင်မကြီးရှင်စောပု

ယောနက-ဘိုးထောင်

လေးဆူတောင်ပုံ ရွှေတိဂုံစေတီတော်ကြီးမှာ မြန်မာနိုင်ငံတော်၏ မျက်နှာကြီးနှင့်တူသည်။ ဤကမ္ဘာတွင် ပွင့်တော်မူမည့် ဘုရားငါးဆူထဲမှ ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်များ ကိန်းဝပ်စံပယ်တော်မူနေသည်။ အရပ်ရှစ်မျက်နှာမှ ကြည့်လိုက်တိုင်း ရွှေတောင်ကြီးပမာ ခန့်ခန့်သန့်သန့် မြင့်မားလျက်ရှိသည်။ ရွှေတိဂုံစေတီတော်ကို မြန်မာမင်းအပေါင်းတို့ သာသနာရောင်ဝါ ထွန်းလင်းတောက်ပအောင် ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။ ကမ္ဘာ့အလယ်တွင် မြန်မာတို့ မျက်နှာငင့်ထည် ကင့်တယ်ခဲ့ကြသည်။

မြန်မာရာသီသုံးခုလုံးတွင် ရွှေတိဂုံစေတီတော်ကြီးမှာ ဝင့်ကြွားမြင့်မားလျက် ရှိသည်။ နွေရာသီအချိန်ကာလအခါသမတွင် တိမ်လိပ်တိမ်တောင် ဒွေမင်ရောင်အသွေးဖြင့် ရွှေတိဂုံစေတီတော်အလုံ ပေါင်းစုံနေသည်။ တိမ်ပြာ၊ တိမ်နီ၊ ဝါ၊ ခရမ်း စသည်ဖြင့် အလှပန်းချီဆင်သနေသည်။ လေ အေးအသွေးတွင် ဆည်းလည်းသံ သာသာယာယာနှင့် ကြည် ညှိစရာဖြစ်သည်။

နွေမှ မိုးသို့ပြောင်းလျှင်လည်း မိုးစက်မြားတံအကြား မှ ရွှေတိဂုံစေတီတော်ကြီး ရွှေရည်ဥ၍ နေဖြည်နတ္တ သဖွယ်လှပါ၏။ မိုးသားတိမ်လိပ်အပြာရောင် ကောင်းကင် ပြင်ကြီးဝယ် ဝင်းအိလျှံလျှံ ရွှေဆေးဖြင့် တင့်တယ်ခဲ့ညာ လှပါသည်။ မိုးဖွဲဖွဲ မိုးသည်းသည်းအကြားတွင် ရွှေတော ကြီးမှာ ဝင်းလျက်လင်းလျက် ပူးမြော်ရပြန်သည်။

တစ်မိုးပြောင်း၍ တစ်ဆောင်းသစ်ပြန်လွှင်လည်း တိဂုံစေတီတော်ကြီးသည် ဆောင်းနှင်းဖွေးဖွေး ချမ်းအေးဖြူ ရွှေစက်ရွေပျောက် ရွေရည်သောက်လျက် ရှိနေသည်။ မြ မာရာသီ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း အခါပြောင်းသော် လည်း ရွှေစင်ရွှေသား ရွှေရောင်လွှမ်း၍ ရွှေတိဂုံဘိုင်ငံတော် မျက်နှာမှာ ထိန်လင်းလျက်ရှိသည်။ ရွှေတိဂုံစေတီတော်ကြီး မှာ နွေအခါရှိန်တွင် နေလုံးရိန်ဖြင့် ရွှေရောင်အဆင်း ဝင်းဝင် လင်းကာရှိနေသည်။ ညအချိန်တွင် လစန္ဒာကို ပန်းပန် ရွှေအိုရောင်အသွင်ဖြင့် ဝါဝါဝင်းလျက်ရှိသည်။

ရွှေတိဂုံစေတီတော်၏ ဝဲယာရှေ့နောက် အရပ်ဒေ ဝန်းကျင်တွင် အရံစေတီတော် များစွာကလည်း အယဉ်တွ အလှဆင်လျက် ရှိပါသည်။ လေးဆူတောင်ပုံ ရွှေတိဂုံစေ တော်ကြီးသည် မြန်မာ့ကျက်သရေဂုဏ်ရောင်ကို ဆော လျက်ရှိပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အနော မြောက်ထောင့်တွင် ဘုရင်မကြီးရှင်စောပု ဘုရားစေတီတ တည်ရှိပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို ဘုရင်မကြီ ရှင်စောပုသည် ကောင်းမှုအမျိုးမျိုးပြုလုပ်ကာ ကုသိုလ်ယူ သည်။ ရွှေတိဂုံစေတီတော်မြတ်ကို နေ့စဉ် ပူးမြော်သ ပုံကလည်း ထူးကဲလှသည်။ ရွှေတိဂုံစေတီတော်နှင့် ဘုရင် ကြီးရှင်စောပု ကောင်းမှုတော်မြတ်ကား ပေါလွင်ထင်ရှ ၏။ ရွှေတိဂုံစေတီတော်ခြေရင်း အနောက်မြောက်ထ အရပ်တွင် ရှင်စောပုဘုရားစေတီတော်မှာ သာ တစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မကြီးရှင်စောပုအကြောင်း ကောင်းမွန်ကုသိုလ်တော်များ ပြုလုပ်ခဲ့ကြောင်း ထူးခြားသည်။ ရှင်စောပုဘုရင်မကြီး ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှုသည် အောင်ရွှေဝင်ဖြစ်၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အထူးယုံကြည်မှု ပြည့်ဝလှသည်။ ဘုရင်မကြီး ရှင်စောပု၏ သဒ္ဓါတရားကား ကြီးမားမြင့်မြတ်လှသည်။ ရှင်မရှင်စောပု၏ ဘဝဖြစ်စဉ်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။

ရှင်စောပုသည် မွန်ဘုရင် ရာဇာဓိရာဇာနှင့် မိဖုရားသုန္ဒရီတို့မှ မွေးဖွားသူဖြစ်သည်။ ငယ်စဉ်ကပင် လိမ္မာယဉ်ကျေးသိမ်မွေ့သူဖြစ်၏။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည်။ ရှင်စောပု အသက် (၂၂) နှစ်တွင်မူ သမိန်စည်သူနှင့် အိမ်ထောင်ထပ်ထိမ်းမြားခဲ့သည်။ လောကလူသားတို့ အစဉ်အလာ အရ သမီးတော် (၂) ပါး၊ သားတော် (၁) ပါး ဖွားမြင်ခဲ့သည်။ ရှင်စောပု အသက် (၂၅) နှစ်တွင် သမိန်စည်သူ ကွယ်လွန်ခဲ့သည်။ ရှင်စောပုမောင်တော် ဗညားရံဒုနှင့်အတူ နေခဲ့လေသည်။ ထိုအချိန် အင်းဝဘုရင် သီဟသူသည် အသက်ကြီးရင့်ရော်လာပြီး ဝိုင်းရံထားလေသည်။ တစ်လခန့်ကြာသော ဒဂုံမင်းဗညားရံသည် နှမတော်ရှင်စောပုကို ဆက်သအပ်ရန် ကမ်းလှမ်းရာ အင်းဝဘုရင်က လက်ခံခဲ့လေသည်။

အသက် (၂၉) နှစ်ရှိ နှမတော်ရှင်စောပုကို သီရိတြိဘဝဓိတ္တမဟာရာဇာဓိရာဇဒေဝီ ဘွဲ့ပေးကာ ဘုရားအဖြစ် တင်မြှောက်ခဲ့သည်။ အင်းဝဘုရင် မိဖုရားကြီးအဆောင်နှင့်တကွ အခြွေအရံများနှင့်အတူ ဝေါဟာရဥဒ္ဒါဖြင့် ဆောင်တော်မူသည်။ အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူ ဆောင်တော်သို့ မွန်အစတ်၊ မြန်မာအမတ်များ ဝိုင်းရံ ဆောင်ခဲ့လေသည်။ အင်းဝဘုရင် ဆင်ဖြူရှင်လည်း တော်ထက်တွင် ခရီးဦးကြိုဆိုပြီး အင်းဝသို့ ခေါ်ဆောင်သွားလေသည်။ အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူသည် ရှင်စောပုကို လွန်စွာချစ်မြတ်နိုးသော်လည်း သုံးနှစ်ခန့် ခရစ်နှစ် (၁၄၂၅) တွင် တိုက်ပွဲ၌ ကျဆုံးကွယ်လွန်သည်။ တစ်ဖန် မင်းလှယေနှင့် (၃) လ၊ ကလေးကျေးဘုရင် (၇) လ လက်ထပ်ရသည်။ ၎င်းတို့ ကွယ်လွန်ပြီးနောက် အင်းဝမိုးညှင်းမင်းတရားကြီး နန်းတက်ရာ ရှင်စောပုအား ဆက်လက်သိမ်းပိုက်ပြီး မိဖုရားအရာ တင်ခဲ့သည်။ ဤသို့ဖြင့် ရှင်စောပုသည် အင်းဝတွင် မင်းအဆက်မိဖုရားကြီးအဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။

မောင်တော်မွန်ဘုရင် ဗညားရံမှ အင်းဝဘုရင် သီဟသူသို့ ဆက်သချက်အရ လူမမည် သားငယ်၊ သမီးငယ်များ ခွဲခွာခဲ့ရပြီး အင်းဝသို့ လိုက်ပါခဲ့ရသည်။ ဘုရင်မရှင်စောပုသည် မိမိအသက် (၈)နှစ်၊ (၉)နှစ်ခန့်တွင် မိခင်တလသုန္ဒမာယာ မိဖုရားကြီးကို ဖခင်ရာဇာဓိရာဇာက စစ်သူ လက္ခဏ်းအိမ်သို့ အသက်ရှင်လျက် မိဖုရားကို ငါ မနှမြောဘဲ သင့်ကို သာ နှမြောသည်ဟုပြောပြီး အသက်ရှင်လျက် ကြက်ငှက်ပမာ အခြားသူရင်ခွင်သို့ လွှဲပြောင်းပေးခဲ့သည်ကို ရင်နှင့်စွာ တွေ့မြင်ခဲ့ရသည်။

ထိုအချိန်က အုပ်ချုပ်သော ဘုရင်များသည် နန်းတက်ချိန်တွင် မယ်တော်များမှအပ အစဉ်အဆက်ရှိသော မိဖုရား၊ မောင်းမမိသံများအား သိမ်းပိုက်ကြသည်။ မိုးညှင်းတရားကြီးသည် မိဖုရားကြီးရှင်စောပုအား မိဖုရားအဖြစ် ထုံးတမ်းစဉ်လာအရ သိမ်းပိုက်ခဲ့သော်လည်း ယခင်ဘုရင်များကဲ့သို့ ချစ်ချစ်ခင်ခင် မပြုတော့ပေ။

ထို့ကြောင့် မိဖုရားကြီးရှင်စောပုသည် မိုးညှင်းမင်းတရားလက်ထက် (၃)နှစ်၊ အင်းဝတွင် (၇)နှစ်အကြာ ဟံသာဝတီမှ ပညာလာရောက်သင်ကြားနေသည့် မွန်သာမဏေ အရှင်မွေရေနှင့် ခမ္မဉ်ရာတို့ (၂)ဦးအား စည်းရုံးပြီး ရွှေငွေများပေးကာ လျှို့နှင့် လျှော်တက်များဝယ်ယူပြီး ရေလျှောတတ်သူများ ဌာနရမ်းလေသည်။ ဘုရင်မရှင်စောပုသည် အကြံထူထောင်ပြီး နေမကောင်းဟန်ဆောင်နေသည်။ မိုးညှင်းမင်းတရားကြီးသည် သမားတော်များကို ခေါ်ယူပြသလေသည်။ ရှင်စောပုလည်း အဖေါ်ဆောင်၍ ချိုပ်တို့ကို ဖရည်ဖျော်သောက်လေရာ ဝမ်းမှ အနီ၊ အဝါများကျပြီး ဆေးဝါးကုသ၍ ရတော့မည် မဟုတ်ကြောင်း မချွတ်ခကန် ချွတ်လွဲမည်ဖြစ်ကြောင်း မိုးညှင်းမင်းတရားကြီးထံ လျှောက်တင်ကြသည်။ မင်းတရားကြီးသည် ယုံကြည်ပြီး ခွင့်ပေးလေသည်။ ရှင်စောပုသည် ခမ္မဉ်ရေနှင့် ခမ္မဉ်ရာတို့နှင့် တိုင်ပင်ပြီးဖြစ်၍ အနောက်လုံတော်ပေါက်မှ ထွက်ခွာသွားလေသည်။ ထို့နောက် အသင့်စီရင်ထားသော လှေကိုစီး၍ အောက်ဖြည်သို့ စုန်ပြေးလေသည်။ ရဟန်း (၂) ပါးသည် လမ်းခရီးတွင် ပင်လယ်များသုံးပြီး နေ့အချို့ကို ဆောထိုးပုန်းပြီး ညအခါ၌ လှေနှင့် စုန်ဆင်းကြလေသည်။ မိုးညှင်းမင်းတရားကြီးသည်

www.burmeseclassic.com

ရှင်စောပု ပြေးသည်ကိုသိ၍ အမတ်(၅)ယောက်အား လေ့(၅)စင်းဖြင့် တက်အပြည့်လေ့က်ကာ လိုက်သော်လည်း ရှာမတွေ့ရတော့ချေ။ ဤသို့ဖြင့် ပရိယာယ်များစုံသုံး၍ ခရီးစုန်ဆင်းလာရာ ဟံသာဝတီပဲခူးသို့ ချောမောစွာ ရောက်ရှိလာလေသည်။

ထိုအချိန် ဟံသာဝတီဗညားရံမင်း အုပ်ချုပ်နေချိန်ဖြစ်သည်။ ဗညားရံမင်းသည် နှမတော်ရှင်စောပု ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာရှိပြီး နန်းတွင်း၌ပင် အိမ်ဆောက်ကာ ချမ်းသာစွာ နေထိုင်စေသည်။ ထိုအချိန် ရှင်စောပု၏ အသက် (၃၆)နှစ်သာ ရှိသေးသည်။ ရှင်စောပု၏သား ဗညားပရူသည် မယ်တော်အင်းဝတွင် အနေကြာသဖြင့် အမိမှန်းမသိကြောင်း သိရသည်။ ဗညားရံ့ကွယ်လွန်ပြီး ခရစ်နှစ်(၁၄၄၆) ခုနှစ်တွင် ရှင်စောပု၏သား ဗညားပရူမင်း နန်းတက်သည်။ (၃)နှစ်အကြာ ခရစ်နှစ်(၁၄၄၉)ခုနှစ်၊ ဗညားကျန်းမင်း (၃)နှစ် နန်းစံသည်။ ခရစ်နှစ်(၁၄၅၂)ခုနှစ်တွင် လိပ်မွတ်တော်မင်း (၇)လနန်းစံသည်။ ၄င်းနောက် ခရစ်နှစ်(၁၄၅၂) ခုနှစ်တွင် ဗညားကျန်းထောဘွဲ့ ခံယူပြီးလျှင် ဘုရင်မ ရှင်စောပု နန်းတက်သည်။ ဘုရင်မရှင်စောပုသည် (၁၇)နှစ်တိုင်တိုင် ဟံသာဝတီထီးနန်းကို စိုးစံတော်မူသည်။

ရှင်စောပု ဟံသာဝတီနန်းကို စိုးစံသောအခါ ရဟန်းတော်များဖြစ်ကြသော ဓမ္မဓရနှင့် ဓမ္မဉာဏတို့အား လူထွက်စေပြီး အနီး၌ ထားလေသည်။ ဓမ္မဓရသည် မင်းတန်းဖြစ်သည်။ လူထွက်ပြီး မင်းတန်းကို သမီးငယ် တကာသင်နှင့် လက်ထပ်ပြီး အိမ်ရှေ့အရာ အပ်နှင်းလေသည်။ ဘုရင်မကြီး ရှင်စောပု သက်တော်ကြီးရွယ်ပြီး နန်းစံသက် (၁၇)နှစ် ရောက်သောအခါ ထီးနန်းကို သမက်တော် မင်းတန်(ခေါ်) ဓမ္မစေတီမင်းအား ထီးနန်းလွှဲအပ်ခဲ့သည်။ ဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်၏ အနောက်မြောက်ဘက်၌ မြို့နန်းတည်ကာ စေတီတော်ကို မပြတ်ဖူးမြော်လျက် စံနေတော်မူလေသည်။ နန်းစံတော်မူသောနှစ်များတွင် ပြည်သူပြည်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းအောင် ထားရှိခဲ့၏။ ကျွာသားရင်သား မခွဲခြားဘဲ မင်းကျင့်တရား (၁၀)ပါးနှင့်အညီ အုပ်ချုပ်သည်။ ပြည်သူလူထုကို ရင်ဝယ်သားကဲ့သို့ ထားရှိသည်။ ရှင်စောပုဘုရင်မ အုပ်ချုပ်သော နိုင်ငံတော်သည် သာယာချမ်းမြေ့ခဲ့သည်။

ခရစ်နှစ်(၁၄၆၉)ခုနှစ် သက်တော်(၇၆)နှစ်တွင် ဘုရင်မကြီးရှင်စောပုသည် ရွှေတိဂုံစေတီတော်ကို ဦးခိုက်၍ ကံတော်ကုန်တော်မူလေသည်။ ဘုရင်မကြီးရှင်စောပု စံတော်မူရာ နန်းတော်ရာ ကုန်းတော်ကိုလည်း ယခုတိုင်ပင် ရှင်စောပုမြို့ကုန်းဟု ခေါ်တွင်လျက်ရှိသည်။

ဘုရင်မင်းကြီး ရှင်စောပုသည် လောကခံအမျိုးမျိုးရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်။ ဘဝမုန်တိုင်း ထန်သော်လည်း ဇွဲ၊ သတ္တိ၊ ဝီရိယတို့ဖြင့် လူလောကကြီးကို ကျော်လွှားခဲ့သည်။ တရားဓမ္မကို ရင်ဝယ်ဝိုက်ကာ ရွှေတိဂုံခြေတော်ရင်း ဝယ် ယနေ့တိုင် ရှင်စောပုမြတ်စွာဘုရားနှင့် စေတီတော်တည်ရှိနေသည်။ အခက်အခဲ၊ အကျပ်အတည်းများကြုံလျှင် အဓိဋ္ဌာန်ဆုတောင်းပါက ဆုတောင်းပြည့်သည်။ သစ္စာအဓိဋ္ဌာန် သီလဒါနအကျိုးတူးကုသိုလ် ပြုလိုပါက ရှင်စောပုဘုရား သွားရှိဖူးမြော်ကြည်ညိုသင့်ပါသည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်ဝီဝီ လေ့လာသုတေသနပြုရင်း ရွှေတိဂုံစေတီတော်နှင့် ရှင်စောပုဘုရားကို ရေးသားပူဇော်တင်ပြအပ်ပါသည်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ

ယောနက-ဘိုးထွဋ်

စာကိုး

၁။ မြတ်ဘုရားရွှေတိဂုံ [မောင်ဆုရှင်(စာပေဗိမာန်)]

၂။ ရန်ကုန်ရာဇဝင်သမိုင်း (သတင်းစာဆရာ ဦးသိန်းမောင်)

www.burmeseclassic.com

www.burmeseclassic.com

ဒိုလ်တာထောင်-ကိုဦး

ပြည်ဦးငဝမှာ နဂါးရစ်တောင်တွင် ထီးကိုးလတ်တင်ဝတ္ထုဂုဏ်ပွဲ

ဇာတ်ဆရာများ ပြင်းမိုရ်ဦးစေတီ

ရောဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ ပုသိမ်-မုံရွာ ကားလမ်းပေါ်ရှိ ပန်းပုကွင်းကျေးရွာ၊ နဂါးရစ်တောင် မွေပါလတောရကျောင်းသို့ တစ်ခေါက်ရောက်ခဲ့ပါသည်။ ဤအရပ် ဤဒေသသို့ စာရေးသူ တစ်ခေါက်မျှ ရောက်ဖူးခြင်း မရှိခဲ့ပါ။ အိမ်ရှိမိသားစုအားလုံးမှာ အနည်းဆုံးတစ်ကြိမ်တော့ ရောက်ဖူးကြသည်။

မိသားစုစကားဝိုင်းတွင် နဂါးရစ်တောင်ဆရာတော်၏ အကျင့်သိက္ခာသီလ မြင့်မြတ်မှုနှင့် သရဏာဂုံ တစ်ကိုယ်လုံး လွှမ်းခြုံနေမှုကြောင့် ဆေးဝိန်းကြီးဖြစ်နေကြောင်း ပြောဆိုနေကြသဖြင့် စာရေးသူ စိတ်ဝင်စားမိသည်။ တစ်ခေါက်ဖြင့် ရောက်အော်သွားမည်ဟု စိတ်ထဲတွင် ကြိုးစားထားခဲ့သည်။ အလျဉ်းမသင့်၍ အကြောင်းအမျိုးမျိုးကြောင့် မရောက်ခဲ့ရပါ။

ဟော-ယခုတော့ တကယ်ရောက်ခဲ့ပြီ။ ကားပေါ်၌ ဆင်း၍ တစ်ဖက်ကားလမ်း ကူးလိုက်သည်နှင့် မွေပါလကျောင်းတိုက်သို့ အဝင်မှန်ဦးကြီးက ခုံးကြီးနေပါသည်။

မှန်ဦးဝင်၌ နဂါးနှစ်ကောင်နှင့် ဘီလူးညီနောင်တို့က ဖြူရံစောင့်ရောက်လျက် အဝင်ခံခဲ့ဦးတွင် မြတ်စွာဘုရားရှင်နှင့် ရဟန္တာမထေရ်ပြတ်များ သီတင်းသုံးဆောင်ရာ နဂါးရစ်တောင် မွေပါလကျောင်းတော်ရာဟူ၍ ရေးတိုးထားပါသည်။

ကျောင်းတော်ကြီးမှာ လွန်စွာကျယ်ဝန်းလှသည်။ မြေပြန့်အထက် တောင်ကုန်းမို့မို့ပေါ်တွင် တည်ဆောက်ထားပြီး စိမ်းစိုသော သစ်ကြီးပင်ကြီးများဖြင့် အရိပ်အာဝါသကောင်းမွန်လှသည်။ တောရိပ်တောင်ရိပ်ရနံ့ကိုလည်း ခံစားရသည်။

ကျောင်းဝင်းအတွင်း၌ စေတီ၊ ကျောင်း၊ ကန်၊ တန်ဆောင်း၊ ဧရပ်များ၊ ဘုရားဖူးများ တည်ခိုရန် ဧရပ်များ၊ ကားများ ရပ်နားရန် ကျယ်ပြန့်သော ကွင်းပြင်နှင့် ဒေသထွက် သစ်ဥသစ်ဖု၊ သစ်သီးသစ်ရွက်တို့ ရောင်းချသော စျေးတန်းတစ်ခုကိုလည်း တွေ့မြင်ရသည်။

စာရေးသူတို့ နားခိုရန်အတွက် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ရှိ တန်ဆောင်းအတွင်း နေရာပေးကြသည်။ ထိုနေရာသည် ထီးဆောင်မဟုတ်၍ စေတီတစ်ဆူလုံး တည်တံ့ထားကိုးကွယ်ပြီးဖြစ်သည်။ မိဘကျေးဇူး မြင်းမိုရ်ဦးစေတီနှင့် အနီးဆုံးနေရာ၌ ရှိပါသည်။

စာရေးသူသည် ကျောင်းဝင်းအတွင်း စင်သည်မှစ၍ လွန်စွာစိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် ပတ်ဝန်းကျင်အား အထူးဂရုပြုလျက် လေ့လာမှတ်သားခဲ့သည်။ ထူးခြားလှသည့် စေတီတော်ထဲ့အမည်ကြောင့် သိရှိလိုစိတ်များ တဖွားဖွားဖြစ်ကာ ကျောင်းဝေယျာဝစ္စ လုပ်အားပေးပြုနေသည့် ဝတ်စုံဝတ်ဆင်ထားသူ တစ်ဦးအား မေးမြန်းစုံစမ်းမိသည်။

ဆရာတော်သည် ရောက်ရှိလာကြသော ပရိသတ်များအား တစ်ပြေးညီ မေတ္တာထား၍ တစ်နေလျှောက် သုံးကြိမ်တွက်ကာ ဖူးမြော်ခံလေ့ရှိကြောင်း သီးခြားလက်ခံတွေ့ဆုံခြင်း မပြုကြောင်း၊ ကျောင်းဝင်ယျာစွေနှင့် ပရိသတ်၏ နေထိုင်စားသောက်မှု ကိစ္စဟူသမျှကိုလည်း ပွင့်

www.burmeseclassic.com

www.burmeseclassic.com

ဆူကြီးပန် သဒ္ဓါဓိကနတ်သား

သာသနာနှစ် နှစ်ထောင့်ငါးရာပြည့်သောအခါ တုသိတာနတ်ပြည်၌ စံမြန်းနေသော သဒ္ဓါဓိကနတ်သားအား သိကြားမင်းမှ လာရောက်၍ လူပြည်သို့ သက်ဆင်းကာ ခုနစ်နေ့သားသမီးများအား ကယ်မ,စောင့်ရှောက်လျက် ပါရမီဖြည့်ရန် တောင်းပန်လျှောက်ထားခဲ့သည်။

သဒ္ဓါဓိကနတ်သားသည် ဆူကြီးပန်ပုဂ္ဂိုလ်ဖြစ်၍ သိကြားမင်း လျှောက်ထားသည့်အတိုင်း သာသနာသက္ကရာဇ် နှစ်ထောင့်ငါးရာပြည့်တွင် လူပြည်သို့ ဆင်းသက်လာခဲ့၏။

ဓနုဖြင်းငါးပါးနှင့် ပြည့်စုံသောဆရာတော်

နဂါးရစ်တောင် ဆရာတော်လောင်းလျာသည် မြန်မာသက္ကရာဇ်(၁၃၁၉)ခုနှစ်၊ ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် အဖဦးမြစိန်၊ အမိဒေါ်တင်ရီတို့မှ မွေးဖွားလာခဲ့သည်။ ငါးသိုင်းချောင်းဒေတိဖြစ်ပြီး မွေးချင်းမောင်နှမ(၄)ယောက်တွင် အငယ်ဆုံးဖြစ်ကာ တစ်ဦးတည်းသော သားယောကျ်ားဖြစ်ပါသည်။

မောင်ဝေလင်း (ခေါ်) ဝေမင်းထွဋ်သည် ခေတ်ပညာတတ်ပုဂ္ဂိုလ်ဖြစ်၍ ရူပဗေဒအထူးပြုဖြင့် သိပ္ပံဘွဲ့ကို ရရှိခဲ့

ပါးနှင့် သီလရှင်ဆရာလေးတစ်ပါးအား ဆရာတော်ကြီး ကိုယ်စားလွှဲအပ်ထားကြောင်း သိခဲ့ရသည်။ ဦးပဉ္စင်းအား တွေ့လိုရှု ရှာဖွေမိသည်။

လုပ်အားဒါနပြုနေကြသူများလည်း မနေရ၊ ယောဂီဂိုလ်လေးများလည်း မနေရ။ ဆရာတော်အားထားရသည့် ဦးပဉ္စင်းသည် ဤစေတီတော် ဤကျောင်းတော်အား ရှင်းထင်းပြောကြားနိုင်သူဖြစ်သဖြင့် ဝိုင်းဝန်းရှာဖွေပေးကြသည်။

ညနေချိန်ရောက်မှ ထိုဦးပဉ္စင်းကို ဖူးတွေ့ရလေသည်။ သက်တော်သုံးဆယ်ပင် မပြည့်သေးသည့် ဦးပဉ္စင်းငယ်၏ မျက်နှာမှာ ကြည်လင်ဝင်းပလျက် လွန်စွာကျက်သရေရှိလှသည်။ တွဲတော်မှာ အရှင်ဝိစာရဖြစ်၍ လောကီပညာဖြစ်သော ရူပဗေဒအထူးပြုဖြင့် သိပ္ပံဘွဲ့ရရှိထားသူဖြစ်သည်။

ဦးပဉ္စင်း၏ ပြောစကားကြောင့် သီလရှင်ဆရာလေး၏ အသည်မှာ ဒေါ်ဥာဏာစာရီဖြစ်ပြီး ဧည့်ကြိုကာဝန်ယူကာ ဆောက်လာကြကုန်သော ဧည့်ပရိသတ်များ၏ နေထိုင်စားသောက်မှုကို ဂာဝန်ယူကြီးကြပ်ရသူဖြစ်သည်။

စေတီတော်ကြီး ဖြစ်တည်လာခဲ့ရသည့် သမိုင်းကြောင်းနှင့် နဂါးရစ်တောင် ဆရာတော်ဘုရား၏ ရှေးဘုန်းရှေးကံကြောင့် ယခုပစ္စုပ္ပန်၌ ခုနစ်ရက်သားသမီးတို့၏ ခံစားနေရသော ရောဂါဝေဒနာများ၊ ဒုက္ခရောက်၍ သောကဖြစ်နေရသော ဝေဒနာများကို မေတ္တာဓာတ်ကြီးမားစွာဖြင့် ပါရမီတော်ဖြည့်ဆည်းနေပုံများကို အရှင်ဝိစာရမှ ရှင်းလင်းမိန့်ကြားခဲ့ပါသည်။

နဂါးရစ်တောင်ဟု ခေါ်တွင်ရခြင်း

ဒွတ္တာဘောင်မင်းကြီးသည် ပြည်မြို့၌ နန်းစိုက်၍ ပုသိမ်ဆင်တောင်ရွာနှင်းရှိ ဗုဒ္ဓဘုရားရှင်အား ရေကြောင်းခရီးဖြင့် မကြာခဏ သွားရောက်ဖူးမြော်လေ့ရှိ၏။ ဤအရပ်ဒေသသည် ဦးဦးကာလက ရေများဖုံးလွှမ်းလျက်ရှိသော ဖြစ်ပြင်ရေပြင်သဖြစ်သည်။ အနောက်ရိုးမ (ခေါ်) ရခိုင်ရိုးမတောင်ကြီးနှင့် တန်းလျက် တည်ရှိနေလေ၏။

အခါတစ်ပါး၌ မင်းကြီးသည် ပုသိမ်မှ ဘုရားဖူးပြီး အပြန်ခရီးစဉ်တွင် ဤအရပ်ဒေသရှိ တောင်ကုန်းမို့မို့ပေါ်၌ နဂါးများ ရစ်ပတ်ခွေလျက် နေပူဆာလှံနေကြသည်ကို မင်းကြီးမှ မြင်တွေ့ခဲ့၏။ နဂါးများခွေပတ်လျက် နေပူဆာလှံနေကြသည်ကို အကြောင်းပြု၍ မင်းကြီးမှ ဤဒေသကို နဂါးများ ရစ်ပတ်နေသောတောင် (သို့မဟုတ်) နဂါးရစ်တောင် ခေါ်ဝေါ်သမုတ်ခဲ့လေသည်။

www.burmeseclassic.com

စန္ဒသုဓောအောင်မြင်ပြည့်စုံ နဂါးရုံဘုရား

သည်။ အိမ်ထောင်ရှင်တစ်ဦးလည်း ဖြစ်သည်။

(၁၉၈၀-၈၁)ခုနှစ်မှစ၍ သရဏဂုံပုတီးစိပ်ခြင်း၊ အာနာပါနကမ္မဋ္ဌာန်း တရားထိုင်ခြင်းတို့ကို ကြိုးစားအားထုတ်ခဲ့ရာမှ (၁၃၅၂)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်၊ သောကြာနေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ အရှင်ဝိသုဒ္ဓ ဖြစ်လေသည်။

လူဝတ်ကြောင်ဘဝဖြင့် (၁၀)နှစ်၊ ရဟန်းဘဝဖြင့် (၉) ဝါ ကျင့်ကြံအားထုတ်ခဲ့ရာမှ အိပ်မက်,မက်ရှိန်လည်းကောင်း၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်စဉ် အာရုံထဲ၌ ငွေရောင်အဆင်းရှိသည့် နဂါးမင်းသည် ဆရာတော်အား မိမိနေထိုင်ရာ နဂါးရစ်တောင်၌ လာရောက်သီတင်းသုံးတော်မူ၍ သာသနာပြုပါရန် လျှောက်ထားတောင်းပန်လေသည်။

ဘဝပေါင်းများစွာ၏ ဝဋ်ကြွေးကံကြွေးများကို ပြင်းထန်စွာ ပေးဆပ်ရ၍ ကြွေကျေပါမှ ငွေရောင်နဂါးမင်းဖြစ်သော ရောပတ္တနဂါးမင်း၏ ညွှန်ပြပေးချက်အရ နဂါးရစ်တောင်ကို ခရစ်နှစ်(၂၀၀၀)ပြည့်နှစ်၊ မြန်မာသက္ကရာဇ် (၁၃၆၂)ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့လေသည်။

တောထူထပ်၍ တောင်ကုန်းမို့မို့၌ ထူထပ်စွာပေါက်ရောက်လျက်ရှိသော သစ်ပင်ဝါးပင်များ ပေါများလှပြီး အေးချမ်းတိတ်ဆိတ်မည့်နေရာဒေသအား (၁၃၆၂)ခုနှစ်၊ ဝါဆိုလဆန်းတွင် မြေရှင်း မြက်ရှင်း တောချုံများ ရှင်းလင်းကာ ဓမ္မပါလတောရကျောင်း ဆောက်လုပ်၍ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်နေ့တွင် ကျောင်းအပ်ပွဲကျင်းပခဲ့လေသည်။

မေတ္တာအရာ၌ ကြီးမားတော်မူသော ဘုရားလောင်းတို့၏ လမ်းစဉ်အတိုင်း သတ္တဝါတရွေ့ဉာဏ်တော် ရရှိရန် အတွက် နဂါးရစ်တောင် ဆရာတော်လောင်းလျာသည် ဆုကြီးပန့်ပုဂ္ဂိုလ်ဖြစ်၍ စွန့်ခြင်းငါးပါးကို စွန့်လွှတ်ခဲ့ရ၏။

ခုနှစ်နေ့သားသမီးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး. ဘေးဆိုးအန္တရာယ်တို့ကို ကယ်တင်စောင့်ရှောက်လိုသဖြင့် အမိ၊ အဖ၊ သားမယား၊ ဆွေမျိုးများကို စွန့်ခွာခဲ့သည်။ ချမ်းသာကြွယ်ဝမှု စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတို့ကို စွန့်လွှတ်ခဲ့သည်။

ဘဝနှင့် အသက် ပေးဆပ်ကာ (၇)နေ့သားသမီးတို့ကို ကယ်တင်ရန်အတွက် နဂါးရစ်တောင်တွင် လာရောက်သာသနာပြုနေခြင်း ဖြစ်၏။

နဂါးရစ်တောင်မှ သက်သတ်လွတ်နယ်မြေ

ဆရာတော်သည် ခန္ဓီတည်းဟူသော အကျင့်မြတ်ကို လက်ကိုင်ထား၍ ဗြဟ္မစိုရိတရားလေးပါးကို ပြင်းထန်စွာ ခူတင်အကျင့်မြတ်ဖြင့် ပွားများအားထုတ်ခဲ့သည်။ နေ့စဉ်နေ့တိုင်းလည်း မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်အပေါင်းကို သက်ရှိထင်ရှား အမှတ်ထားလျက် ကျောင်းတော်မြတ်နှင့် ကျောင်းဝင်းအား အပ်နှံ၍ အရာဏ်ဆွမ်း၊ နေ့ဆွမ်း၊ သစ်သီး၊ ပန်း၊ အမွေးနံ့သာ၊ သောက်တော်ရေချမ်းတို့ဖြင့် နေ့စဉ် လုပ်ကျွေးပြုစုတော်မူ၏။

ဆရာတော်ဘုရား၏ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မစိုရိပန္နက် စိုက်ထူထားရာ နယ်မြေဖြစ်၏။ ခန္ဓီတည်းဟူသော အမြတ်ဆုံးအကျင့်ဖြင့် ခိုင်မာသည်ထက် ခိုင်မာအောင် နက်ရှိုင်းသည်ထက် နက်ရှိုင်းအောင် နှစ်ပေါင်းများစွာ စိုက်ထူခဲ့ရာ သာသနာ့နယ်မြေ ဖြစ်သည်။

သတ္တဝါအပေါင်းကို ဘေးမဲ့ပေးတော်မူရန် သူတစ်ပါး အသား မစားရသောနယ်မြေ၊ သတ်ဖြတ်ခြင်းကို ဘေးမဲ့ပေးသော နယ်မြေအဖြစ် အင်္ဂါနံပါရမီ၊ သစ္စာပါရမီ၊ သီလပါရမီ၊ ခန္ဓီပါရမီတော်ဖြင့် သတ်မှတ်ပေးတော်မူခဲ့သည်။

ကျောင်းတော်ဝင်းအတွင်း၌လည်း ခန္ဓာရှိသော သတ္တ

www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းလှူဒါန်းသည့် ဝဋ်ကြွေးတော်ကြေ ပန်းသော်ပြေဘုရား

အားလုံး ကျန်းမာချမ်းသာစေရန် ခန္ဓသုခစေတီမြတ်ကို ညီးကောင်း၊ လက်ရည်တစ်ပြင်တည်း စည်းလုံးညီညွတ် ခိုင်ခံစေရန် ဥမင်္ဂဲ သိုက်မပျက် စေတီတော်ကိုလည်း ကောင်း၊ မြတ်စွာဘုရားပင်လျှင် အမှီမရှိကာ ဘုရားမဖြစ် ခဲ့သော်သို့ ဖြစ်လေရာဘဝတိုင်း အမှီခိုကောင်းများဖြစ်သော ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ပေးကမ်းစွန့်ကြဲသူ အမှီခိုကောင်းများနှင့် ကြုံတွေ့စေရန် မြတ်ဗုဒ္ဓ၏မှီခိုရာ ဟောဇောမိပင်ကိုလည်းကောင်း၊ သာသနာ့ပါလသိမ်တော် မြတ်ကိုလည်းကောင်း အလှူရှင်အသီးသီးတို့၏ မြတ်ဒါန ဘွင့် ဆောက်လုပ်လှူဒါန်း ပြီးစီးခဲ့ပြီ ဖြစ်၏။

ဆရာတော်ဘုရားသည် (၇)နေ့သားသမီးတို့၏ ဘဝ ဆင်းများစွာမှ မိခင်,ဖခင်ကျေးဇူးရှင်အပေါင်းတို့ကို ကျေး ဇူးဆပ်နိုင်ရန် မိဘကျေးဇူး မြင်းမိုရ်ဦး စေတီတော်မြတ်ကို (၁၀၉)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၃၇၀-၇၁)ခုနှစ်၊ ကဆုန် လပြည့်နေ့၌ ပန္နက်တော်တင်ကာ စိုက်ထူခဲ့ပြီး စေတီတော် ကို တည်ထားပြီးစီးခဲ့ပြီ ဖြစ်၏။ ထီးတော်တင်လှူရန်သာ ကျန်ရှိပါတော့သည်။ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင် မြတ်တို့အား မဟာဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို နေ့စဉ် ဆက်တိုင်း ကပ်လှူပူဇော်၍ ခင်ပွန်းကြီးဆယ်ပါး ကန်တော့ ရန်နှင့် ဗလိနတ်စာကျွေးပွဲကို လစဉ်လတိုင်း လပြည့်နေ့ ရောက်မီ အဖိတ်နေ့ ညရောက်လျှင် ဆင်ခွေကျင်းပလျက် ရှိပါသည်။

သိကြားမင်းလာရောက်၍ အောင်မြေစေတီတည်ရန် ဆွောက်ထားခြင်း

ဆရာတော်သည် သရဏဂုံသုံးပါးကို လုံခြုံစွာတည် ကျက် ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်လာခဲ့ရာ တစ်နေ့သော အခါ ဆရာတော် နေထိုင်ရာ ကျောင်းတော်မှာ ပြိုကျပျက်စီးခဲ့ရ သည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ကျင့်ကြံပွားများ အား ထုတ်သော စရဏဝိမုတ္တိပညာဂုဏ် ကြောင့် သိကြားမင်းမှာ မနေနိုင်၊ ဆရာတော်ရှိရာ လေးတိုင်စင်တဲ ကျောင်းအတွင်း ရောက်ရှိလာပြီး ဆရာတော်အား ရှိခိုးကန်တော့လေ

ပြီးမှ လျှောက်ထားသည်မှာ "အရှင်ဘုရား၏ ဘုန်း ကံကြောင့် ယခုနေထိုင်ရာ အောင်မြေမှာ ကျောင်းပြန် မဆောက်ပါနဲ့ဘုရား။ ခုနစ်နေ့သားသမီးများအတွက် လိုတဲ့ ဆုတောင်းပြည့်ဝစေရန် အောင်မြေစေတီတော် တည်ထား ပေးပါဘုရား" ဟု လျှောက်ထား၏။

ဆရာတော်၏ သီလဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းသည် ဆရာတော်ဘုရားထံ ကုသိုလ်ပါဝင်ပါရစေဟု လျှောက်ထားကာ ဆရာတော်မှ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်(၁၀၈)ပါးတို့ကို အရက်ဆွမ်းကပ်လှူရာတွင် နတ်သြဇာများ ထည့်လှူပူဇော်ခဲ့လေသည်။

အောင်မြေစေတီရှိ ဆေးပေါင်းခရုပ်ရှင်တော်မြတ်တွင် အဓိဋ္ဌာန်၍ မိမိထက်နိုင်သည့် အလှူဒွေထည့်ဝင်လှူဒါန်းကာ ဆုတောင်းပါက ဆုတောင်းပြည့်ဝ၏။ နည်းသည်များသည် အဓိကမဟုတ်ပါ။ အရင်းထည့်မှ အမြတ်ရရှိသကဲ့သို့ ဒါနစိုက်ထူပါမှ အသီးအပွင့်တည်းဟူသော ကုသိုလ်ကို ရရှိပါမည်။ ရှေးဦးစွာ ဆေးပေါင်းခရုပ်ရှင်တော်မြတ်အား လက်ယာရစ် သုံးပတ်လှည့်လည်ပြီးမှသာ အဓိဋ္ဌာန်ပြု ဆုတောင်းရ၏။

အောင်မြေစေတီတွင် သိကြားမင်းဆက်ကပ်သော ဘုရားတစ်ဆူ ရှိသေး၏။ ဝဋ်ကြွေးတော်ကြေ ပန်းသော်ပြေ ဂေါတမမြတ်စွာ ဖြစ်၏။ ဝဋ်ကြွေးတော်ကြေ ပန်းသော်ပြေ ဘုရားအား နဝရတ်ကိုးပါး၊ ဓာတ်ကိုးပါး ရောစပ်ကျိုက်၍ ဘုရားသွန်းလုပ်၏။ အမြင့်မှာ တစ်တောင်ခန့်ရှိသည်။

ယခင်က ၄င်းဘုရားကို မြင့်သောနေရာတွင် ထားရှိပူဇော်ရာမှ ဆရာတော်သည် (၇)နေ့သားသမီးများကိုယ်တိုင်

ကိုယ်ထိလက်ရောက် ဓိဋ္ဌာန်ပြုဆုတောင်းနိုင်ရန် ယခုလက်ရှိနေရာအောက်သို့ချ၍ ပူဇော်ခဲ့လေသည်။

ဝဋ်ကြွေးကံကြွေးရှိ၍ အနာရောဂါဝေဒနာ မပျောက်ကင်းသူများရှိက ဝဋ်ကြွေးများ ကြေပါစေ။ အနာရောဂါသက်သာပျောက်ကင်းပါစေ။ သောကအပူဒုက္ခရောက်နေသူများလည်း ဝဋ်ကြွေးများကြေပါစေ။ သောကကင်း၍ စိတ်ချမ်းသာမှု ပြည့်ပါစေ။

ပင်ပန်းနွမ်းနယ်မှု သောကဟူသမျှ ဒုက္ခငြိမ်း၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ ပြေပျောက်ပါစေဟုပြီး သိကြားမင်းမှ ရှိုးမြွှင့်လှူဒါန်းခဲ့ပါသည်။

မိမိရောဂါဖြစ်သောနေရာအား စိတ်ဝယ်မှန်း၍ ဂေါတမမြတ်စွာ၏ ခန္ဓာကိုယ်တွင် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပြီး မိမိခံစားနေရသော ရောဂါဝေဒနာများ ပျောက်ကင်းအောင် ဆုမွန်ကောင်းတောင်းပါ။ ကျေးဇူးရှင်အပေါင်း ခင်မွန်းကြိုးဆယ်ပါးကိုလည်း ကျေးဇူးဆပ် အမျှဝေပါမည်ဟု ကတိသစ္စာပြုပါ။ ရောဂါဝေဒနာများ လုံးဝသက်သာပျောက်ကင်းပါလိမ့်မည်။

ကုသိုလ်ငါးမျိုး တစ်ပြိုင်တည်းလုပ်ပါ

ဖြစ်လေရာဘဝတိုင်း၌ ဆင်းရဲခြင်းကင်း၍ ပစ္စုပ္ပန်ဘဝ၌လည်း ဆုတောင်းပြည့်ကာ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရှိရန် အတွက် ကုသိုလ်ငါးမျိုးကို တစ်ပြိုင်တည်း လုပ်ပေးပါမှ အကျိုးထူးပေးပါမည်။

ခုနစ်နေ့သားသမီးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ ကောင်းမွန်လာစေရန် ဆုတောင်းပြည့်ဝစေရန် မြတ်စွာဘုရားရှင်လက်ထက်က ပြုလုပ်ခဲ့သည့်အတိုင်း ကုသိုလ်ကြီးငါးမျိုးကို တစ်ပြိုင်နက် ပြုလုပ်ပေးရပါမည်။

ထိုကုသိုလ်ကြီးငါးမျိုးကို တစ်နှစ်၊ နှစ်နှစ် လုပ်ပေး၍ မရပါ။ ဘဝတစ်သက်တာလုံး လုပ်ပေးနိုင်မှသာလျှင် အကျိုးထူးများစွာ ရရှိနိုင်ပါသည်။

နဂါးရစ်တောင် ဆရာတော်ဘုရားသည် ခုနစ်နေ့သားသမီးများ၏ အကျိုးစီးပွားအတွက် မိမိမှ ဦးဆောင်တာဝန်ယူကာ နေ့စဉ်ကုသိုလ်ကြီးငါးမျိုးကို လုပ်ဆောင်ပေးပါမည်ဟု သိကြားမင်းထံ ကတိပြုခဲ့၏။

သိကြားမင်းလျှောက်တင်သော ကုသိုလ်ငါးမျိုးမှာ (၁) စားဖို့ရန်အတွက် လူပုဂ္ဂိုလ်များထက် ဗုဒ္ဓမြတ်စွာနှင့် တပည့်ရဟန်းသံဃာတော်များအား ဆွမ်းကပ်လှူဒါန်းရခြင်း

www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိပင်ရှိ နဂါးရုံဘုရား



ဥမင်္ဂသိုက်မဟုတ် စေတီတော်

ပို၍မြတ်ကြောင်း၊

(၂) ဝတ်ဖို့ရန်အတွက် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများအား ဖြေသက်နိုးထက် ရွေသက်နိုးက ပို၍အမြတ်ဆုံးဖြစ်ကြောင်း၊

(၃) နေ့ဖို့ရန်အတွက် ကျောင်း၊ တန်ဆောင်း၊ ဧရပ်၊ ဓမ္မာရုံများထက် သိမ်တော်ဆောက်လုပ်လှူဒါန်းခြင်းက အမြတ်ဆုံးဖြစ်ကြောင်း၊

(၄) ကျန်းမာရေးအတွက် ဘုရားရှင်လက်ထက်တော်က ဘယ်သူများက ဂိလာနရဟန်းများကို ဆေးနှင့် ဆေးပစ္စည်းလှူခဲ့သူက အမြတ်ဆုံးဖြစ်ကြောင်း၊

(၅) မိသားစုများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်နိုင်ရန် မိဘနှစ်ပါးအမှူးထား၍ ခင်ပွန်းကြီး(၁၀)ပါး၊ ကျေးဇူးဆပ် လုပ်ကျွေးပြုစု စောင့်ရှောက်ခြင်းက အမြတ်ဆုံးဖြစ်ကြောင်းဟူ၍ ဖြစ်ပါသည်။

သူတစ်ပါးကိုလည်း ကိုယ်ချင်းစာတရား ထားရမည်။ ကိုယ်တိုင်လည်း ကိုယ်ချင်းစာတရား ရှိရမည်။

သူတစ်ပါးကို ကိုယ်ချင်းစာတရား ထားရန်အတွက် ချစ်လေးချောင်းသား သတ္တဝါများကို သတ်ခြင်းနှင့် အသားစားခြင်းမှ ရှောင်ကြဉ်ရန်နှင့် ကိုယ့်အသက် ကိုယ်စောင့်ရှောက်နိုင်ရန် မူးယစ်ဆေးဝါး၊ အရက်သေစာ သောက်သုံးမှုကို ရှောင်ကြဉ်ရန်ဖြစ်သည်။

ထိုအချက်များကို လိုက်နာကျင့်သုံးပါက လိုသောဆုကိုတောင်း၍ တောင်းသောဆုများ ပြည့်စုံကြကုန်၏။

ကတိတည်သောဆရာတော်

ဆရာတော်သည် သိကြားမင်းအား ကတိပေးထားသည့်အတိုင်း ခုနစ်နှေ့သားသမီးများကိုယ်စား ကုသိုလ်ငါးမျိုးကို ပြုလုပ်ပေးခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ နောင်ကိုလည်း ကတိတည်စွာဖြင့် ရာသက်ပန်ပြုလုပ်ပေးဦးမည်ဖြစ်သည်။

ဆရာတော်သည် ကတိသစ္စာပြုထားသည့်အတိုင်း ခုနစ်နှေ့သားသမီးများ ကိုယ်စား-

(၁) နေ့စဉ် စားသောက်မှု အဆင်ပြေစေရန် နံနက်ငါးနာရီ၌ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် ရဟန္တာ(၁၄၄)ပါးအား ဆွမ်းများ ကပ်လှူပူဇော်ခြင်း။

(၂) နေ့စဉ် ဝတ်ဆင်မှု အဆင်ပြေစေရန် ဘုဒ္ဓကမ္မာတွင် ပွင့်တော်မူပြီးဖြစ်သည့် ဘုရားရှင်လေးဆူ၏ ဆံတော်ဓာတ်တော်များ ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်တွင် လစဉ်လတိုင်း ရွှေပြားရွေသက်နိုး ကပ်လှူပူဇော်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မာဘုရားနှင့် ရဟန္တာများအား
ဗောဓိဆွေမင်းတရဲလှူဒါန်းစဉ်



အောင်မြေခုတ်ရှိ ဆေးပေါင်းရေပွက်ရှင်ဓာတ်ဆုရား

(၃) နေထိုင်ရေး အဆင်ပြေစေရန် ဇရပ်၊ တန်ဆောင်း၊ ကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။ သိမ်သည် အမြတ်ဆုံးဖြစ်သောကြောင့် ကျောင်းဝင်းအတွင်း သာသနာ့ပါလနှစ်ထပ် သိမ်တော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း။

(၄) ကျန်းမာရေးကောင်းမွန်စေရန်အတွက် ဘုရား၏ သားတပည့် ရဟန်းသံဃာတော်များအား ဆေးလှူဒါန်းရမည် ဆိုသောကြောင့် လူပြည်၌ အမြတ်ဆုံးဖြစ်သော ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆေးနှင့် ဆေးဝါးဆိုင်ရာ ပစ္စည်းများကို လစဉ်လတိုင်း လှူဒါန်းခြင်း။

(၅) မိသားစုများ စိတ်ဝမ်းမကွဲရအောင် ညီအစ်ကိုမောင်နှမအချင်းချင်း၊ လင်မယားအချင်းချင်း၊ သားအမိသားအဖ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန်အတွက် မိဘပေါင်းများစွာတို့ကို ကျေးဇူးဆပ်နိုင်ရန် မိဘကျေးဇူးမြင်းမိုရ်ဦး စေတီတော်ကြီးကို တည်ထားပြီးစီးပြီဖြစ်သည်။ ထီးတော်တင်ရန်သာ ကျန်ရှိပါသည်။

ဆရာတော်သည် အလှူတော်ငွေများကို ခုနစ်နေ့သား သမီးများ ကုသိုလ်ငါးမျိုး တစ်ပြိုင်တည်း ရရှိရန်အတွက် ငါးမုံအညီအမျှပုံကာ ခွဲဝေစီမံလှူဒါန်းလျက် ရှိပါသည်။

ဣန္ဒာသယနတ်ရောက်

နဂါးရစ်တောင်တော်အောက်၌ ဈာဝတီနဂါးပြည် ရှိပါသည်။ ငွေရောင်အဆင်းရှိသော ဈာပတ္ထနဂါးမင်းက အုပ်ချုပ်သည်။ ဆရာတော်ကြီးအား ဤအရပ်ဒေသ၌ လာရောက်သာသနာပြုရန် ဖိတ်ခေါ်ခဲ့သည်။ ဈာပတ္ထနဂါးမင်းသည် တောင်ပေါ်၌ ရေလုံလောက်စွာ ရရှိနိုင်ရန်အတွက် နဂါးတိုင်းပြည်ရှိ နတ်ရောကန်မှရေကို တိုက်ရိုက်ရရှိရန် ညွှန်ပြသည့်နေရာအား တူးဖော်သည့်အခါ ကျောက်ဖျာနှစ်ထပ်ကိုဖောက်၍ အနက်ပေ(၁၇၀)အရောက်တွင် ရေလုံလောက်စွာ ရရှိခဲ့လေသည်။

ထိုရေသည် ထွက်လာသည်မှစ၍ ကြည်လင်သန့်စင်ပြီး ၄င်းရေကို ချိုးပါက အနာရောဂါပျောက်ခြင်း၊ ထိုရေဖြင့် မျက်နှာသစ်ပါက မျက်နှာမြင်ချစ်ခင်သူ ပေါများကာ စီးပွားရေးမှာလည်း ပိုမိုကောင်းမွန်လာသည်ဟု ဆို၏။

တောင်ပေါ်တွင် ရာသီမရွေး ရေများ အစဉ်ထွက်ရှိနေသဖြင့် ထိုရေကို ဣန္ဒာသယနတ်ရောကန်မှရသော ရေဖြစ်ကြောင်း ယုံကြည်နေကြ၏။

မွေးနေ့အလှူ ရေပူတော်သည့် နဂါးများ

ဆရာတော်သည် ဥမင်ကွဲသိုက်မပျက် စေတီတည်ထားစဉ်က နဂါးမင်းများမှ လာရောက်၍ စေတီတော်အောက်ခြေတွင် လိုဏ်ဂူငယ်တစ်ခု ပြုလုပ်ပေးရန် တောင်းဆိုခဲ့၏။

ဆရာတော်သည် သတ္တဝါအားလုံး စည်းလုံးညီညွတ်

www.burmeseclassic.com

www.burmeseclassic.com

ကို အလိုရှိသူဖြစ်၍ နဂါးများ တောင်းဆိုသည့်အတိုင်း ဆေးငယ်အောက်ခြေတွင် လိုဏ်ဂူငယ်တစ်ခု ပြုလုပ်ပေး ခဲ့သည်။

ဆရာတော်မွေးနေ့နီးလာပါက ဝိဇ္ဇာခိုရ်ဆရာတော်ကြီး များ ကြွရောက်လာသည့်အခါ နဂါးများသည် ဆရာတော် နှင့်တကွ ဝိဇ္ဇာခိုရ်ဆရာတော်ကြီးများအား ဖူးမြော်ရန် ရောက်ရှိလာကြသည်။

ထူးခြားသည်မှာ နဂါးများ လာရောက်တော့မည်ဆို သည်နှင့် ဥမင်ကွဲသိုက်မပျက်စေတီငယ် အောက်ခြေရှိ လိုဏ်ဂူ ငယ်ကလေးမှာ ရေများ ပြည့်လျှံလာခြင်းဖြစ်၏။ စာရေးသူ ကိုယ်တိုင် ရောက်ရှိနေစဉ် ထူးခြားတိုက်ဆိုင်စွာ ရေများပြည့် နေသည်နှင့် ကြုံကြိုက်၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ယူနိုင် ခဲ့သည်။

ငှင်းတို့ ပြန်သွားသည့်အခါ လိုဏ်ဂူငယ်ရှိရေမှာ လုံးဝ ခန်းခြောက်သွားပြီး ကြမ်းခင်းမှာ စိုစွတ်နေခြင်း လုံးဝမရှိ သည်ကို တွေ့မြင်ရသည်။

နဂါးမင်းများ လာရောက်စဉ် လိုဏ်ဂူငယ်အတွင်းရှိ ရေကို မျက်နှာသစ်ခြင်း၊ ဦးခေါင်းသပ်ခြင်း၊ သောက်သုံး ခြင်းများ ပြုပါက ထူးခြားစွာ ရောဂါပျောက်ကင်းပြီး ချက်နှာပွင့်လန်းကာ မသန့်သော ရောဂါဝေဒနာများ သက် သာပျောက်ကင်းကြောင်း၊ သို့သော် ထိုရေကို ခပ်ယူသွား ခြင်း၊ ခြေဆေးခြင်းများ လုံးဝမပြုရန် အထူးသတိပြုကြရန် ဆရာတော်က မိန့်ဆိုပါသည်။ ဒေါသကြီးသော နဂါးသည် ကြောက်စရာကောင်းခြင်း ဖြစ်၏။

စေတီများစွာတွင် နဂါးရဲ့ဘုရားများ ဘာကြောင့်ရှိနေသလဲ

ဂေါတမမြတ်စွာသည် ငှင်း၏ သာသနာတော်ကို နှစ် ပေါင်းငါးထောင်ကြာအောင် တည်မည်ဟု ဗျာဒိတ်ထားခဲ့ ၏။ ပထမသာသနာ နှစ်ပေါင်းနှစ်ထောင့်ငါးရာသည် ဘုရား ရှင်ကိုယ်တော်တိုင် သာသနာဖြစ်၍ ဒုတိယသာသနာ နှစ် ပေါင်းနှစ်ထောင့်ငါးရာသည် သိကြားမင်းသာသနာ ဖြစ် သည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း သိကြပါသည်။

နဂါးရစ်တောင် ဆရာတော်ကြီးသည် တရားပွဲတွင် ဟောကြားခဲ့ရာ၌ ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အကြောင်းအရာတို့ကို ထည့်သွင်းဟောကြားခဲ့ပါသည်။

သိကြားမင်း၏ လက်အောက်တွင် သုံးကျိပ်သုံးပါး သော နတ်စစ်သူကြီးတွေသည် ရှိ၏။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဃဋ္ဌနှင့် ဂန္ဓဗ္ဗတို့ ဖြစ်ကြသည်။ ငှင်းနတ်ကြီးငါးပါးတို့ သည် ဗုဒ္ဓသာသနာတော် ဒုတိယသက်တမ်း နှစ်ထောင့် ငါးရာအတွက် အလှည့်ကျတာဝန်ယူ၍ စောင့်ရှောက်ကြ မည် ဖြစ်၏။

အလှည့်ကျတာဝန်ယူရန် မဲခွဲကြရာတွင် ပထမသက် တမ်းငါးရာကို စောင့်ရှောက်ရန် နဂါးမင်းမှ မဲပေါက်၏။ သာသနာ(၂၅၀၁)ခုနှစ်မှ သာသနာနှစ်(၃၀၀၀)အထိ နဂါး များက သာသနာတော်ကြီးကို စောင့်ရှောက်နေကြသဖြင့် ထိုကာလအတွင်းတည်သော စေတီများစွာတွင် နဂါးရဲ့ ဘုရားများကို တည်ထားနေကြခြင်း ဖြစ်၏။

ဗဟုသုတအလို့ငှာ ဆရာတော် ဟောကြားခဲ့သော တရားတော်မှ စေတီများစွာတွင် တွေ့မြင်နေရသော နဂါးရဲ့ ဘုရားများ ဘာကြောင့်ရှိနေကြသည်ကို စာရေးသူမှ စိတ် ရင်းမှန်ဖြင့် စာဖတ်သူအား မျှဝေလက်ဆင့်ကမ်းခြင်းဖြစ်ပါ သည်။

မဂ္ဂင်ဖောင်ကြီး ပုံကိုင်ရှင်

ဆရာတော်သည် မကြာခဏ သိကြားမင်း၊ ဝိဇ္ဇာခိုရ် ဆရာတော်ကြီးများနှင့် တွေ့ဆုံမြဲဖြစ်၏။

သိကြားမင်းက-

ဆရာတော်ဘုရားသည် လိုလားအပ်သော တောင့်တ

www.burmeseclassic.com

www.burmeseclassic.com

အပ်တဲ့ ဆုထူးဆုမြတ်နှင့် ပြည့်စုံနေပြီဖြစ်၍ ပရိဒေဝမီးတောက်လောင်လျက် လာကြကုန်သော ခုနစ်ရက်သားသမီးများကို အရှင်ဘုရားရဲ့ လက်တော်ဆဲ့ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးဆိုပြီး သိဒ္ဓိများ ရိုက်ထည့်ပေးပါဘုရားဟု လျှောက်၏။

အူမ,မတောင့်၍ သီလမစောင့်နိုင်ကြသူများကိုလည်း ကုသိုလ်ငါးမျိုးကြောင့် အူမတောင့်ပြီး သီလစောင့်နိုင်မှာ ဖြစ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရသည်အထိ ကယ်မ,ပေးနေသော နဂါးရစ်တောင် ကျောင်းတော်ကြီးသည် မဂ္ဂင်ဖောင်ကြီးဖြစ်ကာ ဆရာတော်မှာလည်း ပဲ့ကိုင်ရှင်ကြီး ဖြစ်နေပါသည်။

ကုသိုလ်ငါးမျိုးကို စုစည်း၍ ထဲက်ထက်မြက်မြက်လုပ်ပါက ဆုအားလုံး ပြည့်စုံစွာရရှိသည်။ ထိုကုသိုလ်အကျိုးငါးမျိုးအား ခန္ဓာကိုယ်ထဲ စိမ့်ဝင်လျက်ရှိသော ဆရာတော်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များပေါင်းစပ်၍ သိဒ္ဓိ မဟိဒ္ဓိ ဖြစ်လာပါသည်။

ရောက်လာကြသူများအတွက် သက်သတ်လွတ်ဆေးထမင်းကို တစ်နေ့သုံးကြိမ် ကျွေးမွေးပါသည်။ တည်းခိုစရာအဆောင်များ၊ ရေ,မီးအပြည့်အစုံအပြင် သန့်စင်ခန်းများစွာကိုလည်း ထားရှိ၍ ခုနစ်ရက်သားသမီးများ အလိုဆန္ဒကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

မေတ္တာအရာ၌ ကြီးမားသောဆရာတော်သည် ခုနစ်နေ့သားသမီးအပေါင်းကို မေတ္တာတစ်ပြေးတည်းထားရှိ၏။

ကုသိုလ်ငါးမျိုးနှင့် ကယ်တင်စောင့်ရှောက်နေခြင်းဖြစ်၍ ခံယူသူ၏ ခံခွက်မှာ ဖြူစင်ရန် လိုပေသည်။

အလှူရှောက် လက်နှင့်မကွာ ပေးလှူခြင်းသည် နဂါးရစ်ကဲ့သို့ တစ်ရစ်ပြီးတစ်ရစ် တိုးတက်လာရင်း အကုသိုလ်တရားပြေပျောက်ကာ အပါယ်တံခါး ပိတ်ပါမည်။

ထီးကိုးလက်တင်လှူပူဇော်မည့် မိဘကျေးဇူး မြင်းမိုရ်ဦးစေတီ

စေတီတော်တည်ထားရန် မြေနေရာကို သိကြားမင်းမှ ညွှန်ပြသည့်နေရာတွင် ပန္နက်တော်ရိုက်တင်ထားခြင်းဖြစ်သည်။

စေတီတော်တည်ထားရာ၌ လူ၊ နတ်၊ ဗြဟ္မာ နဂါးများက အဆင့်လိုက် တည်ထားကြပါသည်။ စေတီတော်ကြီးအား ထီးကိုးလက် တင်လှူပူဇော်မည် ဖြစ်သည်။

အလယ်ထီးတော်ကြီးမှာ အရဟံဂုဏ်တော် ထီးတော်ကြီးဖြစ်၍ ကျန်ထီးရှစ်လက်မှာ သမ္မာသမ္ဗုဒ္ဓါမှ ဘဂဝါ အထိဖြစ်သည်။ ထီးတော်ရှစ်လက်တွင် တစ်လက်စီ၌ ပဋ္ဌာန်းသုံးလက်စီ ဒလက်ပါရှိ၍ ထီးရှစ်လက်၌ ပဋ္ဌာန်း (၂၄)ပစ္စည်း ပါဝင်မည် ဖြစ်သည်။

ထီးတော်ရှစ်လက်သည် အရပ်ရှစ်မျက်နှာသို့ လေတိုက်တိုင်း လည်စေလျက် စကြဝဠာတစ်တိုင်းလုံးအား လည်ပတ်စေမည် ဖြစ်သည်။

ဤမြတ်ထူးခြားကြီးမားသော ထီးတော်ကြီးများ တင်လှူပူဇော်မည့် ဆရာတော်ဘုရားကြီးသည် ဘုန်းကံပါရမီတော်ကြောင့်သာ တင်လှူနိုင်ခြင်း ဖြစ်၏။

ဆရာတော်၏ ဆွေတော်မျိုးတော်များ၊ ပဋ္ဌာန်းဆက်ရှိနေသူများ ကျန်ရှိနေသေးသဖြင့် ထီးတော်မတင်လှူနိုင်သေးခြင်းဖြစ်သည်။ ထီးတော်တင်လှူမည့် မဂ်လာအချိန်ကို သိကြားမင်းမှ သတ်မှတ်ပေးမည့် ရက်၊ အချိန်၊ နာရီရောက်မှသာ တင်လှူမည် ဖြစ်သည်။ ယခုလာမည့်နှစ်တွင် ထီးတော်တင်လှူနိုင်လိမ့်မည်ဟု ကြားရ၏။

ဆုကြိုးပန်ပုဂ္ဂိုလ်ဆိုသည်မှာ

ဂေါတမမြတ်စွာသည် သုမေဓာရှင်ရသော်ဘဝဖြင့် ဒီပင်္ကရမြတ်စွာဘုရားထံမှ ဗျာဒိတ်စကားဖြင့် လေး

www.burmeseclassic.com

သချိုနှင့် ကမ္ဘာတစ်သိန်းအထိ ပါရမီတော်ကြီးကို ဖြည့်ဆည်းကာ ဤဘဒ္ဒကမ္ဘာ ရောက်မှသာလျှင် ဘုရားစင်စစ် ဖြစ်တော်မူ၏။

ထို့အတူ ဆုကြီးပန်ပုဂ္ဂိုလ်များစွာ ရှိပါသည်။ အချို့မှာ ပျံလွန်တော်မူပြီး၍ အချို့မှာ ကျန်ပါသေးသည်။ ကမ္ဘာဆေးခြောက်မြားစွာ ပါရမီဖြည့်ရပါဦးမည်။

ဆရာတော်သည် ဆုကြီးပန်ပုဂ္ဂိုလ်ဖြစ်၏။ ဘဝပေါင်းများစွာ ပါရမီဖြည့်ရ၏။ ဝဋ်ကြွေးများကိုလည်း ကြွေအောင် ဆပ်နေရသေး၏။

မိဘကျေးဇူး မြင်းမိုရ်ဦး စေတီတော်သည် ဤဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင် တော်ထက်၌ သစ္စာမဏ္ဍိုင်အဖြစ် ထားရှိလျက် မြေ၌စောင့်သော ဝသုန္ဓရေနတ်မင်းကြီးအား သက်သေအရာထားကာ ဘုဇိတ်ခံယူမည် ဖြစ်သည်။

ထို့ကြောင့် သက်ရှိထင်ရှား လူသားတို့သည် ဝဋ်ကြွေးများနှင့် မကင်းကြချေ။ ဝဋ်ကြွေးများရှိက ပြေပျောက်ကြစေရန် ခင်ပွန်းကြီးဆယ်ပါးကို မမေ့မလျော့ တောင်းပန်ကန်တော့ကြရပေမည်။

♦ ♦ ♦

ကျန်းမာရေးချို့ယွင်းသူများ၊ စီးပွားရေးကျဆင်းသူများ သောကဗျာပို့ဒ တောက်လောင်ပူဆွေးနေကြရသူများသည် နဂါးရစ်တောင်ရှိ ဓမ္မပါလကျောင်းတော်သို့ ရောက်အောင် သွားသင့်သည်။

လူတိုင်းတွင် ဝဋ်ကြွေးကံကြွေးများ ရှိကြ၏။ ဝဋ်ကြွေးကံကြွေးများ ပြေပျောက်ကြစေရန်အတွက် ကုသိုလ်ငါးမျိုးကို တစ်ပြိုင်တည်း ပြုလုပ်ပေးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဘဒ္ဒန္တအရှင်ဝိသုဒ္ဓဆံ ရောက်အောင်သွား၍ ကုသိုလ်ရယူကြပါ။

ကုသိုလ်ငါးမျိုးအတွက် လှူဒါန်းရာ၌ နည်းသည်များသည် အဓိကမဟုတ်ပါ။ စေတနာသဒ္ဓါတရားနှင့် နိုင်သရွေ့ ကြိုးစားဖို့သာ အဓိကဖြစ်သည်။ ကုသိုလ်ကို ကုသိုလ်နှင့် သာ ဆက်ပေးခြင်းဖြစ်၏။

မြန်မာပြည်တစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နဂါးရစ်တောင်သို့ သွားရောက်လိုပါက ရန်ကုန်၊ လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေးကားဝင်း ၌ ငါးသိုင်းချောင်း-ကွင်းကောက်သွားသည့် ကားများကို စီးခဲ့လည်းကောင်း၊ အထက်မြန်မာပြည်မှ သူတော်စင်

အပေါင်းသည် မုံရွာ-ပုသိမ် ကားလမ်းပေါ်ရှိ ငါးသိုင်းချောင်းမြို့ မရောက်မီလည်းကောင်း နဂါးရစ်တောင် ဓမ္မပါလတွင်ဆင်း၍ သွားရောက်နိုင်ကြပါသည်။

ကျောင်းတော်သို့ ရောက်သည့်အခါ နေထိုင်ရေးမှအစစားသောက်ရေးအပြင် မိမိ၏ အခက်အခဲကိစ္စဟူသမျှကို ကူညီဆောင်ရွက်ပေးလျက်ရှိသော သီလရှင်ဆရာလေး ဒေါ်ဥာဏာစာရီထံ ရောက်အောင်သွား၍ ကူညီတောင်းခံနိုင်ပါသည်။ ဆရာလေးဒေါ်ဥာဏာစာရီမှာ ဓည့်ကြိုတာဝန်ခံဖြစ်၍ ခုနစ်နေ့သားသမီးတို့ကို ကူညီစောင့်ရှောက်ရန် အမြဲအဆင်သင့်ရှိနေပါသည်။

ရောဂါဟူသမျှ သက်သာပျောက်ကင်း၍ ဒုက္ခဟူသမျှ သောကအမောများ ပြေပျောက်ကြပြီး သူတော်ကောင်းတရားပြည့်စုံသော သူတော်စင်သူမြတ်လောင်းများ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ကြပါစေဟု တောင်းဆုပြုလျက်။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

စိုလ်တာထောင်းကိုဦး

www.burmeseclassic.com

www.burmeseclassic.com

ကျခတ်ဝါးရဲ့ မင်းသမီးဇာတိ နက်ရှိုင်းသော မေတ္တာနှင့် တောတွင်းသား မောင်ဒီ၏ လွမ်းစေတတ်

သစ္စာမင်းခေါင်

လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကာလက အနောက်မရွိမဒေသမှ မင်းသားညီနောင် နှစ်ပါးတို့သည် ထီးနန်းအတွက် စစ်ခင်းကြပြီး အစ်ကိုဖြစ်သူ မင်းသားမှာ စစ်ရှုံးသဖြင့် လူမမည်သား ယောကျ်ားလေးတစ်ဦးနှင့်အတူ မြန်မာပြည်ရှိ ပေါက္ခရဝတီတိုင်းဘက်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ပြီး ပေါက္ခရဝတီမြို့တော် တောင်ဘက်ရှိ တောအုပ်အတွင်းတွင် နိုအောင်းနေထိုင်ခဲ့၏။ ကာလကြာမြင့်လတ်သော် ထိုစစ်ရှုံးမင်းသား၏ လူမမည် သားငယ်မှာလည်း အရွယ်ရောက် ကြီးပြင်းလာခဲ့ပြီး အမဲလိုက်ခြင်း၊ ငါးရှာ၊ ငါးမျှားခြင်းတို့၌ လွန်စွာကျွမ်းကျင်သော တောတွင်းသားလူငယ်တစ်ဦး ဖြစ်လာခဲ့၏။ ထိုတောတွင်းသား လူငယ်၏ အမည်မှာ မောင်ဒီဖြစ်၏။

တစ်နေ့သောအခါ ဗေဒင်ဆရာတစ်ဦးမှ လွန်စွာလှပသော ရွှေဝါရောင်ငါးကြီးတစ်ကောင်ကို ဖမ်းမိခဲ့၏။ အနောက်မရွိမဒေသမှ လာရောက်ကြသော ကုန်သည်တို့သည် ထိုငါးကြီးကို မိမိတို့ဘုရင်အား ဆက်သရန်အတွက် မောင်ဒီထံမှ အသပြာငွေကြေးပေး၍ ဝယ်ယူကြ၏။ သို့သော် မောင်ဒီက အသပြာဖြင့် မရောင်းဘဲ အသင်တို့၏ ဘုရင်ကြီးအား ကျွန်ုပ်၏ ကန်တော့လက်ဆောင်အဖြစ် ဆက်သပေးပါဟူဆိုကာ ထိုငါးကြီးကို ကုန်သည်တို့နှင့်အတူ ထည့်ပေးလိုက်၏။

ထိုအချိန်တွင် အနောက်မရွိမဒေသမှ ဘုရင်ကြီးမှာ နားကိုက်ဝေဒနာကို သေလုမျောပါး ခံစားနေရချိန်ဖြစ်၏။ သမားတော်အစုံအလင်က ဆေးဝါးအမည်ပေါင်းများစွာဖြင့် ကြိုးစားကုသကြသော်လည်း ဝေဒနာမှာ သက်သာပျောက်ကင်းမှုမရှိဘဲ တစ်နေ့တခြား ပိုဆိုးလာခဲ့၏။ ကုန်သည်တို့ ဆက်သသော ထိုရွှေဝါရောင်ငါးကြီးကို နန်းတွင်းစားတော်ကဲတို့က ကောင်းစွာကြော်လှော်ပြီး ဘုရင်အနီးရှိ စားတော်ပွဲ၌ ပြင်ဆင်ထားရှိခဲ့၏။

ထိုအခါ ကြော်လှော်ထားသော ထိုငါးကြီးထံမှ ထွက်ပေါ်လာသည့် လွန်စွာမွှေးပျံ့သော ရနံ့များကြောင့် ဘုရင်၏ နားအတွင်းမှ ပိုးကောင်တို့သည် အပြင်သို့ အလုအယက် တိုးထွက်ခဲ့ကြရာ နားထဆွင်း၌ တစ်ကောင်မျှ မကျန်အောင် ထွက်ကျလာခဲ့လေ၏။ နားအတွင်း၌ ပိုးကောင်များ ကင်းရှင်းသွားသောအခါ ဘုရင်ကြီး၏ နားကိုက်ဝေဒနာမှာလည်း ယူပစ်သလို ချွတ်သာပျောက်ကင်းသွားခဲ့လေ၏။

ဘုရင်ကြီးမှာ ကျေးဇူးတင်လွန်းသဖြင့် ထိုငါးကြီးကို ဆက်သသူ တောတွင်းသားလူငယ်အား တွေ့အောင်ရှာ၍ ထိမ်းမြားပေါင်းသင်း ကျေးဇူးဆပ်ရန် မိမိ၏ သမီးတော်ကို နောက်လိုက်နောက်ပါများနှင့်အတူ စေလွှတ်လိုက်၏။

ကျခတ်ဝါးရဲ့မြို့တောင်ဘက်ရောက်မှာရှိတဲ့ ရွှေဟောင်းသိမ်ဝင်း ဗောဓိပင်ကြီးတောအုပ်ထဲကို ဂူခြင်ရောဂူ

အနောက်မရွိမတိုင်းမှ ဘုရင့်သမီးတော် မင်းသမီးသည် မောင်ဒီရှိရာ ပေါက္ခရဝတီတိုင်းသို့ ရောက်ရှိလာပြီး တစ်တောလုံးအနှံ့ မောင်ဒီကို လိုက်ရှာ၏။ တောတွင်းတစ်နေရာ၌ မောင်ဒီနှင့် တွေ့သောအခါ အကျိုးအကြောင်းကို ရှင်းပြပြီး မိမိနှင့်အတူတကွ ပေါင်းသင်းနေထိုင်ရန် ပြောကြား၏။ လူအများနှင့် ထိတွေ့ဆက်ဆံမှု နည်းပါးပြီး တော၌သာ ပျော်မွေ့နေသော မောင်ဒီက လွန်စွာချောမွေ့ပြေပြစ်သော

www.burmeseclassic.com

www.burmeseclassic.com

ချုံနွယ်တောအုပ်များ ဖုံလွှမ်းနေသော ကျွဲတိုက်ပါရိပ္ပြဲဟောင်း၏ မြို့ရိုးများကိုရာဇနရာအား တွေ့မြင်ရစဉ်

ဆိုပါ ဘုရင့်သမီးတော်ကို မြင် ဆွေးလေသောအခါ ကြောက်လန့် ကြားနှင့် ထွက်ပြေး၏။

ဘုရင့်သမီးတော် မင်းသမီး သည် မိမိနှင့်အတူတကွ ပေါင်း သင်းနေထိုင်ရန် မောင်ဒီအား ပြော ကြား၏။ မောင်ဒီကလည်း ခါးခါး သီးသီး ငြင်းပယ်၍ တောထဲ၌ ပြေး လွှားပုန်းအောင်း၏။ ဘုရင့်သမီး သော် မင်းသမီးသည် မောင်ဒီကို ဆွေလျှင်တွေ့ချင်း နက်ရှိုင်းသော အချောဖြင့် ရင်မှာ ခွဲပြီလေပြီဖြစ် သောကြောင့် ခွဲမလျှော့ဘဲ မောင်ဒီ နောက်သို့ လိုက်၏။

ထိုကဲ့သို့ မောင်ဒီကို လိုက်လံရှာဖွေရင်း တောတွင်း တစ်နေရာ၌ အထိမ်းအမှတ်စေတီနှစ်ဆူကို တွေ့ထားခဲ့၏။ ယခုအခါ ထိုစေတီနှစ်ဆူသည် တွံတေး၊ မှောင်းတော်ချုပ် ဘာသနာ့နယ်မြေ၏ အနောက်ဘက် (၃)မိုင်ခန့်အကွာ တော တွင်၌ရှိနေပြီး ကျိုက်ဖူးကျိုက်ပါဟု ထင်ရှား၏။ ကျိုက်ဖူး ဟူသည်မှာ မွန်ဘာသာစကား ကျိုက်ဖူးမှ ခဲထင်းသက်လာ ခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ ဘုရားအမှတ်(၁)ဖြစ်၏။ ကျိုက်ပါ ဟူသော်ကား ကျိုက်ပါဖြစ်ပြီး အဓိပ္ပာယ်မှာ ဘုရားအမှတ် (၂) ဖြစ်၏။ တချို့ကလည်း ဘုရင့်သမီးတော်က သူမကို ကြိုက်ပါ၊ ပေါင်းသင်းပါဟု ပြောခဲ့ပြီး တောတွင်းသား မောင် ဒီကလည်း မကြိုက်ဘူး၊ မပေါင်း ဘူးဟု ပြောခဲ့သော နေရာတွင် အထိမ်းအမှတ်အဖြစ် စေတီတစ်ဆူ ထားခဲ့ခြင်းဖြစ်၍ မကြိုက်ဘူး (ကျိုက်ဖူး)နှင့် ကြိုက်ပါ(ကျိုက်ပါ) စေတီနှစ်ဆူ ဖြစ်သည်ဟု ဆိုကြ၏။

မောင်ဒီ သေခြင်း

ဘုရင့်သမီးတော် မင်းသမီး သည် တောတွင်းသား မောင်ဒီ အား သို့လိုက်ရင်း တောအုပ်တစ် ခု၏ အလယ်တွင် မောင်ဒီနှင့် ပက် ဆုံးတို့၏။ ပတ်ပတ်လည်တွင် လည်း ဘုရင့်သမီးတော်၏ နောက် လိုက်နောက်ပါများက မောင်ဒီကို ဝိုင်းရံထား၏။ မောင်ဒီမှာ ကြောက်ကြောက်လန့်လန့်နှင့် အနီးရှိ မျောက်လှုပ်ပင်ကြီး ပေါ်သို့ တက်ပြေး၏။

ဘုရင့်သမီးတော်သည် သစ်ပင်အောက်မှနေ၍ 'မောင် တော်ရေ..ဆင်းခဲ့ပါ၊ ဆင်းခဲ့ပါ'ဟု တကြော်ကြော် အော် ခေါ်၏။ ဘုရင့်သမီးတော်ကခေါလေ မောင်ကြီးကတော့ သစ်ပင်ထိပ်ဖျားဆီသို့ လှမ်းတက်လေ ဖြစ်၏။

ထိုသို့တွက်ရင်း ခြေချော်ကာ သစ်ပင်ပေါ်မှ ပြုတ်ကျ ပြီး မောင်ဒီ သေဆုံးလေ၏။ ဘုရင့်သမီးတော် မင်းသမီး သည် မောင်ဒီအလောင်းကိုဖက်ကာ သည်းဆူပြတ်မျှ ငို ကြွေးပြီး မိမိ၏ ရင်နှင့်အမျှ နက်ရှိုင်းစွာချစ်ရသော အညာတြ

ချုံနွယ်တောပေါင်းများ ဖုံလွှမ်းကာ အုတ်ကျိုးအုတ်ပုံအဖြစ်သို့ ရောက်ရှိနေသော မောင်းလွှင်မင်းတို့အား ဦးပဉ္စင်း ဦးဃဋီကာဇော်တ(ဓမ္မာစရိယဂုဏ်)က ညွှန်ပြနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

[illegible] အလောင်းကို ထိုသစ်ပင်ကြီး၏ အောက်၌ မြှုပ်ပြီး ကောင်းစွာသင်္ကြံဟ်၏။

ဘုရင့်သမီးတော်၏ချစ်သက်သော မောင်ဒီလွမ်းစေတီ

ထိုဘုရင့်သမီးတော်မင်းသမီးသည် မိမိ၏ နက်ရှိုင်းသောမေတ္တာဖြင့် စွဲမက်စွာ ချစ်ခဲ့ရလေသော တောတွင်းသား မောင်ဒီအား အစဉ်သတိရ လွမ်းဆွတ်သည့် အထိမ်းအမှတ်အဖြစ် မောင်ဒီလွမ်းစေတီကို မောင်ဒီ ပြုတ်ကျသေဆုံးရာ အဆိုပါ မျောက်လှုပ်ပင်ကြီး၏အနီး၌ တည်ထားခဲ့၏။

(ယခုအခါ တွံတေးမြို့နယ်၊ ကဘင်းကျေးရွာအနောက်ဘက် ရှေးဟောင်းသမိုင်းဝင် မောင်းတီးစေတီတော်ကြီးမှ နှစ်မိုင်ခန့်အကွာ တောတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက် အုတ်ကျိုးအုတ်ပုံအဖြစ်သို့ ရောက်ရှိနေသော ထိုလွမ်းစေတီကို တွေ့မြင်နိုင်ပါ၏။)

ကျခတ်ဝါးရံမြို့တော် တည်ထောင်ခြင်း

ဖော်ပြပါအတိုင်း တောတွင်းသားမောင်ဒီ သေဆုံးသွားပြီးနောက် အဆိုပါ ဘုရင့်သမီးတော်သည်လည်း အနောက်မဖျိမဒေသသို့ မပြန်တော့ဘဲ ကျခတ်ဝါးများ ကာရံထားသော ကျခတ်ဝါးရံမြို့တော်ကို တည်ထောင်ကာ စိုးစံအုပ်ချုပ်လေ၏။ မြို့၏ မြို့ရိုးများကိုလည်း အုတ်များဖြင့် အခိုင်အမာ ပြုလုပ်ထား၏။

ထိုဘုရင့်သမီးတော်သည်လည်း ကျခတ်ဝါးရံမင်းသမီးဟူ၍ အနီးအနားတိုင်းပြည် မြို့ရွာများ၌ လွန်စွာထင်ရှား၏။

ယခုအခါ တွံတေးမြို့နယ်၊ ကဘင်းကျေးရွာနောက်ဘက် တောတွင်း၌ ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းနေသော ကျခတ်ဝါးရံမြို့ရိုးဟောင်းများကို တွေ့မြင်နိုင်ပါ၏။

♦ ♦ ♦

ကျခတ်ဝါးရံမြို့တော်ဟောင်းနေရာသည် မြန်မာတို့၏ သမိုင်းခရီးမှ စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်သဖြင့် သမိုင်းအမွေအနှစ် အထောက်အထား နေရာတစ်ခုအဖြစ် စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းသင့်သော နေရာတစ်ခုပင် ဖြစ်ပါ၏။

(၇)နေ့သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေဇ္ဈာရည်၍
သစ္စာမင်းခေါင်

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ ဆိန္ဒိ ဂမ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၇(၃-လွှာ) ကျိုက္ခဆံလမ်း၊ အရွှန်လွတ်စေ့းဇရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၃၀၈၆၂၁ ၊ 📱 ၀၉ ၅၀ ၆၉၃၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis

ဆိုးခဲ့နိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

ဆိုင်းရင်းစေးဝါးမှတ်ပုံတင်အမှတ်

TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

ဝင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

www.burmeseclassic.com

ဘသန်းတင်

နဂါးလေးကောင်ခြေရံထားသည့် စတုရဿနာဂရံသီစေတီတော်

ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏ ကိုယ်စားတော်အဖြစ် ရုပ်ပွားဆင်းတုအမျိုးမျိုး ထုလုပ်ပူဇော်လေ့ရှိပြီး နဂါးရုံဗုဒ္ဓရုပ်ပွားတော်များကိုလည်း ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ထုလုပ်ပူဇော်လေ့ရှိကြပါသည်။

နဂါးရုံဘုရားများ ထုလုပ်ပူဇော်ခြင်းသည် စိတ်ကူးဖြင့် ထုလုပ်ပူဇော်ခြင်းမဟုတ်ဘဲ မြတ်စွာဘုရားခုနစ်ဌာန၌ ခုနစ်ရက်စီ သီတင်းသုံးစဉ် ဆင္ခမမြောက် မုစလိန္ဒသတ္တာဟ၌ မိုးအကြိုးအကျယ် ရွာသွန်းသောကြောင့် မုစလိန္ဒာနဂါးမင်းက မြတ်စွာဘုရားကို ပါးပျဉ်းဖြင့် အုပ်မိုးပူဇော်ပုံကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ နဂါးရုံဘုရား တည်ထားပူဇော်ခြင်းသည် စာပေကျမ်းဂန်၌ ပါရှိသည့်အတိုင်း ထုလုပ်ပူဇော်ခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာထွန်းကားသော ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ် စသောနိုင်ငံများတွင်လည်း နဂါးရုံဘုရားများ ထုလုပ်ပူဇော်ကြောင်း သိရပါသည်။

ကျွန်တော်သည် အနယ်နယ်အရပ်ရပ်သို့ ဘုရားဖူးသွားရင်း နဂါးရုံဘုရားမျိုးစုံကို ဖူးခဲ့ရသော်လည်း ကျွန်တော်၏ ဇာတိမြေ ခနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာ၊ သုခိတာရုံကျောင်းတိုက်အတွင်းရှိ နဂါးရုံစေတီတော်ကိုမူ နှစ်ပေါင်းများစွာ နောက်ကျပြီးမှ ဖူးနိုင်ခဲ့ပါသည်။ သစ်ပင်ကြီးများ၊ ဝါးတောကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများကြားတွင် နှစ်ပေါင်းငါးဆယ်ကျော် နစ်မြုပ်နေခဲ့သည့် နဂါးရုံစေတီတော်သည် ပွင့်ချိမ့်တန်သောအခါ ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ပြန်လည်ပေါ်ထွန်းလာကာ လူအပေါင်း၏ အပူဇော်ခံနေပြီး ကျွန်တော်သည်လည်း ဖူးချိမ့်တန်သောအခါတွင်မှ ဖူးနိုင်ခဲ့ပါသည်။

စိမ်းမှောင်သော တောအုပ်ကို နောက်ခံပြုလျက် ရွှေသင်္ကန်းရောင် ဝင်းပြောင်တောက်ပနေသော နဂါးရုံစေတီတော်ကို အဝေးမှ လှမ်းဖူးရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ ပင်မနဂါးရုံစေတီတော်သည် ဥဏ္ဍတော်(၂၇) တောင်မြင့်ပြီး မုခ်လေးပေါက်ဂူဘုရားပုံ ဖြစ်ပါသည်။ ပစ္စယာသုံးဆင့်အထက်တွင် ရွှေရောင်ဝင်းနေသော စေတီတော်ကို ကြည်ညိုဖွယ်တည်ထားခြင်း ဖြစ်ပါသည်။ ပစ္စယာသုံးဆင့်ကို ခိုနန်းချိုးများဖြင့် လှပစွာတည်ဆောက်ထားသဖြင့် စေတီတော်၏ဥဏ္ဍတော် ပိုမိုမြင့်နေသယောင် ထင်မှတ်ရပါသည်။

ပင်မနဂါးရုံစေတီတော်(ယာ)နှင့် ညီတော်ဆောင်(ပ)

စတုရဿနာဂရံသီ (နဂါးလေးကောင်ရံထားသောဘုရား)ဟူသော ဘွဲ့တော်နှင့်အညီ စေတီတော်ထောင့်လေးထောင့်တွင် နဂါးရုံဘုရားလေးဆူ ရှိနေခြင်းမှာ ဤဘုရား၏ ထူးခြားချက်ဖြစ်သည်ဟု ထင်မိပါသည်။ ပင်မစေတီတော်ကို ရံစေတီများ မရံဘဲ နဂါးရုံဘုရားလေးဆူ ရံထားခြင်းဖြစ်သဖြင့် အဓိပ္ပာယ်လေးနက်သည်ဟု ထင်မိပါသည်။ နဂါးများသည် သာဓုခေါ်နဂါးများ

www.burmeseclassic.com

www.burmeseclassic.com

ဟူတ်ဘဲ ပါးပျဉ်းကို အစွမ်းကုန် ဝိုင်းခွက်ကာ ပါးစပ်ဟလျှက် မာန်ဖီနေပုံမှာ အလွန်အသက်ဝင်သဖြင့် အတန်ကြာငေးကြည့်နေမိပါသည်။ ကိုယ်လုံးကိုင်းဆင့် ခွေရစ်ထားပုံမှာလည်း အလွန်ပီပြင်ပါသည်။

ပင်မနဂါးရုံစေတီတော်၏ တောင်ဘက်တွင် အနီးကပ်ကည့်ရှုသော စေတီလေးမှာ အခြားသောဘုရားများမှာကဲ့သို့ နောင်တော်စေတီမဟုတ်ဘဲ ညီတော်စေတီဖြစ်ကြောင်း၊ ရှေးသခင်ကပင် နောင်တော်၊ ညီတော် စေတီနှစ်ဆူ အတူတကွ ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ပြည်တွင်းစစ်ဒဏ်ခံရသဖြင့် ပူဇော်သူကင်းမဲ့ကာ နှစ်ပေါင်းငါးဆယ်ကျော် တောခိုးနေသော နဂါးရုံစေတီတော်ကို အသစ်တစ်ဖန် ပြန်လည်တည်ထုတ်ကာ သာသနာပြုခဲ့သူမှာ ညောင်ချောင်းကျေးရွာသူဒကာတရုံကျောင်းတိုက် ပဓေနနာယကဆရာတော် ဘဒ္ဒန္တဉာဏပါလ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် တောင်ပေါ်ကျောင်းထွက်ဖြစ်ပြီး ကျန်တော်သည်လည်း တောင်ပေါ်ကျောင်းထွက်ဖြစ်သဖြင့် ချက်ချင်းပင် ဆွေမျိုးရင်းချာပမာဖြစ်သွားပြီး နဂါးရုံဘုရားကည်ထားပုံအကြောင်း နောက်ကြောင်းပြန် မိန့်ကြားခဲ့ပါသည်။

ဆရာတော်ကြီးက 'နဂါးရုံဘုရားနယ်မြေဟာ ရှေးဆစ်ကတည်းက သာသနာ့နယ်မြေဖြစ်တယ်။ တောဖုံးနေတဲ့ ဒီနေရာမှာ သာသနာပြုဖို့ တောင်ပေါ်ကျောင်းတိုက်ရဲ့ ဦးစီးနာယကဆရာတော်က တာဝန်ပေးစေလွှတ်ခဲ့တယ်။ မြကျောင်းဆရာတော်ကို ဒကာသိတယ် မဟုတ်လား။ မြကျောင်းဆရာတော် လွှတ်လို့ လာခဲ့ရတာ' ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီးသည် (၁၃၂၆) ခုနှစ်၊ ကဆုန်လဆန်းတွင် မိုးစက်များနှင့်အတူ ရောက်ရှိလာပြီး ဝါးကျောင်းလေးဆောက်ကာ လုပ်ငန်းစတင်ခဲ့ရကြောင်း ဆက်လက်မိန့်ကြားပါသည်။ နဂါးရုံဘုရား သာသနာ့နယ်မြေအနီးတွင် အမှတ် (၁၀၀)ခြေမြှုပ်တပ်ရင်း ရှိသဖြင့် တပ်တော်သား မိသားစုများက သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း

နဂါးတိုင်ရုံးအုတ်ငါးရစ်ခွေထားပုံ

ပေးပြီး ကျေးရွာသူကျေးရွာသားများကလည်း ထမင်းချိုင့်ဖြင့်လာကာ လုပ်အားပေးလှူခဲ့ကြသည်။ စေတနာရှင်များ၏ လုပ်အားအလှူကြောင့် ဘုရားမြေ တစ်ဧကနှင့် ကျောင်းမြေ နှစ်ဧက သန့်သန့်ရှင်းရှင်း ပြန်ပေါ်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နဂါးရုပ်ဘုရားတစ်ဆူနှင့် နဂါးကို အနီးကပ်တွေ့မြင်ရစဉ်

မြေရှင်းလင်းပြီးစီးသဖြင့် နဂါးရုံဘုရားပျက်ကို ပြန်လည်ပြင်ဆင်ရန် စီစဉ်နေစဉ် အမှတ်(၁၀၈)ခြေဖြန်တပ်ရင်းသို့ တပ်ရင်းမှူးအသစ် ရောက်ရှိလာခြင်းသည် အလွန်ထူးခြားပြီး နဂါးရုံဘုရား တည်ဆောက်ပြုပြင်မှု လွယ်ကူလျင်မြန်စေရန် တာဝန်ပေးစေလွှတ်ခြင်းနှင့် တူနေပါသည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိန်ထွန်းလှက စေတီပျက်ကို တွေ့သောအခါ စိတ်ဝင်စားသဖြင့် စုံစမ်းမေးမြန်းပါသည်။

ဆရာတော်က ရှေးဟောင်းနဂါးရုံဘုရားဖြစ်ကြောင်း ရှင်းပြသောအခါ တပ်ရင်းမှူးက 'တပည့်တော်ကို ရှေးဟောင်းဘုရားသုံးဆူ ပြင်ရမယ်လို့ ဟောထားတယ်။ အခုထိ နှစ်ဆူပြင်ပြီးပါပြီ။ ဒီဘုရားကိုလည်း တပည့်တော်ပြင်မယ်။ တပည့်တော် တာဝန်ယူပါတယ်' ဟု ချက်ချင်းလျှောက်တင်ကြောင်း သိရပါသည်။

ရှေးဟောင်းနဂါးရုံဘုရားပျက်ကို ဖော်ထုတ်ပြီးချိန်တွင် ပြုပြင်တည်ဆောက်မည့်ဒကာ အလိုအလျောက် ပေါ်လာခြင်း ဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးစိန်ထွန်းလှ ဦးဆောင်ကာ ဘုရားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာအကောင်အထည်ပေါ်လာပြီး လုပ်ငန်းအဆင့်ဆင့် လျင်မြန်စွာပြီးစီးအောင်မြင်ခဲ့ပါသည်။ ဘုရားတည်ရန် ပန်းရန်ဆရာပေါင်းစုံ ပါဝင်ခဲ့သည့်အနက် ဓနဖြူမြို့၊ ဈေးဝိုင်းရပ်နေ ပန်းရန်နှင့် ပန်းချီပညာရှင် ဆရာဦးဟန်အေးလည်း အနီးကပ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

ဆရာဦးဟန်အေးက 'နဂါးရုံစေတီဟောင်း ပျက်စီးနေပေမယ့် နှစ်ပေါင်း(၅၀)ကျော် အန္တရာယ်ကင်းခဲ့တာဟာ မြေတွေကြောင့် ဖြစ်နိုင်တယ်။ ဘုရားဟောင်းက အုတ်ချပ်ဟောင်းတွေထုတ်ပြီး လဲဖို့တော့ မြေကြီးတွေ အများကြီးတွေ့တယ်။ မြေကြီးတွေရှိတဲ့အထွက် မသမာသူတွေ ဘုရားနား မကပ်ရဲတာ ဖြစ်မယ်။ ကျွန်တော်တို့ကိုတော့ ဘာမှ မလုပ်ဘဲ ထွက်သွားပါတယ်။ မြေတွေကကြီးတယ်။ မြေကြီးတော့ နဂါးပေါ့။ နဂါးလေးကောင်ခြံရံတဲ့ ဘုရားဘွဲ့နဲ့ ကိုက်ညီသွားပါတယ်' ဟု ပြောပြပါသည်။

ထို့ပြင် ဦးဟန်အေးက 'ပင်မစေတီတော်ကို အုတ်ဟောင်းတွေလဲပြီး သံချည်သံကွေးတွေနဲ့ အခိုင်အမာကြည်ဆောက်ရပါတယ်။ ပြီးတော့ ဘုရားရဲ့ ထောင့်လေးဆောင့်က နဂါးရုံဘုရားလေးဆူကို ဆက်ပြင်ပါတယ်။ အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com

ဇတ်ကာစပ်တွင်တွေ့ရသော နဂါးရုံဘုရားတစ်ဆူ

ဘုရားရဲ့ လှိုဏ်ဂုဟာချက်ကို သိရပါတယ်။ ဒီဘုရားမှာ ရှေးယခင်က ဘည်းက နဂါးလေးကောင် စောင့်ပါတယ်။ နဂါးမောင်နှမ လေးယောက်ဖြစ်ပြီး အစ်ကိုသုံးယောက်နှမ တစ်ယောက် ဖြစ်ပါတယ်။ တနင်္ဂနွေထောင့် နဂါးရုံဘုရားက အဖြစ်ပါတယ်။ အဲဒီ နဂါးရုံဘုရားပြင်ဖို့ ရှင်းလင်းတော့ တနင်္ဂနွေထောင့် နဂါးကိုယ်လုံး အခွေထဲမှာ နဂါးရုံဘုရားပုံတော် အသေးလေးတွေ့ရပါတယ်။ နဂါးရုံဘုရားကိုယ်လုံးအတွင်းမှာ နဂါးရုံဘုရားလေး တွေ့ခြင်းဖြစ်ပါတယ်'ဟု အကျယ်တဝင့် ပြောပြပါသည်။

တနင်္ဂနွေထောင့် နဂါးရုံဘုရား နဂါးကိုယ်လုံးအခွေအတွင်းမှရသော နဂါးရုံဘုရားလေးသည် ကျောက်သားနှင့် ဆင်ထားခြင်းဖြစ်ပြီး ဘုရားရုပ်ပွားတော်၏ မျက်လုံးများ နှင့်ထားပါသည်။ နဂါးပါးပျဉ်းသည် မဝိုင်းဘဲ ထောင့်မှန်ဘုံပုံဖြစ်နေကာ အပြီးကို ပြန်ထောင်ထားပါသည်။ နဂါးအောက်ကလေး ပြုတ်နေသဖြင့် အသစ်လုပ်ရန် စီစဉ်သော အခါ အသစ်မလုပ်ဘဲ နဂါးကိုယ်လုံးအတွင်း ပြန်ရှာတပ်ပေးရန် အိပ်မက်ထဲတွင် ပြောသဖြင့် ပြောသည့်အတိုင်း ပြုပြင်ပေးခဲ့ရပါသည်။

ဒုတိယဗိုလ်မှူးကြီးစိန်ထွန်းက နဂါးရုံဘုရားအတွက် အလှူခံ စေလွှတ်သော်လည်း ပဋ္ဌာန်းဆက်ရှိသူများ လာရောက်လှူဒါန်းသောအခါ လက်ခံခဲ့ရပါသည်။ ထောင့်လေးထောင့်မှ နဂါးရုံဘုရားပေးဆူနှင့် ဂူအတွင်းရှိ ဘုရားလေးများသည် ကျောက်ဆင်းတုများဖြစ်ပြီး စနေသားသဖီးများက လာရောက်လှူဒါန်းကြောင်းလည်း ထူးခြားခြား သိခဲ့ရပါသည်။

တောင်ပေါ်ကျောင်းထွက် ဆရာတော် ဘဒ္ဒန္တဂုဏာပါလသည် နဂါးရုံဘုရားနယ်မြေတွင် ငါးနှစ်သာသနာပြု၍ အဓိဋ္ဌာန်ခဲ့သော်လည်း လက်တွေ့တွင် သုံးနှစ်ဖြင့် ပြီးစီးအောင်မြင်သွားခြင်း ဖြစ်ပါသည်။

နဂါးရုံဘုရား၏ ထောင့်လေးထောင့်တွင် တည်ထားသော နဂါးရုံဘုရားလေးဆူမှ နဂါးများသည် မောင်နှမဖြစ်ပြီး အစ်ကိုအကြီးဆုံးက နဂါးသိုက်၏ သိုက်ချုပ်ဖြစ်ကြောင်း၊ တနင်္ဂနွေထောင့်မှ ညီမသည် အငယ်ဆုံးဖြစ်သဖြင့် စိတ်ကြီးကြောင်း၊ အမှားမခံကြောင်း၊ မသမာသူများ မလာရန် ကိုယ်တိုင် တားဆီးပေးကြောင်း၊ ဘုရားတည်နေစဉ် လိုအပ်ချက်များကို ဆရာတော်အား အိပ်မက်ပေးပြောကြား

သုခိတာရုံကျောင်းတိုက် အဝင်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအတွင်းရန်၊

ကြောင်းလည်း မှတ်သားခဲ့ရပါသည်။ ထောင့်လေးထောင့်မှ နဂါးလေးကောင်ပုံများ အင်္ဂတေဖြင့် သွန်းလောင်းထုလုပ်သောအခါတွင်လည်း ပါးပျဉ်းအနေအထား၊ ကိုယ်လုံးရစ်ခွေပုံတို့ကို အိပ်မက်ပေးသဖြင့် အိပ်မက်ထဲတွင်ပြသောပုံအတိုင်း ထုလုပ်ခဲ့ရသည်ဟု သိရပါသည်။

နဂါးရုံဘုရား တည်ထားစဉ် ထမင်းချိုင့်ဖြင့် သွားရောက်၍ လုပ်အားပေးလှူသူများထဲတွင် ဈေးပိုင်းရပ်နေဦးဆွေကြီးနှင့် ဒေါ်စိန်စိန်တို့လည်း ပါဝင်ကြပါသည်။ ဘုရားနှင့်နေအိမ် အတော်လေး ဝေးကွာသဖြင့် သူတို့ဇနီးမောင်နှံ စက်ဘီးဖြင့် သွားခဲ့ရပါသည်။

ဦးဆွေကြီးက 'ပင်မစေတီကြီးနားမှာရှိတဲ့ စေတီလေးက နောင်တော်စေတီမဟုတ်ဘဲ ညီတော်စေတီ ဖြစ်ပါတယ်။ အရင်ကတည်းက ရှိခဲ့တာပါ။ ညီတော်စေတီလေး အလိုလို

ထဲလူးညီနောင်စောတံလှမ်း

ရောက်သွားတဲ့အခါ ရန်ကုန်မြို့က သဘော်သားတစ်ယောက် မေးမြန်းပြီး ရောက်လာပါတယ်။

သဘော်သားမိသားစုက ရွှေထီးတင်လှူပါတယ်။ တစ်ခုခုလိုအပ်ရင် သက်ဆိုင်တဲ့ ပဋ္ဌာန်းဆက်တွေ ရောက်လာပြီး - လှူဒါန်းတာဟာ သိပ်ထူးခြားပါတယ်' ဟု ပြောကြပါသည်။

ဦးဟန်ဆွေ၏ဇနီး ဒေါ်စိန်စိန်ကလည်း 'ရုံထဲဗွက်ထဲမှာ ကျွန်မတို့ထမင်းချိုင့်နဲ့သွားပြီး လိုအပ်တာတွေ လုပ်ပေးခဲ့ရပါတယ်။ အနီးအနားရွာတွေကလည်း တမျော်တပါး လာရောက်ကြပါတယ်။ ထီးတင်ပွဲမှာ လူတွေ စည်ကားတာ မယုံနိုင်စရာပါဘဲ။ ဆိုင်းဝိုင်းကြီး တီးလိုက်တာနဲ့ နဂါးဆက်ရှိသူတွေ မနေနိုင်ဘဲ မြေပေါ်မှာ လူးလှိမ့်ကကြပါတယ်။ စစ်တပ်က တာလပတ်တွေ ခင်းပေးထားတဲ့အတွက် ဆိုင်တဲ့လူတွေ လူးလှိမ့်နိုင်ခဲ့ပါတယ်။ ရေခဲချောင်းရောင်းသူ၊ ကွမ်းယာရောင်းသူတွေပါ မနေနိုင်ဘဲ ဝင်ကပါတယ်။ မဏ္ဍပ်တွေထဲမှာ လူးလှိမ့်ကသူတွေ တော်တော်များပါတယ်။ ရန်ကုန်ကလာတဲ့ ဆရာမလေးတစ်ယောက်ကတော့ ချမ်းစားကျောင်းပေါ်မှာပဲ လူးလှိမ့်ကတယ်လို့ ကြားရပါတယ်။ လူးလှိမ့်ကသူတွေကို သဘော်သားမိသားစုက ဆုငွေတွေ ပေးပါတယ်။ ထီးတင်ပွဲကို ရန်ကုန်က အဆိုတော်တွေ လာတဲ့အတွက် ဝက်ဝက်ကွဲအောင် စည်ကားခဲ့ပါတယ်' ဟု ပြောပြပါသည်။

နဂါးလေးကောင်ခြံရံသည့် နဂါးရုံဘုရား ထောင့်လေးထောင့်မှ နဂါးလေးကောင်သည် အရွယ်အစားမကြီးလွန်းသော်လည်း အလွန်အသက်ဝင်နေကြောင်း တွေ့နိုင်ပါသည်။ ပါးစပ်ကြီးကို အစွမ်းကုန်ဟထားပုံမှာ ကြောက်မက်ဖွယ်ကောင်းပြီး အစွယ်များ၊ မုတ်ဆိုးပုံမွေးများကို ဝိပြင်စွာ ပုံဖော်ထားပါသည်။ ပါးပျဉ်းကြီးဆောင်ထား

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုံးကို ငါးရစ်ခွေထပ်ထားပုံနှင့် အမြီးကို ထောင်ထားပုံမှာ အလွန်အသက်ဝင်သဖြင့် ညဉ်းပိုင်းတွင် ထိုနဂါးများကိုတွေ့လျှင် ထိတ်လန့်သွားနိုင်ပါသည်။ နဂါးရစ်ခွေထားပုံမှာ ဖြစ်ကတတ်ဆန်းမဟုတ်ဘဲ အလွန်ပီပြင်ပြီး ဆေးရောင်စုံများ ခြယ်လှယ်လိုက်သောအခါ တကယ့်နဂါးများဟုပင် ထင်မှတ်မှားနိုင်ပါသည်။

ကျွန်တော်သည် အခြားမြို့ရွာများတွင် နဂါးရုံဘုရားများ ရှိခဲ့ရသော်လည်း နဂါးအစစ်နှင့်မတူဘဲ အရုပ်နှင့်သာ တူနေသဖြင့် စိတ်မဝင်စားသော်လည်း ဤဘုရားမှ နဂါးများကိုမူ တအံ့တသြငေးမောကြည့်နေမိပါသည်။ နဂါးဆင်ရှိသူများ၊ နဂါးသိုက်မှ လာသူများသည် ဤနဂါးရုပ်များကိုတွေ့လျှင် တုန်တုန်ယင်ယင်ဖြစ်လာကာ မြေပြင်တွင် လူးလိမ့်ပူဇော်ကြောင်း၊ နဂါးနှင့် သက်ဆိုင်သူများ မဟုတ်ဘဲ လာရောက်နေကြောင်း ဒေသခံများက ပြောပြကြပါသည်။

မူလနဂါးရုံဘုရားသည် ရှေးနှစ်ပေါင်းများစွာက တည်ခဲ့ခြင်းဖြစ်သဖြင့် မူလဒါယကာကို မသိနိုင်သော်လည်း ဘာသာပြုမင်းတစ်ပါး တည်ထားလှူဒါန်းခဲ့ခြင်း ဖြစ်နိုင်သည်ဟု ယူဆမိပါသည်။ နဂါးရုံဘုရားတွင်ရှိသော နဂါးလေးကောင်၏ဝိညာဉ်သည် တနင်္ဂနွေထောင့် နဂါးကိုယ်လုံးအတွင်းမှရရှိသော နဂါးရုံဘုရားလေးမှ နဂါးတွင် ခိုဝင်နေသည်ဟုလည်း ထင်မိပါသည်။

ထိုနဂါးရုံဘုရားလေးသည် အရွယ်အစား သေးငယ်သော်လည်း နဂါးရုံဘုရားသက်တမ်း ရှည်ကြာစွာ အပူအပေါ်နိုင်ရေးအတွက် သာသနာပြုဆရာသခင်များ အစီအရင်ပြုထားခြင်း ဖြစ်နိုင်သည်ဟုလည်း ထင်မိပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တဥဏ္ဏပါလနှင့် အလှူရှင်များ တည်ထားသော နဂါးရုံစေတီတော်တွင် နဂါးလေးကောင် ခြံရုံသည်ဟု ဆိုသော်လည်း တနင်္ဂနွေထောင့်မှ နဂါးရုံဘုရားလေးနှင့် ပေါင်းလျှင် နဂါးငါးကောင် ခြံရုံသည်ဟု ပြောရမည်ဖြစ်ပါသည်။ ပဋ္ဌမမြောက် နဂါးလေးအကြောင်းကို ဆရာတော်ကြီးနှင့် ပန်းရန်ဆရာတို့ အသိဆုံးဖြစ်ပါလိမ့်မည်။ ထိုလှူ့ဝှက်ချက်ကို ဖော်ထုတ်နိုင်လျှင် နဂါးရုံဘုရား ပိုမိုတန်ခိုးကြီးပြီး သာသနာတော် ပိုမိုထွန်းတောက်စည်ပင်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဘသန်းတင်

ချက်ချင်းသောက်—လက်ငင်းပျောက်

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးရွေးကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ဃာထိတိုင်းရင်းဆေးဝါးအုတ်ပိုတင်အမှတ် 0114 Y 010697

ပျောက်ကင်း ပိုင်းသော ဆရာများ

အစာအိမ်ရောဂါ လေထိုးလေအောင့်၊ အစားများအစားမှား၍ မစီမံသည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာပကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗိုက်ဝမ်းပွက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ဝင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ယခုရေးသားမည့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ထိုင်းဘုရင်နန်းတော်၌ တည်ထားသည့် မြဘုရား ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်ကြီး၏ တောင်ဘက်၌ လမ်းတစ်လမ်းသာခြားရှိ ကိန်းဝပ်စံပယ်တော်မူသည့် Wat Pho ဝပ်ပို ခေါ် ရွှေသာလျောင်း လျောင်းတော်မူကြီးနှင့်ပတ်သက်သော ဆောင်းပါးပင် ဖြစ်သည်။

Wat Pho လျောင်းတော်မူဘုရားကြီးသည် မြန်မာနိုင်ငံရှိ ကိုးထပ်ကြီးလျောင်းတော်မူဘုရားကြီး၊ ပဲခူးမြို့၌ စံပယ်

စာတည်သိုလ်ပျိုး

ဘန်ကောက်မြို့က ရှေးဟောင်းဆုတောင်းပြည့် Wat Pho လျောင်းတော်မူမြတ်ဘုရားအား မူးမြော်ရှိ လိုရာဆုတောင်းခဲ့ခြင်း

Wat Pho လျောင်းတော်မူဘုရားကြီး

လျောင်းတော်မူဘုရားကြီး၏ မျက်နှာတော်ကို အနီးကပ်မှုအမြော်ရုပ်ရှင်

တော်မူသော ရွှေသာလျောင်းမြတ်ဘုရားကြီးတို့ကဲ့သို့ပင် ကြီးကျယ်ခမ်းနား သပ္ပာယ်လှသည်။ ထူးခြားချက်မှာ မြတ်ဘုရား ကိုယ်တော်တစ်ကိုယ်လုံး ရွှေသင်္ကန်းကပ်လှူထားခြင်းဖြစ်သည်။ ထိုင်းတို့၏ ရွှေသင်္ကန်းချထားသော နည်းပညာမှာ လက်ရာမြောက်လှသည်။ လျောင်းတော်မူဘုရားကြီး တစ်ဆူလုံးအား ရွှေဖြင့် သွန်းလုပ်ထားသလားဟုပင် ထင်မှတ်မှားမိသည်။

Wat Pho လျောင်းတော်မူဘုရားကြီးသည် Thai Wang Road လမ်းပေါ်၌ တည်ရှိသည်။ ထို Wat Pho ဘုရားကြီးသည် ဘန်ကောက်မြို့ရှိ ဘုရားကြီးများစွာအနက် လွန်စွာကြီးကျယ်ခမ်းနားလှသောကြောင့် စာရေးသူအနေနှင့် စာရှုသူအပေါင်းတို့အား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုရသည့်အလား ခံစားကသိုလ်ယူနိုင်ရန်အတွက် ဓာတ်ပုံပေါင်းများစွာနှင့် အသေးစိတ် ရေးသားတင်ပြလိုက်ရပေသည်။

♦♦♦

ဤဆောင်းပါးအား စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏသုတ်ဘုရားကြီး၏ မုခ်နာတော်အား ရင်ဘတ်တော်ဆက်မှ ဖူးမြော်ရစဉ်

သည် (၁၀-၅-၂၀၁၅)ရက်နေ့ ည (၇)နာရီ၌ ဘန်ကောက်မြို့ရှိ တည်းခိုရာ Park Ploen Chit အဆောက်အအုံ(၁၃)ထပ်၌ စတင်ရေးသားခြင်း ဖြစ်သည်။ Wat Pho ဘုရားကြီးအား ဒီနေ့(၁၀-၅-၂၀၁၅)ရက်နေ့ နံနက် (၁၁)နာရီ မိနစ်(၃၀)၌ သွားရောက် ဖူးမြော်ခဲ့ရာ မွန်းလွဲ(၂)နာရီကျော်မှ Wat Pho မြတ်စွာဘုရား ကိန်းဝပ် စံပယ်တော်မူရာ ကျောင်းတော်ကြီး ဝင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အဆု ဆူအား ဖူးမြော်၍ ပြီးလေသည်။ ဆက်၍ Wat Saket and The Golden Mount ဘုရားသို့ ဆက်၍ သွားရောက်ဖူးမြော်ရန် အချိန်မရှိတော့၍ နောက် တစ်ခေါက် ဘန်ကောက်ရောက်မှ ဖူးမြော်ရန် မိသားစု ဆုံးဖြတ်ပြီး တည်းခိုရာအခန်းသို့ ပြန်ခဲ့ခြင်းဖြစ်သည်။

ဘန်ကောက် နေအပူချိန်သည် ရန်ကုန်အပူချိန်အတိုင်း ပင် ပူပြင်းလှသည်။. Wat Pho ဘုရားအတွင်းရှိ ကျောင်း ဆောင်အသီးသီး၌ သီတင်းသုံးစံပယ်တော်မူသော မြတ် ဘုရားရုပ်ပွားတော်ကြီးများသည် ရွှေရောင်ဝင်းလျက် သာယာလှသဖြင့် တစ်ဆူချင်း ဖူးမြော်၍ပင် ကျေနပ်အားရ ခြင်းမရှိအောင် ဖြစ်မိသည်။ ထိုင်းနိုင်ငံသို့ ယခင်က ရောက် ခြင်းမရှိ၍ အတွေ့အကြုံနည်းပါးသောကြောင့် မြဘုရား နှင်းတစ်လျက် စံပယ်တော်မူရာ Wat Pho ဘုရားကြီးအား ဘုရား ဖူးမြော်စဉ်က မဖူးမြော်မိခဲ့ပေ။ ထိုနည်းတူ မြ ဘုရား၏ တစ်ဖက်ကမ်း (ကျောက် ဆူးခြစ်၏ တစ်ဖက်ကမ်း)၌ရှိသော ဘုရား၌ Wat Arun ဘုရားကိုလည်း ဒီအချိန်ရက်ခြား၍ သွားဖူးခဲ့သည်။ ဘုရား Wat Pho, Wat Arun ဘုရား ဆိုသည် တစ်နေ့တည်း စရိတ် သီးခြားအကုန်ခံကာ သွား ဖူးမြော်ရန်မလိုဘဲ ဖူးမြော်နိုင် ဘုရားသုံးဆူပင်ဖြစ်ကြောင်း Wat Pho ဘုရားရောက်မှ သိခဲ့ရ Wat Pho နှင့် မြဘုရားသည် တစ်လမ်းသာခြား၍ တည်ရှိ စံပယ်တော်မူခြင်းကြောင့် လမ်းလျှောက်ပြီး ဖူးမြော်နိုင်သလို ဝပ်အာရုံကိုလည်း Wat Pho ဘုရား အနီးရှိ မြစ်ဆိပ်ကမ်းမှ ကူးတို့သဘော်ဖြင့် သွားရောက်ဖူးမြော်နိုင်ကြောင်း သိရ သောအခါ အချိန်လွန်ခဲ့ပြီဖြစ်၍ နောင်ဘုရားဖူးသွားရောက် ကြမည့်သူများအတွက် လမ်းညွှန်ရေးသားလိုက်ရပေသည်။

စာရေးသူအနေနှင့် လောလောလတ်လတ် ဖူးမြော် ကြည်ညိုခဲ့ရသော Wat Pho လျောင်းတော်မူမြတ်စွာဘုရား ကြီးနှင့် ပတ်သက်သော ဆောင်းပါးကို ယနေ့(၁၀-၅-၂၀၁၅)ရက်နေ့ ည(၇)နာရီ၌ အလောသုံးဆယ် ရေးသား ရခြင်းမှာ စာရေးသူသည် မနက်ဖြန် ညနေ(၅)နာရီ (၃၀) မိနစ်တွင် Thai Ariway T.G လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်၍ အမှတ်တရဖြစ်စေရန် ရေးသားရခြင်းဖြစ် သည်။ အယုဒ္ဓယရှိ Wat Mahathat ဘုရားနှင့် ပတ်သက်၍

ဝဏ္ဏသုတ်ဘုရားကြီး၏ ပစ်တူ လျောင်းတော်မူအရာ

www.burmeseclassic.com

www.burmeseclassic.com

ရောင်းစတော်မှဘုရားရဂရို ထိုင်စတော်မှ ရှေးဟောင်းဘုရား



ရလောင်းစတော်မှဘုရားကြီး၏ ဦးခေါင်းစတော်နှင့် လက်တော်

ရလောင်းစတော်မှဘုရားကြီး၏ ဇရပ်အုတ်စတော်ကား၊ လက်ရာပြောက်ဖွာတွေ့ရစဉ်

လည်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Park Ploen Chit အဆောက်အအုံ (၁၃)ထပ်၌ပင် ရေးသားတင်ပြခဲ့ဖူးပြီးဖြစ်သည်။

စာရေးသူသည် အသက်အရွယ်(၇၀)ကျော်အရွယ် ရောက်မှ ဘန်ကောက်မြို့ Bumrungrad ဆေးရုံကြီး၌ လည်ပင်းအသံဝင်ရောဂါနှင့် အူကျသည့်ရောဂါကုသရင်း ခန္ဓာကိုယ်တစ်ကိုယ်လုံးအား ဆေးစစ်ရာမှ အသည်း၌ အကျိတ်တွေ့၍ ဆက်လက်ကုသရကြောင်းကို ရှေ့လများ၌ ရေးသားခဲ့ဖူးပြီးဖြစ်သည်။ ဇန်နဝါရီလ၌တစ်ကြိမ်၊ ဖေဖော်ဝါရီလ၌ တစ်ကြိမ် ဆေးကုသခဲ့ပြီး ယခု သုံးလခြား၍ ပြန်ချိန်းသောကြောင့် တတိယအကြိမ်မြောက် အသည်းကို ဆေးဖျန်းကုသရန် ရောက်ရှိနေခြင်း ဖြစ်သည်။

တတိယအကြိမ် ဆေးကုသရန် (၅-၅-၂၀၁၅)ရက်နေ့ ဘန်ကောက်သို့ အရောက်လာခဲ့ရပြီး (၆-၅-၂၀၁၅)ရက်နေ့တွင် အသည်းအား M.R.I ဓာတ်မှန်ပြန်ရိုက်စစ်ဆေးရာ အသည်း၌ဖြစ်တည်နေသော အကျိတ်သည် ဖေဖော်ဝါရီလက ပထမအကြိမ် ဆေးဖျန်းကုသထားသော်လည်း အကျိတ်

www.burmeseclassic.com

www.burmeseclassic.com


ဝယ်ယာင်းတော်ဘုရားကြီး၏ ခြေဖုံးအတော်

နာ သေးသွားခြင်း မရှိသလို ဆက်သက်ကြီးထွားခြင်းလည်း မရှိ၍ ဒုတိယအကြိမ် ဆေးဖျန်းကုသရန် (၈-၅-၂၀၁၅)ရက်နေ့၌ ဆေးရုံတက်ခဲ့ရသည်။

ထိုနေ့၌ပင် အသည်းဆေးဖျန်းခြင်းကို မေ့ဆေးအသည်း အထူးကုဆရာဝန်ကြီးက ဆောင်ရွက်ကုသသွားသည်။ ထိုနေ့ တစ်ညလုံး ဆေးရုံ၌ နေရသည်။ တစ်ညလုံးလည်း အိပ်ရအောင် သွေးတိုင်းခြင်း၊ အပူချိန်တိုင်းခြင်း၊ ပေါင်ခြံရှိ ဆေးဖျန်းထိရာဒဏ်ရာသွင်းပြီး ကုသသည့် သွေးပြန်ကြောအား သွေးယိုခြင်းရှိ၊မရှိ အထပ်ထပ်အခါခါ လာရောက်စစ်ဆေးခြင်းများကြောင့် နှစ်နှစ်ခြိုက်ခြိုက် မအိပ်ရပေ။

(၉-၅-၂၀၁၅)ရက်နေ့ နံနက်(၁၁)နာရီ ဆေးရုံမှဆင်းပြီး တည်းခိုရာအခန်း၌ ပြန်နားရသည်။ စာရေးသူသည် (၁၁-၅-၂၀၁၅)ရက်နေ့ ပြန်ရန် ဆုံးဖြတ်ပြီး မပြန်မီ ယနေ့ (၁၀-၅-၂၀၁၅)ရက်နေ့၌ မရောက်ဖူးသေးသည့် Wat Pho ဘုရားကြီးအား သွားရောက်ဖူးမြော်ရန် ဆုံးဖြတ်ပြီး သွားဆက်ဖူးမြော်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် Wat Pho ဘုရားကြီးနှင့် သက်ဆိုင်သော ဤဆောင်းပါးကို ယနေ့ ညနှင့် ဆက်ဖြန် လေဆိပ်မဆင်းမီ အချိန်အတွင်း အပြီးရေးသားရန် ဆုံးဖြတ်ကာ ရေးသားရခြင်း ဖြစ်သည်။

ဤဆောင်းပါးသည် ဘန်ကောက်မြို့ရှိ တန်ခိုးကြီးဆုယောင်းဘုရားများနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန်အတွက် ဘုရားမြို့ရှိ ဘုရားနှစ်ဆူ (ဒုတိယအကြိမ် ဖေဖော်ဝါရီလ၌ ရောက်စဉ်က ရေးသားခဲ့သော) ဆောင်းပါးများ၏ ရှေ့၌ ဖော်ပြလိုက်ရခြင်းဖြစ်သည်။

◆◆◆

မြဘုရား၏ တောင်ဘက်ကပ်၌ ရှိသော Thai Wang Road လမ်းပေါ်ရှိ Wat Pho ဘုရားကြီးသို့ စာရေးသူတို့ မိသားစုငါးယောက်သည် တည်းခိုရာ Park Ploen Chit အဆောက်အအုံမှ အငှား Taxi ကားနှင့် ရောက်ရှိခဲ့သည်။ ဘန်ကောက်မြို့၏ နေပူရှိန်သည် အတော်ပင် ပူပြင်းလှသည်။ အဲယားကွန်းအငှားကား အတွင်းမှ Wat Pho ဘုရားမုခဉ်ဦးဝရှေ့၌ ဆင်းမိသောအခါ နံပြားဖုတ်သည့် ဖိုဝ၌ သွားရောက်ရပ်မိသလို ပြင်းလှသော ရာသီဥတု အပူဒဏ်ကို ခံစားရလေသည်။ ရန်ကုန်မြို့၌ ယခုနှစ် အပူရှိန်သည် အလွန်ပင်ပူလှသလို ဘန်ကောက်မြို့၏ အပူချိန်မှာ ရန်ကုန်အပူချိန်ထက် လျော့မည်မဟုတ်ကြောင်း ခံစားမိသည်။

ဘန်ကောက်မြို့၏ ထူးခြားချက်မှာ မီးမပျက်ခြင်းပင် ဖြစ်သည်။ ဆေးရုံကြီးအတွင်း၌ လေအေးစက် တပ်ဆင်ထား၍ အလွန်အေးလှသလို တည်းခိုရာအခန်းတွင်း၌လည်း လေအေးစက်ကြောင့် အပူဒဏ်မခံစားရပေ။ မြို့တွင်း ခရီး

ဝယ်ယာင်းတော်ဘုရား ခြေတော်ရာနှင့် တရေးသူတို့ ဆုတောင်းစ

www.burmeseclassic.com

www.burmeseclassic.com

သွားရာ၌ အဌားကားတိုင်း လေအေးစက်တပ်ဆင်ထား၍ ခရီးသည်တို့မှာ သက်သောင့်သက်သာ ခရီးသွားနိုင်လေသည်။ ရန်ကုန်မြို့ အဌားကားအများစုမှာ လေအေးစက်မဖွင့်ဘဲ မောင်းနှင်ကြ၍ ခရီးသည်တို့ မသက်မသာရှိလှသည်။ နေအိမ်များ၌ လေအေးစက်တပ်ဆင်ကြသူတို့မှာလည်း မီးမကြာခဏ ပျက်သောကြောင့် အအေးထက် ပူလောင်မှုကိုသာ ခံစားကြရခြင်းသည် ရန်ကုန်နှင့် ဘန်ကောက်မြို့တို့၏ ကွာခြားချက်ပင် ဖြစ်သည်။ ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးသုံးစွဲသော ဓာတ်ငွေ့သည် မြန်မာနိုင်ငံမှ ဝယ်ယူသော ဓာတ်ငွေ့ဖြင့် စက်ကြိုးများ လည်ပတ်ရခြင်း ဖြစ်သော်လည်း မီးပျက်ခြင်းမရှိဘဲ ဓာတ်ငွေ့အမြောက်အမြားထွက်ကာ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ ရောင်းချနိုင်သော မြန်မာနိုင်ငံ၌ မီးမကြာခဏ ပျက်ရခြင်းမှာ ဘာကြောင့်ဖြစ်ရသနည်းဟူသော မေးခွန်းကို မိမိကိုယ်တိုင်ထုတ်၍ မိမိကိုယ်တိုင် ပြန်ဖြေရသော် လွန်စွာခက်ခဲသောပုစ္ဆာတစ်ပုဒ်ကို ဖြေရသည့်အလား အဖြေရှာမရနိုင်သလိုပင် ဖြစ်နေမိတော့သည်။

◆◆◆

စာရေးသူတို့သည် Wat Pho (ဝပ်ပို) လျှောင်းတော်မူ မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတန်ဆောင်းကြီးရှိရာသို့ မုခ်ဝမှ ဝင်ရောက်ခဲ့သည်။ ဘန်ကောက်မြို့၏ ပူပြင်းသောနေရောင်ခြည်ကြောင့် မခံမရပ်နိုင်အောင်ပင် ပူလောင်အိုက်စပ်မှုကို ခံရသည်။ မုခ်ဝ (၁၆) ပေါက်ရှိသည့်အနက် နှစ်ပေါက်ကို ဘုရားဖူးများဝင်ရောက်ရန် ဖွင့်ပေးထားသည်။ ဘုရားဖူးများအတွက် အဝင်မုခ်ဦးနှစ်ခုမှာ အရှေ့ဘက်နှင့် တောင်ဘက်၌ ရှိသည်။ မုခ်ဦးဝင်ပေါက်ပုံစံများသည် ပုံစံတူများပင်ဖြစ်သည်။ မုခ်ဦးတိုင်း၌ အရုပ်များဖြင့်လည်းကောင်း၊ ရောင်စုံကြွေပြားများကပ်၍ ပုံဖော်ထားသည်မှာ အတော်ပင်ကြည့်ရှုကောင်းလှသည်။ မုခ်ဦးတိုင်း၌ တစ်ဖက်တစ်ချက်စီတွင် မြင့်မားလှသော ရုပ်တုကြီးများ ထုလုပ်ထားသည်ကို တွေ့ရသည်။ ရုပ်တုအများစုသည် တရုတ်စစ်သည်ပုံများ၊ တရုတ်နတ်ရုပ်ပုံများ ဖြစ်နေသည်ကို ကြည့်ခြင်းအား Wat Pho ဘုရားတည်ထားရာတွင် တရုတ်ယဉ်ကျေးမှု အလွန်ပင်လွှမ်းမိုးနေကြောင်း တွေ့ရသည်။ ဤရုပ်တုများ၏ ပုံစံတူများကို ထိုင်းဘုရင့်နန်းတော် ရှိ မြဘုရားအတွင်း၌လည်းကောင်း၊ ဝပ်အာရုံ Wat Arun



လျှောင်းတော်မူဘုရားကြီး၏ ဓနာက်ခံကျောရှိ အလှူခံသပိတ်များနှင့် လှူဒါန်းခန့သူများ

လျှောင်းတော်မူဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

Wat Pho ဘုရားဆောင်အတွင်းတွင်စီထောင်ထားတွေ့ရသော ရှင်တော်ပုရဏ်ဖွားတော်

ကြေးတော်အတွင်း၌လည်းကောင်း တွေ့မြင်ခဲ့ရသည်။

အယုဒ္ဓယမြို့ ပျက်သုဉ်းပြီးနောက် ဒုပူရီမြို့နှင့် ဘန်ကောက်မြို့ကို တည်ထောင်ခဲ့သော မင်းအစဉ်အဆက်မှာ ရတနာသုံးပါးကို လက်ခံခဲ့ကြောင်း တွေ့ရသည်။ အထူးသဖြင့် ဘန်ကောက်မြို့တော်သစ်ကို စတင်တည်ထောင်ခဲ့သော ချက္ကရီမင်းဆက်(Chakri Dynasty)ကို ထူထောင်သူ ဗုဒ္ဓရာမင်း (Rama I) King Phra Buddha Yod Fa the Great) က (၁၇၈၈)ခုနှစ်၌ Wat Pho လျောင်းတော်မူ ရှိတော်ဘုရားကြီးကို စတင်တည်ထား ကိုးကွယ်ခဲ့သည်။

ထိုမင်းလက်ထက်ကာလ၌ ထိုင်းနိုင်ငံအတွင်း တရုတ် ယဉ်ကျေးမှု ဗိသုကာအနုပညာများ လွှမ်းမိုးနေရာ ဘုရား ကျောင်းစေတီတော်များ၌ တရုတ်နတ်ရုပ်၊ ရှေးခေတ် တရုတ်စစ်သူကြီးနတ်ရုပ်၊ တရုတ်နဂါးရုပ်၊ တရုတ်ဘိုးတော် ရုပ်များကို အမြောက်အမြားတွေ့ရသည်။

Wat Pho ဘုရားအဝင်မုခ်ဦး၌ သစ်သားတံခါးရွက်ကြီးများကိုလည်း လက်ရာမြောက်စွာ တွေ့ရသည်။ ပရိဝုဏ် အတွင်းရှိ အာရုံခံတန်ဆောင်းများ၊ ဂန္ဓကုဋီတိုက်များ၌ လည်း ကြီးမားမြင့်မားသော သစ်သားတံခါးရွက်ကြီးများကို

လျောင်းတော်မူဘုရားကြီး စံကျောင်းတော်အနီးရှိ သာယာလှပသော ရေတံခွန်ရေအိုင်နှင့် ဥယျာဉ်များ

အာရုံခံတန်ဆောင်းအတွင်းရှိ ရှင်ဖွားတော်များ

www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင်ထားသော သစ်သားတံခါးရွက်တို့လောက် မကြီးကြောင်းလည်း သတိထားမိသည်။ Wat Pho ဘုရား၏ တံခါးရွက်တို့၏ သက်တမ်းသည် နှစ်ပေါင်းနှစ်ရာကျော်သာဖြစ်ပြီး ပုဂံအာနန္ဒာဘုရား၌ ကျန်စစ်သားမင်းကြီး၏ကောင်းမှုတော် သစ်သားတံခါးရွက်တို့မှာ နှစ်ပေါင်းတစ်ထောင်နီးပါး ကြာမြင့်ခဲ့ပြီးဖြစ်၍ မြန်မာတို့၏ဗိသုကာပညာရပ်ကို စာရေးသူ ဂုဏ်ယူနေမိသည်။

မုခ်ဝမှ ဝင်ရောက်ပြီးနောက် ဘုရားဝင်ရောက်ဖူးမြော်ရန်အတွက် အကောင်းပကတိအတိုင်း တွေ့ရသည်။ တချို့သော တံခါးရွက်တို့သာ နိုင်ခံမှုလျော့နည်းလာ၍လောမသိ စတီးပြား၊ ကြေးပြားတို့နှင့် အထိန်းအကွပ်ထားသည်ကို တွေ့ရသည်။ Wat Pho ဘုရား၌ တွေ့ရသော တံခါးရွက်ကြီးတို့သည် မြန်မာနိုင်ငံ ပုဂံ၌ရှိသော အာနန္ဒာဘုရား အဝင်မုခ်ဦးတို့၌ ဝင်ကြေးလက်မှတ် ဝယ်ယူရသည်။ တစ်ဦးလျှင် ဘတ်(၁၀၀)စီနှင့် ငါးယောက်စာ ဘတ်(၅၀၀)ပေး၍ လက်မှတ် ငါးစောင် ဝယ်ယူပြီးနောက် ဘုရားအတွင်း ဝင်ရောက်ခဲ့သည်။ အတွင်းသို့ စတင်ဝင်ရောက်ပြီး မကြာမီ တန်ဆောင်းကြီးတစ်ခုအား စတင်တွေ့ရှိ၍ ထိုတန်ဆောင်း

အာနန္ဒာတန်ဝဆောင်းအတွင်းရှိ
ထရာဝေါဒကြီးဘုရား၏ ရှမ်ဘုရားတော်

Wat Pho ဘုရားတိုက်၏ ထရာဝေါဒကြီးဘုရား

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဝင်ရောက်ခဲ့ရာ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်
ကြီးနှင့် ထိုင်တော်မူရုပ်ပွားတော်များကို ဖူးမြော်ရသည်။
မိသားစု. တန်ဆောင်းအတွင်းဝင်ရောက်ပြီး ပူဇော်ကန်
တော့ခဲ့သည်။ ထိုတန်ဆောင်းအတွင်း၌ပင် ဆရာတော်ကြီး
တပါး၏ ကြေးရုပ်တုနှစ်ခုကိုလည်း ဖူးမြော်ရသည်။ ကမ္ဘည်း
စာတန်းကို ထိုင်းဘာသာစာနှင့် ရေးထိုးထား၍ စာရေးသူ
အနေနှင့် အခက်တွေ့ရသည်။ စာရေးသူ တွေးမိသော
အတွေးဖြင့် စဉ်းစားကြည့်ရာ ယခု လျောင်းတော်မူဘုရား
ကြီး ကိန်းဝပ်စံပယ်တော်မူရာဌာနသည် ဘုန်းကြီးကျောင်း
အတွင်း၌ရှိရာ ထိုကျောင်းတိုက်၏ မူလဆရာတော်ကြီးများ
စုရုပ်တု ဖြစ်နိုင်သည်ဟုသာ မှတ်ချက်ချမိသည်။ ဆရာ
တော်ကြီးတစ်ပါး၏ ဓာတ်ပုံကိုလည်း ဖူးမြော်ရသည်။ လက်
ရှိကျောင်းတိုက်၏ ဆရာတော်ကြီး၏ပုံဟု မှတ်ယူမိသည်။
ဆည်သည့်ကမ္ဘည်းစာတန်းမှ ရေးထိုးထားခြင်းမရှိ၍ ဤသို့
ခန့်မှန်းပြုရခြင်းဖြစ်သည်။ ထိုတန်ဆောင်းအတွင်း၌ပင်
ကြွေအိုးကြီးတစ်လုံးကိုလည်း တွေ့ရသည်။ တန်ဆောင်း
ကြီးတစ်ဖက်၌ လျောင်းတော်မူရုပ်ပွားတော်တစ်ဆူနှင့်
ရုပ်ပွားတော်အဆူဆူကို ရပ်တော်မူ၊ ထိုင်တော်မူ မုဒြာ

Wat Pho ဧလျောင်းတော်မူဘုရားကြီးအတွင်းရှိ
ဝတ်ဝတ်ဆုံးရေ

ပာန်အမျိုးမျိုးနှင့်လည်း ဖူးမြော်ရသည်။ ဖယောင်းတိုင်ဆီမီး၊
အမွှေးတိုင်တို့ဖြင့် ပူဇော်ကန်တော့နေကြသူ အများအပြားကို
တွေ့ရသည်။ စာရေးသူတို့ မိသားစုလည်း အမွှေးတိုင်၊
ဖယောင်းတိုင်တို့ဖြင့် ပူဇော်ကြသည်။

ထိုတန်ဆောင်းကြီး၏ပြင်ပ၌ တောင်ဘေးကိုင်ထားသော
မုတ်ဆိတ်မွေးရှည်ရှည်နှင့် တရုတ်နတ်ရုပ်ငယ် တစ်ခုနှင့်
တရုတ်နတ်ရုပ်ကြီး နှစ်ရုပ်တို့ကိုလည်း တွေ့ရသည်။ တရုတ်
နတ်ရုပ်ကြီး နှစ်ရုပ်၏အလယ်၌ ဘုရားဝင်းအတွင်း ဝင်
ရောက်ရာ မုခ်ပေါက်ကို ခမ်းခမ်းနားနား တွေ့ရသည်။
အဝင်မုခ်ဦးတည့်တည့်၌ ခေါင်းလောင်းစင်မြင့် ပြာသာဒ်
ဆောင်ကို တွေ့ရသည်။ လှေကားဆယ်ထစ်ကျော်ဖြင့် တက်
ရောက်ရသော စင်မြင့်ဖြစ်ပြီး အမြင်ဆန်းကြယ်စွာ တည်
ဆောက်ထားသည်။ စာရေးသူတို့ ဝင်ရောက်လာပြီးနောက်
လျောင်းတော်မူမြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓ
ကုဋိစံကျောင်းတော်သို့မရောက်မီ ကျောင်းဝင်းအတွင်း၌
မြင့်မားလှစွာ တည်ဆောက်ထားသော တန်ဆောင်းပြာသာဒ်
များစွာကိုလည်း ကြီးမားမြင့်မားစွာ တွေ့ရသလို ဘုရား
မြင့်မားစွာ တည်ထားသော စေတီတော်အဆူဆူကိုလည်း



အာရုံခံတန်ဆောင်းအတွင်းရှိ ဖောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

Wat Pho ဘုရားတွင်းရှိ စေတီတော်ဝန်းဆူ

တရားဦးမွေစုကြွေ ဗောဓိတော်မူရာ ဘုရားရှေ့ရှိ ဂူရုပ်ပွားဆင်းတူများ

သမ္မာယ်စွာ ဖူးတွေ့ရသည်။

လွန်စွာကျယ်ပြန့်လှသော ကျောင်းတော်ရင်ပြင်ကို ဖြတ်ကျော်ပြီးနောက် လူများ စည်ကားလှစွာဖြင့် လျောင်းတော်မူမြတ်စွာဘုရား Wat Pho ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်ကြီးအား မြင်တွေ့ရတော့သည်။ ကျောင်းတော်ကြီး၏ မျက်နှာစာရင်ပြင်တော်၌ စိမ်းလန်းစိုပြည်စွာ နိုက်ပျိုးထားသော သစ်ပင်ငယ်များကို တွေ့ရသည်။ ထို သစ်ပင်များအနီး၌ တသွင်သွင်စီးကျနေသော ရေတံခွန်ငယ် တစ်ခုနှင့် ရေကန်ငယ်လေးကို မြင်တွေ့ရသည်။ ပူပြင်းလှသော မေလဆန်း ဘန်ကောက်မြို့၏ နေပူရှိန်အောက်မှ ဖြတ်သန်းလာရသော စာရေးသူတို့ မိသားစုသည် ရေကန်ငယ်လေး၏ ကန်ပေါင်၌ ဝင်ရောက်ထိုင်ကြပြီး Wat Pho ဘုရားဂေါပကအဖွဲ့မှ ပေးဝေသော ရေခဲစိမ်ရေသန့်ဘူးကို ဖွင့်၍ သောက်ကြရင်း အပူဒဏ်ကို ကာကွယ်ကြရသည်။ ရေကန်အတွင်း၌ ရွှေငါးများ၏ ကူးခပ်သွားလာမှုကိုကြည့်ရင်း အမောဖြေကြရသည်။ ရေကန်ငယ်၏ နောက်ခံတောင်ကုန်းနှင့် ရေကန်အလယ်၌ ပေါက်နေသော သစ်ပင်ကြီးငယ်တို့ အပေါ်၌ စိုက်ပျိုးထားသော ဒန်တိုဗီယာ သစ်ခွရောင်စုံပန်းတို့ကလည်း ဘုရားဖူးအပေါင်းတို့၏ မျက်စိအာရုံကို သာယာစေသည်။

စာရေးသူတို့ မိသားစုသည် အတန်ငယ်အမောဖြေပြီးနောက် လျောင်းတော်မူမြတ်စွာဘုရား (Wat Pho) ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်ရှိရာသို့ လျှောက်လှမ်းခဲ့သည်။ စံကျောင်းတော်ကြီး၌ ဝင်ပေါက်မုခ်ဦး သုံးပေါက်ရှိသည့်အနက် စံကျောင်းတော်ကြီး၏ လက်ဝဲဘက်ရှိ မုခ်ဦးပေါက်သည် ဝင်ပေါက်ဖြစ်ပြီး လက်ယာဘက်ပေါက်သည် ထွက်ပေါက်အဖြစ် သတ်မှတ်ထားသည်။ အဝင်အဝ၌ ဖိနပ်ထည့် ပလတ်စတစ်အိတ်အမည်းများ ဝေငှသလို ဘောင်းဘီတို၊ စကတ်တို ဝတ်လာသည့် ဘုရားဖူးအမျိုးသမီးများအတွက် ခါးတွင်ပတ်ဝတ်ရသော ပိတ်စများ ဝေငှဝတ်ဆင်စေသည်။ အဝင်မုခ်ပေါက်မှ ဝင်လျှင်ဝင်ချင်း လျောင်းတော်မူရုပ်ပွားတော်ကြီး၏ ဦးခေါင်းတော် မကိတော်အား စက္ခုဖူးမြော်ရသည်။

လျောင်းတော်မူရုပ်ပွားတော်ကြီးသည် ဘုရားတော်

www.burmeseclassic.com

www.burmeseclassic.com

တရားဦးဗဟာရာ ဘုရားရုပ်ပွားတော်ရှေ့၌ ကြေးဆင်ရုပ်နှင့် ဆင်ခွပ်ပေါ်ရှိ ထုးဆန်းဓာတ်တော်

အတော်မြင့်မားရှည်လျားလှကြောင်း တွေ့မြင်ရလေသည်။ လျောင်းတော်မူတော်မူရာရုပ်ပွားတော်ကြီးသည် အမြင့် ဘဆယ်တော်(၁၅)မီတာမြင့်ပြီး ဘဏ်တော်အရှည်မှာ (၄၆)မီတာရှည်ကြောင်း သိရသည်။ ရန်ကုန်မြို့ ခြောက်ထပ်ကြီး လျောင်းတော်မူတော်မူရားလောက် ဘဏ်တော်မြင့်သလို ရှေ့ရှေ့ရှေသာလျောင်း လျောင်းတော်မူတော်မူရားလောက်လည်း ဘဏ်တော်မြင့်မားကြောင်း သတိထားမိသည်။ ဤသော် Wat Pho လျောင်းတော်မူရုပ်ပွားတော်မြတ်မှာ အတော်ပင် ဘဏ်တော်မြင့်မားလှကြောင်း ဖူးတွေ့ရသည်။

Wat Pho လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီး၏ နှာခေါင်းတော်မှာ လွန်စွာသပွာယ်လှသည်။ နားရွက်တော်၊ နားလုံးတော်၊ နှာခေါင်းတော်နှင့် ပါးစပ်တော်တို့မှာ မြတ်စွာဘုရားရှင်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံစွာသပွာယ်လှစွာ ဖူးတွေ့ရသည်။ မြတ်စွာဘုရားရှင် ဦးခေါင်းတော်တင်၍ အုံးထားသော ခေါင်းအုံးတော်မှာလည်း ယိုးဒယားပန်းခက်တို့နှင့် အမြင်ဆန်းလှသည်။ လျောင်းတော်မူမြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋီစံကျောင်းတော်မှာ

Phra Buddha Chinnaraj ပမ္မစကြာဗဟာဟန် ရုပ်ပွားအတော်မြတ် ကိန်းဝပ်ရာ စံကျောင်းအတော်

တရားဦးပမ္မစကြာ ဗဟာဘော်ရုပ်ပွားရာ ဘုရားအရှေ့၌ ဓါတ်ပုံအာမာစံတင်ရ

www.burmeseclassic.com

www.burmeseclassic.com

ကျဉ်းလှသောကြောင့် ဓာတ်ပုံမှတ်တမ်းရိုက်ယူရာ၌ အခက်အခဲတွေ့ရသည်။ မြန်မာနိုင်ငံ ပုဂံ မနုဟာမင်းကြီး၏ ကောင်းမှုတော် မနုဟာဘုရားကြီး၏အနောက်ဘက် ဂန္ဓကုဋိတိုက်၌ စံပယ်တော်မူသော မြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ပုံ လျောင်းတော်မူမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်စံပယ်ရာ ဂန္ဓကုဋိတိုက်နှင့်စာလျှင် Wat Pho လျောင်းတော်မူမြတ်စွာဘုရားရှင်၏ စံကျောင်းတော်က အတော် အသင့်ကျယ်၍ တော်သေး၏ဟု မှတ်ချက်ချမိသည်။

Wat Pho လျောင်းတော်မူရုပ်ပွားတော်ကြီးသည် ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ထား၍ ကြည်ညိုဖွယ် အသွင်ဆောင်နေသည်။ ရုပ်ပွားတော်ကြီး၏ရှေ့၌ လျောင်းတော်မူရုပ်ပွားတော်ကြီး၏ ပုံစံတူ လျောင်းတော်မူရုပ်ပွားတော်ငယ်တစ်ဆူနှင့် ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးတွေ့ရသည်။ လျောင်းတော်မူပုံစံတူ ရုပ်ပွားတော်မြတ်ငယ်၌ ရွှေပြားသင်္ကန်းများ ဆက်ကပ်လှူဒါန်းထားသည်ကို တွေ့ရသည်။ လျောင်းတော်မူရုပ်ပွားတော်ကြီး၏ ခြေတော်အစုံသည် ညာဘက်ခြေဖဝါးထက်၌ ဘယ်

Phra Buddha Palilai မြတ်စွာဘုရားစံဝင်ရာအဆောင်
ဝင်းနန်းလှဝေဘာမုခ်စံဝ

ဂန္ဓကုဋိမြတ်စွာဘုရားရှင်အား ဆင်နှင့်မျောက်တို့
လှူဖွယ်များ လှူဒါန်းနေစဉ်

ဘက်ခြေဖဝါးကိုထပ်ကာ စံပယ်နေဟန်ပုံ ထုလုပ်ထားသည်။ ခြေချောင်းတော်များမှာ မြတ်စွာဘုရားရှင်၏ ကိုယ်အင်္ဂါတော်လက္ခဏာနှင့်အညီ အတို,အရှည် မရှိဘဲ ညီညာညာ ထုလုပ်ထားသည်ကို ဖူးတွေ့ရသည်။ ထိုင်းရှိ တခြားဘုရားရုပ်ပွားတော်များ၏ လက်ချောင်းတော်များမှာ ဘုရားရှင်၏ ကိုယ်အင်္ဂါလက္ခဏာနှင့် မညီဘဲ အတို,အရှည် ထုလုပ် သွန်းလုပ်ကိုးကွယ်ထားကြောင်းလည်း တွေ့ရသည်။

Wat Pho လျောင်းတော်မူမြတ်စွာဘုရားရှင်၏ ခြေဖဝါးတော်နှစ်စုံ၌ စက်လက္ခဏာကွက်များဖြင့် ပုံဖော်ထားသည်။ မြန်မာနိုင်ငံ ခြောက်ထပ်ကြီးဘုရား၊ ပဲခူး ရွှေသာလျောင်းဘုရား စက်တော်ရာ၌ မြတ်စွာဘုရားရှင်၏ ဘာသာအစဉ်အဆက် ဖြစ်တော်မူသော ဘဝတို့ကို စက်လက္ခဏာကွက်များ၌ ဖော်ပြထားသလို Wat Pho လျောင်းတော်ရုပ်ပွားတော်မြတ်ကြီး၌လည်း ဖော်ပြထားကြောင်း တွေ့ရသည်။ သို့သော်လည်း မြန်မာလျောင်းတော်မူများ၏ ဘာသာဖြစ်တော်စဉ် ဖော်ပြမူလောက် ပြည့်ပြည့်စုံစုံမဟုတ်ဘဲ တခြားသော ယန်းတောင်ပုံ၊ အုတ်ပုံ၊ အလံပုံ၊ ရတနာကားရုံး

www.burmeseclassic.com

www.burmeseclassic.com

Phra Buddha Palilai ဆင်နှင့်ဓမ္မောက်တို့
လျှုဖွယ်လျှုဒါန်းခန့်ဟန် ဗုဒ္ဓရုပ်ပွားတော်

Phra Buddha Palilai ရုပ်ပွားတော်ရုပ်
ကြည်ညိုဖွယ် ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ

ရာမင်းပုံ၊ ဟာနုမာန်မျောက်မင်းပုံ စသည်တို့ကိုလည်း တွေ့ရသည်။ ခြေချောင်းတော်၌ မွေးသုံးခုစီကို အထင်အရှား တွေ့ရသည်။ လျောင်းတော်မူရုပ်ပွားတော်ကြီးသည် လွန်စွာသပ္ပာယ်တော်မူပြီး ခြေတော်ရင်းမှ မျက်နှာတော်အထိ ဉာဏ်တော်ရည်လျားလှ၍ မျက်နှာတော်ကို ထင်ထင်ရှားရှား မဖူးမြင်နိုင်ခဲ့ပေ။

ရုပ်ပွားတော်မြတ်ကြီး၏ ကျောဘက်၌လည်း ရွှေအပြည့် ချထား၍ ဝင်းပြောင်ပြီး သပ်ရပ်လှသည်။ စာရေးသူသည် ရှေ့ဘက်မှလည်းကောင်း၊ အနောက်ကျောဘက်လည်းကောင်း ဓာတ်ပုံမှတ်တမ်းကို အပိုင်းပိုင်း ရိုက်ကူးခဲ့ရသည်။ ဦးခေါင်းတော်(မဏိတော်)၌လည်း ရွှေရောင်ဖြင့် ဆံတော်များကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ရုပ်ပွားတော်မြတ်ကြီး၏ ခေါင်းအုံးတော်ကို အနောက်ဘက်မှ ဖူးမြော်ရသောအခါ၌ ခေါင်းအုံးတော်နှစ်ဆင့်ထားရှိကြောင်းလည်း တွေ့ရသည်။ ဦးခေါင်းတော်အား မြတ်စွာဘုရားရှင်၏ သက်ဖဝါးတော်ဖြင့် ပင့်ထားသောပုံ၌ မြတ်စွာဘုရားရှင်၏ သက်ရောင်းတော်များသည် မြတ်ဘုရားရှင်တို့၏ အင်္ဂါတော် မြတ်နှင့်အညီ လက်သန်းတော်မှလွဲ၍ ကျန်လက်ချောင်းလေးချောင်းမှာ တညီတညီး(အရှည်,အတိုမရှိ) ဖြစ်နေသည်ကိုလည်း ဖူးတွေ့ရသည်။

Wat Pho လျောင်းတော်မူမြတ်စွာဘုရားရှင်၏ နောက်ကျောတော်ဘက်၌ သပိတ်များတန်းစီ၍ နံရံ၌ ကပ်လျက်ထားရှိရာ ဘုရားဖူးအလှူရှင်များသည် အကြွေစေ့များကို လဲပေးရာဌာနမှ အကြွေစေ့များ လဲယူကာ သပိတ်တစ်လုံးချင်းအလိုက် ထည့်ဝင်လှူဒါန်းကြသည်မှာ စတီးသပိတ်အသံတို့ဖြင့် တချွင်ချွင်မြည်ဟည်းနေသည်မှာ သာယာလှပေသည်။ တချို့ဘုရားဖူးများက သပိတ်ရိုသလောက် လှူဒါန်းကြပြီး တချို့က ခွက်နှင့် ယူဆောင်လာသလောက်သာ လှူဒါန်းကြလေသည်။ ထိုင်းနိုင်ငံ၌ ယနေ့တိုင် တစ်ဘတ်၊ နှစ်ဘတ်၊ ငါးဘတ်၊ တစ်ဆယ်ဘတ်အထိ အကြွေစေ့များသုံးစွဲနေ၍ အကြွေစေ့ မရှားပါးသောကြောင့် လှူဒါန်းနိုင်ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံ၌ကား ငွေကြေးဖောင်းပွမှု မြင့်မားလွန်း၍ ငါးပြား၊ ဆယ်ပြား၊ နှစ်ဆယ့်ငါးပြား၊ ငါးဆယ်၊ တစ်ကျပ်တန် အကြွေစေ့တို့ မသုံးစွဲကြတော့၍

www.burmeseclassic.com

www.burmeseclassic.com



Buddha Palilai စံကျောင်းအတွင်းရှိ
ထိုင်းရွှေဟောင်းခွဲစု

ဧစာင်းတန်းအဆွယ်ရှိထိုင်တော်ပုရပ်ပွားတော်များအနက်
လက်ရာမြောက်လှသော ပလ္လင်တော်နှင့်
ဗုဒ္ဓရုပ်ပွားတော်အား ကြည်ညိုဖွယ်ရာပြောင်ရွှေစဉ်

ပျောက်ကွယ်ခဲ့လေပြီ။ တစ်ကျပ်တန်၊ ငါးကျပ်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန် ငွေစက္ကူများပင် မသုံးကြတော့၍ ပျောက်ကွယ်ခဲ့လေပြီ။ နောင်မကြာမီ ငါးဆယ်တန်၊ တစ်ရာတန် ငွေစက္ကူများပင် ပျောက်ကွယ်တော့မည်လားမသိ။ ငွေကြေးဖောင်းပွမှုက ရပ်တန့်ခြင်းမရှိ၍ ငွေကြေးတန်ဖိုး တဖြည်းဖြည်းကျနေခြင်းဒဏ် ခံနေရလေသည်။ အိန္ဒိယနိုင်ငံ၌လည်း အကြွေစေ့သုံးစွဲလျက်ရှိသေးကြောင်း တွေ့ရ၍ မြန်မာနိုင်ငံ၏စီးပွားရေး အခြေအနေကိုတွေးရင်း ရင်လေးမိပေသည်။

စာရေးသူတို့ မိသားစုသည် Wat Pho လျောင်းတော်မူ မြတ်စွာဘုရားကြီး၏ ဂန္ဓကုဋိတိုက်မှ မထွက်ခွာမီ ဦးချကန်တော့ကြပြီး လိုရာဆုတောင်းမိကြသည်။ စာရေးသူ အနေနှင့်ကား အသည်းစေ့နာ ပျောက်ကင်းရန်နှင့် ဝိပဿနာဉာဏ်အမြင် အမြန်ရစေရန်ဟူသောဆုကိုသာ တောင်းမိပေတော့သည်။

♦ ♦ ♦

စာရေးသူတို့သည် အေးချမ်းလှသော၊ ဆိတ်ငြိမ်လှသော Wat Pho လျောင်းတော်မူ စံကျောင်းတော်ကြီးအတွင်းမှ ပူပြင်းဆူညံလှသော အပြင်ရင်ပြင်တော်သို့ အထွက်မှာဝမှ ထွက်ခွာခဲ့ကြသည်။ သစ်ပင်ရိပ်များရှိရာ ရေတံခွန်ငယ်အနီးသို့ သွားရောက်ပြီး တည်ခိုရာသို့ပြန်ရန် ခေတ္တနားနေကြသည်။ စာရေးသူ၏နေး ဒေါက်တာညွှန့်ညွှန့်ရီမှာ မြန်မာထဘီ ဝတ်ဆင်လာသောကြောင့် မြန်မာမှန်း သိသာသည်။ စာရေးသူနှင့် သားဖြစ်သူ ဝေမျိုးသက်မှာ ဘောင်းဘီဝတ်ဆင်ထား၍ တော်ရုံဖြင့် မြန်မာဟု မထင်မှတ်ကြ။ သမီးချွေးမ နန်းအွန်ခမ်းကား ဘောင်းဘီပွအရှည်၊ သမီးငယ် ခင်မျိုးသက်က ဘောင်းဘီရှည် ဝတ်ထား၍ မြန်မာဟုမသိနိုင်။ စာရေးသူတို့အနီး၌ထိုင်နေသည့် အသက်သုံးဆယ်ခန့် အရွယ် အမျိုးသမီးငယ် နှစ်ဦးကလည်း ဘောင်းဘီရှည် ဝတ်ဆင်ထား၍ ထိုင်းအမျိုးသမီးများဟု မှတ်ထင်ကာ စကားမပြောမိ။

ခဏကြာ ထိုင်မိသောအခါ အမျိုးသမီးနှစ်ဦးက စာရေးသူ၏ ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီကို-

"ဒေါ်ဒေါ်တို့က မြန်မာပြည်ကလား။ Wat Pho ဘုရားကြီးဖူးပြီးပြီနဲ့တူတယ်"

"ဟုတ်တယ်၊ အဒေါ်တို့က မြန်မာတွေပါ။ ဝင်ဖို့ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ဆိုးတာပါ။ ဘုရားဖူးပြီးလို့ ပြန်မလို့ ခဏနားနေတာ။ သမီးတို့ကလည်း မြန်မာပြည်ကပဲလား"

"ဟုတ်ပါတယ်၊ မြန်မာပြည်ကပါ။ ဒီမှာ အလုပ်လာလုပ်နေတာပါ။ ဒီနေ့ အလုပ်နားလို့ ဘုရားလာဖူးတာပါ"

စာရေးသူအနေနဲ့ သူငယ်မနှစ်ဦးကို သေချာကြည့်လိုက်သည်။ အသားဖြူဖြူနှင့်ဖြစ်၍ ထိုင်းဟုထင်စရာရှိသော်လည်း ကိုယ့်မြန်မာပြည်ကဖြစ်၍ ဝမ်းသာစွာနှင့် -

"သမီးတို့က ဘယ်မြို့ကလဲ"

"ဘားအံကပါ၊ ကရင်လူမျိုးပါ။ ဒီမှာ အလုပ်လာလုပ်တာပါ။ သုံးနှစ်ကျော်လောက် ရှိပါပြီ။ ဘန်ကောက်မှာ မြန်မာပြည်က အတော်များများ ရောက်နေကြပါတယ်"

ထိုအမျိုးသမီးနှစ်ဦး ပြောစကားကြားမှ စာရေးသူ သတိပြုမိသည်။ အထူးသဖြင့် စားသောက်ဆိုင်များ၌လည်း ဆောင်း။ တရုတ်တန်းစတိုးဆိုင်များ၌လည်းကောင်း မြန်မာဘုရင်များကို အတော်များများ တွေ့ရသည်။ ပတ္တရားလိုမြို့၌ အုန်းရည်ဝယ်သောက်စဉ်က အုန်းသီးရောင်းသူ လူငယ်လေးမှာ မြန်မာတွေဖြစ်ကြောင်း သိခဲ့ရသည်။ မြန်မာလူမျိုး အတော်များများသည် တစ်လ နှစ်သိန်းကျော် သုံးသိန်း ဝင်ငွေရသည့်အတွက် ထိုင်းနိုင်ငံအနှံ့၌ အပင်ပန်းအဆင်းရဲခံ အောက်ကျခံ၊ သူများမလုပ်ချင်သောအလုပ်ကို လုပ်၍ လာရောက်အသက်မွေးဝမ်းကျောင်းပြုနေရရှာသည်ကို တွေးကြည့်ရင်း ရင်နာမိသည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော ဟိုလူလည်း မျက်နှာချိုသွေးရ၊ ဒီလူလည်း မျက်နှာချိုသွေးရနဲ့ ဟိုနိုင်ငံဖြစ်မှန်းမသိ ဖြစ်နေရသည်ကို တွေးရင်း စိတ်မကောင်းဖြစ်မိသည်။ ဤသို့ဖြစ်ခဲ့ရခြင်းသည် မည်သူ့ကြောင့်နည်းဟူ၍ကား စာရေးသူ တရားခံ မရှာလို။ ပြုလုပ်သူ တရားခံတို့သာ သိကြပေမည်။ အကယ်၍သာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပုံမှန်တိုးတက်ခဲ့သော် (သို့မဟုတ်) စစ်အာဏာသိမ်း၍ မြန်မာဆိုရှယ်လစ်လမ်းစဉ်စနစ် မထူထောင်ခဲ့သော် မြန်မာနိုင်ငံသည် သယ်ဇာတပေါကြွယ်ဝမှု၊ လူအရင်းအမြစ်လုပ်အား ပြည့်စုံမှုကြောင့် အရှေ့တောင်အာရှ၌သာမက အာရှတိုက်၌ပင် အချမ်းသာအကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာပေမည်။ ထိုအခါ မြန်မာနိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေ

Buddha Palilai စံယဇတော်မှရာ စံကျောင်းတော်ကြီး

Buddha Palilai ဘုရားရှင်မွေးဖွားတော်မူရှိ
တရုတ်ဘုံကျောင်းပုံ

www.burmeseclassic.com

www.burmeseclassic.com

Phra Buddha Theva Patimakorn ဗုဒ္ဓရုပ်မှားတော်အား
အနီးကပ်ဖူးမြော်ရစဉ်

Buddha Theva Patimakorn ရုပ်မှားတော်အား
အနီးကပ်ဖူးမြော်ရစဉ်

သည် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူ နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေထက် မလျော့နည်းနိုင်ကြောင်းနှင့် ထိုအခြေအနေမျိုးရှိ မြန်မာနိုင်ငံသားတို့သည် ထိုင်း၊ မလေးရှားနိုင်ငံတို့ရှိ ကျန်ခဲ့၍၊ အနစ်နာခံ၍၊ အောက်ကျအောက်ကျခံ၍ လုပ်ကိုင်စားသောက်စရာ မလိုကြောင်း တွေးရင်း စာရေးသူစိတ်သဏ္ဌာန်၌ အကုသိုလ်တရား ပွားများနေမိပြီး ဘယ်သူ့ကို မေတ္တာပို့ ကျိန်ဆဲရမည်ကို မှန်းဆရင်း တွေဝေနေမိပေတော့သည်။

စာရေးသူသည် မြန်မာအမျိုးသမီးငယ်နှစ်ဦးကိုကြည့်၍ အဆုံးအစံမရှိ စိတ်ပျံ့လွင့်နေစဉ်-

"ဦးလေးတို့၊ ဟိုဘက်ကျောင်းဝင်းထဲ ရောက်ပြီးပြီလား။ အဲဒီမှာ ထိုင်တော်မူဘုရားကြီးတွေ ရှိသေးတယ်။ သွားဖူးကြပါလား" ဟူသော စကားကြောင့် စိတ်နှင့်ကိုယ် ပြန်ကပ်မိသည်။

"ကျေးဇူးပဲ သမီးတို့၊ ဦးတို့က လျောင်းတော်မူဘုရား ဖူးပြီးရင် ပြန်တော့မလို့။ ကျန်ဘုရားတွေရှိမှန်းသိလို့ အခုပဲ သွားဖူးကြမယ်"

မြန်မာပြည်က သမီးငယ်နှစ်ယောက်ကို နွှတ်ဆက်၍ "Wat Phra

Phra Buddha Theva Patimakorn ရုပ်မှားတော်စံခဲ့တော်ရာဘုရား

www.burmeseclassic.com

www.burmeseclassic.com

Buddha Theva Patimakorn စံကျောင်းတော်ဝင်ရှိ
စေတီတော်တစ်လုံး

ကျောင်းတော်မူဘုရား စံကျောင်းတော်ရှေ့ရှိ ကြီးမားသော ကန်ဆောင်းကြီးများ၊ ဥဇၨာတော်မြင့်မားစွာ တည်ထားသော စေတီတော်များရှိရာသို့ မိသားစု ထွက်ခွာလာခဲ့သည်။

♦ ♦ ♦

ဥဇၨာတော်မြင့်မားလှသည့် စေတီတော်လေးဆူသည် ကျောက်ဆူထ တစ်တန်းတည်းထားပြီး တစ်ဆူက သုံးဆူ၏ရှေ့ အယဉ်၌ တည်ထားသည်။ ကာရန်ထားသော တံတိုင်းမှာ အုတ်ရောင်တံတိုင်းဖြစ်ပြီး ထိုင်းတရုတ်(Thai Chinese ခေတ်)စတိုင် အဝင်ဂိတ်မုခ်ကို ရောင်စုံစဉ့် (သို့မဟုတ်) ကြွေသုတ်ဖြင့် လှပစွာတည်ထားသည်။ ထိုအဖြူရောင် ဘုရားစတိုင်(ဟန်) တည်ဆောက်ထားသော တံတိုင်း အတွင်းမှာ ချက္ကရီမင်းဆက်၏ အထင်ရှားဆုံးဘုရင် မောင်းကွပ်(King Mongkut) ဖြစ်သည်။

စေတီလေးဆူသည် အစိမ်း၊ အဖြူ၊ အဝါ၊ အပြာရင့် ဆေးကြိုဖြင့် မှန်စီ၍လည်းကောင်း၊ ကြွေပြား(စဉ့်ပြား)ကပ်၍လည်း တည်ထားကြောင်း တွေ့ရသည်။ စေတီတော်လေး ဆူစလုံးက စေတီတော်တစ်ဆူချင်းမှာ (၄၂)မီတာဥဇၨာတော် မြင့်ကြောင်း တွေ့ရသည်။ စေတီတော်လေးဆူအနက် အစိမ်း ရောင်စေတီတော်မှာ ပထမမြောက်ရာမမင်း Phra Maha Chedi Srisanpethchadayan တည်ထားသော စေတီဖြစ်သည်။ ဒုတိယ အဖြူရောင်စေတီတော်၊ တတိယအဝါရောင် စေတီတော်၊ နက်ပြာရောင် စေတီတော်သုံးဆူသည် ဒုတိယမြောက် ရာမမင်း၊ တတိယမြောက် ရာမမင်းနှင့် စတုတ္ထမြောက် ရာမမင်းတို့ တည်ထားခဲ့ခြင်း ဖြစ်သည်။

စေတီတော်လေးဆူနှင့် ကပ်လျက်၌ Phra Mondob အမည်ရှိ မျက်နှာစာလေးဖက်နှင့် ခမ်းနားလှသောအဆောက် အအုံတစ်ခုကို တွေ့ရသည်။ တတိယမြောက် ရာမမင်း (၁၈၅၁-၁၈၆၈)လက်ထက်က တည်ဆောက်ခဲ့သည်။

အဆောက်အအုံထိပ် သရဖူအထွတ်တွင် မှန်စီထား ခြင်း၊ ကြွေရောင်စုံဖြင့် ခြယ်သအုပ်မိုးထားခြင်းတို့ဖြင့် အံ့သြဖွယ် တည်ထားသည်။

စေတီတော်လေးဆူ အုတ်တံတိုင်းမှထွက်၍ ကြီးမား လှသော တန်ဆောင်းပြာသာဒ်များတည်ရှိရာ ကျောင်းတော် ကြီးအတွင်းသို့ လက်ယာဘက်မှပတ်၍ ဝင်ရောက်မိသော အခါ ပထမဦးစွာ ရသေ့ရုပ်ကလာများကို ပုံစံအမျိုးမျိုးနှင့် ထုလုပ်ထားရာ ပြာသာဒ်အဆင့်ဆင့်နှင့် ခမ်းနားလှသော အဆောက်အအုံတစ်ခုကို တွေ့ရသည်။ အဝင်မုခ်ပေါက်



Phra Buddha Theva Patimakorn ရုပ်ပွားတော်
စံကျောင်းတော်ဝင်မုခ်ပေါ်၌

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါက်ရှိရာ အဝင်ဟု ရေးသားထားသောမုခ်ဝမှ အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဝင်လျှင်ဝင်ချင်း နဂါးဦးခေါင်းနှစ်ခုလုံးဖြင့် အုပ်မိုးထားသော နဂါးရုံမြတ်စွာဘုရားကို ဖူးမြော်ရသည်။ ဘူမိဖဿမုဒြာဟန် ထုလုပ်ထားပြီး သပ္ပာယ်လှစွာ ဖူးရသည်။ ရွှေသင်္ကန်းကိုယ်လုံးပြည့် ကပ်လှူပူဇော်ထား၍ ဘုရားဖူးတို့အနေဖြင့် ရွှေဘုရားတစ်ဆူကို ပူဇော်ကန်တော့ရသည့်အလား ပီတိဖြစ်ရသည်။ ဥာဏ်တော်မှာ ငါးပေခန့် ရှိမည်ဟု ခန့်မှန်းမိသည်။ ဦးခေါင်းတော်၌ ထိုင်းရုပ်ပွားတော်များ၏ ပုံတော်များအတိုင်း ဆံတော်အရွေများနှင့် မကိုဋ်အထွတ် တင်ထားသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ ရွှေသင်္ကန်းကပ်လှူထားသည့် ကိုယ်လုံးတော်၌ ရွှေရောင်ပိုးသင်္ကန်းကို လွှမ်းခြုံထားသည်ကို တွေ့ရသည်။

ဘုရားရှင်အား အုပ်မိုးထားသည့် နဂါးခုနစ်ကောင်၏ ကိုယ်လုံး၌ ရွှေရောင်အစိမ်းရောင် မှန်စီထားပြီး နဂါးတို့၏ ဟန်မှာ မာန်ပါပါဖြင့်လုပ်ထား၍ မြင်ရသူတို့အနေနှင့် သက်ဝင်နေသော နဂါးများလောဟု ထင်ရသည်။ နဂါးခုနစ်ကောင်၏ မာန်ဖီနေသောပါးစပ်နှင့် အထုက်သို့ထောင်နေသော အမောက်တို့မှာလည်း မြင်ရသူတို့အတွက် အံ့ဖွယ်ရာ

ရုပ်တုပုံတော်ကို မြင်ရသည့်
ဘုရားပုံတရုတ်ကြွေပန်းတိုင်ကြီး၏
မြင်ကွင်းတို့ကို တွေ့ရစဉ်

Phra Buddha Lokanat ရုပ်တော်တူရွှေ့ပွားတော်မြတ်ကြီး

ပင် ဖြစ်တော့သည်။ ဤနဂါးဘုရားနှင့် ပတ်သက်၍လည်း ထိုင်းလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်သည့်အတွက် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်ရင်း၌ လောကသုံးပါး၏ အထွတ်အထိပ်ဘုရားစင်စစ် ဖြစ်တော်မူပြီးနောက် သတ္တဋ္ဌာနဒုနစ်ဋ္ဌာနတွင် ခုနစ်ရက်စီ စံပယ်တော်မူပြီး သမာပတ်ဝင်စားခဲ့ရာ ခြောက်ပတ်မြောက်၌ မြတ်စွာဘုရားရှင်သည် ကျည်းပင်ရင်း Majarin၌ သမာပတ်ဝင်စားတော်မူစဉ် မိုးကြိုးရွာသွန်းလေသောကြောင့် မုစလိန္ဒာ(Muchalinda)နဂါးမင်းသည် မြတ်စွာဘုရားရှင်အား ကိုယ်လုံးတော်ကို ခုနစ်ပတ်ရစ်ခွေပတ်ပြီး ပလွင်တော်ပြုကာ ပါးပျဉ်းဖြင့်အုပ်မိုး၍ မိုးဒဏ်လေဒဏ်မှ အကာအကွယ်ပေး၍ ကုသိုလ်ပြုလေသည်။ ထိုမုစလိန္ဒသတ္တဟာဝ်၌ ဆင္ဓမခြောက် သမာပတ်ဝင်စားပုံကို ပုံဖော်ထုလုပ်ထားသော နဂါးရုံဘုရားပင်ဖြစ်သည်။ ယခုဖူးတွေ့ရသော မုစလိန္ဒနဂါးမင်း၌ ဦးခေါင်းခုနစ်လုံးဖြင့် တန်ခိုးပြနေဟန် ပြုလုပ်ထားခြင်းပင် ဖြစ်သည်။

မိသားစုသည် နဂါးရုံဘုရားအား ပူဇော်ကန်တော့ပြီးနောက် ထိုအရုံခံတန်ဆောင်းမှ ထွက်ခွာခဲ့သည်။ ကျောင်

www.burmeseclassic.com

www.burmeseclassic.com

ကိုနိုးစင်တော်မူစေသော
Phra Buddha Maravichai ရုပ်ပွားတော်



Buddha Maravichai ရုပ်ပွားတော်ကြီး
ထိုင်တော်မူရုပ်ပွားတော်

ကုန်းငယ်တစ်ခုတွင် ရသေ့ရုပ်တုများကို ထိုင်လျက် အနေအထား၊ ရပ်လျက်အနေအထား၊ ထိုင်လျက်အနေ အထွေ့လည်း ပုံစံအမျိုးမျိုးဖြင့် ထုလုပ်ထားသော ရသေ့ ရုပ်တုများစွာကို တွေ့ရသည်။ ထိုဖန်တီးတည်ဆောက်ထား သော ကျောက်တောင်ငယ်အား ထိုင်းတို့က KHAO MOR TIFICAL HILL ဟု ခေါ်ကြသည်။ ထိုရသေ့ရုပ်များကို ကန်တော့ရှေးကောင်းစေရန်၊ ရောဂါပျောက်ကင်းစေရန် ပူ ဆာပန်သလေ့ရှိကြောင်းလည်း တွေ့ရသည်။

ရသေ့တောင်ကုန်းမှ လွန်သောအခါ တန်ဆောင်းတစ်ခု တွေ့ရ၍ ဝင်ရောက်မိသောအခါ ဗုဒ္ဓမြတ်စွာဘုရားရှင် ကြီးခမ္မစကြာကို ပဉ္စဝဂ္ဂိငါးဦးအား ဟောကြားနေဟန် မြတ်စွာဘုရားရှင်၏ ရုပ်တုတော်အား ဖူးမြော်ရသည်။ ဉာဏ် အလင်းပေခန့်မြင့်မားသော ရွှေပြားသင်္ကန်း ကပ်လှူပူဇော် ထားသည့် မြတ်စွာဘုရားရှင်အား ပဉ္စဝဂ္ဂိငါးပါးက ရှိခိုး ကန်တော့နေဟန် ထုလုပ်ထားသည်။ ခမ္မစကြာတရား ဟော ကြားမှုဟန်၊ မုဒြာမဟုတ်ဘဲ ဘုရားရှင်သည် ဘူမိဖဿ မုဒြာဟန်၊ ထိုင်နေတော်မူဟန် တွေ့ရသည်။ ထိုရုပ်ပွား တော်မြတ်ကြီး၏ရှေ့၌ ပဉ္စဝဂ္ဂိငါးပါးအား ပူဇော်ကန်တော့ နေဟန် တွေ့ရသည်။ ပဉ္စဝဂ္ဂိငါးပါးနောက်၌ ရွှေချပူဇော် ထားသည့် ရုပ်ပွားတော်တစ်ဆူ၊ ရပ်တော်မူရုပ်ပွားတော် တစ်ဆူကိုလည်း ဖူးမြင်ရသည်။ ထို့အပြင် ဉာဏ်တော်ငယ် ထိုင်တော်မူရုပ်ပွားတော်နှင့် ရပ်တော်မူရုပ်ပွားတော်များ လည်း ပူဇော်ရသည်။

ထိုင်တော်မူရုပ်ပွားတော်ကြီးသည် ရွှေရောင်ဝင်းလျက် သပ္ပာယ်လှသည်။ ထိုင်းတို့၏ ဗိသုကာပုံစံအတိုင်းပင် ထု လုပ်ထားသည်။ ထိုတန်ဆောင်းတော်ကြီး၌ အဝင်မုခ်ပေါက် သုံးပေါက်ထားရှိကြောင်းလည်း တွေ့ရသည်။ ထိုမြတ်စွာ ဘုရား ရုပ်ပွားတော်မြတ်အား ထိုင်းတို့က Phra Buddha Chinnaraj ဟု ခေါ်ကြောင်း တွေ့ရသည်။

ခမ္မစကြာတရားဦး ဟောတော်မူသော မြတ်စွာဘုရား စံကျောင်းတော် တန်ဆောင်းအတွင်းမှ ပြင်ပသို့ ထွက်ခွာပြီး နောက် အလှူခံမဏ္ဍပ်မှ ရရှိခဲ့သော Wat Pho Tour Guide ဘုရားဖူးလမ်းညွှန် စာအုပ်ငယ်လေးကိုကြည့်ရာ ဖူးမြော် ကြည့်ညှိစရာ အတော်များများကျန်သေးကြောင်း တွေ့ရ သည်။ Wat Pho ကျောင်းတော်ကြီးအတွင်း၌လည်း စေတီ ငယ် အတော်များများ တည်ထားကိုးကွယ်ထားသည်ကို

www.burmeseclassic.com

www.burmeseclassic.com

Wat Pho ဘုရားဆောင်း၊ ဂူးမြို့ရသော စေတီဟယ်တင်ထူ

တရုတ်လက်ရာ စေတီတော်တစ်ထူ

လည်း ဖူးမြင်ရသည်။ အဝင်မုခ်ဝဂိတ်ကြီး (၁၆)ခုအနက် ဂိတ်တချို့ကို တရုတ်အစောင့်ရုပ်ကြိုးများဖြင့် ခမ်းခမ်းနားနား တွေ့ရသည်။ လမ်းညွှန်စာအုပ်ငယ်၌ ဖော်ပြထားသည့် မြတ်စွာဘုရားရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ကျောင်းတော်များအနက် ခရီးလမ်းနှင့် အနီးဆုံး၌တည်ရှိသော Phra Buddha Palilai မြတ်စွာဘုရား ကိန်းဝပ်တော်မူရာ စံကျောင်းတော်တန်ဆောင်းအတွင်း ဝင်ရောက်ခဲ့ကြသည်။

ထိုတန်ဆောင်းအတွင်း၌ မြတ်စွာဘုရားရုပ်ပွားတော်မြတ်အား ပုံသဏ္ဌာန်အသွင်ကွဲစွာ တည်ထားကိုးကွယ်ထားသည်ကို ဖူးတွေ့ရသည်။ မြတ်စွာဘုရားရှင်သည် ခြေတော်အစုံအား တွဲလောင်းချ၍ ထိုင်တော်မူဟန်ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ထိုဟန်ပန် ထိုင်နေတော်မူဟန်ကို ဖူးတွေ့ခဲ့ရဖူးသည်။ ဤ Wat Pho ကျောင်းတိုက်အတွင်း ဖူးတွေ့ရသော Phra Buddha Palilai မြတ်စွာဘုရား ရုပ်ပွားတော်သည် ညာဘက်ဒူးတော်ပေါ်တွင် ညာဘက်လက်တော်ကို လုံ၍လည်းကောင်း၊ ဘယ်ဘက်ဒူးတော်ပေါ်တွင် ဘယ်ဘက်လက်တော်အား မှောက်လျက်အနေအထားဖြင့် တင်ထားတော်မူဟန်ပင်ဖြစ်သည်။ ထိုရုပ်ပွားတော်မြတ်၏ ထူးခြားချက်မှာ မြတ်စွာဘုရားရှင်တော်၏ ရှေ့တော်မှောက် ညာဘက်၌ ဆင်တော်တစ်စီးသည် ရေတံကောင်းနှင့် သောက်တော်ရေ ဆက်ကပ်လှူဒါန်းနေပုံနှင့် ဘယ်ဘက်၌ မျောက် တစ်ကောင်သည် ပိန္နဲသီးကို လက်အုပ်ချီ၍ ဆက်ကပ်နေပုံမှာ ဗုဒ္ဓဝင်ဇာတ်တော်လာနှင့်အညီပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် တောအုပ်အတွင်း သီတင်းသုံးတော်မူစဉ် Palilai Elepant ပါလီလေး ဆင်တော်နှင့် မျောက်တို့သည် ဘုရားရှင်အား သောက်တော်ရေနှင့် ပိန္နဲသီးလာရောက် လှူဒါန်းပုံကို ဖော်ကျူးထားခြင်းဖြစ်သည်။ ထိုပုံစံမျိုး ဗုဒ္ဓရုပ်ပွားတော်ပုံတော်ကို ပတ္တရားမြို့ တောင်ပေါ်စေတီ၌လည်း ဖူးတွေ့ခဲ့ဖူးသည်။

ခြေတွဲလောင်းချ၍ ထိုင်နေတော်မူတော် မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီး၏ရှေ့တွင် ရုပ်တော်မူရုပ်ပွားတော်အများအပြားကို ရွှေရောင်ဝင်းစွာဖြင့် ဖူးမြော်ရသည်။ ရုပ်တော်မူရုပ်ပွားတော်များသည် ဘယ်ညာဘက်တော်နှစ်ဖက်စလုံးဖြန့်၍ထားသော ဟန်များဖြစ်ကြောင်း ဖူးတွေ့ရသည်။ ရုပ်တော်မူရုပ်ပွားတော်များအား၌ တရုတ်ဘုရားကျောင်းငယ်တစ်ခုကို လက်ရာမြောက်စွာ တည်ထား၍ ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com

Wat Pho ဘုရားအတွင်းရှိ လက်ရာထူးခြားလှသော ဓာတ်တိုက်ဆူ

ဘာသည်ကိုလည်း တွေ့ရသည်။ ထိုင်း၌ တရုတ်ယဉ်ကျေးမှု မည်မျှလွှမ်းမိုးနေကြောင်းကို ဤတရုတ်ဘုရားကျောင်းကို ကြည့်၍လည်းကောင်း၊ အဝင်မုခ်ဝများ၌ ကြီးကြီးမားမား ထုလုပ်ထားသော တရုတ်နတ်ရုပ်ကြီးများကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ စေတီတော်များ၌ ကြွေရည်သုတ်အုတ်ခဲများဖြင့် တရုတ်အနုပညာ ဗိသုကာလက်ရာကို ကြည့်ခြင်းဖြင့်လည်းကောင်း သိသာနိုင်ပေသည်။ ဤဘုရားကျောင်းတော်အတွင်း၌ပင် အလောင်းဘုရားတော်မြတ်မြင့် ရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြော်ရသည်။ ထိုင်းဘာသာဖြင့် စာတန်းထိုးထား၍ ထိုင်းစာပေအကျွမ်းကျင်ဆရာတော်ကျွမ်း၍ အဓိပ္ပာယ်မသိနိုင်တော်လည်း ရှေးဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်သည်ကိုတော့ ခန့်မှန်းမိသည်။ ထိုစံကျောင်းတော်ကြီး၏ သစ်သားတံခါးရွက်တို့သည်လည်း ရှေးခေတ်လက်ရာ သစ်သားတံခါးရွက်တို့ဖြစ်ကြောင်းလည်း တွေ့ရသည်။

တောင်ဘက်စံကျောင်းတော်ကြီးနှင့် Phra Buddha Palilai ရုပ်ပွားတော်မြတ်ကြီးသည် ချက္ကရီမင်းဆက် ပထမမြောက်ရာမမင်း တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ ပထမမြောက်ရာမမင်းသည် ချက္ကရီမင်းဆက်သစ်ကို စတင်တည်ထောင်ကာ ဘန်ကောက်မြို့တော်သစ်ကို ကျောက်ဖရားမြစ်တစ်ဖက်ကမ်းသို့ ပြောင်းရွှေ့တည်ထောင်ခဲ့သည်။ ဘန်ကောက်မြို့တော် တည်ထောင်ရာတွင် နန်းတော်သစ်၊ မြို့ရိုးသစ်များကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ခဲ့သလို ဗုဒ္ဓဘာသာ ထွန်းကားစည်ပင်ရေးအတွက်လည်း အယုဒ္ဓယနှင့် ထိုင်းတစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးကျောင်းများကိုလည်း ဘန်ကောက်သို့ ပြောင်းရွှေ့စေခဲ့သည်။ စတင်ပြောင်းရွှေ့စက ကျောင်းပေါင်းတစ်ရာကျော် ရှိခဲ့သည်။ အယုဒ္ဓယနှင့် ထိုင်းနိုင်ငံအနှံ့အပြား၌ရှိသော ဘုဏ်တော်မြင့်မားလှသည့် ရုပ်ပွားတော်ကြီးများကိုလည်း ဘန်ကောက်မြို့သို့ ပင့်ဆောင်စေပြီး ဘုန်းကြီးကျောင်းများ၌ သီတင်းသုံးစံပယ်တော်မူစေသည်။ ဤနည်းဖြင့် တန်ခိုးကြီးမြဘုရားလည်း ဘုရင့်နန်းတော်အတွင်းသို့ ကြွမြန်းရောက်လာပြီး ယနေ့တိုင် ကြီးမားခမ်းနားသော ဘုရားစေတီ၊ တန်ဆောင်း၊ စံကျောင်းများနှင့် မြဘုရားကိန်းဝပ်စံပယ်တော်မူရာ ပတ်ဝန်းကျင်သည် စည်ကားတိုးတက်နေခြင်းပင် ဖြစ်ပေသည်။

◆.◆.◆

Wat Pho ဘုရား၌ ပူဇော်ထားသော ရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်သွင်တောင်ကုန်းရှိ ရုပ်သွင်တစ်ပါးအား တွေ့ရစဉ်

စာရေးသူတို့သည် ဆင်နှင့်မျောက် လှုံ့ဒါန်းဒါနပြုနေသည့် မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်မှ ထွက်ခွာပြီးနောက် စံကျောင်းတော်ကြီးလေးကျောင်း Phra Buddha Chinnaraj (ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစက္ကြာဟောတော်မူပုံဘုရား)၊ Phra Buddha Chinnasr (နဂါးရံဘုရား)၊ Phra Buddha Palilai (ဆင်နှင့်မျောက်အလှုံ့ဒါနပြုပုံဘုရား)နှင့် စာရေးသူတို့ မဖူးမြော်ရသေးသည့် Phra Buddha Lokanat နှင့် Phra Buddha Maravichai ဘုရားနှစ်ဆူ ကိန်းဝပ်စံပယ်ရာ စံကျောင်းတန်ဆောင်ကြီးလေးခု အလယ်တွင် တိုင်လုံးကြီးများ ပတ်လည်စိုက်ထူလျက် မြင့်မားခမ်းနားလှသော ဘုံပြာသာဒ်အဆင့်ဆင့်နှင့် တည်ဆောက်ထားသော တန်ဆောင်းကြီးတစ်ခုကို တွေ့ရသည်။ ထိုစံကျောင်းတော် တန်ဆောင်းကြီးအတွင်း၌ Phra Ubosot မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူကြောင်း လမ်းညွှန်စာအုပ်ငယ်အရ သိရသည်။ ထိုကျောင်းတော်ကြီးသည်လည်း ပထမမြောက် ရာမမင်း၏ ကောင်းမှုတော်ပင်ဖြစ်သည်။ ထိုတန်ဆောင်းစံကျောင်းတော်ကြီး၏ပုံစံ အယုဒ္ဓယခေတ်နှောင်းကာလ ဗိသုကာလက်ရာပုံစံပင်ဖြစ်သည်။ ယခုပုံစံ တိုးချဲ့တည်ဆောက်မှုကို တတိယမြောက်ရာမမင်းလက်ထက်၌ ပြုလုပ်ခဲ့သည်။

Phra Ubosot စံကျောင်းတော်ကြီးအတွင်းသို့ မြင့်မားခမ်းနားလှသော မုခ်ဦးပေါက်မှ ဝင်မိသောအခါ မြင့်မားလှသော ပလ္လင်ထက်၌ ရွှေရောင်ဝင်းနေသည့် ဗုဒ္ဓမြတ်စွာဘုရားရုပ်တုတော်အား ကြည်ညိုဖွယ်ဖူးမြော်ရသည်။ ထို ဗုဒ္ဓရုပ်ပွားတော်ကို Phra Buddha Theva Patima Kom ဟု ဘွဲ့မည်တပ်ထားကြောင်း သိရသည်။ ပလ္လင်တော်မှာ မှန်စီရွှေချထားသည့် ဘုံအဆင့်ဆင့်နှင့် မြင့်မားလှသည်။ ဘန်ကောကီဘုရင့်နန်းတော်အတွင်းရှိ မြဘုရားစံပယ်တော်မူရာ ပလ္လင်နှင့် ခပ်ဆင်ဆင်တူလှသည်။ ယန်းပုလက်ရာ အနုစိတ်လှသည်။ ပလ္လင်တော်၏အမြင့် ရှစ်ပေခန့်တွင် ပလ္လင်တော်ပတ်လည်၌ နတ်မင်းတို့ ပူဇော်ဟန်ရုပ်တုများမှာ လတ်ရာမြောက်လှသည်။ ပလ္လင်တော်၏ရှေ့၌ ရဟန္တာနှစ်ပါး ပူဇော်ဟန်ကိုလည်းကောင်း၊ ပလ္လင်တော်အထက်၌လည်း ရဟန္တာနှစ်ပါး ပူဇော်နေဟန်ကိုလည်းကောင်း ဖူးမြော်ရသည်။ ပလ္လင်ထက်ရှိ မြတ်စွာဘုရားရုပ်ပွားတော်မှာ ဝိပဿနာကမ္မဋ္ဌာန်းတရား ကျင့်ကြံအားထုတ်နေဟန်ဖြစ်ကြောင်း ဖူးမြော်ရသည်။

ဤကြီးမားလှသော စံကျောင်းတော်ကြီးအတွင်းရှိ Phra Buddha Theva Patimak မြတ်စွာဘုရားရုပ်ပွားတော်မြတ်သည် ပလ္လင်တော်နှင့် လွန်စွာလိုက်ဖက်အံ့ပွားယ်လှသော

www.burmeseclassic.com

www.burmeseclassic.com

သည်။ စာရေးသူတို့ မိသားစုသည် ပလွင်ထက်၌ သပွာယ်စွာ စံပယ်ကိန်းဝပ်တော်မူသော မြတ်စွာဘုရားရှင်အား ဘုံပြုကန်တော့ပြီး စံကျောင်းတော်မှ ထွက်ခွာခဲ့ကြသည်။ ကျောင်းတော်မှ နောက်ထပ်ဖူးမြော်ရရှိ ကျွန်နေသည့် Phra Buddha Lokanat လောကနတ်ရပ်တော်မူ ဘုရားကြီးနှင့် Phra Buddha Maravichai မဟာဇောဓိပင်အောက်၌ မာရ်နတ်ခင်း၊ ထိုင်းတို့က The King of Evil ဟု ရေးသားကြ၏။ ခန့်အပေါင်းကို အောင်မြင်တော်မူပြီး ဘုရားစင်စစ် ဖြစ်တော်မူသော ဘူမိဖသဿဒြာဟန်ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်တန်ဆောင်းကြီး ထွက်ခွာလာခဲ့သည်။ ထိုစံကျောင်းတော်ကြီး၏ အေားတစ်ဖက် ဘန်ချက်၌ စောင်းတန်းသဖွယ် တည်ဆောက်ထားသော အဆောက်အအုံရှည်ကြီးအတွင်း၌ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော် ဘုရားတော်တို့များအား သပွာယ်စွာ ဖူးမြော်ရသည်။ ဒေကိုင်းတောင် ဥမင်သုံးဆယ်ဂူအတွင်း၌ မြတ်စွာဘုရားရှင်ရုပ်ပွားတော်များအား ဖူးမြင်ခဲ့ရသည့်အတိုင်းပင်ဖြစ်သည်။ ရုပ်ပွားတော်အများစုမှာ ရွှေရောင်သင်္ကန်းဖြင့် ကြည့်ညြူယ်ပင် ဖြစ်သည်။

ရုပ်တော်မူဘုရားကြီးအား ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်ချင်း ဘုရားတော်မြင့်မားစွာ ဖူးမြော်ရသည်။ ရုပ်တော်မူရုပ်ပွားတော်မြတ်သည် ညာဘက်လက်ကို အေားသို့ချထားပြီး ဘယ်ဘက်လက်တော်အားဖြန့်၍ ကိုယ်လုံးတော်ကို ဝန်ခံတော်နားဥထားရှိသည့် အနေအထားဖြင့် ထုလုပ်ထားသည်။ သာမန်ဖူးမြော်ရသော် ဗုဒ္ဓဒိတ်တော်ပေးနေသည့် ဟန်ဟု ထင်ရသည်။ ဗုဒ္ဓဒိတ်တော်ရုပ်ပွားတော်၏ဟန်မှာ ညာဘက်လက်တော်ဖြင့် ဖြန့်၍သော်လည်းကောင်း၊ ညာဘက်လက်တော်၏ လက်ညှိုးတော်ဖြင့် ညွှန်ပြ၍သော်လည်းကောင်း သွန်းထုကြသည်။ ယခု ရုပ်တော်မူရုပ်ပွားတော်သည် မြတ်စွာဘုရားရှင် တာဝတိံသာရှိ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော် ဟောကြားတော်မူရန် တာဝတိံသာသို့ ကြွချီတော်မူစဉ် သာဝတ္ထိပြည့်ရှင် ပသေနဒီ (ထိုင်းတို့က King Paseuadi) ကောသလမင်းကြီးက ဗုဒ္ဓဘုရားရှင် ပျောက်ကွယ်တော်မူ၍ ဗုဒ္ဓကိုယ်စား ကိုးကွယ်ရန် စန္ဒကူးသစ်ဖြင့် ရုပ်တုထုလုပ်ကိုးကွယ်ရန် ထုလုပ်သည့် ပုံစံသဏ္ဌာန်ပင် ဖြစ်သည်။ ထိုပုံသဏ္ဌာန်ကို ထိုင်းတို့က ထုလုပ်ခြင်းဖြစ်ခြင်းကြောင့် ထိုင်းမှတ်တမ်းတို့၌ တွေ့ရသည်။ မူလရပ်တော်မူရုပ်ပွားတော်ကြီးသည် အယုဒ္ဓယမြို့နန်းတော်ရှိ Wat Phra Sri Sanphet ၌ တည်ထားကိုးကွယ်ခဲ့သော ရုပ်တုတော်ဖြစ်သည်။

ပထမမြောက် ရာမမင်းကို အထက်၌ ရေးသားခဲ့သည့်အတိုင်း ဘန်ကောက်မြို့ တည်ပြီးနောက် ဘုန်းကြီးကျောင်းများ ဘန်ကောက်၌ တည်ထောင်ပေးသလို ထိုင်းတစ်နိုင်ငံလုံးရှိ ထင်ရှားကျော်ကြား ဘုရားတော်မြင့်မားပြီး ကြည်ညြူဖွယ်ရုပ်တုတော်များကို ဘန်ကောက်မြို့သို့ ပင့်ဆောင်ပူဇော်ရာမှ Wat Pho သို့ ကြွရောက်သီတင်းသုံးခြင်း ဖြစ်သည်။ ထို့ကြောင့် ရုပ်တော်မူရုပ်ပွားတော်မြတ်သည်

Wat Pho ဘုရားဝင်းအတွင်း မြင်ရသော တရုတ်နတ်ရုပ် (တို့ကဲ့သို့ တရုတ်နတ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

လက်ရာမြောက်လှသော Wat Pho ဘုရား၏ ဝေါင်းလောင်းစင်

ရှေးဟောင်းဘုရားတစ်ဆူဖြစ်ကြောင်း တွေ့ရသည်။

ရုပ်ပွားတော်ကြီးဘေးရှိ အဝင်တံခါးပေါက်မှ ဝင်ရောက်သောအခါ မဟာဗောဓိပင်ခြေ၌ မာရ်နတ်နှင့် အပေါင်းပါတို့၏ရန်ကို အောင်နိုင်တော်မူပြီး မြတ်စွာဘုရားရှင်သည် ပလ္လင်္ကသတ္ထာဟကို ခုနစ်ရက်ဖလသမာပတ်ဝင်စားနေဟန် ရုပ်ပွားတော်မြတ်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ထိုဘူမိဖသမုဒ္ဒာဟန် မြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ်သည် မူလ Sawankhalok ခရိုင်ရှိ Wat Khao ကျောင်းမှ ပထမမြောက် ရာမဘုရင်သည် ဘန်ကောက် Wat Pho သို့ ပင့်ဆောင်လာခြင်းဖြစ်ရာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူပင်ဖြစ်သည်။ စာရေးသူတို့သည် ထိုင်တော်မူရုပ်ပွားတော်မြတ်နှင့် ရပ်တော်မူရုပ်ပွားတော်မြတ်နှစ်ဆူအား အကြိမ်ကြိမ်ပူဇော်ကန်တော့ပြီးနောက် ကြီးမားခမ်းနားလှသော စံကျောင်းတော်ကြီးမှ ထွက်ခွာခဲ့ကြသည်။ မွန်းလွဲနှစ်နာရီပင်ကျော်နေပြီဖြစ်၍ နံနက်စာ ထမင်းကြော်သာ စားခဲ့ရသောကြောင့် မိသားစုငါးယောက်စလုံး ဆာလောင်မှုကို ခံစားလာရသည်။ နောက်နေ့၌ ရန်ကုန်ပြန်ရန်ကိစ္စကလည်း ရှိနေသေး၍ မူလ Wat Pho ဘုရားနှင့် မဝေးလှသောအရပ်၌ တည်ရှိသော Wat Saket (Golden Mount) ဘုရားသွားရောက်ဖူးမည့် အစီအစဉ်ကို ဖျက်လိုက်ရသည်။ နောက်တစ်ခေါက် ဩဂုတ်လ၌ ဘန်ကောက်လာရောက်ရမည်ဖြစ်ရာ ထိုအခါမှ လာရောက်ဖူးမြော်တော့မည်ဟု ဆုံးဖြတ်လိုက်ရသည်။

♦ ♦ ♦

စာရေးသူတို့မိသားစုငါးယောက်သည် အငှားကားကို ငှားကာ တည်းခိုရာသို့ ပြန်ကြသည်။ တည်းခိုရာအိမ်ရှိ စားသောက်ဆိုင်၌ နေ့လယ်စာ ဝင်ရောက်စားကြသည်။ တည်းခိုရာအခန်းသို့ ပြန်ရောက်သောအခါ စာရေးသူသည် ဤဆောင်းပါးကို တစ်ထိုင်တည်း ရေးသားခဲ့သည်။ ဘန်ကောက်၌ မှတ်မှတ်ရရဖြစ်စေရန် အပြီးရေးသားမည်ဟု ဆုံးဖြတ်ခဲ့သည်။ ရန်ကုန်မှ ဘန်ကောက်သို့ တတိယအကြိမ်မြောက်လာရန် စီစဉ်စဉ်ကပင် Wat Pho ဘုရားအား ဖူးမြော်ရန် ရည်မှန်းထား၍ အထောက်အထား စာရွက်စာတမ်းများ အပြည့်အစုံယူလာခဲ့သည်။ ထို့ကြောင့်လည်း Wat Pho လျောင်းတော်မူဘုရားကြီးအား ဖူးမြော်ပြီး နာရီပိုင်းအတွင်း ဤဆောင်းပါးကို စတင်ရေးသားနိုင်ခြင်းဖြစ်သည်။

စာရေးသူသည် ညနေစာစားချိန်မှအပ ဤဆောင်းပါးကို အဆက်မပြတ်ရေးသားခဲ့သည်။ ည(၁၂)နာရီထိုးချိန်၌ ခေတ္တခဏအိပ်ခဲ့သည်။ နံနက်(၄)နာရီ၌ အိပ်ရာမှထကာ ဆောင်းပါးကို ဆက်ရေးသည်။ နံနက်စာ ခေါက်ဆွဲပြုတ်စားချိန်မှလွဲ၍ ဆက်ပြီးရေးခဲ့ရာ နံနက်(၁၀)နာရီခန့်တွင် အတော်ပင်ပြီးလေပြီ။ မွန်းလွဲ(၁)နာရီ ရန်ကုန်ပြန်ရန် လေဆိပ်ဆင်းရမည်ဖြစ်၍ အနားမယူဘဲ ဆောင်းပါးကို ဆက်ရေးရာ မွန်းတည့်(၁၂)နာရီခန့်၌ ဆောင်းပါးကို ပြီးအောင်ရေးနိုင်ခဲ့သည်။ သို့သော် ဘုရားသမိုင်းအကျဉ်း ရေးသားရန် အနည်းငယ်ကျန်နေသော်လည်း ဆက်၍ရေးရန် မဖြစ်နိုင်တော့၍ ဘုရားသမိုင်းအကျဉ်းကို ရန်ကုန်ရောက်မှ ဆက်ရေးရန်ဆုံးဖြတ်ကာ ဆောင်းပါးကို ဤနေရာ၌ ခေတ္တရပ်နားလိုက်ရပေသည်။

မွန်းလွဲ(၁)နာရီ လေဆိပ်ဆင်းရန် အငှားကား Booking လုပ်ထား၍ ရေဗိုးချိုးရန်နှင့် ပစ္စည်းသိမ်းရန် အရေးကြီးသော ပစ္စည်းများကို ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်နှင့် သမီးငယ် မခင်မျိုးသက်တို့က သိမ်းဆည်းပြီး သေသပ်တင်းထည့်ကာ ထုပ်ပိုးပြီးဖြစ်သည်။ လက်ဆွဲသတ္တာ

www.burmeseclassic.com

www.burmeseclassic.com



Wat Pho ဘုရားအတွင်း [illegible] ပုံသဏ္ဌာန်ကျောက်ရာ
ဆင်မြှောက်အပြား [illegible] ကျောက်
မှန်ပေါက်အဝင် [illegible] ပုံသဏ္ဌာန်ကျောက်ရာ

တစ်ဆူဖြစ်ကြောင်း တွေ့ရသည်။ လျောင်းတော်မူဘုရားကြီး အပြင် Wat Pho ဘုရားအတွင်း တန်ဆောင်းကြီးများအတွင်း စံပယ်တော်မူသော ရုပ်ပွားတော်များမှာလည်း အယုဒ္ဓယခေတ် ဟောင်းကာလ၌တည်ထားသော ရှေးဟောင်းရုပ်ပွားဆင်းတု တော်များ ဖြစ်ကြောင်းကိုလည်း တွေ့ရသောအခါ စာရေးသူ အနေနှင့် Wat Pho လျောင်းတော်မူမြတ်စွာဘုရားကြီးနှင့် အတူ ဖူးမြော်ခဲ့ရသော ရှေးဟောင်းရုပ်ပွားတော်ကြီးအသူ ဆူအား အာရုံပြုရင်း မိမိခံစားနေရသော အသည်းဝေဒနာ အတွက် အမြန်ပျောက်ကင်းရန် ဆုအခါခါတောင်းနေမိ တော့သည်။

ကျမ်းသိုလ်မျိုး

မှီငြမ်း

၁။ Wat Pho Tour Gruide စာအုပ်ငယ်။
(ဘုရားမှ ဖြန့်ဝေသည်)

၂။ Wat Pho Bangkok အင်တာနက်မှတ်တမ်းများ။

၃။ (၁၀-၅-၂၀၁၅)ရက်နေ့
ကိုယ်တိုင်သွားရောက်ဖူးမြော်ခြင်း။

စုပြုံထိုးသွင်းသိမ်းဆည်းပြီး ရေမိုးချိုး အဝတ်အစားလဲကာ လေဆိပ်ဆင်းမည့် အငှားကားအား တည်းခို ထားသောဟော်တယ်အခဲ့အောက်မှ ဆင်း၍စောင့်ဆိုင်းနေမိသည်။

♦ ♦ ♦

Wat Pho လျောင်းတော်မူမြတ်စွာဘုရားကြီး၏ သမိုင်းကြောင်းကိုကား ရန်ကုန်ရောက်ပြီး တစ်ပတ်ကျော်ကြာမှ ရေးဖြစ်သည်။ ရေးရန်လည်း သိပ်ကျယ်ကျယ်ပြန့်ပြန့်မရှိ၍ ဟော်ပါအတိုင်း စာရှူသူတို့ အလွယ်တကူ သိရှိနားလည် အောင် တင်ပြလိုက်ရပေသည်။

Wat Pho ဘုရားကြီး၏အမည်မှာ နှောင်းကာလမှတွင်ခြင်းဖြစ်သည်။ မူလက Wat Pho ဟုမခေါ်တွင်ဘဲ Wat Phra Chetupton Vimolmang Klararm Rajwaramahavi-hara ဟူ၍ဖြစ်သည်။ လျောင်းတော်မူဘုရားကြီး စံပယ်ရာ ရာဇာလျောင်းတော်သည် ချက္ကရီမင်းဆက် ပထမမြောက် ရာမ မင်းဘန်ကောက်မြို့ တည်ထောင်စဉ်က ပထမတန်းစား ဘုရင် တော်ဝင်ကျောင်းတော်တစ်ကျောင်းဖြစ်သည်။ ထို ကျောင်းတော်သည် ဘန်ကောက်မြို့ မတည်ထောင်မီ အယုဒ္ဓယခေတ် (၁၆၅၆)ခုနှစ်ကာလကပင် တည်ရှိခဲ့သည်။ ထိုမြောက် ရာမမင်းကြီး ဂရင်းနန်းတော်ကြီးတည် ထောက်သည့်အခါ ဘုရင်ကိုးကွယ်ရာ ကျောင်းတော်တစ် ကျောင်းအဖြစ် တည်ရှိခဲ့သည်။ မှတ်တမ်းတင်ကျောက်စာ အရ ချက္ကရီမင်းဆက် စတင်ပြီး (၁၇၈၃)ခုနှစ်၌ စတင်၍ တည်ဆောက်ခဲ့ကြောင်း တွေ့ရသည်။ ပထမမြောက် ရာမင်းနှင့် တတိယမြောက် ရာမမင်းတို့လက်ထက်၌ ပို၍ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ခဲ့၏။ ထိုစဉ်က Wat Phra Chetupton Vimolmang Klavas ဟု ခေါ်တွင်ခဲ့သည်။ တတိယမြောက် ရာမမင်းလက်ထက်၌ အဓိကကျသော ဘုရားတည်ဆောက်မှုများကို ပြုလုပ်ခဲ့၍ ယနေ့တွေ့မြင်နေရ သော အနေအထားအတိုင်း ဖြစ်တည်လာသည်။ (၁၆)နှစ် ကြာ ပြုပြင်တည်ဆောက်မှုများ ပြုလုပ်ခဲ့ရသည်။

စတုတ္ထမြောက် ရာမမင်းလက်ထက်၌ မူလဘွဲ့အမည်မှ Wat Phra Chetuphon Vimolmang Klaram ဟု ပြောင်း ခေါ်ဆိုသည်။ ထိုအမည်မှ ယနေ့ လူသိများသော Wat Pho ဟု အမည်ခေါ်တွင်လာခြင်း ဖြစ်သည်။

စာရေးသူအနေနှင့် Wat Pho ဘုရားသမိုင်းကို လေ့လာမိသောအခါ Wat Pho ဘုရားသည် မျက်မှောက်ခေတ်၌ ကြည်ထားသော ဘုရားတစ်ဆူမဟုတ်ဘဲ ရှေးဟောင်းဘုရား

www.burmeseclassic.com

www.burmeseclassic.com

မော်ဆေးကျောင်းတိုက်နှင့်
သီလသိဒ္ဓိဝင်သိမ်တော်

မောင်ဉာဏ်လင်း(တောင်ကုတ်)

ဘုရား၊ ပုထိုး၊ စေတီများ တန်ခိုးကြီးကြောင်းကို စာရေးသူ အရေးနည်းပါသည်။ ဘယ်ဘုရားက ဘယ်လို တန်ခိုးကြီးတယ်လို့ ရေးဖို့ စိတ်ကူးလိုက်တိုင်း သဗ္ဗေဗုဒ္ဓါ သမသမာ၊ သဗ္ဗေဗုဒ္ဓါ မဟိဒ္ဓိကာ စတဲ့ အာဋ္ဌာနာဋိယသုတ် ပရိတ်တော်ကို အပြေးအလွှား သွားသတိရတော့၏။

ထိုပါဋိဂ်က ဘုရားဟူသမျှ သီလ၊ သမာဓိ၊ ပညာ စုံမျှကြောင်း၊ သူသာ ကိုယ်သာ မရှိကြောင်း၊ တန်ခိုး တေဇော် ဘုန်းရှိန်ဝါလည်း စုံမျှကြောင်း ပြဆိုပါသည်။ ထိုသို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောပြထားပါလျက် ဘာ မဟုတ်တဲ့ အကျွန်ုပ်က ဒီဘုရား ဘုန်းကြီးတယ်လို့ ခပ် တည်တည်နှင့် ဆွဲထုတ်ကာ ခွဲခြားပြနေရမှာလဲလို့ ကိုယ့် ကိုယ်ကိုယ် သတိပေးပါသည်။ ဒီဘုရား ဘုန်းကြီးတယ် ဆိုတော့ အဝုတ္တသိဒ္ဓိနည်းဖြင့် ဟိုဘုရား ဘုန်းမကြီးဘူးလို့ ပြောရာလည်းရောက်၏။ ဟင်..ဒါဆို တစ်ပါးကို မြှောက် ပြီး တစ်ပါးကို နှိမ့်ချလိုက်သလို ဖြစ်သွားတော့မှာပေါ့

လို့လည်း မလုံမလဲ တွေးမိပါသည်။ ထို့ကြောင့် ထိုစာမျိုး ကို စာရေးသူအနေဖြင့် မရေးသားလိုဘဲ မရေးဖြစ်သည်က များပါသည်။

ထိုသို့ မိမိဘာသာ ယူ[illegible]စား အခြားပညာ ရှင်များ ရေးသားထားသည့်[illegible]ရသည့်အခါ၌မူကား အင်း..အားလုံးတူတာတော့ ပုံတူပါပြီ။ ဒါက ဘုရား အချင်းချင်းတူတာပါ။ တည်ထားကိုးကွယ်သူ၊ တည်ထားတဲ့ နေရာနှင့် ခေတ်ကာလအခြေအနေရ ကွာဟချက်လေးတွေ ရှိမှာပေါ့လေ။ အားလုံးအတူတူဆိုရင် ကိုယ့်အိမ်ကဘုရား ထားခဲ့ပြီး ရွှေတိဂုံကို တကူးတကြီး ဘယ်သူလာဖူးတော့မာ လဲလို့ ဆင်ခြင်သုံးသပ်ပါသည်။

သိဒ္ဓိဝင်တဲ့ဆေး၊ သိဒ္ဓိအောင်ဘုရား၊ ဝဋ်ကြွေးတော်ရေ ဘုရား စတဲ့ သမုတိဝေါဟာရနှင့်စပ်တဲ့ ဘုရားများလည်း ရှိသေး၏။ လူသမုတ် သစ်ငုတ်က ကျားဖြစ် ဆိုသကဲ့သို့ ပညတ်သွားရာ ဓာတ်သက်ပါကာ တကယ်သိဒ္ဓိဝင်သွား သည်လည်း ရှိပေသည်။ စာရေးသူတို့ ရခိုင်ပြည်၊ ကျောက် ဖြူမြို့နယ်မှာ ကံ့ကော်တောဘုရားရှိ၏။ ထိုဘုရားပွဲတော် ရက်အတွင်း၌ အနီးအနားရှိ ပိန်းပင်များကိုခုတ်ပြီး ဟင်း ချက်စားလျှင် လုံးဝယားယံခြင်း မရှိပေ။ ဘုရားပွဲလာ ပင် သတ်တို့အား ပိန်းဟင်းဖြင့် ကျွေးမွေး၏။ ဘုရားပွဲတော် တွင်း မဟုတ်တဲ့ အခြားအချိန်မှာ သွားချက်စားလျှင် ယား ယံပါသည်၊ စားလို့မရပါ။ ဤသို့ထူးခြားသည်လည်း သူ့ နေရာနှင့်သူ ရှိတတ်ပြန်၏။

လိုတိုရှင်းပြောပါက လောကအနေဖြင့် ထူးခြားမှု နေ၍ သူများရေးလည်း ထောက်ခံ၏။ ကိုယ်တိုင်ရေးဖို့ရာ လက်တွန့်နေမိ၏။ သို့သော် သည်တစ်ခါတော့ ဘုရား ပုထိုး၊ စေတီအကြောင်း တန်ခိုးကြီးကြောင်း မဟုတ်ဘဲ ကျောင်းအကြောင်း၊ သိမ်အကြောင်း ရေးဖြစ်သွားပါသည်။ မိမိစိတ်စေတနာက တိုက်တွန်းလာလို့ ရေးဖြစ်သွားခြင်းပါ။ စိတ်စေတနာက ဘာလို့များ သည်တစ်ခါ ထူးထူးခြားခြား တိုက်တွန်းလာရတာလဲဆိုတဲ့ အမေးကို ကိုယ့်ကိုယ်ကိုယ် မေးပြီး ကိုယ်တိုင်ဖြေပုံလေးကို စာပေအဖြစ် မှတ်တမ်းတင်

www.burmeseclassic.com

www.burmeseclassic.com



မကြီးဘေးမှာ သခ္ဓိုင်းကို တွေ့ရ၏။

'သခ္ဓိုင်းက ရွာဦးရောက်နေပါလား' လို့ လွတ်ခနဲ့ မေးမိပါသည်။ 'အိလည်း မပြောတတ်ဘူး အစ်ကို' လို့ သူပြန်ဖြေတော့မှ သူစိတ်ထဲ အကျဉ်းအကျပ် တွေ့သွားမှာစိုး၍ ကောင်းတော့ ကောင်းပါတယ်၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်လို့ ပြောရိုးရှိပေမယ့် အိတို့ ရွာဦးကျောင်းကို သွားရင်တော့ မသာတစ်ခေါက်ရော ကျောင်းဆယ်ခေါက်ပါ တစ်လက်စတည်း ပြီးသွားတာပေါ့လို့ အဖြေကားလေး ပြောပေးလိုက်ပါသည်။

မသာတစ်ခေါက်နှင့် ကျောင်းဆယ်ခေါက် ညီမျှကြောင်းပြောတာ အသုဘဘာဝနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာနှင့် မရဏနုဿတိ ဘာဝနာတွေကို အခြေခံပြီး တန်ဖိုးသတ်မှတ် ပြောဆိုခြင်း ဖြစ်ပါသည်။ မှော်သေး ကျောင်းတိုက်ကိုသွားလျှင် လမ်းမှာတင် သခ္ဓိုင်းကို မြင်နေရ၍ တစ်နေ့ ငါလည်း သေရမှာပဲဆိုတဲ့ မရဏာနုဿတိ တင်ခဲ့ပြီးပါပြီ။

ကျောင်းဆယ်ခေါက်နှင့် ညီမျှသွားတော့၏။ ကျောင်း ရောက်တော့ ကျောင်းတစ်ခေါက် ထပ်ပို့သွားသေး၏။ မုခ်

ယင်းစာပေကို အကျိုးရှိစေရန် စာဖတ်သူသို့ အကူအညီဖြင့် တင်ပြလိုက်ပါသည်။

ဖြစ်ပုံက ဤသို့ပါ။

အသေးနေ့လို့ခေါ်တဲ့ (၁-၅-၂၀၁၅)ရက်နေ့ ကမ္ဘာ့ အရပ်ရပ်အနှံ့မှာ စာရေးသူ ရောဝတီတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကျုပျော်မြို့သို့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုနှင့် ရောက်သွားပါသည်။ ထိုနေ့ကား သောကြာနေ့ ဖြစ်ပါသည်။ ကဆုန်လတွင် သောကြာနေ့သည် ပြဿဒါးပင်ဖြစ်ပါသည်။ ကဆုန်လဆန်း (၁၄)ရက်နေ့သွားတော့ မနက်စောင်းသည်နှင့် ကဆုန်လပြည့် ဗုဒ္ဓနေ့မို့ ဒေသန္တရဗဟုဿုတဆန်တဲ့ ဘာသာရေးဓလေ့ထုံးစံတစ်ခုတော့ တွေ့ရမှာ သေချာနေလုံးသွင်းခဲ့ပါသည်။

နေလုံးသွင်းမှန်သော်လည်း ဗေဒင်ဆရာ ရက်ရွေးမှားပြီး ပြဿဒါးမလွတ် ဖြစ်ခဲ့ရ၏။ သို့သော် သိလျှင် အဝစားဆို ခရီးသွားဆိုင်ရာ ဗေဒင်ဥပဒေသလေးကို သွားသတိရ၍ ကားတက်မစီးသေးမီ ခေါက်ဆွဲကြော်တစ်ပွဲဝယ်ပြီး အဝစားလိုက်ပါသည်။ သိလျှင် သောကြာနေ့ ခရီးသွားမှု အဝစား-အိမ်နှစ်သက်ရာ တစ်ခုခုကို အဝစားပြီးမှ သွားရာ၏လို့ ဆိုသည်ကိုး။

ပြဿဒါး မလွတ်သော်လည်း ခရီးသွားယာဉ်ကြာတော့ ကားဆောင်ပြီး ခေတ်မီကားလေးကို ကြားခုံကစီးပြီး ကြိုးကိုင်လို့ လိုတ်သွားပါသည်။ ပြဿဒါးမလွတ်၍ ထင်ပါရဲ့ ခရီးရောက်သော်လည်း စိတ်ချမ်းသာမှုနှင့် လွဲခဲ့ရပါသည်။ သည်အကြောင်း ပြောလိုရင်းမဟုတ်၍ ချန်လှပ်ပါအုံ။

ကျုပျော်မြို့ ခေတ်မီဂိတ်မှာ ကားထိုးရပ်တော့ မအိအို နှင့် သူတူလေးတစ်ယောက် ဆိုင်ကယ် တစ်ယောက်တစ်စီးနှင့် လာကြိုပါသည်။ တူလေးမောင်းတဲ့ ဆိုင်ကယ်ပေါ် တစ်စီးလိုက်သည်နှင့် လာလမ်းအတိုင်း နောက်ပြန်မောင်းသည်ကို သတိထားမိ၍ ဘယ်ကိုပြန်သွားရမှာလဲလို့ မေးကြည့်မိပါသည်။ မှော်သေးရွာကိုတဲ့။ ကောင်လေးက တိုတိုတုတ်တုတ် ဖြေ၏။ မအိအိခိုင်တို့ရွာကို သွားနေတာဟု သိလိုက်၏။

ကျုပျော်မြို့ထဲသို့မဝင်မီ သုံးမိုင်လောက်မှာ မှော်သေးရွာ ရှိပါသည်။ အိမ်ရောက်တော့ ညနေစာစား၊ ဘာညာပြောပြီး ဘယ်မှမသွားဖြစ်၊ အိပ်ရာဝင်လိုက်၏။ မနက်လင်းတော့ ရွာဦးကျောင်းသို့ သွားလိုကြောင်း ပြောပြ၍ မအိအိခိုင်၊ ဆိုင်ကယ်နှင့် လိုက်ပို့ပါသည်။ ရွာနှင့်ကျောင်းကြား လမ်း

www.burmeseclassic.com

ဦးကျောင်းပေါက်ကို ဖုန်းကင်မရာနှင့် ချက်ခနဲ ရိုက်ပြီး နှတ်လမ်းအတိုင်း ဝင်သွားရာ ဧရာမကျောင်းအိုကြီးတစ်ဆောင်ကို တွေ့ရ၏။ ထိုကျောင်းအိုကြီးက စာရေးသူအား ရှေ့တိုးမသွားဖြစ်အောင် ဆွဲဆောင်ထားပါသည်။ လှပခဲ့ညား လွန်း၍ မဟုတ်သလို စာရေးသူက ရှေးဟောင်းသုတေသနဝါသနာပါလို့လည်း မဟုတ်ပါ။ အာယ်ကြောင့်နည်းဟု မေးခဲ့လျှင် မန်လည်ဆရာတော်ဘုရားကြီး စိုက်ုံးရေးသားတော်မူခဲ့တဲ့ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း၊ ဝိုဒ်ရေ(၂၉၁)လာ လင်္ကာစာသားလေးကိုပဲ ရွတ်ပြချင်ပါသည်။

"မုတ်ဆောင်တစ်ဆစ်၊ ရေစစ်ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ပဉ္စင်အဋ္ဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည်၊ အားကြိုးသမူ၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝ၌၊ သုခဖွားစည်း၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မပြီးအောင်၊ ဝဲ့ချီးလွန်ကောင်း၊ ဘဝနောင်လည်း၊ အခေါင်စိမိုင်း၊ တုမဲ့ရှိုင်းသည်၊ ဖြစ်တိုင်းကျော်ရမည်ကိုကား။

အာယုဒီဃ မြတ်ပုညခေါ် အသက်ရှည်ကြောင်း ကုသိုလ်ထူး(၆)မျိုးထဲက ကျောင်းလှူခြင်းနှင့် အဟောင်း ပြုပြင်ခြင်းဆိုတဲ့ ကုသိုလ်နှစ်မျိုး တစ်ပြိုင်တည်း ပွားတိုးနိုင်သည်ကို စိတ်ထဲ သိနှင့်နေ၍ အသိရှိတဲ့ငါ့မှာ လှူစရာ ဌေး မရှိပါလား။ သိန်းတစ်ထောင်ဆကြီးများ ပေါက်လိုက်ရင် ဘယ်လောက်ကောင်းလိမ့်မလဲလေလို့ တွေးနေမိတဲ့ အတွက် လှည့်မထွက်ဖြစ်ဘဲ ကျောင်းအိုကြီးကို ငေးမော ကြည့်နေမိပါသည်။ ထို့ကြောင့် ကျောင်းအိုကြီးက စာရေးသူအား ရှေ့တိုးမသွားဖြစ်အောင် ဆွဲဆောင်ထားပါသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ စာဖတ်သူများကိုယ်တိုင် ခံစားနိုင်စေရန် စာရေးသူ ဖုံ ...မရာလေးနှင့် ရိုက်ယူလာတဲ့ ပုံလေးကို တင်ပြထားပါ ...။ ပုံကိုသာ လှမ်းကြည့်လိုက်ပါ။

ခနဗလခေါ် ဥစ္စာအင်အားရှိသူတို့ သဒ္ဓါတရား ပေါ်ခဲ့ပါမူကား ကျောင်းအိုကြီးလည်း ဟောင်းရာမှ သစ်သွားနိုင်ပြီး အလှူရှင်များလည်း အသက်ရှည်ပြီး စည်းစိမ်တည်သွားပေမည်။ စာရေးသူလည်း ဤဆောင်းပါးဖြင့် စေတနာလမ်းညွှန်၍ ရည်သန်တဲ့ကုသိုလ်ထူး ရသွားပေမည်။

ဤဘဝ၌ စည်းစိမ်ဥစ္စာ၊ ချမ်းသာသုခ ပွားစည်းပြီး အသက်ရှည်ရုံတင်မက နောင်ဘဝမှာလည်း အခေါင်စိမိုင်း တုမဲ့ရှိုင်းသည်၊ ဖြစ်တိုင်းကျော်ရမည်ကိုကားတဲ့။ ခိမိုင်းဆိုတာ ပေါရဏဓေါဟာရပါ အကြီးအမြတ်ဟု ဆိုလိုပါသည်။ အတုမဲ့လို့ နှိုင်းဆိုရမည့် အကြီးအမြတ် ဖြစ်ရလေဦးမည်။ ဖြစ်တိုင်းဘဝမှာ ကျော်ရမည်ဆို၏။ ဟုတ်ပါ့မလားလို့ မဆေးပါနှင့်။ ဟုတ်ကြောင်းကိုသာ ကျမ်းလာအတိုင်း အပြည့်အဝ ရေးရလျှင် အခန်းဆက်များလွန်းတဲ့အတွက် အယ်ဒီတာက ဆရာစာမူ အပြီးသတ်ရပ်လိုက်ပါတော့လို့ တောင်းပန်ယူပေလိမ့်မည်။ ဝိဟာရဒါန် သံဃသ အဂ္ဂ ဗုဒ္ဓေန ဝဏ္ဏိတံ စတဲ့ ဝိနည်းစူဠပါဠိတော် သေနာသနက္ခန္ဓက၊ကနေစပြီး ကမ္မနိယာမသဘော စေတနာနှင့် ဖောအတန်တန်။ ပြီးတော့ အဟောင်းပြုပြင်တဲ့ ကုသိုလ်ကို ဘုရားချီးမွမ်းပုံ။ ယင်းက တစ်ဖန် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာ။ ကျောင်းကြီးကိုကြည့်ပြီး အာရမ္မဏ၊ ဥပနိဿယ၊ အာသေဝနပစ္စည်းတွေနှင့် အဆင့်ဆင့် ထောက်ပံ့ထားတဲ့ ကုသိုလ်အဟုန် အစီအရာကအစွမ်း အံ့မခန်းတဲ့အကြောင်း ပြောမဆုံးပေါ်တောသုံးတောင် ဖြစ်သွားပေမည်။ ထို့ကြောင့် အဟုတ်ကယ်ဟုသာ အလွယ်မှတ်လိုက်ပါ။

စာရေးသူ စေတနာအတွေးကို လောကဓာတ်ဆယ်အကောင်အထည် မဖော်နိုင်မှန်း ကိုယ့်ဘာသာ သိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

အတွက် တစ်ဖက်မှာ အားကိုးရာရှာတဲ့သဘောနဲ့ အလွန်ချစ်နှံနိုင်တဲ့ မန္တလေးက ခေါ်မြမြသန်းတို့၊ ကျောက်စိမ်းဘုရားဒါယကာတို့၊ ဇေကမ္ဘာ ဦးခင်ရွှေတို့ စတဲ့ သူဌေးကြီးများကို မဆီမဆိုင် သွားသတိရနေသေး၏။ သူတို့များတွေ့ရင် မုန့်ဖိုးလောက်ပဲထင်ပြီး လှူလိုက်ကြမှာဟုလည်း တွေးမိပါသည်။

မည်မျှကြာသွားသည်မသိ၊ မအိအိခိုင်က 'အစ်ကို.. သိမ်ဆဲဝင်ရအောင်' လို့ လှမ်းခေါ်တော့မှပဲ သတိဝင်လာပြီး သူနောက် လိုက်သွားမိပါသည်။ လှမ်းကြည့်လိုက်တော့ သိပ်သိမ်ဖွေအောင်သိမ်တော်တဲ့။ သီလက ရဟန်းတော်များ အာဇာနိဆိုရတဲ့ ပါတိမောက္ခသံဝရသီလပင် ဖြစ်ပေမည်။ ဒီနေ့ဆိုတာ ပြီးမြောက်ခြင်း၊ ပါတိမောက္ခသံဝရသီလ-ပြီးမြောက်အောင်မြင်တဲ့သိမ်ဟု အဓိပ္ပာယ်ရမည် ထင်ပါသည်။ ဒီသွက်အနက်အရ စာရေးသူ အထင်ပါ။ ဆရာတော်ကြီးသည်ကား မဟုတ်ပေ။ ဆရာတော်အလို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို စာရေးသူ မလျှောက်ဖြစ်ခဲ့ပေ။ သို့သော် အဓိပ္ပာယ်ရင်းကား မှားအုံးမထင်ပါ။

ပြောချင်သည်က သိမ်ဆိုတာ ရဟန်းတော်များ မွေးဘွားပေးရာ သာသနာ့မိခင်ပါ။ သိမ်မရှိလျှင် သမ္မုတိသံဃာ ဖြစ်ပွားလာနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ကျောင်းအလှူဒကာ သိမ်ကျောင်းအလှူသည် အမြတ်ဆုံးဟု သတ်မှတ်ပြောဆိုကြ၏။ သင်္ကန်းအလှူထဲတွင် ကထိန်သင်္ကန်းအလှူသည် အမြတ်ဆုံး၊ ဆွမ်းတကာ့ဆွမ်းတို့တွင် ဆွမ်းခံ၍ရသော ဆွမ်းသည် အမြတ်ဆုံးဟု ဆိုကြ၏။ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ပိဏ္ဍဟု အကျဉ်းမှတ်သားနိုင်ပါသည်။ ပိဏ္ဍဆိုသည်မှာ ပိဏ္ဍပတ်ဆွမ်း(အိမ်စဉ်လှည့်လည်၍ ဆွမ်းခံသောဆွမ်း)ဖြစ်ပါသည်။ ဤတင်အနေဖြင့် ပြောပါက ပိဏ္ဍပါတိကင်္ခ-ပိဏ္ဍပတ်ခံတင် ဖြစ်ပါသည်။ ပတ္တ ပိဏ်ဆွမ်းနှင့် မှားတတ်၏။ ပတ္တိပိဏ်ဆွမ်း ဆိုသည်မှာ သပိတ်ထဲသို့ကျလာတဲ့ အစာအာဟာရကို မရွေးချယ်ဘဲ အားလုံးရောထွေးပြီး စားတဲ့ဆွမ်း ဖြစ်ပါသည်။ ဥပမာ-အရိုး၊ အခွံများ ပါနေပါကလည်း ရွေးထုတ်လွှင့်ပစ်ခြင်း မပြုဘဲ အရိုး၊ အခွံကိုပါ ဝါးစားရပါသည်။ ဤတင်အနေဖြင့် ပြောပါက ပတ္တပိဏ္ဍိကင်္ခ-ပတ္တပိဏ်ခံတင်ဟု ခေါ်ပါသည်။

ပိဏ်-ရှေ့ကပါတဲ့ ပိဏ္ဍပတ်က ဆွမ်းခံစားခြင်း၊ ပိဏ်-နောက်ကပါတဲ့ ပတ္တပိဏ်က သပိတ်ထဲ ဝင်လာသမျှကို မရွေးချယ်ဘဲ အားလုံးရောထွေးစားခြင်း ဖြစ်ပါသည်။ အားလုံးကို ရောထွေးပြီး စားရမည်ဟု ဆိုလို၏။ ပါသမျှ အကုန်လုံးကို မကုန်နိုင် ကုန်နိုင် စားရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ဤကား ရွှဲထွေးတတ်၍ အနည်းငယ်ရှင်းပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ပြောလိုရင်းကတော့ ဆွမ်းခံ၍စားသော ပတ္တပိဏ်ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com

သည် သံယောဇဉ်အနှောင်အဖွဲ့တည်းဟူသော ကိလေသာကင်း၍ ပင့်ဖိတ်လျှုဒါန်းအပ်သော ဆွမ်းတို့ထက် မြတ်၏။ ကထိန်သင်္ကန်းသည်ကား တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ကြိမ်သာ ဖြစ်ပေါ်၍ ရှားပါးပစ္စည်းအနေဖြင့် မြတ်၏။ သိမ်သည်ကား သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ ဘဝအစ၊ သာသနာ့ဝန်ထမ်းများ မွေးဖွားရာ သာသနာ့မိခင်ကြီး ဖြစ်၍ အခြားကျောင်းတို့ထက် မြတ်၏။

သီလသိဒ္ဓိအောင်သိမ်တော်ဆိုတဲ့ ကမ္ဘည်းစာတန်းကို ကြည့်ပြီး စာရေးသူစိတ်ထဲ အဓိပ္ပာယ်ဖွင့်ဆိုနေတုန်း မအိအိခိုင်က အထဲဝင်ပြီး တံမြက်စည်းလှည်းကျင်းခြင်း ကုသိုလ်ယူရင်းပင် ဆရာတော်နှင့်တွေ့ဆုံရန် လှမ်းခေါ်ပြန်ပါသည်။

အတွေးစများရပ်ပြီး သိမ်ထဲ လှမ်းဝင်လိုက်သည်နှင့် ဆရာတော်ကို အဆင်သင့်တွေ့ရ၏။ ပဌာန်းပွဲအတွက် သက်ဝင်လှုပ်ရှားနေတဲ့ ရဟန်းငယ်များလည်း ရှိနေ၏။ ဦးချုပ်ပြီး ထုံးစံအတိုင်း အပြန်အလှန် စကားစမြည်ပြောဖြစ်သွားပါသည်။ ဆရာတော့်တွဲတော်က ဦးသောပါကဋ္ဌ ဖြစ်ပါသည်။ မြို့နယ်ဝိနည်းဓိရ်၊ မြို့နယ်ဝန်ဆောင်၊ ရပ်ကျေးဥက္ကဋ္ဌ၊ မြို့မတိုက်နယ် မဘာသဥက္ကဋ္ဌ၊ ဓမ္မာစရိယဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေလည်း ဝိုင်းရံခနေတဲ့ ဆရာတော်ပါ။ သက်တော်(..)

နှစ်၊ သင်္ကာတော်(..)ဝါ ရှိပေပြီ။ သို့သော် ဤကျောင်း ဤကန်၌ ဤသိမ်တော်ကြီး စတင်အကောင်အထည်ဖော်သည်ကား မကြာသေးပေ။ သိမ်အတွင်း၌ ဥဏ်တော်(၁၈) တောင် တစ်ဗိုက်ရှိ ဘုရားကြီးတစ်ဆူကို လေးတောင်မြင့်တဲ့ ပလ္လင်တော်မှာတင်ပြီး ထိုင်တော်မူအဖြစ် တည်ထားသည်ကိုလည်း ကြည်ညိုစွာဖူးတွေ့ရ၏။ ဘုရားဘွဲ့တော်ကိုတော့ မဟာအတုလာဓိပတိသက္ကမုနိမြတ်စွာဘုရားဟု မှည့်ခေါ်ပူဇော်ထားကြောင်း ဆရာတော် မိန့်ကြား၏။ မှန်ပါဘုရားလို့ လျှောက်ထားရင်း စာရေးသူစိတ်က ပဌာန်းပွဲအလှူခံနိဒ္ဒာန်ဆော်သံကို အာရုံရောက်သွားပါသည်။

စေတနာပေါ်ပေါက်၍ အလှူမြောက်ရန် မိမိအိတ်ကို ပြန့်ဟကြည့်ပြီး ဝတ္ထုငွေသုံးထောင်ကျပ် လှူဒါန်းလိုက်ပါသည်။ စာရေးဆရာတစ်ယောက်ရဲ့ဝင်ငွေ ဆောင်းပါးတစ်ပုဒ်စာထဲက တတ်နိုင်သလောက် လှူလိုက်ခြင်းပါ။ ရန်ကုန်ကလာတဲ့ ညီသည်ဆိုတဲ့ ဂုဏ်ပုဒ်နှင့်သာ တိုင်းတာမည်ဆိုပါက ရယ်စရာဟာသ ဖြစ်သွားဖွယ်ရှိ၏။

မလုံမလဲနှင့် 'အရှင်ဘုရား..တပည့်တော်ရဲ့ အလှူငွေသုံးထောင်ကို အခြားသူငွေးတွေလှူတဲ့ သုံးသိန်းနှင့် တန်းတူမှတ်ပါ အရှင်ဘုရား' လို့ပင် စိတ်ထဲက လျှောက်နေမိပါသည်။

'အစ်ကို..ယောကျ်ားတွေ အပေါ်တက်လို့ ရတယ်၊ အိတ်ဖို့ မိန်းကလေးတွေ တက်လို့မရဘူး' လို့ မအိအိခိုင် လှမ်းပြောတော့မှ ဆရာတော်လည်း သတိရဟန်ဖြင့် 'အေး..ဟုတ်တယ် စာရေးဆရာ၊ အပေါ်တက်ကြည့်လိုက်ပါဦး' ဟု ဆိုလာ၍ ဇရောမလေ့ကားမြင့်ကြီးအတိုင်း တက်သွားလိုက်ရာ ဟာခနဲ စိတ်ထဲဖြစ်သွား၏။

ဓာတ်ပုံများလည်း စိတ်ကြိုက်ရိုက်ယူလိုက်ပါသည်၊ သိမ်နှင့်မတူ၊ ပြာသာဒ်ကြီးနှင့် တူနေတော့၏။ စုလစ်မွမ်းချွန်အထွတ်တပ်သော ပြာသာဒ်ကြီးတွေ။ ပြီးတော့ စေတီပေါင်းများစွာ ဝိုင်းရံတည်ထား၏။ ဥပရိပါဿဒသိမ်ဟုပင် ဆိုလိုက်ချင်ပါ၏။

အပေါ်ကနေ စီးကြည့်လိုက်တော့ သိမ်နောက်မှာရော စေတီသုံး၊ လေးဆူ ဖူးမြင်ရ၏။ တရုတ်တိုင်ကအစ ရှင်ဥပဂုတ္တပါမကျွန် အစုံရှိနေ၏။ အမျှဝေတဲ့ ခေါင်းလောင်းကိုပင် နတ်မင်းကြီးတွေကထမ်းလို့ ကြည့်စရာ ရှုစရာ မှတ်သားစရာ များလှ၏။ ကျောင်းဝင်းနှင့်မတူ၊ ဘုရားဝင်းနှင့်သာ တူတော့၏လို့ပင် စိတ်ထဲ မှတ်ချက်ချနေမိပါ

www.burmeseclassic.com

www.burmeseclassic.com

သီလသိမ်ဖြိုးတောင်သိမ်တော်

ကောင်းနေသူက ပို၍ကောင်းသွားပေမည်။ ဉာဏ်ပညာမထက်သူက ထက်သွားနိုင်၏။ ထက်ပြီးသူများ ပို၍ထက်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် အနိစ္စကို အနဲတလျက် အပျက်မှသည် အဖြစ်ဆီသို့ သခ်ါရဖြင့် ချီစက်လေသောကြောင့်တည်းဟု စာသံပေသံ ခပ်လေးလေးဖြင့် ပြောလိုက်ချင်ပါသည်။ ယုံမှားစရာမရှိပါချေ။

ထို့ကြောင့် ကျောင်းအလှူ၊ အဟောင်းပြုပြင်ခြင်းအလှူ၊ သိမ်အလှူများကို တစ်နေရာတည်း၌ တစ်ပြိုင်တည်း လှူလိုသူများ သက်ရှည်ကျန်းမာ စီးပွားဥစ္စာ တိုးတက်လိုသူများ ကျူပျော်မြို့နားက မှော်သေးရွာ၊ မှော်သေးကျောင်းတိုက်သို့ သွားလိုက်ကြပါဟု တိုက်တွန်းချင်ပါသည်။ အရပ်စကားပြောလျှင် ကြော်ညာဝင်ပါသည်။ စာစကားပြောလျှင် နိဒ္ဒာန်အကျိုးမျှော်၍ နိဂုံးဆော်ပါသည်။

သွားရောက်လှူဒါန်းလိုသူများ၊ မသွားနိုင်သော်လည်း စေတနာပွား၍ လှူလိုအားထက်သန်နေသူများ ဆရာတော်ဖုန်း-၀၉ ၈၅၈ ၃၆၀၂ သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အကျိုးဆောင်စကား ဆိုလိုက်ပါရစေ။

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေဗျား

မောင်ဉာဏ်လင်း(ဓတောင်ကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျှဲကျွန်းက ပုတီးပင်မယ်ပွေးရဲ့ဘုရား

ကိုအေားမြင့်၊ မဟာဝိဇ္ဇာ၊ ခရူး-၁၂

စလင်းမြို့ကနေ ဆင်ဖြူကျွန်းမြို့ဘက်ကို (၈-၅-၁၅) သောကြာနေ့၊ မနက်ရုစ်နာရီလောက်မှာ ကိုယ်တို့ရဲ့ မင်းဘူးခရိုင် သာသနိကအဆောက်အအုံများ လေ့လာရေး ခရီး ဆက်လက်ထွက်ခဲ့ကြပါတယ်။

ကားလမ်းအတိုင်း လာခဲ့တော့ လမ်းတစ်လျှောက်မှာ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့မို့ အညာဒေသနဲ့ မတူအောင်ကို စိမ်းစိမ်းစိုစိုနဲ့ လှလိုက်တာ။ အညာမြေရဲ့ သဘာဝ ပေါက်ပင်တွေဖြစ်တဲ့ တမာ၊ ကုက္ကို၊ ထနောင်းပင်တွေက နွေရာသီမို့ ရွက်နုစိမ်းလေးတွေဝေလို့။ ကြိုကြား,ကြိုကြားကြားညည်းပြီး စိုက်ထည့်ထားတဲ့ စိန်ပန်းနီနီနဲ့ ငုပန်းဝါဝါတွေကလည်း အားဖြည့်ပြီး အလှကူနေကြရဲ့။

သာစည်ရွာက ရင်နှင့်စရာ

မော်တော်ဆိုင်ကယ်တွေအကြား ကားကို သတိထားမောင်းစေခဲ့ပြီး သာစည်ရွာဘုရားဝင်းမှာ ကားရပ်နားလိုက်တယ်။ ကားလမ်းဘေး တမာပင်အုပ်တွေကြားက ကွင်းအစပ်မှာတော့ စက္ကူနဲ့ ချိုးထားတဲ့ ဆေးရောင်စုံ ပြာသာဒ်လေးကို ဝိုင်းဝန်းပြင်ဆင်နေကြတာ တွေ့ရတယ်။ ဘယ်လို ပွဲလမ်းအတွက်ပါလဲလို့ စဉ်းစားနေဆဲမှာပဲ မလှမ်းမကမ်း ကွင်းလယ်မှာတော့ ခပ်မြင့်မြင့် သစ်သားဇရပ်လေး တစ်ဆောင်ရှိပြီး အလောင်းစင်တစ်ခု ပြင်ထားရဲ့။ အလောင်းစင်ရဲ့ အနီးမှာတော့ တောသူအမျိုးသမီး လူလတ်ပိုင်း တစ်ယောက်က ပခုံးပေါ် အညာတာဘက်လေးတင်ပြီး တရှုံ့ရှုံ့ငိုလို့။

သက်တော်(၁၈)နှစ်သားလောက် ကိုရင်လေးတစ်ပါး တစ်ည ရုတ်တရက် ဗိုက်အောင့်ပြီး ဆေးရုံပြဖို့အသွားဆေးရုံအရောက်မှာ ပျံလွန်ခဲ့လို့ ပြန်ပင့်ပြီး ယူလာခဲ့တာတဲ့။ စာလည်းတော်တဲ့ ကိုရင်မို့ စာပြန်ပွဲတွေမှာလည်း ဆုတွေ မကြာခဏ ရထားသတဲ့။

ကိုယ်တို့ အဖွဲ့သားတွေလည်း ထိုရင်လေးကို မမြင်ဖူး မဖူးဘူးဘဲ စာတော်တဲ့ အရွယ်ကောင်းလေးမို့ နှမြောမိရင်း သနားနေကြတယ်။ စိတ်မကောင်းတဲ့ကြားကပဲ ရဲမလေ့ရွာလေ့အတိုင်း စက္ကူပြာသာဒ်ချိုးနေတာကို ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ယူ လိုက်ရတယ်။

အလောင်းပြင်ထားတဲ့ဇရပ်ရဲ့ နောက်မှာတော့ ပြန်လည်ပြုပြင်ထားလို့ ဆေးရောင်စုံလွှင်နေတဲ့ စေတီငယ်တစ်ဆူ တည်ရှိနေပါတယ်။ အတွင်းက မုခ်ပေါက်မှာတော့ ရှေးကျတဲ့ ဆင်းတုငယ်လေး ရှိနေရဲ့။ ဘုရားရဲ့ ဘွဲ့တော်ကတော့ ထုံးစံအတိုင်း မက်လုံးပြ အကျိုးမျှော် ခေတ်ပေါ်နာမည်တစ်ခုမို့ မမှတ်ထားတော့ပါဘူး။

ကားလမ်းရဲ့နံဘေး မလှမ်းမကမ်းမှာပဲ ရှေးဟောင်းစေတီတော်ဝင်းတစ်ခု ရှိနေပြန်လို့ ဝင်ကြည့်ကြသေးတယ်။ အုတ်ဂံတိုင်းမှာ ထူထပ်ထဲထဲကြီးနဲ့ ရှိခဲ့ပေမယ့် အုတ်ချပ်

www.burmeseclassic.com

www.burmeseclassic.com

သာစည်ရွာက ဘုရားဝတ်ရာ

ဘုန်းကြီးကျောင်းအနီးမှာ ပြုပြင်ပြီးသား ရှေးဟောင်း ရှစ်ထောင့်စေတီတော်တစ်ဆူ တွေ့ရလို့ စေတီတော်ရဲ့ အတိုင်း အတာတွေ ယူကြ၊ လေ့လာကြတယ်။

မလှမ်းမကမ်းမှာတော့ အောက်ခြေတွေ ပြိုပျက်စ ပြုနေတဲ့ အလွန်ဗိသုကာလက်ရာကောင်းတဲ့ စေတီတော် မပျက်တပျက် တစ်ဆူလည်း ရှိနေပါသေးတယ်။ စေတီခြေ တော်ရင်း ကပ်လျက်က ခြင်္သေ့သုံးကောင်အနက် တစ် ကောင်က တစ်စစီ လုံးဝဖြစ်သွားပေမယ့် တစ်ကောင်က တော့ လွှာတစ်လစ်လေးနဲ့ ရယ်မောနေတဲ့ ချစ်စရာ ခြင်္သေ့

သာစည်ရွာက အညာဒေသရှေးအလှ

ဆောင်းတွေ ပဲကျနေတာ နေရာ အတော်များနေပေါ့။ အချိန်မီချုပ် အုတ်သက်သာ ဆိုသလို အခု အတော် သိပ်မပျက်စီးခင်တည်းက ပြုပြင်ထိန်းသိမ်းလိုက်ရင် ပြီးလဲတဲ့ အခါ ဖြစ်လာတော့မှာ မဟုတ်ပါ ဘူး ဘုရားဝင်းတံတိုင်းရဲ့ ထောင့် တွေကိုလည်း အုတ်ထူထူနဲ့ဘဲ ထု ထည်ကောင်းကောင်းမှာ ထောင့် ရိုးတွေကို အတွန့်၊ အတွန့်တွေ တွန့် ထားသေးရဲ့။ ရှေးလက်ရာတွေက အုတ်ကို သက်သာအောင် ဖြစ်ခြေကြသလို လက်ရာကိုလည်း ဒီလောက် လွယ်လွယ်မလုပ်တတ် ကြပါဘူး။ တတ်နိုင်သမျှ တန်ဆာဆင်တတ်ကြရဲ့။

ရပ်ထဲက ကြမ်းခင်းတမံတလင်းမှာတော့ တရုတ် အိုးခွဲတွေ တစ်ပုံတစ်ထပ်ကြီး စုဆောင်း နေလုန်းထား တာ တွေ့ရတယ်။ ဒီနယ်တစ်ဝိုက်မှာ စကားပွင့်ခြောက်တွေ ပေါတယ်တာမျိုး ရှိသတဲ့။ ကောင်းပါတယ်၊ ပန်းကြွေတွေ အတော်သေမဖြစ်သလို ရွာသားတွေလည်း မပျင်းရဘူးပေါ့။

မိုးဝန်းကျောင်းတိုက်

အဲဒီကနေ မိုးဝန်းရွာဘက်ကို ဆက်လက်ထွက်လာခဲ့ ကြတယ်။ မိုးဝန်းကျောင်းတိုက်ဆိုတဲ့ ဆိုင်းဘုတ်တွေ့တာမို့ ကားကိုးရပ်စေတယ်။ ခွင့်တောင်း ပြီး ဝင်ကြည့်လိုက်တာနဲ့ မိုးဝန်းကျောင်း တိုက် ဆရာတော်က ဓမ္မကထိက ဆရာတော်ကြီးပီပီ အပြောအဟော ကောင်းကောင်းနဲ့ ဧည့်ခံရတယ်။ ဆိုင်းဘုတ်နဲ့ အတူဝါလာတဲ့ ဓာတ်ပုံ ဆရာတစ်ဖြစ်လဲ ဦးပဉ္စင်းကြီးကို ကြည့် ဆီးချိုဆေးခြောက်တို့တွေ ပေးနေ သေးရဲ့။ ကျောင်းတိုင်တစ်တိုင်မှာ ကတော့ ရွာသားကြီးတစ်ဦး မြန်မာ ဆီ တီးနေပုံ အဖြူအမည်းဓာတ် ပုံ ရှိပါတယ်။ ဂီတာကို ပေါင်ပေါ် တင်ကာ ပက်လက်ထားပြီး တီးနေ တာပါ။

www.burmeseclassic.com

www.burmeseclassic.com

မိုးဝန်းကုန်းတော ဘုရားစေတီများ

မိုးဝန်းကုန်းတော ဘုရားစေတီများ

လေးပါ။ လက်ရာလည်း ကောင်းလှတယ်။ မြေစိုက်စေတီတော်ရဲ့ ပစ္စယာသုံးဆင့်က ထောင့်တွေမှာလည်း ကလသာအိုးတွေ၊ ထောင့်စေတီငယ်တွေ၊ မုခ်ပေါက်တွေနဲ့ တစ်ထပ်တစ်မျိုး. မရိုးရအောင် တန်ဆာဆင်ထားပါတယ်။ ရှေးကလူတွေများ လုပ်နိုင်ကြတယ်လို့ ပြောဖြစ်ကြတယ်။

မိုးဝန်းကျောင်းဝင်းက ပြန်ထွက်ပြီး ကားလမ်းပေါ်ပြန်အတက်မှာ မိုးဝန်းဘူတာသို့ဆိုတဲ့ဆိုင်းဘုတ် တွေ့လိုက်ရတယ်။ ပွင့်ဖြူမြို့မှာလည်း ဘူတာသို့ဆိုတဲ့ဆိုင်းဘုတ် တွေ့ခဲ့ဖူးလို့ ဒီအရပ်ကို ရထားနဲ့ လာလို့ရသလားလို့ ဒေသခံတွေကို မေးကြည့်မိတယ်။ ရထားလမ်း ဖောက်လုပ်ပေးထားပေမယ့် ဘူတာတွေနဲ့ ရွာတွေက ဝေးလွန်းလို့ ရထားရှိရင်လည်း စီးသူ နည်းမှာပဲတဲ့။ အခုကတော့ ရထားလမ်း ဖောက်ပြီးတာ နှစ်အနည်းငယ်ကြာခဲ့ပေမယ့် ရထားခေါင်းတော့ တစ်ခါမှ မတွေ့ရသေးဘူးလို့ သိလိုက်ရတယ်။ ဩော်.. ရထားမရှိတဲ့ ရထားလမ်းတွေပေါ့။ တံခွန်မရှိသော ရထားဟာ လင်မရှိသော မိန်းမလိုပဲ မတင့်တယ်ဘူးလို့ အော့ ရှိတော့ ရထားမရှိသော ရထားလမ်းတွေကလည်း တင့်တယ်ပုံ မလား။

သာဝတ္ထိရွာတော ဝတ္ထုပြဘာဝိရုံးခန့်တဲ့ ရာသားတစ်စု

အဲဒီလို အတွေးတွေပွားရင်း အချိန်ခဏလေး ကားမောင်းလိုက်တာနဲ့ ဆင်ဖြူကျွန်းကို ရောက်ပါရော။

www.burmeseclassic.com

www.burmeseclassic.com

သရက်ပင်ရွာက ဘုရားစေတီများ

ပိတ်ထားတဲ့ ဝင်းတံခါးအထက်မှာတော့ "ပုတီးပင်မယ်မွေး တည်ထားခဲ့သည်" ဆိုတဲ့ မူရင်းအလှူရှင်အမည်ကို အရေးတယူ ချိတ်ဆွဲဖော်ပြထားရဲ့။ ဒီခေတ် ဘုရားစေတီတွေကို ဘက်စုံပြုပြင်ရေးတွေ လုပ်ပြီးတဲ့အခါတိုင်း မူလအလှူဒါယကာအမည် ပျောက်ပြီး နောက်ပေါ် မိုးကျရွေ့ကိုယ် ရွှေကြာပင် အလှူရှင်တွေရဲ့ လှူကြောင်းတန်းကြောင်း စာတန်းတွေသာ မြင်မြင်နေကြရတာမို့ ခုလို ဖော်ပြထားတာကို ကျေးဇူးတင် ဝမ်းမြောက်ရပါတယ်။

သော့ပိတ်ထားတဲ့ မုခ်ဝရှေ့မှာရပ်ရင်း ဘေးဘီကို လေ့

ဆင်ဖြူကျွန်းက ပြည်တော်ပြန် အာရုံခံဘုရားကြီး

ဆင်ဖြူကျွန်းဟာ မြစ်ခဲနီးတဲ့ ပြည်ပြင်လို့ ကုန်းလမ်း၊ ရေလမ်း ကူးခို စည်ကားနေရဲ့။

ဘုရားရဲ့ ခေါင်းတော်ကို ဖြတ်ပြီးနောက် ထိုင်းနိုင်ငံ၊ မယ်ဆိုင်ဘက်မှာ ဦးခေါင်းတော်ကို ရောင်လင့်ဘဲ ပြန်လည်ရှာဖွေတွေ့ ရှိတဲ့ မြန်မာပြည်ကို ပြန်သယ်ဆောင်တော်မူလာပြီး ကိုယ်လုံးတော်မှာ ပြန်တပ်ထားတယ်ဆိုတဲ့ ပြည်တော်ပြန်ဘုရားကိုဖူးဖို့ ကားသမဲကြီးကနေ ဘုရားဝင်ရှိရာ အဝင်ဘက်ကို ချိုးဝင်ခဲ့ကြတယ်။

ပြည်တော်ပြန်ဘုရားက ဆင်ဖြူကျွန်းမြို့၊ သစ္စာမြို့ရပ်၊ ဆောင်း-ဆင်ဖြူကျွန်း ကားလမ်းမကြီးရဲ့ ဘေးကပ်လျက် အနီး ထည်ရှိနေတာပါ။ ခုတော့ ပဉ္စလောဟာ ပြည်တော်ပြန် အာရုံခံဘုရားကြီးလို့ ဘွဲ့မည်ပင် ကိုးနေပေါ့။ ပဉ္စလောဟာ ကို ပြောရပြန်တာကတော့ ဆင်းတုတော်ကြီးကို ရွှေ၊ ငွေ၊ ကြေး(Copper)၊ သံ(Iron) နဲ့ ခဲ(Lead) စတဲ့ သတ္တုငါးမျိုး ဆုံစပ်ပြီး သွန်းလုပ်ထားတာကို တွေ့ရှိလိုက်ရလို့ပါတဲ့။

အလာကောင်းပေမယ့် အခါနောင်းသွားတာက ပြည်တော်ပြန်ဘုရားအဝင် မုခ်ဦးတံခါးကြီးကို သော့ခတ်ပြီး ပိတ်ထားလို့ပဲ ဖြစ်ပါတယ်။ မုခ်ဦးပေါက်ဝ တစ်ဖက်တစ်ချက်မှာလည်း ခြေသုံ့ခပ်ဝေကြီး နှစ်ကောင်က စောင့်ကြပ်လို့ပါ။ မုခ်ဦးထိပ်မှာလည်း နဂါးရဲ့ဘုရားဆင်းတုတော်ကို အခန့်သားတင်ပြီး ဘေးမှာလည်း နတ်သမီးတွေက လက်အုပ်ချီမိုး ကန်တော့ထားပါတယ်။ အဝင်ဧရပ်ရဲ့ နောက်မှာ အာရုံခံအုတ်တန်ဆောင်းကိုလည်း အုတ်ပြာသာဒ်ဘုံငါးဆင့်နဲ့ ထည်ထည်ဝါဝါ မြင်လိုက်ရပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူကျွန်းက
မြွန်တော်ပြန် ကြီးသွန်းဆင်းတုတော်ကြီး

ဆင်ဖြူကျွန်း မြည်တော်ပြန်ဘုရားရှိ ဆင်းတုတော်

လာကြည့်လိုက်တော့ ဘုရားရဲ့ ညာဘက်မှာလည်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဘုရားစေတီ၊ ဓရုပ်၊ တန်ဆောင်းတွေကို တွေ့ရပါတယ်။ ဒီအရပ်က အတော်ကို



ဆင်ဖြူကျွန်း မြည်တော်ပြန်ဘုရားအုပ်ရှိ ဓာတ်ခွံတိုင်

ဘုရားတည်ကြတဲ့ ဓလေ့ရှိသော အရပ်ဒေသပါပဲလို့ အကဲဖြတ်မိပေါ့။

ဂေါပကလူကြီးဆီမှာ သော့အပ်ထားတယ်ဆိုလို့ သူ့အိမ်ရှိရာ ရွှေလဲဝင်းဆန်စက်ကို လိုက်ကြရပြန်တယ်။ အဲဒီမှာလည်း သူက ရှိမနေလို့ အတန်ကြာ စောင့်လိုက်ရသေးတယ်။ ခဏကြာတော့ လူကြီးမင်း ပြန်လာပြီး သူကလည်း သဘောကောင်းလို့ သော့ကိုင်ပြီး ပြည်တော်ပြန်ဘုရားဘက်ကို ကိုယ်တို့နဲ့အတူ တစ်ပါတည်း ပြန်လိုက်လာခဲ့ပါတယ်။ ဘုရားဝင်ပေါက်ရော အတွင်းတန်ဆောင်းကိုပါ သော့တွေအလီလီ ခတ်လို့ပါလား။ သူခိုးပြေးမှ ထိုးကွင်းထလို့ ပြောရမလားပါပဲ။ မြန်မာတွေပီပီ ခုတော့ ဝိရိယတွေ ပိုနေကြပြန်ပေါ့။

ဂေါပကလူကြီးက သော့ဖွင့်ပေးလို့ ဘုရားဝင်းထဲ ဝင်ခွင့်ရကြပါတယ်။ ဘုရားအဝင် ရှေ့ဆုံးတန်ဆောင်းရဲ့ နဖူးစီးမှာတော့ 'အာရဏ်ခံမြတ်စွာဘုရား' 'ပုတီးပင် မယ်မွေး တည်ထားခဲ့သည်'လို့ ရေးထိုးထားတာမို့ စာလုံးပေါင်းတွေက အာရုံခံနဲ့ အာရဏ်ခံလို့ နှစ်မျိုးဖြစ်နေတာ တွေ့ရပါတယ်။ တစ်နေရာ ဆိုင်းဘုတ်တစ်ခုကို တစ်မျိုးပါပဲ။

လွန်ခဲ့ ဖြတ်ခိုးသွားတဲ့ ကြေးဆင်းတုတော်ရဲ့ ခေါင်းတော်အပြတ်ကြီးကို ပြန်လည်ယူဆောင်လာပုံ ကပါဆင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြည်တော်ပြန်ဘုရားဖြူမြင့်ပုံ



ပြည်တော်ပြန်ဘုရားဖြူမြင့်ပုံ

အတွေကို ဗိနိုင်းတွေထုတ်ပြီး ဘုရားဆောင်အဝင်ဓရပ်ရဲ့ အတွင်းနဖူးစီးက ပြဿထားရဲ့။ ဘုရားလူကြီးက အဲဒီတုန်းက ထုတ်ဝေတဲ့ လက်မှတ်စာစောင်လေးကို ပြပေမယ့် ကူးခွင့်တည်း ရှိလို့ပါဆိုလို့ အားနာစွာနဲ့ မတောင်းတော့ဘဲ ဓာတ်ပုံပဲ ရိုက်ယူလိုက်ရပါတယ်။ ပဋ္ဌလောဘ ပြည်တော်ပြန် အာရုံခံမြတ်စွာဘုရားကြီး ဘက်စုံပြုပြင်ရေး နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အံလို့ ခေါင်းစီးတပ်ထားရဲ့။

ဘုရားရဲ့ အုတ်ပြဿဒ်ဆောင် ဂန္ဓကုဋိတိုက်အတွင်းတော့ ပြည်တော်ပြန်ကြေးဆင်းတုတော်ကြီး စံပယ်တော်ရှိနေရဲ့။ မျက်နှာတော် ကြည်လင်သာယာစွာနဲ့ နှုတ်ခမ်းတော်ဟာ ချွဲတပွင့် ပြုံးယောင်သန်းနေတဲ့ ဘုံဓဿမုခြာဟန် ကြေးဆင်းတုတော်ကြီးဖြစ်ပြီး ဉာဏ်တော်အမြင့် (၆)ပေနဲ့ (၁၁)လက်မ ရှိပါတယ်။

ကြေးဆင်းတုတော်ကြီး နောက်ဘက်နဲ့ ဘေးဘက် ဂန္ဓကုဋိတိုက်သံမှာတော့ တိုလီထွာလီပစ္စည်းတွေ ပွပ်ပွနေရဲ့။ ဒါဟာ ကိုယ်တို့ မြန်မာ့ဘုရားကျောင်းကန်တွေရဲ့ ဒီဇိုင်းပါပဲ။ ထိုင်းနိုင်ငံကို ရောက်တုန်းကတော့ အများစုသော ဘုရားဆောင်၊ ဘုရားခန်းတွေဟာ အတော်သပ်ရပ် သန့်ရှင်းလှပပြီး ပန်းအလှတွေ ဆင်ယင်ထားတာ တွေ့ခဲ့ရဖူးပါရဲ့။ ခု ပြည်တော်ပြန်ဆင်းတုတော်ကြီးရဲ့ လက်ယာဘက် နောက်နားမှာတော့ တရုတ်ရေနွေး

ပြည်တော်ပြန်[illegible]ခေါင်းတော်ကို ပြန်လည်ဆယ်ယူလာစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူကျွန်းက ဘုရားဖစတီတော်များ

guage for Middle schools) ဆိုတဲ့ (၁၉၂၃)ခုနှစ်မှာ (Rangoon British Burma Press) က ထုတ်ဝေခဲ့တဲ့ ရှားပါးလှသော စာအုပ်အပါအဝင် စာအုပ်ဟောင်းတစ်ပုံကလည်း ဖရိုဖရဲ ပြန့်ကြဲလို့ ဂျာနယ်တွေ၊ စာရွက်တွေကလည်း လွင့်ပျံလို့ပါ။ အင်း...ပူရွှန်နေတဲ့ ဒီလို နွေရာသီဥတုမှာ မီးသင့်ချင်စရာပါပဲလား။ ဦးခေါင်းတော်ဖြတ်ပြီး နိုးသွားတဲ့ကိစ္စကို ပြန်ရှာတွေ့လို့ ဖြေရှင်းနိုင်ခဲ့ပေမယ့် မီးလောင်သွားခဲ့ရင်တော့လို့ ဂေါပကလူကြီးကို သတိပေးပြောပြတော့ ဟုတ်ပါ့ဗျာ၊ သတိထားရမှာပေါ့လို့ ပြောရာပါတယ်။

ပြည်တော်ပြန်ဘုရားက အပြန်မှာတော့ မွန်းလွဲနေပြီ။ နေ့လယ်မှာ စလင်းမြို့က တည်းခိုအိမ်ကို ခဏပြန်နားကြတယ်။ တည်းခိုအိမ်မှာ နားနေတုန်း လက်ကမ်းစာစောင်လေးကို ရိုက်လာတဲ့ ဓာတ်ပုံမှာ ပြန်ဖတ်ကြည့်မိတယ်။

ဘုရားဒါယိကာမ ပုတီးပင်မယ်ပွေး

ပြည်တော်ပြန် အာရုံခံဘုရားကြီးရဲ့ ဘုရားဒါယိကာမကြီးဟာ၊ 'ပုတီးပင်မယ်ပွေး' ဖြစ်ပါတယ်။ မယ်ပွေးရဲ့ ဇာတိ ပုတီးပင်ကုန်းရွာကတော့ အခုအခါမှာ ရွာပျက်ကြီးဖြစ်နေပြီး ရွာပျက်ကုန်းလို့ ဒေသခံများက ခေါ်ကြရဲ့။ မယ်ပွေး ငယ်စဉ်က မိဘများဟာ အလွန်ဆင်းရဲလို့ တောင်ယာလုပ်ငန်း၊ လယ်လုပ်ငန်းနဲ့ ထန်းလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ကြရပါတယ်။ မယ်ပွေးလေး ပုခက်တွင်းအရွယ်မှာ မိဘတွေက လယ်ထွန်ရာ တစ်ဒေကခွဲလောက်ရှိတဲ့ လယ်တောကို ခေါ်ဆောင်လာခဲ့ကြပြီး အခုအရပ်အခေါ် ပဲလှော်ဖို လယ်ထိပ်က ပုတီးပင်မှာ အဝတ်ပုခက်နဲ့ ချိတ်ဆွဲပြီး သိပ်ထားတတ်ကြပါတယ်။

ရှေးလူကြီးတွေ ပြောခဲ့တဲ့ သမိုင်းကြောင်းအရ တစ်နေ့တော့ မိဘများ လယ်နားချိန်မှာ ပုတီးပင်ကြီးအောက်နားကို လာနားရင်း ကြည့်လိုက်တော့ ပုခက်တွင်းက ကလေးအပေါ်မှာ မြွေပွေးတစ်ကောင် ခွေနေတာ တွေ့လိုက်ကြသတဲ့။ မြွေပွေးက ကလေးငယ်ကို ဘယ်လိုမှ အန္တရာယ်မပြုပေမယ့် ကလေးကိုတော့ အဝတ်ပုခက်အောက်ကနေ တံခွန်

(၁၉၂၃)ခုနှစ်က ပြန်မာသဒ္ဒါတော်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖြူကျွန်းကနဦးခရေးရယ်ဆို

ထုတ်ယူခဲ့ကြပါတယ်။ အဲဒါကြောင့်လည်း ကလေးငယ်ဟာ မယ်ပွေးလို့ အမည်သညာ ပေးသွားပါတော့တယ်။

ယေ်ပွေးအရွယ် ရောက်လာတော့ ပဲလော်ဖိုလယ်ရဲ့ အရှေ့ဘောင်ဆောင့်အရပ်မှာ လယ်ထွန်တဲ့ ဥစ္စာကိုတွေ ရခဲ့တယ်။ ရလာတဲ့ ဥစ္စာကိုတွေကို မယ်ပွေးက နေပြည်တော်ရှိ ဘုရင့်ထံ အပ်နှံပါတယ်။ ဘိုးတော်ဘုရားလက်ထက်ကို ယူဆကြရဲ့။ ရှင်ဘုရင်ကလည်း သူ့ဆိုက်လို့ သူရတဲ့ပစ္စည်းမို့ သိမ်းမယူဘူးရယ်လို့ မယ်ပွေးကို ငွေတွေ ပြန်လည်ဆုချပြီး သူကြွယ်ဘွဲ့ ပေးအပ်ပါတယ်။

ယေ်ပွေးလည်း အဲဒီငွေထည်ပစ္စည်းတွေကို ထုခွဲရောင်းချီတဲ့ အသပြာတွေနဲ့ အခုမြင်တွေ့ရတဲ့ အာရုံခံဘုရားဆူအပါအဝင် ဘုရားတွေ တည်ခဲ့တယ်။ အလှူပစ္စည်းအနေနဲ့ အခုလို အလွန်သန့်ရှင်းတာကြောင့် ဘုရားဟာလည်း အလွန်တန်ခိုးကြီးခဲ့ပါတယ်။ ရောင်ခြည်တော်လွှတ်တာလည်း တွေ့ခဲ့ရတယ်လို့ ရှာသူရှာသားတွေက ပြောကြတယ်။

နှစ်ကာလတွေ ကြာညောင်းလာတော့ အကြောင်းအမျိုးမျိုးကြောင့် ဘုရားကြီးဟာ ပြုပြင်ကိုးကွယ်မယ့်သူ မရှိတော့ခဲ့ပြီး တဖြည်းဖြည်း ချုံနွယ်ပိတ်မေါင်းတွေ ဖုံးအုပ်ကာ ပျက်စီးယိုယွင်းလာခဲ့ပါတယ်။ အဲဒါကြောင့် ဆင်ဖြူသစ္စာမြို့ရပ်ကွက်က အလှူရှင်တွေ၊ ရွာသစ်ကြီးနဲ့ နီးစပ်ရာရွာတွေက စေတနာရှင်တွေ၊ အမှတ် (၁၅) ထွန်စက်စခန်းနဲ့ သစ်ထုတ်လုပ်ရေးဌာနက အရာထမ်း အမှုထမ်းတွေ ဝိုင်းဝန်းကုသိုလ်ပြုကာ ဘုရားကြီးကို ပြုပြင်ခဲ့ကြတယ်။

အဲဒီလို ဘုရားကြီးပြုပြင်နေစဉ်အတွင်း (၁၉၉၄)ခုနှစ်၊ မတ်လ (၄)ရက်နေ့မှာတော့ မသမာသူတွေက ကြေးဆင်းတုတော်ကြီးရဲ့ ဦးခေါင်းတော်ကို ဖြတ်ယူခိုးသွားကြပါတော့တယ်။ ဦးခေါင်းတော်ကြီးဟာ တစ်ဖက် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ကို ရောက်ရှိသွားပြီးမှ နှစ်နိုင်ငံအစိုးရများ ညှိနှိုင်းကာ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနသို့ တစ်နှစ်နီးပါးအကြာ (၁၈-၅-၉၅)နေ့မှာ ပြန်လည်ပေးပို့ခဲ့ပါတယ်။ အဲဒီနောက် (၂၅-၉-၉၅)နေ့မှာတော့ ဦးခေါင်းတော်ကြီးဟာ မူလကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်တော်အတွင်းရှိ ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့တယ်။

ဆင်းတုတော်ကြီးရဲ့ ကမ္ဘီရဆန်တဲ့ ထူးခြားချက်များ

အဲဒီကစပြီး ဘက်စုံပြုပြင်မွမ်းမံရေးများ လုပ်ကာ ဘုရားကြီးကို အဲဒီအချိန်က ကာလတန်ဖိုး ကျပ်သိန်း(၃၀)

ဆင်ဖြူကျွန်းရှင်ပြုပွဲ

www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖြူကျွန်းကုန်ရင်ဇလား

လောက် လှုဒါန်းနိုင်ခဲ့ကြပါတယ်။ ပြည်တော်ပြန်ဘုရားကြီးရဲ့ ထူးခြားချက်တွေကတော့ ဦးခေါင်းတော် သက်သက်ဟာ အလေးချိန်(၄၅) ဝိဿာခန့် ရှိတယ်။ ဆင်းတုတော်ကြီးကို ငွေသားသတ္တုအပါအဝင် ပဉ္စလောဟာ ခေါ် ရွှေ၊ ငွေ၊ ကြေး၊ သံနဲ့ ခဲ စတဲ့ ရတနာငါးမျိုးနဲ့ သွန်းလုပ်ထားကြောင်း ရှေးဟောင်းသုတေသနဌာနက မှတ်ချက်ပြုထားပါသတဲ့။ အကျင့်သီလကောင်းပြီး သမာဓိလုပ်ငန်းများ လုပ်ကိုင်နေတဲ့ ဂန္ဓိရပညာရှင်များဟာ ဘုရားကြီးကို မရောက်ဖူးကြပေမယ့်လည်း ဒီနေရာမှာ ရှိနေတယ်ဆိုတာ အလိုလိုသိနေကြသတဲ့။ ဂန္ဓိရပညာရှင်တစ်ဦးကတော့ ဆင်းတုတော်ကြီးရဲ့ လက်ဝဲဘက် လက်တော်ထဲမှာ ပါရှိနေတဲ့ ဓာတ်သားဆေးတောင့်ကို လိုသလို ဉာဏ်ရှိသမျှ သုံးနိုင်ပြီး ရောဂါဘယများလည်း ပျောက်ကင်းနိုင်တယ်လို့ ပြောကြောင်းလည်း လက်ကမ်းစာရွက်မှာ ဖော်ပြထားရဲ့။

ဆက်လက်ပြီး ဆင်းတုတော်ဟာ ပန်းလေးမြို့က မဟာမြတ်မုနိဘုရားကြီးသမိုင်းနဲ့ ဆက်စပ်နေပုံနှိုင်းယှဉ်ဆနေကြတယ်လို့ ဆိုပြန်ရဲ့။ သက္ကရာဇ်(၈၉၉)ခုနှစ် ရခိုင်ဘုရင် မင်းဘင်မှ မဟာမြတ်မုနိပုံတော်ရုပ်ပွားတော်များ ကြေးသွန်းထုလုပ်ပြီး နိုင်ငံအနှံ့ ပူဇော်စေတယ်။ ပိုလျှံတဲ့ သတ္တုရတနာတွေကို ညီတော်ဘုရားများ ဆက်လက်သွန်းလောင်းတော်မူခဲ့တယ်။ မဟာမြတ်မုနိဘုရားကြီးကို ဘိုးတော်ဘုရားရဲ့သားတော် အိမ်ရှေ့မင်းသား မဟာသီဟသူရက ပင့်ဆောင်တော်မူလာရာမှာ ညီတော်ဘုရားများကိုပါ တစ်ပါတည်း ပင့်ဆောင်လာကြောင်း သမိုင်းကျမ်းအစောင်စောင်မှာ အထောက်အထားရှိတယ်လို့လည်း ဆိုရဲ့။ အဲဒီ ညီတော်ဘုရားတွေထဲက တစ်ဆူဟာ ဒီကြေးသွန်းဘုရားကြီး ဖြစ်နိုင်ပါတယ်။ သမိုင်းသုတေသီများ ဆက်လက်သုတေသနပြုလုပ်ပေးကြပါလို့လည်း လက်ကမ်းစာရွက်မှာ တောင်းဆိုထားပြန်ပါတယ်။

ဒါ့အပြင် အဂ္ဂမဟာပဏ္ဍိတ ပန်းတနော်ဆရာတော်ကြီးရဲ့ နှုံးဆော်သတိပေးချက်ကိုလည်း ဖော်ပြပေးထားပါတယ်။ "ငါးပါးသီလ၊ လှုဒါန်းနှုန့်၊ နိစ္စမကွာ၊ မြဲစေရာ၏၊ ရွေးကက်ဟောင်း၊ ကျိုးပေးနှောင်း၍၊ မကောင်းတစ်ဖန် လောကဓံအလျောက်၊ ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊ တရားမြဲလေ့" ပါတဲ့။

ဘုရားဂန္ဓကုဋိတိုက်ထဲမှာပဲ ဆင်ဖြူကျွန်းမြို့နယ်အသင်းရဲ့ ပြက္ခဒိန်တွေ ချိတ်ဆွဲထားတာ တွေ့ရပါတယ်။ ဆင်ဖြူကျွန်းက ဘုရားကျောင်းတန်တွေ၊ ရှင်လောင်းလှည့်ပုံ မြင်ကွင်းတွေနဲ့ နံရံဆေးရေးပန်းချီပုံတွေကို မှတ်တမ်းတင်ရိုက်ကူးထားတဲ့ လက်ရာကောင်းလှတဲ့ ဓာတ်ပုံတွေ ဝေဆာဆာနဲ့ အတော့်ကို ကြည်နူးစရာကောင်းလှပါတယ်။

အဲဒီနောက်မှာတော့ ဆင်ဖြူကျွန်း၊ ပြည်တော်ပြန် အရှံ့ခံဘုရားကြီးကနေ ပြန်လည်ထွက်ခွာကာ စလင်းမြို့သို့ ပြန်ခဲ့ကြပါတယ်။

ညနေမစောင်းခင်မှာတော့ နေပူရှိန်လျော့သွားပြီဖြစ်လေ့လာရေးပြန်ထွက်ကြတယ်။ စလင်းမြို့ထဲက ရတနာမဏ္ဍိဘုရားရဲ့ စာသင်တိုက်နဲ့ ကျောင်းတွေ၊ လက်ပံပင်ကျောင်းတိုက် သစ်သားစာသင်တိုက်ကျောင်းတွေကိုသွားပြီး ကျောင်းထိုင်ဆရာတော်ကို ဖူးကြပါတယ်။ ရတနာမဏ္ဍိဘုရားရဲ့ နောက်ဘက်ကနေ ပြန်ထွက်လိုက်တော့ ဦးဥတ္တမခံတပ်တည်ရာ ကျောင်းဘက်ကို ပြန်ပေါက်တယ်။ အညာနွေရဲ့ ပူပြင်းလှတဲ့ အပူချိန်ဟာ လေ့လာစူးစမ်းလိုစိတ်ကို ဘယ်လိုမှ မဟန့်တားနိုင်ခဲ့ပါဘူး။

ကိုအေားမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သုတ)

စာကိုး

ပဉ္စလောဟာ ပြည်တော်ပြန် အရှံ့ခံမြတ်စွာဘုရားကြီး လက်ကမ်းစာစောင်။

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆၄YR၀၄၇၂၂

မြတ်ပန်းပွင့်

ကလေးအေဖကရစ်အားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရန် စိတ်ရှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေရန် အစာကြေလွယ်ခြင်း
နှစ်မြှုပ်စွာအိပ်ပျော်စေရန် ပွဲ့ပြုကြီးထွားမှုကိုဖြစ်စေခြင်း
ဗျာတ်လတ်တက်ကြွရန် ထူးခွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆၄YR၀၄၇၂၁

မြတ်ပန်းပွင့်

သွေတိုး နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီပုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ ပျက်စီးအာမခံခြင်း၊ ဆီးချို-သွေးချိုမြင့်ခြင်း၊
ဝီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးဖွဲ့စကောင်းတစ်လက်မြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆၄YR၀၄၇၂၄

ဧရာဘွား

အကြောပြေလိမ်းဆေး

အဆစ်အပြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောတွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက ဖိဓလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှာနာ့ဝတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြို့နယ်ပွဲဝင်ဆေးတိုက်၊ အမှတ် (၈၃)၊ ၃၀ရပ်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆

www.burmeseclassic.com

www.burmeseclassic.com

အရှေ့ပြက္ခရွေတောင် ချမ်းမြေ့ပါရမီတောရတွင်
မြင့်မြတ်ဖြူစင်သော ရဟန်းဘဝ
တစ်ခဏ ရောက်ခဲ့ရ

အာကာသ(သာစည်)



ရှင်ပြုပွဲပါရမီတောရကျောင်းတော်

www.burmeseclassic.com

ထေရဝါဒစစ်စစ် ရဟန်းတစ်ပါး ဖြစ်ဖို့ဆိုတာက တကယ်တော့ မလွယ်လှပါဘူး။ အထူးသဖြင့် မြင့်မြတ်ဖြူစင်သော ရဟန်းတစ်ပါးဖြစ်ဖို့ ပိုပြီးခက်ပါသေးတယ်။ ဒါကြောင့်လည်း သုံးလေးကထွတ်ထား သမ္မညတမြတ်ဘုရားက ဝေနေယျအများ သိစေဖို့အတွက် ရခဲခြင်းငါးပါးကို ဟောကြားထားခဲ့တာ ဖြစ်ပါတယ်။

လူရဲ့အဖြစ်၊ ရဟန်းအဖြစ်၊ သဒ္ဓါတရားရှိသူအဖြစ်၊ သာသနာနဲ့ ကြုံတွေ့ရသူအဖြစ်၊ သူတော်ကောင်းတရားနာကြားရသူအဖြစ်ဆိုပြီး ရခဲခြင်းငါးပါး ဖြစ်ပါတယ်။ ကောင်း၊ဆိုးနှစ်တန် ပိုင်းခြားဝေဖန်နိုင်တဲ့ လူရဲ့အဖြစ်ရဖို့က ပိုပြီးတော့ အရေးကြီးပါလိမ့်မယ်။

သုံးဆယ့်တစ်ဘုံအနက်က ကာမသုကတိဘုံဖြစ်တဲ့ နတ်ဘုံ၊ လူ့ဘုံ၊ အပါယ်ဘုံဆိုပြီး ရှိတာပါ။ ဒီဘုံသုံးခုထဲက နတ်ဘုံနဲ့ အပါယ်ဘုံဟာ ချမ်းသာစစ်စစ်၊ ဆင်းရဲစစ်စစ်ဘုံတွေဖြစ်လို့ ကုသိုလ်လုပ်ဖို့ အခွင့်အရေးနည်းပါးကြပါတယ်။ လူ့ဘုံတစ်ခုတည်းကသာ ဆင်းရဲချမ်းသာ ဒွန်တွဲနေတာဖြစ်လို့ အောက်ပြန်ပြီး ဆင်းသွားအောင် လုပ်လို့ရသလို အထက်တက်အောင်လည်း ကြိုးစားလို့ရပါတယ်။

စာရေးသူဟာ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ပီပီ ကံရဲ့အရာကို ယုံကြည်သူပါ။ အတိတ်ကံကောင်းခဲ့သူလို့

www.burmeseclassic.com

ဇုန်းမြို့ပါရဝိတောရ အရှေ့ပြကွရွေတောင်တော်

ရှိပါတယ်။ ပဌာန်းပွဲကို ကြွကြွမယ့် သံဃာတော်(၆)ပါးနဲ့ အတူ ပြကွရွေတောင် ချမ်းမြေ့ပါရမီတောရကို စာရေးသူ လိုက်ဖြစ်ခဲ့ပါတယ်။

ပြကွရွေတောင်က မြစ်သားမြို့နယ်၊ ကူမဲမြို့တောင်ဘက်မှာရှိပြီးတော့ အရှေ့ဘက်တောင်နဲ့ အနောက်ဘက်တောင်ဆိုပြီး တောင်နှစ်လုံးရှိတာပါ။ အရှေ့ဘက်ကတောင်ကိုတက်ရင် တောင်(၁၂)လုံးကျော်မှ ရောက်နိုင်ပြီး အမြင့် (၃၅၅၉)ပေ မြင့်ပါတယ်။ အနောက်ဘက်တောင်ကတော့ အမြင့်(၃၇၃၄)ပေရှိပြီး တောင်(၉)လုံးကျော်မှ ရောက်ပါ

ချမ်းမြေ့ပါရမီတောရ ဟစ်တော်မူဆရာဝတ် သီတင်းသုံးတော်မူသော တစ်ပါးစနေကျောင်း

ဘုရားဖြစ်ဆိုတာ သိပ်မှန်ပါတယ်။

ဘာပဲဖြစ်ဖြစ် အထုပါရမီလေးရဖို့ အမြဲဝတ်ရဟန်းဆုတောင်း ဒုလ္လဘရဟန်းတော့ ဝတ်ဖြစ်အောင်ဝတ်မယ်ဆို သန္နိဋ္ဌာန်ချထားခဲ့ပါတယ်။

(၁၃၇၄)ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်နေ့မှာတော့ ချမ်းမြေ့ပါရမီတောရ ဟစ်တော်မူ ဆရာတော်ဘုရားကို စာရေးသူ အိမ်ပင့်ပြီး နေ့ဆွမ်း ကပ်လှူပါတယ်။ ဆရာတော်ကြီးတောင်ခြေလှည်းခဲက လေးစီးကြာတက်မှ ရောက်နိုင်တဲ့ အရှေ့ပြကွရွေတောင်မှာ ချမ်းမြေ့ပါရမီတောရ အမည်နဲ့ တောရဆောက်တည်ပြီး သီတင်းသုံးနေတာပါ။

ပဌာန်းဆက်လို့ပဲ ပြောရအောင် မသိပါဘူး။ (၁၃၇၅)ခုနှစ်၊ ဆုန်လပြည့်ကျော် (၁၀)ရက်နေ့၊ (၃)ကြိမ်မြောက် ပဌာန်း ပွဲကို အရှေ့ပြကွရွေတောင်မှာ ကျင်းပဖို့

www.burmeseclassic.com

www.burmeseclassic.com

ရာဇာန်တော်များ၏ ရွှေမှာက်တွင် သိပ်ဝင်ဒုဇသာတရော်သူ

တယ်။

အမှန်တော့ ပြက္ခရွေတောင်ဟာ သမိုင်းဝင်နေရာမြတ်ပါ။ အနော်ရထာမင်း လက်ထက်တော်က သီဟိုဠ်က ပင့်ဆောင်လာတဲ့ စွယ်တော်မွှားကို အဓိဋ္ဌာန်ရာက စွယ်တော်ငါးဆူ ရရှိခဲ့ပါတယ်။ ဒီစွယ်တော်မြတ်တွေကို ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီနဲ့ တူရွှင်းတောင်စေတီတို့မှာ တစ်ဆူစီ ဌာပနာပြီး ဘုရားတည်ခဲ့တာပါ။ ကျန်တစ်ဆူကိုတော့ အနောက်ဘက်က ပြက္ခရွေတောင်ပေါ်မှာ သက္ကရာဇ်(၃၉၅)ခုနှစ်က ဌာပနာသွင်းစေတီတည်ထားခြင်း ပြုခဲ့ပါတယ်။

စွယ်တော်မြတ် ငါးဆူမြောက် တည်ထားတော်မူတဲ့ ပြက္ခရွေတောင်ထိပ်ပေါ်က စေတီမြတ်နေရာဟာ မြန်မာပြည်ရဲ့ အလယ်ဗဟိုတည့်တည့်ပါပဲ။ ဆင်ဖြူတော် ကနဦးတက်ရာ အရှေ့ဘက်ပြက္ခရွေတောင်တော်ထိပ်မှာလည်း စေတီတော်တစ်ဆူ တည်ထားပါသေးတယ်။ တောင်ထိပ်ဘုရား ရင်ပြင်တော်ပေါ်ကကြည့်ရင် အနောက်ဘက်တောင် စေတီတော်ကို ဖူးမြော်ကြည်ညိုရသလို အရှေ့ဘက်ကို ကြည့်ရင်လည်း တွန့်လိမ်ကောက်ကွေးနေတဲ့ မြေကြီးတစ်ကောင်လို ပန်းလောင်မြစ်ကြီးကို မြင်ရပါတယ်။

ဘုရားရှင် နစ္စဉ်က ဥဒေါင်းမင်းဘဝနဲ့နေခဲ့တဲ့ နေရာမြတ်ဖြစ်ခဲ့တာမို့ ပါးစပ်ရာဇဝင်သမိုင်းတွင်နေတဲ့နေရာတွေ အများကြီးပါပဲ။

ဟစ်တော်မူတောရဆရာတော် ဘဒ္ဒန္တဉာဏာစာရ သီတင်းသုံးတော်မူတဲ့ ချမ်းမြေ့ပါရမီတောရဟာ အရှေ့ပြက္ခရွေတောင်အောက်ဘက် ဆင်ခြေလျှောတောင်ပြန့်ကမူလေးပေါ်မှာပါ။ အရှေ့ဘက်တောင်နဲ့ အနောက်ဘက်တောင်ရဲ့ ကြားထဲမှာ ဖြစ်ပါတယ်။

ဆရာတော်က (၁၃၅၇)ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်နေ့မှာ ဓမ်းတွင်းမြို့နယ်၊ ကြွယ်ကန်ရွာ ဟစ်တော်မူတောင်မှာ ကနဦး တောထွက်လာပြီး သီတင်းသုံးပါတယ်။ ဟစ်တော်မူမှာ (၉)နှစ်ခန့် သာသနာပြုပြီးမှ ဒီပြက္ခရွေတောင်ကို (၁၃၆၇)ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်နေ့မှာ ပြောင်းရွှေ့ရောက်ရှိလာခဲ့တာပါ။

ဘဒ္ဒန္တဉာဏာစာရ ဟစ်တော်မူကြီးဦးလေးမောင်ဘိုးဆုတော်ဘုရား

ဆရာတော် ကြွလာပြီး ဒီတောင်ပေါ်မှာ ဓကစာရီ တစ်ပါးတည်း တရားအားထုတ်ရာက ပစ္စည်းလေးပါး၊ ဒါယကာတွေ ပေါပေါက်လာကာ ဘုရား၊ သိမ်၊ ကျောင်း သာသနိကအဆောက်အအုံပေါင်းများစွာ ဖြစ်ပေါ်လာပါတယ်။ တိတ်ဆိတ်ငြိမ်သက်ပြက္ခရွေတောင်တောနက်ကြီးမှ ချမ်းမြေ့ပါရမီတောရကျောင်း ကလေးပါပဲ။

ကွမ်းသီးကြိုက် တောင်ငူပို့သလို

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းဖြစ်ချိန် သိပ်ငယ်ခဲ့

တယ်။ ရဟန်းဝိနည်း ဥပဒေကြီးကား အကျဉ်းအားဖြင့် (၂၂၇)သွယ်ရှိပြီးတော့ အကျယ်ဆိုရင် ကုဋေကိုးထောင် ကျော်အထိ များပြားလှပါတယ်။

အရှေ့ပြက္ခရွေတောင်စေတီ (၁၃)ကြိမ်မြောက် မဟာပဋ္ဌာန်းပွဲကို (၁၃၇၅)ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀)ရက်နေ့၊ မနက်(၈)နာရီမှာ သံဃာတော်အပေါင်း(၆၀)နဲ့ စတင်ဖွင့်တာပါ။ ပဋ္ဌာန်းပွဲကို ကြွတော်မူလာတဲ့ သံဃာများထဲက သက်တော်(၃၀)ဝန်းကျင်သာရှိဦးမယ့် ဦးပဉ္စင်းလေးတစ်ပါးနဲ့ စကားလျှောက်ထား ပြောကြားဖြစ်ပါတယ်။ သူသိတင်းသုံးရာ တောင်ကုန်းကြီးကို လက်ညှိုးထိုးပြတော့ တောင်ဘက်မှာ မြင်းပျဖျမြင်နေရတဲ့ တောင်ကြောကြီးပါ။ တစ်ပါးတည်းလေး သီတင်းသုံးနေတာဖြစ်လို့ သနားနေမိပါတယ်။

'ဦးပဉ္စင်း..ဆွမ်း,ကွမ်းတော့ ဘယ်လိုလုပ်တုန်းဘုရား'

'အခုမြင်နေရတဲ့ တောင်မကြီးရဲ့ဟိုဘက်မှာ အမြဲနေထိုင်လာလုပ်တဲ့ သုံး,လေးတဲလောက်ရှိတယ်။ အဲဒီသွားခံရတာပေါ့ ဒကာကြီး'

'ဦးပဉ္စင်းတစ်ပါးတည်း သီတင်းသုံးနေရတာ ဆိတ်တင်းသုံးဖော်လေး တစ်ပါးပါးလောက်ရှိရင် သိပ်မကောင်း

ရေးသူလည်း ချမ်းမြေ့ပါရမီတောရကို ရောက်ကတည်းက အေးချမ်းဆိတ်ငြိမ်လှတဲ့ ဒီနေရာကို သဘောကျနေမိပါတယ်။ ဒါနဲ့ အတူလာကြတဲ့ထဲက သာဂရမြို့မကျောင်းဆရာတော် ဦးနန္ဒောဘာသ(သာသနဓဇ ဓမ္မာစရိယ)ကို ရေးသူ ရဟန်းဝတ်ချင်ကြောင်း လျှောက်ပါတယ်။

ကြွယ်ကန်ဆရာတော် ဦးပဏ္ဍိကတစ်ဆင့် ချမ်းမြေ့ပါရမီတောရ ဆရာတော်ကြီးကို လျှောက်ထားတော့ လိုလို ချင်ချင် လက်ခံလို့ ဝမ်းသာမဆုံးအောင်ပါပဲ။

တို့တိုပဲ ပြောကြပါစို့။ (၁၃၅၇)ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်၊ သောကြာနေ့၊ ညနေ(၄)နာရီ (၄၅)မိနစ်မှာ ရောင်အာစိဏ္ဏ ဘွဲ့တော်နဲ့ စာရေးသူ ရဟန်းဘဝရောက်ခဲ့ပါတော့တယ်။ ချမ်းမြေ့ပါရမီတောရ ဟစ်တော်မူဆရာတော်ဘုရားကြီးက ပရိက္ခရာရှစ်ပါး၊ ရဟန်းအသုံးအဆောင်များကို စွန့်ပြီးတော့ ဥပဇ္ဈာယ်ဆရာတော် ပြုပေးခဲ့တာပါ။

ချူတတ်မှကျ ယူတတ်မှရတဲ့။ ပဋ္ဌာန်းပွဲကို အကြောင်းပြုပြီး သံဃာတော်ဆုံညီခိုက်မှာ အဆောတလျင် စီစဉ်လိုက်တာပါ။ သမိုင်းဝင်နေရာမြတ်ဖြစ်တဲ့ ပြက္ခရွေတောင် ချမ်းမြေ့ပါရမီတောရမှာ မြင့်မြတ်ဖြူစင်တဲ့ ရဟန်းဘဝ ရရှိခဲ့တော့တာပါပဲ။

ခင်ကြီးတောထွက် အပြောခက်လို့ပဲ ပြောလေမလားပေါ့။ သက်နိုးသာ ဝတ်ချင်တာ ရဟန်းဝိနည်းသိက္ခာတော့ အာမုန်းမလည်သေးပါဘူး။ ကျမ်းမစုံပြန် အသိဉာဏ်အနှံ့ရခဲသည်ဆိုတာ ကိုယ်ကိုယ်တိုင် ရဟန်းဖြစ်လာမှ အကယ်မှန်ကြောင်း သိရပါတော့တယ်။ သက်နိုးမရဲတတ်၊ ဆေးနာမကြားတတ်နဲ့ သုံးထမ်းပိုးတတ်မှ အမော်သင်ရသလို အခုမှ စာပြန်ကျက်နေရပါတယ်။

(၁၃၇၃)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၀)ရက်နေ့က ဟောမြို့ငံတောနက်ကြီးမှာ အင်ဂျင်နီယာ ထိုင်းလူမျိုးနှစ်ဦး ဆရာက်လာပြီး မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးကို ပူးပေါင်လျှောက်ထားပါတယ်။ ထိုင်းတစ်ယောက်က ဘုန်းကြီးတော်ပြီးမှ ရိပ်သာဝင်ရရင် ကောင်းပါသလားဘုရားလို့ လျှောက်တော့ ဆရာတော်ကြီးက သက်နိုးဝတ်ကြီး ထမ်းသားရတာ လေးပါတယ်ဟု မိန့်ပါတယ်။ ဒါက ဒေါက်တာခိုကေ(ရွှေဘို) ရေးထားတာ ဖတ်ရတာပါ။

လုံသာကွဲ ငဖဲ ရွှေမဖြစ် ဆိုတာလိုတော့ အဖြစ်ခံလို့ရပါဘူး။ ရဟန်းမှာ သိက္ခာတဲ့။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဖြာနဲ့ ပြည့်စုံတဲ့ ရဟန်းဖြစ်ဖို့က အရေးကြီးပါ

www.burmeseclassic.com

တရားသူကြီးများနှင့်အတူ ပဌာန်းပွဲထုတ်ကို လေ့လာဆွေးနွေးကြစဉ်

မှာပဲဘုရား"

"ဘာလုပ်မှာတုံး ဒကာကြီးရာ။ အဖော်ရှိတော့ စကားပြောမိတယ်ဗျ" တဲ့။

လောကကြီးမှာ သူယုတ်မာတွေ ပေါသလို အခုလို တောကြီးမျက်မည်း တစ်ပါးတည်း တရားအားထုတ်နေကြတဲ့ သူတော်ကောင်းများလည်း ရှိနေကြပါလား။

တောနေရဟန်း ဖြစ်လာပြီဆိုတာနဲ့ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စတဲ့ပစ္စည်းလေးပါးမှာ ခေါင်းပါးစွာ ကျင့်ရပါတယ်။ အရိယာဝံသ ခေါင်းပါးလှတဲ့ အကျင့်တည်နေရုံနဲ့ တင်မနေဘဲ ရှုတင်ပဋိပတ် အကျင့်မြတ်ကိုလည်း ဆောင်ရတာပါ။ ဒါမှလည်း သီလအထူးစင်ကြယ်ပြီး သိက္ခာသုံးစုံသံဃာဂုဏ်နဲ့ ပြည့်စုံစေမှာ ဖြစ်ပါတယ်။

ရှုတင်ဆိုတာက ကိလေသာတွေကို ခါထွက်စေတဲ့ အကျင့်ပါ။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတွေကို ခါတွက်စေခြင်း၊ ဆိတ်ငြိမ်ရာမှာနေခြင်း၊ ဒါယကာတို့ လုပ်ကျွေးလွယ်ခြင်း၊ ပြင်ပကိစ္စ နည်းပါးခြင်း၊ ပေါ့ပါးစွာ အသက်မွေးနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

သီလအထူးစင်ကြယ်ခြင်းကို အလိုရှိတဲ့ ရဟန်းများအတွက်တော့ ရှုတင်ပဋိပတ် အကျင့်မြတ်(၁၃) ပါး ရှိပါတယ်။

(၁) ပုံသုကရှုတင်၊ (၂) တိစီဝရိတ်ရှုတင်၊ (၃) ပိဏ္ဍပါတိကရှုတင်၊ (၄) သပဒါနအရိဏ္ဍရှုတင်၊ (၅) ဧကာသနိကရှုတင်၊ (၆) ခလုပစ္ဆာဘတ္တိကရှုတင်၊ (၇) ပတ္တပိဏ္ဍရှုတင်၊ (၈) အရညကင်ရှုတင်၊ (၉) ရုက္ခမူရှုတင်၊ (၁၀) အဗ္ဘောကာသိကရှုတင်၊ (၁၁) သုသာန်ရှုတင်၊ (၁၂) ယထာသန္ထတိကရှုတင်၊ (၁၃) နေသဇ္ဇိကရှုတင်တို့ပဲ ဖြစ်ပါတယ်။

ပုံသုကရှုတင်ဆိုတာက ဒါယကာတွေ ကိုယ်ထိလက်ရောက် ကပ်လှူတဲ့သင်္ကန်းကိုပယ်ပြီး ပုံသုကသင်္ကန်းကို သာ ဆောင်လေ့ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်ကို ဆောက်တည်ရတာပါ။

တိစီဝရိက်ရှုတင်ကတော့ သုံးထည်တည်းသောသင်္ကန်းကို ဆောင်တာ ဖြစ်ပါတယ်။

ပိဏ္ဍပါတ်ရှုတင်က ဆွမ်းခံလေ့ရှိသော အကျင့်ပါ။

သပဒါနစာရိကရှုတင် ဆိုတာက အိမ်စဉ် မကျော်ဘဲ အိမ်စဉ်မပြတ် ဆွမ်းခံတာပါ။

ပဌာန်းပွဲသို့ ခဲရာခဲဆစ် ရောက်လာကြသူများ

ဧကာသနိကရှုတင်က နေ့ရာတကာမှာ အထပ်ထပ်အခါခါ စားသော လောလုပ်မှတရားကိုပယ်ပြီး တစ်နေ့ရာတည်းမှာသာ ဘုဉ်းပေးစားသုံးရတာ ဖြစ်ပါတယ်။

ခလုပစ္ဆာဘတ္တိကရှုတင်ကတော့ အတိရိတ်ဝိနည်းကံပြုတဲ့ ဘောဇဉ်ကို ပယ်တာဖြစ်လို့ တော်ပြီဟု ပယ်မြစ်ပြီး ဘောဇဉ်ကို မစားတော့တာပါ။

ပတ္တပိဏ္ဍရှုတင်က တစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com

ကြည်းမှာ ပတ္တပိုဏ်စားတာပါ။ ဒါပေမဲ့ သောက်ရေတစ်
ခွက်ကိုတော့ အပိုထားပြီး သုံးဆောင်ဘဉ်းပေးလို့ရပါတယ်။

အရည်ကင်ရှူတင်ဆိုတာက ရွာနီးကျောင်းမှာ မနေဘဲ
ဘာရကျောင်းမှာ နေတာပါ။

ရက္ခမူရှူတင်က အမိုးရှိသောအရပ်ကိုပယ်ပြီး သစ်ပင်
အောက်မှာတင် နေတာပါ။

အဇ္ဈောဏသိကရှူတင်က အမိုးအရိပ်သစ်ပင်ကိုပယ်
ပြီး လွင်တီးခေါင်မှာ နေလေ့ရှိတာ ဖြစ်ပါတယ်။

သုသာန်ရှူတင်ကတော့ သုသာန်မှာသာ နေလေ့ရှိတာ
ပါ။

ယထာသန္ထတိကရှူတင်က သတ်မှတ်သောကျောင်းမှာ
သာ နေတာပါ။

နေသဇ္ဇိကရှူတင် ဆိုတာကတော့ ကိုယ်ဆန့်လဲလျောင်း
အိပ်စက်ခြင်းကိုပယ်ပြီး သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း
ဆိုတဲ့ ဣရိယာပုတ်နဲ့သာ နေခြင်းဖြစ်ပါတယ်။

ရဟန်းသိက္ခာ ဂုဏ်အင်္ဂါတွေက အင်တန်မှ များလှပါ
တယ်။ ရဟန်းတစ်ပါးမှာ အခုလိုရှူတင်ပဋိပတ် ဝိနည်း
သိက္ခာအကျင့်မြတ်တွေပြည့်စုံမှ ကြည်ညိုဖွယ်ရာဖြစ်မှာပါ။

ဝိနည်းကွယ်ရင် သာသနာကွယ်ပြီတဲ့။ ဝိနည်းဆောင်သံဃာ
တစ်ပါးဖြစ်လာတဲ့ စာရေးသူဟာ မဟာဗောဓိမြို့ဆရာ
တော်ဘုရားကြီးမိန့်သလို သင်္ကန်းဝတ်ကြီး ထမ်းရတာလေး
ပါတယ်ဆိုတာ အခုမှပဲ သဘောပေါက်ပါတော့တယ်။

ကရဏီယနဲ့ ဆွမ်းစားလာတာ အံသြးဗထက်ချိုင့်နေ
ပြီ ဆိုတာမျိုး လုပ်လို့ မဖြစ်ပါဘူး။ သာဂရမြို့မကျောင်း
ဆရာတော်က လူပုဂ္ဂိုလ်တွေဟာ သံဃာလိုနေရင် မကြီးပွား
သလို သံဃာဆိုတာလည်း လူတွေလိုနေရင် မကြီးပွားဘူး။
ဒါကြောင့် သံဃာစစ်စစ်ဖြစ်အောင် နေနေရတာဗျတဲ့။
ဆရာတော်က ကျွပ်တို့ ရဟန်းတွေဟာ ပရိယတ်နဲ့ ပဋိပတ်
ကို အလုပ်နဲ့တူအောင်လုပ်မှ တူသောအကျိုးကို ရစေတာ
ဗျလို့ မိန့်ကြားဖူးပါတယ်။

စာရေးသူ ဒီဆောင်းပါးလေးကို အဆုံးသတ်ပါရစေ။

ကုန်းပေါ်ရောက်လာမှတော့ ရေမွန်းခံလို့ မဖြစ်ဘူး
လေ။

လောက၊သာသနာ နှစ်ဖြာအကျိုး သယ်ပိုးဆောင်ရွက်
နိုင်ကြပါစေ။

အာကာသ(သာစည်)

မှတ်ပုံတင်ပြီး

အမေ့ဆေး

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို

သောက်ဆေး

ယင်းရောင်း အမှတ် (၃၀)၊ (၀၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မဂ်လာစေတာင်ညွှန်ပြုမှုယ်၊
ရန်ကုန်တိုင်းဒေသကြီး။

သံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
ဆန့်လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အပြုံပြုံအနယ်နယ်ရှိသော
ဆေးမျိုးနံဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းဆေးဆေးဆိုးထုတ်လုပ်ခွင့်လိုင်စင်အမှတ်- ၂၂ ၂၀၁၃ တစ်ဆေးလ (၂၃၉၀)
တိုင်းဆေးဆေးဆိုးမှတ်ပုံတင်အမှတ်- TNIR ဆေးဆိုးမြို့(၁၀၁၃)
ကြော်ငြာခွင့်ပြုချက်အမှတ်- တစ်ဆေးက(စာနယ်ဇင်း)၁၁၃/၃၃၁၃

www.burmeseclassic.com

www.burmeseclassic.com

ဗမာ့ဗေဒင်သက အရှင်ဩဘာသ ထိုင်ခုံလှူအကျိုး ထူးတန်ဦး

ကောင်လေးတစ်ယောက်သည် ကားမှတ်တိုင်တစ်ခုဌ ကားစောင့်နေ၏။ ကောင်လေးသွားရမည့်ခရီးသည် အတော်ဝေး၏။ ကားဖြင့်သွားလျှင် တစ်နာရီလောက်ကြာ၏။ တစ်နာရီအချိန်သည် အမြန်ဆုံးအချိန်ဖြစ်၏။ လမ်းပိတ်တာတို့၊ ကားကျပ်တာတို့နှင့်ကြုံလျှင် တစ်နာရီခွဲလည်း ကြာတတ်၏။ နှစ်နာရီထိလည်း ကြာတတ်၏။

ကားသည် မှတ်တိုင်ဌ ဝင်ရပ်လာ၏။ မှတ်တိုင်ပါခရီးသည်များ ဆင်းကြ၏။ ကောင်လေးသည် အဆင်းခရီးသည်များ ကုန်သွားအောင် ခေတ္တစောင့်နေ၏။ အဆင်းခရီးသည်များ ကုန်သွားသည်နှင့် ကောင်လေး ကားပေါ်သို့ ခပ်မြန်မြန်တက်လိုက်၏။ ကောင်လေးစိတ်တို့သည် မြန်ဆန်နေ၏။ စိတ်မြန်နေခြင်း အကြောင်းရင်းမှာ ထိုင်ခုံနေရာတစ်ခု ရရှိရန်ဖြစ်၏။

ကားပေါ်သို့ ရောက်သည်နှင့် ကောင်လေးသည် သိမ်ငှက်မျက်လုံးကို အသုံးပြုကာ ကားဖ၏ရှေ့နောက်ကို ဝဲကြည့်လိုက်၏။ ကောင်လေး ကံကောင်း၏။ ကားဖ၏ အရှေ့ပိုင်းတွင် ခုံနေရာတစ်ခု လွတ်နေ၏။ ကောင်လေးသည် ထိုင်ခုံရှိရာသို့ လျင်စွာသွားကာ ထိုင်ချလိုက်၏။

ကားသည် မှတ်တိုင်ကနေ စထွက်၏။ စထွက်ချင်းက ကားမှာ လူပြည့်နေပြီ ဖြစ်၏။ မှတ်တိုင်တစ်ခုမှာ ကားရပ်လိုက်၏။ ဆင်းသူများ ဆင်းကြ၏။ တက်သူများ တက်ကြ၏။ ဆင်းသူထက် တက်သူက များ၏။ မှတ်တိုင်တစ်ခု၊ နှစ်ခုသို့ ကျော်ပြီးသည့်အခါ ကားမှာ လူသွားလမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျော်ပေ။ မတ်တတ်ရပ်နေကြသူများသည် ကျောချင်း
ထောက်ကြရ၏။ ပုံမှန်အသက်ရှူခွင့် မရနိုင်အောင်အထိ
ဖိကပ်နေ၏။ လူငွေများကြောင့် ပူအိုက်နေ၏။ မှတ်တိုင်
တန်းသို့ရောက်တိုင်း အဆင်းအတက်ပြုလုပ်သည်မှာ ကြာ
ပေါ်၏။ တောင်းပန်သံ၊ ဆူညံသံ၊ မကျေနပ်သံများကလည်း
ပြိတ်တောင်း ကြားလာရ၏။

ကားသည် မှတ်တိုင်တစ်ခုသို့ ထိုးရပ်လိုက်ပြန်၏။
ကားပေါ်က လူများသည် ယိမ်းကသလို ယိမ်းယိုင်သွားကြ
၏။ ထုံးစံအတိုင်း အတက်အဆင်းပြုလုပ်၏။ ထုံးစံအတိုင်း
ဆင်းသူ နည်း၏။ တက်သူ များ၏။ တက်သူများထဲတွင်
ဝန်းကျင်တစ်ပါး ပါလာ၏။ ရဟန်းသည် ကားရှေ့သို့ ပင်ပန်း
ဒုက္ခရောက် တိုးလာခဲ့၏။

သံဃာတော်များ ဦးစားပေးပါ ခုံတွင် လူများ ထိုင်
နေကြ၏။ ထိုထိုင်နေကြသော လူနှစ်ယောက်သည် မှတ်
တိုင်တွင် ကားရပ်လိုက်သည့်အချိန်ထိ စကားတပြောပြော
နေ ဖြစ်၏။ ရဟန်းသည် သူတို့နှစ်ဦး ရောက်သွားချိန်တွင်
လူနှစ်ယောက်သည် အိပ်ပျော်နေကြ၏။ ဝဝနှင့် လူတစ်
ယောက်ဆိုလျှင် ဟောက်တောင်ဟောက်နေသေး၏။ ကား
ပေယ်ယာက သံဃာတော်ကြွလာသည့်အကြောင်း တစ်
ခေါက်၊ နှစ်ခေါက် သတိပေး၏။ မရသည့်အဆုံး စပယ်ယာ
သည်လည်း ကိုယ့်အလုပ်ကို ကိုယ်လုပ်နေတော့၏။

ရဟန်းသည် မတ်တတ်ရပ်လျက်ဖြစ်၏။ ကောင်လေး
သည် စပယ်ယာအော်ပြောသည်ကိုလည်း ကြား၏။ လူ
နှစ်ယောက် ဟန်ဆောင်နေသည်ကိုလည်း မြင်၏။ ရဟန်း
ကိုနေရသည်ကိုလည်း မြင်၏။ ကောင်လေးသည် ဟန်
ဆောင်နေသော လူနှစ်ယောက်ကို ဒေါသဖြစ်မိ၏။ ဗုဒ္ဓ
ဘာသာများဖြစ်လျက် ရဟန်းအတွက် ထိုင်ခုံနေရာ မပေး
သည်ကို ကောင်လေး မကျေနပ်။

ခဏအကြာတွင် ကောင်လေး စိတ်ပြောင်းသွား၏။
ဆရာ ကောင်လေးသည် သူများအပြစ်ကို ကြည့်ခြင်းဖြစ်
၏။ သူများအပြစ်ကိုကြည့်၍ သူများအပြစ်ကို မြင်၏။
သူများကို ဒေါသဖြစ်၏။ စိတ်ပြောင်းလိုက်သည့်အခါ
ကောင်လေးသည် ကိုယ့်အပြစ်ကို ကိုယ်ကြည့်၏။ ကိုယ့်
အပြစ်ကို မြင်လာ၏။ ကောင်လေးသည် ဗုဒ္ဓဘာသာတစ်
ယောက် ဖြစ်၏။ ကောင်လေးသည် ထိုင်ခုံနေရာတစ်ခုကို
ပိုင်ဆိုင်ထား၏။ ကောင်လေးအနေဖြင့် ထိုင်ခုံနေရာ ပေး
လျှင် ရ၏။ ကောင်လေးသည် ရဟန်းအား ထိုင်ခုံနေရာကို
ပေး၏။ ရဟန်းဆင်းမည့် မှတ်တိုင်သည် ကောင်လေးဆင်း
မည့် မှတ်တိုင်နှင့် တူနေ၏။ ကောင်လေးသည် တစ်နာရီ
လောက် မတ်တတ်ရပ်ရမည် ဖြစ်၏။ မတ်တတ်ရပ်ရခြင်း၏
ဒုက္ခကို ကောင်လေး သိပြီးသားဖြစ်၏။ ကောင်လေးသည်
ရပ်ရခြင်း ဒုက္ခကို စိတ်မပျက်။ ရဟန်းအား ထိုင်ခုံနေရာ
ပေးလိုက်သည်ကို ကြည်နူး၏။

မှတ်တိုင်နှစ်ခုလောက် ကျော်လိုက်သည့်အခါ သံဃာ
တော်များ ဦးစားပေးပါ ခုံက လူနှစ်ယောက် ဆင်းသွား
ကြ၏။ ရဟန်းသည် သံဃာတော်များ ဦးစားပေးပါ ခုံမှာ
ပြောင်းထိုင်၏။ ကောင်လေး ကိုယ့်နေရာမှာ ကိုယ်ထိုင်၏။

ကားထိုင်ခုံနေရာသည် ကောင်လေး ထာဝရပိုင်သော
နေရာမဟုတ်၊ ကားပိုင်ရှင်ပိုင်သော နေရာဖြစ်၏။ ခရီးလမ်း
ကြောင်း၌ ကားပိုင်ရှင်သည် ထိုင်ခုံနေရာကို မပိုင်။ ငွေနှစ်
ရာ ပေးစီးလာသော ကောင်လေးသည်သာ ပိုင်၏။ ကောင်
လေးသည် ထိုင်ခုံနေရာအား သူတစ်ပါးကို ပေးထိုင်ခိုင်း၍
လည်း ရ၏။ သူတစ်ပါးကို ပေးမထိုင်၍လည်း ရ၏။
ခရီးလမ်းတစ်လျှောက်လုံး ကောင်လေးဘော ဖြစ်၏။

ကောင်လေးသည် ရဟန်းကို တွေ့၏။ ဗုဒ္ဓဘာသာ
တစ်ယောက်ဖြစ်၍ ရဟန်းအား ကြည်ညိုစိတ်၏။ ကြည်ညိုသည်
ဖြစ်၍ ရဟန်းအား ထိုင်ခုံနေရာကို ပေးထိုင်ခိုင်း၏။ ကောင်
လေးသည် ထိုင်ခုံလှူဒါန်းသူ ဖြစ်၏။ ထိုင်ခုံလှူဒါန်းခြင်း
ဒါနကောင်းမှုကို ပြုလုပ်သူ ဖြစ်၏။ ကောင်လေးသည်
ထိုင်ခုံလှူဒါန်းခဲ့ခြင်းကို အမြဲတမ်းသတိရနေပြီး ဝီတိစိတ်
များ ဝေဖြာနေမည်ဆိုလျှင် ကောင်လေးသည် ထိုင်ခုံကို အမြဲ
လှူဒါန်းနေသူ ဖြစ်၏။ ထိုင်ခုံလှူဒါန်းခြင်းသည် အကြောင်း
တရားဖြစ်၏။ အကြောင်းတရားသည် အကျိုးတရားအဖြစ်
သို့ ပြောင်းလဲတတ်၏။

ထိုင်ခုံလှူဒါန်းခြင်းသည် ပုထုဇဉ်သဘာဝကြည့်လျှင်
ကိုယ်အနှစ်နာခံလိုက်ခြင်း ဖြစ်၏။ ခရီးလမ်းတစ်လျှောက်
လုံး မတ်တတ်ရပ်နေရမည့် ရဟန်း၏ ဒုက္ခကို ကိုယ့်ဒုက္ခ
အဖြစ် လွှဲပြောင်းယူလိုက်ခြင်း ဖြစ်၏။ ထိုင်ခုံမှာထိုင်ရသော
ချမ်းသာကို ရဟန်းအား လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်၏။
ထိုင်ခုံလှူသော ကောင်လေး၏စိတ်သည် ပရဟိတစိတ်ဖြစ်
၏။ သူတစ်ပါး ချမ်းသာကိုကြည့်ပြီး ကိုယ်ခံစားရသော
ပင်ပန်းမှုကို မေ့လျော့နိုင်ခြင်းသည် ကောင်းသောစိတ်ဖြစ်
၏။ ကောင်းသောစိတ်ဖြင့် ထိုင်ခုံလှူဒါန်းသော အလုပ်သည်
ကောင်းသောအလုပ် ဖြစ်၏။ ကောင်းသောအလုပ်သည်

www.burmeseclassic.com

www.burmeseclassic.com

အကျိုးတရားအဖြစ် ပြောင်းလဲသောအခါလည်း ကောင်းသောအကျိုးတရားအဖြစ်သာ ပြောင်းလဲ၏။ မကောင်းသောအကျိုးအဖြစ် မပြောင်းလဲပေ။ ကောင်းသောကံတို့သည် အမျိုးမျိုးရှိ၏။ ကောင်းသောအကျိုးတရားတို့သည်လည်း အမျိုးမျိုးရှိ၏။ ထိုင်ခုံလှူခြင်း ကောင်းကံသည် အဘယ်သို့သော ကောင်းကျိုးတို့ကို ပေးပါသနည်း။

ထိုင်ခုံလှူဒါန်းသော ကောင်းမှုကံသည် နတ်ပြည်အကျိုးကို ပေး၏။ နတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသော ရွှေဗိမာန်ကို ဖြစ်စေ၏။ နတ်သမီးတစ်ထောင် အခြံအရံကို ရစေ၏။ ဗိမာန်အတွင်း၌ တစ်ယူဇနာကြီးသော ရွှေပလ္လင်ကို ဖြစ်စေ၏။ လူပြည်၌ လူတစ်ယောက်ဖြစ်လာလျှင်လည်း အကျိုးငါးပါးကို ခံစားရ၏။ မြင့်မြတ်သောအမျိုး၌ လူဖြစ်ရ၏။ ပစ္စည်းဥစ္စာ ကြွယ်ဝသူ ဖြစ်ရ၏။ သူတစ်ပါး လေးစားခြင်း၊ အရှိသေပေးခြင်းကို ခံရ၏။ နာမည်ကြီး လူသိများသူ ဖြစ်ရ၏။ လေးထောင့်ပလ္လင်တို့ကို ပိုင်ဆိုင်ရ၏။

မြတ်စွာဘုရား ပွင့်တော်မူစဉ်က သာဝတ္ထိပြည် အသဒိသဒါန၌ ကျင်းပပြုလုပ်ခဲ့ဖူး၏။ အလှူရှင်မှာ သာဝတ္ထိပြည်ဘုရင် ပသေနဒိကောသလမင်းကြီး ဖြစ်၏။ အလှူပွဲကို ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့၏။ ပသေနဒိကောသလမင်းကြီးကို အတုလိုက်၍ အသဒိသဒါနအလှူပွဲကို ပြုလုပ်ခဲ့သူများလည်း ရှိခဲ့၏။ ထိုသူတို့မှာ အနာထပိဏ်သူဌေးနှင့် ဝိသာခါသူဌေးမတို့ ဖြစ်၏။ ထိုသူတို့၏အလှူသည် ကြီးကျယ်ခမ်းနား၏။ အကုန်အကျ များပြား၏။ လှူလိုသောသင္ခါတရား ရှိကြသော်လည်း သာမန်သူဌေးများပင် မလှူဒါန်းနိုင်သော အလှူမျိုးဖြစ်၏။ ထိုအလှူများကြောင့် လှူလိုသောလူတို့၏ ဝန်းကျင်၌ စကားတချို့ ဖြစ်ပေါ်လာခဲ့၏။

'အဆွေတို့...အလှူဒါနဟာ ကြီးကျယ်များပြားစွာ လှူဒါန်းနိုင်မှ အကျိုးကြီးတာလား၊ သို့မဟုတ် မိမိပစ္စည်းဥစ္စာအားလျော်စွာ တတ်နိုင်သလောက် လှူဒါန်းရင်လည်း အကျိုးကြီးတာလား'

ဤစကားသည် ဖြစ်ပေါ်လာခဲ့၏။ လူတို့သည် တစ်ယောက်ကိုတစ်ယောက် မေးကြ၏။ ကိုယ့်အထင်ကို ကိုယ်ပြောကြ၏။ အဖြေတစ်ခုကို အမှန်အဖြစ် မဆုံးဖြတ်နိုင်ကြ။

လူတို့ဝန်းကျင်၌ ရေပန်းစားနေသော ထိုစကားသည် ရဟန်းများဆီသို့ ရောက်လာခဲ့၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ကြားလျှောက်ကြ၏။

'ချစ်သား၊ ချစ်သမီးတို့...အလှူဒါနဆိုတာ ကြီးကျယ်များပြားစွာ လှူဒါန်းနိုင်မှ အကျိုးကြီးတာ မဟုတ်ဘူး။ ကြည်လင်တဲ့ စိတ်စေတနာနဲ့ ပြည့်စုံမယ်။ အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်မယ်ဆိုရင် ဆန်ကွဲတစ်ဆုပ်ကိုဖြစ်စေ၊ ပုဆိုးလေးတစ်ခုကိုဖြစ်စေ၊ မြက်သစ်ရွက်အခင်းကိုဖြစ်စေ၊ ပန်းခါးသီးတစ်လုံးကိုဖြစ်စေ လှူဒါန်းတဲ့အလှူဟာ အကျိုးကြီးပါတယ်'

မြတ်စွာဘုရား ဟောတော်မူသည်ကို ကြားသိရသည့်အခါ လူတို့သည် အလှူလုပ်ဖို့ကို အားတက်ကြ၏။ မိမိတတ်နိုင်သမျှ အလှူလုပ်ကြ၏။ အမျိုးသမီးတစ်ယောက်သည် အိမ်ရှေ့၌ ရေအိုးစင်များကို တည်ထား၏။ အိမ်တံခါးပေါက်၌ ထိုင်ခုံများ ပြုလုပ်ထား၏။ ထိုအမျိုးသမီးအိမ်ရှေ့သို့ ရဟန်းတစ်ပါး ဆွမ်းခံကြွလာ၏။ အမျိုးသမီးသည် ရဟန်းကို တွေ့သည်နှင့် ကြည်ညိုစိတ်၏။ ရှေ့ရောင်အဆင်းရှိသော အဝတ်တစ်ထည်ကိုယူကာ ထိုင်ခုံမှာ ခင်းစ်၊ ရဟန်းအား ပင့်ဖိတ်ကာ အဝတ်ခင်းထားသည့် ထိုင်ခုံ၌ ထိုင်ခိုင်း၏။ ရဟန်းလည်း ထိုင်တော်မူ၏။

အမျိုးသမီးသည် ရဟန်းအား ဆွမ်းများ ဆက်ကပ်လှူဒါန်း၏။ ရဟန်းသည် အမျိုးသမီး လှူဒါန်းသောဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူကာ အမျိုးသမီးအား တရားဓမ္မများ ဟောကြားချီးမြှောက်တော်မူ၏။ အမျိုးသမီးသည် ရဟန်းပြန်ကြွသည့်အခါ ကျောင်းသို့လိုက်ကာ ထိုင်ခုံကို လှူဒါန်းလေ၏။

ထိုင်ခုံလှူဒါန်းသော အကျိုးကြောင့် အမျိုးသမီးသည် သေလွန်သည့်အခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးပိုင်ဆိုင်သော ဗိမာန်သည် တစ်ဆယ့်နှစ်ယူဇနာ ကျယ်ဝန်း၏။ ဗိမာန်ကို ရွှေအစစ်ဖြင့် ပြုလုပ်ထား ရွေဗိမာန်အတွင်း၌ တစ်ယူဇနာရှိသော ရွှေပလ္လင်တစ် ရွှေပလ္လင်သည် ပလ္လင်ပျံဖြစ်၏။ နတ်သမီးသည် ရာသီရာအရပ်သို့ သွားသည့်အခါ ရွှေပလ္လင်ပျံကို အသုံးပြု ရွှေပလ္လင်သည် လျင်မြန်သောအဟုန် ရှိ၏။ နတ်သမီး သည် လှပသောရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၏။ နတ်သမီးတွင် အခြားနတ်သမီးပေါင်းတစ်ထောင် ရှိ၏။ နတ်သမီးသည် အခြားရုံများနှင့်အတူ ပိုင်ဆိုင်ထားသော စည်းစိမ်ဥစ္စာတို့ ကို ပျော်ရွှင်စွာ ခံစားနေ၏။

နတ်သမီးခံစားရသော အကျိုးတရားကို အသေးစိတ် ဆောက်ကြည့်လျှင် ထိုင်ခုံလှူ၍ နတ်ပြည် ရောက်ရ၏။ တစ် ဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသော ဗိမာန်နှင့် တစ်ယူဇနာရှိ သော ပလ္လင်ကို ရရှိခဲ့၏။ ရွှေရောင်အဆင်းရှိသော အဝတ် ကို ခင်းပေးခဲ့၍ ဗိမာန်နှင့် ပလ္လင်တို့သည် ရွှေအစစ်ဖြစ်နေ ခြင်းဖြစ်၏။ ရွှေရောင်အဝတ်ကို မခင်းလှူခဲ့လျှင် ဗိမာန်နှင့် ပလ္လင်တို့သည် ရွှေမဖြစ်နိုင်ပေ။ ထိုင်ခုံကို လှူဒါန်းစဉ်က အသက်မူပီတိအရှိန် အားကောင်းခဲ့၍ ရွှေပလ္လင်ပျံ၏ အရှိန် အဟုန်သည် လျင်မြန်သောအဟုန် ရှိခြင်းဖြစ်၏။ နှစ်သက် မူပီတိ အားမကောင်းခဲ့လျှင် ရွှေပလ္လင်ပျံသည် လျင်မြန် သောအဟုန် မရှိနိုင်ပေ။

ကြည်ညိုမှုသဒ္ဓါတရား အားကောင်းခဲ့၍ လှပသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခြင်းဖြစ်၏။ ကြည်ညိုမှုမရှိလျှင် လှပသော ရုပ်ဆင်းအင်္ဂါကို ရရှိလိမ့်မည် မဟုတ်ပေ။ အလှူ ချင်း၊ လှူဖွယ်ဝတ္ထုချင်း တူသော်လည်း အကျိုးပေး မတူ သည်မှာ နတ်သမီးအဖြစ်ကိုကြည့်လျှင် သိနိုင်၏။

အလှူတစ်ခုပြုလုပ်ခြင်းသည် လှူဖွယ်ဝတ္ထုကိုသာ ပြု လုပ်သည်မဟုတ်။ စိတ်ကိုပါ ပေးလှူခြင်းဖြစ်၏။ လှူဖွယ် ဝတ္ထု၊ စိတ် နှစ်မျိုးလုံးကို ပေးလှူမှ အလှူ၏အကျိုးကို ပြည့်ဝစွာ ခံစားရမည်ဖြစ်ကြောင်း သိကြစေချင်၏။

မေတ္တာဖြင့်

ဓမ္မဃောသက-အရှင်ဩဘာသ

ကျမ်းကိုး

* ဗိမာနဝတ္ထုအဋ္ဌကထာ ပီဋကဝက်၊ ပဋမပီဋကဗိမာနဝတ္ထု၊ ထေရာပဒါန်ပါဠိတော်။
* ဝိလိနဝဏ္ဏဝက်၊ ဝိလိနဝဏ္ဏတ္ထေရအပါဒါန်။

နှလုံးတုန်၊ ရင်ခုန်၊ မူးဇမာသူများအတွက်

နန်းထိပ်တင်

နှလုံးခုန်နှုန်း ပမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်း ခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက် သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ ဝိုဖြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/ကခဝ တဆေထလ(နိ၅၄)
ယာယီဆေးပါးမှတ်ပုံတင်အမှတ် - ဝ၂၁၃.Y ဝ၀၁၇၀
ကြော်ငြာခွင့်ပြုမှတ် - ၂၃၁/၁၀၁၃[တဆေထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းထိပ်တင်ဆေးအိုဇာ - တိုက်(၅)၊ အခန်း(၁၀၀)၊ သိရိမင်္ဂလာအိပ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၉၉၉၇၊ ☎ (၀၁)၂၁၀၈၃၃

ရန်ကုန် ပြည်ပပြန်ဆေးရုံစုံဆိုင် - ဆိုင်အမှတ်(B-50. 51) ရွှေပြည်စုံစျေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၃၊ ၀၉၄၂၁၀၁၇၃၃

မန္တလေး ဦးအေးခြင့် ပြန်ဆေးရုံစုံဆိုင် - ဈေးဝယ်စုံ၊ E ခုံ(သဇင်ရံ)၊ အမှတ် - ၉၆(ဓမ္မသီရိထပ်)၊ ဈေးဆိုး မန္တလေးမြို့ ☎ (၀၂)၃၁၀၆၃

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိဘများကလည်း ရှာရှာဖွေဖွေ မှည့်တတ်လှသည်ဟု ဆိုရမလားမသိ။ လူထဲမှာတော့ ခပ်ရှားရှားနာမည်ဖြစ်သည်။ ကြည့်လေ၊ မောင်ဂန္ဓတဲ့။ ဂန္ဓဆိုတော့ ရနံ့ဟု အဓိပ္ပာယ်ရ၏။ အနံ့အသက်ဟုလည်း ခပ်ရှင်းရှင်းပြောလို့ရသည်။ အနံ့အသက်ဆိုသည်က မွေးကြိုင်သည်ဖြစ်စေ၊ ပုပ်ဟောင်သည်ဖြစ်စေ လေနှင့်အတူ ဝန်းကျင်တစ်ခိုသို့ ပျံ့နှံ့တတ်သော သဘောရှိသည်။

ယခု မောင်ဂန္ဓကျတော့ကော၊ သူ့အမည် ဗျူပ္ပတ်နှင့် ညီပါပေသည်ဟု ဆိုရမလိုရှိ၏။ အကြောင်းမူ သူ့မိဘများသည် ဤဗာရာဏသီပြည်တွင် လူသိများ ထင်ရှားသော သူဌေးသူကြွယ်များ ဖြစ်ကြသောကြောင့်ပင်။ သူဌေးကြီး လင်မယား၏ တစ်ဦးတည်းသော သားကလေး ဆိုတော့ သူသည် ငယ်ရွယ်စဉ်ကလေးသူငယ်ဘဝကပင် မိဘများ၏ နေဥစ္စာကြွယ်ဝမှုအရှိန်ဟပ်ကာ တစ်ဦးတည်းသော သူဌေးသားကလေးဟု ဂုဏ်သတင်းပျံ့နှံ့၏။ သူဌေးလင်မယားကို မျက်နှာလို မျက်နှာရ ဖားလျားပတ်သက်လိုကြသော ပတ်ဝန်းကျင်၏ ဖူးဖူးမှုတ်မှု၊ သူဌေးလင်မယားအား ခိုခိုအလုပ်လုပ်၍ ဝမ်းရေးဖြေရှင်းနေကြရသော မိသားစုဝင် ကလေး၊ လူကြီးများစွာ၏ မချစ်သော်လည်း အောင်ကာနမ်း မျက်နှာသာပေး

www.burmeseclassic.com

www.burmeseclassic.com

အိုက်လျောမှုတို့ကို ကလေးဘဝမှာပင် ရရှိခဲ့သူဖြစ်သည်။

မိခင်၊ ဖခင်တို့၏ ကြွယ်ဝမှုကြောင့် ဝန်းကျင်လူအများထဲတွင် မျက်နှာအညိုမခံဘဲ စိတ်ထဲက ပါပါ,မပါပါ မောင်ကို အလိုလိုက် အကြိုက်ပေး ဆက်ဆံနေကြပြီဆိုမှတော့ ဒီဘာအရင်းအချာ သူငွေးမောင်နှံအနေနှင့်ကတော့ အထူးခြားစရာမရှိ ဦးညြဘာအသိဆိုသလို ဖြစ်တော့သည်ပေါ့။ သားတစ်ယောက်တည်းမို့ ပတ္တမြားကျောက်ရွဲပမာ အလေးအား ချစ်ခင်မြတ်နိုးကြသည်မှာ ရာနှုန်းပြည့်မက ရာနှုန်းပိုလွန်ပင် ဖြစ်နေသည်။ မောင်ဂန္ဓအတွက် အဝတ်အစား၊ အသုံးအဆောင် အသပြာငွေကြေး လိုလေသေးမရှိစေရအောင် အမြဲဖြည့်ဆည်းပေးထားကာ မျက်စိအောက်က အပျောက်မခံ အရိပ်ကြည့်နေကြ၏။ ကြေးမုံအသွင်ပမာ အလား ရွှစားလို့ရယ်မှ မဝနိုင် ဖြစ်နေကြ၏။

သူ့အရွယ်နှင့် လိုက်ဖက်ညီအောင် ပညာသင်ကြားပေးခြင်းပြုသော်လည်း အများနည်းတူ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ချက်တတ်သည်နှင့် သားဖြစ်သူက ဟင့်အင်းလို့သောအခါ ငါ့သားသဘော ဖြစ်သွားကြ၏။ ထူးချွန်အောင် ဆက်သင်ဖို့ မတိုက်တွန်း။ ရေးတတ်၊ ဖတ်တတ်ပြီပဲ ပညာဆက်သင်ဖို့ ပျင်းသည်ဆိုမှတော့ ငါ့သား ဖျော်သလို နေစေ တစ်ခွန်းနှင့် ပွဲသိမ်း၏။

လိမ္မာယဉ်ကျေးသိမ်မွေ့အောင် ဘာသာတရားကို ရိုသေကိုင်းရှိုင်းတတ်လာအောင် ဘုန်းကြီးကျောင်း ပို့မည်ဟုပြန်တော့ 'မလုပ်ပါနဲ့ ကိုရင်ရယ်..ဆရာတော်ရဲ့ကြိမ်က

www.burmeseclassic.com

လူမွေးဘူးတော့၊ ကျုပ်တို့ လက်ချားနဲ့မှ ဆယ်ဗတ်ဒဲ့တဲ့ သားကလေး ကြေမလုံးနဲ့ နှစ်ပါး သွားနေရမှဖြင့် ဆိုသော သူဌေးကတော်ကြီး၏ အစိုးရိမ်စကားကြောင့် ချိုးနှိမ်ထားလိုက်တော့ ဘုန်းကြီးကျောင်းပို့ဖို့ကိစ္စကို တဖြည်းဖြည်း အရွယ်ရောက် လူပျိုပေါက်ကလေးသာ ဖြစ်လာသည် မိုးကျ ရွှေကိုယ် မောင်ဂန္ဓမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မည်သို့ကြည်ညို၊ ဘယ်လိုဆည်းကပ်၊ ဘယ်ပုံမြတ်နိုးရမှန်းမသိ ဖြစ်နေသည်။

တစ္ဆေခြောက်လို့မှ ကြုတိပိသော ရွတ်စရာ စာမရ၊ ဘုန်းကြီးနှင့် တွေ့လို့မှ စကားလေးလုံးကွဲအောင် မပြောတတ်။ ခင်ဗျာ တစ်ခွန်း၊ ဟုတ်ကဲ့ တစ်ခွန်း အိုးနင်းခွက်နင်း ဖြစ်ရလွန်းသဖြင့် အိမ်ကို ဆွမ်းခံထိုင် ကိုယ်တော်တွေ ကြွလာတာမြင်လျှင်ပင် ကြောင်ကိုမြင်သော ကြွက်ပေါက်စကဲ့သို့ ဝေးဝေးက ရှောင်၏။ တစ်စစ ကြီးပြင်းလာသော အရွယ်နှင့် အချိုးညီညီ တိုးတက်ပေါက်မြောက်လာတာက တော့ သူ့ကို ကပ်ပါးရပ်ပါး အကြိုက်လိုက် ပေါင်းသင်းနေကြသည့် ဖော်သဟာများနှင့် ပျော်ပါးမော်ကြွား နေထိုင်ခြင်းအတတ်သာ ဖြစ်၏။ ပေါ့ပေါ့နေ ပျော်ပါးသွားလာစားသောက်ခြင်းဘက်တွင်မူ ခေသူမဟုတ်။ ကျွန်ုပ်တို့၏ ဆရာသခင် ဖြစ်ပါပေသည်ဟု အများစုက လက်လျှော့ ဝန်ခံကာ ထောက်ခံမဲကို ပုံးအပြည့် ဝိုင်းထည့်ပေးကြရသော မောင်ဂန္ဓ ဖြစ်ပေသည်။

သည်လိုနှင့် ဂန္ဓသူဌေးသားဟု လူသိများ သတင်းပို့နှံ့ကျော်စောသော မောင်ဂန္ဓ အရွယ်ရောက် လူလားမြောက်လာချိန်တွင် အမိ၊အဖ သူဌေးကြီးလင်မယားတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၏။ သည်တွင်လည်း လူမစွမ်းတော့ နတ်မ၊ဟု ဆိုရမည်လား။ ဘူးလေးရာ ဖရုံဆင့်ပါလေပေါ့ဟု ငေါ့တော့တော့သုံးသပ်ချက်ပြုရမည်လား မပြောတတ်။ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ကြီးက သွားလေသူ သူဌေးကြီးမောင်နှံ၏ ဘဏ္ဍာစိုးကြီးကို ခေါ်ယူကာ ကျွန်ရှိရစ်သော လယ်ယာမိုးမြေ အထွေထွေသော ရွေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာအစားစားတို့၏ တန်ဖိုးကို တွက်စစ်တင်ပြစေ၏။ သြော်...ကုဋေကဋ္ဌာချီ၍ ကျွန်ရစ်ခဲ့သည်ပဲ။

ရှင်ဘုရင်သည် သူကိုယ်တိုင် စာရင်းစစ်ဝင်၍ ကျွန်ရစ်ခဲ့သော ဝါဏိဇ္ဇအဖြေလွှာကို ရရှိသောအခါ ကျွန်ရစ်သူ မောင်ဂန္ဓကို မိဘများ၏ စည်းစိမ်ချမ်းသာ အထွေထွေကို လွှဲအပ်၏။ ထို့ပြင်တစ်ဝ သူဌေးဆောင်းထီးကိုပါ အဆောင်အယောင်နှင့်တကွ ချီးမြှင့်ကာ ဂန္ဓသူဌေးမင်းဟူသော ဘွဲ့တံဆိပ်ကိုလည်း ခတ်နှိပ်ပေးအပ်လိုက်ခြင်းဖြင့် ကျွန်းကို ဦးချိန်နှင့် အတောင်ပံပါ တပ်ပေးလိုက်လေသည်။ ရှင်ဘုရင် အဖို့ကလည်း ပြည်ဘဏ္ဍာတိုက်ဟု ဆိုအပ်သော သူဌေးသူကြွယ်တို့ကို ဘွဲ့ထူးတံဆိပ်တော် အဆောင်အယောင် ကလေးများ ပေးသနားချီးမြှင့်ကာ လက်သပ်မွေး စည်းရုံးရေး ငြိမ်းချမ်းရေး ယူထားရသေးသည်။

တိုင်းပြည်၌ ဘဏ္ဍာဌေကြေး အကျပ်အတည်းပေါ်ခဲ့သော် သည်လူတွေထံမှပဲ ခပ်မိန်မိန်လက်ဝါးဖြန့်၍ အထက်တန်းလွှာ ရန်ပုံငွေစုဆောင်းဖို့ လုပ်ရဦးမည်မဟုတ်လား။ ရက်ရောသော စေတနာကြောင့် သဒ္ဓါလို့ဇေးပေး၊ မနိုင်ရန်သည်းခံရခြင်းသည် ၄င်းသဘောကိုထောက်၍ ရုံကြောက်ကြီး၊ ဘယာကြောင့်ပဲထုတ်ထုတ် အရေးဟဲ့ဆို အလုပ်ဖြစ်ရေး အနှီသူဌေးဆိုသူတွေကို ကိုယ့်ခါးပိုက်ထောင်ထဲ ထည့်ထားဖို့မှာ ရှင်ဘုရင်တို့ အဋ္ဌာရသထဲမှ ကြယ်ပွင့်ပြထားရမည့် ဘာသာရပ်ကြီး ဖြစ်လေသည်။

ဘုရင်ကိုယ်တိုင်က သူဌေးဘွဲ့ထူးပေး၍ ဂေဖက်ဝင် သူဌေးမင်း ဖြစ်လာသောကြောင့် ဘဏ္ဍာစိုးကြီးလည်း မနေသာ။ မူလသူဌေးကြီးလင်မယား ကျွန်ရစ်ခဲ့သော ရွှေ၊ ငွေ စိန်ကျောက်ဖိုး ထိန်တောက်ပတ္တမြားအစားစားတို့ သိုမှီးရာ ဘဏ္ဍာတိုက်ခန်းကိုဖွင့်လှစ်ကာ သူဌေးလက်သစ် မောင်ဂန္ဓကို ပြသရလေသည်။

'အရှင်သူဌေးမင်း...ဤပစ္စည်းအစုက ဖခင်ဘက်က၊ ဤပစ္စည်းအစုကား မိခင်ဘက်က၊ ဤပစ္စည်းအစုကား အရှင်၏ အာဇိုး၊အဘွားဘက်က အသီးသီး ကျွန်ရစ်ခဲ့တဲ့ ပစ္စည်းတွေပါ'ဟု စာရင်းအင်းနှင့်တကွ ရှင်းလင်းတင်ပြရုံမှ မက ထိုထို့ဤဤ ဝိုင်ဆိုင်လေသမျှ မြေယာဧကအဝတို့ကိုလည်း လက်ညှိုးထိုး အသိပေးရချေသေး၏။ ကျွန်ရစ်သော ပစ္စည်းဥစ္စာ ဘဏ္ဍာစာရင်းတို့ကို ကြည့်ရှုလျက် သွားလေသူ မိဘဘိုးဘွားတို့ကို လွမ်းဆွတ်တမ်းတ မျက်ရည်တွေကျရင်း မောင်ဂန္ဓ ခေါင်းညိတ်ပြလေတော့မှ ဘဏ္ဍာစိုးကြီးလည်း ဂန္ဓသူဌေးမင်း၏ လက်ထက်တော် ဝိုင်ဆိုင်မှုစာရင်းဇယားကို လယ်ဂျာအသစ် ဖွင့်လှစ်ပေးရလေချေ၏။

'ကြည့်စမ်းပါဦး ဘဏ္ဍာစိုးကြီးရယ်၊ ကျုပ်မိဘဘိုးဘွားတွေတစ်သက် အစဉ်အဆက် ရှာဖွေစုဆောင်းခဲ့တဲ့ ဥစ္စာပစ္စည်းတွေဟာ နည်းရော့လား။ သူတို့ကုန်အောင်

www.burmeseclassic.com

www.burmeseclassic.com

သွားကြဘူး။ ပြီးတော့ နောက်ဘဝမှာ သုံးဖို့လည်း ဘာလို့မှား ထည့်ယူမသွားကြသလဲ မသိဘူး။ ခက်တာပဲ၊ တယ်ဆို နောက်ဘဝမှာ ဆက်သုံးဖို့ ခြေစောင့်လက် စောင့်လောက်ပဲဖြစ်ဖြစ် ယူသွားကြပါဦးတော့လားဗျာ'

အဲဒါသာ ကြည့်ကြပေတော့။ ငယ်ရွယ်စဉ်မှာ ပညာ ရေးတတ်၊ ဖတ်တတ်ရုံရှိ၊ တစ်ဆယ် ဆယ်လိ အရေးအလိပေါင်းကို နှုတ်တက်ရွရွ ဆိုပြတတ်ရုံလောက် ဟင့်အင်း..စာသင်ရမှာ ပျင်းစရာကြီးဟု ပညာရေးကို ပြောပြခဲ့သော မောင်ဂန္ဓ၏ အထွေထွေသော ဗဟုသုတ ကြယ်ဝပုံ။ သွားလေသူ မိဘဘိုးဘွားတွေကို နောက်ဘဝ ဆက်သုံးစွဲဖို့ ဥစ္စာဓနကလေး ခြေစောင့်လက်စောင့်မှ သွားကြရကောင်းလားဟု အားမလိုအားမရ အပြစ် တင်နေချေသေး၏။ သူ့စိတ်ထဲတွင် ဥစ္စာဓနတို့ကို ငြိမ့်မက္ခာ ဘဝအဆက်ဆက် သယ်ဆောင်သွားကာ နောက်ဘဝကျတော့ နောက်ထပ်ဘဏ်စာရင်းအသစ် ထပ် ထားရုံပေါ့ဟု အောက်မေ့နေပုံရသည်။

ထိုစကားသံကို ကြားရတော့ ဘဏ္ဍာစိုးကြီးမှာ ငိုရ ရယ်ရအခက်။ ဩော်..သူခမျာ ဘာမျှမသိရှာပါ ဟု ကရုဏာသက်ရမလိုလို။ ဟင်..ဒီလောက်တောင် ဗဟုသုတ ဉာဏ်ပညာ ထက်မြက်ရကောင်းလားဟဲ့ဟု ဂုဏ် ယောအားဖြင့် ထပဲထောင်းရတော့မလိုလို ဒီလိုဆို မင်း အနာဂါသလောက်ထုပ်ပိုးပြီး သံချိုင်းက မြေပုံဆီ လိုက် ခဲ့ညီလေဟုပဲ အတည်ပေါက်နှင့် ချောက်(ကျောက်)ချ ကိုလို မအီမသာရှိရပါဘိတော့သည်။ သို့သော်လည်း ဒီယိုက သူဌေးလက်သစ်၏ ဘဏ္ဍာစိုးကြီးအဖြစ် ဆက် အမှုတော်ထမ်းရဦးမည်ဆိုတော့ ဟိုက်ဘော့(စ်) အက်တော်ရှစရာ ဘာမှပြောလို့မဖြစ်။ မည်သို့ဆိုစေ စာ ကိုင်ကျွမ်းကျင်အဆင့်တစ် ရာထူးယူထားသော ဘဏ္ဍာ ဒီဦးက ဆရာမောင်ဂန္ဓထက်တော့ ဉာဏ်ပညာအရာမှာ ညည်း။ ပညာမရှိ သူ၏ ဝန်ထမ်းဆိုသော ရှေးလက်ရိုး ကားပုံကို အမြီးလှန်ချိုးကာ ပညာရှိလို့ သူ၏ဘဏ္ဍာစိုး ဝင်းလာသူပေပဲ။

'အရှင်သူဌေးမင်း..စည်းစိမ်ဥစ္စာဓန ရွှေ၊ ငွေ အထွေ သောပစ္စည်းဘဏ္ဍာ လယ်ယာမိုးမြေ တိုက်ဘာအိုးအိမ်၊ ကျောက်ပတ္တမြား အစားစားတို့ဟာ သေရွာကို ယူသွား ဘာချိုး မဟုတ်ပါဘူး။ မိမိတို့ မသေခင်က ကြိုတင် ပြုခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ကောင်းမှုကုသိုလ်ကံ ပါရာဘိပါတ စသော ဒုစရိုက်တရားတို့ကို ပြစ်မှားကျူး လွန်ခြင်း မကောင်းမှုအကုသိုလ်ကံဆိုတဲ့ ကံနှစ်ပါးကိုသာ နောက်ဘဝကို ယူဆောင်သွားနိုင်ကြပါတယ်။ မိမိတို့ပြုခဲ့တဲ့ ကုသိုက်ကံ၊ အကုသိုလ်ကံများအလျောက်သာ နောက်ဘဝ မှာ ခံစား၊ စံစားကြရမှာဖြစ်ပါတယ် သူဌေးမင်း။ ဒီပစ္စည်း ဥစ္စာတွေက သူတို့နဲ့ လားလားမှ မသက်ဆိုင်တော့ပါဘူး'

ဘဏ္ဍာစိုးကြီးမှာ စောစောက ညည်းညူအပြစ်တင် စကားမျိုးကို လူထူထူထဲ ထပြောနေမှာ စိုးရသေးသော ကြောင့် သူဌေးလက်သစ်ကို အနီးကပ် ကျူရှင်ဖွင့်ကာ အရေးပေါ် စပေါ့ရိုက်ပေးလိုက်ရသေး၏။ သည်တော့ မောင်ဂန္ဓ၏ စိတ်ဂလိုဏ်ထဲက သောကသည် ကြိတ်မနိုင် ခဲမရ ဒေါသအဖြစ်သို့ ကူးပြောင်းလေသည်။

ဩော်..ဒီလိုလား ဘဏ္ဍာစိုးကြီး၊ တောက်..ကျုပ် မိဘဘိုးဘွားများဟာ သံသရာအကျိုးအတွက် အတော်မသိ တတ် မလိမ္မာကြတဲ့သူတွေပဲဗျ။ တော်တော်လာဘ်မမြင် ကို မမြင်တဲ့သူတွေ။ ကြည့်စမ်းပါလား။ ဒီလောက်များပြား တဲ့ ပစ္စည်းဥစ္စာ ဘဏ္ဍာရွေ့ ငွေတွေကို တကုန်းကုန်းအပင် ပန်းခံရှာ၊ မသုံးရက် မစားရက် စုဆောင်းပြီး အခုတော့ အကုန်စွန့်ပြီး လုံးလုံးကြီး စုပုံထားပစ်ခဲ့ကြတယ်ဆိုတော့ ဘယ်လောက်ခုံးဝေးတဲ့လူတွေလဲ။ ဘယ်လိုအတွေးခေါင်ပြီး အဓိပ္ပာယ်မရှိစောတွေလည်း လုပ်သွားသလဲ မသိပေါင်ဗျာ။ နောက်ဘဝကို ယူသွားလို့ မရပါဘူးဆိုမှတော့ ဒါတွေကို ဘာလို့ ထိုင်အလှကြည့်နေလိမ့်မလဲ။ ကျုပ်လက်ထက်မှာ တော့ ဒါမျိုးမရဘူးဗျို့။ သားစဉ်မြေးဆက် နောင်လာနောက် သားတွေအတွက် ချန်ခဲ့ဦးမှဆိုတော့လည်း အဲဒီ သား၊ မြေး၊ တီ၊ ကျတ်၊ ဆတ် ဆိုတာတွေ ကိုယ်မြင်ရတာမှ မဟုတ်တဲ့။ ကိုယ်က နောက်ဘဝတွေ ရောက်နေပြီ။ ဘာမှ သိနိုင်,ပြော နိုင်တော့မှာ မဟုတ်တဲ့အတူ ကျုပ်ကတော့ ကျုပ်လက် ထက်မှာ အစွမ်းကုန် တွယ်မဗျ။ စိတ်တိုင်းကျ ဝဝကြီး သုံးစွဲပစ်ရမှာပဲ။ အခုလက်တွေ့ ကျုပ်ရှေ့က ဘိုးဘွားမိဘ တွေကိုပဲကြည့်၊ သူတို့မှာ ရှာတုန်းက ကုန်းရုန်းရှာကြပြီး သေတော့ လုံးလုံးကြီး စွန့်လွှတ်သွားကြရပြီ။ အင်း..မလိမ္မာ ကြတဲ့သူတွေများ ဒေါသထွက်ဖို့လည်းကောင်း၊ သနားဖို့ လည်းကောင်းသကိုးဗျ။ ဥစ္စာဓနရဲ့ ချမ်းသာသုခဆိုတာကို မသေခင် အသက်ရှင်နေထိုင်လေး ခံစားကြရတာဆိုတာ တောင် မသိရှာကြတဲ့သူတွေ။ ဟင်း..ဟင်း..ဟင်း..လူတွေ ပြောလေ့ရှိကြတဲ့ ဒုက္ခနဲ့ လှလှနဲ့တော့ တွေ့ကြုံခဲ့ဘူးတဲ့

www.burmeseclassic.com

www.burmeseclassic.com

စကားလိုပေါ့လေ။ ဥစ္စာခနဲ့ ဂန္ဓနဲတော့ တည့်တည့်ကြီး တွေ့ကြပြီသာ အောက်မေ့ပေတော့။ ဘဏ္ဍာစိုးကြီးလည်း နောက်တစ်နေ့ကစပြီး ကျွပ် ထုတ်နုတ်သုံးစွဲမယ့် နေဥစ္စာ ငွေစာရင်းကို လက်မလည်အောင် မယွင်းမမှား ရေးမှတ် ပြုစုဖို့သာ ပြင်ဆင်ထားပေတော့ဗျာ'

နောက်ပေါက် ဂျုန်ိယာသူဌေးမင်း လက်သစ်ဆရာ မောင်ဂန္ဓ၏ ချီတသွေးသွေး ကြိုးဝါးမိန့်မှာချက်ပင် ဖြစ်ပါ ချေသတည်း။

(၂)

သူအလိုလို နဂိုကတည်းက အစွယ်မွေးမွေး မေးရိုးသန် သန်၊ လက်ဖျံအားကောင်းကောင်းနှင့် ထင်သလို သောင်း ကျန်းနေသောကျားကို အာဏာတို့၏ အခေါင်အချုပ် ရှင် ဘုရင်လုပ်သူကိုယ်တိုင်က အဆောင်အယောင် အခမ်းအနား နှင့်တကွ ဦးချိန်နှင့် အတောင်ပံပါ တပ်ဆင်ပေးလိုက်သည် ဆိုတော့ မည်သို့ရှိမည်နည်း။ သမုဒ္ဒရာမှာ မိုးထပ်ရွာပြီ ပေါ့။ မျောက်ကိုမှ ငှက်ပျောခြံအစောင့်ဂိတ်မှူး ခန့်သလို ဖြစ်ရလေတော့သည်။

ဂန္ဓသူဌေးမင်းသည် အသက်ကငယ်ငယ်၊ အရွယ်က သန်တုန်းပြန်တုန်း သုံးဖြုန်းမကုန်သော ဓနဥစ္စာများကလည်း ဘဏ္ဍာတိုက်အပြည့်အစုံ ဆင်ခြင်တုံတရားကလည်း ခပ် ကင်းကင်းဆိုတော့ ထင်သလိုစိုင်းတော့သည်။ ဝိုင်းဝိုင်းလည် နေသော ဖျိကညာအများကလည်း သူ့အပါးတွင် ဖျော်ဖြေ ရန်အသင့်။ အစားအသောက်၊ အသုံးအဆောင် ဟူသမျှ လည်း ဘယ်သူမှ တုမရအောင် နု၊ လှ၊ ယဉ်၊ ဆန်း ပထမတန်းစား များချည်း မှီဝဲသုံးဆောင် ပျော်ပါး၏။ သူ ကလည်း မိမိ၏ စည်းစိမ်ခံစားမှုနှင့်ပတ်သက်၍ ကုန်ချင် သမျှ ကုန်စေ၊ သေလျှင် ထားခဲ့ရမည့်အတူတူ ထိုသို့သုံးစွဲ ခြင်းသည်သာ မွန်မြတ်သည်ဟု ခံယူ၏။ ဘဏ္ဍာစိုးကြီး မူကား ရေးလို့ချွတ်လို့ မနိုင်။ တလိုင်လိုင် လယ်ကျစာရင်း သွင်းနေရချေတော့သည်။ သို့ရာတွင် ထိုစာရင်းများထဲ၌ တစ်ပါးသူများအား ပေးကမ်းလှူဒါန်း စွန့်ကြဲဒါနပြုမှု တစ် ပြားဖိုးမှ မပါချေ။

တစ်ခုသော နေ့ရက်တွင်တော့ ဂန္ဓသူဌေးမင်းက ရွှေ ဉာဏ်တော်စူးရောက်စွာ အသုံးအဆောင်တို့ကို ပြင်ဆင်လာ ပြန်လေသည်။ မြို့တော်ရှိ အတော်ဆုံးသော ဖန်ချက်ဝန်ကို ပင့်ဖိတ်ကျွေးမွေးစေ့ခံကာ သူသုံးဆောင်ရန်အတွက် ကြည် လင်သော ဖန်သားအတိဖြင့်ပြီးသည့် တစ်သိန်းတန် ရေချိုး အိမ်၊ ထိုအတွင်းမှာ ခင်းဖို့က တစ်သိန်းတန် ဖန်ရေချိုးခုံ၊ သူထိုင်ဖို့အတွက် တစ်သိန်းတန်ဖန်ပလ္လင် စသည်တို့ကို အော် ဒါစပယ်ရှယ်မှာယူ၏။ ထို့အပြင် နာမည်ကျော်ကြားသော ရွှေပန်းထိမ်ဆရာများ၊ လက်သမားဆရာများကို ခေါ်ယူစေ ပြန်၏။ စားသောက်သောအခါ ထမင်းထည့်ရန်အတွက် စားတော်ရွှေပန်းကန်များက တစ်ချပ်လျှင် တစ်သိန်းတန်များ ချည်း ရွှေပန်းထိမ်ဆရာများကို အပ်နှံပြုလုပ်စေသည်။ ထို ရွှေပန်းကန်စားတော်ခွက်ယောက်များ တင်ထားရန် ဆန်း ကြယ်စွာပြုလုပ်အပ်သော စားတော်ခွက်တင်ခုံပေါ် စားပွဲ ကလည်း တစ်သိန်းတန်၊ ပန်းခြူးပန်းနွယ် အသွယ်သွယ်ဖြင့် မွမ်းမံဆောက်လုပ်အပ်သော စားတော်ခေါ်ရာ မတ္ထပ်က လည်း တစ်သိန်းတန်၊ စားသောက်ပြီးသောအခါ လေပြည် လေညင်း သုတ်ယူသွင်းတော့ စိတ်တွင်းမှာ ကြည်လင်စေဖို့ ခြသေ့်ခံသော လေသာပြတင်းကလည်း တစ်သိန်းတန်များ သာ ပြုလုပ်ကြရမည်ဟု လက်သမားကျော်များကို အမိန့် တော် မှတ်ပြန်၏။

ထိုသို့ အမျိုးမျိုး အဖိုးထိုက်အောင် စိမ်ခင်းကျင်းပြီး သောအခါတွင်မှ တစ်သိန်းတန် စားတော်ရွှေခွက်များထဲသို့ ထည့်ကာ စားသောက်သော ထမင်းဟင်းလျာများကမူ နံနက်စာအတွက်က တစ်ထောင်တန်၊ ညစာအတွက်က တစ် ထောင်တန့် အကုန်အကျခံလိုက်ကြဟု ခွင့်ပြုချက်ချထား ပေးကာ နေ့စဉ် သုံးဆောင်တော်မူလေသည်။ သို့ပေမယ့် ရှေးရှေးအထူးကံထသော သူဌေးဦးဂန္ဓပါတဲ့။ သည်မှုခဲ့ ပြီးနိုင်ရိုးပေလား။ မှတ်မှတ်သားသားဖြစ်သွားအောင်တော့ လုပ်ချလိုက်ရဦးမှ ကျေနပ်ပျော်ရွှင် စားဝင်အိပ်ပျော်မည်၊ သည်အတွက်ကိုတော့ သူက လပြည့်နေ့ကို ရွေးချယ်သတ် မှတ်၏။ လတစ်လ၏ လပြည့်နေ့တိုင်းသည် သူ၏စားတော်ပွဲ အတွက် အထူးသီးသန့် နေထူးနေမြတ်ဖြစ်စေရမည်ဟု ရည် ရွယ်ကာ စီမံကိန်းချသည်။ အဘယ်ကြောင့်ဆိုသော် ထို လပြည့်နေ့တွင်မူ အခါတိုင်းကဲ့သို့ တစ်ထောင်တန် ထမင်း ဟင်းများ မဟုတ်တော့ဘဲ တစ်သိန်းတန်ထမင်းဟင်းများကို စားမည်ဟု တန်ဖိုးကို အဆတစ်ရာတိတိ မြှင့်တင်ပစ်လိုက် သော်ကြောင့်ပင်တည်း။ ရှင်ဘုရင်တောင် ယောင်၍မှ အိပ် မက်မမက်သည့် ဆန်းကြယ်သည့် စိတ်ကူးပါပေ။

အထူးနေ့ အထူးထမင်းစားပွဲဆိုတော့ ချက်ပြုတ်သူ့ဌာန ကလည်း အထူးလက်ရွေးစင်တွေ ဖြစ်ရမည်ပေါ့။ ဂန္ဓသူဌေး သည် ထိုလပြည့်နေ့အတွက် ချက်ပြုတ်မည့် စားဖိုမှူးများ

www.burmeseclassic.com

ကို မြို့တော်အနှံ့မှ ဟင်းလျာအစီအမံ ကောင်းလှပါပေရဲ့ဟု သူ့အရပ်နှင့်သူ နာမည်ရနေသူ မှန်သမျှကို စုံစမ်းရှာဖွေစေကာ လုပ်အားခ၊ ပညာခ အထူးကြေး အမြန်ကြေး နှစ်ဆ ပေးခြိုးမြှင့်၍ စုရုံးစေ၏။ ထိုစားဖိုမှူးများကို အချက်အပြုတ်၊ အသုပ်၊ အကင်၊ မီးလွင်လွင်ဖြင့် ပေါင်း၍တစ်နည်း၊ မီး အေးအေးဖြင့် နှပ်သည်ကတစ်သွယ်၊ မီးငယ်ငယ်ဖြင့် ဖုတ်သည်ကတစ်မှု၊ ပြာပူပူဖုံး၍ အုံးသည်ကတစ်မျိုး၊ မီးခိုးဖြင့် မြိတ် ကျပ်တိုက်စေသည်ကတစ်ချက်၊ ခပ်ညက်ညက် ဆုံ နှဲ့ထောင်းစေသည်ကတစ်နည်း၊ တရဲရဲကြော် တဖြဖြလော် ဆေသည် တစ်နည်းဖြင့် အသီးသီးအသက လက်စွမ်းပြကြ ဆတော့၏။

ထိုနေ့အဖို့တွင် သူဌေးမင်းအိမ်တော် အနီးဝန်းကျင်နေ ကြသူများကတော့ မစားရ အညော်ခံကြဖို့သာ ပြင်ထားကြ ဆော့။ အညော်နံ့ မခံနိုင်ကြသော ရောဂါသည်တွေ၊ အစာဝင် ငန်းမန်းလိုက်နေသူတွေလည်း ကတိုက်ကရိုက် ဆေးရာရွှေပြေးကြကာ အညော်တိုက်သူများကို အဝေးကနေ ဆေရာဓိက ကမ္မဋ္ဌာန်းစီးဖြန်းလျက် ပွစ်,ပွစ် မေတ္တာထိုင် ခြင်းပေတော့ပေါ့။ ဆရာဂန္ဓ အထူးဖွဲ့စည်းသည့် ဘတ္တလာ ဂုဏ်မန့်ဒိုများကတော့ မီးဖိုချောင်စစ်ဆင်ရေးကို အလျှော့ ဆေးကြလိမ့်မည် မဟုတ်ချေ။ ကိုယ့်ဂျူတီကျသည့် ဟင်းလျာ ဆရာဂန္ဓကို လျှာရင်းမြက်သွားစေခဲ့လျှင် ထပ်မံချီးမြှင့် သည့် အထူးဆုကြေး ဘောနပ်က အတောမသတ်အောင် ခြိုင်းသေးသည် မဟုတ်လား။

ဂန္ဓသူဌေးကား ဤမျှနှင့်အားမရ။ သူက လုပ်ချလိုက် ပြီဆိုလျှင် အများစုကြီးကြားမှာ လှုပ်ရှုပ်ပွသွားမှ အသက် ရှူလို့ ဝသည်ထင်သူဖြစ်လေရာ ထိုနေ့တွင် များစွာသော အလုပ်သမားများဖြင့် မြို့တော်၏ လမ်းကျယ်လမ်းမများ တွင် တစ်သိန်းဖိုး အကုန်အကျခံ၍ အလှအပများ တန်ဆာ ဆင်ယင်စေသေး၏။ ထို့နောက် သူလူများကို ဤယနေ့ ပြည့်နေ့တွင် ဂန္ဓသူဌေးမင်း စားတော်ခေါ်မည့် တစ်သိန်း ဘုန် ထမင်းဟင်းလျာများနှင့် သူဌေးမင်း စားတော်ခေါ်ရာ အခန်းအနား၏ ဆန်းပြားပုံကို ရှုကြည့်လှည့်ကြပါကုန်။ ဇာတိများပြားလှ၍ ရုတ်ရုတ်သဲသဲ မဖြစ်စေရန် တာဝန် ခံသည်။ လုံခြုံရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးကြဖို့ ဘုရင့်ရဲမက်အဖွဲ့ကို အထူးကြေးပေး ငှားရမ်းထားပြီးဖြစ်၍ စိတ်အေးအေး ရှုစားလှည့်ကြပါကုန်ဟု မြို့အနှံ့ စည်မောင်း ဆို၍ လှည့်လည်ကြော်ငြာဝင်စေလေသည်။ သူတို့ ချည်းဆိုလျှင် လူမလာဘဲ ပရိသတ်ကြွေမည်စိုး၍ မြို့တော်ရှိ နာမည်ကျော် သဘင်ပညာသည်များကလည်း အခမ်းအနား ကြီးတွင် ပါဝင်သီဆိုကပြဖြေဖျော် အသုံးတော်ခံပါဦးမည်ဟု ကြော်ငြာမှာ အဆစ်ထည့်ကာ ငါးစာတပ်လိုက်ချေသေး၏။

ထိုသို့စည်မောင်းထိုး၍ ကြော်ငြာသံကို ကြားရသော အခါ မြို့သူမြို့သားများသည် နေ့နှင့်လတို့ တစ်ပြိုင်နက် တည်း မိမိတို့ခေါင်းပေါ် ပြုတ်ကျလာနေသည်ကို မြင်ကြ ရသူများအလား အံ့သြတုန်လှုပ်သွားကြလေကုန်၏။ သို့ရာ တွင် ဩော်...ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာပါတကား၊ ဟု ညည်းညူမည့်သူတော့ တစ်ယောက်မှပေါ်မလာချေ။ ကြော် ငြာအရကတော့ တကယ်ထူးသည့်ပွဲပေပဲ။ လမ်းနံဘေးမှာ အမဲရိုးလုရင်း ခွေးအချင်းချင်း သုနှက္ခစစ်ပွဲ ဆင်နွှဲတာကို တောင်မှ အခမဲ့ရှုစားရလျှင် ပြီးစတမ်း ဝိုင်းအုံကြည့်ရှုတတ် ကြသေးသော ပွဲကြိုက်မောင် ပွဲကြိုက်ခင်များ ဖြစ်ကြလေရာ တစ်သိန်းတန်ထမင်းစားပွဲကြီးကျင်းပမည့် ဂန္ဓသူဌေးမင်း၏ စားတော်ခေါ် အခမ်းအနားသို့ အချိန်မမြုန်းဘဲ တစ်အိမ်လုံး ချီတက်ကြရန် သောသောအုတ်အုတ် လှုပ်လှုပ်ရွရွ ပြင်ဆင် ကြလေတော့သည်။ လုံခြုံရေးအတွက်လည်း မပူရ။ ဘုရင့် ရဲမက်တွေကို ငြိမ်ဝပ်ပိပြားရေးအတွက် ထိန်းသိမ်းဖို့ အထူး ကြေး ပေးထားပြီးပြီဆိုပဲ။ သည်အထဲ မြို့တော်၏ နာမည် ကျော် သဘင်သည်တွေရဲ့ အဆို,အကဖျော်ဖြေရေးကလည်း ပါဦးမည်ဆိုတော့ အစီအစဉ်တွေက တစ်ဂွတ်တည်းဂွတ်၊ လက်လွတ်ခံလိုက်လျှင် ဖျင်းရာကျတော့မည်ဟု ဆိုကြ၏။

သူဌေးမင်းကလည်း သည်လိုမျိုးမှ အကြိုက်ကျ၏။ လောကမှာ သူများထက်ထူးပြီး နဖူးကို ရွှေချပစ်လိုက်မှ ဘယ်နေရာက လှမ်းကြည့်ကြည့် လူထဲမှာ တဝင်းဝင်းနှင့် ထင်းထင်းကြီးပေါ်လွင်မည်ဟု အယူရှိ၏။ ဤလပြည့်နေ့ စားတော်ခေါ် မင်္ဂလာအခမ်းအနားအတွက် ကုန်ချင် သလောက် ကုန်ပါစေ။ ကုန်သမျှတန်သည်။ လူစည်လျှင် ပြီးစတမ်းဟု နှလုံးသွင်းထား၏။ ကွမ်းတောင်၊ ပန်းတောင် ကိုင် အပျိုကညာ အချောအလှကလေးတွေချည်း ညနေညို ရေခပ်ဆင်းသည့် ရွာလယ်ကောင် သောက်ရေချိုတွင်း ဇရီ ယာထဲသို့ ကျားကိုးစီး စားမကုန်သော အင်အားဗလနှင့် အရွှေတစ်ယောက် လက်ရဲဇက်ရဲတွေ့ကရာ အပျိုကို ဝင်ဆွဲ သကဲ့သို့ သဲသဲရုတ်ရုတ် အုတ်အော်သောင်းတင်းဖြစ်စေသည့် ထိုသတင်းကို ရှင်ဘုရင်မင်းကြားကလည်း မကြားဘဲ ရှိပါ့ မည်လော။ သူ့ရဲမက်တွေကို အထူးကြေးပေးကာ ဘုရင်ထိန်း

www.burmeseclassic.com

ခန့် ကင်းချသည်ကအစ သတင်းရပြီးဖြစ်၏။ သို့သော် မင်းတြားကြီးတို့၏ သိရိသရေ ဣန္ဒြေမပျက်စေခြင်းငှာ မသိချင်ယောင်ဆောင်နေပေးလိုက်၏။ တစ်ဆက်တည်း မိမိ အနီးကပ်မှာရှိနေသည့် လွတ်တော်ရုံးအပေါက်စောင့် ဒရဝမ်မှသည် အထက်အဆင့်ဆင့် မှူးကြီးမတ်ကြီးများအထိ အာဏာပိုင်မျက်နှာကြီးအဖွဲ့ဝင် မင်ဘာမှန်သမျှကိုလည်း ဤထမင်းစားပွဲကို သွားမရှုပ်ကြနှင့်။ သွားလည်း မငေးကြနှင့်။ လူကြီးပီပီ မှင်နှင့်နေဟု နိုးတစ်သမ္မန်စာ ထုတ်ဆင့်ထားလိုက်၏။ ပွဲဆူတုန်း ဆူပါစေဦး။ နောက်ရက်အတန်ကြာ၍ အေးအေးဆေးဆေးရှိပြီဆိုသော တစ်ရက်ကျမှ ဂန္ဓသူဌေးမင်းအား ထူးဆန်းသော ထမင်းစားပွဲကြီး ဝဲ့ခိုးကျင်းပခြင်းဖြင့် မြို့တော်ရှိ အများပြည်သူတို့အား စည်းကားသိုက်မြိုက်ပျော်ရွှင်အောင် စွမ်းဆောင်နိုင်သူအဖြစ် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တစ်ခု ကြဖန်ချီးမြှင့်လိုက်လျှင် သပိတ်ဝင် အိတ်ဝင် ဆွဲစိပြီးသားဖြစ်တော့သည်ဟု မင်းတြားကြီးက ဉာဏ်ရောင်စုံကွန်မြူး ရှက်ဂျူးဆွဲထားလိုက်ပြီး ဖြစ်လေသည်။ ဘယ်ဆင်းရဲသား မွဲတေတတ်မွတ်နေပါစေ ထည့်တွေးဖို့မလို။ သူဌေးတွေ မငြိုငြင်ဖို့သာ အဓိကပဲ။

သည်လိုနှင့် ဂန္ဓသူဌေးမင်း၏ တစ်သိန်းတန်ထမင်းစားတော်ခေါ်ပွဲ အခမ်းအနားကျင်းပရန်အချိန်သို့ ဆိုက်ရောက်လာ၏။ တစ်သိန်းတန်မဏ္ဍပ်ကြီးအတွင်း၌လည်း မြို့တော်သူမြို့တော်သား ပရိသတ်တို့ ကြိတ်ကြိတ်တိုးစည်ကားနေပြီ။ ထိုအချိန်တွင် ဂန္ဓသူဌေးမင်းသည် ကြည်လင်စွာ ဖောက်ထွင်းမြင်နေရသည့် တစ်သိန်းတန် ဖန်ရေချိုးအိမ်အတွင်းရှိ တစ်သိန်းတန် ဖန်ရေချိုးခုံပေါ်တွင် ထိုင်ပြီးလျှင် တစ်ဆယ့်ခြောက်အိုးသော နံ့သာရေအိုးတို့မှ တစ်ခွက်ချင်း ဖြည်းဖြည်းခပ်ကာ ရေချိုးခြင်းအစီအစဉ်ဖြင့် စတင်ဖွင့်လှစ်၏။ ရေချိုးအိမ်နံဘေး စင်မြင့်ကလေးပေါ်ရှိ ချောမောလှပသော ပရိစင်တာ မမကလည်း သူဌေးမင်း ယခု တစ်ခွက်ချင်းခပ်ဖြည်းဖြည်းသွန်းလောင်းချိုးနေသော နံ့သာရေစင်သည် နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ ကရမက်၊ ပန်းပေါင်းဆီ၊ ရှားပါးလှသော ကဲတိုးကောင်၏ အဆီ၊ အဆေး၊ ဆေးဖက်ဝင်အစွမ်းထက်လှသော သစ်မွှေးနှင့် တောမြိုင်တိုင်းတွင် ရှာဖွေတွေ့ရှိဖို့ ခဲယဉ်းလှသည့် စန္ဒကူးအနှစ်အသားများကို ပေါင်းခံရွေးထုတ်ထားသည့်အဆီ စသည်တို့ ရောနှောပေါင်းစပ်ထားပါကြောင်း၊ ထို့ကြောင့် ထိုနံ့သာရေစင်သည် တစ်ဆယ့်ခြောက်အိုးပေါင်းလျှင် တစ်သိန်းမက အဖိုးထိုက်ပါကြောင်း၊ ချီးသုံးသူ၏ ဓနာဂိုယ်တွင်းသို့ မွေးညင်းပေါက်ငယ်များစွာမှ စိမ့်ဝင်ပျံ့နှံ့သွားပါက ကိုယ်တွင်းရှိ ရောဂါဘယအမျိုးမျိုးကို တိုက်ဖျက်ကုစားပါကြောင်း၊ ထိုရေစင်နှင့်ထိသော အပေါ်ယံအသားအရေတို့သည်လည်း အေးမြချောမွတ် ဝင်းပစိုပြည်စေပြီး အရေပြားကို ဒုက္ခပေးသော တင်းတိပ်၊ မွဲခြောက်၊ ပွေး၊ ညှင်း၊ ဝဲ၊ ယားနာ အစရှိသည်တို့လည်း မကပ်ငြိနိုင်တော့ပါကြောင်း ယဉ်ကျေးချိုသာစွာ ရှင်းလင်းပြောကြား တင်ဆက်နေရာ ပရိသတ်များမှာ ဟယ်ခနဲ မြည်တမ်းလိုက်၊ သြော်ခနဲ အားကျလိုက်၊ ဟုတ်ပေ့ကွာ၊ တောက်ဟု တက်ခေါက်လိုက်နှင့် ငေးမောကြည့်ရှုနေကြရလေတော့သည်။

သူဌေးမင်းသည် ရေချိုးအိမ်မှ ထွက်လာသည်နှင့် နှုံးညံ့အိစက်လှသော ကတ္တီပါတဘက်ကြီးများဖြင့် သူ့ဓနာကိုယ်ပေါ်မှ ရေစက်ရေပေါက်တို့ကို သန့်စင်စေ၏။ ပြီးနောက် ပျိုကညာအလှပဂေးကလေးများက တောက်ပပြောင်လက်နေသော အဖိုးတန်ပိုးဖဲဝတ်စုံတို့ကို ဝတ်ဆင်ပေးကြ၏။ ထို့နောက်တွင်မှ သူဌေးမင်းသည် တစ်သိန်းတန်သော ခြေသော့်ခံ လေသာပြတင်းကိုဖွင့်၍ တစ်သိန်းတန်သော ဖန်ပလ္လင်ကြီးပေါ်တွင် ကြည်ရွှင်အေးမြစွာ နံဘေးက အပျိုကညာအပေါင်း ခြံရံလျက် ဝင်ထိုင်ကာ စားတော်ပွဲ ပြင်ဆင်သည်ကို စောင့်ဆိုင်းနေလေ၏။

အထူးရွေးချယ်ထားသော လက်ရွေးစင်စားတော်ကဲတို့၏ အခန်းကဏ္ဍသို့ ရောက်ရှိလာခဲ့လေပြီ။ ၄င်းတို့သည် လှပဆန်းကြယ် အသွယ်သွယ်သော ပန်းနွယ်ပန်းခက်တို့ဖြင့် ပြုလုပ်ထားသည့် တစ်သိန်းတန်စားပွဲကြီးကို ခင်းကျင်းကြ၏။ ပြီးလျှင် တစ်ချပ်လျှင် တစ်သိန်းတန်သော ရွှေပန်းကန်ရွှေစားတော်ခွက်များဖြင့် ၄င်းတို့တစ်ဦးချင်းစီ၏ လက်စွမ်းပြဟင်းလျာများကို တစ်မျိုးပြီးတစ်မျိုး ထုတ်ယူကာ စားပွဲပေါ်သို့ နေရာချထား၏။ ယူဆောင်လာသော ဟင်းလျာအမျိုးအမည်တို့ကိုလည်း ဖန်တီးစီစဉ်သူ စားတော်ကဲ၏ အမည်နှင့်တကွ ပူးတွဲ၍ ပရိစင်တာမမက တစ်ခုချင်း ကြေညာပေးနေ၏။ ပရိသတ်များကား ဟင်းတစ်မျိုးအမည် ကြေညာလိုက်၊ ဟေးခနဲ ဝိုင်းညြာဘာပေးလိုက် ထူးလှပါကလား။ ဆန်းလှပါကလားဟု အံ့ညြလိုက်၊ သင်းပျံ့လာသော ဟင်းရနံ့များကို ရှူရှိုက်ကာ သွားရည်ယိုလိုက်နှင့် မစားရ အညောင်ခံကာ မိမိတို့ဝမ်းထဲမှ တကြွက်ကြွက် အသံပေးလာသည်ကို အံခဲ၍ လျစ်လျူရှုထားကြရပေတော့

www.burmeseclassic.com

သည်။ ဤသို့ဖြင့် ဟင်းလျာပေါင်းစုံတို့မှာ စားပွဲကြီးနှင့် ပြည့်သွား၏။ စားတော်ပွဲကျင်းပရာ ဝန်းကျင်တစ်ခိုတွင် ရှိသည်။ ဟင်းပေါင်းစုံ၏ရနံ့ဖြင့် သင်းပျံ့ကြိုင်လှိုင်နေလေသည်မှာ ဤပွဲ၏ ပိုင်ရှင်သူဌေးမင်း ဂန္ဓာ၏ အမည်ဗျူပွတ်ကို သရုပ်ဖော်နေကြသည်နှင့်ပင် တူတော့၏။

ဟင်းလျာများ ပြည့်စုံသွားချိန်တွင်မှ အကောင်းဆုံးသော သလေးဆန်ဖြင့် ချက်ပြုတ်ထားသည့် နတ်သုဒ္ဓါအလား ထင်မှတ်မှားရသော ထမင်းဘောဇဉ်ကို ပန်းခြူးမန်းနွယ်များ ခတ်ထားသည့် အကြီးဆုံးသော ရွှေပန်းကန်ဘီလို့ ထည့်လိုက်ကြလေတော့၏။ သည်တော့မှ သူဌေးမင်းသည် တစ်သိန်းတန် ဖန်ပလွင်ပေါ် မိန့်မိန့်ကြီး စံနေတော်မူမှ မင်းသားဟန်ဖြင့် ရွရွကလေး ဆင်းလာလေသည်။ ဤအချိန်တွင် ပရိစင်တာမမက ကြော်ငြာပန်ကြား ဖိတ်ခေါ်လိုက်၏။

"ဟုတ်ကဲ့၊ အထူးဖိတ်ကြားထားတဲ့ မြို့တော်ရဲ့ နာမည်ဂုဏ် သဘင်သည်၊ ကချောသည်၊ အနုပညာရှင်များရှင်.. ခုနအချိန်က စတင်ပြီး ဂန္ဓသူဌေးမင်းဟာ တစ်သိန်းတန်းစားတော်ပွဲကို စတင်သုံးဆောင်တော့မှာ ဖြစ်တဲ့အတွက် သူဌေးမင်းနဲ့တကွ ကြွရောက်လာကြတဲ့ အများပြည်သူ ပရိသတ်ကြီးကို မိမိတို့ အဆို၊ အက အနုပညာများနဲ့ ဖျော်ဖြေဘင်ဆက်ပေးနိုင်ကြဖို့ သတ်မှတ်ပေးထားတဲ့အတိုင်း နေရာယူပေးကြဖို့ လေးစားစွာဖိတ်ခေါ်ပန်ကြားအပ်ပါတယ်ရှင်"

အစီအစဉ်ကြေညာသူ ပရိစင်တာမမ၏ ဖိတ်ခေါ်သံအဆုံးတွင် ပရိသတ်ကြီး၏ ဟေးခနဲ အော်ဟစ်သြဘာပေးလိုက်သံများနှင့် လက်ခုပ်သံများ၊ လက်ခေါက်မှုတ်သံများက မဏ္ဍပ်အမိုးကြီး ပွင့်ထွက်သွားတော့မည့်အလား ဟိန်းဟိန်းညံသွား၏။ လာပြီ..လာပြီ၊ အခုမှ အထူးမျှော်လင့်ဆောင့်စားနေခဲ့ကြရတဲ့ အစီအစဉ်က စတင်ပြီဟု ဆိုကြ၏။

ကြော်ငြာသံ၏အဆုံးတွင် တောသူမ ရေချိုးတော့မည့် ဆာဘီရင်လျား ဝတ်စုံဒီဇိုင်းနှင့်ကတစ်မျိုး၊ ကိုယ့်အဖေရင်းအမေရင်း၊ မိဘ၊ ဘိုးဘွား၊ အစ်ကိုတွေ၊ မောင်တွေရှေ့ပြတ်လျှောက်ရဲစရာမရှိသော ပေါင်တံဖွေးဖွေး အသားပေးဖော်ထုတ်ထားသည့် ပေါင်ရင်းဆိုက်သည့် ပိုးနံငယ်ပိုင်းအသားကပ် ခပ်ကြမ်းကြမ်း၊ ရင်နှစ်မြွာကို မလုံတလုံ ဖုံးအုပ်ထားသည်ကလွဲ၍ ပခုံးသားဝင်းဝင်း ချက်တွင်း ခပ်နက်နက်ကို အရင်းတိုင်း ဖော်ပြထားသည့် ဆင်ယင်မှုနှင့်တစ်သွယ်၊ စိမ်းလဲ့ကြည်လင်သော ရေ၊ ငူးကန်ရေပြင်ထဲ အခုပဲ ဒိုက်ထိုးဆင်းကာ ကူးခပ်တော့မည့်အလား ရေကူးဝတ်စုံခပ်ပါးပါး ဝတ်ဆင်ထားသူက တစ်နည်းဖြင့် အသီးသီး အသကသော့ မြို့တော်၏ အနုပညာရှင်ဆိုသူ အမျိုးသမီးကချေသည်ကလေးများက သူ့ထက်ငါ ဗလာကျင်းစေဖို့ ကြိုးစားလျက် စင်မြင့်ပေါ် တက်လာကြလေသည်။

ယောကျ်ားလေးအနုပညာရှင် ဆိုသူတွေကကော ဘာထူးလို့တုန်း။ ဖြူဖြူ။ ပြာပြာ၊ ဝါဝါ၊ စိမ်းစိမ်း၊ နီနီကြောင်ကြောင် အရောင်မျိုးစုံ စိတ်ကူးတည့်သမျှ ဆေးရောင်ခြယ်သထားပြီး တိုက်ကြက်ဖအမြီးကို ခေါင်းပေါ်တင်ထားသလိုလို၊ မကျွမ်းကျင်သေးသော အလုပ်သင် ကောက်စိုက်သမက ရွံ့ထဲ ဗွက်ထဲ ကြိုသလို ထိုးစိုက်ပစ်ခဲ့သည့် ပျိုးပင်များ ဟိုတစ်စ,သည်တစ်စ ထိုးထိုးထောင်ထောင် ပြန့်ကျဲနေသည့်နှယ် မိုးပေါ်ထောင်နေသည့် ဆံပင်ပုံစံ တွေလီဆန်းပြားတို့ဖြင့်လည်းကောင်း၊ ပြိုးပြိုးပြက်ပြက် လိုးလိုးလက်လက် လှုပ်ယမ်းနေကြသော နားသံသီး၊ နားဆွဲ၊ အိုင်း၊ လေးထောင့်၊ တြိဂံ သဏ္ဌာန်မျိုးစုံ နားကပ်ပြားကြီးများ ပန်ဆင်ကြလျက်လည်းကောင်း၊ ရှေးကုသိုလ်ကံခေ၍ စိတ်ဖောက်ပြန်လေသူတစ်ဦး စိတ်ကူးတည့်ရာ ကောက်လျှိုလာသည့်နှယ်ရှိသော မျက်စိနောက်စရာ ဝတ်စားဆင်ယင်မှုများနှင့်လည်းကောင်း ပရိသတ်သို့ လက်ဝါးတပြပြနှင့် ဒီမလေ..ကျုပ်တို့ကို ပါးများ တက်ရိုက်ချင်ကြသေးသလားဟု မမေးသော်လည်း အမူအရာနှင့် မေးသကဲ့သို့ ငေ့ယမ်းနှုတ်ဆက်ကာ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာကြလေကုန်၏။

ပရိသတ်ကြီးလည်း ဘယ်မင်းသမီးကလေးပဲဟဲ့၊ ဘယ်မင်းသားကလေးပဲဟဲ့ နှင့် မပဋ္ဌာကို နတ်ပူးသည့်နှယ် ထွန့်ထွန့်လူးကပြဖြေဖျော်ပါးစပ်က ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com

အော်လို့အော်နေမှန်း မသဲကွဲသည့် ငါးစိမ်းသည်ချင်း ထဘီစွန်တောင်ဆွဲ ခါးထောက် ရန်ဖြစ်နေကြသလိုလို တေးချင်းသံများကို နားစွင့်ကြလျက် ခေါင်းတမော့မော့ ခြေဖျားတထောက်ထောက် တစ်ခဲနက် ဆူညံအားပေးကြကုန်သည်မှာ ကမ္ဘာပျက်၍ ပွက်လောရိုက်သကဲ့သို့ ရှိပါဘိတော့သည်။

သူဌေးမင်း ဆရာသခင် မောင်ဂန္ဓသည်ကား သူ့ကို ဗဟိုချက်ထား၍ ဝိုင်းကြီးပတ်ချာလှည့်သည့် ကပြဖျော်ဖြေနေကြသော အနုပညာရှင်ဆိုသူများအား ပြုံးပြုံးကြီးကြည့်လိုက်၊ တစ်သိန်းတန်ထမင်းကို ရွေဖွန်းနှင့်ခပ်ကာ သူပါးစပ်ထဲထည့်ပြီးသကာလ ပါလာသမျှ ထမင်းစေ့ကို အစေ့ရေမည်မျှဟု အရေအတွက်မှတ်တမ်းတင်မည့်အလား တလှုပ်လှုပ် ခပ်ဖြည်းဖြည်းဝါးလိုက်၊ မြို့တော်အနှံ့ စည်မောင်းထိုးကြော်ငြာ ဖိတ်ခေါ်ခဲ့ပြီး ဘယ်သူ့ကိုမှ လောကွတ် (လောကဝတ်)မချော် သူတစ်ကိုယ်တော်သာ အားမနာလျှာမကျိုး အရသာခံ စားသောက်နေသည်ကို ကြည့်နေကြသည့် ပရိသတ်ကြီးသို့ အကြေကြီးဖြင့် ဝေ့ကြည့်လိုက်နှင့် သူဟာသူလည်း မနားရအောင် အလုပ်များလျက် ရှိလေကုန်၏။ အချို့အတော်ကြာသွား၍ စားသမျှ မျိုသမျှ ဝရုံအိရုံသာမက ဆရာမောင်ဂန္ဓတစ်ယောက် ငြိုးစိစီ မှုးနောက်နောက်ဖြစ်လာပြီဆိုတော့မှ တစ်သိန်းတန်စားတော်ခေါ်ပွဲကြီး နိဂုံးကမ္ဘတ် အဆုံးသတ်လေသည်။

သည်တော့မှ ထမင်းဆာဆာ ဝမ်းဟာဟာနှင့် ကိုယ့်အိမ်ကိုယ့်ရာသို့ ကသုတ်ကရက် ထပြန်ကြသည့် အများပြည်သူပရိသတ်ကြီးအား ပရိစင်တာမမက ရှေ့တစ်လလပြည့်နေ့တွင်လည်း ယနေ့ပွဲသဘင်ထက် ပို၍၊ ပို၍ထူးခြားဆန်းပြားသည့် စားဖူးဖို့နောက်ထား ကြားဖူးဖို့ပင် ခဲယဉ်းလှသည့် ဟင်းလျာအမျိုးအမည် အသစ်အဆန်းတို့ဖြင့် တစ်သိန်းတန်စားတော်ခေါ်ပွဲ အခမ်းအနားကို တင်ဆက်ဦးမည်ဖြစ်၍ ယခုကဲ့သို့ လာရောက်ကြည့်ရှု အားပေးကြပါ့မည်အကြောင်း သတင်းကောင်းပါး ကြော်ငြာပေးနေလေသေး၏။

ဂန္ဓသူဌေးမင်း၏ နာမည်ကား ထိုနေ့ စားတော်ခေါ်ပွဲအရှိန်ဖြင့်ပင် မြို့တော်ပြည်ရွာတစ်ရိုး ဟိုးဟိုးကျော်သွားခဲ့လေပေပြီ။ သူထက်အလျင် ဘွဲ့တံဆိပ်လက်မှတ်တော်ရသူဌေးအားလုံးကို နာတစ်ဖျားမက မိုင်တစ်ဝက်ခန့် ပြတ်ပြတ်သားသား ဖြတ်ကျော်တက်သွားခဲ့ပြီဖြစ်၏။ မိမိတို့ကို ကျော်ချလိုက်မှ ဓားပြမှန်း မသိရှာကြလောက်အောင် ရိုးစင်းလှသော အများပြည်သူ မြို့တော်သူမြို့တော်သား လူထုကြီးမှာမူကား ချွေးပျံခြေညောင်း၊ အညောင်နှံနှံ၊ ဇက်ကြောတက်၊ အချိန်ကုန်၊ လူပင်ပန်း၊ မျက်စိနောက်၊ နားငြီးသည်ကလွဲ၍ မိမိတို့အကျိုး တစ်ပြားဖိုးမှ တိုးပွားလာသည်မရှိသော သူဌေးမင်း၏ နောက်လာမည့် စားတော်ခေါ်ပွဲကြီးကိုလည်း စောင့်စားမျှော်လင့်ကြရဦးမည် ဖြစ်ပေတော့သည်တကား။

(၃)

ဤယနေ့သည် လပြည့်နေ့ပင်ဖြစ်သည်။ မိုးစင်စင်လင်းသည်နှင့် မြို့တော်၏ လေးပြင်လေးမျက်နှာရှိ မြို့တံခါးစောင့်တံခါးမှူးတို့က မြို့ဝင်တံခါးကြီးများကို ဖွင့်လှစ်ပေးလိုက်ကြ၏။ မြို့တံခါးများ ပွင့်ပြီဆိုသည်နှင့်ဝင် ဗာရာဏသီမြို့တော်ကို အမှီပြု၍ ရောင်းဝယ်ဖောက်ကားကြမည့် မြို့ဝန်းကျင်ကျေးရွာဒေသပုဒ်များမှ ဈေးသည်ဈေးဝယ်တို့၏ နွားလှည်းများလည်း တအီအီ လှည်းဝင်ရိုးသံ၊ နွားငေါက်သံများပေးလျက် မြို့တွင်းသို့ မောင်းနှင်ဝင်ရောက်လာကြလေတော့သည်။ ထိုနွားလှည်းများ ရွာထဲတွင် မိမိတို့စိုက်ပျိုးသော ယာခင်းမှထွက်ရှိသည့် ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား အစရှိဟင်းချက်စရာ ထွက်ကုန်များလည်း ပါဝင်သလို တောမှရရှိသည့် ထင်းများကို တင်ဆောင်လာသော လှည်းများလည်း ပါဝင်၏။

ထိုအများစုထဲမှ တစ်ယောက်သော ဇနပုဒ်သားသည် မူ ဟင်းသီးဟင်းရွက်ကလေးများနှင့် ထင်းခြောက်များကို အခွင့်သင့် စုဆောင်းမိတိုင်း ဗာရာဏသီသို့ လာရောက်ရောင်းချ အသက်မွေးရသူ မိလက္ခ။ ဆင်းရဲသားတစ်ဦးဖြစ်၏။ သူသည် မိမိ၏ ထင်းလှည်းကို မောင်းနှင်လာလျက် မြို့သို့ရောက်လေတိုင်း စတည်းချတည်းခိုသည့် မိမိတို့ရွာသား သူငယ်ချင်း၏အိမ်သို့ ရောက်ရှိလာခဲ့ပြန်၏။ အိမ်ရှင် သူငယ်ချင်းက ဆီးကြို၍ ပဋိသန္ဓာရပြုသည်။

"ဟော..ငါ့လူကြီး၊ မြို့တစ်ခေါက်တက်ခဲ့ပြန်ပါလား။ ဒီတစ်ခေါက်ကတော့ ထင်းတွေ ခါတိုင်းထက် ပိုပါလာတယ် ထင်တယ်။ လှည်းအိမ်အထက်မှာ အပြည့်အမောက် ပါလားဟေ့"

"ဟုတ်တယ်သူငယ်ချင်း၊ ငါ့ဆီက ဝယ်နေကျဖောက်သည်တွေအပြင် နောက်ထပ်တိုးနှစ်အိမ်စာ ပိုမှာလိုက်ကြလို့ ခုတစ်ပတ် ပိုခုတ်၊ ပိုစုဆောင်းပြီး တင်လာခဲ့ရတယ်။ အသင့်သွားပို့ပေးရုံပါပဲ။ ရော့..ဒါတွေ ယူထားလိုက်ဦး မင်းတို့အိမ်အတွက် ထည့်လာခဲ့တဲ့ ရွာလက်ဆောင်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ကျေးတောသားသည် လက်ဆောင်ယူလာခဲ့သော မိမိ အခင်းထွက် ဟင်းချက်စရာ အသီးအနှံများနှင့် တောမှ သည် ချေသားခြောက်၊ ဆတ်သားခြောက်၊ ပျားရည် ရှိသည်တို့ကို ပေးအပ်ပြီးနောက် ထင်များကို လှည့် ည်ပို့ရန် နွားလှည်းကို ဆက်လက်မောင်းနှင်သွားလေ ည်။ စက်နာရီအားဖြင့် နံနက်ကိုးနာရီခွဲပြီးသော အချိန် ောက်တွင်မှ ထိုကျေးတောသားသည် လှည်းအိမ်အခွံဗလာ က်သက်ဖြင့် ပြန်ရောက်လာ၏။ နွားတွေကို လှည်းထမ်း ချောက်ကာ အိမ်ဝိုင်းတွင်းရှိ သစ်ပင်ရိပ်အောက်သို့ နေရာ ပြင်းချလျက် ရေရှိုတွင်းမှ ရေခပ်ကာတိုက်၏။ လှည်း ည့် အသင့်ဆောင်ယူလာခဲ့သော နွားစာပြောင်းရိုး၊ ောက်ရိုးစင်းနှင့် မြက်ထုံးအစိုများကို ခပ်သွက်သွက်စင်း ရေနှင့်ရောချ၍ နွားစာကျွေး၏။ ထိုဗာဟီရကိစ္စများကို ောင်ရွက်ပြီးစီးချိန်မှာပင် အိမ်ရှင်ဖြစ်သူက အပြင်မှ ပြန် ောက်လာ၏။ ရောက်ရောက်ချင်းပင် ကျေးတောသား ည့်သည်သူငယ်ချင်းကို သတင်းပေးတော့၏။

"တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့ကျမှ မင်းရောက်လာ အံကိုက်ပဲဟေ့။ ငါလည်း သတိမထားမိပါဘူး။ မြို့ ားကို ခဏသွားရင်း စည်မောင်းထိုး ကြေးသံ ကြား ခဲ့ ဒီနေ့ လပြည့်နေ့ပါလားလို့ ပြန်သတိပင်လာတာ"

"လပြည့်နေ့တော့ ဘာထူးလို့လဲ သူငယ်ချင်း"

ကျေးတောသားက ပြန်မေး၏။

"ဟာ..ထူးပါပြီလား။ အခု ငါတို့မြို့မှာ လပြည့်နေ့ ောက်တိုင်း၊ရောက်တိုင်း ဂန္ဓသူဌေးမင်းရဲ့ အိမ်တော်ရှေ့က ည့်ကြီးမှာ ထမင်းစားတော်ခေါ်ပွဲကြီး လုပ်လေ့ရှိတယ် သွားကြည့်ကြတဲ့ ပရိသတ်တွေနဲ့ သိပ်စည်တာပဲ။ ည်သည်တွေ၊ ကချေသည်တွေရဲ့ ဖျော်ဖြေရေးတွေလည်း ကိုး။ စားတော်ခေါ်ပွဲက ဟင်းလျာတွေကလည်း တစ် ကိုတစ်မျိုး မထပ်ရအောင် အဆန်းအပြားတွေချည်းပဲ။ ဂန္ဓသူဌေးမင်းက အဖိုးတစ်သိန်းတန်တဲ့ ထမင်းကို စားတော် ည်တာလေ"

မြို့နေမိတ်ဆွေက ရှင်းပြသောအခါ ကျေးတောသား များစွာအံ့သြသွားရလေတော့သည်။

"ဘာပြောလိုက်တယ်။ တစ်သိန်းတောင်တန်တဲ့ထမင်း လား"

"ဟုတ်တယ် ငါလူ၊ အဲလိုထမင်းစားပွဲကြီးကို မင်း ကြည့်ဖူးမယ် မထင်ဘူး"

"မြင်ဖူး၊ ကြည့်ဖူးဖို့ နေနေသာသာ ကြားတောင်မကြား ဖူးပါဘူး ကိုယ့်လူရယ်။ ငါ့မှာက တောထဲမှာပဲ နေစဉ် ထင်းခုတ်စုဆောင်းပြီး မြို့ကို လာလာရောင်းချနိုင်ပါမှ မိသားစု မသေထမင်းကလေး အလျှင်မီရံစားရတဲ့ ဆင်းရဲ သား။ အောင်မယ်လေး..ထမင်းတစ်နပ်စာတာ အဖိုးတစ် သိန်းတောင် ကုန်ကျတယ်ဆိုတော့ မကြားဝံ့မနာသာ ယုံ စရာ မရှိပါလား။ ရှင်ဘုရင်စားတဲ့ ပွဲတော်အုပ်ဆိုတာမျိုး ထင်မိပါရဲ့"

"ဟုတ်လိမ့်မလား ငါ့လူရာ။ ရှင်ဘုရင်ထက်တောင် ဝိုလိမ့်ဦးမလား မပြောတတ်ဘူး။ ကပွဲဆိုပွဲ၊ ရေချိုးပွဲတွေ လည်း ကြည့်ရမယ်မောင်။ မင်းက တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာဆိုတော့ နေရာကျပြီ။ ငါတို့ အတူသွားကြည့် ကြတာပေါ့"

သည်လိုနှင့် သူငယ်ချင်းနှစ်ဦးတို့သည် ရေမိုးချိုး မနက် စောစော စားကြကာ ဂန္ဓသူဌေးမင်း၏အိမ်တော်ရှေ့ မဏ္ဍပ် ကြီးဆီသို့ လာခဲ့ကြလေသည်။ ထုံးစံအတိုင်း မြို့တွင်းလမ်း များတွင် အလှအပအဆင်တန်ဆာများ ဆင်ယင်ထားပြီးဖြစ် ၍ ကျေးတောသားမှာလည်း တမော့မော့နှင့် ဟိုကြည့်လိုက် ဒီကြည့်လိုက် အံ့သြမဆုံးဖြစ်နေရတော့၏။ မဏ္ဍပ်ဝန်းကျင် တွင်မူကား တစ်ကွင်းလုံးပြည့် စည်ကားနေလေပြီ။

"လာ..သူငယ်ချင်း၊ အနီးကပ်ကြည့်ရအောင် ရှေ့ဆုံး တန်းအထိ တရွေ့ရွေ့တိုးကြမှ ဖြစ်မယ်ကွ"

သူတို့နှစ်ဦးသည် ပရိသတ်အတွင်းသို့ တဖြည်းဖြည်း တိုးဝင်၍လာခဲ့ကြရာ မကြာမီမှာပင် ရာဇမတ်ဝင်းခတ်ကာရံ ထားသော ရှေ့ဆုံးသို့ ခက်ခက်ခဲခဲ ရောက်ရှိလာခဲ့ကြတော့ သည်။ မကြာမီမှာပင် ဂန္ဓသူဌေးမင်းသည် သူ၏တစ်သိန်း တန် စားတော်ခေါ်ပွဲ အခမ်းအနားကို စတင်လေတော့ရာ အစီအစဉ်တိုင်းသည်ပင် ကျေးတောသားအဖို့ အံ့သြငေးမော ဖွယ်ရာများချည်း ဖြစ်နေတော့သည်။ သည်လိုနှင့် နောက်ဆုံး အစီအစဉ်ဖြစ်သော တစ်သိန်းတန် ထမင်းဘောဇဉ်ကို စား သောက်ခြင်းပြုသော အချိန်တွင်မူကား ပြဿနာစလာတော့ သည်။

ကျေးတောသား ထင်းသည်တို့ ကြည့်နေသောနေရာ သည် ရာဇမတ်ကာထားသော ဂန္ဓသူဌေး၏ အတွင်းစည်း နှင့် အနီးဆုံးသော ရှေ့ဆုံးတန်းမှဖြစ်၏။ ဝါးတစ်ရိုက်စာမျှ ပင် ကွာဝေးသည်မဟုတ်။ ဂန္ဓသူဌေးမင်းစားသော အဖို့ တစ်သိန်းထိုက်သည့် ထမင်းဟင်းလျာဘောဇဉ်တို့၏ အထူး

www.burmeseclassic.com

www.burmeseclassic.com

သင်းပျံကြွိုင်လှိုင်မွေးပျံသော ရန်တို့သည် ထင်းသည် ကျေး တောသား၏ နာဝနာတိုင်ဟုဆိုအပ်သော ဃာနပသာဒသို့ ထိတွေ့နှုတ်ဆက်သွားကြ၏။ အတူကြည့်နေကြသည့် အခြား သော လူအများလည်း ထပ်တူထပ်မျှပင် ထိုသို့ မွေးကြိုင် သောရန်တို့ကို ခံစားကြရသည်ပဲ ဖြစ်ပါ၏။ သို့သော် ထင်း သည် ကျေးတောသား၏ ခံစားမှုကတော့ မဖြင်ဖူး မူးမြစ် ထင် ဆိုသကဲ့သို့ အများစုထက် ပိုနေလေသည်။ ထိုဟင်း ရန်ကလေး ရလိုက်သည်နှင့် ထင်းသည်ကျေးတောသား၏ ခန္ဓာနှင့် ရုပ်နှစ်ပါးတွင် ဆက်တိုက်ဖြစ်ပွားသွားကြသော ဖြစ်စဉ်တွေက ပုတီးကုံးပန်းကုံးမှ ပုတီးစေ့များ၊ ပန်းပွင့်များ သဖွယ် တစ်သိန်းတန်ကြီး ဖြစ်သွားကြ၏။

ရန်ဟုဆိုအပ်သော ဂန္ဓာရုံနှင့် ထိုရန်ကို ခံစားတတ် သောသဘော ဃာနပသာဒတို့ ထိတွေ့မိသည်နှင့် ထုံလှိုင် သင်းပျံ့ ထူးမြတ်တဲ့ ရန်ပါလားဟု သိခြင်းတည်းဟူသည့် ဃာနဝိညာဏ်စိတ်ကို ဖြစ်ပေါ်စေ၏။ ထိုဓာတ်သုံးပါးပေါင်း ဆုံခြင်းဖြင့် မွေးကြိုင်သောရန်ကို ခံစားခြင်း ဖဿ သမ္မ ဿစာ ဝေဒနာတရားကို ထပ်ဆင့်ဖြစ်ပေါ်လာစေ၏။ ထို ဖဿတည်းဟူသော ခံစားခြင်းကပင် နှစ်သက်တပ်မက် ခြင်းဆိုသော တဏှာတရားကို ဆက်လက်မွေးမွှားပေးလိုက် ပြန်၏။ ထိုတဏှာက တဖြည်းဖြည်း အင်အားကြီးမား လာ သောအခါ နှစ်သက်တပ်မက်ရုံမျှမကတော့ဘဲ လိုချင်လာ သည့် လောဘသို့ ကူးပြောင်း၏။ လောဘအရင်းခံသော လောလုပ္ပတဏှာက ဥပါဒါန်ဆိုသော စွဲလမ်းမှုဆီသို့ တစ် ဆင့်မြှင့် တွန်းတင်ပေးလိုက်ပြန်၏။ ဤသည်မှာ ထင်းသည် ကျေးတောသား၏ စိတ်အစဉ်တွင် အစဉ်လိုက် တစ်တန်း ကြီး ဆက်တိုက်ဖြစ်ပေါ်သွားသော ခဏငယ်,ခဏငယ် ကလေးများအတွင်း ပြောင်းလဲမှုများဖြစ်ကြ၏။ လိုချင်တော့ စွဲလမ်း၏။ စွဲလမ်းမှုတွန်းအားကြောင့် ရအောင်ပြုလုပ်ပေး တော့မည်ပင်။

"သူငယ်ချင်းရယ်..မွေးလိုက်ကြိုင်လိုက်တာ မပြော ပါနဲ့တော့။ သူဌေးမင်းစားတဲ့ ထမင်းဟင်းလျာတွေကို စား ချင်စိတ်က မြိုသိပ်ထိန်းချုပ်လို့ပဲ မရဘူး။ နည်းနည်းကလေး စား၊စား၊ ငါ့ကို တောင်းပေးပါလားကွာ"

ထင်းသည်ကျေးတောသား၏စကားကြောင့် မြို့ခံ သူ ငယ်ချင်း မျက်လုံးပြူးသွား၏။ ထို့ကြောင့် သူလူသူ တအံ့ တသြကြည့်လိုက်တော့ နောက်နေတာမဟုတ်၊ တကယ် အတည်ပင် အငမ်းမရပြောလာခြင်းဖြစ်ကြောင်း သူမျက်နှာ ထားကပင် သက်သေခံနေသည်။ ထို့ကြောင့် တားဆီး ဖျောင်းဖျလိုက်ရ၏။

"ဟာ..မတော်တာတွေ မပြောပါနဲ့ကွာ။ လူထူထူထဲ ရှက်စရာကြီး။ သူဌေးက ဒီလိုဝေါဘင်းတိုင်း ပေးမလားကွ"

"ပေးချင်ပေး၊ မပေးချင်နေပေါ့ကွ။ တောင်းတော့ တောင်းကြည့်ပေးစမ်းပါ။ ငါတော့ သူဌေးရွေပန်းကန်ထဲက ထမင်းမှ မစားရရင် သေချင်သလောက် ဖြစ်နေပြီ။ လုပ်ပါ သူငယ်ချင်းရယ်၊ တောင်းပေးစမ်းပါ"

ရော်..အခုမှ ခက်ကြပြီ။ ကြိုကြိုက်တုန်းကလေး ကြည့်ဖူး၊ မြင်ဖူးပါစေတော့ဆိုပြီး ခေါ်လာခဲ့မိကာမှ ပြီး မင်းကို ပင့်ခဲ့မိသလိုဖြစ်ရပြီ။ ကျေးတောသား၏မျက်နှာ ကြည့်လိုက်တော့လည်း မျောက်သေကို ပါးရိုက်ထားသည့် နှယ်ရှိ၏။ အခုမစားရလျှင် အခုလဲကျသေဆုံးရတော့မည့် နှယ် မျက်နှာအိုကလေးနှင့်။ ကိုင်းလေ..မထူးတော့ပါဘူး ငါက ဆတ်ဆော့ပြီး ခေါ်ခဲ့မိပေသကိုးဟုတွေးကာ ကိုင်း ကိုယ်ကိုယ် ရဲစိတ်သွင်းလိုက်၏။ ပြီးလျှင် မိမိ၏ ပါး ရှေ့ဘက်တွင် လက်ဝါးနှစ်ဖက်ကာ၍ စည်မောင်းထိုးလျှက် လည်၍ ဗျိုးဟစ်ကြေညာကြသူများ ကိုင်ဆောင်သည့် စကားပြောအော်လန်တိုသဖွယ်ပြုလုပ်ကာ ဂန္ဓသူဌေးမင်း ထံသို့ တည့်တည့်ဦးတည်လှည့်၍ အော်ဟစ်လိုက်လေတော့ သည်။

"ပဏာမာမိ တောသာမိ၊ ပဏာမာမိ တောသာမိ၊ ပဏာမာမိ တောသာမိ"

ထိုအော်ဟစ်သံက အတော်ကျယ်လောင်စွာထွက်လာ၏။ သာမိ-အရှင်သူဌေးမင်း၊ တော-အရှင်သူဌေးမင်းအား ပဏာမာမိ-ရှိခိုးဦးညွှတ်ပါ၏ဟု သုံးကြိမ်တိုင်တိုင်အော်ဟစ် လိုက်ခြင်း ဖြစ်သည်။ ဆယ်တောင်ဝါးတစ်ရိုက်စာမျှသော မဝေးကွာလှသောကြောင့် ထိုအော်သံကို ဂန္ဓသူဌေးမင်း ကောင်းစွာကြားလိုက်ရသဖြင့် ခေါင်းထောင်လာကာ ယင်း သတ်ထဲသို့ ငေးကြည့်၏။ အေးအေးငြိမ်ငြိမ်မကြည့်ဘဲ ဘာသူက ထအော်လိုက်ပါလိမ့်။ ပွဲဆူအောင်ဖွဖို့ ကြံစည်ထင်။

(ဆက်ရန်)

နန္ဒာစိုး(ဆင်ပြကွန်း)

ကျမ်းကိုး

* သာသနာ့အလင်းရောင်ဒေသနာ (ဓမ္မကထိက အရှင်ပညာဒီပ)။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာစရိယ

သန်းထွန်း

ထင်ရှားကျော်ကြား သာမဏေများ

ဘုရားအား ကန်တော့ပြီးနောက် ပဏ္ဍိတသာမဏေအား ကန်တော့ကြသည်။ အိမ်သို့ ပြန်သွားကြတော့မည်ဖြစ်ကြောင်း လျှောက်တင်ကြသည်။

ပဏ္ဍိတသာမဏေ မိခင်၏ မျက်နှာတွင် ဝမ်းနည်းရိပ်တို့ တွယ်ခိုလျက်ရှိသည်။ မိခင်သည် သားဦးရတနာလေးမို့ ပဏ္ဍိတကို ချစ်အားပိုခဲ့သည်။ ချစ်အားပို၍ တစ်နာရီလောက်မှ ပဏ္ဍိတကို ခွဲမထားခဲ့ဖူးပေ။ ထိုသားငယ်လေးအား ထာဝရခွဲထားခဲ့ရမည့် အခြေအနေဖြစ်သည်။

သားငယ်လေးသည် ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။ သားငယ်၏ နေရေးထိုင်ရေး စားရေးသောက်ရေး စသည်ကို တွေး၍ မိခင်တစ်ယောက်အနေဖြင့် စိတ်ပူမိသည်။ မိခင် ဝမ်းနည်းနေသလောက်၊ မိခင် စိတ်ပူနေသလောက် ပဏ္ဍိတ

ဆယ်ဆရာ အရှင်သာရိပုတ္တရာ

ပဏ္ဍိတသာမဏော၏ မိဘများသည် ကျောင်း၌နေ၍ ခွဲခဲ့သည်မှာ ခုနစ်ရက်မြောက်ရှိခဲ့ပြီဖြစ်သည်။ ခုနစ်ရက်မြောက်နေ့လည်း ပဏ္ဍိတသာမဏော၏ မဟာဒုဂ်ဘဝ ကောင်းမှုအကျိုးတို့ငင်ပင် ရဟန်းသံဃာများအား ငါး သားဟင်းနှင့်ပင် ဆွမ်းကပ်ကြသည်။ ဆွမ်းကပ်ပြီး ဆေးကြောစရာ ရှိသည်များကို ဆေးကြော်ကြသည်။ ဆည်းစရာ ရှိသည်များကို သိမ်းဆည်းကြသည်။ ညနေ ကျောက်သောအခါ အိမ်သို့ပြန်ရန်အတွက် မြတ်စွာဘုရား ကန်တော့ကြသည်။ အရှင်သာရိပုတ္တရာအား ကန်တော့ ကြသည်။

"ဘုရားတပည့်တော်မတို့ အိမ်ကို ပြန်ပါတော့မယ် ဘုရား။ ဘုရားတပည့်တော်မတို့ သားငယ်လေး ပဏ္ဍိတကို ဘုရားလက်ထဲ အပ်ပါတယ်ဘုရား။ အပြစ်ကြီး၊ အပြစ် အား ဆုံးမပေးတော်မူပါဘုရား"

"ကောင်းပါပြီ ဒါယိကာမတို့၊ စိတ်ချမ်းသာ ကိုယ် ကျန်းမာစွာ သွားလာနိုင်ကြပါစေ"

ပဏ္ဍိတသာမဏော၏ မိဘများသည် အရှင်သာရိပုတ္တ

www.burmeseclassic.com

www.burmeseclassic.com

သာမဏော တည်ကြည်လှသည်။ ဝါတော်ခြောက်ဆယ်ရှိ မထေရ်များကဲ့သို့ ငြိမ်သက်လှသည်။

သာမဏောပြုခြင်းသည် ပဏ္ဍိတ၏ ဆန္ဒဖြစ်သည်။ သာမဏောပြုရန် ဆန္ဒပြင်းပြခဲ့သည်မှာလည်း ကြာပြီဖြစ်သည်။ ယခု ထိုဆန္ဒပြည့်ဝခဲ့၍ ပဏ္ဍိတသာမဏော စိတ်ကျေနပ်နေသည်။ မိဘနှင့် ခွဲရမှာဖြစ်၍ ဝမ်းနည်းရိပ် စိုးစဉ်းမျှ မရှိ။ မိဘများသည် ပဏ္ဍိတသာမဏောအား ကန်တော့ပြီး နောက် အိမ်သို့ ပြန်သွားကြသည်။

မိဘများ ပြန်သွားကြသည့်နောက်တွင် ပဏ္ဍိတသာမဏောသည် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်ထံ၌ ကျန်နေခဲ့သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ပညာအရာ၌ မြတ်စွာဘုရားပြီးလျှင် အတော်ဆုံး၊ အသိဆုံးဘွဲ့ကို ခံယူထားသော မထေရ်မြတ် ဖြစ်သည်။ မြတ်စွာဘုရား၏ ဓမ္မသေနာပတိကြီး ဖြစ်တော်မူသည်။ နှုန်းညှဉ်းသိမ်မွေ့သည်။ အပြစ်ကြီး၊ အပြစ်ငယ်များကို ထောက်ပြပြီး ပညာသားပါပါ ဆုံးမတတ်သည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ် ဆုံးမရမည့် တပည့်များထဲတွင် ပဏ္ဍိတသာမဏောသည်လည်း တစ်ပါးအပါအဝင် ဖြစ်လာခဲ့သည်။ ပဏ္ဍိတသာမဏော၏ မိဘများ ပြန်သွားပြီးနောက်နေ့တွင် ပဏ္ဍိတသာမဏော ဆွမ်းခံကြွရတော့မှာ ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းတော်များနှင့် ပဏ္ဍိတသာမဏောအား ဆွမ်းခံမကြွနိုင်း။ ငယ်သေးသည်ကတစ်ကြောင်း၊ သာသနာထဲ ဝင်ရောက်လာသည်မှာ မကြာသေးသည်ဖြစ်၍ ဆွမ်းခံသွားစာနှင့် အဝင်ခွင်ကျ မဖြစ်မည်ကို စိုးသည်ကတစ်ကြောင်းကြောင့် ရဟန်းသံဃာများနှင့် မကြွနိုင်ခြင်း ဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းသံဃာများနှင့်အတူ ဆွမ်းခံကြွလေ့ သိပ်မရှိလှပေ။ ရဟန်းသံဃာများ ဆွမ်းခံကြွသွားတော်မူပြီးမှ တစ်ပါးတည်း ဆွမ်းခံကြွလေ့ရှိသည်။ မသိသူများဆိုလျှင် အရှင်သာရိပုတ္တရာမထေရ်အား ကဲ့ရဲ့ပြစ်တင်ကြမည်ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် အဂ္ဂသာဝကကြီးဖြစ်သည်။ ရဟန်းသံဃာများနှင့်အတူ ဆွမ်းခံမကြွခြင်းမှာ ဘဝင်မြင့်လွန်းသည်။ ဤကဲ့သို့ ကဲ့ရဲ့ပြစ်တင်ကြမည်ဖြစ်သည်။ သိသူများဆိုလျှင် အရှင်သာရိပုတ္တရာမထေရ်အား ကြည်ညိုမှုဆုံး ဖြစ်ကြမည်ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ဘဝင်မြင့်လွန်း၍ ရဟန်းသံဃာများနှင့်အတူ ဆွမ်းခံကြွလေ့မရှိခြင်းမဟုတ်။ ရဟန္တာပုဂ္ဂိုလ်များသည် ကိလေသာမှန်သမျှကို ပယ်သတ်ပြီးဖြစ်သည်။ ဘဝင်မြင့်ခြင်းသည် ကိလေသာတရားပြီးသည်။ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းသံဃာများ ဆွမ်းခံကြွသွားသည့်အခါ ကျောင်းအားလုံးသို့ လှည့်ပတ်ကြည့်ရှုတော်မူသည်။

ရဟန်းသံဃာများ မမြော်မှု၍ တံမြက်မလှည်းခဲ့သော အရပ်များကိုတွေ့လျှင် တံမြက်လှည်းတော်မူသည်။ ရေမသောက်ရေအိုးများကိုတွေ့လျှင် သောက်ရေ၊ သုံးရေ ခပ်ထည့်တော်မူသည်။ အိပ်ရာမသိမ်းခဲ့သော ဖရိုဖရဲထားခဲ့သော ခြောင်စောင်း၊ အင်းပျဉ်များကိုတွေ့လျှင် သိမ်းဆည်းသိုရှင်းထားတော်မူသည်။ ကျောင်းသန့်ရှင်းရေး၊ ကျောင်းတိုက်သန့်ရှင်းရေးများ ပြုလုပ်ပြီးမှ ဆွမ်းခံကြွတော်မူတော်သည်။

'အရှင်ဘုရား..ဒါကို ဘာခေါ်ပါသလဲဘုရား'

အရှင်သာရိပုတ္တရာမထေရ်နှင့် ပဏ္ဍိတသာမဏော ဆွမ်းခံကြွလာကြသည်။ ဆွမ်းခံကြွလာရာ လယ်ကွင်းများသည်။ ရေနုည်းသော နေရာများဖြစ်၍ ရေစီးမြောင်းများ တူးဖော်ထားကြသည်။ ပဏ္ဍိတသာမဏောသည် ထိုမြောင်းအား တွေ့၍ အရှင်သာရိပုတ္တရာမထေရ်ကို မေးခြင်းဖြစ်သည်။

'သာမဏော..မြောင်းလို့ ခေါ်တယ်'

ပဏ္ဍိတသာမဏောသည် အသက်အားဖြင့် ခုနစ်နှစ်သာ ရှိသေးသည်။ သူငယ်သားဖြစ်၍ အိမ်ပြင်သို့ပင် မထွက်ဖူးခဲ့ပေ။ ထို့ကြောင့် မြောင်းကို မသိခြင်းဖြစ်သည်။ မြောင်းဟု သိလိုက်ရသော ပဏ္ဍိတသာမဏောသည် အမေးရပ်မထားဘဲ ဆက်လက်မေးလာခဲ့သည်။

'အရှင်ဘုရား..ဒီမြောင်းနဲ့ ဘာလုပ်ကြပါလဲဘုရား'

'ထိုက ဒီကလာတဲ့ ရေတွေကို ဒီမြောင်းနဲ့ သွယ်ယူကြတယ်။ မြောင်းထဲက ရေတွေနဲ့ လယ်လုပ်ကြတယ်'

ပဏ္ဍိတသာမဏော ခဏအမေးရပ်သွားသည်။ ပဏ္ဍိတသာမဏော၏ ဉာဏ်ထဲသို့ အတွေးကြီးတစ်ခု ဝင်လာသည်။ ပဏ္ဍိတသာမဏောသည် စိတ်ရှိမှ အလိုရှိရာကို ပြုလုပ်နိုင်သည်ဟု စွဲထင်ထားသည်။ စိတ်မရှိလျှင် မပြုလုပ်နိုင်ဟု ယူဆထားသည်။ လူတို့သည် ရေကို မြောင်းလုပ်၍ အလိုရှိရာသို့ ဆောင်ယူနိုင်သည်ဆိုလျှင် ရေမှာ စိတ်ရှိရမည်ဟူသော အတွေးကြီး ဝင်လာခြင်းဖြစ်သည်။

'အရှင်ဘုရား..ရေမှာ စိတ်ရှိပါ့လားဘုရား'

www.burmeseclassic.com

www.burmeseclassic.com

"သာမဏေ..ရေမှာ စိတ်မရှိပါဘူး"

"အရှင်ဘုရား..စိတ်မရှိတဲ့ရေကို ကိုယ်အလိုရှိရာဆီ ဆောက်အောင် ဆောင်နိုင်ပါသလားဘုရား"

"သာမဏေ..ဆောင်နိုင်တာ မှန်တယ်"

ပဏ္ဍိတသာမဏေသည် ရဟန်းတရား အားထုတ်လိုသည်။ ရဟန်းတရား အားထုတ်ရန် စိတ်အားလည်း သန်နေသည်။ စိတ်မရှိသော ရေကို ကိုယ်အလိုရှိရာ သို့ ဆောင်ကာ လယ်လုပ်ခြင်းစသော အမှုကို ပြုလုပ်နေကြသည်။ စိတ်ရှိသော သူတို့သည် စိတ်ကို ကိုယ့်အလို သို့ သယ်ဆောင်ပြီး ရဟန်းတရား အားထုတ်သင့်သည်။ အားထုတ်ဖို့ မတတ်နိုင်တာမရှိ။

ဤသို့ အတွေးပွားလျက် ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာ မထေရ်နောက်က တည်ငြိမ်စွာ လိုက်သွားခဲ့သည်။ မြို့ထဲသို့ ရောက်ခါနီးလာသည်။ လိုက်လာရင်း ပဏ္ဍိတသာမဏေသည် လေးသမားတစ်ယောက်ကို တွေ့သည်။ လေးသမားသည် မြားတံကို မီးကင်ကာ ဖြောင့်အောင် ပြုလုပ်နေသည်။

"အရှင်ဘုရား..သူတို့က ဘယ်သူများပါလဲဘုရား"

"ဒါရှင်သာမဏေ..သူတို့ကို လေးသမားလို့ ခေါ်တယ်"

"အရှင်ဘုရား..သူတို့က ဘာလုပ်နေကြတာပါလဲ"

"မြားတံကို ဖြောင့်မတ်အောင် ပြုလုပ်နေကြတာ"

"အရှင်ဘုရား..ဒီမြားက စိတ်ရှိပါသလားဘုရား"

"ဒါရှင်သာမဏေ..မြားမှာ စိတ်မရှိပါ"

ပဏ္ဍိတသာမဏေသည် စိတ်မရှိသော ရေကို အလိုရှိသို့ ဆောင်ယူနိုင်သည်ကို သိခဲ့ရပြီ။ ယခုလည်း စိတ်မရှိသော မြားကို ဖြောင့်မတ်အောင် ပြုလုပ်နိုင်တာ သိလာခဲ့သည်။ ထို့ကြောင့် သိလာတိုင်း ပဏ္ဍိတသာမဏေသည် ကိုယ့်အကြံကို ရွှင်လည်သည်။ ကိုယ်သည် စိတ်မရှိသော ပုဂ္ဂိုလ်ထက် စိတ်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ စိတ်မရှိသော အရာကိုပင် အလိုရှိသလို ပြုလုပ်နိုင်သည်။ စိတ်ရှိသော သူတို့ကို မပြုလုပ်နိုင်စရာ မရှိ။

ဤသို့တွေးရင်း ရဟန်းတရား အားထုတ်ဖို့ကို ပို၍ အားသန်လာခဲ့သည်။ ဆွမ်းခံမကြွချင်တော့ပေ။ တရားအား ထုတ်လိုစိတ်က ပြင်းထန်နေလေသည်။ ပြင်းထန်နေသော စိတ်ကို ထိန်းချုပ်လျက် သွားနေရသည်။

"အရှင်ဘုရား..သူတို့က ဘယ်သူများပါလိမ့်ဘုရား"

ပဏ္ဍိတသာမဏေသည် သွားရင်းက ပရိဘောဂလုပ်နေသော လက်သမားတို့ကို တွေ့လေသည်။ လက်သမားတို့သည် သစ်တုံး၊ သစ်ချောင်းများကို အကန့်၊ အက္ပဝ်၊ ပုန်းတောင်း၊ ချက်မ စသည်တို့ကို ပြုလုပ်နေကြသည်။

"ဒါရှင် သာမဏေ..သူတို့ကို လက်သမားလို့ ခေါ်တယ်"

"အရှင်ဘုရား..သူတို့က ဘာလုပ်နေကြတာပါလဲဘုရား"

"သစ်တွေကို ယူပြီး လှည်းယာဉ်တွေအတွက် ဘီးစတာတွေ ပြုလုပ်နေကြတာ"

"အရှင်ဘုရား..သစ်မှာ စိတ်ရှိပါသလားဘုရား"

"ဒါရှင်သာမဏေ..သစ်မှာ စိတ်မရှိပါ"

ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာမထေရ်မြတ် စကားအဆုံးတွင် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ဆွမ်းခံမကြွတော့ဘဲ တရားအားထုတ်ရန် ကျောင်းကိုသွားဖို့ ဆုံးဖြတ်လေသည်။

လှမင်းဘုန်းကြီး နတ်မင်းမနေနိုင်

"အရှင်ဘုရားရဲ့ သပိတ်၊ သင်္ကန်းကို အရှင်ဘုရား ယူမယ်ဆိုရင် တပည့်တော် ဆွမ်းခံမလိုက်တော့ဘူး။ ကျောင်းကိုပဲ ပြန်ပါတော့မယ်"

"ဒါရှင်သာမဏေ..ပေးခဲ့"

ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာအား သပိတ်၊ သင်္ကန်းကို ကပ်သည်။ ရှိသေစွာ ရှိခိုးသည်။

"အရှင်ဘုရား..တပည့်တော်အတွက် ဆွမ်းယူလာတဲ့အခါ ငါးကြင်းသားဟင်းနဲ့ ယူလာခဲ့ပါဘုရား"

"ဒါရှင် ပဏ္ဍိတ..ဘယ်လို ရနိုင်မှာလဲ"

"အရှင်ဘုရား ဘုန်းကံနဲ့ မရရင် တပည့်တော် ဘုန်းကံနဲ့ ရပါလိမ့်မယ်"

ပဏ္ဍိတသာမဏေ၏ စကားများသည် ကလေးဆန်လွန်းလှပါသည်။ အရှင်သာရိပုတ္တရာ၏ ဘုန်းကံကို ပဏ္ဍိတသာမဏေ၏ ဘုန်းကံက အဘယ်သို့ မီပါမည်လဲ။ သို့သော် သတ္တဝါတို့ ဘုန်းကံသည် မတူကြ။ ဘုန်းကံဆိုသည်က အတိတ်ဘဝမှာ ပြုလုပ်ခဲ့သော ကုသိုလ်တရားဖြစ်သည်။

ပဏ္ဍိတသာမဏေအား ယခုဘဝ အဓိကအကျိုးပေးနေသော အတိတ်ကံမှာ မဟာဒုဂ်ဘဝက ပြုလုပ်ခဲ့သော ကောင်းမှုကံများ ဖြစ်သည်။ ထိုကံတွင် ပါဝင်ခဲ့သော ငါးကြင်းသားဟင်း လှူဒါန်းမှုသည်လည်း အကျိုးပေးမှုသည်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။

အရှင်သာရိပုတ္တရာမထေရ်သည် တံခါးသော့အား ပဏ္ဍိတသာမဏေကို ပေးလိုက်သည်။ ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာမထေရ် ပေးလိုက်သော တံခါးသော့ကိုယူကာ ကျောင်းသို့ ပြန်ခဲ့လေသည်။ တံခါးကို ဖွင့်ပြီး အရှင်သာရိပုတ္တရာမထေရ် အခန်းထဲသို့ ဝင်သည်။ ပရိကံပြုသည်။ ကာရဇကာယခန္ဓာကိုယ်၌ ဉာဏ်သွင်းပြီး အတ္တဘောကို သုံးသပ်ကာ တရားထိုင်လေတော့သည်။

တာဝတိံသာနတ်ပြည်ရှိ ပဏ္ဍုကမ္ဗလာကျောက်နေရာ ပူတက်လာသည်။ ထိုပဏ္ဍုကမ္ဗလာကျောက်နေရာ ဝိုင်ရှင်မှာ သိကြားမင်းဖြစ်သည်။ သိကြားမင်းသည် ကျောက်နေရာ၌ အမြဲထိုင်နေလေ့ရှိသည်။ ကျောက်နေရာ ပူတက်လာသည်ကို သိကြားမင်းသိသည်။ ကျောက်နေရာသည် အလဟဿပူလေ့မရှိ၊ လူပြည်၌ ဘုန်းကံကြီးသူတို့ကြောင့်သာ ပူလေ့ရှိသည်။ ကျောက်နေရာပူ၍ သိကြားမင်းသည် လူပြည်သို့ ကြည့်လေသည်။ ပဏ္ဍိတသာမဏေအား တွေ့လေသည်။ ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်၊ သင်္ကန်းများပေးကာ တရားအားထုတ်ရန် လာခဲ့သော ပုံရိပ်များကိုလည်း သိကြားမင်း မြင်လေသည်။

သိကြားမင်းသည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ မနေနိုင်တော့ပေ။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးကို ခေါ်သည်။ ကျောင်းဥပစ္စာ၌ စောင့်ခိုင်းသည်။ လနတ်သားကို ခေါ်သည်။ လဝန်းကို ဆွဲထားခိုင်းသည်။ နေနတ်သားကို ခေါ်သည်။ နေမွန်းမလွဲရအောင် နေဝန်းကို ဆွဲထားခိုင်းသည်။ တာဝန်အသီးသီးပေးပြီးနောက် သိကြားမင်းသည် ကိုယ်တိုင်ဆင်းလာခဲ့သည်။ တံခါးဝ၌ သိကြားမင်း စောင့်ရှောက်သည်။

နတ်မင်းကြီးလေးပါးသည် ကျောင်းပတ်ဝန်းကျင်၌ အသံပြုနိုင်သော ငှက်များ၊ တိရစ္ဆာန်များကို မောင်းထုတ်ကြသည်။ ကျောင်းဝန်းတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သစ်ရွက်ခြောက်များ ကြွေကျသံပင် မကြားရချေ။ ပတ်ဝန်းကျင်ဆူပူမှုကင်းမဲ့သဖြင့် ပဏ္ဍိတသာမဏေ၏စိတ်သည် တုန်လှုပ်မှုမရှိ ငြိမ်သက်သည်ဖြစ်၍ မကြာမီ အနာဂါမ် ဖြစ်သွားသည်။

ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်ခြင်း

အရှင်သာရိပုတ္တရာမထေရ်သည် အိမ်စဉ်လိုက် ဆွမ်းခံကြွတော်မူမှာဘဲ မိမိအား ချစ်ခြင်း၊ ရိုသေခြင်း၊ မြတ်နိုးခြင်း၊

လေးစားခြင်းရှိသော အလုပ်အကျွေးဒါယကာ အိမ်တစ်အိမ်သို့ ကြွတော်မူလာခဲ့သည်။ ကြွတော်မူလာခြင်း အကြောင်းရင်းမှာ ပဏ္ဍိတသာမဏေအား ငဲ့ညှာ၍ဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ် ကြွလာသည်နှင့် အလုပ်အကျွေး ဒါယကာသည် အရှင်သာရိပုတ္တရာမထေရ် လက်တော်က သပိတ်ကို လှမ်းယူသည်။ အလုပ်အကျွေးဒါယကာသည် ထိုနေ့၌ အရှင်သာရိပုတ္တရာမထေရ်အား ဆွမ်းကပ်ရန် စောင့်မျှော်နေခြင်းဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့၌ အလုပ်အကျွေးဒါယကာမှာ ငါးကြင်းသားဟင်း ရရှိထားသည်။ အရှင်သာရိပုတ္တရာမထေရ်အား ငါးကြင်းသားဟင်းနှင့် ဆွမ်းကပ်သည်။ သပိတ်ထဲမှာ ငါးကြင်းသားဟင်းနှင့် ဆွမ်းထည့်သည်။ နေမြင့်လာပြီဖြစ်၍ အရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းကို ခပ်မြန်မြန်ဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးသည်နှင့် အရှင်သာရိပုတ္တရာမထေရ်သည် လျင်မြန်စွာကြွတော်မူလာခဲ့သည်။ အခန်းတံခါးဝ ရောက်သွားအခါ မြတ်စွာဘုရားနှင့် တွေ့လေသည်။

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်အား စောင့်တော်မူနေခြင်းဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ် ရောက်လာသောအချိန်တွင် ပဏ္ဍိတသာမဏေသည် အနာဂါမ်သာ ဖြစ်သေးသည်။ ပဏ္ဍိတသာမဏေသည် အာ

www.burmeseclassic.com

www.burmeseclassic.com

ကုန်ခန်း ရဟန္တာဖြစ်မည်ကို မြတ်စွာဘုရားရှင် နံနက်စောစောကပင် သိတော်မူသည်။ ရဟန္တာဖြစ်အောင် ပဏ္ဍိတဘာဝနာကိုယ်တိုင် အားထုတ်၍ မရနိုင်သည်ကိုလည်း သိတော်မူသည်။

မြတ်စွာဘုရားသည် နံနက်စောစော သမာပတ်ဝင်စားခြင်းမှ ထတော်မူ၍ သဗ္ဗညုတဉာဏ်ဖြင့် လောကကို ကြည့်ရှုတော်မူလေ့ရှိသည်။ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်နှင့် လောကကို ကြည့်တော်မူသည့်အခါ ပဏ္ဍိတသာမဏေအား မြင်တော်မူသည်။ ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်ဖို့အတွက် မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာမထေရ်တို့ ကူညီမှုပြုခဲ့ကြပုံလည်း သိတော်မူသည်။

"ချစ်သားသာရိပုတ္တရာ...ဘာရလာသလဲ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား...အာဟာရကို ပေးတယ်ဘုရား"

"ချစ်သားသာရိပုတ္တရာ...အာဟာရဟာ ဘာကိုဆောင်သလဲ"

"မြတ်စွာဘုရား... ဝေဒနာကို ဆောင်တတ်ပါတယ်ဘုရား"

"ချစ်သား သာရိပုတ္တရာ...ဝေဒနာဟာ ဘာကိုဆောင်သလဲ"

"မြတ်စွာဘုရား...ဝေဒနာဟာ ရုပ်တရားကို ဆောင်တတ်ပါတယ်ဘုရား"

"ချစ်သား သာရိပုတ္တရာ...ရုပ်တရားက ဘာကိုဆောင်သလဲ"

"မြတ်စွာဘုရား...ရုပ်တရားက ဖဿကို ဆောင်တတ်ပါတယ်ဘုရား"

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်အား ဉာဏ်ရောင်ခြည်တော်တော်များများ ပေးလေးရပ်ကို မေးတော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်ကလည်း မြတ်စွာဘုရား မေးသမျှကို ဖြေကြားတော်မူသည်။ မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာမထေရ်တို့ ပြောဆိုနေသည်ကို ပဏ္ဍိတသာမဏေသည် အခန်းထဲမှာပဲ ကြားနာထောင်သည်။ နားထောင်ရင်း ခန္ဓာကိုယ်အား ရှုမှတ်ခြင်သည်။ ပြဿနာလေးရပ် ပြီးသည်နှင့် ပဏ္ဍိတသာမဏေသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အာသဝေါကုန်ပြီး ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ဆုံးမစကား ပြစ်တင်ကဲ့ရဲ့ကြလေပို့

ချစ်သားသာရိပုတ္တရာ...သွားချေတော့။ သင့်သာမဏေကို ဆွမ်းပေးချေတော့"

အရှင်သာရိပုတ္တရာမထေရ်သည် တံခါးကို ခေါက်လေသည်။ သာမဏေတံခါး ဖွင့်ထွက်လာ၍ အရှင်သာရိပုတ္တရာမထေရ် လှမ်းပေးသော သပိတ်ကို ယူသည်။ သင့်လျော်သော နေရာတစ်ခု၌ ထိုင်၍ အရှင်သာရိပုတ္တရာမထေရ် ထန်းရွက်ယပ်ဖြင့် ယပ်လေခတ်ပေးသည်။

အရှင်သာရိပုတ္တရာမထေရ်သည် ပဏ္ဍိတသာမဏေအား ဆွမ်းဘုဉ်းပေးခိုင်းသည်။ ပဏ္ဍိတသာမဏေသည် ပစ္စဝေက္ခဏာ ဆင်ခြင်၍ ဆွမ်းဘုဉ်းပေးသည်။ သပိတ်ကို ဆေးကြောသိမ်းဆည်းပေးသောအခါမှ အစောင့်အရှောက်ယူထားကြသော သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ လနတ်သား၊ နေနတ်သားတို့သည် စောင့်ရှောက်မှုကို ရပ်လိုက်ကြသည်။ နေနတ်သား ဆွဲငင်ထားသော နေဝန်းကို လွှတ်လိုက်သည်ဖြစ်၍ နေသည် အကျဘက်သို့ အမျှားကြီး ရောက်သွားလေသည်။ ရဟန်းများ အံ့သြကြသည်။ မွန်းတည့်ချိန်မျှသာရှိသော နေသည် ချက်ချင်းပင် ထိုးကျသွားသည်။

သာမဏေငယ်သည်လည်း ယခုမှ ဆွမ်းစားပြီးသည်။ သို့ဆိုလျှင် သာမဏေငယ်သည် ဝိကာလဘောဇနသိက္ခာပုဒ်ကို ကျူးလွန်သည်။ ဤသို့ စသည်ဖြင့် ရဟန်းများသည် သာမဏေငယ်အား ကဲ့ရဲ့ပြစ်တင်ကြသည်။ ထိုအကြောင်းကို သိတော်မူသော မြတ်စွာဘုရားသည် ရဟန်းများရှိရာသို့ ကြွလာခဲ့သည်။

သာမဏေ ရဟန္တာဖြစ်ဖို့အတွက် သိကြားမင်း၊ နတ်များ စောင့်ရှောက်ခဲ့ပုံကို ပြောပြသည်။ မြတ်စွာဘုရားသည်ပင် စောင့်ရှောက်ခဲ့ရကြောင်း ပြောပြ၍ အောက်ပါတရားအား ဟောကြားတော်မူလေသည်။

ရေကိုဆောင်ယူတတ်ကုန်သောသူတို့သည် ရေကို မိမိတို့လိုရာအရပ်သို့ ဆောင်ကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်အောင် ပြုလုပ်ကြကုန်၏။ တံစဉ်းသမားတို့သည် သစ်တုံးကို မိမိတို့အလိုရှိတိုင်း အဖြောင့်,အကောက် ပြုလုပ်ကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို မင်္ဂလာရှိအောင် ဆုံးမကြကုန်၏။

ဓမ္မာစရိယ-သန်းထွန်း

ကျမ်းကိုး

* ဓမ္မပဒအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်ပြည် တန်ဆောင်မုန်းလပြည့်ညနှင့် အဂတသတ်မင်း၏ ရင်ထဲကဝမ္မ

ဇွန်းအားရှင်

တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဆိုသည့် ဆိုရိုးစကား ရှိသည့်အတိုင်း ရာဇဂြိုဟ်မြို့ကို ဓေဘာရတောင်၊ ဓေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကူဋ်တောင်နှင့် ဣသိဂိလိတောင် ဟူသော တောင်ကြီးငါးလုံးတို့က ဝိုင်းရံတားဆီးလျက်ရှိသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် (၁၉-၃-၂၀၁၅)ရက်နေ့တွင် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိခဲ့ကြသည်။ နာလန္ဒာမြို့ရှိ တရုတ်-မြန်မာဘုန်းကြီးကျောင်းတွင် တည်းခိုကြသည်။

(၂၀-၃-၂၀၁၅)ရက်နေ့တွင် စာရေးသူတို့ တည်းခိုရာ ဘုန်းကြီးကျောင်းတွင် နံနက်စာ စားသောက်ကြပြီး နံနက် (၆)နာရီခွဲတွင် ပထမသင်္ဂါယနာတင်ခဲ့ရာ ဓေဘာရတောင်သို့ ခရီးဆက်ခဲ့ကြသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့တွင် ဘုရားဖူးဓမ္မမိတ်ဆွေ(၃၂)ဦး လိုက်ပါလာကြသည်။ ဘုရားဖူးအဖွဲ့မှာ ဒါနဗုဒ္ဓဂယာ ဘုရားဖူးအကျိုးဆောင်အဖွဲ့ ဖြစ်သည်။

ဘုန်းကြီးကျောင်းနှင့် ဓေဘာရတောင်မှာ သိပ်မဝေးလှသဖြင့် နံနက်(၇)နာရီခန့်မှာပင် ဓေဘာရတောင်ခြေရင်းသို့ ရောက်ရှိကြသည်။

ရာဇဂြိုဟ်မြို့သည် ယခင်က အလွန်စည်ကားသောမြို့ကြီးဖြစ်ခဲ့သော်လည်း ယခုအခါမှာ ရွာကြီးသာသာ အဆင့်မျှသာ ရှိတော့သည်။ သို့ရာတွင် ရေပူစမ်းနှင့် မြို့ဟောင်းကြောင့် နာမည်ကြီးနေသေးသည်။ ဓေဘာရတောင်သည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများနှင့် ရေပူစမ်းတွင် ရေချိုးရန် လာကြသူများကြောင့် အလွန်ပင်စည်ကားလျက်ရှိသည်။ ဓေဘာရတောင်မှာ အမြင့်ပေ(၂၅၀၀)ခန့်သည်။

www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူများမှာ အထမ်းသမားများနှင့် တက်ကြသည်။ တစ်ဦးဦး အထမ်းခ အနိမ့်ယရှိပြီးဌေ တစ်ထောင့်တစ်ရာ ပေးရသည်။ ယခင်တစ်ခေါက် (၂၀၁၁)ခုနှစ်က စာရေးသူ အကြိမ်လာခဲ့စဉ်က အထမ်းသမားနှင့်တက်ခဲ့ရာ ရှပြီး နှစ်ရာသာ ရှိသည်။ လေးနှစ်အတွင်း သုံးရာဈေးတက်သည်ကို သိလိုက်ရသည်။

စာရေးသူနှင့် အတူလာ မိတ်ဆွေသုံးဦးအပါအဝင် အခြားဘုရားဖူးများမှာ ခြေကျင်တက်ကြသည်။ ပထမဘုရားဖူးခရီး သတ္တပဏ္ဏိ(စရည်းပင်ပေါက်ရာ)လိုဏ်ဂူတွင် ဘုရားဖူးများ အဆင်သင့်နေရာယူကြပြီး မိမိတို့ကြည်ညိုခိုရာ နာလန္ဒာ တရုတ်-မြန်မာ ဘုန်းကြီးကျောင်းမှ ဆရာတော် ဒေါက်တာနန္ဒကထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် ပဋ္ဌာန်း(၂၄)ပစ္စည်း ပရိတ်တော်များကို ဦးဆောင်ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့အမျှဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး ဆယ်မိနစ်ခန့် တရားရှုမှတ်ကြသည်။ ဤနေရာတွင် ဆရာတော်ဒေါက်တာနန္ဒက ပထမသင်္ဂါယနာတင်ပုံကို အသေးစိတ် ရှင်းလင်းမိန့်ကြားတော်မူသည်။

ယခု မိမိတို့ ရောက်ရှိသည့် နေရာမှာပင် သင်္ဂါယနာတင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သင်္ဂါယနာတင်ပုံကို ဆရာတော် ရှင်းပြပြီးစီးသွားပြီးနောက် ဘုရားဖူးများသည် ဝေဘာရတောင်ပေါ်မှနေ၍ ရာဇဂြိုဟ်မြို့၏ ရှေးဟောင်းအလှများကို ကြည့်နူးစွာ ကြည့်ရှုရင်း အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ထိုအချိန်မှာ အိန္ဒိယစံတော်ချိန် နံနက်(၁၀)နာရီခွဲနေပြီ။ တောင်ပေါ်မှဆင်းကာ မိမိတို့စီးလာသည့် ဘုရားဖူးကားဖြင့် တည်းခိုရာ ဘုန်းကြီးကျောင်းသို့ ပြန်လာကာ နေ့လယ်စာစား ခဏနားကြသည်။

မွန်းလွဲ(၁)နာရီထိုးသည်နှင့်တစ်ပြိုင်နက် ရာဇဂြိုဟ်မြို့ရှိ လေ့လာဖူးမြော်ကြည်ညိုစရာများကို သွားရောက်လေ့လာဖူးမြော်ရန် ခရီးဆက်ကြသည်။ ရာဇဂြိုဟ်မြို့၏ နေ့ဦးအစ တပေါင်းလရာသီဥတုသည်ကား သိပ်မပူသေး။ ကားပေါ်ရောက်သည်နှင့် လေအေးစက်၏ အအေးဓာတ်ကြောင့် ချမ်းတစိမ့်စိမ့်ပင် ရှိလှသည်။ ဆွမ်းဘဏ္ဍာတိုက်၊ အဓာတသတ်ဓာတ်တော်တိုက်၊ မိဓိသာရအကျဉ်းထောင်၊ ဂိဇ္ဈကူဋ်တောင်နှင့် ဇီဝကသရက်ဥယျာဉ်တို့ကို ဖူးမြော်လေ့လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိမ္မိသာရမင်းကြီးအား အကျဉ်းချထားရာ ဗိမ္မိသာရ အကျဉ်းထောင်နေရာကို ရောက်ရှိသောအခါ သားတော် အပေါ် လွန်စွာချစ်ရာသော ဖခင်ကြီးအား ဆရာအတင်မှား၍ သံသရာအထိပင် အမှားဝဏ်ပါလည်ခဲ့ရသော အဓာတသတ်မင်းမိုက်၏ ရုပ်သွင်ပြင်လက္ခဏာကို တရေးရေးမြင်ယောင်လာမိသည်။ နန်းရပ်ထီးဖြူ ရယူလိုသော လောကရမ္မက် ဆန္ဒဇောဖက်မှုကြောင့် ကျေးဇူးရှင်ဖခင်ကြီးကိုပင် အစာငတ်ထားရက် မသေသော် ဖဝါးတော်ကို ဓားနှင့်ခွဲ၊ ဆားနှင့်မီးကင် ဝဋ်တံ့တင်တာ အရှင်လတ်လတ် သတ်စေခဲ့သည်အထိ ပြင်းထန်ရက်စက် ယုတ်မာချက်ပြင်းလှသော သားမိုက်၏ သဏ္ဌာန်တော်မှာ ဘီလူးသဘက်အသွင် မြင်ယောင်လာသည်။

ဖခင်၏ ကြီးမားသော မေတ္တာစက်ကြောင့် သားတော်၏ လက်တွင်ပေါက်ခဲ့သော ခွန္ဓာမှပြည်ကိုပင် မထွေးရက်ဘဲ မျိုချခဲ့သည်အထိ ကြီးမားလှသော ဗိမ္မိသာရဘုရင်ကြီး၏ သားတော်အပေါ် ချစ်နိုင်စွမ်းကြီးမားသည့် မေတ္တာ၊ ဘဝ၊ဘဝက ပါလာသော ကံကြမ္မာဝဋ်ကြွေးကို ပြေးမလွှောင်သာ ရင်စည်းကာ ခံခဲ့ရရှာသည့် ဖခင်ကြီး၏မေတ္တာ၊ လင်သားအပေါ် သစ္စာတရားကြီးမားစွာဖြင့် နည်းမျိုးလမ်းစုံ ကိုယ်လုံးတွင်ခြွေကာ မောင်တော်ဗိမ္မိသာရအရှင် အသက်ငင်လုလု ရင်ထုကာ ကျေးဇူးဆပ်ခဲ့ရသည့် ဘဝပိုင်ရှင် ဝေဒေဟီမိဖုရားကြီး၏အသွင်ကို ထင်တရေးရေး ပြန်လည်တွေးကြည့်သည့်အခိုက် မိုက်လိုက်သည့်သား၊ ရက်စက်မှုကမ်းကုန် ကမ္ဘာကုန်အောင် မိဘကျေးဇူးမဲ့ခဲ့သော အဓာတသတ်။

ဤဇာတ်လမ်းတွင် ဖခင်ဘုရင်ကြီး၊ မိခင်မိဖုရားကြီးနှင့် သားတော်အဓာတသတ်တို့သုံးဦး၏ ကြေကွဲဖွယ် အဓိကဇာတ်ဝင်ခန်းနေရာပါပေတကားလို့ ရင်ထဲစိုးထိတ် သံဝေဂနိမိတ်တို့ဖြင့် တုန်လှုပ်ချောက်ချားဖွယ် ခံစားရမိသည်။

သမားတော်ဇီဝက၏ သရက်ဥယျာဉ်သို့ ရောက်ရှိသည့် အခါတွင် လွန်ခဲ့သည့်နှစ်ပေါင်း(၂၅၀၀)ကျော်ခန့်က ဤနေရာ ဤဒေသ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ပုံရိပ်များကို စာရေးသူ၏ စိတ်အစဉ်ဝယ် တရေးရေးမြင်ယောင်လာမိခဲ့သည်မှာ ဤသို့ဖြစ်သည်။

မဟာသတ္တရာခ် (၁၄၀)ပြည့်နှစ်တွင် သားတော်အဓာတသတ်မင်း နန်းတက်၍ ခမည်းတော် ဗိမ္မိသာရမင်းကြီး နတ်ရွာစံရသည်။ နောက်နှစ်ဖြစ်သော မဟာသတ္တရာခ် (၁၄၁)ခုနှစ်၊ အချိန်ကား မိုးလေးလတို့၏အဆုံး ကုမုဒြာကြာဖြူပန်းတို့ ပွင့်လန်းတုန်းဖြစ်သော ရာဇဂြိုဟ်မြို့၏ တန်ဆောင်မုန်းလပြည့်ညဉ့် လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး ညစ်ငါးမျိုးအင်ကင်းစင်နေသဖြင့် ထက်ကောင်းကင်တစ်ခွင်လုံး ကြည်လင်တောက်ပနေသည်။ ရာဇဂြိုဟ်မြို့တော်တစ်ခွင်တွင် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပနေကြသည်။

အဓာတသတ်မင်းစံရာ နန်းမြို့တော်ကြီးသည်လည်း ပြာသာဒ်အဆောင်ဆောင် ရွှေရောင်ထဝင်းဝင်းဖြင့် ထိန်လင်းဝင်းလက်တောက်ပလျက်။ အဓာတသတ်မင်း၏ ညီလာခံခန်းမကြီးဌိကား ညဉ့်နက်သည်အထိ ညီလာခံမစဲသေးပေ။ ခမည်းတော်မင်းတရား လက်ထက်ကဆိုလျှင် ဤအချိန်ဖိုးရှိပြီး ညီလာခံစဲပြီး၍ ကြာပေပြီ။ မိုးချုပ်လှသည်အခိုက်အထိ ညဥ့်ညီလာခံ မရပ်သိမ်းဘဲ ရှိနေတတ်သည်။ အကြောင်းမှာ ခမည်းတော် သောတာပန်မင်းတရားကြီးက သတ်လိုက်ပြီးသည့်နေ့မှစ၍ နေ့ရောညပါ စက်တော်ခေါ်၍ မမျော်နိုင် ဖြစ်နေသည်။

အိပ်မည်ဟု မျက်စိမှိတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်ပေါ်သို့ လုံအစင်းပေါင်းတစ်ရာ အထိုးခံလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။ ခဏမှေးလိုက်သည်နှင့် အော်ဟစ်သံကြား၍ မိဖုရားက မေးသောအခါ သူမှာ အဖြေရခက်နေသည်။ မကောင်းမှု၏ အကျိုးတရားများကို မသေခင် အရှင်လတ်လတ် ခံစားနေရသည်ကို မိမိမှတစ်ပါး တခြားသူ မည်သူမျှ မသိစေချင်။

အဓာတသတ်မင်းသည် ဝိတုဃာတကကံနှင့်စပ်၍ ဖြစ်ပေါ်နေသော စိတ်ချောက်ချားမှုကို ပယ်ဖျက်လိုလှ၏။ ယခုအခါ တစ်နှစ်သားအရွယ်ရှိသေးသည့် သားတော်ကလေး ဥဒယဘဒ္ဒနှင့်စပ်၍လည်း စိတ်မအေးနိုင်။ သူ ကြီးလာသော အခါ ဘိုးတော် ဘယ်မှာလဲဟု မေးပေမည်။ ထိုအခါ သူ ခမည်းတော်က ဘိုးတော်ကိုသတ်ပြီး နန်းသိမ်းထားကြောင်း သိပေတော့မည်။ ထိုအခါ ငါလည်း ခမည်းတော်ကို သတ်ပြီး နန်းသိမ်းခဲ့ အကြောင်းဖြစ်ပေတော့မည်ဟု စဉ်းစားကာ စိတ်မအေးနိုင်။ ထို့ကြောင့် စိတ်အေးချမ်းသာ ရှိလိုလှ၏။ နန်းစံရပါလျက် စိတ်မချမ်းသာ ဖြစ်နေရမှုမှ လွတ်မြောက်လိုလှ၏။

လောကဌ စည်းစိမ်ဥစ္စာ မရှိ၊ ရာထူးအာဏာ မရှိ အစောင့်အရှောက် မရှိဘဲ တစ်ပါးတည်း အချိတမ်းငြိမ်း

www.burmeseclassic.com

ဒိုးဘုရှင်တောင်စေတီကြီးခြံဝင်းတွင်း
တရုတ်ချောက်ဖိနပ်ဆွဲကုန်သည်တို့ အေးမြတ်စွာ

ထုတ်ဖော်လျှောက်ထားပြီး ဗုဒ္ဓထံ ဆည်းကပ်ပါရန် လျှောက်ထား၏။

ထိုအခါ အဓာတသတ်မင်းက 'အချင်းဇီဝက..ဆင်ယဉ်တို့ကို ပြင်ဆင်စေလော့' ဟု အမိန့်ပေး၏။

ဇီဝကအမတ်ကြီးသည် အဓာတသတ်မင်းအတွက်မင်းစီးဆင်ကို ပြင်စေသည်။ ထိုပြင် ဆင်မယဉ်သာ ငါးရာတို့ကို ကကြိုးတန်ဆာအသွင် ဝတ်စေပြီး နန်းတွင်းအပျို တော် ငါးရာတို့ကို ယောကျ်ားအသွင် ဝတ်စေ၍ ပခုံးဥ်သန်လျက်ကိုလွယ်၊ အခြားလက်တစ်ဖက်မှ မီးရှူးတိုင်ကိုင်၊ အခြားလက်တစ်ဖက်ဖြင့် ပတ္တမြားအိုးတစ်လုံးကိုကိုင်စေပြီး ဆင်တစ်စီးလျှင် တစ်ယောက် စီးနင်းလိုက်ပါစေ၏။

ထိုပြင် ဇာစ်သောင်းခြောက်ထောင်ကုန်သော ခတ္တိယဇာတ်ကချေသည်တို့ကို မင်းအား ခြံရံကာ လိုက်ပါစေသည်။ အဓာတသတ်မင်းသည် ထိုကြီးကျယ်လှသော အခမ်းအနားဖြင့် မြတ်စွာဘုရားရှိရာ ဇီဝကသရက်ဥယျာဉ်သို့ ထွက်လာသည်။ ကောင်းကင်မှ အလင်းရောင်သည် သရက်ဥယျာဉ် တစ်ခုလုံးသို့ ထင်ဟပ်နေသည်။ မွေ့လျော်ဖွယ်

သူတို့မှာ သမဏောများဖြစ်၏။ ထိုအရှင်တို့ကို ဖူးမြော်သည်မှာ ဖူးတွေ့ရသူများပါ အေးချမ်းမှုကို ခံစားကြသည်။ ထိုအရှင်တို့ လက်တွေ့ခံစားနေကြသည့် သာယာလှ ရဟန်းတရား၏ အကျိုးကျေးဇူးတို့ကား အဘယ်မျှများပြားသည်ဆိုသည်ကို သိချင်လှသည်။ သို့ဖြစ်၍ ဤကိစ္စသာမဏဗြဟ္မဏတို့ထံ ဆည်းကပ်မေးမြန်းရပေမည်။ ထိုသမဏဗြဟ္မဏတို့တွင် သာမညဖလကို ဖြေဆိုနိုင်မည့် ပုဂ္ဂိုလ်ကို ဖြေဖျောက်စေနိုင်သည့် အရှင်မြတ်မှာ ဤဘော်မင်းကြီး၏ဆရာ ဗုဒ္ဓဂေါတမသာဖြစ်ကြောင်း ထင်ထားပေါက်သည်။ သို့သော် ဗုဒ္ဓဂေါတမထံသို့ မဆည်းကပ်ရဲအောင် ဖြစ်နေသည်။

ဆည်းကပ်ရဲသော အကြောင်းမှာ အရှင်မြတ်၏ ဘုန်းသာဝကဖြစ်သော ခမည်းတော်မင်းတရားကို မိမိက ဘုရားရဲမျှမက ဗုဒ္ဓဂေါတမကို သတ်ဖြတ်ရေး ရှင်ဒေဝဒတ်၏ လုပ်ငန်းတွင် ပါဝင်ပတ်သက်ပြီး အကူအညီပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဂေါတမသို့ ရှေ့ဆောင်ပို့ဆောင်ပေးမည့်သူ အထူးလိုအပ်နေ၏။ ထိုအခြောက် ခစားရောက်နေသော ဆရာဇီဝကသည် မိမိ ဗုဒ္ဓထံသို့ ပို့ဆောင်ပေးနိုင်သူဖြစ်ကြောင်း သူသိ၏။

ယခုအခါ ဂေါတမမြတ်စွာဘုရားမှာ ဆရာဇီဝက၏ သရက်ဥယျာဉ်တော်၌ ရဟန်းတော် တစ်ထောင့်ခုနစ်ရာ ငါးဆယ်တို့နှင့်အတူ သီတင်းသုံးနေတော်မူသည်။ သွားဆောက်ဆည်းကပ်ရန် သင့်လှသောကာလဖြစ်သည်။ ထို့အခါ အဓာတသတ်မင်းသည် ဤသို့ ဥဒါန်းစကားကို ရွတ်ဆို၏။

'အချင်းတို့.. လသာသော ညဉ့်သည် မွေ့လျော်ဖွယ်ကောင်းစွ၊ အလွန်လှပစွ၊ ရွှေချင်စဖွယ်ရှိစွ၊ ကြည်နူးဖွယ်ကောင်းစွ၊ မှတ်သားဖွယ်ကောင်းစွ။ ယနေ့ အဘယ်သမဏဗြဟ္မဏတို့ထံ ဆည်းကပ်ရလျှင် ငါ၏စိတ်သည် ကြည်သင့်ရုပါအံ့နည်း'

ထိုအခါ တိတ္ထိဆရာကြီးများ၏ တပည့်များဖြစ်သည့် အတ်ကြီးများသည် မိမိတို့၏ ဆရာကြီးများထံ ဆည်းကပ်ခြင်းငှာ 'အလုအယက် လျှောက်ထားတိုက်တွန်းကြပြန်၏။ ဆရာဇီဝကကား မည်သို့မျှ လျှောက်ထားခြင်းမပြုပေ။

ထိုအခါ အဓာတသတ်မင်းက 'အချင်းဇီဝက.. အဘယ်ကြောင့် ဆိတ်ဆိတ်နေပါဘိသနည်း။ သင့်မှာ ဆရာ ရှိသလော' ဟုဆိုမှ ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို

www.burmeseclassic.com

တင့်တင့်စာယ်တယ် ရွှချင်စဖွယ်ကောင်းသော ညတစ်ည ဖြစ်သည်။

သရက်တောကျောင်းထဲသို့မဝင်မီ အစောတသတ်မင်းသည် ဆင်တော်မှ ဆင်းသက်ခဲ့၏။ ကျောင်းမြေထဲသို့ ခြေကျင်လျှောက်လာခဲ့သည်။ သို့သော် ဘုရားရှင်ရှိရာသို့ တန်းတန်းမတ်မတ်ကား မဝင်ရဲပါ။ ကျောင်းဒါယကာ ဇီဝကကို လက်ဆွဲကာ ကျောင်းအဆောက်အအုံများကို ချီးမွမ်းသလို လိုနှင့် သံဃာတော်များစုဝေးရာ မန္တာရုံသို့ လျှောက်လာခဲ့၏။

ကျောင်းတိုက်တွင် သံဃာတော်အပါး တစ်ထောင့်နှစ်ရာငါးဆယ်ရှိသည်ဟု ဆိုသော်လည်း ရဟန်းတို့၏ အသံဗလံဟူ၍ လုံးဝမထွက်လာ။ နာရျော်၊ ခြေဆစ်လက်ဆစ်ချိုးသံ၊ ချောင်းဟန့်သံပင် မကြားရ။ ကြည်လင်ပြီး ငြိမ်းအေးသော ရေအိုင်ကြီးကဲ့သို့ ပကတိငြိမ်သက်လျက်ရှိ၏။ အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်လွန်းလှဘိ။

ထိုအခြင်းအရာများကြောင့် သရက်ဥယျာဉ်ကျောင်းတော်ကြီးအနီးသို့ ရောက်လာပြီဖြစ်သော အစောတသတ်မင်းသည် ရဟန်းပေါင်း တစ်ထောင်နှစ်ရာငါးဆယ် ရှိပါလျက် ဘာသံမျှ မကြားရအောင် ငြိမ်သက်နေသည်ကို သက်သာမကင်းဖြစ်လာကာ ကြောက်ရွံ့ထိတ်လန့်လာ၏။ ကြက်သီးမွေးညင်းထလာ၏။

ထိုအခါ 'အချင်းဇီဝက...ငါ့ကို လှည့်စားဖြားယောင်းပြီး ရန်သူထံ မအပ်ဘူး မဟုတ်လား' ဟု မေး၏။

ဇီဝကအမတ်ကြီးက မဟုတ်ကြောင်း လျှောက်တင်ပြီး ဘုရားရှင်ရှိရာသို့ ခေါ်ယူခဲ့သည်။

ဘုရားရှင်သည် ထိုအချိန်၌ တန်ဆောင်းဝင်းကြီး၏ အလယ်တိုင်ကို မှောက်မိုပြုကာ အရှေ့ဘက်သို့ မျက်နှာမူငြိသီတင်းသုံးတော်မူနေသည်။ လက်ဝဲ၊လက်ယာဘက်နှင့် နောက်ကျောဘက်တို့မှ ရဟန်းတော်များ ငြိမ်သက်စွာ သီတင်းသုံးနေကြသည်။ မည်သည့်ရဟန်းဧကမျှ ဘုရင်နှင့် မောင်းမအခြွေအရံတို့ကို မော့ကြည့်ခြင်း မပြုကြပေ။ အစောတသတ်မင်း၏ စိတ်အစဉ်တို့သည် ဘုရားရှင်၏ မဟာကရုဏာတော် မေတ္တာရိပ်အောက်သို့ ရောက်သည်နှင့် တည်ကြည်ငြိမ်သက်မှုဆီသို့ ဦးတည်လာခဲ့ပေပြီ။

အစောတသတ်မင်းသည် ထိုမျှငြိမ်သက်နေသော လူသတ်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မကြုံဖူးသဖြင့် အထူးအဆန်းဖြစ်ကာ လက်အုပ်တချီချီ လွှန်စွာကြည်နူးလာ၏။ ထို့နောက် သားတော်ကလေးထံ စိတ်ရောက်သွားပြီး ရဟန်းသံဃာသည် ငြိမ်းအေးလှ၏။ ငါ့သားလေး ဥဒယဘဒ္ဒသည်ဤသို့ငြိမ်းအေးပါစေဟု နှုတ်မှ ထွက်သွားသည်။

ထိုအခါ မြတ်စွာဘုရားက-

'မင်းကြီး...မိုးများသည် မြင့်ရာမှ ရွာသော်လည်း မိုရာသို့ စီးဆင်းကြသကဲ့သို့ သင်မင်းကြီး၏စိတ်သည်လည်း ရဟန်းများကို ကြည့်ရာမှ ချစ်ခင်သူထံ ရောက်သွားသလော'

'မှန်ပါသည် အရှင်ဘုရား၊ သားကလေး ဥဒယဘဒ္ဒ ကို တမည့်တော် အင်မတန်ချစ်လှပါသည်။ ငြိမ်သက်စွာ ထိုင်နေကြသော ရဟန်းတော်များကို ဖူးမြင်ရာမှ တပည့်တော်၏စိတ်က သားကလေးထံ ရောက်သွားပါသည်။ ရဟန်းများ ငြိမ်သက်စွာ နေတော်မူသကဲ့သို့ သားကလေး ဥဒယဘဒ္ဒသည်လည်း ငြိမ်သက်စွာ နေနိုင်စေချင်ပါသည် ဘုရား' ဟု လျှောက်ထားလိုက်၏။

ထို့နောက် အစောတသတ်မင်း ဘုရားရှင်အား ထပ်မံလျှောက်ထား သည်မှာ-

'အရှင်ဘုရား...ဆင်စီးခြင်း၊ မြင်း စီးခြင်း စသော စစ်မှုဆိုင်ရာ အတတ်ပညာရပ်များလည်း ရှိကြပါသည်။ ဆတ္တာသည်၊ ခဝါသည်၊ ရက်ကြီးသည် စသော လက်မှုပညာသည်များ ရှိကြပါသည်။ မုန့်သည်၊ ပန်းသည် စသော ဈေးအတတ် တတ်သူများ ရှိကြပါသည်။ ထိုးနှက်လိုတို့ဆူ

www.burmeseclassic.com

www.burmeseclassic.com

[illegible] တတ်ကျွမ်းထားသော အတတ်ပညာဖြင့် သူတို့ကိုယ် [illegible] လုလုဝတ်၍ ဝဝစားကြရပါသည်။ မိဘနှင့် သားသမီး [illegible] ကျွေးမွေးပြုစုနိုင်ကြပါသည်။ ဆွေမျိုးမိတ်သင်္ဂဟ [illegible] ထောက်ပံ့နိုင်ကြပါသည်။ ရဟန်း၊ ပုဏ္ဏားတို့ထံ၌ [illegible] မှုကုသိုလ် ပြုနိုင်ကြပါသည်။ ဤအတတ်ပညာများ [illegible] မျက်မှောက်ဘဝမှာပင် အတတ်ပညာ၏ အကျိုးကျေး [illegible] ခံစားကြရသကဲ့သို့ သာသနာတော်မှာ ရဟန်းပြုရ [illegible] အကျိုးကျေးဇူးကိုလည်း မျက်မှောက်ဘဝမှာ ထင် [illegible] ရနိုင်ပါမည်လော'

'မင်းကြီး..ရနိုင်ပါသည်။ ရနိုင်ကြောင်း ထင်ရှားစေ [illegible] သင်မင်းကြီးကို မေးမြန်းပါဦးမည်။ ဥပမာအားဖြင့် [illegible] မင်းကြီးတွင် တာဝန်ဝတ္တရား ကျေပွန်သော အမှုထမ်း [illegible] ရှိသည်ဆိုကြပါစို့။ ထိုအမှုထမ်းသည် တစ် [illegible] အခါ သင်မင်းကြီး၏ စည်းစိမ်နှင့် သူ့ဘဝ အခြေ [illegible] ကို နှိုင်းယှဉ်ကာ လူ့ဘဝမှာ မမျော်ပိုက်တော့သဖြင့် [illegible] ပြုသွား၏။ ဤအကြောင်းကို သင်မင်းကြီး သိ [illegible] အခါ အချင်းတို့..ထိုအမှုထမ်း ပြန်လာပါစေ။ ယခင် [illegible] ငါ့အမှုတော်ကို ပြန်ထမ်းဆောင်စေဟု သင်မင်းကြီး [illegible] မည်လော'

'ဆရာတော်ဘုရား။ စင်စစ်မှာ ထိုရဟန်းကို [illegible] တော်က ရှိခိုးကြပါဦးမည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ [illegible] လေးပါးသော ပစ္စည်းတို့ကို လှူဒါန်းကြရပါဦးမည်။ [illegible] အတွက် တရားတော်နှင့်အညီ အစောင့်အရှောက် အရံ [illegible] ကိုလည်း ပေးကြရပါဦးမည်ဘုရား'

'မင်းကြီး..ဤသို့ဆိုလျှင် ရဟန်းပြုခြင်း၏အကျိုးကို [illegible] မျက်မှောက်ဘဝမှာပင် ရပါသလော၊ [illegible] ပါသလော။ သင်မင်းကြီး မည်သို့ [illegible] ခြင့်ပါသနည်း'

'အရှင်ဘုရား.. ဤသို့ဆိုလျှင် [illegible] ပြုခြင်း၏ အကျိုးကျေးဇူးကို [illegible] မျက်မှောက်ဘဝမှာပင် ရနေပါပြီ [illegible] ဘုရား'

ထိုမှ ဆက်လက်၍ အခွန်ထမ်း [illegible] သမားဘဝမှ ရဟန်းပြုလာသူ [illegible] ဥပမာပြု၍ မေးတော်မူရာ အစော [illegible] တော်မင်းကလည်း ယခင်အတိုင်း [illegible] ခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ သာသနာကြီးနှင့် ကြီးလာသည့်အခိုက် ရဟန်းပြုပြီးလျှင် အငယ်စား၊ အလတ်စား၊ အကြီးစားသီလများ လုံခြုံလျက် ဣန္ဒြေစောင့်စည်းခြင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ နီဝရဏတရားများ ပယ်ခွာခြင်းတို့ဖြင့် ဈာန်အဆင့်ဆင့်နှင့် အာဘိညာဉ်တန်ခိုးများ ရရှိခြင်း၊ ထိုမှတစ်ဆင့် နောက်ဆုံးသာဝကတို့၏ ကင်းရာကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းအထိ အဆင့်အသီးသီးကို ဥပမာအသီးသီးဖြင့် ထင်ရှားအောင် ဟောပြတော်မူလေသည်။

အဆင့်အတန်းမြင့်မားလှသော တရားတော်များဖြစ်၍ အစောတသတ်မင်းမှာ သေချာဂဏ နားမလည်နိုင်သေးပါ။ သို့သော် ရတနာသုံးပါးအပေါ် ယုံကြည်ချက်ကား ခိုင်မြဲသွားပေပြီ။ အစောတသတ်မင်း၏ ရာဇမောန်စိုသည် ဖော့ဖယောင်းသဖွယ် ပျော့ပျောင်းလာခဲ့ပြီ။ သာမည်ဖလတရားတော်၏ ဓမ္မဓာတ်တို့သည် အစောတသတ်မင်း၏နှလုံးအိမ်ကို လွှမ်းခြုံလိုက်ပေပြီ။ ဖခင်ကို သတ်ခဲ့မိသောကံ၊ ဘုရားရှင်ကို ပြစ်မှားမိခဲ့သောကံတို့ကြောင့် အပူမီးတောက်လောင်နေသမျှတို့သည် ဓမ္မ၏ အေးမြသော ရေအလျဉ်နှင့် ပက်ဖျန်းခံရသောအခါ တဒင်္ဂအားဖြင့် အေးမြခဲ့လေပြီ။ သူ မှားခဲ့သည်ကို သူသိခဲ့ပြီ။

ထို့ကြောင့် အစောတသတ်မင်းမှာ ဘုရားရှင်၏ ရှေ့တော်မှောက်၌ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသည့်နယ် ဖြစ်ခဲ့လေပြီ။

ထို့နောက် မြတ်စွာဘုရားအား-

'အရှင်ဘုရား..တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိ

www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိ သကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့လည်းကောင်း မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမှီကမ္မောင် ၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း၊ ထို့အတူ မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါ၏။

'အရှင်ဘုရား·· အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်း ကပ်သော ဥပသကာဟု မှတ်တော်မူပါ။ အရှင်ဘုရား·· တပည့်တော်သည် မိုက်သည့်အလျောက်၊ တွေဝေသည့် အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါသည်။

အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသောအကြောင်းကြောင့် သတ်ခဲ့မိပါသည်။ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံတော်မူပါ အရှင်ဘုရား' ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက-

'မင်းကြီး··မင်းကြီး မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်အားဖြင့် လွှမ်းမိုးသွားခဲ့၏။ သင်သည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်ခဲ့မိ၏။ မင်းကြီး··သင်သည် အပြစ်ကို အပြစ်ဟုမြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထို အပြစ်ကို အပြစ်ဟု ငါတို့ လက်ခံ၏။ မင်းကြီး··အကြင်သူသည် အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ထိုသူ၏ ဤကုစားစောင့်စည်းခြင်းသည် အရိယာတို့၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်း' ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားထံမှ ဒေသနာတော်ကို ကြားနာပြီး၍ အဓာတသတ်မင်း ပြန်သွားသောအခါ မြတ်စွာဘုရားက-

'ရဟန်းတို့··ဤမင်းသည် မိမိကိုယ်ကို သတ်ဖြတ်ခဲ့ပေပြီ။ မိမိ၏ ရုပ်တည်ရာကို မိမိဘာသာ ဖျက်ဆီးခဲ့ပေပြီ။ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော ခမည်းတော် မင်းတရားကြီးကို အကယ်၍ မသတ်ဖြတ်ခဲ့ပါလျှင် ဤနေရာမှာပင် သောတာပန်ဖြစ်လေရာ၏' ဟု မိန့်တော်မူ၏။

သို့သော် အဓာတသတ်မင်းမှာ ဖခင်ကို သတ်ခဲ့သည့်ကံက တားလေသဖြင့် သရဏဂုံတည်သော ဥပါသကာ အဖြစ်သို့သာ ရောက်ခဲ့ရတော့သည်။ ဘဝအဆက်ဆက်က ဖြည့်ခဲ့သော ပါရမီကုသိုလ်တွေ ရှိခဲ့လျက်နှင့် ဆရာအမှားကို ကိုးကွယ်မိခဲ့သောကြောင့် သံသရာမှောက်ခဲ့ရချေပြီး ရာဇာတို့၏ အာဏာကို မက်ခဲ့ခြင်းကြောင့်လည်း အမှားကြီးမှားခဲ့ရချေပြီ။ ညြော်··ရာထူးဂုဏ်သိမ်၊ အာဏာဟူသည် ကြောက်မက်ဖွယ်ကောင်းလေစွတကား။ ဆရာအမှားကို မစဉ်းစားဘဲ လက်ခံမိခြင်းဟူသော အဝိဇ္ဇာမောဟအမှောင်ထုသည် ကြောက်မက်ဖွယ် ကောင်းလိုက်ပါဘို့။

သို့ရာတွင် မည်သို့ပင်ဆိုစေကာမူ အဓာတသတ်မင်းမှာ ရဟန်းဖြစ်ရခြင်း၏ အကျိုးတရား(သာမညဖလသုတ်)ကို ကြားနာရခြင်းအကျိုးကြောင့် ဒေသနာတော်အဆုံးမှာ ဥပါသကာမြောက်ရဲ့ သရဏဂုံပဋ္ဌသီ တည်သွားသည်။ ဇေ့ဉ္ဇ် အိပ်မရခြင်းများမှ လွတ်မြောက်သွားသည်။ ပုထုဇဉ်တို့တွင် ရတနာသုံးပါးကို အကြည်ညိုဆုံးသူ ဖြစ်သွားသည်။

သာသနာတော်ကို များစွာချီးမြှောက်တော်မူသည်။ ပထမသင်္ဂါယနာတွင် သာသနာပြု ဘုရင်တစ်ပါးအဖြစ် ထင်ရှားခဲ့သည်။

သို့ရာတွင် ဖခင်ကို သတ်မိခဲ့သည့် ပိတုဃာတကံကြောင့် လောဟကုမ္ဘီငရဲမှာ အနှစ်ခြောက်သောင်းခံရပြီး လွတ်မြောက်လာသည့်အခါ အရိမေတ္တေယျဘုရားရှင် လက်ထက်၌ ဝိဇိတာ အမည်ရသော ပစ္စေကဗုဒ္ဓါ ဖြစ်လာမည်။

စာရေးသူတို့ ဘုရားပူးအဖွဲ့သည် ဆွမ်းဘဏ္ဍာတိုက် အဓာတသတ်ဓာတ်တော်တိုက်၊ ဗိမ္ဗိသာရအကျဉ်းထောင်နှင့် ဇီဝကသရက်ဥယျာဉ်တို့ကို လေ့လာပြီးလျှင် ဇီဝကသရက်ဥယျာဉ်မှ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ ဂိဇ္ဈကူဋ်တောင်နှင့် ဝိရူဋ္ဌန်စေတီတော်တို့ကို သွားရောက်ဖူးမြော်ရန်အတွက် ခရီးဆက်ခဲ့ကြသည်။

တွန်းအားရှင်

ကျမ်းကိုး

* သုတ်သီလကွန်ပါဠိတော် မြန်မာပြန်။
* ကိုယ်တိုင်သွားရောက် ဖူးမြော်လေ့လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂတိုင်းရှိ စမ္မာမြို့သည် အင်္ဂတိုင်း၏ မျက်နှာဖြစ်သလို ဂဠရာရေကန်ကြီးသည်လည်း စမ္မာမြို့မျက်နှာဖြစ်သည်။

အာဃယ်ကြောင့်ဆိုမူ စမ္မာမြို့ကြီးသည် ကျယ်ပြန့်စည်ကားခြင်း၊ သာယာအေးချမ်းခြင်း၊ ငြိမ်းအေးခြင်း၊ အမှုအခင်းပြဿနာ ကင်းရှင်းခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် နေ့စဉ်လိုလို အတိုင်းတိုင်းအပြည်ပြည်က ဧည့်သည်တော်များ ဝင်လာမစဲ တဖွဲဖွဲ။

အခါတစ်ပါးတွင် ဗုဒ္ဓမြတ်စွာသည် စမ္မာမြို့တွင် တည်ရှိသော ဂဠရာရေကန်ကြီးနားသို့ သီတင်းသုံးခဲ့တော်မူလေသည်။

ထိုသို့သီတင်းသုံးစံနေတော်မူသည်ကို ကြားသိရသော

ပုဏ္ဏားဟုဆည့် အဓိပ္ပာယ်နှင့် သောဏဒဏ္ဍပုဏ္ဏား သာဏတ်ကော်(ပဓကွး)

www.burmeseclassic.com

www.burmeseclassic.com

ကြီးရှိ မြို့သူမြို့သားတို့မှာ အုံးအုံးကျွက်ကျွက်ဖြစ်ကြ၏။ တချို့က တံခွန်လုံးများ၊ တချို့က မိမိခြံထွက် ငှက်ပျောများ၊ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ၊ မုန့်ပဲသရေစာလှူဒါန်းဖွယ်ရာများ အသီးသီးယူဆောင်၍ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဂဂ္ဂရာရေကန်ကြီးဆီ ချီတက်နေကြသည်မှာ မျက်စိတစ်ဆုံး ရှိပေတော့သည်။

ထိုအခြင်းအရာအား စမ္မာမြို့ကို အပိုင်စားရသည့် စမ္မာမြို့စားကြီး သောဏဒဏ္ဍပုဏ္ဏား မြင်၏။ သူ၏ ကြီးကျယ်ခမ်းနား ခိုင်ခံ့လှသော အိမ်ကြီးပေါ်ကနေ လှမ်းမျှော်ကြည့်ရသည်အား ရနှစ်သက်လျက်ရှိသည်။ မြို့သူမြို့သားတွေလိုက်သွားတာ လှမ်းမြင်လိုက်ရသည်။

"အချင်းဧည့်သည်တို့..နေကြပါဦး။ ကျွန်ုပ်ကို စောင့်ကြပါဦး။ ကျွန်ုပ်လည်း သင်တို့နဲ့အတူ ဗုဒ္ဓဆီ လိုက်ခဲ့ချင်ပါ"

ထိုသို့လှမ်းအော်ဟစ်ပြီး ပုဏ္ဏားကြီးက အိမ်အပေါ်ထပ်အပြေးတစ်ပိုင်း ဆင်းလာခဲ့သည်။ လမ်းမပေါ်သို့ ဆိုက်သည်နှင့် ဧည့်သည်ပုဏ္ဏားငါးရာက သူတို့နှင့် မလိုက်တားမြစ်ကြ၏။

"ဆို..အသင်မြို့စားကြီး၊ သင်ဟာ ဗုဒ္ဓဆီကို သွားဖူးမြော်ခြင်း မလုပ်သင့်တဲ့ ပုဂ္ဂိုလ်ပါ။ မသွားပါနဲ့။ အဓိကအယ်ဆို ဗုဒ္ဓကသာ မြို့စားမင်းထံ လာရောက်တွေ့ဆုံတာပါ။ မြို့စားမင်းက ဗုဒ္ဓထံ ချဉ်းကပ်ရန် လုံးဝ လျော်ကန်မှုမရှိပါဘူး။ တကယ်လို့ မြို့စားမင်း ဗုဒ္ဓဆီ ချဉ်းကပ်ဆိုရင် မြို့စားမင်းရဲ့ ကျော်စောဂုဏ်သတင်းလည်း ဆုတ်ယုတ်ပျက်စီးကာ အတိုင်းတိုင်းအပြည်ပြည်သို့ မြို့စားမင်းရဲ့ မကောင်းသတင်းကို အပုပ်အနံ့ပျံနှံ့ပါမယ်"

ဧည့်သည်ပုဏ္ဏားငါးရာက မြို့စားကြီးကို ဝိုင်းဝန်းတားမြစ်ဆိုကုန်ကြပြီ။ သူတို့အားလုံး ပြောသမျှစကားများသောဏဒဏ္ဍမြို့စားကြီးအတွက် နားခါးစေခဲ့သည်။

သို့ကြောင့် မြို့စားကြီးက-

"အချင်းဧည့်သည်တော်တို့၊ တစ်ဆိတ်လောက် ငါ့ကို နားထောင်ပေးကြပါဦး။ သင်တို့ ကျွန်ုပ်တို့ အခုသွားရောက်ဖူးမြော်ကြမယ့် ဗုဒ္ဓဆိုတာ ဒီလိုရှိတယ်ကွယ်တို့။ သာကီဝင် ဆွေတော်မျိုးတော်အပေါင်းကို စွန့်ခွာပြီး ရဟန်းပြုခဲ့တဲ့ ဗုဒ္ဓ၊

မြေပေါ်မြေအောက် မြောက်မြားလှစွာသော ရတနာရွေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကို စွန့်ခွာပြီး ရဟန်းပြုခဲ့တဲ့ ဗုဒ္ဓ။

ပျိုမျစ်နုငယ် ပထမအရွယ်မှာပဲ ဆဲ၊ မုတ်ဆိတ်ကို ပယ်၍ ရဟန်းပြုခဲ့တဲ့ ဗုဒ္ဓ၊

ခမည်းတော်က မလိုလား၊ မယ်တော်က မနှစ်ခြိုက်။ သူတို့ မျက်ရည်စိုရွှဲငိုဆဲမှာပင် ပုဆိုးကိုချုတ်၊ ဖန်ရည်ဆိုးဝတ်ခဲ့တဲ့ ဗုဒ္ဓ၊

ဗုဒ္ဓက အဆင်းသဏ္ဌာန် လှပတယ်။ ရွှေချင်စဖွယ်ရှိတယ်။ ဗြဟ္မာမင်း ခုံညားလှပတာထက် ပိုလို့,ပိုလို့ ခုံညားလှပတယ်။

ဗုဒ္ဓရဲ့စကားက တည်ကြည်ပိရိပါတယ်။ ချိုချိုသာသာ ပြောတတ်ဆိုတတ်ပါတယ်။ အရာရာမှာ ယဉ်ကျေးသူ ဖြစ်ပါတယ်။

ဗုဒ္ဓမှာ ကြီးကျယ်မြင့်မြတ်တဲ့ သမာဓိရှိတယ်။ များစွာသောသူတို့ရဲ့ ဆရာသခင်လည်း ဖြစ်တယ်။

ဗုဒ္ဓဟာ ကံကို ယုံကြည်တယ်။ အကြောင်းတရားကို ယုံကြည်တယ်။ ကျွန်ုပ်တို့ ပုဏ္ဏားပရိသတ်ရဲ့အကျိုးကို အမြဲလိုလားသူ ဖြစ်တယ်။

ဝဏ္ဏုအာရုံ ကာမဂုဏ်မှ အဆုံးစွန်ထွက်မြောက်နိုင်တဲ့ သူဟာ ဗုဒ္ဓပဲ။ ဗုဒ္ဓမှာ တပ်မက်ခြင်း မရှိသလို လျှပ်ပေါလော်လီခြင်းလည်း လုံးဝမရှိဘူး။

ထောင်သောင်းမကတဲ့ နတ်၊ ဗြဟ္မာ အပေါင်းတွေက အသက်နှင်းအပ်ပြီး ကိုးကွယ်ဆည်းကပ်ခြင်း ခံရတဲ့သူဟာ ဗုဒ္ဓ၊

တိုင်းနိုင်ငံအသီးသီးက လူပုဂ္ဂိုလ်တွေ မေးသမျှပုစ္ဆာပြဿနာတွေကို အေးဆေးတည်ငြိမ်စွာ ကျေကျေနပ်နပ်ကြီး ဖြေဆိုနိုင်တာ ဗုဒ္ဓ၊

ဗုဒ္ဓဟာ သံဃာအရည်အချင်းနဲ့ ပြည့်စုံတယ်။ ဂိုဏ်းနဲ့ပြည့်စုံတယ်။ ဂိုဏ်းဆရာလည်း ဖြစ်တယ်။ အယူဝါဒကို တည်ထောင်ကြသူတွေထဲမှာတော့ အမြတ်ဆုံးဟာ ဗုဒ္ဓ၊

ဗုဒ္ဓကို မဂဓတိုင်းပြည်ရှင် ဗိမ္ဗိသာရမင်း၊ မိဖုရား၊ ပရိသတ်တွေက အသက်နှင်းအပ်၍ ပသေနဒီကောသလမင်းနဲ့ မိဖုရားပရိသတ်တွေကလည်း အသက်နှင်းအပ်၍ ပါမောက္ခရသာတိ ပုဏ္ဏားကြီးနဲ့ ဇနီး ပရိသတ်တွေကလည်း အသက်အပ်နှင်း၍ ကိုးကွယ်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟာ ဤမည်သော ရွာနိဂုံးတွင် သီတင်းသုံးတယ်။ ဒါပေမဲ့ ထိုရွာနိဂုံးရှိ မိစ္ဆာနတ်ဘီလူးတွေကို လုံးဝမည်ဉ်းဆဲ စသည်၊ စသည်ဖြင့် မြို့စားကြီး သောဏဒဏ္ဍက စည်သည်းပုဏ္ဏားများကို သူသိသမျှ ဗုဒ္ဓဂုဏ်ရောင်များအား တသီကြီး ရှင်းပြပြောဆိုလိုက်သည်။ စည်သည်းပုဏ္ဏားများ နှစ်သက်သဘောကျသွားလေသည်။

"အလို..အံ့မခန်းပါလား မြို့စားကြီးရယ်။ ဒီလိုဆိုရင် ယူဇနာတစ်ရာပဲ ဝေးလံစမ်းပါစေ၊ ဗုဒ္ဓဆီကို အပြေးသွားသင့်တာပေါ့။ ကဲ..ပြောနေ ကြာတယ် အသင်မြို့စားကြီး ရေ..ရိက္ခာထုပ် အမြန်ထုပ်ချေဗျာ။ ကျုပ်တို့အားလုံး အတူတူ ဗုဒ္ဓဆီ အမြန်ဆုံးသွားကြပါစို့"

မြို့စားကြီးလည်း စည်သည်းပုဏ္ဏားငါးရာနှင့်အတူ ဗုဒ္ဓကို ဖူးမြော်ရန် ဂဂ္ဂရာရေကန်ကြီးဆီသို့ လှမ်းခဲ့လေတော့သည်။

♦ ♦ ♦

ဂဂ္ဂရာကန်ရေပြင်သည် ကြည်လင်သန့်ရှင်းလျက်ရှိသည်။ အေးစိမ့်နေ၏။ ချိုလည်းချို၊ မွေးလည်းမွေး၏။ ကြာပေါင်းမျိုးစုံ ဖူးပွင့်လျက် ရှိသည်။

သရက်ပင်များ၊ ဝိန္ဓပင်များ၊ မာလကာပင်များ၊ ထောက်ရှာပင်များသည်လည်း ကန်ပေါင်ရိုးတစ်လျှောက်နှင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် ဓဝဝေဆာဆာရှိပေ၏။

သောဏဒဏ္ဍပုဏ္ဏား ခေါင်းဆောင်လာသော ပုဏ္ဏားငါးရာသည် ထိုရေကန်ဆီကို ရောက်ခဲ့လေပြီ။ ရေမလှမ်းမကမ်းတွင် ဗုဒ္ဓသီတင်းသုံးရာ ကျောင်းတိုက်၊ ကျောင်းတိုက်ထဲဝင်ရန် သောဏဒဏ္ဍပုဏ္ဏား အကြိုအိုက်သွားရှာ၏။ အမျိုးမျိုးအဖုံဖုံ တွေးတောစဉ်းစားနေလေသည်။

"ငါက ဗုဒ္ဓကို ပြဿနာတစ်ခု မေးလိုက်တယ်ဆိုပါစို့။ ငါမေးတဲ့ ပြဿနာဟာ နည်းလမ်းကျရင် တော်သေးရဲ့၊ လွဲချော်ခဲ့ရင် ဗုဒ္ဓက ငါ့ကို သောဏဒဏ္ဍ..ဒီအရာကို ဒီလို မမေးသင့်ဘူး၊ ဒီလို,ဒီလိုသာ မေးမြန်းသင့်တယ်လို့ ထောက်ပြလိမ့်မယ်။ ထောက်ပြခဲ့ရင် ပရိသတ်က ငါ့ကို ကဲ့ရဲ့ကြလိမ့်မယ်။ သောဏဒဏ္ဍဟာ အလကားလူပဲ။ ပြဿနာတစ်ခုခုကို သဘာဝကျကျ မေးနိုင်သူ မဟုတ်ပါဘူးလို့ အပုပ်ချကြမှာ သေချာတယ်။ နောက်ပြီးတော့ ငါဂုဏ်သတင်းလည်း မှေးမှိန်၊ စည်းစိမ်ဥစ္စာလည်း ဆုတ်ယုတ်မယ်။ တကယ်တော့ ငါဟာ ဂုဏ်သတင်းကျော်စောနေလို့သာ စည်းစိမ်ဥစ္စာ ရနေသူပဲလေ။

ဒါမှမဟုတ် ဗုဒ္ဓက ငါ့ကို ပြဿနာတစ်ခု မေးတယ်ဆိုပါစို့။ ငါဖြေတဲ့အဖြေ မှန်ရင် တော်သေးရဲ့၊ မှားဖြေခဲ့ရင် သောဏဒဏ္ဍ..ဒီအရာ ဒီလိုမဖြေရဘူး၊ ဒီလိုဖြေရမယ်လို့ ဗုဒ္ဓက ထောက်ပြလိမ့်မယ်။ ထောက်ပြခဲ့ရင် ပရိသတ်က ငါ့ကို ကဲ့ရဲ့ကြလိမ့်မယ်။ သောဏဒဏ္ဍဟာ အလကားလူပဲ။ ပြဿနာတစ်ခုခုကို သဘာဝကျကျဖြေရှင်းနိုင်တဲ့သူ မဟုတ်ပါဘူးလို့ အပုပ်ချကြမှာ သေချာတယ်။ တစ်ဆက်တည်းသလို ငါဂုဏ်သတင်းလည်း မှေးမှိန် စည်းစိမ်ဥစ္စာလည်း ဆုတ်ယုတ်မယ်။ တကယ်တော့ ငါဟာ ဂုဏ်သတင်းကျော်စောနေလို့သာ စည်းစိမ်ဥစ္စာ ရနေသူပဲလေ။

ဒါမှမဟုတ် ဗုဒ္ဓအနားကို ငါရောက်သွားပြီ ဆိုပါစို့ ဗုဒ္ဓကိုမဖူးဘဲ လှည့်ပြန်သွားခဲ့ရင် ပရိသတ်က ငါ့ကို လှောင်ပြောင်ကဲ့ရဲ့ကြလိမ့်မယ်။ သရော်ကြလိမ့်မယ်။ သောဏဒဏ္ဍဟာ လူမိုက်ပဲ။ မာနကြီးလိုက်တာ။ ဗုဒ္ဓနဲ့ မျက်နှာချင်းတောင် မဆိုင်ရဲဘူးလို့ လက်ညှိုးထိုးကြလိမ့်မယ်။ အရှေ့ရဲ့ တံတွေးခွက် ပက်လက်မှောက်သူကို ဘယ်မှာလာပြီး ဂုဏ်သတင်းကြီးနိုင်ပါတော့မလဲ။ ဂုဏ်သတင်း ပျက်စီးသွားသူဟာ ဘယ်မှာ စည်းစိမ်ရနိုင်တော့မှာလဲ။ တကယ်တော့ ငါဟာ ဂုဏ်သတင်း ကျော်စောနေလို့သာ စည်းစိမ်ဥစ္စာ ရနေသူပဲလေ။

ထိုသို့ အမျိုးမျိုးအဖုံဖုံ စဉ်းစားတွေးတောရင်း ကိုယ်ကိုယ် အားတင်းကာ ကျောင်းတိုက်ထဲ အရဲစွန့်ဝင်လိုက်ရသည်။

ဗုဒ္ဓသည် ရွှင်လန်းကြည်လင်စွာ ရှိနေ၏။ ဗုဒ္ဓက နှုတ်ဆက်စကားဆိုသော်လည်း သောဏဒဏ္ဍမှာမူ အကြိုအိုက်နေခဲ့။ ထိုစဉ် တခြား,တခြားသော ပြဿနာတွေကို ဗုဒ္ဓ မမေးဘဲ ဗေဒင်္ဂဲပတ်သက်ပြီး မေးခဲ့ရင် သိပ်ကောင်းမှာဟူသော အကြံသစ် သောဏဒဏ္ဍခေါင်းထဲ လှစ်ခနဲ ထင်လာသည်။

ဗုဒ္ဓက အာရုံယူလိုက်ကာ သောဏဒဏ္ဍ၏ စိတ်ကူးအကြံသစ်ကို သိလိုက်ပြီး သောဏဒဏ္ဍ စိတ်ပင်ပန်းဆင်းရဲနေပါလား။ သူ့ကို တခြား,တခြားသော ပြဿနာကို ငါဘုရား မေးခဲ့ရင် ပိုပြီးစိတ်ဆင်းရဲနေလိမ့်မယ်။ သူ့စိတ်သက်သာအောင် သူ့ဆရာရဲ့ ဗေဒင်ပညာရပ်ကို မေးမှ မနောတွင် ထင်လာသည်။

♦ ♦ ♦

"သောဏဒဏ္ဍ..ငါဘုရား မေးပါရစေ။ ဗုဒ္ဓားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

အသိပုဂ္ဂိုလ်လဲ။ ဘယ်လိုအခြေအရာ ဘယ်လိုအင်္ဂါများနဲ့ ပြည့်စုံဝါမှ ပုဏ္ဏားလို့ ခေါ်ဆိုနိုင်သလဲ'

ဗုဒ္ဓ၏ မေးခွန်းကို ကြားရလျှင်ကြားရချင်း သောဏ အား ရင်တွင်း ပီတိဂယက် ပွက်လောဆသွားသည်။ သူ့ကို သူ အကြွင်းမဲ့ယုံကြည်သွားပြီ။ ဗုဒ္ဓဟာ ငါ့ရဲ့အကြီး ဆုံးဖောက်သိနိုင်စွမ်း ရှိပေတယ်။ ငါ့ရဲ့ စိတ်အစဉ် ကိုသည်း မြင်ပေတယ်။ ဒီလိုသိမြင်လို့သာ ဗေဒင်ပြဿနာ ကို ငါမေးတာပဲ။ အံ့သြစရာကောင်းလိုက်တာ။

ထိုသို့တွေးတောဆင်ခြင်မိရင်း အားတက်ဝမ်းသာသွား ကိုယ်နေဟန်ထားကို ပြင်လိုက်သည်။ ရင်ကို မတ်ထားလိုက်၏။ ပြီးလျှင်-

'ဘုန်းတော်အလွန်ကြီးလှသောဗုဒ္ဓ၊ ပုဏ္ဏားဆိုတာ ခြောင်းမျိုးနဲ့ ပြည့်စုံရပါမယ်။ ခြင်းရာအင်္ဂါငါးမျိုး ပြည့်မှ ပုဏ္ဏားလို့ ခေါ်ဆိုနိုင်ပါတယ်။ သူတို့ကတော့-

၁) အမိဘက်၊ အဖဘက်က မျိုးရိုးသန့်ရပါမယ်။ အထက် သား၊ ဘီ၊ ဘင် မျိုးရိုးခုနစ်ဆက်တိုင် ဇာတ်ကို ကြဲခဲခဲခဲရပါဘူး။

၂) အတိဓန်၊ အလက်ာ၊ သဒ္ဒါ၊ ဗျာကရဏ်း၊ ဗေဒင်၊ သောဏာယတ၊ မဟာပုရိသလက္ခဏာကျမ်းပဒေသာတွေ အစဖက်ကမ်းခတ် တတ်မြောက်ရပါမယ်။

၃) အဆင်းရုပ လှပရမယ်။ ရွှေချင်စဖွယ် ရှိရပါမယ်။ ကြည့်သိုလေးစားဖွယ် ကောင်းရပါမယ်။ ကိုယ်ခန္ဓာဖွဲ့စည်း ခဲသားရပါမယ်။

၄) ကိုယ်ကျင့်သီလ ကောင်းရပါမယ်။ မြင့်မြတ်တဲ့သီလနဲ့ ပြည့်စုံရပါမယ်။

၅) ဉာဏ်ပညာ အဆင့်မြင့်ရပါမယ်။ ယဇ်ပူဇော်ပွဲမှာ ဒါမှမဟုတ် ဒုတိယ နေရာယူနိုင်တဲ့ပညာမျိုး ရှိရမယ်'ဟု ဗုဒ္ဓအား ရှိသေစွာလျှောက်ထားလိုက်သည်။

ထိုအခါ ဗုဒ္ဓက-

'ကောင်းပြီ သောဏဒဏ္ဍ..အဲဒီအခြင်းအရာ ငါးမျိုး စုံးနဲ့ ပြည့်စုံမှပဲ ပုဏ္ဏားလို့ ဆိုနိုင်သလား။ လေးမျိုး၊ ဒါမှမဟုတ် သုံးမျိုး၊ ဒါမှမဟုတ် နှစ်မျိုးနဲ့ ပြည့်စုံသူတွေ ကော ပုဏ္ဏားလို့ မဆိုနိုင်တော့ဘူးလား'

ဟု မေးလေရာ သောဏဒဏ္ဍက-

'ဗုဒ္ဓ..ခေါ်ဆိုနိုင်ပါတယ်။ လေးမျိုး ဒါမှမဟုတ် သုံး ဒါမှမဟုတ် နှစ်မျိုးနဲ့ ပြည့်စုံရင်လည်း ပုဏ္ဏားစာရင်း ဝင်ပါတယ်ဘုရား'ဟု ပြန်လည်လျှောက်ထားသည်။

ထို့နောက် သောဏဒဏ္ဍက-

'လေးမျိုးမှာ အဆင်းရုပလှပခြင်းအင်္ဂါရပ် မပါပါဘူး ဗုဒ္ဓ။ သုံးမျိုးမှာ ဓေဒကျမ်း၊ ဗေဒကျမ်း တတ်ကျွမ်းခြင်းအင်္ဂါရပ် မပါပါဘူး။ နှစ်မျိုးမှာ အမျိုးဇာတိ သန့်စင်ခြင်း ဇာတိ အင်္ဂါရပ်လည်း မပါပါဘူး။ သီလနဲ့ ပညာ နှစ်မျိုးပြည့်စုံသူ ကို ပုဏ္ဏားလို့ ပုဏ္ဏားလောက,က ပညတ်ကြပါတယ်။ ကာယကံရှင်ကိုယ်တိုင်က ငါပုဏ္ဏားလို့ဆိုရင်လည်း အမှန် ဆိုခြင်း ဖြစ်ပါတယ်'ဟု ထပ်မံလျှောက်ထားလိုက်ပြန်၏။

ထိုသို့ သောဏဒဏ္ဍပုဏ္ဏားက ဗုဒ္ဓအား လျှောက်ထား ခြင်းကို အနီးအပါးတွင်ရှိကြသော ပုဏ္ဏားများက လုံးဝ မကျေနပ်ကြချေ။ ထို့ကြောင့်-

'အရှင်သောဏဒဏ္ဍ..ဒီလိုမပြောပါနဲ့'

'အရှင်သောဏဒဏ္ဍ..ဒီလိုမဆိုပါနဲ့'

'အရှင်သောဏဒဏ္ဍဟာ အဆင်းကို ပစ်ပယ်တယ်'

'အရှင်သောဏဒဏ္ဍဟာ ဓေဒကျမ်းကို ပစ်ပယ်တယ်'

'အရှင်သောဏဒဏ္ဍဟာ ဇာတိကို ပစ်ပယ်တယ်'

'အရှင်သောဏဒဏ္ဍဟာ ဗုဒ္ဓရဲ့ဘက်တော်သားပဲ'ဟု တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းအော်ဟစ် ရန့်တွေ့ကြလေတော့သည်။ နှုတ်လှန်ထိုးကြလေတော့သည်။

♦♦♦

ထိုအဖြစ်အပျက်ကို ဗုဒ္ဓက ထိန်းချုပ်လိုက်ပြီး-

'အချင်းပုဏ္ဏားအပေါင်းတို့..သင်တို့ ပြောဆိုသလို သောဏဒဏ္ဍဟာ ပညာမဲ့တယ်။ ဗဟုသုတနည်းပါးတယ်။ စကားပြောဆိုရာတွင် ပြေပြစ်မှုမရှိဘူး။ ဒီပြဿနာရပ်မှာ သူ့အနေနဲ့ ဗုဒ္ဓနဲ့ တုံ့ပြန်ပြောဆိုနိုင်ခြင်း အတတ်ပညာ မရှိဘူးလို့ သင်တို့အားလုံး ယူဆကြရင် ရှိပါစေ။ သင်တို့နဲ့သာ ငါဘုရား စကားအနိုင်ပြောမယ်။ ဒီလိုမှမဟုတ်ဘဲ သောဏဒဏ္ဍဟာ ပညာဉာဏ်ကြီးတယ်၊ ဗဟုသုတများတယ်၊ စကားပြောဆိုရာတွင် ပြေပြစ်မှုရှိတယ်။ ဒီပြဿနာရပ်မှာ ဗုဒ္ဓနဲ့သူ တုံ့ပြန်ပြောဆိုနိုင်စွမ်း ရှိပေတယ်လို့ သင်ပုဏ္ဏားတို့ ယူဆရင် သင်တို့ အသာနေကြ။ သောဏဒဏ္ဍပုဏ္ဏားနဲ့ပဲ ငါ စကားတုံ့ပြန်ပြောဆိုမယ်'ဟု မိန့်တော်မူလေသည်။

ထို့နောက် ဗုဒ္ဓသည် ဆိတ်ဆိတ်နေတော်မူလေသည်။

'ဘုန်းတော်ကြီးမြတ်လှသောမြတ်စွာဘုရား..အကျွန်ုပ်သာ ဟောဒီကပုဏ္ဏားတွေကို အကြောင်းစုံ ပြန်လည်ရှင်းပြလိုက်ပါ့မယ်။ အသင်ပုဏ္ဏားတို့..ကျွန်ုပ်ကို သင်တို့ ယခုကဲ့သို့ မပြောဆိုသင့်ပေဘူး။ တကယ်တော့ ကျွန်ုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com

အဆင်းကို မပစ်ပယ်၊ ဝေဒကျမ်းကိုလည်း မပစ်ပယ်၊ နောက်ပြီး ဓာတိကိုလည်း မပစ်ပယ်ပါဘူး။ အသင်ပုဏ္ဏားတို့..သင်တို့နားလည်အောင် ပုံဆောင်ပြောပြဦးမယ်။ တခြားဘယ်ပုဏ္ဏားမှ မကြည့်နဲ့၊ ငါ့တူ အင်ကလုလင်ကိုပဲကြည့်။ အင်ကလုလင်ဟာ အဆင်းရှုပကာ လှပချောမောတယ်။ ကြည့်ချင်စဖွယ်ရှိတယ်။ ဗုဒ္ဓမှတစ်ပါး အင်ကလို လှပချောမောသူ တစ်ယောက်မျှမရှိဘူး။ အင်ကလုလင်ဟာ သင်တို့အားလုံး သိထားကြတဲ့အတိုင်း ဝေဒကျမ်းကို ပိုင်နိုင်ကျမ်းကျင်တယ်။ အဘိဓာန်အလင်္ကာကျမ်းပဒေသာကိုလည်း တတ်မြောက်တယ်။ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတွေ၌လည်း သူမတူအောင် တစ်ဖက်ကမ်းခတ် တတ်မြောက်သူပါ။ ဒါ့ပြင် သူဟာ အဓိဘက်ကလည်း ဓာတိသန့်တယ်။ အဖဘက်ကလည်း ဓာတိသန့်တယ်။ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ခုနစ်ဆက်တိုင်အောင် ဓာတိမျိုးရိုးအနေနဲ့ ကဲ့ရဲ့တင်းဆိုစရာ တစ်ကွက်မျှ မရှိပေဘူး။ အဓိကို အဓိလို သဘောထားနားလည်သလို အဖကိုလည်း အဖလို တတ်သိသူလည်း ဖြစ်ပေတယ်။

ဒါပေမဲ့ အင်က လုလင်အနေနဲ့ သူများအသက်ကို သတ်တယ်။ သူများစီးပွားဥစ္စာ ခိုးယူတယ်။ သူများသား မယား ပြစ်မှားစော်ကားတယ်။ လိမ်လည်မုသား ပြောဆိုတယ်။ မူးယစ်ထုံထိုင်း အရက်သေစာ သုံးစွဲတယ်။ အဲဒီက ငါးပါးကိုဖြစ်ဖြစ်၊ တစ်ပါးပါးကံကိုဖြစ်ဖြစ် ပြစ်မှားကျူးလွန်တယ် ဆိုကြပါစို့။ အဆင်းရှုပကာဆိုတာ အဝိသက် သက် ဝေဒကျမ်းဆိုတာကလည်း ဘာသုံးစားရတော့မှာလဲ။ ဓာတ်ကရော ဘာလုပ်လို့ရတော့မှာလဲ။ ဒါကြောင့်မို့ သီလနဲ့ ပညာ နှစ်မျိုးပြည့်စုံသူကို ပုဏ္ဏားလောကက ပုဏ္ဏားလို့ သတ်မှတ်ကြတယ်။ ကာယက်ရှင်ကိုယ်တိုင်ကပင် ငါ ပုဏ္ဏားလို့ ဆိုရင်လည်း အမှန်လို့လက်ခံရတယ်ဟု သောဏဒဏ္ဍ ပုဏ္ဏားကြီးက မျက်နှာထားတင်းတင်း အသံပြင်းပြင်းနှင့် ပုဏ္ဏားပရိသတ်ထုကြီးကို ရှည်လျားစွာ ရှင်းပြပေးလိုက်သည်။ ထိုအခါ ပုဏ္ဏားပရိသတ်ကြီးတစ်ခုလုံး အသံတိတ်သွားကြ၏။ တွေဝေငေးမောသွားကြ၏။ မှိုင်သွားကြ၏။ မည်သူတစ်ဦးတစ်ယောက်မျှ သူ့စကားကို မလွန်ဆန်နိုင်ကြတော့ချေ။

သောဏဒဏ္ဍာ၏အောင်ပွဲ မဟုတ်ပါလား။

♦ ♦ ♦

ထိုသို့ပုဏ္ဏားများ နှုတ်ဆိတ်၊ နှုတ်ပိတ်နေခိုက် ဗုဒ္ဓက သောဏဒဏ္ဍပုဏ္ဏားကြီးကို မူလမေးခွန်း ပြန်ဆက်မေးလိုက်သည်။

"သောဏဒဏ္ဍပုဏ္ဏားကြီး..သီလနဲ့ပညာ ရှိတဲ့အနက် တစ်ပါးပါးနဲ့ ပြည့်စုံရင်ရော ပုဏ္ဏားလို့များ သတ်မှတ်ခေါ်ဆိုနိုင်ပါသေးရဲ့လား"

"အို..ဗုဒ္ဓ..သီလနဲ့ ပညာဆိုတာ ခြေတို့၊ လက်တို့နဲ့ ပမာတူပါတယ်။ လက်တစ်ဖက်က တခြားကျန်လက်တစ်ဖက်ကို မှီခိုတည်မှီပါတယ်။ ခြေတစ်ဖက်က တခြားခြေတစ်ဖက်ကို တည်မှီပါတယ်။ လက်တစ်ဖက်နဲ့ တခြားလက်တစ်ဖက်ကို ဆေးကြောသန့်စင်ရသလိုပဲ ခြေတစ်ဖက်နဲ့ တခြားခြေတစ်ဖက်ကို ဆေးကြောသုတ်သင်ရပါတယ်။ အို..ဗုဒ္ဓ ဒီဥပမာအတိုင်းပါပဲ သီလတရားကို ပညာနဲ့ ဆေးကြောပါတယ်။ ပညာကိုလည်း သီလနဲ့ ဆေးကြောရပါတယ်။ သီလရှိသူဟာ ပညာရှိပါတယ်။ ပညာရှိသူဟာလည်း သီလရှိပါတယ်။ ဒါကြောင့်မို့ လောကမှာ အမြတ်ဆုံးက သီလနဲ့ ပညာဖြစ်ပါတယ်ဘုရား"

"သောဏဒဏ္ဍပုဏ္ဏားကြီး..သင့်ရဲ့စကားမှန်ကန်တယ်။ သင့်ရဲ့အဆို မှန်ကန်တယ်။ လောကမှာ သီလနဲ့ ပညာက အမြတ်ဆုံးပဲ။ သီလဆိုတာ ဘာကိုခေါ်တာလဲ။ ပညာဆိုတာ ဘာကိုခေါ်တာလဲ သောဏဒဏ္ဍပုဏ္ဏားကြီး နားလည်သလောက် ငါ့ဘုရားကို လျှောက်ထားစမ်းပါဦး"

"အို..ဗုဒ္ဓ၊ ကျွန်ုပ်ကို ခွင့်လွှတ်နားလည်ပေးစေလိုပါတယ်။ တောင်းပန်ပါတယ်။ သီလရဲ့ အကျယ်အဝန်းလည်းမသိ၊ ပညာရဲ့ အကျယ်အဝန်းကိုလည်း လုံးဝမသိပါ။ သီလပညာတို့ရဲ့ ခြင်းရာသဘောထားကိုပင် မမြင်ပါဘူး။ ဗုဒ္ဓသာ မိန့်တော်မူပေးပါဘုရား"

ထိုသို့ သောဏဒဏ္ဍပုဏ္ဏားက မသိသည်ကို မသိသည်အတိုင်း ပွင့်ပွင့်လင်းလင်း ဝန်ခံ၏။ မလိမ့်တစ်ပတ်မလည်ချေ။ ဘွင်းဘွင်းရှင်းရှင်းသမားဖြစ်သည်။

ထို့နောက် ဗုဒ္ဓသည် ရှုဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ၊ ဈာန်အရာ ဝိပဿနာပညာ စသည်တို့ကို ဟောကြားတော်မူလေသည်။ သောဏဒဏ္ဍာအဖို့ သီလစကားကို နားကြားရပြီး ပညာစကားကိုလည်း နာကြားရပြီ။ ထို့ပြင် ဝိပဿနာအကြောင်းပါ သဘောပေါက်နားလည်သွားသည်။ ထို့ကြောင့် ဗုဒ္ဓထံမှ သရဏဂုံကိုပါ ဆောက်တည်လိုက်လေတော့၏။ ဥပါသကာအဖြစ်ကိုလည်း ခံယူသည်။ ဗုဒ္ဓအား မနက်ဖြန်တွင် ဆွမ်းအလှူခံကြွတော်မူရန် တောင်း

www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားလိုက်သေး၏။ ဗုဒ္ဓက ဆိတ်ဆိတ်နေတော်
ဖြင့် လက်ခံသိစေသည်။
ဆွမ်းအလှူခံကြီးကား ပြီးဆုံးခဲ့လေပြီ။
ဆွမ်းအနုမောဒနာလည်း ပြီးဆုံးခဲ့လေပြီ။
သို့သော်ငြားလည်း သောဏဒဏ္ဍအဖို့ ဗုဒ္ဓအား
လျှောက်ထားတောင်းပန်ရန် လက်ကျန်စကားလုံးတို့ ရှိနေ
သေး၏။
"အို...ဘုန်းတော်ကြီးမားသောဗုဒ္ဓ၊ တပည့်တော် တစ်
ကောက် ကြိုတင်လျှောက်ထား တောင်းပန်ပါရစေဘုရား။
တပည့်တော်မှာ ပရိသတ်များစွာနဲ့ နေထိုင်ရသူတစ်ဦးပါ။
ထိုသို့လို့ ပရိသတ်အလယ်မှာ တပည့်တော်ရောက်နေတဲ့
အချိန်များမှာ မတ်တတ်ရပ်ပြီး ဗုဒ္ဓကို အရိုအသေပြုခဲ့ပါရင်
ပရိသတ်က ကဲ့ရဲ့တင်းဆိုကြပါလိမ့်မယ်။ ဒါနဲ့ တစ်ဆက်
တည်းဆိုသလို ဂုဏ်သတင်းကျော်စောမှုလည်း မှေးမှိန်
ပျောက်စိမ်ဉစ္စာလည်း ပျက်ယွင်းရမှာ ဖြစ်ပါတယ်။ တကယ်
တော့ တပည့်တော်ဟာ စည်းစိမ်ဉစ္စာကို ဂုဏ်သတင်းကျော်
ကြားခြင်းကြောင့်သာ ရရှိနေတာ ဖြစ်ပါတယ်။
ဒါကြောင့် တပည့်တော်အနေနဲ့ ပရိသတ်အလယ်ကို
ရောက်ရှိနေတဲ့ အချိန်အခါမျိုးတွေမှာ လက်အုပ်ချီလိုက်ရင်
ဗုဒ္ဓကို ထိုင်ရာကနေထ၍ ခရီးဦးကြိုပြုတယ်လို့ အသိ
အမှတ်ပြုပေးစေလိုပါတယ်။ ဒါမှမဟုတ် ဦးရစ်ကို ချွတ်ပြ
လိုက်ရင်လည်း ဗုဒ္ဓကို တပည့်တော်ဦးခေါင်းနဲ့ ရှိခိုးတယ်
လို့ မှတ်ယူတော်မူပေးစေလိုပါတယ်ဘုရား။
ဒါပြင် တပည့်တော် ယာဉ်ရထားပေါ် ရောက်ရှိနေတဲ့
အချိန်အခါမျိုးမှာလည်း နှင်တံကို လက်နှင့် ကိုင်မြှောက်ပြ
ခဲ့ရင် ယာဉ်ရထားပေါ်ကဆင်းပြီး ဗုဒ္ဓကို ခရီးဦးကြိုပြုတယ်
လို့ အသိအမှတ်ပြုပေးစေလိုပါတယ်။ ဒါမှမဟုတ် တပည့်
တော်ဆောင်းထားတဲ့ ထီးကိုရုပ်၍ ပိတ်လိုက်ရင်လည်း ဦး
ခေါင်းနဲ့ ဗုဒ္ဓကို ရှိခိုးတယ်လို့ မှတ်ယူတော်မူပေးစေလိုပါ
တယ်အရှင်ဘုရား" ဟု ဗုဒ္ဓအား နဖူးမြေစိုက် ဦးခိုက်ကန်
တော့ပန်းဆင်ရင်း လျှောက်ထားတောင်းပန်လိုက်လေတော့
သတည်း။

မွော ဟစေ ရက္ခတိ မမ္မစာရိ
သာဃက်ဇော်(မကွေး)

ကျမ်းကိုး * ပထမကျော် ဦးအေးကျော်ရေး
ဗုဒ္ဓနှင့် ပုဏ္ဏားတော်ကြီးများ စာအုပ်မှ။

ဘဂျိုးသိန်းဝင်း
B.A (Geog:), ဒ.ဘ.နှ.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်စံ
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျိုးဓပါင်း၊ အာရုံခကြော
အားနည်း၊ ဓလေငန်း/ဓလေပြတ်၊
ကိုယ်စံအားကျစြင်း၊
အစကြောနှင့်ပတ်သက်သော ဓရောဂါများ
ကုသဓပးပါသည်။
✚ ဓလပြတ်ဓရောဂါ ဝေဒနာရှင်များ
အထူးကုသဓပးပါသည် ✚

ဓလပြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
ဓလံပြတ်မည့် သဘာဝလက္ခဏာများ
* ဦးခေါင်းနောက်ဓဖေးတွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိတြိုက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ဝစ္စည်းများ တိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော ဓလခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍
ဆေးစားခြင်း။ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက
ဓလဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။
ဆေးခန်းဖွင့်ရှိရန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မဂိလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
၀၉ ၇၉၅၁၄၄၂၆၃ ၊ ၀၉ ၃၁၆၅၁၂၄

www.burmeseclassic.com

ဆုံးဖြတ်ချက်ကောင်းသော ကံတရား၏ ဆန်းကြယ်ပုံ

နှက်နဲသော အကြောင်းတရား (၄)မျိုး

နက်နဲဆန်းကြယ်ခြင်းကို ဂန္ဓီရဟု ခေါ်သည်။

မြတ်ဗုဒ္ဓဟောကြား ဒေသနာတော်များသည် ဂန္ဓီရအနက်ရှိသည်။ အဘိဓမ္မာ၊ ပဋ္ဌာန်းဒေသနာသည် အလွန်တရာ နက်နဲမှု၊ ဆန်းကြယ်မှုတို့ ပြည့်နှက်နေသဖြင့် အတိဂန္ဓီရဟုပင် အမည်ရလေသည်။ နက်နဲသဖြင့် မကြေစည်နိုင်သော မကြေစည်ကောင်းသော အရာ(၄)မျိုး ရှိသည်။

ယင်းတို့မှာ (၁) ဘုရား၊ (၂) စျာန်၊ (၃) ကံ၊ (၄) လောကတို့ ဖြစ်သည်။ ဘုရားရှင်သည် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်ဝတော်မူသဖြင့် ဘုရားအရာကို လူသာမန်တို့ ဉာဏ်ပညာဖြင့် ကြံစည်ခြင်း၊ တွေးခေါ်ခြင်းငှာ မစွမ်းနိုင်ပေ။ အခန့်မသင့်ပါက ဦးနှောက်ချာချာလည်ကာ ရူးသွပ်၍ပင် သွားနိုင်ပေသည်။ အနန္တဆိုသည်ကပင် အဆုံးအပိုင်းအခြား မရှိ၊ ဂဏန်းသင်္ချာပမာဏ ချပြ၍မရနိုင်ဟု ဆိုလိုပေသည်။

စျာန်အရာကိုလည်း မကြေစည်နိုင်ပေ။ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့၏ အရာသာ ဖြစ်ပေသည်။

ကံကိုရော..ကံနှင့်ကံ၏ အကျိုးပေးပုံတို့မှာ ဆန်းကြယ်နက်နဲလှသဖြင့် ဂန္ဓီရဖြစ်သည်။ ကြံစည်တွေးခေါ်၍ မရနိုင်။ ဖြစ်ချိန်ကျ ဖြစ်ပေါ်လာသလို ပျက်ချိန်တန်ကလည်း ပျက်ပြားရလေသည်။ အာဘယ်တန်ခိုးရှင်ကမျှ တားဆီး၍ မရနိုင်ပေ။ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားသည်ပင် ရှေးဘဝကပြုမိခဲ့သော ကံတရား၏ အကျိုးဆက်များကို ခံတော်မူခဲ့ရပေသည်။ ပေးဆပ်ခဲ့ရပေသည်။

ခါးတော်ကိုက်ခဲနာကျင်ခြင်း၊ ဦးခေါင်းတော်ကိုက်ခဲခြင်း၊ ဝမ်းတော်လားခြင်းတို့သည် အတိတ်ဘဝများက ကိုယ်တော်တိုင်ပြုခဲ့မိသော အကုသိုလ်ကံ၏ ဆိုးကျိုးများပင် ဖြစ်သည်။ ဘယ်သူမပြု မိမိပြုသော ကံတရားများပင် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com

လောကအကြောင်းကိုလည်း မကြံစည်ကောင်းဟု ဆိုထားလေသည်။ ယနေ့ သိပ္ပံပညာရှင်တွေကတော့ လောကအကြောင်း၊ စကြဝဠာအကြောင်းကို စူးစမ်းရှာဖွေနေကြလေသည်။ ရှာဖွေတွေ့ရှိသည်များ ရှိသလို မတွေ့ရှိ မသိဖြစ်နိုင်။ ဘာကြီး၏ အကြောင်းများလည်း မြောက်မြားစွာရှိနေသေးသည်။

လူသတ်သမားကြီးတစ်ဦး

ထနတင်ပြမည်မှာ သားသတ်လိုင်စင် ရထားသူလို ခေါင်း(၅၅)နှစ်တိုင်တိုင် နေ့စဉ်နှင့်အမျှ လူတွေကို သတ်နေသော လူသတ်သမားကြီးတစ်ဦး နေ့ချင်း ချက်ချင်း ဆောင်မြင့် နတ်ပြည်သို့ ရောက်သွားပုံဇာတ်လမ်းဖြစ်သည်။ ဘာနှစ်စဉ်းစားကြည့်လျှင် ဖြစ်နိုင်စရာမရှိ။ ယုံကြည်စရာရှိ။ လူအသက်ကို သတ်ခြင်းဆိုတဲ့ ပါဏာတိပါတအကုသိုလ်ကံကို နေ့စဉ်လုပ်သူတစ်ယောက်ဖြစ်လို့ ယုံချင်စရာရှိချေ။ မယုံချင်လျှင်နေ ပုံပြင်တော့မဟုတ်၊ မြတ်ဗုဒ္ဓ ဟောထက်က တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ဖြစ်သည်။

သူအမည်က တမွှဒါဠိက။ သူနေတာက ရာဇဂြိုဟ်ပြည်။ သူအလုပ်က လူတွေကို နေ့စဉ် သတ်ရတဲ့အလုပ်။ သူဟောင်းသူတော်ကောင်းများကို သတ်ခြင်းတော့မဟုတ်။ သေဒဏ်အမိန့်ချခံရသည့် ရာဇဝတ်သင့်လူများ၊ လူမိုက်များကို သတ်ရသောအလုပ်ဖြစ်သည်။ ဤလူသတ်ရာထူးကို ရာဇဂြိုဟ်ရှင်ဘုရင်က ပေးအပ်ထားခြင်း ဖြစ်၏။

နှစ်ပေါင်း(၅၅)နှစ်ကြာအောင် လူတွေကို ခေါ်းဖြင့် ခုတ်သတ်ရသည်။ အသက်ကြီးလာသော တမွှဒါဠိကသည် လူသစ်ယောက်ကို တစ်ချက်တည်းဖြင့် ခုတ်ဖြတ်မသတ်နိုင်တော့။ ထိုအခါ သတ်ရသူလည်း ပင်ပန်းသည်။ အသတ်ခံရသူလည်း မသေခင် နာကျင်စွာခံစားရသည်။ ထို့ကြောင့် သူသည် မင်းကြီးထံ ခွင့်ပန်ကာ ထိုရာထူးမှ အနားယူပြီး အငြိမ်းစား နေထိုင်ခဲ့ပါသည်။

ကြောင်ကြီးလာ ကံကြမှာ

တစ်နေ့သ၌ တမွှဒါဠိကသည် သူစားချင်နေသော ဂို့ဏမင်းကို ချက်ခိုင်း၏။ ရေမိုးချိုး၊ ကိုယ်လက်သန့်စင်ပြီးဆင်ယင်ပြီးနောက် ဂို့ဏမင်းစားသုံးရန် ပြင်ဆင်နေသည်။

ထိုအခိုက် ရဟန္တာအရှင်မြတ်ကြီး သာရိပုတ္တရာသည် ဆရာသမားပတ် ဝင်စားရာမှ ထလာချိန်ဖြစ်သည်။

ယနေ့ ငါသည် ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲဟု အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်တော်မူရာ ဂို့ဏမင်းစားရန် ပြင်ဆင်နေသော အငြိမ်းစား ခိုးသူသတ်(လူသတ်သမား)ကြီးကို တွေ့မြင်ရလေသည်။

သို့ဖြင့် အရှင်မြတ်ကြီးသည် တမွှဒါဠိက အိမ်ရှေ့သို့ ကြွသွားကာ ဆွမ်းရပ်၏။

တမွှဒါဠိကသည် မထေရ်မြတ်ကြီးကို မြင်လျှင်-

"ငါသည်ကား အကုသိုလ်ကံမကောင်းသော လူသတ်အလုပ်ကို လုပ်ခဲ့ရသည်။ ငါ့ဘဝတွင် ပါဏာတိပါတ အကုသိုလ်ကံ အမှုတွေနှင့်သာ ပြည့်နှက်နေခဲ့သည်။ ကုသိုလ်ဒါန ဆိုလို့ ဘာတစ်ခုမျှ မည်မည်ရရ မရှိခဲ့။ ယနေ့တော့ဖြင့် ကုသိုလ်ပြုခွင့် ကြုံတာပဲ" ဟု စိတ်ထဲမှာ သဘောပေါက်ကာ သူစားမည့် ဂို့ဏမင်းကို မထေရ်မြတ်ကြီးအား အိမ်ထဲသို့ ပင့်ဖိတ်ပြီး ဆက်ကပ်လှူဒါန်းလိုက်လေသတည်း။

အရှင်မြတ်ကြီးသာရိပုတ္တရာသည် ဆွမ်းဘုဉ်းပေးပြီးနောက် အလှူရှင်တမွှဒါဠိကအား တရားဟောကြားပေး၏။

သို့ရာတွင် အရှင်မြတ်ကြီး ဟောကြားချီးမြှင့်သော တရားစကားများ သူ၏နားထဲသို့မဝင်။ သူ၏စိတ်အစဉ်တွင် နှစ်ပေါင်းကြာရှည်စွာ လူတွေကို သတ်ခဲ့ရသည်များကိုသာ စဉ်းစားနေမိလေတော့သည်။

အရှင်မြတ်ကြီးက သူ့ကို အကဲခတ်ကာ မေးမြန်းသော အမှန်အတိုင်း လျှောက်ထားဖြေကြား၏။

ထိုအခါ ပညာစေတဒဂ်ရ ရဟန္တာအရှင်မြတ်ကြီး သာရိပုတ္တရာသည် ဥပါယ်တံမျဉ်ဖြင့် ဟောကြားရန် ဆုံးဖြတ်တော်မူပြီး-

"ဒါယကာ...သင် လူတွေကို သတ်ရာတွင် သင်၏စိတ်ဆန္ဒအတိုင်း သတ်သလော သူတစ်ပါးကခိုင်း၍ သတ်သလော" ဟု မေးလေသည်။

"မင်းကြီးက ခိုင်းစေသဖြင့် သတ်ရပါသည်။ ကျွန်ုပ်စိတ်ဆန္ဒ မပါပါ။ သေစေလိုသောစေတနာ မရှိပါဟူလို" ဟု ဖြေကြားလျှောက်ထားလိုက်၏။

"ပါဏာတိပါတကံမြောက်သော အင်္ဂါရပ်ထဲတွင် သေစေလိုသော၊ သတ်ချင်သော စိတ်စေတနာ မရှိခြင်းလည်း ပါဝင်သည်။ ဤသို့ဖြစ်လျှင် သင့်တွင် အကုသိုလ်ကံအပြစ် ဖြစ်သလော"

ဟု အရှင်မြတ်ကြီးက ပရိယာယ်ဖြင့် မေးလေသော် တမွှဒါဠိတသည် ငါ့မှာ အပြစ်မရှိနိုင်ပါတကားဟု ယူဆကာ တရားဆက်ပေးပါဘုရားဟု လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် စိတ်ရန့်ကင်းရှင်းသွားသော တမ္မဒါဠိတသည် အရှင်မြတ်ကြီး ဆက်လက်ဟောကြားပေးသော တရားဓမ္မကို နာယူရသဖြင့် အနုလောမိကဉာဏ် ရရှိသွားလေသည်။

အနုလောမိကဉာဏ်ဟူသည် သောတာပတ္တိမဂ်ဉာဏ်နှင့် အလွန်နီးကပ်သောဉာဏ်ဖြစ်သည်။ တမ္မဒါဠိတသည် အရှင်သာရိပုတ္တမထေရ်မြတ်ကြီးကို လိုက်ပို့ပြီး ပြန်အလာလမ်းခရီးတွင် အတိတ်ဘဝက ရန်ငြိုးရှိခဲ့သော ဘီလူးက နွားမယောင် ဖန်ဆင်းကာ ပြေးလာပြီး တိုးဝှေ့သတ်သဖြင့် သေသွားလေသတည်း။

သို့သော် တမ္မဒါဠိတသည် သေပြီး နောက်ဘဝတွင် တုသိတာနတ်ပြည်သို့ ရောက်ရှိသွားပါ၏။ တုသိတာနတ်ပြည်သည် နတ်ပြည်ခြောက်ထပ်တွင် စတုတ္ထဘုံအဆင့်ဖြစ်သည်။ ဘုရားအလောင်းတော်များ စံမြန်းကြရာ အဆင့်မြင့်နတ်ပြည် ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ထောက်ခံချက်

တရားသဘင်၌ ဤအကြောင်းအရာကို ရဟန်းများက မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားကြရာ မြတ်စွာဘုရားက-

"တမ္မဒါဠိတသည် အကုသိုလ်တွေ ပြုခဲ့သော်လည်း အရှင်သာရိပုတ္တရာ၏ တရားကို နာကြားရသောကြောင့် အနုလောမိကဉာဏ်ကို ရရှိပြီး တုသိတာနတ်ပြည်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်" ဟု မိန့်တော်မူ၏။

ဤတွင် ရဟန်းများက ဤမျှလောက် အကုသိုလ်တရား ကြီးမားသူကို တရားတိုတိုလေး နာယူရရုံဖြင့် နတ်ပြည်သို့ ရောက်နိုင်ပါသလောဟု စောဒကတက်ကြသေးသည်။ မြတ်ဗုဒ္ဓက-

သဟသမပီစေဂါထာ၊ အနတ္တပဒ သဠီကာ။
စက် ဂါထာပဒံ သေယျော၊ ယံ သုတ္တာ ဥပသမ္မတိ
(ဓမ္မပဒ၊ ဂါထာ-၁၀၀)

အဓိပ္ပာယ်မှာ အကျိုးမရှိသော စကားလုံးပေါင်း တစ်ထောင်ကို နာကြားရခြင်းထက် ရာဂငြိမ်းကြောင်း ကောင်းမြတ်သောတရား တစ်ပုဒ်မျှကိုပင် နာရခြင်းက မြတ်၏ဟောကြားတော်မူ၏။

မုံရွာ-ဇနင်

(ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ တမ္မဒါဠိတဝတ္ထု ကို ခြယ်မှုန်းပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရဲ့ ဖြောင့်ချက် ဗျာပုံ ရည်လွှင်အောင်

ကျွန်တော်ဟာ သေမှာကို အင်မတန်ကြောက်၊ အင်မတန်စိုးရွံ့ထိတ်လန့်တတ်သူတစ်ဦးပါ။ ဒါကြောင့်လည်း ကျွန်တော်ဟာ ကျွန်တော်ကိုကျွန်တော် ရှင်သန်ရေး အစဉ်အမြဲ အဖေပေးတဲ့အသိ၊ အမေပေးတဲ့အတွေး၊ ဆရာပေးတဲ့ဩဝါဒ အရာရာအပေါ်မှာ သေချာစွာလိုက်နာရင်း ရှင်သန်ခြင်းလမ်းတစ်လျှောက်ကို ကျွန်တော် လှမ်းလျှောက်ခဲ့ပါတယ်။

မျှော်လင့်ခြင်းမဲ့ဘဝနဲ့ ကျွန်တော့်ကိုကျွန်တော် နေဝင်ခဲ့သလို အသိမဲ့ စမ်းတဝါးဝါးနဲ့ လမ်းမှားကို မလျှောက်ခဲ့ပါဘူး။ ဆူးကိုလည်း ကြောက်သလို ချောက်ကိုလည်း သိနေပါတယ်။ ဒါကြောင့် ကျွန်တော့်ကိုယ့်ကျွန်တော် ဘယ်ကျန်းကမှ သတ်မပစ်ခဲ့သလို အသတ်မခံရအောင်လည်း အမြဲရုန်းခဲ့ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကို သေမှာကြောက်တဲ့သူတစ်ယောက် ဖြစ်ခဲ့လို့ပါပဲ။

ဒီလိုသေရမှာကြောက်တဲ့ ကျွန်တော်ဟာ လူများစွာကို သတ်ပစ်ခဲ့ဖူးပါတယ်။

ကျွန်တော်သတ်ခဲ့တဲ့ထဲမှာ ညီတွေလည်း ပါခဲ့တယ်။ ညီမတွေလည်း ပါခဲ့တယ်။ သူငယ်ချင်းတွေလည်း ပါတယ်။ မိတ်ဆွေတွေလည်း ပါတယ်။ တပည့်တွေလည်း ပါတယ်။ ဘိတ်တာကာ့ဘိတ်ဆုံး ကျွန်တော့်သားသမီးတွေကိုတောင် ကျွန်တော် သတ်ပစ်ခဲ့တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သေမှာစိုးလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော် ဒီလို လူများစွာကို သတ်လိုက်တဲ့အတွက် ကျွန်တော့်မှာ ညှာတာစိတ်မရှိဘူး၊ စာနာစိတ်မရှိဘူး။ ဂရ ဏာတရား၊ မုဒိတာတရားနဲ့ မေတ္တာရှားသူလို့တော့ မထင်လိုက်ပါနဲ့။ တကယ်တော့ ကျွန်တော်ဟာ ကိုယ်ကိုယ်တိုင် သေရမှာ၊ အသတ်ခံရမှာ ကြောက်သလို လူများစွာကိုလည်း သေကုန်မှာ၊ အသတ်ခံရကုန်မှာ အလွန်အင်မတန် စိုးရိမ်တဲ့သူပါ။

သို့သော် အဲဒီလူများစွာကပင် သူတို့ကိုယ်သူတို့ သေစေချင်လွန်းလို့ သတ်ဖို့လမ်းစတွေနဲ့ ကျွန်တော့်ကို တည့် တည့်ဝင်တိုးရင်း သုဉ်တို့ကိုယ်သူတို့ ပြန်မသနားဘဲ စတေးခဲ့တဲ့ အတွက် ကျွန်တော့်မှာ ရင်နာနာနဲ့ကို သတ်ပစ်ခဲ့ရတာပါ။

ဒါတွေကို တွေးမိတိုင်းလည်း ရင်ထဲမှာ မကောင်းပါ ဘူး။ ဒီလိုမကောင်းပေမယ့် ဒါပေမဲ့ပေါ့၊ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင် ဘုရားလမ်းစဉ်ကို လိုက်ရမယ်လေ။ ကျွန် တော်တို့ ဗုဒ္ဓဘုရားဟာ မသေစေချင်လို့ ဥပါယ်တံမျဉ်နဲ့ ကယ်တင်ပေမယ့် ကယ်မရတဲ့အဆုံး ဥပေက္ခာနှလုံးနဲ့ပဲ သတ်ပစ်ခဲ့ရတာပါပဲလေ။ ကျွန်တော်လည်း သတ်ခဲ့ရပါ တယ်။ သူတို့လည်း တချို့သေခဲ့ကြပါတယ်။

♦ ♦ ♦

ဒီလို သူသတ်ခဲ့တာနဲ့ပတ်သက်လို့ ဗုဒ္ဓဟာ မြင်းထိန်း ဆရာကေသိထံမှာ ကေသိမြင်းထိန်း အမှာမမြင်ဖို့ တရား ယှဉ်ပြ မေတ္တာဖြင့် ဆုံးမရင်းပင် သင်ခဲ့ပါတယ်။

ဒီလိုသင်ပြ မြတ်ဗုဒ္ဓ၏ တရားလမ်းစဉ် ဓမ္မမြင်ကို သာဓကထုတ် ပမာနှတ်လို့ ပြရမယ်ဆိုလျှင်တော့-

တစ်နေ့သောအခါသမယ မြင်းထိန်းနေထိုင်ရာဌာနကို ဗုဒ္ဓအရှင် မြတ်သခင်ဟာ မြော်မြင်တွေးဆ တရားပြဖို့ မြန်း ကြွရောက်ရှိတော်မူခဲ့ပါတယ်။

ဒီလို မြတ်ဗုဒ္ဓ မြန်းကြွလာတာကို မြင်လိုက်ရတဲ့ ကေသိဟာ အလုပ်များစွာကိုရပ်၊ မွန်မြတ်သောနေရာကို ပေး၊ ယဉ်ကျေးစရိုက်နဲ့ ဦးခိုက်ကော်ရော် ပူဇော်လိုက်ပါ တယ်။

ဒါကိုမြင်တဲ့ ဘုရားရှင်က ကြည်လင်သောအသံ၊ ပြတ် သားသောဟန်နဲ့ "သာဓု-သာဓု-သာဓုပါ ကေသိ၊ သင့်ထံ ရှေ့မှောက် ငါလာရောက်ရတဲ့ အကြောင်းအရင်းကတော့ သင် ထိန်းကျောင်းပဲ့ပြင်နေတဲ့ မြင်းတွေနဲ့ပတ်သက်လို့ မေး စရာတွေရှိလို့ပါ"

- ဟု မိန့်ကြားလိုက်တယ်ဆိုလျှင်ပဲ မြင်းထိန်း ကေသိ ဟာ လက်အုပ်ချီမိုး ရှိခိုးရင်းက-

"မေးပါဘုရား၊ တပည့်တော်သိသမျှ တိကျမှန်စွာ အလုံးစုံဖြေပါ့မယ်ဘုရား" ဟူ၍ ပြန်လည်လျှောက်ထားလိုက် ပါတယ်။

"ကောင်းပြီ ကေသိ၊ အဦးဆုံး ငါဘုရားရှင် သိလိုတာ က အင်မတန်ရိုင်းပျတဲ့ မြင်းတွေကို ဘယ်လိုမျိုး ဆုံး မ တယ်ဆိုတာပါပဲ"

လို့ မြတ်ဗုဒ္ဓက သူတွင် အခက်အခဲမရှိတဲ့တရား ခင် ခဲဘိအလားကဲ့သို့ မြွက်ကြားတော်မူလိုက်တယ်ဆိုလျှင်ပဲ-

"အရှင်ဘုရား-အင်မတန်ရိုင်းပျတဲ့ မြင်းတွေကို မြင် ယဉ်တွေ့ ဖြစ်လာအောင် အနုနည်းနဲ့ ဆုံးမပဲ့ပြင်ပါတယ် ဘုရား" လို့ ပြန်လည်ဖြေကြားလျှောက်ထားလိုက်ပါတယ်။

ထိုအခါ မြတ်ဗုဒ္ဓက-

"ကောင်းပြီ ကေသိ၊ သည်လိုဆိုရင် အနုနည်းနဲ့ ပဲ့ပြင် ဆုံးမလို့မရတဲ့ မြင်းတွေရော"

လို့ ဆက်၍မေးလာရာ ကေသိက-

"အရှင်ဘုရား-အနုနည်းနဲ့ ပဲ့ပြင်ဆုံးမလို့မရတဲ့ မြင် တွေကျတော့ အကြမ်းနည်းနဲ့သုံးပြီး ပဲ့ပြင်ဆုံးမရပါတယ် ဘုရား" ဟူ၍ ပြန်လည်လျှောက်ထားလိုက်ပါတယ်။

"ဟုတ်ပြီ ကေသိ။ တကယ်လို့များ အနုနည်းနဲ့လည်း ဆုံးမပဲ့ပြင်လို့မရ၊ အကြမ်းနည်းနဲ့လည်း ပဲ့ပြင်ဆုံးမလို့မရ တဲ့ မြင်းတွေကျတော့ရော"

"အရှင်ဘုရား-သည်လိုမျိုး ပေကန်ဒုန်းခံနေတဲ့ မြင်း ရိုင်းတွေကျတော့ ဆရာရဲ့သိက္ခာကို ထိခိုက်စေတဲ့အတွက် သုတ်သင်ပစ်ရပါတယ် အရှင်ဘုရား"

သည်အဖြေကို ကြားလိုက်ရပြီးသည့်နောက် ဘုရား ရှင်ဟာ ခပ်မဆိတ်နေတော်မူလေရာ မြင်းဆရာကေသိမှာ မြတ်ဗုဒ္ဓရဲ့ ဖွင့်ဟလာမယ့်စကားကို ဆက်၍သိချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတော့တဲ့အတွက် ဘုရားရှင်အား ရှိသေစွာ လျှောက်ထားလိုက်ပါတယ်။

"အရှင်ဘုရား-တပည့်တော်မေးလိုတာကို မေးခွင့်ပြု တော်မူပါဘုရား"

"မေးပါ ကေသိ၊ သင်သိလိုတာကို မေးပါ"

"အရှင်ဘုရား-အရှင်ဘုရားရဲ့ သာသနာတော်မှာ ဆုံး ထိုက်သူတွေကို ဘယ်လိုမျိုး ဆုံးမတော်မူပါသလဲ အရှင် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ကေသီ..ငါဟာ လူတွေကို ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တွေနဲ့တကွ အဲဒီအကျိုးတရားတွေကိုပြောပြလို့ ဒါဟာ နတ်၊ လူအဖြစ် ခံစားရမယ့် ချမ်းသာသုခဆောပေးရယ်ဆိုပြီး အနုနည်းနဲ့ ဆုံးမသွန်သင်တော်မူပါတယ်။ အခု လူတွေကိုတော့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေရဲ့ အကျိုးတရားတွေနဲ့ ဒါဟာဖြင့် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတွေမှာ ခံစားရမယ့် ဒုက္ခဆင်းရဲတွေပဲရယ်လို့ အကြမ်းနည်းနဲ့ ဆုံးမသွန်သင်တော်မူပါတယ် ကေသီ"

"အရှင်ဘုရား..သည်လိုဆိုရင် အသိဓါတ်ခက် အဝင်ကောင်းကြတဲ့သူတွေကိုရော ဘယ်လိုမျိုး သွန်သင်ဆုံးမတော်မူပါသလဲဘုရား"

"ဒကာတော်ကေသီ..အဲဒီလူများကျတော့လည်း ကာယ၊ ဝစီက်၊ မနောက်တွေရဲ့ ကောင်းမှု၊မကောင်းမှုတွေး၊ ခံစားရမယ့် အကျိုးအပြစ်တွေကို ထောက်ပြရင်းနဲ့ အနည်းနဲ့သာမက အကြမ်းနည်းကိုပါ ရောပြွမ်းသုံးလို့ ဆုံးမရတာပါပဲ ကေသီ"

"မှန်လှပါ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား..ဘယ်လိုပဲဆုံးမ၊ဆုံးမ ဘယ်လိုပဲသွန်သင်၊သွန်သင် ဘယ်လိုမှနားမဝင် ကိုယ်ထင်ရာကိုယ်စိုင်းတဲ့သူမျိုးတွေကျ ဘယ်လိုများလုပ်ပါသလဲဘုရား"

"ကေသီ..အဲဒီလိုလူစား အမြင်မှားတွေကျတော့ ငါဘုရားရှင်တ သင့်လိုပဲ ညွှန်ပြသွန်သင် ဆရာသခင်ရဲ့ ဂုဏ်အသီးကွာ ထိခိုက်စေတာမို့ သုတ်သင်ပစ်ရတာပါပဲပေါ့" ဤ ဘုရားရှင်ထံမှ မျှော်လင့်မထား စကားတော်ကို ကြားသိရတယ်ဆိုလျှင်ပဲ မြင်းထိန်းဆရာကေသီမှာ နားမလည်သိအောင် ဖြစ်သွားရပါတော့တယ်။

ဒါကြောင့် ကေသီက-

"အရှင်ဘုရား..သူတစ်ပါးအသက်ကို သုတ်သင်ခြင်း၊ သတ်ဖြတ်ခြင်း ဆိုတာဟာ အရှင်ဘုရားတို့နဲ့ လားလားမျှ အပ်စပ်ဘူးလို့ ထင်ပါတယ်ဘုရား"

ဟု ခံစားသမျှ အမှန်တရားရဖို့ လျှောက်ထားလိုက်ဘယ်ဆိုလျှင်ပဲ ဗုဒ္ဓဟာ လိုသမျှလမ်းထဲ အရောက်ဆွဲနိုင်ခဲ့သည်။

"ကေသီ.. သင်ပြောသည့်စကား အမှန်တရားပါပဲ ကေသီ။ ဘုရားရှင်တို့အဖို့ သူတစ်ပါးအသက်ကို ရက်ရက်စက်စက် သုတ်သင်ခြင်း၊ သတ်ဖြတ်ခြင်းဆိုတာဟာ အမှန်တကယ် မအပ်စပ်တဲ့အရာပါ။ ဒါပေမဲ့ တကယ်စင်စစ်လူပုဂ္ဂိုလ်တစ်ဦးဟာ ဘယ်လိုဘယ်နည်းနဲ့မှ ပြောဆိုသွန်သင်လို့ မရတော့ဘူးဆိုရင် ဘုရားရှင်တွေအဖို့ရာ သည်ပုဂ္ဂိုလ်ကို ပြောဆိုသွန်သင် ပဲ့ပြင်ဆုံးမထိုက်သူရယ်လို့ အသိအမှတ်မပြုတော့ပါဘူး။ ဘုရားရှင်တွေသာမက ပညာရှိ သီတင်းသုံးဖော်တွေအနေနဲ့လည်း ပြောဆိုသွန်သင် ပဲ့ပြင်ဆုံးမထိုက်သူရယ်လို့ အသိအမှတ်မပြုကြတော့ပါဘူး။ သည်လိုမျိုး အသိအမှတ်မပြုခြင်း၊ ဥပေက္ခာထားလိုက်ခြင်း ဆိုတာဟာ ဘုရားရှင်ရဲ့ အဆုံးအမတော်မှာ သုတ်သင်သတ်ဖြတ်လိုက်တာပါပဲ ကေသီ"တဲ့။

ကဲ..ဗုဒ္ဓရဲ့အဖြေကိုကြည့်လေ။ ပြောဆိုသွန်သင် ပဲ့ပြင်ဆုံးမထိုက်သူရယ်လို့ အသိအမှတ်မပြုရတဲ့အခါတွေမှာ ဗုဒ္ဓဟာ သည်လိုလူမျိုးကို အသိအမှတ်မပြုတော့သလို ဥပေက္ခာထား သုတ်သင်ဖယ်ရှားပစ်လိုက်တယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

ဟုတ်ပါတယ်။ သည်လိုပါပဲ..ကျွန်တော့်တဝမှာ ပြောဆိုသွန်သင် ပဲ့ပြင်ဆုံးမလို့ မရခဲ့တဲ့ ညီတွေ၊ ညီမတွေ၊ သူငယ်ချင်းမိတ်ဆွေတွေ၊ တပည့်တွေ၊ သားတွေ၊ သမီးတွေကို ကျွန်တော် ဥပေက္ခာနှလုံးသားနဲ့ လျစ်လျူရှုဖယ်ရှားသုတ်သင်ခဲ့ရပါတယ်။

ဒါဟာ သူတို့ကို ကျွန်တော် သေစေချင်တဲ့နှလုံးနဲ့ မုန်းခဲ့လို့ မဟုတ်ပါဘူး။ ကျွန်တော်ရဲ့သီကွာ၊ ကျွန်တော်ရဲ့ ကြမ္မာကို ကာကွယ်လိုက်တာပါ။ သည်လို ကာကွယ်လိုက်ရခြင်းဟာလည်း ကျွန်တော် သေရမှာကို ကြောက်လို့၊ အသတ်ခံရမှာ ကြောက်လို့ပါပဲလေ။

လူဘဝမှာ အသက်ရှင်လျက် သေနေရတဲ့လူ၊ အသက်ရှူနေလျက် အသတ်ခံထားရတဲ့လူ အဲဒီလူဟာ ပစ္စက္ခမှာရော နောင်သံသရာမှာပါ သေနေရတဲ့သူ၊ အသတ်ခံနေရတဲ့သူ၊ အမြဲသေလူတစ်ယောက်ရယ်မို့ ကျွန်တော် အသေမခံနိုင်ပါ။ ဘယ်တော့မှလည်း အသတ်မခံနိုင်ပါ။

ဒါကြောင့် ကျွန်တော်ဟာ သတ်သင့်သူများစွာကို သတ်ရင်း ကျွန်တော့်ဘဝ ရှင်သန်လွတ်မြောက်ရေးအတွက် ခရီးဆက်နေရဦးမှာပါပဲလေ။

ဗျာပုံ-ရည်လွင်အောင်

ကိုးကား

* ကေသီဝဂ်၊ ကေသီသုတ်။
* ဆရာနန္ဒာမိုးကြယ်၏ ဗုဒ္ဓပြောတဲ့စကား၊ ဗုဒ္ဓဟောတဲ့တရား။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်ဦး (ဒါးဘီး)

ရဲရဲကျသည့်တိုင်အောင် မိုက်တွင်းနက်လေသူ



မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ဘုရားရှင်က လွဲရင် ဉာဏ်ပညာကြီးရင့်သောပုဂ္ဂိုလ်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးပဲ ဖြစ်ပါတယ်။

နောက် တန်ခိုးတော်နဲ့ပတ်သက်လို့ ကြည့်မယ် ဆိုရင်လည်း မြတ်စွာဘုရားပြီးရင် အရှင်မဟာမောဂ္ဂလ်ာန် ကိုယ်တော်မြတ်ကြီးကသာ အသာလွန်ဆုံးပဲ ဖြစ်ပါတယ်။

ဒီအရှင်မြတ်ကြီးနှစ်ပါးဟာ အတိတ်ကပါရမီကုသိုလ် တော်တွေက ကိုတူအကျိုးပေးလို့ပဲ ပြောရမလား မသိဘူး။ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို ရောက်မလာခင် လူဘဝတုန်းကလည်း တစ်ယောက်နဲ့တစ်ယောက် သိပ်ခြင် ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပါပဲ။ မြတ်စွာဘုရားရှင် သာသနာတော်ကို ရောက်ရှိလာကြတော့လည်း တစ်ပါး အပေါ်တစ်ပါး သိပ်ပြီးတော့ လေးစားကြည်ညို ရိုသေ

www.burmeseclassic.com

www.burmeseclassic.com

ကြပါတယ်။ နောက်ပြီး သာသနာပြုတော့လည်း ဟူကူပဲလို့ ဆိုရမှာပါပဲ။

ကိုယ်တော်မြတ်ကြီး နှစ်ပါးဟာ တစ်ပါးအပေါ်ကို ဘယ်လောက်များ လေးစားကြည်ညိုခဲ့သလဲလို့ဆိုရင် ဒေသစာရီကြွချီကာ နယ်လှည့်ပြီး ဟောကြားတာတောင် အတူတူပါပဲ။ တစ်ခါတုန်းက မြတ်ကြီးနှစ်ပါးဟာ နှစ်ပါးအတူတူ ဒေသစာရီကြွချီပြီး နယ်လှည့်တရားဟောကြားရင်း ခရီးနယ်ကျဲနေပြီး ဝါကပ်ရာဖြစ်တဲ့ ကောကာလိကတိုင်း ကောကာလိကသူဌေးကြီး ဆောက်လုပ်လှူဒါန်းထား တဲ့ ကောကာလိကကျောင်းမှာ ဝါကပ်ဝါဆိုတော်မူပါတယ်။ အဲဒီကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကတော့ အရှင်သူ မဟုတ်ပါဘူး။ ကျောင်းဒကာကြီး ကောကာလိကရဲ့သားတော် အရှင်ကောကာလိက မထေရ်မြတ်ပဲ ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတို့ဟာ ကောကာလိကကျောင်းမှာ ဝါဆိုလို့ ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ အရှင်ကောကာလိကကို တပည့်တော်တို့ သာဝတ္ထိပြည်ကို ပြန်ကြပါတော့မယ်ဘုရားလို့လျှောက်တော့ အရှင်ကောကာလိက ကျောင်းထိုင်ဆရာတော်က-

"တစ်ရက်လောက်တော့ သီတင်းသုံးတော်မူပါဦး ဘုရား"

လို့ လျှောက်တင်ပြီး မြို့ထဲကို ကြွရောက်ကာ-

"အို..မြို့သူမြို့သား ဒကာ,ဒကာမတို့၊ အကျော်ဇော အသရေတော်မူသော မြတ်စွာဘုရားရှင်ရဲ့ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနဲ့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး နှစ်ပါးတို့ဟာ နောက်ဆုံးသံဃာများနဲ့အတူ ဒီနှစ် ဝါကျောင်းမှာ ဝါဆိုတော်မူကို သင်တို့တစ်တွေ မသိရှိကြဘူးလား။ ဆွမ်းလေးလေးတောင် တစ်နပ်တလေ လာလှူည့်ပြီး ကပ်ရကောင်းမသိကြပါလား။ ဒီလို အကျော်ဇောယျပုဂ္ဂိုလ်တွေကို ဘုန်းဖို့အခွင့်ဆိုတာ ကြုံခဲ့လှပါဘိအော်။ အခုလို ကြုံတုန်းလေးမှာ လှူဒါန်းလိုက်ကြဦးအော်။ အခွင့်သာတုန်း ကုသိုလ်ရေးကို လက်လွတ်မခံလိုက်ကြပါနဲ့"

အဲသလို စသဖြင့် လှုံ့ဆော်တိုက်တွန်းလေတော့ မြို့သူမြို့သားများဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး အစည်းအဝေးတစ်ရပ် ပြုလုပ်ကြကာ လှူဖွယ်ပစ္စည်းဝတ္ထုတွေကို စီစဉ်ပြုလုပ်ကြပါတယ်။ ဒီလိုနဲ့ နောက်တစ်နေ့နံနက် အရုဏ်တက်သောအခါမှာ မြို့သူမြို့သားများဟာ လှူဖွယ်ပစ္စည်းဝတ္ထုအစုစုတို့ကို ယူဆောင်ပြီး အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးနှစ်ပါးကို လှူဒါန်းဖို့ရန် ကောကာလိကကျောင်းတော်ကို ရောက်ရှိလာကြပါတယ်။

ပုထုဇဉ်စိတ်ဟာ အင်မတန်မှ ကြောက်စရာကောင်းပါတယ်။ အခု ဒီမှာကြည့်ပါဦး။ အရှင်ကောကာလိကဟာ ဒကာ,ဒကာမများ ယူဆောင်လာကြသော ပစ္စည်းဝတ္ထုပဒေသာတွေကိုလည်း တွေ့ရှိလိုက်ရရော ချက်ချင်းပဲ လောဘစိတ်က ဝင်ကပ်ပြီး တပ်မက်ခုံမင်သွားပါတယ်။ အစတုန်းကတော့ ဒကာ,ဒကာမတွေရဲ့အပေါ်မှာ တကယ့်ကို အကျိုးလိုလားလို့ပဲ လိုက်လံလှုံ့ဆော်တဲ့ သဘောမျိုးပဲ ဖြစ်မှာပါ။ အခုတော့ အရှင်ကောကာလိကဟာ ဒကာ,ဒကာမတွေ ယူဆောင်လာတဲ့ ပစ္စည်းဝတ္ထုပဒေသာတွေကိုလည်း တွေ့လိုက်ရရော သူ့သန္တာန်မှာ ဘယ်လိုအတွေးတွေးလိုက်သလဲဆိုတော့-

"ဒီအရှင်မြတ်ကြီးနှစ်ပါးဟာ အလိုနည်းကြတဲ့ အရှင်မြတ်ကြီးတွေပဲ ဖြစ်ကြလို့ ငါ့ရဲ့ စီမံဆောင်ဩမှုအရ ရောက်ရှိလာကြတဲ့ ဒီပစ္စည်းဝတ္ထုတွေကို သာယာကြလိမ့်မည်မဟုတ်၊ အလှူခံကြလိမ့်မယ် မဟုတ်ကြပါ။ ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ ငါကိုသာ လှူလိုက်ကြလို့ပဲ ညွှန်ကြားကြမှာပါ" ဟု တွေးလိုက်ပါတယ်။

အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတို့နှစ်ပါးဟာ အရှင်ကောကာလိကရဲ့ ရင်ထဲမှာ ဖြစ်ပေါ်လာသော လောဘရမ္မက်ဆိုးကို စေတောပရိယာယ အဘိညာဉ်နဲ့ သိရှိတော်မူလိုက်လို့ ဝိနည်းကျင့်ဝတ်တော်အရ ဒကာ,ဒကာမများက လှူဖွယ်ပစ္စည်းပဒေသာတွေကို လှူဒါန်းသောအခါ-

"ဒီပစ္စည်းဝတ္ထုတွေဟာ ငါတို့နဲ့လည်း မအပ်စပ်လို့ အလှူမခံထိုက်။ ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ အရှင်ကောကာလိကနဲ့လည်း မအပ်စပ်လို့ အရှင်ကောကာလိက,ကလည်း အလှူမခံထိုက်"လို့ မိန့်တော်မူပြီး သာဝတ္ထိမြို့ကို ပြန်လည်ကြွချီတော်မူသွားကြပါတယ်။

ဒီတော့ ဒကာ,ဒကာမတွေဟာ လှူဒါန်းဖို့ သူတို့သယ်ဆောင်လာကြသော လှူဖွယ်ပစ္စည်းဝတ္ထုတွေကို အဝေးသီး ပြန်လည်ယူဆောင်သွားကြပါတယ်။ အဲသလိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ယူဆောင်သွားကြရော အရှင်ကောကာလိကဟာ သူသန့်ရှင်းမှာ မအီမသာ အောင့်အည်းအောင့်သက်နဲ့ ဖြစ်ကျန်ခဲ့ပါလေရဲ့။

မြတ်စွာဘုရားရှင် ချမှတ်ထားသော ဝိနည်းစည်းကမ်းတော်အရ အလှူမခံသွားကြသော အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ရဲ့အပေါ်ကို အရှင်ကောကာလိကက ဒီကိုယ်တော်မြတ်နှစ်ပါးဟာ လှူဖွယ်ပစ္စည်းဝတ္ထုတွေကို သူတို့ကိုယ်တိုင်လည်း အလှူမခံ၊ ငါ့ကိုလည်း မပေးခဲ့ဆိုပြီး ရန်ငြိုးဖွဲ့ကာ အခဲမကျေ ဖြစ်လာပါတော့တယ်။

ဒီလိုအခဲမကျေ ဒေါသရန်ငြိုးရှိနေသော အရှင်ကောကာလိကရဲ့ ကျောင်းကိုမှ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ နှစ်ပါးဟာ နောက်တစ်ကြိမ် ရောက်လာပြန်ပါတယ်။ အဲသလို ရောက်ရှိလာသော သတင်းစကားကိုလည်း မြို့သူမြို့သားများဟာ ကြားသိရရော မည်သူမည်ဝါမှ တိုက်တွန်းစရာမလိုဘဲ သူတို့ရဲ့ သဒ္ဓါတရားအလျောက် လှူဖွယ်ဝတ္ထုပစ္စည်းတွေကို ယူဆောင်လာကြပြီး လှူဒါန်းသမှုပြုကြပါတယ်။ ဒီတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတို့ဟာ အရင်တစ်ခါတုန်းကလို မဟုတ်တော့ဘဲ အလှူခံတော်မူသွားကြပါတယ်။

ဒီတော့ နဂိုကမှ အခဲမကျေ ဒေါသရန်ငြိုးရှိနေသော အရှင်ကောကာလိကဟာ သူသန့်ရှင်းမှာ ငုပ်လျှိုးနေသော ဒေါသရန်ငြိုးကို နှိုးဆွပေးသလို ဖြစ်လာလေတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ မထေရ်မြတ်ကြီးနှစ်ပါးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး စွပ်စွဲပြောဆိုပါတော့တယ်။

အရှင်ဘုရားတို့နှစ်ပါးဟာ ဟိုအချိန်အခါတုန်းကတော့ အလိုနည်းသယောင်ယောင်နဲ့ လှူဖွယ်ဝတ္ထုပစ္စည်းတွေကို အလှူမခံဘဲ ရှောင်သွားခဲ့ကြတယ်။ အခုကျမှ အလှူခံရလေအောင် ပြန်လာကြတော့ အရှင်ဘုရားတို့ဟာ အတော့်ကို အလိုရမ္မက်ကြီးကြတဲ့ ပါပဘိက္ခုကြီးတွေပါလားတဲ့။

အရှင်ကောကာလိကသည် အဲသလို ပုတ်ခတ်စွပ်စွဲပြောရဲမျှဖြင့် အားမရသေး။ ဒေါသလုံးပေါက်ကွဲပြီး သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူသော ဘုရားရှင်ထံတော်ကို ရောက်ရှိသွားပြီး ဘုရားရှင်အား ယခုလို ထပ်မံလျှောက်ထားပြန်ပါတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား...အရှင်ဘုရားရဲ့ လက်ယာတော်ရံ၊ လက်ဝဲတော်ရံများ ဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ နှစ်ပါးဟာ ရဟန်းတန်မဲ့နဲ့ အလိုဆိုးရိုင်းကြပါတယ်ဘုရား။ အလိုနောက်သို့ တော်တော်လိုက်နေကြပါတယ်ဘုရား"

"ကောကာလိက...သင် ဒီလိုမဆိုနဲ့။ သာရိပုတ္တရာ မောဂ္ဂလာန်တို့ဟာ အသင်ထင်ထားသလို လုံးဝမဟုတ်ဘူး။ ဘီလကို လွန်စွာမှ ချစ်မြတ်နိုးကြပေတယ်။ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့ရဲ့အပေါ်မှာ သင့်အနေနဲ့ စိတ်ချကြည်လင်စေလော့။ စိတ်ကောင်းထားလော့"

အဲသလို မြတ်စွာဘုရားရှင်က ဆုံးမတော်မူပေမဲ့လည်းဘဲ အရှင်ကောကာလိကဟာ လက်သင့်မခံဘဲ သဲကြိမ်တိုင်တိုင် စွပ်စွဲလျှောက်ထားနေပါတယ်။ မြတ်စွာဘုရားကလည်းပဲ အရှင်ကောကာလိကရဲ့ စွပ်စွဲလျှောက်ထားချက်ဆိုမှုတွေကို သုံးကြိမ်သုံးခါစလုံး တားမြစ်တော်မူပါတယ်။ ဒါပေမဲ့ အရှင်ကောကာလိကဟာ ဘယ်လိုမှ လက်သင့်မခံဘဲ မြတ်စွာဘုရားရှင်ရဲ့ ထံတော်ပါးမှထပြီး ပြန်သွားတော့တယ်။

ရဟန္တာအရှင်မြတ်ကြီး နှစ်ပါးရဲ့အပေါ်မှာ ပြစ်မှားခဲ့ဆိုနေသော အရှင်ကောကာလိကကို မြတ်စွာဘုရားရှင်က မဟာကရုဏာတော် ကြီးမားစွာဖြင့် သနားလွန်စွာ အကြိမ်ကြိမ်အခါခါ တားမြစ်သော်လည်း လက်မခံဘဲ ထပြန်သွားသော အရှင်ကောကာလိကဟာ ဇေတဝန်ကျောင်းတော်အပြင်တောင် မရောက်သေးဘဲ ကျောင်းရဲ့ ပရိဝုဏ်အတွင်းမှာပင် တစ်ခါတည်း ဒုက္ခကောင်းကောင်းကြီး တွေ့ပါတော့တယ်။

မုန့်ညင်းစေ့ခန့်၊ ပဲနောက်စေ့ခန့်၊ ကုလားပဲစေ့ခန့်၊ ဆီးသီးစေ့ခန့်၊ ဖန်ခါးသီးစေ့ခန့်ရှိသော အဖုအပိမ့်များသည် သူ့ရဲ့တစ်ကိုယ်လုံးကို အပ်ချုစရာနေရာမကျန်အောင် ထွက်လာပါတော့တယ်။ ပြီးတော့ အဲဒီအဖုအပိမ့်တွေဟာ ပေါက်ပြီးပြီး သွေးပြည်တွေဟာ တစ်စက်စက်နဲ့ ထွက်ကျလာသည်အဲဒီနေရာမှာပင် ရှေ့ဆက်မသွားနိုင်တော့ဘဲ တုံးခနဲလဲကျသွားပါလေရဲ့။

ဒီအချိန်မှာ တစ်ချိန်တုန်းက အရှင်ကောကာလိကဟာ ဥပဇ္ဈာယ်ဆရာ ဖြစ်ခဲ့ဖူးတဲ့ တုရုလို့ အမည်ရှိတဲ့ ဗြဟ္မာကြီးဟာ အရောင်တဝင်းဝင်း တဖျပ်ဖျပ်နဲ့ ရောက်လာပါတယ်။

တုရုဗြဟ္မာကြီးဟာ သူတပည့်ရဲ့ဖြစ်ရပ်ကို ရင်ဆိုင်ရှုမော သနားသော ကရုဏာဖြင့်-

"ကောကာလိက...အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာ

www.burmeseclassic.com

www.burmeseclassic.com

အတွေးလာနိုင်တို့ရဲ့အပေါ်မှာ သင့်ရဲ့စိတ်ကို ဖြူစင်အောင်ထား ပါ။ စိတ်ကောင်းထားပါ။ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာ အတွေးလာနိုင်တို့ဟာ အသင်စွပ်စွဲသလို အလိုဆိုးရှိကြတဲ့သူ တွေ မဟုတ်ကြပါဘူး။ သီလကို လွန်စွာမှချစ်မြတ်နိုးကြ သူတွေ ဖြစ်ကြပါတယ်။ တကယ့်ကို သူတော်စင်စစ်စစ် ကြီးတွေပါ ကောကာလိက'လို့ သတိပေးဆုံးမတော်မူပါ တယ်။

အဲသလို တုရဖြတ္ထာကြီးရဲ့ စကားကို ကြားသိလိုက်ရ သော အရှင်ကောကာလိကဟာ သံဝေဂ နောင်တ,တရား ရတဲ့အပြင် မချေမငံပြန်လှန်ပြီး နှုတ်လှန်ထိုးပြန်ပါတယ်။

'ငါ့ကို စကားလာဆိုနေတာ ဘယ်သူလဲ'

'ကောကာလိက...ငါဟာ လူမဟုတ်၊ တုရ အမည်ရှိ သော သင့်ရဲ့ဆရာ ဖြတ္ထာကြီးဖြစ်ပေတယ်။ ငါဟာ သင့်ရဲ့ ခန္ဓာစီးမှုကို မရှုနိုင်လို့ ရောက်လာရခြင်း ဖြစ်ပါတယ်'

'အချင်းဖြတ္ထာ...သင့်ကို ဘုရားရှင်က အနာဂါမ်လို့ ချီးကြူးတော်မူပါလျက်နဲ့ အခု သင် ငါ့ထံကို လာရောက် ခဲ့တယ်။ သင် ကိုယ့်အပြစ်ကိုသာ မြင်အောင်ရှုဖို့ ကောင်း ပါတယ်။ ကိုယ့်အပြစ်ကိုတော့ မမြင်ဘဲနဲ့ မဖြစ်စလောက် ငါ့ရဲ့အပြစ်လေးကို သင်လာပြီး ဆရာလုပ်နေရသလား'လို့ အရှင်ကောကာလိကဟာ မချေမငံ ကဲကဲလန်အောင် နှုတ် လှန်ထိုးလိုက်တော့ တုရဖြတ္ထာကြီးလည်း သဗ္ဗေသတ္တာ ကမ္မ သကာလို့ပဲ နှလုံးသွင်းပြီး ဆိတ်ဆိတ်နေနေလိုက်ပါတော့ တယ်။

အရှင်ကောကာလိကဟာ ထိုညမှာပင် ဇေတဝန်ကျောင်း တော်ရဲ့ ကျောင်းပရိဝုဏ် တံခါးဝမှာပင် ကွယ်လွန်အနိစ္စ ရောက်ကာ ပဒုမမည်သော ငရဲအိုးမှာ ချိုးကပ်အောင် ကျခံလိုက်ရပါလေတော့တယ်။

ကျော်ကျော်ဦး(ခါးဘီး)

ကျမ်းကိုး

* သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ တုရဖြတ္ထာသုတ် (၁၅၁၊ ကောကာလိကသုတ် ၁၅၂)။

မှတ်ချက်

သာသနာတော်၌ စူဠကောကာလိက၊ မဟာကောကာ လိကဆိုပြီး နှစ်ပါးရှိပါတယ်။ စူဠကောကာလိကဟာ အရှင် ဒေဝဒတ်ရဲ့တပည့်ဖြစ်ပြီး ယခု ကောကာလိကဟာ ဖြတ္ထာ နွယ်ဖွား မဟာကောကာလိကပဲ ဖြစ်ပါတယ်။

မန္တလေး-နေပြည်တော် ဆရာလုပ်၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

မေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှင်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် တောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အဓနာက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား။ မရမ်းကုန်းပြိုနယ်၊ ရန်ကုန်ပြို့။

ဟောခန်း(အိမ) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းပြိုနယ်၊ ရန်ကုန်။ ဝ၉ ၇၃ ၂၄၀ ၇၉၆ ၊ ဝ၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်တွင် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ သုံးပါးရှိကြောင်း မြတ်ဗုဒ္ဓမှ ဟောကြားထားပါသည်။

(၁) **အသေဝနာစမာလာနံ**-လူဆိုးလူမိုက်ကို မမှီဝဲ,မပေါင်းသင်းရခြင်း၊

(၂) **ပဏ္ဍိတာနဉ္စသေဝနာ**-ပညာရှိလူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း၊

(၃) **ပူဇာစပူဇနေယျာနံ**-ပူဇော်ထိုက်သူကို ပူဇော်ရခြင်းသည် **တေမင်္ဂလ မုတ္တမံ**-ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏ဟု ဟောပါသည်။

ထို့ကြောင့် လူတိုင်း,လူတိုင်း၌ ပေါင်းသင်းဆက်ဆံရေး အရေးကြီးပါသည်။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးဟု ပြောကြသော်လည်း မိမိ၏စိတ်၊ မိမိ၏အပြုအမူက အရေးပါပါသည်။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ဖို့က အဓိကပါ။ ဘဝခရီးတစ်ခုကို မိတ်ကောင်းဆွေကောင်းများနှင့် ခရီးသွားရလျှင် မကောင်းပေဘူးလား။ ဒါကြောင့် ရှေးလူကြီးသူမများက စားတာကို ကြည့်ပြီး သိရှိရန် ဂန္ဓိရဆန်သော အတွေးလေးများ ထားခဲ့ကြပါသည်။ ၄င်းတို့မှာ-

* ထမင်းနှင့်ဟင်းကို ယယ်ပယ်နယ်နယ် နယ်ဖတ်စားသူဟာ လူရိုးလူကောင်း။

* ထမင်းပေါ်မှာ ဟင်းရည်ဆမ်းစားတဲ့သူဟာ ချိန်ဆပြီး ပေါင်းသင်းဆက်ဆံတတ်တဲ့သူ။

* ထမင်းထဲ ဟင်းမြုပ်စားတဲ့သူဟာ လှိုက်လှဲတတ်သူ။

* ထမင်းစားနေတုန်း ဒီဟင်းလေးကောင်းလိုက်တာလို့ ပြောစားတဲ့သူဟာ မြွောက်ပင့်စားတတ်သူ။

* ထမင်းစားတဲ့အခါ ဟင်းကို အရင်စားပြီး ထမင်းထဲမှာလည်း ဟင်းမြုပ်စားတဲ့သူဟာ အတွေးလွန်ကဲတဲ့သူ။

ပေါင်းထိုက် မပေါင်းထိုက် ကျိုရကထာ ကိုရွှေမြသန်း(သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

• ထမင်းစားရာမှာ တပျတ်ပျတ်မြည်အောင် စားရင် ကလေးဆန်သူ၊

• လက်ငါးချောင်းစလုံး နို့က်စားတဲ့သူဟာ လူရိုးလူဆောင်း။

• လက်သုံးချောင်းစလုံး နို့က်စားတဲ့သူဟာ ပညာလိုက်စားသူ။

• လက်နှစ်ချောင်းနဲ့ နို့က်စားတဲ့သူဟာ လူပေါ်လူကြော်ဖြစ်သူ...ဟု စားတာကိုကြည့်ပြီး လူ၏အရိပ်အကဲကို သိရှိရန် ဂန္ထီရာဇာန်းရောင်အတွေးစလေးများကို ရှေးလူကြီးသူမများက ရွာဖွေပေးထားခဲ့ပါသည်။ ထို့အပြင်-

(၁) သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာအားဖြင့် မိမိဆောက်မျှ မရှိသူကို ပေါင်းသင်းဆက်ဆံသူများသည် မိမိစိုးပြီး အသိအလိမ္မာ၊ သီလ၊ သမာဓိများ ဆုတ်ယုတ်သွားတတ်၏။

(၂) သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာအားဖြင့် မိမိနှင့် တန်းတူနေသူကို ပေါင်းသင်းဆက်ဆံသူသည် မဆုတ်ယုတ်နိုင်။

(၃) သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာ အရာရာတွင် မိမိထက်သာသောသူကို ပေါင်းသင်းဆက်ဆံသူကား အလျင်အမြန် တိုးတက်ကြီးပွားနိုင်၏။

သို့ဖြစ်ပါ၍ လူပေါင်းမမှားမိစေရန် အထက်ပါအချက်သုံးချက်ကိုလည်း သိထားရမည် ဖြစ်ပါသည်။

ဆက်လက်၍ လူတစ်ယောက်၏ လက်ချောင်းကလေးများကို အပေါ်ယံကြည့်ရှုခြင်းဖြင့် စကားပြောသော လက်ချောင်းကလေးများ၏ လက္ခဏာအကြောင်းကိုလည်း ရှေးလူကြီးသူမများက အကဲခတ် ဆုံးဖြတ်၍ ပေါင်းထိုက်၊ ပေါင်းထိုက် ရွေးချယ်ကြပါသည်။ ၄င်းတို့မှာ-

၁။ လက်ခုံမို့နေရင် ဘဝမှာ ပန်းခင်းသောလမ်းဖြစ်မယ်။

၂။ လက်ခုံကြမ်းနေရင် ဘဝမှာ ကြမ်းတမ်းမယ်။

၃။ လက်ထိပ်ကနေ လက်ဆစ်ဆုံးထိ အပြစ်အနာအဆာမရှိလျှင် အသက်(၂၅)နှစ်အထိ ကောင်းစားမယ်။

၄။ လက်မအောက်ဆစ်ကနေ အင်္ဂါကြွပ်ခုံအထိ အမှတ်၊ နှုန့် အပုအနာများ ကင်းစင်နေရင် အသက်(၂၂)နှစ်မှ (၄၀)နှစ်ထိ ကောင်းစားမယ်။

၅။ လက်ဝါးတစ်ဝက်ကနေ လက်ကောက်ဝတ်အထိ အပြစ်အနာအဆာကင်းနေရင် အသက်(၄၂)နှစ်မှ (၆၀) အထိ ကောင်းစားမယ်။

၆။ လက်မက အရမ်းကွေးနေရင် လက်စားချေ သတ်ပုတ်တတ်တယ်။ အမှုအခင်းဖြစ်မယ်။

၇။ လက်ညှိုး အတွင်းကုပ်နေရင် ရန်လိုတတ်တယ်။ ဒေါသကြီးတယ်။

၈။ လက်ခလယ် အတွင်းကုပ်နေရင် ဆရာသမားများရဲ့ အသိပညာ အတတ်ပညာ အဖွေရတတ်တယ်။

၉။ လက်ခလယ် အပေါ်ကောနေမယ်ဆိုရင် နောက်လိုက်ဖြစ်မယ်။

၁၀။ လက်သန်း အပေါ်ကောနေရင် အနုပညာဝါသနာပါသူ၊

၁၁။ လက်သန်း အတွင်းကုပ်နေရင် သူဌေးဖြစ်မယ်။ ထိပေါက်တတ်သူ။

၁၂။ လက်သူကြွယ် အပေါ်ကောနေရင် အလှူရေစက်လက်နဲ့မကွာ လှူတတ်တယ်။

၁၃။ လက်ညှိုးဟာ လက်မဘက် ယိုင်နေရင် ဖခင်ကို အားကိုးတတ်တယ်။

၁၄။ လက်ညှိုးဟာ လက်ခလယ်ဘက် ယိုင်နေရင် မိခင်ကို အားကိုးတတ်တယ်။

၁၅။ လက်သူကြွယ် အရင်းတုတ်နေရင် အလှအပမက်တတ်တယ်။

၁၆။ လက်ခဲလယ်ဟာ လက်သူကြွယ်ဘက် ယိုင်နေရင် လူပျိုကြီး၊ အပျိုကြီးဘဝနဲ့ ပျော်ပျော်ပါးပါးနေတတ်သူ။

၁၇။ လက်သူကြွယ်က လက်သန်းဘက် ယိုင်ပြန်ရင် အိမ်ထောင်ရေး သာယာစေမယ်။ ပျော်ရွှင်ချမ်းသာစေမယ်။

၁၈။ လက်သန်းဟာ လက်သူကြွယ်ဘက် ယိုင်နေရင် လွှဲ၌ ဝှက်နှက်နဲ့တဲ့ ဂန္ထီရပညာရပ်တွေ မော်ထုတ်နိုင်တဲ့သူ၊ ဆရာတစ်ဆူဖြစ်မယ်။

စသည်ဖြင့် ပေါင်းထိုက်၊ မပေါင်းထိုက် လူပေါင်းမမှားမိစေရန်အတွက် ရှေးလူကြီးများ၏ စကားပြောသော လက်ချောင်းကလေးများ၏ လက္ခဏာအကြောင်းကို တင်ပြရင်းဖြင့်-

အပျို၊လူပျိုများ ဘဝတစ်သက်တာ အိမ်ထောင်ပြုတော့မယ်ဆိုရင် အိမ်ထောင်ရေးအတွက် တစ်သက်လုံး စိတ်ချမ်းသာရအောင် ယောကျ်ားကောင်း၊ မိန်းမကောင်း ရစေနိုင်တဲ့ ရှေးမြန်မာဗေဒင်ပညာရှင် ဆရာကြီးများ ညွှန်ပြခဲ့သည့် နည်းတစ်ခုကို လက်ဆင့်ကမ်းဝေလိုက်ပါသည်။ ထိုနည်းဖြင့် ပေါင်းထိုက်၊ မပေါင်းထိုက် ရွာဖွေနိုင်ပါစေဟု

www.burmeseclassic.com

ဆန္ဒပြုပေးလိုက်ပါ၏။

နည်းလမ်းမှာ အမျိုးသားမွေးနဲ့နှင့် အမျိုးသမီးမွေးနဲ့ နှစ်ခုပေါင်း၍ (၃)နှင့်မြောက်ပြီး (၇)နှင့်စားပါ။ အကြွင်း

ကိုကြည့်ပါ။ အောက်ပါအတိုင်း ညွှန်ပြလမ်းညွှန်ထားခဲ့ပါသည်။

(၀)ကြွင်းလျှင် မကြာခဏနာရှိဖြစ်မည်။ စိတ်ဆင်းရဲမည်။ သားသမီးများမည်။ ငွေရလိုက်၊ကုန်လိုက်ဖြစ်မည်။

(၁)ကြွင်းလျှင် လင်မယားနှစ်ယောက် ထင်ရှားကွဲစောမည်။ သစ္စာရှိမည်။

(၂)ကြွင်းလျှင် ဥစ္စာစီးပွားကြွယ်ဝမည်။ ခိုင်မြဲမည်။

(၃)ကြွင်းလျှင် ပစ္စည်းဥစ္စာ နှမ်းပါးမည်။ စိတ်အလိုမလိုက်ရပါ။

(၄)ကြွင်းလျှင် သိပ်ချစ်ကြတဲ့ လင်မယားဖြစ်ပြီး ဆင်းရဲအတူ ချမ်းသာအမျှ ဘဝမှာ နေပျော်ချမ်းမြေ့သာယာမည်။

(၅)ကြွင်းလျှင် ရွှေ၊ ငွေ လက်ဝတ်ရတနာ ပေါများမည်။ အိုးအိမ်ပိုင်ဆိုင်မည်။

(၆)ကြွင်းလျှင် ကြွယ်ဝချမ်းသာမည်။ အိုးပိုင်အိမ်ပိုင်နှင့် အခြေအရံပေါများမည်။ သားသမီးရတနာများစွာနှင့် လူချစ်လူခင်များသော ဇနီးမောင်နှံဖြစ်မည်။

ရွှင်လန်းချမ်းမြေ့ပါစေ

ကိုရွှေမြသန်း(သဝိုင်း

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိုပ်မက်ဖေးစေခိုင်းစျက်အရေ

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီးအေးမိုးမိုး

စိတ်ဓနော်အာရုံ အကြားအမြင်လက္ခဏာဖြင့် ဂျုရက်သားသမီးများတို့မှာ ကြုံတွေ့ပါတတ်သည့် ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး ကလေးအမည်ပေးခြင်း၊ သိုင်းအမည်ပေးခြင်း၊ အိမ်မြို့ ကား၊ တိုက်ဆိုင်၊ မြေကွက် ဈေးဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အကြောင်းအလှည့်ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးဃ်ကြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် အဆရာမကြီးက ပေတ္တာ၊ စေတနာ ရေတွက်ပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနှစ်ရတ်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၉၅၂ ၅၂၀ ၊ ၀၉ ၄၂၁ ၀၂၁ ၁၆၀

www.burmeseclassic.com

www.burmeseclassic.com

မင်းသန့်ကျော်
(ဒီးကုန်း)

ဂိုဏ်းပရိုင်း အရပ်ကတိုက်

(၁)

လွန်ခဲ့သော(၄၇)နှစ်၊ ကျွန်ုပ်အသက်(၂၀)ကျော်အရွယ်က ဖြစ်လေသည်။ ကျွန်ုပ်သည် အစိုးရဌာနတစ်ခုတွင် အလုပ်ဝင်စဖြစ်ပြီး အောက်တန်းစာရေးအဖြစ် ဒီးကုန်းမြို့၌ နေထိုင်ရလေသည်။

ကျွန်ုပ်နေထိုင်သော ပဲခူးတိုင်းအနောက်ခြမ်းရှိ အိုးသည်ကုန်းမြို့ကလေးမှ ဒီးကုန်းမြို့သို့ နေ့စဉ် ရထားစီး၍ ရုံးတက်ရလေသည်။ လက်ပံတန်းမှထွက်သော နံနက် လော်ကယ်ရထားသည် လက်ပံတန်း၊ စစ်ကွင်း၊ မင်းလှမြို့ကို ဖြတ်ကျော်ပြီး အိုးသည်ကုန်းမြို့သို့ နံနက်(၆)နာရီခန့်တွင် ဆိုက်ရောက်ပါသည်။ ဆက်လက်၍ အုတ်ဖိုကြို့ပင်ကောက်မြို့များကို ဖြတ်ကျော်ပြီး ဒီးကုန်းမြို့သို့ နံနက်(၇း၃၀)နာရီခန့်တွင် ဆိုက်ရောက်ပါသည်။

မင်းလှ၊ အိုးသည်ကုန်း၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့တို့မှ ဒီးကုန်းမြို့သို့ ရုံးတက်ရန်အတွက် ဝန်ထမ်းများသည်သည်းကောင်း၊ ကျောင်းသားများသည်လည်းကောင်း၊ သူသည်များသည်လည်းကောင်း ထိုရထားကို အားကိုးရလေသည်။

လက်ပံတန်းမှ နံနက်ထွက်လာသော ရထားကို အမှတ်(၁၇) လော်ကယ်ရထားဟုခေါ်ပြီး ထိုရထားသည် ညနေပိုင်းတွင် ပြည်မြို့မှ ပြန်လည်ထွက်ခွာလာရာ အမှတ်(၁၈) လော်ကယ်ရထားဟု ခေါ်လေသည်။

အရပ်သားများကမူ ရထားလေးဟု ခေါ်ကြပါသည်။ ရထားလေးတောင် ဝင်လာပြီ၊ အိပ်ရာမထသေးဘူးလား။ လယ်ထဲ မသွားသေးဘူးလား စသည်ဖြင့် ပြောကြပါသည်။

ထိုနည်းတူ မွန်းလွဲ(၂း၃၀)နာရီခန့်တွင် ဝင်လာသော စာပို့ရထားကို အရပ်သားများက (၂)ချက်ခွဲကြီးဟု ခေါ်ကြပါသည်။



ထိုနေ့သည် ကနဖော်နေ့ဖြစ်၍ ကျွန်ုပ်သည် ရုံးသွားရန်အတွက် အိမ်မှ ခပ်စောစောထွက်ခဲ့ပါသည်။ လွယ်အိတ်ထဲတွင် ထမင်းချိုင့်တစ်ခုနှင့် စာအုပ်များ ထည့်လာပါသည်။ စာအုပ်များမှာ ရထားစီးရင်း လမ်းတွင် ဖတ်သွားရန် ဖြစ်ပါသည်။

ကျွန်ုပ်သည် ရထားစီးရင်း စာဖတ်သည့်အလုပ်အပြင် လုပ်စရာအလုပ်တစ်ခု ရှိပါသေးသည်။ ထိုအလုပ်မှာ ဂုဏ်တော်ရွတ်ဖတ်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ မိခင်က ကျွန်ုပ်အား ဂုဏ်တော်ရွတ်ဖတ်ရန် သင်ကြားထားပါသည်။ သူမသည် ဘာသာရေးကို လိုက်စားသူတစ်ဦး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"သားလေး...ရုံးသွားရင် ရထားနဲ့ သွားရတယ်။ တစ်နာရီခွဲလောက် စီးရတယ်။ ရထားမမီရင် ကားလမ်းကလည်း ပြီး ကားနဲ့ သွားရတယ်။ ဒီတော့ သားလေး ဘေးကင်း ရန်ကင်းဖြစ်အောင် ဂုဏ်တော်တစ်မျိုးမျိုးကိုတော့ ရွတ်ရမယ်"

"ဘယ်ဂုဏ်တော် ရွတ်ရမလဲ အမေ"

"တို့ဗုဒ္ဓဘာသာမှာ ဘုရားဂုဏ်တော်(၉)ပါး၊ တရား ဂုဏ်တော်(၆)ပါး၊ သံဃာဂုဏ်တော်(၉)ပါးရှိတယ်။ ဘုရား ဂုဏ်တော်ကိုပဲရွတ်ပါ သားရယ်။ ရွတ်တဲ့နေရာမှာ ဂုဏ် တော်(၉)ပါးစလုံး ရွတ်ရင်းနဲ့ ကြာလာတော့ ဂုဏ်တော် တစ်ပါးပါးကို အထူးအာရုံစိုက်ပြီး ရွတ်လာလိမ့်မယ်။ အဲဒီ လို ဂုဏ်တော်တစ်ပါးပါးကို စွဲစွဲမြဲမြဲရွတ်ရင်လည်း အကျိုး ထူးတယ် သားရဲ့"

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ဘုရားဂုဏ်တော်ကိုးပါး ကို နေ့စဉ် ပွားများရွတ်ဆိုလာခဲ့ရာ ကာလကြာသော် အရဟံ ဂုဏ်တော်ကို စွဲစွဲမြဲမြဲ ရွတ်ဆိုမိလေတော့၏။

ထိုအခါ ကျွန်ုပ်သည် အရဟံဂုဏ်တော်အကြောင်း အမေ့ကို မေးလေတော့၏။

"အရဟံဂုဏ်တော်အကြောင်း သားကို နည်းနည်းရှင်း ပြပါ အမေ"

ကျွန်ုပ်၏ မိခင်က-

"အရဟံဂုဏ်တော်ဟာ ကိလေသာတို့မှ ဝေးကွာတော် မူ၏ ဆိုတဲ့အနက်ကိုလည်း ရတယ်။ လျှို့ဝှါနိုးပူစော်သမျှကို ခံယူတော်မူထိုက်၏ဆိုတဲ့ အနက်အဓိပ္ပာယ်ကိုလည်း ရတယ် ကွယ်။ အရဟံဂုဏ်တော်ကို အောက်မေ့ကြည်ညိုသူဟာ ဘုရားရှင်ရဲ့ ပုံတော်အတွင်းမှာ ရင်ချိုင့်အလယ်နှလုံးအိမ်မှာ ဘုရားရှင်စိတ်တော်ရဲ့ ကိလေသာအနောက်အကျူတို့မှ ကင်း ဝေးတဲ့အတွက် သန့်ရှင်းကြည်လင်တော်မူပုံကို ထင်လာမြင် လာအောင် အာရုံပြုရမယ်ကွယ့်"

"ပြီးတော့ ဂုဏ်တော်ရွတ်ဆိုတဲ့အခါမှာ ရှေ့က ဣတိ ပိသောဘဂဝါ ဆိုတာကို အမြဲထည့်ဆိုသင့်တယ်။ ဘာပြုလို့ လဲဆိုတော့ ဣတိပိဆိုတာ မိမိရဲ့ဉာဏ်ထဲမှာ ထင်လာတဲ့ အကြောင်းအရာတစ်ခုကို ညွှန်ပြတဲ့စကား၊ သောဘဂဝါက တော့ မြတ်စွာဘုရားကို ညွှန်ပြတဲ့စကား ဖြစ်တယ်။ ဒါ. ကြောင့် အဲဒီစကားရပ်တွေကို ဂုဏ်တော်တွေနဲ့ တွဲစပ်ရ မယ်ကွဲ့။ ဥပမာ-သားရွတ်ဆိုမယ့် ဂုဏ်တော်ဆိုရင် ဒီလိုဆို ရမယ်။ ဣတိပိသော ဘဂဝါ အရဟံ အဲဒါ မှတ်ထားနော်"

ကျွန်ုပ်၏မိခင်သည် မန္တလေး မဟာမြတ်မုနိဘုရားပုံ တော်ကို ကျွန်ုပ်အား ပေးထားပါသည်။

(၂)

ကျွန်ုပ်သည် ရထားဖြစ်စေ၊ ကားဖြစ်စေ စီးသောအခါ များတွင် နေရာ၌ ထိုင်ပြီးလျှင်ပြီးချင်း ဘုရားပုံတော်ကိုကြည့် ကာ ဣတိပိသောဘဂဝါ အရဟံဟူ၍ အရဟံဂုဏ်တော်ကို (၁၅)မိနစ်ခန့်ပွားများပြီး ကျန်အချိန်များတွင် စာအုပ်တစ် အုပ်ကို ဖတ်နေလိုက်ပါသည်။

ထိုနေ့သည် လစာထုတ်ရန် တစ်ရက်မျှသာ လိုတော့ သဖြင့် ကျွန်ုပ်၏ အိတ်ထဲတွင် ပိုက်ဆံအနည်းငယ်သာ ပါလေသည်။ ထို့ကြောင့် လက်မှတ်မယူဘဲ ရထားစီးမည် ဟု စိတ်ထဲ၌ ကြိုရွယ်ထားပါသည်။

မကြာမီ ရထားဝင်လာပါတော့သည်။ ဘူတာမှ ရထား ဝင်လာလျှင် လက်မှတ်မရောင်းပါ။ အဘယ်ကြောင့်ဆို သော် ဘူတာမှ ဝန်ထမ်းများသည် ရထားထိန်းတွဲသို့သွား ကာ အထက်မှ ပေးပို့လိုက်သော ညွှန်ကြားစာများ လက်ခံ ရယူခြင်း၊ သူတို့ တင်ပြစရာ ကိစ္စများကို ပေးပို့နေရခြင်းများ ပြုလုပ်နေရ၍ ဖြစ်ပါသည်။

သို့နှင့် ရထားဝင်လာသောအခါ မင်းလှမှ ဒီးကုန်းသို့ ရုံးတက်သော ကိုအုန်းကြိုင်ကို ရှာရပါသည်။ တွေ့ပါပြီ။ ကိုအုန်းကြိုင်သည် ရထားတွဲတစ်တွဲ၏ အပေါက်ဝမှ မတ် တတ်ရပ်လျက် လက်မကို ထောင်ပြထားပါသည်။ ဤ အမှတ်အသားမှာ လက်မှတ်စစ်မပါဟူသော အဓိပ္ပာယ်ဝင် ဖြစ်ပါသည်။ အကယ်၍ လက်မှတ်စစ်ပါလာပါက လက်မ ကို အောက်သို့စိုက်၍ ပြလိမ့်မည် ဖြစ်ပါသည်။

ကျွန်ုပ်သည်လည်း ရထားတွင် လက်မှတ်စစ် မပါ ကြောင်း သိသည်နှင့် ခပ်တည်တည်ပင် ရထားပေါ်သို့တက် ကာ ထိုင်ခုံအလွတ်တစ်ခုခု၌ ထိုင်လိုက်ပါသည်။

ကျွန်ုပ် ရထားပေါ်ရောက်သည်နှင့် ရထားလည်း ထွက် ပါတော့သည်။

ကျွန်ုပ်က ကိုအုန်းကြိုင်အား-

"ဒီနေ့တော့ လက်မှတ်စစ်မပါလို့ အေးအေးဆေးဆေး စီးရမှာပဲ။ ဒီးကုန်းရောက်မှ ကိုအုန်းကြိုင်ကို ဈေးထဲမှာ ထမင်းသုပ် ဝယ်ကျွေးမယ်ဗျာ"

ထိုသို့ပြောပြီး ကျွန်ုပ်သည် ဣတိပိသော ဘဂဝါ အရဟံဟူ၍ အရဟံဂုဏ်တော်ကို ရွတ်ဆိုနေလိုက်ပါသည်။

ထိုအချိန်က ထမင်းသုပ်တစ်ပွဲသည် (၂၅)ကျပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ညီတစ်ခြမ်းနှင့် ပဲကြော်တစ်ချပ်ထည့်စားမှ အားလုံး ပြား(၁၁)သာ ကျလေသည်။ ထိုနည်းတူ လက်ဖက်ရည်တစ်ခွက်ဖျော် (၂၅)ပြား၊ ပေါက်စီတစ်လုံးလျှင် (၂၅)ပြား ဖြစ်လေသည်။ ထိုအစားအစာများကို နေ့တိုင်း စားနိုင်သည်မဟုတ်ချေ။

ကိုအုန်းကြိုင်သည် မေ့တတ်သူဖြစ်၏။ တစ်ခါသော် ပြဿနာမျိုးတွင် ရထား(၂)စင်း ဆုံနေသဖြင့် ကျွန်ုပ်တို့ရထားမှ ဆက်လက်ထွက်ခွာရန် ကြာဦးမည်ဖြစ်၍ အောက်သို့ဆင်း၍ ထိုင်နေကြပါသည်။ ထို့နောက် ရထားထွက်သောအခါ တက်လိုက်ကြသည်။ သူသည် ထမင်းချိုင့်ကို ထိုင်ခုံတွင် မေ့ထားခဲ့သဖြင့် ချိုင့်ဆုံးဖူးလေသည်။

တစ်ခါသော် ဈေးထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြသောအခါ ပြန်အမ်းလိုက်သော ပိုက်ဆံကိုမေ့ပြီး မယူခဲ့မိသဖြင့် ဆိုင်ရှင်က ရုံးသို့ လာ ပေးပို့ပေးရလေသည်။

ထိုသို့မေ့တတ်သော ကိုအုန်းကြိုင်ကိုမှ ကျွန်ုပ်က အားကိုးကာ ရထားတွင် လက်မှတ်စစ်ပါ,မပါ အချက်ပြခိုင်းသည်။

တစ်ခါသော် ရထားဝင်လာရာ ကိုအုန်းကြိုင်သည် ထားပေါက်ဝတွင်ရပ်လျက် လက်မကို အောက်သို့ စိုက်ပြလေသည်။ လက်မှတ်စစ် ပါလာသည်ဆိုသော အဓိပ္ပာယ်ပင်။

ရထားမှာလည်း စတင်ထွက်ခွာနေပြီဖြစ်ရာ ကျွန်ုပ်သည် မကြိတ်တတ်တော့ချေ။ ရထားပေါ် တက်လိုက်ရလေသည်။ ကျွန်ုပ်တွင် လက်မှတ်မပါချေ။ ထိုအခါမျိုးတွင် ထားလက်မှတ်စစ်များကို ကျွန်ုပ်တို့ ကြောက်ရလေသည်။ သူတို့က ကြောက်အောင် လန့်အောင် လုပ်နေရှိမရပါ။ သူတို့ဘာဝနဲ့ သူထိမ်းဆောင်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကြောက်နေသည်မှာ မိမိ၌ လက်မှတ်ဝယ်မထားသောကြောင့် ဖြစ်ပါသည်။

လက်မှတ်မပါသော အခေါက်တွင်မှ လက်မှတ်အစစ်ရှာပြီးဖြစ်၍ ကျွန်ုပ်သည် အလွန်ထိတ်လန့်နေပါသည်။ လက်မှတ်မပါ၍ အရေးယူခံရမည့်အရေးမှ မည်ကဲ့သို့ လွတ်မြောက်နိုင်မည်ကို စဉ်းစားနေမိပါသည်။

ရသည့်အချိန်ကလေးအတွင်း ကျွန်ုပ်သည် ရွတ်ဆိုနေသည်ဖြစ်သော အရဟံဂုဏ်တော်ကို ရွတ်ဆိုနေပါသည်။

လက်မှတ်စစ်(၂)ဦးသည် ရထားပေါက်ဝမှ ခရီးသည်များကို စတင်စစ်ဆေးလာရာ ကျွန်ုပ်တို့အနားသို့ မကြာမီ ရောက်လာတော့မည်ဖြစ်ပါသည်။ ကျွန်ုပ်ကိုမစစ်မီ အုတ်ပို့တွင်ဆင်းမည့် ကျောင်းသားတစ်ယောက်ကို လက်မှတ်စစ်နေပါသည်။ ကျောင်းသားကလေးသည် လသုံးလက်မှတ် ဝယ်ထားရာ သူ့လသုံးလက်မှတ်ကို ထုတ်ပြလိုက်ပါသည်။ လက်မှတ်စစ်သည် စစ်ဆေးပြီး ကျောင်းသားကလေးအား ပြန်ပေးလိုက်ပါသည်။

ထိုစဉ် လက်မှတ်စစ်တစ်ယောက်သည် ရထားတွဲ၏ ရှေ့ပိုင်းမှ ခရီးသည်များကို စစ်ဆေးရန် ထွက်သွားပါသည်။

ကျွန်ုပ်အား စစ်ဆေးမည့်အလှည့်သို့ ရောက်လာလေတော့သည်။ ကျွန်ုပ်အနီးတွင် ကျွန်ုခဲ့သော လက်မှတ်စစ်သည် ကျွန်ုပ်အား လက်မှတ်ပြရန် ပြောပါသည်။ ကျွန်ုပ်သည် ပါလာသော စာအုပ်များကြားတွင် လက်မှတ်ပါလေသယောင်ပြု၍ စာအုပ်များကို လှန်၍ရှာနေတော့၏။ လက်မှတ်စစ်သည်လည်း ကျွန်ုပ် လက်မှတ်ရှာနေသည်ကို စိတ်ရှည်လက်ရှည် စောင့်ပါ၏။

ထိုစဉ် ကျွန်ုပ်ကံကောင်းသည်ဟု ဆိုရမည် ဖြစ်လေသည်။ ရထားတွဲ၏ရှေ့ပိုင်းတွင် စစ်ဆေးနေသော လက်မှတ်စစ်သည် ပိုင်ရှင်မဲ့တန်ဆာထုပ်တစ်ထုပ်ကို တွေ့သဖြင့် ကျွန်ုပ်အား စစ်နေသော လက်မှတ်စစ်ကို လှမ်း၍ခေါ်လေသည်။

ကျွန်ုပ်သည် ကပျာကသီပင် စာအုပ်ကြားမှ ရှာတွေ့သော လက်မှတ်အဟောင်းတစ်စောင်အား ပြလိုက်ပါသည်။ လက်မှတ်စစ်သည် ရှေ့ပိုင်းမှလှမ်း၍ခေါ်နေသော လက်မှတ်စစ်ကို လှမ်းကြည့်လိုက်ပြီး ကျွန်ုပ်ပြသော လက်မှတ်ကို မကြည့်တော့ဘဲ လာပြီဟေ့ဟုဆိုကာ ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်၏လက်မှတ်ကို မကြည့်ဘဲ ထွက်ခွာသွား၍သာတော်တော့သည်။ ကြည့်များကြည့်လျှင်ကား လက်မှတ်အဟောင်းမှန်းသိကာ ကျွန်ုပ်အား လက်မှတ်မဲ့ဖြင့် အရေးယူတော့မည် ဖြစ်၏။

(၃)

ကျွန်ုပ်တို့ လမ်းပိုင်းတွင် တာဝန်ကျသော မီးရထားလက်မှတ်စစ်များသည် အလွန်တာဝန်ကျေကြပါသည်။ သူတို့ တာဝန်ထမ်းဆောင်ပုံကို အနည်းငယ်တင်ပြပါမည်။

ရထားမှာ ဘူတာရုံမှထွက်ခွာစ ရထားဘီးများ စလှိမ့်သည်နှင့် သူတို့သည် ရှေ့တွဲကို စစ်မည်ဟန်ဖြင့် ရှေ့တွဲ

www.burmeseclassic.com

www.burmeseclassic.com

အပေါက်သို့ တက်သွားလေသည်။ ကျွန်ုပ်တို့သည် လက်မှတ်မပါသောအခါများ၌ သူတို့နှင့်လွဲအောင် နောက်တွဲသို့ တက်လိုက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် ရထားတွဲ၏ ဟိုမှာဘက်မှနေ၍ နောက်တွဲသို့ ပြန်ကူးလာတတ်၏။

ရထားတွဲကူးရာတွင် ရထား၏ အတက်အဆင်းပေါက်များမှ ခြေထောက်ချိတ်ကာ ကူးခြင်းဖြစ်လေ၏။ သူတို့သည် ဤကဲ့သို့ စွန့်စွန့်စားစား လုပ်တတ်လေသည်။

သူတို့နောက်တွဲသို့ ရောက်လာသည်နှင့် မရှေးမနှောင်း ပင် ရထားသည် အုတ်ဖိုဘူတာတွင် ရပ်တန့်လေသည်။ သို့နှင့် ကျွန်ုပ်တို့သည် ခပ်သုတ်သုတ်ဆင်းကာ ရှေ့တွဲသို့ တက်လိုက်ကြလေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် လက်မှတ်စစ်ခြင်း မခံရတော့ချေ။

ကျွန်ုပ်သည် ရထားစီးရာတွင် လက်မှတ်မယူဘဲ မစီးလိုပါ။ ကျောင်းသားများ၊ ဈေးသည်များ၊ အလုပ်သမားများလည်း ဤရထားကို စီးကြသည်ဖြစ်ရာ သူတို့ရှေ့တွင် ဝန်ထမ်းတစ်ဦးအနေဖြင့် စံပြဖြစ်လိုပါသည်။ သို့ရာတွင် ကျွန်ုပ်ရသောလစာမှာ (၁၅၆)ကျပ် (၇၅)ပြားသာဖြစ်ရာ ကျွန်ုပ်လစဉ် ဝယ်ယူသော စာအုပ်ဖိုးများ နုတ်လိုက်သောအခါ လစာမှာ အနည်းငယ်သာ ကျန်ပါတော့သည်။

ကျွန်ုပ်သည် စာအုပ်ဝယ်ရာတွင် လောဘကြီး၏။ ထွက်သမျှ စာအုပ်များထဲမှ ကြိုက်နှစ်သက်သော စာအုပ်များကို အကုန်ဝယ်၏။ ထိုစဉ်က ပုဂံစာအုပ်တိုက်ထုတ် စာအုပ်များကို ကျွန်ုပ်သည် လက်လွတ်မခံချေ။ အားလုံးနီးပါး ဝယ်၏။

ထိုအထဲတွင် စာပေဗိမာန်မှ လစဉ်ထုတ် စာအုပ်များကို ရရှိစေရန်အတွက် အသင်းဝင်ထားလိုက်သေး၏။ မြန်မာ့စွယ်စုံကျမ်းဆိုလျှင် အတွဲစုံ ဝယ်လိုက်သေး၏။ ထိုအချိန်က မြန်မာ့စွယ်စုံကျမ်းသည် တစ်အုပ်လျှင် (၂၅)ကျပ်မျှ သာရှိ၏။ စာအုပ်ဖိုးကို လက်ငင်းမပေးရချေ။ ဌာနဆိုင်ရာ အကြီးအကဲ၏ ထောက်ခံချက်ဖြင့် လပေးစနစ်ဖြင့် ဝယ်နိုင်၏။ ဌာနဆိုင်ရာ အကြီးအကဲသည် စာအုပ်ဝယ်ယူသူ၏ လစာမှ တစ်လလျှင် (၁၀)ကျပ်ဖြတ်ပေးရ၏။ စာအုပ်ဖိုးများ ကျေတော့မှ လစာမှ အဖြတ်ရပ်သွားလေတော့သည်။

ကျွန်ုပ်၏ လစာမှာ အိမ်မှ မိဘများအတွက်လည်း အနည်းငယ်ပြန်ပေးရသဖြင့် ပိုသည်ဟူ၍မရှိ။ လိုနေသည်သာ ဖြစ်လေသည်။ ထို့ကြောင့် မီးရထားမှ ထုတ်ဝေရောင်းချသော လသုံးလက်မှတ်ကို ဝယ်ယူနိုင်ခြင်း မရှိခဲ့ချေ။

ကျွန်ုပ်သည် တာဝန်ကျစွာ လက်မှတ်ယူ၍ ရထားစီးလိုပါသည်။ လက်မှတ်မပါခြင်းကြောင့် အရေးယူခံရမည်ကို အလွန်ကြောက်ပါသည်။

ကျွန်ုပ်တို့ရုံးတွင် စံနမူနာကိစ္စတစ်ခု ကြုံခဲ့ဖူးပါသည်။ တစ်ခုသော တနင်္ဂနွေရုံးပိတ်ရက်တွင် ဝန်ထမ်း(၃)ဦးသည် အိမ်တစ်အိမ်တွင် တိတ်တဆိတ် ဖဲကစားကြရာ ရဲအဖမ်းခံရသည်နှင့် ရုံးတင်စစ်ဆေးပြီး တရားသူကြီးမှ သူတို့(၃)ဦးအား ရုံးမင်းတစ်ထိုင် ထောင်ဒဏ်ချမှတ်လိုက်လေသည်။

အဆိုပါ ဝန်ထမ်းသုံးဦးမှာ ရုံးမင်းတစ်ထိုင် ထောင်ဒဏ်ကျခံပြီးနောက် အလုပ်ပါ ရပ်စဲခံရပါသည်။ ထိုကဲ့သို့ အဖြစ်မျိုး ကြုံတွေ့ရမည်ကို ကျွန်ုပ် အလွန်ကြောက်နေပါသည်။

တစ်နေ့တွင် ကျွန်ုပ်သည် လက်မှတ်မယူမိ၍ လက်မှတ်စစ်ခံရကိန်း ကြုံလေတော့သည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်၏။

(၄)

မီးရထားများသည် ထိုစဉ်က တစ်ခါတစ်ရံ (Surprise Check) ဆပ်ပလိုင်းချက်ဟု ခရီးသည်များက ခေါ်ကြသော ရှောင်တခင်စစ်ဆေးမှုကို ပြုလုပ်လေ့ရှိလေသည်။ လက်မှတ်စစ်မည့် ပုဂ္ဂိုလ်တို့သည် ရထားနှင့် တစ်ပါတည်း လိုက်ပါလာခြင်းမရှိဘဲ လမ်းခုလတ်မှနေ၍ ရထားအား ရပ်တန့်စေကာ ရှောင်တခင် စစ်ဆေးခြင်းပင်ဖြစ်၏။

ရထားတွင် လက်မှတ်စစ်မပါဟူသောအသိဖြင့် လက်မှတ်မယူဘဲ ရထားစီးလာမိပါက အဆိုပါဆပ်ပလိုင်းချက်ဖြင့် ကြုံတွေ့ရမည်သာဖြစ်၏။ တွေ့ကြုံပါက လက်မှတ်မပါသူသည် မည်သို့မျှတောင်းပန်၍မရဘဲ အရေးယူခြင်းကို ခံရသည်သာ ဖြစ်လေသည်။ ရဲများလည်း အသင့်ပါလာလေသည်။

ယနေ့ ရထားဝင်လာလေပြီ။

ကျွန်ုပ်သည် ကိုအုန်းကြိုင်ကို ရှာ၏၊ မတွေ့ချေ။ နေမကောင်းလို့ ရုံးမတက်တာဖြစ်မှာပဲဟုတွေးကာ ရထားအခြေအနေကို လေ့လာလိုက်၏။ အခြေအနေမှာ ဘာမျှ ပြောင်းလဲခြင်းမရှိ။ ပကတိလူပ်ရှားနေကျအတိုင်း ဖြစ်လေသည်။ အခြေအနေကောင်းသည်ဟု ခေါ်ရမည် ဖြစ်လေသည်။ သို့နှင့် ကျွန်ုပ်သည် ရထားပေါ်သို့ တက်လိုက်၏။

ကျွန်ုပ် ရထားပေါ်ရောက်သည်နှင့် ရထားထွက်လေတော့သည်။ ကျွန်ုပ်သည် ထိုင်ခုံနေရာလွတ်ရှိ၊မရှိ ရှာဖွေသာအခါ ကိုအုန်းကြိုင်ကို တွေ့လိုက်ရလေသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com

ဆောင့်တစ်နေရာတွင် အိပ်ပျော်နေ၏။ ကျွန်ုပ်က သူ့ဘေး နေရာလွတ်တွင် ဝင်ထိုင်လိုက်ကာ ကျွန်ုပ်ရွတ်နေကျ အရဟံဂုဏ်တော်ကို ရွတ်နေလိုက်သည်။

ဣတိပိသော ဘဂဝါ အရဟံ၊
ဣတိပိသော ဘဂဝါ အရဟံ၊
ဣတိပိသော ဘဂဝါ အရဟံ။

ရထားသည် အုတ်ဖိုတွင် ခေတ္တမျှရပ်တန့်ပြီး ဆက်၍ ချက်ခြာလာလေသည်။ ရွေ့နားတွင် သင်ပန်းကုန်းဟူသော ဘူတာသေးသေးတစ်ခု ရှိလေသည်။ ထိုဘူတာကလေး ရောက်မီ ခပ်လှမ်းလှမ်း၌ လယ်ကွင်းထဲတွင် ရထားသည် ကိုခနဲ ရပ်သွားလေသည်။

ရထား ဘာဖြစ်လို့ ရပ်သွားတာပါလိမ့်ဟု တွေးကာ ထူးပြတင်းပေါက်မှ ကဲကြည့်လိုက်ရာ ရဲများနှင့် လက်နက်စစ်များသည် ရထားရှိရာသို့ လာနေကြသည်ကို မြင်ရ လေသည်။ ဆပ်ပလိုင်းချက်လုပ်တာပဲဟု ကျွန်ုပ်သည် ချက်ချင်းသိလိုက်ကာ ဆောက်တည်ရာမရ ဖြစ်လာလေသည်။

ကျွန်ုပ်ကြောက်လိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့ချေ။ အသေးများပင်ပြန်လာ၏။ ကျွန်ုပ်လက်မှတ်မပါ၍ အဖမ်းခံ ရတော့မည့် အရေးကိုတွေးကာ ထိတ်လန့်နေလေသည်။ ကျွန်ုပ်သည် ရွတ်ဆိုနေကျ အရဟံဂုဏ်တော်ကို ဆက်လက် ၍ ရွတ်ဖတ်နေလိုက်လေသည်။

မျက်စိကိုမှိတ်၍ ဂုဏ်တော်ရွတ်ဖတ်နေခြင်းဖြစ်၍ ကျွန်ုပ်တို့ ရထားတွဲပေါ်သို့ လက်မှတ်စစ်များ၊ ရဲများတက် လာသည်ကို မမြင်ရချေ။

လက်မှတ်စစ်နှင့် ရဲများသည် ခရီးသည်များကို တစ်ဦး ချင်းလျှင်တစ်ဦး စစ်လာလိုက်သည်မှာ မကြာမီ ကျွန်ုပ်ထံသို့ ရောက်လာတော့မည် ဖြစ်လေသည်။

ထိုစဉ် ကိုအုန်းကြိုင်သည် အိပ်နေရာမှ နိုးလာကာ အိမ်သာသို့ ထသွားလေသည်။ လက်မှတ်စစ် တစ်ဦးသည် ကိုအုန်းကြိုင်အား လက်မှတ်ပြခိုင်းရာ အိမ်သာမှ ပြန်လာ သူင့် အစစ်ခံပါမည်ဟုပြော၍ ဝေဒနာကို အောင့်မထား နိုင်သော အမူအရာကိုပြကာ အိမ်သာသို့ ပြေးလေတော့ သည်။

မကြာမီ ကျွန်ုပ်အား လက်မှတ်စစ်လေတော့၏။ ကျွန်ုပ် သည် လက်မှတ်ကိုရှာသလိုလိုနှင့် အင်္ကျီအိတ်တွေကို တစ်ခု ပြီးတစ်ခု စမ်းနေ၏။ ပါလာသောစာအုပ်များကြားတွင် လှန် လှောရှာ၏။ ကျွန်ုပ် လက်မှတ်ရှာနေသည်ကို လက်မှတ် စစ်ကလည်း စိတ်ရှည်ရှည်နှင့် စောင့်ပါ၏။

ကျွန်ုပ်သည် နောက်ဆုံးတွင် လက်မှိုင်ချကာ မရှိသော လက်မှတ်အား ရှာမနေတော့ဘဲ လက်မှတ်မယူခဲ့ကြောင်း ဝန်ခံရာမှတစ်ပါး အခြားနည်းလမ်းမရှိတော့ပြီဟုတွေးကာ လက်မှတ်မယူခဲ့ကြောင်း ဝန်ခံမည်ပြုဆဲတွင် ကိုအုန်းကြိုင် သည် အိမ်သာမှ ကဗျာကသီဖြန်လာကာ သူ့နေရာတွင် ဝင်ထိုင်လိုက်ပြီး အိတ်ထဲမှ လက်မှတ်ကိုထုတ်၍ အစစ်ခံ လိုက်၏။

ကိုအုန်းကြိုင်ထုတ်ပြလိုက်သောလက်မှတ်မှာ မင်းလှ မှ ဇီးကုန်းထိ လက်မှတ်ဖြစ်ပြီး (၂)စောင်ဖြစ်နေ၏။ ကို အုန်းကြိုင်လည်းအံ့သြ၊ ဘေးမှကြည့်နေသော ကျွန်ုပ်လည်း အံ့သြသွားလေသည်။ ကိုအုန်းကြိုင်က ကောက်ကာငင်ကာ ပြောလိုက်သည်။

'ကျွန်တော် သူ့အတွက်ကိုပါ မင်းလှက ဝယ်လာတာ ပါ'

ကျွန်ုပ်အတွက်ကိုပါ ဝယ်လာသည်ဆို၍ အလွန်အံ့သြ သွားမိ၏။ ဝမ်းလည်းသာသွားလေသည်။ ယခုမှ ရင်ထဲက အလုံးကြီး ကျသွားလေသည်။

လက်မှတ်စစ်များသည် ကျွန်ုပ်တို့အား စစ်ပြီးသော အခါ ကျော်သွားပြီး အခြားခရီးသည်များကို စစ်ဆေးနေလေ သည်။ ကိုအုန်းကြိုင်က ကျွန်ုပ်ကို မျက်စိတစ်ဖက်မှိတ်ပြ ကာ ဇီးကုန်းရောက်မှ ရှင်းပြမည်ဟု ပြောလေသည်။

သို့နှင့် ကျွန်ုပ်သည် လက်မှတ်မဲ့ဖြင့် အဖမ်းခံရမည့် အရေးမှ သီသီကလေး လွတ်မြောက်သွားလေသည်။

ဇီးကုန်းသို့ ရောက်သောအခါ ကျွန်ုပ်က ကိုအုန်းကြိုင် အား ဈေးထောင့်လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားလေသည်။

ထိုင်မိကြသောအခါ ကျွန်ုပ်က ကိုအုန်းကြိုင်အား-

'ကဲ..ပြောစမ်းပါဦးဗျာ။ ကျွန်တော်တော့ ဒီတစ်ခါ လက်မှတ်မဲ့ အဖမ်းခံရပြီ ထင်ထားတာ'

'ကျွန်တော်က တကယ်တော့ ခင်ဗျားအတွက် လက် မှတ်ပိုဝယ်လာတာ မဟုတ်ပါဘူး'

'ဒါဖြင့် လက်မှတ်က ဘာလို့နှစ်စောင်ဖြစ်နေတာလဲ'

'အဲဒါပေါ့၊ ကျွန်တော်ရှင်းပြမယ်လေ။ ညက ကလေး အငယ်ကောင် နေမကောင်းလို့ ကောင်းကောင်းမအိပ်ရဘူး။ ဒီနေ့က လချုပ်စာရင်းတွေ အရေးကြီးနေလို့ ခွင့်လည်းယူလို့ ရမှာမဟုတ်ဘူးဆိုပြီး ထွက်လာခဲ့တာ။ မင်းလှဘူတာရောက် တော့ လက်မှတ်ယူပြီး ထိုင်ခုံမှာထိုင်ပြီး ရထားကို စောင့်

www.burmeseclassic.com

www.burmeseclassic.com

ရင်း အိပ်ပျော်သွားတယ်။ ရထားဝင်လာတာကို လှမ်းပြီး မြင်လိုက်တော့ အနားက အတူထိုင်နေတဲ့ ခရီးသည်က လက်မှတ်သွားယူတယ်။ ကျွန်တော်လည်း လက်မှတ်ယူပြီး တာကိုမေ့ပြီး ထပ်ပြီးလက်မှတ်ယူလိုက်တယ်။ လက်မှတ် ယူပြီးတော့ ရထားလည်း ဘူတာထဲကို ဝင်လာတာပဲ။ လက် မှတ်ကို ယူပြီးတာကို ထပ်ပြီးယူပြီးတော့မှ သတိရလာတယ်။ ဒါကြောင့် (၂)စောင်ဖြစ်နေတာပါ'

'လက်မှတ်စစ်ကို ကျွန်တော့်အတွက်ပါ ပိုဝယ်လာတာ ပါလို့ ဘာလို့ပြောတာလဲ'

'အဲဒါကတော့ ဖြတ်ထိုးဉာဏ်ပေါ့ဗျာ။ ကျွန်တော့်လက် ထဲမှာလည်း လက်မှတ်တစ်စောင် ပိုနေတယ်။ ခင်ဗျားမှာ လည်း လက်မှတ်မပါတာတွေ့ရလို့ အတော်ပဲဆိုပြီး ပြော လိုက်တာ'

ကျွန်ုပ်ငယ်ငယ်ခုမှ ရှင်းသွားလေသည်။ ကိုအုန်းကြိုင် ကိုလည်း ဇေ အလွန်တင်သွား၏။ သူ၏ မေ့တတ်ပုံ ကလေးက အကျိုးပြုသွားလေသည်။

ကျွန်ုပ်တို့သည် ဝန်ထမ်းများဖြစ်ကာ ကျောင်းသား များ၊ ဈေးသည်များ၊ အလုပ်သမားများနှင့်အတူ နေ့စဉ် ရထားစီးနေကြရ၏။ ကျွန်ုပ်တွင် လက်မှတ်မပါ၍ အဖမ်းခံ ရပါက သူတို့ရှေ့တွင် မျက်နှာပြရဲတော့မည် မဟုတ်ချေ။ အထင်သေးစရာ ရှက်စရာ ဖြစ်ပေတော့မည်။

ထို့ကြောင့် ကျွန်ုပ်သည် စာအုပ်ဝယ်သည့် အသုံးစရိတ် များကို လျှော့ချလိုက်ကာ မီးရထားလသုံးလက်မှတ်ကို အိုးသည်ကုန်းမှ ဒီးကုန်းသို့အသွားအပြန် တစ်လလျှင် (၁၀) ကျပ် (၃၀)ပြားပေး၍ ဝယ်ယူလိုက်ပါတော့သည်။

ဆပ်ပလိုင်းချက်(Surprise Check)တွင် ကိုအုန်းကြိုင် လက်မှတ်ပိုဝယ်လာခြင်းကြောင့် ကျွန်ုပ် အဖမ်းမခံရခြင်း ဖြစ်သော်လည်း ထိုအခြေအနေသို့ရောက်အောင် ကျွန်ုပ်ရွတ် ဆိုသော အရဟံဂုဏ်တော်ကလည်း ကယ်တင်လိုက်ခြင်း ဖြစ်သည်ဟု ယနေ့တိုင်ယုံကြည်ပြီး ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကာ ရှိခိုး ပူဇော်လျက် ရှိပါတော့သည်။

မင်းသန့်ကျော်(ဒီးကုန်း

စာတိုး

* အရှင်ဓနကာဘိဝံသ၏ ရတနာဂုဏ်ရည်။

ဆရာကြီးဦးဇဒါးထွန်း

[အာကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃၂ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၂၅

www.burmeseclassic.com

www.burmeseclassic.com

မရည်မွန်(ကျုံပျော်)

လယ်တီဆရာတော်ဘုရားကြီး၏ ပုဏ္ဏာဒေါ်ပြေများ

ကျွန်မတို့ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော သံဃာတော်အရှင်သူမြတ် မြောက်မြားစွာ ရှိခဲ့ပေသည်။ ထိုအထဲတွင် ပရိယတ္တိအရာ၌ ထင်ရှားကျော်ကြားခဲ့သော ဆရာတော်ကြီးများ ရှိသကဲ့သို့ ပဋိပတ္တိအရာ၌လည်း ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများအပြင် ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဖြာလုံး၌လည်း ထင်ရှားကျော်ကြားခဲ့သော ဆရာတော်ကြီးများစွာ ရှိခဲ့သည်။

ထိုအထဲတွင် ကမ္ဘာကျော် ကျေးဇူးရှင် ပထမလယ်တီဆရာတော်ကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဖြာလုံး၌ ထင်ရှားကျော်ကြားတော်မူခဲ့သည်မှာ မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများ၌လည်း ထင်ရှားကျော်ကြားတော်မူခဲ့သည်။ ကျေးဇူးရှင် ပထမလယ်တီဆရာတော်ကြီးသည် လယ်တီဒီပနီကျမ်းပေါင်းများစွာကို ရေးသားတော်မူခဲ့သည်။ ထို့အပြင် နိုင်ငံခြားဗုဒ္ဓဘာသာအသင်းကြီးကို ကြီးမှူးတည်ထောင်တော်မူသကဲ့သို့ လန်ဒန်မြို့ရှိ ဂုရိတ်ဘရိတန်းအိုင်ယာလန် ဗုဒ္ဓဘာသာသာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန်ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဗုဒ္ဓမြတ်စွာသာသနာတော် ပျံ့နှံ့ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့သည်။

ထို့ကြောင့် ကမ္ဘာကျော် ကျေးဇူးရှင် ပထမလယ်တီဆရာတော်ကြီးအား မြန်မာနိုင်ငံအစိုးရမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့သည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ်ကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံ စာပေပါရဂူ(ဒီလစ်)ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကိုလည်း ခံယူရရှိတော်မူခဲ့သည်။

သို့ဖြစ်ရာ မြန်မာတွင်မက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားလှပါသော ကျေးဇူးရှင် ပထမလယ်တီ ဆရာတော်ကြီးအား ပြင်သစ်လူမျိုး ဗိုလ်ရှင်မှ လျှောက်ထားချက် အမေးပုစ္ဆာငါးရပ်ကို ကျေးဇူးရှင် ကမ္ဘာကျော် လယ်တီဆရာတော်ကြီးမှ ပြန်လည်ဖြေဆိုသည့် အဖြေငါးရပ်တို့အား စာရှုသူများအနေဖြင့် မှတ်သားနိုင်ကြစေရန် အောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

လယ်တီဆရာတော်ကြီးဘုရားသို့ အမေး

တပည့်တော် မန္တလေးမြို့၊ အထက်မြန်မာနိုင်ငံ တရားဌာနချုပ် ဝန်ကြီးမင်းရုံးတော် စာရေးကြီး ပြင်သစ်လူမျိုး ဗိုလ်ရှင် လျှောက်ထားပါသည်။ လယ်တီဆရာတော်ကြီးဘုရား ပြင်သစ်ပြည်၊ ပါရစ်မြို့တော် ပညာရှိ လူကြီးမင်းများက ဗုဒ္ဓဘာသာ တရားဓမ္မဒေသနာတော်နှင့်စပ်လျဉ်း၍ ထုတ်ဖော်ရေးသားလိုက်သော အမေးပုစ္ဆာငါးရပ်တို့ကို အဖြေရေးသားပေးသနားတော်မူပါဘုရား။

၁။ သားသမီးတို့၏ ကံ-ကမ္မသည် ငှင်းတို့၏မိဘများ ကံ-ကမ္မနှင့် တူ၊မတူ၊

၂။ မိဘများ နူသည်ဖြစ်စေ၊ ရောဂါဆိုးကပ်သည်ဖြစ်စေ၊ ရူးသည်ဖြစ်စေ ထိုသူတို့မှ မွေးဖွားသော သားသမီးတို့မှာ ဆေးကျမ်းပညာအရ ကူးတတ်သည်၊ ရူးတတ်သည် ဆိုကြသည်။ ကံ-ကမ္မချင်း မတူကြလျှင် မည်သည့်အတွက်ကြောင့် နူနိုင်၊ ရူးနိုင်၊ ကူးနိုင်ကြပါသနည်း။

၃။ ဝိညာဉ်သည် အတွယ်ရှိပါမှ ဖြစ်ပါသလား၊ (သို့မဟုတ်) မတွယ်မိအလျောက် ဖြစ်နေပါသလား။ အစိမ်းတွေ့ဖြစ်သည်ဆိုကြသောစကား မှန်ပါသလား။

၄။ လူဝင်စားဟူ၍ လောကဌ ပြောရိုးဆိုရိုးရှိကြသည်။ ဝင်စားခြင်းအကြောင်းသည် ဗုဒ္ဓဘာသာ တရားတော်တွင် သက်ဝင်ခြင်း ရှိပါသလား။

၅။ အဘိညာဉ်ငါးပါး

(၁) ဣဒ္ဓိဝိဓအဘိညာ၊

(၂) ဒိဗ္ဗသောတအဘိညာ၊

(၃) စေတောပရိယအဘိညာ၊

(၄) ပုဗ္ဗေနိဝါသအဘိညာ၊

(၅) ဒိဗ္ဗစက္ခုအဘိညာ။

ဤငါးပါးတို့သည် ဗြတ်စွာဘုရားမှတစ်ပါး ရဟန္တာအစရှိသော အရိယာအာဝကများနှင့် ဆက်ဆံပါသေး၏လား။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်တီဆရာတော်ဘုရားကြီးမြွေဆိုးချက်

အဆုပ္စွာ အဖြေ

(၁) သားသမီးတို့ ကံ-ကမ္မသည် ငှင်းတို့၏မိဘများ ကံ-ကမ္မနှင့်တူ,မတူဟူသော မေးခွန်းမှာ တူသည်လည်းရှိ၏၊ မတူသည်လည်း ရှိ၏။ တူ,မတူဆိုသည်မှာ အားရှိ,အားမဲ့ခြင်း တူ,မတူ ဆိုလိုသည်။ ငါတို့ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသား၏ ကံ-ကမ္မနှင့် အမိမယ်တော်မာယာ၊ အဘ သုဒ္ဓောဒနမင်းကြီးတို့၏ ကံ-ကမ္မသည် မတူကြ။ သိဒ္ဓတ္ထ မင်းသား၏ ကံ-ကမ္မသည် အလွန်အားရှိ၏။ ငှင်းသိဒ္ဓတ္ထ မင်းသား၏ ကံ-ကမ္မနှင့် နှိုင်းယှဉ်သော် မယ်တော်၊ ခမည်း တော်တို့၏ ကံ-ကမ္မသည် အလွန်ငယ်၏။ အလွန်အားမဲ့၏။ ဤကား မျက်မြင်ဘဝ၌ အကျိုးပေးကြပုံချင်း တူ,မတူကို ဆိုနိုင်ခွင့်ရှိလေသတည်း။

ပထမပုစ္ဆာ အဖြေပြီး၏။

ဒုတိယပုစ္ဆာအဖြေ

(၂) မိဘက နူသည်ဖြစ်စေ၊ ရောဂါဆိုး စွဲကပ်သည်ဖြစ်စေ ရူးသည်ဖြစ်စေ ထိုသူတို့မှ ပေါက်ဖွားလာသော သားသမီးတို့မှာ ဆေးကျမ်းပညာအရ ကူးတတ်သည်၊ ရူးတတ်သည် ဆိုကြသည်။ ကံ-ကမ္မချင်း မတူကြလျှင် မည်သည့်အတွက်ကြောင့် နူနိုင်၊ ရူးနိုင်၊ ကူးနိုင်ပါသနည်းဟု မေးခဲ့မှာ-

အမိ၏ ဥတုအတွက်၊ အဘ၏ ဥတုအတွက်ကြောင့် နူနိုင်၊ ရူးနိုင်၊ ကူးနိုင်လေသည်။ ဤအရာ၌ မန်းပင်ငယ် ဥပမာကို ပြရာ၏။ မြေဩဇာ၊ ရေဩဇာ အလွန်ညံ့ဖျင်းလှသော မြေအရပ်တစ်ခု၊ မြေဩဇာ၊ ရေဩဇာ အလွန်ကောင်းမွန်လှသော မြေအရပ်တစ်ခု ရှိရာ၏။ တစ်ခုသော မန်းစေ့ကိုရရှိ၍ ညံ့ဖျင်းသော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူ ပင်ထွာခန့်မျှရှိလျှင် နာ၍ နူနေတတ်၏။ ထိုမျိုးစေ့ကိုပင် ကောင်းမွန်သော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူ တစ်တောင်မြင့် ကြီးထွား၍ နာမှု၊ နူမှု ကင်းရှင်းလျက် ရွှင်လန်းတတ်၏။ မျိုးစေ့တစ်ခုတည်း ဖြစ်ပါလျက် အဘယ်ကြောင့် မန်းပင်ချင်း မတူရှိကြလေသနည်း။ မြေအတွက်၊ ရေအတွက်ကြောင့် ပန်းပင်ချင်းမတူ ရှိကြလေသတည်း။

နိဂုံးချုပ်

(၁) ရှေးကံဟောင်းသည် ပန်းမျိုးစေ့နှင့် တူ၏။

(၂) အမိ၏ အသွေးအသားစုသည် မန်းမျိုးစေ့စိုက်ပျိုးရာ မြေအရပ်နှင့် တူ၏။

(၃) အဘ၏ အသွေးအသားစုသည် ထိုမြေအရပ်၌ ကျရောက်သောရေနှင့် တူ၏။

ပန်းမျိုးစေ့၏အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် တစ်ဖို့ခန့် ပါဝင်၏။ မြေ၏အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် ခြောက်ဖို့ခန့် ပါဝင်၏။ ရေ၏အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့တွင် သုံးဖို့ခန့် ပါဝင်၏။ မြေအဖို့၊ ရေအဖို့ ဆိုသည်ကား ပန်းပင်ငယ်တို့၌ မြေ၊ ရေတို့မှ လိုက်ပါကြသော အဆင်း၊ သဏ္ဌာန်၊ ရသ၊ ဩဇာတို့၏ ကောင်းခြင်း, မကောင်းခြင်းတို့ပေတည်း။

(ကံနှင့် မိဘ,သားသမီးတို့မှာလည်း ထိုနည်းတူပင် မှတ်လေ။)

မိဘတို့၏အဖို့ဆိုသည်ကား မိဘတို့သည် လူဖြစ်ကုန်အံ့။ သားသမီးတို့သည် လူသဏ္ဌာန် ဖြစ်ကြရကုန်၏။ မိဘတို့သည် နွားဖြစ်ကြရကုန်အံ့။ သားသမီးတို့သည် လှည်း နွားသဏ္ဌာန် ဖြစ်ကြရကုန်၏။ လူတို့တွင်လည်း မိဘတို့သည် တရုတ်လူမျိုးသဏ္ဌာန် ဖြစ်ကြရကုန်အံ့။ သားသမီးတို့သည် တရုတ်လူမျိုးသဏ္ဌာန် ဖြစ်ကြရကုန်၏။ မိဘတို့သည် ကုလားလူမျိုး ဖြစ်ကြရကုန်အံ့။ သားသမီးတို့သည်

www.burmeseclassic.com

www.burmeseclassic.com

ကုလားလူမျိုးသဏ္ဌာန် ဖြစ်ကြရကုန်၏။ အနာရောဂါတို့သည်လည်း ထိုမိဘတို့၏အဖို့တွင် ပါဝင်လျက် ရှိကြကုန်၏။

ထို့ကြောင့် မိဘတို့၏ကံနှင့် သားသမီးတို့၏ကံသည် မတူကြကုန်ခြားသော်လည်း၊ အစာနှင့်ငယ်မျှ ကြီးမြတ်ကြကုန်ခြားသော်လည်း မိဘတို့၏အဖို့ကို မလွန်ဆန်နိုင်၊ မခုခံနိုင်၊ မိဘ နှလျှင် သားသမီး နှတတ်၏။ မိဘ ရောဂါသည်ဖြစ်ခဲ့လျှင် သားသမီးလည်း ကြီးလျှင် ရောဂါဖြစ်တတ်၏။ မိဘ ရူးလျှင် သားသမီးလည်း ကြီးလျှင် ရူးတတ်၏။ မိဘတို့၏ ကံထက် အလွန်အားကြီးသော ကံမှသာလျှင် သားသမီး သဏ္ဌာန်၌ မိဘတို့မှ လိုက်ပါသော ဓာတ်ဆိုးဓာတ်ဝါးတို့ ပွားစီးခြင်းကို လွန်ဆန်နိုင်၏။ ခုခံနိုင်၏။ ဆေးကောင်းဝါးကောင်းတို့ဖြင့် ကိုယ်သဏ္ဌာန်၌ ဓာတ်ကောင်းဓာတ်မွန်တို့ကို ပွားစီးလေအောင် တည်ထောင်ပြုစုနိုင်ခဲ့ပါမူကား မိဘ နှသော်လည်း မနှရအောင် တတ်နိုင်လေသတည်း။

အဓိပ္ပါယ်၌ ပဋိသန္ဓေကံနိုးရသော သတ္တဝါတို့မှာ မျိုးစေ့သုံးပါးနှင့် ဖြစ်ပွားရကုန်၏။ ရှေးကံဟောင်းလည်း မျိုးစေ့တစ်ပါး၊ အမိ၏ ရသဓာတ်လည်း မျိုးစေ့တစ်ပါး၊ အဖ၏ ရသဓာတ်လည်း မျိုးစေ့တစ်ပါး။ ထိုတွင် အမိဓာတ်၊ အဖဓာတ် နှစ်ပါးတို့သည်လည်း အားရှိ၊ အားမဲ့ချင်း တူ၊ မတူ နှစ်ပါးရှိကြကုန်၏။ မိဘနှစ်ပါးစုံ ကျန်းမာမှု၊ ဆူဖြိုးမှုတူကြလျှင် ရသဓာတ်နှစ်ပါး အားရှိချင်း တူကြ၏။ ထိုအခါ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဌာန် စသည် နှစ်ဖက်မျှတလျက် ရှိတတ်ကြ၏။ မိဘတို့မှာ ဓာတ်တစ်ဖက်က အားရှိ၍ တစ်ဖက်က အားနည်းသောအခါ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဌာန် စသည် အဘက်ဘက် သာလွန်တတ်ကြ၏။

ဒုတိယပုစ္ဆာ အဖြေပြီး၏။

တတိယပုစ္ဆာအဖြေ

(၃) ဝိညာဉ်သည် အတွယ်ရှိမှ ပြုတ်ပါသလား၊ (သို့မဟုတ်) မတွယ်မမီ အလိုအလျောက် ဖြစ်နေပါသလား။ အစိမ်းတစ္ဆေဖြစ်သည် ဆိုကြသောစကား မှန်ပါသလားဟူသော မေးချက်မှာ အတွယ်ရှိမှပင် ပြုတ်သည်။ အတွယ်မရှိမီ အကြားမှာ တစ်စုံတစ်ခုသောအဖြစ်၌ အလွတ် အလျောက်ဖြစ်၍နေသည်မဟုတ်၊ အတွယ်မရှိမီအကြားမှာ တစ်စုံတစ်ခုသောအဖြစ်၌ အလိုအလျောက်ဖြစ်၍နေရသေးသည်ဟူသော အယူသည် အန္ဓရာဘဝ ဒိဋ္ဌိအယူ မည်၏။ ထိုအယူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပယ်ဖျက်လျက် ရှိကြ၏။ ထိုအယူဖြစ်ပုံကား-

ဤဘဝမှ သေလွန်လျှင် နောက်ဘဝ၌ လူဖြစ်မည်သူ၊ နတ်ဖြစ်မည်သူ၊ ဗြဟ္မာဖြစ်မည်သူ၊ အောက်ငရဲ၌ဖြစ်မည်သူ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ဖြစ်မည်သူ အမျိုးမျိုးရှိကြ၏။ ထိုသူတို့သည် ဤလူဘဝ သေလွန်ရာဌာနမှ နောက်လူဘဝသို့၊ နတ်ဘဝသို့၊ ဗြဟ္မာဘဝသို့၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝသို့ အဘယ်သို့ ကူးပြောင်းသွားရောက်နိုင်ကြပါကုန်သနည်း။ အကြားဌ သွားလင့်ကူးသန်းမှု စကန္ဓရရှိလိမ့်မည် မဟုတ်လော။ သွားလင့်ကူးသန်းမှုရှိခဲ့သော် ထိုသွားလင့်ကူးသန်းသူသည် အကောင်အထည်ရှိသောသူလည်း မဟုတ်သေး၊ နတ်၊ ဗြဟ္မာလည်း မဟုတ်သေး၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာလည်း မဟုတ်သေး။ အလွတ်တစ်မျိုး မဟုတ်လော။ ထိုသူကို အန္ဓရာဘဝ ခေါ်၏။

ထိုသူသည် ခန္ဓာငါးပါးအပြည့်အစုံရှိသည်ဟူ၍လည်း ယူကြ၏။ ဝိညာဉ်ချည်းသက်သက် ရှိသည်ဟူ၍လည်း ယူကြ၏။ ထိုသူသည် နတ်မျက်စိအမြင်နှင့် ပြည့်စုံ၏။ အလှရှိရာ ဘဝသို့ ဇောချွင်းရောက်နိုင်သော တန်ခိုးလည်းရှိ၏။ ထိုသူသည် ကံတိုက်တွန်းရာ ထွေထွေလာလာထင်တတ်၏။ လူဆင်းရဲဖြစ်ရန် ကံတိုက်တွန်းခဲ့လျှင် လူဆင်းရဲကိုပင် လူချမ်းသာထင်၏။ ငရဲ၌ ကျရောက်ရန် ကံတိုက်တွန်းလျှင် ငရဲပြည်ကို နတ်ပြည်ထင်တတ်၏။ ထိုအန္ဓရာဘဝမှတစ်ဆင့် အလိုရှိရာဘဝသို့ ဇောချင်း သွားရောက်၍ ပဋိသန္ဓေစွဲနေဖြစ်ပေါ်လေ၏။

ဤကား အန္ဓရာဘဝဝါဒီပုဂ္ဂိုလ်တို့၏ အယူတည်း။

ဤအယူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပယ်ဖျက်၏။ ပယ်ဖျက်ပုံကား-

အန္ဓရာဘဝဟူ၍မရှိ။ ဤဘဝမှ သေလွန်လျှင် နောက်ဘဝ၌ လူဖြစ်မည်သူသည် လူဖြစ်ရလေ၏။ နတ်ဖြစ်မည်သူသည် နတ်ပြည်၌ နတ်ဖြစ်၏။ ငရဲ၌ဖြစ်မည်သူသည် ငရဲကို ဦးတိုက်ဖြစ်လေ၏။ အကြားဌ အန္ဓရာဘဝ မရှိခဲ့သော် လူပြည်မှ နတ်ပြည်သို့၊ လူပြည်မှ ငရဲပြည်သို့ အဘယ်သို့ သွားလိမ့်မည်နည်း။ ဆိုငြားအုံး။ တစ်ဘဝမှ တစ်ဘဝသို့ သွားသည်၊ လာသည်၊ ကူးသန်းသည်၊ ပြောင်းရွှေ့သည်၊ ကျင်လည်သည်ဟူသော စကားမျိုးသည် လောကစကားမျိုးသာ ဖြစ်၏။ ဓမ္မစကားမျိုး၊ ဓာတ်စကားမျိုး မဟုတ်။

ဓမ္မစကားမျိုးနှင့် ပြောဆိုသည်ရှိသော် တစ်ခုသော

www.burmeseclassic.com

www.burmeseclassic.com

နာမ်ခမ္မ၊ နာမ်ခမ္မသည် တစ်ဘဝမှ တစ်ဘဝသို့ သွားသည်၊ လာသည် မရှိ။ ကူးသန်းပြောင်းရွှေ့သည်၊ ကျင်လည်သည် လည်း မရှိ။ ဤအရာ၌ အရိပ်ဓာတ်ပုံပြခန်း၊ ဓာတ်သီချင်း နှိုးခန်းများကို စေ့စုံစွာထောက်၍ ရှုပ်ခမ္မ၊ နာမ်ခမ္မတို့၏ အဓိပ္ပာယ်အားဖြင့် အဆက်ဆက်အဆင့်ဆင့် ဖြစ်ပွားပုံကို ကြည့်ထိုက်လှ၏။

အကြင်သူသည် လူပြည်မှသေ၍ နတ်ပြည်၌ ဖြစ်လေသည်။ ထိုသူ၌ လူဘဝအဆုံး၌ နတ်ဘဝအစသည် ဌာန အားဖြင့် ဝေးကွာသော်လည်း ကာလအားဖြင့် အခြားမရှိ။ တစ်ဝက်တည်း တစ်ဆက်တည်း ဆက်စပ်လျက် ဖြစ်၏။ အကြင်သူသည် လူပြည်မှသေ၍ အောက်အဝီစိငရဲကြီး၌ ဖြစ်လေသည်။ ထိုသူသည်လည်း ဘူဘဝအဆုံးနှင့် ငရဲဘဝ အသည် ဌာနအားဖြင့် ကွာဝေးသော်လည်း ကာလအား အခြားမရှိ။ လောကမျက်မြင်အားဖြင့် မဟာဝထဝီမြေ အထု ခုခံကွယ်ခြားရှိနေသော်လည်း ကံဟူသော နာမ်ခမ္မ၏ အစွမ်းသတ္တိကို ထိုမဟာပထဝီမြေအထု ခုခံကွယ်ခြားနိုင် သည် မဟုတ်။ လူဘဝမှာ အဆုံးနာမ်ခမ္မ အဟောင်းချုပ် ပျောက် မဟာပထဝီမြေကြီးမှာ အစနာမ် ခမ္မအသစ် ဆက် ဖြစ်ပေါ်လေတော့သည်။ အကြားဌာန မျက်တောင်တစ် ချက် လျှပ်တစ်ပြက်မျှ ကြန့်ကြာခြင်း မရှိလေပြီ။

အကြောင်းမူကား အသီးအသီး သူကံနှင့် သူဘုံ၊ သူဘုံ သူဘဝ သတ်မှတ်ပိုင်းခြားလျက် ရှိနေသော်ကြောင့် သည်။

သတ်မှတ်ပိုင်းခြားပုံကား ကံသည် အမျိုးမျိုးရှိ၏။ ၎င်း၏ အကျိုးသည် အမျိုးမျိုးရှိ၏။

(၁) ဒါနဟူသော ကုသိုလ်ကံတစ်မျိုးမှာပင် အချို့သော ဒါနကံသည် လူဘဝကို ဖြစ်စေနိုင်၏။ အချို့သော ဒါနကံ သည် စတုမဟာရာဇ်နတ်ဘဝကို ဖြစ်စေနိုင်၏။ အချို့သော ဒါနကံသည် တာဝတိံသာနတ်ဘဝကို ဖြစ်စေနိုင်၏။ နတ် ပြည်ခြောက်ထပ် အဆင့်ဆင့်သွားလေ။

(၂) သီလဟူသော ကုသိုလ်ကံ တစ်မျိုးမှာလည်း ဒါနကံ အတိုင်း ဝေဖန်လေ။

(၃) မဟဂ္ဂုတ်ဘာဝနာကံစုမှာလည်း ပထမစျာန်ကုသိုလ် ကံသည် ပထမစျာန် ဗြဟ္မာ့ဘုံ၌ ပထမစျာန် ဗြဟ္မာဘဝကို ဖြစ်စေနိုင်၏။ ဒုတိယစျာန် ကုသိုလ်ကံသည် ဒုတိယစျာန် ဗြဟ္မာဘဝကို ဖြစ်စေနိုင်၏။ တတိယစျာန်၊ စတုတ္ထစျာန် သည်တို့၌လည်း သူကုသိုလ်ကံနှင့် သူဘုံ၊ သူဘဝ အသီး သီးရှိကြလေပြီ။ အထက်ဆုံးဖြစ်သော နေဝသညာနာသညာ ယတန ဗြဟ္မာဘုံ၌ နေဝသညာနာသညာ ယတနဗြဟ္မာ ဘဝကို ဖြစ်စေ၏။

(၄) ပါဏာတိပါတဟူသော အကုသိုလ်ကံတစ်မျိုးမှာ ပင် အချို့ကံသည် သဋ္ဌိဝဿေငရဲဘုံ၌ သဋ္ဌိဝဿေငရဲဘဝကို ဖြစ်စေနိုင်၏။ အချို့သောကံသည် ကာလသုတ္တငရဲဘုံ၌ ကာလသုတ္တ ငရဲဘဝကို ဖြစ်စေနိုင်၏။ ဤနည်းအတူ အောက်ဆုံးဖြစ် သော မဟာအဝီစိငရဲဘုံတိုင်အောင် ဆိုလေ။ အဒိန္နာဒါနကံ စသည်တို့လည်း ပါဏာတိပါတကံအတိုင်း ဝေဖန်လေ။

ကံ၏အကျိုးအမျိုးမျိုး ဆိုသည်ကား-

လူဘဝ၊ စတုမဟာရာဇ်နတ်ဘဝ၊ တာဝတိံသာနတ်ဘဝ အစရှိသည်ဖြင့် ဆိုခဲ့ပြီးသော စကားရပ်စုံ၌ ဘဝဟူသော စကားသည် ကံ၏အကျိုးကိုဆိုသော စကားပင်တည်း။ ဘဝအမျိုးမျိုးကို ကံ၏အကျိုးအမျိုးမျိုးဟူ၍ ဆိုပေသည်။ ဤသို့လျှင် ပကတိအားဖြင့် သူကံနှင့် သူဘုံ၊ သူဘုံနှင့် သူဘဝ အသီးသီးသတ်မှတ်ပိုင်းခြားလျက်ရှိလေသောကြောင့် လူပြည်မှ သေလွန်လျှင် သေလွန်သူ၏ အားအရှိဆုံးဖြစ် သော ကံတစ်ခုသည် မိမိ၏ သက်ဆိုင်ရာဘုံ၌ မိမိသက် ဆိုင်ရာ ဘဝကိုသာ ဖြစ်စေတတ်၏။ တခြားသောဘုံ၌ တခြားသောဘဝကို မဖြစ်စေတတ်။

(ဤကား အန္တရာဘဝအယူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့ ၌ ပယ်ဖျက်ပုံပေတည်း။)

အစိမ်းတစ္ဆေဖြစ်သည်ဆိုကြသော စကားမှန်ပါသလား ဟူသောစကားဖြင့် အစိမ်းတစ္ဆေဖြစ်သည်ကိုပင် အန္တရာဘဝ ဖြစ်သည်ဟု အယူရှိကြသည်ကို ထုတ်ဖော်၍ ပြပေ၏။ အစိမ်းတစ္ဆေဟူသည် အခြားတစ်ပါးမဟုတ်။ နတ်ဘဝစုတ္တင် အယုတ်ဆုံး၊ အညံ့ဆုံးဖြစ်သော စတုမဟာရာဇ်နတ်ဘဝပေ တည်း။ လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ငရဲဘဝ၊ တိရစ္ဆာန် ဘဝ၊ ပြိတ္တာဘဝတို့မှ အလွတ်အလပ် အသီးအခြား မဟုတ် ပေ။ ထိုဘဝရောက်လေသောသူသည် လူနှင့် အလွန်နီးစပ် ၏။ ထိုဘဝ၌ ဆင်းရဲရန် ကံအခွင့်ကုန်လျှင် လူဘုံသို့ ပြန် လာနိုင်၏။ အခွင့်သင့်လျှော်ရာ အဓိပ္ပါယ်မှာ ပဋိသန္ဓေယူ နိုင်၏။

ထိုဘဝကို ချမ်းသာသောနတ်ဘဝ မဟုတ်သည့်အတွက် ကြောင့် နတ်ဘဝဟူ၍ အယူမရှိကြဘဲ အန္တရာဘဝဟူ၍ တစ်မျိုးတစ်မည် ထင်မှတ်ကြသည်။ မြန်မာတို့၌ အစိမ်း တစ္ဆေဟူသော အမည်တစ်မျိုးနှင့် ခေါ်ကြ၏။ ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းဂန်တို့၌ ဝိနိပါတိကအသုရာဟူ၍ခေါ်၏။ နတ်ဘဝစုတွင် အယုတ်ဆုံး၊ အညံ့ဆုံးသော နတ်ဘဝတစ်မျိုး ဖြစ်ပေသတည်း။ လူပြည်မှ သေလွန်ကြသူအပေါင်းတို့သည် ထိုဘဝသို့ချည်း ရောက်ကြကုန်သည် မဟုတ်။ အချို့မျှသာ ရောက်ကြကုန်၏။ ရုတ်တရက် အခွင့်နှင့် သေဆုံးကြသော သူများသည် ထိုဘဝသို့ ရောက်တတ်ကြ၏။ မနုဿဂတိ၊ ဒေဝဂတိ၊ နိရယဂတိ၊ တိရစ္ဆာန်ဂတိ၊ ပေတဂတိဟူ၍ ဂတိ ငါးပါးတို့မှ အလွတ်အလပ် အသီးအခြား မဟုတ်ပေ။

တတိယပုစ္ဆာ အဖြေပြီး၏။

စတုတ္ထပုစ္ဆာအဖြေ

(၄) လူဝင်စားဟူ၍ လောကဓံ ပြောရိုးဆိုရိုးရှိကြ၏။ ဝင်အကြောင်းသည် ဗုဒ္ဓဘာသာတရားတော်တွင် သက်ဝင်ခြင်း ရှိပါသလားဟူသော မေးချက်၌-

လူဝင်စားဟူသည် အသီးအခြား တစ်ပါးတစ်မျိုး မဟုတ်။ လူဘဝသို့ ရောက်လာကြသူအပေါင်းတို့တွင် ရှေးဘဝကို ပြန်၍သိနိုင်သူ အနည်းငယ်မျှ ရှိကြ၏။ ထိုသူတို့ကို လူဝင်စားဟု ခေါ်ကြ၏။ ထိုသူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ဇာတိသရပုဂ္ဂိုလ်ဟူ၍ ခေါ်၏။ ရှေးဘဝကို ပြန်၍ အောက်မေ့နိုင်သောသူ၊ သိနိုင်သောသူ ဆိုလိုသည်။

ရှေးဘဝကို ပြန်၍သိနိုင်ခြင်း၊ မသိနိုင်ခြင်းအကြောင်းကား-

၁။ လူဘဝ၌ နေ့ရက်ရှည်ကြာ အနာရောဂါ နှိပ်စက်ညှဉ်းပန်း စိတ်အားကုန်ခန်း၍ သေရခြင်းတစ်ပါး၊

၂။ ဓောက်ဘဝ၌ ဂဗ္ဘသေယျကမျိုးဖြစ်၍ အလွန်သေးငယ်သော ကလလရောဂြည် အစတည်လျက် နေ့ရက်ရှည်များ ဖြည်းနေးစွာ ကြီးပွားရသဖြင့် စိတ်အားသေးနုပ် မှေးတုတ် မိန်းမော၍ နေရခြင်းတစ်ပါး၊

ဤအကြောင်းနှစ်ပါးနှင့် တွေကြုံ၍ လာကြကုန်သော သူတို့သည် ရှေးဘဝကို မေ့ကြကုန်၏။ ထိုမှတစ်ပါး-

၁။ အလွန်ငယ်ကလေးက သေခဲ့ကြသောသူ၊ အလွန်အို မင်း ထိုင်းမှိုင်းလှမှ သေခဲ့ကြသောသူ၊ ယစ်မျိုးကြူးလွန်သော သူတို့သည်လည်းကောင်း၊

၂။ ဓောက်ဘဝ၌ အဓိသည် ရောဂါသည် မဖြစ်ခဲ့သော်လည်းကောင်း၊

၃။ အလုပ်ကြမ်း အကိုင်ကြမ်း လုပ်ကိုင်ရသူ ဖြစ်ခဲ့သော်လည်းကောင်း၊

၄။ ကိုယ်ဝန်ဆောင်မှု၌ အလိမ္မာမရှိသူ၊

၅။ အစောင့်အစည်းမရှိသူ ဖြစ်ခဲ့သော်လည်းကောင်း၊ အဝမ်းတွင်း၌ သူငယ်သည် အလွန်ထိတ်လန့်ချောက်ချားခြင်းများသဖြင့်လည်းကောင်း ရှေးဘဝကို မေ့ကြကုန်၏။

ဤကား ရှေးဘဝကို ပြန်၍မသိနိုင်ခြင်းအကြောင်းတည်း။

၁။ ဤလူဘဝ၌ သေလွန်၍ ဥပပတ်နတ်ဘဝ၊ ဗြဟ္မာဘဝသို့ ရောက်ကြသောသူ၊ ငရဲဘဝ၊ ပြိတ္တာဘဝသို့ ရောက်ကြသောသူတို့သည် ရှေးဘဝကို သိနိုင်ကြကုန်၏။

၂။ ဤလူဘဝ၌ အားရှိတုန်းအခါမှာ လက်နက်ဘေး၊ ကင်းဥပဒ်ဘေးတို့နှင့် ရုတ်တရက် သေဆုံးကြကုန်၍ ဓောက်ဘဝ၌ အနာရောဂါကင်း၍ သန့်ရှင်းငြိမ်သက်သော အဓိဝမ်း၌ ဖြစ်ရသောသူများသည် ရှေးဘဝကို သိတတ်ကြကုန်၏။

၃။ ရှေးဘဝကို ပြန်၍သိရလိုၾကဟု ကုသိုလ်ကောင်းမှုပြု၍ ဆုတောင်းပတ္ထနာပြုခဲ့သောသူများသည်လည်း ရှေးဘဝကို ပြန်၍သိတတ်ကြကုန်၏။

၄။ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရကြကုန်သော ရသေ့တို့သည်လည်းကောင်း၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည်လည်းကောင်း ရှေးဘဝကို သိတတ်ကြကုန်၏။

ဤကား ရှေးဘဝကိုပြန်၍ သိနိုင်ခြင်းအကြောင်းတည်း။ စတုတ္ထပုစ္ဆာ အဖြေပြီး၏။

ပဉ္စမပုစ္ဆာအဖြေ

၅။ အဘိညာဉ်ငါးပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) ဣဒ္ဓိပိဓအဘိညာဉ်၊
(၂) ဒိဗ္ဗသောတအဘိညာဉ်၊
(၃) စေတောပရိယအဘိညာဉ်၊
(၄) ပုဗ္ဗေနိဝါသအဘိညာဉ်၊
(၅) ဒိဗ္ဗစက္ခုအဘိညာဉ်။

ဤငါးပါးတို့သည် မြတ်စွာဘုရားမှတစ်ပါး ရဟန္တာ အရှိသော အရိယာသာဝကများနှင့် ဆက်ဆံပါသေး၏ ထူးဟူသော မေးချက်၌-

၄င်းအဘိညာဉ်ငါးပါးတို့သည် ရဟန္တာ အစရှိသော အရိယာသာဝကများနှင့် ဆက်ဆံမိသေး၏။ အရိယာသာဝကများနှင့်သာ မဟုတ်သေး၊ သမထဘာဝနာတရားကို ထမြောက်အောင် အားထုတ်ကြကုန်သော ပုထုဇဉ်သာဝကများတို့နှင့်လည်းကောင်း၊ ကမ္ဘာဦးအခါတို့၌ ဈာန်ရသော သဏ္ဌေး၊ ဗြဟ္မာ၊ ရသေ့၊ ရဟန်းတို့နှင့်လည်းကောင်း ဆက်ဆံပါသေး၏။ ဘုရားမပွင့်မီ ရှေးကမ္ဘာဦးအခါ၌ ကောင်းကင်မြေမိုး ပုံလျှိုးသွားလာကြကုန်သော သာသနာပစ္စာန်ရသေ့တို့သည် အလွန်ပေါများကုန်၏။

ယခုအခါ၌လည်း ထိုအဘိညာဉ် ငါးပါးတို့ကို ထမြောက်ပေါက်ရောက်အောင် အားထုတ်ရန် နည်းလမ်းများသည် ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ထင်ရှားစွာ လာရှိ၏။ ယခုအခါမှာလည်း ထိုနည်းလမ်းများအတိုင်း ထမြောက်ပေါက်ရောက်အောင် အားထုတ်နိုင်ကြပါလျှင် ထိုအဘိညာဉ် ငါးပါးတို့ကို ရနိုင်ကြကုန်၏။ ကာယဗလ၊ ဝိရိယဗလ နည်းပါးကြသည်ဖြစ်၍ ယခုကာလ၌ ထိုအဘိညာဉ် ငါးပါးတို့ကို ပေါက်ရောက်သူ မရှိကြလေသည်။

ပဉ္စမပုစ္ဆာ အဖြေပြီး၏။

(၁၂၇၅)ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀)ရက်နေ့တွင် အပြီးအဆုံး နိဂုံးကမ္ဘတ်သတ်သတည်း။

ပြင်သစ်ပုစ္ဆာ အဖြေပြီး၏။

(လယ်တီဆရာတော်ဘုရားကြီး)

မရည်မွန်(ကျုံပျော်)

မှတ်ချက်

* မဂၢင်္ဂေါတဘာသာရေးမဂ္ဂဇင်း၊ အတွဲ(၂)၊ အမှတ်(၁၄)၊ နိုင်ငံရပ်ခြားပုစ္ဆာအဖြေမှ ကောက်နုတ်ဖော်ပြပါသည်။
* ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာတည်သရွေ့ ရှည်စေသော်။

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အပုတ်ထံမှိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အနေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အပြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း။ အကြောတက်ခေါင်းအုံ၊ ဂက်လေး။ မျက်ကြောကိုက်တို့ကို အာတိုက်အခဲပျောက်ဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် သည်တို့ကို ရင်လူးဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores၊ အပူကိုက်၊ အပူလောင်၊ နွားခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အပြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချီရေး- ကိုဝင်းပြင့်+ဒေဘီ၊ ၁၅လမ်းနှစ်ကမ်းနားလမ်းထောင့်၊ ရန်ကုန်ပြို့၊ ဖုန်း-၂၂၆၃၂၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ ၂၃-၂ (၁၀၃)၊ ပန်းလိုင်အိမ်ရာ၊ ဒဂုံသစ်လွင်၊ ဟုပ်လမ်းရပ်ကွက်၊ ခမ်းခြောင်းပြို့နယ်၊ ဖုန်း-၃၀၉၀၆၆

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်အပန်းငယ်

ဘေးကင်းပြီးစိတ်လိုတိုင်းဖြည့်စေသည့်ဂါထာ

(၁၉၆၂)ခုနှစ်က ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီလက်ထက် ရှလိုင်လ (၇)ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများ ဆန္ဒပြကြသည်။ ဆန္ဒပြကျောင်းသားများကို ထိန်းသိမ်းမရသဖြင့် စစ်တပ်မှ သေနတ်နှင့်ပစ်၍ ဖြိုခွင်းသည်။

ထိုစဉ်က စာရေးသူသည် ဥပစာတန်း အောင်ပြီးခါစ ရှိသေးသည်။ အရေးအခင်းတွင် မိတ်ဆွေသူငယ်ချင်း တစ်ဦးမှာ သေနတ်ဒဏ်ရာရပြီး တစ်ဦးမှာ အထိန်းအသိမ်းခံလိုက်ရသည်။

စာရေးသူမှာ မခံချင်စိတ်၊ ဒေါသစိတ်ဖြစ်ပြီး ဆန့်ကျင်သော ကဗျာများကိုရွေးချ၍ ကဗျာစာအုပ် ထုတ်ဝေဖြန့်ချိသည်။ စာရေးသူအဖွဲ့တွင် ပင်တိုင်ကဗျာဆရာ သုံးဦး ရှိသည်။ တစ်ဦးမှာ အင်းစိန် G.T.I မှ ပထမဆုံးသော ကျောင်းသူ မထားကြည်(သိပ္ပံထိပ်ထား)ဖြစ်ပြီး ကျန်တစ်ဦးမှာ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှ ပထမနှစ်ကျောင်းသား ကဗျာဆရာ တက္ကသိုလ်နေမင်း ဖြစ်၏။ ကဗျာများ ရေးရုံတင်မက စည်းရုံးရေးတာဝန်ခံများအဖြစ် လှုပ်ရှားကြရသည်။

လှုပ်ရှားမှုများ ထင်ပေါ်လာသောအခါ ထောက်လှမ်းရေးမှ ဖမ်းဆီးရန် ခြေလှမ်းပြင်လာသဖြင့် စာရေးသူတို့ သုံးဦး လူစုခွဲလိုက်ကြသည်။ စာရေးသူသည် ပျဉ်းမနားမြို့သို့ တိမ်းရှောင်ပြီး မွေးရာဇာတိဖြစ်သော ဆင်သေရွာတွင် ခေတ္တနေထိုင်ရန် ဦးလေးတော်သူ သတင်းထောက် ဦးလှဖေက စီစဉ်ပေးသည်။

ပျဉ်းမနားမြို့မှ ဆင်သေရွာသို့ မြင်းလှည်းနှင့် သွားရ၏။ မြင်းလှည်းပေါ်တွင် သံဃာတော်တစ်ပါး ပါလာသည်။ သံဃာတော်နှင့် မြင်းလှည်းပေါ်တွင် စကားစပ်မိရာမှ စာရေးသူ၏ ဖြစ်ရပ်မှန်ကို သိသွား၏။

သံဃာတော်က စာရေးသူအား ရွတ်ဖတ်ပူဇော်နေကျ အန္တရာယ်ကင်းရှင်းစေသောဂါထာ ရှိကြောင်းနှင့် အဲဒီဂါထာကို နေ့စဉ် သုံးကြိမ်ရွတ်ပေးရင် ဘေးအန္တရာယ်အားလုံးမှ လွတ်မြောက်ပြီး သုခချမ်းသာကိုသာ ရရှိကြောင်း မိန့်ကြားပါသည်။

စာရေးသူက အားကိုးတကြီး မေတ္တာရပ်ခံသဖြင့် အဆိုပါ ဂါထာကို ရေးပေးပါသည်။

ဂါထာမှာ မနောမယိဒ္ဓိဂါထာတော် ဖြစ်သည်။

စာရေးသူသည် ထိုဂါထာကို နေ့စဉ် သုံးကြိမ် သုံးခေါက်စီ ရွတ်ဖတ်သရဇ္ဈယ်ခဲ့ပါသည်။ ပျဉ်းမနားမြို့တွင် ရောက်ရှိနေသော ထောက်လှမ်းရေးတာဝန်ခံသည် ပျဉ်းမနားမှပင် လှည့်၍ပြန်သွားကြောင်း ကြားသိရသည်။

စာရေးသူ၏ ဖခင်သည် ယခင်က သခင်ဗသန်းအမည်ခံ၍ ပျဉ်းမနားမြို့တွင် ဂျပန်တော်လှန်ရေး လှုပ်ခဲ့သူဖြစ်၏။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာနှင့် အလွန်ရင်းနှီးသူဖြစ်ရာ ဗိုလ်တာရာမှ စာရေးသူအတွက် တာဝန်ခံလိုက်ကြောင်း နောင်မှ သိရသည်။

သူငယ်ချင်းကဗျာဆရာနှစ်ဦးအား ကျောင်းပြန်တက်ခွင့်ပြုသော်လည်း ခံဝန်ချက်ရေးရသည်။ စာရေးသူသည် ခံဝန်ချက် လုံးဝမရေးရဘဲ ကျောင်းပြန်တက်ခွင့်ရသည်။ ဂါထာတော်၏ တန်ခိုးကြောင့် ဖြစ်မည် ထင်ပါသည်။

(၁၉၇၈)ခုနှစ်တွင် အရေးအခင်းတစ်ခု ဖြစ်ပြန်သည်။ စာရေးသူသည် အစိုးရဌာနတစ်ခုတွင် အရာရှိတစ်ဦး ဖြစ်နေလေပြီ။ လုပ်ငန်းသဘောအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဝင်ရသည်။ ပါတီဝင်မဟုတ်ပါက ရာထူးမတက်ပေ။ ပါတီတာဝန်အရ ရပ်ကွက်တွင် ပါတီစိတ်မှူးအထိ တာဝန်ယူဆောင်ရွက်ခဲ့ရ၏။ ထိုစဉ် အရေးအခင်းဖြစ်လာသည်။ လုံခြုံရေးကင်းမဲ့နေသောကြောင့် လူသတ်၊ ဓားပြတိုက်၊ လုယက်ဆိုးသွမ်းမှုတွေ ဖြစ်လာသည်။

စာရေးသူသည် ကိစ္စတစ်ခုဖြင့် ရပ်ကွက်တစ်ခုသို့ သွားမိသည်။ ထိုရပ်ကွက်မှ အရပ်သားတစ်ဦးက စာရေးသူကို လက်ညှိုးထိုးပြီး 'ဒီလူက ပါတီစိတ်အတွင်းရေးမှူးပဲ၊ သတ်ကြ..သတ်ကြ' ဟု အော်ပြောသည်။

လူငါးယောက် တုတ်တွေ၊ ဓားတွေကိုင်ပြီး စာရေးသူထံ ရောက်လာကြ၏။ အားလုံး၏မျက်နှာမှာ ခက်ထန်နေကြ၏။ စာရေးသူ ကြောက်လန့်ပြီး နောက်သို့ အနည်းငယ် ဆုတ်ပြီး မနောမယိဒ္ဓိဂါထာကို ရွတ်ဆိုလိုက်၏။ ဤဆန်းသည်မှာ ခက်ထန်နေသော မျက်နှာများမှာ ပျောပျောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီး အားလုံးက ဘာမျှမပြောတော့ဘဲ လှည့်ထွက်သွားကြသည်။ ကံကောင်း၍ ဘာမျှမဖြစ်ခဲ့ပါ။ လွန်ခဲ့သော ဆယ်လောက်က ပါတီဝင်တစ်ဦးကို နေရာ၌ ဝိုင်းရိုက်ခဲ့ကြောင်း ကြားသိခဲ့ရသည်။

ထိုသို့ ထူးခြားသောဂါထာကို အောက်တွင် ဖော်ပြပါသည်။

မနောမယိဒ္ဓိဂါထာတော်

အနေကသတာ သမ္မဒ္ဒါ၊ ဥပ္ပန္နာ ဘယနာသကာ၊
မမံ သီသေ ပတိဋ္ဌန္တု၊ ရက္ခန္တုတေ မမံ သဒါ။
သုခါဝဟံ သတံခမွာ၊ တိဋ္ဌန္တု ဟဒယေ မမ၊
အမှေ စတေ ပါလယန္တု၊ သုခ ဒေန္တု မမံသဒါ။
သမ္မဒ္ဒါနံ အရဟန္တာ၊ တေဝဝန္တော တတော တတော၊
တေ မံ အံသေ ပတိဋ္ဌန္တု၊ ပါလယန္တု မမံသဒါ။

အနက်အဓိပ္ပာယ်

အနေကသတာ-ရာထောင်သိန်းသန်း ဂဏန်းသချေကာ ဆင့်ကာပွားထက် ရေတွက်မရ များပြားကုန်လှသော၊ ဘယနာသကာ-ဘေးရန်အပေါင်း မကောင်းအနှိပ်စက်မှုကို မြင်အမျှကျွန် တွန်းလှန်ပယ်သတ် ပျက်စီးတော်မူတတ်ကုန်သော၊ သမ္မဒ္ဒါ-လောကဓာတ်အားလုံး ပဏာကျံုးသဖြင့် အထွတ်အမြတ်ဆုံး ဘုန်းတော်သခင် ဘုရားရှင်တို့သည်၊ ဥပ္ပန္နာ-ထီးဖြူရွှစ်ဆင့် စွင့်ကာဖွင့်လျက် ပွင့်တော်မူကြလေကုန်ပြီ။ တေ-ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်၊ မမ-အကျွန်ုပ်၏၊ သီသေ-ဦးခေါင်းရတနာ မြတ်အင်္ဂါ၌၊ ပတိဋ္ဌန္တု-အပရာဇိတပလ္လင်ကဲ့အသွင်သို့ ကြည်ရွှင်စံပယ် တင့်ဘယ်ဖွဲ့ခွေ တည်နေတော်မူကြပါစေကုန်သတည်း။ တေ-ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်၊ မမံ-အဓိဋ္ဌာန်ချက် စိတ်မပျက်ဘဲ နှစ်သက်အားထုတ် အကျွန်ုပ်ကို၊ ရက္ခန္တု-အန္တရာယ်ဘေး ကင်းစင်ဝေး၍ ကြည်အေးချမ်းသာ ဖြာဖြာသီဖွဲ့ စုံပြည့်ထမြောက် ဆုံးခန်းရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

သုခါဝဟံ-ချမ်းသာကောင်းကျိုး အမျိုးမျိုးကို တိုးဘက်ပွားအောင် ရွက်ဆောင်တော်မူကြကုန်သော၊ သတံ-ဘုရား,ပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့၏၊ ခမွာ-ကိုးပါး,ဆယ်ပါး ကျယ်ပွားများမြောင် လေးထောင်လွန်ဆောင်း ရှစ်သောင်းအကျော် တရားတော်တို့သည်၊ မမ-တရားစိတ်သန် အဓိဋ္ဌာန်ဖြင့် ရက်မှန်အားထုတ် အကျွန်ုပ်၏၊ ဟဒယေ-မနောဝိညာဉ် စိတ်အစဉ်၏ တည်ရာသတ်မှတ် နှလုံးတော်၌၊ တိဋ္ဌန္တု-ခမ္မာနုပလ္လင်ကဲ့အသွင်သို့ အစဉ်နိစ္စ တည်နေတော်မူကြပါစေကုန်သတည်း။ တေ-ထွန်းပြောင်ထိန်လတ် အမြတ်အကျော် ထိုတရားတော်တို့သည်၊ အမှေ-ကျွန်ုပ်တို့ကို (ဝါ) ကတိဝိသုဒ် သမုတ်သည်ဟာ တေဘာပြန့်ပွား အသင်းသူအသင်းသားတို့ကို၊ ပါလယန္တု-ဘေးအတန်တန် ရန်အမျိုးမျိုး ကပ်ဆိုးကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

သဒါ-နေ့ညမခြား အခါခပ်သိမ်း၊ သုခံ-လောကီ,လောကုတ္တရာ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို၊ ဒေန္တု-အလျင်မနှေး ပေးသနားတော်မူကြပါစေကုန်သတည်း။

ဥ။ တေဇဝန္တော-ကောင်းကင်တိမ်ယံ ဈာန်မြေပျံလျှိုး ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော၊ သမ္မဒ္ဒါနံ-ဘုန်းတော်သခင် ဘုရားရှင်တို့၏၊ ပတ္တာ-ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်ကြကုန်သော၊ အရဟန္တ-ရဟန္တာသခင် အရှင်မွန်တို့သည်၊ မမ-အဓိဋ္ဌာန်ဖြင့် မြဲမြံအားထုတ် အကျွန်ုပ်၏၊ အံသေ-ဝဲယာနှစ်ဖက် ပခုံးထက်၌၊ ပတိဋ္ဌန္တု-ကျောင်းတော်အသွင် မြဲမှတ်ထင်၍ ကြည်လင်သပ်ပယ် တင့်တယ်စံပျော်တည်နေတော်မူကြပါစေကုန်သတည်း။ တေ-ထိုဘုရားသားစစ် ရှစ်အရိယာ သံဃာတော်အပေါင်း သူတော်ကောင်းတို့သည်၊ မမံ-အဓိဋ္ဌာန်ဖြင့် မြဲမြံအားထုတ် အကျွန်ုပ်ကို၊ သဒါ-နေ့ရွှေညပါ အခါခပ်သိမ်း၊ ပါလယန္တု-အရာရာကောင်းကျိုး သဒ္ဓါဖြိုးမောက် ဘက်ကမ်းရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

အထက်ပါ ဂါထာတော်သည် စိတ်လိုတိုင်း ပြီးစီးပြည့်စုံသောကြောင့် မနောမယိဒ္ဓိဂါထာဟု ခေါ်ကြ၏။ သာလွန်မင်းတရားကြီး၏ဆရာတော် သာသနာပိုင်ဖြစ်သော တောင်ဇီလာဆရာတော်ဘုရားကြီး အမြဲရွတ်ဖတ်ပူဇော်သော ဂါထာဖြစ်ကြောင်း မှတ်တမ်းများအရ သိရပါသည်။

ဆရာတော်ဘုရားကြီးသည် နေ့တွက်ချိန်၊ မွန်းတည့်ချိန်နှင့် နေဝင်ချိန်တို့၌ ဝတ်မပျက် အမြဲရွတ်ဖတ်သရဏ္ဂုံသဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ ကျော်ကြားသော ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ဖြစ်လာခဲ့ပါသည်။

ဘေးအန္တရာယ်ကင်းဝေးပြီး စိတ်လိုတိုင်း ပြည့်စုံစေရန် အတွက် မနောမယိဒ္ဓိဂါထာတော်ကြီးကို နေ့စဉ် ရွတ်ဖတ်သရဏ္ဂုံသင့်ကြောင်း စေတနာဖြင့် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်အဓိပတိ

www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဒ (နဝင်းမြို့)

ရတနာသုံးပါး အမြတ်ထားပြီး သီကြားမင်းကြီး ပူဇော်ခဲ့သော ဂါထာတော်ကို ရွတ်ဆိုပြီး သမ္ဘာကြည်လျှင်

တစ်နေ့သ၌ ကျွန်ုပ်သည် ပါမောက္ခချုပ် ဒေါက်တာရှင်နန္ဒမာလာဘိဝံသ ဟောသော ရတနာသုတ်အနှစ်ချုပ် ပရိတ်တရားတော်ကို နာကြားနေခဲ့ပါသည်။

ထိုစဉ် ကျွန်ုပ်ထံသို့ မောင်စောလှမြင့် အမည်ရှိသော တပည့် ရောက်လာပါသည်။ တစ်ဆက်တည်းမှာပင် သူငယ်ချင်းဖြစ်သူ ကျော်သန်းလည်း ရောက်လာခဲ့ပါသည်။

ကျွန်ုပ်ထံ ရောက်လာကြသည့် တပည့် မောင်စောလှမြင့်နှင့် ကျောင်းနေဖက်သူငယ်ချင်းတို့ ရောက်လာကြသည်မှာ လာရောက်ကြပုံ ရည်ရွယ်ချက်ချင်း မတူညီကြပါ။

မောင်စောလှမြင့်မှာ ဝါဆိုဦးကန်တော့ရန် လာခြင်းဖြစ်ပြီး သူငယ်ချင်း ကျော်သန်းက သူ့အခက်အခဲကို ဖြေလျော့စေလိုသဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တပည့် မောင်စောလှမြင့်မှာ စာစုံဖတ်ပြီး ဘာသာတရားကို ကိုင်းရှိုင်းသူဖြစ်သည်။ တစ်ဖက်ကလည်း ဝိဇ္ဇာခရေ ဂန္ဓီရပညာကို အထူးလေ့လာလိုက်စားသူ ဖြစ်ပါသည်။

သူငယ်ချင်း ကျော်သန်းကမူ ဟိုစပ်စပ်ဒီစပ်စပ်နှင့် နှံ့စပ်ပါသည်။ ထူးချွန်သည်တော့ မရှိပါ။ သူ တစိုက်မတ်မတ် လုပ်ခဲ့သည်မှာ ယမကာမိုဝဲခြင်းနှင့် အပျော်အပါး ဝါသနာကြီးသူ ဖြစ်သည်။

ကျွန်ုပ်ထံရောက်လာသူ နှစ်ယောက်၏ ဝါသနာစရိုက်တို့ကို စာချစ်သူများ အနည်းအကျဉ်းတော့ သိလောက်ပြီဟု မှတ်ယူပါသည်။

ယခုရောက်လာသူ သူငယ်ချင်း ကျော်သန်းသည် ကျောင်းမှထွက်ပြီး လုပ်ငန်းခွင်ရောက်ပြီးတွင် သူ တာဝန်ယူရသည့်နေရာတွင် တွင်ကျယ်ခဲ့သူတစ်ယောက်ဖြစ်သည်။ မူလဝါသနာနှင့် ပေါင်းစပ်ပြီး အပျော်ကြီး ပျော်ခဲ့သူလည်း ဖြစ်သည်။

သားသမီးများ၏ ပညာရေးကို ဆုံးခန်းတိုင်သင်ကြားပေးခဲ့ပြီး အတောင်စုံ၍ ကိုယ့်အိုးကိုယ့်အိမ်နှင့် ခွဲသွားခဲ့ကြသည့် အချိန်မှစပြီး ကျော်သန်း၏ ငုပ်လျှိုးနေခဲ့သော မသိစိတ်တို့ စတင်နိုးထပြီး စိတ်ဖိစီးမှုကို ခံစားရလေတော့သည်။

ဘာသီဘာသာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ဒုတိယအကြိမ်မြောက် စိတ်ဖိစီးမှုကို ထပ်မံခံရပြန်လေသည်။ ဘဝလက်တွဲဖော်အဖြစ် နွဲခဲ့သော ဇနီးမယားက သူ့အား ထားခဲ့လေပြီ။ ပြန်မလာတော့သော တမလွန်ခရီးရှည်ကို ထွက်ခွာသည့်နေ့မှစပြီး သူငယ်ချင်း ကျော်သန်းတစ်ယောက် ဆောက်တည်ရာမရ ဖြစ်ရလေတော့သည်။ တစ်ချိန်က သူကျက်စားခဲ့သည့် ယမကာနှင့် အပျော်အပါးတို့သည် သူ့ကို အေးချမ်းအောင် အထောက်အကူမပေးနိုင်မှန်း သိလာလေလေ စိတ်ဝေဒနာကို ပို၍ခံစားရလေလေ ဖြစ်နေလေသည်။

ကန္တာရအလယ် ရောက်နေခဲ့သော ဒုက္ခသည် တစ်ယောက်အနေဖြင့် ရေကြည်ရေအေးတစ်ပေါက်မျှ သောက်ရလျှင် အပူမီးငြိမ်းစေလိမ့်မည်ဟု အထင်ဖြင့် ကျွန်ုပ်ထံ ရောက်လာခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာလည်း သူငယ်ချင်း၏သောက ငြိမ်းစေရန် ကြိုးစားထိုက်အကျော် မဟုတ်သော်လည်း ဆရာကောင်းများ၏ ကြိုတွေ့ခဲ့ရသည့် အာစရိယဝါဒဆရာသခင်တို့ကျေးဇူးကြောင့် လက်လှမ်းမီသမျှ ခမျာရေအေး တိုက်ပေးလိုက်ရပါသည်။

အရက်မူးပြီး အချစ်ရူးတစ်ပိုင်းဖြစ်နေသော သူငယ်ချင်း ကျော်သန်းသည် ကျွန်ုပ်ထံ ရောက်စကနှင့် မတူတော့၊ ချစ်တန်ခဲ့ ကွာနေသည့် သတိုကို ပြန်လည်ဆုပ်ကိုင်မိစပြု အချိန် ဖြစ်ပါသည်။

"သူငယ်ချင်းရာ..မင်း အခုပြောသမျှ နားထောင်ရမှာ ငါ့ရောဂါ ငါသိလာပါပြီကွာ။ ရောဂါသိလာတော့ ဆေးရှာနေမှာပါ။ ငါ့ရောဂါအတွက် သူငယ်ချင်းကပဲ ပျောက်အောင် ကုစားဖို့ ဆေးပေးပါ" ဟု အားတက်သရော ဆောင်းခဲ့ပါတော့သည်။

ကျွန်ုပ်မှလည်း "ငါ့ဆေး မဟုတ်ပါဘူးကွာ။ တို့ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေ မြတ်သထက်မြတ်သော ဘုရားရှင် ဟောပြခဲ့တဲ့ ပရိတ်တရားတော်တွေ၊ သုတ်တော်တွေကို ပြောပြပြခဲ့တာပါ။ မင်းမှ နှစ်လိုတယ်ဆိုရင် မြတ်စွာဘုရားရှင် ဝေသာလီမှာ ဟောကြားခဲ့တဲ့ ရတနာသုတ်ပရိတ်ဆောက်ပဲ စလုပ်ဖို့ မင်းကို ပြောမှာပါ။ ရတနာသုတ်ပရိတ်ဆောက်အကျယ်ကို သိချင်ရင်တော့ ပါချုပ်ရေးတဲ့ ရတနာသုတ်အနှစ်ချုပ်စာအုပ်ကို ရှာဖတ်ပေတော့ သူငယ်ချင်း။

အခု ရတနာသုတ်ပရိတ်တော်မှလာတဲ့ တာဝတိံသာ ဘုံပြည်၏ သိကြားမင်းကြီး ရတနာသုံးရပ်ကို အမြတ်ဆုံးဘုံပြီး ရွတ်ဆိုပူဇော်ခဲ့တဲ့ ဂါထာသုံးဂါထာကို မင်းအနေနဲ့ အစွဲအနှံတင်ပြီး ရွတ်ဆိုပူဇော်ခြင်း၊ ဒါမှမဟုတ်ရင် ပုတီးစိပ်ပြီးတော့ ပူဇော်ခြင်းတစ်ခုတော့ လုပ်ဖြစ်အောင်လုပ်ဖို့ အကြံပေးချင်ပါတယ်" ဟု ရှည်လျားစွာ ပြောပြလိုက်ရပါသည်။

ကျွန်ုပ် စကားဆုံးသည်နှင့် မောင်စောလှမြင့်က ကျွန်ုပ်ကို အဓိဋ္ဌာန်ဝင်ချင်ကြောင်း ပြောပြလေတော့သည်။

ကျွန်ုပ်မှာ တပည့်စောလှမြင့်နှင့် သူငယ်ချင်း ကျော်သန်းတို့ကို မည်သို့မည်ပုံ အဓိဋ္ဌာန်ကျင့်စဉ် ဝင်ရမည် အကြောင်း အသေးစိတ် ပြောပြလိုက်ရပါတော့သည်။ နှစ်ယောက်လုံး ဝမ်းမြောက်ဝမ်းသာဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြမည့်အကြောင်း ကတိပေးပြောကြားပြီး ပြန်သွားခဲ့ကြပါတော့သည်။

ကျွန်ုပ်အနေဖြင့် အမြတ်ထား၍ ကျင့်စဉ်တစ်ခု ဝင်ရောက်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အတွက် ဆန္ဒတူညီမှုကြောင့် သိကြားမင်းကြီး ပူဇော်ခဲ့သော ဂါထာတော်သုံးပုဒ်ကို ရွတ်ဆိုပြီး၊ တစ်နည်း အဓိဋ္ဌာန်ဝင်ပြီး သစ္စာပြုကြစေလိုသဖြင့် အောက်တွင် အဓိဋ္ဌာန်ကျင့်စဉ်ကို ပြည့်စုံစွာ ရေးသားဖော်ပြလိုက်ပါသည်။

<u>အဓိဋ္ဌာန်စခန်း ကျင့်စဉ်လမ်း</u>

(၁) ရက်ရွေးချယ်ခြင်း

အနီးဆုံးရက်မှ စတင်ပါ။

(မိမိမွေးနေ့မှ စတင်နိုင်ပါသည်။)

(၂) ကာလသတ်မှတ်ခြင်း

တော်သလင်းလ တစ်လလုံး (သို့မဟုတ်) သီတင်းကျွတ်လ တစ်လလုံး မိဋ္ဌာန်ကာလ သတ်မှတ်ရပါမည်။

(၃) ဒါနမူများ

ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်။

(မိမိသဒ္ဓါဆန္ဒအလျောက် သစ်သီးများ၊ ကန်တော့ပွဲများ လှူဒါန်းနိုင်ကြပါသည်။)

(၄) နေ့စဉ် ပြုဖွယ်များ

(က) တန်ခိုးကြီးမားကြသော အနန္တစကြဝဠာမှ နတ်မင်းများ၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့အား ပင့်ဖိတ်ပါ။

(ခ) စတုလောကပါလ နတ်မင်းကြီးလေးပါးကို ပင့်ဖိတ်ပါ။

(ဂ) ပါရမီဖြည့်ဖက်များ အမြဲကူညီပေးနေကြသူများကို ဖိတ်ကြားပါ။

(ဃ) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ပါ။

(င) အောက်ပါဂါထာတော် သုံးပုဒ်ကို ရွတ်ဆိုပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း တစ်မျိုးကို ပြုလုပ်ပါရန်။

* ရွတ်ဆိုပူဇော်မည်ဆိုလျှင် ဂါထာသုံးပုဒ်ကို ကိုးခေါက်စီ ရွတ်ဆိုပူဇော်ပါရန်၊
* ပုတီးစိပ်မည်ဆိုလျှင် (၁၀၈)လုံးဂုဏ်တော်ပုတီးကို အသုံးပြု၍ အောက်ပါအတိုင်း ပုတီးစိပ်ရပါမည်။

(က) ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချ စနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရမည်ဖြစ်၍ ဂါထာသုံးပုဒ်အတွက် ပုတီးသုံးပတ်စိပ်ရမည် ဖြစ်ပါသည်။ (သို့မဟုတ်)

(ခ) ဂါထာသုံးပုဒ်လုံးဆုံးမှ ပုတီးတစ်လုံးချ စနစ်ဖြင့် ပုတီးစိပ်လျှင်လည်း ပုတီးသုံးပတ်စိပ်ရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅) သစ္စာပြုဆုတောင်း

အထက်တွင် ဆောင်ရွက်ဖွယ်များပြီးတိုင်း သစ္စာပြုပါ။ နောက် မိမိဆန္ဒအတိုင်း ဆုမွန်တောင်းခံပါ။ ကုသိုလ် အမျှပေးဝေပါ။

* မိမိဖိတ်ကြားထားခဲ့သော ပုဂ္ဂိုလ်များအားလုံးကို နေရပ်ဌာန ပြန်ပို့ပါ။

ကျွန်ုပ် အထူးတင်ပြလိုသည်မှာ ယခုအဓိဋ္ဌာန်ကျင့်စဉ်ကို အဓိဋ္ဌာန်ဝင်ရောက်သည့် ယောဂီများအနေဖြင့် မိမိတို့စောင့်ထိန်းအပ်သောသီလ၊ ခိုင်ခံ့သောသမာဓိ၊ ကြီးစားအားထုတ်သည့် ဝိရိယတို့၏အားလျော်စွာ ကောန်မုချရကြပါမည်ဟု တင်ပြလိုပါသည်။ ယောဂီများ၏ သဒ္ဓါ၊ ဝိရိယတို့၏ ကွာခြားမှုကြောင့် အကျိုးပေးမှုလည်း ကွာခြားကြမည်ဟုပင် တင်ပြလိုပါသည်။

အဓိဋ္ဌာန်ကျင့်စဉ် ဝင်ရောက်ရမည့် ဂါထာတော်များ

* ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

* ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝ မနုဿပူဇိတ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

အဆင်သင့်မဖြစ်သော စာချစ်သူမိတ်ဆွေများအတွက် ဂါထာသုံးပုဒ်ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဤအဓိဋ္ဌာန်ကျင့်စဉ်ကို အောင်မြင်ပြီးမြောက် ခရီးရောက်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေကြရသော ဒုက္ခသည်များကို မိမိတို့သဒ္ဓါပြဋ္ဌာန်းသလောက် ပေးကမ်းလှူဒါန်းကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

သုဒ္ဓ(နဝင်းမြို့)

ကျမ်းကိုး * သီရိမင်္ဂလာပရိတ်တော်ဝတ္ထုတ်စဉ်။

(ဇေယျမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များပြင့်သာ ကူညီဆောင်ရွက်မည်

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်ဆွေ ချိန် – ၎ရဝဉ် (ဗာနယ်ဒန္တမွာအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ၀၉ ၅၃၀ ၅၂၉၃၀

www.burmeseclassic.com

www.burmeseclassic.com

ဗျာပုံ ဇာတ်နိဒါန်းဝင်း ကိုးကွယ်မှုဓလေ့များ

ရှေးခေတ်လူသားတို့သည် အသိဉာဏ်နည်းပါးသော သည်အားလျော်စွာ မိမိတို့ဘဝရပ်တည်ရေးအတွက် တောတောင်အနှံ့ အဖဲလိုက်ခြင်း၊ ငါးဖမ်းခြင်း စသောခက်ခဲပင်ပန်းသည့် လုပ်ငန်းများဖြင့် ရှာဖွေစားသောက် နေထိုင်ရသကဲ့သို့ မိမိတို့မျိုးနွယ်စုများထဲ ကျရောက်လာမည့် ဘေးအန္တရာယ်များကိုလည်း ရှိသမျှဉာဏ်ပညာကလေးဖြင့် တွန်းလှန်နေကြရပါသည်။

မိုးကြိုးပစ်ခြင်း၊ လေထန်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဥက္ကာပျံကျခြင်း၊ ငလျင်လှုပ်ခြင်း စသော သဘာဝဘေးရန်များကို မျက်မြင်တွေ့ရှိကြသောအခါ ၄င်းအရာတို့သည် တန်ခိုးရှင်တစ်ဦးဦးက ပြုလုပ်ဖန်တီးသည်ဟု ထင်မှားခဲ့ကြပါသည်။ ထို့ကြောင့် ထိုခေတ်လူသားတို့သည် တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး စသည်တို့ကို စိုးရိမ်ကြီးစွာဖြင့် ပူဇော်ကြကုန်၏။ ဤသည်မှစ၍ ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com

အသိဉာဏ်ပညာနည်းပါးခြင်းနှင့်အတူ စတင်ပေါ်ပေါက်ခဲ့ရလေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း(၇၀၀၀) ဘီစီ(၅၀၀၀)ခန့်က အီဂျစ်လူမျိုးတို့သည် အုပ်စုလိုက် နေထိုင်ကြပြီး ၄င်းအုပ်စုအချင်းချင်း တိုက်ခိုက်လျက်ရှိကြရာ အုပ်စုတိုင်းတွင် အမှတ်အသားအဖြစ် အရာပ်တစ်ရပ်စီ ရှိကြလေသည်။ နောက်ပိုင်း၌ ၄င်းတို့၏ အမှတ်အသားအရာပ်များသည် ၄င်းတို့၏ကိုးကွယ်ရာ နတ်ဘုရားများ ဖြစ်လာကြသည်ကို သမိုင်းသုတေသီတို့ တွေ့ရှိလာကြလေသည်။ ယင်းနတ်ဘုရားရုပ်များမှာ ခြင်္သေ့ရုပ်၊ မိကျောင်းရုပ်၊ သစ်တောက်ငှက်ရုပ်၊ ခွေးအရုပ်စသည်တို့ဖြစ်သည်။

ထို့နောက် အောက်ပိုင်းအီဂျစ်နှင့် အထက်ပိုင်းအီဂျစ်တို့ အုပ်စုကြီးနှစ်ခု ဖြစ်လာသောအခါ အောက်အီဂျစ်သည် ခြင်္သေ့အားလည်းကောင်း၊ အထက်အီဂျစ်သည် သိန်းငှက်ကိုလည်းကောင်း နတ်ဘုရားများအဖြစ် ပြောင်းလဲကိုးကွယ်လာကြလေသည်။ အီဂျစ်ပြည်ကြီးအဖြစ် တည်ထောင်နိုင်သောအခါ ရေး (ခေါ်) နေနတ်ဘုရားနှင့် အိုးဆီရစ် (ခေါ်) နံးမြေ(နိုင်းမြစ်)နတ်ဘုရားများကို ပြောင်းလဲတီထွင်ကိုးကွယ်လာကြပြန်သည်။

အီဂျစ်နှင့် ခေတ်ပြိုင်ဖြစ်သော ဆူမေးရီးယန်းလူမျိုးတို့သည်လည်း နတ်ဘုရားအမျိုးမျိုးကို ဖန်တီးကိုးကွယ်ခဲ့ကြသည်။ ရှေးခေတ် ဂရိလူမျိုးများသည်လည်း နတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်ခဲ့ကြသည့်အပြင် ဇေယု (ခေါ်) ဖီးဆင်းကို နတ်ဘုရားချုပ်ကြီးအဖြစ် တီထွင်ကိုးကွယ်ကြလေသည်။

စစ်ကို အမြတိုက်ခိုက်လေ့ရှိသော အာဆီးရီယန်းများမှာ စစ်နတ်ဘုရား အာဆူး(အာဆာ)ကို ဖန်တီးလိုက်ကြပြန်သည်။

ထိုခေတ်ကို ကိုးကွယ်မှု၏ ပထမခေတ်ဟု ဆိုလောက်အောင် အသိဉာဏ်များစွာ မဖွံ့ဖြိုးသေးသောခေတ်ဖြစ်၍ လူတို့သက် တန်ခိုးကြီးသည်ဟုထင်သော ပုဂ္ဂိုလ်များကို စိတ်ဖြင့်ဖန်းဆောင်ရမ်း၍ အရာပ်များ ထုလုပ်ကိုးကွယ်ခဲ့ကြပါသည်။ ၄င်းအရာပ်များအနက် ကျောက်ဖြင့်ထုလုပ်ထားသော အရာပ်များသည် သက်သေအဖြစ် ယနေ့ခေတ်အထိ ကျန်ရစ်ခဲ့ကြပါသည်။ ၄င်းတို့သည် ကြောက်ခြင်းကို အခြေခံ၍ ကိုးကွယ်မှုပြုခဲ့ကြသော်လည်း မိမိတို့ကိုးကွယ်သည့် နတ်ဘုရားများနှင့်ပတ်သက်၍ အမှန်တကယ် ရိုးသားခဲ့ကြပါသည်။

၄င်းတို့သည် ကြောက်၏။ ကိုးကွယ်၏။ ဤနှစ်ချက်ဖြင့်ပင် လုံလောက်ခဲ့ကြပါသည်။

ထို့နောက် ဘီစီ(၂၀၀၀) လွန်ခဲ့သည့်နှစ်ပေါင်း(၄၀၀၀) ခန့်သို့ ရောက်လာသောအခါ အာရီးယန်းလူမျိုးများသည် ဗြဟ္မဏဘာသာတစ်ရပ်ကို စတင်ထူထောင်လာကြပါသည်။ ၄င်းတို့သည်လည်း အစပိုင်းတွင် ရေ၊ မြေ၊ လေ၊ မီး စသော သဘာဝတရားများကို နတ်ဘုရားများအဖြစ် ကိုးကွယ်ခဲ့ကြပါသည်။ ထို့နောက် ၄င်းနတ်ဘုရားများကို ပူဇော်ရန် မန္တန်များကို တီထွင်လာကြပါသည်။ ၄င်းနောက် ယဇ်နတ်ပူဇော်နည်းများကို ထပ်ဆင့်တီထွင်လာကြပြန်ပါသည်။ ယင်းသို့ ယဇ်နတ်ပူဇော်ရာတွင် အသုံးပြုသည့် မန္တန်များကို စုပေါင်း၍ ဝေဒကျမ်းများအဖြစ် ဖန်တီးလိုက်ကြပြန်သည်။

ထိုခေတ် ထိုအခါက ဗြဟ္မဏဝါဒမှာ ခေတ်အမီဆုံး ကိုးကွယ်မှုဘာသာဟုပင် ဆိုရလောက်သည်။ အစပိုင်းတွင် ရိုးသား၍ အရာရာစနစ်ကျလှ၏။ သို့သော် ၄င်းကိုးကွယ်မှု၊ ပူဇော်မှုတို့သည် နောက်ပိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်း မရှိကြတော့ပေ။ ဘာသာရေးခေါင်းဆောင်များက ယုံကြည်မှုကို အကြောင်းပြု၍ အသိဉာဏ်နည်းပါးသူများအား အမျိုးမျိုးလိမ်လည်လှည့်စားခဲ့ကြ၏။ ဘုရင်များကိုယ်တိုင် အလိမ်ခံခဲ့ရသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

ထို့ကြောင့် ၄င်းတို့သည် တစ်ဆင့်တက်၍ မိမိတို့အဖို့ တွက်ခြေပိုကိုက်မည့် ယဇ်ပူဇော်နည်းအမျိုးမျိုးကို ဆင့်ကဲ၊ ဆင့်ကဲ တီထွင်ရင်း နောက်ဆုံး၌ လူကိုပါသတ်၍ ယဇ်နတ်ပူဇော်သည်အထိ အရိုင်းဆန် ယုတ်မာလာတော့၏။ ယုံကြည်ကိုးကွယ်သူ လူအပေါင်းမှာလည်း ဘာသာရေးခေါင်းဆောင်ဖြစ်သူ ဗြဟ္မဏပုဏ္ဏားများ၏ လိမ်လည်လှည့်စားနှိပ်စက်သမျှ ခံနေကြရတော့၏။

၄င်းတို့၏ လိမ်ရိုးလိမ်စဉ်များမှာ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာသည့်အချိန်ထိ အားကောင်းနေဆဲဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်က မန္တန်ရွတ်ခြင်းအစား ဂါထာ၊ ပရိတ်ရွတ်ခြင်းကိုလည်းကောင်း၊ ယဇ်နတ်ပူဇော်ခြင်းအစား ဒါနပြု အမျှဝေခြင်း၊ မေတ္တာပို့ခြင်း စသည်တို့ကိုလည်းကောင်း တရားဓမ္မနှင့်လျော်ညီစွာ ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။ ဒု၊ သ၊ နှ၊ သော ဟူသည့် အသံကြီးလေးသံကို အကြောင်းပြု၍ ဉာဏ်ပညာနည်းသော ကောသလမင်းကြီးသည်လည်း ယဇ်ပူဇော်ပေးသူ ပုဏ္ဏားတို့၏ အလိမ်ခံရအံ့ဆဲဆဲ ဖြစ်ခဲ့ဖူးသည်။ မလ္လိကာမိဖုရား၏ လမ်းညွှန်မှုဖြင့် ဗုဒ္ဓဘုရားရှင်ထံ

www.burmeseclassic.com

ရောက်သွားသောအခါမှ အလိမ်ခံရမှုမှ လွတ်မြောက်သွားခဲ့သည်။

ထိုခေတ်ကို ယုံကြည်ကိုးကွယ်မှု၏ ဒုတိယခေတ်ဟုဆိုနိုင်ပြီး ထိုကာလကို သုံးသပ်ကြည့်မည်ဆိုလျှင် ယခင်ကြောက်ခြင်းအခြေခံကိုးကွယ်မှုမှ ခြောက်ခြင်းအခြေခံကိုးကွယ်မှုသို့ ရောက်ရှိလာပြီဖြစ်သည်။ ကိုးကွယ်သူတို့ ကြောက်တတ်သည်ကို သိနေကြသော ပုဏ္ဏားစသော ဘာသာရေးခေါင်းဆောင်များသည် လူအများကို ခြောက်လှန့်ပြီး ယဖန်နတ်ပူဇော်ရန် တွန်းအားပေးခဲ့ကြပြီး ယဖန်နတ်ပူဇော်ခအဖြစ် သတ်ဖြတ်ခဲ့သော အသားများကို ရယူခဲ့ကြလေသည်။ ထို့ကြောင့် ထိုခေတ်က ပုဏ္ဏားစသူတို့သည် အသားစားကြူးသူများ ဖြစ်ခဲ့ကြပါသည်။

မည်သို့ဆိစေ ထိုခေတ်ကာလတွင် အမှန်တကယ် ကိုးကွယ်အပ်သည့် ဗုဒ္ဓမည်သော ဘုရားရှင်တစ်ဆူ ပေါ်ထွန်းတော်မူခဲ့ပါသည်။ ကိုးကွယ်ထိုက်သူမည်သည် အမှန်တကယ် မွန်မြတ်ရန် လိုအပ်လှပါသည်။ မွန်မြတ်ခြင်းဟူသည် အကျင့်သီလကောင်းခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ ဣန္ဒြေနှင့် ပြည့်စုံခြင်း၊ ဉာဏ်ပညာရှိခြင်း၊ တရားဓမ္မဖြင့် သွန်သင်ဆုံးမနိုင်ခြင်း၊ ငြိမ်းအေးရာအမှန် လမ်းညွှန်ပြနိုင်ခြင်း စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံရ၏။

ထို့အပြင် ကိုးကွယ်ထိုက်သူကို ယုံကြည်ဆည်းကပ်ပါက ပစ္စုပ္ပန်,သံသရာ အကျိုးနှစ်ဖြာကိုလည်း ကောင်းစွာရရှိစေရမည်ဖြစ်သည်။ ဤအချက်နှင့် ပြည့်စုံသူဟူ၍ ခေတ်အဆက်ဆက် ဗုဒ္ဓဘုရားရှင်မှတစ်ပါး အခြားပုဂ္ဂိုလ်များ မရှိခဲ့ချေ။

ထိုအကြောင်းကို သိကြသော လူအပေါင်းတို့သည် ၄၉ ကိုးကွယ်မှုအမှားများကို စွန့်လွှတ်လျက် ဗုဒ္ဓထံပါးသို့ ဝင်ရောက်ခိုလှုံလာကြလေသည်။ ဗုဒ္ဓဘုရားရှင်၏ တရားရေအေး အမြိုက်ဆေးကြောင့် ကျွတ်ထိုက်သော ဝေနေယျတို့ အပြီးအပိုင် အေးငြိမ်းရလျက် ကျန်ရှိသော သတ္တဝါအပေါင်းသည်လည်း ဉာဏ်ပညာရင့်ကျက်လာကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဘုန်းတန်ခိုးအာဏာစက်မှာ ဓမ္မဒီပါကျွန်းလုံးမက သြဇာသက်ရောက်တော်မူခဲ့သည်။

ထိုသို့ ဗုဒ္ဓဘုရားရှင်က ကိုးကွယ်မှုအမှန်ကို တည်ထောင်လိုက်သောအခါ ယခင်က ကိုးကွယ်မှုအမှားများဖြင့် တည်ထောင်ခဲ့သော ဗြဟ္မဏဝါဒနှင့် အခြားဝါဒ အဆောက်အအုံများမှာ လုံးဝနီးနီး ပြိုကျသွားတော့သည်။ တတ္ထိယအစရှိသော အခြားလွဲမှား ဘာသာရေးစနစ်များလည်း အလားတူ ပြိုကျယိမ်းယိုင်သွားလေသည်။ ထို့ကြောင့် တွင်ခြေမကိုက်ဖြစ်လာသော ပုဏ္ဏား၊ ပရိဗိုဇ်၊ အစေလက သူတို့သည် ဗုဒ္ဓထံပါးသို့ ရောက်လာကြသည်။ အချို့က ခဏသားစွာ ရောက်လာကြသော်လည်း အချို့မှာမူ ရုန်ပြီးပွဲဖြင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။

ရိုးသားစွာရောက်ရှိလာကြသူများကား ပရိယတ်၊ ပဋိပတ်များ ကြားနာသင်ကြား ကျင့်ကြံအားထုတ်ကာ သောတာပန်မှစ၍ အရဟတ္တဖိုလ်ပေါက်လျက် ရဟန္တာကြီးများ အထိပင် ဖြစ်ခဲ့ကြသော်လည်း မရိုးသားသူများမှာမူ စစ်မှန်သော ဗုဒ္ဓ၏တရားတော်များကို နဂိုက ၄င်းတို့ အသုံးပြုကြသော ဝါဒအမျိုးမျိုးဖြင့် သွတ်သွင်းဖျက်ဆီးကြသဖြင့် ဘုရားရှင်လက်ထက်တွင်ပင် ရဟန်းဆိုးများ ပေါ်ပေါက်လာခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာသည့်အတွက် စစ်မှန်သောကိုးကွယ်မှု တစ်နည်းအားဖြင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှု စနစ်တစ်ရပ် ပေါ်ပေါက်ကျန်ရစ်ခဲ့ပါသည်။ ကိုးကွယ်မှုနှင့်ပတ်သက်၍ ဉာဏ်ပညာနည်းရာမှ စဉ်းစားဆင်ခြင် ဉာဏ်အမြော်အမြင်များ တိုးပွားလာခဲ့ရပါသည်။

ဒုစရိုက်များကို ရှောင်ရှားနိုင်လျက် သုစရိုက်များကို ကျင့်သုံးလာနိုင်သည့်အတွက် အကုသိုလ်များ လွှင့်စဉ်၍ ကုသိုလ်များ ပြုလုပ်နိုင်ကာ အကျိုးတရားများလည်း များများဖြစ်ထွန်းခဲ့ပါသည်။ ထိုခေတ်ကို ကိုးကွယ်ယုံကြည်မှု တတိယခေတ်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အမှန်လိုလားသူများက ဘုရားရှင် ဟောကြားတော်မူခဲ့သည့် အတိုင်း တရားဓမ္မများကို ပြုပြင်ပြောင်းလဲ ဆန်းသစ်ခြင်း မပြုဘဲ သာသနာ့အမွေခံကာ ထေရဝါဒအဖြစ် ကျင့်သုံးလာခဲ့ကြပါသည်။ သို့သော်လည်း အစစ်အမှန်မလိုလား၊ ဆင်ခြင်ဉာဏ်ချွတ်ချော်သူများကမူ ဗုဒ္ဓဘုရားရှင် မျက်ကွယ်ပြုပြီး အနှစ်(၁၀၀)အကြာတွင် ဗုဒ္ဓဘုရားရှင် ချမှတ်ခဲ့သည့် လမ်းစဉ်ကို ပစ်ပယ်၍ ကိုးကွယ်မှုအသစ်များကို ပုထုဇဉ်ဉာဏ်ဖြင့် ဆက်လက်တီထွင်ခဲ့ကြပြန်ပါသည်။

ယခင်ဘုရားစင်စစ်ကို ကိုးကွယ်နေရာမှ ဘုရားလောင်း ကိုးကွယ်မှုစနစ်ကို ဆန်းသစ်တီထွင်ခဲ့ကြပါသည်။ ၄င်း ဘုရားလောင်းများကို ဗောဓိသတ္တဟုခေါ်၍ မေတ္တေယျ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်း၊ အဝလောကိသာရဘုရားလောင်း စသည် အဖြာဖြာ အလွန်ထင်ရှားလှ၏။ ထို့အပြင် ဗုဒ္ဓကိုယ်စား အမျိုးအညီ ကွဲပြားလှသော ဘုရားရုပ်ပွားများကိုလည်း ဆက်သက်တီထွင်လာကြပြန်၏။ ထို့ထက်ဆိုးရွားသည်ကား ဗုဒ္ဓဘုရားရှင်အား ပညာပါရမီတာနတ်သမီး၊ စက္ကိဒေဝီ၊ ဘာလီမယ်တော် စသော ဣတ္ထိလိင်နတ်သမီးများအဖြစ်သို့ ပြောင်းလဲမှုခဲ့ ကိုးကွယ်သောစနစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ကြတည်း။

ထို့အပြင် ဘုရားရှင် ဟောကြားခဲ့သော ပရိတ်တော်၊ ဓာရဏီတော်များကိုလည်း အမျိုးမျိုးပြုပြင်စီရင်ကာ ဥပဒ်ခံ၍ မန္တန်အသစ်များ လုပ်ပစ်လိုက်ကြပြန်သည်။

ထို့နောက် ဗုဒ္ဓစက်လက္ခဏာတော် စသည်တို့ကိုမှီ၍ အင်းကွက်များကို ရေးဆွဲတီထွင်ကြသေး၏။ ထိုခေတ်တွင် ဗုဒ္ဓ၏ တရားဓမ္မ အရှိန်အဝါကြောင့် သတ်ဖြတ်ယဖဇနတ်ခြင်္သေ့များ တဖြည်းဖြည်းလျော့နည်းသွားသော်လည်း အယူဝါဒတီထွင်မှု အသစ်အဆန်းများက တစ်စ,တစ်စ ခေါင်းဆောင်ထလာကြသည်။ ထိုအယူသီး တီထွင်မှုများအနက် အချို့တီထွင်မှုများသည် သာမန်ဉာဏ်ပညာမျိုးဖြင့်ပင် တီထွင်၍ ရအံ့မည်မထင်။

လူတို့သည် ဗုဒ္ဓဘုရားရှင်၏ ဟောညွှန်သွန်သင်မှုကြောင့် ဉာဏ်ပညာများ တိုးတက်လာခဲ့သော်လည်း ဘုရားရှင်၏ မျက်ကွယ်ပြုချိန်၌ ထိုဉာဏ်ပညာတို့သည် အားကောင်းစွာဝင် ချွတ်ယွင်းသွားကြလေသည်။ ထို့ကြောင့် အားကောင်းသော ဉာဏ်ပညာအချွတ်အယွင်းများဖြင့် ကိုးကွယ်မှုအများများကို ဆက်လက်တီထွင်နိုင်ကြခြင်းဖြစ်သည်။ ထို့အတူ ထိုခေတ်သည်လည်း ဉာဏ်ပညာကြီးသော ကိုးကွယ်မှုကို ဉာဏ်ပညာချွတ်ယွင်းသော ကိုးကွယ်မှုသို့ ရောက်ရှိသွားလေသည်။

အဆိုးရွားဆုံးကား ဗုဒ္ဓ၏ တရားစစ်တရားမှန်များကို ယိုယွင်းလိုကယပယ်မည်၊ ပြင်လိုကပြင်မည်၊ ဖြည့်စွက်လိုက ဖြည့်စွက်မည်ဟူသော မဟာသံဃိကဂိုဏ်း၏ အယူမှားမှုကြီးဖြစ်သည်။ ၄င်းအယူမှားမှုအတိုင်း ယင်းမဟာသံဃိကဂိုဏ်းသား ရဟန်းတို့သည် ဗုဒ္ဓပိဋကတော်များကို အမျိုးမျိုးပြုပြင်ရေးသားခဲ့ကြပါသည်။ ထိုသို့ပြုပြင်ရေးသားကြရာမှာ သူ့ဘို့၏ ဝိနည်းသည် ရဟန်းများ ရွေ့ ဌေးအလှူခံနိုင်မှ မေးမှန်မှီဝဲနိုင်သည်အထိ ဖြစ်လာတော့သည်။

ပုဂံခေတ်လောက်က မြန်မာနိုင်ငံတွင် ခေတ်စားခဲ့သော ပန်းဦးဆက်အလှူခံပုဂ္ဂိုလ် အရည်းကြီးရဟန်းများသည် ၄င်းမဟာသံဃိကဂိုဏ်းမှ ဆင်းသက်လာသော မဟာယာန၊ တန္တရ၊ မန္တရအနွယ်ဝင် ဝဇိရယာနဝါဒ၏ မျိုးဆက်များ ဖြစ်ပါသည်။ ၄င်းတို့၏ကျင့်စဉ်ကား (မ)ငါးလုံးကျင့်စဉ်ဟုဆိုသော (၁) မဇ္ဈ-အရက်သောက်ခြင်း၊ (၂) မေထုန-မေထုန်မှီဝဲခြင်း၊ (၃) မံသ-အသားစားခြင်း၊ (၄) မစ္ဆာယ-ငါးများခြင်း၊ (၅) မုဒ္ဒြာ-လက်နေလက်ထား ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်ခြင်းတို့ ဖြစ်သည်။ ထိုခေတ်ကိုလည်း ကိုးကွယ်ယုံကြည်မှု၏ စတုတ္ထခေတ်ဟု ဆိုရပါမည်။

၄င်းတို့အဖို့ လူတို့အား လိမ်လည်လှည့်ဖြားရန်၊ မန္တန်များ ကျက်မှတ်ရန် စသည်တို့အတွက် သာမန်ထက် ဉာဏ်ကောင်းကြမည်ဖြစ်သော်လည်း ထိုကောင်းသောဉာဏ်ဖြင့် ချွတ်ယွင်းလွဲမှားစွာ တီထွင်ဆန်းသစ်ခဲ့ကြသဖြင့် မိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကာ သံသရာအတွက် များစွာနစ်မွန်းကြရတော့သည်။

သို့သော် အခြားတစ်ဖက်တွင်တော့ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဝိဇ္ဇာကတ်သုံးပုံ၊ တရားအဖုံဖုံတို့ကို ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုဘဲ ဘုရားရှင် ဟောရစ်ခဲ့သည့်အတိုင်း နာခံသွားရန် ဆုံးဖြတ်ခဲ့ကြသော ထေရဝါဒ အနွယ်ဝင် ရဟန်းကောင်းများကြောင့်လည်း ဗုဒ္ဓသာသနာအစစ်အမှန်များသည် နဂိုပကတိအတိုင်း ကျန်ရှိနေပါသေးသည်။ ထို့ကြောင့် ဗုဒ္ဓညွှန်ပြခဲ့သော ကိုးကွယ်မှုနည်းပညာအစစ်အမှန်များလည်း ဗုဒ္ဓသာသနာတော်တွင် တည်ရှိနေဆဲဖြစ်ပါသည်။

ကိုးကွယ်မှုဟူသည် (၁) အသိဉာဏ်ကို တိုးပွားစေရမည်။ (၂) အစစ်အမှန်လည်းဖြစ်ရမည်ဟူ၍ အဓိကအချက်နှစ်ချက် ပြည့်စုံရန် လိုအပ်ပါသည်။ ထို့အပြင် မိမိတို့ ကိုးကွယ်နေသော ပုဂ္ဂိုလ်များသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များ မည်မျှရှိထားပါသနည်း။ ၄င်းဂုဏ်များရှိမှသာ ထိုပုဂ္ဂိုလ်ကို ကိုးကွယ်အပ်သောပုဂ္ဂိုလ် (သို့မဟုတ်) ကိုးကွယ်ရာ အစစ်အမှန်ဟု သိထားသင့်ကြပေသည်။

ပျာပုံ-တင်နိုင်ဝင်း

မှီငြမ်းကိုးကား

၁။ ဗုဒ္ဓသာသနာ နှစ်(၂၅၀၀)ခရီး၊ မောင်အံ့(မဟာဝိဇ္ဇာ၊ ဘုံဘော)။

၂။ ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများနှင့် ဂိုဏ်းကြီးကိုးဂိုဏ်း [မာမက(သုတေသီ)]။

www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်အဟောများတွင် အယူတော်မင်းလာဟုဆိုသော အတိတ်၊ နီမိတ်၊ စနည်း၊ တဘောင်၊ ဘဝါတို့လည်း ပါဝင်ခဲ့သည်။ ထိုပညာရပ်များနှင့်ပတ်သက်၍ အလွန်ထင်ရှား ကျော်စောကိတ္တိရှိခဲ့သော ရှေးပညာရှိအမတ်ကြီးများအနက် အယူတော်မင်းလာဘွဲ့ရ ပညာရှင်ကြီး ဦးနိုးမှာ သမိုင်းတွင် ထင်ရှားခဲ့သူတစ်ဦးပင်ဖြစ်သည်။ ၄င်းဦးနိုးကို မြန်မာသက္ကရာဇ်(၁၁၂၄)ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်၊ အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်တွင် အဘ ဦးရွှေညို၊ အမိ ဒေါမင်းလှတို့မှ မွေးဖွားခဲ့သည်။

အမိဒေါမင်းလှသည် ဝန်ကြီးမင်းကြီး မဟာနန္ဒကျော်ထင်၏ နှမဖြစ်သည်။ မွေးဖွားရာဇာတိအရပ်မှာ ဒီပဲယင်းမြို့ စီရင်စု ကိုးသန်းနယ်အပါအဝင် ကြခပ်ရွာဖြစ်သည်။ အယူတော်မင်းလာလောင်း ဦးနိုး၏ ပဋိသန္ဓေယူပုံ အာကာရမှာ ဂမ္ဘီရဆန်ပြီး ထူးခြားဆန်းပြားလှသည်။ မိခင်လောင်း ဒေါမင်းလှသည် ဥပုသ်သီတင်းစောင့်ရင်း နေ့ခင်း(၃)နာရီလောက်တွင် အဖော်ဥပုသ်သည်များနှင့် ထမင်းစားပြီး ဘုန်းကြီးကျောင်း ဖရပ်ပေါ်၌ အိပ်မျော်သွားသည်။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး စလွယ်ကိုးဆင့် တပ်ဆင်လျက် ငွေခရု၊ မြေဖာပန်း၊ သပြေညွှန့်တို့ကို ကိုင်ဆောင်ထားသော ဗြဟ္မဏဆရာ တစ်ယောက်သည် ဒေါမင်းလှထံသို့ အနောက်အရပ်မှ ကြွလာပြီး တစ်ညည်း တည်းခိုရန် ဒေါမင်းလှကို ပြောသည်။ ဘယ်ကကြွလာပြီး ဘာအလိုရှိပါသလဲဟု ဒေါမင်းလှက မေးလိုက်သည်။

ကျွန်ုပ်မှာ မဏ္ဍိမဒေသ မောရိယတိုင်းသား လေးငါးသော ပုဏ္ဏားမျိုးရိုးတို့ထဲတွင် ဗြဟ္မဏမျိုးစစ်ဖြစ်ပေသည်ဟု ဖြေကြားသည်။ ပုရောဟိတ် နှစ်မျိုးတို့တွင် မင်းထံတွင် ခစားသော ရာဇပုရောဟိတ်မျိုး ဖြစ်သည်။ အနွယ်ကား ကောဏ္ဍညအမျိုးအနွယ် ဖြစ်သည်။

ယခု လာရောက်ရခြင်းကိစ္စမှာ ကျွန်ုပ်အသက်(၁၉) နှစ်တွင် နန်းစံသော ထိုမင်းလက်ထက်၌ မြှောက်စား သူကောင်းပြုခံရန် အမြန်လာရမည်ဟု အမိန့်ဆင့်ခေါ်ခြင်း ကြောင့် ဖြစ်သည်။

ယခု အသက်ဘယ်လောက်ရှိပြီလဲဟု မေးကြည့်သည်။ မြတ်စွာဘုရားရှင် ဖွားသည့်နေ့မှ ရေတွက်သော

ဒေါမင်းလှ
အယူတော်မင်းလာ အမတ်ကြီးဦးနိုး၏ အံ့မခန်းဖွယ် နိမိတ်ကောက်ဟောခဲ့ပုံများ

www.burmeseclassic.com

www.burmeseclassic.com

လွှင်တော်ပေါ်ထွက်သည့် နေ့တိုင်အောင်သာ အသက်ရှိပါသည်ဟု ဖြေခဲ့သည်။ ဒေါ်မင်းလှက (၃၅)နှစ်လားဟုမေးရာ မှန်၏ဟု ဖြေကြားလေသည်။

အဘယ်ကို သွားမှာလဲဟု ထပ်၍ ဒေါ်မင်းလှက မေးမြန်းပြန်သည်။ ဗြဟ္မဏဆရာသည် လက်ယာရစ်ခရုသင်းကို ကိုင်ထားပြီး ဒေါ်မင်းလှရှိရာဘက်သို့လှည့်၍ အနောက်တောအိန္ဒိယသမိ-နောင်အနောက်တွင် သိကြလိမ့်မည်ဟု သုံးကြိမ်အော်ဟစ်ကြွေးကြော်ပြီးနောက် ခရုသင်းဖြင့် ဒေါ်မင်းလှ၏ လက်ယာနံစောင်းကို သွင်းလှစ်ဝင်လိုက်သဖြင့် ထိတ်လန့်တကြား နိုးလာခဲ့ရတော့သည်။

ဒေါ်မင်းလှတစ်ယောက် ထူးဆန်းအံ့ဖွယ် မြင်မက်လာသောအိပ်မက်ကို ဆရာတော်ဘုန်းကြီးရှိရာ ကျောင်းပေါ်သို့ ဘုရားသည်များ နားနေရာဧရပ်မှ သွားရောက်ကာ လျှောက်ထားလိုက်လေသည်။ ဤအိပ်မက်အရ ထောက်ထားဆင်ခြင်ကြည့်လျှင် စလွယ်ကိုးဆင့် ဆင်ယင်လာသော အသက် ၃၅)နှစ်ခန့်ရှိ ဗြဟ္မဏမျိုးခြား မောရိယတိုင်းသား ထိုပုဏ္ဏားသည် ခဏ၌ပင် စုတေ၍ ဒေါ်မင်းလှထံတွင် သန္ဓေအသစ်အဖြစ်နှင့်အောင်းနေတော့မည်ဟု ယူဆရန်ရှိသည်။

ထိုသူငယ်၏ အသက်(၁၉)နှစ်ပြည့်သည်နှင့် တစ်ပြိုင်နက် နန်းတက်နန်းစံသော ထိုမင်းသည် (၁၉)နှစ်အရွယ် သူငယ်အား မြှောက်စား သူကောင်းဧကန်ပြုလိမ့်မည်ဟု အိပ်မက်အဓိပ္ပာယ် ကောက်ပေးလိုက်လေသည်။ ထို့နောက် ထိုသူငယ်များ ကြခတ်ရွာတွင် အော်ဟစ်သီဆိုကြသောအောင်သီချင်းတစ်ပုဒ် ပေါ်လာလေသည်။

ငှင်းတို့သီဆို ကြသည်မှာ ကြခပ်ရံ ချုံပိတ်ပေါင်းဆူးသား ခိုဝင်အောင်းပါလို့လေး။ အောင်းသည့်ကျေးသားခြုံများ ကိုက်လွှားချီကာ မြန်းပါလို့လေး..ဟူ၍ဖြစ်သည်။

ကြခပ်ရွာရှိ သက်ကြီးရွယ်ရင့်တို့မှာ ဤတဘောင်သီချင်းကိုကြား၍ တိုက်ရိုက်ကောက်ယူနည်းအားဖြင့် ငါတို့ကြခပ်ရွာတွင် ကျေးသားနှင့်တူသော ပညာရှိယောကျ်ားမြင်ပေါ်လာလိမ့်မည်။

ထိုပုဂ္ဂိုလ်သည် သာမည်မဟုတ်ဘဲ တိုင်းပြည်တွင် ကျော်စောထင်ရှား တံခွန်လွှားမည့်သူ ဧကန်ဖြစ်လတ္တံ့ဟု ကောက်ချက်ချ ပြောဆိုထားကြသည်။

ဤသို့ဖြင့် ကိုးလလွယ် ဆယ်လဖွား ဆိုစကားနှင့်အညီ ဒေါ်မင်းလှတွင် အင်္ဂါဓနုတစ်နေ့တွင် သားရတနာလေးကို ရရှိလာသည်။ နာမည်ကင်ပွန်းတပ်ရန် ဆရာတော်ဘုန်းကြီးထံ သွားခဲ့ရပြန်သည်။ ဆရာဘုန်းတော်ကြီးက အမျိုးမျိုးသောနည်းဖြင့် တွက်ချက်ကြည့်ပြီး မဟာဘုတ်(၄)ကြွင်း အင်္ဂါသားအား မောင်နိုးဟု အမည်ပေးခဲ့သည်။

ငှင်းမောင်နိုးလေးသည် (၅)နှစ်အရွယ် သူငယ်တို့သဘာဝ ကစားကြရာ၌ အများနည်းတူ ပြေးလွှားမကစားခဲ့ချေ။ သက်ကြီးရွယ်အိုတို့ကဲ့သို့ ဝိုင်းဖွဲ့၍ စကားပြောနေတတ်သည်။ ရှေးနှောင်း စကားဟောင်းများကို ပြောသည်။ ဗေဒင်ဟောဟန် ကစားသည်။ ပုဏ္ဏားသဏ္ဌာန်၊ မှူးမတ်သဏ္ဌာန် စလွယ်များလွယ်၍ ကစားသည်။

(၇)နှစ်အရွယ်တွင် ဘုံသာတုလွတ် ဆရာတော်ထံတွင် အပ်၍ ကျောင်းထားသည်။ (၁၃)နှစ်အရွယ်တွင် သဒ္ဒါ၊ သင်္ကြိုဟ်ငြိမ်းသည်။ (၁၄)နှစ်အရွယ်တွင် ဗေဒင်လက်ရိုးငြိမ်းသည်။ (၁၅)နှစ်အရွယ်တွင် ကိုရင်ဝတ်ခဲ့သည်။ ဘွဲ့အမည်မှာ ဇာဂရောဘာသဖြစ်ပြီး နိုးကြားခြင်း အနက်အဓိပ္ပာယ်ရှိသည်။ (၁၇)နှစ်အရွယ်တွင် သာမဏေ(၃)ဝါရပြီး လူထွက်ခဲ့သည်။ ဦးရီးဖြစ်သော အသည်ဝန်ကြီးက လွှတ်တော်ဆိုင်ရာ တရားဌာနချုပ်ဝန်ကြီး သတိုးမဟာသီဟသူထံသို့ အပ်နှံထားခဲ့သည်။

(၁၉)နှစ်အရွယ်တွင် စာစီစာကုံး အနှုန်းအဖွဲ့၊ သတ်ညွှန်း၊ သတ်ထုံးနှင့်တကွ မြန်မာသဒ္ဒါကို ကျွမ်းကျင်တတ်မြောက်၍ သက္ကရာဇ်(၁၁၄)ခုနှစ် အဓရပူရမြို့တည်နန်းတည် မင်းတရားကြီးက နေမျိုးလေခပ်ချီဟူသော ဘွဲ့အမည်ဖြင့် အမှာတော်ရေးခန့်အပ်ခြင်းကို ခံရသည်။ (၂၀)နှစ်အရွယ်တွင် အယူတော်မင်္ဂလာဘွဲ့ကို ပေးအပ်၍ ဆားတောင်မြို့စားဖြစ်ပြီး ဘုရင်အရိုး နန်းတော်ကြီးတွင် အတိုင်ပင်ခံအဖြစ် အမြဲတမ်းခစားရသည်။ နှစ်ပေါင်း(၃၇)နှစ်ကျော်ကျော်ခန့် အယူတော်မင်္ဂလာ အမတ်ပညာရှိအဖြစ်ဖြင့် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ ဖြစ်ရပ်များကို အခြေခံအကြောင်းပြု၍ တိုင်းရေးပြည်ရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးတို့ ကိုသာမက နောက်ဆုံး မိမိသေရေးကိုပင် အတပ်ဟောနိုင်ခဲ့သဖြင့် ကြားရသူတိုင်း အံ့မခန်းဖွယ် ပညာရပ်ကို တအံ့တသြဖြစ်ခဲ့ကြရလေသည်။

သာဓကဆောင်ဖွယ် အကြောင်းတစ်ရပ်ကို စတင်၍ ရေးသားပြပါမည်။ ဦးနိုးအား အယူတော်မင်္ဂလာဘွဲ့ မပေးခင်ကာလတွင် ဖြစ်သည်။ ပုဏ္ဏားဝန်ကြီးနှင့် အတွင်းဝန်ကြီး မင်းကြီးဖြစ်သူ မင်းကျော်ခေါင်တို့ တိုင်ပင်ကြံကြံ ဦးနိုးပညာကို စမ်းသပ်ကြည့်ချင်နေသည်။ ထို့ကြောင့် ကြွက်

www.burmeseclassic.com

တစ်ကောင်ကို ဖမ်းဆီးစေပြီး အဖုံးနှင့် အုပ်ထားခိုင်းလိုက်သည်။

ပြီးလျှင် ဦးနိုးအားခေါ်တော်မူကာ-

'ကဲ..မောင်နိုး၊ မောင်မင်းက အယူတော်မင်္ဂလာပညာနဲ့ အလွန်မှန်အောင် ဟောပြောနိုင်စွမ်းရှိတယ်လို့ သတင်းကျော်ကြားနေသူဖြစ်တယ်။ အခု ငါတို့ရှေ့မှာရှိတဲ့ ကွမ်းအစ်အဖုံးအောက်မှာ ဘယ်အရာဝတ္ထုမျိုး ရှိပါသလဲဆိုတာ မောင်မင်း ဖြေကြားပါ' လို့ အတွင်းဝန်ကြီးက မိန့်ကြားလိုက်လေသည်။

ဦးနိုးအတွက် နဂိုရင်းက ဘာပြဿနာမှ မရှိခဲ့ချေ။ ယခုတော့ ပြဿနာအမေးက ရုတ်တရက်ဆိုသလို ပေါ်လာပေပြီ။ အမေးရှိလျှင် အဖြေရှိရပါတော့မည်။ တစ်နည်းအားဖြင့် အငိုက်ကိုဖမ်း၍ အယူတော်မင်္ဂလာပညာ ကျွမ်းကျင်မှုရှိ၊မရှိကို လက်တွေ့စမ်းလိုက်ခြင်းပင် ဖြစ်သည်။ မိမိ လမ်းမပေါ် လျှောက်လှမ်းလာစဉ် မှတ်သားမိခဲ့သော နိမိတ်က အမတ်ကြီးဦးပေါ်ဦး အိမ်အနီးမှာ ဝက်မကြီးတစ်ကောင်နှင့် မွေးဖွားခါစ ဝက်ကလေးနှစ်ကောင်ကို တွေ့မြင်ခဲ့ရသည်။ ကွမ်းအစ်အဖုံးအောက်တွင် ဝက်မရှိနိုင်။ ဝက်နှင့်တူသော ခြေလေးချောင်းသတ္တဝါက ခိတ်၊ နွား၊ မြင်း၊ ဆင်၊ ကြွက်တို့ ရှိသည်။ သို့သော် ကွမ်းအစ်ထဲတွင် ကြီးသောသတ္တဝါ မဖြစ်နိုင်။ ဇကေန်မုချ ကြွက်သာလျှင် ဖြစ်ရမည်ဟု ဆုံးဖြတ်ပြီး ကြွက်ရှိကြောင်းပါဟု လျှောက်တင်လိုက်သည်။

မင်းကြီးမင်းကျော်ခေါင်က 'အေး..မင်းပြောတာ မှန်တယ်။ တို့ကလည်း လွယ်လွယ်နှင့်ရတဲ့ ကြွက်ကိုပဲ အုပ်ထားခဲ့တယ်။ ကဲ..ဒီလိုဆို ကြွက်ဘယ်နှစ်ကောင်ရှိသလဲ ဖြေစမ်းပါဦး' ဟု ထပ်ပြီး မေးပြန်သည်။

ဦးနိုးလည်း သူ လမ်းတွင် မြင်တွေ့ခဲ့သော ဝက်မကြီး တစ်ကောင်နှင့် မွေးခါစ ဝက်ကလေးနှစ်ကောင်၊ ပေါင်းသုံးကောင် မြင်ခဲ့သည့်အတိုင်း 'သုံးကောင်ပါဘုရား' လျှောက်ထားလိုက်သည့်အခါ ပုဏ္ဏားဝန်နှင့် မင်းကြီး ကျော်ခေါင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ဒီတစ်ကြိမ်တော့ အယူတော်မင်္ဂလာဆရာ အတိတ်ကောက်မှားပြီဟူသော အပြုံးမျိုး ပြုံးလိုက်သည်။

မင်းကြီးက 'မောင်နိုး..မင်းလျှောက်တာ မှားတယ်။ ပြန်ပြင်ဦး' လို့ သုံးကြိမ်အထိန့်ရှိလိုက်သည်။ သို့သော် ဦးနိုးလည်း မပြင်ဘဲ သုံးကြိမ်လုံးလုံး သုံးကောင်သာ ကြောင်း အခိုင်အမာလျှောက်ကြားသည်။ နောက်ဆုံး မင်းကြီးမင်းကျော်ခေါင်က အနုမာန မျက်ရမ်းဆ မှန်လှဆို တစ်ကောင်ယူလို့ပြောပြီး ကွမ်းအစ်အဖုံးကို ဖွင့်လိုက်သည် ထိုအခါ ဝန်ကြီးနှင့် မင်းကြီးနှစ်ပါးလည်း မြင်ကွင်း ကြည့်ပြီး လွန်စွာအံ့သြသွားကြသည်။ အဘယ်ကြောင့်ဆို သော် သူတို့ အဖုံးနှင့် အုပ်ထားစဉ်က ကြွက်မကြီး တကောင်ပင် ဖြစ်သည်။ ယခုတော့ တစ်ညတာမျှ ဖမ်းအုပ်ထားစဉ်တွင် ကြွက်ပေါက်စနှစ်ကောင် ပေါက်ဖွားပြီး သားကောင်ဖြစ်နေခြင်းကို အံ့သြထူးဆန်းလှစွာ တွေ့မြင်လိုက်ရလေတော့ သည်။

ဖြစ်ရပုံမှာ အဖုံးအောက်က ကြွက်မကြီးသည် ဖမ်းဆီးခံလာစဉ်က ကိုယ်ဝန်အရင့်အမာ ပါလာပြီး အဖုံးအောက်မှာ အချိန်စေ့၍ ကြွက်လေးနှစ်ကောင် မွေးဖွားခဲ့ခြင်း ဖြစ်ပေမည်။ ဤတွင်မှ ဝန်ကြီးနှင့် မင်းကြီးတို့လည်း ဦးနိုးအား ဖန်ခါတလဲလဲ ချီးမွမ်းပြီး ဒီပညာကို အထွတ်အထိပ်ရောက်အောင် လိုက်စားရန်နှင့် ယခုဖြစ်ရပ်ကိုလည်း ဘုရင့်နားလျှောက်ကြားပေမည့်အကြောင်း အားပေးစကားများဆိုကာ ဆုလာဘ်များ ပေးလိုက်ကြသည်။ ဤဖြစ်ရပ်ကား နှစ်နှစ်တွင်း၊နှစ်နှစ်ပြင်မှာ ဥဩဒေယျဖြစ်ပြီး ဟိုးလေးတကျော်ကြား ဖြစ်သွားရပါတော့သည်။

ဒုတိယမြောက် သာဓကဆောင်ဖွယ် အကြောင်းအရပ်မှာ ဦးနိုးသည် စကုမင်းသား၏ ဦးသျှောင်ထုံးမင်္ဂလာနားထွင်းမင်္ဂလာပွဲသို့ တက်ရောက်သွားခဲ့သည်။ မင်္ဂလာပွဲတွင် မြင်းမှူးများ ဝိုင်းမှာ ထိုင်မိသည်။ ကျောက်ဆောမြင်းမှူး ဦးပြေက အမှာတော်ရေးမင်း ကိုနိုးဟာ လူငယ်သော်လည်း လူငယ်လို့ မဆိုသာဘဲ လူကြီးနဲ့ ထူးခြားတယ်။ ရှေးဆုတောင်းကောင်းခဲ့တယ်။ အံ့သြဖွယ်ပဋိဘာန အမျိုးအားဖြင့်ဆိုရင်လည်း အသည်ဝန်ကြီးရဲ့ဥ ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com

အိုသဟဲကလည်း တရားဌာနချုပ်ဝန်ကြီး သတိုးသီဟ ရှေ့တက်လမ်းဟာ အင်မတန်ဖြောင့်ဖြောင့်ဖြူးဖြူး အံ့လောပဲဟု ပြောလိုက်သည်။

ပြင်စည်မြင်းမှူး မင်းလှရွှေတောင်က အမှာတော်ရေး ကို အထူးရှိုးမွမ်းဖို့ လိုမယ်မထင်ပါဘူး။ အတွင်းတော် သိပြီးပါ။ ကျုပ်တို့ကသာ အဝေးရောက်နေလို့ အခုမှ ကြားရတယ်။ ဒီတော့ ကျုပ်တို့ သွားလေရာရာမှာ ပြော စကားတစ်ခုရလေအောင် အမေးပြဿနာတစ်ခုတော့ တင် ပေးဟု ခွင့်တောင်းဆိုလိုက်သည်။

အယူတော်မင်္ဂလာဦးနိုးက မေးပါဟု ခွင့်ပြုလိုက်သော ပြည်စည်မြင်းမှူးက ယခု ဦးမင်း ကိုင်ဆောင်လာတဲ့ ကြေးနီထုံးဘူးကို မကိုင်မတွယ် မထိမတွေ့ဘဲ ဘယ်နှစ် ကုန်သား အလေးချိန်ရှိတယ်ဆိုတာ မိန့်ကြားစေချင်ပါတယ် အမေးပြဿနာ ပြုပါတော့သည်။

ထိုအခါ အယူတော်မင်္ဂလာဦးနိုးသည် မဏ္ဍပ်အတွင်း နန်းတော်ကို ရှာပါသည်။ အထက်မျက်နှာဘက်ကို ကြည့် လိုက်သောအခါ မဏ္ဍပ်အမိုးက ဝါးကပ်နှင့် မိုးထားသည်။ ကြည့်သောနေရာတွင် အမိုးကပ်တစ်ခုမှာ ကျိုးနေခြင်းကို ထင်ရှားစွာ မြင်တွေ့လိုက်သည်။ ၄င်းကပ်ကျိုးနေသော ဖြစ်ရပ်ကို ထုံးဘူးအလေးချိန်နှင့် အံဟပ်လိုက်တော့ အဖြေ ရှာတ်တရက်မထွက်နိုင်ဘဲ ရှိနေသည်။ ကပ်ကျိုးဆိုးသော စကားပည္ဥပ်ကို ပြောင်းပြန်လှန်လိုက်တော့ ကပ်ကျိုး ကိုး ကျပ်ဟူသော အဖြေထွက်လာသည်။ ဒီတော့ ထုံးဘူးရဲ့ အလေးဟာ ကိုးကျပ်သားရှိတယ်ဟု ဖြေလိုက်လေသည်။

၄င်းအဖြေကြောင့် ပြင်စည်မြင်းမှူးက မှန်ပါပေတယ် လို့ ဝန်ခံ၍ လွန်စွာအံ့သြ ချီးမွမ်းထောပနာပြုပြီး မိမိ အတွက် ဝယ်ယူလာသော ယွမ်းထိုးကွမ်းအစ်နှင့် ကြေးနက် ထုံးဘူးကို ဉာဏ်ပူဇော်ခအနေဖြင့် အယူတော်မင်္ဂလာဦးနိုး ကို ပေးလိုက်ပါသည်။ ဝိုင်းဝန်းထိုင်၍ အကဲခတ် စောင့် ကြည့်နေကြသော အခြားမြင်းမှူးများနှင့် ပရိသတ်တွေက လည်း လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ချီးမွမ်းထောပနာ ပြုလိုက်ကြရလေတော့သတည်း။

ကွစိတ်-လိုရာဆန္ဒ ပြည့်ဝကြပါစေ

အောင်ကျော်စွာ

ကျမ်းကိုး

* အယူတော်မင်္ဂလာလျှောက်ထုံးကျမ်း။

www.burmeseclassic.com

ဆွမ်းတစ်နပ်၏ ကုသိုလ်ကံစေတနာကြောင့် ဆင်းရဲသားဘဝမှ မြေတော်ရှင်ဘုရင်မြတ်သူ ရောစလေး

(လွယ်လင်)

(၁)

မြတောင်မြို့၊ ဖောင်တော်ဦးစေတီတော်၏ ရင်ပြင်တော်ပေါ်သို့ ရောက်ရှိသွားပါက ကျောက်စာနှစ်ချပ် စိုက်ထူထားလျက်ရှိသည်ကို တွေ့ရှိနိုင်ပေ၏။ အရှေ့ဘက် ကျောက်စာမှာ ဘုရားဒါယကာကြီး မြတောင်သူဌေးမင်း ဦးစီ၏ ကုသိုလ်တော် ကျောက်စာ ဖြစ်လေသည်။ ထိုကျောက်စာတွင် ဖော်ပြထားသော ကုသိုလ်တော်စာရင်းကို အောက်ပါအတိုင်း တွေ့ရှိနိုင်၏။

မြတောင်မြို့ရပ်ဌာနတွင် ပဉ္စင်္ဂဒီကျင့်ဝတ်သီဘာဂကို ခါနိစ္စမရွေ့ စာရိတ္တအလေ့ဖြင့် တစ်နေ့မပြတ် သူတော်ကောင်းမြတ်တို့ ကွပ်ညှပ်ဆုံးမ ဩဝါဒသင်းကြူ၊ ချိုရုံ့ မဟူကို၊ ခံယူကျင့်သုံး၍၊ နေလေ့ရှိပါသော် ဘုရားဒါယကာ ဦးစီ၊ ဘုရားအမ ဒေါ်ချို၊ သား မောင်ကံ၊ သမီးမဂ္ဂေတို့သည် သံသရာဘေးဒုက္ခမှ လွတ်မြောက်ကြရန် ရည်သန်သော သဒ္ဓါတရားဖြင့် မြေစိုက်စေတီတော် တစ်ဆူ၊ ရပ်တော်မူ

www.burmeseclassic.com

www.burmeseclassic.com

သူ့ဆူ၊ တင်ပျဉ်ခွေနှစ်ဆူ၊ ရဟန်းတော်(၁၀)ပါး၊ သာမဏေ(၅)ပါး၊ တံတားကြီးနှစ်စင်း၊ သိမ်ပြာသာဒ်တစ်ဆောင်၊ ရုပ်ကြီးသုံးဆောင်၊ ကျောင်းကြီးလေးဆောင်၊ မှန်စီရွှေချဉ်းမြန်တိုင်နှစ်ခု၊ ရေတွင်းတစ်တွင်း၊ ဘုရားရွှေသင်္ကန်းကပ်ရွှေဆိုင်း(၃၃၈၇)ဆိုင်း၊ ကထိန်အတွက် ဒွိစီတိုက်သင်္ကန်း(၁၃၃)စုံ၊ တိစီတိုက်သင်္ကန်း(၁၅၆)စုံ၊ ကထိန်မှတစ်ပါး သီလရှင်သင်္ကန်းပေါင်း(၁၇၀)၊ ဓမ္မကျန္ဘာရွှေစာပေ အင်္ဂါဆောင်း(၁၄၁၆)အင်္ဂါ၊ ကတ္တီပါသင်္ကန်းတစ်ထည်၊ သက္ကလပ်သင်္ကန်း(၇)ထည်၊ ကြေးစည်ကြီးနှစ်လုံး၊ ရွှေပိန်းချသားရိုးဘုဝါ(၇)ဆူ၊ ခေါင်းလောင်းကြီး(၁)လုံး၊ သံသပိတ်(၇)လုံး။

စုစုပေါင်းကုန်ကျငွေပေါင်း နှစ်သောင်းခုနစ်ထောင်းသုံးရာရှစ်ဆယ့်သုံးကျပ်တို့ကို နန်းအမတ်နီဗွာန်ကို ရည်ညွှန်းပြုဆွန်း၍ လျှုဒါန်းပူဇော်ခဲ့ကြောင်း ဖော်ပြထားရှိလေသည်။

မှတ်ချက်-ထိုစဉ်က ဆန်တစ်တင်းလျှင် ငွေတစ်မတ်ခန့် ကုန်ကျသဖြင့် ထိုအချိန်ကာလကုန်ကျသော ငွေနှစ်သောင်းကျော်ကို ယခုခေတ်ငွေနှင့် နှိုင်းယှဉ်ကြည့်ကြပါဦး။ (စာရေးသူ)

အထက်တွင် ရေးသားဖော်ပြခဲ့သော ဘုရားဒါယကာကြီး မြတောင်သူဌေးမင်းဦးစီသည် မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝလာခဲ့သူ မဟုတ်ပါ။ မိုင်းတိုင်ခရိုင်အုပ်မင်းတွင် လယ်သူရင်းငှားဘဝဖြင့် ဆင်းရဲပင်ပန်းစွာ ရုန်းကန်ကုပ်ကိုင်ခဲ့ရသူဖြစ်၏။ ဘုန်းတော်ကြီးတစ်ပါးအား ဆွမ်းဆန်ပဲ ဆက်ကပ်လှူဒါန်းလိုက်ရသည့် ကုသိုလ်ကံစေ့သောကြောင့် အိပ်မက်မျှပင် မမက်ဝံ့သော မြတောင်သူဌေးမင်းဘဝသို့ ရောက်ခဲ့ရသူ ဖြစ်လေသည်။

ဆင်းရဲနွံချလှသော လယ်သူရင်းငှားဘဝမှ အမှတ်ထင် သူဌေးမင်းဖြစ်သွားသည့် ဦးစီ၏ အဖြစ်အပျက်များသား ဆန်းကြယ်လွန်းလှသဖြင့် ၄င်း၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဖြစ်ရပ်ဆန်းများကို ဆက်လက်ရေးသားဖော်ပြလိုက်ရပါသည်။

♦ ♦ ♦

ဦးစီသည် မိုင်းတိုင်မြို့အနီး၌ရှိသော ဥသျစ်ကုန်းကျေးရွာတိုဖြစ်၏။ အရွယ်မတိုင်မီ မိဘနှစ်ပါး ကွယ်လွန်သွားသဖြင့် မိုင်းတိုင်ခရိုင်အုပ်မင်းထံတွင် လယ်သူရင်းငှားအဖြစ် အုပ်ကိုင်ရရှာသည်။ တစ်နှစ်လျှင် စပါးအတင်း(၃၀၀)ထွက်သောလယ်ကို လုပ်ကိုင်ခဲ့ရသဖြင့် အသက်(၂၇)နှစ်တိုင် အောင် လယ်တောမှ မထွက်ခဲ့ရရှာပေ။

အသက်(၂၇)နှစ် အရွယ်တွင် မိုင်းတိုင်သူ မချိုနှင့် အကြောင်းပါသဖြင့် ခရိုင်အုပ်မင်းက စပါးတင်း(၃၀၀)ထွက်သောလယ်ကို ခွဲဝေပေးလေသည်။ ရိုးသားကြိုးစားစွာဖြင့် လုပ်ကိုင်ခဲ့ခြင်းကြောင့် စပါးတင်း(၃၀၀)ထွက်သောလယ်သည် မောင်စီ၏ လက်ထက်တွင် စပါးတင်း(၇၀၀)ထွက်ခဲ့လေသည်။

တစ်ခုသော နံနက်ခင်းတွင် မောင်စီသည် လယ်ထွန်ဖြုတ်၍ ထမင်းစားရန်အလို့ငှာ ပြင်ဆင်နေဆဲတွင် ဘုန်းတော်ကြီးတစ်ပါး တကောင်းလမ်းမကြီးအတိုင်း ကြွလာနေသည်ကို မြင်တွေ့လိုက်ရ၏။ ဘုန်းတော်ကြီးသည် လမ်းမကြီးအတိုင်း ကြွလာရာမှ လယ်ကန်သင်း၌ ထမင်းစားရန် ပြင်ဆင်နေသော မောင်စီကို မြင်လိုက်ရသဖြင့် မောင်စီရှိရာ လယ်ထဲသို့ကြွလာပြီး သောက်ရေအလှူခံလေ၏။ အချိန်မှာ အတော်နေမြင့်နေလေပြီ။

မောင်စီသည် ဘုန်းတော်ကြီးအား သောက်ရေကပ်လှူပြီးနောက် ဦးချ၍ 'အဘယ်အရပ်မှ ကြွလာပြီး ဘယ်အရပ်သို့ ကြွမှာလဲဘုရား' ဟု လျှောက်ထားလေရာ ဘုန်းတော်ကြီးက တကောင်းမှ မိုင်းတိုင်မြို့သို့ ဘုရားဖူးကြွလာရခြင်းဖြစ်ကြောင်း မိန့်တော်မူ၏။

'ဆွမ်းကိစ္စ ပြီးပါပြီလား အရှင်ဘုရား' ဟု မောင်စီက ထပ်မံလျှောက်ထားပြန်ရာ ဘုန်းတော်ကြီးက 'အချိန်ရှိပါသေးတယ်' ဟုသာ မိန့်တော်မူ၏။

မောင်စီသည် မွန်းတည့်လုပြီဖြစ်သောနေကို မော့ကြည့်ရင်း ဆွမ်းမဘုဉ်းပေးရသေးကြောင်းသိသည်နှင့် မိမိစားရန် ပြင်ဆင်ထားသည့်ထမင်းကို ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်းလိုက်လေ၏။

ဘုန်းတော်ကြီးကလည်း မငြင်းဆန် လက်ခံကာ ကျွန်ုပ်တည်ငြိမ်စွာဖြင့် ဘုဉ်းပေးနေစဉ် အနားမှထိုင်၍ ကြည့်နေမိသော မောင်စီမှာ ဝမ်းသာပီတိဖြစ်လျက် မိမိဆာလောင်မောပန်းနေသည်ကိုပင် မေ့သွားလေတော့သည်။

♦ ♦ ♦

ညနေနေဝင်ချိန်သို့ရောက်သော် ဇနီးဖြစ်သူ မချို လယ်တောသို့လာလေရာ မောင်စီသည် မချို လာနေသည်ကို မြင်လျှင်မြင်ချင်း ထွန်ကိုရပ်ပြီး မချိုဆီသို့လျှောက်သွားကာ-

'ဟေ့...မချိုရေ၊ မင်း သာခုခေါ်ပေတော့'

www.burmeseclassic.com

ဟု ဝမ်းသာလိုက်လဲစွာဖြင့် ဆိုလိုက်ရာ မချိုက အံ့သြသော မျက်နှာနှင့်-

"ဘာလဲ ကိုစိုရဲ့၊ ရှင့်ဟာက ဘာကိုဝမ်းသာပြီး သာဓုခေါ်ရမှာလဲ"

"အကျိုးအကြောင်းလည်း ပြောပါဦးတော်"

ဟု ပြန်မေးလိုက်လေသည်။

ထိုအခါ မောင်စိုက ဇနီးဖြစ်သူအား ဘုန်းတော်ကြီးသောက်ရေအလှူခံသည်ကအစ ဆွမ်းကပ်လှူဒါန်းလိုက်ရသည့်အဆုံး အကြောင်းစုံ အကျဉ်းချုံးပြောပြလိုက်သော အခါ မချိုလည်း သူကဲ့သို့ပင် ထူးထူးခြားခြား ဝမ်းမြောက်ခြင်း ပီတိသောမနဿများဖြစ်ကာ သာဓုခေါ်လေ၏။

ဇနီးဖြစ်သူ သာဓုခေါ်သံ ဆုံးသည်နှင့် မောင်စိုက-

"အေးပါ၊ကာ..ငါတို့လည်း ကိုယ်နဲ့ တန်သလောက်တော့ အလှူတွေ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီနေ့ ကိုယ် စားမယ့် ထမင်းလှူရတာလောက် တစ်ခါမှ ဝမ်းမမြောက်ခဲ့ဖူးဘူးကွာ။ မင်းလည်း ချက်ပြုတ်ရတဲ့ ကုသိုလ်အာရုံပြုပေါ့ကွာ" ဟု ဝမ်းသာအားရ ပြောဆိုလေ၏။

မောင်စိုမှာ တစ်နေကုန် ထိုကုသိုလ်အာရုံဖြင့် တစိမ့်စိမ့် နှစ်သိမ့်ရင်း ထွန်းယက်လေရာ ခါတိုင်းကဲ့သို့ လယ်ကန်သင်းတင်ခြင်း၊ ကတွတ်ပေါက်ပိတ်ခြင်းတို့ မပြုလုပ်နိုင်တော့သည့်အပြင် လယ်ကွက်အလယ်၌ နေ့စဉ် ထွန်နားရင်း တူးဖြိုနေကျ ကိုးလိုးကန့်လန့်ဖြစ်နေသော တောင်ပူစာကမူကြီးကိုပင် မတူးဖြိုမိတော့ချေ။

"တော့်မယ်.. ဟိုတောင်ပူစာကြီးကလည်း မနေ့ကအတိုင်းပဲ ရှိပါသေးကလား"

မချိုက လယ်ကွက်အလယ်ရှိ တောင်ပိုကြီးကိုကြည့်၍ ပြောခြင်းဖြစ်ရာ မောင်စိုက "ဟုတ်တယ် ရှင်မရေ၊ ကနေ့ ဘာမှတိုးပြီး မဖြုိမိတော့ဘူး။ ဝမ်းသာနေတာနဲ့။ မနက်ဖြန်၊ သန်ဘက် နှစ်ရက်လောက်ဆိုရင် ပြီးသွားမှာပါကွာ" ဟု ပြောပြောဆိုဆို ဇနီးနှင့်အတူ ရွာအိမ်သို့ ပြန်ခဲ့လေသည်။

♦ ♦ ♦

နောက်တစ်နေ့ မောင်စိ လယ်ထွန်သွားသောအခါ နွားများလည်း အမောပြေနားနေစေရန် ထွန်နားခိုက် လယ်ကွက်အလယ်ရှိ တောင်ပိုကြီးကို တူးဖြိုလေ၏။ ယင်းသို့ နေ့စဉ်ကပင် တစ်စ၊တစ်စ တူးဖြိုလျက် လယ်ကွက်ကို ချဲ့ထွင်ခဲ့လေရာ တောင်ပိုကြီးမှာ ပြေသလောက်ရှိသွား၏။ တစ်ခါသော် ဖြိုရင်း၊ဖြိုရင်းနှင့် လူပါ ကျွံကျသွားရာ ရတနာသိုက်ကြီး ဖြစ်နေသည်ကို ဆုံ့သြစွာ တွေ့မြင်လိုက်ရသည်။

မြေကိုယက်၍ သေသေချာချာ ကြည့်လိုက်သောအခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများမှာ အပြည့်အနှက်ဖြစ်နေသည်ကို တွေ့ရ၏။ သို့သော် မောင်စိမှာ ရိုးသားသူပီပီ ရတနာသိုက်ကြီးကို လက်ရာမပျက် ဖုံးဖိပြီးနောက် အိမ်သို့ ပြန်လာကာ ဇနီးမချိုနှင့် တိုင်ပင်လေ၏။ မချိုကလည်း မိမိခင်ပွန်း၏ အလိုဆန္ဒအတိုင်း လိုက်လျောကာ မူလလယ်ပိုင်ရှင် ခရိုင်အုပ်မင်းထံ အကြောင်းကြားလေတော့သည်။

ခရိုင်အုပ်မင်းလည်း ရင်းနှီးရာလူများအား ဆင့်ခေါ်၍ ရတနာသိုက်ကြီးကို တူးဖော်ကြရာ လှည်းခုနစ်စီးပြည့်မှ တိုက်ယူရသည် ဟူ၏။

ထိုသတင်းမှာ ရုတ်တရက် တောမီးပမာ ပျံ့နှံ့သွားရာ မိုင်းတိုင်နယ်သူနယ်သားများမှာ ဆင်းရဲသား မောင်စိုထံ ခရိုင်အုပ်မင်းက ရတနာများ သိမ်းယူခြင်းမှာ လွန်စွာ မတရားကြောင်း ပြောဆိုကြရာ နောက်ဆုံး မြတောင်မင်းသို့ တိုင်ကြားကြရသည်အထိ ရောက်ရှိသွားလေ၏။

မြတောင်မင်းသည် သမာသမတ်စဉ်းစားတတ်သူပီပီ မူလလယ်မြေ ခွဲဝေပေးစဉ်ကပင် ပြန်ပြန်ပြုံးပြုံးရှိသော လယ်ကွက်မဟုတ်။ လယ်ကွက်အလယ်၌ တောင်ပူစာ တောင်ပိုကြီးနှင့် ကိုးလိုးကန့်လန့်အကွက်ကို ပေးခြင်းဖြစ်ရာ မူလစေတနာသည်ပင် အားနည်းနေကြောင်း စဉ်းစားမိလေ၏။ မည်သို့ဖြစ်စေ လက်ရှိအခြေအနေအရ မောင်စိသာ လျှင် ရတနာအားလုံး ပိုင်ဆိုင်ထိုက်ကြောင်း ဆုံးဖြတ်ကာ ခရိုင်အုပ်မင်းအား မောင်စိထံ ပြန်ပေးရန် ဆုံးဖြတ်ပေးလိုက်သည်။

သို့ကြောင့် မောင်စိတို့ ဇနီးမောင်နှံသည် ဒါနတင်းကြောင့် နေချင်းညချင်း ချမ်းသာကြွယ်ဝလာကြကာ ပထမဆုံး မိုင်းတိုင်မြို့တွင် အုတ်လှေကားနှစ်စင်းတပ်သော ရွှေကျောင်းကြီးကို စတင်ဆောက်လှူကြ၏။

မှတ်ချက်-ထိုရွှေကျောင်းတော်ကြီးမှာ ထိုခေတ် သူ့နန်းတို့၏ လက်ချက်ကြောင့် မီးလောင်ပျက်စီးသွားသဖြင့် ယခုအခါတွင် မရှိတော့ပြီ။ (စာရေးသူ)

မိုင်းတိုင် (၁၂)ပြင်သည် ထိုခေတ်ပြည်တွင်းရေး မငြိမ်အေးဖြင့် ဦးစီးသည် မိုင်းတိုင်မြို့မှ မြတောင်မြို့သို့ ခရီးပြောင်းရွှေ့နေခဲ့ရ၏။ မြတောင်သို့ရောက်သော် အလှူကြီးပေးကမ်း

www.burmeseclassic.com

ကူညီးထိုး ကြေညာခဲ့၏။ စကနဦးအထက်တွင် ရေးသား ဖော်ပြခဲ့သော ကောင်းမှုစာရင်းများမှာ (၁၂၄၀)ပြည့်နှစ် ဖော်ဆောင်သို့ ရောက်စက ပြုလုပ်ခဲ့သော စာရင်းမျှသာတည်း။

♦ ♦ ♦

(၁၂၄၃)ခုနှစ်တွင် ဦးစီသည် ရွှေ၊ ငွေ၊ ကျောက်သံ ကျောင်းအရှိန့်နှင့်အတူ သမီးမငွေကို သီပေါမင်းထံ သွားရောက်ဆက်သ၏။ သီပေါမင်းက ပစ္စည်းများကိုသာ လက်ခံ၍ မဟာသုတဘောဂဘွဲ့ဖြင့် သူဌေးအရာ ခန့်ထား၏။ သမီးကညာ မငွေကိုမူ ရွှေထီးတစ်လက် ခြီးမြှောက်ကာ အဘိုးရောက် အဂ္ဂိုဟေါ်အဖြစ် အသိအမှတ်ပြုထားလေသည်။

တစ်ခါသော် မြတောင်သူဌေးဦးစီအိမ်သို့ ဓားပြများ ဝင်ရောက်စီးနင်းကြ၏။ သို့သော် ဦးစီမှာ ကြိုတင်သတင်း ရထား၍ ဓားပြများ မလာမီကပင် မိမိကိုးကွယ်သော ဆုံး သပ်ကျောင်းဆရာတော်ထံ သွားရောက်ခိုလှုံနှင့်၏။ ထို ကျောင်းရှိ ဆန်အိုးကြီးတစ်လုံးထဲ ဝင်၍ပုန်းအောင်းနေရ၏။

ဓားပြများမှာ ဦးစီအား အိမ်မှာ မတွေ့သဖြင့် ကျောင်း သို့ရောက်လာကြပြီး ဆရာတော်ဦးဥာဏာအား ဦးစီကို ထုတ် ပေးရန် တောင်းဆိုကြသည်။

ဆရာတော်က "မင်းတို့သဘောရှိသလို တစ်ကျောင်း လုံး ရှာကြပါ"ဟု မိန့်ဆိုကာ ခွင့်ပြု၍ တစ်ကျောင်းလုံး ဝိုက်လံရှာဖွေရာ မတွေ့ရသဖြင့် ဆရာတော်ကို မချေမငံ ကြိမ်းမောင်းမြည်တွန်ကြ၏။

စိတ်လိုက်မာန်ပါ ကြိမ်းမောင်းပြောဆို၍ ပြန်ကြမည် ဖြစ်သောအခါ ဓားပြများက "တပည့်တော်များ ဂိန္ဓကုဋ္ဌကို ပြန်ပါဦးမယ်"ဟု နှုတ်ဆက်ကြသဖြင့် ဆရာတော်မှာ အသက်ပို၍ ပြီးလျက်သာ နေတော်မူခဲ့ရသည် ဟူ၏။

♦ ♦ ♦

ခရိုင်အုပ်မင်းသည် မောင်စီအား မလွဲသာမရှောင်သာ အာဏာကျော်ရုံမျှ အလယ်ကောင်တွင် တောင်ပို့ကမူရှိသော ဆည်ဆုံးလယ်ကို ခွဲဝေပေးပြီး မိမိနှင့် မသက်ဆိုင်တော့သော ရတနာအားလုံးကို သိမ်းယူလိုက်ခြင်းဖြစ်သည်။

မောင်စီကား ရတနာများကို မိမိနှင့်မဆိုင်သလို ရက် ရောစွာပေးနိုင်သည့်အပြင် မိမိပိုင်ဆိုင်သောအခါတွင်လည်း ညှီးစိမ်မခံ၊ သာသနာအတွက် ပဓာနထား၍ သုံးစွဲခဲ့၏။ ဤအပြင် တိုင်းပြည်အုပ်ချုပ် မင်းကိုပင်လျှင် မိမိပစ္စည်းကို နှဲဝေဆက်သနိုင်ခဲ့သည်။

သူဌေးဟူသည် တိုင်းပြည်တစ်ပြည်၏ ရတနာ၊ သို့ တည်းမဟုတ် တိုင်းပြည်အင်္ဂါရုပ်တစ်ခုပင်ဖြစ်သည်။ တိုင်း ပြည်အုပ်ချုပ် မင်းလုပ်သူတို့၏ကိုယ်စား စာသင်ကျောင်း၊ ဆေးရုံ စသည် ပြည်သူကောင်းကျိုးပြု လုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ကူညီထမ်းဆောင်ရသည်မှာ တာဝန် သိသော သူဌေးတို့၏ ဓမ္မတာပင် မဟုတ်ပါလော။

လူသာမန်တို့ပင်လျှင် ရာဇာဗလိခေါ် အခါအားလျော်စွာ အခွန်ပဏ္ဏာဆက်သပုံတော်မှု၊ ပုံပိုးမှုများ ပေးကြရလေ သည်။ မင်း၊ သူဌေး၊ ကုန်သည်၊ ပြည်သူအချင်းချင်း ရိုင်း ပင်းစေ့စပ် သင့်မြတ်သောအခါ သတ္တဝါတို့ ချမ်းသာကြ ကာ တိုင်းပြည်သာယာဝပြောနိုင်ပေလိမ့်မည်။

လယ်ကူလီဆင်းရဲသား မောင်စီဘဝမှ နေချင်းညချင်း ဆိုသလို သူဌေးဦးစီ ဖြစ်ရခြင်းမှာ မြတ်သောအလှူခံပုဂ္ဂိုလ် နှင့် ကြုံကြိုက်၍ လိုအပ်ခိုက် လိုအပ်သည်ကို ပကာသန အတ္တစိတ် အမျှော်မပါ စေတနာသန့်သန့်ဖြင့် ကိုယ်တိုင် ကိုယ်ကျ ဆွမ်းလှူရခြင်းသည် အထူးခြားဆုံး ဖြစ်နေပေ၏။ ထိုသို့သော လှူဒါန်းခွင့် မရပါလျှင် ထိုရတနာသိုက်ကြီး ပေါ်ကောင်းမှ ပေါ်လေဦးမည်။

မောင်စီ လှူလိုက်ရသော ဆွမ်းတစ်နပ်သည် ဆင်းရဲ သားလယ်သမား ထမင်းဖြစ်ရာ စားမြိန်ဖွယ်ကောင်းမွန်လှ သည်တော့မဟုတ်။ တန်ဖိုးကြီးမားခြင်းလည်းမရှိ။ သို့သော် ထိုဆွမ်းတစ်နပ်အတွက် ဖြစ်ပေါ်ခဲ့ရသော စေတနာအင်အား ကား တန်ဖိုးဖြတ်၍ မရပါတကား။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတာလေး(လွယ်လင်)

ကျမ်းကိုး

* ဓမ္မာစရိယဦးဌေးလှိုင်၏ ဓမ္မဒူတ ပထမတွဲ။

www.burmeseclassic.com

www.burmeseclassic.com

ရေးထုံးပယ်၍ စေ့းသုံးလွယ်နေကြသော ယနေ့၏ လူမှုဝန်းကျင်တွင် ဖြစ်သင့်ဖြစ်ထိုက်သော၊ လုပ်သင့်လုပ်ထိုက်သော အကြောင်းတရားကောင်းများကို စေတနာနှင့် လက်ဆင့်ကမ်းပေးလိုက်ပါသည်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့ကို ဦးထိပ်ထား၍ မွေးနုံသင့်မွေးနေ့ဆောင်၍ ဘုရားပွဲ လှူလိုပါလျှင်-

၁။ အုန်းသီး (၁)လုံး၊
၂။ ငှက်ပျော(ယော်)သီး (၃)ဖီး၊
၃။ ကွမ်း၊ ကွမ်းသီး၊ ထုံး၊
၄။ ထီး၊ တံခွန်၊ ကုက္ကား၊

ရေးထုံးစဉ်လာ လှူအစီအရာ ဓိုးယဉ်ဖွဲ့နှိုး

www.burmeseclassic.com

www.burmeseclassic.com

မုလေးပွား၊ ထီး၊ ကြက်လျှာအစုံ၊ ယပ်၊
ဆီမီး(ဖယောင်းတိုင်) (၅)တိုင်၊
ရေချမ်း (၃)ခွက်၊
သင်္ခါသော လှူဖွယ်ပစ္စည်း စသည်တို့ကို သပ်ရပ်သန့်ရှင်းစွာပြင်၍ နေအိမ်ရှိဘုရား၏ ရှေ့တော်တွင် ပြင်ဆင်ပြီး ဆက်ကပ်လှူဒါန်းရမည်။

အချိန်ရွေးစရာ မလိုပါ။ မွေးနေ့ဖြစ်လျှင် ပို၍ကောင်းသည်။ (၅)ပါးသီလ၊ (၈)ပါး သီလယူပြီး သန့်ရှင်းစင်ကြယ်သော အဝတ်အစားတို့ဖြင့် ရှိသေစွာ လှူဒါန်းပါ။ မွေးနံသင့်မွေးနေ့ကန်တော့ပွဲကို ဘုရားရှင်အား ကြည်ညိုသဒ္ဓါဖွား၍ လှူဒါန်းခြင်းကြောင့် ထိုသည့် အကျိုးတရားများကို ရရှိခံစားနိုင်ပါသည်။ ဆန္ဒလောဘနှင့် ဘယာမလှူမိရန် သိအပ်ပါသည်။

ဘုရားရှင်တော်ကို ဆွမ်းတော်ဆက်ကပ်ခြင်း

ခေတ်ကာလအလိုက် လူတို့၏ အလွယ်လိုက်ခြင်းအပြုအမူသည် အစဉ်အလာလိုဖြစ်၍နေသည်။ သုံးလေးကဒ္ဒတ်ထား ရှင်တော်မြတ်ဘုရားကို မျိုးရိုးစဉ်ဆက် လုပ်ဆောင်ချက်တစ်ခုအနေဖြင့် ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းတို့ကို ကပ်လှူရာတွင် ပန်းကို ဝယ်ယူပြီး ညောင်ရေအိုးထဲတွင် ရေဆေး၍ ထိုးထည့်ပြီး တင်လိုက်သည်။ ရေချမ်းကိုလည်း ဘစ်လက်မ ဖန်ခွက်လှလှကလေးများမှာ ရေထည့်၍ တင်လိုက်သည်။ ဆီမီးက လျှပ်စစ်မီးသီးရောင်စုံများနှင့် ထွန်းညှိထားသည်။ ဆွမ်းကပ်လျှင်လည်း သုံးလက်မ ပန်းကန်ပြားကလေးများနှင့် ထမင်းတစ်ဇွန်း ခပ်ထည့်ပြီး ထန်းလျက်တစ်လုံးနှင့်ထည့်၍ ဘုရားကို ဆွမ်းကပ်သည်ဟု တင်လိုက်သည်။

ဘုရားရှင်ကို ဆွမ်းကပ်နည်းမှာ ဘုရားကျောင်းဆောင်ကြီးများကျယ်ပြန့်လျှင် ပို၍ကောင်းသည်။ သို့မှသာဟုတ်လျှင် ထမင်းစားခုံ အဝိုင်းနှင့်ခင်းပြီး ဆွမ်းပန်းကန်(ထမင်းစားပန်းကန်)နှင့် ဆွမ်းပြင်၍ ဆွမ်းဟင်းကို ရှိသမျှတို့ကို ဟင်းပြင်ပန်းကန်နှင့်ထည့်ပြီး သောက်တော်ရေခွက်၊ လက်သုတ်ပဝါ၊ ဇွန်းတို့ဖြင့် ရဟန်းသံဃာတို့ကို ဆွမ်းကပ်လှူပုံအတိုင်း ပြင်၍ကပ်လှူရန် နေ့စဉ် မပြုလုပ်နိုင်၍ မွေးနေ့၊ မွေးရက်၊ မွေးလတွင် ဘုရားရှင်ကို ဆွမ်းကပ်လှူလျှင် နေ့စဉ် ခုံညင်းဦးလောက် တင်သည်ထက် ပို၍အကျိုးရှိပါသည်။

ဂြိုဟ်ဒဿာညံ့လျှင် ပြုလုပ်ရခြင်းသည် တချို့က ယူကြာဟုခေါ်သည်။ ဘေးအန္တရာယ်များပြားခြင်း၊ ရောဂါဝေဒနာ ထူပြောခြင်း၊ စိတ်မရွှင်လန်းမှု ကြုံဆုံရလျှင် နံတူပန်း အညွှန့်၊ အရွက်တို့ကို ဘုရားတွင် မွေးနေ့တိုင်း ကပ်လှူ၏။ ရှေးအခါက မြန်မာတို့သည် နေအိမ်တွင် လူမမာရှိလျှင် ဆေးဆရာကိုခေါ်၍ ကုသရာတွင် ရှေးသမားတော်ကြီးများက ဘုရားထု၍ ကိုးကွယ်စေခြင်း(နေ့နံအသားနှင့်) စီးပွားဖြစ်ထွန်းလိုခြင်း၊ ဖြစ်နေသောစီးပွား မယုတ်ရေးရန်တို့မှာ ဘုရားကို အနေကဓာတင်၍ ကိုးကွယ်ခိုင်းတတ်သည်။

(၇)နေ့သားသမီးတို့သည် စိပ်ပုတီးကို ဆောင်ထားတတ်ကြသည်။ ထိုစိပ်ပုတီးသည် နေ့နံသားကိုက်လျှင် အကျိုးကျေးဇူးများပြား၍ ရောဂါကင်း စိတ်ချမ်းသာခြင်းနှင့်ပြည့်စုံပြီး ပုတီးစိပ်ပြီးတိုင်း မေတ္တာပို့ရန် လိုအပ်သည်။

ဗုဒ္ဓဘာသာဝင်များအတွက် အကောင်းဆုံးသော ပုတီးစိပ်မှာ ဂုဏ်တော်ကိုးပါးဖြစ်သည်။

(၁) ဘုရားဂုဏ်တော်မှာ-
ဘုရားရှင်၏ တန်ခိုးတော်၊ ဉာဏ်တော်၊ ကံတော်၊ ပါရမီတော်၊ မေတ္တာတော်၊ စေတနာတော်တို့ပင် ဖြစ်သည်။

(၂) တရားဂုဏ်တော်မှာ-
ဘုရားရှင်၌တည်သော အရည်အချင်း၊ အရည်အသွေး၊ သတ္တိစွမ်းပကား၊ ကျေးဇူးတော်၊ ပေးအပ်၍ လိုက်နာကျင့်ကြံသင့်သော အသိတို့ ဖြစ်သည်။

(၃) သံဃာ့ဂုဏ်တော်မှာ-
ဘုရားဟောကြားသော တရားတော်တို့ကို ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ခြင်း၊ လူသာမန်တို့ သိသင့်သည်တို့ကို သိစေခြင်း၊ မမေ့မလျော့စေခြင်း၊ ထိန်းသိမ်း၍ ကောင်းသောလမ်းကို ပြခြင်းတို့ပင် ဖြစ်သည်။

ဝိသုဒ္ဓိအဂ်လ အဋ္ဌကထာတွင်လည်း ထို့အတိုင်းပင် ပြဆိုထား၍ ဂုဏ်တော်ကိုသာ ပုတီးစိပ်လျှင် အကျိုးဖြစ်ထွန်းမှု များပြားသည်။ အကျိုးကျေးဇူးများမှာ စိပ်ပုတီးပြုလုပ်သော နေ့နံသားကြောင့် အေးချမ်းခြင်း၊ ကြည်ညိုသဒ္ဓါဖွား၍ လှူဒါန်းရခြင်းကြောင့် ဝမ်းသာပီတိဖြစ်ရခြင်း၊ မျက်နှာပျင်လန်းခြင်း၊ ဉာဏ်အလင်းရခြင်း၊ နှုတ်အောင်မြင်ခြင်း(ပြောသမျှအောင်မြင်ခြင်း) စသည်တို့ဖြစ်၏။

ထိုသို့သော နည်းလမ်းများသည် ဗုဒ္ဓဘာသာစစ်စစ်တို့ဖြစ်သည့် ရှေးလူကြီးများ၏ လုပ်ဆောင်ချက်ကို သိရှိမှတ်သားမိသမျှ မျှဝေလိုက်ခြင်း ဖြစ်သည်။

စိုးယဉ်းဆွန်း

www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိနမော မနောလင်ပန်းအင်းတော်ကြီး

ပုရောဟိတ် ဆရာဦးမြတ်စံ

နွေဦးကာလရောက်ပြီဆိုလျှင် ပင်မြင့်ထက်မှ ဥဿြ အော်သံ ကြားရစမြဲ။ ယခုတော့ ထိုသို့မဟုတ်ပြီ။ မြို့ပြ၏ မွန်းကြပ်မှုက ခံစားတတ်သူများအဖို့ ဟိုလွန်ခဲ့သော နှစ်ငါးဆယ်ဆီသို့ အတွေးရိပ်များ ပြန်လည်ရောက်ရှိသွားပါသည်။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားတျာချင်းသည်လည်းကောင်း၊ စာဆိုတော်ကြီးဦးကြင်ဥ၏ ဆွေမစုဖက်၊ မြေပုံခက်အောင် မကာန်းကွက်ချွန်၊ တိမ်ရွက်ကွန်တို့လက်ပုစွန်ရိုး ရွာစကျွန်ငယ် အစချီသော နွေဦးကဗျာကို ပြန်လည်အမှတ်ရစေပါသည်။

ထိုစဉ်က ပြည်တွင်းစစ်ကလည်း ငွေ့ငွေ့ကျန်နေပါသေးသည်။ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံ ရန်ကုန်-မန္တလေး ရွှေမန်းမေရထားသည်လည်းကောင်း၊ ဂျိုးဖြူပိုက်ကြီးသည်လည်းကောင်း အဖျက်သမားတို့၏ ပစ်မှတ်ဖြစ်လာပါတော့သည်။ ရေပေးဝေသော ဂျိုးဖြူပိုက်ကြီး မိုင်းခွဲခံရပြီဆိုလျှင် ရန်ကုန်မြို့တွင် ရေများ (၁)ပတ်၊ (၁၀) ရက် ရေပြတ်သွားပါတော့သည်။ ထိုအခါ ရပ်ကွက်တွင်းရှိ ရေတွင်းများမှရေကို သောက်သုံးရေအဖြစ် သုံးစွဲရန် ခပ်ယူကြရပါသည်။ ချိုးရေအတွက်ကတော့ ကန်တော်ကြီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းကို မြူနီစီပယ် ယခုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားပါသည်။ ဖိုးစိန်လမ်းထိပ်တွင် ယခင်က ရေယူသော ရေစစ်ကန် ဖိုးစိန်လမ်းထဲတွင် ရေတွန်းစက်ရုံတချို့ ရှိပါသည်။ ကန်တော်ကြီးမှရေကို အနီးရှိရပ်ကွက်က သုံးစွဲခဲ့ဖူးကြမည်ထင်ပါသည်။

စာရေးသူတို့ရပ်ကွက်တွင် သဘာဝဘေးဒဏ်မှ များသောအားဖြင့် ကျရောက်မှု နဲသည်သည်ဟု ဆိုရပါမည်။ ယခင်ကဆိုလျှင် ပုဏ္ဏားအများစုနေထိုင်ရာ ပုဏ္ဏားကုန်းတွင် ရာမဘုရားကျောင်း၌ နှစ်စဉ် ပူဇော်ပွဲကို ရိုးရာမဟုတ် ဆရာကြီးကာလာစန်မှ ဦးဆောင်ကျင်းပလေ့ရှိသလို အိန္ဒိယနွယ်ဖွားတို့၏ ရိုးရာဂနက်(ရှိ) ကာလီမယ်တော်၊ လက္ခမီးမယ်တော် ပူဇော်ပွဲကလည်း ခြိမ့်ခြိမ့်သဲကျင်းပလေ့ရှိသောကြောင့်ဟု ပြောစမှတ်ရှိပါသည်။ ဝန်ကြီးချုပ်ဦးနု၏ ပြည်ထောင်စုအစိုးရ (၁၉၆၂)ခုနှစ် အာဏာသိမ်းကာလနောက်ပိုင်း အိန္ဒိယသို့ မိုဟာမဒီသင်္ဘောဖြင့် အိန္ဒိယနွယ်ဖွားများ ပြည်တော်ပြန်ကြပါသည်။

ရပ်ကွက်တွင်း၌ Geneius (ပါရမီထူးချွန်သူ)များ ရှိကြပါသည်။ အမေကြီးဒေါ်စိန်မှန်ဆိုလျှင် ကလေးအလေးအပျောက်အနည်းဆုံး၊ အရပ်လက်သည် ဝမ်းဆွဲဆရာမကြီးဖြစ်ပါသည်။ ၄င်းအိမ်၏ မျက်နှာချင်းဆိုင်တွင် နာမည်ကြီး (ခါး)လန်ချားထွန်းမောင် ရှိပါသည်။ တာမွေကါတ်တဲ့အမှုကြီးတစ်စုံတစ်ရာ ဖြစ်ပြီဆိုလျှင် နယ်ထိန်း (Surveillance) ဆားပုလင်းကလာ၍ အကူအညီတောင်းခံ၍ အမှုကိုဖော်ထုတ်ရလောက်သည်အထိ အားကိုးရသောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ စာရေးသူတို့ သိတတ်ချိန်တွင် ရပ်ကွက်သားယာရေးကို ဦးဆောင်ပြီး ဘာသာရေးသမားကြီး ဖြစ်နေပြီဖြစ်ပါသည်။

တစ်ဖန် လမ်းထဲတွင် ဘအေး သုံးယောက်ရှိပါသည်။ ကားဘအေး၊ ကျားဘအေး၊ ဆယ်အိမ်ခေါင်းဘအေး ဟူသတတ်။ ကားဘအေးမှာ Volkswagon (ဗောက်ဝက်ကွန်) Micro Bus (ပေါင်မုန့်ကား) ပိုင်သူဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ပါသည်။ ကျားဘအေးကတော့ ကျား (Draught) တွင် ဘုရင်တစ်ဆူအဖြစ် ကျားထိုးကျွမ်းကျင်ပါသည်။

မြန်မာစစ်တုရင်ကိုလည်း ကျွမ်းကျင်ပြီး စာရေးသူ၏ ဖခင်နှင့် လက်ရည်တူကစားဖက်များ ဖြစ်ပါသည်။ ထိုဦးက လက်မှုပညာတော်သော ပုဂ္ဂိုလ်တစ်ဦးမှာ ဦးလှအောင် ဖြစ်ပါသည်။ စွန့်လုပ်ခြင်း၊ ကြိုးဖြင့်ဆွဲရသော ကလေးကစားစရာ လေယာဉ်ပျံ၊ ရေပေါ်တွင် ပေါ်နေသော ဘဝ်ကလေးများကို သဘာဝဖော့ပင်မှ ဖော့ကို ဓားဖြင့်လှီးဆေးဆိုးရောင်စုံခြယ်ပြီး လမ်းဘေးတွင် ရောင်းချ၍ အသက်မွေးဝမ်းကျောင်းပါသည်။ ၄င်း၏ လက်ရင်းတပည့် ဘဲထွန်းထွန်းဆိုလျှင် ရပ်ကွက်နှင့် အလွန်ဝေးသော လူစားကားရာစေးဌ၌ အစာမကျွေး ရေမတိုက်ရသော ဘဲလေးတွေဟု အော်ကာ ရောင်းချ၍ အသက်မွေးပြီး ရပ်ကွက်တွင်း

www.burmeseclassic.com

www.burmeseclassic.com

အပ်ချုပ်ရေးဌာန အင်မတန်မှ မောက်မာစွာ အာဏာပြလေ့ရှိပါသည်။ ဒါကလည်း ခေတ်ပညာ မတတ်သော်လည်း ပြောရပါရမီကြောင့် (၁၀)စုနှစ်ကျော်ကျော်လောက် ရပ်တည်ကြီးကို အုပ်ချုပ်သွားခဲ့နိုင်ခြင်း ဖြစ်ပါသည်။

အလားတူပင် ရုပ်ရှင်မင်းသားကြီး အကယ်ဒမီဦးသိန်းမောင်နှင့် ဟာနုမန်ဂေါဖီ ထုပ်လုပ်ရောင်းချသော အိန္ဒိယနွယ်ဖွား ဟိန္ဒူဦးသိန်းမောင်ဟူ၍ နှစ်ဦးရှိပါသည်။ နှစ်ဦးစလုံး သဘောကောင်းကြပြီး ရပ်ရေးရွာရေးတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြသလို သာရေးနာရေး ပညာရေးကိစ္စတွင် လက်မနှေးဘဲ သူထက်ငါ ကုသိုလ်ပါဝင်ကြသူများ ဖြစ်ပါသည်။ ပုဏ္ဏားပျံဆရာနီဆိုလျှင် ကန်တော်ကြီးရေပြင်တွင် တစ်နာရီကျော်ကြာ မလှုပ်မယှက် ရေကသိုက်ပြကွက်ကို ပြဖူးပါသည်။ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးခြားနှစ် သွေးလှုံရှင်တစ်ဦး ဖြစ်ပါသည်။

သင်္ကြန်ကာလရောက်ပြီဆိုလျှင် ကျိုက္ကဆံလမ်းမကြီးဆုံ အလုပ်သမားဆေးရုံကြီး မျက်စောင်းထိုးပေါ်တွင် သင်္ကြန်ဆုပေးမဏ္ဍပ်ကြီးတစ်ခုသို့ အနယ်နယ်အရပ်ရပ်မှ အလှူ၊ အက၊ သဘာဝ၊ သံချပ်ကားများ ပြိုင်ပွဲဝင်ကြပါသည်။ ကမ္ဘာကျော်ဟာသမဟာစင်တော်ကြီး၊ ရွှေညာမြေမှ နာမောင်၊ ဒဲဒိုး၊ ဆိတ်ပါးစပ်၊ နတ်မျက်စိ အစရှိသောအားများကို လက်လွတ်မခံတမ်း ကြည့်ရှုအားပေးကြပါသည်။ အကယ်၍ ကြည့်ရှုခွင့်လက်လွတ်သွားပါက တစ်နှစ်တော်နောက်ကျသွားပြီဟု ပြောစမှတ်ရှိပါသည်။ ရေရှားသဖြင့် ပုဏ္ဏားကုန်းတောင်ပိုင်း ရွာလယ်ဦးဒေါ်ရကားရှိ ရေတွင်းများတွင် ရေခမ်း၍ သုံးရသလို ဒေါ်ဘွင့်လမ်းရှိ ရေတွင်းတွင်လည်းကောင်း၊ ကျောက်မြောင်း မြို့သစ်(၂)လမ်းတွင်ရှိသော ရေတွင်းတွင်လည်းကောင်း သောက်သုံးရေအဖြစ် ရေကို ပုံးဖြင့် ငင်ယူသုံးစွဲကြရပါသည်။

မင်္ဂလာတောင်ညွန့်တွင် ရေတွင်းများရှိသော ရပ်ကွက်ကို ရေတွင်းကုန်းရပ်ကွက်ဟု ခေါ်စမှတ်ပြုပါသည်။ ရေတွင်းအနားတွင် နေထိုင်သူများကတော့ ကျိုးဖြူဝိုက်မှ ရေလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ရေတွင်းမှရေကို နွေရာသီတွင် ရောင်၍ ရေချိုးကြပါသည်။ သဘာဝတွင်းထွက်ရေဖြစ်သဖြင့် အေးစိမ့်နေပါသည်။ ယခုထက်တိုင် ဦးဒေါ်ရကားခြံမှသူများသည် သဘာဝတွင်းရေကိုသာ အသုံးပြုနေကြပါသည်။ စည်ပင်မှ ရေလာလာ၊မလာလာ မမှုတော့ပြီ။ ရေတွင်းမှ ရေကိုသာ ပုံမှန်သုံးစွဲလာသည်မှာ နှစ်ပေါင်း(၅၀)ကျော်နေပြီ ဖြစ်ပါသည်။

တစ်နေ့ ကျိုးဖြူရေ မလာသဖြင့် ရပ်ကွက်တွင်းမှ လူအချို့ ပုဏ္ဏားကုန်းရွာလယ်မှ ရေတွင်းတွင် ပုံးကို ကြိုးဖြင့်ဆွဲ၍ တွင်းထဲမှရေကိုငင်ရာ ကြိုးပြတ်ပြီး ရေတွင်းထဲသို့ ရေပုံးနစ်မြုပ်သွားပါသည်။ ရေတွင်းနားတွင်နေသော အိမ်အချို့မှ ရေတွင်းတွင် ပုံးနှစ်ခြင်းဖြစ်လေ့ဖြစ်ထရှိသဖြင့် (၄)မျက်နှာပါသော သံချိတ်ကို ကြိုးဖြင့်ဆွဲ၍ ရေတွင်းထဲမှ ရေပုံးကို ချိတ်ယူရန် ဆောင်ထားကြပါသည်။ သို့သော် ထိုသို့ချိတ်ဖြင့် ဆွဲသော်လည်း ရေပုံးက ပေါ်မလာပါ။

ထိုအခါ ဘဲရပ်လက်မှပညာရှင် ဦးလှအောင်၏ အခန်းကဏ္ဍက ပေါ်လာပါသည်။ ရေတွင်းထဲသို့ဆင်းကာ ရေပုံးဆယ်ယူစေပါသည်။ ဆယ်ခတစ်ကျပ်ပေးရပါသည်။ ရေပုံးဘာလီပုံးဖိုးမှာ (၂)ဂါလန်ဆံ့ သွပ်ရေပုံးကိုင်းပုံးမှာ (၄)ကျပ်ဖြစ်၍ တစ်ကျပ်ပေးလျှင် (၄)ကျပ်မဆုံးရှုံးတော့ပါ။ ထို့ကြောင့် ဦးလှအောင်ကို တစ်ကျပ်ပေး၍ ရေတွင်းထဲမှ ရေပုံးကို ဆယ်ခိုင်းခြင်း ဖြစ်ပါသည်။

ဦးလှအောင်က သက်ကယ်ကြိုးကို ခါးတွင်ချိ၍ ရေတွင်းထဲသို့ တွင်းနံရံကို ခြေကန်၍ ဆင်းသွားပါသည်။ နာရီဝက်ခန့်ထိ ရေငုပ်၍ရှာပါသည်။ ခေါင်းပြန်ဖော်လိုက်အသက်ရှူလိုက်၊ ရေပြန်ငုပ်လိုက်ဖြင့် အလုပ်ရှုပ်နေပါသည်။ နာရီဝက်ကျော်သောအခါ ဦးလှအောင်လက်ထဲတွင် လင်ပန်းသဏ္ဌာန် အဝိုင်းတစ်ခု အိုးဖုံးပမာဏ လက်ဝှေ့ကိုင်၍ ပေါ်လာပါသည်။ ရေပုံးတော့ ပါမလာပါ။ ရေတွင်းအပေါ်မှ လူများက ဦးလှအောင်ကို ဝိုင်း၍ဆွဲပြီး မ,တင်ကြပါသည်။ ထိုလူအုပ်ထဲတွင် စာရေးသူ၏ဖခင်လည်း ပါဝင်ပါသည်။

ဦးလှအောင်လက်မှ ကိုင်၍တက်လာသော ဒန်အိုးဖုံးပုံစံမှာ ကြေးနီဖြင့် လုပ်ထားသော လင်ပန်းဖြစ်ကြောင်း နောက်မှသိရပါသည်။ ဖခင်ဖြစ်သူက ရွေးဟောင်းလက်ရာပစ္စည်းများ စိတ်ဝင်စား၍ ရေပုံးဆယ်ခိုင်းသူကိုယ်စား ဦးလှအောင်အား ငါးကျပ်ပေးလိုက်ပါသည်။ ရေပုံးမြုပ်၍ ရေပုံးဆုံးသူအား ရေပုံးဝယ်ရန် သွပ်ရေပုံးဖိုး လေးကျပ်ပေးလိုက်ပါသည်။ ဦးလှအောင်ထံမှ ကြေးနီလင်ပန်းကို အဖေက တောင်းယူလိုက်ပါသည်။ ဦးလှအောင်ကလည်း ဝိုက်ဆင်းကျပ်ရ၍ ကြည်ဖြူစွာပင် ဖခင်ဖြစ်သူအား ပေးလိုက်ပါသည်။ ထိုစဉ်က လူတစ်ယောက်၏ လုပ်အားခမှာ နေ့စား(Daily Wages) သုံးကျပ်ဆယ့်ငါးပြား ဖြစ်ပါသည်။

အိမ်ရောက်တော့ အိမ်မိ ၂ချောင်းထဲမှ ပြာဖြင့် မွတ်

www.burmeseclassic.com

တိုက်ပြီး မန်ကျည်းရည်ဖြင့် ကြေးလင်ပန်းကို တစ်ည စိမ်ထားပါသည်။ ထိုသို့ ညဘက်စိမ်ထားသောအခါ အင်တုံအတွင်းမှ တစ်ခါ,တစ်ခါ လင်းလက်သော အရောင်များ လျှပ်စီးလက်သလို တွေ့ရပါသည်။ အင်တုံနှုးကပ်၍ သွားကြည့်တော့လည်း ဘာမှမထူးခြားပါ။

မနက်မိုးလင်းသောအခါ အဖေက အုန်းဆံဖတ်ဖြင့် ကြေးလင်ပန်းကို အထပ်ထပ် တိုက်ချွတ်ပါသည်။ ထို့နောက် နေရောင်တွင် အခြောက်ခံပြီး Brasso (ဘရာစို)ချေးချွတ်ဆေးဖြင့် ပွတ်တိုက်လိုက်သောအခါ ပြောင်လက်လာပါတော့သည်။ ထိုအခါကျမှ အိမ်၌ အဖေဆောင်ထားသော ကျောက်ကြည့်မှန်ဘီလူးဖြင့် ကြည့်သောအခါ ပုံပါအတိုင်း အင်းကွက်များ၊ စမရုပ်များကို တွေ့ရပါသည်။

အဖေက လင်ပန်းတွင် စီရင်ထားသော အင်းကွက်များ၊ စမရုပ်များကို စာအုပ်ပေါ်တွင် ခဲတံဖြင့် ကူးယူပါသည်။ ထိုစဉ်က ဘဲငန်း(Swan) ဆွမ်းခံတံနှင့် Sphinx (မနုဿီဟ)ကို ခွေးပုံစံထိုင်နေသဖြင့် လူတွေက အမှတ်မှားကာ ခွေးတံဆိပ်ခံတံဟု ခေါ်ဝေါ်သုံးစွဲကြပါသည်။ Swan ခဲတံ ဘဲငန်းတံဆိပ်မှာ နောက်တွင် ခဲဖျက်မပါပါ။

သိဒ္ဓိနမော မနောလင်ပန်းအင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကဖြင့် အသေးစိတ်မှတ်တမ်းတင်ပြီး သိမ်းထားပါသည်။ ထိုမှတ်တမ်းကိုတော့ ကြေးသောက်တော်ရေခွက်ငါးခွက်ဝယ်ပြီး ကြေးသောက်တော်ရေလင်ပန်းအဖြစ် အသုံးပြုပါသည်။

ထိုအချိန်မှစ၍ မိသားစု၏ စီးပွားရေးမှာ (၁၉၆၂) တော်လှန်ရေးကာလနောက်ပိုင်းထက် ပိုမိုတိုးတက် အဆင်ပြေလာပါသည်။ ယခင်က အဆက်အသွယ်ပြတ်သွားသော ဈေးဝယ်သူ ဧည့်သည်များ၊ အလုပ်အပ်သူများ ပြန်၍ဆက်သွယ်လာပါသည်။ မိဘတို့၏ မွေးရပ်မြေဇာတိတွင်သွား၍ အလှူအတန်းများ ပြုလာနိုင်ကြပါသည်။ သားသမီးများကိုလည်း ကိုယ်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နိုင်ပါသည်။ လက်ရှိပျဉ်ထောင်အိမ်ကိုလည်း သွပ်မိုး၊ ဆိုင်းဘုတ်၊ ပျဉ်ထောင် အတွင်း(၂)ထပ် ထပ်ခိုးပါအိမ်အဖြစ် ပြင်ဆောက်လာနိုင်ပြီး အတိတ်ဘဝက ကုသိုလ်ဒါနပါရမီ အလျောက် အဆင်ပြေလာကြောင်း တွေ့ရှိခံစားရပါသည်။

စာရေးသူသည် (၁၉၈၉)ခုနှစ်၊ ဩဂုတ်လ (၂၇)ရက် ဆွေတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ပြည်ပအလုပ်အကိုင် အတွက် ထွက်ခွာသွားခဲ့ပါသည်။ ဖခင်ဖြစ်သူမှာ (၁၉၈၉) ခုနှစ်၊ စက်တင်ဘာလ (၃)ရက်တွင် ဝေဒနာမခံစားရဘဲ အိမ်တွင် ငြိမ်းချမ်းစွာ ဘဝတစ်ပါးသို့ ကူးပြောင်းသွား ခဲ့တော့သည်။ ထိုစဉ်က စာရေးသူသည် Pahoyolthin Road (ပဟိုရိုသင်းလမ်းမကြီး)အောက်တွင်ရှိသော အနုစာဝါရီ (Anusawadi Condominium) တွင် နေထိုင်လျက် ရှိပါသည်။

ဖခင် အနိစ္စရောက်သောညတွင် ထူးဆန်းသောအိပ်မက်ရပါသည်။ ဖခင်က လင်ပန်းကိုကိုင်၍ စာရေးသူအား လက်ဆင့်ကမ်းထိန်းသိမ်းရန် အမူအရာဖြင့် ပြောပါသည်။ နှုတ်ကတော့ ဖွင့်ဟမပြောခဲ့ပါ။ ထိုအချိန်က စစ်အုပ်ချုပ်ရေးကာလဖြစ်၍ ဖခင်၏နာရေးကို ကျန်ရစ်သူမိသားစုအဓိက စာရေးသူ၏ဇနီးက စီစဉ်ဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်စဉ် အိမ်၏ဘုရားစင်ထက်၌ရှိသော မနောကြေးလင်ပန်းမှာ ပျောက်ခြင်းမက ဖခင်နှင့်အတူ ပျောက်ဆုံးသွားပါတော့သည်။ ဥစ္စာပျောက် ငရဲကြီး၊ မည်သူယူသည်ဟု မစွပ်စွဲလိုပါ။ သို့သော် ဖခင်ကြီးလင်ပန်းမှ ကူးယူထားသော မိတ္တူအင်းစမကိုမူ စာရေးသူ ပြည်ပမှပြန်လာသောအခါ ဖခင်ကြီး၏ သံသေတ္တာတွင်းမှ ရရှိလိုက်သဖြင့် ဖော်ပြရေးသားလိုက်ပါသည်။ ရွှေ၊ ငွေ၊ ကြေးနီဖြင့် စီရင်ရကြောင်း ဖခင်ကြီး၏မှတ်စုတွင် ရေးသားထားပါသည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁၇ ၆၆၄၆

နှစ်စဉ်ပါင်း(၃၀)ခေတ် အကြားအမြင် ပေးသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ကမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းသေးကျွန်း၊ ပဲခူး၊ ဒဒဒွန်ပါ၊ သန်လျင် ကျောက်ဈေး၊ ဘုရားဟည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်ငြိမ်ရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

ဖန်စုဉာဏ် - နံနက်(၈း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ တန်းလာဖန်ဦးတိတ်သည်။

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - ဖန်စုဉာဏ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမုတ်တိုင်။ ဖုန်း-၀၉ ၅၁၂၄၄၆

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

ကပ်ကျော်လာဘ်ခေါ် ဗျည်းနဝင်းဘုရား

စာရေးသူ၏မိခင်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ဇာတိ ဖြစ်ပါသည်။ စာရေးသူ၏ အဘွားတွင် ညီအစ်ကို မောင်နှမများအနက် မွေးချင်းအငယ်ဆုံးမှာ ယောကျ်ားလေး ဖြစ်၍ ညီငယ်ဟု အမည်မှည့်ထားပါသည်။ အမေတို့က သူ၏ အမေ့မောင်ဖြစ်သူအား ဦးလေးကိုညီငယ်ဟု ခေါ်ပါသည်။ အမေတို့က ဖျာပုံအပြောင်လမ်း(ယခု ဗိုလ်ချုပ်လမ်း)တွင် နေပါသည်။

ဖျာပုံ မင်းကျောင်းဆရာတော်မှာ အမေတို့ ငယ်မွေးခြံပေါက် ကစားဖော်များဖြစ်၍ ဆရာတော်၏ဘွဲ့ကို ဦးသံမီးကျီဟု နာမည်တပ်ကြပါသည်။ ငယ်စဉ်က လိုချင်တာ မရလျှင် မြေကြီးပေါ်တွင် လူးလှိမ့်၍ ငိုပါတော့သည်။ ယင်းကိုအကြောင်းပြု၍ မင်းကျောင်းဆရာတော်ကြီး ဖြစ်လာသော်လည်း မိခင်ကြီးက ဦးသံမီးကျီဟု နှုတ်ကျိုးနေပါတော့သည်။

ဖျာပုံမြို့ရှိ ခရေပင်ဈောက်ထိုးပင်သည် နာမည်ကျော်ကြားပါသည်။ ဖျာပုံကို နာမည်အမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖော်ကြပါသည်။ မွန်ဘာသာဖြင့် ထမင်းစျေးမြို့ဟု ခေါ်ကြပါသည်။ စာရေးသူတို့ငယ်ငယ်က ဖျာပုံမြို့ကို နန်းညွှန့်နွယ် (၁)၊ (၂) သဘော်တို့ဖြင့် အစုန်အဆန်စီး၍ သွားလည်ဖူးပါသည်။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် အစိုးရသဘော်ကို ဧရာဝတီသဘော်ဟု ခေါ်ဝေါ်ကြပါသည်။ ယခင်က ဧရာဝတီသဘော် ကုမ္ပဏီမှ တာဝန်ယူပြေးဆွဲကြသောကြောင့် ဖြစ်ပါသည်။ ကြားသဘော်မှာ ပုဂ္ဂလိကသဘော်များကိုခေါ်ပြီး သဘော်ဆိုက်ကပ်ရာတွင် ဧရာဝတီဆိပ်ကမ်းနှင့် ကြားဆိပ်ကမ်းဟူ၍ ခွဲခြားထားပါသည်။ ကြားသဘော်ဆိပ်အထက်တွင် သန်းသန်းထမင်းဆိုင်သည် ရန်ကုန်မြို့ကဲ့ နာမည်ကြီး ထမင်းဆိုင်များနှင့် မခြား အရသာက လိုက်မီပါသည်။

ခရေပင်ဈောက်ထိုးသည် အကိုင်း၊ အခက်၊ အရွက်များက အပေါ်သို့ မတက်ဘဲ မြေကြီးဘက်သို့ ဦးတည်နေပါသည်။ အပေါ်ဘက်တွင် အညွှန့်၊ အခက်များ မရှိဘဲ လေရူးမြှစ်(ရက္ခဗေဒအခေါ်)ပုံစံ ဖြစ်နေပါသည်။ ထူးခြားသော ဝိသေသရှိသဖြင့် အနီးအနားတွင် အပေါ့အပါး၊ အလေးအနင်း မသွားရဲကြပါ။ သွားလျှင် စိတ်ဖောက်ပြန်သည်အထိ ခံစားကြရပါသည်။

ခရေပင်ဈောက်ထိုးသည် မင်းကျောင်း၏ ပရိဝုဏ်အတွင်း ပေါက်နေပါသည်။ ဘယ်သူက လာစိုက်သည် ဘယ်တုန်းက ပေါက်နေသည်ကို အတိအကျ မဖော်ပြနိုင်ပါ။ အမေတို့ သိတတ်ခါစ၌ (၁၄)နှစ်သမီးအရွယ်တွင် (၅)ပေအမြင့်လောက် ရှိနေပြီဟု သိရပါသည်။

ထိုစဉ်က ဦးလေး ကိုညီငယ် (အမေ၏ဦးလေး)က အသက်(၂၀)အရွယ် ဖြစ်နေပါသည်။ ဘုန်းကြီးကျောင်းတွင် ဝေယျာဝစ္စလာလုပ်ရင်း ခရေပင်ဈောက်ထိုးသည် ထူးခြားသော ဝိသေသရှိသည်ဟုဆိုကာ ခရေပင်ဈောက်ထိုးအနီးတွင် ပုတီးစိပ်လေ့ရှိပါသည်။ ဖျာပုံမြို့၏ ထူးခြားသော ဝိသေသမှာ ဖျာပုံရာမဇာတ်တော်ကြီး ဖြစ်ပါသည်။ နှစ်နှစ်နှစ်တိုင်း သီတင်းကျွတ်လတွင် မြို့ပေါ်မှ အရပ်သားများက ရာမဇာတ်တော်ကြီးကို အပိုင်းလိုက်ခွဲကာ ကပြအသုံးတော်ခံလေ့ရှိပါသည်။ အခြားဝိသေသမှာ ဗလိနတ်စာကျင်းပလေ့ရှိပါသည်။ ပြာသိုလ ဗလိနတ်စာပူဇော်ပွဲတွင် သမ္မာဒေဝနတ်များအပါအဝင် လောကပါလနတ်မင်းများ ပါမကျန် ပူဇော်လေ့ရှိပါသည်။ ဗလိနတ်စာကို မဃဒေဝလင်္ကာတွင် မန်လည်ဆရာတော်ကြီးက ဆွေမျိုး၊ ဧည့်ဟူ မျိုးကွယ်သူ၊ မင်းမူ၊ နတ်များ ဗလိငါးဟူ၍ ဖွင့်ဆိုခဲ့ပါသည်။

(၁) ဆွေမျိုးဆိုသည်မှာ တစ်အူထုံဆင်း ဆွေမျိုးများကို ကျွေးမွေးစောင့်ရှောက်ခြင်း ဖြစ်ပါသည်။

(၂) ဧည့်ဟူဆိုသည်မှာ မိမိထံလာ၍ လည်ပတ်သော ဧည့်သည်စောင်သည်များကို ကျွေးမွေးဧည့်ခံခြင်း ဖြစ်ပါသည်။

(၃) မျိုးကွယ်သူဆိုသည်မှာ ကွယ်လွန်ပြီး ဘဝတစ်ပါးကို ပြောင်းသွားသောသူများကို ရည်စူး၍ အလှူဒါနပြုခြင်း ဖြစ်ပါသည်။

(၄) မင်းမူဆိုသည်မှာ ရေမြေ့သနင်း ပြည့်ရှင်မင်းကို ပူဇော်ပ,သခြင်း (ယခုခေတ်စကားအရ အခွန်ဘဏ္ဍာများ ဆောင်ခြင်း) ဖြစ်ပါသည်။

(၅) နတ်များ ဆိုသည်မှာက အလွန်ရှင်းပါသည်။ သမ္မာဒေဝ ကိုယ်စောင့်နတ်အပါအဝင် မြို့စောင့်နတ်၊ ရွာစောင့်

www.burmeseclassic.com

www.burmeseclassic.com

ကြားကို ပူဇော်ပ,သခြင်း ဖြစ်ပါသည်။

ဦးလေး ကိုညီငယ် ပုတီးစိပ်သောအခါ သတ်သတ်မှတ်ပုတီးစိပ်ခြင်းမဟုတ်မူဘဲ စိတ်ထဲရှိရာ စိတ်ကူးယဉ်ရာ အာရုံရရင်ရာလို ပုတီးစိပ်ခြင်း ဖြစ်ပါသည်။ ဆရာလျှင်လည်း မစိပ်ဖြစ်ပါ။ မြို့ထဲတွင် ဓာတ်ပွဲ၊ အငြိမ့်ပွဲ အပျော်ပွဲရှင်ပွဲများရှိလျှင်လည်း မစိပ်ဖြစ်ပါ။

တစ်နေ့သောအခါ မင်းကျောင်းသို့လာ၍ တည်းခိုသော အာဂန္တုရဟန်းတစ်ပါးနှင့် တွေ့ပါသည်။ ဘွဲ့တော်မှာ အရှင်အရိယာဝံသဟု သိရပါသည်။ ဦးလေး ကိုညီငယ်က ကျေးရေချမ်း ကမ်းလှမ်းခြင်း၊ ဆွမ်းကွမ်းများကို တာဝန်ယူ ဆောင်ရွက်ပေးခြင်း၊ ရပ်ထဲရွာထဲတွင် အရှင်အရိယာဝံသကို မိတ်ကြောင်းပြု၍ နိဗ္ဗာန်ဆော်ပြုလုပ်၍ ဆွမ်းချိုင့်များ ယူဆောင်ဆက်ကပ်ပေးလေ့ရှိပါသည်။

ထိုအခါ မင်းကျောင်းတွင် တည်းခိုနေသော အာဂန္တု ရဟန်း၊ အရှင်အရိယာဝံသက ဦးလေး ကိုညီငယ်အား အခါတကျ ပုတီးစိပ်နိုင်ရန် ပထမဘိုးဘိုးအောင် မဟာအင်္ဂါနှင့်ပုတီးကျင့်စဉ်ကို ပြပေးပါသည်။

ပုတီးစိပ်ကျင့်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မွေးနေ့မှစတင်၍ အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ရပါသည်။ ပထမအဆင့် (၁)ပတ် (၉)ရက်၊ ဒုတိယအဆင့် (၂)ပတ် (၁၈)ရက် စသည်ဖြင့် ပုတီးတစ်ပတ်စီတိုး၍ နဝမအဆင့်အထိ အဓိဋ္ဌာန်ကျင့်စဉ် ပြုလုပ်ရပါမည်။ အဘပထမဘိုးဘိုးအောင်အား အာရုံပြု၍ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရပါမည်။ ပဋ္ဌာန်းဆက်ပါရမီအလျောက် အကြားဓာတ်၊ အမြင်ထက် မနောပေါက်၍ ပထမဓာတ်များ ပွင့်လာပြီး သိဒ္ဓိဆယ်ပါး အောင်မြင်ပေါက်ရောက်ပါလိမ့်မည်။ ဦးလေး ကိုညီငယ်လည်း အရှင်အရိယာဝံသ၏ စနစ်တကျလမ်းညွှန်ချက်ကို တစ်သဝေမတိမ်း လိုက်နာပြီး ခရေပင်ဓောက်ထိုး၏ အောက်၌ ပုတီးစိပ်ကျင့်စဉ် အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

အဓိဋ္ဌာန်ပြည့်သောနေ့မှာပင် အရှင်အရိယာဝံသက ပ,လေးထောင့်သေအင်းကို စီရင်ပြီး ဖယောင်းတိုင်တွင်ပတ်၍ ဆက်လက်၍ အဓိဋ္ဌာန်ဝင်စေပါသည်။ အင်းဆဲဂါထာကိုလည်း နေ့စဉ်(၁၀၈)ခေါက် ပုတီးတစ်ပတ် စိပ်စေပါသည်။ ပ,လေးထောင့်သေအင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပဌမ 'ပ' လေးထောင့်သေအင်း

ပ	သ	က္ခ	ဒု	မေ	တော	ပ
လ	နိ	ဋ္ဌ	သ	ဒံ	ဝိ	ဿ
မံ	နာ	က	ကာ	နံ	က	ဒု
သ	မေ	မ	နိ	တိ	ဒ	ဘ
နိ	တော	ဝိ	က	သ	ဒ	ယာ
နံ	ဒု	ဋ္ဌ	နိ	ဒိ	ဇေ	နိ
ပ	ဒု	မ	မ	ဿ	မာ	ပ

စမဝိဇ္ဇာပထမဘိုးဘိုးအောင်၏ မဟာနဝင်းအဓိဋ္ဌာန်ပုတီးကျင့်စဉ်

နေ့	ပုတီးစိပ်ရမည့် ဂုဏ်တော်ကိုးပါးအဆင့်ဆင့်
ပထမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ အရဟံ
ဒုတိယနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
တတိယနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော
စတုတ္ထနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သုဂတော
ပဉ္စမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ လောကဝိဒူ
ဆဋ္ဌမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ
သတ္တမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ
အဋ္ဌမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
နဝမနေ့	ဩဘာသ။ ။ နမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဘဂဝါ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(နံ)နေရာတွင် အဓိဋ္ဌာန်ဝင်မည့်သူ၏ မွေးနံ့ထည့်ပါ။ အဓိဋ္ဌာန်ပြည့်သောနေ့မှာပင် ဦးလေး ကိုညီငယ်မှာ ဘုန်းကြီး အရှင်အရိယာဝံသကို မတွေ့ရတော့ပါ။ အချိန်က မင်းကျောင်းမှ ထွက်ခွာသွားသည် မသိလိုက် တော်တော်စိတ်ပျက်သွားပါသည်။

ညအချိန်သန်းခေါင်ယံ၌ ခရေပန်းနံ့များ သင်းလာပြီး ပြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ယောက်က 'ဒကာညီ ထ..ထ..မန္တလေး မဟာမြတ်မုနိဘုရား သွားဖူးကြအောင်' ဟူ၍ ဦးလေး ကိုညီငယ်အား လာနှိုးပါသည်။ ထိုအခါ ဦးလေး ကိုညီငယ်က အိပ်ချင်မူးတူးဖြင့် လုံးကို အတင်းဖွင့်ကာ 'ခဏစောင့်ပါဦးခင်ဗျာ၊ သွားတော် အမေနဲ့ အစ်မကို ခွင့်ပန်ပါရစေဦး' ဟု ပြန်လျှောက်ပါသည်။

'အချိန်မရှိဘူး၊ ပြန်လာမှ ရှင်းပြပေတော့' ဟု ဝတ်ပြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က လောလောဖြင့်ပြောကြ၍ နောက်က သွားပါသည်။

နောက်အရာထမ်ရောက်သောအခါ မန္တလေး မဟာမြတ်မုနိဘုရားကြီးကို ဆွမ်း၊ ရေချမ်း၊ ဆီမီး ကပ်နှင့်ပြီးပြည့်စုံပါသည်။

ထို့နောက် ဝတ်ပြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က 'ညီငယ်က ကို သံယောဇဉ်သိပ်ကြီးတာကိုး။ ပြန်တော့' ဟု ပြန်ပြောပါသည်။

'ကိုင်း..ဘာလိုလဲ၊ တောင်းတော့' ဟု မိန့်ပါသည်။

ထိုအခါ ရိုးသားသော ဦးညီငယ်က အိမ်ပြန်လျှင်နှင့် အစ်မကို မျက်နှာလုပ်ရန် ဘူးသီးတစ်လုံး ထောင်းသည်။

သို့သော် ဝတ်ပြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က အလိုက်သိပြင့် 'ကျုပ်ကို ရဟန်းဝတ်နဲ့တုန်းက ဆွမ်းကပ်ခဲ့တဲ့ ဘုန်းကြောင့် ဟောဒီအင်းကမ္မဝါ ယူသွားပါ။ ဘူးသီးသည်း ယူသွားပါ' ဟု ပေးလိုက်ပါသည်။

မနက်ရောက်သောအခါ ဦးလေး ကိုညီငယ်တစ်ယောက် လက်တစ်ဖက်က ဘူးသီးကြီးကိုကိုင်လျက်၊ လက်တစ်ဖက်က အင်းကမ္မဝါ ကိုင်ထားသည်ကို အိမ်သားများ အံ့သြစွာ တွေ့ရပါသည်။

စာရေးသူ၏မိခင်က ကျမ်ခေတ်တစ်လျှောက်လုံး ဗုဒ္ဓဘာသာ လေယာဉ်စက်သေနတ်ကြားထဲမှ အသက်ရှင်ကျန်ခဲ့ပါသည်။ ဦးလေး ကိုညီငယ် လက်ဆင့်ကမ်းခဲ့သော အင်းပဝါကြောင့်ဟု ထင်ပါသည်။ မိခင်ကြီးက သွားလေရာတွင် လွယ်အိတ်တစ်လုံး လက်တွင်ဆွဲ၍ သွားလေ့ရှိပါသည်။ အိတ်ထဲတွင် ဦးလေး ကိုညီငယ် လက်ဆင့်ကမ်းပေးခဲ့သော အင်းပဝါပုတီးတစ်လုံးကို အမြဲပါသည်။ ပိုက်ဆံ မတ်စေ့၊ အကြွေစေ့လေးများ ထည့်ထား၍ အိတ်က အမြဲလေးလေးပင်ပင် ရှိပါသည်။ ညအိပ်လျှင် ခေါင်းအုံးဘေးတွင်ထား၍ အိပ်လေ့ရှိပါသည်။ မိခင်ကြီးက သူသေမည့်နေ့ကို ကြိုသိနေပုံရပါသည်။

စာရေးသူ နေ့လယ်ပိုင်း အိမ်သို့ ပြန်ရောက်သောအခါ လွယ်အိတ်ထဲရှိ သရီးကိုင်ထားသော ပုတီးအနက်တစ်ကုံးနှင့် အင်းပဝါကို ပေးပါသည်။ ညနေပိုင်း ထမင်းစားချိန်တွင် အမေ့ကို ထမင်းစားရန် အိပ်ခန်းထဲ ဝင်ခိုးသောအခါ အသက်ငြိုငြိုသာ ရှိပါတော့သည်။ ဝေဒနာမခံစားသွားရပါ။

နေ့လယ်က အမေမသေခင်ပေးသွားသော အင်းပဝါ၊ စိပ်ပုတီးအပြင် စူရတီကတ္တီပါငွေနားနှင့် ထဘီတစ်ထည်ပါ အမွေရလိုက်ပါသည်။ ပွဲကြိုက်ခင်သီချင်းတွင် စူရတီထဘီ အကြောင်း နားထောင်သူများ သိပါလိမ့်မည်။

အရှင်သံဝရကျောင်းသို့ ရောက်သောအခါ ပ,လေးထောင့်သေအင်းနှင့် အင်းပဝါအကြောင်းကို ပြောပြသောအခါ ဆရာဇော်က 'ဒကာမြတ်စံနဲ့ ထိုက်လို့ရတာပါ။ ဒါက အရိယာဝံသဆိုတဲ့ ဘုန်းကြီးကလည်း ဘိုးဘိုးအောင် ထွက်ရပ်ပေါက်ဝိဇ္ဇာပါပဲ' ဟု မိန့်ပါသည်။

ခရမ်းဘက်တွင် ဘုရားတည်သောအခါ ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ဌာပနာတွင် အင်းပဝါကို အသေအချာထုပ်ပိုးပြီး ဌာပနာလိုက်ပါသည်။ သို့သော် မှတ်တမ်းကျန်ခဲ့ရန်နှင့် အရေးကြုံ သက်လုံကောင်းစေရန်အတွက် ပုံပါအတိုင်း ဆရာတော်မှ ကူးပေးထားပါသည်။ မိုင်းကိုင်စက္ကူတွင်လည်းကောင်း၊ ကြေးပြား၊ ငွေပြားပေါ်တွင်လည်းကောင်း စီရင်၍ ဆောင်ထားလျှင် တုတ်၊ ဓား အန္တရာယ် ခေတ်ပေါ်ရောဂါဝေဒနာ ရောဂန္တရကပ်ကို ကျော်၍ စီးပွားလာဘ်လာဘများ ရွှင်လန်းကြောင်း ရေးသားလိုက်ရပါသည်။

မေတ္တာရည်၍

ပုရောဟိတ်ဆရာ-ဦးမြတ်နိုး

ဖုန်း - ၀၉ ၅၁၇၀၆၆၆

www.burmeseclassic.com

www.burmeseclassic.com

ကြိုးကျိုးဝဏ္ဏ ကြိုက်ရာစံခန်းသင်ခန်းစာ

ဒေါက်တာ-ဆရာလှကျိုး(B.Sc)

လောကီပညာ လေ့လာလိုက်စားသောအခါ ဗေဒင်ဟောပြောပြီးနောက် အကောင်း၊အဆိုး အတွက် ယတြာအမျိုးမျိုး ဆောင်ရွက်ပေးရပါသည်။ ကျွန်ုပ်စာရေးသူသည် ဦးစွာပထမ ဆန်းကျမ်းပညာကို လေ့လာလိုက်စားပြီးနောက် နဝင်းပညာကို ဆက်လက်သင်ယူပါသည်။

မည်သည့်လောကီပညာရပ်မဆို ကြိုဟ်ရှစ်ခွင်နှင့် ကင်းလွတ်၍ မရပေ။ အထူးသဖြင့် မြန်မာ့ရိုးရာဗေဒင်ပညာသည် ကြိုဟ်ရှစ်ခွင်နှင့် ဆက်နွယ်လျက်ရှိသည်။

ဘုရားစေတီအတော်များများတွင် တနင်္ဂနွေကြိုဟ်တိုင်ထောင့်မှစ၍ သောကြာထောင့်အ လက်ယာရစ်လှည့်ပတ်ပူဇော်လေ့ရှိသည်။ တနင်္ဂနွေကြိုဟ်သက် (၆)နှစ်၊ တနလာ (၁၅)နှ အင်္ဂါ (၈)နှစ်၊ ဗုဒ္ဓဟူး(၁၇)နှစ်၊ စနေ (၁၀)နှစ်၊ ကြာသပတေး (၁၉)နှစ်၊ ရာဟု (၁၂)နှ သောကြာ (၂၁)နှစ်ဟု သတ်မှတ်ထားပါသည်။ စုစုပေါင်းကြိုဟ်သက် (၁၀၈)နှစ်ဖြစ်သည်

နက္ခတ်ဗေဒင်ပညာတွင် ကြိုဟ်ကြီး(၉)လုံး သတ်မှတ်ထားပါသည်။ အချို့ထေရဝါဒပုဂ္ဂိ များက ဘုရားစေတီတွင် ကြိုဟ်ရှစ်ခွင်ထားခြင်းသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သယောင် ပြော ကြပါသည်။ ဘုရားစေတီတွင် မုခ်လေးမုခ် ထားရှိကြသည်။ ပွင့်တော်မူပြီး ဘုရားလေး ပူဇော်ထားသည်။ ကြိုဟ်ရှစ်ခွင်ဟု ခေါ်သော်လည်း သောမကြိုဟ်(၂)နေရာ၊ ပါပကြိုဟ်(၄)နေ စုစုပေါင်း(၁၂)ခုရှိသည်။ ဤသည်ကို ပလ္လင်(၁၂)ခန်းဟု ခေါ်ပါသည်။ မုခ်(၄)မုခ်၊ ကြိုဟ်(၈) ပလ္လင်(၁၂)ခန်းတွင် ဗုဒ္ဓမြတ်စွာဘုရားရုပ်တုကိုသာ အဓိကပူဇော်ထားပါသည်။ ကြိုဟ်ရုပ်သ ဘုရားအောက်တွင် ထားရှိသည်။ ကြိုဟ်တိုင်သည် ဘုရားနောက်တွင် တည်ရှိသည်။ ဘုရား အာရုံပြုရည်စူး၍ ပန်း၊ ဆီမီး၊ ရေတော်၊ အမွှေးတိုင် ပူဇော်ကြသည်။ ကြိုဟ်စောင့်နတ်မင်းကိုလည် အလှူဒါနပြုလုပ် မေတ္တာပို့ပေးကြသည်။ တန်ခိုးထင်ရှား ရွှေတိဂုံစေတီတော်မြတ်ကြီးမှ အ ကြိုဟ်ရှစ်ခွင်ဘုရားပုံတော်များ ပူဇော်ထားကြသည်။ ဘုရားပူဇော်၊ အလှူဒါနပြု၊ မေတ္တာပို့ခြ သည် ထေရဝါဒနှင့် မဆန့်ကျင်ပါ။

စာရေးသူ နဝင်းပညာ လေ့လာသင်ယူရစဉ်အခါ ကြိုဟ်ရှစ်ခွင်ယတြာကိုလည်း သင် ရပါသည်။ ထိုကြိုဟ်ရှစ်ခွင်နှင့်ပတ်သက်၍ သမသတ်များ ပြုလုပ်ထားသည်မှာလည်း မာတ်သ နှင့် ကိုက်ညီနေပါသည်။ တနင်္ဂနွေကြိုဟ်တိုင်နှင့် မျက်နှာချင်းဆိုင်တွင် စနေကြိုဟ်တိုင်ရှိသည် အန္တောဇော် ဖြစ်သည်။

အန္တော	ဂင်္ဂေ	စရေ	ဝံသေ
၁ ၇	၂ ၅	၃ ၈	၄ ၆

ဖြစ်နေသည်ကို တွေ့မြင်ရပါသည်။

ဤသည်မှာ မာတ်မိတ်ဖြစ်သည်။ လောကီ၊ လောကုတ္တရာ အကြောင်းအကျိုး ဆက် နေပါသည်။ လောကီအတွက် ကောလီချေကြသည်။ လောကီမှတစ်ဆင့် လောကုတ္တရာကော ကျိုး ဆောင်ရွက်ရပါမည်။ လောကီအောင်မြင်မှုမရှိဘဲ လောကုတ္တရာလွတ်မြောက်မှု မ ရွက်နိုင်။ သမတမှ ဝိပဿနာ ကူးပြောင်းကြရသည်။

ယခု ကြိုဟ်ရှစ်ခွင်ယတြာချေနည်းကို ဖော်ပြပေးပါမည်။ ကောင်းကျိုးဝေဆာ ကြိုဟ်ရှစ် ယတြာဟု အမည်ပညတ်ထားသည်။ သဒ္ဒါယုံကြည်မှုနှင့် ဆောင်ရွက်ပါ။ မည်သည့်ကိစ္စ ပြုလ ပြုလုပ် စေတနာနှင့် ပြုလုပ်လှူဒါန်းပါ။

ကြိုဟ်ရှစ်ခွင်ယတြာပြုလုပ်ရန် မိမိရောက်ဆဲအသက်ကို ဦးစွာ သိထားရမည်။ ထို့နော ထီး၊ တံခွန်၊ ကုက္ကား စသည်တို့ကို မိမိအသက်ထက် (၁)ခုပိုဝယ်ရမည်။ ထိုသို့ ဝယ်ရ တံခွန်(၉)ခု၊ ကုက္ကား(၉)ခု၊ မုလေးမွား(၉)ခု ပါအောင် ဝယ်ပါ။ ဥပမာ-အသက်(၅၂)နှစ်ဆို ကြိုဟ်ရုပ်စုံ၊ ထီးဖြူ၊ ကြက်လျှာ စသည်တို့ကို (၅၃)ခုဝယ်ရမည်။ ထို(၅၃)ခုတွင် တံ

www.burmeseclassic.com

www.burmeseclassic.com

[redacted]

ဘဏ္ဍာ၊ မုလေးပွား (၂၇)ခုပါဝင်ပြီး ဖြစ်သည်။ (၅၃-၂၇=၂၆ ခု) ကျန်တာ(၂၆)ခု ထပ်ဝယ်ထားမည်။

ကြိုဟ်ရုစ်ခွင်ယကြာကို မိမိအသက် တစ်နှစ်ကူးပြောင်းသောကာလ၊ ကြိုဟ်အိပ်ကြီးအကူးအပြောင်း၊ သက်ရောက်တစ်ခုမှ နောက်တစ်ခုသို့ အဝင်တို့တွင် ဆောင်ရွက်ရမည်။ ထို့အပြင် ဧည့်သွားရေး၊ လူမှုရေး၊ နိုင်ငံခြားခရီး အခက်အခဲရှိသော အချိန်တွင်လည်း ပြုလုပ်နိုင်သည်။ ဆောင်းကျိုးလိုရာဆန္ဒ လျင်မြန်စွာ ပြည့်ဝစေပါသည်။

ကြိုဟ်ရုစ်ခွင်ရှိ၍ အသက်+(၁)ခု ပိုဝယ်ထားသော အရေအတွက်ကို (၈)ဖြင့် စားရပါမည်။

အသက်(၅၂)နှစ် + (၁)ခုပို = (၅၃)နှစ်

၁၆ခွေ (၆)ခု	၂လံာ (၆)ခု	၃ဂံ (၆)ခု
ကြော (၆)ခု		၄ပဲ့း (၆)ခု
ရာဟု (၆)ခု	၅တေး (၆)ခု	စနေ (၆)ခု

ကြိုဟ်ရုစ်ခွင်ပုံစံ

၅၃ ÷ ၈

၆

၈) ၅၃

၄၈

၅

ကြိုဟ်ခွင်တစ်ခွင်၊ ထောင့်တစ်ထောင့်တွင် (၆)ခုစီ လှူပါမည်။ မွေးနံ့ထောင့်မှ စတင်ပါ။

တနင်္ဂနွေသား (၅၃)နှစ်ဆိုပါက မိမိမွေးနံ့ ၁ခွေထောင့်မှ အစပြု၍ ထီးဖြူ၊ ကြက်လှော စသည်တို့ကို အဆင်ပြေသလို အစုံပါအောင်ဖြစ်စေ (၆)ခုလှူပါ။ ဘဏ္ဍာ(၁)၊ ကုက္ကား(၁)၊ မုလေးပွား(၁) (၃)ခု ထည့်လှူပါ။ တနင်္ဂနွေထောင့်တွင် ရေသပွာယ်ခြင်း၊ အမွေးတိုင်၊ ဖယောင်းတိုင် ပူဇော်ခြင်းကို အဆင်ပြေသလို ဆောင်ရွက်ပါ။ ဖယောင်းတိုင်(၅)တိုင်၊ ဆေး(၅)ခွက်၊ အမွေးတိုင်(၅)တိုင် အနှစ်ဆင်းပါး ရည်စူးလှူလျှင် အကောင်းဆုံးဖြစ်သည်။ ဘိန့်အတူ ဆပွတ်နွေသား (သို့မဟုတ်) အထက်နွေသားတစ်ဦးဦး ပါလျှင် ပိုကောင်းသည်။

တနင်္ဂနွေသားသမီး ဆိုပါက-

၅
၂
၆ } အထက်နွေများ

၃ မွေးနံ့

၄

၀

၃

ကြော၊ ၂လံာ၊ ၅တေး သားသမီးတစ်ဦးဦး အမော်ပါလျှင် ပိုကောင်းသည်။ အထက်ဆောင်ပန်းလည်း ယူသွားပါ။ သီဟိုဠ်ညွှန့်၊ ကံ့ကော်ညွှန့်၊ ပျဉ်းမညွှန့် ကိုယ်ပိုင်အညွှန့်တစ်မျိုး ယူသွား၍ရသည်။ အညွှန့်ရွေးချယ်ရန် အခက်အခဲရှိပါက ကြိုဟ်သက်အလိုက် သပြေညွှန့် ဝယ်သွားပါ။ တနင်္ဂနွေထောင့်မှစ၍ (၆)ခုစီ လှူသွားသောအခါ သောကြာထောင့်ရောက်ပါက ၃၀)ခု ကုန်သွားပါပြီ။ လက်ထဲတွင် (၅)ခုပါနေမည်။ အထက်ဆောင်ပန်းအညွှန့် (သို့မဟုတ်) သပြေညွှန့်လည်း ပိုနေမည်။ ပိုနေတာအားလုံး စလှူခဲ့သော မွေးနံ့ထောင့်မှာ အားလုံးလှူလိုက်ပါ။

ထို့နောက် မြတ်စွာဘုရားကို ရေသပွာယ်ပါ။ ရေသပွာယ်ရာ၌ မျက်နှာတော်၊ နဖူးခေါင်းဆောက်ကို မလောင်းသင့်ပါ။ ကိုယ်လုံးတော်ကိုသာ လောင်းပါ။ ကြိုဟ်မင်းနှင့် ကြိုဟ်ရုပ်များ

www.burmeseclassic.com

www.burmeseclassic.com

ရေမလျှုရပါ။ ဂြိုဟ်တိုင်ကိုလည်း ရေမပက်ရ။ ဘုရားကိုသာ အာရုံပြုလျှုပါ။ အနန္တငါးပါးကို ရည်စူး၍ ဖယောင်းတိုင်(၅)တိုင်၊ အမွေးတိုင်(၅)တိုင်၊ ရေတော်(၅)ခွက် လျှုပါ။ ထိုသို့လျှုပြီးပါက ဘုရားရှိခိုး၊ သီလခံယူပြီး ဝုဏ်တော်ကိုးပါး ပုတီးကိုးပတ်စီပ်ပါ။ ရွတ်ဆိုလိုသော ဂါထာတော်သက်ဆေးရွတ်ဆိုပါ။ မြတ်စွာဘုရားနှင့် ရဟန္တာများကို ရှိခိုးပူဇော်လျှုဒါန်းခူပြုပါ။ ဤ ထီးတံခွန်၊ ကုက္ကား စသည်လျှုဖွယ် ပစ္စည်းများနှင့် ဆီမီး၊ ရေတော်၊ အလင်းတိုင်တို့ကို မြတ်စွာဘုရားနှင့် ရဟန္တာအရှင်သူမြတ်တို့အား အာရုံပြုရည်စူး လျှုဒါန်းပါ၏ အရှင်ဘုရားဟုဆိုပြီး ကန်တော့ပါ။ (ဘုရား ရေသပွာယ်ပြီး ရေခွက်ဖြင့် သောက်တော်ရေ ကပ်လျှုပေးနိုင်သည်။)

ဘုရားရှိခိုးပြီး၊ လျှုဒါန်းပြီးသောအခါ အရှေ့မြောက်အရပ်ရှိ တနင်္ဂနွေဂြိုဟ်စောင့် နတ်မင်းကြီးနှင့် ဆွေတော် မျိုးတော်တွေ ဘေးရန်ကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆိုပြီး မေတ္တာပို့ပေးပါ။ ဂြိုဟ်ရှစ်ခွင် လက်ယာရစ်လှည့်၍ မွေးနံ့ထောင့်မှာပင်ထိုင်၍ မေတ္တာပို့သနိုင်ပါသည်။ မွေးနံ့ထောင့်မှ လက်ယာရစ်စတင်လျှုသောအခါ မတ်တတ်ရပ် လျှုဒါန်းရင်း လက်အုပ်ချီကာ လျှုပေးခဲ့ပါ။ နောက်ဆုံး မိမိမွေးနံ့ထောင့် ပြန်ရောက်ချိန်တွင် အေးအေးဆေးဆေးထိုင်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး လိုရာဆန္ဒ ဆုတောင်းသမူပြုရမည်။

အချို့လျှုနည်းတွင် ထီးကြီး(ကနက္ကဒဏ်) မပါ,ပါ။ ရာဟုဂြိုဟ်မှ တနင်္လာဂြိုဟ်အထိ တစ်လ တစ်ကြိမ် စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဦးစားပေးလျှုပါ။ ထိုသို့လျှုရာတွင် ကနက္ကဒဏ် ထီးဖြူကြီးတစ်လက်လည်း ထည့်လျှုနိုင်သည်။

စာဖတ်ပရိသတ်များ သဘောပေါက်စေရန် ဥပမာတစ်ခု ထပ်မံရေးသားဖော်ပြပေးပါမည်။

အသက်(၄၂)နှစ်၊ တနင်္လာသား

၄၂ + ၈ = ၅၀ (၂)ကြွင်း

တံခွန်(၉)၊ ကုက္ကား(၉)၊ မုဇလေးပွား(၉)၊ စုစုပေါင်း (၄၃)ခု ဝယ်ရမည်။

(၄၃-၂၇=၁၆) သာသနာ့အလံ၊ ကြက်လျှာ၊ ဂြိုဟ်ရုပ်စုံ၊ ထီးဖြူ စသည်တို့ (၁၆)ခု ဝယ်ရမည်။ ကနက္ကဒဏ်ထီးဖြူ ထည့်ဝယ်ပါက အသေး(၁၅)ခု၊ အကြီး(၁)ခု ဝယ်ရမည်။ ကနက္ကဒဏ်(ထီးဖြူ) အလတ်စားတစ်လက် ထည့်လျှုလျှင်လည်း ပို့ကောင်းသည်။

(၅)ခု ၁	(၃)ခု (၂)	(၅)ခု ၃
(၅)ခု ၆		(၅)ခု ၄
(၅)ခု ၈	(၅)ခု ၅	(၅)ခု ၇

မွေးနံ့ထောင့်မှစ၍ (၅)ခုစီ လက်ယာရစ်လှည့်လျှုသွားပါ။ တံခွန်၊ ကုက္ကား၊ မုဇလေးပွား (၁)ခုစီ ထည့်လဲလျှုပါ။ အကြီးပါက နောက်ဆုံးမွေးနံ့ထောင့်ရောက်မှ ထည့်လျှုပါ။ အညွှန့်လည်း နောက်ဆုံးမှာ လျှုပါ။ (၅×၈=၄၀) လျှုပြီးပါက (၃)ခုပိုမည်။ အသေး(၃)ခု ဖြစ်မည်။ အသေး(၂)ခု၊ အကြီး(၁)ခုလည်း ဖြစ်၍ရသည်။

နိဂုံးခြားသွားရန် စီစဉ်နေသူများ ဤယတြာကို ဆောင်ရွက်ခိုင်းလိုက်သည်။ နဝင်းပွဲထွန်း နဝင်းယတြာချေပြီးမှ ဂြိုဟ်ရှစ်ခွင်ယတြာ ပြုလုပ်ခိုင်းလိုက်ရာ ယခု ဒုဘိုင်းမှာ အဆင်ပြေနေပါပြီလွန်ခဲ့သောနှစ်က ပြန်လာပြီး ဖုန်ကြိတ်မရာအသစ်တစ်လုံး လက်ဆောင်ပေးသွားပါသည်။

ဂြိုဟ်ရှစ်ခွင်ယတြာပြုလုပ် မေတ္တာပို့ဆုတောင်းပြီးပါက ခေါင်းလောင်းထိုးပြီး အမျှဝေပေးကြေးစည်၊ ခေါင်းလောင်း တစ်ခုခုထိုး အမျှဝေနိုင်သည်။ ဘုရားစေတီမှာ ခေါင်းလောင်း(၉)ချက်တီး အမျှပေးဝေလိုက်ပါ။ ဂြိုဟ်ရှစ်ခွင်ရှိသော မည်သည့်စေတီတွင်မဆို ပြုလုပ်နိုင်သည်။ တစ်လနှင့် မထူးလျှင် ရပ်မထားနှင့်၊ ပုံမှန်ဆက်လုပ်ပါ။ ကျိန်းသေထူးခြားပါမည်။

ကမ္ဘီရ-ဆရာလှမျိုး(B.Sc

www.burmeseclassic.com



ဒေါင်ကောင်းမြ(သာကေတ)

ကဝဒုက္ခရာယ်ကင်းနှင့် ဝဝယ်ရောင်းယခြားများ

တစ်နေ့တွင် ကျွန်ုပ်စာရေးသူ၏ ကြိုတိုင်းအောင်ဓာတ်နန်းနှင့် ဟောခန်းသို့ ဧနီးမောင်နှံ ရောက်လာကြသည်။

ဧနီးဖြစ်သူမှ 'ဆရာ..ကျွန်မတို့ ကားတစ်စီးဝယ်မလို့ အဆင်ပြေပါ့မလား။ ဘယ်နေ့၊ ဘယ်အချိန် ဝယ်ရင်ကောင်းမလဲ၊ တွက်ပေးပါ'ဟု ပွင့်လင်းစွာ ပြောဆိုလာသည်။

ဒီခေတ်မှာ ဗေဒင်မေးသူ အတော်များများမှာ သူတို့သိချင်သော အကြောင်းအရာကို တည့်တည့်ပင် တဲ့တိုးမေးကြသည်။ အနည်းငယ်သော ဗေဒင်မေးသူတွေကတော့ ဆရာ ဘာတွေဟောမလဲ၊ ပြောမလဲဆိုတာ အရင်နားထောင်သည်။ ပြီးမှ ကျွန်တော် မေးချင်၊ သိချင်တဲ့ အကြောင်းက ဒီကိစ္စပါဟု ပြောဆိုကြသည်။ အချို့ကတော့ မိမိအတွက် ပါမက သား သမီး၊ အမျိုးသား၊ ဆွေမျိုးအတွက်ပါ အဆစ်မေးကြသည်။

ဟိုတလောက ကိုယ်တိုင် ကားမောင်း၍ လာမေးသော အမျိုးသမီးကြီးတစ်ဦးမှာ သူ၏သား အမှုပြဿနာကိစ္စ အတွက် အဓိကမေးသည်။ စာရေးသူမှလည်း စနေကြိုဟ် သဘောတရားများ ရှင်းပြပေးပြီး နဝင်းယတြာချေရန် တိုက်တွန်းသည်။ ဘုရားမှာ လုပ်ရသည့် ယတြာတွေလည်း ရှင်းပြပေးသည်။ သူမမှ သား ပညာရေး၊ အိမ်ထောင်ရေး၊ ကျွန်းမာရေးကိစ္စ အနာဂတ်တွေစုံအောင် မေးသည်။ လတ်တလောကိစ္စ အရင်ဖြေရှင်းသင့်ကြောင်း အကြံပေးရသည်။

ကျွန်ုပ်လည်း ကားဝယ်ချင်သော ဧနီးမောင်နှံကို ဒီနှစ် ကုန်မှ ဝယ်သင့်ကြောင်း အကြံပေးလိုက်သည်။ နောက်တစ်ပတ်အကြာတွင် လမ်း(၅၀)ဘက်မှ ဧနီးမောင်နှံ ရောက်လာပြန်သည်။ သူတို့ကတော့ ကားရောင်းချင်သောကိစ္စဖြစ်သည်။ ကားထွက်ကိန်းရှိ၊မရှိ ကြည့်ရသည်။ ထွက်ကိန်းရှိမှ ဈေးတိုင်းဈေးရှိက်လုပ်တာ ပိုမြန်သည်။ ဝင်ကိန်းမှာ ကြာနေတတ်သည်။ အိမ်၊ ကား၊ ခြံ၊ မြေ အဝင်အထွက် ဦးစွာပထမ စစ်ဆေးသင့်ပါသည်။

ကျွန်ုပ်မှ ကားကို ကိုယ်ပိုင်အသွန်နဲ့ အရင်ရှင်းပြီး လက်ပံရွက်နှင့်ရိုက်ရန် ယတြာပေးလိုက်သည်။ လက်ပံရွက် မရရင်တော့ လက်ဖက်ရေစိမ် ဖျန်းခိုင်းလိုက်သည်။ သူတို့ကလည်း အထွန့်ရှည်ကြသည်။

'ဆရာ..လက်ဖက်နဲ့ မဖျန်းချင်ရင် ဘာနဲ့ရိုက်ရမလဲ' ဟု မေးသည်။ 'သနပ်ခွက်၊ သနပ်ညွှန့်နဲ့ ရိုက်လိုက်ပါ'ဟု ပြောလိုက်သည်။ တစ်ပတ်၊ ဆယ်ရက် ကြာမှ ရောင်းထွက်သွားသည်။

အချို့လည်း ကားအန္တရာယ်ကင်းရေး ဆောင်ရွက်ပေးပါဟု ပြောဆိုအကူအညီတောင်းခံကြသည်။ မောင်းသူရော ခရီးသည်ပါ အန္တရာယ်ကင်းစေရမည့်အပြင် ကားလည်း မထိခိုက်အောင် ကာကွယ်ရမည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလည်း လိုက်နာဖို့လိုပါသည်။

ယနေ့ခေတ်တွင် ကားယာဉ်အမျိုး ပေါများလာသည်နှင့်အမျှ ရန်ကုန်မြို့မှလူများ ဆင်းရဲပင်ပန်းဒုက္ခ ကြုံနေရသည်။ အစိုးရမှာလည်း မဖြေရှင်းပေးနိုင်။ ခုံးကျော်တံတားဆောက်ရန်တော့ ကန်ထရိုက်ပေးကြသည်။ ခုံးကျော်တံတားပြီးလည်း သိပ်မထူးပါ။ မည်သို့ပင်ဆိုစေကာမူ ကားအန္တရာယ်ကင်းအောင် လောကီပညာနည်းဖြင့် ကြိုတင်ကာကွယ်ထားသင့်ပါသည်။ မယုံကြည်သူတွေလည်း မိမိတို့ကိုးကွယ်သည့် ဘာသာအလိုက် ပူဇော်၊ ဘုရားစာဆိုပြီး ကားစတင် ထွက်သင့်၊ မောင်းသင့်ပါသည်။ ရန်ကုန်-ပြည်တော်လမ်း ပို၍အရေးကြီးသည်။

ကားဝယ်ပြီး ကားသွားသူတွေ မကြာမခဏ တွေ့ခြင်းရသည်။ ကားအကြောင်း နားလည်ပြီး ထိသွားသူတွေလည်း ရှိသည်။ အချို့ ရှိသည့်ငွေအရင်းပင် ပြုတ်သွားသည်။ ကား အကြောင်း နားမလည်ဘဲနှင့် အငှားကားတစ်စီး ဝယ်ထော

www.burmeseclassic.com

www.burmeseclassic.com

သည်။ ယခု သုံးစီးဖြစ်နေတာ တွေ့မြင်ရသည်။ အရပ်ထဲမှ သူများက ဒီလူ ကားနဲ့ အကျိုးပေးတယ်ဟု ပြောဆိုကြသည်။

ဦးစွာပထမ လူတစ်ယောက် ကားနှင့် အကျိုးပေး, မပေး မူလမဟာဘုတ်မှရရှိသော နာမကွဲရ ဝဲယာတိုင်ဖြင့် ကြည့်၍ ဟောဆိုရပါမည်။ ကိုယ်တိုင်လည်း ကြည့်နိုင်ပါသည်။

ဥပမာ-

ဟောဘုတ်(၁)ခုကြွင်း

	၆	
၁	၄	၀
၅	၂	၃

မူလမဟာဘုတ်

၇ = ၀ (အထွန်း)

၆	၅
၄	၃
၂	၁

ဝဲယာနာမကွဲရတိုင်

တိုင်ခြေတွင် တနလ်ာနံ ရှိနေသည်။ ထို့ကြောင့် ကားဘုံငန်းနှင့် အကျိုးမပေးဟု ဟောဆိုရမည်။ မဟာဘုတ် (၁)ခုကြွင်းသမား ကိုယ်ပိုင်ကားဝယ်စီးနိုင်တာ တွေ့ရပါသည်။ ထိုသူသည် ကားတိုက်မှု သုံးကြိမ်ဖြစ်၍ လျော်ကြေးပေးရပါသည်။ လူကိုတော့ အန္တရာယ်မဖြစ်ပါ။ သူသည် ကားနှစ်စီး၊ သုံးစီး ပြောင်းလဲစီးတာ တွေ့ရသည်။ ကားပြောင်းစီးတိုင်း ငွေက ထပ်လိုက်ရသည်။

ဟောဘုတ်(၂)ခုကြွင်း

မိမိမွေးဖွားသော မြန်မာသက္ကရာဇ်ကို (၇)ဖြင့်စား၍ ပေးသော မဟာဘုတ်။

	၆	
၁	၄	၀
၅	၂	၃

၁ (အထွန်း)

၇	၆
၅	၄
၃	၂

၂ ကားနံ

မူလမဟာဘုတ် (၂)ခုကြွင်းသမားများလည်း ကားဘုံငန်း၊ ကားဝယ်ရောင်း အကျိုးမပေးပါ။ တနလ်ာနံ ကောင်းသောနှစ်တွင် ကားစတင်ဝယ်နိုင်ရသည်။ (၂)ခု ကြွင်း လိုင်းကားထောင်သူတစ်ဦး ပြုတ်သွားသည်။ အငှားကား ထပ်ဝယ်သည်။ ရောင်းလိုက်ရသည်။ ကိုယ်ပိုင်ကား ထပ်ဝယ်သည်။ ယခု မတွေ့ရတော့ပေ။ မေးကြည့်တော့ ကားရောင်းပြီး မြေဝယ်ထားသည်ဟု ပြောပါသည်။

မူလမဟာဘုတ်(၃)ကြွင်း

အထွန်း(၂) ကားအကျိုးပေး။

မူလမဟာဘုတ်(၄)ကြွင်း

ရာဇ(၂) ကားအကျိုးပေး။

မူလမဟာဘုတ်(၅)ကြွင်း

အဓိပတိ(၂)၊ ကားအကျိုးပေး (အလယ်အလတ်)။

မူလမဟာဘုတ်(၆)ကြွင်း

မရဏ(၂)၊ အသင့်အတင့်သာ အကျိုးပေး။

မူလမဟာဘုတ်(၀)ကြွင်း

သိုက်(၂)၊ အလယ်အလတ် အကျိုးပေး။

ကားဝယ်ရန် ကောင်းသောနှစ်

မိမိရောက်ဆဲအသက်ကိုတည်၊ (၈)ဖြင့်စားပါ။ သက်ရောက်(၈)ခု ရရှိပါသည်။ ရာဟုမှ တနလ်ာသက်ရောက် အထိ ကားဝယ်ရန် ကောင်းသောနှစ် ဖြစ်ပါသည်။ ထိုသက်ရောက်(၄)နှစ်တွင် ရာဟုသက်ရောက် တနလ်ာ(၂)တန်းစီး၊ တနလ်ာသက်ရောက် တနလ်ာ(၂) တိုင်ထိပ်ဖြစ်နေ၍ ကားဝယ်ရန် အကောင်းဆုံးဖြစ်သည်။ (၆)ကြာသက်ရောက် တနလ်ာတန်းကပ်ဖြစ်နေ၍ မဆိုးပါ။ ဝယ်ရောင်းနိုင်သည်။ တနင်္ဂနွေသက်ရောက်လည်း ဝင်,ထွက်ကိန်း ဖြစ်သည်။

ဥပမာ-အသက်(၄၀)နှစ်၊ သောကြာသား

၄၀ + ၈ = ၀ ကြွင်း

မွေးနံသောကြာမှ လက်ယာရစ်လှည့်သော် ရာဟုသက်

၁	၂	၃
၆ မွေးနံ		၄
၈	၇	၅

၄ ၃ ၂ ၁ တန်းစီး

ရာဟုသက်ရောက်နေသူ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကျရောက်သည်။ (၀ = ၈)ခု ရေတွက်ရမည်။

ထိုသူသည် (၂၀၁၅)ခုနှစ်တွင် ကားအဖြူရောင်တစ်စီး ဝင်ပါသည်။ ကျွန်ုပ်မှ ကားအတွက် နဝင်းယာတြာ ချေပေးပါသည်။

ကားအန္တရာယ်ကင်း ယာတြာများ

မိမိဝယ်ထားသည့်ကားကို ယုံကြည်သူတို့က ရှေးဦးပထမ ရွေညောင်ပင်ဘိုးဘိုးကြီးထံ သွားပြသည်။ အချို့လည်း နီးစပ်ရာဘိုးဘိုးကြီးထံမှ ပွဲပေး၍ အပ်နှံကြသည်။ ရိုးရာအလိုက် ပိတ်ဖြူ၊ ပိတ်နီ ချည်ထားကြသည်။ အချို့လည်း ဆရာတော်ကြီးတွေ ချီးမြှင့်သော ပရိတ်ကြိုး ချည်ထားကြသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မဟာမြတ်မုနိကြေးဆင်းတု အနည်းဆုံး(၅)လက်မတစ်ဆူ ကားခေါင်းမှာ ပူဇော်ထားသင့်ပါသည်။ အချို့လည်း ဩဇာသားကို ဗုဒ္ဓရုပ်ပွားတော် (၃)လက်မခန့် အနည်းဆုံး ထုလုပ်ပူဇော်ကြသည်။ တနလာနံ၏ အမြစ်၊ အညွှန့်မှာ ဩဇာဖြစ်သည်။ ထို့အပြင် (၇+၄)တွဲလည်းရှိ၍ ဩဇာသား နဂါးရုံဘုရားလည်း ပူဇော်နိုင်သည်။ ကားဦးခေါင်းမှာ သပြေညွှန့် ချည်ပေးထားသင့်သည်။ ကိုယ်တိုင် သမ္မုဒ္ဓေဂါထာရွတ်ဆိုပြီး သပြေညွှန့်နှင့် ပက်ဖျန်း၊ သပြေညွှန့် လှူထား၊ ချည်ထားတာ ပြုလုပ်နိုင်သည်။ သိမ်ဝင်ပုတီးတစ်ကုံး ချိတ်ထားတာလည်း အန္တရာယ်ကင်းစေသည်။

မိမိတို့၏ ကိုယ်ပိုင်အညွှန့်ဖြင့် ကားပတ်ပတ်လည်ကို ပက်ဖျန်းနိုင်ပါသည်။ စာရေးသူအနေဖြင့် ကားအတွက် ချည်မန်းကွင်း အကြီးတစ်ကွင်း ပြုလုပ်ပါသည်။

ထိုကြီးကွင်းကြီးဖြင့် ကားကိုစွပ်၊ ကားဘီးအောက်မှာ ကားပိုင်ရှင်၏နှင်းကြမ်း အစည်းလေး စည်းထားသည်။ ချည်မန်းကွင်းကြီး စွပ်ပြီးပါက အညွှန့်ဖြင့် တစ်ရွက်ချင်း ဦးခေါင်းမှ နောက်ဘက်သို့ ရိုက်ချပေးသည်။ အားလုံးပြီးပါက ဆောင်ပန်း၊ နှင်းကြမ်း ပေါင်းစည်းပြီး စွန့်ပစ်ရေမျှောပေးလိုက်ပါသည်။ ကားဟူသမျှ အန္တရာယ်မတွေ့ရသောနည်း ဖြစ်သည်။

ကိုယ်ပိုင်အညွှန့်ဆိုသည်မှာ မိမိမဟာဘုတ် အင်္ဂါဝိဇ္ဇာတိုင်မှ အကောင်းဆုံးအညွှန့်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ဥပမာ-တနင်္ဂနွေသားသမီးဆိုပါက သီဟိုဠ်၊ ကဲ့ကော်၊ ပျဉ်းမ တစ်မျိုးမျိုးယူရမည်။

မူလမဟာဘုတ် (၁)ခုကြွင်းသမားအတွက် သီဟိုဠ် (၂၁)ရွက်ရှာပါ။ ဖလားတစ်လုံးတွင် ရေ+ရေမွှေးထည့်၍ ကားဦးခေါင်းမှစ၍ လက်ယာရစ် ပက်ဖျန်းပေးပါ။ ပြီးလျှင် ထိုအရွက်၊ အညွှန့်ကို ကားဦးခေါင်း အပြင်တစ်နေရာမှာ ကြိုးဖြင့် ခိုင်မြဲစွာ ချည်ထားလိုက်ရပေမည်။ ကားအန္တရာယ်ကင်းအောင် နံနက်စောစော ကားစထွက်သည်နှင့် ပရိတ်ပဌာန်းခွေ ဖွင့်ပေး၊ နာကြားပေးသင့်ပါသည်။ ရွေညောင်ပင်ဘိုးဘိုးကြီးထံမှာ ဘာသာခြားတွေပင် လာရောက် ကားပြကြပါသည်။ ရွေညောင်ပင်မှ ပန်းပွဲရောင်းသူတွေကတော့ စီးပွားဖြစ်နေကြပါသည်။ ကားအန္တရာယ်ကင်းစေရန် အချို့လည်း ကားပေါ်မှာ ဆရာတော်တွေ ပင့်ပြီး ကားအတွင်း ပရိတ်တရားတော်နာကြသည်။

အန္တရာယ်ကင်းတာနှင့် စီးပွားဖြစ်တာ တစ်ခုစီဖြစ်သည်။ ထိုခရီးဝေးကားကြီး အန္တရာယ်တော့မဖြစ်ပါ။ သို့သော် တစ်နှစ်ခန့်အကြာတွင် တွက်ခြေမကိုက်ဟုဆိုကာ ပြန်ရောင်းလိုက်ရသည်။ စီးပွားရေးအတွက်ကတော့ အညွှန့်ဖြင့် ပက်ဖျန်းပေးခြင်း အကောင်းဆုံးဖြစ်သည်။

နောက်တစ်နည်းကတော့ ကား၏နဝင်းတွဲ (၇+၄)ခု ဓာတ်လုံးကို အမွှေးနံ့သာရည်+ရေစိမ်ပြီး သပြေညွှန့်ဖြင့် ပက်ဖျန်းပေးသောနည်း ဖြစ်ပါသည်။

ကားရောင်းယတြာ

ကားရောင်းမည်ဆိုပါက ဦးစွာပထမ ကားကို ကိုယ်ပိုင်အညွှန့်ဖြင့် ပက်ဖျန်းပေးရပါမည်။ ကိုယ်ပိုင်အညွှန့် ကဲ့ကော်ဆိုပါက ကဲ့ကော်(၁၅)ညွှန့်နှင့် ဦးစွာပက်ဖျန်းပေးပါ။ ထို့နောက် ထိုအညွှန့်ကို ကားခေါင်မိုးပေါ် ပစ်တင်ထားလိုက်ပါ။ သူ့အလိုလို ပြုတ်ကျသွားပါစေ။ ကားရောင်းထွက်ခဲ့လက်ပံရွက်ဖြင့် ရိုက်ရမည်။ လက်ပံရွက်(၁၇+၁၉=၃၆)ရွက်ကို စုကိုင်ကာ ကားနောက်ပိုင်းမှနေ၍ ရိုက်ပြီး ကားပတ်ပတ်လည်ကိုလည်း ရိုက်ပေးပါ။ ထိုအရွက်ကို ပလင်စတစ်အိတ်ဖြင့်ထည့်၍ ကားတစ်နေရာမှာ ထားလိုက်ပါ။

လက်ပံ ရှာရခက်ပါက လက်ဖက်အသား(၅)ကျပ်သားဝယ်၊ ရေဖျော်၊ ရေအသင့်အတင့်ထည့်၊ ဖလားတစ်လုံးနှင့် လက်ဖက်ရည်ဖျော်ပြီး ကားအောက်ပိုင်း(ဘီး အထက်နား) ဦးခေါင်းမှစ၍ လက်ယာရစ် လက်ပြန်ပတ် ဖျန်းပေးပါ။ နှုတ်မှလည်း ကားအမြန်ရောင်းထွက်၊ ရောင်းထွက်ပါစေ စသည်ဖြင့် ပြောပါ။ ကားအောက်ပိုင်းတွင် လက်ဖက်အသားအနည်းငယ် ကပ်နေခြင်းကို ရေမှန်စစ်ရ။ တစ်ပတ်တစ်ကြိမ် သုံးပတ်ပြုလုပ်ပေးရမည်။

ထိုနည်းတွေ မလုံးလိုပါက သနပ်ရွက်(သို့)မဟုတ်

www.burmeseclassic.com

သနပ်ညွှန်ဖြင့် (၁၃)ချက်ရိုက်ပေးပါ။ ထိုအညွှန့်ကိုကား တစ်နေရာမှာ ထားရမည်။ တစ်နေ့သုံးကြိမ် တစ်ပတ်ပြုလုပ်ပေးပါက ကားရောင်းထွက်သွားပါသည်။ သနပ်ကိုင်း မရပါက သံတုတ်ကို အဝတ်ပတ်ပြီး ဖြည်းညင်းစွာ ရိုက်ပေးနိုင်သည်။

စာရေးသူ ကိုယ်တွေ့ကတော့ သနပ်ကိုင်းနှင့် ရိုက်ခိုင်းရာ ရောင်းရန်ကြာနေသောကား ထွက်သွားပါသည်။ ကားဝယ် တနလ်ာ(၂)ဂဏန်း သုံးတန်ပေါ်နိစ်တိုင်တွင် ပြဖြစ်ခြင်း၊ နိစ်ကြီး၊ နိစ်လေးနေရာ ရောက်နေခြင်း၊ တိုင်ခြေခြစ်နေပါက ထွက်ပါသည်။ တနလ်ာကြိုဟ်ကို မိတ်နံကပ်ပေါက်၊ မိတ်ဓာတ်ဖြစ်နေပါက ချက်ချင်းမထွက်ပါ။ သက်ဆောက်အားဖြင့် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး သက်ဆောက်နှစ်တွင် ကားရောင်းထွက်သည်။ သို့သော် ဈေးဆောင်းမရတတ်ပါ။ အချို့လည်း သူကိုနိုင်လို ဆကိုခိုဓာတ်ခြစ်သော (၇+၂)နေကြာပန်း၊ ဒါန်းကြီး၊ နွယ်သာကီပန်း၊ အညွှန့်၊ ထန်း၊ ဒေါန စသည်တို့ဖြင့် ရိုက်ကြသည်။ ထိုသို့ရိုက်သောအခါ ကားခေါင်းကို အပြင်ဘက် လှည့်ထားပါ။ တနလ်ာနေ့ နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရိုက်ပါ။ ရိုက်ပြီးအညွှန့် ကားဦးခေါင်းတစ်နေရာမှာ တင်ထားပါ။ ဒက်(ရှ်)ဘုတ်ပေါ်မှာ တင်ထားပါ။ တစ်ပတ်တစ်ကြိမ် ပြုလုပ်ပါ။ အများဆုံး (၅)ပတ်အတွင်း ရောင်းထွက်သွားပါသည်။

အချို့ ကားနှင့် အလှမ်းဝေးနေတာ၊ ကိုယ်တိုင်ကားမောင်းနေရာသွားပြီး မရိုက်နိုင်တာတွေလည်း ရှိတတ်သည်။ ဒီသို့ကြုံရပါက ကားဓာတ်ပုံကိုရိုက်ပြီး ဓာတ်ဆင်ဓာတ်ရိုက်ပြုလုပ်ပါ။

- ရောင်းမည့်ကားကို ဓာတ်ပုံရိုက်ပါ။ တစ်စီးလုံးပုံပေါ်အောင်ရိုက်၊ နာမည်လည်းပေါ်အောင်ရိုက်ပြီး ပလတ်စတစ်ဆောင်းပါ။ အမွေးနုံသာအနည်းငယ် ပက်ဖျန်းပေးပါ။
- ကားဓာတ်ပုံကို စနေနေ့ နံနက်(၆-၇း၃၀)နာရီအတွင်း အခွက်တစ်လုံးဖြင့် ဖိထားပါ။
- ဖန်ခွက်အတွင်းသို့ ဓာတ်ခဲအသစ်တစ်လုံးထည့်၊ ဓာတ်အားသေး ထည့်၍ရသည်။
- ဖန်ခွက်ပေါ် ကြွေပန်းကန်တစ်ချပ် တင်ပါ။ ကြွေပန်းကန်ပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းပါ။ ဝါ၊ စိမ်း၊ ပြာ ကြိုက်ရာထွန်းနိုင်သည်။ အစိမ်းထွန်းလျှင် ပိုကောင်းသည်။ Lucky Colour ဖြစ်သည်။ တစ်နေ့တစ်တိုင် တစ်ပတ်တိတိ မပျက်မကွက် ဆက်ထွန်းပါ။ ဤနည်းမှာ မခက်ခဲပါ။



ဓာတ်ပုံပေါ်တွင် ကားနံပါတ်ပေါ်အောင် ဆော့ပင်ဖြင့် ထပ်ရေးပါ။ ကားနံပါတ်အားလုံး ပေါင်းပါ။ (ဥပမာ-၁၂၇၁=၁၁=၂) ဖြစ်နေသည်။ ထို့ကြောင့် (၂၊ ၁၁၊ ၂၀၊ ၂၉)ရက် သောကြာ၊ စနေနှင့် တိုက်ဆိုင်သောရက် စတင်ပြုလုပ်လျှင် ပိုကောင်းသည်။ အကယ်၍ ကားနံပါတ်ပေါင်းခြင်း(၃) ဖြစ်နေပါက (၃၊ ၁၂၊ ၂၁၊ ၃၀)ရက် သောကြာ၊ စနေနှင့် တိုကိုဆိုင်သောရက် စတင်ပြုလုပ်ပြီး ကားရောင်းထွက်ရန် ဆုတောင်းမှုပြုပါ။ ကားဝယ်လိုပါက မိမိအင်္ကလိပ်မွေးဂဏန်းနှင့် အကျိုးပေးသော ဂဏန်းအရောင် ရွေးဝယ်သင့်ပါသည်။ မွေးဂဏန်းဆိုသည် အင်္ကလိပ်မွေးရက် တစ်လုံးတည်းဖြစ်အောင် ပေါင်းထားသောဂဏန်း ဖြစ်ပါသည်။

(၁)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၂၊ ၄၊ ၇
(၂)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၁၊ ၄၊ ၇
(၃)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၃၊ ၆၊ ၉
(၄)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၁၊ ၂၊ ၇
(၅)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၂၊ ၅၊ ၇
(၆)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၃၊ ၆၊ ၉
(၇)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၁၊ ၂၊ ၄
(၈)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၁၊ ၃၊ ၆
(၉)ဂဏန်းနှင့် မိတ်ဖက်ဂဏန်း= ၃၊ ၆၊ ၉

ဥပမာ-မည်သည့်လမဟူ (၁၊ ၁၀၊ ၁၉၊ ၂၈)ရက်တစ်ရက်ရက် မွေးဖွားသူသည် မိမိမွေးဂဏန်းဖြစ်သော (၁) အပြင် (၂၊ ၄၊ ၇) နေ့ရက်ဂဏန်းများဖြင့် အကျိုးပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကားနံပါတ် ၁၉၈၁ = ၁၉ = ၁၀ = ၁

၉၁၈၂ = ၂၀ = ၂

အရောင်လည်း အကျိုးပေးအရောင် ရွေးချယ်ဝယ်သင့်ပါသည်။ ကားဝယ်သူတို့သည် အများအားဖြင့် (၄)နှင့် (၈)ဂဏန်းကို ရောင်ကြသည်။ အရောင်မှာလည်း မြန်မာ့နည်း၊ သခ္ခါဗေဒင်နည်းဟူ၍ နှစ်မျိုးရှိသည်။ အသုံးများသော သခ္ခါဗေဒင်(ဂဏန်းဗေဒင်နည်း)ကို ဖော်ပြပေးလိုက်ပါသည်။

မွေးဂဏန်း (၁)ဂဏန်းပိုင်ရှင် - ရွှေဝါရောင်၊ အဝါရောင်၊ ရွှေ+ကြေးနီ ပေါင်းစပ်ထားသည့်အရောင်။

မွေးဂဏန်း(၂)ဂဏန်းပိုင်ရှင် - အစိမ်းနု၊ ရင့်အားလုံး၊ အဖြူရောင်အမျိုးမျိုး။

မွေးဂဏန်း(၃)ဂဏန်းပိုင်ရှင် - ခရမ်းရောင်၊ အပြာရောင် အနု၊အရင့်၊ ကြက်သွေးရောင်။

မွေးဂဏန်း(၄)ဂဏန်းပိုင်ရှင် - မိုးပြာရောင်၊ အပြာနု၊ အဖြူ၊ အဝါ၊ အပြာ စပ်ထားသော ကြားရောင်၊ ရောစပ်ထားသောအရောင်၊ အညိုရောင်။

မွေးဂဏန်း(၅)ဂဏန်းပိုင်ရှင် - အရောင်နုများ၊ အဖြူရောင်၊ အဝါနု၊ အညိုရောင်ဖျော့ဖျော့။

မွေးဂဏန်း(၆)ဂဏန်းပိုင်ရှင် - အပြာနု၊ နှင်းဆီရောင်ပန်းရောင်၊ အဖြူရောင်၊ အဝါနု။

မွေးဂဏန်း(၇)ဂဏန်းပိုင်ရှင် - အစိမ်း၊ အဖြူ၊ အဝါ။

မွေးဂဏန်း(၈)ဂဏန်းပိုင်ရှင် - နက်ပြာရောင်၊ အနက်ရောင်၊ အညိုရင့်ရောင် (ယောကီရောင်)။

မွေးဂဏန်း(၉)ဂဏန်းပိုင်ရှင် - အနီရောင်၊ ပန်းရောင်ကြက်သွေးရောင်တို့ ဖြစ်ပါသည်။

ကားပေါ်တွင် အရက်သောက်၊ ဖဲရိုက်၊ မကောင်းမှုလုပ်ခြင်းများ၊ ကားဦးခေါင်းပေါ် ခြေတင်အိပ်ခြင်းများ ရောက်မည့်အချိန် မေးခြင်းများ မပြုလုပ်သင့်ပေ။ အိမ်စောင့်နတ်ရှိသလို ကားစောင့်နတ်လည်းရှိသည်။ ထို့ကြောင့် ကားရေဆေး၊ အမွေးနုံသာပက်ဖျန်း၊ ပရိတ်၊ ပဌာန်းတွေ ဖွင့်ပေး၊ ရွတ်ဆိုပေးရလေ၏။

(၈)ဂဏန်းသမားသည် (၈)နှင့်အကျိုးပြုပြီး ကျန်းမာများ (၈)ဂဏန်းကားဖြစ်ပါက နံပါတ်အသေးကလေးတစ်ခု (+၁)(+၂)ဆိုပြီး ရေးထားလေ့ရှိပါသည်။

ဇေအောင်ကောင်းမြ(သာကေတ)

ဗမာ့ဘုရားဆရာမ ဒေါက်တာခင်မျိုးစိန်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒဝင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အခန့်တက်ဆက်မုစ်၊ ခြေဆုံနှစ်ကောင်အနီး။ မဟာဗိသေဓတေဇ၊ ရန်တုန်ပြည်။ ဝင္ဒ ၅၀ ဂုဏ္ဍ၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရွှေဖြစ်တွေ၊ ရောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဇေတန်းလမ်း(အောက်)၊ ပန်းဆိတန်ပြည်နယ်၊ ရန်တုန်ပြည်။ ဝင္ဒ ၅၀ ၁၀၇၃၃

www.burmeseclassic.com

www.burmeseclassic.com

ကော်မိုးလွင်(ဝါးခယ်မ)



(၁၂) ရာသီပဒိဋ္ဌသမုဒ္ဒရာ ရယားဇော်ဒင်

မြန်မာ့ရိုးရာဇေဒင်ပညာတွင် ဆယ့်နှစ်ရာသီ (၁၂)ရာသီ ပဒိဋ္ဌသမုဒ္ဒဒေဃား ဇေဒင်ဟောကိန်းကို ရှာဖွေတွေ့ရှိ ခဲ့ကြပါသည်။

ကျွန်တော်တို့ ငယ်ငယ်က ကိုရင်ကြီးကျောင်းကို ကျောင်းပိတ်ရက်ရောက်တိုင်း ရောက်ကြပါသည်။ထို့ကြောင့် သည်း စာရေးဆရာ ဖြစ်လာသောအခါ ကိုရင်ကြီး၏ ထူးခြားသော ပညာရပ်များကို မဂ္ဂဇင်းများ၌ တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

(၁၂)ဆယ့်နှစ်ရာသီဇယားကို ကိုရင်ကြီး အခန်းထဲ၌ ခေါင်းသွင်းလျက် တွေ့နေခဲ့သည်မှာ ကြာပါပြီ။ မည်သို့ အဓိပ္ပာယ်ရှိသည်ကိုကား မေးမကြည့်ခဲ့ပါ။

တစ်နေ့တွင်ဖြစ်၏။ ဝင်းကျော်(လှရွှတ်)က သူ့အမေ အကောင်း၍ ပညာစုံတတ်ကျွမ်းသော ကိုရင်ကြီးကို မေးခွန်းခဲ့သည်။

'အင်း..ငါက တိုင်းရင်းဆေးဆရာလည်း မဟုတ်၊ ဆေးကောလည်း မဟုတ်။ ဘယ်လိုလုပ်ရမလဲ လှရွှတ်ရဲ့'

ကိုရင်ကြီးက တတွတ်တွတ်ပြောရင်း သူ့အခန်းထဲ ဝင်သွားခဲ့သည်။

ခဏနေတော့ အခန်းထဲမှ ပြန်ထွက်လာသည်။

'မင်းအဖေ ဖျားတာဆိုရင် ခြောက်ရက်ပြည့်မှ ကျန်းမာမယ်'

'ဟာ..ဟုတ်တယ် ကိုရင်ကြီး၊ အဲဒါ အဖျားပျောက်အောင် ဘယ်လိုလုပ်ရမလဲ'

'သွား..ရွက်ဆုတ်ပြက္ခဒိန်အဟောင်း ဖြယူခဲ့။ ပြီးရင် ပြောတာ လိုက်မှတ်'

လှရွှတ်က ကျောင်းတိုင်တစ်တလုံးတွင် ချိတ်ဆွဲထားသော ရွက်ဆုတ်ပြက္ခဒိန်တစ်ရွက်ကို ဆွဲဖြုတ်ယူလိုက်သည်။

ကျွန်တော်က မှတ်စုစာအုပ်နှင့် ဘောပင် အမြဲဆောင်သူဖြစ်၍ လှရွှတ်ကို ဘောပင်လှမ်းပေးလိုက်သည်။

'(တစ်) ထန်းလျက် (၇)ကျပ်သား၊ ဆီးသီး (၇)လုံး ဆားထည့်ပြီး ကျိုသောက်၊

(နှစ်) မနက်ကျည်းမှည့် နှစ်ကျပ်သား၊ ထန်းလျက် တစ်ကျပ်သား၊ ဆားငါးမူးသားနဲ့ ကျိုသောက်'

ကိုရင်ကြီးက ပြောပြီးသည်နှင့် သူမူအတိုင်း ဘုရားခန်းထဲ ဝင်သွားခဲ့သည်။

ကိုရင်ကြီးက တိုင်းရင်းဆေးဆရာ မဟုတ်ဘူးဟု ပြောခဲ့သော်လည်း ကိုရင်ကြီးပေးသော ဓာတ်စာဆေးမှာ လှရွှတ်အမေ ထထိုင်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း လှရွှတ်ကိုယ်တိုင်ပြန်ပြောပြ၍ ကျွန်တော်သိခဲ့ရပါသည်။

♦♦♦

'ကိုရင်ကြီး..လုပ်ပါဦး'

မျက်နှာကြီးရှဲ့မဲ့လျက် ကိုရင်ကြီး ကျောင်းပေါ်တက်လာသူမှာ ကျွန်တော်တို့အပေါင်းအသင်း စန်းမြင့်ကြီး ဖြစ်ပါသည်။

'ခေါင်းကိုက်၊ ခေါင်းမူး၊ နှာစေး၊ ခြေဖျားအေး၊ ခံတွင်းပျက်တယ် မဟုတ်လား ဝက်ကြီး'

စန်းမြင့်ကို ကိုရင်ကြီးက ဝလွန်း၍ ဝက်ကြီးဟု ခေါ်ပါသည်။

ဝက်ကြီး(ခေါ်) စန်းမြင့် မျက်လုံးပြူးသွားခဲ့သည်။

'အဲဒီအတိုင်းဖြစ်နေတာ အမှန်ပဲ ကိုရင်ကြီးရေ၊ ကထိန်ကလည်း နီးလာပြီ။ မကရရင် မနေနိုင်လို့ပါ ကိုရင်ကြီးရဲ့'

မနှစ်က ကထိန်မှာ စန်းမြင့် ဝက်ကြီးက ဖိုးသူတော်ယိမ်းတွင် ပါဝင်ကပြခဲ့သူ ဖြစ်ပါသည်။

'မင်းက ဝက်သားကြိုက်တဲ့လူဆိုတော့ အတော်ပဲ။ ဝက်သားရှောက်သီးနဲ့ သုပ်စားကွာ။ ပဲနောက်ဟင်း(၃)ရက် ချက်စားကွာ။ မင်းရောဂါ ပျောက်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ကြီးဆေးက စွမ်းသည်။

ရွာသစ် ကထိန်မှာ စန်းမြင့်(ဝက်ကြီး) ဖိုးသူတော်ယိမ်းသာမက ဧော်ယိမ်းပင် ဝင်ကနိုင်ခဲ့သည်။

ထိုစဉ်က ကိုရင်ကြီး ဓာတ်စာနှင့် ကုသည်ကို မသိခဲ့ပါ။

ကိုရင်ကြီး ဘက်စုံထူးချွန်သည်ကိုသာ သိခဲ့ပါသည်။

"ပညာဟူသမျှ ယူထားသင့်တယ်။ စာကလေးရ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အသုံးတည့်လို့ လူတွေက မင်းကို ကျေးဇူးတင်ပြီး ဆရာတစ်ယောက်အနေနဲ့ မြင်လာကြလိမ့်မယ်"

ကိုရင်ကြီး ပျံလွန်တော်မူသွားသည်မှာ ကြာခဲ့ပါပြီ။

ကိုရင်ကြီး ပေးခဲ့သော ပညာများကား ကျွန်တော့်အတွက် သုံးမကုန် ဖြစ်နေပါတော့သည်။

ကျွန်တော်သည် တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူ ပညာရှင်တစ်ယောက် မဟုတ်ပါ။

ကိုရင်ကြီး ပျံလွန်တော်မူပြီးနောက် မှန်ပေါင်သွင်းဆား (၁၂)ရာသီပဋိစ္စသမုပ္ပာဒ် ဗေဒင်ဖယားကို လေ့လာကြည့်ရာက အောက်ဖော်ပြပါ မှတ်စုပါတွေ့ရှိကာ ဆေးဟုသုတအလို့ငှာ ပွားယူတင်ပြလိုက်ရခြင်း ဖြစ်ပါတော့သည်။

(၁၂)ရာသီဗေဒင်ဖယားသည် ကျွန်းမာရေးနှင့်ပတ်သက်၍ လှရွတ်၊ စန်းမြင့်(ဝက်ကြီး)တို့ကို ကိုရင်ကြီး ထိုးဖောက်ကြည့်ကာ ပြောခဲ့ခြင်း ဖြစ်တော့သည်။

တစ်နှစ် (၁၂)လ လဆန်း၊ လဆုတ် ရက်များနှင့် ပဋိစ္စသမုပ္ပာဒ် (၁၂)ကွက်တွဲလျက် ဖြစ်တတ်သောရောဂါ၊ ပေးရမည့်ဓာတ်စာ၊ ပေးရမည့်ဆေး စုံလင်စွာပါ၍ အကျိုးရှိသော ရှေးဗေဒင် နည်းတစ်နည်းပင် ဖြစ်ပါတော့သည်။

ဓာတ်စာပေးပုံဟောနည်း

၁။ အဝိဇ္ဇာရက်တွင် ဖျားနာသော် (၆)ရက်ပြည့်မှ ကျန်းမာမည်။ ဓာတ်စာကား ထန်းလျက်(၇)ကျပ်သား၊ ဆီးသီး(၇)လုံးကို ဆားနှင့်ကျိ၍ သောက်ပါ။

မန်ကျည်းမှည့်နှစ်ကျပ်သား၊ ထန်းလျက်တစ်ကျပ်သား၊ ဆားငါးမူးသား ကျိ၍ သောက်ပါ။

ဝက်သားကြော်ချက်၊ အမဲသားကြော်ချက်၊ ရွှေဖရုံသီးကြော်ချက်၊ ဆီးဖြူသီးသနပ်ဖက်၍ (၃)ရက်စားပါ။

၂။ သင်္ခါရရက်တွင် ဖျားနာသော် (၇)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား သံပရာရည်တစ်ကျပ်သား၊ သိန္ဓောဆားတစ်မတ်သား ရေနွေးငါးမူးသားဖျော်၍ သောက်ပါ။

ခါးအောက်ပိုင်း ရေဆွတ်ပေးပါ။

ငါးကြော်၊ ဆောင်းလျားသီး၊ သံပရာသီးနှင့် ချက်၍ စားပါ။ ဝက်သားကို ရှောက်သီးနှင့်သုပ်၍ ပဲနောက်ဟင်း ဖက်ကာ (၃)ရက်စားပါ။

၃။ ဝိညာဏ်ရက်တွင် ဖျားနာလျှင် (၉)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား ငါးရေချို၊ ပုစွန် ချက်စားပါ။ အမဲသားခြောက်၊ မန်ကျည်းသီးစိမ်းတောင့်၊ ရှောက်သီးနှင့် ဖက်စားပါ။

၄။ နာမရူပရက်တွင် ဖျားနာသော် (၃)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား ပိတ်ချင်းရွက်၊ ကင်ပွန်းရွက်၊ သနပ်ရွက်၊ ပုစွန်နှင့်ချက်၍ ရှောက်သီးသုပ် ဖက်၍ စားပါ။

အမဲသားချက်၊ မန်ကျည်းသီးထောင်း ဖက်၍ စားပါ။

ခါချဉ်ကို ငါးကင်နှင့် ချက်စားပါ။

ရင်ကို ထုံးကျက်တက်ရေနှင့်လိမ်း၍ ရေနံကိုရှူပါ။

၅။ သဠာယတနရက်တွင် ဖျားနာသော် (၅)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား သင်္ဘောသီးကို ငါးကင်၊ ပုန်းရည်နှင့် ချက်စားပါ။ ကင်ပွန်းရွက်၊ ဆီးဖြူသနပ် ဖက်၍ စားပါ။

ပဲနောက်ဟင်း၊ ရှောက်သီးသုပ် ဖက်၍ စားပါ။

၆။ ဖဿရက်တွင် ဖျားနာသော် (၈)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား ငါးကြော်ကို မန်ကျည်းသီးစိမ်း ဖက်၍ စားပါ။ ပုစွန်ချက်ကို သံပရာရည်ညှစ်၍ စားပါ။

ဝက်သားနှင့် မရမ်းသီး၊ ဆီးဖြူသီး ရောစားပါ။ ဥသျှစ်သီး ထန်းလျက်နှင့် စားပါ။

၇။ ဝေဒနာ

ဝေဒနာရက်တွင် ဖျားနာသော် (၆)ရက်ပြည့်မှ ကျန်းမာမည်။

ဓာတ်စာကား ကြက်ဟင်းခါးသီးချက်နှင့် မန်ကျည်းရွက်သုပ်ကို ဖက်၍ စားပါ။

ပဲနောက်ဟင်းကို ကင်ပွန်းရွက်သနပ်နှင့် ဖက်၍ စားပါ။ ကန်စွန်းရွက်နှင့် ပုစွန် ချက်၍ ရှောက်သီးသုပ် ဖက်၍ (၃)ရက်စားပါ။

www.burmeseclassic.com

www.burmeseclassic.com

တဏှာ

တဏှာရက်တွင် ဖျားနာသော် (၈)ရက်ပြည့်မှ ကျန်းမာသည်။

ဆေးစာကား ကြက်ဟင်းခါးသီးကို ပုစွန်နှင့်ချက်၍ သီးသုပ် ဖက်၍ စားပါ။

ကြက်မအုပ်ရွက်ကို ပုစွန်နှင့်ချက်၍ နှမ်းဖတ်ချဉ် ၍ စားပါ။

ဥပါဒါန်ရက်တွင် ဖျားနာသော် (၃)ရက်ပြည့်မှ ကျန်းမာသည်။

ဆေးစာကား ရှားဆောင်းကြီးကို ငါးပုန်းရည်နှင့် ချက် စားပါ။

ကြာရွက်ကို မန်ကျည်းသီးနှင့် ချက်၍ စားပါ။

ခရုသင်းရွက်ကို ပုစွန်နှင့် ချက်၍ စားပါ။

အမဲဆီကြော်ကို သံပရာရည်နှင့် (၃)ရက်စားပါ။

မန်ကျည်းသီး ငါးမူးသားကို ဆားလှော်နှင့် နေ့တိုင်း စားပါ။

ဘဝရက်တွင် ဖျားနာသော် (၅)ရက်ပြည့်မှ ကျန်းမာသည်။

ဆေးစာကား ဆောင်းလျားသီးနှင့် ပုစွန် ချက်စားပါ။ အဲသားဆားလှော်နှင့် ချက်၍ စားပါ။

ဘတိရက်တွင် ဖျားနာသော် (၃)ရက်ပြည့်မှ ကျန်းမာသည်။

ဆေးစာကား အမဲသားနှင့် ချဉ်ပေါင်ရွက် ချက်၍ စားပါ။ အမဲသား၊ မန်ကျည်းရွက်၊ ဥသျစ်ရွက် ချက်၍ စားပါ။

ပဲကြီးဟင်းကို ရှောက်သီးသုပ် ဖက်၍ စားပါ။

ဆီလူး၍ ချွေးဆောင်းပါ။ သစ်ကြမ်းပိုး၊ နံ့သာဖြူ အမျိုးကို သွေး၍ ရှုပါ။

၃။ ဇရာရက်တွင် ဖျားနာသော် ကြာဟင်းနှပ်ချို နှစ်ကျပ်သား၊ ဆူးလေ သုံးကျပ်သား၊ ဆင်တုံးမန္တယ် လေးကျပ်သား၊ မန်ခါးသီး ငါးကျပ်သား၊ ချင်း ခြောက်ကျပ်သား၊ ငုံ နှစ်ကျပ်သား၊ မဟာကာ ရှစ်ကျပ်သား၊ ဝိတ်ချင်း ဆယ် ကျပ်သား ကျိုး၍ မန်ကျည်းရည်နှင့် နံနက်,ည သောက်ပါ။

ဆေးပေးဝိုဟောနည်း

၁။ အဝိဇ္ဇာရက်တွင် ဖျားနာသော် မူးဝေ၊ အစာမကြေ ခြင်းတတ်သည်။ အထက်ကို လေဆန်၍ ပူတုန်ချမ်းတုန် ဖြစ်မည်။

ဆေးစာကား ဆင်တုံးမန္တယ်၊ ဟင်းစခုန်မြစ်၊ ကြောင်လျှာ၊ သဲဆပ်ပြာများ၊ မြက်ရင်းမကြီးရွက်၊ ရေသဖန်း တို့ကို တစ်ကျပ်သားစီစု၍ သုံးခွက်တစ်ခွက်တင်အောင် ကျိုး၍ သိန္ဓောဆားနှင့် နံနက်,ည တစ်ဖွန်းစီသောက်ပါ။

၂။ သခါရရက်တွင် ဖျားနာသော် ခေါင်းကိုက်၊ ခေါင်းမူး၊ နှာစေး၊ ခြေဖျားအေး ခံတွင်းပျက် မောပန်းမည်။

ဆေးစာကား သားလှဘရဏီ၊ လင်းနေ၊ ပမနေ၊ ငပြောင်းသပွတ်ကြီး၊ ပြုတာ၊ ကေမူး၊ စံမြိတ် ငါးမတ်သား စီကျိုး၍ ဖျားရည်နှင့် နံနက်,ည သောက်ပါ။

၃။ ဝိညာဏ်ရက်တွင် ဖျားနာသော် ဝမ်းပျက်မည်။ ချောင်း ဆိုး၊ ခေါင်းကိုက်၊ မူးဝေမည်။

ဆေးစာကား ဆင်တုံးမန္တယ်၊ တောင်ကန်စွန်း၊ ကြာ ဟင်းဆောင်းမေးခါး၊ ဒန်စကူး၊ ကုလားမျက်စိတို့ကို တစ် ကျပ်သားစီစု၍ ကျိုပါ။

သိန္ဓောဆားခတ်ပြီး နံနက်,ည သောက်ပါ။

၄။ နာမရူပရက်တွင် ဖျားနာသော် ရင်ပြည့်မည်။ နှလုံး တုန် ပျို့အန်မည်။

ဆေးစာကား ကနစိုရွက်၊ သခရွန်းမြစ်၊ ဆင်တုံး မန္တယ်၊ ကြောင်လျှာ၊ တပဆေး၊ နွားမြက်ရင်းတို့ကို ငါးမတ် သားစီစု၍ ကျိုပါ။ သိန္ဓောဆားခတ်ပြီး နံနက်,ည သောက် ပါ။

၅။ သဠာယတနရက်တွင် ဖျားနာသော် ချဲသလိပ်များ မည်။ ပျို့အန်မည်။

ဆေးစာကား ဇကမူး၊ နွားမြက်ရင်း၊ သားလှ၊ ဘရဏီ၊ ဆူးလေ၊ ဥသျစ်၊ သံသတ်၊ တောင်ကန်စွန်းတို့ကို ငါးမတ်သားစီစု၍ ကျိုပါ။ ပြာခတ်၍ နံနက်,ည သောက် ပါ။

၆။ ဖဿရက်တွင် ဖျားနာသော် ရေတက်မည်၊ ခြေ,လက် ကျင်မည်။

ဆေးစာကား ဆင်တုံးမန္တယ်၊ ဒေဝတာ၊ ကြာဟင်း၊ နွားမြက်ရင်း၊ စမြိတ်တို့ကို ငါးမတ်သားစီ ကျိုပါ။ ပြာရည် နှင့် နံနက်,ည သောက်ပါ။

၇။ ဝေဒနာရက်တွင် ဖျားနာသော် ရေတက်မည်။ ခြေ, လက် နာကျင် အော့အန်မည်။ နံဘေးနှစ်ဖက် နာမည်။ အဆစ်အမြစ်ကိုက်မည်။

ဆေးစာကား နန္ဒဝစ်မိန်း၊ မိဿလင်၊ ပန်းဥ၊ အင်္ဂါ တြိကသုံးပါး၊ တြိဖလာ၊ စမြိတ်၊ စရိ၊ ကြာဟင်းကန်စွန်းရွက်၊

www.burmeseclassic.com

၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
ကုတ် / စင်	ဂဏန်း	ဂဏန်း ဖတ်ခြင်း	ဂဏန်း ရေးခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း	ဂဏန်း ရင်းခြင်း	ဂဏန်း ပေါင်းခြင်း	ဂဏန်း နှုတ်ခြင်း	ဂဏန်း မြှောက်ခြင်း	ဂဏန်း စားခြင်း	ဂဏန်း ကိန်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဒဲကောတို့ကို ငါးမတ်သားစီစုံ၍ ကျွေပါ။ ထန်းလျက်နှင့် နံနက်,ည သောက်ပါ။

၈။ တဇာရက်တွင် ဖျားနာသော် လူမှန်းမသိ ဖြစ်တတ်သည်။ ကြက်သီးထတတ်၏။ နှလုံးတုန်ပန်းဟိုက်၏။

ဓာတ်ဆေးကား မိဿလင်၊ ကြောင်ပန်းရွက်၊ ရွေတို့ငါးတို့ကို ငါးမတ်သားစီ ကျွေပါ။ ပြာရည်နှင့် မနက်, ည သောက်ပါ။

၉။ ဥပါဒါန်ရက်တွင် ဖျားနာသော် လူမှန်းမသိဖြစ်တတ်၊ ကြက်သီးထတတ်၏။

ဓာတ်ဆေးကား ကန့်ချွပ်နီ၊ ရိုန်းခို၊ ကြဇ၊ ဒီဝုတ်၊ ဇမုန်ဖြူ။ မိဿလင်၊ ဖန်ခါး၊ တမာစေးတစ်လုံးတို့ကို ငါးမတ်သားစီစုံ၍ ကျွေပါ။ ပြာရည်နှင့် နံနက်,ည သောက်ပါ။

၁၀။ ဘဝရက်တွင် ဖျားနာသော် ခြေကပ်တတ်၏။ ဆီးအောင့်တတ်၏။ ထတုန် ထိုင်တုန် ရှိတတ်၏။

ဓာတ်ဆေးကား စမုန်နီ၊ စမုန်ဖြူ၊ ဒန်စကူ၊ ဒေဝတား၊ ချင်း၊ ကြက်ဟင်းခါး၊ တောင်ကန်စွန်း၊ ဆင်ခရမ်း၊ ရွေတဆိုး၊ ပန်းဥ၊ ပန်းရင်းတို့ကို ငါးမတ်သားစီစုံ၍ ကျွေပါ။ သကြားနှင့် မနက်,ည သောက်ပါ။

၁၁။ ဇာတိရက်တွင် ဖျားနာသော် အစာမကြေ၊ မြင်းစရိုက်နာ ဖြစ်တတ်၊ ခြေ,လက် တုန်လှုပ်၏။

ဓာတ်ဆေးကား နဲ့သာနီ၊ သနပ်ခါး၊ ကေမူ၊ ခင်ပုတ်ရွေတတိုင်၊ ထန်းလျက်တို့ကို ငါးမတ်သားစီစုံ၍ ကျွေပါ။ မနက်,ည သောက်ပါ။

၁၂။ ဇရာတွင် ဖျားနာသော် ပိန်ချုံးတတ်၏။ ကိုယ်ယောင်တတ်၏။ ရင်မကောင်း ပျို့အန်တတ်၏။

ဓာတ်ဆေးကား ကြာဟင်းနှပ်ချိုနွစ်ကျပ်သား၊ ဆူးလေသုံးကျပ်သား၊ ဆင်တုံးမန္ဓယ်လေးကျပ်သား၊ ဖန်ခါးငါးကျပ်သား၊ ချင်းခြောက်ကျပ်သား၊ ငုခုနစ်ကျပ်သား၊ မဟာကာရှစ်ကျပ်သား၊ ပိတ်ချင်းဆယ်ကျပ်သားကျို၍ မနှံကျည်းရည်နှင့် နံနက်,ည သောက်ပါ။

လေးစားစွာဖြင့်

ကျော်မိုးလွင်(ဝါးခယမ)

(ကို့ရင်ကြီး မှတ်စုမှ ကူးယူဖော်ပြခြင်းဖြစ်၍ အမှားအယွင်းပါခဲ့သော် ပညာရှင်များမှ နားလည်မှုပေးပါရန်။ စာရေးသူ)

ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမယုတ် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ဗဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ဗဏီဖွင့်ပွဲ အချိန်၊ နာဒီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရာဌ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပုဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာဒီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်, လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်, မြေ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နက္ခတ်ဟောဉာဏ်ပုဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသဲ့ကွရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြေးပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ **တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မဂိလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)**

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

www.burmeseclassic.com

သာထက်ဇော်(မကွေး)

နိမိတ်ရှာပြီးမှ ခရီးသွားပါ (၁)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

သူမသည် တောသူတောင်သား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သူပီပီ ရိုးသားအေးဆေးမှုရှိ၏။ စကားပြောလျှင် ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ သိဝှက်ထားခြင်း၊ လိမ်ညာတတ်ခြင်း အလျှင်းမရှိပေ။ သူမသည် မိသားစုငါးယောက်တာဝန်ကို တစ်ဦးတည်း ဒိုင်ခံဖြေရှင်းပြီး အိမ်ထောင်မှုထမ်းရွက်နေသူလည်း ဖြစ်ပေသည်။ ရာသီအလိုက်ပေါ်သောဇရုတ်၊ ခရမ်းချဉ်၊ ဘူး၊ ဖရုံ၊ သခွားသီးများကို လှည်လည်ရောင်းချခြင်း၊ အညာဒေသထွက်ကုန်ဖြစ်သော သနပ်ခါး၊ ထန်းလျက်၊ ပဲကြီးလှော်၊ ပဲခြမ်းကြော်တို့ကို လှည်လည်ရောင်းချခြင်း၊ ရံဖန်ရံခါ ကျောက်စရစ်ခဲကျုံးခြင်း၊ အောင်ဘာလေထီရောင်းခြင်း စသည့်အလုပ်များကိုလည်း ဇယ်ဆက်သကဲ့သို့ မနားမနေ လုပ်တတ်လေ၏။

ဈေးရောင်းချ၍ ပြီးစီးသွားပါက ကျွန်တော့်ဗေဒင်ဟောခန်းသို့ ယခုလို ရောက်လာပြီး ဗေဒင်ပညာရပ်များကို ဆည်းပူးလေ့လာတတ်သည်။ သို့မဟုတ် သူမ ကြုံတွေ့နေသည့် လူမှုရေး၊ စီးပွားရေး အခက်အခဲမှန်သမျှအတွက် အကြံဉာဏ်တောင်းခံခြင်း၊ ယတြာမေးမြန်းခြင်းတို့ ရှိ၏။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် အစပျိုးလေ့ရှိသည်။

"တို့ဆရာရေ...ကျုပ်လည်း တစ်နေ့တစ်နေ့ စားဝတ်နေရေးအတွက် ဟိုပြေးရ ဒီလွှားရနဲ့ ဆရာဆီ မရောက်ဖြစ်တာ နှစ်ပတ်တောင် ကျော်သွားခဲ့ပေါ့နော်။ တို့ဆရာနဲ့ မဆုံဖြစ်တဲ့ နှစ်ပတ်အတွင်း ဈေးရောင်းရတာလည်း အဆင်မပြေ၊ အကြွေးသွားတောင်းတော့လည်း အဆင်မပြေ၊ ကိုယ်က ငွေသွားချေးတော့လည်း လမ်းမတန်း၊ အစီအင်တကျ ချိန်းဆိုပြီးလုပ်တဲ့ အလုပ်မှန်သမျှကလည်း အလွဲအချော်ချော်နဲ့ သေချင်စိတ်တောင် ပေါ်နေပြီ သိလား ဆရာဆီ ဖုန်းလှမ်းဆက် မေးမယ်ကြံတော့လည်း ဆက်သွယ်မှုပြင်ပတွေချည်း...တို့ဆရာရေ။ ဖြစ်နိုင်မယ်ဆိုရင် အခုလို ဆရာနဲ့ ကျုပ် အလုပ်မအားလပ်လို့ မဆုံရတဲ့အခြေအတွေမှာ လုပ်သင့်လား၊ သွားသင့်သလား၊ မလုပ်သင့်ဘူးလား၊ မသွားသင့်ဘူးလား သိနိုင်တဲ့တွက်နည်း သင်ပေးထားမယ် တော်ကာကျလိမ့်မယ် ထင်တယ်။ ကျုပ်ကို သင်ပေးမယ် မဟုတ်လား တို့ဆရာ။ သင်ပေးပါနော်"

"ဒီလိုရှိတယ် ဒေါ်ထားထားရေ...ကျွန်တော်တို့က ဒီလူ ဒီပါ လက်ယာတောင်ကျွန်း သြဘာနိမိတ်ထွန်းဆိုတဲ့ စကားနဲ့အညီ နေထိုင်ကြတဲ့သူတွေမဟုတ်လား။ ဒီတော့ အတိတ်နိမိတ်၊ စနည်း၊ ဘဝေါ၊ တဘောင်တွေဆိုတာ ကျုပ်တို့ မစိမ်းပါဘူး။ အတိတ်ဆိုတာ အတိတ်လို့ခေါ်ဆိုတဲ့ ပါဠိကနေ ဆင်းသက်လာတာ။ အဓိပ္ပာယ်က ရှေးကျခြင်းပြီးခဲ့ခြင်းလို့ အနက်ရတယ်။ မြန်မာအဘိဓာန်မှာတော့ လွန်ခဲ့ပြီးသော အချိန်ကာလ၊ ပြီးခဲ့သော အဖြစ်အပျက်၊ နိမိတ်ကောက်ရန် အခြေခံအချက်လို့ ပါရှိတယ်ဗျ။ နိမိတ်ကောက်ယူတာက ပစ္စုပ္ပန်ကာလ။

ထားပါ၊ ကျွန်တော် ခင်ဗျားကို ပြောချင်တာ နိမိတ်အကြောင်း။ နိမိတ်ကို ကောက်ယူပြီး အဓိပ္ပာယ်ဖော်ရတာကတော့ အင်မတန်ခက်တယ်။ တချို့က နိမိတ်ကို အယူသီးမှုတစ်ရပ်လို့ ကဲ့ရဲ့ရှုတ်ချတာမျိုးလည်း ရှိတယ်။ ဒါပေမဲ့ နိမိတ်တို့၊ အတိတ်တို့၊ စနည်း၊ ဘဝေါ၊ တဘောင်တို့ မှန်ကန်မှုရှိခဲ့တာကိုတော့ ကျုပ်တို့ မြန်မာရာဇဝင်တွေကို လေ့လာကြည့်ရင် အထင်အရှား တွေ့မြင်ပါလိမ့်မယ်။ ကျုပ်တို့ မြန်မာလူမျိုးတွေတင် ယုံကြည်ကြတာလားဆိုတော့ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဦး အရှေ့တောင်အာရှနဲ့ အနောက်ဥရောပတွေမှာပါ
ကြည်လင်ခံလာတာ အထင်းသား တွေ့နိုင်ပါတယ်။
ကိုကြည့်ခြင်းအားဖြင့် နိမိတ်ဟာ ဘယ်လောက်အရေးပါ
သလဲဆိုတာ သိလောက်ရောပေါ့။

ကဲ..လိုက်မှတ်ဗျာ။ အခု ကျွပ်ပြောပြမယ့် နိမိတ်တွေ
ကို ခင်ဗျားကြုံတွေ့ခဲ့ရင် လုပ်ငန်းကိုင်ငန်း အထစ်အငေါ့
တွေတာမျိုး၊ ရည်မှန်းချက်၊ ရည်ရွယ်ချက် မအောင်မြင်
တာမျိုး၊ သတင်းဆိုးကြားရတာမျိုး၊ ကိုယ်သွားရာတဲ့လူ၊
ကိုယ်တွေ့ချင်တဲ့လူနဲ့ မတွေ့ရတာမျိုး၊ ရစရာ ငွေကြေး
ဥစ္စာပစ္စည်းတွေ မရတာမျိုး၊ တမင်သက်သက် ရန်စခံရ
တတ်တာမျိုး၊ စိတ်ဆင်းရဲရတာမျိုး၊ အခက်အခဲအမျိုးမျိုး
ကြုံရတာမျိုး၊ အခေါက်ခေါက်အခါခါ သွားရတာမျိုး
ရင်ဆိုင်ရလိမ့်မယ်။ ဒီနိမိတ်တွေက အလုပ်စာမေးပွဲ၊
ဘွဲ့ရေးစာမေးပွဲ၊ နှုတ်မေး,လှုမေးစာမေးပွဲ ဖြေဆိုဖို့သွား
ကိစ္စ၊ လုပ်ငန်းကိုင်ငန်းအတွက် ခရီးစတင်ထွက်ရမယ့်
ကိစ္စ အကြံအစည်တစ်ခုခုရှိလို့ စကားပြောဆိုစရာရှိတဲ့
အတွက် ခရီးထွက်ရမယ့်ကိစ္စ၊ ငွေကြေးရစရာရှိလို့ သွား
ဆောင်းရမယ့်ကိစ္စ၊ နောက်ပြီး မိသားစုဝင်ထဲက တစ်စုံ
တစ်ယောက် အသည်းအသန် သေကောင်ပေါင်းလဲ ဖြစ်နေ
သောကြောင့် အမြန်လာခဲ့ပါလို့ သတင်းကြားလို့ ခရီးသွား
ရမယ့် ကိစ္စတွေအတွက် မကောင်းတဲ့နိမိတ်ဆိုးတွေပေါ့
ဗျာ။ ဒါပေမဲ့ တစ်ခုတော့ သေသေချာချာ မှတ်သွား။
အကြောင်းမရှိ အကြောင်းရှာ ရည်ရွယ်ချက်မဲ့သွားတဲ့ ခရီး
တွေအတွက်ကတော့ အခုပြောပြမယ့် နိမိတ်တွေက
အရေးမပါဘူး။ နိမိတ်ကောက်လည်း မောင်ကောက်၊
ကောက်ပဲ ဖြစ်မယ်။ အကျိုးတစ်စုံတစ်ရာမှ ဖြစ်မလာဘူး။
ကိုယ့်အတွက် အကျိုးတစ်စုံတစ်ရာရှိမယ် လုပ်ငန်းတစ်ခုခု
အတွက် ခရီးသွားတာမျိုးမှ နိမိတ်ကောက်ယူလို့ရမယ်
ဆိုထားထားရေ။ ကဲ..နံပါတ်ထိုး။ ရေးဗျာ'

နိမိတ်ဆိုးများ

(၁) ယူသွားမယ့်အထုပ်ဟာ မမျှော်လင့်ဘဲ ပြုတ်ကျသွား
ပြီး ပွင့်သွားရင်။

(၂) ယူသွားမယ့်အထုပ်ဟာ ကျကွဲသွားကာ ပစ္စည်းတွေ
ပြန့်ကျဲသွားရင်။

(၃) ယူတ်ခဲ့ ကိုယ်ဝတ်နေတဲ့အင်္ကျီ (သို့မဟုတ်) လုံချည်
ဟာ စုတ်ပြဲသွားရင်။

(၄) ကိုယ်အရမ်းလေးစားတဲ့ပုဂ္ဂိုလ်၊ ကိုယ့်ထက်ကြီးတဲ့
ပုဂ္ဂိုလ်၊ ကိုယ်အရမ်းချစ်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ထက် အရမ်း
ငယ်တဲ့ ကလေးလေးတစ်ယောက်က တားမြစ်ပိတ်ပင်
ခဲ့ရင်။

(၅) လမ်းသွားနေရင်းက သစ်ကိုင်းနဲ့ နဖူးမှာ ရိုက်မိသွား
ရင်၊ ခလုတ်တိုက်မိရင်၊ သွေးထွက်သွားမိရင်။

(၆) အိမ်က ထွက်လာပြီး လမ်းမှာ အင့်းယာဉ်တွေကို
ငှားတဲ့အခါ သုံးကြိမ်ထက်မနည်း စျေးမတည့်ခဲ့ရင်။

(၇) ဘတ်(စ်)ကားစောင့်တဲ့နေရာမှာ သုံး,လေးစီးထက်
မနည်း ကိုယ့်ရှေ့ရပ်လျက်သားနဲ့ ကိုယ်က မတက်
နိုင်ခဲ့ရင်။

(၈) လမ်းခရီးတစ်လျှောက်မှာ လက်ခါပြတဲ့ လူတွေနဲ့ပဲ
တွေ့မြင်နေရရင်။

(၉) ကိုယ့်ရှေ့တည့်တည့်ကလူဟာ မေးထောက်ပြီး ညည်း
ညူနေရင်။

(၁၀)ကားနဲ့သွားလာရင်းက မျက်မှန်ပြုတ်သွားရင်။

(၁၁)ကားနဲ့သွားလာရင်း နောက်ဆုံး လိုရာခရီး ရောက်
ခါနီးအချိန်အထိ မီးနီတွေချည်းမိနေရင်။

(၁၂)ကားပေါ်မှာ နှစ်ကြိမ်ထက်မနည်း ခြေထောက်ကို
တက်နင်းတာခံရရင်။

(၁၃)ကားနဲ့သွားလာရင်း လမ်းခရီးမှာ ကားပျက်တာ၊
စက်လုံးဖန်းမရခဲ့ရင်။

(၁၄)ကိုယ်စီးလာတဲ့ကားက လူ (သို့မဟုတ်) တိရစ္ဆာန်ကို
တိုက်မိခဲ့ရင်။

(၁၅)လမ်းသွားရင်း မြွေအလမ္ဘာယ်ပြတာကို တွေ့ခဲ့ရင်။

(၁၆)လမ်းသွားရင်း မျက်လှည့်ပြတာကို တွေ့မြင်ခဲ့ရင်။
(မှတ်ချက်-မိမိက ရပ်မကြည့်ပါက နိမိတ်ယူစရာ
မလိုပါ။)

(၁၇)လမ်းသွားရင်း ရောက်ခါနီးမှ လူတစ်ဦး ကိုယ့်ရှေ့
တည့်တည့် လာရပ်ခဲ့ရင်။

(၁၈)လမ်းသွားရင်း ပစ္စည်း ခါးပိုက်နှိုက်ခံရမှန်းသိရင်။

(၁၉)လမ်းသွားရင်း တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ပြီး
သွေးထွက်သံယို ဖြစ်နေတာကို နှစ်ခါထက်မနည်း
တွေ့မြင်ခဲ့ရင်။

(၂၀)ကိုယ့်ရှေ့ကဖြတ်ပြီး နွား၊ မြင်း၊ လူ တစ်ခုခုကို
ရက်ရက်စက်စက် ရိုက်နှက်ဆဲဆိုကာ ခေါ်သွားတာ
တွေ့မြင်ခဲ့ရင်။

(၂၁)ကိုယ့်ရှေ့မှာ ဆိတ် (သို့မဟုတ်) နွား (သို့မဟုတ်)

www.burmeseclassic.com

www.burmeseclassic.com

ကြက်တို့ ငွေတာ၊တိုက်တာ တွေ့မြင်ခဲ့ရင်။

(၂၂) ကိုယ့်ရှေ့မှာ လက်ထိတ်ကြိုးချည် ခေါ်သွားတာကို မြင်ခဲ့ရင်။

(၂၃) အချိန်အခါမဟုတ်ဘဲ ထူးထူးခြားခြား ခွေးအူသံကြား ခဲ့ရင်။

(၂၄) နေရင်းထိုင်ရင်း ကျီးကန်းတွေ ပြိုလာသလို တအာအာအော်မြည်နေသံ ကြားခဲ့ရင်။

(၂၅) ကိုယ့်ရှေ့မှာ တိရစ္ဆာန်တစ်ကောင်ကောင် ဖြုန်းခနဲ သေသွားခဲ့ရင် မတော်တဆ ထိခိုက်သွားတာ မြင်တွေ့ ခဲ့ရင်။

(၂၆) ကိုယ့်ရှေ့မှာ တိရစ္ဆာန်တစ်ကောင်နဲ့တစ်ကောင် အသေ အကျေ တိုက်နေကြတာ တွေ့ခဲ့ရင်။

(၂၇) ကိုယ်ပိုင်ပြီး ကိုယ်သိပ်တန်ဖိုးထားတဲ့ ပစ္စည်းတစ်ခုခု ကျကွဲသွားရင် သွားခါနီး လာခါနီး ကိုယ့်ပစ္စည်းကို ရှာဖွေလို့ မရခဲ့ရင်။

(၂၈) ကိုယ့်ရှေ့မှာ လူတစ်ယောက်က ပစ္စည်းတွေ မနိုင် မနင်း ထမ်းသွားရင်း အဲဒီထမ်းသွားတဲ့ပစ္စည်း ပြုတ် ကျသွားတာ မြင်ခဲ့ရင်။

(၂၉) ကိုယ့်ရှေ့မှာ အရူးတစ်ယောက်က အဓိပ္ပာယ်မဲ့ ရယ် မောနေရင်။

(၃၀) ကိုယ့်ရှေ့က လူတစ်ယောက် (သို့မဟုတ်) ကလေး တစ်ယောက် (သို့မဟုတ်) မိန်းကလေးတစ်ယောက် ယောက် ရှိုက်ကြီးတငင်ငိုကြွေးရင်း အငိုမတိတ်ခဲ့ရင်။

(၃၁) ကိုယ့်ရှေ့မှာ ရန်ဖြစ်ရင်၊ တစ်ယောက်ယောက်က လုံချည်လှန်ပြတာကို တွေ့ခဲ့ရင်။

(၃၂) ကိုယ့်ရှေ့မှာ ပက်ပက်စက်စက် ဆဲဆိုတာမျိုး၊ ရန်ဖြစ် တာမျိုး၊ အမျိုးသမီးနှစ်ယောက် နယ်းလုံးပြီး အဝတ် အစားတွေ ကင်းမဲ့နေတာမျိုး တွေ့ခဲ့ရင်။

(၃၃) ကိုယ့်ရှေ့မှာ ငိုကြော်ရည်တဲ့ ကလေးတစ်ယောက်ရဲ့ ငိုသံရှည်ကြီး ကြားခဲ့ရရင်။

(၃၄) ကိုယ့်ရှေ့ကလူက ကိုယ့်ကို ပြက်ရယ်ပြုတဲ့စကား ပြောဆိုခဲ့ရင်။

(၃၅) ကိုယ့်ခေါင်းပေါ်မှာ တစ်တီတူး၊ လင်းတ၊ ငှက်ဆိုး စတဲ့ အမဂ််လာငှက်တစ်ကောင်ကောင် အော်မြည်တာ မျိုး၊ ပျံဝဲနေတာမျိုး ခရီးတစ်လျှောက်လုံး ထပ်တလဲ လဲ တွေ့မြင်နေရတာမျိုး၊ ဖြုန်းခနဲ ကိုယ့်ရှေ့ပြုတ်ကျ လာတာမျိုးတွေ ဖြစ်ခဲ့ရင်။

(၃၆) ကိုယ့်ရှေ့မှာ လူတစ်ယောက်က အကြိမ်ကြိမ်အခါ မအောင်မြင်ဘူး၊ မဖြစ်ဘူး၊ ပျက်ပြိုလို့ ပြောနေတာ နားနဲ့ဆတ်ဆတ်ကြားခဲ့ရရင်။

(၃၇) ကိုယ်ဝတ်ဆားတဲ့ အင်္ကျီစ (သို့မဟုတ်) လုံချည် (သို့ မဟုတ်) ဖိနပ်ဟာ နေအိမ်ကအထွက် တံခါးနဲ့ ခြင် မိသွားတာ၊ ငြိနေတာ ဖြစ်ခဲ့ရင်။

(၃၈) ကိုယ့်ခေါင်းက အရိပ်ကို ကိုယ်မမြင်ရင်။

(၃၉) လမ်းသွားရင်း ဖိနပ်သဲကြိုး ပြတ်သွားရင်။

(၄၀) အလကားနေရင်း စိတ်ထဲ လေးနေရင်။

(၄၁) ရောဂါး၊ ရေအိုး၊ ရေတကောင်း အလိုအလျောက် ခြင် သွားခဲ့ရင်။

(၄၂) လင်မယား ရန်ဖြစ်တာ၊ မိန်းမဖြစ်သူက လင်သား ကိုယ်ထိလက်ရောက် စော်ကားတာ မြင်ခဲ့ရင်။

(၄၃) အိမ်ကထွက်ခါနီး စကားများ ရန်ဖြစ်ရတာမျိုး၊ အရေ အတင်ငြင်းခုံရတာမျိုး ကြုံခဲ့ရင်။

(၄၄) သွားရင်းလာရင်း ခလုတ်တိုက်လဲကာ ခြေမ (သို့ မဟုတ်) ခွ ပေါက်ပြဲသွားခဲ့ရင်။

(၄၅) မတော်တဆ ခန္ဓာကိုယ် ထိမိခိုက်မိသွားခဲ့ရင်။

(၄၆) အရေးကြီးတဲ့ ပစ္စည်းတစ်ခုခု ကျန်နေသွားခဲ့ရင်။

(၄၇) ကြက်တွန်သံ အဆက်မပြတ် ထပ်တလဲလဲကြားခဲ့ရ

(၄၈) အိမ်ကဲ အထွက်မှာ တံခါးပေါင်တန်းနဲ့ ခေါင်းရိုင် မိတာမျိုး၊ ခလုတ်တိုက်တာမျိုး ဖြစ်ခဲ့ရင်။

(၄၉) ယာဉ်၊ ရထားစီးရင်း ဖြုန်းခနဲ ပြုတ်ကျသွားခဲ့ရ

(၅၀) သွားလာမယ့် လမ်းခရီးအတွက် အကြိမ်ကြိမ်အခါ ယာဉ်၊ ရထား စီးဖို့တားပေမယ့် ရပ်မပေးဘဲ သွား တာ ကြုံခဲ့ရင်။

(၅၁) သွားရင်းလာရင်း မျက်မှန်ကိုင်းကျိုးတာ၊ မှန်ပြုတ် တာ၊ ဘောပင်ဘောစေ့ ထွက်သွားတာ၊ ဘော အောက်ပြုတ်ကျတာမျိုး တွေ့ကြုံခဲ့ရင်။

(၅၂) ကားကို ရုတ်ခြည်းရပ်လိုက်တဲ့အတွက် နဖူးနဲ့ ကား ရိုက်မိသွားခဲ့ရင်။

(၅၃) ကားပေါ်က အဆင်းမှာ တံခါးပေါက်ပေါင်နဲ့ ရိုက်မိသွားခဲ့ရင်။

(၅၄) ဘယ်တော့မှ မြင်တွေ့ဖို့ မလွယ်ကူတဲ့ ဒုက္ခိတ ယောက်ယောက်ကို ဖြုန်းခနဲ မြင်တွေ့ခဲ့ရရင်

(၅၅) သွားခါနီး မိန်းမက ကလေးတွေကို အလုပါး ရိုက်ပြီး အော်ဟစ်ငိုနေတာ ကြားခဲ့ရရင်။

www.burmeseclassic.com

www.burmeseclassic.com

သွားခါနီး အရေးကြီးတဲ့ စာရွက်စာတမ်း၊ နိုင်ငံသားကတ်၊ ရထား၊ ကားလက်မှတ် စတာတွေ မေ့ကျန်ရစ်ခဲ့ရင်။

သွားခါနီး အိမ်ကကလေးတွေ တစ်ယောက်နဲ့တစ်ယောက် ရန်သတ်ပြီး ဖူးရောင်ကိုင်းသွားကြတာ ဖြစ်ခဲ့ရင်။

သွားခါနီး အိမ်က ဇနီးက ပြန်ခဲ့နော်လို့ အကြိမ်ကြိမ် အခါခါ ပြောဆိုသံ ကြားခဲ့ရရင်။

သွားခါနီး အိမ်နီးချင်းတွေ တုတ်တစ်ပြက်၊ ဓား တစ်ပြက် ရန်ဖြစ်နေကြတာ တွေ့မြင်ခဲ့ရရင်။

သွားခါနီး ငိုညည်းနေတဲ့ သူတောင်းစားတွေကို ထပ်ခါတလဲလဲ တွေ့မြင်ခဲ့ရရင်။

သွားနေတုန်း ကားပေါ်မှာ မိန်းမအချင်းချင်း ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုနေကြတာ တွေ့မြင်ခဲ့ရရင်။

သွားတဲ့အချိန်မှာ ကိုယ့်လက်ထဲက ကိုယ့်အသုံးအဆောင်ပစ္စည်းတစ်ခုခု (ထီး၊ လွယ်အိတ်၊ စာအုပ်၊ ဘောပင်) ပြုတ်ကျသွားခဲ့ရင်။

ကဲ..နိမိတ်အဆိုးတွေ ဟောကွက်ကတော့ ဒါပါပဲ။ အကြောင်းကိစ္စကြီးငယ်ရှိရင် သတိပြုနိုင်အောင် မှတ်ထားပေါ့ဗျာ။ ဒီနိမိတ်တွေနဲ့ ကြုံဆုံလာပြီဆိုရင်လည်း ရပ်ဆိုင်းပြီး ဆက်မလုပ်နဲ့ပေါ့ဗျာ။ ဟုတ်လား'

'အမယ်လေး..အခုကျမှ ကျောချမှ ဓားပြမှန်း သိတော့တယ်။ ပြီးခဲ့တဲ့အပတ်ထဲကပေါ့။ ကျုပ်တို့ရွာ မြောက်ဘက်က ပုလဲငွေသောင်ရွာကို အကြွေးသွားတောင်းတာ ဦးကျန်းက အရူး ကိုသိန်းမြင့်ကြီးနဲ့ လမ်းမှာ ပက်ပင်းတိုးရော။ အမယ်..အဲဒီအရူး ကိုသိန်းမြင့်ကြီးက ကျုပ်ကို ဆဲလွှမ်းလှမ်းကနေ မြင်လိုက်ကတည်းက ခွက်ထိုးခွက်လန်းတိုက်ရယ်လိုက်တာတော်။ တကတည်း ကျုပ်ဖြင့် ကြောင်တောင် ကြောင်သွားတယ်၊ ဘာပါလိမ့်လို့။ ဦးသိန်းကြီး..ကျုပ်ကို ဘာလို့ကြည့်ပြီး တစ်အားရယ်နေတာလဲ မေးတော့ ဘာမှ မဟုတ်ပါဘူးဟာ၊ နှင်သွားမယ့်ခရီး ကံသွားစမ်းပါ။ ငါ ရယ်ချင်လွန်းလို့ ရယ်တာလို့ ပြန်ဆိုတယ်။ ဟုတ်ပါ့တော်။ အဲဒီနေ့က ကျုပ် အကြွေးရစရာ တစ်ပြားတစ်ချပ်မှ တောင်းမရခဲ့ဘူး။ ဟိုအိမ်က လူကိုလို့၊ ဒီအိမ်က ငွေမရှိလို့နဲ့ ကိုယ်တွေ့..ကိုယ်တွေ့။ ကိုယ်ဆိုလို့ ပြောရဦးမယ်။ နိမိတ်ယုံကြည်တာ ကျုပ်တို့ဆီမှာ ဆယောက်ရှိတယ်။ အကြီးကြီးကို ယုံကြည်တာနော်။ သူ

တို့ နှစ်ယောက်လောက် နိမိတ်ယုံတာ ကျုပ် အသက်နဲ့အမျှ မကြားဖူးဘူး၊ မကြုံဖူးသေးဘူး'

'ဘယ်သူတွေလဲဗျ၊ ဘယ်ကလဲ'

'ဘယ်သူတွေရှိလိမ့်မတုန်း တို့ဆရာရေ၊ ကျုပ်တို့ရွာက သူဌေးဦးမြသောင်းကြီးနဲ့ ယာဉ်ပျံရွာက ဆံသဆရာ။ ဦးတင်ထွန်းတို့ပေါ့တော်'

'သူတို့က ဘယ်လိုဘယ်ပုံ နိမိတ်ယုံကြတာလဲဗျ'

'သူတို့ နိမိတ်ယုံကြည်ပုံက တိုင်ပင်ထားတဲ့အတိုင်း။ သူတို့နှစ်ယောက်နဲ့ လမ်းခရီးမှာဆုံလို့။ ဘယ်သွားမှာလဲလို့သာ မေးလိုက်။ ရောက်နေတဲ့ နေရာကနေ တစ်ဖဝါးမှ ရှေ့ဆက်မသွားဘဲ နောက်လှည့်ပြန်သွားတော့တာပဲ။ အဟုတ်။ ဒါပေမဲ့ တို့ဆရာ ကျုပ်ကို ပြောပြတဲ့အချက် (၆၃)ချက်ထဲမှာတော့ မပါဘူးနော်'

'ဒါကတော့ဗျာ..အဲဒီပုဂ္ဂိုလ်နှစ်ယောက်စလုံးမှာ ဘယ်သွားမှာလဲလို့ လူတကာက နှုတ်ဆက်မေးမြန်းတိုင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စအဝဝအတွက် မရေမတွက်နိုင်အောင် အခက်ကြီးတွေ ကိုယ်တွေ့ကြုံဆုံဖူးတာရှိလို့နေမှာပေါ့ဗျာ။ မဟုတ်ဘူးလား။ ကဲ..ကဲ..နေလည်းစောင်းသွားပြီ။ ကျုပ်လည်း ဟောခန်းပိတ်တော့မယ်။ ပြန်ပေဦးတော့ ဒေါထားထားရေ'

'ဟုတ်ပါပြီ၊ ကောင်းပါပြီ။ ပြန်ပါပြီ၊ သွားပါပြီ၊ ဂိုးပါပြီ၊ ရွေပါပြီ တို့ဆရာရေ'

ထိုကဲ့သို့ နှုတ်ဆက်နည်းမျိုးစုံဖြင့် ပြောပြောဆိုဆို ထွက်ခွာသွားသော ဒေါထားထားသည် တက်ကြွရွင်လန်းသည့် အားမာန်ခြေလှမ်းများနှင့်အတူ သူမမိသားစုလေးရှိရာ သာယာကုန်းရွာလေးဆီသို့..။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ
သာထက်ဇော်(မုံရွာ)

www.burmeseclassic.com

www.burmeseclassic.com

မင်းနေထွန်း(ကန့်ဘလူ)

ကြားမြင်သုတ မျက်ကြပါစေ

(၂၀၁၅)ခုနှစ်၊ စက်တင်ဘာလထုတ် ဂန္ဓီရမဂ္ဂဇင်းမှာ ကျွန်တော်ရဲ့ဆောင်းပါး "မေတတ်လွန်းသူတို့အတွက် အညွှန်းစာ" စာမျက်နှာ(၂၀၀-၂၀၂)၊ ပြီးတော့ စာရေးဆရာသာထက်ဇော်(မကွေး)ရဲ့ဆောင်းပါး "မဟာဘုတ်နှင့် ယတြာလုပ်သွားပါ" စာမျက်နှာ(၂၀၃-၂၀၅) ဆက်တိုက် ဖော်ပြပေးထားတဲ့အတွက် ကျွန်တော့်ဆောင်းပါး ဖတ်ပြီးတော့ ဆရာသာထက်ဇော်(မကွေး)ရဲ့ ဆောင်းပါးကို ဆက်ဖတ်ဖြစ်သွားတဲ့ ကျွန်တော့်စာဖတ်ပရိသတ် မိတ်ဆွေ ဦးမျိုးမြင့်က-

"ဆရာတို့ အင်္ဂါဝိဇ္ဇာပညာရပ်မှာရော ဒီလိုပဲ ခုနစ်နေ့သားသမီးတွေအတွက် အသုံးချလို့ရတဲ့ယတြာ ရှိသလားဟင်"လို့ မေးလာပါတယ်။

ဆရာသာထက်ဇော်(မကွေး)ရဲ့ မဟာဘုတ်နှင့် ယတြာလုပ်သွားပါ ဆောင်းပါးဟာ ဦးမျိုးမြင့် ပြောသလို ခုနစ်နေ့သားသမီးတွေအတွက် အသုံးချလို့ရတဲ့ အကျိုးပြုယတြာတွေကိုး။ ဒီတော့ အင်္ဂါဝိဇ္ဇာဗေဒင်ပညာမှာလည်း ရှိ၊မရှိသိလိုတာ သဘာဝကျပါတယ်။

ဒါပေမဲ့ ကျွန်တော် ရုတ်တရက် မဖြေသေးဘဲ အချိန်အနည်းငယ်ခန့် စဉ်းစားပြီးမှ-

"ရှိတယ် ဦးမျိုးမြင့်ရ၊ ခင်ဗျားကို ပါးစပ်နဲ့ ပြောလို့ရပေမယ့် ဆောင်းပါးအဖြစ် ရေးစမ်းပါဆိုရင်တော့ ကျွန်တော့် ဘက်က စောင့်စည်းရမယ့် ဝတ္တရားရှိတယ်။ ဆရာသာထက်ဇော်(မကွေး)က မဟာဘုတ်ယတြာပြီးတော့ အင်္ဂါဝိဇ္ဇာယတြာ၊ သရောဒယယတြာ၊ ဆန်းနည်းပညာ၊ နက္ခတ်၊ စန်း၊ လင်္ကယတြာ စသဖြင့် ဆက်ပြီးရေးချင်ရေးလာနိုင်သေးတယ်။ ဒီတော့ ကျွန်တော်က စည်းစောင့်ရမယ်လေ။ ဒါကြောင့် ဆောင်းပါးရေးဖို့တော့ မတိုက်တွန်းလာပါနဲ့တော့ဗျာ..နော်"

"ရပါတယ် ဆရာ။ ကျွန်တော်က အင်္ဂါဝိဇ္ဇာဗေဒင်နည်းပညာနဲ့ ခုနစ်နေ့သားသမီးအတွက် ယတြာရှိတာ သိရရင် ကျေနပ်ပါတယ်။ ပြောသာ ပြောပါ"

"ပြောပါဆိုပေမယ့် အလွတ်ပြောရင် ခင်ဗျားမျက်စိထဲမြင်မှာမဟုတ်ဘူး၊ ရှင်းမှာမဟုတ်ဘူး။ ဒီတော့ ပို့ကဘုတ်ပေါ်မှာ လိုအပ်တဲ့ပုံစံလေးတွေ ရေးပြမှ ခင်ဗျားရှင်းမှာ အဲဒါကို ကြိုးကြိုးကျယ်ကျယ်ဗျာလို့ မထင်ဖို့ လိုတယ်နော်"

"အဟဲ..ဟဲ..ဟဲ..ဟုတ်ကဲ့ပါ"

"ကိုင်း..ပထမဦးဆုံး ခင်ဗျားက ကြားသပတေးသားဆိုတော့ ကြားသပတေးသားသမီးကပဲ စပြီးရှင်းပြမယ်။ ဒီယတြာကို အမြစ်၊ ပင်စည်၊ အညွှန့် ယတြာလို့ ခေါ်တယ်ဗျ။ သစ်ပင်တစ်ပင်နဲ့ ပေးထားတဲ့ ဥပမာပေါ့။ ဒီမှာကြည့်"



"ဦးမျိုးမြင့်လို ကြားသပတေးသားသမီးတိုင်းအဖို့ အမြစ်နံကြိုဟာ ဗုဒ္ဓဟူးပဲ။ အမြစ်ရှင်သန်မှ ပင်စည်ဝင်ဖြိုးမှာ၊ ပင်စည်ဝင်ဖြိုးမှ အညွှန့်ဝေဆာမယ်ပေါ့ဗျာ။ ဒီတော့ အမြစ်နေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့မှာ စေတီ၊ ပုထိုးတွေသွားပြီး ရေခွက်ကပ်လှူပူဇော်မယ်။ ပန်း၊ ဆီမီးတွေ ကပ်လှူပူဇော်မယ်။ အဓိဋ္ဌာန်ပုတီးတွေစိပ်မယ်။ ဝေနေယျသတ္တဝါအပေါင်းမေတ္တာပို့ အမျှဝေမယ်။ ကိုယ့်လောက် ငွေကြေးဥစ္စာမပြည့်စုံတဲ့လူနဲ့တွေ့ရင်လည်း ကိုယ်တတ်စွမ်းနိုင်သလောက်ကူညီထောက်ပံ့ရမယ်။ တန်ခိုးကြီးဘုရား၊ စေတီ၊ ရုပ်တုတွေမှာလည်း ရွှေသင်္ကန်း ကပ်လှူရမယ်။ ဒါတွေက အားလုံး လုပ်ရမယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ။ လုပ်နိုင်သလောက်၊ လုပ်ခွင့်ရသလောက် လုပ်ရမှာပေါ့"

"ဟုတ်ကဲ့"

"အဲ..အမြစ်အားကောင်းအောင် ကုသိုလ်ဒါန ရေလောင်းနဲ့လောင်း၊ ကောင်းမှုကုသိုလ်တွေနဲ့ ပေါင်းသင်ပြီးပြီဆိုရင် ပင်စည်ဖြစ်တဲ့ (ကြားသပတေး)ကို ဆက်လက်ပြုစုစောင့်ရှောက်ရမယ်ဗျ။ အဓိကပေါ့ဗျာ၊ မွေးနံကိုး။ ဒီတော့ လုပ်ရမလဲဆိုတော့ ကြားသပတေးနံရှိတဲ့ ရဟန်းပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်တွေကို ပူဇော်သက္ကာယ တစ်မျိုးမျိုးလုပ်ပေးမယ်ဗျာ

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးကတော့ ပေါင်မုန့်လှူတာတို့၊ ပုဆိုးဝယ်ပေးတာတို့၊ ဘိန်းမုန့်ကျွေးတာတို့၊ ဖရဲယိုလှူတာ၊ကျွေးတာတို့၊ ပြောပြန်ပြေဘုရား ကြသာပတေးထောင့်ရုပ်ပွားမှာ ပန်းဝေနေအောင် စိုက်ထိုးပူဇော်တာတို့၊ ဖယောင်းဆီမီးစင်းတောက်နေအောင် ပူဇော်တာတို့ လုပ်ရမယ်ပေါ့။ ကြာသပတေးနေ့ လုပ်ရမှာ"

"ဟုတ်ကဲ့"

"နောက်တစ်ခုကတော့ အညွှန့်ဝေဆာအောင် သောကြာနံ ကောင်းမှုကုသိုလ်တွေ ဆင်ကြဉာ။ မိမိအိမ်မှာရှိတဲ့ ဗုဒ္ဓ ရုပ်ပွားရှေ့မှာပဲ ဆင်းမျိုးစုံ ဆက်ကပ်လှူဒါန်းမယ်။ ဘုန်းကြီး ရဟန်း၊ သက်ကြီးရွယ်အိုတွေကို သွားတိုက်ဆေး လှူတာမျိုး လုပ်ရမယ်။ ဖြစ်နိုင်ရင် အဲဒီ သောကြာနေ့မှာ ဓမ္မတေးတွေဖြစ်တဲ့ သီချင်းတွေ ကက်ဆက်နဲ့ ဖွင့်ထားရမယ်။ သီချင်းဆို ဝါသနာပါရင် အဲဒီသောကြာနေ့မှာ သီချင်းတည်ည်းညည်းနဲ့ နေနိုင်ရင် အကောင်းဆုံးပဲဗျ"

"အဟဲ..ဟဲ..ကောင်းပါ့ဗျာ"

"ဒါက အမြစ်နေ့၊ ပင်စည်နေ့၊ အညွှန့်နေ့တွေ အလိုက် လုပ်ရမယ်။ ကောင်းမှုကုသိုလ်ယတြာသွန်တွေပဲဗျ။ ထာ အလုပ်နေ့ရမယ်လို့တော့ မညွှန်းချင်ဘူးဗျာ။ ကိုယ့်အတွက် ညွှန်းချက်တစ်ခုခု၊ လုပ်ကိုင်ဆောင်ရွက်စရာတစ်ခုခု ကြိုတင်ရင် လုပ်ဖြစ်အောင်လုပ်ပါလို့ပဲ ပြောချင်တယ်။ ဥပမာ-အံသမီးဆိုရင် ရာထူးတိုးဖို့၊ နေရာမပြောင်းမရွှေ့ရအောင်၊ ဒီမှာမဟုတ် နေရာရွှေ့ပြောင်းချင်ရင်၊ လုပ်ငန်းခွင်မှာ အဆင်ပြေမှုတွေများရင် အထက်လူကြီးတွေ၊ အောက်လက်ငယ်သားတွေနဲ့ အဆင်ပြေချောမောပြေပြစ်အောင် စသဖြင့် အရေးကြုံလာတဲ့အခါမျိုးပေါ့။ အရောင်းအဝယ်သမားဆိုရင်လည်း ကိုယ့်ကုန်ပစ္စည်း အရောင်းထိုင်းသွားရင် လူဝင်သွားရင် အရောင်းသွက်လာအောင် ဝယ်သူ၊ ဝင်သူတွေများလာအောင် စသည်ပေါ့ဗျာ"

"ကောင်းပါပြီ။ ကျန်တဲ့ ဓနုနံသားသမီးတွေအဖို့ရော ဘယ်လိုရှိလဲ"

"ကျန်တဲ့ နေနံသားသမီးတွေအဖို့လည်း ကိုယ်မွေးနံရဲ့ အမြစ်နေ့၊ ပင်စည်နေ့၊ အညွှန့်နေ့တွေမှာ သက်ဆိုင်တဲ့ ဆုံဌာနအရ သက်ဆိုင်ရာနံ ကောင်းမှုကုသိုလ်ဒါနတွေ သွားလုပ်ရမှာပါပဲပေါ့။ ကိုယ်မွေးနံမရောက်မီ အရင်တစ်ရက်ဟာ အမြစ်နေ့ဖြစ်သလို ကိုယ်မွေးနံရဲ့ တစ်ရက်လွှန်ဟာ အညွှန့်နေ့ပဲဗျာ"

"ပုံစံလေး၊ အဲ..ဗေဒင်ခွင်လေး ချပြပေးပါဦး"

"ကိုင်း..ဒီမှာကြည့်"

၅	၆	၀	၁	၂	၃	၄	
*၂	*၃	*၄	*၅	*၆	*၀	*၁	(အညွှန့်)နေ့
၆	၀	၁	၂	၃	၄	၅	
၁	၂	၃	၄	၅	၆	၀	(ပင်စည်)နေ့
၄	၅	၆	၀	၁	၂	၃	
*၀	*၁	*၂	*၃	*၄	*၅	*၆	(အမြစ်)နေ့
၃	၄	၅	၆	၀	၁	၂	

တနင်္ဂနွေနေ့ဆိုရင် ကျောင်း၊ ကန်၊ ဘုရား၊ စေတီတွေမှာ အုတ်တစ်နိုင်တစ်ပိုင် လှူမယ်ဗျာ။ သက်ရှိထင်ရှားဗုဒ္ဓဘုရားကိုရည်မှန်းပြီး အုန်း(ထမင်း)ဆွမ်း ကပ်လှူမယ်ဗျာ။ ဘုရားသောင်ရေအိုးမှာ အုန်းညွှန့်တွေ ဝေနေအောင် စိုက်ထိုးပူဇော်မယ်ဗျာ။ အုန်းနို့ဆွမ်း ကပ်လှူမယ်ဗျာ။ အုန်းထမင်း ကုသိုလ်ဒါနလုပ်မယ်ဗျာ။ ဦးနောက်ချိုယွင်းတဲ့ လူနာတွေတွေ့ရင် ဆေးဝါးဒါန လှူမယ်ဗျာ။

တနလ်းနေ့ဆိုရင် ကုံကော်ပန်းတွေ၊ ကုံကော်ညွှန့်တွေ လှူမယ်။ ဘြာဆံဟင်း ကပ်လှူပူဇော်မယ်။ လူတစ်ဦး၊ နှစ်ဦး၊ သုံးဦးကို ကြာဆံဟင်း ကျွေးမယ်ဗျာ။ ခွေးလေခွေးလွှဲ(လမ်းပေါ်ခွေး)တွေကို အစာကျွေးမယ်ဗျာ။ ငါးသက်စေ့၊ ငှက်သက်စေ့ လွှတ်မယ်ဗျာ။ ကိုယ့်အတွက် အဆင်ပြေမယ့်၊ လွယ်ကူမယ့် တစ်ခုခု၊ နှစ်ခု၊ သုံးခုပေါ့။

အင်္ဂါနေ့ဆိုရင် ရဟန်းသံဃာနဲ့ သက်ကြီးရွယ်အို ဂိလာနတွေကို ဆေးလှူမယ်ဗျာ။ ဆန်လှူမယ်ဗျာ။ ကြိုက်ပြေနံပြေ ဘုရား ရုပ်ပွားတွေက သောင်ရေအိုးတွေကို စံပယ်ညွှန့်တွေ၊ စံပယ်ပန်းတွေ ဝေဆာနေအောင် စိုက်ထိုးပူဇော်မယ်ဗျာ။ မျက်စိဆေးရုံလိုမျိုး၊ စီတွဲဆေးရုံလိုမျိုးတွေမှာ အလှူဒါန အကျွေးအမွေး တစ်ခုခုလုပ်မယ်ဗျာ။ ယုတ်စွအဆုံး စာကလေးတွေကို ဆန်ပက်ကျွေးမယ်ဗျာ။ အင်္ဂါနံစေတီဘုရားမှာ စိပ်ပုတီး သွားပြီးစိပ်မယ်ဗျာ။ ရတာပဲဥစ္စာ"

"ဟော..ဗုဒ္ဓဟူးနေ့ဆိုရင်တော့၊ ကြာသပတေးနေ့ဆိုရင်တော့၊ သောကြာနေ့ဆိုရင်တော့ အစောကပဲ ပြောခဲ့ပြီးပြီပဲဗျာ။ ဘာခက်လို့လဲနော်။ အဲ..စနေနေ့ဆိုရင်တော့ ဒီပေါက်ဆွမ်း ကပ်လှူမယ်ဗျာ။ ဒီပေါက်ဆွမ်း ကပ်လှူဖို့

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမပေးဘူးဆိုရင် ဆွမ်းဖြူဖြူနဲ့ ထန်းညက်(ထန်းလျက်)ရောပြီး ကပ်လှူမယ်ဗျာ။ ဒန်းပန်းတွေ၊ ဒန်းညွန့်တွေ၊ နှင်းဆီပန်းတွေ၊ ထောပတ်သီးတွေ၊ နဂါးမောက်သီးတွေ၊ ဒေါနပန်းတွေ၊ နာနတ်သီးစိတ်တွေ လှူပါလေ့။ အများကြီး ဟုတ်တယ်နော်'

'ဟုတ်တော့ ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ မဟုတ်သေးတာ ရှိသေးတယ်'

'ဘာတုန်းဗျ'

ကျွန်တော့်အမေးကို ရုတ်တရက် မဖြေသေးဘဲ ဦးမျိုးမြင့်က ပြုံးစစလုပ်နေပါသေးတယ်။ အတန်ကြာတော့မှ-

'မဟုတ်သေးတာက ဒီအကြောင်းအချက်အလက်တွေကို အများစာဖတ်ပရိသတ် မသိနိုင်သေးတာဘဲ ဆရာရဲ့။ ဆရာက ဟိုစာရေးဆရာကြီး သာထက်ဇော်(မကွေး)အပေါ် စာပေသစ္စာစောင့်ထိန်းရမယ်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့ပဲ လက်ရှောင်နေရင်၊ တကယ်လို့ ဆရာထင်သလို ဆရာသာထက်ဇော်(မကွေး)က မရေးဘူးဆိုရင် ကျွန်တော့်လို သိချင်နေတဲ့လူတွေ မနစ်နာပေဘူးလား။ သိထိုက်သူတွေ မဆုံးရှုံးနေဘူးလား။ တကယ်လို့ ဆရာသာထက်ဇော်(မကွေး)က ရေးလာတယ်ဆိုရင်တော့ ဆရာ့အတွေး၊ ဆရာ့အမြင်နဲ့ ထပ်တူကျနိုင်ပါ့မလား။ ဆရာပဲ ခဏ၊ခဏပြောတယ်လေ။ တစ်ဦးခေါင်း တစ်ပညာ၊ တစ်ရွာမှာ တစ်ပုဒ်ဆန်း၊ ဗေဒင်လမ်းဆိုတာက အကျယ်ကြီးဆို။ ဒီတော့ ကျွန်တော်တို့လို ဗေဒင်ဝါသနာအိုးတွေအတွက် အတွေးအမြင်နှစ်မျိုး သိခွင့်,မှတ်ယူခွင့် မရနိုင်လား ဆရာရယ်။ ဆရာတို့ နှစ်ယောက်အပြင် အခြား,အခြားသော ဗေဒင်ပညာရှင်တွေက ရေးသားတင်ပြလာကြရင်ရော ပိုမကောင်းပေဘူးလား။ အတွေးစုံ၊ အမြင်စုံ၊ အသိစုံ ရနိုင်တာပေါ့။ ဒီတော့ ဒီအကြောင်းအချက်အလက်တွေကို ဆောင်းပါးမရေးပါဘူးဆိုတဲ့ ဆရာ့ဆုံးဖြတ်ချက်က မဟုတ်သေးတာပဲ။ အဲဒါ...'

'ကိုင်း...တော်ပါတော့ ဦးမျိုးမြင့်ရယ်။ ကျွန်တော်မျိုး မင်းနေထွန်း(ကန့်ဘလူ)သည် မိမိ၏ ဆုံးဖြတ်ချက်မှားယွင်းနေကြောင်း ထောက်ပြဝေဖန်သူရှိသဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်ကို ပြုပြင်ရေးသားတော့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်ခင်ဗျား'

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန့်ဘလူ

ရန်ကုန် ဆရာမြင့် (၈) ဆရာသြဘာ

နက္ခတ္တဗေဒ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ်(၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 4200 34597

www.burmeseclassic.com

www.burmeseclassic.com

နလုံးသုခ သွေးသန့်အားတိုးဆေး

နလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း မူးဝေခြင်း၊ နလုံးရူးအောင့်ခြင်း၊ နလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နလုံးနောက်သူများ၊ သွေးဆုံးပီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးခေတ်တစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဖြန့်ချိရေး
အော်လမြို့ဖြန့်ချိရေး - ဖဝ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြေလိမ်းဆေး

အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြေလိမ်းဆေးဒရယ်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောဟင်း၊ အကြောညှပ် အကြောထုံခြင်း၊ ဓက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဖြန့်ချိရေး
အော်လမြို့ဖြန့်ချိရေး - ဖဝ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးလမ်းကြောင်း

(သို့မဟုတ်)

ဗုဒ္ဓဟူးလမ်းကြောင်း

ကြည်ဝင်း(ဟသ်ာတ)

ကျန်းမာရေးလမ်းကြောင်းကို ရှေးခေတ်အခါပညာရှင်များက ဟတ်(ပ်)တီကာ(Heptica)ဟု ခေါ်ကြ၏။ ဤလမ်းကြောင်းကို အသက်လမ်းကြောင်းနှင့် ယှဉ်တွဲ၍ စစ်ဆေးကြရမည် ဖြစ်၏။ အသက်လမ်းကြောင်းသည် လက္ခဏာပညာရပ်၌ အရေးကြီးသကဲ့သို့ ကျန်းမာရေးလမ်းကြောင်းသည်လည်း အရေးကြီးပေသည်။

ကျန်ုပ်တို့တိုင်းပြည်(လန်ဒန်)ရှိ ဆေးပညာရှင်များသည် လက္ခဏာပညာရပ်ကို ဂရုစိုက်ကြပုံမရသော်လည်း အမေရိကန်ပြည်ရှိ ဆေးပညာအကျော်အမော် ပုဂ္ဂိုလ်များနှင့် ကျောင်းသူကျောင်းသားများကမူ ကျန်ုပ်၏ ဟောပြောပွဲများကို ဂရုတစိုက်တက်ရောက်နားထောင်ကြပြီး လက္ခဏာပညာ၏ အသုံးကျပုံနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုပုံများကို လက်ခံကြလေသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကြိုတင်လက်နက်တပ်ဆင်ခြင်းပင်ဖြစ်၏ဟူသော ဆိုရိုးစကားတစ်ရပ် ရှိပေသည်။

ကျန်ုပ်တို့သည် ယေဘုယျအားဖြင့် ခြိမ်းခြောက်လာသော သာမန်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်လေ့ရှိကြ၏။ ထိုအန္တရာယ်များထက် ကြီးမား၍ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာမည့် ရောဂါဝေဒနာတို့ကို ကုသကာကွယ်မှု မည်သို့ပြုလုပ်ကြရမည်နည်း။

ကျန်ုပ်အနေနဲ့ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့် ရောဂါဝေဒနာများ၊ မမာမကျန်းဖြစ်ခြင်းများကို လက်ဝါးပြင်ထက်၌ ဖော်ပြပါရှိနေကြောင်းကို သက်သေခံလုံလောက်စွာဖြင့် တင်ပြနိုင်ပါ၏။ ထိုရောဂါဝေဒနာများသည် တဖြည်းဖြည်း နှစ်ရှည်လများ ကြာမြင့်လာသည့်အခါ၌ ကြီးထွားလာပြီး အချိန်နှောင်းပြီး ကုသမရတော့ဟူသော စကားလုံးကို သမားတော်ကြီးများက သုံးရတတ်ပေသည်။

အာရောဂျ ပရမံ လာဘံ-ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်သည်နှင့်အမျှ ကျန်းမာရေးကို အထူးဂရုစိုက်၍ တတ်နိုင်သမျှ စောင့်ရှောက်သင့်ပေသည်။ ထို့ကြောင့်လည်း ဟက်(ပ်)တီကာ (ခေါ်) ကျန်းမာရေးလမ်းကြောင်းသည် အရေးကြီးသော လမ်းကြောင်းများ၌ တစ်ကြောင်းအပါအဝင်ဖြစ်ကြောင်းကို ဖော်ပြရခြင်း ဖြစ်ပေသည်။

ယင်းလမ်းကြောင်း တည်နေပုံကို ကြည့်ကြစို့။

ကျန်းမာရေးလမ်းကြောင်းသည် လက်သန်း၏အောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံမှ အစပျိုးပြီးလျှင် လက်ဝါးပြင်ကိုဖြတ်၍ အသက်လမ်းကြောင်းသို့ ဆင်းသွား၏။

အချို့က ကျန်းမာရေးလမ်းကြောင်းသည် လက်ကောက်ဝတ်၏အထက် တနလာဂြိုဟ်ခုံပေါ်မှ အစပျိုးပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်သဖြင့် ဗုဒ္ဓဟူးဂြိုဟ်ခုံအား အခြေသဟဲပြု၍ ဤလမ်းကြောင်းအား ဗုဒ္ဓဟူးလမ်းကြောင်းဟု ခေါ်ဝေါ်ကြပြန်သည်။

လက္ခဏာပညာရပ်ကို လိုက်စားကြသော သုတေသီများအတွင်း၌ ဤလမ်းကြောင်း အစပျိုးပုံနှင့်ပတ်သက်၍ ကျန်ုပ်သည် အချေအတင် ဆွေးနွေးခဲ့ဖူး၏။

(၂၅)နှစ်ကျော် အတွေ့အကြုံ ဗဟုသုတနှင့် ကလေးသူငယ်များ၏လက်များ၌ ကြီးထွားရင့်သန်လာပုံကို လေ့လာတွေ့ရှိချက်များအရ ကျန်ုပ်၏ ကိုယ်ပိုင်သုံးသပ်ချက်မှာ ကျန်းမာရေးလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှ ၄င်း ဗုဒ္ဓဟူးဂြိုဟ်ခုံ၏ အခြေမှလည်းကောင်း အစပျိုးတတ်ပြီး လက်ဝါးပြင်ကိုဖြတ်၍ အသက်လမ်းကြောင်းရှိရာသို့ ထိုးဆင်းသွားတတ်ပေသည်။ ၄င်းလမ်းကြောင်းသည် လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးကျဆင်းမှု အခြေအနေနှင့် ရောဂါအမျိုးအစားကို ကြိုတင်ညွှန်ပြနေပေသည်။ ထို့အပြင် ၄င်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ထိတွေ့သည့် အသက်ပိုင်းကို အဆိုးဆုံးအပိုင်းဟု မှတ်သားထားရမည် ဖြစ်၏။

လက္ခဏာပညာရှုပ်ကို လိုက်စားကြသူတို့ မှတ်သားထားရန် အချက်မှာ အသက်လမ်းကြောင်းသည် ရိုးရိုး

www.burmeseclassic.com

www.burmeseclassic.com

သဘာဝအလျောက်ရှိသော သက်တမ်းကိုသာ ညွှန်ပြနေပြီး ကျန်းမာရေးလမ်းကြောင်းမှာမူ ထိုလက်ပိုင်ရှင်၏ ဦးတည်ရာ ရောဂါအမျိုးအစားအလိုက် ခံစားရမှု၊ ထိရောက်မှုတို့ကို ဆက်ပြနေ၏။ အဆိုပါ လမ်းကြောင်းနှစ်ကြောင်း ပူးပေါင်းသိုက်သည့်အခါ လမ်းကြောင်းတစ်ကြောင်း၏ အင်အားသည် အခြားလမ်းကြောင်းတစ်ကြောင်း၏ အင်အားနှင့် ဆယ်ထုထပ်မျှ တူညီနေပါမူ သေဆုံးသည့်ရက်ကိုပါ ဖော်ပြနိုင်း ဖြစ်ပေ၏။

ဗုဒ္ဓဟူးလမ်းကြောင်း (သို့မဟုတ်) ကျန်းမာရေးလမ်းကြောင်းသည် နှာ့(ဗ်)ကြောစနစ်နှင့် သက်ဆိုင်နေသည့်အပြင် စိတ်နှင့်လည်း ပတ်သက်နေ၏။ အနာဂတ်လောကအတွင်း ဘိုးတိုင်အောင် စူးစမ်းတတ်သော အတွင်းစိတ် (သို့မဟုတ်) အသိစိတ်၏ ထင်မြင်ယူဆချက်များနှင့်လည်း ဆက်စပ်နေနေ၏။ ထို့ကြောင့်လည်း ကလေးသူငယ်ဘဝမှစ၍ ဤအတွင်းစိတ်သည် လွှမ်းမိုးသွားပြီး နှာ့(ဗ်)ကြောစနစ်အတွင်း ခံနိုင်မှုအားအဖြစ် ကျင်လည်နေပေသည်။ ယင်းခံနိုင်မှုအင်အားကို တိုင်းထွာနိုင်သည့် ကိရိယာမှာ ကျန်းမာရေးလမ်းကြောင်းပင် ဖြစ်ပေသည်။ ထိုလမ်းကြောင်းကို စစ်ဆေးခြင်းအားဖြင့် ခံနိုင်မှုအင်အားသည် မည်မျှကြာရှည်စွာ ခံနိုင်စွမ်းနိုင်သည်၊ မည်သည့်အချိန်တွင် အင်အားလျော့နည်းမည်တို့ကို နစ်ပေါင်းများစွာ ကြိုတင်၍ သိနိုင်ပေ၏။

ကျန်းမာရေးလမ်းကြောင်းသည် လက်ဝါးပြင်ရှိ လမ်းကြောင်းများအနက် အပြောင်းလဲဆုံးသော လမ်းကြောင်းသည်း ဖြစ်၏။ ဤလမ်းကြောင်းသည် အပူချိန်တိုင်းကိရိယာ သာမိုမီတာကဲ့သို့ လူတစ်ယောက်၏ အသက်တာဘဝကို တိုင်းတာသည့် ကိရိယာသဖွယ် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အာကာအကျ လမ်းနှစ်သွယ်ကို ညွှန်ပြနေ၏။ ကျန်ပ်အနေဖြင့် အသက်ငယ်ရွယ်ချိန်၌ နက်ရှိုင်းသောလမ်းကြောင်းသည် ချူချာသည်ကို တွေ့ရှိရသော်လည်း အင်အားပြည့်ဖြိုးသာသည့်အချိန်၌ ကျန်းမာရေးလမ်းကြောင်းသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားကြောင်းကို တွေ့ရှိရပေသည်။

ပိုမို၍နက်ရှိုင်းသော ကျန်းမာရေးလမ်းကြောင်းတို့သည် ရှည်မကောင်းသော အမှတ်အသားများဖြစ်၏။ အထူးသဖြင့် နှာ့(ဗ်)ကြောစနစ်တွင် ချို့ယွင်းမှုများ ဖြစ်တတ်ကြ၏။ စိတ်အင်အားကို လိုသည်ထက် ပိုမို၍အသုံးပြုသူများ၏ လက်ဝါးပြင်တွင် ဤအမျိုးအစားကို တွေ့ရတတ်၏။

ကျန်းမာရေးလမ်းကြောင်းမရှိလျှင် အကောင်းဆုံးဖြစ်၏။ ကျန်းမာရေးလမ်းကြောင်း အလျှင်းမပါရှိသည့်သူများသည် ကျန်းမာရေးကောင်းပြီး ကိုယ်လက်အင်္ဂါ တောင့်တင်းသန်စွမ်းကာ နှာ့(ဗ်)ကြောစနစ် အထူးကောင်းမွန်၏။

နှလုံးလမ်းကြောင်းမှာနေ၍ အခက်တစ်ခုပမာ အစပျိုးသကဲ့သို့ရှိပြီး ထိုလမ်းကြောင်းနှစ်ကြောင်းစလုံးသည် ကျယ်ဝန်းနေကာ အသက်လမ်းကြောင်းသို့ လက်ဝါးပြင်ကိုဖြတ်၍ ဆင်းသွားသော ကျန်းမာရေးလမ်းနှင့် တွဲဖက်နေပါမူ နှလုံးနှင့်ပတ်သက်သော ရောဂါ (သို့မဟုတ်) နှလုံးအားနည်းခြင်းတို့ကို ညွှန်ပြနေခြင်းဖြစ်၏။

လက္ခဏာပညာ လေ့လာသူများသည် လက်ချောင်းများပေါ်ရှိ လက်သည်းများကို ကျန်းမာရေးလမ်းကြောင်းအား စစ်ဆေးတိုင်း ဖြစ်မွားသည့်ရောဂါကို သိရှိနိုင်ရေး အတွက် ထည့်သွင်းစစ်ဆေးရမည် ဖြစ်၏။

ကျန်းမာရေးလမ်းကြောင်းကို နှိပ်ကြည့်သည့်အခါ အနီစက်ကလေးများ တွေ့ရပါက အကြော၊ အဆစ်ရောင်၍ ကိုက်ခဲသည့် အများရောဂါကို ညွှန်ပြနေ၏။

အကယ်၍ ကျန်းမာရေးလမ်းကြောင်းသည် လိမ်ကောက်ပြီး အသွားမမှန်ဘဲ အဝါရောင်သန်းနေပါမူ လက္ခဏာရှင်သည် သည်းခြေရောဂါ၊ လေရောဂါနှင့် ကျောက်ကပ်ရောဂါများကို ခံစားရမည် ဖြစ်၏။

ကျန်းမာရေးလမ်းကြောင်းသည် ထင်ထင်ရှားရှားဖြင့် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကို ဆက်ထားပြီး ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျန်းသဏ္ဌာန်အမှတ်အသားများ ပါရှိနေပါက ဦးနှောက်နှင့်ပတ်သက်သော ရောဂါများ ဖြစ်မွားလိမ့်မည်။

ကျန်းမာရေးလမ်းကြောင်းသည် လက်ဝါးပြင်အတွင်းသို့ ဆင်းသွားသော်လည်း အသက်လမ်းကြောင်းနှင့် မထိဘဲနေပါမူ ကိုယ်လက်အင်္ဂါတို့သည် မသန်စွမ်းရှိလျှင်သော်မှ ရောဂါဝေဒနာတို့ကို ခံနိုင်သည့်စွမ်းအား ရှိ၏။

ကျန်းမာရေးလမ်းကြောင်းကို စစ်ဆေးသည့်အခါ လက်ဝါးပြင်ပေါ်ရှိ အခြားလမ်းကြောင်းများနှင့် ပူးတွဲစစ်ဆေးရမည်ဆိုသည်ကို အထူးမှတ်သားထားရမည် ဖြစ်၏။ အထူးသဖြင့် အသက်လမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းတို့နှင့် ပူးတွဲစစ်ဆေးရမည် ဖြစ်သည်။

ဥပမာ-အသက်လမ်းကြောင်း၌ သံကွင်းဆက်များရှိ၍ အင်အားလျော့နည်းနေပါက လက်ဝါးပြင်ပေါ်ရှိ ကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးလမ်းကြောင်းသည် အသက်လမ်းကြောင်းမှ ပြန်ကွေ့ထွက်သွားပါမူ ဖြစ်ပွားလာမည့် မကျန်းမာမှုမှ လွတ်ကင်းလာပြီး အသက်ရှည်မည့် အကြောင်းကို ညွှန်ပြနေပေသည်။

ရေးလမ်းကြောင်းသည်လည်း ကျွန်းမာရေးချုချာပြီး အန္တရာယ်ပိုမိုများပြားမည့် အရိပ်အယောင်များကို ပြသနေပေလိမ့်မည်။

ကျွန်းငယ်များ (သို့မဟုတ်) သံကွင်းဆက်များ ဦးခေါင်းလမ်းကြောင်း၌ ပြည့်နှက်နေပါမူ ကျွန်းမာရေးလမ်းကြောင်းသည်လည်း ဦးနှောက်ရောဂါ၊ ခေါင်းကိုက်ရောဂါနှင့် အခြားရောဂါဝေဒနာတို့ကို ကြုံတင်၍ ဖော်ပြနေပေလိမ့်မည်။

ကျွန်းမာရေးလမ်းကြောင်းကို လေ့လာမှတ်သားခြင်းအားဖြင့် ရှေ့၌ဖြစ်ပွားတော့မည့် ရောဂါအရာများကို သိရှိနိုင်သဖြင့် အဖိုးတန်လှပေ၏။

သို့သော် ကြိုတင်သတိပေးချက်များကို ကာယက်ရှင်များက လိုက်နာမှုရှိ,မရှိသည်လည်း ပြဿနာတစ်ရပ်ပင် ဖြစ်၏။ ကျွန်ုပ်၏ အတွေ့အကြုံအရဆိုလျှင် ကာယက်ရှင်များသည် လိုက်နာကြမည် မဟုတ်သလို နာယူကြလိမ့်မည်



ကျွန်းမာရေးလမ်းကြောင်းပေါ်ရှိ ကျွန်းသဏ္ဌာန် အမှတ်အသားသည် ဦးခေါင်းလမ်းကြောင်း၏ အထက်နှင့် အောက်တွင် ရပ်တည်နေပါမူ ရင်ဘတ်နှင့် အဆုတ်တို့၌ ရောဂါခွဲကပ်တတ်၏။ အထူးသဖြင့် လက်သည်းများရှည်ပြီး ထောင့်ချွန်းသဏ္ဌာန် ဖြစ်နေပါက ပိုမို၍ ဆိုးဝါးတတ်ပါသည်။

လည်း မဟုတ်ပေ။ ထို့ကြောင့် ၄င်းတို့ကို ကြိုတင်၍ သတိပေးထားသည့်အတိုင်းပင် ဖြစ်လာတတ်ကြပေသည်။

လက်,ခြေကိုပတ်၍ရှိသော အသက်လမ်းကြောင်းသည် လမ်းကြောင်းငယ်ကလေးများ (သို့မဟုတ်) သံကွင်းဆက်များနှင့် ပြည့်နှက်နေပြီး ကျွန်းမာရေးလမ်းကြောင်းသည် ထူထဲလျက် ရှိနေပါမူ ဘဝတစ်လျှောက်လုံး ကျွန်းမာရေးမကောင်းခြင်း၊ မကြာခဏများနာတတ်ခြင်း၊ ချုချာတတ်ခြင်းတို့ ဖန်တေထပ်နေပေလိမ့်မည်။ ကျွန်ုပ်၏ အတွေ့အကြုံအရ ဤသကေတသည် မှားယွင်းသည်ဟု မရှိခဲ့သေးပေ။

ကျွန်းမာရေးလမ်းကြောင်း (သို့မဟုတ်) ဤလမ်းကြောင်းမှ ခွဲထွက်သွားသည့် မည်သည့်အကိုင်း၊ အခက်မဆို အသက်လမ်းကြောင်းကို ထိနေပါမူ ထိုအမှတ်အသား(၂)

www.burmeseclassic.com

www.burmeseclassic.com



အငယ်၌ အသက်လမ်းကြောင်း ပြတ်တောက်နေပြီး ထိုပြတ်တောက်နေသည့် နေရာသို့ ကျန်းမာရေး လမ်းကြောင်း (သို့မဟုတ်) အခက်တစ်ခုက ဖြတ်သွားပါမူ အသက်ဆုံးရှုံးနိုင်သည့် အမှတ်အသားဖြစ်ကြောင်း မှတ်သားထားရပေမည်။

ဆိုသည့် အသက်အပိုင်းအခြား၌ ကြီးကြီးကျယ်ကျယ် ဖြစ်နာခြင်းနှင့် အသက်ဆုံးရှုံးရခြင်းကို ကြုံတင်ဖော်ပြနေ သော်၏။

အကယ်၍ အသက်(၄၀)လောက်၌ ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်တော့မည်ဟု ထိုသင်္ကေတက ညွှန်ပြ နေခဲ့သော်။ ကြုံတင်သတိပေးလိုက်ခြင်းအားဖြင့် လက္ခဏာ ရှင်သည် လိုအပ်သော ကြိုတင်ကာကွယ်မှုများကို ပြုလုပ် ပြင်ဆင်နိုင်ပေလိမ့်မည် ဖြစ်၏။ အထူးသဖြင့် လူသတ္တဝါတို့ ၏ လက်ဝါးပြင်ပေါ်၌ ထင်ရှားစွာ ပါရှိနေသော အမှတ် အသားများက ညွှန်ပြနေသည့် ရောဂါများကို ခွဲခြမ်းစိတ် ဖြာ၍ ဖော်ထုတ်ပေးနိုင်လျှင် ပိုမို၍ပင် အကျိုးရှိပေလိမ့်မည်။

လက်များ၌ အဆုတ်ရောဂါကို ညွှန်ပြနေသောလက်၊ ဆုံးအားနည်းသည့်ရောဂါကို ညွှန်ပြနေသောလက်တို့ထက် ဆင့်မြင့်ပြီး လွန်လွန်ကျူးကျူး စာကျက်သဖြင့် ဦးနှောက် ဒုက္ခပေးခြင်းနှင့် အားနည်းခြင်းတို့ကို ဖော်ပြနေသောလက်၊ နှာဗံကြောများ(အာရုံကြော) ပျက်စီးချို့ယွင်းပြီး ရူးသွပ် သည့် ရောဂါများကို ညွှန်ပြနေသောလက်များ အသီးသီး ရှိကြ၏။ ၄င်းကို သာဓကပြပါမည်။

တစ်ခါမှိန်က ကျွန်ုပ်ထံသို့ လက္ခဏာမေးရန် ရောက်လာ သော ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းခိုင်မာသည့် လူ ငယ်တစ်ယောက်ကို မှတ်မိသေး၏။

ထိုလူငယ်က သူ၏ကံကြမ္မာကို ဦးစားပေး၍ စစ်ဆေး ပေးရန်အတွက် ရည်ရွယ်ပြီး ကျွန်ုပ်အား သူ၏လုပ်ငန်းများ ကို ဖွင့်ဟ၍ ပြောပြလေသည်။ သူသည် နေ့စဉ် ဖဲရိုက်၊ မြင်းပွဲလောင်းနေသူဖြစ်သဖြင့် မည်ရွေ့မည်မျှ ကံကောင်း မည်၊ (သို့မဟုတ်) ကံဆိုးမည်ကို သိလိုကြောင်း ပြောပြ၏။

ထိုသူငယ်၏ လက်ဝါးပြင်၌ ထူးထူးခြားခြား ကုသိုလ် ကံကောင်းပြီး စီးပွားဥစ္စာတိုးတက်ရမည့် အမှတ်အသားများ ကို တွေ့ရ၏။ ကျွန်ုပ် တွက်ချက်၍ရသလောက်မှာ ထိုကံ အရှိန်သည် တစ်နှစ်ကျော်မျှအထိနေပြီး ငွေကြေးအမြောက် အမြား စုဆောင်းမိလိမ့်မည် ဖြစ်၏။ သို့သော် အပျော်ကြူး သည်မှ အစပြုပြီး အာရုံကြောများ အားအင်ကုန်ခန်းကာ သေနိုင်လောက်သည်အထိ ကျန်းမာရေးကျဆင်းလိမ့်မည်ကို ပြတ်ပြတ်သားသား တွေ့ရပြန်၏။

ထို့ကြောင့် ထိုသူငယ်အား ကျွန်ုပ်က 'မင်းဟာ ထီ တော့ပေါက်ပါရဲ့၊ ထီလက်မှတ် ဟောက်တဲ့လူလို ဖြစ်တော့ မယ်။ ရှင်းရှင်းပြောရရင် မင်းဟာ ကံကောင်းနေသလောက် ဝမ်းနည်းစရာအဖြစ်နဲ့ ဇာတ်သိမ်းရလိမ့်မယ်ကွယ့်။ ရှေ့လာ မယ့်လတွေမှာ မင်းကိုင်သမျှ ရွှေဖြစ်ရတဲ့ကိန်း ဆိုက်နေ တယ်။ အေး..ဒါပေမဲ့ မင်း ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ရှာထားတာတွေကို အကျိုးရှိအောင်တော့ သုံးပေါ့ကွာ'

သူငယ်သည် သတင်းကောင်းကြားရသဖြင့် မှိုရသည့် မျက်နှာမျိုးနှင့် ရွှင်မြူးနေ၏။

'ဒါပေမဲ့ မင်းကို ဆရာတစ်ခုတော့ သတိပေးရဦးမယ်။ ကြီးပွားတိုးတက်တယ် ဆိုတာမျိုးဟာ သူတာဝန်ကို သူ ကပ်ပြီး သယ်ယူလာလေ့ရှိတယ်။ ဒီတော့ မင်းဟာ ရုတ် တရက် ပိုင်ဆိုင်လာရတဲ့ ပစ္စည်းဥစ္စာတွေကို ဂရုတစိုက် သုံးစွဲဖို့တော့ လိုလိမ့်မယ်ကွယ့်။ နောက်တစ်ခုကလည်း ကျန်းမာရေးဆိုတာ ဘဏ်ငွေစာရင်းလိုပဲ အထုတ်နဲ့ အသွင်း ညီမျှနေမယ် မဟုတ်လား'

လူငယ်သည် ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က မြင်းတစ်ကောင်လောက်ကို သန်မာပါတယ်ဆရာ။ ကျွန်တော့်ဘဝမှာ တစ်ခါမှ မဖျားဖူးသေးပါဘူး။ ဖျားနာတယ်ဆိုတာကိုလည်း မကြားဖူးသေးဘူး။ ဒီတော့ ကျွန်တော့်ကို ရှေ့မှာ ကံကောင်းမယ့် အချိန်တွေ ရှိတယ်လို့ ဆရာဟောလိုက်တော့ အဲဒီအချိန်ကောင်းတွေကို ကျွန်တော် ကောင်းကောင်းအသုံးချပြီး ပျော်လိုက်တော့မယ်နော် ဆရာ"

ဤကဲ့သို့ ခေါင်းမာသည့် သူငယ်မျိုးကို သတိပေးရခြင်းမှာ ကျွန်ုပ်အတွက် မည်ကဲ့သို့ အကျိုးရှိပါမည်နည်း။

လူငယ်သည် ရှေ့တွင် တွေ့ကြုံရတော့မည့် အချိန်ကောင်းကို မျှော်တလင့်လင့်နှင့် ဝမ်းသာရင်း ကျွန်ုပ်ထံမှ ထွက်ခွာသွားတော့မည်၊ အလုပ်နောက်ဆုံးအနေဖြင့် လိုက်နာလို လိုက်နာငြား ကျွန်ုပ်သည် သတိပေးစကား တစ်ခွန်း၊ နှစ်ခွန်းကို ပြောလိုက်လေ၏။

"အေး...မင်းကျန်းမာရေးနဲ့ ကိုယ်လက်အင်္ဂါကတော့ ဟောင့်တင်းပါသေးတယ်။ ဒါပေမဲ့ ဆရာ မင်းကို သတိပေးတဲ့အနေနဲ့ မှာလိုက်ရဦးမယ်။ ကျောနန်းဆက်ခေတ်က သမားတော်ကြီး ဒေါက်တာအာသာနတ်ဘီးက သဘာဝဟာ ဘယ်တော့မှ မေ့လျော့မနေတဲ့အပြင် ဘယ်တော့မှလည်း ခွင့်မလွှတ်တတ်ဘူးလို့ ပြောခဲ့ဖူးတယ်ကွယ့်"

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ဆက်ပါတယ် ဆရာကိုင်ရှိ။ တကယ်လို့များ ကျွန်တော် တစ်စုံတစ်ရာဖြစ်ခဲ့ရင်လည်း ဆရာ့ဆီကို အကြောင်းကြားလိုက်ပါ့မယ်။ ဒါမှလည်း ဆရာ့ဟောကိန်းတွေ မှန်ကန်ကြောင်းကို ဆရာ မှတ်တမ်းတင်နိုင်တော့မှာပေါ့" ဟုပြောပြီးနောက် ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်သည် မှတ်တမ်း၌ လူငယ်အကြောင်းကို အနည်းငယ် မှတ်သားထားလိုက်၏။ ထို့နောက် တစ်နေ့ထက်တစ်နေ့ ဧည့်သည်များ တိုးတက်လာသည်နှင့်အမျှ လူငယ်အား မေ့လျော့သွားလေတော့၏။

ကျွန်ုပ်သည် ပြင်သစ်ပြည်၊ ပါရီမြို့တော်သို့ ခရီးတစ်ခေါက်ထွက်ခဲ့ပြီး လန်ဒန်မြို့ ဘွန်းလမ်းရှိ ကျွန်ုပ်၏အခန်းသို့ ပြန်ရောက်လာချိန်၌ ခရီးရောက်မဆိုက် တယ်လီဖုန်းဖြင့် ကျွန်ုပ်အား ဖိတ်ကြားသဖြင့် ယောင်ဝါးဝါးဖြစ်သွားရလေ၏။

"ဘယ္ဂူတွန်လမ်းက ဆေးခန်းကို ဆရာ့အနေနဲ့ သွားမပေးနိုင်ဘူးလား" ဟု တယ်လီဖုန်းမှ မေးလာ၏။

မည်သည့်အတွက် ကျွန်ုပ်အား ခေါ်ပါသနည်းဟု စံစမ်းကြည့်သည့်အခါတွင် သိပ်အရေးကြီးလို့ပါဟု ဖြေသဖြင့် ကျွန်ုပ်လည်း ထိုဆေးခန်းသို့ သွားရန် ဆုံးဖြတ်လိုက်တော့၏။

သပ်ရပ်စွာ မွမ်းမံခြယ်သထားသော ဆေးခန်းသို့ ရောက်သွားသည့်အခါ၌ ကျွန်ုပ်သည် ပထမဦးစွာ သူနာပြုဆရာမချုပ်နှင့် တွေ့ဆုံရ၏။ သူမက စိတ်ကယောင်ချောက်ချား ဖြစ်နေသော လူနာတစ်ယောက်ကိုယ်စား တယ်လီဖုန်းဆက်ပေးရကြောင်းကို ရှင်းပြ၏။

"ရှင် ဒီလူနာအကြောင်းကို ကြားဖူးလိမ့်မယ်လို့ ကျွန်မခြင်းချက်မရှိ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုရင် သတင်းစာတိုင်းက သူ့ကို ကစားသမား ဖိုးကံကောင်းလို့ အမည်တပ်ပေးပြီး သတင်းတစ်ရပ်အနေနဲ့ ရေးနေကြလို့ပဲ"

မှန်ပေသည်။ သူ့အကြောင်း သတင်းစာများ၌ ပါလာတတ်သည်။ ဤသူငယ်သည် မြင်းပွဲ၌လည်းကောင်း၊ ကစားဝိုင်းများ၌လည်းကောင်း အံ့သြလောက်အောင် နိုင်ပြီး ရက်ရက်စက်စက် မဆင်မခြင် အသုံးဖြုန်းကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။

ထို့နောက်စဉ်က သူ့ကို ကျွန်ုပ် ဆက်သွယ်ခြင်းမပြုခဲ့။ ယခု အိပ်ရာပေါ် ဆုံးဘုံးလဲကျချိန်၌သာ တစ်ဖန်ပြန်လည်၍ ဆုံစည်းကြရခြင်းဖြစ်၏။ အသားအရေများ ခန်းခြောက်ပြီး ပိုးဟပ်ဖြူလိုက်၍နေသည့် သတ္တဝါကလေးသည် အိပ်ရာပေါ်မှနေ၍ သူ၏ ဖယောင်းသားကဲ့သို့ဖြစ်နေသောလက်ကို လှမ်းပြီး ကျွန်ုပ်ရောက်လာခြင်းအတွက် ဝမ်းသာကြောင်းကို အင်အားကုန်ခန်းနေသည့် အသံကလေးဖြင့် ပြောရာ၏။

"ဆရာကြီးကိုင်ရှိ...ကျွန်တော့်စကား တည်ပါတယ်နော်။ ဆရာဟောကိန်းတွေ ဘယ်လောက်မှန်သလဲဆိုတာ ပြရအောင် ကျွန်တော် ဆရာ့ကို ပင့်ဖိတ်လိုက်တာပါ။ ကျွန်တော်ဟာ အဲ့ဒြလောက်အောင်ကို ကံကောင်းခဲ့ပါတယ်။ အခု ကျွန်တော့်မှာ ဒီကံကောင်းမှုရဲ့ အကြွေးတွေကို ပေးဆပ်ရတော့မယ် ဆရာ။ ဆရာပြောလိုက်တဲ့ ကျွန်းမာရေး ဘက်က အပိုတွေကို ကျွန်တော် ထုတ်သုံးမိလိုက်လို့ အခု အပိုထုတ်သုံးမိတဲ့ ကျွန်တော့်ဆီကို ချက်လက်မှတ်တွေ ပြန်လိုက်လာကြပြီပဲ"

ကျွန်ုပ်သည် သူ၏ခုတင်ဘေးဌ၌ထိုင်၍ ကျွန်ုပ်တို့ တွေ့ဆုံပြီးသည့်နောက်ပိုင်း သူသည် အမှားများကိုလုပ်ခဲ့ကြောင်း

www.burmeseclassic.com

ပြောပြသည်ကို နားထောင်နေမိ၏။

လူငယ်သည် မြင်းပွဲမှ ငွေကြေးထောင်ပေါင်းများစွာ ရှိပြီး မွန်တီကာလိုတွင် နေစဉ်ရက်ဆက် စတာလင်ပေါင် တစ်သန်းမက နိုင်သည်ဟု ဆို၏။ ငွေသည် မကောင်းမှု၏ ရေသောက်မြစ်ဟု ဥပမာတင်စားခဲ့ကြသည့်အတိုင်း မဆင်ခြင်သည်နှင့်အမျှ ညစဉ်ရက်ဆက် အရက်၊ မိန်းမ၊ ညစာစားပွဲများနှင့် အပျော်ကြူးခဲ့ရာ ကျန်းမာရေးကျဆင်းတော့သည့် အရိပ်အမြွက်ပြသည်အထိ ဂရုမစိုက်ဘဲ နေခဲ့သည်ဟု ဆို၏။ ထို့နောက် ရုတ်တရက်ပျက်စီးခြင်းသည် ဝင်ရောက်ခဲ့၏။ ဆရာဝန်များက သူ့အား သွက်ချာပါဒရောဂါ (သို့မဟုတ်) စိတ်မနံ့သည့်ရောဂါတစ်ခုဖြစ်မည်ဟု ဆုံးဖြတ်ကြလေသည်။

ထိုလူငယ်သည် လပေါင်းများစွာ ဂရုတစိုက် ဆေးဝါးကုသမှုကို ခံယူလိုက်သဖြင့် သေတွင်းမှ ထွက်လာရကြောင်းကို သိရ၍ ကျွန်ုပ်အနေဖြင့် ဝမ်းသာမိ၏။ သူသည် လူသစ်၊ စိတ်သစ်၊ အမြင်သစ်ဖြင့် တစ်ဖန် သူ့ဘဝကို ရုန်းကန်နေကြောင်း ကြားရ၏။ သို့သော် အလွယ်တကူရသည့်ငွေကား အလွယ်တကူပင် ကုန်ခန်းခဲ့ရပေပြီတကား။

ဤသာဓကအရ လက်ဝါးပြင်မှ အမှတ်အသားတို့သည် ကြိုတင်၍ သတိပေးနိုင်စွမ်းရှိသည်ကို ထင်ရှားစွာ တွေ့ရပေပြီ။ လူငယ်သည် ဤပညာကို မယုံကြည်၍ (သို့မဟုတ်) နားမလည်၍သာ မကာကွယ်ခြင်း ဖြစ်တန်ရာ၏။ သို့သော် ငွေနှင့်ဆက်၍ ပြုလုပ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ဆေးဝါးကုသနိုင်ခြင်းတို့ကြောင့်လည်းကောင်း အသက်အန္တရာယ်မှ ကင်းရှင်းသွားခြင်း ဖြစ်ပေသည်။

ဤသာဓကကဲ့သို့မဟုတ်ဘဲ အန္တရာယ်ကို မကာကွယ်နိုင်သည့် ဥပမာသာဓကတစ်ခုကိုလည်း တင်ပြပါဦးမည်။

တစ်ခါက အမျိုးသမီးတစ်ဦးသည် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပြီး သူမသည် ပြင်သစ်ပြည်တောင်ပိုင်းသို့ အလည်သွားမည်ဖြစ်ကြောင်းကို ပြောပြလေ၏။

'ဟုတ်လား၊ ခင်ဗျား ခရီးမထွက်သင့်ဘူး'

ကျွန်ုပ်၏ ကန့်ကွက်မှုကြောင့် သူမသည် အံ့အားသင့်သွားကာ-

'ဆရာ..ပြင်သစ်ပြည်တောင်ပိုင်းရဲ့ ဆောင်းရာသီဟာ ကျွန်မနဲ့ သိပ်ကိုတည့်ပါတယ်။ နှင်းတို့ မြူတို့ကို မဆိုထားနဲ့၊ ဒီးအေးတာကိုတောင် ကျွန်မ မခံနိုင်ဘူး ဆရာ။ ကျွန်မတို့ အင်္ဂလန်ပြည်က ဆောင်းရာသီဟာ ဆရာသိတဲ့အတိုင်း သိပ်အေးတယ်မဟုတ်လား'

'ကဲလေ..ဒါတွေကို ထားပါတော့။ ခင်ဗျားအသက် အတိအကျကို ပြောပြစမ်းပါ'

သူမသည် ယခု အသက်(၂၈)နှစ်ရှိပြီဟု ကျွန်ုပ်အား ပြန်၍အဖြေပေး၏။

အမျိုးသမီး၏ လက်ဝါးပြင်ရှိ ကျွန်းမာရေးလမ်းကြောင်းသည် အဆုတ်အအေးမိသည့်ရောဂါ (သို့မဟုတ်) အလားတူ ရောဂါတစ်ခုခုကို ရုတ်တရက်ဖြစ်လိမ့်မည်ဟု ညွှန်ပြနေကြောင်းကို လေ့လာတွေ့ရှိရ၏။ ထို့အပြင် အသက်လမ်းကြောင်းပေါ်ရှိ အမှတ်အသားတစ်ခုအရ သူမသည် ယခုနှစ်အတွင်း ကျွန်းမာရေးကျဆင်းပြီး အသက်အန္တရာယ် စိုးရိမ်ရလိမ့်မည်ဟု ကောက်ချက်ချလိုက်၏။ ထိုဖြစ်ရပ်မှာလည်း ပြည်ပသို့ ရောက်ရှိနေစဉ် ကာလအတွင်း ဖြစ်ပွားရလိမ့်မည်ဟု ကျွန်ုပ်ယူဆလိုက်ပြန်၏။

'ဖြစ်နိုင်ရင် ခရီးမထွက်ဘဲနေတာ ကောင်းလိမ့်မယ်'

ကျွန်ုပ်၏ သတိပေးခြင်းကို သဘောပေါက်သွားဟန်ရှိပြီး မသွားတော့ပါဟုပြော၍ ပြန်သွားလေသည်။ သို့သော် မိန်းမသားတို့မည်သည် များသောအားဖြင့် ပြောင်းလဲတတ်သည့် စိတ်သဘောထားရှိရကား ထိုနေ့ ညနေစောင်း၌ တယ်လီဖုန်းဆက်ပြီး ကျွန်ုပ်ဟောလိုက်သမျှ သူငယ်ချင်းတစ်ဦးအား ခြေပြေပြရာ လက္ခဏာပညာဟာ အလကားပါ။ အခြေအမြစ်မရှိပါဘူးဟုဆိုသဖြင့် စိတ်ပြောင်းလဲသွားပြီဖြစ်ကြောင်း ကျွန်ုပ်ကို ပြောပြ၏။

'ကိုင်ရို..ဖြစ်သမျှအကြောင်း အကြောင်းချည်းပဲလို့ သဘောထားပြီး.. ကျွန်မသွားတော့မယ်'

အမျိုးသမီးသည် ရယ်မောရင်း ကျွန်ုပ်အား 'မင်္ဂလာပါ ဆရာ' ဟုပင် နှုတ်ဆက်လိုက်သေး၏။

ရက်အနည်းငယ်အတွင်း အမျိုးသမီးသည် ပြင်သစ်ပြည်တောင်ပိုင်းရှိ နို(စ်)မြို့သို့ရောက်သွားပြီး စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် ပျော်ရွှင်နေလေတော့၏။ ထို့နောက် တစ်ညနေစောင်း၌ အဲ(လ်)ပတ်(စ်)တောင်ပေါ်သို့ မော်တော်ကားဖြင့် အပျော်ခရီးထွက်ရန် သူမသည် ဆုံးဖြတ်လိုက်၏။ ထိုနေရာမှာ ကိုတီဒီအာကြူး၏ နောက်ခံရှုခင်းများကို မြင်နိုင်သောနေရာလည်း ဖြစ်၏။

သူမ ခရီးထွက်ချိန်၌ နေသည် သာနေ၏။ သို့သော် တောင်ပေါ်သို့ ပေတွေတောင်ပေါင်းအနည်းငယ်မျှ တက်ကာ ရှုမျှော်ခင်းများကို လွတ်လွတ်လပ်လပ် ကြည့်ရှုပိုက်ချင်

www.burmeseclassic.com

သည့်ဆန္ဒ ဖြစ်ပေါ်လာသဖြင့် တံခါးပေါက်မှ အကာများကို အောက်သို့ချလိုက်ရာ အခန့်မသင့်ဘဲ ရှေ့လေကာမှန်ကြီး ကွဲသွားလေတော့၏။ ဤသည်မှာ အမျိုးသမီး၏ ကံကြမ္မာ ဆိုးပေတည်း။

အိမ်သို့အပြန်၌ တစ်လမ်းလုံး တောင်ပေါ်လေအေးတို့ သည် ရှေ့မနေ၍ တိုက်ခတ်နေရာ ရင်ဘတ်အားမိပြီး အိမ်သို့ပြန်အရောက် နာရီပိုင်းအနည်းငယ်အတွင်း နမိုးနီး ယားနှစ်ထပ်ကွမ်း ဖြစ်ပွားလာလေတော့၏။ အမျိုးသမီး သည် ထိုရောဂါနှင့်ပင် (၄)ရက်မြောက်သည့်နေ့တွင် သေဆုံးသွားရှာတော့၏။

အထက်ဖော်ပြပါ အချက်အလက်များကို လေ့အနည်း ငယ်ကြာသည်အထိ ကျွန်ုပ် မသိရပေ။ ထိုအမျိုးသမီး၏ ညီမတော်သူက လာရောက်ပြောပြမှပင် အကြောင်းစုံကို သိရှိရခြင်း ဖြစ်၏။

သူမ၏အစ်မ ကွယ်လွန်အနီစွမရောက်မီ သူမထံသို့ ပေးပို့လိုက်သော စာတစ်စောင်၌-

'အစ်မကို လက္ခဏာဆရာကြီးကိုင်ရိုက ခရီးမထွက်ဖို့ တားမြစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူဟောလိုက်တာတွေ အခု ထက်ထိ မမှန်သေးဘူး။ အစ်မကတော့ မသေသေးတဲ့အပြင် ဟိုသွားဒီသွားနဲ့ ပျော်နေတယ် ညီမရေ'ဟု ပါလာသဖြင့် ကျွန်ုပ်ထံ ရောက်ပူးကြောင်းသိရှိပြီး ယခု သတင်းလာပို့ခြင်း ဖြစ်ပေသည်။

ကျန်းမာရေးလမ်းကြောင်းပေါ်၌ ကျွန်းသဏ္ဌာန်အမှတ် အသားရှိပြီး ဦးခေါင်းလမ်းကြောင်းနှင့် ကပ်လျက်တည်၌ နေပါမူ နှာခေါင်းနှင့် လည်ပင်းကို ဒုက္ခပေးနိုင်၏။

အကယ်၍ ကျန်းမာရေးလမ်းကြောင်းပေါ်ရှိ ကျွန်း သဏ္ဌာန်အမှတ်အသားသည် ဦးခေါင်းပေါ် လမ်းကြောင်း၏ အထက်နှင့်အောက်တွင် ရပ်တည်နေပါမူ ရင်ဘတ်နှင့် အဆုတ်တို့၌ ရောဂါစွဲကပ်တတ်၏။ အထူးသဖြင့် လက် သည်းများရှည်ပြီး ထောင့်ချွန်းသဏ္ဌာန်ဖြစ်နေပါက ပိုမိုဆိုး ဝါးတတ်ပေသည်။

ကြည်ဝင်း(ဟသံတ

ကျမ်းကိုး

၁။ Cheiro's Love, life and Marriage.

၂။ ဗိုလ်ညွှန့်မောင်၊ သိပ္ပံလက္ခဏာစွယ်စုံကျမ်း။

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြောင်းအကြောင်း)

သင့်ရဲ့ဇာတ် အဆို/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးတံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယခြားကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉၄၄၃၁၁၂၉၉

www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့လေ့လာ အသုံးချပညာ

ခေတ္တရာ-ဆရာကျော်

အလုပ်တွေ မည်မျှပင် များစေကာမူ စာရေးသူမှ ကျေနပ်သည်။ မိမိတတ်ကျွမ်းနားလည်ရာ ဗေဒပညာရပ် ဆိုင်ရာများကို ရေးသားရာတွင်လည်း လက်ငင်းပစ္စုပ္ပန် လာရောက်မေးမြန်း အကြံယူသူတွေထဲမှ ကောင်းနိုးရာရာ တင်ပြဖွယ် သင့်လျော်ရာများကိုသာ ရေးလိုစိတ်ရှိသဖြင့် အချိန်စောင့်ရတာများ ရှိနေခဲ့သည်။ ထူးမခြားနား ဇာတာများနှင့် အမေးများကတော့ နေ့စဉ်ရှိသည်။ စာဖတ်သူများကို တင်ပြရန် မထူးသောကြောင့် စောင့်ဆိုင်းရသည်။

ယခုတင်ပြမည့် ဇာတာကလည်း ထူးခြားလွန်းလှ၍ တော့မဟုတ်။ ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မတင်ပြရသေးသောကြောင့်တစ်ကြောင်း၊ တစ်ဖန်တင်ပြပေးရလျှင် ဝါသနာရှင် ဂန္ဓိရုစာဖတ်သူ ပရိသတ်အတွက် အကျိုးတစ်စုံတစ်ရာရလိမ့်မည်ဟု ယူဆသောကြောင့်တစ်ကြောင်း ရေးသားဖြစ်ခြင်းပင်။

နက္ခတ်ဗေဒင်ဆရာတစ်ယောက်အဖို့ ဇာတာရှင်တစ်ဦး၏ အဖြစ်အပျက်များကို အချိန်ကာလ အဝိုင်းအခြားဖြင့် ဟောကြားရာတွင် သူနည်းသူဟန် သူအတွေ့အကြုံများကို အခြေခံ၍ ဟောပေလိမ့်မည်။

နက္ခတ်ဗေဒင်ပညာရပ် ခေါင်းစဉ်အောက်တွင် ဟောနည်းစနစ် အမျိုးမျိုးရှိသည်။ အယူအဆ အတွေးအခေါ်များလည်း စုံလင်လှသည်။

ကျွန်ုပ်အနေဖြင့် တစ်ချိန်က နယ်မြေအရပ်ရပ်သို့ ခရီးခြေဆန့်ခဲ့ဖူးလေရာ နက္ခတ်ဗေဒင်ပညာရှင် အသီးသီးထံသို့ ရောက်ခဲ့ဖြီး လေ့လာသုံးသပ် အကဲခတ်ဖူးသည်။ မွေးဇာတာ၊ ပြဿနာဇာတာ၊ ကောဇာဇာတာ၊ အရိဂုအချိန်ဝိဇိုး စနစ်ဟောသူ၊ ဝဿဖလ(တနင်္ဂနွေနှစ်ပတ်လည်စနစ်)ဖြင့် ဟောပြောသူ၊ အဋ္ဌဝဂ္ဂနည်းစနစ်ဖြင့် ဟောသူ၊ ဝိသောတ္တရီဒသာစနစ်နှင့် ဇေမိနီဒသာ နှစ်ခုအခြေပြုကာ ဖြစ်ရပ်ကို မှန်ကန်အောင်ဟောသူ၊ နှစ်တိုးဇာတာဖြင့်ဟောသူ စသဖြင့် ဟောဆိုမှုအထွေထွေဖြင့် ဟောဆိုကြကြောင်း လေ့လာမိသည်။

သူနည်းသူဟန် သူစနစ် သူတတ်ကျွမ်းကျင်ရာ ပညာရပ်ကို အခြေခံကာ ပြောဟောကြသဖြင့် လာရောက်အကြံဉာဏ်တောင်းခံသူများအဖို့ အကျိုးရှိကြသည်သာ ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်ကတော့ အချိန်ကာလဝိုင်းခြား၍ ဖြစ်ရပ်များ ဟောပြောရာတွင် ဝိသောတ္တရီဒသာကို နှစ်သက်သည်။ မိမိနှင့် ကံလိုက်သည်ဟုလည်း တွက်ဆမိပါသည်။ စနစ်အမျိုးမျိုးကို အချိန်ရတိုင်း စမ်းသပ်လေ့လာမိတိုင်း ထူးခြားသော၊ အန္တရဒသာ၊ ပြတန္တရဒသာအပိုင်းတို့မှာ လက်တွေ့ဖြစ်ရပ်တို့နှင့် ကိုက်ညီပါသည်။

ယခုတင်ပြခဲ့သည်မှာ မူလဇာတာကို အခြေခံသော တွက်ယူရာတွင် သူနည်းသူဟန်ဖြင့် မှန်ကန်ကြောင်း ခြုံငုံ ပြောဆိုခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးဖြင့် တင်ပြလိုရင်းမှာ မူလဇာတာမဟုတ်ပါ။ ကောဇာဇာတာကို အခြေပြု၍ ပြဿနာကို အဖြေထုတ်ပေးခြင်း ဖြစ်သည်။

ဆိုလိုသည်မှာ မေးမြန်းလိုသူ မေးလာသည့်အချိန်ကို ကောဇာကြိုပ်များအရ လင်္ဂတပ်၍ သူမေးခွန်းကို အဖြေထုတ်ပေးခြင်း ဖြစ်သည်။ ထပ်ရှင်းရလျှင် မူလဇာတာ အဟောမဟုတ်ဘဲ လာမေးချိန်ဇာတာအရ တွက်ချက်ဟောရသော အဟောဖြစ်သည်။

ဒါများကွာ သိသားပဲဟု မလုပ်လိုက်ပါနှင့်။

ဤနေရာတွင် ပညာရှိကြီးများမှအပ လေ့လာသူဝါသနာရှင်များအတွက် သိသင့်သိထိုက်သော ပညာခွင်တစ်ခုကို ပြောလိုရင်းပါ။ ဝေမျှလိုရင်းသာဖြစ်သည်။ ကျွန်ုပ်မှာ လက်တွေ့တွေ့ မနည်းတော့ပါ။ ထို့ကြောင့်လည်း ဤဆောင်းပါးကို အတည်ပြုရေးခြင်း ဖြစ်သည်။ (၂၀၀၃) ခုနှစ်မှစကာ အထူးသုတေသနပြုသည်။ အမှန်ရာခိုင်နှုန်းများသဖြင့် ရေးဖြစ်ခြင်းဖြစ်သည်။ အနည်းငယ်သော အလွဲကလည်း ပညာမဟုတ်ပါ။ ကျွန်တော်၏အယူအဆ အားနည်းမှုပင်။

လိုရင်းပြောပါမည်။

နက္ခတ်ဗေဒင်ပညာ အခြေခံတတ်သိထားသူများသာ

www.burmeseclassic.com

www.burmeseclassic.com

နားလည်ပေလိမ့်မည်။

အံ့သာလိုတွာ နည်းပါးသော အသွားမြန်သည့် ဂြိုဟ် တစ်လုံးသည် အံ့သာလိုတွာများသော အသွားနှေးသည့်ဂြိုဟ်၏ နောက်တွင် ရောက်ရှိလျှင် ဆိုင်ရာကောင်းကျိုးပေးလိမ့်မည်ဟူသော ဥပဒေသပင်။

တနလာဂြိုဟ်(၂)ရက် တစ်မနက်ကို တစ်ရာသီဟောင်းတော့ သူက အမြန်ဆုံးဂြိုဟ်ပါ။ သူနှင့် ဥပမာပေးပါမည်။

ဥပမာဆိုသော်လည်း ဒီရက်ပိုင်း လက်တွေ့ထဲက ဥပမာပါ။ မေးခွန်းမေးသူက-

"ဆရာရယ်..ဒီရက်ထဲမှ ငွေဝင်လာမလား၊ မဝင်လာဘူးလား။ အဲဒါပဲ သိပါရစေ။ ကျွန်တော ဟောမနေတော့နဲ့ တဲ့ဗျာ"

စိတ်ပျက်ပျက်နဲ့ မေးနေတဲ့ပုံလို့ ထင်သည်။

ကျွန်တော်လည်း အဓိလူမျိုးကို ဟောချင်နေတာ ကြာပြီဖြစ်သည်။ အကုန်ဟောပါဆရာဆိုသော လူတွေသာ များလှသည်။ ဒီလို တစ်ချက်တည်း သိချင်သူက ရှားသည်။

ကဲ..ကောင်းပြီဟုဆိုကာ သူ့ဇာတာကိုပင် မကြည့်တော့။ ကောဇာတွင် မေးချိန်ကို လင်္ကာတပ်၍ အပြတ်ဟော ချလိုက်ပါသည်။

"ဒီရက်ပိုင်းအတွင်း ကျွန်းသေပေါက် ငွေဝင်လာမယ်၊ မင်းအလိုဆန္ဒ ပြည့်ဝမယ်။ ကုသိုလ်ကောင်းမှုတောင် လုပ်ရလိမ့်ဦးမယ်"

"ဟုတ်ကဲ့၊ ကျေနပ်ပြီ ဆရာ။ တကယ်ဝင်လာရင် ကုသိုလ်ကောင်းမှုလုပ်ဖို့က စိတ်ကူးပြီးသားပါ"

အတိုဆုံး ပြောပါမည်။

သူ ကျွန်တော့်ထံ ရောက်လာပြီး ထပ်မံကန့်တော့



KHITTAYAR SAYA KYAW (01 584642 , 09 73106354)
ARKARTHA NAKHATTA VEDA
NO. 1432 Gandamar Street, 41 Block, Dagon Myothit (North)

Name = Tu
Day = Monday
Town = Yangon
Birth Date = 10/ 8/2015 Birth Time = 11: 0:18
Longitude = 96°12' 0"E Latitude = 16°47' 0"N
Time Zone = UT+6.5 (Myanmar Standard Time)

Bawa	1	2	3	4	5	6	7	8	9	10	11	12
	6	7	8	9	10	11	0	1	2	3	4	5
Mitta	6	6	6	5	6	6	6	6	6	5	6	6
	35	20	6	51	6	20	35	20	6	51	6	20
	31	56	22	48	22	56	31	56	22	48	22	56

Thandi	6	7	8	9	10	11	0	1	2	3	4	5
	21	21	20	20	21	21	21	21	20	20	21	21
	28	13	59	59	13	28	28	13	59	59	13	28
	14	39	5	5	39	14	14	39	5	5	39	14

No	Cyoh	Rathi				Bawa	Nawin	Hathhat	Motion
1	Sun	3	23	11	30	11	9	4	NORMAL
2	Moon	2	1	48	28	9	6	3	NORMAL
3	Mars	3	6	43	1 NE	10	5	0	NORMAL
4	Mercury	4	10	4	41	11	3	9	NORMAL
5	Jupiter	4	5	39	36	11	1	9	NORMAL
6	Venus	4	1	57	8	11	0	9	RETRO
7	Saturn	7	4	16	7	2	4	0	NORMAL
8	Rahu	8	9	9	37	12	11	1	RETRO
9	Ketu	11	9	9	37	6	5	0	RETRO
10	Ascendant	6	6	35	31	1	7	3	

Local SidTime = 8: 8:28 Ayana = 24° 3'54"

			9				9		5	6	8
2				2							
13		RATHI		3		BAWA		4		NAWIN	1
456				1456				0			
8	La	0	8		Ta	0	39		2		A

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူမှန်းထားတာထက်လည်း ဝင်လာတယ်။ ပြီးတော့ ကျွန်တော့်ဆီ ဗေဒင်မေးအပြန် လမ်းမှာကတည်းက အလုပ်က ဖုန်းလာတယ်။ အဆင်ပြေပြီလို့ ဆိုသတဲ့။

ကျွန်တော် ထိုသူအား ဟောပုံယူဆချက်ကို ဆွေးနွေးပါမည်။ အခြေခံရှိသူတို့ နားလည်လွယ်ပါသည်။ ထိုနေ့မှာ (၁၀-၈-၂၀၁၅)ရက်နေ့၊ မနက်(၁၁)နာရီ၊ ရန်ကုန်ဖြစ်သည်။

ကောင်မောင်တာခေါ် လာမေးချိန်ဇာတာကို ဖွဲ့လိုက်ရာ တူလင်္ဂဖြစ်သည်။

အဓိကကြည့်ရမည့်ဂြိုဟ်မှာ အသွားမြန်ဂြိုဟ် တနလာ်ဖြစ်သည်။

တနလာ်သည် အဲသာ(၁)၊ လိတ္တာ(၄၈) ရှိပါသည်။ သူသည် ကြာသပတေးနောက်ကို လိုက်,မလိုက် ကြည့်ရမည်။ ကြာသပတေးမှာ ဥစ္စာခန ဌေဂြိုဟ်ဖြစ်သည်။ စီးပွားဂြိုဟ် ဖြစ်သည်။

ကြာသပတေးအဲသာမှာ (၅)ဖြစ်၍ လိတ္တာ(၃၉)ဖြစ်သည်။

ထို့ကြောင့် အဲသာနည်းသော အသွားမြန်ဂြိုဟ် တနလာသည် (၉)တန်မှ အဲသာလိတ္တာများသော အသွားနှေးဂြိုဟ် (၁၁)တန်ရှိ ကြာသပတေးကို နောက်မှလိုက်နေသောကြောင့် ကောင်းကျိုးရနိုင်သည်ဆိုသော ဥပဒေသအတိုင်း ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

အလိုဆန္ဒပြည့်ဝမယ်။ ကုသိုလ်ကောင်းမှု လုပ်ဖြစ်မယ် ဟူသော ဆုံးဖြတ်ချက်မှာ အတွေ့အကြုံနှင့် များစွာဆိုင်ပါသည်။ တနလာ်ရှိသော (၉)တန်၊ ကုသိုလ်ကောင်းမှုနှင့် အလိုဆန္ဒပြည့်ဝနိုင်သော ၁၁တန်သဘော ပရိယာယ်ကိုပါ ဉာဏ်လွှာ၌ ထည့်သွင်းစဉ်းစားခြင်းပင် ဖြစ်ပါသည်။

အဓိကတင်ပြလိုသည်မှာ အဲသာနည်းကာ အသွားမြန်သော ဂြိုဟ်တစ်လုံးသည် အဲသာလိတ္တာများကာ အသွားနှေးသောဂြိုဟ်၏နောက် ရောက်ရှိပါက ကောင်းကျိုးပြည့်ဝနိုင်ခြင်းပင် ဖြစ်ပါသည်။ အထူးအားဖြင့် တနလာဂြိုဟ်သည် ကြာသပတေးနောက်သို့ ထိုသဘောအတိုင်း ရောက်ရှိသည့် အခါတိုင်း ကျွန်ုပ်အဖို့ ဌေဝင်ကောင်းပါလေတော့သည်။

ဆက်လက်သုတေသနပြုကြည့်ပါ။

ကျွန်တော်လည်း ဆက်လက်သုတေသနပြုပါမည်။

ခေတ္တရာ-ဆရာကျော်

ပြန်မှာနည်းပညာ၊ ကမ္ဘာနည်းပညာပြင့် ဟောပြောခန့်ပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခူ၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထိုက်၊ ဌေကြေး၊ ကံ၊ အကျေကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထိုက် အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာကိုကို ဖော်ပြပြီး ဌေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိုတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမအေ့ဒေဒေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာဓနဆေးဘုရားစာတန်း၊ ရန်ကုန်မြို့။

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

အဲဒါ..အစိကပါပဲ

ဆရာကံထူး (ဝေဒသုတေသီ)

တစ်နေ့တွင် မိန်းကလေးတစ်ဦး ဖုန်းဆက်လာပါသည်။ 'ဂန္ဓိရမဂ္ဂဇင်းက ဆရာဖုန်းနံပါတ်ရလို့ပါ ဆရာ' လို့ နိဒါန်းချီပြီး ဗေဒင်မေးလိုကြောင်း ပြောလာ၍ 'အေး..ရတယ် သမီး၊ မွေးသက္ကရာဇ်ပြော၊ ပြီးတော့ မွေးချိန်၊ မွေးဒေသပြော' ဟု ပြောလိုက်ပါသည်။

'ဟုတ်ကဲ့ ဆရာ' ဆိုပြီး (၃-၂-၁၉၈၀)ပြည့်နှစ် တနင်္ဂနွေနေ့၊ မွန်းလွဲဆယ့်နှစ်နာရီခွဲ ကျဉ်ပေါ်မှာ မွေးတာပါ ဆရာ' လို့ အပိုအလိုမရှိ အတိအကျ ပြောပါသည်။

နှစ်ခါပြန်မေးနေရခြင်းကိုမရှိ။ နာမည်က အိအိတဲ့။ တောပြောတောင်ပြော ဟိုမေးဒီမေး လုပ်ရင်းပင် ဖုန်းဆော့(ဖ်)ဝဲသုံးပြီး ဇာတာဖွဲ့လိုက်ပါသည်။



'သမီးက ပြီးသလင်၊ သိပ်စနိုးစောရှင်ပဲ။ တနလာနှင့် ကြာသပတေးက ဝဂ္ဂုတ္တမနဝင်းစီးပြီး ဗုဒ္ဓဟူး ဥစ္စနဝင်း၊ စနေ ကသစ်နဝင်း စီးထားတယ်။ ဒဿာကတော့ သောကြာထူလဒဿာပါ။ သမီးရဲ့ ဝမ်းဗိုက်နှင့် ခါး၊ ချက် ဝန်းကျင် မဲ့၊ စာ၊ အမာရွတ် စတဲ့အမှတ်အသားတစ်ခုခု ရှိနေတတ်ပါတယ်' လို့ ဟောကြည့်တော့ 'ဟုတ်..ရှိပါတယ် ဆရာ' လို့ မှန်ကြောင်းဝန်ခံပြီး 'အဲဒါ ဘာဖြစ်တတ်လဲ ဆရာ' လို့ ဆက်မေးပါသည်။

'ဘာမှမဖြစ်ပါဘူး' လို့ အလွယ်ဖြေလိုက်ပြီး 'တကယ်လို့ မဲ့ဆိုရင်တော့ မဲ့ကျမ်းတွေအရ ကောင်းကျိုးဆိုးပြစ်တွေ ရှိမှာပေါ့လေ။ ဆရာက အဲဒီအတွက် မေးတာ မဟုတ်ပါဘူး' လို့ ရှင်းပြလိုက်ပါ၏။

ရှင်းပြလိုက်တော့မှ ပိုဆိုးသွားသလားမသိ ဟိဟိဆိုတဲ့ ရယ်သံလေးစွက်ပြီး 'ဟိုးတစ်လက ဆရာတစ်ဦး ရေးတာ ဖတ်လိုက်ရတယ်။ မဟာဘုတ်နှင့် အထာလုပ်တယ်ဆိုလား၊ အဲ..ဆရာ ရေးထားတာ။ ခန္ဓာကိုယ် အမှတ်အသားတွေ ဟောပြောပြီး အထင်ကြီးအောင် အထာလုပ်တာတဲ့။ ဆရာလည်း အဲလိုပဲလား' တဲ့။ ပြီးတော့ ခိခီလုပ်လိုက်သေး၏။

'မဟုတ်ဘူး သမီးရဲ့'

ငြင်းဆိုချက်စကား ပါးစပ်က ထွက်သွားပေမယ့် ရင်ထဲမှာတော့ ဟာ..ဒုက္ခပဲလို့ ဖြစ်သွားပါသည်။ စာကြမ်းပိုးမလေး ဖြစ်မယ်လို့လည်း မှတ်ချက်ချနေမိပါသည်။ တည့်မပေးလျှင် လွဲသွားနိုင်တဲ့ အနေအထားမို့ တည့်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။ မဆီမဆိုင် ငယ်စဉ်က ကရာတေး သင်တန်းတက်စဉ် ဆရာကြီး ရှင်းပြတော့မှ သိကြတော့တဲ့ ခါးပတ်နက်ဆရာကြီးတွေရဲ့ အံ့အားသင့်တဲ့မျက်နှာ စာရေးသူစိတ်ထဲ အထင်းသားပေါ်လာပါသည်။ ခါးပတ်နက်တောင် ရထားပြီးတဲ့ ဆရာကြီးလေး,ငါးဦး အတူကစား ရင်းက သင်တန်းဆရာကြီးအား မေးကြပါသည်။

'ဆရာ..ခြေထောက်က ရွေ့တစ်လှမ်းတိုးပြီး လက်ငါးချောင်းလုံးကိုစုကာ မျက်နှာလည်း လှည့်မကြည့်ဘဲ ပါးစပ်က စိုခနဲ အော်ပြီး လက်ပြန်ခေါက်တာ ဘယ်မှာသုံးတာလဲ ဆရာ။ ကျွန်တော်က ဘာမှအဓိပ္ပာယ်မရှိ။ အလှကစားတာ ဖြစ်မယ်လို့ ထင်ထားတယ် ဆရာ။ ဟုတ်ပါ့လား' တဲ့။

ထိုစဉ်က သင်တန်းဆရာကြီး ဟက်ဟက်ပက်ပက်

www.burmeseclassic.com

www.burmeseclassic.com

အောပြီး ခါးပတ်နက်ဆရာကြီးတစ်ယောက်နှင့် လက်ရေးစားပြတာကိုလည်း မြင်ယောင်ပါသည်။

ရန်သူနှင့် သူနိုင်ကိုယ်နိုင် အပြိုင်တိုက်လို့ မိမိက ရေတစ်လှမ်းတိုးသွားချိန်မှာ ရန်သူဟာ မိမိနောက် လိုက်ပြီး တိုက်ခိုက်မယ်ဆိုရင် မတိုက်ခိုက်နိုင်အောင် အငိုက်မိပြီး အဲဒီလက်ငါးချောင်းစုထားတဲ့ အင်အားနှင့် ရန်သူ့ကျောရိုးကို လက်ပြန်ခေါက်လိုက်ခြင်းဖြစ်ကြောင်း လက်ရေးပြသပါသည်။ အတူကစားပြရတဲ့ ခါးပတ်နက်ဆရာ ကြီးလည်ပင်းကို ပွတ်သွားသည်ကို တွေ့ရ၏။ တပည့်အလုံး အံ့အားသင့်သွားပါသည်။

ပြောလိုရင်းက တစ်ခါတစ်ရံမှာ သင်ထားတဲ့ပညာရဲ့ အလုံးဝင်ပုံကို မသိလို့ မှန်ကန်စွာအသုံးမချနိုင်တာမျိုးလည်း ရှိသည်။

အဲဒီဥပမာလေးကိုပါ အစအဆုံးပြောပြပြီး 'သမီး ရယ်..အဲဒီသမီးရဲ့ ဆရာ ဘာကိုဆိုလိုလဲမှ ဆရာ မသိ ဘူး ဆရာကတော့ ပေဒင်မေးသူပြောတဲ့ မွေးသက္ကရာဇ်၊ ရက်တွေ မှန်,မမှန်၊ ဇာတာအနေထား မှန်,မမှန် စစ် ဆေးရာမှာ အသုံးပြုပါတယ်။ အလကားကြွားချင်လို့ အထင် ကြီးအောင် မေးတာ၊ ဟောပြောတာ၊ အထာလုပ်တာ မဟုတ်ပါဘူး' လို့ ပြောပြလိုက်ပါသည်။

'ဒါနဲ့ နေပါဦး၊ သမီး ဒီအသက်အရွယ်ထိ အိမ်ထောင် မရှိသေးဘူး မဟုတ်လား' လို့ လှမ်းမေးလိုက်တော့ 'အို..ဟုတ်ကဲ့ပါ ဆရာ' တဲ့။

'အေး..အဲဒါ ခုနက သမီးပြောတဲ့ အထာလုပ်တာနဲ့ ဆရာဟောလိုက်တာပေါ့' လို့ ပြောလိုက်တော့ 'ဟုတ်လား'

'အင်း..သမီးဇာတာမှာ လင်္ကတ္ထေက်ရင် (၄)တန့် တဲ့ သိဟ်ရာသီ အင်္ဂါကြိုဟ်ရှိတယ်။ မရဏာဘာဝသခင် ကြီးပတေးနှင့်အတူ ရပ်တည်နေတယ်။ (၅)တန့်မှာ စနေ ကြီးတယ်။ ဒီတော့ အင်္ဂါက သိဟ်ရာသီကနေ သမီးရဲ့ အိမ် ထောင်ရေးဘာဝကို (၄)တန့်အထူးမြင်နေတယ်။ စနေက ကြီး (၃)တန့်အထူးမြင်ထားတယ်။ စနေ၊ အင်္ဂါ ပါပ ဂြိုဟ်(၂)လုံးက အထူးလှမ်းမြင်ထားတော့ သမီး အိမ်ထောင် ပြုဖို့ ဘယ်လွယ်မလဲ' လို့ ရှင်းပြပါသည်။

'တကယ်လို့ ဆရာမေးတဲ့ နေရာမှာ အဲဒီအမှတ် အသားတွေ တစ်ခုခုမရှိဘူးဆိုရင် သမီးရဲ့ အိမ်ထောင်ရေး ဘာဝကို အင်္ဂါ၊ စနေ အထူးမြင်ထားတယ်လို့ အတိအကျ ဆုံးဖြတ်ဝံ့ဖို့ မလွယ်ဘူး။ ဆုံးဖြတ်ပြီး ရှေ့ဆက်ဟောရင် ဆရာထင်တဲ့အတိုင်း အပျိုကြီးမဟုတ်ဘဲ သမီးက အိမ် ထောင်ရှင်ဖြစ်နေပါပြီ ဆရာလို့ဆိုရင် တက်တက်စင်လွဲ ပြီပေါ့။ ဆရာ သိက္ခာကျပြီပေါ့' လို့ ပြောပြလိုက်တော့ အို..ဆိုပြီး အသံတိတ်သွား၏။ သည်တစ်ခါတော့ ခိခိ မပါတော့ပေ။

'ကဲ..ပြော သမီး၊ ဆရာမြင်တာတွေ အကုန်လျှောက် ဟောနေရင် သမီး ဖုန်းဘေတစ်အားကုန်သွားလိမ့်မယ်။ သမီး အရေးတကြီး သိချင်တာကိုမေးတာ ပိုကောင်းမယ် ထင်တယ်' လို့ စာရေးသူပြောလိုက်တော့ 'အဓိက,ကတော့ အိမ်ထောင်ရေးပါ ဆရာ။ အိမ်ထောင်ရေးအကြောင်း ဆရာ မြင်တဲ့အတိုင်း လုံးစေ့ပတ်စေ့ပြောပါ ဆရာ' ဟု ဆိုပါသည်။

'ဘယ်တော့အိမ်ထောင်ကျနိုင်မလဲ။ အိမ်ထောင်မကျ ဘဲ အပျိုကြီးပဲ ဖြစ်မှာလား။ အိမ်ထောင်ကျရင် မြို့နိုင်ပါ့ မလား။ မြို့အောင် ဘယ်လိုလုပ်ရမလဲ စသည်ဖြင့်ပေါ့ ဆရာ' လို့လည်း ညွှန်းဆိုပါသည်။

အကြောင်းအရာအချို့သည် ပုဂ္ဂိုလ်ရေးဆန်သော်လည်း အများအတွက် ဆင်ခြင်စရာ၊ ဘဝအသုံးချပညာ ဖြစ်နိုင် သည်ဟု ယူဆ၍ သူ့အမေး၊ စာရေးသူအဖြေကို စာမျက် နှာပေါ် တင်လိုက်ပါသည်။

ရာသီစက်ကိုကြည့်လျှင် မမ,မောင်လေး ဇာတာရှင် ဖြစ်သော်လည်း နဝင်းစက်ကိုကြည့်ပါက ရွယ်တူနှင့် ညား ရမည့် ဇာတာရှင်ပါ။ ဤအကြောင်းကို စာရေးသူ ရေး ပေါင်းများလှပြီမို့ ဤ၌ မတင်ပြတော့ပါ။ ခက်သည်က သူ့ချစ်သူဟာ သူ့ထက် အသက်အတော်ကြီးပါသည်။ မိန်းမ ပုခက်တွင်း ယောကျ်ား ပဋ္ဌင်းလောင်းဆိုတဲ့ ဥပဒေသ အကိုင်း ဖြစ်နေ၏။

ပထနိဘာဝခေါ် အိမ်ထောင်ရေးဘာဝ၌ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ရာဟုတို့ ရပ်တည်ခြင်း လုံးဝမရှိ၍ အပျို ကြီးဇာတာမဟုတ်၊ အပျိုကြီးမဖြစ်ကြောင်း သိသာ၏။ သို တဲ့အတိုင်း ဟောလိုက်၏။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အိမ်ထောင်ရေး ဘာဝအား (၄)တန့်အမြင်ဖြင့်လည်းကောင်း၊ စနေက (၃) တန့်အမြင်ဖြင့်လည်းကောင်း အထူးမြင်ထားကြပါသည်။ ထို့ကြောင့် အိမ်ထောင်ပြုဝံ့တဲ့ သတ္တိရှိသော်လည်း မပြုဖြစ် အောင် အဟန့်အတား အနှောင့်အယှက် အဖျက်အဆီး တစ်မျိုးမျိုး ပေါ်လာတတ်၏။ အင်္ဂါသည် အိမ်ထောင်ရေး

www.burmeseclassic.com

ဘာဝသခင်ဖြစ်သလို ဗျာယသခင်လည်း ဟုတ်ပါသည်။ ထို့ကြောင့် ယူခါနီး အကြောင်းတစ်ခုခုကြောင့် ပျက်ပျင်း သွားရတတ်ပါသည်။ သူနောက်ဆုတ်လျှင်ဆုတ်၊ မဆုတ်လျှင် ကိုယ်နောက်ဆုတ်ဖြစ်သွားအောင် အကြောင်းအရာ တစ်ခုခုက ဖန်တီးလိုက်တတ်ပါသည်။

ညီအစ်ကိုမောင်နှမ ကိုယ်စားပြုတဲ့ သဟဇာဘဝသခင် တနင်္လာဂြိုဟ်သည် အကြင်နာသံယောဇဉ် ကိုယ်စားပြုတဲ့ ဗန္ဓုဘာဝ(၄-တန်)၌ ရပ်တည်ကာ ဝဂ္ဂုတ္တမနဝင်းပင် စီးထားသေး၍ အစ်ကို၊ အစ်မ၊ ညီမတွေကို ဦးစားပေးလိုက်ရတဲ့အတွက် မိမိအစီအစဉ်ကို နောက်ဆုတ်ထားလိုက်ရသည်။ ရှိတတ်ပါသည်။ ထို့ကြောင့် ယနေ့ထိ အိမ်ထောင်မပြုဖြစ်သေးဘဲ အပျိုကြီးဖြစ်နေခြင်း ဖြစ်ပါသည်။

'ဘယ်တော့ အိမ်ထောင်ကျနိုင်မလဲ'

အပျိုကြီးစာတာ မပါသူမို့ ဤမေးခွန်းသည် မေးသင့်တဲ့ မေးခွန်းပင် ဖြစ်ပါသည်။

အင်္ဂါ၊ စနေ အထူးမြင်ထား၍ အိမ်ထောင်ကျဖို့ရာ ခဲယဉ်းနေသည်လည်း အမှန်ပင်ဖြစ်၏။ အပျိုကြီးစာတာ မပါဆိုတဲ့ အမှန်တရားနှင့် အိမ်ထောင်ကျခဲသည်ဆိုတဲ့ အမှန်တရား နှစ်ခုကြားဝယ် ဘယ်တော့ကျမှာလဲဆိုတဲ့ အဖြေကို အတိအကျမှန်ကန်အောင် ထုတ်နိုင်ဖို့က တကယ်တော့ မလွယ်လှချေ။ သို့သော် ထိုအဖြေသည်သာ ယခင် အဖြေမှန် နှစ်ခု၊ တစ်နည်းပြောပါက ဟောကိန်းနှစ်ခု တကယ့်တကယ်မှန်ကန်ကြောင်း သက်သေထူနိုင်မည့် တစ်ခုတည်းသော အဖြေလည်း ဖြစ်နေပါသည်။ အိမ်ထောင် မကျနိုင်တော့ပါဘူးဆိုလျှင် အပျိုကြီးစာတာ မပါဆိုတဲ့ ဟောကိန်း မှားပျင်းလေရာ၏။ မကျအောင် နှောင့်ယှက်နေသည့်အတွက် ကျနိုင်ခဲသည်ဆိုတဲ့ ဟောကိန်းလည်း တစ်ဝက်မှား သွားပေတော့မည်။ လုံးဝအိမ်ထောင်မကျစေလျှင် နှောင့်ယှက်ရုံမဟုတ်ဘဲ လုံးဝအပြီးအိုင် တားမြစ်လိုက်ခြင်း ဖြစ်သွားပေမည်။ ကျနိုင်ခဲသည်ဆို၍ ခက်ခဲတဲ့ကြားက အိမ်ထောင်ကျတတ်တဲ့စာတာဟု ဆိုသည်နှင့် အတူတူပင် မဟုတ်ပေလော။ ကျနိုင်ခဲသည်။ သို့သော် ကျမည်ဟု ဆိုလို၏။ ထို့ကြောင့် ဘယ်တော့ကျမည်ဟု အတိအကျဟော နိုင်မှ သဘာဝကျတဲ့ဟောကိန်း ဖြစ်ပေမည်။

'ဘယ်တော့ အိမ်ထောင်ကျမှာလဲ'

ကြာသပတေးအကူအညီများ ရမလားလို့ ကြည့်ပြန်တော့ ကြာသပတေးက (၁၅-၇-၂၀၁၅)ရက်နေ့ကပင် သိပ္ပံရာသီသို့ ရောက်နေတော့၍ အိမ်ရဲ့ အိမ်ထောင်ရေးဘာဝဖြစ်တဲ့ မြို့ရွာရာသီအား မြင်နေခြင်း မရှိပါပေ။ ထို့ပြင် ကောစာနေဂြိုဟ်သည် (၂-၁၁-၂၀၁၄)ရက်နေ့ကပင်စပြီး ထိုဘာဝ၌ ရပ်တည်လျက်ရှိနေ၏။ အိမ်ထောင်ပြုလိုလျက် သောကရတက်မအေးနိုင်သည်ကို ပြသနေ၏။ ပြုလိုလျက် မပြုဖြစ်တဲ့ ကာလပါ။ အိမ်ထောင်ရေးဘာဝသို့ ကြာသပတေးဂြိုဟ် ရောက်သည်ထိ စောင့်ပြောပါက နောက်ထပ် ကြားသုံးနှစ် စောင့်ရပေမည်။ အသက်(၃၇)နှစ် ကျော်သွားပေမည်။ ကာယကံရှင်သည် ထိုကာလအား ရည်ညွှန်း၍ မေးသည်မဟုတ်၊ လက်ရှိကာလကို ရည်ညွှန်းကာ မေးမြန်းခြင်း ဖြစ်ပါသည်။

ကောစာဂြိုဟ်အား စစ်ဆေး၍ အိမ်ထောင်ပြုခွင့်ပေးမည့် အနေအထားကို မတွေ့ရနိုင်သောကြောင့် ဒဿကာလကို စစ်ဆေးကြည့်သောအခါ (၁၂-၇-၂၀၁၅)ရက်နေ့မှ (၁၂-၇-၂၀၂၂)ရက်နေ့အထိ အင်္ဂါထူလဒဿာ စားနေသည်ကို တွေ့ရ၏။ အဖြေထွက်လုနီးသွား၍ ဝမ်းသာအားရဖြာ ချောင်းဟန့်ရင်း လည်ချောင်းရှင်းပစ်လိုက်ပါသည်။ တစ်ဖက်ကလည်း ကြားချင်၍ စောင့်နေရတာကို အားမရနိုင် တော့ဟန်ပြ၏။ ချောင်းဟန့်လိုက်တာနှင့် ပြောပါဆရာဟု ဆိုလာ၏။

ချောင်းဟန့်ရင်း အန္တရဒဿာကို စစ်ဆေးတဲ့အခါ (၁၂-၇-၂၀၁၅)ရက်နေ့မှ (၈-၁၂-၂၀၁၅)ရက်နေ့အတွင်းသည် အင်္ဂါထူလ၊ အင်္ဂါအန္တရဖြစ်သည်ကို တွေ့ရ၏။ ထိုကာလမှ ဝါတွင်းကာလတွင် ဘာသာရေးထုံးတမ်းစဉ်လာအရ ညားလေ့ညားထနည်း၍ ယင်းကာလကို နှတ်ပယ်လျှင် (၂၉-၁၀-၂၀၁၅)ရက်နေ့မှ (၈-၁၂-၂၀၁၅)ရက်နေ့အတွင်း အိမ်ထောင်ကျနိုင်သည်ကိုတွေ့၏။ ထို့ကြောင့် ယင်းကာလအတွင်း အိမ်ထောင်ကျလိမ့်မည်ဟု ဟောကိန်းထုတ်လိုက်ပါသည်။

ဟောကိန်းကြားရတော့မှ အိမ်အိတ်စ်ယောက် ပျော်ရွှင်ဝမ်းမြောက်သွားဟန်တူ၏။ အသံခပ်သွက်သွက်ဖြင့် 'ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ် ဆရာ' လို့ တုံ့ပြန်ပါသည်။ သို့သော် သူစိတ်ထဲ လေးနေသေးဟန်တူ၏။ တစ်ခုတစ်ခုသော အကြောင်းကို တွေးတောမိဟန်တူ၏။

'ဒါနဲ့ ဆရာ..ခုနက ဆရာပြောတဲ့ တစ်လကျော်ကျော် လေးကာလအတွင်းမှာ တကယ်လို့ မကျဖြစ်ခဲ့ရင်ကော ဆရာ၊ နောက်ထပ်ကျနိုင်တဲ့အခါ မရှိတော့ဘူးလား ဆရာ'

www.burmeseclassic.com

ဆပ်တွန့်ပါသည်။

တကယ်လို့ ချစ်သူဘက်က ငွေရေးကြေးရေး အဆင်ပြေခဲ့လျှင် ထိုကာလအတွင်း မင်္ဂလာမဆောင်ဖြစ်မှာစိုး၍ အတိုအကျ တွေးတောကာ အသေချာဆုံး မေးလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူလည်း ဟင်းလို့ လေပူပြင်းပြင်း စစ်ချက်မှုတ်ထုတ်ရင်း ခဏနေဦးဆိုပြီး KP သံဒိဋ္ဌစာအုပ်ကို ဆွဲဖွင့်ကာ ကမန်းကတန်း ကြည့်လိုက်၏။

အင်း..အင်္ဂါထူလ၊ အင်္ဂါအန္တရအတွင်းမှာ မည်းခဲ့ရင်တော့ ပထနီဘာဝသခင် အဲဒီအင်္ဂါဂြိုဟ် သူပိုက်နက်ဖြစ်တဲ့ ပထနီဘာဝ(ဗြိဿာရာသီ)သို့ ရောက်မည့်အချိန်လေးကို အပြေးအလွှားကြည့်ရ၏။ (၂၁-၂-၂၀၁၆)ရက်နေ့မှ (၁၇-၃-၂၀၁၆)ရက်နေ့အတွင်း အိမ်ထောင်ရေးဘာဝသခင် အင်္ဂါဂြိုဟ်သည် သူပိုင်အိမ် ဗြိဿာရာသီ၌ ကသစ်လျက် ပုံမှန်သွားနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ထိုကာလအတွင်း ရည်းစားထားလည်း အိမ်ထောင်ကျနိုင်ခွင့်ရှိကြောင်း ဟောပေးလိုက်ပါသည်။ အချိန်လည်းပို၍ အခါကာလကောင်းလည်းဖြစ်၍ ဆင်ပါရဲ့၊ ဇာတာရှင်အိအိ ဂွမ်းခဲတိုမှာ ပျော်ရွှင်သွားပါသည်။

ဒသာအားဖြင့် ကြည့်သောအခါ ထိုကာလသည် အင်္ဂါထူလ၊ ရာဟုအန္တရ၌ အကျိုးဝင်၏။ (၈-၁၂-၂၀၁၅)ရက်နေ့၌ (၂၅-၁၂-၂၀၁၆)ရက်နေ့အထိ အင်္ဂါထူလ၊ ရာဟုအန္တရသာစားပါသည်။ ထို့ကြောင့် ယခုပြောဆိုသော အင်္ဂါဂြိုဟ် ဗြိဿာရာသီသို့ရောက်ချိန် (၂၁-၂၂၀၁၆)ရက်နေ့မှ (၁၇-၄-၂၀၁၆)ရက်နေ့အတွင်း ကာလသည် ရာဟုအန္တရသာအတွင်း၌ အကျိုးဝင်နေပါသည်။ မူလဇာတာ ရာသီစက်တွင် အင်္ဂါရော ရာဟုပါ ဒသာဂြိုဟ် နှစ်လုံးစလုံးပင် အကြင်နာသံယောဇဉ် ကိုယ်စားပြု ဗန္ဓုဘာဝ၌ ရပ်တည်နေကြ၏။ (၃၁-၁-၂၀၁၆)ရက်နေ့မှစ၍ ကောစာရာဟုဂြိုဟ်သည် အဆိုပါဗန္ဓုဘာဝသို့ ကူးပြောင်းရောက်ရှိလာပေမည်။ ဤကြောင့် ရာဟုကို ရာဟုစီးထားပေလိမ့်မည်။ အားလုံးကို ချိပြီး အနှစ်ချုပ်ဟောကိန်းထုတ်ပါက (၂၀၁၅)ခုနှစ်အကုန် (၂၀၁၆)အဝင် အထူးအားဖြင့် (၂၁-၂-၂၀၁၆)ရက်နေ့မှ (၁၇-၄-၂၀၁၆)ရက်နေ့အတွင်းမှာ ဇာတာရှင် အိအိသည် အကြင်နာသံယောဇဉ်ကို အကြောင်းပြုပြီး အိမ်ထောင်ရေးကြောင့် လက်ရှိနေထိုင်ရာ အရပ်ဒေသကို စွန့်ခွာ၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရပေမည်။

ထိုအကြောင်းကိုလည်း မြင်သည့်အတိုင်းပင် ဟောလိုက်၏။ အကြင်နာသံယောဇဉ်ကြောင့် သွေးခင်နောက်ဆံထုံးပါရန် နဂိုကပင် ဆုံးဖြတ်ထားပြီး ဖြစ်မည်ထင်ပါရဲ့။ စိတ်ပျက်သွားခြင်း၊ အားငယ်သွားခြင်း လုံးဝမရောစွက်တဲ့ အသံဖြင့် နှစ်သက်စွာ ရယ်မောလျက်ပင် 'ဟုတ်ကဲ့ ဆရာ၊ သူရှိတဲ့နေရာကို ပြောင်းမှာပါ' လို့ ပြန်ဖြေပါသည်။

'အခုနေရာကနေ အနောက်မြောက် (သို့မဟုတ်) အရှေ့တောင်အရပ်သို့ ပြောင်းရလိမ့်မယ်' ဟု ဟောကိန်းထုတ်လိုက်ပါသည်။

'ရန်ကုန်ဆိုတော့ ဘယ်အရပ်ကျလဲ ဆရာ' ဟု မေးလာ၏။

'ဧရာဝတီကနေ ရန်ကုန်ဆိုတော့ ဘယ်အရပ်ကျမလဲ ဆရာလည်း သိပ်မသိဘူး၊ ယောင်ဝါးဝါးပဲ' လို့ ပြောလိုက်ရ၏။

'အင်း..ဆရာကလည်း' ဆိုပြီး အားမရတဲ့သဘော ပြောလာ၍ 'ဆရာ ပထဝီ သိပ်မကျွမ်းကျင်လို့ပါ သမီးရယ်' ဟု ရယ်စရာလုပ်ပြောလိုက်ပါသည်။ အရပ်ဒေသ အကြောင်း တကယ်သိပ်မသိပါ။ ပြောင်းရမှာတော့ အမှန်ပါ။

'ကဲ..ရပြီနော် သမီး' လို့ စကားနိဂုံးအုပ်မလို့ 'အယ်..ဆရာကလည်း အဓိကမေးခွန်း ကျန်သေးတယ်လေ' ဆိုလာပြန်၍ 'ဒါဖြင့် ပြော..သမီး၊ ဘာကျန်သေးလဲ' ဆိုတော့ 'အိမ်ထောင်ကျရင် မြို့နိုင်ပါ့မလား။ မြအောင် ဘာလုပ်ရမလဲဆိုတာ မဟောရသေးဘူး ဆရာရဲ့' လို့ ခပ်သွက်သွက် ပြောပြန်၏။

အင်း..လို့ သက်ပြင်းတစ်ချက်ချပြီး ဇာတာခွင်ကို ပြန်ကြည့်လိုက်၏။ အပျိုကြီးဖြစ်တော့မှကျတဲ့ အိမ်ထောင်ဖို့ နဝင်းစက်ကို လှမ်းကြည့်လိုက်ပါသည်။ အင်္ဂါဂြိုဟ်သည် ကန်ရာသီတွင် ဥစ္စာမနေသော ဗုဒ္ဓဟူးဂြိုဟ်နှင့် ပူးလျက်ရှိသည်ကို တွေ့ရ၏။ ရွှေသီဟာဆဒ္ဒန်မှာ တစ်လင်သာ မြဲတဲ့ ညာဖွားဆိုတဲ့ အဆိုတော် စလေဦးပုညရဲ့ ဗေဒင်စားထပ်ကို သွားသတိရလာ၍ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် 'မြမှာပါ သမီးရယ်' လို့ ရမ်းတုတ်လိုက်ပါသည်။

ရာသီစက်တွက် ဟောကွက်ထုတ်ထားတဲ့ ဥပဒေသကို နဝင်းစက်တွက် ဉာဏ်ကွန့်ကာ ဟောလိုက်၍ ရမ်းတုတ်လိုက်သည်ဟု ဆိုခြင်းဖြစ်ပါသည်။ ပေါက်ကရလေးဆယ် လျှောက်ပြောလိုက်သည်တား မဟုတ်ပါ။

မြအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ မေးခွန်းကျန်သေး

www.burmeseclassic.com

www.burmeseclassic.com

၏။ ဗေဒင်ဆရာလုပ်စားရတာ မလွယ်ပါလားဆိုတဲ့အတွေး နှင့် ခပ်ပြင်းပြင်း အသက်ရှူရင်း ဆေးလိပ်တစ်လိပ် မီးညှိ ဖွာလိုက်ရ၏။ ဦးနှောက်တွင် အသိတစ်ခု လင်းလက်သွား ၏။ ချက်ခနဲ ဟောကိန်းထုတ်လုပ်ပါသည်။

'သမီးအိမ်ထောင်ရေး မြဲချင်ရင် ဆရာပြောတာ မှတ် ထားနော်။ သမီးရဲ့ လက်ရှိအလုပ်အပြင် စာပေအလုပ် (သို့မဟုတ်) ဗေဒင်အလုပ် တစ်ခုခုကို အပိုဆောင်းပြီး လုပ်ပါလေ။ ဒါဆို မြဲလိမ့်မယ်' လို့ ဟောကိန်းထုတ်လိုက် ပါသည်။

ဟုတ်,မဟုတ်တော့မသိ။ ဇာတာရှင် အိအိ တုန်လှုပ် သွားသည်ကား အမှန်ပါဟယ်လို့ အာမေဋိတ်ထွက်သွားပြီး 'သမီးမှ အဲဒါတွေ မလုပ်တတ်တာ' လို့ အလိုမကျဟန်ဖြင့် ငြင်းဆိုပါသည်။ 'စာအုပ်စာပေ ရောင်းတာဖြစ်ဖြစ်၊ စာရေး တာဖြစ်ဖြစ်၊ ဗေဒင်သင်တာဖြစ်ဖြစ် တစ်ခုခုတော့ သမီး လုပ်ဖြစ်လာမှာပါ' လို့ ပြောလိုက်ပါသည်။

အနည်းငယ် စိတ်ဝင်တစားရှိသွားဟန်တူ၏။

'ဟုတ်ကဲ့ပါ ဆရာ' ဆိုပြီး 'ဘယ်လိုပတ်သက်လို့လဲ ဆရာ' လို့လည်း သံသယတစ်ဝက်နှင့် ထပ်မေးပါသည်။

ရွှေသီဟဆဒ္ဒန်မှာ တစ်လင်သာမြဲတဲ့ ညာဖွားဆိုတဲ့ ဥပဒေသအရ မြစေကြောင်း ဂြိုဟ်နှစ်လုံးဖြစ်တဲ့ အင်္ဂါရော ဗုဒ္ဓဟူးပါ စာပေ၊ ဗေဒင် စတဲ့ နှုတ်မှုအတတ်ပညာနှင့် ဆက်စပ်နေပါသည်။ အင်္ဂါထက် ဥစ္စရတဲ့ ဗုဒ္ဓဟူးဂြိုဟ်က ဂိုအားသန်၏။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်၏ ပရိယာယ်အတိုင်း ဟောလိုက်ခြင်း ဖြစ်ပါသည်။

'ဒါဟာ သမီးအိမ်ထောင်ရေး မြစေဖို့ရာ အဓိကပါပဲ' လို့ ပြောလိုက်ပါသည်။

မလုပ်ဖြစ်သေးတဲ့အရာကို အဓိကပါပဲလို့ မှတ်ချက်ခံ ပြု၍ ဘဝင်မကျချင်ပေမယ့် တစ်နေ့ လုပ်ဖြစ်လာလိမ့်မည် လို့ အဖြေထုတ်ထားတဲ့ စာရေးသူကတော့ နောက်ပြန်မဆုတ် ဘဲ 'အဲဒါ အဓိကပါပဲ သမီး' လို့ အတည်ပြု ပြော ပြောလိုက်ပါသည်။

ဗေဒင်ဝါသနာရှင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါ စေဗျာ။

ဆရာကံထူး(ဝေဒသုတေသ

မှတ်ချက် - *ကာယကံရှင်ဆန္ဒအရ အမည်၊ နေရပ်လိပ်စာ ပြောင်းထားပါသည်။*

စိတ်မနောအာရုံအကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာဗေဒပညာ

(ဂ)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ဂုဏ္ဌတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဧတနာ ရှေ့ထားပြီး "အဏူး" စိစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၆]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတောသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန်ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နုကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒီရီယံများဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၈၁၅၃၄၃၉၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အထွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၄၅ - ၀၇း၄၅	မိဿ
၀၇း၄၅ - ၀၉း၄၅	ပြိဿ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

မေလ (၁၃)ရက်မှ ဇွန် (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၁၀ - ၀၇း၁၀	မိဿ
၀၇း၁၀ - ၀၉း၁၀	ပြိဿ
၀၉း၁၀ - ၁၁း၁၀	မေထုန်
၁၁း၁၀ - ၁၃း၁၀	ကရကဋ်
၁၃း၁၀ - ၁၅း၁၀	သိဟ်
၁၅း၁၀ - ၁၇း၁၀	ကန်
၁၇း၁၀ - ၁၉း၁၀	တူ
၁၉း၁၀ - ၂၁း၁၀	ဗြိစ္ဆာ
၂၁း၁၀ - ၂၃း၁၀	ဓနု
၂၃း၁၀ - ၀၁း၁၀	မကာရ
၀၁း၁၀ - ၀၃း၁၀	ကုမ်
၀၃း၁၀ - ၀၅း၁၀	မိန်

ဇွန် (၁၃)ရက်မှ ဇူလိုင် (၁၂)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၁၀ - ၀၇း၁၀	မိဿ
၀၇း၁၀ - ၀၉း၁၀	ပြိဿ
၀၉း၁၀ - ၁၁း၁၀	မေထုန်
၁၁း၁၀ - ၁၃း၁၀	ကရကဋ်
၁၃း၁၀ - ၁၅း၁၀	သိဟ်
၁၅း၁၀ - ၁၇း၁၀	ကန်
၁၇း၁၀ - ၁၉း၁၀	တူ
၁၉း၁၀ - ၂၁း၁၀	ဗြိစ္ဆာ
၂၁း၁၀ - ၂၃း၁၀	ဓနု
၂၃း၁၀ - ၀၁း၁၀	မကာရ
၀၁း၁၀ - ၀၃း၁၀	ကုမ်
၀၃း၁၀ - ၀၅း၁၀	မိန်

ဇူလိုင် (၁၃)ရက်မှ သြဂုတ် (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၄၅ - ၀၇း၄၅	မိဿ
၀၇း၄၅ - ၀၉း၄၅	ပြိဿ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

သြဂုတ် (၁၄)ရက်မှ စက်တင်ဘာ (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၁၀ - ၀၇း၁၀	မိဿ
၀၇း၁၀ - ၀၉း၁၀	ပြိဿ
၀၉း၁၀ - ၁၁း၁၀	မေထုန်
၁၁း၁၀ - ၁၃း၁၀	ကရကဋ်
၁၃း၁၀ - ၁၅း၁၀	သိဟ်
၁၅း၁၀ - ၁၇း၁၀	ကန်
၁၇း၁၀ - ၁၉း၁၀	တူ
၁၉း၁၀ - ၂၁း၁၀	ဗြိစ္ဆာ
၂၁း၁၀ - ၂၃း၁၀	ဓနု
၂၃း၁၀ - ၀၁း၁၀	မကာရ
၀၁း၁၀ - ၀၃း၁၀	ကုမ်
၀၃း၁၀ - ၀၅း၁၀	မိန်

စက်တင်ဘာ (၁၄)ရက်မှ အောက်တိုဘာ (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၄၅ - ၀၇း၄၅	မိဿ
၀၇း၄၅ - ၀၉း၄၅	ပြိဿ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

အောက်တိုဘာ (၁၄)ရက်မှ နိုဝင်ဘာ (၁၃)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၁၀ - ၀၇း၁၀	မိဿ
၀၇း၁၀ - ၀၉း၁၀	ပြိဿ
၀၉း၁၀ - ၁၁း၁၀	မေထုန်
၁၁း၁၀ - ၁၃း၁၀	ကရကဋ်
၁၃း၁၀ - ၁၅း၁၀	သိဟ်
၁၅း၁၀ - ၁၇း၁၀	ကန်
၁၇း၁၀ - ၁၉း၁၀	တူ
၁၉း၁၀ - ၂၁း၁၀	ဗြိစ္ဆာ
၂၁း၁၀ - ၂၃း၁၀	ဓနု
၂၃း၁၀ - ၀၁း၁၀	မကာရ
၀၁း၁၀ - ၀၃း၁၀	ကုမ်
၀၃း၁၀ - ၀၅း၁၀	မိန်

နိုဝင်ဘာ (၁၄)ရက်မှ ဒီဇင်ဘာ (၁၂)ရက်အထွင်း

မွေးချိန်	လဂ်
၀၅း၄၅ - ၀၇း၄၅	မိဿ
၀၇း၄၅ - ၀၉း၄၅	ပြိဿ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အထွေး

မွေးဖွဲ့	လက်
၇း၂၅ - ၇း၂၅	ပြဿ
၇း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၁း၂၅	ကရကဋ်
၁၁း၂၅ - ၁၃း၂၅	သိမ်
၁၃း၂၅ - ၁၅း၂၅	ကန်
၁၅း၂၅ - ၁၇း၂၅	တူ
၁၇း၂၅ - ၁၉း၂၅	ဗြိစ္ဆာ
၁၉း၂၅ - ၂၁း၂၅	ဓနု
၂၁း၂၅ - ၂၃း၂၅	မကာရ
၂၃း၂၅ - ၂၅း၂၅	ကုမ်
၂၅း၂၅ - ၁း၂၅	မိန်
၁း၂၅ - ၃း၂၅	မိဿ
၃း၂၅ - ၅း၂၅	ပြဿ

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အထွေး

မွေးဖွဲ့	လက်
၅း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိမ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၁း၂၀	မိဿ
၁း၂၀ - ၃း၂၀	ပြဿ
၃း၂၀ - ၅း၂၀	မေထုန်

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အထွေး

မွေးဖွဲ့	လက်
၅း၁၀ - ၇း၁၀	ကရကဋ်
၇း၁၀ - ၉း၁၀	သိမ်
၉း၁၀ - ၁၁း၁၀	ကန်
၁၁း၁၀ - ၁၃း၁၀	တူ
၁၃း၁၀ - ၁၅း၁၀	ဗြိစ္ဆာ
၁၅း၁၀ - ၁၇း၁၀	ဓနု
၁၇း၁၀ - ၁၉း၁၀	မကာရ
၁၉း၁၀ - ၂၁း၁၀	ကုမ်
၂၁း၁၀ - ၂၃း၁၀	မိန်
၂၃း၁၀ - ၂၅း၁၀	မိဿ
၂၅း၁၀ - ၁း၁၀	ပြဿ
၁း၁၀ - ၃း၁၀	မေထုန်
၃း၁၀ - ၅း၁၀	ကရကဋ်

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အထွေး

မွေးဖွဲ့	လက်
၅း၀၀ - ၇း၀၀	သိမ်
၇း၀၀ - ၉း၀၀	ကန်
၉း၀၀ - ၁၁း၀၀	တူ
၁၁း၀၀ - ၁၃း၀၀	ဗြိစ္ဆာ
၁၃း၀၀ - ၁၅း၀၀	ဓနု
၁၅း၀၀ - ၁၇း၀၀	မကာရ
၁၇း၀၀ - ၁၉း၀၀	ကုမ်
၁၉း၀၀ - ၂၁း၀၀	မိန်
၂၁း၀၀ - ၂၃း၀၀	မိဿ
၂၃း၀၀ - ၂၅း၀၀	ပြဿ
၂၅း၀၀ - ၁း၀၀	မေထုန်
၁း၀၀ - ၃း၀၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အထွေး

မွေးဖွဲ့	လက်
၅း၅၀ - ၇း၅၀	ကန်
၇း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၁း၅၀	ဗြိစ္ဆာ
၁၁း၅၀ - ၁၃း၅၀	ဓနု
၁၃း၅၀ - ၁၅း၅၀	မကာရ
၁၅း၅၀ - ၁၇း၅၀	ကုမ်
၁၇း၅၀ - ၁၉း၅၀	မိန်
၁၉း၅၀ - ၂၁း၅၀	မိဿ
၂၁း၅၀ - ၂၃း၅၀	ပြဿ
၂၃း၅၀ - ၂၅း၅၀	မေထုန်
၂၅း၅၀ - ၁း၅၀	ကရကဋ်
၁း၅၀ - ၃း၅၀	သိမ်

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အထွေး

မွေးဖွဲ့	လက်
၅း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိဿ
၁၉း၅၅ - ၂၁း၅၅	ပြဿ
၂၁း၅၅ - ၂၃း၅၅	မေထုန်
၂၃း၅၅ - ၂၅း၅၅	ကရကဋ်
၂၅း၅၅ - ၁း၅၅	သိမ်
၁း၅၅ - ၃း၅၅	ကန်
၃း၅၅ - ၅း၅၅	တူ

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အထွေး

မွေးဖွဲ့	လက်
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိမ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အထွေး

မွေးဖွဲ့	လက်
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိမ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ

(၂၀၁၆)ခုနှစ်၊ နှစ်နဝါရီလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

မိဿလဂ် (Aries)

ဥဒေရေးကြေးရေး၊ အချစ်ရေးများ အဆင်ပြေနေသော်လည်း အိမ်ထောင်ရေးမှာ စိတ်မချမ်းသာစရာများ ကြုံတွေ့နေရတတ်၏။ ဘဝနှင့်ပတ်သက်တဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရ ခက်နေတတ်၏။ အများနှင့် ပူးပေါင်းလုပ်ဆောင်ရတဲ့ ဖက်ရှင်လုပ်ငန်းဟူသမျှ အစစအရာရာ သတိ၊ ဝီရိယ ထားပြီး တော်ကာကျမည်။ ဆတိလွတ်လျှင် ပြဿနာစစ်ကြီးကြီး တစ်ခုဖြစ်ပွားနိုင်ပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

သူများ အလုပ်တွင် စိုးရိမ်သောက များနေရတတ်၏။ သို့ ဟုတ် ကြွေးမြီကိစ္စကြောင့် အလုပ်အကိုင်တွင် ပြဿနာ ဖာက်လာရတတ်ပါသည်။ မည်သို့ပင်ဖြစ်စေ သင့်စုဥစ္စများ အလုပ်တွင် သွင်းထားရလွန်း၍ မစုဆောင်းမိနိုင်ပါ။ အခက် အခဲတွေ့လာတိုင်း ဂုဏ်ရည်တူသူတစ်ဦးမှ ကူညီမှုပေးလာ ခဲ့ ခက်ခဲသည့်ကြားက အောင်မြင်သွားတတ်၏။ ပညာသင် သူငယ်များ ယခင်နှင့်မတူဘဲ အိမ်သူအိမ်သားများ အံ့သြ ရလောက်အောင် ကိုယ်ပိုင်စည်းကမ်း ကောင်းနေတတ်၏။ တစ်ခါတစ်ရံ တက်ကြွလာပြီး တစ်ခါတစ်ရံမှာတော့ ဘာမှ လုပ်ချင်လောက်အောင် စိတ်ဓာတ်ကျနေတတ်၏။ (၉၊ ၁၀)နှင့် (၁၇၊ ၁၈)ရက်များကို ဆောင်ပြီး (၁၊ ၂၊ ၃)နှင့် (၆၊ ၇၊ ၈)ရက်များကို ရှောင်ပါ။

ဆတ္တာ

ဆန္ဒဝတော ကီနာမ ကမ္မံ နု သိဂျွတိ...ဆိုတဲ့ ပါဠိ သိ သတိရတိုင်း ရွှတ်ပေးပါ။ ဆန္ဒာမိပတိစိတ်ကြောင့် အောင်မြင်သွားလိမ့်မည်။

ဗြိဿဘ (Taurus)

အိမ်ထောင်ရေး၊ အိမ်ထောင်ဖက်အတွက် ခွဲ၊ လုံလ၊ ဝိရိယများ ထက်သန်နေ မည်။ သို့သော် ကြိုးစားသလောက် ခရီး မရောက်ဘဲ ရှိနေတတ်၏။ စိတ်ကျန်း မာရေး သတိထားပါလေ။ ငယ်ရွယ်သူများ အလုပြင်လို စိတ် ကင်းမဲ့နေတတ်၏။ ထစ်ခနဲဆို ရန်လိုစကား ပြောဖို့ ရာ အားသန်နေတတ်၏။ ကိုယ့်သဘောအတိုင်း မဖြစ်ရင် အနတ္တလို့ ဆင်ခြင်ရင်း ဒေါသစိတ်ကို လျှော့ပေးပါ။ ယခင် ဦးရောဂါဖြစ်ဖူးတဲ့ ဝေဒနာရှင်များ ဆေးရုံ၊ ဆေးခန်း သွာက်ရတတ်၏။ အကြင်နာသံယောဇဉ် ကြီးမားသော အဖေ (သို့မဟုတ်) အဖေနှင့်တူသောသူအတွက် သောက ဖြစ်နေရတတ်၏။ နေအိမ်ကိစ္စ စီစဉ်သူများ အဆင်တပြေ အောင်မြင်သွားမည်။ ပညာရေးဝန်ထမ်းများ၊ ပညာသင် သူငယ်များ အလိုလိုနေရင်း စိတ်တိုင်းမကျ ဖြစ်နေတတ် ၏။ အချစ်ရေးဦးစားပေးနေသူများ ဂုဏ်သိက္ခာအတွက် ဟာ်လျှော့လိုက်ရတဲ့ ကာလပါ။ အလုပ်သည်ပင် ငါ့ဘဝ ဖော်လို့ ထင်မှတ်ကာ ကြိုးစားနေသူများ အထူးအောင်မြင် သွားမည်။ (၁၉၊ ၂၀၊ ၂၁)ရက်များတွင် သင်ဖြစ်ချင်ဆုံး ဘဝကို စတင်လုပ်ကိုင်လိုက်ပါ။ အောင်မြင်သွားလိမ့် မည်။ (၄၊ ၅)နှင့် (၉၊ ၁၀)ရက်များကို ရှောင်ပါလေ။ ရွှေလုပ်ငန်းရှင်များ ရွှေဈေးကြောင့် အလုပ်မတည်ငြိမ် ဖြစ် နေတတ်၏။ လျှပ်စစ်နှင့်ဆက်နွယ်တဲ့လုပ်ငန်း လုပ်ကိုင်သူ များ စိတ်အနှောင့်အယှက် များနေရတတ်ပါသည်။

ယတြာ

အောင်သပြေတွင် အုန်းညွှန့်(၃)ညွှန့် ရောစည်းပြီး အင်္ဂါထောင့်ဘုရားတွင် မွေးနေ့မနက်မှာ ကပ်လှူပြီး ဆု တောင်းပါလေ။ လိုအင်ဆန္ဒ ပြည့်ဝလိမ့်မည်။

မေထုန်လဂ် (Gemini)

ကျွန်းမာရေးအနည်းငယ် ညံ့နေတတ်၏။ မစိုးရိမ်ပါနှင့်။ တတိယပတ်လောက်မှာ သက်သာပျောက်ကင်းသွားလိမ့်မည်။ သားရေး သမီးရေးအတွက် ပြဿနာ တက်ရတတ်၏။ ချစ်သူစုံတွဲများ အချစ်စိတ်ကြောင့် စကား များနေရတတ်၏။ ကျောင်းသားလူငယ်များ မခံချင်စိတ် ထားမှ သောကအေးပြီး (၁၉)ရက်နောက်ပိုင်းတွင် ကိုယ့် ကိုယ်ကိုယ် ယုံကြည်သွားပေမည်။ ငါ အောင်မည်ဟု သန္နိ ဋ္ဌာန်ချသွားနိုင်မည်။ အနုပညာရှင်များ မိမိလုပ်ရပ်အပေါ် တွေဝေနေမည့် ကာလပါ။ တောင်သူလယ်သမားများ ဘေး ကျပ်နံကျပ် ဖြစ်နေတတ်ပါသည်။ မေထုန်လဂ် ဇာတာ ရှင်များ (၉)ရက်နောက်ပိုင်းတွင် အလုပ်မလုပ်ချင်၊ အလုပ် ကို စိတ်မဝင်စား ဖြစ်နေမည်။ ဤဟောစာတမ်း ဖတ်ပြီး ငါ့မှာ ဤသို့ဖြစ်တတ်သည်ဟု သိနေခြင်းသည်သာလျှင် သင့်အတွက် အကောင်းဆုံးယတြာ ဖြစ်ပေမည်။ အိမ်ထောင် ရှင်များ အိမ်ထောင်ရေးအဆင်မပြေချင်ပါ။ အကောင်းဆုံး အကြံပေးရလျှင် စကားနည်းနည်းပြောပြီး အလုပ်များ များလုပ်ရင်း တစ်လတာကာလကို ကုန်လွန်စေလိုက်ပါ။ တောက်လျှောက်အဆင်ပြေနေလိမ့်မည်။ တနင်္ဂနွေနှင့် အင်္ဂါ သားသမီးများကို မသိမသာ ရှောင်နေပေးပါ။ (၄၊ ၅)နှင့် (၁၃၊ ၁၄)ရက်များကို ကောင်းကျိုးအတွက် ဆောင်ပါလေ။ ရှောင်ရမှာက (၁၉၊ ၂၀)ရက်များပါ။

ယတြာ

မီးနှင့် ဖုတ်ရာ၊ ကင်ရတဲ့ မုန့်တစ်မျိုးမျိုးကို ဘုရား ရှင်အား ဆွမ်းကပ်ပြီး အဖြစ်ချင်ဆုံးကို အာရုံပြုကာ ဆု တောင်းလိုက်ပါ။ ဖြစ်လာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ကရကင်္လာ (Cancer)

တတိယဗတ်အတွင်းမှာ မွန်မြတ်တဲ့ လက်ဆောင်တစ်ခု ရလိမ့်မည်။ သိက္ခာကျတတ်ပါသည်။ သို့သော် သိက္ခာကျတယ်ကွာဆိုပြီး စိတ်ညစ်မနေနှင့်။ မှတ်ဉာဏ်များပါ ယုတ်လျော့သွားလိမ့်မည်။ ဒွေကြေးအတွက် စိတ်ညစ်မနေပါနှင့်။ အချစ်အတွက် စိတ်ညစ်မနေပါနှင့်။ ပညာရေးအတွက် တွေးပူမနေပါနှင့်။ သင့်သလို လျော့ခတ်ပြီး တစ်လတာခရီးသွားလိုက်ပါ။ မလိုအပ်ဘဲ အပြင်ခဏ၊ ခဏ မသွားပါနှင့်။ အိမ်မြေလေ အလုပ်ကောင်းလေ၊ ဝင်ငွေကောင်းလေပါ။ အိမ်၊ မြေ ရောင်းဝယ်လိုသူများ ဒုတိယပတ်ကုန်ထိ အဆင်မပြေနိုင်ပါ။ တတိယဝတ်နောက်ပိုင်း အဆင်ပြေသွားမည်။ သို့သော် စိတ်တိုင်းကျမဖြစ်၊ ဈေးကောင်းမရနိုင်ပါ။ ချစ်သူစုံတွဲများ လက်ထပ်နိုင်ရေးအတွက် ကြိုးစားသော်လည်း လက်ထပ်ဖြစ်မည်မဟုတ်။ ပေါင်းစပ်ရန် မလွယ်တဲ့လပါ။ နဂိုအခြေအနေ မယျက်ချင်ပါက ဤလအတွက် ဆွဲတဲ့ စီမံကိန်းကို နှစ်ဦးသဘောတူ ရွှေ့ဆိုင်းထားလိုက်ပါ။ ဥပဒေမကင်းတဲ့ ပစ္စည်းများ သယ်ဆောင်၊ ရောင်းဝယ်၊ ဖြန့်ဖြူးသူများ အဖမ်းအဆီး၊ အချုပ်အနှောင် ခံရတတ်ပါသည်။ အချစ်ရေးအတွက် ခရီးမတွက်သင့်ပါ။ အလှကုန်၊ အလှပြင်နှင့် သရုပ်ဆောင် အနုပညာရှင်များ (၁၈)ရက်နေ့နောက်ပိုင်း ပြဿနာတက်လာတတ်၏။ (၁၅၊ ၁၆)နှင့် (၂၄၊ ၂၅)ရက်များကို အားကိုးအားထားပြုပါလေ။

ယတြာ

ရွှေပြားသင်္ကန်း ကပ်လှူရန် အလှူငွေ နှိုင်သလောက် ထည့်ဝင်လှူဒါန်းပါ။ မလွယ်ကူသူများမှာ ရွှေကို ရေစိမ်ပြီး သောက်လိုက်ပါ။

သိဟ်လ် (Leo)

သင့်ရည်ရွယ်ချက် အောင်မြင်မည်။ အိမ်ထောင်ပြုလိုက ပြုဖြစ်သွားမည်။ ဖက်စပ်လုပ်ငန်းဖြင့် အကျိုးခံစားရတတ်၏။ ပညာသင်ကျောင်းသားလူငယ်များ ပညာရေးမှာ ထူးချွန်နေမည်။ သို့သော် ဖြေခါနီးမှာ အနှောင့်အယှက် တွေ့ရတတ်၏။ ပြင်းထန်တဲ့စိတ်ကို အနည်းငယ် လျှော့ချထားပါ။ အဆင်တပြေ အောင်မြင်သွားလိမ့်မည်။ စာအုပ်စာပေ ထုတ်ဝေသူများ ရောင်းရသော်လည်း ငွေစုစည်းမရနိုင် ဖြစ်နေမည်။ ဂုဏ်သိက္ခာကို မထိန်းသိမ်းနိုင်ဘဲ ဂုဏ်မက်လွန်းနေသူများ ညီအစ်ကိုမောင်နမ၊ ဆွေမျိုးသားချင်းများနှင့် ပြဿနာတက်ရတတ်၏။ ဆေးဘက်စစ်ဘက်၊ အားကစားဘက်နှင့် ဆက်နွယ်ပတ်သက်သူများ မရွယ်ဘဲ စော်ကဲမင်းဖြစ် ဆိုသလို မှန်းမထားတဲ့ အောင်မြင်မှုတစ်ခု ရလာလိမ့်မည်။ ကမ္ဘာကြီး ကျောင်းတွင် လုံးဝ အိမ်တွင် ပြားပါသည် ဆိုသကဲ့သို့ လှုပ်နှစ်ဖက်နင်းတတ်သူများ စကားအပြောအဆို မဆင်ခြင်လျှင် ဘေးတွေ့တတ်ပါသည်။ အတိတ်က အဖြစ်ဟောင်းများကို အသစ်ပြန်လုပ်နေပါက သင့်ရဲ့အခွင့်အရေးများ ဆုံးရှုံးသွားတတ်၍ လတ်ကာလရဲ့ အလုပ်သဘောကိုပဲ စိတ်ထဲ အာရုံပြုပေး (၂၂၊ ၂၃)ရက် လကုန်ခါနီးတွင် သင် ရသင့်သည်များ ရလာပြီး ပျော်ရွှင်ရလိမ့်မည်။ အရိုးနှင့်ပတ်သက်တဲ့ ခေါ်ခံစားရဖူးသူများ (၁၅)ရက်နောက်ပိုင်း ပြန်ပေါ်လာတတ်ကြောင့်၊ အနှံသီးပါတဲ့ အစားအစာများ ခဏတာ ရှောင်ထားပေးပါ။

ယတြာ

အဖြူရောင်စာရွက်ပေါ်တွင် အနီရောင်ဖြင့် 'ဥ' စာစရဏသမ္ဗန္ဓော သွားဟ' ဆိုတဲ့ အပိုဒ်လေး ရေးသားဘုရားကျောင်းပေါ် တင်ထားလိုက်ပါ။

ကန်လ် (Virgo)

နောင်တ၊ တရားဖြင့် အမှားကို အမှန်ဖြစ်အောင် ဆင်ခြင်ပြုပြင်နေရသော ကာလဟု ဆိုရပေမည်။ သားသမီးတပည့်တပန်းကြောင့် ဂုဏ်သိက္ခာ ထိခိုက်တတ်၏။ အချစ်ရေး အဆင်ပြေမလို ပြေမလိုနှင့် မပြေလည်နိုင်ပါ။ ဝန်ထမ်းဆိုပါက သင်တန်းတစ်ခု တက်ရတတ်၊ တက်ပြီးလျှင် အဆင်ပြေသွားပေမည်။ ဘာသာရေးဆိုင်ရာ စည်းရုံးလှုပ်ရှားသူများ ထောင်နား ယောင်နေမည်။ အနားခံပြီး ကြိုးစားခဲ့တဲ့ အနုပညာရှင်များကတော့ အကြင်သံယောဇဉ်ပါတဲ့ ချီးမြှောက်မှုအတွက် ဝမ်းသာအားရ ငိုနေမည်။ ထို့အပြင် ယင်းချီးမြှောက်မှုနှင့်စပ်ပြီး ဝင်ငွေများ တရစပ် ဝင်နေတတ်၏။ အထက်ကို ဖားပြီး အောက်ကို ဖိတတ်သူများ (၁၅)ရက်ကစပြီး တစ်လျှောက်လုံး ပြဿနာ တက်နေတတ်ပါသည်။ အိမ်ထောင်ဃရာဝါသ ချမည်သူများ ခက်ခဲစွာ အကောင်အထည်ဖော်ရပေမည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုဖြစ်သွားပါက ယခင်က အမှားအယွင်းများ အပြစ်ကင်းသွားပေမည်။ နိုင်ငံခြားခရီး စီစဉ်နေသူများ သကုန်သည်နှင့် သတင်းထူးကြားရလိမ့်မည်။ မင်္ဂလာသတင်းပါ။ ပါတီဝင်များ အတွင်းထဲရံ အပြင်ကာ၊ အပြင်ထဲရံ အတွင်းကာမိ၍ ဒါ နောက်ဆုံးပဲဆိုတဲ့ စကားမျိုး အပြောခံရကိန်း ရှိ၏။ တရားမျှတမှုအတွက် အသံကောင်းဆောင်နေသူများ တရားမမျှတမှုနှင့် စွပ်စွဲခံရတတ်၏။

ဆဋ္ဌာ

သစ္စာဆိုတဲ့ စာလုံးကို လက်ဖဝါးတွင် ရေးထိုးထားသော သတိရတိုင်း ပြုံးကြည်ရင်း စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ဝေးသွားသည်ကို တွေ့ရပေလိမ့်မည်။

တူလာ (Libra)

ရပ်တန့်သွားလုလုဖြစ်နေတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စများ အနှစ်နှာခံပြီး ကြိုးစားနေရမည်။ အဖေ့စကား တစ်ခွန်းကြောင့် သင့်ရဲ့ ခွဲ၊ လွဲလ၊ ဝီရိယများ ဆန်းဆန်းလာပြီး အဖေ့ကြောင့်ပင် အောင်ပွဲဝင်နိုင်သွားမည့် ကာလပါ။ လူကြီးသူမ၊ အကြီးအကဲတို့ရဲ့ မေတ္တာ၊ စေတနာကို တန်ဖိုးထားတတ်လေလေ သင့်ဘဝ အောင်မြင်လေလေ ပဲ။ ငယ်ရွယ်သူများ သံယောဇဉ်မှာကြောင့် အတန်းပညာ၊ အတတ်ပညာများ သင်ယူချင်စိတ် ပျောက်နေတတ်ပါသည်။ ထောင်မှတ်ဘဲ လတ်တလော အိမ်ထောင်ပြုရတတ်၏။ အိမ်ထောင်သည်များ တကျက်ကျက်ဖြစ်နေသော်လည်း စိတ်ဟော်ရွှင်နေမည်။ သို့သော် သွေးထွက်သံယို ဖြစ်ခဲ့ပါမူကား ဘာရှင်းပြတ်စဲသွားတတ်၏။ အထူးသတိပြုပါလေ။ ဤလအတွင်း လုပ်ငန်းသစ် စတင်မည်ဟု ကြိုရွယ်ထားပါက ဒဿဒါးပင် ဖြစ်ချင်ဖြစ်နေပါစေ (၂၄၊ ၂၅)ရက် တစ်ရက်ရက်ကို ရွေးလိုက်ပါ။ ဆားလုပ်ငန်းရှင်များ အထူးဝင်ကောင်းနေမည်။ အိမ်၊ခြံ၊မြေ ရောင်းဝယ်သူများ ပွဲစားများ ခဏ၊ခဏ ရက်ရွှေ့ပြီး စကားပြောနေရလိမ့်မည်။ ကျောက်မျက်ရတနာ ရောင်းဝယ်သူများ၊ ကျောက်တွင်းဥစ္စာများ စိုးရိမ်မကင်းလောက်အောင် အထူးအောင်မြင်မည်။ ဘာပဲလုပ်လုပ် (၁၊ ၂၊ ၃)နှင့် (၁၅၊ ၁၆)ရက်များကို ရှောင်ပါ။

ဆဋ္ဌာ

သီးနုံဒံပေါက် ဝယ်ပြီး အိမ်ရှိ ဘုရားကို ရိုရိုသေသေ ကပ်ပါ။ စွန့်တဲ့အခါ ဖခင်၊ ဖခင်နှင့်တူသူ တစ်ဦးဦးအား တစ်ဝက်ခွဲပြီး ဦးဦးဖျားဖျား လှူပါ။ ကျန်တာကို ကိုယ့်ဘာသာ စားပါ။ ထူးခြားပါလိမ့်မည်။

ပြဿလာ (Scorpio)

အကြောနှင့်ပတ်သက်တဲ့ ဝေဒနာ (သို့မဟုတ်) သုက်သွေးနှင့်ပတ်သက်တဲ့ ဝေဒနာ တစ်ခုခု ခံစားလာရတတ်၏။ စိုးရိမ်လွန်ပြီး ဆေးများတတ်၏။ အပူအစပ်ကဲတဲ့ ဆေးဝါးများ မသောက်မိအောင် သတိထားပါ။ (၁၈၊ ၁၉)ရက်နောက်ပိုင်း သက်သာပျောက်ကင်းသွားလိမ့်မည်။ အဖြူရောင်ဝတ်စုံများ ဝတ်မိလျှင် စိတ်ထဲတွင် တစ်မျိုးကြီး မလုံမလဲဖြစ်နေတတ်၍ ခဏတာ ရှောင်ထားပါလေ၊ မဝတ်ပါနှင့်။ အလုပ်အကိုင် ကောင်းသလိုလိုနှင့် ကပြောင်းကပြန် တွေ့ ဖြစ်လာတတ်၏။ ပညာရေးဝန်ထမ်းများ ရာထူးမတိုးနိုင်ဘဲ နှိုးဆော်အတိုင်း ရှိနေမည်။ ဆောက်လုပ်ရေးနှင့် စီသုကာပညာရှင်များ မထင်မှတ်ဘဲ ပြဿနာတက်လာတတ်၏။ မကောင်းမှန်းသိလျက် ပေါင်းနေရတဲ့ အိမ်ထောင်ရှင်များ (၆၊ ၇၊ ၈)ရက်များတွင် ထူးထူးခြားခြား ကောင်းကျိုးခံစားရလိမ့်မည်။ ခုမှစတင်ကာ အချစ်ရေးဖန်တီးချင်နေသူများ မအောင်မြင်နိုင်သေး၍ ခဏတာ သည်းခံစောင့်ဆိုင်းပေးလိုက်ပါ။ နိုင်ငံခြားရောက်နေသူများ အလုပ်ပြောင်းရကိန်း ရှိပါသည်။ အိမ်ထောင်ကွဲနေသူများ ပြန်ပေါင်းရတတ်၏။ ရေကို ရွေထင်နေသူများ ဤလ (၆)ရက်မှ (၂၅)ရက်အတွင်း အရင်းအနှီး လျှော့ပါလေ။ (၁၅၊ ၁၆)ရက်များတွင် ငွေကြေးဝင်တတ်ပြီး လက္ခန်ခါနီးမှ အလုပ်အကိုင် ပိုအဆင်ပြေလာတတ်ပါသည်။

ယတြာ

ရေသန့်ဘူး(၈)ဘူး ဝယ်ပြီး အလှူပွဲတစ်ခုတွင် ပါဝင်လှူဒါန်းလိုက်ပါ။ ထူးခြားစွာ အောင်မြင်လာပေလိမ့်မည်။

ဓနုလာ (Sagittarius)

ကျန်းမာရေး မသိမသာကျဆင်းနေတတ်၏။ ရည်ရွယ်ချက်များ တော့လွဲ၊လွဲနေတတ်ပါသည်။ စက္ကူဓာတုနှင့် ဘဏ္ဍာရေး၊ တူးဖော်ရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ရောင်းဝယ်သူများ ဝင်ငွေရော အလုပ်အကိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်နေမည်။ ဆေးသိပ္ပံနှင့် ကာယဗလ၊ ကာယအလှ ဆိုင်ရာ ဝါသနာရှင်များ၊ သင်တန်းသားများ ဆရာတစ်ဆူ လို ထင်ရှားနေမည်။ ပညာနှင့် ပိုက်ဆံဝင်ငွေ စိတ်တိုင်းကျ ဖြစ်နေမည်။ သို့သော် စိတ်သောက မကင်းတတ်ပါ။ အလုပ် ကြောင့် အိမ်ထောင်ရေးကို အနှောင့်အယှက် ဖြစ်လာတတ် သလို အိမ်ထောင်ရေးကြောင့်လည်း အလုပ်အကိုင်တွင် စိတ်ညစ်ရသည်လည်း ရှိတတ်ပါသည်။ မိမိအထက်လူကြီး ရဲ့ တာဝန်ကို တစ်ဝက်ခွဲဝေ ထမ်းဆောင်နေရတတ်၏။ (သို့မဟုတ်) အလုပ်ကြောင့် စိတ်ညစ်ရဖွယ်ရှိ၏။ မခံချင် စိတ် ပြင်းထန်လွန်းက အခွင့်အလမ်းရခါနီး ပျက်စီးသွား တတ်၍ ခန္ဓိစ-သည်းခံခြင်းသည်လည်း မင်္ဂလာတစ်ပါးပါပဲ ဆိုတာကို မကြာ၊မကြာ နှလုံးသွင်းပေးပါ။ ဆေးဘက်၊ စစ်ဘက်ဆိုင်ရာ သားသမီးရှိတဲ့ မိဘများဆိုပါက သားသမီး အတွက် အနည်းငယ် ပူပင်ရသလို သားသမီးကြောင့်ပင် လာဘ်လာဘ၊ ဂုဏ်သိက္ခာများ တိုးပွားနေတတ်၏။ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဖျားနာလာတတ်၏။ မည်သည့် လုပ်ငန်းရှင်မဆို (၁၇၊ ၁၈)နှင့် (၂၆၊ ၂၇)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပါ။ (၆၊ ၇၊ ၈)နှင့် (၁၉၊ ၂၀)ရက်များကို ရှောင်ပါလေ။

ယတြာ

ကြာသပတေးနေ့တွင် ပိန်းဥဟင်း ချက်ပြီး ဆွမ်း လောင်းပါ။ ကိုယ်တိုင်လည်း စားပါ။ တစ်မူထူးတဲ့ အတွေး သစ်များ ပေါ်လာပြီး အောင်မြင်တိုးတက်သွားပေလိမ့်မည်။

မကာရလ် (Capricon)

အလုပ်အကိုင်ကြောင့် ရော ဘုန်းကံကြောင့်ပါ ဝင်ငွေကောင်းနေတတ်၏။ ခွဲ၊လုံလ လျော်ရဲနေတတ်ပါသည်။ တော်ပြီ၊ မလုပ်ချင်တော့ဘူးဆိုတဲ့စိတ် ခဏ၊ ခဏ ဖြစ်နေတတ်၏။ အင်္ဂါနေ့၊ သောကြာနေ့များတွင် ထူး ထူးခြားခြား ဝင်ငွေကောင်းနေလိမ့်မည်။ အတိုက်အခံ၊ ဆန့် ကျင်ဘက် တွေ့ရလွန်း၍ ကျဆင်းသွားတဲ့ ခွဲ၊ လုံလကို ပြန်တင်လိုက်ပါ။ အလုပ်အကိုင် အဆင်ပြေလာပြီး လာဘ် ရွှင် ငွေဝင်လာလိမ့်မည်။ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်များ အထူးဝင်ငွေကောင်းမှာပါ။ အထည် အလိပ် ကုန်သည်များ၊ သရုပ်ဆောင်များ၊ အမွေးနုံသာ ရောင်းဝယ်သူများ၊ ဘာသာရေးအသုံးအဆောင်ပစ္စည်း ထုတ် လုပ်ဖြန့်ဖြူး ရောင်းဝယ်သူများ မပင်မပန်း လာတ်ရွှင်လန်း နေမည်။ မြေပိုင်ဆိုင်မှု အငြင်းပွားနေသူများ ရပ်တန့်ထား ခြင်း ခံရတတ်ပါသည်။ (၁၅)ရက်လွန်ပါက အနည်းငယ် သတိထားပါ။ ဖျားနာရောဂါ ကိုယ်မှာ ကျရောက်လာတတ် သလို လောဘကို အတောမသတ်နိုင်၍ ကြွေးကြိုလည်း တင်သွားတတ်ပါသည်။ (၁၁၊ ၁၂)နှင့် (၁၉၊ ၂၀)ရက်များ ကို လိုရာသုံး နေ့ရက်များအဖြစ် ဆောင်ပြီး (၂၇၊ ၂၈)ရက် များကို ရှောင်ပါလေ။

ယတြာ

သံဃာတန်းအား အဖျော်ရည်နှိုင်သလောက် လောင်း လှူပါ။ လှူပြီး များမကြာမီ အထူးအောင်မြင် တိုးတက် ပါလိမ့်မည်။

ကုမ်ဘ် (Aquarius)

ကျန်းမာဖို့ပဲ လိုတယ်။ အလုပ်အကိုင် ကတော့ အဆင်ပြေလာမှာပါလို့ ခဏ ခဏ ပြောနေတတ်၏။ ပြောရင်းဆိုရင်း ပင် အလုပ်အကိုင် အဆင်မပြေ ဖြစ်လာ တတ်၏။ ကုမ်လဂ်ဇောတာရှင်များအနေဖြင့် တစ်ဦးတည်း လုပ်သည်ထက် ပူးပေါင်းလုပ်ဆောင်သည်က ပိုကောင်း၏။ ကျန်းမာရေးလိုသည်း အထူးသတိထားပါလေ။ ပါတီစည်းရုံး ရေး၊ ဘာသာရေးစည်းရုံးရေး စသည့် စည်းရုံးရေးလုပ်ငန်း များ အဆင်တပြေရှိမည်။ မည်သို့ပင်ဆိုစေ အတိုက်အခံ ကြားက အောင်မြင်မှုရမည့် ကာလပါ။ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အားကစားသမားများ ဆိုပါက ဘွဲ့ထူး ဂုဏ်ထူး ရတတ်ပါသည်။ အလုပ်တစ်ဖက်နှင့် ပညာသင် သူများ အဆင်ပြေနေမည်။ အိမ်အလှဆင်ပစ္စည်း ရောင်း ဝယ်သူများနှင့် ယင်းလုပ်ငန်း လုပ်ကိုင်သူများ လတစ်ဝက် လောက်ရောက်မှ အဆင်ပြေလာမည်။ ထီး၊ ဖိနပ်နှင့် စေ့ပ ပစ္စည်း ရောင်းဝယ်သူများ ပစ္စည်းရောင်းကောင်းသော်လည်း လက်ထဲ ငွေပြန်မရောက်ဘဲ ရှိနေတတ်၏။ (၃၊ ၄၊ ၅)နှင့် (၂၂၊ ၂၃)ရက်များကို ဆောင်ပြီး (၁၁၊ ၁၂)ရက်များကို ရှောင်ပါ။

ယတြာ

မိအိုဖအိုအား အဝတ်အထည် လှူပေးပါ။ ပေးချေး နှင့် မပြည့်သော်လည်း တောင်းတဲ့ဆုနှင့် ပြည့်ပြည်ပြီးလိမ့် မည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိန်လင် (Pisces)

အတိုက်အခံ ခဏ၊ခဏ ကြုံတွေ့ရတတ်၏။ သို့သော် လွေကားထစ်များဟု သဘောထားပါ။ တစ်ခါတစ်ရံ ကျန်းမာရေး စိတ်တိုင်းမကျ ဖြစ်နေတတ်၏။ စာအုပ်စာပေ ထုတ်ဝေဖြန့်ချိသူများ၊ ဘာသာရေး စာရေးဆရာများ အလုပ်ဖြစ်မည်။ အောင်လည်း အောင်မြင်မည်။ သို့သော် အလုအထစ် မကင်းပါ။ (၁၅)ရက်နေ့ နောက်ပိုင်းတွင် အတိုက်အခံကြားက အောင်မြင်မှုရပြီး စိန်းပွင့်နေလိမ့်မည်။ (၂၄၊ ၂၅)ရက်များတွင် ထူးခြားတဲ့ ချစ်လက်ဆောင်တစ်ခု ရတတ်၏။ (သို့မဟုတ်) ထိုနေ့တွင် ငွေဝင်တတ်ပါသည်။ သတင်းမီဒီယာ လောကသားများ အများအပြင်း တစ်ခုကြောင့် ဝန်ခံကတိ လက်မှတ်ထိုးရတတ်၏။ အိမ်ဆောင်ကျသူများ အိမ်ထောင်ရေးအခြေခံပြီး (ယ၊ ရ၊ လ၊ ဝ)အက္ခရာပါတဲ့ မြို့၊ ရွာ၊ လမ်း တစ်ခုခုသို့ ပြောင်းရွှေ့တတ်ပါသည်။ သောကြာသားသမီး၊ အင်္ဂါသားသမီး တစ်ဦးဦး ကူညီမှုစသဖြင့် အလုပ်အကိုင် ပိုအဆင်ပြေလာတတ်၏။ လုပ်ငန်းတူ၊ ဂုဏ်ရည်တူ ချစ်သူများ ဧစေ့ပစ်ကြောင်း လမ်း လက်မှတ်ထိုးဖြစ်သွားမည်။ အိုးအိမ်နေရာဒေသ အတွက် ပူပင်သောက မကင်းတဲ့ ကာလပါ။ မထင်မှတ်ဘဲ မိမိအား ဂုဏ်သိက္ခာ ထိပါးပြောဆိုလာသည်ကို ခံရတတ်၏။ အထူးအားဖြင့် စနေသားသမီးများကို သတိထားရှောင်ပေါင်းပါလေ။ အသစ်စတင်ရမည့် အလုပ်အတွက် (၉၊ ၁၀)နှင့် (၁၅၊ ၁၆) ရက်များကို ဆောင်ပါ။

ယတြာ

လက်ဖက်သုပ်(၅)ထုပ် ဝယ်ပြီး ကိုရင်တစ်ပါးကို ဆွမ်းလောင်းလိုက်ပါ။ ပြီးလျှင် မွေးနေ့တွင် ဘုရားသွားပြီး အုန်းညွှန့်(၃)ညွှန့်ကို ကြာသပတေးဆောင့် ဖြူဖတ်ဝိုင်ဘုရားတွင် ကပ်လှူပါလေ။ အပူကင်းပြီး လိုအင်ဆန္ဒ ပြည့်ဝရလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဝေဒသုတောသီ)

၀၉ ၄၀ ၁၅၃ ၄၄ ၀၉

ဗေဒင်ဟွယ်ကြီးကျော်၊ ကျော်ကြီးတိုက်၊ ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည်မြင့်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိမင်**

နှင်းခူ၊ ဝပ္ပ။ ဝ လိမ်းဆေး **ဟိမဝန္တာ သွေးသန့်ဆေး**

ခရုသင်း သမင်ဂြုံ။

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိုရေးစစ်ရောဂါ၊ ဖိုးစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ ကာလသားရောဂါ၊ ဆီးပူဆောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရိုက်၊ ရေယုန်၊ မှက်ရနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုးဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော

တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိမင် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-လမ်း ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းမဟော်ညွှန့်

နက္ခတ်ဟောစာ

ရက်ပြတ်ကောင်းဆိုးချိန်ဆစ်

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလအတွက် လူးကွက်ခန့်မှန်းချက်

ကောဇာစက်ဝိုင်း သိဟ်ရာသီ၌ ၅ဝေးကြိုဟ် ရှိနေသဖြင့် စပါး၊ ဆန် ပေါမည်။ မိုးကောင်း၊ ချောင်းစီး၊ ကောက်ပဲစပါး ကြီးမားစည်ကားဆာတ်ဆီး။ ထန်ရာသီ၌ ရာဟုကြိုဟ်ရှိသဖြင့် ဥယျာဉ်ဥခြံမြေ၊ ဟင်းသီးဟင်းရွက်နှင့် ကြာဖု၊ ရွှံစွန်းပိတ်ချင်းတို့ အဂိုးရွေးနွှန်း တက်မည်။ တူရာသီ၌ အဂ်ိကြိုဟ်ရှိသဖြင့် ဆန်စပါး၊ မတ်ပဲ၊ ပဲနောက်၊ ဝါဂွမ်း၊ ဝါချည်တို့ ရွှးဝါးလိမ့်မည်။ ပြိဿာတွင် သောကြာကြိုဟ်ရှိသဖြင့် လူအပေါင်းတို့ ဘေးရန်ကင်းမည်။ ဓနုရာသီ၌ ၁နေ့ကြိုဟ်ရှိသဖြင့် စားသုံးဆီ၊ စက်ဆီနှင့် ဆီထွက်သီးနှံများ ဈေးကစားမည်။ မကာရရာသီ၌ ၄ဟူးကြိုဟ်ရှိသဖြင့် စပါး၊ ဆန် ပေါမများ ရှိထိမ့်မည်။

၁-၁-၂၀၁၆ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၆)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားအလှည့်ရန်၊ အနေကာတင်ရန်၊ ဝင်းထရံနှင့် အုတ်တံတိုင်း ခတ်ရန်၊ အလှူမဏ္ဍပ်၊ မွှေခဲ့ဦးပြာသာဒ် ဆောက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်၊ အိမ်တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်း၊ဆွတ်ခူးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး၊ ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်နိုင်၊ မသိမ့်သိမ့်နွေး..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနံ့ညွှန့်ဆောင်ရမည်။

၃-၁-၂၀၁၆ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၈)ရက်

အလုံးစုံထမြောက်အောင်မြင်သောယုဂ်ရရှိပြီး အမြတ်တစ်ရက်ဖြစ်သောကြောင့် ယနေ့ လက်နှိုက်ထိုးရန်၊ ဂါထာ,မန္တန် မန်းမှုတ်ရန်၊ ဆေးသစ် ဖော်စပ်ရန်၊ ကျောက်မျက်ရတနာတူးဖော်ရန်၊ အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်းတပ်ရန်၊ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ မျိုးစေ့ချ သစ်ပင်စိုက်ရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်နိုင်ကျော်၊ မအေးချမ်းခိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ကံကောင်းညွှန့်ကို ဆောင်ရမည်။

၄-၁-၂၀၁၆ (တနလာနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၉)ရက်

ဥစ္စာပစ္စည်း ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ရတနာရောင်းဝယ်ရန်၊ ပညာသင်ကြားရန်၊ ဂါထာမန္တန် ရွတ်ဆိုရန်၊ ဥယျာဉ်လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရန်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သစ်လျှောက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဥစ္စာပစ္စည်း စုဆောင်းရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကောက်စိုက်၊ ပျိုးနုတ်ရန်၊ ဟောက်ပဲသီးနှံ ရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ သန္ဓေ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံညွှန့်၊ မကေခိုင်ဇင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်၍ ဓွန်ညွှန့်ကို ဆောင်ရမည်။

၆-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၁၁)ရက်

ရက်ရာဇာဖြစ်ပြီး မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ အားကစားပြိုင်ပွဲကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်၊ ပညာစသင်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ သီးနှံမျိုးစေ့ ကြဲပက်ရန်၊ ပေါ်းရိတ်သိမ်းရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ နာမည်မှည့်ခေါ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ ကုန်ဒုန်း ဝယ်ယူသိုလှောင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဆွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြတ်သွင်၊ မဝေဝေလှိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ သပြေညွှန့်ကို ဆောင်ရမည်။

၈-၁-၂၀၁၆ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံဖွဲ့ခဲပွဲ ကျင်းပရန်၊ အချစ်ရေးရာ ပြောဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ဆိုင်းသစ် ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းထက်နိုင်၊ မသူဇာနိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ ဒန်းညွှန့်ကို ဆောင်ရမည်။

၁၁-၁-၂၀၁၆ (တနလာနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်

အလုံးစုံထမြောက်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးဝါး၊ အလှကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အလှပြင်လုပ်ငန်းများ စတင်ရန်၊ ပျိုးနုတ်၊ ကောက်စိုက်ရန်၊ စပါးရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံညွှန့်၊ မကေခိုင်ဇင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်၍ ဓွန်ပန်းညွှန့်ကို ဆောင်ရမည်။

၁၂-၁-၂၀၁၆ (အင်္ဂါနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၃)ရက်

ဥစ္စာပစ္စည်းပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ထီးတော်တင်ရန်၊ ဝင်းထရံနှင့် အုတ်တံတိုင်း ခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံ အိမ်တိုင်ထူရန်၊ အုတ်မြစ်ချ၊ အုတ်စီရန်၊ ကျောက်စေးသုပ်လောင်းရန်၊ အိမ်တက်မင်္ဂလာ ကျင်းပရန်၊ အိမ်အလှကား

www.burmeseclassic.com

www.burmeseclassic.com

ထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ လေကြောင်းခရီးသွားရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုမ္ပဏီထုတ်ကုန်များ အရောင်းစျေးကွက်သို့ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေဝင်းလို့ငံ၊ မစန္ဒာဝင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ဇလပ်ညွှန့်ကို ဆောင်ရမည်။ နေသိဒ္ဓိ နက္ခတ်စနှစ်ယှဉ်ချိန် (၇း၂၆)နာရီတွင် မဟာဝေဒင္ဂမန္တန် ရွတ်ဖတ်ပါ။

၁၄-၁-၂၀၁၆ (ကြာသပတေးနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အိုးအိမ်သစ် ဆောက်လုပ်ရန်၊ ဘုရား၊ ဝှ၊ ကျောင်း၊ ဓရုပ်၊ တံတားများ စတင်ဆောက်လုပ်ရန်၊ ရေတွင်း၊ ရေကန်သစ် တူးဖော်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ အိမ်၊ ခြံ၊ မြေနှင့် ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံးခွဲခဲ့ပွဲ ကျင်းပရန်၊ စာအုပ်စာပေဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းကျော်၊ မမြကေခိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်၍ သီးညွှန့်ကို ဆောင်ရမည်။

၁၆-၁-၂၀၁၆ (စနေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၇)ရက်

ရက်ရာဇာဖြစ်ပြီး အလုံးစုံထမြောက်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ လုပ်ငန်းသစ် စတင်ရန်၊ အနုပညာလုပ်ငန်းများ စတင်ရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ရဟန်းခံရှင်ပြုပဉ္စာစသင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရန်၊ ဥရောပကိစ္စ ဆောင်ရွက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထွန်းလို့ငံ၊ မရွှေးထက်လို့ငံ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ အုန်းညွှန့်ကို ဆောင်ရမည်။

၁၇-၁-၂၀၁၆ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်

အမြိတ္တစုတ်ရက်ဖြစ်ပြီး သမားညီရက်ဖြစ်သောကြောင့် အခါကောင်းရက်ရသွားယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အုတ်တဲတိုင်းနှင့် ဝင်းထရံ ခတ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောင်အအုံဆောက်လုပ်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လက်ထပ်ထိမ်းမြားရန်၊ ဥရောပကိစ္စ ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်ကျော်၊ မအေးချမ်းခင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ကုံကော်ညွှန့်ကို ဆောင်ရမည်။

၁၉-၁-၂၀၁၆ (အင်္ဂါနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ တွင်း၊ ရေကန်၊ အဝီစိတွင်း တူးဖော်ရန်၊ အားကစားဆိုင်ရာအလုပ်များ ဆောင်ရွက်ရန်၊ ဂီတအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

သော အတိုးအမှုတ်လုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာ ဆထိ ကံစမ်းရန်၊ စပါးနှင့် ကောက်ပဲသီးနှံ ရိတ်သိမ်း မြိ ကုန်အရောင်းအဝယ်လုပ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ဘွဲ့ထိုထွေးရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်တို့ အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဇာတ္တိုးဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းလို့ပင်၊ မစန္ဒာဘင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ စလပ်ညွှန်ကို ဆောင်ရမည်။

၉-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက်

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အမည်ကင်မွန်းတပ်ရန်၊ ရှင်ပြုပွဲနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာဝတ်ဆင်ရန်၊ ဗျူတီပါလာ သွင်းခြင်း ဆောင်ရွက်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံဖွဲ့ခဲ့ပွဲ ကျင်းပရန်၊ ဆိုင်ခန်းနှင့် ကုမ္ပဏီရုံးခန်း စတင်ဖွင့်ရန်၊ အချစ်ရေးရာ မေတ္တာစကားပြောရန်၊ စာအုပ် အဝေ ဖြန့်ချီရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်း ဇာတ်ဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ နှစ်ဆယ့်(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝေမင်းလို့ပင်၊ ဝင်းဝင်းလွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်၍ သပြေညွှန်ကို ဆောင်ရမည်။

၁၀-၁-၂၀၁၆ (စနေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်

အဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံနှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ အဝီစိတွင်း တူးဖော်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ အားကစားပွဲများ စတင်ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ပညာ စသင်ရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ ကုန်ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထွန်းလင်း၊ မထက်ထက်လှိုင်ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ အုန်းညွှန့်ကို ဆောင်ရမည်။

၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလပြည့်နေ့

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားဆင်းတုတော်နှင့် ကိုးကွယ်မှုဆိုင်ရာ ရုပ်တုများ ထုလုပ်ရန်၊ အဝတ်အထည်ချုပ်လုပ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ဆွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန်းရိုက်ရန်၊ ရတနာပစ္စည်းများ ရောင်းဝယ်,ဝတ်ဆင်ရန်၊ ပြည်တွင်း, ပြည်ပ ခရီးသွားရန်၊ အလုပ်သစ် လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀) နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်ကျော်၊ မအေးချမ်းခိုင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်၍ ကဲ့ကော်ညွှန့်ကို ဆောင်ရမည်။

၂၅-၁-၂၀၁၆ (တနလာနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၁)ရက်

မိတ်သင်္ဂဟပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အဝတ်အစားသစ်ဝတ်ရန်၊ ဆွေကြေးကိစ္စများ ဆောင်ရွက်ရန်၊ အားကစားပြိုင်ပွဲများ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ မိတ်ဆုံဖွဲ့ခဲ့ပွဲ ကျင်းပရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ရန်၊ ပညာစသင်ရန်၊ အနုပညာလုပ်ငန်းများ စတင်ရန်၊ လယ်

www.burmeseclassic.com

www.burmeseclassic.com

ယာမြေ ထွန်ယက်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊ ကုမ္ဗဏီစတင်ဖွင့်၍ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံညွန့်၊ မကေခိုင်သဇင်..ဟု ပေးနိုင်ပါသည်။ဤနေ့အတွက်ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်၍ ဖွန်ညွှန့်ကို ဆောင်ရမည်။

၂၈-၁-၂၀၁၆ (ကြာသပတေးနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၄)ရက်

ရက်ရာဇာနှင့် အမြတ္တစုတ်ရက်ဖြစ်သော ကြောင့် ယနေ့ သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ပျိုးနုတ်၊ကောက်စိုက်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကုန်ပစ္စည်း ရောင်းဝယ်သို့လောင်ရန်၊ လက်ဝတ်ရတနာပစ္စည်းများ ရောင်းဝယ်၊ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြဟန်ကျော်၊ မမြကေခိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်၍ သီးညွှန့်ကို ဆောင်ရမည်။

၃၀-၁-၂၀၁၆ (စနေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၆)ရက်

ရက်ရာဇာဖြစ်ပြီး အမှုကိစ္စပြီးသောယုဂ် ရှိသဖြင့် ယနေ့ စပါးရိတ်သိမ်းရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးကုသမှု ခံယူရန်၊ အစွမ်းထက် ဆေးဝါး ဖော်စပ်ရန်၊ ဆေးရုံ၊ဆေးခန်းသစ် ဖွင့်ရန်၊ ကိုး ကွယ်မှုဆိုင်ရာ ဆင်းတုတော် ထုလုပ်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၍ အိမ်တက်လေ့ကားထောင်ရန်၊ အိမ်သစ်၊တိုက်သစ် တက်ရောက်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်တင်ဌေးဝင်း မနန်းထူးလွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ အုန်းညွှန့်ကို ဆောင်ရမည်။

၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၇)ရက်

အဆောက်အအုံတည်ရသောယုဂ် ရှိသဖြင့် ယနေ့ သိပ္ပံ၊ဝိဇ္ဇာဆိုင်ရာ ပညာရပ်များ သင်ယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ရဟန်းခံရှင်ပြုရန်၊ အနုပညာလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ ပျိုးနုတ်၊ကောက်စိုက်ရန်၊ မော်တော်ယာဉ်ကားများ ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ လက်ဝတ်ရတနာပစ္စည်းများ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ပေးရိတ်သိမ်း၍ ကျီသွင်းရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရေးတို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်နိုင်ဝင်း၊ မမြချမ်းဝေ..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ကံ့ကော်ညွှန့်ကို ဆောင်ရမည်။

ဝေဒ-တာရာ
မင်းမဇော်ဦး
ဖုန်း-၀၉ ၂၅၀ ၁၆၇ [illegible]

www.burmeseclassic.com

www.burmeseclassic.com

မီးဖိုချောင်အတွင်းက အသုံးဝင်သောဆေးနည်းများ

ဆံပင်မပေါက်လျှင်

သံပရာခေါက်ကို ရေနှင့် ကြိတ်ပါ။ နေ့စဉ် ဆံပင်ကို ဆီးပေးပါ။ ဆံပင်ပေါက်ပါသည်။ အများသုံး ဆေးနည်း တစ်လက် ဖြစ်ပါသည်။

ချက်နာလာပလိုလျှင်

နေ့စဉ်နေ့တိုင်း နံနက်အိပ်ရာထ မျက်နှာမသစ်မီ သံပရာသီးတစ်လုံးကို ထက်ခြမ်းခွဲ၍ မျက်စိတစ်ဖိုက်ကို ဆီးပြီး မျက်နှာကို ပွတ်ပေးပါ။ ၄၅ နောက် ရေနွေးနွေး ဆေးကြောပေးပါ။ အမြဲတမ်း ပြုလုပ်ပေးခြင်းဖြင့် ချက်နာကို လုပစေပြီး ညှင်း၊ တင်းတိပ်၊ အဖုအပိမှဲ့ ကင်း ပျောက်လွယ်စေပါသည်။

ခေါင်းကိုက်လျှင်

နေ့စဉ်သောက် လက်ဖက်ရည်၊ ကော်ဖီကျကျတွင် သံပရာတစ်ခြမ်း ညှစ်၍ သောက်ပေးပါ။

ခေါင်းခဲလျှင် သံပရာသီး ထက်ခြမ်းခွဲ၍ မီးကင်ပြီး နှာခေါင်းတွင် ကပ်ထားပေးပါ။ ခေါင်းခဲချိန်တွင် နေပူဒဏ် ကို ရှောင်ရှားပေး ရပါမည်။

ခေါင်းအုံနေလျှင် အိမ်သုံးဆား အနည်းငယ်နှင့် ကြက် ဥဖြူ တစ်လုံးကို ကြိတ်၍ တစ်ခွက်စာ သောက်ပေးလျှင် ခေါင်းအုံခြင်းကို ပျောက်ကင်းစေနိုင်ပါသည်။

သွားကိုက်လျှင်

သဘော်ရွက်ကို နေတွင် အခြောက်ခံ၍ အမှုန့်ထောင်း ပြီး ပုလင်းနှင့် ထည့်ထားပါ။ ဤဆေးကို တစ်နေ့ လေး ကြိမ်ခန့် သွားတိုက်ပေးခြင်းဖြင့် သွားပိုးထိုးခြင်း၊ သွားကျဉ် ခြင်း၊ သွားကိုက်ခြင်း အစရှိသည့် သွားနှင့်ပတ်သက်သော ရောဂါဝေဒနာတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ဝမ်းကိုက်လျှင်

ကြက်သွန်နီ၌ တစ်လုံးကို မီးဖုတ်ပါ။ ၄၅ နောက် ခေါက်ဆေး၍ အရည်ညှစ်ပြီး အရည်နွေးနွေးကို နားဝတ် ဆေး နားအစက်ချဆေးအဖြစ် အသုံးပြုပေးလျှင် နား ကိုက်ခဲခြင်းကို အမြန်ပျောက်စေပါသည်။

သွေးတွဲလျှင်

ဆီးဖြူရွက် တစ်ဆ၊ ရေ ငါးဆနှင့် ပြုတ်ပါ။ ပြုတ် ရည်ကို သုံးချိုး တစ်ချိုး ကျန်ပါက ပါးစပ်ကို ပလုတ် ကျင်းပေးပါ။ ပါးစပ်ကွဲနာများ၊ လျှာကွဲနာများကို ပျောက် ကင်းစေပါသည်။

ဝက်ခြံပေါက်လျှင်

အသုံးများသော လက်တွေ့ဆေးနည်း ဖြစ်ပါသည်။ နံနက်တိုင်းဖြစ်စေ၊ ညနေတိုင်းဖြစ်စေ မနှံကျည်းမှည့် ကွမ်း သီးလုံးခန့်ကို နေ့စဉ် စားပေးပါ။ ရေကို တစ်နှိုင်သောက် ပေးပါ။ ဤသို့ ခုနစ်ရက် နေ့စဉ်ရက်ဆက် စားပေးပါ။ အပူ၊ အစပ်၊ အငန်တို့ကို ရှောင်သင့်ပါသည်။ ငရုတ်သီး ကို လုံးဝမစားသင့်ပါ။

နှာစေးခြင်း၊ ချောင်းဆိုးခြင်း ဖြစ်လျှင်

နှာစေးလျှင် ချင်းစိမ်းသတ္တုရည်နှင့် ပျားရည်ကိုစပ်၍ လျက်ပေးခြင်းဖြင့် နှာစေးခြင်းကို သက်သာစေနိုင်သော ဆေးနည်းတစ်လက် ဖြစ်ပါသည်။

ချောင်းဆိုးလျှင် ကြက်ဟင်းခါးရွက်ကို ထုထောင်း၍ ရရှိသော သတ္တုရည် တစ်ဆ၊ သကြား သုံးဆ၊ ရေ ငါးဆ တို့ကို ရောစပ်၍ ဆေးဖျော်ရည်အဖြစ် သောက်ပေးခြင်းဖြင့် ချောင်းဆိုးခြင်းကို ပျောက်ကင်းစေနိုင်ပါသည်။

အရေပြားရောဂါဖြစ်လျှင်

အရေပြားနှင့်ပတ်သက်၍ ပွေးရောဂါဖြစ်ခြင်း၊ ဝဲ ရောဂါဖြစ်ခြင်း၊ ယားနာရောဂါဖြစ်လျှင် မီးဖိုဆောင်တွင် အသင့်ရှိသော ကြက်သွန်ဖြူ တစ်လုံး၏ ဖင်ပိုင်းကို လိမ်း ဖြတ်ပါ။ ထွက်လာသော ကြက်သွန်ဖြူ အစေးဖြင့် အရေ ပြားရောဂါကို မကြာခဏ ပွတ်ပေးပါ။ အံ့ဖွယ်ရာ ပျောက် ကင်းသွားကြောင်းကို တွေ့ရှိရပါမည်။

မိတ်ပေါက်လျှင်

အမျိုးသမီးများ မနံသော ခရေပွင့်ကို မစွန့်မစပ်ပါနှင့်။ အခြောက်ခံ၍ ပုလင်းတွင် ထည့်ထားပါ။ ဆေးဘက်တွင် အသုံးဝင်ပြီး လက်တွေ့ဆေးနည်းအဖြစ် အသုံးတည့်ပါ သည်။ ခရေပွင့်ခြောက်နှင့် သနပ်ခါးကို ညက်စွာသွေး၍ လိမ်းပေးခြင်းဖြင့် မိတ်ပေါက်ခြင်းကို ပျောက်ကင်းစေသော ဌေးမကုန် သက်သာစေသောဆေး ဖြစ်ပါသည်။

[ကျော်တင့်ဆွေ၏ တိုင်းရင်းဆေးကုထုံး စာအုပ်မှ...]

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘီရမဂ္ဂဇင်းမှ

ဆရာရေနံအောင်ဟိန်း ပြေသည့်

ကမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ကမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂဏန်းဂဏန်း ဝဂ္ဂစဉ်း

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ဥဉ-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- ပေးသူ၏အမည် _____
- မွေးနေ့ (နှစ်၊ လ၊ ရက်) _____
- မွေးမွားရာ မြို့/ရွာ _____
- အချိန်နာရီ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

ရိုးရာဖွဲ့သတ်မေးမှု အကုန်အကျအတိုင်း ပြောသည်

ခေါ်ခင်ဝေဇင်

(၄-၂-၁၉၆၀၊ နံနက် ၅း၀၀ နာရီ၊ မုတ္တမမြို့)



၁။ *လည်ပင်းညာခြမ်း အဆီကျိတ် ခွဲသင့်/မခွဲသင့်။*

(၁၇-၄-၂၀၁၄)မှ (၁၇-၄-၂၀၁၇)ထိ ရာဟုထူလ၊ ဒေါက်တာဘုတ္တိဒဿ စားဝင်၏။ ရာဟုသည် (၁၀)တန့်ဘာဝ ကွင် ရပ်တည်၍ (၂)တန့်ရပ် ၄ဟူးအား ကိုယ်စားပြုထား၏။ ဖြောသည် လင်္ဂဘာဝတွင် အင်္ဂါနှင့်ပူး၍ အင်္ဂါဂြိုဟ်သည် (၈)တန့်ဘာဝအား (၈)တန့်အထူးမြင် ကြွေနေ၏။ သင်းအပြင် လင်္ဂနှင့် (၄)တန့်သခင် ၅တေးနှင့် (၂၊ ၃)တန့်သခင် စနေတို့လည်း ဝင်၍ပူးယှဉ်နေ၏။ ခွဲစရာမလိုဟု မြင်ပါသည်။ ခွဲရန် တိုက်တွန်းမှုများ၊ အကြံပေးခံရမှုများဆော့ ကြွေကောင်း ကြွေနေပေမည်။

၂။ *ခွဲစိတ်ရန် သင့်ပါက ခွဲစိတ်သင့်သည့် အသက်အရွယ်း အခြား။*

လင်္ဂသခင် ၅တေးဂြိုဟ် ကောစောသွားခြင်းဖြင့် (၉)တန့် သုဘဘာဝမှ လင်္ဂဘာဝအား (၅)တန့်အထူးမြင် ကြွေ နေရကား (၂၀၁၆)ခုနှစ်၊ ဇူလိုင်လထိ ခွဲစိတ်ရန် မမြင်သေးပါ။ (၁၈-၉-၂၀၁၆) ကောစောအင်္ဂါဂြိုဟ် ဓနုလင်္ဂပေါ် ဦးပြီး တစ်လခွဲအတွင်း ခွဲရန် ဖြစ်လာနိုင်ပေသည်။

၃။ *ကင်ဆာရောဂါများ ဖြစ်နိုင်ချေရှိပါသလား။*

(၆)တန့်သခင် ဖြောဂြိုဟ်သည် လင်္ဂဘာဝတွင် လင်္ဂသခင် ၅တေး၊ (၂၊ ၃)တန့်သခင် စနေဂြိုဟ်၊ (၅၊ ၁၂)တန့်သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်နေ၏။ ကင်ဆာကဲ့သို့ ရောဂါဆိုကြီးမျိုး မဖြစ်နိုင်ပါ။

မဆုသန့်စင်

(၂၆-၁၂-၂၀၀၀၊ ၁၅း၀၇ နာရီ၊ ရန်ကုန်မြို့)



၁။ *ပညာရေး ဆုံးခန်းတိုင် ရောက်ပါမည်လား။*

(၄)တန့်ဘာဝသခင်ဂြိုဟ် ၁၄ဒေ (၇)တန့်ဘာဝတွင် (၂၊ ၅)တန့်သခင် ၄ဟူးဂြိုဟ်၊ (၃)တန့်သခင် ၂လာဂြိုဟ်၊ ကိတ်ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေ၏။ စနေဂြိုဟ် လင်္ဂတွင်ပူး၍ (၃)တန့်ကို အထူးမြင်ထား၏။ ပညာရေးအထစ်အငေါ့များ ကြုံရတတ်သော်လည်း ကြိုးစားလျှင် ဘွဲ့တစ်ခုတော့ ရပါလိမ့်မည်။ ပညာသင်ကြားစဉ် ကာလတစ်ခု ပြတ်တောက်ခြင်းမျိုး ကြုံရခြင်း မကင်းတတ်ပါ။

၂။ *လိမ္မာရေးခြားရှိ,မရှိ။*

လင်္ဂသခင် ဖြောဂြိုဟ် (၉)တန့်ဘာဝတွင် ရပ်တည်သည်ကို လင်္ဂတွင် ပူးယှဉ်ရပ်တည်နေသော ၅တေးဂြိုဟ်က (၉)တန့်အထူးမြင် ကြွေနေ၏။ ထို့ပြင် လင်္ဂတွင် စနေဂြိုဟ်လည်း ပူးယှဉ်ရပ်တည်နေ၏။ ခေါင်းမာတတ်သော်လည်း ဆုံးမ၍ရပါမည်။ ဆူပူသည်ထက် နားလည်အောင်ပြောပါ။

www.burmeseclassic.com

www.burmeseclassic.com

အချောကြိုက်မျိုး ဖြစ်၏။

၃။ *ပညာရေးတွင် အနှောင့်အယှက်ရှိပါသလား။*

လင်္ဂတွင်ပူး၍ (၃)တန့်ဘာဝကို (၃)တန့်အထူးမြင်သော စနေကြိုးကြောင့် ပညာရေးထစ်ငေါ့မှု ကြုံတတ်သလို အခြားကျန်းမာရေးကဲ့သို့သော အနှောင့်အယှက်မျိုးလည်း ကြုံရတတ်ဖွယ် ရှိနေပါ၏။

မသူသူစံ

(၂၉-၉-၂၀၀၀၊ ၁း၃၂ နာရီ၊ ရန်ကုန်မြို့)



၁။ *(၂၀၁၆)ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မည်လား။*

စာမေးပွဲကာလအတွင်းအတွက် ရာဟုထူလ၊ ၄ဟူး ဘုတ္တိ၊ ၂လ်ာအန္တရဒသာ စားဝင်၏။ ရာဟုသည် (၁၂)တန့်တွင် ရပ်တည်သော်လည်း (၄)တန့်ရပ် ၄ဟူးကြိုးကို ကိုယ်စားပြုထား၏။ (၄)တန့်ရပ် ၄ဟူးနှင့် ထူလသခင် ၆ကြောကြိုးတို့ကိုလည်း (၅)တန့်အထူးမြင် ကြုံထား၏။ ၆ကြောသည် (၄၊ ၁၁)တန့်သခင် ဖြစ်၏။ အန္တရဒသာသခင် ၂လ်ာကြိုးသည် လင်္ဂသခင်အဖြစ် (၃)တန့်ဘာဝတွင် (၂)တန့်သခင် ၁နွေကြိုးနှင့် ပူးယှဉ်ရပ်တည်နေ၏။ ဘုတ္တိဒသာသခင် ၄ဟူးကား ထူလ၊ ရာဟုနှင့် ဆက်သွယ်၍ ဖော်ပြခဲ့ပါပြီ။ သို့ဖြစ်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲတော့ အောင်ပါမည်။ အချို့ဘာသာများ အမှတ်လျော့သွားတတ်၏။

၂။ *ဘဝတွင် ကြီးပွားချမ်းသာမည်ကံ ပါ၊မပါ။*

(၂)တန့်သခင် ၁နွေကြိုးသည် (၃)တန့်ဘာဝတွင် ရပ်တည်သည်ကို (၆၊ ၉)တန့်သခင် ၅တေး (၁၁)တန့်ဘာဝမှ (၅)တန့်အထူးမြင် ကြုံနေ၏။ ဘဝတွင် ချမ်းသာစွာ နေရမည်ကံ ပါ၏။

၃။ *ဘွဲ့ရနိုင်ပါသလား။*

(၄)တန့်သခင် (၄)တန့်တွင် ကသစ်မူပြီး (၃၊ ၁၂) တန့်သခင် ၄ဟူးက ပူးယှဉ်ရပ်တည်နေပေရာ ဘွဲ့ရ[illegible] ဘွဲ့အပြင် ဒီပလိုမာလက်မှတ်ရ ပညာမျိုးလည်း ရတတ်ပါ၏။

မခင်ပြည့်စုံ

(၈-၅-၂၀၁၃၊ ၈း၂၉ နာရီ၊ ရန်ကုန်မြို့)



၁။ *မည်သည့်နာမည်မျိုး ပေးသင့်သလဲ။*

နာမည်ပေးသောကဏ္ဍ မဟုတ်ပါ၍ အကြံပေးခြင်းတော့ ပြုပေးပါမည်။ တနလ်ာအစ၊ တနလ်ာအဆုံး (သို့မဟုတ်) တနလ်ာအစ၊ စနေအဆုံး မှည့်နိုင်၏။ အလယ်တွင် သောကြာနံတစ်ခုတော့ ရှောင်ရမည်။

၂။ *ပညာရေး ကောင်း၊မကောင်း။*

(၄)တန့်သခင်ကြိုးဟ ၄ဟူး (၁၁)တန့်ဘာဝတွင် ၁နွေ၊ ၂လ်ာ၊ ၃ဂါ၊ ၄ဟူး၊ ကိတ်ကြိုးဟ်တို့နှင့် ပူးယှဉ်ရပ်တည်၏။ ပညာရေး ကောင်းပါသည်။ ဘွဲ့တစ်ခုမက ရတတ်၏။

၃။ *ချမ်းသာမည်ကံ ပါသလား။*

(၂)တန့်ဘာဝသခင် ၂လ်ာကြိုးဟ (၁၁)တန့်ဘာဝတွင် (၆၊ ၁၁)တန့်သခင် အင်္ဂါကြိုးဟ်၊ (၁၊ ၄)တန့်သခင် ၄ဟူးကြိုးဟ်၊ (၃)တန့်သခင်ကြိုးဟ် ၁နွေ၊ ကိတ်ကြိုးဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်ကို (၈၊ ၉)တန့်သခင် စနေနှင့် (၅၊ ၁၂)တန့်သခင် ၆ကြောကြိုးဟ် ကိုယ်စားပြု ရာဟုတို့ သမသတ်အကြိုးကြုံနေ၏။ ချမ်းသာစွာနေရမည်ကံ ပါသည်။ အသက်(၃၅)နှစ်မှ (၄၂)နှစ်အတွင်း ဒွေကြေးကံ အကောင်းဆုံးဖြစ်၏။

အဲအဲ

(၁၉-၃-၂၀၁၃၊ ၂၂း၀၁ နာရီ၊ ရန်ကုန်မြို့)

၁။ *မည်သည့်နာမည် ပေးသင့်သလဲ။*

အင်္ဂါနံအစ၊ ဗုဒ္ဓဟူးနံအဆုံး၊ အလယ်တွင် ကြားပတေးနံတစ်ခု ရောင်၍ မှည့်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



၂။ *ပညာရေးက ကောင်း,မကောင်း။*

(၄)တန်သခင်ကြိုဟ် စနေ လင်္ဂတွင် နိစ်မူ၍ (၃)တန်နဂုရာသီကို (၃)တန်အထူးမြင် ကြုံထား၏။ ကြိုးစားက ရသည်ထိ ပြီးတတ်သော်လည်း ထစ်ငေါ့မှု၊ ပြတ်တောက် ကြုံရတတ်ခြင်းမျိုး မကင်းတတ်ပါချေ။ ပညာသင်အရွယ်တွင် (၂၀၃၂)ခုနှစ်ထိ ရာဟုထူလဒသာ စားဝင်၏။ (၄၊ ၅)တန်သခင် စနေကြိုဟ်နှင့်ပူးကာ လင်္ဂတွင် ရပ်တည်၍ ကျန်းမာရေးပြဿနာများကြောင့် ပညာရေးအနှောင့်အယှက်၊ အတန့်အတား ဖြစ်ရတတ်ခြင်းကို သတိပြုရမည်။

၃။ *ချမ်းသာမည်ကံ ပါ,မပါ။*

(၂)တန်သခင်ကြိုဟ် အင်္ဂါ (၅)တန်ဘာဝတွင် (၁၁)တန်သခင် ဒန္ဓေ၊ (၁၊ ၈)တန်သခင် ဥစ်ကြိုဟ် ကြောနှင့်ပါ၏။ ဒုဋ္ဌာနသဘော မကင်း၍ မချမ်းသာတတ်သော်လည်း အသက်စားဘဝမျိုးဖြင့် နေရပေလိမ့်မည်။

ခေင်ကံသာ

(၄-၅-၂၀၀၀၊ ၇း၂၅ နာရီ၊ ရန်ကုန်မြို့)

၁။ *မဲခင်ကံသာ နာမည်ဖြင့် အကျိုးပေးမည်လား။*

တနင်္ဂနွေသမီး အထွန်းဖွားကို ဘင်္ဂါဖြင့် မှည့်ထား၍ ကြီးပွားနိုင်ပါ။ တနင်္ဂနွေနံအစ စနေနံအဆုံး၊ တနင်္ဂနွေနံအစ သောကြာနံအဆုံး၊ အလယ်တွင် ကြာသပတေးနံတစ်ခု



ရှောင်၍ မှည့်သင့်၏။

၂။ *ကျန်းမာရေးချူချာမည့် အသက်ပိုင်း။*

(၂၄-၂-၂၀၁၇)ထိ စားဝင်မည့် ရာဟုထူလ၊ ကြောဘုတ္တိဒသာမှာ ရာဟုကြိုဟ် (၃)တန်ရပ်၍ ကြော (၁၊ ၆)တန်သခင်အဖြစ် (၁၂)တန်ရပ်၍ ကျန်းမာရေးချူချာတတ်၏။ ဆေးရုံ၊ ဆေးခန်းများ မကြာခဏ ပြသနေရတတ်၏။

၃။ *ငွေကြေးချမ်းသာမည့်အချိန်။*

(၂)တန်သခင် ၄ဟူးကြိုဟ် (၁၂)တန်ဘာဝတွင် ရပ်တည်နေသည်။ ဒန္ဓေ၊ ဈတေး၊ စနေ၊ ကြော ကြိုဟ်များနှင့် ပူးယှဉ်နေ၏။ (၉)တန်သခင် စနေကြိုဟ်လည်း (၁၂)တန်တွင်ပင် ရပ်တည်နေ၏။ ချမ်းသာမည်ဟု မဆိုနိုင်။ အတော်အသင့် ပြည့်စုံစွာ နေရမည်ဟုသာ ဆိုနိုင်ပေသည်။

၄။ *ကျန်းမာရေး ကောင်း,မကောင်း၊ စိုးရိမ်စရာ ရှိ,မရှိ။*

(၂၄-၂-၂၀၁၇)ထိ ရာဟုထူလ၊ ကြောဘုတ္တိဒသာကာလ ဖြစ်၏။ ရာဟုသည် (၃)တန်ဘာဝမှနေ၍ (၇)တန်၊ (၁၁)တန် ဘာဝများအား အထူးမြင်များ ကြုံထား၏။ ကြောသည် (၁၊ ၆)တန်သခင်အဖြစ် (၁၂)တန်တွင် ရပ်တည်၍ ကျန်းမာရေးအညံ့ရှိ၏။ အကြိုးအကျယ်ကားမဟုတ်။ ချူချာမှု ရှိနေတတ်၏။ ယခုနှစ်အတွင်း အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ကျန်းမာရေး ဂရုစိုက်ပါလေ။

၅။ *(၂၀၁၆)ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်မည်လား။*

ရာဟုထူလ၊ ကြောဘုတ္တိဒသာသည် မေးခွန်း(၄)တွင် ဖော်ပြချက်အရ (၃၊ ၁၁၊ ၁၊ ၆)တန် ဘာဝများအတွက် အကျိုးဆောင်၍ စာမေးပွဲအောင်ဖို့ ရှိနေပါသည်။

၆။ *စီဝတွဲဖြစ်၍ သတိထားရမည့်ဘာသာ။*

သချိာ၊ အင်္ဂလိပ်စာ၊ စီဝဗေဒပိုင်းများ သတိထား၍ ပြင်ဆင်ထားရန် လိုအပ်ပါသည်။

၇။ *အိုဇောတာ ကောင်းနိုင်မည်လား။*

အသက်(၅၅)နှစ်နောက်ပိုင်း (၂၊ ၅)တန်သခင် (၁၂)တန်ရပ် ၄ဟူးထူလဒသာ စားဝင်မည်။ အသက်(၇၂)နှစ်နောက်ပိုင်း (၇၉)နှစ်ထိ (၉)တန်ရပ်၊ ကိတ်ထူလဒသာ စားဝင်မည်။ အိုဇောတာ မည့်ပါ။

၈။ *မိဘ၊ ဆွေမျိုးများထက် သာလွန်သောဘဝ ရ,မရ။*

လင်္ဂသခင် ကြော (၁၂)တန်တွင် ရပ်တည်ခြင်း၊ (၁၀)တန်သခင် စနေကြိုဟ် (၁၂)တန်တွင် ရပ်တည်ခြင်း၊ ယင်း ကြိုဟ် နှစ်ခုစလုံး (၅၊ ၆)တန်သခင် (၁၁)တန်ဘာဝ(၁၂-

www.burmeseclassic.com

တန်ရာသီ)ရပ် ကြောပိုင် နက္ခတ်အား စီးခြင်းကြောင့် မိဘ၊ ဆွေမျိုးများထက် သာလွန်သောဘဝကို ရနိုင်ပါ၏။

၉။ *ပညာရေးဖြင့် အကျိုးပေးမည်လား။*

(၄)တန်သခင် ဒန္ဓေကြိုဟ် (၁၂)တန် မိတ်အိမ်တွင် ရပ်တည်၍ ပညာရေးကာရကကြိုဟ် ၅တေး၊ အသိဉာဏ် ကာရကကြိုဟ် ၄ဟူး၊ ကမ္မကာရကကြိုဟ် စနေတို့နှင့် ပူးယှဉ်၍ ပညာရေးဖြင့် အကျိုးပေးနိုင်ပါသည်။ သို့သော် အခက်အခဲများစွာ ကျော်လွှားနိုင်မှ ကောင်းကျိုးခံစားရပေမည်။

မထော်ထော်

(၁၅-၅-၂၀၁၂၊ စနေ နာရီ၊ ရန်ကုန်မြို့)



၁။ *ယနေ့ထိ စကားမပြောတတ်၍ ပြောနိုင်ပါမည်လား။*

(၃)တန်သခင် ဒန္ဓေကြိုဟ် (၁၂)တန် ဒုဌာနဘာဝတွင် ရာဟုနှင့် ကိတ်ကြိုဟ်တို့ အကျပ်ခံနေရ၍ ဖြစ်သည်။ လင်္ဂသခင် ၄ဟူး (၁၁)တန်ဘာဝတွင် ၅တေးကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ စကားတော့ ပြောနိုင်လာလိမ့်မည်။ လေးကွေးထစ်ငေါ့ခြင်းမျိုးတော့ ရှိတတ်မည်။

၂။ *ဉာဏ်ပညာ ကောင်းနိုင်ပါမည်လား။*

(၅)တန်သခင် ကြောကြိုဟ် လင်္ဂဘာဝတွင် ပူးယှဉ်၍ (၁၁)တန်ဘာဝတွင် ၄ဟူးနှင့် ၅တေးကြိုဟ်တို့ ပူးယှဉ်ရပ်တည်ခြင်းကြောင့် ဉာဏ်ပညာတော့ ကောင်းပါမည်။

၃။ *ကျန်းမာရေးနှင့် ထက်နိုနိုအောင် နာမည် ပေးသင့်ပါသလား။*

(၁၁)တန်ရပ် (၇)တန်သခင် ၅တေးထူလဒသာမှာ (၂၀၂၁)ခုနှစ်၊ မေလထိ စားဝင်ပေမည်။ ကျန်းမာရေးသာမန်အည်းမျိုးလောက်သာ သတိပြုရမည်။ မေးထားသော နာမည်အစား ၄ဟူးနံအစ၊ ကြောနံအဆုံး ၅တေး၊ စနေနံများ ရောင်၍ မှည့်သင့်ပေသည်။

ကျော်သူထွန်း

(၂၀-၇-၁၉၇၃၊ ဝေဝဿ နာရီ၊ ရန်ကုန်မြို့)



၁။ *ချမ်းသာကြွယ်ဝနိုင်မှာလား။*

(၂)တန်ဘာဝသခင်ကြိုဟ် ကြော (၅)တန်ဘာဝတွင် ရပ်တည်ပြီး (၁၁)တန်ရပ် (၄)တန်သခင်ကြိုဟ် ၂လုံးနှင့် အပြန်အလှန် အမြင်ကြိုထား၏။ ထို့ကြောင့် ချမ်းသာသောဘဝမျိုးဖြင့် နေရပါလိမ့်မည်။

၂။ *လက်ရှိအလုပ် အပြောင်းအလဲရှိမှာလား။*

ကောစာ ၅တေးကြိုဟ် ပြီးခဲ့သော ဇူလိုင်လဝက်ခန့်က (၅)တန် သိဟ်ရာသီသို့ ဝင်ရောက်ခဲ့၏။ တစ်နှစ်ခန့်ရှိပေမည်။ (၁၄-၃-၂၀၁၆)ထိ ၄ဟူးထူလ၊ ဥဂါဘုတ္တိဒသာစားဝင်ပေမည်။ (၄)တန်တွင် (၅)တန်သခင် ဒန္ဓေနှင့် ပူးယှဉ်ရပ်တည်သော (၃၊ ၆)တန်သခင် ၄ဟူးထူလ (၁၀၊ ၈)တန်သခင်အဖြစ် (၁၂)တန်တွင် ရပ်တည်သော ဥဂါဘုတ္တိဒသာဖြစ်၍ အလုပ်ပြောင်း၊ နေရာပြောင်း ရှိပေမည်။ သင့်ပါသည်။

၃။ *အိစာတာ ကောင်းမှာလား။*

အသက်(၅၀)နှစ်နောက်ပိုင်း (၂၀၂၃)ခုနှစ်မှ (၂၀၃၀)ပြည့်နှစ်ထိ ကိတ်ထူလ၊ (၂၀၃၀)ခုနှစ်မှ (၂၀၅၀)နှစ်ထိ ကြောထူလဒသာ စားဝင်မည်။ ကိတ်သည် (၃)တန်တွင် (၁၀၊ ၁၁)တန်သခင် စနေနှင့် ပူးယှဉ်ရပ်တည်၍ ကောင်းကျိုးပေး၏။ ကြောသည် (၂၊ ၇)တန်သခင်အဖြစ် (၅)တန်ရပ်၍ ကိတ်နက္ခတ် စီး၏။ အိစာတာ ကောင်းပါ၏။

ချမ်းမြေ့ကိုကို

(၁၆-၄-၁၉၉၀၊ ၂၀း၁၇ နာရီ၊ ရန်ကုန်မြို့)

၁။ *အိမ်ထောင်ဖက် ပုံသဏ္ဌာန်၊ အဆင့်အတန်း၊ ထောင်ကံ၊ ကာလ။*

(၇)တန်သခင် ကြော (၄)တန်ဘာဝတွင် (၁၊ ၆

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ သို့သော် (၂၊ ၅)တန့်သခင် ၅တေးကြိုဟ်၏ (၉)တန့်အထူးမြင် ခံနေရ၏။ အိမ်ထောင်ကျကိန်း ရှိသည်။ အိမ်ထောင်က သင့်သည်။ (၁၆)ခုနှစ်ကျော်ပြီး (၂၇၊ ၂၈)နှစ်ဝန်းကျင်တွင် အိမ်ထောင်ကျဖို့ ရှိ၏။ သဝအဆင့် မကွာလွန်းတတ်ပါ။

၂။ *အကျိုးပေးမည့် အလုပ်အကိုင်။*

(၁၀)တန့်သခင်ကြိုဟ် ၁နွေ (၆)တန့်ဘာဝတွင် (၉၊ ၁)တန့်သခင်ကြိုဟ် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်၏။ ဆေးဘက်၊ အိမ်ဆောက်ပစ္စည်း၊ စာရင်းကိုင်၊ ဆက်သွယ်ရေး ပစ္စည်း၊ ခရီးသွားလမ်းညွှန် အလုပ်မျိုးထဲမှ အကျိုးပေးစေ၏။

၃။ *သာသနာ့ဒါယကာ ဖြစ်,မဖြစ်။*

(၉)တန့်တွင် ကိတ်ကြိုဟ်ရပ်၍ (၃၊ ၄)တန့်သခင်နှင့် အပြန်အလှန် အမြင်ကြ၍ သာသနာ့ဒါယကာဖြစ်နိုင်၏။

သေစ္ဆာဇော

(၅-၁၀-၁၉၇၉၊ နံနက် ၁၀း၀၀ နာရီ၊ အုန်းချောရွာ)



၁။ *ဘဝအဆင့်အတန်း၊ တိုးတက်မည့်ကာလ။*

လင်္ဂသခင် ၃ဂါ် (၉)တန့်ဘာဝတွင် နိစ္စဘင်္ဂရာဇယုဂ် သေား၏။ (၁၀)တန့်ဘာဝသခင် ၁နွေ၊ (၁၁)တန့်ဘာဝတွင် (၇၊ ၁၂)တန့်သခင် ဖြကြာကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ ဘဝရှေ့ပိုင်းတွင် အဆင်မပြေမှုများ ကြုံရတတ်သော်လည်း ဘဝနောက်ပိုင်းတွင် တိုးတက်မှုများ ရရှိမည်။ (၁၁)တန့် ဘာဝရပ် ဖြကြာထူလသည် (၂၀၁၅)ခုနှစ်မှ (၂၀၃၅)ခုနှစ် အတွင်း စားဝင်မည်ဖြစ်ရာ ဘဝတိုးတက်မှု ရလာပေမည်။

၂။ *ကျန်းမာရေး။*

လင်္ဂရှိ ဖြကြာထူလ (၁၁)တန့်ရပ် (၇၊ ၁၂)တန့်သခင် ဖြစ်သည်။ ကျန်းမာရေး သာမန်အည့်ဖျိုလောက်သာ ရှိမည်။

၃။ *လင်္ဂရှိ အင်္ဂါနံလုပ်ငန်း တိုးချဲ့လိုပါသည်။ တစ်သက်တာ အကျိုးပေး။*

(၂၀၁၅)ခုနှစ် မေလမှ ဖြကြာထူလဒသာ စပေရာ ဘဝတိုးတက်မှု စ,နေပေပြီ။ မူလ ၅တေးကြိုဟ် (၁၀)တန့်ပေါ် ကောစာ ၅တေး (၂၀၁၅)ခုနှစ်၊ ဇူလိုင်လ၁၀က်မှစ၍ စီးနင်းပေရာ (၂၀၁၆)ခုနှစ်၊ ဇူလိုင်လထိအတွင်း လုပ်ငန်း တိုးတက်ရန်ရှိ၍ တိုးချဲ့နိုင်၏။ စက်ပစ္စည်း၊ စက်မှု၊ စက်ချုပ် စသော အင်္ဂါနံသင့်လုပ်ငန်း သင့်ပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

(ရေစင်ရွာနားမူတီးပဒူတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊

(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅ ၄၂၀ ၃၉၄

မေးခွန်းပြဿနာ ပရိသတ်များသို့ မှတ်ကြားချက်

ကမ္ဘာ့ရပရိသတ်ကြီးအား ကျေးဇူးတင်ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လင်္ဂမှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်မိန်း(B.Sc)

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလအတွင်း

ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လင်္ကာနှင့်မွန်းတည့်မျဉ်းဖြတ်ခဲ့ပုံ

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ကာနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းကာလများတွင် လာဘ၊ဓနဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ဖွားပူဇော်ခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၁၂-၁-၂၀၁၆) နံနက်(၈:၄၁:၃၉)နာရီမှ (၁၃-၁-၂၀၁၆) နံနက်(၇:၂၇:၄၄)နာရီအထိ စန်း (ခေါ်) တနလ်ာဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇောသွားခြင်းဖြင့် ဖြတ်ကျော်နေပေမည်။

သို့ဖြစ်ပါ၍ လင်္ကာဖြတ်ကျော်ခြင်းအတွက် (၁၂-၁-၂၀၁၆) နံနက်(၈:၄၁:၃၉)နာရီမှ (၉:၀၅:၃၈) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၂-၁-၂၀၁၆) နေ့မွန်းလွဲ(၁:၅၉:၁၈)နာရီမှ (၂:၅၀:၅၆)နာရီအတွင်းတို့တွင် လာဘ၊ဓနဆိုင်ရာများကို အထူးစီမံ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားကြရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလအတွင်း

ဈေးကြီးရောင်းဝယ်ရေးဥပဒေ မူရင်းအတွဲဖွဲ့ခြင်းကြောင်းအရာ

ကုဒ်	စဝင်ချိန်	ထွက်ခွာချိန်
၁	၁၄း၁၀	၁၄း၃၀
၂	၁၄း၁၅	၁၄း၄၀
၃	၁၄း၂၀	၁၄း၅၀
၄	၁၄း၃၀	၁၅း၀၀
၅	၁၄း၄၀	၁၅း၁၀
၆	၁၄း၅၀	၁၅း၂၀
၇	၁၅း၀၀	၁၅း၃၀
၈	၁၅း၁၀	၁၅း၄၀
၉	၁၅း၂၀	၁၅း၅၀
၁၀	၁၅း၃၀	၁၆း၀၀
၁၁	၁၅း၄၀	၁၆း၁၀
၁၂	၁၅း၅၀	၁၆း၂၀
၁၃	၁၆း၀၀	၁၆း၃၀
၁၄	၁၆း၁၀	၁၆း၄၀
၁၅	၁၆း၂၀	၁၆း၅၀
၁၆	၁၆း၃၀	၁၇း၀၀
၁၇	၁၆း၄၀	၁၇း၁၀
၁၈	၁၆း၅၀	၁၇း၂၀
၁၉	၁၇း၀၀	၁၇း၃၀
၂၀	၁၇း၁၀	၁၇း၄၀
၂၁	၁၇း၂၀	၁၇း၅၀
၂၂	၁၇း၃၀	၁၈း၀၀
၂၃	၁၇း၄၀	၁၈း၁၀
၂၄	၁၇း၅၀	၁၈း၂၀
၂၅	၁၈း၀၀	၁၈း၃၀
၂၆	၁၈း၁၀	၁၈း၄၀
၂၇	၁၈း၂၀	၁၈း၅၀
၂၈	၁၈း၃၀	၁၉း၀၀
၂၉	၁၈း၄၀	၁၉း၁၀
၃၀	၁၈း၅၀	၁၉း၂၀
၃၁	၁၉း၀၀	၁၉း၃၀
၃၂	၁၉း၁၀	၁၉း၄၀
၃၃	၁၉း၂၀	၁၉း၅၀
၃၄	၁၉း၃၀	၂၀း၀၀
၃၅	၁၉း၄၀	၂၀း၁၀
၃၆	၁၉း၅၀	၂၀း၂၀
၃၇	၂၀း၀၀	၂၀း၃၀
၃၈	၂၀း၁၀	၂၀း၄၀
၃၉	၂၀း၂၀	၂၀း၅၀
၄၀	၂၀း၃၀	၂၁း၀၀
၄၁	၂၀း၄၀	၂၁း၁၀
၄၂	၂၀း၅၀	၂၁း၂၀
၄၃	၂၁း၀၀	၂၁း၃၀
၄၄	၂၁း၁၀	၂၁း၄၀
၄၅	၂၁း၂၀	၂၁း၅၀
၄၆	၂၁း၃၀	၂၂း၀၀
၄၇	၂၁း၄၀	၂၂း၁၀
၄၈	၂၁း၅၀	၂၂း၂၀
၄၉	၂၂း၀၀	၂၂း၃၀
၅၀	၂၂း၁၀	၂၂း၄၀
၅၁	၂၂း၂၀	၂၂း၅၀
၅၂	၂၂း၃၀	၂၃း၀၀

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီဘာလအတွင်း

ဈေးကြီးရောင်းဝယ်ရေးဥပဒေ ပေါင်းစပ်ခြင်းကြောင်းအရာ

ကုဒ်	စဝင်ချိန်	ထွက်ခွာချိန်
၁	၉း၀၂	၁၄း၅၅
၂	၉း၁၅	၁၅း၀၀
၃	၉း၂၀	၁၅း၀၅
၄	၉း၂၅	၁၅း၁၀
၅	၉း၃၀	၁၅း၁၅
၆	၉း၃၅	၁၅း၂၀
၇	၉း၄၀	၁၅း၂၅
၈	၉း၄၅	၁၅း၃၀
၉	၉း၅၀	၁၅း၃၅
၁၀	၉း၅၅	၁၅း၄၀
၁၁	၁၀း၀၀	၁၅း၄၅
၁၂	၁၀း၀၅	၁၅း၅၀
၁၃	၁၀း၁၀	၁၅း၅၅
၁၄	၁၀း၁၅	၁၆း၀၀
၁၅	၁၀း၂၀	၁၆း၀၅
၁၆	၁၀း၂၅	၁၆း၁၀
၁၇	၁၀း၃၀	၁၆း၁၅
၁၈	၁၀း၃၅	၁၆း၂၀
၁၉	၁၀း၄၀	၁၆း၂၅
၂၀	၁၀း၄၅	၁၆း၃၀
၂၁	၁၀း၅၀	၁၆း၃၅
၂၂	၁၀း၅၅	၁၆း၄၀
၂၃	၁၁း၀၀	၁၆း၄၅
၂၄	၁၁း၀၅	၁၆း၅၀
၂၅	၁၁း၁၀	၁၆း၅၅
၂၆	၁၁း၁၅	၁၇း၀၀
၂၇	၁၁း၂၀	၁၇း၀၅
၂၈	၁၁း၂၅	၁၇း၁၀
၂၉	၁၁း၃၀	၁၇း၁၅
၃၀	၁၁း၃၅	၁၇း၂၀
၃၁	၁၁း၄၀	၁၇း၂၅
၃၂	၁၁း၄၅	၁၇း၃၀
၃၃	၁၁း၅၀	၁၇း၃၅
၃၄	၁၁း၅၅	၁၇း၄၀
၃၅	၁၂း၀၀	၁၇း၄၅
၃၆	၁၂း၀၅	၁၇း၅၀
၃၇	၁၂း၁၀	၁၇း၅၅
၃၈	၁၂း၁၅	၁၈း၀၀
၃၉	၁၂း၂၀	၁၈း၀၅
၄၀	၁၂း၂၅	၁၈း၁၀
၄၁	၁၂း၃၀	၁၈း၁၅
၄၂	၁၂း၃၅	၁၈း၂၀
၄၃	၁၂း၄၀	၁၈း၂၅
၄၄	၁၂း၄၅	၁၈း၃၀
၄၅	၁၂း၅၀	၁၈း၃၅
၄၆	၁၂း၅၅	၁၈း၄၀
၄၇	၁၃း၀၀	၁၈း၄၅
၄၈	၁၃း၀၅	၁၈း၅၀
၄၉	၁၃း၁၀	၁၈း၅၅
၅၀	၁၃း၁၅	၁၉း၀၀
၅၁	၁၃း၂၀	၁၉း၀၅
၅၂	၁၃း၂၅	၁၉း၁၀

www.burmeseclassic.com

www.burmeseclassic.com

ဆရာနေဘောင်ဟိန်း

ဒေါနယ်ထရန့် အင်ပရိတန်သမ္မတ ဖြစ်နိုင်၊မဖြစ်နိုင်

ကော့ပီစနစ်ဖြင့် သုံးသပ်ကြည့်ခြင်း

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် သမ္မတလောင်းရွေးပွဲတွင် နာမည်ကျော် သန်းကြွယ်သူဌေးကြီး ဒေါနယ်ထရန့်သည် ရီပတ်ဘလင်ကန်ပါတီဘက်မှ သမ္မတလောင်းအဖြစ် အရွေးခံရဖို့ ဝင်ရောက်လှုပ်ရှားနေပေသည်။ အိမ်,မြေ ရောင်းဝယ်ခြင်း၊ ရုပ်မြင်သံကြားတွင် ပါဝင်လှုပ်ရှိခြင်း၇ နိုင်ငံရေးသမားဖြစ်ခြင်း၊ စာရေးဆရာဖြစ်ခြင်းစသည် လူသိများ ကျော်ကြားသူ ဖြစ်ပေသည်။

ဒေါနယ်ထရန့်ကို (၁၄-၆-၁၉၄၆) နံနက်(၁၀း၁၀) နာရီတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ် ဂျမေကာ (၄၀ ၄၁' မြောက်၊ ၇၃ ၄၈' အနောက်)၌ ဖွားခဲ့သည်။

ဒေါနယ်ထရန့်(Mr. Donald Trump) ၏ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။



နိုင်ငံရေးတွင် ထိပ်တန်းရောက်မရောက်၊ ဝန်ကြီးချုပ်၊ သမ္မတကဲ့သို့ နိုင်ငံခေါင်းဆောင် ဖြစ်,မဖြစ် (၁၊ ၆၊ ၉၊ ၁၀၊ ၁၁)တန့် ဘာဝများခြင်း အဟောထုတ်ရသည်။ လင်္ဂသန္ဓိဘုံ၊ နက္ခတ်သခင်ဂြိုဟ်နှင့် (၁၀)တန့်ဘာဝ သန္ဓိဘုံ၊ နက္ခတ်သခင်ဂြိုဟ်တို့သည် (၁၊ ၆၊ ၉၊ ၁၀၊ ၁၁)တန့် ဘာဝများအတွက် အားကောင်းစွာ အကျိုးဆောင်မှသာ နိုင်ငံခေါင်းဆောင်၊ ဝန်ကြီးချုပ် သမ္မတကဲ့သို့ ရာထူးမျိုး ရရှိပေသည်။ ယင်းအရေးပါသော ဘာဝများကို ဒေါနယ်ထရန့်၏ ဇာတာအတွက် သုံးသပ်ပြပါမည်။

(၁)တန့်(လင်္ဂ)ဘာဝ

လင်္ဂသခင်ဂြိုဟ်သည် သိဟ်လင်္ဂ၌ ၁ခွေဂြိုဟ် ဖြစ်သည်။ ၁ခွေဂြိုဟ်နက္ခတ်ကို စီးထားသောဂြိုဟ် မန္ဒဲ ချေ။ (၁၊ ၂)တန့်သခင်ဂြိုဟ်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com

(၁၀)တန်ဘာဝတွင် ရပ်တည်နေသည်။ ၁နွေကြိုဟ်သည် (၄)တန်သခင်ကြိုဟ်အဖြစ် လင်္ဘာဝတွင် ရပ်တည်သော အင်္ဂါပိုင်နက္ခတ်ကို စီးထား၏။ ၁နွေကြိုဟ်သည် (၁၁)တန်ရပ် (၆၊ ၇၊ ၈)တန်သခင် စနေကြိုဟ်ပိုင် နက္ခတ်ကို စီးထား၏။

ထို့ကြောင့် ၁နွေကြိုဟ်သည် (၁၊ ၄)တန် အကျိုးဆောင်အဖြစ် (၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁)တန် ဘာဝများနှင့် ဆက်စပ်တော်သက်နေသည်။ (၁၊ ၆၊ ၉၊ ၁၀၊ ၁၁)တန် ဘာဝများသည် နိုင်ငံရေးနှင့်ပတ်သက်၍ အောင်မြင်ခြင်းကို ဖော်ပြ၍ (၄၊ ၇၊ ၈)တန် ဘာဝများက ဆန့်ကျင်ဘက်များ ထံမှ ကောင်းကျိုးများကို ရယူနိုင်ခွင့်ရှိကြောင်း ဖော်ပြနေ၏။

လင်္ဘာဝတွင်နက္ခတ်သခင်ကြိုဟ်သည် ရာဟုဖြစ်၏။ ရာဟုကြိုဟ်သည် (၁၀)တန်ဘာဝတွင် ရပ်တည်ပြီး ၁နွေနှင့် ဖြောကြိုဟ်များကို ကိုယ်စားပြုထား၏။ ၁နွေ အကြောင်း အထက်တွင် ရှင်းပြခဲ့ပါပြီ။ ဖြောကြိုဟ်အတွက် ကြည့်ရှုသုံးသပ်ပါသော် ဖြောပိုင်နက္ခတ်ကို စီးထားသော ကြိုဟ် မရှိပါ။ (၁၀)တန်သခင်ကြိုဟ်အဖြစ် (၁၁)တန် ဘာဝတွင် ရပ်တည်နေ၏။

ထို့ကြောင့် လင်္ဘာဝတွင်နက္ခတ်သခင်ကြိုဟ်သည် (၁၊

www.burmeseclassic.com

www.burmeseclassic.com

၆၊ ၉၊ ၁၀၊ ၁၁)တန်ဘာဝများအတွက် အကျိုးဆောင်၏။ သို့အတွက် နိုင်ငံရေးနယ်ပယ်တွင် အရှိန်အဝါကြီးခြင်း၊ အောင်မြင်ခြင်းကို ဖော်ပြနေ၏။

(၁၀)တန်ဘာဝ

(၁၀)တန်ဘာဝသန္ဓိသည် ပြိဿရာသီတွင် ကျရောက်၍ (၁၀)တန်သခင်ဂြိုဟ် ဖြစ်ကြောင်း ဖြစ်၏။ ဖြစ်ကြောင်းဂြိုဟ် အကြောင်း အထက်တွင် ရှင်းပြခဲ့ပါပြီ။

(၁၀)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၅ဆူး ဖြစ်၏။ (၅၊ ၉)တန်သခင်ဂြိုဟ်အဖြစ် (၂)တန်ဘာဝတွင် ရပ်တည်၏။ (၅)တန်သည် (၆)တန်ဘာဝ (ယှဉ်ပြိုင်မှု) ကို အားပျက်စေပြီး (၉)တန်ဘာဝကား နိုင်ငံရေးကို အထောက်အပံ့ဖြစ်စေပေသည်။ သို့သော် ၅ဆူးဂြိုဟ်သည် (၆)တန်၊ (၉)တန်၊ (၁၀)တန် ဘာဝသန္ဓိများကို အမြင်ကြိုနေပေရာ အားကောင်းသော အောင်မြင်မှုကို ပေးနိုင်ပေသည်။

(၁၁)တန် (ဆန္ဒပြည့်ဝ အောင်မြင်ခြင်း)

(၁၁)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၂လ်ာဖြစ်သည်။ ၂လ်ာဂြိုဟ်သည် (၁၂)တန်သခင်အဖြစ် (၄)တန်ဘာဝတွင် ရပ်တည်နေ၏။ ၂လ်ာဂြိုဟ်ပိုင် နက္ခတ်တွင် စီးသောဂြိုဟ် မရှိပါချေ။ ၂လ်ာဂြိုဟ်သည် (၃၊ ၁၁)တန်သခင်ဂြိုဟ်အဖြစ် (၁၁)တန်ဘာဝ၌ ရပ်တည်သော ၄ဟူးဂြိုဟ်ပိုင် နက္ခတ်ကို စီးထား၏။

သို့ဖြစ်၍ ၂လ်ာသည် (၄၊ ၁၂၊ ၃၊ ၁၁)တန် ဘာဝများအတွက် အကျိုးဆောင်၏။ (၁၁)တန်အတွက် ကောင်းကျိုးရသော်လည်း (၁၂)တန်အတွက်ကား ပျက်ပြားမှုကို ဖြစ်စေ၏။

အထူးသတိပြုရန်

(က) လင်္ဂစီး ဘုတ္တိနက္ခတ်သခင် ရာဟုသည် ဗြကြာပိုင် ပြိဿရာသီတွင် ရပ်တည်၍ ဗြကြာဂြိုဟ်သည် (၆၊ ၁၂)တန်၏ ဘုတ္တိနက္ခတ်သခင်ဂြိုဟ်ဖြစ်၍ (၁၂)တန်ဘာဝသဘော အားကြီးခြင်းကို မှတ်သားရန်။

(ခ) (၁၀)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၅ဆူးသည် (၅)တန်သခင်အဖြစ် (၆)တန် အယှဉ်အပြိုင်နိုင်မှု ဘာဝအား အားပျက်စေ၍ တစ်ဖက်ပြိုင်ဘက် အနိုင်ရရှိခြင်းအတွက် အားပေးခြင်းကို သတိပြုရန် ဖြစ်သည်။

ဒဿကာလဆန်းစစ်ချက်

လက်ရှိတွင် ရာဟုထူလဒဿာသည် (၇-၁၀-၂၀၁၆)ထိ စားစံပေမည်။

ရာဟုသည် ၁နွေ၊ ဗြကြာတို့ကို ကိုယ်စားပြုသည်။ ၁နွေသည် (၁၂)တန်သခင်အဖြစ် (၁၀)တန်ဘာဝတွင် ရပ်တည်၏။ ဗြကြာသည်

www.burmeseclassic.com

www.burmeseclassic.com

(၁၁)တန့်သခင်အဖြစ် (၁၁)တန့်တွင် ရပ်တည်ကာ (၁၂)တန့်သွင်းနှင့် နီးကပ်စွာ ပူးယှဉ် နေ၏။ (၆၊ ၁၂)တန့်ဘာဝများ၏ ဘုတ္တိနက္ခတ်သခင်ဂြိုဟ်လည်း ဖြစ်၏။

ရာဟုဂြိုဟ်သည် ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီးထား၏။ ၅တေးသည် (၅၊ ၉)တန့်သခင်အဖြစ် (၂)တန့်ဘာဝတွင် ရပ်တည်ကာ (၃)တန့်သွင်းနှင့် နီးကပ်စွာ ပူးယှဉ်ထား၏။

ရာဟုဂြိုဟ် (၅)တန့်ပိုင် ဘုတ္တိနက္ခတ်ကို စီးခြင်းကသူဉ်ပြိုင်မှုတွင် တစ်ဖက်လူကို (၇-တန့်မှ ၁၁-တန့်) အားသာစေ၍ မိမိကို (၆-တန့်မှ ၁၂-တန့်) အားနည်းစေ၏။

ရာဟုဂြိုဟ်သည် (၄)တန့်သခင်အဖြစ် (၁၂)တန့်၌ ရပ်တည်သော အင်္ဂါပိုင်နက္ခတ်ကို စီးထား၏။ (၄)တန့်သည် (၇)တန့် (ပြိုင်ဘက်)၏ (၁၀)တန့်ဖြစ်ပြီး (၁၂)တန့်သည် ပြိုင်ဘက်) (၇)တန့်မှ (၆)တန့် ဖြစ်၏။

သို့ဖြစ်၍ ထူလဒသာသခင်ဂြိုဟ် ရာဟုသည် အယှဉ်အပြိုင်တွင် ရုံးနိမ့်မှုကို ဖော်ပြနေ၏။ ဘုတ္တိဒသာသခင်ဂြိုဟ်၏ အထောက်အပံ့ရပါက အောင်မြင်နိုင်သော်လည်း ခက်ခဲစွာ ကြိုးပမ်းရပေမည်။

(၂၀-၉-၂၀၁၅)မှ (၇-၁၀-၂၀၁၆)ထိ ရာဟုထူလတွင် ခုဂ်ါဘုတ္တိဒသာ စားဝင်၏။ ခုဂ်ါသည် (၄)တန့် (၇-တန့်မှ ၁၀-တန့်)သခင်အဖြစ် (၁၂)တန့်(၇-တန့်မှ ၆-တန့်)တွင် ရပ်တည်နေ၏။ ခုဂ်ါဂြိုဟ်သည် (၄)တန့်ရပ်ကိတ်နက္ခတ်ကိုစီး၍ ကိတ်သည် (၄)တန့်တွင်ပင် (၁၂)တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေ၏။

(၄)တန့် (၇-တန့်မှ ၁၀-တန့်)နှင့် (၁၂)တန့်(၇-တန့်မှ ၆-တန့်)အတွက် အားကောင်းစွာ အကျိုးဆောင်သော ခုဂ်ါဂြိုဟ်သည် ထူလဒသာသခင်ဂြိုဟ် ရာဟုအား အထောက်အကူမပြုနိုင်ပါချေ။ ထို့ပြင် ၂လ်ာဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ ရာဟုနှင့် သမသတ်တွင် ရပ်တည်၍ ရာဟု၏ လွှမ်းမိုးမှု ခံထားကြရပြန်၏။

သို့ဖြစ်၍ ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်လာရန် မရှိနိုင်ကြောင်း ထင်ရှားသိသာနေပါသတည်း။

ဆရာရန်အောင်ဟိန်း(B.Sc)

ကျမ်းကိုး

* K.P Ezine. စက်တင်ဘာလ၊ (၂၀၁၅)ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

ဟိန်း(ဘူဒိ)

သံလွင်ဆီ၏ အကျိုးကျေးဇူးများ

အကျိုးတရားများ

* သင့်နှလုံးကို ကာကွယ်ပေးသည်။
* ကိုယ်အလေးချိန်ကို ကျစေသည်။
* ရိုးဆစ်ရောင်ရမ်းနာကို သက်သာစေသည်။
* ကင်ဆာကို တိုက်ဖျက်ပေးသည်။
* ဆီးချိုကို တိုက်ဖျက်ပေးသည်။
* အရေပြားကို ချောမွေ့စေသည်။

ဂရိတို့သည် မည်သို့စားသောက်ရမည်ကို ကောင်းစွာ သိရှိနားလည်ခဲ့ကြမည်။ သူတို့၏ စံစားသောက်မှုပုံစံတွင် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အဆီများ(fat) ပါဝင်နေပေသည်။ သို့သော် အမေရိကန်တို့နှင့် မတူသည်မှာ အမေရိကန်တို့၏ စားသောက်မှုပုံစံတွင် အဆီကို တိရစ္ဆာန်များမှ အများဆုံး ရယူခဲ့ကြပြီး ဂရိ (ဝါ) မြေထဲပင်လယ်ဒေသ၏ စားသုံးမှုပုံစံတွင် အဓိက အားဖြင့် အဆီကို သံလွင်ဆီ(olive oil)မှ ရယူထားခြင်းပင် ဖြစ်သည်။

သံလွင်ဆီကို ရင့်မှည့်သော သံလွင်သီးများကို ကြိတ်ညှစ်ခြင်းဖြင့် ရရှိပြီး monounsaturated fat)(၇၇)ရာခိုင်နှုန်း ပါဝင်နေပေသည်။ ယင်းမပြည့်ဝဆီက သင့်ကိုယ်ခန္ဓာကို မထိခိုက်စေဘဲ အထောက်အကူပင်ပေးသော ကောင်းကျိုးပြုအဆီ ဖြစ်သည်။ သံလွင်ဆီတွင် ဗီတာမင်-အီး(Vitamin-E) ကြွယ်ဝလှပြီး အခြားဓာတ်ပေါင်းများစွာ ပါဝင်နေပေရာ သိပ္ပံပညာရှင်များက ကင်ဆာကို ခုခံကာကွယ်နိုင်ကြောင်း ယုံကြည်ခဲ့ကြသည်။

ယင်းသံလွင်ဆီသည် နှလုံးရောဂါ၊ ရိုးဆက်ရောင်ရမ်းနာ(rhumatoid athristis)၊ ဆီးချိုရောဂါတို့ကို တိုက်ဖျက်ပေးသည်။ ဝမ်းပျော့ပျော သွားစေသည်။ သည်းခြေအင်္ဂါပြဿနာအတွက်လည်း အထောက်အကူရစေသည်။

သံလွင်ဆီသည် ကောင်းသော ကော်လက်စထရောကို တိုးမြှင့်စေ၍ မကောင်းသော ကော်လက်စထရောကို ကျစေသောကြောင့် ကျန်းမာရေးပြဿနာများစွာကို ဖြေရှင်းပေးနိုင်စွမ်း ရှိပေသည်။

သို့သော် သံလွင်ဆီသည် ယခုမှ ပေါ်ပေါက်လာသော ကုသပေးနိုင်မှု စွမ်းအားရှိသောအရာ မဟုတ်ပါချေ။ နှစ်ထောင်ပေါင်းများစွာကတည်းက ချက်ပြုတ်ရန်နှင့် ကုသရန် အသုံးပြုလာခဲ့သော သမိုင်းကြောင်း ရှိပါသည်။

ခရီ(The Cretes) တို့သည် (၂၄၇၅)ဘီ.စီကတည်းက သံလွင်ဆီကို ပြည်ပသို့ တင်ပို့ကာ ချမ်းသာခဲ့ကြသည်။ သမ္မာကျမ်းစာနှင့် ဂရိဒဏ္ဍာရီတွင်လည်း ယင်းကို အသုံးပြုထားသည်။ ယခုအခါတွင် ပြင်သစ်၊ စပိန်၊ အီတလီ ဂရိတို့မှ နိုင်ငံရပ်ခြားသို့ စီးပွားဖြစ် တင်ပို့နေကာ နှစ်စဉ်များကတ်ကြီးတိုင်းတွင် ဝယ်ယူရရှိနိုင်နေပြီ ဖြစ်ပါသည်။

ချက်ပြုတ်သောအခါတွင် သံလွင်ဆီအစား ထောပတ်၊ မာဂျရင်း (သို့မဟုတ်) အခြားဟင်းသီးဟင်းရွက်ဆီ တစ်မျိုးမျိုး အစားထိုး အသုံးပြု၍ ယင်းထဲသို့ သံလွင်ဆီအနည်းငယ် လောင်းထည့်ပေးခြင်းဖြင့် ကျန်းမာရေးကောင်းကျိုး ခြုံထွန်းစေပါသည်။

သံလွင်ဆီ၏ ကျန်းမာစေခြင်း နည်း(၅)သွယ်

နှလုံးရောဂါကို တိုက်ဖျက်ပေးခြင်း.

အဆီများသော စားစရာများကို စားသုံးကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရိုးများတွင် နှလုံးရောဂါ ဖြစ်ပေါ်ခံစားရမှု နည်းပါးလာသည်။ နှလုံးသွေးကြော မာကျောခြင်းလည်း ဖြစ်ခဲလာသည်။ အာယုံကြောင့်ဆိုသော် ယင်းတို့၏ စားသောက်မှုပုံစံထဲတွင် အမျှင်ဓာတ်ကြွယ်ဝသော အစေ့အဆန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ငါးမှရသော ပရိုတိန်းများ ပါဝင်ပြီး အသားနီများ(red meats) မပါသလောက်နီးသုံးကြ၍ ဖြစ်သည်။ ဝိုင်အနီကိုလည်း အသင့်အတင့် သောက်သုံးတတ်ကြသည်။ ထို့ပြင် အခြားအရေးပါသော အချက်အချာတစ်ခုတည်းသော မပြည့်ဝဆီ ပါဝင်သော သံလွင်ဆီပင် ဖြစ်သည်။

များသောအားဖြင့် အဆီများ (ဝါ) ကော်လက်စထရောကို ရှောင်ကြဉ်သည် လူတို့နှင့် မသင့်လျော်ပါချေ။ သို့သော် သံလွင်ဆီသည် monounsaturated fat) ဖြစ်ပေသောကြောင့် ကျန်းမာကြောင်းအကြီးမားဆုံးပေးသည်။ ယင်းကဲ့သို့ကောင်းသော ကော်လက်စထရောကို အကျိုးပြု၍ ဖြစ်သည်။

ကျွမ်းကျင်သူများက သံလွင်ဆီသည် သွေးခဲငယ်များ ဖြစ်ပေါ်အောင် တားဆီးပေးနိုင်ကြောင်း ယူဆခဲ့ကြသည်။ သွေးတိုးခြင်းက နှလုံး၏ လုပ်ဆောင်မှုကို ပြင်းထန်စေ၍ နှလုံးရောဂါ ဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများက ဆိုခဲ့ကြပါသည်။

အဆီများစာများ ရှောင်၍ သံလွင်ဆီစားသုံးမှု အစပြုခြင်းက ကျန်းမာရေးအကျိုးကျေးဇူးကို စတင်ရရှိစေပါသည်။ ဆက်လက်၍ နေ့စဉ် စားသုံးပေးခြင်းဖြင့် အရသာရှိသည့်ပြင် နှလုံးကျန်းမာရေးကိုလည်း တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။

သံလွင်ဆီ အရေပြားအလှ ပေးဆောင်

စားသုံးခြင်းမပြုသည့်တိုင် သံလွင်ဆီသည် ကျန်းမာရေးအကျိုးကျေးဇူးကို ပေးပါသည်။ ဂျပန်သုတေသီများ၏ ဆိုအရ သံလွင်ဆီ(extra virgin olive oil) ကို နေရောင်ခြည်ခံယူပြီးနောက် အရေပြားပေါ် ပွတ်သပ်လိမ်းကျံပေးပါက ခရမ်းလွန်ရောင်ခြည်ဘေးသင့်ခြင်းမှ ကာကွယ်ပေးသည်ဟု ဆိုပါသည်။ နေရောင်ခံလိမ်းဆေး မဟုတ်သော်လည်း ယင်းတွင် ပါဝင်သော ဗီတာမင်-အီးနှင့် အခြားဓာတ်တိုးဆန့်ကျင်ဓာတ်များက နေရောင်ကြောင့် ဖရီးရယ်ဒီကယ်များ ဖြစ်ပေါ်ဒုက္ခပေးမည်ကို တားဆီးပေးပါသည်။ အပိုဆောင်းစစ်ထရာဗားဂျင်း(extra virgin) ဖြစ်ရန်ကား လိုပါသည်။ ပုံမှန်သံလွင်ဆီမှာ ထိရောက်မှု နည်းလှသည်။

ယင်း၏ ကုသမှုစွမ်းအင်က ဤနေရာတွင် ရပ်မသွားသေးပါချေ။ ဖြေလျော့နှိပ်နယ်ခြင်းတွင် သံလွင်ဆီကို ရာစုနှစ်ပေါင်းများစွာကတည်းက သုံးခဲ့ကြသည်။ ဒဏ်ရာများ၊ အသေးစားအပူလောင်ခြင်းများ၊ နှင်းခူ၊ အရေပြားတွင် အဖုလေးများထခြင်းတို့တွင်လည်း ကုသရန် လိမ်းကျံပေးခဲ့ကြသည်။ ယင်းသည် နားဖာချေးများကို ပျော့ပျောင်းစေ၍ နားတွင်း နာကျင်ကိုက်ခဲခြင်း၊ တဒင်္ဂဒင်အသံကြားရခြင်းများကို သက်သာစေနိုင်ပါသည်။

ဆာလောင်မွတ်သိပ်ခြင်းကို ပြေစေခြင်း

နေ့လယ်စာအဖြစ် သင်စားသုံးသော အဆီအမျိုးအစားသည် ညစာစားချိန်တွင် သင်၏ မည်သို့ဆာလောင်နေခြင်းကို သက်ရောက်မှုရှိစေသည်။ ကိုယ်အလေးချိန် ပေါင်ချိန် ပိုနေသူများသည် ဝမ်းဗိုက်စူထွက်နေတတ်ကြသည်။ သို့သော် သင့်အသက်၊ ကျား/မ၊ အရပ်အမြင့်ပေါ် မူတည်၍ ကိုယ်အလေးချိန် ပျမ်းမျှထက် (၂၀)မှ (၃၀)ရာခိုင်နှုန်းထိ ပိုနေပါက ကိုယ်အလေးချိန်ကို ထိန်းချုပ်ဖို့ အထူးသတိထားရပေတော့မည်။ ယင်းက သွေးတိုး၊ ဆီးချိုကဲ့သို့သော ရောဂါမျိုးအပြင် ကင်ဆာရောဂါအချို့အတွက်ပါ ခံစားရစေနိုင်ကြောင်း သတိပေးချက် ဖြစ်လာပေသည်။

အဝလွန်သူများမှာ အဆီများစာများကို ရှောင်ကြဉ်ရပေတော့မည်။ သို့သော် သံလွင်ဆီကို အစာထိုး အသုံးပြုခြင်းဖြင့် ကိုယ်အလေးချိန် ကျဆင်းစေရန် အထောက်အကူပြုကြောင်း အကြောင်းနှစ်ရပ် ရှိပေသည်။

ပန်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသီများက မပြည့်ဝဆီလုံးလုံးဖြစ်သော သံလွင်ဆီကဲ့သို့ ဆီမျိုးကို လေ့လာတွေ့ရှိခဲ့ကြသည်။ ယင်းတို့၏ လေ့လာချက်တွင် ချေထားသော အာလူးများကို မပြည့်ဝဆီနှင့် ချက်ပြုတ်ပေးပါက အလားတူပင် အာလူးကို ဗဟုမပြည့်ဝဆီများ (poly-unsaturated oils) နှင့် ချက်ပြုတ်စားသုံးသည်နှင့် နှိုင်းစာသော် ဆာလောင်မှု လျော့နည်းသွားကြောင်း တွေ့ရှိခဲ့ကြရပါသည်။

သင် အဆာမလွယ်စေရန် အသင့်စားစာများ၊ အလွယ်စာများ စားသုံးခြင်း လျှော့ချပေးရပေမည်။ အလွန်အကျွံစားသုံးခြင်း(over eat) ကိုလည်း ရှောင်ရှားရပေမည်။ သံလွင်ဆီသည် ရုန်းကြွယ်ဝမြိုး များစွာအသုံးပြုရန်လည်း မလိုအပ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ရိုးဆစ်ရောင်ရမ်းနာကို ဆန့်ကျင်တားဆီးပေးခြင်း

သင့်အိမ်သို့ စားစရာဝယ်ယူပါလာက သံလွင်ဆီကို အသုံးပြု၍ ဟင်းသီးဟင်းရွက်များကို အသားဖြင့် မွှေကြော်သော စားစရာမျိုးကို ဝယ်ယူသင့်သည်။ ယင်းစားစရာမျိုးက ရိုးဆစ်ရောင်ရမ်းနာကို တားဆီးတိုက်ဖျက်ပေးပေသည်။ ဧကမပြည့်ဝဆီ ဖြစ်သည့်အားလျော်စွာ အဆစ်အဆစ်များ ရောင်ရမ်းနာကျင် ကိုက်ခဲခြင်းကို ရပ်ဆိုင်းလျော့ကျသွားစေနိုင်ပေသည်။ ယင်း၏ ဓာတ်တိုးဆန့်ကျင်(antioxidants) သတ္တိကလည်း အန္တရာယ်များကို ဟန့်တားပေးနိုင်ပေသည်။

မည်သို့ပင်ဆိုစေကာမူ ဆေးခန်းတွင် လေ့လာချက်များအရ သံလွင်ဆီစားသုံးမှု နည်းပါးပါက ရိုးဆစ်ရောင်ရမ်းကိုက်ခဲမှု နှစ်ဆပိုဖြစ်နိုင်ကြောင်း တွေ့ရသည် ဆိုပါသည်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို သံလွင်ဆီဖြင့် ရောချ၍ ချက်ပြုတ်ခြင်းတွင် အထူးကောင်းကျိုးဖြစ်ပေါ်သည်ကို တွေ့ရသည်ဟု ဆိုပါသည်။

ကင်ဆာကို ကာကွယ်တားဆီးပေးခြင်း

သင့်ခန္ဓာကိုယ်တွင်းသို့ ဖရီးရယ်ဒီကယ်များ ပျံ့နှံ့ရောက်ရှိပါက ကိုယ်တွင်းဖျက်စီးမှု ဖြစ်နိုင်ချေ မြင့်တက်ကာ ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။ ကံကောင်းချက်တစ်ခုမှာ သံလွင်ဆီတွင် ဓာတ်တိုးဆန့်ကျင်သတ္တိ (antioxidants) များစွာ ပါရှိခြင်းက ယင်းဖရီးရယ်ဒီကယ်များကို စစ်ဆေးတုံ့ပြန် ချေဖျက်ပေးပေသည်။

လေ့လာစူးစမ်းချက်များက ဖော်ပြနေသည်မှာ စားသုံးမှုတွင် သံလွင်ဆီကို အသုံးပြုခြင်းဖြင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အစာပြွန်ကင်ဆာ ဖြစ်ပွားမှုနှုန်းများကို လျော့ချနိုင်သည်ဟု သိရပါသည်။

စာအုပ်ကောင်းမှ ကောင်းချက်များ

သံလွင်ဆီ၏ ကျန်းမာရေးအကျိုးပြုမှုများကို လက်တွေ့ချက်ပြုတ်နည်း စာအုပ်များနှင့် ကျန်းမာစွာနေနည်းလမ်းညွှန်စာအုပ်များတွင် များစွာတွေ့ရနိုင်ပါသည်။ သို့သော် သမ္မာကျမ်းစာတွင် သံလွင်ဆီ၏ အကြောင်း၊ ညွှန်ပြချက်များစွာ ပါရှိသည်ကို သင်သိပါသလား။

တည်ထောင်ခြင်းကျမ်း(The Book of Exodus) တွင် ဘုရားသခင်က မိုးဇက်အား အစပ်များ(spices) နှင့် သံလွင်ဆီတို့ဖြင့် လိမ်းကျံဘိသိက်မြှောက်ကာ ဘာသာရေးတွင်း သွတ်သွင်းခြင်းအကြောင်းကို ပြောပြခဲ့သည်။ ဟီးဗရူးတို့က သံလွင်ဆီကို ဆုတောင်းခြင်း၊ မီးအိမ်ထွန်းခြင်းနှင့် သေဆုံးသူအား သုတ်လိမ်းခြင်း ပြုခဲ့ကြသည်။

သံလွင်ကိုင်း (ဝါ) သံလွင်ခက်သည် နီအေး(Nea ကချိုင့်အား လွတ်လိုက်စဉ် ကိုက်ယူကာ ပြန်လာ ငြိမ်းချမ်းရေးအမှတ်အသား ဖြစ်ခဲ့ရသည်။

ဆီးချိုကို တိုက်ဖျက်ပေးခြင်း

သံလွင်ဆီသည် မကောင်းသော အယ်လ်-ဒီ-အယ် (L.D.L) ကော်လက်စထရောကို ပြိုကွဲစေပြီး စုစုပေ ကော်လက်စထရောမှ ထရိုင်ဂလိုင်စီရိုက်(triglyceride များကိုလည်း လျော့ကျစေ၍ ပုံစံ(၂) ဆီးချိုရောဂါ (အ ဆုလင် မစ်ခ်ို) ဖြစ်ပေါ်မှုကို ကာကွယ်တားဆီးပေးသည် သံလွင်ဆီသည် သွေးစွင်း သကြားဓာတ် (ဝါ) ဂလူးကို ဓာတ် လျော့ကျစေပုံ ပေါ်သောကြောင့်လည်း ဆီးချိုရော သည်များအတွက် ကောင်းကျိုးရစေနိုင်ပါသည်။ သွေးတွင် သကြားဓာတ် မြင့်ခြင်းက ဆီးချိုရောဂါ၏ လက္ခဏာ ရပ် ဖြစ်သည်။ ထို့ပြင် ဧကမပြည့်ဝဆီဖြစ်ခြင်းကြော လည်း ကောင်းကျိုးရစေပါသည်။ သို့သော် သင့်တွင် ဆီး ရောဂါ ခံစားရပါက အစားကောင်းများ၊ အဆီမြင့်စာ ကို အလွန်အကွဲ စားခြင်းမှ ရှောင်ကြဉ်ရပေမည်။ ယင်း ဝဖြိုးမှုဆီ ဦးတည်သွား၍ အခြားကျန်းမာရေးပြဿနာ ထပ်မံဖြစ်ပေါ်လာတတ်၍ ဖြစ်ပါသည်။

အထူးမှတ်သားရန်

သံလွင်ဆီကို အသုံးပြုရာတွင် ပကတိသံလွင်ဆီ စစ်(extra virgin) ကိုသာ အသုံးပြုရန် သတိပေးလို သည်။ ရန်ပြင်း၍ ပြုပြင်မှုအနည်းဆုံးဖြစ်လေ ကောင်း များလေ ဖြစ်ပါသည်။ အနံ့၊ အရသာ ပျော့ပျောင်းကို ရှိပါက ဗားဂျင်း(virgin) (သို့မဟုတ်) လိုက်(Li တံဆိပ်တပ်ထားသည်ကို ရှာဝယ်ပါလေ။

သံလွင်ဆီကို အမုံးလုံအောင်ပိတ်၍ အပူနှင့် အလင် ရောင်မရသော နေရာတွင် ထားရပါမည်။ ယင်းသို့ ထား ပေးပါက (၂)နှစ်မျှ အသုံးခံပါသည်။ ရေခဲသေတ္တာရှိပါ ယင်းထဲတွင် သိမ်းထားနိုင်သော်လည်း မွှေးမွှန်မှုန်ဖြစ် တတ်သည်။ ပြင်ပသို့ ထုတ်ယူ၍ အခန်းအပူချိန်သို့ ရောက်သည်နှင့် ပြန်လည်ကြည်လင်လာတတ်ပါသည်။

ဟိန်း(တ

ကျမ်းကိုး

* Eat and Heal by the Editors of FC & Medical Publishing.

www.burmeseclassic.com

www.burmeseclassic.com

ကိုင်းရှင်းဆေးဝါးနှုတ်ပုံတင် 0412 YR 004687
ရပ်ဝန် ၇/ ၂၁၀၈၊ တာဆေလေး (ကိုး)-ခခ၁၂

အဆိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြေးမြွေမွှေးပြုစုထားသောတံဆေး(စာရင်းသစ်)ဝတ္ထု/ဝဝဝ၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း သွေး လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ သူသားတိုင်း ကျန်းမာဖို့ ဘေဘီကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အပြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အပြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး,အသည်းအဆီဖုံးခြင်းတို့,ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဝိုက်နာ, ဝိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဓိဌိမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလှဲနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရံ၊ ကာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်များတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်ပဲ့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ဖော်လမ်းမြောင်ပြီမြို့ မြန်မာ့ဆေးမြိုးစုံပုံစံခြင်းရှိရာရာထိုင်ကြားများတစ်ဆင့် တစ်ပြည်လုံးသို့ခြင်းရှိပေးနေပါပြီ။

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
အမှတ်-ရ/၃၅၆၊ ပေဖတိလမ်းမကြီး၊ ပြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-မြ၉၀၅၈၇၊ ၀၉-၅၁-၈၈၆၂၂
မုံရွာဆရာမိုး - ဖုန်း-၆၉၄၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၅ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ရင်းတိုက်မှော်အုပ်စုအတွင်း၌ တည်ရှိသော မအူပင်ကွေ့ကျေးရွာသည် ပေါင်းတည်မြို့၏ အနောက်ဘက် (၄)မိုင်ခန့် ဝေး၍ ရန်ကုန်-ပြည်ပင်မကြီးလမ်း၏ မြောက်ဘက် (၆)ဖာလုံခန့် တည်ရှိသည်။

မအူပင်ကွေ့ကျေးရွာ၏ တောင်ဘက် (၂)ဖာလုံခန့် အကွာတွင် ရှေးအစဉ်အဆက်က သစ်ပင်ချုံနွယ်များ ပိန်းပိတ်အောင် ဖုံးလွှမ်းနေသော ကုန်းတန်းရှည်ကြီးတစ်ခု ရှိနေသည်။ အဆိုပါ ကုန်းတန်းရှည်ကြီး၌ ရှေးအခါက မည်သည့် အဆောက်အအုံများ ရှိခဲ့ဖူးသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မပြောမဆိုနိုင်ကြပါချေ။

သို့သော်ငြားလည်း ယင်းကုန်းတစ်လျှောက် ရှေးဟောင်းအုတ်ချပ်ခဲကြီးများ၏ အဝိုင်းအစများကို တွေ့မြင်ရလေရာ ဤကုန်းမြေသည် ရှေးအတိတ်အခါကာလက စေတီပုထိုး၊ ဂူကျောင်းများရှိခဲ့ဖူးသော သာသနာ့ကုန်းမြေ ဖြစ်ဖွယ်ရှိကြောင်းကိုတော့ဖြင့် မှန်းဆကြလေ၏။

ရှေးအခါက ဤကုန်းတော်၌ သန္ဓေပင်ကြီး တစ်ပင် ရှိခဲ့သဖြင့် မအူပင်ကွေ့တောင်၊ ခွေးတင်ဟောင်း၊ သန္ဓေပင်ရင်း၊ ငွေကိုးတင်းဟူသော ရွာဟောင်းသိုက်စာ တစ်စောင်ကို အခွဲပြုပြီး ဤကုန်းမြေကို သန္ဓေပင်သိုက်ကုန်းဟူ၍ လူအများက အမှည့်ပေးသည်ဟု ဓေါတွင်ခဲ့ကြပေသည်။

သန္ဓေပင်သိုက် ကိုဟောင်းသန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

မအူပင်ကွေ့ကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အောတိက သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါရ ဟာထေရ်အရှင်မြတ်သည် သန္တေပင်ကုန်းတော်၌ တွေ့ရှိရသော ရှေးဟောင်းအုတ်ချပ်ခဲများကို ဂန္ထကုဋိသိမ် ပြုပြင်ဆောက်လုပ်ရန်အတွက် အစောင့်အရှောက်ပိုင်ရှင် ပုဂ္ဂိုလ်များထံ မေတ္တာပွားလျက် ပထမအကြိမ်၊ ဒုတိယအကြိမ် အားဖြင့် နှစ်ကြိမ်တိုင်တိုင် အလှူခံပြီး အုတ်ချပ်ခဲများကို ရယူခဲ့သည်။

တတိယအကြိမ် အလှူခံ၍ အုတ်ချပ်ခဲများ ရယူရန် ကြားစဉ် ထူးခြားဖြစ်စဉ်ကို တွေ့မြင်ရသည်။ ထူးခြားမှုမှာ ကုန်းတော်ထက်၌ မြွေဟောက်ကြီးတစ်ကောင်သည် ဆရာတော်ကြီးအား စိမ်းစိမ်းကြည့်နေသည်ကို တွေ့မြင်ရခြင်း ဖြစ်သည်။

ဆရာတော်ကြီးက ယင်းမြွေဟောက်ကြီးသည် သန္တေပင်ကုန်း၏ အစောင့်အရှောက်ပိုင်ဆိုင်သူ ဖြစ်ပေလိမ့်မည်ဟု ဆွေးယူကာ ယင်းမြွေဟောက်ကြီးအား မေတ္တာပွားလျက် "ဤသန္တေပင်ကုန်းတော်၌ရှိသော ရှေးဟောင်းအုတ်ခဲချပ်များကို ဂန္ထကုဋိသိမ် ပြုပြင်ဆောက်လုပ်ရန်အတွက် အလှူခံရယူပါသည်။ အုတ်ချပ်ခဲများမှတစ်ပါး အခြားမည်သည့်ပစ္စည်းကိုမျှ ရယူခြင်း မပြုပါ" ဟူ၍ ကတိပြုလျက် နှုတ်ခြေအလှူခံသည်။

ဆရာတော်ကြီးက ယင်းသို့ နှုတ်မြွက်အလှူခံသော အခါတွင် မြွေဟောက်ကြီးသည် ဖြည်းညင်းစွာ ပါးပျဉ်းချ၍ ကုန်းထက်မှ အောက်သို့ အသာအယာ လျှောဆင်းသွားသည်။ ထိုအခါ ဆရာတော်ကြီးသည် မြွေဟောက်ကြီး၏ ပြုမူချက် အရိပ်အမြွက်ကို ဆင်ခြင်သုံးသပ်လျက် ဤသန္တေပင်ကုန်းတော်၏ အစောင့်အရှောက် ပိုင်ဆိုင်သူများက ဆရာတော်ကြီး၏ အလှူခံခြင်းကို ကျေနပ်စွာ လက်ခံခဲ့သည်ဟု သိမှတ်ယုံကြည်ခဲ့သည်။

ဆရာတော်ကြီးသည် တပည့်ကြီး ဦးဝိစာရိတ္တအား သန္တေပင်ကုန်းမြေမှ ရှေးဟောင်းအုတ်ခဲချပ်များကို ပိုင်ရာ ပိုင်ရာများထံ အလှူခံပြီးကြောင်းနှင့် ရပ်ရွာဒါယကာများအား ယင်းအုတ်ခဲချပ်များကို တူးဖော်ခိုင်းစေရန် မိန့်ကြားလေရာ ဦးဝိစာရိတ္တသည် ရပ်ရွာဒါယကာများနှင့် တိုင်ပင်၍ သန္တေပင်ကုန်းမြေမှ ရှေးဟောင်းအုတ်ခဲချပ်များကို တူးဖော်ပြီး နွားလှည်းများဖြင့် ကျောင်းဝင်းအတွင်းသို့ သယ်ယူသည်။ ရှေးဟောင်းအုတ်ခဲချပ်များသည် လှည်းအစီးတိုက် (၁၀၀)ခန့်ရှိသည် ဟူ၏။

(၁၃၂၆)ခုနှစ်၊ ပြာသိုလဆန်း (၆)ရက်၊ (၁၈-၂-၁၉၆၅) အင်္ဂါနေ့၊ မွန်းလွဲ(၁)နာရီခန့်တွင် ရှေးဟောင်းအုတ်ချပ်များကို တူးဖော်ရာမှ ရှေးဟောင်းဘုရား ရုပ်တုတော်တစ်ဆူနှင့်အတူ သိမ်ငုတ်ကျောက်တိုင်၊ ငွေဖလား အစုတ်၊ မြေသပိတ်ကွဲ၊ ဆင်အံကဲ့သို့သော အံသွားကြီးများကိုပါ တွေ့ရသည်။

တွေ့ရှိခဲ့ရသော ရုပ်တုတော်မြတ်မှာ ဥဏှတော်(၈) လက်မခန့် အလေးချိန် (၂၀)ကျပ်သားခန့်ရှိသည်။ ပဉ္စလောဟာစတ်သားဖြင့် သွန်းလုပ်ထားခြင်းဖြစ်ပြီး မတ်ရပ်ရပ်တုတော်ဖြစ်သည်။

ယင်းရုပ်တုတော်ကို ပတ်ရံထားသော အုတ်တစ်ချပ်တွင် (၁၀)ဟူသော ဂဏန်းတစ်ခုကို တွေ့ရသဖြင့် ပြည်မြို့ သိရိခေတ္တရာခေတ်၏ လက်ရာဖြစ်ကြောင်း ခန့်မှန်းရသည်။ ယင်းအုတ်ချပ်ကို ရှေးဟောင်းပစ္စည်းများအဖြစ် ထားရှိရန် သဲကုန်းမြို့ ယဉ်ကျေးမှုဗိမာန်သို့ လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။

ဆရာတော်ကြီးက ရုပ်တုတော်မြတ်ကို ပူဇော်လိုသော ဆန္ဒကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အုတ်ခဲချပ်များ အလှူခံစဉ်က မိမိကိုယ်တိုင် ပြုခဲ့ပါသော ကတိကို မေ့လျော့ပြီး ဒါယကာများအား ရုပ်တုတော်မြတ်ကို ကျောင်းသို့ ပင်ဆောင်စေခဲ့သည်။

မအူပင်ကွေ့ရွာ၊ ဒါယကာများသည် ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ရုပ်တုတော်မြတ်ကို ကျောင်းသို့ ပင့်ဆောင်ပြီး မဏ္ဍပ်ဆောက်လုပ်၍ ရုပ်တုတော်မြတ်ကို အပူဇော်ခံထားသည်။ မဏ္ဍပ်တွင် ပေါ်တော်မူဘုရားဟူ၍ ဆိုင်းဘုတ်တပ်ဆင်ပြီး အပူဇော်ခံ၊ အလှူဌေကောက်ခံရာ အရပ်ရှစ်မျက်နှာမှ လူအများ နေ့ညမခြား တသဲသဲလာရောက် ပူဇော်ကြလေသည်။

ပေါ်တော်မူရုပ်တုတော်မြတ်ကို ကျောင်းအနီးမဏ္ဍပ်၌ အပူဇော်ခံထားစဉ် ရက်သတ္တတစ်ပတ်ခန့်အကြာ ညနေ (၆း၃၀)နာရီခန့်အချိန်တွင် မဏ္ဍပ်အတွင်းသို့ ရုတ်ရုတ်သဲသဲ ဆူဆူညံညံအသံများနှင့်တကွ မမြင်အပ်သော ပုဂ္ဂိုလ်များ ရုန်းရင်းဆန်ခတ် တရကြမ်းဝင်ရောက်လာကြပြီး အသံချစက် ဝိုင်ယာကြိုးများကို ဆွဲဖြုတ်နောင့်ယှက်လေတော့သည်။ စက်ဖွင့်သူများလည်း ကြောက်လန့်ကာ စက်များကို ဖြုတ်သိမ်းပြီး ကျောင်းဝင်းအတွင်းသို့ ပြေးဝင်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ဝတ်ပြုနေစဉ်အတွင်း ဖြစ်သည်။ ဆူဆူညည်း အသံများနှင့်တကွ မမြင်အပ်သော ပုဂ္ဂိုလ်များ ကျောင်းကြီးအပေါ် ထပ်သို့ ရောက်ရှိလာသောအခါ ဘုရား ဝတ်ပြုသံ ခေတ္တရပ်စဲသွားပြီး မကြာမီ ဆူဆူညည်း အသံများလည်း ရပ်စဲသွားလေသည်။

ဆရာတော်ကြီးသည် တတိယအကြိမ် သန္ဓေပင်ကုန်း ပေါ်၌ ဆိုင်ရာဝိုင်ရာများထံသို့ အုတ်ခဲချပ်များ အလှူခံစဉ်က အုတ်ခဲချပ်မှတစ်ပါး အခြားပစ္စည်းများကို မယူပါဟူ၍ ကတိပြုပြီး အလှူခံခဲ့သည်။ သို့သော် ပေါ်တော်မူ ရုပ်တုတော်မြတ်ကို ဖူးမြော်တွေ့မြင်ရသောအခါ ဝမ်းသာအားရ ပူဇော်လိုသော စိတ်ကြောင့် မိမိကိုယ်တိုင် ကတိပြုခဲ့သည်ကို မေ့လျော့ပြီး ရုပ်တုတော်မြတ်ကိုပါ ကျောင်းသို့ ပင့်ဆောင်စေခဲ့သည်။

ထို့ကြောင့် ဆိုင်ရာဝိုင်ရာများက မကျေနပ်သဖြင့် ဆူဆူညည်း အသံများဖြင့် ကျောင်းသို့ လိုက်ပါလာကြခြင်း ဖြစ်သည်ဟု သိမြင်လာသောကြောင့် လိုက်ပါလာကြသော ဆိုင်ရာဝိုင်ရာများအား စတုတ္ထအကြိမ် ထပ်မံကာ ရုပ်တုတော်မြတ်ကိုပါ လှူဒါန်းပါရန် မေတ္တာရပ်ခံ အလှူခံခဲ့လေ၏။ သို့ဖြင့် လိုက်ပါလာခဲ့ကြသော ဆိုင်ရာဝိုင်ရာများသည်လည်း ဆူညံသံများ ရပ်စဲ၍ ကျေနပ်နှစ်သိမ့်စွာဖြင့် မိမိတို့ နေရပ်ဆီသို့ ပြန်သွားကြသည်ဟူ၏။

ဆရာတော်ကြီးသည် သန္ဓေပင်ကုန်းတော်မှ တူးဖော်ရရှိထားသော ရွှေဟောင်းအုတ်ခဲချပ်၊ အုတ်ခဲကျိုးများဖြင့် မူလသိမ်ဟောင်းကို အသစ်ပြုပြင်တည်ဆောက်ပြီး ယင်းဂန္ဓကုဋိသိမ်တော်၌ ပေါ်တော်မူရုပ်တုတော်မြတ်ကို အများပြည်သူတို့ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် အပူဇော်ခံထားရှိသည်။

မအူပင်ကွေ့ကျောင်း ဆရာတော်ကြီးသည် (၁၃၄၃) ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ (၁၈-၄-၁၉၈၁) စနေနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူရာ တပည့်ကြီးဖြစ်သူ ဘဒ္ဒန္တ ဝိစာရိယ မဟာထေရ် အရှင်မြတ်သည် ဆရာတော်ကြီး၏ အရိုက်အရာကို ခံယူတော်မူသည်။

ဆရာတော်သည် ဘဒ္ဒန္တဝိစာရိယသည် သန္ဓေပင်ကုန်းတော်တွင် ဝိန္ဓာဘာဏဒဿန ဆုတောင်းပြည့်စေတီတော်မြတ်ကို တည်ထားတော်မူခဲ့သည်။ တပို့တွဲလဆုတ် (၆) ရက် (၂၈-၂-၁၉၉၇) သောကြာနေ့၊ နံနက် (၉း၀၀)နာရီတွင် အုတ်မြစ်စိမင်္ဂလာ ပြုလုပ်ကျင်းပပြီး စေတီတော်မြတ်ကို တည်ဆောက်ခဲ့ရာ ဤသန္ဓေပင်ကုန်းတော်တွင် အုတ်ခဲချပ်များ တူးဖော်စဉ်က ရရှိထားခဲ့သော ပေါ်တော်မူမတ်ရုပ်ရုပ်ပွားတော်မြတ်ကို စေတီတော်၏ ဌာပနာတိုက်အတွင်းသို့ ပြန်လည်ထည့်သွင်းဌာပနာ၍ ပူဇော်ခဲ့သည်။

ယင်းသို့ ပေါ်တော်မူ ရုပ်တုတော်မြတ်ကို စေတီတော်၌ ဌာပနာထည့်သွင်းပူဇော်စဉ် ယခင်က ဆရာတော်ကြီးထံသို့ ဆူဆူညည်းအသံများဖြင့် လိုက်ပါလာကြသော သန္ဓေပင်ကုန်းတော်မှ ဆိုင်ရာ ဝိုင်ရာများ ဝမ်းသာအားရ ပျော်ရွှင်ကြပြီး ပရိသတ်ထဲမှ ဝတ်ပုတ်ဈေးတန်းရပ်နေ မောင်လှမြင့်ဇနီး မတင်ရွှေအား ရုတ်တရက် ပူးကပ်လေ၏။

ဝိန္ဓာဘာဏဒဿနစေတီတော် တည်ဆောက်နေဆဲအတောအတွင်း ဤသန္ဓေပင်ကုန်းတော်၌ စောင့်ကြပ်နေကြသည့် မမြင်အပ်ကုန်သော ပုဂ္ဂိုလ်များသည် ဘုရားတည်ရာသို့ ပါဝင်လှူဒါန်းရန် ရောက်ရှိလာကြကုန်သော အမျိုးသမီးအချို့ကို ဝင်ရောက်ပူးကပ်ကြပြီး သူတို့သည် ဤသန္ဓေပင်သိုက်ကို အမြဲစောင့်ကြပ်နေသူများ ဖြစ်သည်။

သူတို့မှာ သိုက်ချုပ်ဘိုးတော်နှင့် ညီအစ်မလေးတော်ရှိသည်။ ၄င်းတို့မှာ အစ်မကြီး စောနန်း၊ စောနန်းကူး စောနန်းနွယ်နှင့် ညီမလေး စောနန်းထွေးတို့ဖြစ်သည်။ ယခု သူတို့နေရာမှာ စေတီတော်တည်သဖြင့် သူတို့မှာ နေရာ မရှိတော့ပါ။ သူတို့ကို သီးသန့်နေရာပေး၍ သိုက်နန်း ဆောက်လုပ်ပေးရန် ပူးကပ်တောင်းဆိုလာခဲ့ကြသည်။

စေတီတော်မြတ် တည်ဆောက်ပြီးသောအခါ ယင်း၏ တောင်းဆိုချက်အရ စေတီတော်အနီး မြောက်ဘက်တွင် နေရာတွင် သီးသန့်နေရာပေး၍ သန္ဓေပင်သိုက်နန်းတင် ဆောက်လုပ်ပေးပြီး ယင်းသိုက်နန်းတွင် သိုက်ချုပ်ဘိုးတော်နှင့် ညီအစ်မလေးဖော်တို့ပါ ရုပ်လုံးများ ထုလုပ်ပေးခဲ့သည်။

စေတီတော်မြတ်အား ရွှေထီးတော်တင်လှူသည့် နံနက်(၉း၀၀)နာရီအချိန်တွင် သန္ဓေပင်သိုက်နန်းကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံသို့ အပ်နှံပြီး ဖွင့်လှစ်ပေးခဲ့သည်ထိုသို့ သန္ဓေပင်သိုက်နန်းကို ဖွင့်လှစ်ပေးသည့်အခါ ယင်းတစ်ထဲမှ သိုက်ဆက်၊ စေတ်ဆက်၊ ပဋ္ဌာန်းဆက်ရှိသူ အမျိုးသမီးများကို သိုက်နန်းရှင် ညီအစ်မလေးဖော်တို့က ဝင်ရောက်ပူးကပ်ကြပြီး ဝမ်းသာအားရ အော်ဟစ်ကြွေး မြည်စွာ ကခုန်မြူးထူးကြပါတော့သည်။

(၁၃၆၅)ခုနှစ်၊ ဘေပေါင်းလဆုတ် (၁၄)ရက် (၁၉-၃-၂၀၁၄) သောကြာနေ့တွင် ရှမ်းစုရွာ၌ ရှင်ပြုအလှူ

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ရာ ဘုန်းတော်ကြီးကိုယ်တိုင် တရားချီးမြှင့်ခဲ့သည်။ တရားပွဲအပြီး သန္ဓေပင်ကုန်းတော်သို့ ပြန်ကြွရာ ဘုန်းတော်ကြီးအား လျှောက်ထားခွင့်ရရန် ကြိုတင်စီစဉ်၍ အသင့်စောင့်နေဟန်တူသော သိုက်နန်းရှင်ညီအစ်မ လေးဖော်အနက် အစ်မကြီးဖြစ်သူ စောနန်းက ယောဂီမခင်ရီကို ရုတ်တရက် ဝင်ရောက်ပူးကပ်ပြီး ဘုန်းတော်ကြီးအား ဤသို့ ပြောကြား လျှောက်ထားခဲ့လေ၏။

"တပည့်တော်မတို့ ဘုန်းဘုန်းကြီးကို လျှောက်ထားချင်တာ ကြာလှပါပြီ။ လျှောက်ထားရန် အခွင့်မသာသဖြင့် မလျှောက်ထားရပါ။ ဘုန်းဘုန်းကြီးကို အလွန်ကျေးဇူးတင်ပါသည်။ တပည့်တော်မတို့ နှစ်ပေါင်းများစွာ ကွဲကွာ၍ ပူဆွေးခဲ့ရသော ရုပ်ပွားတော်မြတ်ကို ဝိဇ္ဇာဥာဏဒဿန ဆေတီတော်၌ ဘုန်းဘုန်းကြီးကိုယ်တိုင် ဌာပနာထည့်သွင်းခဲ့သဖြင့် တပည့်တော်မတို့ ဝမ်းသာအားရ ပူဇော်ခဲ့ရပါသည်။ ဘုန်းဘုန်းကြီး ကျေးဇူးကြောင့် တပည့်တော်မတို့၏ သိုက်က ရုပ်ပွားတော်မြတ်ကို တပည့်တော်မတို့ ပြန်လည် ပူဇော်ခွင့်ရတာ (၇)နှစ်ရှိပါပြီ။

ဘုန်းဘုန်းကြီးကို တပည့်တော်မတို့ ညီအစ်မလေး ယောက်က နှစ်ယောက်စီ အလှည့်ကျ နောက်က အမြဲလိုက်၍ စောင့်ရှောက်နေပါသည်။ ဘုန်းဘုန်းကြီး ပြုလုပ်ခဲ့သော သာသနာပြုကိစ္စတို့တွင်လည်း ညီအစ်မလေးယောက်က အမြဲကူညီပံ့ပိုးပေးခဲ့ပါသည်။

ပြီးခဲ့သော ဘုရားပွဲနေ့ကလည်း ညီအစ်မလေးယောက်နှင့် သိုက်ချုပ်ဘိုးတော်ပါ၊ စေတီတော်၏ အရှေ့ဘက်မျက်နှာမှ နေရာယူ၍ သံဃာတော်များအား ကိုယ်တိုင်ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ပါသည်။ နောက်ဆုံးမှ ကြွလိုက်လာသော ဘုန်းဘုန်းကြီး၏ ဒွေဖလားထဲသို့ ညီအစ်မလေးယောက်က အားရဝမ်းသာဖြင့် ငွေကျပ်ငါးဆယ်တန်၊ ငွေစက္ကူအသစ်ချုပ်ချွတ်အထပ်လိုက် အတော်များများ လောင်းလှူခဲ့ပါသည်။

ယနေ့ရှစ်စုရွာက ရှင်ပြုအလှူကလည်း တရားနာဖိတ်သဖြင့် ညီအစ်မနှစ်ယောက် သွားခဲ့၍ ဘုန်းဘုန်းကြီး၏ တရားကို နာခဲ့ရပါသည်။ သိုက်နန်းရှင်များကို ထုတ်ဖော်၍ အမျှပေးဝေသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ရပါသည်။ ၄င်းအပြင် ဘုန်းဘုန်းကြီး၏ တရားပွဲသို့မှာ အလှူတော်ဒွေများ ထည့်ဝင်လှူဒါန်းခဲ့ပါသည်ဟူ၍ ညီအစ်မလေးယောက်အနက် အစ်မကြီးဖြစ်သူ စောနန်းက ဘုန်းကြီးအား လျှောက်ထားခဲ့သည်။

ဤသို့ လျှောက်ထားသည့်အခါ ဘုန်းတော်ကြီးက သိုက်နန်းရှင် ညီအစ်မလေးဖော်တို့ ဘုန်းကြီးကို အစြောင့်ရှောက်ပေးသည်ကို ကျေးဇူးတင်ပါကြောင်း၊ သိုက်နန်းရှင်တို့ အလိုရှိသည်များကို ပြုလုပ်ဆောင်ရွက်ပေးပါမည့် အကြောင်း အမိန့်ရှိသောအခါ အစ်မကြီးစောနန်းက–

"ဤသန္ဓေပင်ကုန်းတော်မှ သာသနာစည်ပင်ပါတော့မည်။ ယခုတည်ထားသော ဝိဇ္ဇာဥာဏဒဿန ဆုတောင်းပြည့်စေတီတော်မြတ်၏ လက်ဝဲ၊ လက်ယာဘက်တို့၌ စေတီငယ်နှစ်ဆူကို နောက်ထပ်တည်ထားပေးစေလိုပါသည်။ ယင်းစေတီတို့တွင် လွန်ခဲ့သော(၂)နှစ်ခန့်က ရေတွင်းတစ်ခုထဲမှ တွေ့ရှိခဲ့၍ ယခု သန္ဓေပင်ကုန်းတော်သို့ ရောက်ရှိနေသော သိုက်ထဲမှ ရုပ်ပွားတော်တစ်ဆူကိုလည်း ဌာပနာထည့်သွင်း ပူဇော်ပေးစေလိုပါသည်။

ယင်းလက်ဝဲတော်နှင့် လက်ယာတော်ရံ စေတီနှစ်ဆူကို ဘုန်းဘုန်းကြီးကိုယ်တော်တိုင် ဦးဆောင်အစပျိုးပေးစေလိုပါသည်။ သိုက်နန်းရှင် ညီအစ်မလေးဖော်တို့ကလည်း စောင့်ရှောက်ကူညီပံ့ပိုးပေးပါမည်။ မကြာမီ စေတီနှစ်ဆူလုံးပြီးစီးအောင်မြင်ပါလိမ့်မည်' ဟူ၍ အစ်မကြီးစောနန်းက မိမိတို့ အလိုဆန္ဒများကို ဘုန်းတော်ကြီးအား လျှောက်ထားပြောကြားလေ၏။

သန္ဓေပင်သိုက်နန်းရှင်တို့၏ မေတ္တာရပ်ခံ တောင်းဆိုချက်ကြောင့် ဘုန်းတော်ကြီးသည် ဝိဇ္ဇာဥာဏဒဿန ဆုတောင်းပြည့်စေတီတော်မြတ်၏ လက်ဝဲတော်ရံစေတီနှင့် လက်ယာတော်ရံစေတီနှစ်ဆူကို တည်ထားပေးရန် စီစဉ်ခဲ့သည်။

စေတီတော်၏ လက်ဝဲ၊ လက်ယာဘက်တို့၌ မြေများကို သန့်စင်ညှစ်ပြီးနောက် (၁၃၆၅)ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက် (၅-၄-၂၀၀၄) တနလာနေ့၊ နံနက်(၉)နာရီအချိန်တွင် မဆူပင်ကွေ့ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပိစာရိတ္တ မထေရ်အရှင်မြတ်ကိုယ်တိုင် ဦးဆောင်ညွှန်ကြားလျက် ဘုရားဂေါပကအဖွဲ့တို့ဖြင့် ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပခဲ့ပါသတည်း။

ကိုဇမ္ဗာသန်းဝင်း

မှတ်ချက်

ဝိဇ္ဇာဥာဏဒဿန ဆုတောင်းပြည့်စေတီတော် ဘုရားသမိုင်းကို မှီငြမ်း၍ ပြန်လည်ရေးသားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာမျိုးငြေ

လောကီစာလုံးသုံးလုံး

တန်ဖိုးရှင်

ကျွန်တော်သည် ရုပ်ရှင် ဒါရိုက်တာတစ်ယောက်ဖြ
သကဲ့သို့ စာပေရသ၊ ဂန္ဓီရလိုင်း နှင့် လျှို့ဝှက်ဆန်းကြယ်
စုံထောက် ဝတ္ထုများကိုလည်း အခါအားလျော်စွာ
ရေးသားလေ့ရှိလေသည်။

ထိုနေ့က ကျွန်တော် အကြောင်းအရာတစ်ခု ရသည်
အကြောင်းအရာမှာ ဂန္ဓီရအကြောင်းအရာ ပုဂ္ဂိုလ်ဟု
ပုဂ္ဂိုလ်ဆန်းအကြောင်း ဖြစ်သည်
ၚင်းပုဂ္ဂိုလ်မှာ ဂန္ဓီရအသုံး
အနှုန်းဖြင့် ပြောရလျှင် ထွက်ရ
ပေါက်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်
ၚင်းပုဂ္ဂိုလ်မှာ
အံ့မည် ဦးပုံထောင်
ကရင်လူမျိုး ဖြ
သည်။

www.burmeseclassic.com

www.burmeseclassic.com

ရသော့ဘွဲ့အမည်မှာ ဦးပဏ္ဍိ။ တချို့ လေးစားခင်းတပည့်များနှင့် ရင်းနှီးကျွမ်းဝင်သူများက ဗန်းလောင်က ဘရသော့ဟုဆို၊ တချို့က ဗန်းလောင်က အဘပုံ စသည်ဖြင့် ခေါ်ကြလေသည်။

ကျွန်တော့်အား ဤအကြောင်းအရာကို ရေးပါဟု လိုလိုလားလား တောင်းဆိုခဲ့သူတစ်ယောက် ရှိလေသည်။ သူကတော့ ကျွန်တော့်ညီဝမ်းကွဲ ကျောင်းဆရာသန်းလွင် (အငြိမ်းစား)ဆိုသူ ဖြစ်လေသည်။

ကျွန်တော့်မေမေဆုံးပြီး (၃)လကျော်အချိန်မှာ ကျွန်တော့်ဇာတိမြေ ဖြူးမြို့ကို ရောက်ခဲ့ပါတယ်။ အဲဒီရောက်ဘုန်းရောက်ခိုက်မှာပဲ ဆွေမျိုးသားချင်းများနှင့်တွေ့ဆုံ ရှေးဖြစ်နောက်ကြောင်းများပြောရင်းက ညီဖြစ်သူသန်းလွင်၏ ပြောကြားချက်၊ ပြောဆိုမှုများမှာ ကျွန်တော့်အတွက်သော်သည်းကောင်း၊ စာဖတ်ပရိသတ်အတွက်ပေးလည်းကောင်း အသုံးတအဖြစ် တကယ့်အဖြစ်အပျက်တစ်ရပ်ကို ဝတ္ထုစာတမ်းမဲ့ရေးခြင်း အတတ်ပညာဖြင့် အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ရလေသတည်း။

♦ ♦ ♦

ဖြူးမြို့ တပ်ရင်း(၃)စစ်တပ်မှ အငြိမ်းစားယူခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်လေသည်။ ထိုနှစ်အတွင်း ကိုပုံထောင်သည် ဖြူးမြို့၏အရှေ့ဘက် ချောင်ကျသော ဗန်းလောင်ရွာ ဆေးအနီးဌာပင် တဲတစ်လုံးထိုး၍ တစ်ယောက်တည်း နေခဲ့လေ၏။

ကိုပုံထောင်၏ဖနီး မလှသွယ်မှာ ဗန်းလောင်ရွာကဲ့သို့ ချောင်ကျသောနေရာတွင် နေလိုစိတ် မရှိသောကြောင့် တစ်ဦးတည်းသောသား မောင်ဦးကိုခေါ်လျက် ၄င်း၏ မိဘများရှိရာ ရန်ကုန်မြို့ပြ သဃ်ိန်းကျွန်းမြို့နယ်သို့ သွားရောက်နေထိုင်လေ၏။

ကိုပုံထောင်သည် အေးအေးဆေးဆေး နေတတ်သူဖြစ်၏ တဲ၏ အနောက်ဘက်တွင် ဘူး၊ ဖရုံ၊ ကန်စွန်းစိုက်၍ နွားမတစ်ကောင်ကို မွေးထားလေ၏။ ကိုပုံထောင်၏ နွားမသည် နို့ထွက်ကောင်း၍ နို့သစ်၍သောက်ခြင်း၊ ဝိုလျှံလျှင် ဗန်းလောင်နှင့် အနီးတစ်ဝိုက်ရှိ အုန်ဖြက် စသည့်ရွာများဘက် နွားနို့ထွက်ရောင်းလေ့ရှိ၏။ ဒုက္ခရောက်နေသူနှင့် ငွေကြေးချို့တဲ့သူများဆိုလျှင် သူ့ရှိ ပစ္စည်းများဖြင့် ကူညီတတ်မ,တတ်သည်။ ရွာအချို့မှ လူများက သူ့ကို ခင်မင်ကြသည်။

တစ်နေ့ ဝင်ငွေမဆိုးလှသော်လည်း တစ်ယောက်တည်း အတွက်တော့ ဖူလုံ၍ စုမိဆောင်းမိခြင်းတော့ မရှိပေ။

နွားကို တစ်နေကုန် လှန်ထားပြီး ညနေစောင်းမှ ခဏတစ်ဖြုတ် နွားကျောင်း၍ တဲသို့ ပြန်လေ့ရှိ၏။ နွားတင်းကုပ်မှာ အမိုးအကာကောင်းစွာမရှိသေးပေ။ သစ်တိုသစ်စ၊ ဝါးတိုဝါးစများနှင့် အကာလုပ်၍ အမိုးကိုမူ အုန်းလက်၊ ထန်းလက်များတင်၍ ,မိုးထားလေ၏။

ကိုပုံထောင်၏တဲမှာလည်း နွားတင်းကုပ်ကဲ့သို့ပင် ထိုနည်းလည်းကောင်း ဖြစ်လေ၏။ မိုးတွင်းကာလများတွင်မူ ကိုပုံထောင်၏ တဲရော နွားတင်းကုပ်ပါ အကာ၊ အခင်း၊ အမိုးတို့ကို ကောင်းစွာခင်းကျင်း ပြုလုပ်လေ့ရှိလေသည်။ နွေမှာကျတော့ ဖြစ်သလိုပင် ရရာကာ ရရာမိုး၍ နေထိုင်ကြလေသည်။

ကိုပုံထောင်မှာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်လေသည်။ ဘုရားရှိခိုးကျောင်းသို့ မရောက်ဖြစ်သည်မှာလည်း နှစ်နှင့်ချီနေပြီ ဖြစ်လေသည်။

ဗုဒ္ဓဘာသာမဟုတ်သော ကရင်အမျိုးသား ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်သောကြောင့် ဗုဒ္ဓဘုရားရှင်၏ အကြောင်းအရာနှင့်ပတ်သက်၍ ကိုပုံထောင် ကောင်းစွာမသိပေ။

သို့သော် ကိုပုံထောင်သည် ဘယ်ဘာသာကိုမှ မစော်ကားတတ်။ မကိုးကွယ်ရင်သာ ဘာသိဘာသာနေ၏။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ကောင်းတယ်၊ ဆိုးတယ် စသည်အားဖြင့် မဝေဖန်၊ မပြောဆိုပေ။

ထိုနေ့က နွားသိမ်း၍ တဲသို့ပြန်အလာတွင် ထူးထူးဆန်းဆန်း ခေါ်သံတစ်ခုခုကို ကြားလိုက်ရလေ၏။

"ဟေ့ကောင် ပုံထောင်..ဒီအတိုင်းနေလို့ ဘာမှဖြစ်မလာဘူးကွ။ အချိန်တွေ မင်းအတွက် ပိုနေတာပဲ။ ပုတီးလေးဘာလေးစိပ်ကွ။ ဒါမှ အဓိပ္ပာယ်ရှိတဲ့လူ ဖြစ်လာမယ်" ဟူသောအသံ ဖြစ်လေသည်။

ကိုပုံထောင်သည် ထိုအသံရှင်ကို မမှတ်မိ။ ရင်းနှီးကျွမ်းဝင်သူထဲကလည်း မဟုတ်သောကြောင့် တစ်စုံတစ်ယောက် လာနောက်နေသူဟုထင်ကာ အသံကြားရာဆီသို့ လောက်လေးခွဖြင့် ဆွဲပစ်လေ၏။

ကိုပုံထောင်မှာ ကရင်တစ်ယောက်ဖြစ်သကဲ့သို့ စိတ်လည်းမြန်၊ စိတ်လည်း,တိုတတ်ပေ၏။

"ဘယ်ကောင်လဲကွ၊ ငါ့နာမည်ခေါ်ပြီး နောက်ပြောင်

www.burmeseclassic.com

နေတာ။ သမ္ဘိန္ဒိရင် ထွက်ခဲ့။ ပုံထောင်ဆိုတဲ့ကောင်က စစ်သားလူထွက်၊ ဘယ်ကောင်မှ ကြောက်တဲ့ကောင်မဟုတ်ဘူး' ဟု ပါးစပ်ကလည်းပြော လက်ကလည်း ချွတ်..ချွတ် အသံကြားရာဆီသို့လည်း လေးခွဖြင့် ဆွဲပစ်၊ ရမ်းပစ် လုပ်နေလေတော့၏။

'ဟေ့ကောင် ငပုထောင်..မင်း ခွန့်လိုက်ပစ်နေလဲ အလကားပဲ။ ငါ့ကို ထိမှာမဟုတ်ဘူး။ လောက်စာလုံးပဲ ကုန်သွားလိမ့်မယ်'

ကိုပုံထောင်တစ်ယောက် အနားမှကပ်ပြီး ပြောနေသလို ကြားလိုက်ရပြန်သဖြင့် ဖျတ်ခနဲလှည့်ပြီး ခွန့်ဆွဲပစ်ပြန်လေ၏။

'ဝုန်'

'ဖြောင်း'

လောက်စာလုံးက လေထဲပြေးထွက်ပြီး ဝါးရုံတောထဲတိုးဝင်လေ၏။

'ဟေ့ကောင် ငပုထောင်..တော်တော့။ မင်းလောက်စာလုံးတွေ ကုန်လိမ့်မယ်' ဟု ခြိမ်းခြောက်သလို အသံကထွက်ပေါ်လာပြန်လေ၏။

သည်တစ်ခါတော့ ကိုပုံထောင် ဖြုံသွားပုံရသည်။ ခွဖြင့် ဆွဲမပစ်တော့။ အသံကို နားစွင့်နေလေ၏။

အသံက ပြန်ဆိတ်သွားသည်။

'ဘယ်ကောင်လဲကွ၊ ပုန်းလျှိုးကွယ်လျှိုးနဲ့ ငါ့ကို အမိန့်ပေးနေတာ။ ခိုးကြောင်ခိုးဝှက် လုပ်မနေနဲ့၊ ရဲရဲရင်ဆိုင်ဖို့ ထွက်ခဲ့'

'ဟေ့ကောင် ငပုထောင်..မင်းက စစ်သားလူထွက်ပီပီ လေသံက မာလှချည်လား။ ငါ ဘယ်သူလဲဆိုတာ မင်းသိလို့လား'

အပေါ် သစ်ပင်ထက်ကလိုလို၊ ဘေးချုံထဲကလိုလို အသံက ဟိုကထွက် သည်ကထွက်လာပြန်သည်။ ကိုပုံထောင် မျက်လုံးတွေ သစ်ပင်ပေါ်သို့ ရောက်သည်။ ချုံထဲလည်း ရောက်သည်။ ဘာအရိပ်အယောင်မျှ မတွေ့။

'ကျုပ်က စစ်သားလူထွက်ပဲ၊ ဟုတ်တယ်။ ခင်ဗျားက ရော ဘယ်သူလဲ။ စစ်သားလူထွက်ပဲလား'

'မဟုတ်ဘူးကွ၊ ဂန္ဓိရုပြန်တစ်ယောက်ပဲ။ အဲ..မင်းလည်း ဂန္ဓိရုကို သိမှာမဟုတ်ဘူး။ ရှင်းပြနေလည်း အပိုပဲ။ မင်းကို ကယ်ဖို့ ငါလာခဲ့တာ'

'နေပါဦး၊ ခင်ဗျားက ကျုပ်ကိုကယ်ရအောင် ကျုပ်က ဘာဖြစ်နေလို့လဲ။ ကျိုးနေလို့လား၊ ကန်းနေလို့လား၊ ဒုက္ခိတဖြစ်နေလို့လား။ ပြောစမ်းပါဦး'

'ဟုတ်တယ် ငပုထောင်၊ မင်းက ကျိုးကန်းနေတာထက် ပိုဆိုးတယ်'

'ဒီမယ် ဟေ့လူ..အပိုတွေ ပြောမနေနဲ့ဗျာ။ ကျုပ်က စိတ်မရှည်ဘူး။ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိချင်တယ်။ ပြောဗျာ'

'မင်းသိချင်တိုင်း၊ ပြောပါဆိုတိုင်း သိလို့၊ ပြောလို့ မရဘူးကွ။ မင်းကို ငါ စစ်ဆေးရဦးမယ်။ ဟင်း..ဟင်း'

မမြင်မတွေ့ရသောပုဂ္ဂိုလ်က လေသံဖြင့် ခြိမ်းခြောက်နေသောကြောင့် ကိုပုံထောင် စိတ်မရှည်ချင်တော့။

'ခင်ဗျားကိုလည်း ကျုပ် မသိချင်တော့ဘူး။ ကျုပ်လည်း မစစ်ဆေးနဲ့တော့။ ကျုပ် ဦးနှောက်ခြောက်ခဲ့ပီဘူး။ စိတ်အနှောင့်အယှက် မပေးပါနဲ့'

ကိုပုံထောင် ပြောပြီး နွားကို ဆွဲသည်။

နွားက တုတ်တုတ်မျှမလှုပ်ဘဲ ပေကပ်နေသောကြောင့် -

'ဒီနွားမ ဘာဖြစ်နေတာလဲ။ ပေကပ်ကပ်နဲ့'

'ဟေ့ကောင် ငပုထောင်၊ မင်းနွား ပေကပ်နေတာ မဟုတ်ဘူးကွ။ ငါ့ဆွဲထားလို့ မလှုပ်နိုင်၊ မရုန်းနိုင် ဖြစ်နေတာကွ။ ဟား..ဟား..ဟား'

မမြင်ရသောပုဂ္ဂိုလ်၏ အသံနက်နက်ကြီးဖြင့် ရယ်သံက နားစည်ကို ပြေးဆောင့်သလို အံ့ဩခဲ့ရသည်အထိ အလွန်ကျယ်လောင်သော ရယ်မောသံကြီးဖြစ်၏။ သည်ပုဂ္ဂိုလ်၊ တစ္ဆေသရဲများ ဖြစ်နေရော့သလားဟု ကိုပုံထောင် တွေးထင်လိုက်မိသည်။

တကယ်တော့ ကိုပုံထောင်သည် တစ္ဆေသရဲတို့ကို ကြည်သူ မဟုတ်။ ကြောက်လည်း မကြောက်ပေ။ ယခုပုဂ္ဂိုလ်သည် အကောင်အထည်ကို မမြင်ရဘဲ အသံပဲ ကြားနေရသောကြောင့် ကိုပုံထောင် စိတ်ထဲ သံသယစိတ်များ ဝင်မိလေ၏။

'ဒီမယ် ငပုထောင်၊ မင်းကို ငါပြောမယ်။ မင်းသား စစ်သားတုန်းကလည်း ဒီအတိုင်းပဲ။ စစ်တပ်က ထွက်ပြီး အခုအချိန်မှာလည်း ဒီအတိုင်းပဲဆိုတော့ မင်းဘဝက ဖြစ်ရက်ကျိုး မနပ်လိုက်တာကွာ။ ငပုထောင်..မင်းကို ဖြစ်စေချင်လို့ ကယ်ဖို့ငါလာခဲ့တာ။ မင်း ဒီနေ့ကစပြီး နွား မကျောင်းနဲ့တော့'

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ကျုပ်က နွားနွေးပြီး နွားမကျောင်းရင် ကျုပ် ဘာနဲ့ငှားရမလဲ။ ခင်ဗျား ကျုပ်ကို ဒုက္ခပေးမယ်တော့ မကြံနဲ့။ ကျုပ် လုံးဝလက်မခံဘူး"

ကိုပုံထောင်က ထိုမမြင်ရသောပုဂ္ဂိုလ် ကြားလောက်အောင် အသံကို မြှင့်အော်၍ ပြောလိုက်လေ၏။

"အဲဒါပဲကွ၊ မသိသူကျော်သွား သိသူဖော်စားဆိုတာ ဒီစကားကို မင်း နားလည်ဘာတာ့မဟုတ်ဘူး။ ငါသိတယ်။ မင်းကို ဒုက္ခပေးမလို့ မဟုတ်ဘူးဟေ့။ သုခချမ်းဘာကို ပေးမလို့။ ပေးမလို့ ငတုံးရဲ့"

"ဟာ..ကျုပ်ကို ငတုံးလို့ မပြောနဲ့ဗျာ။ ကျုပ် မကြိုက်ဘူး။ ကျုပ်က ငတုံးလည်း မဟုတ်ဘူး။ နေစမ်းပါဦး။ ခင်ဗျားက ကျုပ်ကိုကယ်မယ်ဆိုတာ ဘယ်လိုကယ်မှာလဲ။ အဲဒါ ကျုပ်သိချင်တယ်"

"ဖြည်းဖြည်းပေါ့ကွာ။ ပြောမှာပေါ့။ ဒီကနေ့ကစပြီး မင်း နွားမကျောင်းနဲ့တော့။ မင်း နွားကို ငါကျောင်းပေးမယ်။ မင်းက ငါပြောတဲ့အတိုင်းလုပ်။ မင်း အကျိုးရှိစေရမယ်။ ဒါပဲ"

"ကျုပ်အကျိုးရှိမယ်ဆိုရင် လုပ်မယ်ဗျာ။ ဒါထက် ခင်ဗျားက ဘယ်သူလဲ။ ဘယ်နေရာကနေပြီး ပြောနေတာလဲ။ ခင်ဗျားကို ကျုပ်မသိတာတော့ အမှန်ပဲဗျာ"

ကိုပုံထောင်က အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်သည်။ မမြင်တွေ့ရသော ထိုပုဂ္ဂိုလ်က "ဟား..ဟား..ဟား" ဖြင့် ရယ်လေ၏။

"ကြိုက်တယ်။ ငါ ဘယ်သူလဲဆိုတာ ပြောမယ်။ သေချာနားထောင်"

"ပြောမှာသာ ပြောစမ်းပါဗျာ"

"အိမ်း..ငါ့နာမည် အောင်မင်းခေါင်ကွ။ သိလား"

"ဟင့်အင်း..မသိဘူး။ ခုမှ ကျုပ်ကြားဖူးတာ"

"အိမ်း..ကြားဖူးရင်လည်း ကြားဖူးသလိုပဲ မှတ်ထားလိုက်"

"ဘယ်ဖြစ်မလဲဗျာ၊ အသံကြားဖူးရုံနဲ့တော့ ဘယ်သေချာပါ့မလဲ။ သေချာအောင်တော့ ရုပ်နဲ့ အသံနဲ့ တွဲပြီးပြမှ သိမှာပေါ့ဗျာ"

"အေး..ဒါဆိုလည်း ရုပ်ရော အသံရော ပြရတာပေါ့ဆေ"

"ဒီမယ်..ကျုပ်ကို ရိုးရိုးပြရုံနဲ့တော့ ထင်ရှားမှာမဟုတ်ဘူး။ မှတ်မိလွယ်အောင် ထင်ထင်ရှားရှားပြချာ"

"ကောင်းပြီ၊ ပြတယ်ကွာ။ မင်း နောက်သာလှည့်ကြည့်လိုက်"

"အား..အောင်မယ်လေး"

ကိုပုံထောင် လှည့်ကြည့်လိုက်သည်။ ဆင်ခေါင်းပမာဏခန့်ရှိသော ကြောက်စရာကောင်းသည့်မျက်နှာကြီးကို ဘွားခနဲမြင်လိုက်ရသောကြောင့် ကိုပုံထောင်လည်း လန့်ဖျပ်အော်လိုက်သည်။ ထို့နောက် လဲကျကာ သတိမေ့သွားလေတော့၏။

♦ ♦ ♦

ကိုပုံထောင် ပြန်သတိရတော့ လူတစ်ယောက် နွားကျောင်းနေသည်ကို တွေ့လိုက်ရ၏။ ထိုနွားမမှာ ကိုပုံထောင်၏ နွားမဖြစ်၍ ထိုလူမှာ ကိုပုံထောင် မသိသော လူတစ်ယောက် ဖြစ်လေ၏။

"ဟေ့လူ..ခင်ဗျား ဘယ်သူလဲ။ ကျုပ်နွားကို ဘာလို့ ကျောင်းနေတာလဲ"

ကိုပုံထောင် သတိမေ့နေရာမှ လူးလဲပြန်ထ၍ နွားကျောင်းနေသူကို လှမ်းအော်ကာ မေးလိုက်သည်။

နွားကျောင်းနေသော ထိုလူက-

"ဟေ့ကောင် ငပုံထောင်..မင်းက ငါ့ကို ထင်ထင်ရှားရှားပြ၊ ထင်ဆင်ရှားရှား ရုပ်ရော၊ အသံရော သိချင်တယ်ဆိုလို့ ငါ ပြခဲ့ပြီးပြီ။ နောက်တစ်ခါထပ်ပြရင် မင်း ဒီထက် ပိုကြောက်ပြီး အသက်ပါ ထွက်သွားလိမ့်မယ်"ဟု ထိုလူက ဆို၍ ကိုပုံထောင် ကြီးစွာတုန်လှုပ်သွားလေ၏။

အာယ်ကြောင့်ဆိုသော် စောစောက ကိုပုံထောင် မြင်တွေ့ခဲ့ရသော ရုပ်နှင့် အသံ တစ်ထပ်တည်းကျနေသောကြောင့်ဖြစ်၏။ ထူးခြားသည်က စောစောက မြင်တွေ့ခဲ့ရသော မျက်နှာမှာ ဇရာမမျက်နှာကြီး ဆင်ခေါင်းထက်ပင်ကြီး၏။ မျက်နှာချင်း၊ ရုပ်ချင်း တစ်ထပ်တည်းကျသော်လည်း ယခုတွေ့မြင်နေရသော မျက်နှာမှာ သာမန်လူသားတစ်ယောက်၏ အရွယ်အစားအတိုင်း မျက်နှာမျိုး ဖြစ်လေသည်။

ကိုပုံထောင်မှာမူ ထိုပုဂ္ဂိုလ်ကို ဘာပုဂ္ဂိုလ်မှန်းမသိ၊ ဝေခွဲမရဘဲ ဖြစ်၍နေတော့၏။

"ခင်ဗျားဟာ တော်တော်ထူးဆန်းတဲ့လူပဲ။ ကျုပ်ကို လာပြီး မျက်လှည့်ပြနေတာလား။ ခင်ဗျားက ဘယ်သူလဲဟု မေးလိုက်လေ၏။

www.burmeseclassic.com

ထိုအခါ ထိုပုဂ္ဂိုလ်က-

"ငါ ဘယ်သူလဲဆိုတာ မင်းကို ပြောပြခဲ့ပြီးပြီလေ။ အောင်မင်းခေါင်ဆိုတာ ငါပဲလေကွာ။ မှင်းက တော်တော်မေ့တတ်တဲ့ကောင်ပဲ။ မင်းဆီငါလာတာ အလကားလာတာ မဟုတ်ဘူး။ မင်းကို ကယ်တင်ပေးချင်လို့ လာခဲ့တာကွ ငပုံထောင်ရဲ့"

ဟု ပြန်၍ပြောပြီး နွားမကို-

"ဟဲ့...ငပုံထောင်ရဲ့နွားမ၊ ကိုယ့်တင်းကုပ် ကိုယ်ပြန်တော့။ သွား"ဟု ဆိုလိုက်ရာ နွားမသည် လူစကား နားလည်သည့်အတိုင်း နွားတင်းကုပ်ရှိရာသို့ လူပ်လူပ်,လူပ်လူပ်ဖြင့် ထွက်သွားလေတော့၏။

ကိုပုံထောင်သည် နွားမကိုကြည့်၍ လူဆွဲခေါ်မှ တင်းကုပ်သို့ လိုက်ပါတတ်သော သူ့နွားမအကြောင်းကို ကိုပုံထောင် ကောင်းစွာသိလေသည်။

ယခုမူ လူမဆွဲခေါ်ရဘဲ ထိုလူ၏ အမိန့်အတိုင်း နွားတင်းကုပ်သို့ ထွက်သွားသည်ကို မြင်တွေ့လိုက်ရသောအခါ ကိုပုံထောင်မှာ အံ့သြပြီးရင်း အံ့သြ၍နေလေတော့၏။ ထိုပုဂ္ဂိုလ်အားလည်း တန်ခိုးရှင်တစ်ယောက်လိုမြင်၍ အထူးအဆန်းဖြစ်၍နေလေတော့၏။

"မင်း ဘာမှတွေးမနေနဲ့ ပုံထောင်၊ မင်းရင်ထဲက အတွေးကို ငါသိတယ်။ မင်းရဲ့ခေါင်းထဲက အကြံအစည်တွေကိုလည်း ငါသိတယ်။ မင်းဘဝကိုလည်း ငါနားလည်တယ်။ လူလောကမှာ မင်းနေခဲ့တာလည်း ကြာပြီ။ ဒါပေမဲ့ မင်း ထူးထူးခြားခြား ဘာတစ်ခုမှ ဖြစ်မလာခဲ့ဘူး။ ငါ အခု မင်းကို ဖြစ်အောင် လုပ်ပေးခဲ့မယ်။ ငါ့စကားကို နားထောင်ပြီး မင်းလုပ်ပေတော့"

ဟု ထိုပုဂ္ဂိုလ်ကဆိုလိုက်ရာ သည်တွင် ကိုပုံထောင်က-

"ကျုပ်က ဘာလုပ်ရမှာလဲ။ ခင်ဗျားက ကျုပ်ကို ဘာဖြစ်အောင် လုပ်ပေးမှာလဲ"ဟု ပြန်မေးလိုက်လေ၏။

"မင်းကို ပုတီးစိပ်ခိုင်းမယ်"

"ကျုပ်က ပုတီးလည်း မစိပ်တတ်ဘူး။ ပုတီးလည်း မရှိဘူး။ နေပါဦး၊ ပုတီးစိပ်ရင် ကျုပ်က ဘာဖြစ်လာမှာလဲ"

"ဘာဖြစ်ရမှာလဲကွ။ မင်းဖြစ်ချင်တာ ဖြစ်လာနိုင်တာပေါ့ကွ"

"ဟုတ်ပြီ။ ဒါဆို ကျုပ်စမ်းကြည့်မယ်။ လောလော ဆယ် ကျုပ်မှာ ပုတီးမရှိဘူးဗျာ။ ဘယ်လိုလုပ်ရမလဲ"

ဟု ကိုပုံထောင်က ပြောလိုက်ရာ ထိုပုဂ္ဂိုလ်က-

"မင်းမှာ လောက်စာလုံးတွေ ရှိနေတာပဲ။ မင်းလူ့အိုက်ထဲက လောက်စာလုံး(၃)လုံး ထုတ်လိုက်"ဟု ပြောလိုက်ရာ ကိုပုံထောင်လည်း လွယ်အိတ်ထဲက လောက်စာလုံး(၃)လုံး နှိုက်ယူ၍ ထုတ်လိုက်လေ၏။

"ထိုင်၊ ဘေးမှာ သုံးလုံးစုပုံလိုက်"

ကိုပုံထောင်လည်း ထိုပုဂ္ဂိုလ် အမိန့်ပေးသည့်အတိုင်း သုံးလုံးစုပုံလိုက်လေ၏။

"အဲဒီလောက်စာလုံး သုံးလုံးပုံထဲက တစ်လုံးကို သရဏံ ဂစ္ဆာမိလို့ဆိုပြီး ဘေးတစ်နေရာမှာ ချလိုက်၊ နောက် တစ်လုံးကိုလည်း ဓမ္မံ သရဏံ ဂစ္ဆာမိဆိုပြီး စောစောထားတဲ့ လောက်စာလုံးနားမှာ ချလိုက်၊ နောက်ဆုံးအလုံးလည်း သံဃံ သရဏံ ဂစ္ဆာမိဆိုပြီး ချလိုက်။ ပြီးရင် ဒီဘက်တစ်ခါ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဆိုပြီး ပြန်ချ။ အဲဒီနည်းအတိုင်း သတိထားပြီး ဟိုဘက်သည်ဘက် ဆိုဆိုပြီးချနေ မင်း ခြားလာလိမ့်မယ်"ဟုဆိုကာ ကိုပုံထောင်ကို လုပ်ခိုင်းလေ၏။

ကိုပုံထောင်သည်လည်း လုပ်ကြည့်လေ၏။ ကမ္ဘာလူမျိုး ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်သော ကိုပုံထောင်မှာ ထိုပုဂ္ဂိုလ်အပေါ်၌ ယုံကြည်သက်ဝင်မှု ရှိသဖြင့် စမ်း၍လုပ်ကြည့်ရာ ထူးခြားသော တည်ငြိမ်မှုတစ်ခုကို ရရှိလာလေ၏။

ဤသို့ဖြင့် ကိုပုံထောင်သည် လောက်စာလုံး(၃)လုံးပုတီးအမှတ်ထား၍ သရဏဂုံ ရွတ်ဖတ်ပွားလျက်နေရာ ထိုပုဂ္ဂိုလ်မှာလည်း ကိုပုံထောင်၏နွားကို ကျောင်းပေးလျက်နေတော့၏။

ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ ထိုပုဂ္ဂိုလ်က "ထူးခြားတယ်မဟုတ်လား ပုံထောင်"ဟု မေးလေ၏။

ပုံထောင်ကလည်း-

"ထူးခြားတယ်။ စိတ်လည်း တည်ငြိမ်အေးချမ်းတယ်။ နောက်က ဖြစ်ခဲ့တာတွေ၊ ရှေ့ဖြစ်မယ့် ကိစ္စတွေ မြင်နေရတယ်။ အဲဒါ ဘာသဘောလဲဗျာ"

"အဲဒါ မနောအမြင်ဓာတ်လို့ခေါ်တယ်။ မင်းမှာ ပါရမီရှိတယ်။ အဲဒါကြောင့် ငါ မင်းဆီကို လာခဲ့တာပဲ။ အခု ငါ့တာဝန်ကျေပြီ။ မင်းတာဝန်ကျေဖို့ပဲ ကျန်တော့တယ်။ ငါ မင်းကို နှုတ်ဆက်ခဲ့မယ်"ဟု ထိုပုဂ္ဂိုလ်က ဆိုလေ၏။

သည်တော့မှ ကိုပုံထောင်သည်လည်း ထိုပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com

အပြည့်အဝ ယုံကြည်၍သွားလေတော့၏။ အဆို၊ အပြော၊ အခေါ်အပြုလည်း ပြောင်းသွားလေတော့၏။

"အဘကို ကျွန်တော်ကန်တော့ပါတယ် အဘ။ ကျွန်တော် ပြောမှားဆိုမှား ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါအဘ" ဟု ဆို၍ ကိုပုံထောင်သည် ထိုပုဂ္ဂိုလ်ကို ထိုင်၍ တရိတသေ ကန်တော့လိုက်လေ၏။

"ကဲ..ငါ့သား ပုံထောင်ကြီး၊ အဘ သွားပြီ" ဟုဆိုကာ ထိုပုဂ္ဂိုလ်သည် ရုတ်တရက် ပျောက်ကွယ်၍သွားလေတော့၏။

♦ ♦ ♦

ကိုပုံထောင်လည်း လောက်စာလုံးသုံးလုံးဖြင့် နေ့နေ့ညည အပတ်တကုတ်ကြိုးစား၍ သရဏဂုံ(၃)ပါးကို မှားများအားထုတ်၍ နေလေတော့၏။

တစ်နှစ်တာကာလတစ်ခု လွန်မြောက်လာသောအခါ ကိုပုံထောင်သည် တစ်နေရာတည်း၌ နေချင်စိတ်မရှိတော့သောကြောင့် မိမိနွားမကို ဘေးမဲ့လွှတ်ပေးခဲ့ပြီးလျှင် ခြေသုံးအိမ်တိုင် လျှောက်သွားနေလေတော့၏။

ဤသို့ နေတိုင်း ကျက်စားသွားလာရင်း တစ်နေ့သ၌ သူ၏ဆရာ ဖြစ်ခဲ့ဖူးသော အဘအောင်မင်းခေါင်ဆိုသော ပုဂ္ဂိုလ်ကြီးနှင့် တစ်ခုသောနေရာ၌ ပြန်ဆုံမိကြလေ၏။

ထိုတစ်ခုသောနေရာမှာ သယ်နိုးကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစ်စေတီတော်၌ ဖြစ်လေသည်။

"ဟော်ကောင် ငပုံထောင်၊ မင်း ထူးခြားတယ်မဟုတ်ဘူး" ဟု မြင်မြင်ချင်းပင် အဘဆိုသော ပုဂ္ဂိုလ်ကြီးက ဆိုလေ၏။

ကိုပုံထောင်ကလည်း အမှန်အတိုင်းပင် ဖြေလေ၏။

"ဟုတ်ကဲ့ အဘဆရာကြီး"

"အိမ်း..မင်းက ဆရာကြီးတစ်လုံးတောင် ပိုလာပါသေးကွ"

"ဟုတ်ကဲ့ အဘဆရာကြီး၊ အဘဆရာကြီးက ကျွန်တော့်ရဲ့အဘဖြစ်သလို လက်ဦးဆရာလည်းဖြစ်လို့ အဘဆရာကြီးလို့ ကျွန်တော်ခေါ်တာပါ အဘဆရာကြီး"

"ကြိုက်သလိုသာခေါ်ပါ။ ရပါတယ်။ အိမ်း..ဝိဇ္ဇာသင်းကိုလျှောက်ရင် ပထမတော့ ဆင်းရဲတယ်။ ဒုတိယတော့ ဒုက္ခရောက်တယ်။ တတိယကျတော့ ရူးတယ်။ စတုတ္ထကျတော့ ထူးတယ်။ အဲ..ပဉ္စမကျတော့မှ ဝိဇ္ဇာဖြစ်သွားကွ။ မင်းက အခု ဒုတိယအဆင့်ကို ကျော်လာပြီ။ တတိယအဆင့်ကို ရောက်တော့မယ်။ အဲဒီတော့ မင်းရူးတော့မှပဲ ငါ လာတွေ့တော့မယ်။ အိမ်း..ကဲ..သောက်ရူးလောင်းလေးငပုံထောင်၊ အရူးလေးငပုံထောင် ငါသွားမယ်" ဟုဆိုကာ အဘဆိုသော ပုဂ္ဂိုလ်သည် ပြောပြောဆိုဆို နှုတ်ဆက်၍ ထွက်သွားလေတော့၏။

ဤတွင် ကျွန်တော့်ကို ပြောပြခဲ့သော ကျွန်တော့်၏ ညီဝမ်းကွဲ ကျောင်းဆရာဦးသန်းလွင်၏ ဇာတ်အကြောင်းကား ဤတွင် ပြီးဆုံးခဲ့ပြီဖြစ်လေသည်။

သုံး

လေးနှစ်ခန့် ကြာသောအခါ ကျွန်တော့်ထံသို့ ညီဖြစ်သူ သန်းလွင် ရောက်လာပြီး တစ်ခိုန်က ကိုပုံထောင်၏ အကြောင်းကို ဆက်၍ပြောပြလေ၏။

"ကိုပုံထောင်က လူဝတ်ကောင်းပြီး ရသေ့ဝတ်သွားတယ်ဗျ။ ပြီးတော့ အရင်သူနေသွားတဲ့ ဖြူးအရှေ့ ဗန်းလောင်ရွာမှာပဲ တဲအသစ်ထိုးပြီး တရားအားထုတ်နေခဲ့တယ်။ လက်ရင်းတပည့်များနှင့် ရင်းနှီးကျွမ်းဝင်သူများက ဗန်းလောင်က ဘရသေ့ပဏ္ဍိ၊ တချို့က ဗန်းလောင်က အဘပုံဆိုပြီး ထင်ပေါ်ကျော်ကြားလာခဲ့တယ်။ ဒီမယ် အစ်ကိုမျိုး၊ ကျွန်တော်က အဲဒီအဘနဲ့အတူ (၃)နှစ်ကြာ နေထိုင်ခဲ့ဖူးတယ်ဗျာ။ အခုထိ ပုတီးမဆောင်ဘူး။ အဲဒီလောက်စာလုံးနဲ့ စိပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မိန်းမနဲ့ ကလေးကိုတော့ အိမ်တစ်ဆောင်နှင့် ဖယောင်းတိုင် လုပ်ငန်းနဲ့ အရင်းအနှီး ထောင်ပေးပြီး ရာသက်ပန် အဆက်အသွယ်ဖြတ်လိုက်တယ် အစ်ကိုမျိုး'

'တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲဗျာ'

ကျွန်တော်က တအံ့တသြ ရေရွတ်လိုက်သည်။

ပြီးနောက်-

'အိမ်နဲ့ ဖယောင်းတိုင်လုပ်ငန်း အရင်းအနှီးငွေတွေက ဘယ်က ဘယ်လိုလုပ်ရတာလဲ သန်းလွင်'

ဟု ညီဖြစ်သူကို မေးလိုက်ရာ ၄င်းက-

'သိုက်က ဥစ္စာစောင့်တွေက လျှုတယ်လို့ ပြောတာပဲ။ ဒီထက်ထူးဆန်းတဲ့ ကိစ္စတစ်ခုရှိသေးတယ်'

ဟု ကျွန်တော်က ထပ်ပြောရာ ကျွန်တော် စိတ်ဝင်စားစွာဖြင့်-

'ဘယ်လိုထူးဆန်းတာလဲကွ'

ဟု ပြန်၍မေးလိုက်က ၄င်းက-

'အဲဒီဗန်းလောင်က ဘရဏ္ဍေပဏ္ဍိ၊ ဗန်းလောင်က အဘုဲက အခု ဗန်းလောင်မှာ မရှိတော့ဘူး အစ်ကို။ ခန္ဓာဝန်ချပြီး ထွက်ရပ်ပေါက်သွားပြီလို့ ပြောတယ်။ အဲဒီ အကြောင်း အတိုအကျ အမှန်အကန်ကို အစ်ကိုသိချင်ရင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဗန်းလောင်ကို သွားကြမယ်လေ။ အဲဒီဗန်းလောင်မှာ ကျွန်တော် ကျောင်းဆရာလုပ်ခဲ့သေးတယ်'

ဟု ညီဖြစ်သူကဆို၍ ကျွန်တော့်မှာ-

'လိုက်ရင် ဘာထူးမှာလဲ သန်းလွင်'

'ဟာ..အစ်ကိုမျိုးကလည်း လိုက်ရင်တော့ ထူးမှာပေါ့ဗျာ။ အဘရသေ့ရဲ့ ရွှေချထားတဲ့ လောက်စာလုံး(၃)လုံးကို ဗန်းလောင်ရွာမှာ ဝှက်ထားခဲ့တယ်လို့ ပြောတယ်။ ဘယ်သွေ့ရှိတဲ့လူ ထူးမယ်လို့လည်း တဲ့ရှေ့မှာ စာကမ္ဘည်းထိုးထားခဲ့တယ်လို့ ပြောကြတယ်ဗျာ။ ဟုတ်,မဟုတ်တော့ အစ်ကိုနဲ့ကျွန်တော်တို့ သွားကြည့်ကြတာပေါ့'

ဟု ဆို၍ ကျွန်တော်မှာ ကျွန်တော့်ဇာတိဖြစ်သော ဖြူးမြို့အရှေ့ ၄င်းဗန်းလောင်ရွာဆီသို့ နေ့မဆိုင်း ညမဆိုင်း ယခုချက်ချင်းပင် ထသွားချင်စိတ်များ ပေါက်၍သွားမိတော့သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

ဂဏိတ ဆရာလှမျိုး (B.Sc) (လယ်/ပြု၊ ငြိမ်း)

အောင်ကောင်းမြ(သာဓကတာ)

ကြယ်ဇိုင်းဇာတာ ဗေဒင်ဟောစာန်းနှင့် နဝင်းယကြောတော်နှင်းမှ (၃)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ဘျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အဆိုက်အစံ ရန်အနှောက်အယှက် တိုးတက်အဝေးအဆွက် အစွမ်းထက် နဝင်းဓာတ်ဆေးထုတ်၊ ကံမွန်လာတဲ့ဥစ္စာ၊ အသစ်ရောင်းကင်း အစီအရင်များ၊ (လက္ခဏာဝစ်ရေး၊ ထီဝယ်နည်းစွဲ၊ အကျိုးဝေးအဆောင်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း ကလေးအညီဝေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် ဟောစာတမ်းရေးဝေးခြင်းတို့ကို အထူးဆောင်ရွက်ပေးပါသည်။ နယ်မှ ဟောစာတမ်းမှာပါက ဥာဏ်ပူဇော်ခ (၁၀၀၀)ကျပ် ကြိုတင်ပေးပို့ပါ။

ပေးပို့နည်း – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေညောင်သည်(၂)၊ ၄၈၊ ၅၃ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၇၊ တာမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

ဓနုဂဏ် - ခံခက်(၃)နာရီခွဲ (၂)နာရီအထိ (ငွေပေးနေ့တိုင်း နှစ်သစ်)

www.burmeseclassic.com

www.burmeseclassic.com

ဝေယ်ဂင်းဆိုင်
တစ်ဆွေလေးပေးသော
ဆေးမြစ်

ဦးပေသီးသည် သူ့ယာဘေးနားရှိ တောင်ကျ ချောင်းခြောက်တစ်ခုကိုဖြတ်၍ ဆည်ကန်သင်း တမံတုတ်နေသည်။ သူ ဆည်နေသော ကန်သင်း တမံမှာ မြေသားဆည်မဟုတ်။ ချောင်းခြောက်ဘေးနှစ်ဖက်ရှိ ကျောက်လုံး၊ ကျောက်ခဲများကို မြေဆွတ်ယူကာ ကျောက် တုံးကျောက်လုံးများကို စီချ၍ ပိတ်ဆည်နေသော ကျောက် ဆည်ကန်သင်း ဖြစ်သည်။

နွေလတွင် ရေမရှိသော တောင်ကျ ချောင်းငယ်ကို ဖြတ်ဆယ်ထားခြင်းအားဖြင့် မိုးတွင်းကာလရောက်၍ တောတောင်ထဲမှ ရေစီးကျလာသောအခါ သူ ဆယ်ထား သော ဆည်အတွင်းပိုင်းတွင် နုန်းမြေ များ တင်ကျန်ခဲ့ကြမည်။ မိုးကုန်၍ ဆောင်းဦးပေါက် ရောက်သောအခါ ထိုနုန်းမြေပေါ်တွင် ဦးပေသီး ဆေးရွက် ကြီးပင်များ စိုက်ရမည်။

နွေရောက်လျှင် ထိုဆေးရွက်ကြီး များကိုခူး၍ ဦးပေသီး ရောင်းချမည်။

ဤသည်မှာ ဦးပေသီး၏ နှစ်စဉ်နှစ်တိုင်း လုပ်နေကျအလုပ် ဖြစ်သည်။ ဤနွေ ဦးပေသီး ကန်သင်း ဆယ်သော အလုပ်ကို တစ်မနက်လုံး အားသွန် ခွန်စိုက်လုပ်သည်။ နေမွန်းတည့်ချိန် အရောက်တွင် အလုပ်နား၍ ထုပ်လာသော ထမင်းထုပ်ကို ဖြေစား၏။ ပြီးတော့ ယာတဲထဲက တဲပေါ်တွင် တရေးတမော မှေးနေ၏။ မှေးရာထလျှင် သူသည် ဆည်ကန်သင်း ပြန်ဆယ်ရဦးမည်။

မောမောနှင့်မို့ ဦးပေသီး မည်မျှအိပ်ပျော်သွားသည် မသိ၊ တစ်စုံတစ်ယောက်က သူ့ ခြေထောက်ကို လာကိုင်လှုပ်နှိုးသဖြင့် ဦးပေသီး မျက်စိဖွင့်ကြည့်လိုက်၏။ သူ့ခြေရင်းတွင် ငါးနှစ်၊ ခြောက်နှစ်သား အရွယ် ကလေးငယ်တစ်ယောက်ကို မြင်သဖြင့် အံ့သြသွားမိသည်။ သူ့ဆေးခင်း၊ ကိုင်းခင်းဝန်းကျင် တောထဲတွင် ဘယ်ကိုင်းတဲ့ ယာတဲမှလည်း မရှိ။ ထို့ကြောင့် ကောင်လေးကို ဦးပေသီး

www.burmeseclassic.com

www.burmeseclassic.com

ခပ်ဆတ်ဆတ်ပင် မေးလိုက်သည်။

"ဟေ့ကောင်လေး..မင်း..ဘယ်ကလဲ။ ဘယ်သူ့သားလဲ"

"ဟိုဘက်တဲကပါ အဘ"

"ဘာ..ဟိုဘက်တဲလဲ၊ ဒီပတ်ဝန်းကျင်မှာ ဘာတဲမှ မရှိဘူး။ မင်း ဘယ်သူလဲ၊ မှန်မှန်ပြောစမ်း"

"ကျုပ် ဘယ်သူလဲဆိုတာ ဘဘသိချင်တယ် ဟုတ်လား"

"ဟဲ့..သိချင်လို့ မေးနေပါတယ်ဆိုမှ"

"သိချင်ရင် ကျုပ်ကို ကြည့်လေဗျာ။ ဟဲ..ဟဲ"

ကောင်လေးစကားအဆုံးမှာပင် ကောင်လေးသည် ခွက်ချင်း ရုပ်ပြောင်းသွား၏။ ဦးခေါင်းမှာ တင်းတောင်းလောက်ဖြစ်သွားပြီး မျက်လုံးကြီးနှစ်လုံးမှာလည်း တဖြည်းဖြည်း ကျယ်ကျယ်လာကာ အကြမ်းသောက်ပန်းကန်လုံးလောက် ဖြစ်သွားသည်။ သို့သော် သူ့အရပ်မှာ ခြောက်နှစ်၊ ခုနှစ်နှစ်သား အရွယ်ထက် ရှည်မလာဘဲ ဦးပေသီး ခါးလောက်သာ ရှိနေ၏။

"အောင်မာ..လက်စသတ်တော့ မင်းက သရဲတစ္ဆေလေးကိုး"

"ဟုတ်ပါတယ် ဘဘ"

"ဟဲ့..ဟဲ့..မင်းက ငါ့ကို လာခြောက်တယ်ပေါ့လေ။ ဟာကောင်..ဒီလို နေ့ခင်းမပြောနဲ့၊ ည‌ကြီးမင်းကြီး ငါ့ကို လာခြောက်လည်း ငါက သရဲတစ္ဆေခြောက်တာလောက် ကြောက်တတ်တဲ့လူမှ မဟုတ်တာ"

"ဘဘ မကြောက်တတ်မှန်း ကျုပ်သိပါတယ်"

"ဟဲ့..ဒါဆို နေ့ခင်းကြောင်တောင်ကြီး မင်း ငါ့ကို ဘာလို့လာခြောက်နေလဲ"

"ကျုပ် ဘဘကို ခြောက်တာ မဟုတ်ပါဘူး။ အကူအညီတစ်ခု တောင်းချင်လို့ လာတာပါ"

"ဘာအကူအညီလဲကွ။ မင်း ထမင်းစားချင်ရင် စောစောလာမှပေါ့။ ခု ငါ ထမင်းစားပြီးလို့ တစ်ရေးနှပ်နေတော့ ခု မင်းလာလည်း ဘာစားရတော့မှာလဲကွ။ ငါ့မှာ မင်းကို ကျွေးစရာ ဘဲမှမရှိတော့ဘူး"

"ဟာ..ဘဘကလည်း ထမင်းစားချင်လို့ မဟုတ်ပါဘူး။ အကူအညီတောင်းချင်လို့ပါဆို"

"ဘာအကူအညီလဲ၊ ပြောလေကွာ။ မင်းရုပ် ရွံစရာကြီးကိုလည်း ပြန်ပြင်ဦးလေကွာ။ ငါ မင်းကို မြင်နေရတာ မနက်က စားထားတဲ့ ထမင်းတွေတောင် ပြန်အန်ထွက်ချင်လာပြီ။ လုပ်စမ်းပါ၊ မင်းရုပ်ကို ပြန်ပြင်စမ်းပါ ပြန်ပြင်"

ဦးပေသီး၏ စကားအဆုံးမှာပင် တစ္ဆေလေး၏ရုပ်က ခြောက်နှစ်၊ ခုနှစ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက် အသွင် ပြန်ဖြစ်သွားသည်။

"ကျုပ်တောင်းချင်တဲ့ အကူအညီက ဒီလိုပါ ဘဘ"

"အေးပါ၊ ပြောစမ်းပါ။ ဘဘကူညီနိုင်ရင် ကူညီမှာပေါ့"

"ဘဘတို့ရွာမှာ ခု နတ်ကနားပွဲ လုပ်နေတယ်လေ"

"ငါသိပါတယ်။ ဟိုနတ်ကတော်ခင်ရီတို့ အိမ်မှာလေ"

"ဘယ်သူ့အိမ်လည်းတော့ ကျုပ်မသိဘူး။ ကျုပ်အမေ မနက်ကတည်းက အဲဒီနတ်ကနားပွဲ ထွက်သွားတာ ခုထိ ပြန်မလာသေးဘူး ဘဘ။ ကျုပ်ညီလေး နို့ဆာလို့ ငိုနေတာ ခု ဘဘ နားထောင်လိုက်ပါ၊ ကြားရမှာပါ"

တစ္ဆေလေးစကားက တကယ်လားဟု ဦးပေသီး နားစွင့်လိုက်၏။ သူ၏ ယာအစပ်တောနားမှာ ကလေးတစ်ယောက် အာခေါင်ခြစ်ငိုနေသံကို အမှန်ပင် ကြားနေရ၏။

"ကျုပ်ညီလေး ငိုနေသံ ဘဘကြားရဲ့လေ"

"ကြားပါတယ်။ အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

"ဘဘ ရွာပြန်သွားတဲ့အခါ ကျုပ်ညီလေး နို့ဆာလို့ တစ်နေလုံး ငိုနေတယ်ဆိုတာ နတ်ကနားရောက်နေတဲ့ အမေ့ကို ပြောပေးပါဗျာ"

"ဟ..ငါက လူကွ၊ မင်းအမေ တစ္ဆေမကို ငါ ဘယ်လို လုပ်မြင်နိုင်မလဲ"

"ကျုပ် ဆေးနည်းပေးလိုက်ပါ့မယ် ဘဘ"

"ဟော..တယ်ဟုတ်ပါလား တစ္ဆေလေးရာ။ လုပ်စမ်းပါဦး။ မင်းတို့တစ္ဆေတွေကို ငါတို့လူတွေ မြင်ရတဲ့ဆေးနည်း"

"လွယ်လွယ်လေးပါ ဘဘရာ။ ခု ဘဘ ရွာပြန်သွားတော့ ဘဘတို့ ရွာအဝင်လမ်းထိပ်မှာ ညောင်ပင်ကြီးတစ်ပင် ရှိတယ်ကော။ အဲဒီညောင်ပင်ကြီးအောက်မှာ ပေါက်နေတဲ့ ညောင်ပင်လေးတစ်ပင်ကို ဘဘ နုတ်ယူလိုက်။ အိမ်ရောက်သွားရင် အဲဒီညောင်ပင်လေး အမြစ်ကိုသွေးပြီး မျက်စိမှာကွင်း၊ ပြီးတော့ နတ်ကနားပေးနေတဲ့ နေရာသွားပြီးကြည့်၊ ကျုပ်အမေကို တွေ့ရပါလိမ့်မယ်။ တွေ့တဲ့အခါသာ ကျုပ်ညီလေး နို့ဆာလို့ ငိုနေတယ်ဆိုတာ အမေ့ကို ပြောလိုက်"

"မင်းပဲ အပြောကောင်း။ ငါက ညောင်ပင်ပယ်မြစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်စိကွင်းကြည့်ပြီဆိုပါတော့၊ နတ်ကနားဆိုတာက မင်းအမေလို တစ္ဆေမှင်စာမတွေက ကြိတ်ကြိတ်တိုး ကခုန်နေကြမှာပေါ့။ ဘယ်ကောင်မက မင်းအမေပါလို့ ငါ ဘယ်လို လုပ်ခွဲခြားသိမလဲကွ'

'ဟုတ်ပါတယ် ဘဘ။ ကျွမ်းပြောတာ နည်းနည်းလောသွားလို့ပါ။ ခုလောလောဆယ်မှာ သားသည်အမေ တစ္ဆေမဆိုလို့ အမေကလွဲရင် ဘဘတို့ ရွာနားဝန်းကျင်မှာ တစ်ယောက်မှ မရှိပါဘူး ဘဘ။ သားသည်အမေဆိုတာ ဘဘတို့ လူလိုပဲ အသိသာကြီးပါဗျာ။ ကျေးဇူးပြုပြီး ပြောပေးစမ်းပါ'

'ကောင်းပါပြီ မောင်ရာ။ နို့ဆာလို့ ငိုနေတဲ့ မင်းညီလေးကိုလည်း ဘဘ သနားလို့ ခုပဲ သွားလိုက်ပါမယ်ကွာ။ စိတ်ချ..စိတ်ချ'

'ကျေးဇူးပါပဲ ဘဘရယ်'

သို့နှင့် ဦးပေသီးသည် တစ္ဆေလေး မှာလိုက်သည့် အတိုင်း ရွာပြန်လာသည်။ ရွာထိပ်ညောင်ပင်ကြီးအောက်က ညောင်ပင်လေးတစ်ပင်ကို နတ်ယူလာ၏။ အိမ်ရောက်သော အခါ ညောင်ပင်လေးမြစ်ကို ကျောက်ပျဉ်တွင်သွေးပြီး မျက်စိကို ကွင်း၏။ နောက်နောင် တစ္ဆေတွေကို ကြည့်ချင်လျှင် ကြည့်နိုင်ရန် ရည်ရွယ်ချက်နှင့် ညောင်မြစ်ကလေးကို ခါးထိုးပြီး နတ်ကနားပေးနေသော နတ်ကတော်မ ခင်ရီတို့ အိမ်နား လျှောက်လာ၏။

တစ္ဆေလေး မှာလိုက်သည်မှာ အမှန်ပင် ဖြစ်သည်။ တစ္ဆေမများ အများကြီးထဲတွင် နို့သက်နေသော သားသည်အမေ တစ္ဆေမတစ်ကောင်သည် နတ်ကနားတွင် ကြိုထားသော ပေါက်ပေါက်ပွင့်များကို ကောက်စားနေတာ မြင်ရ၏။ ဦးပေသီး ထိုတစ္ဆေမနား ကပ်သွား၏။ တစ္ဆေမ

ကမူ တစ်နေ့လုံး ဗျော်မြူးကခုန်ထား၍လားမသိ၊ ဦးပေသီးကို သတိမပြုမိဘဲ မောမောနှင့် ပေါက်ပေါက်ပွင့်များကိုသာ ကောက်စားနေ၏။

'အောင်မာ..ဟဲ့ကောင်မ၊ နင်ကတော့ ဗျော်လိုမြူးလို့ စားလို့ သောက်လို့ လုပ်နေ၊ နင့်ကလေး နို့ဆာလို့ သေတော့မယ်။ နင့်အကြီးကောင်က ခုချက်ချင်း ပြန်လာခဲ့ပါ မှာလိုက်လို့ ငါ အခုလာပြောရတာ သောက်စားငမ်းမနေနဲ့ တစ္ဆေမ။ နင့်ကလေး..'

ဦးပေသီးစကား မဆုံးလိုက်ရ။ တစ္ဆေမသည် ဦးပေသီးကို ဖက်လုံးတော့၏။ သည်လိုနှင့် နတ်ကနားပွဲတွင် ဦးပေသီးနှင့် တစ္ဆေမတို့ ဖက်လုံးသတ်ပုတ်ကြရာ ဦးပေသီးလုံချည်ကျွတ်ကျသွားသောအခါ တစ္ဆေမလည်း လန့်ပြီး ထွက်ပြေးသွားလေသည်။ ဦးပေသီး လုံချည်ကျွတ်ကျသွားသဖြင့် ဦးပေသီး ခါးထိုးထားသော ညောင်ပင်ငယ်မြစ်ခွေးတစ်ကောင်က ကိုက်ချီယူပြေးသွားလေသည်။

နတ်ကနားတွင် တစ်ယောက်တည်း လုံးထွေးသော ပုတ်ကာ ပက်လက်လန် သတိမေ့နေသော ဦးပေသီးအား ရွာသူရွာသားများက ဆွဲထူဝိုင်းမေးကြရာ ဖြစ်ကြောင်းအစဉ်ကို ဦးပေသီးက ပြောပြလိုက်သည်။

ထိုအခါ တစ္ဆေတွေကို မြင်လို ကြည့်လိုကြသောသူများသည် ရွာထိပ် ညောင်ပင်ကြီးအောက်သို့ တစ္ဆေသားတွေကို မြင်နိုင်သော ညောင်ပင်လေးဆေးမြစ်နတ်ရန် ရွာထဲက ငါဦး ပြေးကြလေသည်။ သို့သော် ရွာဦးထိပ်ရှိ ညောင်ပင်ကြီးအောက်သို့ သူတို့ ရောက်သွားကြသောအခါ ညောင်ပင်ကြီး အောက်တွင် ညောင်ပင်လေးဆို၍ တစ်ပင်မှ မတွေ့ကြရတော့ပေ။

ဤသည်မှာလည်း ထိုစဉ်ကသာ မဟုတ်၊ ယခုခေတ် ဘယ်ညောင်ပင်အောက်မှာမှ ညောင်ပင်လေး ပေါက်သည်ကို ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်နေရာမှာမှ မတွေ့ကြရတော့ပေ။

ဤသည်မှာ သူတို့အား လူသားများကြည့်လျှင် မြင်နိုင်သော ဆေးမြစ်ဖြစ်သည့် ညောင်ပင်ငယ်များကို တစ္ဆေများက နတ်ပစ်လိုက်ကြ၍ ဖြစ်၏။ ယခုအခါ တစ္ဆေများသည် ခွေးများမြင်၍ ဟောင်ကြခြင်းမှာ ဦးပေသီးခါးက ထွက်သွားသော တစ္ဆေမြင်ဆေးမြစ်ဖြစ်သည့် ညောင်ပင်ငယ်မြစ်ကို ခွေးရသွား၍ ဖြစ်လေသည်။

ဒေယ်လင်းဆေ

ဝန်ခံချက်

စာရေးသူတို့ငယ်စဉ်က ခွေးဟောင်တာ တစ္ဆေကိုမြင်လို့ဟု အဘွားက ပြောပြရာ စာရေးသူက ခွေးက ဘာကို လုပ်မြင်မှာလဲ အဘွားဟု စောဒကတက်မိရာ ယင်းထက် အိပ်ရာဝင်ပုံပြင်ကို အဘွားကပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောင်ပြေးရာင်
ပြန်ခြစ်သား

အခန်း(၁)

ကျွန်ုပ်နှင့် ဆာဇူးကြီး

တစ်နေ့သ၌ ကျွန်ုပ်သည် ပဲခူး ရွှေမော်ဘောဘုရားကြီး၏ ရာဟု ထောင့်ရှိ မဋ္ဌူသကနတ်ပန်းပင် အောက် အုတ်ခဲလေးပေါ်တွင် ထိုင်လျက် အတွေးနယ်ချဲ့ကာ ရှိနေမိလေ၏။

ကျွန်ုပ်သည် ကမ္ဘီရလုံးချင်းဝတ္ထုတစ်ပုဒ် ရေးသားရန် ပဲခူးမြို့သို့ ရောက်ရှိနေခြင်း ဖြစ်ပြီး ခရီးရောက်မဆိုက်ပင် ရွှေ မော်ဘောဘုရားကြီးအား ဦးခိုက်လျှောက် သမ္မာဒေဝ နတ်ကောင်းနတ် မြတ်များအား ပင့် ဖိတ်မေတ္တာရှိ အမျှဝေကာ ကျွန်ုပ် ရေးသားအံ့ သော ဝတ္ထုအတွင် တတ်စွမ်းသမျှ ပါဝင် ကူညီစွမ်းဆောင်ကြပါ မေတ္တာရပ်ခံ ပန်ကြားသမှု ပြု ခဲ့ပြီး ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤကား ကျွန်ုပ်အနေဖြင့် ဂန္ဓီရလုံးချင်း ဝတ္ထုတစ်ပုဒ်ရေးခင် ပြုလုပ်အပ်သော ဆောင်ရွက်မှုပေတည်း။

ကျွန်ုပ်သည် ဤသို့လုပ်ဆောင်ပြီးသကာလ ဝတ္ထုစတင်ရေးသားရန် ဇာတ်လမ်းဇာတ်ကွက် ဇာတ်အိမ်ချ တွေးတောမင်း မဋ္ဌသကနတ်ပန်းပင်အောက်၌ ထိုင်နေခြင်းဖြစ်လေ မဋ္ဌသကနတ်ပန်းကား လွန်စွာရှားပါး၍ အဖိုးတန်သောပြား မျိုး ဖြစ်ပေ၏။ အပွင့်မှာ ခရေပွင့်နှင့်တူ၍ လွန်စွာချို စားသုံးလျှင် နှလုံးသွေးကို ကြည်လင်စေ၍ နှလုံးကောင်းဦးနှောက်ကြည်စေတတ်လေ၏။

ကျွန်ုပ် ထိုင်နေချိန်ကား မိုးတွင်းကာလဖြစ်သဖြင့် အပွင့်မရှိသေးဘဲ ရွက်နုများသာ ထွက်နေ၏။ အပွင့်ကား နောင်းအကုန် နွေဦးရာသီလောက်မှာ ရတတ်၏။

ကျွန်ုပ်သည် မဋ္ဌသကနတ်ပန်းပင်အောက် ထိုင်ရင်း ရေးရင်း ဝတ္ထု၏ ဇာတ်အပွင့်ကို ဘယ်က စရေးရမှန်းမသိ ဖြစ်နေမိလေ၏။ ရေးသားမည့်ဝတ္ထု၏ ခေါင်းစီးကား မြေမင်းသားဖြစ်ပြီး ဇာတ်လမ်းဇာတ်ကွက်မှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ပန္နက်ရိုက်ပြီးခဲ့လေ၏။ ဇာတ်လမ်းအတွက် မြေတို့၏ အကြောင်းအရာများကို လေ့လာစူးစမ်း မေးမြန်းစုဆောင်းခဲ့ဖြစ်၍ မရေးဖြစ်သေးဘဲ ရှိနေရခြင်း ဖြစ်လေ၏။

ဝတ္ထုတစ်အုပ်ရေးရာ၌ ဇာတ်လမ်းအစနှင့် ဇာတ်သိမ်းပိုင်းသည် ဤသို့ပင် ခက်ခဲကြန့်ကြာမြဲ ဖြစ်တတ်လေ၏။ ဇာတ်လမ်းလယ်ကား ရေးရလွယ်မြဲ ဖြစ်၏။ ကျွန်ုပ်သည် ယခု မြေမင်းသား ဝတ္ထုအတွက် ဇာတ်အဖွင့်ကို စတင်ရေးသားရန် တွေးတောကာ ထိုင်နေမိခြင်း ဖြစ်လေ၏။

ထိုစဉ်အခိုက် ကျွန်ုပ်၏ မျက်လုံးအိမ်ထဲသို့ ထူးခြားသော မြင်ကွင်းတစ်ရပ် မော်လာလေ၏။ အခြားမဟုတ်ပေ၊ အထူးအဆန်းသဖွယ်ဖြစ်နေသော ပုဂ္ဂိုလ်နှစ်ယောက်သည် ဘုရား၏ တောင်ဘက်ဆီမှ လက်ဝဲရစ် လျှောက်လှမ်းလာ

www.burmeseclassic.com

နေသော မြင်ကွင်းပင် ဖြစ်လေ၏။

သာမန်လူနှစ်ယောက် လျှောက်နေခြင်းကား ဘာမှ ဆန်းမည် မဟုတ်သော်လည်း ယခုမြင်ကွင်းကား ဆန်းနေလေ၏။ ဆန်း၍လည်း ကျွန်ုပ် သေချာစူးစိုက်ကြည့်နေမိလေ၏။

ပိန်ပိန်ဖြူဖြူ အသက်အားဖြင့် ရှစ်ဆယ်၊ ကိုးဆယ်ခန့်ဟု ခန့်မှန်းရသော ယောကျိ်ဝတ်ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ခပ်ငယ်ငယ် အသက်နှစ်ဆယ်၊ အစိတ်ခန့် လူရွယ်တစ်ဦးတို့သည် အတူယှဉ်တွဲ လျှောက်လှမ်းလာနေကြ၏။ သူတို့သည် ကျွန်ုပ် မြင်ကွင်းရှေ့သို့ ဦးတည်လျှောက်လာနေခြင်း ဖြစ်လေ၏။

ထူးခြားသည်မှာ ပိန်ပိန်ဖြူဖြူ ယောကျိ်ဝတ်ပုဂ္ဂိုလ်ကြီး၏ ပုံသဏ္ဌာန်မှာ မုတ်ဆိတ်မွေးဖြူဖြူကြီးက တစ်ထွာခန့် ရှည်ကျနေပြီး ခေါင်းထက်က ဆံပင်ဖြူဖြူမှစ၍ ခေါင်းပေါ်မှာရှိနေရာ ဆာဒူးကြီးတစ်ဦးနှင့် တူနေခြင်းပင် ဖြစ်လေ၏။ ယောကျိ်ရောင် တစ်ကိုယ်လုံး လွှမ်းခြုံထား၍ ရသေ့တစ်ပါးဟု သမုတ်အပ်သော်လည်း ဆာဒူးတစ်ဦးအသွင်နှင့်သာ တူနေသဖြင့် ဆာဒူးကြီးဟု သတ်မှတ်ရခြင်းဖြစ်တော့၏။

ဘေးမှ အတူပါလာသော လူငယ်လေးမှာ ဖြူဖြူသွယ်သွယ် နှာတံကောင်းကောင်းလေး ဖြစ်သော်လည်း ဆံပင်ရှည်ကို စုထုံးထားလျက် ပါးမြိုင်းမွေးများမှာလည်း လူငယ်တစ်ယောကျိ်၏ အသွင်အပြင်လည်းမဟုတ်၊ ဆာဒူးကြီးကဲ့သို့လည်း ဝတ်စားမထား၊ သာမန်ပုဆိုး၊ အင်္ကျီတို့သာ ဝတ်ထားလျက်ရှိလေရာ အလွန်ထူးခြားသော အသွင်အပြင်ပင် ဖြစ်လေ၏။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်နှစ်ဦးအား မျက်တောင်မခတ် ကြည့်နေမိလေ၏။ ထိုအချိန်ထိ အနှီပုဂ္ဂိုလ်နှစ်ဦးသည် ကျွန်ုပ်ရေးသားမည့် မြေမင်းသား ဝတ္ထုကြီးနှင့် ဆက်စပ်ပတ်သက်နေလိမ့်မည်ဟု မတွေးမိခဲ့ပါချေ။

သူတို့နှစ်ဦးသည် ကျွန်ုပ်ရှေ့နားသို့ ရောက်လေသော် ကျွန်ုပ်အား တစ်ချက်ငေ့ကြည့်လျက် ကျွန်ုပ်အနီး ရှေ့နား၌ ရှိနေသော စတီး(လ်)သောက်ရေသန့်ဘူးကြီးထဲမှ ရေကို ခံယူသောက်သုံးကြလေ၏။ ဆာဒူးကြီးက သူ၏ အိတ်ကြီးထဲမှ ရေခွက်ငယ်လေးကိုထုတ်ယူကာ ထိုခွက်လေးနှင့် ရေခံသောက်သုံးခြင်းဖြစ်၏။ ပြီးလျှင် ဘေးက လူငယ်လေးကို တစ်ခွက် ပေးလိုက်၏။

ရေသောက်ပြီးကြသော် ကျွန်ုပ်ဘေးသို့ ဝင်ထိုင်ကြလေရာ ကျွန်ုပ်မှ နေရာရွှေ့ပေးလိုက်မိလေ၏။ ဆာဒူးကြီးက ကျွန်ုပ်ဘေးမှာ ဝင်ထိုင်သော်လည်း လူရွယ်လေးကမူ ဘေးဘဲ ဘေးမှာ ရပ်နေလေ၏။

ကျွန်ုပ်က ဘာမှစကားမဆိုမိသေးဘဲ အကဲခတ်ကြည့်နေမိလေရာ ဆာဒူးကြီးက ကျွန်ုပ်အား 'လူလေး...ဘာကြည့်နေတာလဲ' ဟု မေးလေ၏။

ကျွန်ုပ်လည်း စိတ်ထဲရှိသည်အတိုင်းပင် မေးပြော ခြင်း လိုက်မိလေ၏။

'အာကို ထူးဆန်းလို့ ကြည့်နေမိတာပါ။ အာ ရသေ့လား၊ ဆာဒူးကြီးလားဟင်'

ဟု မေးလေရာ ထိုပုဂ္ဂိုလ်ကြီးက ခေါင်းတညိတ်ညိတ် လုပ်ရင်း-

'အိမ်း...တကယ်တော့ ရသေ့နဲ့ ဆာဒူး ဘာမှမကွာပါဘူး။ လူမျိုးနဲ့ အသားအရောင် ကွာသွားလို့ရယ်၊ ထုံးတမ်းစဉ်လာအရ ဝတ်ဆင်မှုကြောင့်သာ ခွဲခြားခေါ်တာပါ။ ကျင့်ကြံအားထုတ်မှုချင်းကတော့ အတူတူပါပဲ လေးရဲ့'

ဟု ပြောလေရာ ကျွန်ုပ်က-

'အာကရော ရသေ့လား၊ ဆာဒူးလား' ဟု ထပ်မေးလေ၏။

ထိုပုဂ္ဂိုလ်ကြီးက-

'အိမ်း...အာက ဆာဒူးအကျင့် ကျင့်နေလေတော့ ဆာဒူးယောဂီပဲ ဆိုပါတော့။ ကဲ...လူလေးသိချင်တာတွေ အာသိတယ်။ ပြောသင့်သလောက် ပြောသွားမယ်။ အခြေသိပ်မရပေဘူး'

ဟု ဆိုလေရာ ကျွန်ုပ်မှ ဝမ်းသာအားရပင်-

'ဟင်...ဟုတ်လား၊ ဒါဆို ပြောပါ အာရယ်' ဟု သာအားရ ပြောလိုက်မိလေ၏။

ကျွန်ုပ် ဘာသိချင်သည် ဆိုသည်ကိုလည်း တမင်မပြောဘဲ ထားလိုက်မိလေ၏။

ဆာဒူးကြီးက ကျွန်ုပ်အား ခပ်ပြုံးပြုံးကြည့်ကာ-

'လူလေးသိချင်တဲ့ အကြောင်းအရာတွေဟာ လူလေး ရှေ့မှာပဲ ရှိပေတယ်။ ကဲ...ကဲ...ဒီတောင်ငေ့းကိုကြည့်'

ဟု ဆိုကာ လက်ထဲမှ တောင်ငေ့းအား ရပ်နေသော လူရွယ်လေးထံ ပေးလိုက်၏။

ဆာဒူးကြီးပေးလိုက်သော တောင်ငေ့းအား လူငယ်လှမ်းယူကာ ကိုင်ထားပြီး ရပ်မြဲရပ်လျက် ရှိလေ၏။ ကျွန်ုပ်လည်း တောင်ငေ့းကို ယခုမှ သေချာကြည့်မိလေရာ တော

www.burmeseclassic.com

www.burmeseclassic.com

ဝေး၏ လက်ကိုင်ထိပ်သည် မြွေတစ်ကောင်၏ ဦးခေါင်း သဏ္ဌာန်ရှိနေပြီး တောင်ဝေးတစ်ခုလုံးကို မြွေတစ်ကောင်က လိမ်ပတ်ထားသကဲ့သို့ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ် ကြည့်နေရင်းပင် တောင်ဝေးထိပ်မှ မြွေ၏ ဦးခေါင်းသဏ္ဌာန်သည် သက်ဝင်လှုပ်ရှားလာသည်ဟု ထင်မိလေရာ မျက်လုံးကို မှတ်သပ်၍ ကြည့်မိလေ၏။

မှင်တက်နေသော ကျွန်ုပ်အား ကြည့်ကာ ဆာဒူးကြီးက-

"အံ့သြနေလား လူလေး..မကြောက်ပါနဲ့။ လူလေး မြွေတွေနဲ့တွေ့တိုင်း ဘာလုပ်ခဲ့သလဲ။ ပြုလုပ်နေကျအတိုင်း လုပ်ကြည့်လိုက်ပါ"ဟု ပြောလေ၏။

ကျွန်ုပ်လည်း ထိုအခါမှ သတိရကာ-

"သင်နှင့် ကျွန်ုပ်သည် ရန်သူများ မဟုတ်ပါ။ သင်တို့အား ကျွန်ုပ် သတ်ဖြတ်ခြင်း မပြုလုပ်ခဲ့ပါ။ သင်တို့အပေါ် မေတ္တာစိတ် ထားရှိခဲ့ပါ၏။ အသင် ကျွန်းမာပါစေ၊ ဘေးရန်ကင်းရှင်းပါစေ"ဟု တိုင်တည်ကာ မေတ္တာပို့ ဆုတောင်းပိုက်လေ၏။

ဤကား ကျွန်ုပ်ပြုလုပ်နေကျ မြွေတို့နှင့် ဆက်ဆံရေးဝင်တည်း။ ကိုယ်တွေ့အရလည်း မြွေများကို ဤသို့ စိတ်ဆားဖြင့် စကားပြော မေတ္တာပို့လျှင် ရှောင်ဖယ်သွားခဲ့သည်များသည်း ကြုံရလေ၏။

ယခုလည်း မြွေမဟုတ်သော မြွေနှင့် ကြုံရလေသဖြင့် ကျွန်ုပ်မှ အထက်ပါအတိုင်း တိုင်တည်မေတ္တာပို့မိလေ၏။ အံ့သြစရာတော့ အံ့သြစရာပင်။

ကျွန်ုပ်ရှေ့မှ တောင်ဝေးထိပ်ရှိ မြွေခေါင်းသည် လှုပ်ရှားမှု ငြိမ်ကျသွား၏။ ရုတ်ခြည်းပင် သက်မဲ့တောင်ဝေးထိပ်မှ အရုပ်လေး ပြန်ဖြစ်နေ၏။

ဆာဒူးကြီးက ကျွန်ုပ်အား ကြည့်ကာ ပြော၏။

"ပဋ္ဌလက်ပညာ မဟုတ်ပါဘူး။ သက်မဲ့ရုပ်ဝတ္ထုနဲ့ ဆက်ရှိဝိညာဉ်တို့ရဲ့ ဆက်နွယ်မှု စွမ်းအင်တစ်ရပ်သာ ဖြစ်ပေသည်။ လူလေး ကြားဖူးမှာပေါ့။ ပုဂံ ရွှေစည်းခုံဘုရားက ကျောက်မြင်းကြီးဟီတယ်။ လှုပ်တာတွေ တစ်ခြိုးနဲ့က ရှိတယ်ဟာ"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

"အေး..သက်မဲ့ကျောက်ရုပ်တွေပေမယ့် နာမ်လောကက ဝိညာဉ်တွေရယ်၊ ထူးခြားတဲ့ စွမ်းအင်တွေရယ် ဆက်စပ်ပြီး လှုပ်ရှားတာမျိုး ရှိတတ်လေရဲ့။ ကျောက်ရုပ်တွေ အတိုင်းတဲ့ ကျောက်ရုပ်လူသား မြို့တော်ဆိုတာတောင် ရှိခဲ့ဖူးလေရဲ့"

(ထိုအကြောင်းကို ကျွန်ုပ် နောက်ရေးသားမည့် ကျွန်ုပ်နှင့် ကျောက်ရုပ်လူသားမြို့တော် ဝတ္ထုကြီး၌ ဖတ်ရှုကြပါရန်။ စာရေးသူ)

"ဟုတ်ကဲ့၊ ပြောပါ အဘ"

"အိမ်း..အဲဒီအကြောင်းက နောက်ထား၊ အခု လူလေး ရှေ့မှာ ရပ်နေတဲ့ မြွေတောင်ဝေးကိုင်ထားတဲ့ ကလေးဟာ ဘယ်သူလို့ ထင်သလဲကွယ့်"

"မသိပါဘူး အဘ"

"မှတ်ထားကွယ့်၊ အဘရဲ့မြေး မြွေမင်းသား စောရန်အောင်ပဲ"

"ခင်ဗျာ"

ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားပြီးသကာလ တောင်ဝေးကိုင်ကာ ရပ်နေသည့် လူရွယ်အား ကြက်သေ၊သေကာ ကြည့်နေမိလေတော့၏။

ကျွန်ုပ်ရေးသားမည့် ဝတ္ထုဇာတ်လမ်းခေါင်းစဉ်မှာ မြွေမင်းသားဖြစ်ပေရာ ယခု ကျွန်ုပ်ရှေ့၌ ရပ်နေသူမှာ မြွေမင်းသား စောရန်အောင်ဟု ပြောလာသဖြင့် ကျွန်ုပ် အံ့သြမိခြင်း ဖြစ်လေ၏။

ထိုလူရွယ်ကို ကျွန်ုပ် သေချာကြည့်နေမိလေ၏။ အသက်မှာ ရှိလှ အစိတ်ခန့်သာ ရှိဦးမည်။ ဖြူဖြူ ပိန်ပိန်ပါးပါး ဖြစ်သော်လည်း ဆံပင်က သျှောင်ထုံး ထုံးထားသည်။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးက ဖြူဖြူဖြစ်ပြီး ရှည်လျားလှသည်။

သူသည် မျက်လုံးကို မှိတ်ထား၏။ ကျွန်ုပ်ကို မကြည့်ပါချေ။ သူ့လက်ထဲမှာတော့ မြွေရုပ်ပုံတောင်ဝေးကို ကိုင်ထားဆဲ။

"လူလေး..သေချာနားထောင်၊ တကယ်တော့ လောကကြီးဟာ လှိုင်ဂုဏ်နက်နဲမှုတွေနဲ့ ပြွမ်းတီးနေတာယ်။ ဂန္ဓိရလို့ ခေါ်ကြသပေါ့။ တစ်ခါတစ်ရံမှာ စိတ်ကူးယဉ်ဆိုတာတွေဟာ အပြင်လောကမှာ တကယ်ဖြစ်ခဲ့ဖူးသလို တကယ်ဖြစ်သွားတာမျိုးလည်း ရှိတတ်ယ်။ လူလေး တွေးကြံနေတဲ့ စိတ်ကူးဟာ တကယ်တော့ တစ်ခြိုးနဲ့က တကယ်ပဲ ဖြစ်ခဲ့ဖူးပါတယ်"ဟု ဆာဒူးကြီးက ကျွန်ုပ်အား ပြောနေ၏။

ကျွန်ုပ်က အံ့အားသင့်ကာ တအံ့တသြ နားထောင်ရင်း-

www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို အဘ၊ ကျွန်တော့်ကို ပြောပြပါလားခင်ဗျာ' ဟု တောင်းပန်မိလေရာ ဆာဒူးကြီးက ခေါင်းယမ်းလျက်-

'အိမ်း..အဘ့မှာက ပြန္ဒင့်ပဲရှိတယ်၊ ပြောဒွင့်မရှိပေဘူး' ဟု ဆိုလေရာ ကျွန်ုပ်က အလန့်တကြားပင်-

'ဒါ..ဒါဆို ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ' ဟု မေးမိလေ၏။

ဆာဒူးကြီးက-

'မပူပါနဲ့၊ လူလေးကို ပြောပြမယ်လူ ရှိပါတယ်။ လူလေး သိချင်တဲ့ အကြောင်းအရာတွေကို ပြောပြမယ်သူ ရှိပါတယ်'

ဟု ပြောသဖြင့် ကျွန်ုပ်က-

'ဘယ်မှာလဲ အဘ' ဟု အငမ်းမရမေးမိလေ၏။

ဆာဒူးကြီးက-

'လူကလေး ရန်ကုန်ကို ပြန်ပါ။ ခုနစ်ရက်အတွင်း လူလေးကို ပြောပြမယ် ဆာဒူးလေးနဲ့ တွေ့ပါလိမ့်မယ်' ဟု ပြောသဖြင့် ကျွန်ုပ်မှာ မချင့်မရဲ ဖြစ်သွားရလေ၏။

ဆာဒူးကြီးကမူ ဘာမှဆက်မပြောဘဲ လူရွယ်ထံမှ တောင်ဘေးကိုယူလျက် ထိုင်နေရာမှ ထသွားရန်ပြင်လေ၏။

ကျွန်ုပ်က စိုးရိမ်စွာဖြင့် တောင်းပန်ရင်း-

'အဘရယ်..ဘာမှမပြောခဲ့တော့ဘူးလား'

ဟု မေးလေရာ ကျွန်ုပ်အား ခေ့ခေ့ကြည့်ကာ-

'အချိန်တန်တော့ သိသင့်တာတွေကို သိရမှာပါကွယ်။ လောလော်ဆယ် လူလေးလုပ်ရမှာက ဘုရားရှေ့မှာ နာရီဝက်လောက် တရားထိုင်ဖို့ပါပဲ' ဟုပြောရင်း ကျွန်ုပ်၏အပါးမှ ထွက်ခွာသွားလေတော့၏။

မြေမင်းသားစောရန်အောင်ဟုဆိုသော လူရွယ်လေးမှာလည်း နောက်ပါးမှ ကပ်လိုက်သွားတော့၏။

တစ်ချိန်လုံး ဘာစကားမှမပြောဘဲ မျက်လွှာချထားသော ထိုလူရွယ်သည် ထွက်သွားခါနီးတွင်မှ ကျွန်ုပ်အား တစ်ချက်မျှ ကြည့်လိုက်လေရာ သူ၏ မျက်လုံးအစုံသည် စူးရှလင်းလက်နေသည်ကို မြင်လိုက်ရလေ၏။

ကျွန်ုပ်လည်း သူ့ကို ပြန်ကြည့်ရင်း 'မြေမင်းသားစောရန်အောင်' ဟု ရင်ထဲမှ ရေရွတ်လိုက်မိလေတော့၏။

ဆာဒူးကြီးနှင့် လူရွယ်တို့ ထွက်ခွာသွားရာသို့ ငေးမောကြည့်နေမိရာ နှစ်ဦးလုံး အနောက်ဘက်မုခ် လှေကားသို့ ဆင်းသွားသည်ကို တွေ့ရလေ၏။

၄၄၂ ကျိုက်ထီးရိုး ✦ ၂၀၁၄ ဇန်နဝါရီ

၄၄၃ ကျိုက်ထီးရိုး ✦ ၂၀၁၄ ဇန်နဝါရီ

၄င်းတို့ ဆင်းသွားပြီး မကြာခင် ထိုင်ရာမှထ၍ လိုက်လဲကြည့်ပါသော်လည်း အရိပ်အယောင်မျှ မတွေ့ရတော့ပေ။

ကျွန်ုပ်လည်း ဆာဒူးကြီး မှာသည့်အတိုင်း ဘုရားရှေ့တွင် နာရီဝက်သာသာမျှ တရားထိုင်နေမိလေ၏။ တရားထိုင်ရင်း မြေမင်းသား ဝတ္ထုအတွက် ရေးရမည့် ဇာတ်ကွက်များ တစ်ကွက်ပြီးတစ်ကွက် ပေါ်လာလေ၏။ ပြည့်စုံမှုကား မရှိပါချေ။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် အဖွင့်ရေးရန် ခက်ခဲသည့်ဇာတ်လမ်းအား အထက်ပါအတိုင်း တစ်ခန်းမျှ အဖွင့်ရေးပြီးလေသော် ရန်ကုန်သို့ ပြန်ခဲ့လေတော့၏။ ရန်ကုန်ပြန်ရောက်မှသာလျှင် တစ်ပတ်အတွင်း တွေ့ရမည်ဆိုသော ပုဂ္ဂိုလ်ထူးနှင့်တွေ့မှ ဆက်ရေးဖို့ ကြံထားမိလေ၏။ သို့နှင့်-

◆◆◆

အခန်း(၂)

ဆာဒူးအကျင့်နှင့် ပုဂ္ဂိုလ်ထူး

တစ်နေ့သ၌ ကျွန်ုပ်သည် ရန်ကုန်မြို့လယ်ဟု ဆိုအပ်သော ဗိုလ်အောင်ကျော်လမ်းရှိ ကျွန်ုပ်၏ စာပေတိုက်၌ အလုပ်လုပ်လျက် ရှိလေ၏။ ကျွန်ုပ်သည် ပဲခူးမှ ပြန်ရောက်သည်မှာ ငါးရက်ရှိပြီဖြစ်သော်လည်း မြေမင်းသား ဝတ္ထုအတွက် ပြောပြမည့်ပုဂ္ဂိုလ်နှင့် မဆုံဖြစ်သေးသဖြင့် ဆာဒူးကြီး ပြောလိုက်သည့် စကားများအပေါ် သံသယပွားလျက် ရှိနေမိလေ၏။ ခုနစ်ရက်ပြည့်၍မှ အကြောင်းမထူးလျှင်လည်း မိမိ၏ စိတ်ကူးအတိုင်းသာ ဆက်လက်ရေးသားဖို့ ကြံထားမိလေ၏။

ထိုစဉ်ခိုက် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ အသားညီညီ ထောင်ထောင်မောင်းမောင်းနှင့် အသက်ငါးဆယ်ကျော်ခန့် ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဝင်ရောက်လာလေ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ ကျွန်ုပ်နှင့် ကျွမ်းဝင်သော တိုင်းရင်းဆေးဆရာကြီး ဦးသန်းညွှန့်ပင် ဖြစ်လေ၏။ ဦးသန်းညွှန့်ကား သံဘကော်ရွှေခင်းသာရှိ တိုက်တန်းတွင် နေထိုင်လျက် ကျွန်းခန့်သား ဆေးခန်း ဖွင့်ထားသူ ဖြစ်လေ၏။

ပုံမှန်အားဖြင့် ဆရာဦးသန်းညွှန့်ထံသို့သာ ကျွန်ုပ်ကသွားရောက်ရလေ့ရှိပြီး ဦးသန်းညွှန့်က ကျွန်ုပ်ထံ လာအကြောင်းမရှိလှပါချေ။ ယခု ဦးသန်းညွှန့် ရောက်လာထူးသဖြင့် ကျွန်ုပ်က ခမ်းနားကြီးကျယ်စွာ ဆီးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ..ဆရာ..လား၊ မလာစဖူး ဘယ်က လှည့်လာပါလိမ့်"

"ဆရာ့ဆီ တမင်လာခဲ့တာပဲ။ ဆရာ့ကို ငှားထားတဲ့ ပဏ္ဍိတဝေဒနိယကျမ်းစာအုပ် ပြန်လိုချင်လို့ပါ။ အရေး ကြီးလိုချင်တာ။ အခုပဲ ဆရာ့အိမ် သွားပြန်ယူကြပါစို့"

"အို..အခု အလုပ်တစ်ဖက်နဲ့ အိမ်ပြန်ဖို့ မဖြစ်သေးပါဘူး။ ဆရာ သိပ်အရေးကြီးရင် မနက်ဖြန် ကျွန်တော် ဆရာ့ အနား ဝင်ပို့ပေးပါ့မယ်။ လက်ဖက်ရည်သောက်ပါဦး" ဟု သောက္ကတ်ပြုကာ တပည့်မောင်နိုင်အား လက်ဖက်ရည် နဲ့ခွက် မှာခိုင်းလိုက်ရလေ၏။

ဆရာဦးသန်းညွှန့် ရောက်လာခြင်းကား မြေမင်းသား သူ့အတွက် ဆက်နွယ်လိမ့်မည်ဟုလည်း ကျွန်ုပ် မတွေး မိခဲ့သေးပါချေ။ ဆရာဦးသန်းညွှန့် သူ့အလုပ်ဖြင့် လပြည့် နေ့ မဂ္ဂဇင်းတိုက်သို့ ကြော်ငြာထည့်ရန် သွားရောက်ရဦး မည်ဖြစ်သဖြင့် လက်ဖက်ရည်သောက်ပြီး ပြန်သွားခဲ့လေ၏။

ပဏ္ဍိတဝေဒနိယကျမ်းကိုမူ ဆက်ဆက်လာပို့ပါရန် အကြောင်း ထပ်လောင်းမှာကြားသွားလေရာ ကျွန်ုပ်မှ မနက် ဖြန် လာပို့ပါမည့်အကြောင်း ကတိခိုင်ခိုင်ပြုလိုက်လေ၏။

ဆရာဦးသန်းညွှန့် ပြန်သွားပြီးနောက် ကျွန်ုပ်လည်း အလုပ်ကိစ္စများဖြင့် အလုပ်ရှုပ်ရင်း မြေမင်းသားကိစ္စကို မေ့လျော့နေလေတော့၏။

♦ ♦ ♦

ယနေ့ကား ပဲခူးမှပြန်ရောက်ပြီး (၆)ရက်မြောက်နေ့ဖြစ် သော်၏။ မှတ်မှတ်ရရဆို (၉-၆-၂၀၀၇)ရက် စနေနေ့ဖြစ် သော်၏။ ပုံမှန်အားဖြင့် စနေနေ့သည် အလုပ်မအားတတ် သောနေ့ဖြစ်သော်လည်း ထူးထူးခြားခြား ကျွန်ုပ်ဇနီးဖြစ်သူ က ပုတီးစိပ်လိုသဖြင့် ရွှေတိဂုံဘုရားလိုက်ပို့ပါရန်ပြောသဖြင့် သို့ပို့ရန် ကတိပြုလိုက်လေ၏။

လုပ်ငန်းကိစ္စများအတွက် တပည့် မောင်နိုင်အား မှာ ကြားပြီး လွှတ်လိုက်လေ၏။ ကျွန်ုပ်ကမူ ယနေ့ အလုပ်တိုက် သို့ မသွားတော့ဘဲ သာကေတရှိ ဆရာဦးသန်းညွှန့်ထံ ကျမ်း အုပ် ဝင်ပေးပြီးမှ ရွှေတိဂုံဘုရားသို့သွားရန် ဖြစ်လေ၏။

ဤမှာတင် ကျွန်ုပ် မျှော်လင့်ထားတောင့်တနေသော မြေမင်းသားနှင့်ပတ်သက်၍ သိရှိနားထောင်ခွင့်၊ မှတ်သားခွင့် ရခဲ့လေတော့၏။

မမျှော်လင့်ဘဲ ဆုံရကြိုရပုံကား ဤသို့တည်း။

"ဆရာ..လက်ဖက်ရည်သောက်ဦးလေ" ဟု ကျွန်ုပ်က ဆရာဦးသန်းညွှန့်အား ဖိတ်ခေါ်လေ၏။

လက်ဖက်ရည်ဆိုင်မှာ ဆရာဦးသန်းညွှန့်၏ တိုက်ခန်း ရှေ့မှာတင် ကပ်လျက်ရှိ၏။ ကျွန်ုပ်က ဆရာဦးသန်းညွှန့်အား လက်ဖက်ရည်တိုက်လိုသဖြင့် ခေါ်မိခြင်းဖြစ်ပြီး ကျမ်းစာအုပ် ပေးပြီး ပြန်ထွက်ကာ ဘုရားသွားဖို့ပင် ဖြစ်၏။ ကျွန်ုပ်နှင့် အတူ ဇနီးဖြစ်သူ ခေါ်မူမူပါ ပါလေ၏။

ကျွန်ုပ်၏ ဖိတ်ခေါ်ချက်အရ ဆရာဦးသန်းညွှန့်လည်း ကျွန်ုပ်တို့နှင့်အတူ လက်ဖက်ရည်လာသောက်လေ၏။ လက် ဖက်ရည်သောက်ပြီးလျှင် ကျွန်ုပ်တို့သည် ထပြန်ကြဖို့ ဖြစ် လေ၏။ အခြားအကြောင်းကိစ္စ တစ်စုံတစ်ရာ မရှိချေ။

ထိုအခိုက်မှာပင် လက်ဖက်ရည်ဆိုင်ရှေ့မှ လူတစ် ယောက် ဖြတ်သွားလေ၏။ အသားညိုၫ့ မပိန်မဝ အရပ် အနည်းငယ်ရှည်ကာ ရှပ်အင်္ကျီလက်ရှည်၊ လုံချည်နီညိုကွက် နုစိပ်လေး ဝတ်ထားသည့် လူတစ်ဦးအား ဦးသန်းညွှန့်က လှမ်းခေါ်လိုက်လေ၏။

"ဆရာဦးခင်ညွှန့်..ခဏလေးဗျာ"

ဆရာဦးခင်ညွှန့်ဆိုသူက လှည့်ကြည့်ပြီး ကျွန်ုပ်တို့စားပွဲ မှာ လာထိုင်၏။ ဦးသန်းညွှန့်က ကျွန်ုပ်အား ထိုပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးလေ၏။

"ဆရာ..ဒါ ဆာဒူးကျင့်စဉ်တွေ ကျင့်နေတဲ့ ဆရာ ဦးခင်ညွှန့်တဲ့"

"ခင်ဗျာ"

ကျွန်ုပ် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

ကျွန်ုပ်နားထဲမှာလည်း ပဲခူးရွှေမော်ဓောဘုရားပေါ်မှာ ဆာဒူးကြီးပြောသွားသော စကားများ ပြန်လည်ကြားယောင် လာမိလေ၏။

"လူလေး..ရန်ကုန်ပြန်ပါ။ ခုနစ်ရက်အတွင်း လူလေး သိချင်တာတွေ ပြောပြမယ့် ဆာဒူးလေး တွေ့ပါလိမ့်မယ်"

ကျွန်ုပ်သည် ဆာဒူးကြီး ပြောသွားသည်တို့ကို ပြန် လည်ကြားယောင်ရင်း ဆရာဦးခင်ညွှန့် ဆိုသူအား အကဲခတ် ကြည့်ရင်း လောကွတ်ပြုလိုက်လေ၏။

"ဆရာ..လက်ဖက်ရည်သောက်ပါဦး"

"နေပါစေ ဆရာ၊ မသောက်တော့ပါဘူး"

ဟု ဆရာဦးခင်ညွှန့် ပြောလေသော် ဘေးရှိ ဆရာ ဦးသန်းညွှန့်က-

"ဒီဆရာက ဆာဒူးကျင့်စဉ် ကျင့်နေတာ။ မွန်းတည့် ဆယ့်နှစ်နာရီကျော်မှသာ အစားအသောက် စားလေ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဝင်ရောက်ရှင်းပြလေ၏။

ထိုအချိန်တွင် မွန်းလွဲတစ်နာရီခန့်ရှိနေပြီ ဖြစ်လေ၏။

"ဆရာဦးခင်ညွန့်..ဒီဆရာက စာရေးဆရာပဲ။ ဆရာ့ရဲ့ ဂန္ဓီရုအတွေ့အကြုံလေးတွေကို ဆရာ စာရေးလို့ရအောင် ပြောပြပေးပါလား"ဟု ဆရာဦးသန်းညွန့်က ပြောလေသော် ဆရာဦးခင်ညွန့်ဆိုသူ ပုဂ္ဂိုလ်က ခေါင်းလေးညိတ်ကာ သူ့အတွေ့အကြုံများကို ပြောပြလေတော့၏။

ဆရာဦးခင်ညွန့် ပြောပြသည်တို့မှာ လွန်စွာအံ့သြဖွယ်လည်း ကောင်း၏။ မှတ်သားဖွယ်၊ သံဝေဂရဖွယ်တို့လည်း ပါပြန်၏။

မြေများနှင့်ပတ်သက်၍ ပြောပြသွားသည်မှာ စုံထွေလှ၏။ ဆရာဦးခင်ညွန့်ကား တကယ်လည်း မြေနိုင်သူ ဖြစ်လေတော့၏။ မြေနိုင်သော ကျောက်သွေးအစစ်ကို သူလက်ဖျံသွေးကြောမှဖောက်၍ သွင်းထားကြောင်း သိရလေ၏။

ထိုနေ့က ကျွန်ုပ်တို့ဧနီးမောင်နှံမှာ ရွှေတိဂုံဘုရားသို့ မသွားဖြစ်တော့ပါချေ။

လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသော ဆာဒူးလေး၏ ကျင့်စဉ်များနှင့် ဘဝအတွေ့အကြုံများကို နားထောင်ရင်း မိုးချုပ်သည်ထိ ဖြစ်သွားခဲ့ရလေ၏။

ဤမျှနှင့် မပြီးသေးပါချေ။

ကျွန်ုပ်သိလိုလှပါသော မြေမင်းသားနှင့်ပတ်သက်သော ဇာတ်ကြောင်းတစ်ခု ပြောပြဦးမည်ဖြစ်လေရာ နောက်နေ့ မွန်းလွဲပိုင်းတွင် ထပ်မံလာရောက်ပါမည့်အကြောင်း ချိန်းလိုက်မိလေ၏။

ဆရာဦးခင်ညွန့်ကလည်း စိတ်လိုလက်ရပင်-

"ဆရာ လာခဲ့လေ။ ဆရာ သိချင်တဲ့၊ ဆရာရေးမယ်ဆိုတဲ့ ဝတ္ထုအတွက် မြေမင်းသားအကြောင်း ပြောပြဖို့ ရှိတယ်။ ဆရာသာ ဆက်ဆက်လာခဲ့ပါ"ဟု ပြောကာ သူတိုက်လိပ်စာကို ပေးလေ၏။

ကျွန်ုပ်လည်း-

"မနက်ဖြန် ဆက်ဆက်လာခဲ့ပါ့မယ် ဆရာ။ ကျွန်တော် ရေးမယ့် မြေမင်းသားဝတ္ထုနဲ့ ပတ်သက်သမျှ စာကြောင်းတွေသာ ဆရာ့ဆီမှာ ရှိတယ်လို့ ကျွန်တော် ကြည်ပါတယ်"ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်ခဲ့လေ၏။

မဲခူး ရွှေမော်ဓောဘုရားပေါမှ ဆာဒူးကြီးနှင့် ဆုံခဲ့ပုံကို မပြောဘဲ ချန်ထားမိလေ၏။

နောက်နေ့တွင် ကျွန်ုပ်သည် တုပည့် မောင်နိုင်နှင့် ခေါကာ ဆရာဦးခင်ညွန့်ထံ သွားရောက်ခဲ့လေ၏။ ဆရာဦးခင်ညွန့်က ပထမနေ့ကတွေ့သည့် လက်ဖက်ရည်ဆိုင်မှပင် မွန်းလွဲ(၂)နာရီခန့်မှ စထိုင်၍ ည(၇)နာရီတိုင်အောင် ဘာအစာရေစာနှင့် လက်ဖက်ရည်တစ်ခွက်မျှ မသောက်သောက်တွင် ရေးသားလေတတ်သော မြေမင်းသား ဝတ္ထုဘာကြောင်းကြီးကို ပြောပြသွားလေတော့သတည်း။

ဤဆာဒူးကျင့်စဉ် ကျင့်နေသည့် ဆာဒူးလေးဦးခင်ညွန့်သည် ခုနစ်ရက်သားသမီးအပေါ် ကူညီကယ်တင်နိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ရပါလို့၏ဟူသော အဓိပ္ပာယ်ကျင့်စဉ်ကို ကျင့်နေသည်ဖြစ်ရာ စာရေးသူ သိခွင့်ရနေသော ဝတ္ထုအတွက် ကိုယ်ကျိုးမပါ ပါရမီဖြည့်ပြောပြပေးခဲ့ခြင်း ဖြစ်ပါသည်။ (ဆရာမင်းသိခ်ီနှင့် စနေမောင်တို့အားလည်း ဤသို့ပင် ပြောပြခဲ့ဖူးပါကြောင်း ပြောပြလေ၏။ စာရေးသူ)

♦ ♦ ♦

အခန်း(၃)

လူလော၊ မြွေလော၊ ဝိညာဉ်လော

အချိန်ကာလအားဖြင့် သီပေါမင်း ပါတော်မူပြီးနောက် မြန်မာတစ်ပြည်လုံး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ပြီးစကာလ ဖြစ်လေ၏။

သူကျွန်မခံလိုကြသော မြန်မာတပ်မှူးတချို့နှင့် ရဲမက်အချို့တို့သည် ရုတ်နာပုံနေပြည်တော်မှခွာ၍ သင့်ရာအရပ်များဆီသို့ ရောင်ပုန်းကာ နယ်ချဲ့ကို တော်လှန်နေကြချိန်ဖြစ်လေ၏။ ရှမ်း၊ ချင်း၊ ကချင် စသောတိုင်းရင်းသားလူမျိုးတို့ကလည်း နယ်ချဲ့ကို တော်လှန်ကြရန် စိုင်းပြင်းနေကြချိန်ပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ကျွန်ဖြစ်မခံ တွန်းလှန်တော်လှန်တိုက်ခိုက်ကြသူများအား နယ်ချဲ့စစ်ဗာဒီများက ပြင်းပြင်းထန်ထန် ရာဇဖြေနှိမ်းလျက် ရှိနေချိန်လည်း ဖြစ်လေ၏။

ထိုအချိန်တွင် ဗာပမှူးလေး ဝဏ္ဏသည် ဇနီးဖြစ်သူ မယ်တင်ကို ခေါ်ယူလျက် တောဇနပုဒ် အရပ်တစ်ခုတွင် ဆေးမရှား ပုန်းခိုနေထိုင်လျက် နေပြည်တော်၏ သတင်းအနေကို နားစွင့်လျက်ရှိလေ၏။

ဗာပမှူးလေးဝဏ္ဏသည် ရခိုင်ပြည်နယ်ဘက်သို့ ရောက်ခါ ကဉ္စုပနဒီမြစ်ကို ဖြတ်ကူးလျက် မောလပွတ္တတောင် (သခွေ ကျောက်တော်တောင်) ဘက်သို့ တိမ်းရှောင်လာခဲ့ပြီး ဆွေးချောင်းရွာအနီး၌ မထင်မရှား နေခဲ့လေ၏။ မင်းညီမင်းသားမှန်း သိကြလျှင် အန္တရာယ်ရှိသဖြင့် ဆင်းရဲသားဘဝမယားဟန်ဆောင် တောင်ယာလုပ်ကိုင် နေခဲ့လေ၏။

သူတို့ဇနီးမောင်နှံမှာ ကလေးလည်းမရှိ၊ ပြည့်စုံချမ်းသာလည်း မရှိသဖြင့် တကယ်ပင် ဆင်းရဲစွာနေခဲ့ကြရလေ၏။

သူတို့၏ တောင်ယာတဲသည် ရွာပြင်၌ရှိပြီး အနောက်ဘက်သို့ မျှော်ကြည့်လျှင် အနောက်ရိုးမတောင်တန်းကြီးကို ညိုညိုမှိုင်းမှိုင်း မြင်နေရလေ၏။

မယ်တင်သည် မိမိတို့၏ မရေရာသောဘဝကို တွေးခေါ်ရင်း အနောက်ရိုးမတောင်တန်းကြီးကို အကြောင်းမဲ့ နီစွမ်းဝင်းမောကြည့်ရှုနေမိလေ၏။

တစ်ညတွင် မယ်တင်သည် အိပ်ပျော်သွားရင်း အိပ်မက်တစ်ခု မြင်မက်လေ၏။ အိပ်မက်ထဲတွင် ရိုးမတောင်တန်းကြီးဆီမှ ကြီးမားလှသော ငန်းမြွေကြီးနှစ်ကောင် ဆင်းလာပြီး ငှင်းတို့တဲဆီသို့ တရွေ့ရွေ့လာနေကြလေ၏။

မယ်တင်သည် အိမ်ရှေ့ ကွပ်ပျစ်မှ ထိုင်ကြည့်နေစဉ် ငန်းမြွေကြီးနှစ်ကောင်သည် မီးခိုးများကြားမှာ ပျောက်ကွယ်သွားပြီး မီးခိုးများစဲလေသော် ငယ်ရွယ်နုနယ်သော မင်းသားလေးတစ်ပါးနှင့် မင်းသမီးလေးတစ်ပါးတို့ ဖြစ်နေလေ၏။ ရုပ်ချမ်းတိုင်းရင်းသားများ ဖြစ်ဟန်ရှိပြီး ရုပ်ချမ်းအဝတ်အစား အဆောင်အယောင်များကို ဝတ်ဆင်ထားကြလေ၏။

သူတို့နှစ်ဦးသည် မယ်တင်ထံသို့ လျှောက်လာကြပြီး အောက်ပါအတိုင်း ပြောဆိုလေ၏။

"မယ်မယ်ရယ်...သမီးစောနန်းဝေတို့ မောင်နှမမှာ နေစရာ အခက်ကြုံနေလို့ မယ်မယ်ထံမှာ နေပါရစေ"

ဟု အစ်မဖြစ်ဟန်တူသော မင်းသမီးလေးက ပန်ကြားလေသော် မယ်တင်သည် စဉ်းစားလျက်-

"ဟင်း...ငါ့မှာကလည်း ဆင်းရဲလှတယ်။ နှစ်ယောက်လုံးတော့ လက်ခံလို့ မဖြစ်ဘူး။ တစ်ယောက်တော့ လက်ခံမယ်"

ဟု ပြောမိလေရာ မင်းသမီးလေးက-

"ဒါဆိုလည်း မောင်လေး စောရန်အောင်ကိုပဲ ထားခဲ့ပါရစေ"ဟု ဆိုသဖြင့် မယ်တင်လည်း ခေါင်းညိတ်မိလေ၏။

မောင်လေး စောရန်အောင်ဆိုသော ကလေးငယ်ကို ကြည့်လိုက်ရာ လွန်စွာငယ်ရွယ်သော ဆယ်နှစ်သားခန့်သာ ရှိသေးသည့် ကလေးငယ်လေး ဖြစ်နေပြီး ချစ်စရာကောင်းလှသည်ကို တွေ့ရလေ၏။

မယ်တင်က ကလေးငယ်လေးကို သေချာကြည့်လေရာ နှာတံပေါ်ပေါ်လေး ဖြူဖြူချောချော သွယ်သွယ်လေး ဖြစ်ပြီး မင်းညီမင်းသားလို ဝတ်စားထားသည်ကို ဂရုပြုမိလေ၏။ ကလေးငယ်ကို ချစ်ခင်စိတ်နှင့် ကြည့်နေခိုက်မှာပင် မောင်နှမနှစ်ယောက်လုံး မီးခိုးလုံးကြီးများ ဖုံးလွှမ်းသွားလေတော့၏။

မီးခိုးများ စဲလေသော် ခုန သူတို့နှစ်ဦး ရပ်နေသည့် နေရာတွင် မြွေကြီးတစ်ကောင်က ခွေလျက်သားရှိနေပြီး တစ်ကောင်က တရွေ့ရွေ့ ထွက်ခွာသွားနေသည်ကို မြင်ရလေ၏။

"အို...မြွေကြီး...မြွေကြီး"ဟု မယ်တင် ယောင်အော်ရင်း အိပ်မက်မှ လန့်နိုးလေ၏။ မယ်တင် လန့်အော်သဖြင့် ဦးဝဏ္ဏလည်း နိုးသွားပြီး အကျိုးကြောင်း မေးလေရာ မယ်တင်က အိပ်မက်ကို ပြောပြလိုက်လေ၏။

"မင်းအိပ်မက်ထဲကဟာ လူလား၊ မြွေလား၊ ဝိညာဉ်တွေများလားကွာ"

ဟု ဝဏ္ဏကဆိုလေသော် မယ်တင်က-

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဆီ ကလေးတစ်ယောက် လာနေမှာ သေချာသွားပြီ။ မင်းသားရှင့်၊ မင်းသား။ မြွေမင်းသားလေး နေမှာတော့"ဟု ပြောရင်း ဝိတိဖြစ်နေလေ၏။

ဦးဝဏ္ဏလည်း ဘာမှပြန်မပြောတော့ဘဲ အတွေးနယ်ချဲ့နေသလို မယ်တင်လည်း ဝိတိအပြုံးများဖြင့် အတွေးနယ်ချဲ့ရင်း မိုးစင်စင်လင်းခဲ့ရလေတော့သတည်း။

◆◆◆

အခန်း(၄)

ထူးဆန်းသောကလေးငယ်နှင့် သံယောဇဉ်မြွေ

တစ်နေ့သ၌ အနောက်ရိုးမတောင်တန်းကြီး မောက်ခံ

www.burmeseclassic.com

www.burmeseclassic.com

ထားလျက် တောင်ယာခင်းအစပ် ကွက်လပ်လေးတွင် ငယ်ရွယ်သော ကလေးတစ်ဦးနှင့် အသက်လေးဆယ်ခန့်ရှိသော တောင့်တင်းကြွခိုင်သော လူကြီးတစ်ဦးတို့သည် သိုင်းကစား လေ့ကျင့်နေကြလေ၏။

ထိုသူမှာ တပ်မှူးလေး ဝဏ္ဏဖြစ်ပြီး ကလေးငယ်မှာ သားလေး စောရန်အောင်တို့ ဖြစ်ကြလေ၏။ တပ်မှူးလေး ဝဏ္ဏသည် ရတနာပုံနေပြည်တော်ရှိစဉ်ကပင် စားရေး၊ တုတ်ရေး၊ လက်ရေး၊ သိုင်းရေးပညာမှာ ပေါက်မြောက်ကျွမ်းကျင်ခဲ့သူ ဖြစ်ပေ၏။

ယခုတွင်မူ နယ်ချဲ့လက်အောက် ကျွန်ဖြစ်မခံဘဲ ရှောင်တိမ်းနေရာမှ တောနေပုဒ်တွင် အခြေကျလျက် သားလေးတစ်ဦး မွေးဖွားလာခြင်း ဖြစ်ပေ၏။ သားငယ် စောရန်အောင်လေးကို မယ်တင် အိပ်မက်ရပြီး မကြာခင်၌ပင် ကိုယ်ဝန်ဆောင်ကာ မွေးဖွားခဲ့ခြင်း ဖြစ်လေ၏။

မယ်တင်သည် သားငယ်လေးကို အလွန်ချစ်ခဲ့လေ၏။ သူ့သားငယ်လေးအား မြေမင်းသားဖြစ်သည်ဟု ယုံကြည်ခဲ့လေ၏။

မယ်တင် ယုံကြည်လောက်အောင်လည်း သားငယ်လေး မွေးဖွားသည့်ညက ပတ်ဝန်းကျင်မှာ မြွေတွန်သံများ တရှိရှိ ကြားနေခဲ့ရလေ၏။ ညကြီးသန်းခေါင် မျှားပြားလှသော မြွေတွန်သံများကြောင့် ဦးဝဏ္ဏနှင့် တပည့်တစ်ဦး အပါအဝင် လက်သည် ဒေါ်မြလေးမှာ ကြောက်လန့်လျက် ရှိကြလေ၏။

'အူဝဲ..အူဝဲ'

'ရှိ..ရှိ..ရှိ'

အဓိပ္ပါးမှ ကျွတ်လာသော ကလေးငယ်လေး၏ ငိုသံနှင့် မရွေးမနှောင်းပင် မြွေတွန်သံခပ်စူးစူးကို ကြားလိုက်ကြရလေ၏။ မရွေးမနှောင်းပင် အရပ်လေးမျက်နှာမှ မြွေတွန်သံများ ဆက်တိုက်ကြားရလေ၏။

'ရှိ..ရှိ..ရှိ'

'ရှိ..ရှိ..ရှိ'

'အူဝဲ..အူဝဲ'

'ယောကျ်ားလေးတော့၊ ယောကျ်ားလေး'

မြွေတွန်သံများ၊ ကလေးငိုသံများနှင့် လက်သည် ဒေါ်မြလေး၏ အသံတို့က ဘဝဂ်သို့တိုင် ညံသွားသည်ဟု ထင်ရလေ၏။

တပ်မှူးလေး ဦးဝဏ္ဏသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း-

'ငါ့သားလေးဟာ ငါလိုပဲ မျိုးချစ်စိတ် ရင့်သန်မယ်။ ငါ့ရဲ့အား၊ ငါတို့ပြည်ရဲ့အား ဖြစ်စေရမယ်ဟေ့' ခပ်တိုးတိုး ကြိမ်းဝါးမိလေ၏။

ထိုနေ့ ညက္ခ မနက်လင်းလုမှပင် မီးဖွားသန့်စင်ခြင်းကိစ္စ ပြီးကြပြီး ခေတ္တမှေးစက်ကြရ၏။ မနက်မိုးလင်းသော် ဒေါ်မြလေး၏ အော်သံကြောင့် အားလုံး လန့်နိုးကြလေ၏။

'အမယ်လေး..မြွေကြီး'

ဒေါ်မြလေးသည် မွေးကင်းစကလေး၏ဘေးဌ လျက်ရှိသော မြွေကြီးကို မြင်သဖြင့် လန့်အော်ခြင်းဖြစ်မယ်တင်လည်း လန့်နိုးပြီး သားလေးကို ကြည့်လိုက်ရသားလေးဘေးဌ ခွေနေသောမြွေကြီးကို တွေ့လိုက်ရသဖြင့် ပထမ လန့်သွားပြီးမှ တစ်စုံတစ်ရာစဉ်းစားကာ မကြောမရွံ ရှိလေ၏။

အခန်းထဲ ပြေးဝင်လာသော ဦးဝဏ္ဏသည် မြွေကြီးမြင်လေသော် မှင်တက်သွားရာမှ တစ်စုံတစ်ရာပြုလုပ်ရန် ဟန်ပြင်လေသော် မယ်တင်က တားလေ၏။

'ကိုဝဏ္ဏ..မလုပ်နဲ့၊ ဒါဟာ သားလေးရဲ့အစ်မ ဖြစ်လိမ့်မယ်'

မယ်တင့်စကားကြောင့် ဦးဝဏ္ဏ တွေကြည့်နေမိ၏။ ဒေါ်မြလေးနှင့် တပည့်တစ်ဦးမှာလည်း ကြက်သေ,သေ ငေးကြည့်နေမိကြလေ၏။

မယ်တင်က မြွေကြီးကို ကြည့်ကာ-

'ကဲ..သားလေးရဲ့ အစ်မမှန်ရင် ကိုယ့်နေရာကိုယ် ပြန်သွားပါ။ လူတွေကြားထဲ နေလို့ မသင့်လျော်ပါဘူး။ မောင်လေးအတွက် စိတ်ချပါ။ ကောင်းကောင်းပြုစု ပေးရှောက်ပါ့မယ်။ ကိုယ့်နေရာကိုယ် ပြန်နေပါ။ ကျွန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ကင်းရှင်းပါစေ'ဟု တတွတ်တွတ် ပြောဆိုလေ၏။

ထိုအခါမှ မြွေကြီးသည် နားလည်သည့်အလား တဖျက် ခေါင်းထောင်ကြည့်ပြီး အခွေကိုဖြေကာ အပေါက်ဝသို့ ဦးတည်ထွက်ခွာလေတော့၏။ အပေါက်ဝမှ ဦးဝဏ္ဏတို့လူးလည်း လမ်းရဲ့ပေးမိလျက်သား ဖြစ်နေကြလေ၏။

မြွေကြီးသည် ညည်သာစွာပင် ပြန်လည်ထွက်ခွာသွားပြီး အိမ်လေ့ကားအောက်မှ လျှောတိုက် ဆင်းသွားတော့၏။ မြွေကြီးသည် ရိုးမတောင်တန်းကြီးခေါ်သို့ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com

သွားနေရာမှ ရပ်လျက် ခေါင်းထောင်ကာ လှည့်ကြည့်နေသေး၏။ အတန်ကြာမှ ဦးခေါင်းနှိမ်ကာ ထွက်ခွာသွားလေရာ ဦးဝဏ္ဏတို့ လူစုလည်း သက်ပြင်းချလျက် ကျန်ခဲ့ကြရလေတော့၏။

မယ်တင် မွေးဖွားခဲ့သော ကလေးငယ်လေးမှာ ရင်ညွန့်ခဲ့ ထူးခြားသောအမှတ်ကြီး ပါလေ၏။ ထိုအမှတ်မှာ မြွေဘစ်ကောင် ပါးပျဉ်းထောင်နေသောပုံပင် ဖြစ်လေ၏။

ဤကဲ့သို့ ထူးခြားချက်များကြောင့် မယ်တင်သည် သူ့သားလေးကို မြွေမင်းသားဟု စွဲစွဲမြဲမြဲ ယုံကြည်ခဲ့လေ၏။ နာမည်ကိုပင် အိပ်မက်ထဲမှအတိုင်း စောရန်အောင်ဟူ ပေးလိုက်လေ၏။

ချစ်လည်းချစ်၍ အရိပ်တကြည့်ကြည့်နှင့်လည်း ရှိခဲ့လေ၏။ ယခုလည်း သားအဖနှစ်ယောက် သိုင်းကစားနေကြသည်ကို မယ်တင်က သစ်ပင်ရိပ်မှ ကြည့်လျက်ရှိလေ၏။

မယ်တင့်နည်းတူ သားငယ်လေး စောရန်အောင်ကို ကြည့်နေသည့် မျက်လုံးတစ်စုံသည်လည်း ရှိနေသေးသည်ကို မယ်တင် မသိရှာပါချေ။ မည်သူမျှလည်း မသိပါချေ။ ထိုမျက်လုံးအစုံ ပိုင်ရှင်ကား ကြီးမားလှသော ငန်းမြွေကြီး တစ်ကောင်ပင် ဖြစ်လေတော့၏။

ငန်းမြွေကြီးသည် ခပ်လှမ်းလှမ်း တောင်ကမူလေးရှိ သစ်ပင်အုပ်များကြားမှ ယာခင်းမြေကွက်လပ်ဆီသို့ မလှုပ်မယှက် မျှော်ကြည့်လျက် ရှိချေ၏။

စောရန်အောင်လေးသည် ဖခင်နှင့် သိုင်းကစားနေရာမှ ထိုတောင်ကမူလေးဆီသို့ မကြာ,မကြာ လှမ်းကြည့်တတ်လေ၏။ ကလေးငယ်လေး တောင်ကမူသို့ ကြည့်ချိန်ဝယ် သူလေး၏ မျက်လုံးများက စူးရှလင်းလက်နေ၏။ ရင်ညွန့်မှ စာအမှတ် မြွေရုပ်လေးသည် ခုန်ထွက်တော့မည်ဟန် ရှိလေ၏။

ထိုအချက်များကိုမူ သိုင်းသင်ပေးနေသော ဖခင်ဦးဝဏ္ဏ မရိပ်မိသလို မိခင်မယ်တင်လည်း မရိပ်မိခဲ့ပါချေ။

'သား..သားဘာဝေးနေတာလဲ။ ဒီမှာ ပင့်လက်သီးလာပြီ။ ရှောင်နော်'

ဖခင်ဦးဝဏ္ဏက ငေးနေသော စောရန်အောင်လေးအား သတိပေးရင်း လက်သီးတစ်လုံး သွင်းလိုက်၏။ စောရန်အောင်က ထိုလက်သီးကို မရှောင်ဘဲ ညာလက်ဖြင့် လှမ်းအုပ်ကိုင်လိုက်၏။

ဦးဝဏ္ဏ ကြောင်သွားမိလေသည်။ ရှောင်ရမည့်အစား အုပ်ကိုင်လာသော သားလက်ကိုကြည့်၍ အံ့အားလည်းသင့်သွားမိလေသည်။ စောရန်အောင်၏ ညာလက်သည် မြွေတစ်ကောင် ပါးပျဉ်းထောင်ကာ ပေါက်ချလိုက်ဟန် ဖြစ်နေသော ကြောင့်ပင် ဖြစ်လေ၏။ သား၏လက်မှာ အရွယ်နှင့်မလိုက်အောင် မြန်ဆန်သွက်လက်ပြီး အားလည်းပါလှသဖြင့် အံ့အားသင့်ခြင်းလည်း ဖြစ်မိလေ၏။ ဆုပ်ကိုင်ထားသော သားလက်ကိုကြည့်ကာ တအံ့တသြပြောလိုက်လေ၏။

'ကြည့်စမ်း၊ သားက အဖေထင်တာထက် သန်မာသွက်လက်နေပါလား။ သား..စိတ်ကို လျှော့လိုက်တော့လေ။ ဒေါသကြီးရင် မောတတ်တယ်'

သည်တော့မှပင် စောရန်အောင်လေးသည် မာန်ချသက်သို့ ဟင်းခနဲ အသံပြုကာ လက်ကို ရုပ်လေ၏။

သူဖခင်ကိုကြည့်၍ ထူးထူးဆန်းဆန်း စကားတို့ကိုလည်း ပြောဆိုလေ၏။

'အဖေ..သားလေ အဖေနဲ့ သိုင်းကျင့်ရင်း တစ်ခါ, တစ်ခါ ဘာဖြစ်မှန်း မသိပါဘူး။ မျက်လုံးထဲမှာ မြွေကြီးတစ်ကောင် ပေါ်ပေါ်လာတယ်။ အဲဒီမြွေကြီးကိုမြင်မိရင် သားအားတွေတက်တယ်၊ စိတ်တွေတိုတယ်၊ ဒေါသတွေထွက်တယ်။ လူတစ်ယောက်ကိုတော့ ဒီလက်နဲ့ မြွေပေါက်သလိုပဲ ပေါက်သတ်လိုက်ချင်တယ်'ဟု ပြောဆိုလေရာ ဦးဝဏ္ဏသည် သား၏ပခုံးကိုကိုင်ကာ ဖျောင်းဖျသွန်သင်ရလေ၏။

'သား..သိုင်းကစားရင် စိတ်မတိုရဘူး။ ဒေါသမဖြစ်ရဘူး။ စိတ်အေးအေးနဲ့ မှန်မှန်ကစားရတယ်။ ဒေါသကြီးရင် မောလည်းမော ကိုယ်ပဲ အထိနာတတ်တယ်'

သားကို ပြောမယ့်သာပြောရသော်လည်း သားဖြစ်သူမှာ မြွေဝင်စားလေးဖြစ်နေမှန်း သိနေသဖြင့် သက်ပြင်းကို ခိုးချမိလေ၏။

စောရန်အောင်ကမူ ဘေးဘီဝဲယာ လှည့်ပတ်ကြည့်ရင်း-

'သားနှာခေါင်းထဲမှာ မြွေနံ့ရနေတယ်။ မြွေနံ့ရရင်လည်း သား အားတက်တယ်၊ စိတ်တိုတယ် အဖေ။ အဲဒါ ဘာဖြစ်လို့လဲ'ဟု မေးလေရာ ဦးဝဏ္ဏခမျာ မပြောနိုင်ဘဲ ရှိလေ၏။ သားကိုသာ တွေကြည့်နေမိလေ၏။

ထိုစဉ်ခိုက်ဝယ် တောင်ကမူမှ မြွေကြီးသည် တရွေ့ရွေ့ ဝေးရာသို့ ထွက်ခွာသွားပြီဖြစ်သတည်း...။

(ဆက်လက်)

မောင်ငယ်ရွှေ

www.burmeseclassic.com

www.burmeseclassic.com

"သူက ဝက်ရောင်းပြီးရင် ဆပ်ပါ့မယ်ဆိုပြီး ယူသွားတာ။ အတိုးရော အရင်းပါဆို ရှစ်သောင်းရှိပြီ။ တစ်ပြားမှ လည်း မရသေးဘူး။ သူ့အိမ်မှာလည်း ဝက်နဲ့တူတာဆိုလို့ ခြေလေးချောင်းထောက်တဲ့ ခုံတောင် မရှိဘူး"

"အဲဒါ ခက်တာပေါ့။ ရွှေမိကလည်း ကိုယ့်မှာ ပေးစရာမရှိဘဲ ယူတယ်။ မသန်းခင်ကလည်း ခြေခြေမြစ်မြစ် မစုံစမ်းဘဲ ပေးတယ်။ အခုတော့ ပြဿနာပေါ်ပြီ။ ရွှေမိ ဒီရွာကို ပြောင်းလာတာ လေးငါးခြောက်လပဲ ရှိသေး နှင်သိလျက်နဲ့ မသန်းခင်ရယ်။ ကဲ ကဲ ငါဆုံးဖြတ်ပေး အတိုင်း လိုက်နာကြမလား"

လိုက်နာကြမည်ဟု သဘောတူကြတဲ့အတွက် နှစ်ဦး နှစ်ဖက် မနစ်နာကြစေရန် ဆုံးဖြတ်ပြီး ကတိစာချုပ်တွင် လက်မှတ်ထိုးစေကာ အမှုကို ပြီးစေလိုက်ရသည်။

ကိုပေသီး လူမှုန်းသိတတ်စကတည်းက သူတို့ စုပေး ကုန်းရွာသည် အိမ်ခြေရာကျော်မျှသာရှိသည်။ တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com

ရွာနှင့် သီးခြားဖြစ်သည်။ ယခု ဆယ်နှစ်၊ ဆယ့်ငါးနှစ် အတွင်းမှာပင် အခြားရပ်ရွာက ပြောင်းရွှေ့နေထိုင်သူတွေနှင့် တိုးပွားလာသော လူဦးရေကြောင့် တောင်စွန်းနှင့် တစ်ဆက်တည်း ဖြစ်ရုံမျှမက တောင်စွန်းမြို့၏ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုပင် ဖြစ်နေပေပြီ။

"ဟူး...အဲဒါသာကြည့်တော့ အဘရေ၊ သူတို့ဟာသူတို့ စာတ်လမ်းတွေ ရှုပ်ကြပြီး ပြဿနာဖြစ်မှ ကျွန်တော့်ကို ခေါင်းစားအောင် လုပ်တာဗျ"

ရပ်ကွက်လူကြီးဖြစ်၍ ကိုပေသီးမှာ တာဝန်ရှိသည့် အတွက် ပြေလည်အောင် ရှင်းရသည်။ ထို့ကြောင့် စိတ်မောသူမောနှင့် အနီးရှိ ရပ်မိရပ်ဖ ဦးဖိုးသစ်ကို ပြောလိုက်ခြင်း ဖြစ်သည်။

"အင်း...ဒီလိုပေါ့ကွာ၊ ရွာမှာ နယ်စုံ လူမျိုးစုံ စရိုက် ဖြစ်နေပြီလေ။ တို့မိဘဘိုးဘွားတွေ လက်ထက်က အိမ်ခြံဘာရှိလို့တုံး။ လေးငါးခြောက်ဆယ်ပေါ့။ ဘယ်သူမှ ဒီအာဝဂ်တာ လိမ်တာညာတာ မရှိဘူး။ တစ်ရွာလုံး ငါးသီလ မြဲကြတာကိုး။ အိမ်တွေဆို ဘယ်အိမ်မှ တံခါးသည်း မရှိဘူး၊ ခြံဝင်းလည်း မရှိဘူး။ အခုဆို နည်းတယ်လို့ ပြောကြမှာ။ ဒါကြောင့် ဂျပန်ခေတ်တုန်းကလည်း အေးချမ်းတယ်။ ပါလီမန်ခေတ်ရောက်တော့လည်း ဓားပြရန်က သင်းတာပဲ"

"ဟုတ်ပါရဲ့ အဘရယ်၊ လူဦးရေကများ ခေတ်တွေစနစ် အကောပြောင်းဆိုတော့ အဘပြောသလိုပါပဲ။ လူနဲ့၊ စရိုက်စံ ဟာ ရွာခံတွေပါ အကျင့်စာရိတ္တတွေ ပျက်ပြားပြီး ဓလေ့ သဘာဝတွေပါ ပျောက်ကုန်တောပေါ့နော်"

"အေး...ဟုတ်တယ်ကွယ့်။ တို့မိဘတွေ ပြောဖူးတယ်။ ဂိုဏ်းကဆို ရွာကလူတွေ ဘယ်လောက်ရိုးသားကြသလဲ ဆို ဥစ္စာစောင့်တွေဆီကတောင် ရွေ၊ ငွေ၊ လက်ဝတ်လက်စားတွေ ငှားလို့ရတယ်တဲ့။ လိမ်တာကောက်တာ မရှိဘူး။ ခိုးတာ မရှိဘူး။ ငှားပြီး ပြန်ပေးတာ အတိအကျပဲ"

"တယ်ဟုတ်ပါလား အဘရဲ့။ ဒါဖြင့် အခု ဘာလို့ ဘူးလို့မရတော့တာလဲ"

"တစ်ရွာသား လူလိမ်လူကောက်တွေ ရောက်လာလို့ အကျင့်ပျက်ကုန်လို့ပေါ့ကွယ်"

ဦးဘိုးသစ်က ထုံးသုတ်ထားသော ကွမ်းရွက်ကို ပါးစောင်ထဲ ထည့်လိုက်ရင်း မိဘများပြောပြခဲ့ဖူးသော စုံပဒပ်ဇာန်းမှ ဖြစ်ရပ်ဆန်းကို ကွမ်းဝါးရင်း ကိုပေသီးကို ပြန်ပြော ပြလိုက်လေသည်။

◆◆◆

"ကဲ...အားလုံးနားထောင်ကြ။ လပြည့်နေ့ ကျီးပင်စုရွာ ကထိန်ကို တို့ရွာက အပျိုတွေအားလုံး လက်ဝတ်လက်စား ဆင်တူဝတ်ကြမယ်။ ဒီတစ်ခါ တစ်မျိုးဆန်းအောင်ပေါ့။ ဒါမှ တို့ရွာသူတွေကို အားလုံးက ဝိုင်းငေးကြရမယ်"

ကျီးပင်စုရွာ ကထိန်ပွဲသို့သွားရန် ရွာအတွင်းရှိ အပျိုများအားလုံး ရွာဦးကျောင်းခမ္မာရုံတွင် စုဝေးတိုင်ပင်ကြသည်။ ပွဲနေ့ပွဲထိုင်အတွက် မမင်းစိန်နှင့် မမင်းသိန်တို့ ညီအစ်မထံမှ လက်ဝတ်လက်စားများ ငှားရမ်းရန်အတွက် အပျိုခေါင်း မသန်းလှက ပြောပြနေခြင်း ဖြစ်သည်။

မမင်းစိန်နှင့် မမင်းသိန် ညီအစ်မသည် လူများမဟုတ်ကြဘဲ ဥစ္စာစောင့်များဖြစ်သည်။ ရွာအနောက်ဘက်ရှိ ကျိုက်ဒေးယျံတောင်ခြေရှိ ကျွဲတည်းပင်အနီး ကျောက်ဖျာကြီးတွင် သူတို့၏သိုက်နန်းရှိသည်။ ရှေးလူကြီးများ ပြောပြချက်အရ သူတို့ညီအစ်မသည် မွန်လူမျိုးများဖြစ်ပြီး အလွန် ချောမောလှပသည်ဟု ဆို၏။

စုံပဒပ်ကုန်းရွာ ဆိုသည်မှာ စုံပဒပ်ပင်များ ပေါများသည်ကို အစွဲပြု၍ ခေါ်ကြခြင်းဖြစ်သည်။ စုံပဒပ်သီးသည် ပိန္နဲသီးနှင့်တူ၍ ဆူးကျဲသည်။ အလုံးမှာ တာလပေါတိုက် လို့ရသည့် ပိန္နဲကင်းအရွယ်သာရှိသည်။ တစ်လုံးလျှင် လေးငါး ခြောက်မြွာမှ အမြွာနှစ်ဆယ်ခန့်သာ ပါသည်။ ရနံ့မှာ မွှေးပျံပြီး အလွန်အရသာရှိသည်။

မမင်းစိန်တို့ ညီအစ်မနှစ်ဦးစလုံး ဘုရား,တရားကို ရိုသေကိုင်းရှိုင်းပြီး သူတစ်ပါးကို ကူညီစောင်မ,ကြသည်။ အစ်မဖြစ်သူ မမင်းစိန်မှာ နူးညံ့သိမ်မွေပြီး ညီမဖြစ်သူ မမင်းသိန်မှာ သဘောကောင်းသော်လည်း ထက်မြက်သော စိတ်သဘော ရှိသည်။

စုံပဒပ်ကုန်းရွာသူတို့သည် ရှေးယခင်ကတည်းက မမင်းစိန်တို့ ညီအစ်မနှင့် ပလဲနံပသင့်သူများဖြစ်၍ ပွဲနေ့ပွဲထိုင်ရှိလျှင် လက်ဝတ်လက်စားများ ငှားရမ်းဝတ်ဆင်ကြသည်။ မမင်းစိန်တို့သည် ဆင်းရဲသူများအား လုပ်ငန်းကိုင်ငန်းအဆင်ပြေအောင် ကူညီစောင်မ,လေ့ရှိသလို ရံဖန်ရံခါ ရွှေတိုရွှေစများ မ,စကြသည်။ သူတို့သည် ရွာဦးကျောင်းဆရာတော်အားလည်းကောင်း၊ ရွာဦးရှိ ဖိနမာန်အောင်စေတီ ဘုရားပွဲတွင်လည်းကောင်း အခြားရွာသူများနှင့် ရောမှာ ကာ လာရောက်လှူဒါန်းလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

"တို့ ကိုးပင်စုကိုသွားဖို့ လဆန်း(၁၂)ရက်နေ့မှာ ပစ္စည်းငှားမယ်။ (၁၃)ရက်နေ့ မနက်စောစော လှည်းနဲ့သွားပြီး လှည်လည်ပွဲ သွားရမယ်။ လပြည့်နေ့ ရေစက်ချတရားနာပြီး ပြန်မယ်။ မမင်းစိန်တို့ ညီအစ်မအတွက်ပါ ကထိန်သင်္ကန်း ကပ်ပေးပြီး ရေစက်ချ အမျှဝေကြမယ်။ လပြည့်ကျော် တစ်ရက်နေ့ ပစ္စည်းတွေအားလုံး ပြန်အပ်ရမယ်"

အပျိုခေါင်း မသန်းလှက ရှင်းပြပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြသည်။ နောက်တစ်နေ့တွင် ပစ္စည်းများ ငှားရမ်းရန် ကျောင်းသို့လာပြီး ချက်ပြုတ်ထားသော သက်သတ်လွတ်ဆွမ်းများ ကပ်လှူကာ အားလုံး ငါးပါးသီလခံယူကြသည်။ ထို့နောက် ထမင်းဟင်း ပစ္စည်း ပစ္စယများရွက်ကာ မမင်းစိန်တို့ သိုက်နန်းရှိရာ ကျောက်ဖျာကြီးဆီသို့ အားလုံးသွားကြသည်။

"ကောင်မတွေ၊ ဟီမနေနဲ့။ တော်ကြာ ဟိုက အမြင်ကတ်ပြီး မငှားတော့ဘဲ နေဦးမယ်။ ဖယောင်းတိုင်၊ အမွေးတိုင် ပစ္စည်းပစ္စယတွေ စုံရဲ့လား"

မသန်းလှက စကားတွတ်ထိုးလာသော အပျိုပေါက်စတစ်စုကို မာန်လိုက်သည်။ ကျောက်ဖျာရောက်တော့ ကျောက်ဖျာရှေ့တွင် ဖျာများခင်းကာ ပွဲပြင်သည်။ ဆီမီး၊ အမွေးတိုင်များ ထွန်းညှိသည်။ လက်ဖက်၊ ကွမ်းနှင့်တကွ သက်သတ်လွတ် လက်ဖက်ထမင်းပွဲကို ပြင်သည်။ ၄င်းနောက် အပျိုများ၏ လက်ဆောင်ဖြစ်သော ပေါင်ဒါ၊ နံ့သာခဲ၊ နှုတ်ခမ်းနီ၊ ပါးနီ၊ အင်္ကျီ၊ ထဘီ အစရှိသော အမျိုးသမီးအသုံးအဆောင် အလှပြင်ပစ္စည်းများကိုပါ လင်ပန်းတစ်ချပ်နှင့် ထည့်ပြီးနောက် မျိုးရိုးစဉ်ဆက်က မမင်းစိန်တို့၏ ဝေယျာဝစ္စများ လုပ်ကိုင်တတ်သော မသန်းလှကပင် ငှားရမ်းမည့် ပစ္စည်းများစာရင်းကို ဖတ်ပြပြီး ငှားရမ်းရသည်။ ကျွဲတည်းပင်နောက်တွင် ထန်းခေါက်ဖာတစ်လုံးကို ဖျာကြမ်း(ရိုင်)နှင့် ခွေပြီးထားရသည်။ အနားသို့ မည်သူမျှ မသွားရ။ ထို့နောက် ယူဆောင်လာသော ပန်းအမျိုးမျိုးကို ကျောက်ဖျာထက်တွင် ထိုးရသေးသည်။ ငှားရမ်းတောင်းဆိုပြီးပါက ထန်းခေါက်ဖာကို ဖွင့်ကြည့်လျှင် စာရင်းပါအတိုင်း ရွေ၊ ငွေ၊ လက်ဝတ်လက်စားများကို အတိအကျတွေ့ရလေသည်။

ပြီးလျှင် အပိုချက်ပြုတ်လာသော ထမင်းဟင်းများကို တပျော်တပါး စားသောက်ကြသည်။ ထိုအချိန်တွင် လူပျိုကာလသားများ လာရောက်စားသောက်နိုင်သည်။ ပစ္စည်းများ ပြန်ပို့ပါက အားလုံးသွားပြီး ထန်းခေါက်ဖာကို မူလထားရာ ကျွဲတည်းပင်အောက်တွင် ပြန်ထားရသည်။ ဆိုင်းအမွေးတိုင်များ ပူအောက်ကာ ပစ္စည်းများကို အပျောက်အရှဲ့ တစ်ခုမကျန် ပြန်အပ်ပါကြောင်း မိမိတို့ ယနေ့ယခုပြုရသော ကုသိုလ်အဖို့ဘဝကို မမင်းစိန်နှင့် မမင်းသိန်တို့ ညီအစ်မ အားလည်း အမျှပေးဝေပါကြောင်း၊ ဝမ်းမြောက်စွာ သာခေါ်ရန် အသိပေးပါကြောင်း ပြောကြားပြီး ပြန်အပ်ရသည်ပြီးဆုံး၍ ထန်းခေါက်ဖာကို ပြန်ယူသောအခါ ပစ္စည်းများ မရှိတော့ပေ။ သူတို့ ပြန်သိမ်းသွားပြီ ဖြစ်လေသည်။

◆ ◆ ◆

မမင်းစိန်တို့၏ ပစ္စည်းများကို ရွာသားများက ခိုးဝှက်ခြင်းမပြုကြသလို ထိုပစ္စည်းများကို မည်သူမျှ မလုယက်နိုင်ဟု ဆိုသည်။ ရန်သူမျိုးငါးပါး အန္တရာယ်ကင်းသည်။ တစ်ခါက သထုံနယ်တစ်ဝိုက် မုတ္တမကွေ့ပင်လယ်ပြင်မှာ မကျွန် နာမည်ကြီးနေသော ကဒိုက်ကြီး ကဒိုက်လေးဘက်စားပြဇိလ် ကုလားကြီးသည် မမင်းစိန်တို့ဆီမှ လက်ဝတ်လက်စားများ ငှားရမ်းပြီး ကျိုက္ကော်သိမ်ဆိပ် အလှူသွားကြမည့် စုံပဒပ်ရွာသူတို့အား ဓားပြတိုက်ရန် လှည့်စားရောက်လာပြီး ညအချိန် ကေလာသတောင်ကို ကျော်မည်ဟူသောအကြံဖြင့် ကေလာသတောင်ကြောကို တက်ခဲ့လာကြသည်။

ကုလားကြီးသည် အဆောင်ကောင်းရှိသည်ဟု နာမည်ကြီးနေသူ ဖြစ်သည်။ ပုလိပ်တို့သည် ကုလားကြီးကို ဖမ်းရန် မစွမ်းနိုင်ကြသဖြင့် မကြာခဏ ပုလိပ်မင်းကြီး၏ အဆူအငေါ်ခံနေရသည်။ ထိုညက ကုလားကြီးတို့အဖွဲ့ တောထဲ၌ မှောစီလည် လမ်းမှားပြီး မိုးစင်စင်လင်းတော့ စုံပဒပ်ရွာသို့ မရောက်ဘဲ ကေလာသတောင်ခြေရှိ တောင်ကြီးကျေးရွာသို့ ရောက်သွားကြသည်။

ထို့ကြောင့် ကျိုက္ကော်သို့ လှည်းများဖြင့် နံနက်စောစော ကတည်းက ထွက်သွားကြသော စုံပဒပ်ရွာသူတို့၏ လှည်းတန်းကို ဖြတ်လမ်းမှ ပိုင်းရှိလိုက်ရာ ဒုဝန်းရွာအနီးတွင်မှီရွေ၊ ငွေများ လုယက်ခဲ့ကြသည်။ အားလုံး ငိုသူငို ယိုသူယို ပြန်လာကြကာ မမင်းစိန်တို့ ညီအစ်မနှစ်ယောက် တောင်းပန်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့၌ သာဆိုင်ဝန်မင်း ဦးညီသည် ကေလာသတောင်ပေါ်တွင် လှူဖွယ်သော ဘုရားများရှိသည်ဟု သတင်းကြားသဖြင့် လက်နက်ကိုင်အစောင့်အရှောက်တို့နှင့်အတူ ဘုရားဖူးပွဲနှင်ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com

ဆီသတင်းကို ကြားသဖြင့် ပုလိပ်အဖွဲ့ကို ဝိုင်းဝန်းပိတ်ဆို့ ချေမွေစေသည်။

ကုလားကြီးတို့အဖွဲ့ တောထဲ၌ အချင်းချင်း စကားများ ဘာ သတ်ဖြတ်ကြကြောင်း သတင်းရရှိ၍ သွားဝိုင်းရာ အားလုံးကို သေကျေဒဏ်ရာရလျက် ဖမ်းမိသည်။ ကုလား ကြီးမှာ ပစ္စည်းထုပ်ကိုယူ၍ ကိုယ်လွတ်ရုန်းပြေးသွားပြန် သည်။ စစ်တောင်းမြစ်ကိုဖြတ်ပြီး အနောက်ဘက်ကမ်းသို့ ဆွဲပြေးရန်အကြံဖြင့် သိမ်ချောင်းရွာအနီး ချဉ်းကပ်လာ သော ကုလားကြီးသည် ရုတ်တရက် ဝမ်းတွေလျှောသဖြင့် အင်အားချည့်နဲ့ကာ မသွားနိုင်တော့ဘဲ လယ်တဲအနီးတွင် ခဲအောင်းနေစဉ် တဲရှင်က သတင်းပေးသဖြင့် ပစ္စည်းများနှင့် ဘက္ခု ဖမ်းမိသည်။ ကုလားကြီးလည်း ဝမ်းလျှောရောဂါနှင့် သေသည်။ ပစ္စည်းများလည်းပြန်ရသည်။ ထိုနောက်ဝိုင်းမှ၍ မည်သူမှ မမင်းစိန်တို့ ပစ္စည်းများကို လုယူရန် မကြံဝံ့ ကြတော့ချေ။

တစ်နေ့ ဆယ့်ငါးနှစ်သား အရွယ်ကတည်းက ရွာမှ ဆွဲသွားပြီး ရန်ကုန်မြို့တွင် အလုပ်သွားလုပ်နေသော ခုနှစ်ဝန်းရွာသား သာဒင်သည် အိမ်ထောင်ကျပြီး ဇနီး ဖြစ်သူ မြမြဝင်းဆိုသည့် ရန်ကုန်သူနှင့်အတူ ရွာသို့ ပြန် ရောက်လာသည်။ မြမြဝင်းသည် ရန်ကုန်တစ်ဖက်ကမ်း သန်လျင်မြို့မှဖြစ်သည်။ ငယ်ရွယ်၍ ချောမောလှပပြီး သွက် လက်ချက်ချာသူမို့ မကြာခင် တစ်ရွာလုံးနှင့် ခင်မင်ရင်းနှီး သွားသည်။

'မမသန်းလှ တစ်ယောက်တည်း မုန့်ကြိတ်နေတာ သား။ ပေး..ပေး..ကျွန်မ ကူလုပ်ပေးပါ့မယ်'

မြမြဝင်းက ဘယ်နေရာမှာမဆို မနေတတ်ဘဲ ဝိုင်း ကူလုပ်ပေးတတ်သဖြင့် ဖင်ပေါ့သည်ဟုဆိုကာ အပျိုကြီး မသန်းလှကလည်း ချစ်သည်။ တစ်ခါတစ်ရံ ရန်ကုန်မှာ ချုပ်လာတဲ့ အဝတ်အစားအဆန်းလေးများပင် လက်ဆောင် ပေးတတ်သဖြင့် အပျိုခေါင်း မသန်းလှတစ်ယောက် မြမြ ဝင်းမှ မြမြဝင်း ဖြစ်နေရသည်။ တစ်နေ့-

မမသန်းလှတို့ အလှူသွားရင် မမင်းစိန်တို့ ညီအစ်မ ဆီမှာ လက်ဝတ်လက်စားတွေ ငှားလို့ရတယ်ဆို။ ကျွန်မ လည်း ဝတ်ချင်လိုက်တာ မမရယ်'

'နင်က ဒီရွာက အပျိုမှမဟုတ်တာ ငှားလို့မရဘူးဟဲ့'

'ကျွန်မက ဒီရွာက ကိုသာဒင်နဲ့ ညားမှတော့ ကျွန်မ လည်း ဒီရွာသူပဲပေါ့။ နေလာတာတောင် တစ်နှစ်ကျော်ပြီ'

'ညော်..မရပါဘူးဆို ယောကျ်ားတွေတောင် မရဘူး'

'ကျွန်မလေ ဒီသီတင်းကျွတ် ရန်ကုန်ကို ပြန်ချင်လို့ ပါ။ ဟိုမှာလည်း အလှူရှိတော့ ပြန်ရင် ဝတ်ထားစားထားမှ ဆွေမျိုးတွေက အထင်ကြီးမှာ။ လုပ်ပါ မမရယ်၊ တစ်လပဲ ကြာမှာ။ ပြန်လာရင် မမအတွက် ရန်ကုန်ပြန်လက်ဆောင် တွေ အများကြီး ညီမ ဝယ်ခဲ့ပါ့မယ်'

လက်ဆောင်ဟုဆို၍ မသန်းလှမျက်နှာ ဝင်းလက်သွား ကာ မျက်လုံးတွေ အရောင်တောက်လာသည်။ မြမြဝင်း သည် ရန်ကုန်သူဝီဝီ လက်မှာသည်။ အပေးအကမ်းရက် ရောသည်ကို သူသိသည်။ သူလင်သာဒင်က စုံပဒပ်ကုန်း သားဆိုတော့ စိတ်မချစရာ အကြောင်းမရှိ။

'ဒီလိုလုပ်ဟယ်။ နင် သူတို့နဲ့ ရင်းနှီးအောင်လုပ်။ သူတို့ကြိုက်တဲ့ အလှကုန်ပစ္စည်းလေးဘာလေးပေါ့ဟယ် လက်ဆောင်လေးတွေယူပြီး သွားတောင်းကြည့်။ မိတ်ဆက် တဲ့အနေနဲ့ ပထမဦးဆုံးအခေါက်မှာ ငါလိုက်ပေးမှာပေါ့။ နောက်တော့ ကိုယ့်ဟာကိုယ် နေတိုင်း သွားပေါ့။ သူတို့က သဘောကောင်းပါတယ်။ နင့်ကို ပေးမှာပါ။ ကံကောင်းရင် ရမှာပေါ့'

မြမြဝင်း၏ အတွေးတွေလည်း လင်းလက်သွားသည်။ မိန်းကလေးသဘာဝ ပစ္စည်းတွေရလျှင် ရန်ကုန်သူဝီဝီ ကြွား ဖို့ စိတ်ကူးယဉ်လိုက်မိလေသည်။

◆◆◆

'မမကြီး မမင်းစိန်နဲ့ မမလေး မမင်းသိန်တို့ရှင်.. ကျွန်မကို ကူညီတဲ့အနေနဲ့ လက်ဝတ်လက်စားတွေ တစ်လ လောက်ငှားပါရှင်။ ရန်ကုန်က ပြန်လာရင် ဆက်ဆက်ပြန်ပို့ ပါ့မယ်။ ဟောဒီမှာ မမတို့အတွက် လက်ဆောင်တွေပါရှင်။ စေတနာသန့်သန့်နဲ့ ပေးတာပါရှင့်'

ပထမနေ့က မသန်းလှကိုယ်တိုင် မိတ်ဆက်ပေးထား သည့်အတွက် ဒီနေ့တော့ သိုက်နန်းရှိရာ ကျောက်ဖျာသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ လက်ဆောင်ပစ္စည်း များ၊ မုန့်များ၊ ပန်းများ ဆက်သပြီး နေစဉ် သန့်ရှင်းရေး ပြုလုပ်ပေးသည်။ ပြီးလျှင် သူလိုချင်တာကို တောင်းဆိုပြီး ပြန်လေသည်။

တစ်နေ့တော့ မြမြဝင်း အိပ်ပျော်နေစဉ် အိပ်မက်ပေး သည်။ အိပ်မက်ထဲ၌ လွန်စွာလှပ၍ ကျက်သရေရှိသော မိန်းကလေးတစ်ဦး သူ့ရှေ့၌ လာရပ်နေသည့်အတွက် မြမြ ဝင်းက ငေးမောကြည့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မမက မမင်းစိန်ပါကွယ်။ ညီမပေးတဲ့ လက်ဆောင်တွေကို ရပါတယ်။ ဒါကြောင့် မြမြဝင်းကို ချစ်ခင်မိလို့ ကူညီဖို့ ရောက်လာတာပါ။ မမတို့ဆီက ရွှေ၊ ငွေ လက်ဝတ်လက်စားကလွဲရင် တခြားအကူအညီတောင်းပါ။ ဒါတွေက မမတို့ ညီအစ်မနှစ်ဦးပိုင် ပစ္စည်းတွေဆိုတော့ သူ သဘောမတူရင် ငှားလို့မရဘူးကွယ်'

'ညီမလည်း ဒီရွာသား ကိုသာဒင့်မိန်းမပါ မမရယ်။ ညီမ ရန်ကုန်က ပြန်လာရင် မမတို့အတွက် အဖိုးတန်ပြီး ရှားပါးတဲ့ပစ္စည်းတွေ လက်ဆောင်ဝယ်ခဲ့ပါ့မယ်။ ဒီအတိုင်း ပြန်သွားရင် ဆွေမျိုးတွေဝိုင်းကဲ့ရဲ့မှာစိုးလို့ပါရှင်။ ကူညီပါဦး။ အဟင့်..ဟင့်..ဟီး..ဟီး'

ဝမ်းနည်းစွာငိုရှိုက်ရင်း တောင်းပန်နေရှာသော မြမြဝင်းကို ကြည့်ပြီး မမင်းစိန် ကရုဏာသက်သွားပုံရသည်။

'ကဲပါလေ၊ မငိုပါနဲ့ ညီမရယ်။ မင်းကို သနားလွန်းလို့ မမကူညီချင်ပါတယ်။ မမင်းသိန် မသိအောင် တစ်ကိုယ် ဆင်စာ ပေးပါ့မယ်။ ဒါပေမဲ့ မင်းပြန်လာမယ်ဆိုတာ ငါ့ကို ယုံကြည်အောင် သက်သေပြဖို့လိုတယ်။ အဲဒီလောက်တော့ မင်းတတ်နိုင်ရမှာပေါ့'

မြမြဝင်း ခေတ္တမျှ စဉ်းစားလိုက်သည်။

'ဟင်..သူယုံကြည်အောင် ဘယ်လိုသက်သေပြရပါ့။ အခုဆို ငါ့မှာ ကိုယ်ဝန်လေးလရှိပြီး ဒီလိုပုံစံနှင့် ပြန်လို့ မဖြစ်ဘူး။ ခါးက နည်းနည်းတုတ်ပြီး ဗိုက်ကနည်းနည်းစူပြီး မကြာခင် ပူလာတော့မယ်။ လွတ်လွတ်လပ်လပ် အပျိုလုပ်လို့ရမှာ မဟုတ်ဘူး။ အင်း..သိပြီ..သိပြီ။ ဒီလိုလုပ်မှ'

မမင်းစိန်ကို သူ့အစီအစဉ်ကို ပြောပြလိုက်သည်။

'ဒီလိုလုပ်ပါလား။ ကျွန်မမှာ ကိုယ်ဝန်လေးလရှိပြီ။ အဲဒီကိုယ်ဝန်ကို မမဆီကို အပ်ခဲ့ပါ့မယ်။ ကျွန်မ ပြန်လာတော့ ပြန်ပေးပေါ့'

မြမြဝင်း၏စကားကြောင့် ရုက်လွန်း၍ မမင်းစိန်၏ မျက်နှာ ရဲခနဲဖြစ်သွားကာ သွေးရောင်လွှမ်းသွားရုံမက မျက်လုံးကလေးပြူးပြီး နှုတ်ခမ်းလေးပါ ဟစိစိ ဖြစ်သွားရရှာသည်။

'အို..မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ့က အပျိုဟဲ့။ ဟင်..ရုက်စရာကြီး'

'ဖြစ်ပါတယ်။ မမကသာ ကူညီမယ်ဆိုရင် ဖြစ်မှာပါ။ မမဆီမှာ ကျွန်မ့ရင်သွေးလေးရှိနေရင် ကျွန်မ ဘယ်မှမပြေးနိုင်ဘူး။ ကိုယ့်ရင်သွေးပဲရှင် ဘယ်ပစ်ရက်ပါ့မလဲ။ စိတ်ချပါ'

မမင်းစိန် ခေတ္တမျှ စဉ်းစားပြီးနောက်-

'အေးလေ..ဒါမှလည်း စိတ်ချရမှာပေါ့။ ကဲ..ကဲ မင်းသံဘ ကတိတည်ပါစေ။ မဲနက်ပြန် ကျောက်ဖျားနားက ကျွဲတည်းပင်အောက်ကိုသာ လာခဲ့တော့'

မြမြဝင်း ဝမ်းသာအားရနှင့် ကုန်းကုန်းပြီး ကန်တော့နေစဉ်မှာပင် အိပ်မက်က လန့်နိုးသွားလေတော့သည်။

♦ ♦ ♦

သာဒင်တစ်ယောက် ရန်ကုန်ပြန်သွားသော မြမြဝင်းကို မျှော်နေသည်မှာ သုံးလပြည့်လေပြီ။ တစ်နေ့ ရွာလယ်ပိုင်းက ဒေါ်စိန်ပုတစ်ယောက် နတ်ပူးသလို တုန်တုန်ယင်ယင်ထဖြစ်သဖြင့် ဝိုင်းဝန်းပြုစုနေကြသည်။

'အခု ဝင်ပူးတာ ဘယ်ကလဲ။ ဘယ်သူလဲ'

'ငါ မမင်းစိန်ညီမ မင်းသိန်ပဲ။ မြမြဝင်းဆိုတဲ့ လူလိမ်အခု ဘယ်မှာလဲ'

'မြမြဝင်း ရန်ကုန်သွားတာ ပြန်မလာသေးပါဘူး မေလေး'

'ဒီကောင်မ လိပ်စာပြောစမ်း။ အဲဒီလူလည်မက ငို့ပြီး သဘောကောင်းတဲ့ ငါ့အစ်မကို လှည့်စားပြီး လက်ဝတ်လက်စားတွေ ညာယူသွားရုံမကဘူး သူ့ကိုယ်ဝန်လေးလည်း အပ်သွားလို့ အခုဆို ငါ့အစ်မဟာ သူ့ကိုယ်ဝန် ခုနစ်လလွယ်ထားရပြီ။ နေ့တိုင်း စိတ်ဆင်းရဲနေရတယ်။ တွေ့ငါကိုယ်တိုင် သတ်မယ်။ ဟိုကောင်မ အခါပေးတဲ့ မိသန်လ၊ အဲဒီကိုယ်ဝန် နှင့်ကို ပေးရမယ်'

'ဟီး..ဟီး..ဟီး..မ..မလုပ်ပါနဲ့ မမလေးရယ်။ လိပ်စာ ကျွန်မတောင်းပေးပါ့မယ်။ ကျွန်မကို သနားပါ မမလေးရယ်။ ဟီး..ဟီး..ဟီး..အဟစ်'

အားလုံးက ဝိုင်းတောင်းပန်ပြီး လိပ်စာပေးလိုက်မှ မမင်းသိန် ကျေနပ်ပြီး ပြန်ထွက်သွားလေသည်။

မြမြဝင်းသည် သန်လျင် ကျိုက်ခေါက်ဘုရားပွဲအဖော်များဖြင့် သွားလည်ပြီး အိမ်ပြန်ရောက်သည်နှင့် လက်ဝတ်လက်စားများကိုချွတ်ကာ ပဝါဖြူနှင့်ထုပ်ပြီး သေတ္တာထဲတွင် သိမ်းလိုက်သည်။ မြမြဝင်းသည် ယောကျ်ားလည်းမရှိ၊ ကိုယ်ဝန်လည်းမရှိ၊ နဂိုအတိုင်းလှပပြီး ဝတ်နိုင်စားနိုင်သည့်အတွက် ရပ်ကွက်ထဲတွင် အတော်မျက်နှာပွင့်သည်ထို့ကြောင့် ရပ်ကွက်ထဲကလူတွေ အရေးပေးသည့်အပြင် သာယာလျက် မမင်းစိန်ကို ပေးထားတဲ့ ကားကိုပင် ဧ

www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ကိုသာဒင်ဆီသို့ပြန်ရန်လည်း စိတ်မကူးတော့ဘဲ တစ်ကိုယ်တည်း အပျိုကြီးလုပ်လျက် ဗျော်မွေ့ရင်း ကိုယ်ဝန်ကို အဆုံးခံလိုက်လေသည်။

'ဟင်း..ဒီပစ္စည်းတွေ ငါပိုင်ပြီ။ သူတို့က ဘာတတ်နိုင်မှာမို့လဲ။ သူတို့ထက်လည်လို့ ရန်ကုန်သူ လုပ်တာ။ ဟင်း..ဟင်း..ဟင်း'

တွေးရင်းက မောမောနှင့် ခုတင်ပေါ်တွင် အိပ်ပျော်သွားသည်။ ထိုစဉ် ငယ်ရွယ်ချောမောလှပပြီး တင်းမာသော မျက်နှာထားဝိုင်ရှင် အမျိုးသမီးငယ်တစ်ဦး ခုတင်ဘေးတွင် လာရပ်သည်။ အမျိုးသမီးငယ်သည် မီးဝင်းဝင်းတောက်သော ဒေါသမျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ပြီး လက်သီးဆုပ်ဆုပ်ထိုး၍ ပြောလိုက်သည်။

'ဟဲ့..လူလိမ်မ၊ ဘယ်မှာလဲ ငါ့ပစ္စည်းတွေ။ ပေးစမ်း'

'ဟင်..နင်..နင်က ဘယ်သူလဲ'

'နင် ဘာလုပ်ခဲ့သလဲဆိုတာ နင် မသိဘူးလား။ ဟောက်..ဟန်ဆောင်ကောင်းလိုက်တာ။ နင့်ကြောင့် ငါ့အစ်မ ဘယ်လိုဖြစ်ရသလဲ သိချင်ရင် ဒီမှာကြည့်'

ပြောရင်း လက်ကို တွေ့ယမ်းလိုက်ပြီး ပြန်အရုတ်တွင် သူလက်ထဲ၌ ကိုယ်လေးလက်ဝန်ကြီးနှင့် ငိုရှိက်ရင်း ပါလာသော မမင်းစိန်ကိုတွေ့မှ-

'ဟင်..မ..မ..မမင်းစိန်၊ ကျွန်မ..ကျွန်မ'

မှားမှန်းသိကာ ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး မမင်းသိန်ကို သူကြောက်သွားသည်။

'ဟင်..ဟင်..လုပ်ရက်လိုက်တာ မြမြဝင်းရယ်။ အခုတော့ ငါ့မှာ နှင့်ကို အားနာလို့ ခါးပါရပြီပေါ့။ ဟီး..ဟီး..အဟစ်..ဟစ်'

'ကဲ..ဘယ်မှာလဲ ပစ္စည်းတွေ။ မပေးနိုင်ရင် ဒီညနှင် အသေပဲ'

'ကျွန်မကို မသတ်ပါနဲ့ရှင်။ ပစ္စည်းတွေ ပေးပါ့မယ်ရှင်'

'ဟုတ်ပါတယ် ညီမတော်လေးရယ်။ ပစ္စည်းတွေလည်း ပြန်ရပြီပဲ။ သူကိုသတ်ရင် သူသားလေးပါ ဒုက္ခတွေ့သွားမယ်။ သတ္တဝါတွေကို မေတ္တာထားဖို့ သိုက်ချုပ်ဘိုးတော်ကြီး ဆုံးမထားတယ် မဟုတ်လားတွယ်'

မြမြဝင်းက သေတ္တာထဲမှ ပစ္စည်းထုပ်ကိုယူပြီး ပြန်အပ်လိုက်သည်။

'ကဲ..ငါ့ပစ္စည်းတွေရပြီ။ ရော့..နှင့်ပစ္စည်း နှင်ပြန်ယူတော့'ဟုပြောကာ မမင်းစိန်ကို ဆွဲခေါ်လျက် အိမ်ထဲမှ ရုတ်တရက်ပျောက်သွားသည်။

အိပ်ရာမှ လန့်နိုးတော့ သူတစ်ကိုယ်လုံး ဓာတုချွေးများဖြင့် ရွှဲနစ်နေသည်။ ယောင်ယမ်းပြီး ဗိုက်ကို စမ်းလိုက်ရာ မအိပ်ခင်က ချပ်ရပ်နေသော သူ၏ ဝမ်းဗိုက်ကလေးသည် ခုနစ်လကိုယ်ဝန်ကို လွယ်ထားရသဖြင့် ဗိုက်ကလေးပူနေပြီ။ လက်ဝတ်လက်စားတွေလည်း ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီ။ ထိုအချိန်မှစ၍ စုံပဒပ်ကုန်းရွာတွင် မမင်းစိန်တို့ထံမှ ပစ္စည်းများ ငှားရမ်း၍ မရတော့။ သိုက်နန်းကိုလည်း လူတွေနဲ့ ရောလွန်းလို့ အပျိုတန်မဲ့ နတ်ပင် ကိုယ်ဝန်ဆောင်ရသည်ဟုဆိုကာ သိုက်ချုပ်များက ပြောင်းရွှေ့လိုက်သည်။

♦ ♦ ♦

ဦးဘိုးသစ်က ရှေးဟောင်းနှောင်းဖြစ်ကို ပြန်ပြောပြရင်း ရေနွေးကရားထဲမှ ရေနွေးကို ခွက်ထဲငှဲ့လိုက်သည်။

ရွာလူကြီး ကိုပေသီးက-

'ဒါဆို အခု အဲဒီကျောက်ဖျာကြီး ရှိသေးလား အာ'

'မရှိတော့ဘူးကွ။ ပစ္စည်းငှားမရကတည်းက လူအသွားအလာ မရှိတော့ဘူး။ လွန်ခဲ့တဲ့လေးငါးဆယ်နှစ်က ငရုတ်ဆုံတို့၊ မုန့်ကြိတ်ဆုံတို့ လုပ်ရောင်းတဲ့ ကျောက်ဆစ်သမားတွေက အလှဆင်ကျောက်ပြားတွေလုပ်ပြီး ကုမ္ပဏီကို ရောင်းစားကြလို့ ကျောက်ဖျာကြီးတစ်ခုလုံး ကုန်ရုံမက စုံပဒပ်ပင်တွေပါ ရှားကုန်ပြီ'

'အင်း..နှမြောစရာပဲ။ လူတွေ..လူတွေ..ရတုန်းက ချောင်းပေါက်မတတ်၊ မရတော့လည်း လှည့်တောင်မကြည့်ကြဘူး။ တကယ်ဆို သူကျေးဇူးကို အမှတ်ရနေမယ့် လွမ်းစေတီလေးတစ်ဆူလောက်တည်ပြီး ကောင်းမှုပြုပေးကြရင် ဒီကျောက်တုံးကြီး ဘယ်ပျောက်ပါ့မလဲဗျာ။ ဒါနဲ့ ဒေါ်မြမြဝင်းရဲ့ မျိုးဆက်သစ်တွေရော မရှိတော့ဘူးလား အာ'

'ရှိပါသေးတယ်။ သူရဲ့မြေးတစ်ယောက် ဒီရွာမှာပဲ နေတယ်ကွ'

'အာနဲ့ သိသလား။ ဘယ်သူများလဲဟင်'

ဦးဖိုးသစ်သည် ငဲ့ထားသော ရေနွေးကြမ်းပူပူကို မှုတ်သောက်နေရင်းမှ 'ငါပဲပေါ့ကွာ'ဟု ပြောလိုက်လေသတည်း။

သျှင်ရဲထွဋ်(ဒေါ်ငွေနှင်း)

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသော ဂူထွက်မြို့ဟောင်းက ဘိုင်းလောင်းသံ

ကျော်ဆွေဟန်သည် ရန်ကုန်ဇာတိဖြစ်သော်လည်း ဘွဲ့ရသည်နှင့် အထက်တန်းပြဆရာ လျှောက်ထားခဲ့ရာ ကချင်ပြည်နယ်သို့ ရောက်ရှိခဲ့ပါသည်။ ရုပ်ဝေးသို့ မသွားချင်သဖြင့် ကချင်ပြည်နယ်သို့ မသွားတော့ရန် စဉ်းစားသော်လည်း မိတ်ဆွေတစ်ဦးက နာမည်ကျော် လက္ခဏာဆရာကြီးတစ်ဦးထံ မေးမြန်းပြီးမှ သွားသင့်,မသွားသင့် ဆုံးဖြတ်ရန် အကြံပေးသဖြင့် လက္ခဏာဟောသည့် ဆရာကြီးထံ သွားရောက်မေးမြန်းခဲ့ပါသည်။

'ချက်ချင်း အလုပ်က မထွက်ပါနဲ့။ အသက်သုံးဆယ်ပြည့်အောင် စောင့်ပါ။ အသက်သုံးဆယ်ပြည့်မှ အလုပ်ထွက်တာ အကောင်းဆုံးပဲ။ မမျှော်လင့်ဘဲ စည်းစိမ်ဥစ္စာများစွာရလိမ့်မယ်'

လက္ခဏာဆရာက ဟိုသို့ဟောသဖြင့် ကချင်ပြည်နယ်သို့ လာခဲ့ခြင်းဖြစ်သည်။ ယခု အသက်သုံးဆယ်ပြည့်တော့

'ဇာတာရှင်ဟာ အသက်သုံးဆယ်ပြည့်ရင် အလုပ်ကထွက်လိမ့်မယ်'

'ရွှေလဆိုရင် ကျွန်တော် အသက်သုံးဆယ် ပြည့်ပါပြီဆရာ'

'အလုပ်ကထွက်ဖို့ မကြာတော့ပါဘူး'

'လက်ရှိအလုပ်ကထွက်ရင် ကောင်းမလား ဆရာ'

'သိပ်ကောင်းတယ်။ မကြာခင် ချမ်းသာကြွယ်ဝလာလိမ့်မယ်'

ကျော်ဆွေဟန်သည် မန္တလေးသို့ရောက်စဉ် အလွန်နာမည်ကြီးသော ပုဏ္ဏားဗေဒင်ဆရာကြီးတစ်ဦးထံ သွားရောက်မေးမြန်းခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ည်ဖြစ်၍ မန္တလေးတွင် ဒုတိယအကြိမ် မေးမြန်းခြင်းဖြစ်သည်။ ပထမဆရာနှင့် ဒုတိယဆရာတို့ ဟောကြားသည်မှာ တစ်ထပ်တည်းကျနေသဖြင့် ဝမ်းသာရပါသည်။ ဝိုင်းသော ဆွေစရန် ဗေဒင်ဆရာကြီးကို ထပ်မံမေးလိုက်မိသည်။

'အလုပ်က ထွက်လိုက်တဲ့လူက ဘယ်လိုနည်းနဲ့ ချမ်းသာနိုင်မှာလဲ ဆရာ'

'အလုပ်ကထွက်ပြီး စာတိုအရပ်ကို ပြန်မယ်။ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခု ရေထဲက ရတာကို အကြောင်းပြုပြီး ချမ်းသာလာဖို့ မြင်ပါတယ်'

'ရေထဲကို လိုက်ရှာရမှာလား'

'လိုက်ရှာဖို့ မလိုပါဘူး။ အချိန်တန်တော့ ဖြစ်လာမှာပေါ့။ ဒါပေမဲ့ ရေရှိတဲ့အရပ်ကိုသွားမှလည်း ရေနဲ့ တွေ့ခွင့်ရမှာပေါ့'

ကျော်ဆွေဟန် ကျေနပ်ပါသည်။ ရန်ကုန်နှင့် မန္တလေးမှ နာမည်ကျော် ဆရာနှစ်ဦး၏ ဟောကိန်းမှာ တစ်ထပ်တည်းကျနေခြင်းအတွက် မိမိချမ်းသာရမည်ဟု ယုံကြည်နေပါသည်။ မိမိစောင့်ခဲ့ရသော အသက်သုံးဆယ်ပြည့်ဖြစ်၍ အလုပ်ကထွက်ရန် လွယ်ကူမှုရှိ,မရှိ စုံစမ်းကြည့်ဖို့ မိတ်ဆွေတစ်ဦးက လျှောက်လွှာသာတင်လိုက်ပါ သူ့ညီမည်ပြောသဖြင့် လျှောက်လွှာတင်လိုက်သည်။ ဆယ်ကျော်ခန့်အကြာ သွားရောက်စုံစမ်းကြည့်ရာ အထက်က ခွင့်ပြုကြောင်း သိရသည်နှင့် ရန်ကုန်သို့ ပြန်ခဲ့ပါသည်။

ရန်ကုန် ကမာရွတ်မြို့နယ်တွင် မိဘများ ထားခဲ့သည့် အိမ်ရှိပါသည်။ မောင်နှမသုံးဦးသာရှိပြီး အငယ်ဆုံးညီမ ညီညီက ထိုအိမ်တွင် နေသဖြင့် ညီမရှိရာသို့ ပြန်ခဲ့သည်။ အစ်ကိုကြီးမှာလည်း အထက်တန်းပြဆရာဖြစ်၍ ယခု မအူပင်မြို့တွင် တာဝန်ကျနေကြောင်း သိရသည်။ ညီမညီညီ၏ ခင်ပွန်းမှာ ရွှေဘုံသာလမ်းတွင် ရွှေဆိုင်ဖွင့်ထားကြောင်း သိရသည်။

ညီမအိမ်တွင် အနားယူရင်း အစ်ကိုကြီးရှိရာ မအူပင်သို့ သွားရပါက ရေနှင့်မီးစပ်သဖြင့် မအူပင်သို့ ရေလမ်းခရီး ထွက်ခဲ့သည်။ အစ်ကိုကြီး၏အိမ်မှာလည်း နှစ်ထပ်အိမ်ဖြစ်၍ သူတို့မိသားစုက အောက်ထပ်တွင်သာ နေကြသဖြင့် အပေါ်ထပ်မှာ လွတ်နေသဖြင့် သူ့အတွက် တည်းခိုရန် အဆင်ပြေခဲ့ရပါသည်။

အစ်ကိုကြီး၏ အိမ်တွင်နေ၍ သုံးရက်မြောက်ညတွင် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်ပါသည်။ အိပ်မက်ထဲတွင် အလွန်ချောမောလှပသော ရွှေခေတ်နန်းဝတ်နန်းစားနှင့် အမျိုးသမီးတစ်ဦးကို မြင်လိုက်ရသည်။

'ကျွန်မက သီရိစန္ဒာပါ။ အကူအညီတောင်းပါရစေ။ ရေထဲမှာ ရောက်နေတဲ့ ကျွန်မရဲ့ ပစ္စည်းတစ်ခုကို ယူပေးပါရှင်'

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်က ဘယ်လိုယူပေးရမှာလဲ'

'ကျွန်မ ရှင့်ကို စောင့်နေတာပါ။ ရှင် ယူပေးနိုင်မှာပါ။ တံငါသည် ကိုငှက်ရိုးနဲ့သာ လိုက်သွားပါ။ ပစ္စည်းကို တွေ့ရပါလိမ့်မယ်။ အဲဒီပစ္စည်းဟာ ကျွန်မတို့နှစ်ယောက်အတွက် အလွန်အရေးကြီးပါတယ်။ ဒီပစ္စည်းရမှ ကျွန်မဘဝ လွတ်ရာလမ်းကို ရောက်နိုင်သလို ရှင့်ဘဝအတွက်လည်း ပြည့်စုံချမ်းသာကြွယ်ဝမှုကို ရမှာပါ'

အိပ်မက်က ထိုမျှသာဖြစ်သည်။ အိပ်မက်က ထူးဆန်းသလို သူ့ဘဝအတွက် ချမ်းသာစေမည့် နည်းလမ်း၏အစဖြစ်သည်။ ထိုပစ္စည်းကိုရပါက ချမ်းသာရတော့မည်။ ထိုပစ္စည်းယူရန် တံငါသည် ကိုငှက်ရိုးကို ရှာရမည်။

မနက်ပိုင်း လမ်းလျှောက်ရင်း တံငါလေ့များ စုရပ်နေရာကို သူသိထားသည်။ နောက်နေ့နက်စောစော အိမ်က ထွက်ခဲ့သည်။ ကမ်းနား လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း တံငါလေ့များ လာလေ့ရှိသည့်နေရာသို့ ငေးကြည့်နေခဲ့သည်။ လက်ဖက်ရည်ဆိုင်က စားပွဲထိုးလူငယ်လေးကို မေးလိုက်သည်။

'ဟိုလေ့တွေက တံငါလေ့တွေလား'

'ဟုတ်ပါတယ် ဦး'

'တံငါသည် ကိုငှက်ရိုးကို မင်း သိသလား'

'သိပါတယ်။ ကိုငှက်ရိုး မရောက်သေးပါဘူး'

'ကိုငှက်ရိုးကို တွေ့ချင်လို့ပါ။ သူလာရင် ပြပေးစမ်းပါ'

ကျော်ဆွေဟန်သည် လမ်းခရီးတွင် စားသောက်ရန် ဆိုင်တွင်ရှိသောမုန့်များကို အလုံအလောက်ဝယ်ယူပြီး ကိုငှက်ရိုးကို စောင့်နေခဲ့သည်။ ထိုစဉ် လက်ဖက်ရည်ဆိုင်က လူငယ်လေးက လေဆိပ်သို့ သွားနေသည့် ပိန်ပိန်သေးသေး လူတစ်ဦးကို ညွှန်ပြပြီး ပြောပါသည်။

'ဦး...ဟိုမှာမြင်ရတဲ့လူဟာ ကိုငှက်ရိုးပဲ'

ကျော်ဆွေဟန်သည် ကိုငှက်ရိုးကို အမြဲလိုက်ခဲ့သည်။ ကိုငှက်ရိုးသည် ပိုက်ကွန်များကို လေ့ပေါ်သို့ ပစ်တင်လိုက်စဉ် ကျော်ဆွေဟန်က ကိုငှက်ရိုးကို စကားစလိုက်သည်။

'မိတ်ဆွေက ကိုငှက်ရိုး ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်။ ကျွန်တော် ငှက်ရိုးပါ'

'ကိုငှက်ရိုး နောက်ကိုလိုက်ပြီး ရေလုပ်သားဘဝကို လေ့လာဖို့လို့ မိတ်ဆွေတစ်ဦးက လမ်းညွှန်လို့ပါ။ ခင်ဗျား ငါးဖမ်းတာ လေ့လာချင်လို့ ကျွန်တော်လိုက်ပါရစေ။ ခင်ဗျားအလုပ်ကို အနှောင့်အယှက်မဖြစ်စေရပါဘူး'

ကိုငှက်ရိုးက မယုံသင်္ကာဖြင့် ပြန်ကြည့်သည်။ ခေါ်သွားလိုဟန်မတူသည့်အသွင် ရှိပါသည်။

'လိုက်ခွင့်ပြုပါဗျာ။ ကျွန်တော် တတ်နိုင်သမျှ ကူညီပေးမှာပါ'

'မိတ်ဆွေ ပင်ပန်းမှာစိုးလို့ပါ။ မြစ်ထဲမှာ နေသိပ်ပူတယ်။ ကျွန်တော်က ညနေရောက်မှ ပြန်နိုင်မှာဆိုတော့ မိတ်ဆွေကြီး သိပ်ပင်ပန်းနေမှာပေါ့'

'ရပါတယ်ဗျာ။ တစ်ရက်တလေ ပင်ပန်းတာ ကိစ္စမရှိပါဘူး။ အတွေ့အကြုံလိုချင်လို့ပါ။ ပင်ပန်းတော့လည်း ပင်ပန်းတဲ့ အတွေ့အကြုံရတာ အမြတ်ပေါ့။ အဓိက,ကတော့ ငါးရအောင် ဘယ်လိုရှာရတယ်ဆိုတာ သိရရုံပါ'

'ကဲဗျာ..ဒါလောက်လိုက်ချင်ရင်လည်း လေ့ပေါ် တက်ပါတော့'

ကိုငှက်ရိုး၏ ခွင့်ပြုချက်ရသဖြင့် ကျော်ဆွေဟန်က လေ့ပေါ် တက်လိုက်သည်။ လေ့ပေါ်တွင် ဝင်နေသော ငါးများကို အသင့်တွေ့ရသည့် အုန်းမှုတ်ခွက်ဖြင့် ခပ်ထုတ်ပေးလိုက်သည်။ ကိုငှက်ရိုးက မြစ်လယ်ရောက်အောင် လေ့လော်ခဲ့သည်။

မအူပင်မြို့မှ နှစ်မိုင်ခန့်ဝေးသော နေရာရောက်မှ ကိုငှက်ရိုးက ပိုက်ကွန်ကိုယူကာ လေတွင်ဖြန့်၍ ရေထဲသို့ ချလိုက်သည်။ အနီးဝန်းကျင်တွင် ကိုငှက်ရိုးကဲ့သို့ ကွန်ပေးနေသူများကိုလည်း မြင်ရသည်။ ကွန်ပစ်ပြီး နာရီဝက်ခန့်အကြာတွင် ပိုက်ကွန်ကို လေ့ပေါ်သို့ အသာအယာဆွဲတင်ပါသည်။ ပိုက်ကွန်ထဲတွင် ပါလာသော ငါးအမျိုးအစားအမျိုးမျိုးကို ကောက်ယူ၍ အသင့်ယူလာသော မြှားထဲသို့ ကောက်ထည့်ပါသည်။ ကျော်ဆွေဟန်ကလည်း ကူညီ၍ ငါးများဖမ်းကာ တောင်းထဲသို့ ထည့်ပေးပါသည်။ ငါးတစ်ပိသာခန့် ရပါသည်။ ငါးများ ကုန်စင်အောင်ကောက်ယူပြီး ကိုငှက်ရိုးက ပိုက်ကွန်ကို ဒုတိယအကြိမ် ပစ်လိုက်ပါသည်။ ထိုနည်းတူစွာ သုံးကြိမ်ပစ်ပြီး ငါးများသိမ်းယူပြီး ကိုငှက်ရိုးက ဆေးလိပ်သောက်ရင်း ခေတ္တနားလိုက်သည်။

ကျော်ဆွေဟန်သည် ရေထဲကပစ္စည်း ရမည်ဟူသော စကားကို ကြားယောင်ပြီး ပိုက်ကွန်ထဲတွင် ပစ္စည်းများ ပါလာလေမည်လားဟု စဉ်းစားမိ၍ ပိုက်ဖော်တိုင်း သတိထားကြည့်မိပါသည်။ သို့သော် အိပ်မက်အတိုင်း မှန်ကန်ခြင်းက ထိုပစ္စည်း ရကိုရရမည်ဟု ယုံကြည်မိပါသည်။

www.burmeseclassic.com

ကိုငှက်ရိုးသည် ကွန်ကို အကြိမ်ကြိမ်ပစ်ပြီး မွန်းတည့်ချိန်တွင် အလွန်မောပန်းနေပုံရသည်။ မြစ်ထဲတွင် ရေကလည်းအေး၊ လေကလည်း အေးသော်လည်း နေက ပူပြင်းလှပါသည်။

ကိုငှက်ရိုးသည် နေ့လယ်စာစားရန် လှေကို သစ်ရိပ်ကောင်းသည့်ကမ်းသို့ ကပ်လိုက်သည်။ ကြီးမှားသော သစ်ပင်ကြီးအောက်တွင် အနားယူရင်း နေ့လယ်စာစားရန် ပြင်ဆင်သည်။ ကျော်ဆွေဟန်က သူယူလာသော မုန့်များကို စားရင်း ကိုငှက်ရိုးကိုလည်း ခွဲဝေပေးပါသည်။ နေ့လယ်စာအတွက် ဖြေရှင်းပြီးသည်နှင့် ကိုငှက်ရိုးက လှေပြန်ထွက်ရန် ပြင်ဆင်ရင်း ကျော်ဆွေဟန်ကို ပြောလိုက်သည်။

'ဆရာ..ဒီသစ်ရိပ်မှာ အနားယူနေပါလား။ နေက သိပ်ပြင်းတယ်။ ကျွန်တော် ဟိုချောင်းထဲမှာ ကွန်သွားပစ်ဦးမယ်။ အဲဒီမှာ ငါးပေါတော့ ငါးများများရရင် အိမ်စောစော ပြန်ရတာပေါ့။ တစ်နာရီလောက်ပဲ ကြာမှာပါ'

ကျော်ဆွေဟန်က သဘောတူလိုက်ပါသည်။ သစ်ရိပ်တွင် အနားယူရင်း စောင့်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နှစ်ပေလောက် ရေအနက်ခန့်ရှိမည်ဟုထင်ပြီး ကမ်းပေါ်ဘက်ရန် လှေပေါ်က ခုန်ဆင်းလိုက်ပါသည်။ ရေအနက်မှာ နှစ်ပေမကရှိသဖြင့် ပေါင်လယ်လောက်ရောက်မှ မြေကြီးနှင့် ထိတွေ့လိုက်ရသည်။ ရေထဲသို့ ဤနေရာမှ ကမ်းသို့ ရောက်ရန် ရှဉ့်ညွှန်ထဲတွင် ရုန်းကန်လျှောက်ရသည်။ ကိုငှက်ရိုးက သူ၏ဖြစ်စဉ်ကို သိပုံမရဘဲ ရေလယ်သို့ လှေထွက်သွားပါသည်။

ရှဉ့်ညွှန်ထဲတွင် ခြေလှမ်းလိုက်တိုင်း ခြေထောက်ကို ဆွဲနှုတ်နေရသည်။ ထိုသို့ခြေလှမ်းရင်း မာကျောသောအရာတစ်ခုကို ရုတ်တရက် နင်းလိုက်မိသည်။ ခြေထောက်နှင့် ခေါင်းကြည့်ရာ အလုံးမှာ သုံးလက်မခန့်နှင့် အရှည်ဆယ်သက်မခန့် သစ်သားတိုတစ်ခုကို စမ်းမိသည်။ ထိုပစ္စည်းကို ရုန်ရင်း ရေထဲသို့ လက်နှိုက်၍ ခက်ခက်ခဲခဲယူလိုက်ရသည်။ အကြီးတွင် ရှဉ့်များ ပေကျံသည်အထိနှိုက်မှ ထိုပစ္စည်းကို ရပါသည်။ လက်ထဲရောက်လာသောပစ္စည်းမှာ ရှဉ့်များကပ်နေသဖြင့် ရေဖြင့် အကြိမ်ကြိမ်ဆေးကြောလိုက်မှ လက်ရာကြောက်သော ပန်းပုရုပ်တစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ကမ်းပေါ်ရောက်မှ ရေစပ်တွင် အထပ်ထပ်ဆေးရာမှ နှုန်းဘူးသူတစ်ဦးဖြစ်ကြောင်း တွေ့ရသဖြင့် တုန်လှုပ်မိပါသည်။ ဤပန်းပုရုပ်ကို သေသေချာချာကြည့်မှ အိပ်မက်တွင် တွေ့လိုက်ရသော နှုန်းတွင်းသူ၏ အသွင်သဏ္ဌာန် ပေါ်လာသည်။ အောက်ခံသစ်သားတုံးကို ပွတ်တိုက်ဆေးလိုက်မှ စာတန်းတစ်ခုကို တွေ့လိုက်ရသည်။

'သီရိစန္ဒာ'

ကျော်ဆွေဟန်၏ရင်မှာ တထိတ်ထိတ်ခုန်နေပါသည်။ အိပ်မက်ထဲက အမျိုးသမီး ရှာခိုင်းသော ရေထဲကပစ္စည်း ဖြစ်ရမည်ဟု ယုံကြည်လိုက်သည်။ ထိုပစ္စည်းကို ရပါက သူ့ဘဝလည်း ပြောင်းလဲရတော့မည်ဖြစ်၍ ဝမ်းသာနေပါသည်။ ဗေဒင်ဆရာများ၏ ဟောချက်အပြင် အိပ်မက်အရပါ လိုအပ်သောပစ္စည်းကို ရလိုက်ပြီဖြစ်၍ ယနေ့ မြစ်ထဲသို့ လာရကျိုးနပ်လေစွတ်ဟု ဝမ်းသာနေပါသည်။

ကိုငှက်ရိုးအလာကိုစောင့်ရင်း ပန်းပုရုပ်ကို လုံချည်စနှင့် ပွတ်တိုက်နေခဲ့သည်။ သစ်သားတုံးမှာ အလေးချိန်ရှိပြီး မည်းနက်ပြောင်ချောနေသဖြင့် သစ်ကနက်သား ဖြစ်ရမည်ဟု ယူဆရသည်။ မျက်နှာနေရာကို အထပ်ထပ် ပွတ်တိုက်ရာမှ မင်းသမီး၏ ညာဘက်ပါးတွင် မွဲနက်ပါသည်ကို တွေ့ရသည်။ အိပ်မက်ပေးသော မင်းသမီးဖြစ်ကြောင်း သေချာသွားပါသည်။ မကြာမီ ကိုငှက်ရိုး၏လှေကို တွေ့ရသည်။ ကိုငှက်ရိုးမှာ သူ့ဆီသို့ ဦးတည်လာပြီး သူ့ရှေ့တွင် ရပ်လိုက်သည်။

'ဆရာပါလာတာ ကျုပ်အတွက် ကံကောင်းတဲ့နေ့။ ရလိုက်တဲ့ငါးတွေ'

ကိုငှက်ရိုး၏ လှေပေါ်တွင် မြို့နှင့်တောင်းတွင် ငါးအပြည့်ရလာသည်ကို တွေ့ရသည်။

'ကိုငှက်ရိုး ငါးရလာတာကို ဝမ်းသာပါတယ်ဗျာ။ ကျွန်တော့်ကို လိုက်ခွင့်ပေးတာ၊ လေ့လာခွင့်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်'

ကိုငှက်ရိုးသည် ဝမ်းသာမြူးကြွနေသဖြင့် လှေကို သွက်သွက်လှော်ခဲ့ရာ မြို့သို့ အချိန်တိုအတွင်း ရောက်ခဲ့သည်။ ကိုငှက်ရိုး ပျော်သလို ကျော်ဆွေဟန်မှာလည်း ပျော်ရွှင်လျက် ကိုငှက်ရိုးကို နှုတ်ဆက်ပြီး အိမ်သို့ပြန်ခဲ့ပါသည်။

ထိုညက ညစာစားပြီးသည်နှင့် ကျော်ဆွေဟန် အပေါ်ထပ်သို့ တက်ခဲ့သည်။ အခန်းတံခါးပိတ်၍ ရုပ်တုမှချွေးများကို ကျကျနန ဆေးကြောတိုက်ချွတ်ပါသည်။ ချွေးများ ပြောင်စင်သည်နှင့် ရုပ်တုမှာ ပြောင်လက်လှပ ရုပ်လုံးကြွလာပါသည်။ ပန်းပုမှာ အလွန်လက်ရာမြောက်သဖြင့် သီရိစန္ဒာမင်းသမီး၏ လှပမှုက ပေါ်လွင်နေပါသည်။ ရုပ်တုကို

www.burmeseclassic.com

www.burmeseclassic.com

အထပ်ထပ်ဆေးရင်း ညဉ့်နက်သွားပါသည်။ ရုပ်တုကို စားပွဲပေါ်တင်၍ အိပ်ရာဝင်လိုက်သည်။ အိပ်မျော်သည်နှင့် အိပ်မက်တွင် မင်းသမီးကို တွေ့ရသည်။

'အခုလို ရုပ်တုကို ရှာဖွေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရုပ်တုအတွင်းမှာ အဖိုးတန်ပစ္စည်း ရှိပါတယ်။ ရုပ်တုကိုခွဲပြီး ပစ္စည်းကို ထုတ်ယူပါ။ ပစ္စည်းရောင်းရငွေမှ အနည်းငယ်ပမာဏနှင့်သာ ကောင်းမှုတစ်ခု လုပ်ပေးပါ။ ကျန်ငွေကြေးအားလုံး အသင် အားလုံးပိုင်ဆိုင်ခွင့်ရှိပါသည်'

'နောက်ထပ် ဘာဆက်လုပ်ရမှာလဲ မင်းသမီး'

'ကောင်းမှုလုပ်ရမယ့်နေရာက ဝူထွတ်မြို့က ရှင်ပင်နေရစ်ဘုရားမှာပါ။ ဘုရားမှာ ကောင်းမှုပြုလုပ်ပြီး ဗိုလ်မှူးသူရိန်နဲ့ ဗိုလ်မှူးကတော် သီရိစန္ဒာအတွက် အမျှပေးလိုက်ပါ။ သီရိစန္ဒာရုပ်တုကို ရှင်ပင်နေရစ်ဘုရားမှာလှူပြီး ခေါင်းလောင်းထိုးလိုက်ပါက အသင့်တာဝန် ပြီးမြောက်ပါပြီ'

အိပ်မက်က ထိုနေရာတွင် ပြီးသွားသည်။ ကျော်ဆွေဟန်သည် ဆက်အိပ်၍မရတော့ပါ။ အိပ်မက်၏ နောက်ကွယ်တွင် စဉ်းစားစရာတွေ များစွာရှိနေသည်။ ရုပ်တုကိုခွဲ၍ ပစ္စည်းကို ယူရမည်ဖြစ်၍ ရုပ်တုထဲတွင် အလွန်တန်ဖိုးကြီးသော ပစ္စည်းတစ်ခု ကန်ရှိရမည်။ အဖိုးတန်ပစ္စည်းရှိမည့်ရုပ်တုကို ကိုယ်နှင့်မကွာ စောင့်ရောက်ရန် တာဝန်ရှိလာသည်။ ပစ္စည်းကိုယူရန် ရုပ်တုကို ခွဲရမည်။ နောက်ဆုံး ရုပ်တုကို ဘုရားတွင်လှူခြင်းဖြင့် နိဂုံးချုပ်ရမည်ဖြစ်ရာ ရုပ်တုကို ခွဲရာတွင် မူလအသွင်သဏ္ဌာန်ကို မထိခိုက် မပျက်စီးရန် အရေးကြီးနေပါသည်။ မည်သည့်ပစ္စည်းဟု မသိရသော်လည်း တန်ဖိုးကြီးမားသောပစ္စည်းမှာ သေချာနေပါသည်။

ဧရာဝတီမြစ်ကမ်းဘေးက ဝူထွတ်၊ ရှင်ပင်နေရစ်ဘုရားကို မကြားဖူးသဖြင့် ရှာဖွေရန် အခက်အခဲရှိနေပါသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် စဉ်းစားသော်လည်း ထိုမြို့အမည်ကို လုံးဝရှာမတွေ့ပါ။ ထိုဘုရားအမည်ကိုလည်း လုံးဝမကြားဖူးသဖြင့် ပြဿနာကြီးတစ်ရပ် ဖြစ်နေပါသည်။

ထိုအကြောင်းများကို စဉ်းစားရင်း ပြန်လည်အိပ်မရခြင်းဖြစ်သည်။ စဉ်းစားရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သည်။ ခါတိုင်းထက် အိပ်ရာထ နောက်ကျသဖြင့် မျက်နှာသစ်ပြီး အောက်ထပ်သို့ဆင်းခဲ့ရာ လက်ဖက်ရည်စားပွဲတွင် သူ့ကို စောင့်နေသော အစ်ကိုကြီးကို တွေ့လိုက်ရသည်။

'ဒီနေ့ အိပ်ရာထနောက်ကျနေပါလား ညီလေး'

'ဟုတ်ကဲ့ အစ်ကိုကြီး၊ ညက စာတစ်အုပ်ကိုဖတ်ရင်း မြို့တစ်မြို့နာမည် စဉ်းစားရင်း အိပ်မပျော်လို့ပါ'

'ဘာမြို့များလဲကွ'

'အစ်ကိုကြီးတော့ သိချင်သိမယ် ဂူထွတ်မြို့တဲ့ အစ်ကိုကြီး'

'သိတာပေါ့။ အဲဒီမြို့မှာ အစ်ကိုကြီး သုံးနှစ်တာဝန်ကျခဲ့ဖူးတယ်'

'အဲဒီမြို့မှာ ရှင်ပင်နေရစ်ဘုရားရော ရှိသလား အစ်ကိုကြီး'

'ညီလေးက ကုန်းဘောင်ခေတ်အကြောင်းအရာပါတဲ့ စာအုပ်ကို ဖတ်မိတယ်ထင်တယ်။ ဂူထွတ်ဆိုတာ ကုန်းဘောင်ခေတ်အခေါ် အခု မြန်အောင်မြို့လေ။ ရှင်ပင်နေရစ်ဘုရားဆိုတာ သင်္ဘောဆိပ်အနီးမှာ ရှိတယ်'

'ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်။ သမိုင်းဆက်စပ်ပြီး အဲဒီမြို့ကို သွားရမယ်။ ဘယ်လိုသွားရမယ်ဆိုတာ လမ်းညွှန်ပါဦး'

'လွယ်ပါတယ်ကွာ။ ရန်ကုန်အဝေးပြေးကားတွေ နေ့စဉ် ထွက်နေတာပဲ။ ညထွက်တဲ့ကားနဲ့ လိုက်သွားရင် နှင်းလင်းတာနဲ့ မြန်အောင်ကိုရောက်မယ်'

'ဒါဆို မြန်အောင်သွားဖို့ စီစဉ်ရတော့မယ်'

'ဘယ်တော့သွားချင်တာလဲ'

'တစ်ပတ်အတွင်းသွားဖို့ မှန်းတယ် အစ်ကိုကြီး'

'မြန်အောင်မှာ အစ်ကိုကြီးနေတဲ့ အိမ်ရှင်ဦးကျော်ဆိုတာ ရှိတယ်။ သူ့ပိုင်တဲ့ အဝေးပြေးကားတွေလည်းရှိတယ်။ အစ်ကိုကြီး စာရေးပေးလိုက်ရင် သူက အစစကူညီပါလိမ့်မယ်'

'ဒါဆို အဆင်ပြေပြီ အစ်ကိုကြီး၊ ကျွန်တော် ဒီည သင်္ဘောနဲ့ ရန်ကုန်ကိုပြန်မယ်'

ကျော်ဆွေဟန်ကို အစ်ကိုကြီးက စာတစ်စောင် ရေးပေးလိုက်ပါသည်။ ကျော်ဆွေဟန် ရန်ကုန်သို့ ပြန်ခဲ့သည်အရေးကြီးသည်မှာ မင်းသမီးရုပ်တုကို မူလပုံစံကို မထိခိုက်စေဘဲ ဘေးမခွဲခွဲ၍ အတွင်းက ပစ္စည်းကို ယူရန်ဖြစ်သည်။ လိုအပ်မည့်ပစ္စည်းများ စုဆောင်းခဲ့ပါသည်။

ညဘက်တွင် ညစာစားပြီး အခန်းထဲသို့ဝင်၍ တံခါးပိတ်လိုက်ကာ ရုပ်တုကို ခွဲရသည်။ ရုပ်တုဘေးမှ လွယ်ကူစေးဖြင့် အသာအယာခွဲရသည်။ ရုပ်တုခွဲလိုက်သည့် အတွင်း၌ ပွမ်းများနှင့် အထပ်ထပ်ထုပ်ထားသော အထည်

www.burmeseclassic.com

www.burmeseclassic.com

ဘစ်ခု ထွက်ကျလာပါသည်။ အထပ်ထပ်ပတ်ထားသော ဒွန်းစများကို ဖယ်လိုက်သောအခါ နီနီရဲရဲ ကျောက်တစ်လုံးကို တွေ့ရှိရပါသည်။ ကျောက်ကောင်းတစ်စေ့ ဖြစ်နိုင်သည်ဟု ခန့်မှန်းရသော်လည်း တန်ဖိုးကို ခန့်မှန်း၍မရပါ။ ရှိသောကျောက်ကို ဘူးလေးတစ်ဘူးတွင်ထည့်ပြီး လွယ်ဖြင့် ဖြတ်ထားသော ရုပ်တုကို ဂျပန်ကော်နှင့် မူလအတိုင်းဖြစ်အောင် ပြန်ကပ်ထားလိုက်သည်။ ရုပ်တုတွင် အနာအဆာ မရှိဘဲ မူလပုံစံအတိုင်း ပြန်ဖြစ်၍ ကျေနပ်မိပါသည်။

ထိုညက အတွေးများနေသဖြင့် အိပ်မရနိုင်ပါ။ မိုးလင်းသည်နှင့် အိပ်ရာကထပြီး ညီမငယ်နှင့် လက်ဖက်ရည်ဝိုင်းတွင် တွေ့ကြပါသည်။

'ညီမလေး...ကိုလေးမှာ ကချင်ပြည်နယ်က ပါလာတဲ့ ကျောက်တစ်လုံးရှိတယ်။ ညီမလေးက ရတနာပစ္စည်းတွေ ရောင်းဝယ်နေတာဆိုတော့ တန်ဖိုးသိမယ်ထင်တယ်။ ဒီမှာ ကြည့်ပေးပါဦး'

ကျော်ဆွေဟန်က ကျောက်နီကို ထုတ်ပြလိုက်သည်။ ညီမညီညီက ကျောက်ကို အပြန်ပြန်အလှန်လှန်ကြည့်ပြီး မျက်လုံးများဝိုင်းလာသည်ကို တွေ့ရသည်။

'ဒါ...ဒါ...ကိုလေး အဝိုင်လားဟင်'

'အဝိုင်ပေါ့ ညီမလေးရဲ့၊ ဒါကို ရောင်းချင်တယ်။ ဒါကို ရောင်းရင် ဘယ်လောက်ရမယ်ဆိုတာ သိချင်တယ်'

'ဒါကိုသာ ရောင်းလိုက်ရင် ကိုလေး ချက်ချင်းချမ်းသာသွားပြီ'

'ဘာကျောက်မို့လဲ'

'ဒါ သိပ်အရည်အသွေးကောင်းတဲ့ ပတ္တမြား ကိုလေးရဲ့။ ဒါလောက်ကောင်းတဲ့ ပတ္တမြားမျိုးက သိပ်ရှားတယ်။ တန်ဖိုးက အကြမ်းအားဖြင့် သိန်းငါးးရာကျော်မှာ'

'ဒါဆို ညီမလေး ရောင်းပေးလေ။ ကိုလေး သိန်းငါးရာပဲ ယူမယ်'

'ကိုလေး တကယ်ပြောနေတာလား'

'တကယ်ပါ။ ငါးရာရရင် တော်ပြီ။ ဝိုတာဆို ညီမလေး ယူတော့'

'ဒါဆို ညီမလေး အခုချက်ချင်းသွားမယ်။ ပတ္တမြားကို သူသွားမယ်နော်'

ညီညီသည် အဝတ်အစားလဲပြီး အင်္ဂုံယာဉ်ဖြင့် အိမ်က ထွက်သွားပါသည်။ ကျော်ဆွေဟန်သည် အိမ်တွင်စောင့်ရင်း အရောင်းအဝယ်ဖြစ်ပါစေဟု ဆုတောင်းနေပါသည်။

သူမျှော်လင့်မထားသောဈေးများ ရတော့မည်ဖြစ်၍ ကြိုကို ကျေးဇူးတင်နေပါသည်။ ဗေဒင်ဆရာများ၏ ဟောပြောချက် မှန်ကန်နေကြောင်းကိုလည်း တွေးမိသည်။ ထိုင်ရလို ထရမလိုနှင့် ဂနာမငြိမ်ဘဲ စိတ်လှုပ်ရှားလျက်ရှိနေပါသည်။ နှစ်နာရီခန့်အကြာ ညီညီ ပြန်ရောက်လာသည်။

'အဆင်ပြေပါတယ်။ တရုတ်တွေ ဒီပတ္တမြားကို သိပ်လိုချင်ကြတယ်။ ဒါပေမဲ့ သူတို့လက်ထဲရောက်ရင် ပြည်ပကို ရောင်းစားကြမှာဆိုတော့ သူတို့လက်ထဲ အရောက်မခံနိုင်ဘူး။ မန္တလေးက ဝယ်လက်တွေနဲ့ တွေ့ခဲ့တော့ သူတို့မဖြစ်မနေယူကြမယ်လို့ ပြောတယ်။ မနက်ဖြန် ချိန်းလိုက်တယ်။ ချက်လက်မှတ်ပေးလိမ့်မယ်။ မနက်ဖြန်တော့ ကိုလေး လိုက်ရမယ်နော်'

'ကိုလေး မလိုက်ပါဘူးကွာ။ ချက်လက်မှတ် ညီမလေးပဲ ယူခဲ့ပေါ့'

နောက်နေ့တွင် ညီညီသည် သူ့ခင်ပွန်းကိုခေါ်၍ နီးမောင်နှံနှစ်ယောက် သွားကြသည်။ နှစ်နာရီအကြာတွင် ပြန်ရောက်လာပြီး ကျော်ဆွေဟန်ကို သိန်းငါးးရာတန် ချက်လက်မှတ်တစ်စောင် ပေးပါသည်။

'ညီမလေးကို ဘယ်လောက်ပေးရမလဲ။ ပြောလေ'

'ကိုလေး ပေးစရာ မလိုတော့ဘူး။ ဝယ်တဲ့သူတွေက ကျေးဇူးတင်ငွိမ်းလို့ ညီမလေးကို ငွေသား သိန်းနှစ်ဆယ်တိတိ ပေးလိုက်တယ်။ ဒီမှာကြည့်ပါ'

ညီညီက သူရလာသောဈေးများကို ဝမ်းသာအားရပြပါသည်။ ကျော်ဆွေဟန်သည် နေ့လယ်တွင် အောင်မင်္ဂလာအဝေးပြေးကားဂိတ်သို့ သွားခဲ့သည်။ ဦးကျော်နှင့် အသင့်တွေ့ရသဖြင့် အစ်ကိုကြီး ရေးပေးလိုက်သည့်စာကို ပေးလိုက်သည်။ ဦးကျော်က မြန်အောင်သို့ သွားချင်သည့်နေ့ ဖုန်းဆက်ရန်ပြောပြီး ညနေငါးနာရီ အရောက်လာရန် မှာလိုက်ပါသည်။

ခရီးသွားရန် အားလုံးပြင်ဆင်ပြီး ညီမဆီက ငွေနှစ်သိန်းယူ၍ အဝေးပြေးကားဂိတ်သို့ ထွက်ခဲ့ပါသည်။ ညနေခြောက်နာရီတိတိတွင် ကားထွက်ပါသည်။ ဦးကျော်က သူ့ဘေးကထိုင်ခဲ့တွင် ထိုင်စေပြီး မြန်အောင်မြို့အကြောင်း ပြောပြနေပါသည်။

ရန်ကုန်ကထွက်ပြီး ပဲခူးတိုင်းကို ဖြတ်ရသည်။ လမ်းပဲတန်းကိုကျော်၊ ပေါင်းတည်ကိုဖြတ်ပြီးမှ ပြည်သို့ရောက်ပါသည်။ နဝဒေးတံတားကို ဖြတ်ရသည်နှင့် ရောတိမ်မြစ်

www.burmeseclassic.com

ကို စတင်မိတ်ဆက်လိုက်ရသည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ရောက်ပြီး မကြာမီ ပဲခူးတိုင်းဒေသကြီးဧရိယာကုန်ဆုံးပြီး ဧရာဝတီတိုင်းသို့ ဝင်စပြုခဲ့သည်။ မိုးလင်းလျှင် မြန်အောင်ကို ရောက်ခတ္တာမည်ဖြစ်၍ ကျော်ဆွေဟန်က သူ၏ လာရင်းကိစ္စကို ပြောပြလိုက်ပါသည်။ သီရိစန္ဒာက အိပ်မက်ပေးပုံ၊ ရုပ်တုရရှိပုံ၊ ရှင်ပင်နေရစ်စေတီတွင် အလှူဒါနပြုပြီး အမျှဝေရန် ကိစ္စများကို ရှင်းပြလိုက်ပါသည်။ ဦးကျော်သည် သေချာနားထောင်ပြီး မှတ်ချက်ပြုပါသည်။

'ရှင်ပင်နေရစ်စေတီကလည်း သမိုင်းရှိခဲ့ဖူးတယ်။ အလောင်းဘုရားကလည်း ဂူထွတ်မြို့မှာ နန်းစံခဲ့ဖူးတဲ့ အထောက်အထားတွေရှိခဲ့တော့ ဆက်စပ်မှုတွေ ရှိနိုင်တာပဲ။ ကျွန်ုပ်ရဲ့ ဦးလေးဘုန်းကြီးက အသက်ကိုးဆယ်ရှိပြီ။ သူ့ကို မေးရင် သိနိုင်တာပေါ့။ ကျွန်ုပ် လိုက်ပို့ပေးပါ့မယ်'

မိုးလင်းသည်နှင့် မြန်အောင်သို့ ရောက်ပါသည်။ ကျော်ဆွေဟန်က တည်းခိုခန်းတွင် တည်းခိုလိုသော်လည်း ဦးကျော်က ခွင့်မပြုဘဲ သူ့အိမ်သို့ ခေါ်သွားပါသည်။ ဦးကျော်၏ အိမ်မှာ ဆုတောင်းပြည့်ဘုရားအနီးတွင် ရှိနေသဖြင့် အဆင်ပြေပါသည်။ ဧရာဝတီမြစ်ကမ်းဘေးရှိ ဆုတောင်းပြည့်ဘုရားဝင်းအတွင်း၌ ရှင်ပင်နေရစ်ဘုရားကို တွေ့ရပါသည်။

ဦးကျော်က ကျော်ဆွေဟန်ကို အိမ်တွင် နေ့လယ်စာကျွေးပြီး သူ၏ ဒတ်ဆန်းကားလေးဖြင့် ဘားတလင်ကွင်းရှိ နန္ဒဝန်ဘုန်းကြီးကျောင်းသို့ လိုက်ပို့ပေးပါသည်။ ကျောင်းတွင် ဦးကျော်၏ဦးလေး အသက်ကိုးဆယ် ဘုန်းကြီးအိုကြီးကိုတွေ့ရပြီး ဦးကျော်က မိတ်ဆက်ပေးပါသည်။

'သူက အငြိမ်းစားကျောင်းဆရာ ဦးကျော်ဆွေဟန်ပါ။ သူဟာ မမျှော်လင့်ဘဲ သီရိစန္ဒာရုပ်တုကို ရေထဲက ရခဲ့ပါတယ်။ သီရိစန္ဒာကိုယ်တိုင် သူ့ကို အိပ်မက်ပေးပါတယ်။ ရှင်ပင်နေရစ်ဘုရားမှာ ဒါနပြုလုပ်ပြီး အမျှပေးဝေပေးဖို့ တောင်းဆိုလို့ သူ့ရောက်လာတာပါ။ သူရလာတဲ့ ရုပ်တုဟာ သီရိစန္ဒာဟုတ်,မဟုတ် စစ်ဆေးပါဦးဘုရား'

ဦးကျော်က ရုပ်တုကို ဘုန်းကြီး၏လက်ထဲသို့ ထည့်ပေးလိုက်ရာ ဘုန်းကြီးက သေသေချာချာ စစ်ဆေးကြည့်ရှုပါသည်။

'ဒီရုပ်တုကို ကျွန်ုပ်မှတ်မိတာပေါ့။ ကျွန်ုပ်ငယ်ငယ်က ဘုရားရဲ့အရှေ့တည့်တည့်မှာ အခြားရုပ်တုတွေနဲ့အတူ တည်ရှိနေခဲ့တာပဲ။ မြစ်ကမ်းပြိုတော့ ခြင်္သေ့ကြီးနှစ်ကောင် ရေထဲပါသွားတယ်။ အဲဒီနောက် အရုပ်တွေအားလုံးလည်း ရေထဲပါသွားတယ်လို့ သိရတယ်။ ကျွန်ုပ် ကိုရင်ဘဝက ကျွန်ုပ်တို့ ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့တာ မှတ်မိနေသေးတယ်။ ဒီရှင်ပင်နေရစ်ဘုရားက အလောင်းဘုရားမတိုင်ခင်က ရှိနေခဲ့ပြီး မင်းမူထမ်းတွေ ပြုပြင်ကြတာတွေ့ရတယ်လို့ မိန့်ကြားခဲ့ဖူးတယ်။ နောက် အလောင်းဘုရားက နန်းစိုက်စိုးစံခဲ့တာပါပဲ။ အလောင်းဘုရားလက်ထက်မှာပဲ မင်းနဲ့ မင်းမူထမ်းတွေ ဘုရားတွေ ပြုပြင်တဲ့ကိစ္စ၊ သန့်ရှင်းရေးကိစ္စတွေ ဆောင်ရွက်လေ့ရှိသတဲ့။ ဗိုလ်မှူးသူရိန်နဲ့ ဗိုလ်မှူးကတော် သီရိစန္ဒာတို့ ရှင်ပင်နေရစ်ဘုရားကို ပြုပြင်နေခိုက် ဗိုလ်မှူးကတော် သီရိစန္ဒာ ရုတ်တရက်ကွယ်လွန်ခဲ့တယ်လို့ သိရတယ်။ သီရိစန္ဒာအတွက် ဗိုလ်မှူးသူရိန်က ကောင်းကုသိုလ်တွေ လုပ်ခဲ့ပေမယ့် သီရိစန္ဒာက မကျွတ်မလွတ် ရှိနေလို့ နောက်ဆုံး ဗေဒင်ယတြာအနည်းနဲ့ သီရိစန္ဒာနဲ့တူအောင် ရုပ်တုထုလုပ်စေပြီး ရှင်ပင်နေရစ်ဘုရားမှာ လှူခဲ့တဲ့ အကြောင်း ဆရာတော်ကြီး ပြောခဲ့တာ မှတ်မိနေတယ်။ ဒီရုပ်တုကိုလည်း ကျွန်ုပ်မှတ်မိနေတယ်။ သီရိစန္ဒာကိုယ်တိုင် အိပ်မက်ပေးတယ်ဆိုတော့ အလှူဒါနပြုလုပ်ပြီး အမျှပေးလိုက်တာ အကောင်းဆုံးကိစ္စပေါ့ကွယ်'

ထို့နောက် အလှူလုပ်ရန် ဘုန်းကြီးနှင့်ညှိနှိုင်းပြီး အိမ်သို့ ပြန်ခဲ့ကြသည်။ ဆုတောင်းပြည့်ဘုရားအနီးတွင် တန်ခေဆွမ်းပတ်ရှိသဖြင့် ဦးကျော်၏ အကူအညီတောင်းပြီး ဆွမ်းချက်ရန် စီစဉ်ခဲ့ပါသည်။ နောက်နေ့မနက်တွင် ဘုန်းကြီးဆယ်ပါးကိုပင့်၍ သင်္ကန်းနှင့် ဝတ္ထုဒွေများ ကပ်လှူပြီး နေ့ဆွမ်း ကျွေးခဲ့ကြပါသည်။ ရေစက်ချရာတွင် ဗိုလ်မှူးသူရိန်နှင့် ဗိုလ်မှူးကတော် သီရိစန္ဒာတို့ကို ရည်စူးပြီး အမျှပေးဝေလိုက်ပါသည်။

အလှူပြီး ရေစက်ချပြီးမှ ကျော်ဆွေဟန် သက်ပြင်းချနိုင်တော့သည်။ သီရိစန္ဒာရုပ်တုကို ဘုရားဂေါပကအဖွဲ့ထံ အပ်ပြီး ရှင်ပင်နေရစ်ဘုရားတွင် လှူလိုက်ပါသည်။ ရှင်ပင်နေရစ်ဘုရားတွင် နေရစ်ခဲ့ပေတော့ဟု စိတ်ကမှန်း၍ တန်ဆောင်းအတွင်းက ခေါင်းလောင်းကြီးတွင် သုံးချက်ထုလိုက်ပါသည်။

ကျော်ဆွေဟန်သည် ထိုညကားဖြင့် ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ ညဘက် ကားထွက်လာစဉ် ဂူထွတ်မြို့ဟောင်း ခေါင်းလောင်းသံကို ကြားယောင်လျက်ရှိပါတော့သည်။

ကောင်းဇော်

www.burmeseclassic.com

www.burmeseclassic.com

သဒ္ဓမ္မဂရုန္ဒယ်ဝင် ဓမ်ကွန်းတင်နှင့် ပတ္တမြားရတု ဂုဏ်ပူဓာ တိုဏ်တွန်းနှိုးဓဏ်ဂျော

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဒုတိယမြောက် ပုသိမ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဂုဏ်ပူဓော အထိမ်းအမှတ် မဂ္ဂဇင်းနှင့်

သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်ကြီး၏ သဒ္ဓမ္မဂရုန္ဒယ်ဝင် မော်ကွန်းတင် စာအုပ်များကို သမိုင်းမှတ်တိုင် တစ်ခုအဖြစ် ထုတ်ဝေကြမည် ဖြစ်ပါ၍ သဒ္ဓမ္မဂရုန္ဒယ်ဖွား ရဟန်းသံဃာတော်များနှင့် တပည့်ဒကာ,ဒကာမများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

၁။ ဘဒ္ဒန္တပဏ္ဍိတ
သာသနဟိတပရိယတ္တိစာသင်တိုက်
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၀၀ ၅၅၅ ၈၇

၂။ သုံးဆယ်ဆရာတော်
သုံးဆယ်ကျောင်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈ ၀၂၄ ၃၃၇

၃။ ဦးဝဏ္ဏိတ
မဂီလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၄၅၁၀၉

မှတ်ချက် - အလှူငွေများကိုလည်း အထက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း
(ဟာသာတ)

သံသပိတ်ကြီးနှင့် မှော်ဝင်မဲချပ်

တစ်နေ့ ကျွန်တော်နှင့် ဦးစိန်ဝင်းတို့ဟာ အဘ သံသပိတ်ကြီးနေတဲ့ ကျတ်ပြေးရွာကို သွားကြပါတယ်။ အဘသံသပိတ်ကြီးဟာ အိမ်မှာ မရှိပါဘူး။ ဒါနဲ့ ရွာထိပ်က ရွာဦးစေတီကလေးကို လှိုက်သွားကြတဲ့အခါမှာ ပုတီးပြ အပြီး တရားထိုင်နေတဲ့ အဘသံသပိတ်ကြီးကို တွေ့ရ တယ်။ ဦးစိန်ဝင်းနှင့် ကျွန်တော်ဟာ ဘုရားမှာတော်ပြု ဦးခ

www.burmeseclassic.com

www.burmeseclassic.com

ပြီး ခေတ္တစောင့်ဆိုင်းနေစဉ်မှာပဲ အဘသံသပိတ်ကြီး တရား ရှုမှတ်ပြီးလို့ မေတ္တာပို့ အမျှဝေနေသံကို ကြားရပါတယ်။

မေတ္တာပို့ အမျှအတန်းပေးဝေပြီးသွားတဲ့အခါမှာ အဘသံသပိတ်ကြီးက ကျွန်တော်တို့ဘက်ကို လှည့်ကြည့်လိုက်ပြီး-

'ဆရာကလေးတို့ပါလား။ ကိစ္စအထူးအထွေရှိလို့လားကွယ့်'

ကျွန်တော်က ဦးစိန်ဝင်းကို လက်ညှိုးထိုးပြလိုက်ပြီး-

'ဟောဒါ တပ်မတော်(လေ)က အငြိမ်းစားယူခဲ့တဲ့ ဦးစိန်ဝင်းပါ အဘ။ သူက အဘကို ပြောပြစရာ၊ မေးမြန်းစရာတွေရှိတာနဲ့ ကျွန်တော်တို့နှစ်ယောက် အဘဆီကို လာခဲ့တာပါပဲ'

ဦးစိန်ဝင်းကလည်း အဘသံသပိတ်ကြီးကို လက်အုပ်ချီ အရိုအသေပြုလိုက်ပြီး-

'ဟုတ်ကဲ့ပါအဘ၊ ကျွန်တော်က တပ်မတော်(လေ) လေယာဉ်မှူးနဲ့ အငြိမ်းစားယူခဲ့တာပါ။ ကျွန်တော့်အနေနဲ့ သိချင်စရာ၊ ပြောပြစရာ၊ မေးမြန်းစရာတွေရှိလို့ ဆရာကျောင်းနဲ့လိုက်လာပြီး အဘနဲ့လာတွေ့တာပါ'

'အေးကွယ်၊ သိလိုတာရှိရင် မေးကြပေါ့။ အဘသိတာဆိုရင် ရှင်းပြဖို့ ဝန်မလေးပါဘူး။ မသိတာဆိုရင်တော့လည်း ပြောပြတတ်ဘူးပေါ့ကွယ်။ မေးကြ..မေးကြ'

အဘသံသပိတ်ကြီးက လိုလိုလားလား ခွင့်ပေးတာနဲ့ ဦးစိန်ဝင်းရဲ့ကိုယ်စား ကျွန်တော်ကပဲ ဝင်ရောက်ရှင်းပြလိုက်ပါတယ်။

'ဒီလိုပါ အဘ..ဦးစိန်ဝင်းဟာ တပ်မတော်(လေ)က အငြိမ်းစားယူလိုက်ပြီးနောက် ပင်စင်စား အငြိမ်းစားတွေရဲ့ ထုံးစံအတိုင်း အရပ်သားဖြစ်သွားတဲ့အခါ ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနဲ့ မနေတတ် မထိုင်တတ် ဖြစ်နေတတ်ကြပါတယ်။ ဒီကြားထဲ မလုပ်တတ် လုပ်တတ်နဲ့ သူလုပ်လိုက်တဲ့အခါမှာလည်း များသောအားဖြင့် လူလိမ်အဖွဲ့တွေပြီး ရှိသမျှ ကုန်ပါလေရော'

ဦးစိန်ဝင်းဟာ စစ်လုပ်သက်(၁၀)နှစ်နဲ့ အငြိမ်းစားသူလိုက်တော့ အသက်(၄၀)နီးပါးသာ ရှိသေးတဲ့အတွက် ဘက်တက်ကြွကြွ သန်သန်မာမာ လုပ်နိုင်ကိုင်နိုင်တုန်းအရွယ်ပဲ ရှိပါသေးတယ်။ လက်ထဲမှာလည်း ငွေကြေးကောင်းနေ၊ ငယ်စဉ်က ဆာရိုက်ဒါဟတ်ဂတ်ရဲ့ မုဆိုးကျော်ကြီး အလန်ကွာတာမိန်းရဲ့ စွန့်စားခန်းတွေ၊ ရတနာသိုက်ရှာဖွေတာတွေကို ဖတ်ခဲ့ဖူး အားကျခဲ့ဖူးသူ ဖြစ်လေတော့ ငယ်ဘဝ စိတ်ကူးယဉ်အိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ ဖြစ်လာခဲ့ပါတော့တယ်။

ဒါနဲ့ပဲ လူစွန့်စား ရတနာသိုက်ရှာဖွေသူ ဦးစိန်ဝင်းဟာ ခုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တွေမဝင်ခင် အင်္ဂလိပ်တွေ မြန်မာပြည်ထဲက ပြန်လည်ဆုတ်ခွာခဲ့စဉ်အခါက မြန်မာ့ရတနာတွေ သယ်ဆောင်သွားခဲ့တဲ့ လေယာဉ်ကြီးတစ်စင်းဟာ ပူတာအိုရဲ့အထက်ပိုင်း ရေအိုင်ကြီးတစ်အိုင်ထဲကို ပျက်ကျနစ်မြုပ်ခဲ့တဲ့ သတင်းတစ်ခုကို ရရှိခဲ့ပါတယ်။

ဦးစိန်ဝင်းဟာ တစ်ကိုယ်တော် စွန့်စားရှာဖွေရာမှ ရေအိုင်ကြီးကိုလည်း တွေ့ပါရဲ့၊ လေယာဉ်ပျံပျက်ကြီးကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ လေယာဉ်ပျံကြီးဟာ ပျက်ကျခဲ့စဉ်အခါက ကျွမ်းထိုးမှောက်ခုံ ပက်လက်ကြီး ပြုတ်ကျခဲ့တဲ့အတွက် ရေအိုင်ကြီးထဲမှာ ပက်လက်ကြီး နစ်မြုပ်နေခဲ့ပါတယ်။ အိုင်ကြီးဟာလည်း နှစ်တွေကြာခဲ့တဲ့အတွက် ကောသွားပြီးလေ။ ယာဉ်ပျံဝမ်းဗိုက်ကို သဲတွေဖို့ဖို့လာခဲ့လိုက်တာ တစ်တောင်သာသာ သဲထည်ကိုပဲ တွေ့ရပါတော့တယ်။

လူစွန့်စား ဦးစိန်ဝင်းဟာ ပါလာခဲ့တဲ့ ခြောက်လက်မဓားမြှောင်တစ်ချောင်းနဲ့ လေယာဉ်ပျက်ကြီးရဲ့အပေါ်မှာ ငုတ်တုတ်ထိုင်ရင်း လက်မှိုင်ချ အပူလုံးကြွေခဲ့ရပါတယ်။

နောက်တစ်ခါ အလယ်ရိုးမအနီး တောင်ခြေမှာရှိတဲ့ ကရင်ရွာကလေးတစ်ရွာမှာ ရတနာသိုက် သတင်းတစ်ခုကို ကြားရပြန်ပါလေရော။ ဒီရတနာသိုက်ကတော့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးအချိန် ဂျပန်တပ်တွေ မြန်မာနိုင်ငံထဲက ပြန်လည်ဆုတ်ခွာခဲ့စဉ်က ဖြစ်ပါတယ်။

မြန်မာပြည်သူပြည်သားတွေရဲ့ ကယ်တင်ရှင် ကျေးဇူးရှင်အဖြစ် သူတို့ကိုယ်သူတို့ သတ်မှတ်ထားတဲ့ ဂျပန်တွေဟာ မြန်မာတိုင်းရင်းသားတွေအပေါ်မှာ အမျိုးမျိုးရက်စက်ယုတ်မာရမ်းကားမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ မြန်မာမျိုးချစ်တပ်မတော်ဟာ ဂျပန်တွေကို တော်လှန်တိုက်ခိုက်ခဲ့ပါတယ်။

မထင်မှတ်ဘဲ တော်လှန်တိုက်ခိုက်မှုကြောင့် ဂျပန်တွေဟာ အထိနာပြီး ဂျပန်ပြည်ကို ဒရောသောပါး ဆုတ်ခွာထွက်ပြေးကြရပါတယ်။ ဂျပန်တွေဟာလည်း အင်္ဂလိပ်တွေနည်းတူ မြန်မာပြည်က ရတနာတွေကို တတ်နိုင်သလောက် အထမ်းကြီး အထမ်းငယ်တွေနဲ့ သယ်ထုတ်ထွက်ပြေးကြ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

အဲဒီအထဲက ဂျပန်တပ်တစ်တပ်ဟာ အလယ်ရိုးမ တောင်ခြေက ကရင်ရွာကလေးတစ်ရွာကို ရောက်ရှိလာခဲ့ပါတယ်။ ရွာထဲမှာ ခဏနား၊ စားသောက်ပြီးတာနဲ့ မြန်မာ့ပြောက်ကျားမျိုးချစ်ရဲဘော်တွေရဲ့ ရန်ကိုကြောက်လို့ အထမ်းသမားပေါ်တာဆွဲပြီး အပြေးအလွှား ထွက်ခွာသွားကြပါတယ်။ ထွက်ခွာသွားတဲ့ ဂျပန်စစ်တပ်ဟာ မြန်မာပြည်ထဲကို ပြန်လည်ဝင်ရောက်လာခဲ့တဲ့ အင်္ဂလိပ်စစ်တပ်နဲ့ မြန်မာ့မျိုးချစ်ပြောက်ကျားတပ်တွေရဲ့ ညှဉ်ပူးညှဉ်ပိတ် တိုက်ခိုက်မှုကြောင့် အထိနာအကျဆုံးများပြီး တောနက်ထဲကိုဝင်ပြီး ပြေးရပါတော့တယ်။

တောနက်ထဲရောက်လို့ ခဏအပန်းဖြေချိန်မှာ ဂျပန်စစ်ဗိုလ်က အထမ်းသမား ကရင်တွေကို ရတနာတွေမြှုပ်ဖို့ ကျင်းတူးခိုင်းပါတယ်။ ပြီးတာနဲ့ ရတနာတွေနဲ့အတူ ကျင်းတူးတဲ့ အထမ်းသမားတွေကိုသတ်ပြီး မြေမြှုပ်ပစ်တဲ့အပြင် သူတပ်က ဂျပန်စစ်သား(၂)ယောက်ကိုလည်း ရတနာတွေကို စောင့်ရှောက်ဖို့ တာဝန်ပေးစေးပစ်ခဲ့ပါတယ်။ ရတနာတွေရှိတဲ့နေရာကိုတော့ အမှတ်အသားလုပ် ဗုံးတွေထောင်ချောက်ခတ်ထားပြီး မြေပုံဆွဲပယ်သွားပါတော့တယ်။

ဒီထဲမှာပါတဲ့ အထမ်းသမား တစ်ယောက်ကတော့ ဗိုက်နာလာလို့ ဝမ်းသွားချင်ယောင်ဆောင်ပြီး မယောင်မလည်နဲ့ ထွက်မြေးတိမ်းရှောင်ခဲ့လို့ ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ ဒီလူထွက်ပြေးသွားတာကို သိပေမယ့် အင်္ဂလိပ်စစ်တပ်နဲ့ ပြောက်ကျားတပ်ဖွဲ့တွေရဲ့ရန်ကို ကြောက်ရလို့ ဂျပန်ဗိုလ်ဟာ သေနတ်သံ မပေးရဲခဲ့ပါဘူး။ အထမ်းသမားတွေနဲ့ ဂျပန်စစ်သားနှစ်ယောက်ကို သတ်ဖြတ်ရာမှာတော့ ဂျပန်ဗိုလ်ဟာ လုံစွပ်နဲ့ သူရဲ့ဓားရှည်ကိုသာ အသုံးပြုခဲ့ပါတယ်။ လွတ်လာတဲ့ အထမ်းသမား ကရင်ကြီးဟာ အသက်(၈၀)ကျော် ရှိနေပါပြီ။

ဒီအကြောင်းကို အပြည့်အစုံ သိရတဲ့အခါ ဦးစိန်ဝင်းဟာ ရရှိလာတဲ့ ရတနာတွေ နိုင်ငံတော်လှူပြီး ဆုကြေးငွေထဲက တစ်ပုံပေးမယ်ဆိုပြီး ကရင်ကြီးကို စည်းရုံးလိုက်ပါတယ်။ အထမ်းသမား ကရင်ကြီး လိုက်ပြမယ့် ရတနာရှာအဖွဲ့မှာ အထက်ဂိုဏ်းဆရာကြီးတစ်ဦး၊ ဦးစိန်ဝင်းနဲ့ ပါတနာ(၈)ယောက် ပေါင်း(၁၀)ယောက်ပါပါတယ်။ ဒါမှ ရတနာတွေကို သယ်ယူနိုင်မှာ ဖြစ်ပါတယ်။

ရတနာတွေ မြှုပ်နှံထားရာ တောနက်ထဲကိုရောက်တဲ့ အခါမှာတော့ ကရင်အဘိုးကြီး ညွှန်ပြတဲ့နေရာနဲ့ မနီးမဝေးမှာ အထက်ဆရာကြီးက ပွဲ(၅)ပွဲထိုးထားပါတယ်။ ပွဲတိုင်းမှာ ဖယောင်းတိုင်၊ အမွေးတိုင်၊ သောက်တော်ရေတွေကြီးပြီး ဆိုင်ရာပိုင်ရာတွေကို ပ၁သပူဇော်ပါတယ်။ ပြီးတာနဲ့ စတူးဖို့ အဓိန့်ပေးလိုက်တာနဲ့ ဦးစိန်ဝင်းအပါအဝင် ပါတနာ(၈)ယောက်ဟာ (မှတ်ချက်-ကရင်ကြီးဟာလည်း ပါတနာတစ်ယောက်ဖြစ်ပေမယ့် အသက်ကြီးလို့ ရတနာတူးတဲ့အထဲမှာ ထည့်မထားပါဘူး) ပေါက်တူး၊ ဂေါ်ပြား၊ တူရွင်းပေါက်ချွန်း၊ မြေသယ်ဖို့ တောင်းတွေနဲ့ မာရသွန်မြွေးပွဲကြီးကို စကြတော့တာပါပဲ။

အထက်ဂိုဏ်းဆရာကြီးကတော့ ပွဲတွေမှာ ဖယောင်းတိုင်မီး၊ အမွေးတိုင်တွေ မီးမငြိမ်းအောင် တစ်တိုင်ပြီးတာနဲ့ တိုင် လဲလှယ်ရင်း ရွတ်ဖတ်သရဇ္ဈာယ်နေပါတယ်။ နှစ်ခြင်းတစ်ချက်တီးလောက်ကတည်းက လူရှစ်ယောက်အားနဲ့ တူးလာလိုက်တာ ညနေ(၆း၃၀)သာသာလောက်မှာတော့ ရတနာသေတ္တာတွေကိုစပြီး မြင်စွေ့ရပြီ ဖြစ်ပါတယ်။

ရတနာသေတ္တာတွေမှာ ကပ်ချည်ထားတဲ့ ချိန်ကိုက်တွေကို မြင်ရလို့ ရတနာစုံးသူတွေဟာ သတိကြီးမားစွာ ထားနေရပါတယ်။ အချိန်ဟာ နေဝင်ရီတရောအချိန်ဖြစ်ပေမယ့် တောနက်ထဲမှာ ဖြစ်တဲ့အတွက် မှောင်နေပြီ။ ပွဲတွေမှာ ထွန်းထားစဉ် ဖယောင်းတိုင်မီးနဲ့ အလင်းရောင်မလုံလောက်လို့ အထက်ဂိုဏ်းဆရာကြီးက အောက်လင်းမီးဆွဲကို လှမ်းယူလိုက်ပါတယ်။

ဒီအချိန်မှာ စူးစူးဝါးဝါး ပုပ်ဟောင်နေတဲ့ အနံ့ဆိုးကြီး တစ်ခု ပေါ်ထွက်လာလို့ လူတိုင်း နှာခေါင်းရွံ့လိုက်မိကြတယ်။

'ထွီ..ဘာနံ့ကြီးလဲဟ'

'ဟုတ်ပါ့ကွာ။ ဆိုးဝါးလိုက်တဲ့ အနံ့ကြီးပါပဲ'

တစ်ယောက်တစ်ပေါက် မှတ်ချက်ချနေစဉ်မှာပဲ ဂျပန်စစ်သား နှစ်ယောက်ဟာ ပွဲပြင်ထားတဲ့စင်ပေါ်မှာ ရှိနေတာကို တွေ့လိုက်ကြပါစာယ်။ ဂျပန်စစ်သားနှစ်ယောက်ဟာ ပထမ အေးအေးဆေးဆေး ဂျပန်လို ပြောပါတယ်။ ဦးစိန်ဝင်းတို့ လူအုပ်မှာ ဂျပန်စကားတတ်သူ မပါလေတော့ မျက်လုံးအပြူးသား ပါးစပ်အပြဲသားနဲ့ နားထောင်နေပေမယ့် ဘာတွေပြောနေမှန်းတော့ မသိပါဘူး။

ဂျပန်နှစ်ယောက်ဟာ ကွိစိကွစိ၊ ကွိစိကွစိနဲ့ ပြောနေက ဒေါသတကြီး ဟိန်းဟောက်ပါတော့တယ်။ သူတို့လူ

www.burmeseclassic.com

www.burmeseclassic.com

တို့ လက်ညှိုးထိုးပြလိုက်၊ လက်သီးထောင်ပြလိုက် လုပ်နေရာက နောက်ဆုံးမှာ ဒေါသမထိန်းနိုင်တော့ဘဲ ဂျပန်နှစ်ကောင်ဟာ စစ်ဖိနပ်နဲ့ ပွဲတွေကို ဝုန်းခနဲ ကန်ချပစ်လိုက်ပါတော့တယ်။

အထက်ဂိုဏ်းဆရာကြီးက နောက်ကျတဲ့ခြေထောက်သန္ဓာဖောက်ဆိုပြီး ရှေ့ဆုံးကနေ ဦးဆောင်ပြေးလေတော့ ဦးစိန်ဝင်းတို့ လူစုကလည်း အားကျမခံ ရှေ့ကန္တားလား ဖြောင့်ဖြောင့်သွားက နောက်ကန္တားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏ဆိုတဲ့ ရှေးစကားပုံအတိုင်း အသက်လုပြီး ပြေးကြရတော့တာပါပဲ။ ပြေးရင်း,ပြေးရင်း ရတနာတွေတူးထားတဲ့ ကျင်းထဲက ရေတွေထွက်လာပြီး လှိုင်းလုံးကြီးတွေ သူတို့ဆီကို ပြေးပြေးလာလို့ ရေကူးကြရပြန်ပါလေရော။

သူတို့လူစု ရေထဲမှာ ကူးခပ်နေကြရတာ အချိန်အယ်လောက်တောင်ကြာမှန်း မသိတော့ပါဘူး။ မနက်ဆယ်နာရီခွဲလောက်မှာ တောင်ခြေရွာကနေ မြို့ပေါ် ဈေးတက်ဆောင်းတဲ့ အထမ်းသမားဈေးသည်တွေ သူတို့ကိုတွေ့ပြီး "ဟော့..လူတွေ့၊ မကြီးမငယ်နဲ့ မြေကြီးပေါ်မှာ ရေကူးအမ်းကစားနေကြတာလား" လို့ ဆိုကြတော့မှ သတိပြန်ဝင်အကြပါတော့တယ်။ လူတိုင်း,လူတိုင်း ရင်ဘတ်တွေ၊ သက်တွေမှာ စုတ်ပြတ်သတ် အသားနီလန်နေလို့ မနည်းဆေးကုယူရပါတယ်။

တခြားသူတွေက စိတ်ပျက်လက်လျှော့ကြပေမယ့် ဦးစိန်ဝင်းက စိတ်မပျက်ပါဘူး၊ လက်မလျှော့ပါဘူး။ မြန်မာပြည်အရပ်ရပ်ကိုလှည့်ပြီး ဆရာရှာပါတယ်။ ဒီဂျပန်အောင်တွေကို နိုင်မယ့် ဆရာပေါ့။ ဒါကြောင့် အဘဆီကို ဆောက်လာရခြင်း ဖြစ်ပါတယ်လို့ ကျွန်တော်က အဘသံသပိတ်ကြီးကို ပြောပြလိုက်ပါတယ်။

အဘသံသပိတ်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပါတယ်။ ပြီးတော့မှ ပြုံးပြီး-

'အဘ ဒီအလုပ်တွေကို မလုပ်တော့ပါဘူးကွယ်'

'ဘာကြောင့်လဲ၊ ဒီဂျပန်တွေကို အဘက မနိုင်လို့လား'

ဦးစိန်ဝင်းစကားက တဲ့တိုးကြီးကျလွန်းလို့ ကျွန်တော်ဆောင်မှ အဘသံသပိတ်ကြီးကို အားနာသွားပါတယ်။

အဘသံသပိတ်ကြီးကတော့ စိတ်ဆိုးခြင်း အလျှင်းမရှိဘဲ-

'အင်း..မောင်ရင် ပြောချင်သလို ပြောပါလေ။ အဘက ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ပြီကွယ့်'

'ဟင်..ဒါဆို အဘက အဘရဲ့ ပညာတွေကို ဒုန့်လွှတ်လိုက်ပြီလို့ ဆိုတာလား'

ကျွန်တော်က ဝင်မေးလိုက်ပါတယ်။

အဘက 'မဟုတ်ဘူး ဆရာလေးရေ။ အဘက အဘဆရာကြီးရဲ့ တာဝန်ပေးချက်အရ ဘုရားဖြူကလေးထဲက ဓာတ်တော်တွေ၊ မွေတော်တွေနဲ့ ရတနာတွေကို မဟာမြို့ကောကို သွားပို့ပေးဖို့ရန် တာဝန်ပေးထားတာရှိတယ်ကွယ်။ ဒါကြောင့် အခု အဘရဲ့ စရဏအားကို ဖြည့်နေတာ။ ဒါဟာလည်း အဘဆရာကြီးရဲ့ သင်ပြလမ်းညွှန်ပေးမှု ဆိုပါတော့ကွယ်'

ကျွန်တော်တို့ရဲ့ စကားဝိုင်းဟာ ခေတ္တခဏကြာအောင် တိတ်ဆိတ်လို့သွားပါတယ်။

ပြီးမှ အဘသံသပိတ်ကြီးက ဦးစိန်ဝင်းကို 'ဒီမှာ မောင်ရင်လေးရဲ့၊ ရတနာဆိုတာ မိမိနဲ့ ထိုက်တန်မှသာ ရတာကွယ်။ မထိုက်တန်လို့ကတော့ မောင်ရင် ဘယ်လောက်ပဲ ကြိုးစား,ကြိုးစား လိုက်လေ ဝေးလေပဲ'

'ဒါတော့ ဟုတ်ပါတယ် အဘာ'

ဦးစိန်ဝင်းက အဘသံသပိတ်ကြီး စကားကို ခေါင်းညိတ်ဝန်ခံလိုက်ပါတယ်။

'ရတနာဟာ မိမိနဲ့ ထိုက်တန်မှရသလို ပညာရပ်တစ်ခုဟာလည်း မိမိနဲ့ ထိုက်တန်မှသာလျှင် ရတယ်၊ မြဲတယ်ကွယ့်'

'ဟုတ်ပါတယ် အဘာ'

ဦးစိန်ဝင်းနဲ့ အဘသံသပိတ်ကြီးတို့ လေပေးဖြောင့်နေကြပါတယ်။

အဘသံသပိတ်ကြီးက ဆက်လက်ပြီး-

'မောင်ရင့်ပုံစံက အဘငယ်ငယ်ကလိုပဲ ဘယ်သူ့ကိုမှ မကြောက်တတ်၊ ဘာကိုမှ မမူတဲ့ပုံပဲ။ ဒါကြောင့် အဘ (၁၆)နှစ်သားအရွယ်က အတွေ့အကြုံတစ်ခုကို ပြောပြရဦးမယ်။ ဗဟုသုတမှတ်စရာ တစ်ခုပေါ့ကွယ်'

'ဟုတ်ကဲ့၊ ပြောပါ အဘာ'

အဘသံသပိတ်ကြီး (၁၆)နှစ်သားအရွယ်မှာ သူ့ကို အောက်လမ်းပညာ သင်ပေးမယ့် ဆရာကြီးနဲ့ စတင်တွေ့ရှိပါတယ်။ သံသပိတ်ကြီးရဲ့ပုံစံက ကျွတ်ဆတ်ဆတ် ထောင့်မကျိုး လူတကာကို ထီခဲထင်တဲ့ပုံနဲ့ ဂရုမစိုက်သလိုဟန်မျိုး ဖြစ်နေလေတော့ ဆရာကြီးက သံသပိတ်ကြီးကိုကြည့်ပြီး-

'ဒီမှာ မောင်ရင်လေး၊ မင်းဟာ ငါ့ခိုင်းတာကို လုပ်ရဲ

www.burmeseclassic.com

www.burmeseclassic.com

ရင် မင်းကို ငွေတစ်ရာပေးမယ်ဟော့။ ဘယ့်နယ်လဲ။ လုပ်ရဲ ပါ့မလား'

ဒီအချိန်တုန်းက ရွှေတစ်ကျပ်သားမှ ခုနစ်ကျပ်ပဲ ရှိပါ တယ်။ သံသပိတ်ကြီးက-

'စိန်လိုက်လေ။ ကြာသလားလို့'

ဆရာကြီးက-

'အကယ်၍ ငါခိုင်းတဲ့အတိုင်း အောင်မြင်ရင် မင်းကို ငွေတစ်ရာကျပ်တိတိ ပေးမယ်။ ရွံးခဲ့ရင်တော့..'

ဆရာကြီးက စကားကို ခေတ္တရပ်လိုက်ပြီးမှ-

'မောင်ရင်လေး ငါ့နောက်ကိုလိုက်ပြီး တပည့်ခံရမယ် ကွယ့်။ ဘယ့်နယ်လဲ'

'ကျုပ်က အရှုံးမှ မရှိဘဲ။ ကဲ..လက်ဝါးရိုက်ကြရ အောင်'

သံသပိတ်ကြီးနဲ့ ဆရာကြီးတို့ တစ်ယောက်နဲ့တစ် ယောက် လက်ဝါးချင်းရိုက်ပြီး ကတိသစ္စာပြုလိုက်ကြပါ တယ်။

နေ့တစ်နေ့မှာ ဆည်းဆာချိန် လေးချိန်ရှိပါတယ်။ ညဉ့် (၁၂း၀၀)နာရီမှ နံနက်(၁း၀၀)နာရီကူးချိန်၊ မနက်(၅း၀၀) နာရီမှ အရုဏ်ဦး (၆း၀၀)နာရီကူးချိန်၊ နေမွန်းတည့်(၁၂း၀၀) နာရီမှ မွန်းလွဲ(၁း၀၀)နာရီကူးချိန်၊ ညနေ(၅း၀၀)နာရီမှ နေအဝင် (၆း၀၀)နာရီကူးချိန်များ ဖြစ်ပါတယ်။ ဒီအချိန် များမှာ ဝိညာဉ်လောကရဲ့ အားကောင်းချိန်များ ဖြစ်ပါ တယ်။

ယခု သံသပိတ်ကြီးဟာ ဆရာကြီးနဲ့ လောင်းထားတဲ့ အတွက် သူ့ရဲ့ခါးမှာ ဓားမြှောင်တစ်ချောင်း အလွတ်ထိုး ထားပြီး လွယ်အိတ်တစ်လုံးလွယ် ဖျာလိပ်တစ်ချပ် လက်မှာ ပိုက်ပြီး ည(၁၂း၀၀)နာရီတိတိမှာ သူတို့ရွာထိပ်က သရဲကြီး ထဲကို ဝင်သွားပါတော့တယ်။ လွယ်အိတ်ထဲမှာတော့ မီးခြစ် တစ်ဘူး၊ ဖယောင်းတိုင်တစ်ထုပ်နဲ့ ဖဲထုပ်အသစ်တစ်ထုပ် ပါလာပါတယ်။

လရောင်မွေးမွေးအောက်မှာတော့ ထုံးသုတ်ထားတဲ့ အုတ်ဂူတွေ၊ သစ်ပင်ရိပ်မည်းမည်းကြီးတွေဟာ အကောင် ဖြူဖြူကြီးတွေ၊ မည်းမည်းကြီးတွေ ငုတ်တုတ်ထိုင်နေသလို ချောက်ချားဖွယ်ရာ မြင်တွေ့နေရပါတယ်။

သံသပိတ်ကြီးကတော့ ဘာကိုမှ ဂရုမစိုက်တဲ့ပုံနဲ့ သရဲကြီးအလယ်မှာ ဖျာကို အကျအနခင်း၊ ဖယောင်းတိုင်ကို အုတ်ခဲတစ်လုံးပေါ် တင်ထွန်းပြီးတာနဲ့ လက်ခုပ်တဖြောင်း ဖြောင်း တီးလိုက်ပြီး-

'လာကြဟော့၊ ဒီနေ့ညတော့ ဒီနေရာမှာ လောင်းစား အဝါဒေးပွဲကြီး ကျင်းပနေပြီ။ ဘယ်သူမဆို လာပြီးကစား နိုင်တယ်။ လာထားကြ။ ကိုယ်ထိုးမှ ကိုယ်ရမှာ'

သူ အဲဒီလိုအော်လိုက်တဲ့အချိန်မှာပဲ သရဲကြီးထဲက သစ် ပင်အိုကြီးတွေဟာ လေမတိုက်ဘဲ လှုပ်ရှားယိမ်းယိုင်လာပါ တယ်။ ပြီးတဲ့အခါမှာတော့ သစ်ပင်အောက် မှောင်ရိပ်ထဲက နေ မည်းမည်းကောင်ကြီးလေးကောင်ဟာ ခေါင်းတည်တည် ညိတ်နဲ့ သူ့ဆီကို လာနေပါတော့တယ်။

သံသပိတ်ကြီးကတော့ ကြောက်ရွံ့စိတ် အလျှင်း ကင်းမဲ့တဲ့ လေသံနဲ့-

'ထိုင်ကြပါဗျာ..ထိုင်ကြပါ။ ကဲ..ဘေးမပြောကြေး နော်'

မည်းမည်းကောင်ကြီးလေးကောင် သူ့ရှေ့က ဖျာပေါ် မှာ ဝင်ထိုင်လိုက်တဲ့အခါ သံသပိတ်ကြီးက ဖဲထုပ်ကို တဖျတ်ဖျတ်ကုလားဖန်ထိုးလိုက်ပါတယ်။ ပြီးတာနဲ့ ဖဲချဲ့ ပြီး တစ်အိမ်ကို သုံးချပ်စီပြည့်အောင် တစ်ဝိုင်းလုံး လှည့် ပြီးဝေသွားပါတယ်။ ပြီးတာနဲ့-

'ကိုယ့်ဖဲ ကိုယ်ချိုး ပခိုးရောက်ရောက်ဟော့။ ငေး လေရော့'လို့ ကြိမ်းဝါးပြီး ဖျန်းခနဲ သူ့ဖဲချပ်တွေကို ခိုး ချလိုက်ပါတော်ယ်။

ပြီးတာနဲ့ သူ့ဖဲကို မကြည့်ဘဲ-

'ငါ နိုင်တယ်ဟော့။ အကုန်စားတယ်'

အဲဒီလိုပြောပြီး မည်းမည်းကောင်ကြီးတွေရှေ့က ဖဲချပ် တွေကို ဆွဲသိမ်းယူလိုက်ပါတယ်။ ဟိုကောင်ကြီး ငေး ကောင်ကတော့ ခေါင်းတညိတ်ညိတ်သာ ပြုလုပ်နေကြ တယ်။

ဒီလိုနဲ့ အော်ဟစ်လိုက်၊ ကြိမ်းဝါးလိုက်၊ ရိုက်ချလိုက် ဆွဲစားလိုက်နဲ့ ည(၁)ချက်တီးကတည်းကစပြီး ကစားလိုက် တာ (၄း၀၀)နာရီအချိန်ကို ရောက်လာခဲ့ပါတယ်။ တစ်နာရီ ပြီး တစ်နာရီ အချိန်ပြောင်းလာတာနဲ့အမျှ မည်းမည်းကော ကြီးတွေကလည်း အမွေးတွေ ပိုပြီးရှည်ထွက်၊ မျက်လုံးတွေ ပိုပြူး၊ လျှာကြီးတွေလည်း ပိုပြီးရှည်ထွက်လာပါတယ်။ တစ်ကောင်ကဆို သူ့လျှာကြီးနဲ့ သံသပိတ်ကြီးမျက်နှာ လှမ်းပြီးထိမယ်လုပ်တော့ သံသပိတ်ကြီးက ဓားနဲ့ တွက်ထည့်လိုက်ပါတယ်။

သူပါးစပ်ကလည်း 'ဒါ ဘာလုပ်တာလဲ၊ ရွံးမဲ့ မဲ့

www.burmeseclassic.com

www.burmeseclassic.com

လား။ တစ်ခါသေက နှစ်ခါမသာ ဖြစ်သွားမယ်။ သံသယိတ်တဲ့၊ ဒါမျိုးမကြောက်လို့ သခ်ၤိုင်းထဲက ဘဝ်ေ ဘဝ်တည်း လာခဲ့တာကွ' လို့ ဓားကြိမ်း,ကြိမ်းလိုက်တော့ မည်းမည်းကောင်ကြီးက တွန့်ခနဲ ဖြစ်သွားပါတယ်။

နံနက်(၄း၀၀)နာရီအချိန်ကျော်ကျော်မှာတော့ တောရွေးသည်တွေရဲ့ ခုံဖိနပ်တခွပ်ခွပ်လျှောက်လာသံကို သံသယိတ်ကြီး ကြားရပါတော့တယ်။ ဆောင်းတွင်းကြီး နှင်းတွေ တဖွဲဖွဲကျနေပေမယ့် သံသယိတ်ကြီးရဲ့ တစ်ကိုယ်လုံးမှာတော့ ရေချိုးထားသလို ချွေးတွေ ရွှဲနေပါတယ်။

မြို့ပေါ်မှာ ဟင်းသီးဟင်းရွက် သွားရောင်းကြမယ့် ရွေးသည်အုပ်စုဟာ သခ်ၤိုင်းဘေး လှည်းလမ်းက ဖြတ်သွားတော့ သူတို့အချင်းချင်း ပြောနေကြတဲ့ စကားသံတွေကို တောင် ကြားနေရပါပြီ။ နှင်းတွေကျနေလို့ လူလုံးတော့ မသဲကွဲသေးပါဘူး။

ဒါဆိုရင် ရလောက်ပြီဆိုပြီး သံသယိတ်ကြီးဟာ ဒီတစ်ပွဲ ဖရိုက်ပြီးတာနဲ့ နိုင်ပြီဆိုပြီး ဖဲချပ်တွေကို ဆွဲယူ၊ အကုန်သိမ်းပြီးတာနဲ့ ရွေးသည်တွေရှိရာကို အပြေးအလွှား ပြေးသွားပါတယ်။

အဘသံသယိတ်ကြီးက-

'ဒါပေမဲ့ မောင်ရင်လေးရေ..အဲဒီမည်းမည်းကောင်ကြီး တစ်ကောင်ဟာ အဘနားကို ဘုတ်ခနဲရောက်လာပြီး အဘလက်ထဲက ဖဲချပ်တွေကို လုယူသွားတော့တာပဲ။ ပြီးတော့..ပြီးတော့ အဘပါးကို ဖျန်းခနဲရိုက်ထည့်လိုက်ပြီး ရင်ဘတ်ထဲမှာကပ်ပြီး ၇က်ထားတဲ့ ဖဲချပ်တစ်ချပ်တောင် ဆွဲယူသွားသေးသဟော့။ ဘယ်လိုကဘယ်လို နို့က်ယူသွားမှန်းကို မသိဘူး'

ဦးစိန်၀င်းက-

'အဲဒါ ဘာထူးဆန်းသလဲ အဘ'

'သြော်..မောင်ရင်က မသိသေးဘဲကိုး။ အဲဒီမှာ နိုင်တယ်ဆိုပြီး ဆွဲယူထားတဲ့ ဖဲချပ်မှန်သမျှဟာ ဖဲမှော်အောင်ထားတဲ့ ဖဲချပ်တွေဖြစ်သကွယ့်။ အဲဒီဖဲထုပ်ထဲက ဖဲချပ်တစ်ချပ်ကိုယူပြီး ကိုယ်လိုချင်တဲ့ ဖဲချပ်အပွင့်ကို ဥပမာ-တစ်ဖဲဆိုရင် တစ်ဖဲ၊ ကုလားဖဲဆိုရင် ကုလားဖဲ၊ ဆယ်ဆိုရင် ဆယ်ဖဲ အော်သာရိုက်လိုက်။ ကိုယ်လိုချင်တဲ့ ဖဲအပွင့် ကျလာတော့တောပါပဲ'

'သြော်..လက်စသတ်တော့ ဖဲမှော်ဆိုတာ ဒါကိုး'

'ဒါကတော့ သူအရပ်ဒေသနဲ့သူ ဆရာအချိုးချိုး ညှိး အထွေထွေပေါ့လေ။ အဘပြောချင်တာတော့ ဥစ္စာဆိုတာ ထိုက်မှရသလို ပညာဆိုတာကလည်း ထိုက်မှမြတ်တယ်ကွယ့်'

'ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး'

'အေးကွယ်၊ သာခု..သာခု..သိ်ာခု'

ဒီလိုနဲ့ ကျွန်တော်နဲ့ ဦးစိန်၀င်းတို့က အဘသံသယိတ်ကြီးကို ဦးချ၀တ်ပြုပြီး ပြန်လာခဲ့ပါတော့တယ်။ အဘသံသယိတ်ကြီးကတော့ ဒီပွဲမှာ ရှုံးခဲ့တဲ့အတွက် အောက်လမ်းပညာကို ယူခဲ့ရပါတော့တယ်။

ဒီနေရာမှာ ကျွန်တော်ဟာ ချန်လှပ်ထားခဲ့တဲ့အကြောင်းလေးတစ်ခု ရှိပါတယ်။ ဒီအကြောင်းကို ပြောပြသင့် ပြောမပြသင့် စဉ်းစားနေတာနဲ့ စာရှုသူတို့ကို မတင်ပြဖြစ်တာပါ။ အကြောင်းကတော့ ဒီလိုပါ။

ကျွန်တော်တို့ အဘသံသယိတ်ကြီးဆီကနေ ပြန်လာခါနီးမှာ အဘက ကျွန်တော့်ကို-

'ဆရာလေးရေ၊ အဘပြောစရာရှိလို့ ခဏပြန်လာပါဦး'

ပြီးတော့ ဦးစိန်၀င်း မကြားလောက်တဲ့နေရာမှာ ကျွန်တော့်ကို ပြောပါတယ်။ အဘမှာကြားတာကို ကျွန်တော်လည်း စိတ်ထဲမှာ မှတ်သားထားလိုက်ပါတယ်။

နောက်တစ်နေ့ မနက်ခင်းမှာ ဦးစိန်၀င်းတစ်ယောက် ကျွန်တော့်ဆီကို ရောက်လာပြီး-

'ဆရာကျော်..ညကျ လိုက်ခဲ့ပါလား'

www.burmeseclassic.com

www.burmeseclassic.com

'ဦးစိန်ဝင်း ဘယ်ကိုသွားစရာရှိလို့လဲ'

'မဖဝါသချိုင်းကို'

'မလိုက်တော့ပါဘူး'

'ဘာလဲ၊ ကြောက်လို့လား'

ကြည့်၊ ဦးစိန်ဝင်းဆိုတာက အဲဒီလိုလူပါ။

ကျွန်တော်က-

'မဟုတ်ပါဘူး။ ခုည ဆရာမှာထားလို့ ဆရာအိမ်မှာ သွားအိပ်ရမယ်'

'ဒါဆိုလည်း ကျုပ်တစ်ယောက်တည်း လှုပ်ရှားရတော့မှာပေါ့'

ကျွန်တော်က ဦးစိန်ဝင်းကို ကောင်းတယ်၊ ဆိုးတယ် မဝေဖန်လိုက်ပါဘူး။

မဖဝါဆိုတာက ဒုးယားအင်းသူကြီး ဖိုးစံမဲ့ရဲ့နာမ ဖြစ်ပါတယ်။ ဖိုးစံမဲ့အကြောင်းကတော့ လူတိုင်းလိုလို ကြားသိဖူးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ လေးဆူဓောတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေချဖို့သွားရာမှာ စေတီတော်မြတ်ကြီးကို ရှာဖွေမရလို့ သူနေတဲ့ ဒုးယားအင်းဆယ်တိုင်ကို ရွှေပြန်ချတယ်ဆိုတဲ့ တစ်ပွဲစားကြီးပါပဲ။ သံဇေဂရစရာ အကြောင်း ဖြစ်ပါတယ်။ သူ့ရဲ့နာမ မဖဝါကတော့ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်က သချိုင်းစောင့် ဖြစ်နေပါသတဲ့။ အင်မတန်မှ ကြမ်းလည်းကြမ်း ဆိုးလည်း ဆိုးပါတယ်။

ကျွန်တော့်ရဲ့ဆရာ နေတာဟာ ကနောင်စုရပ်ကွက်မှာ ဆိုတော့ အဲဒီသချိုင်းနဲ့ နီးပါတယ်။ ကျွန်တော့်အထင်တော့ ဦးစိန်ဝင်းဟာ အဘသံသပိတ်ကြီးပြောတဲ့ ဖဖေမောသွင်းဖို့ မဖဝါသချိုင်းကို ရွေးတယ် ထင်ပါရဲ့။

ညနေ ဆရာအိမ်မှာအိပ်ဖို့ ကျွန်တော်သွားတဲ့အခါမှာ ဆရာအိမ်နားမှာ နတ်ပွဲကနေပါတယ်။ နတ်ပွဲပြီးခါနီးဖြစ်တဲ့ အတွက် ရှိရှိသမျှနတ်တွေ တစ်ပွဲစားတွေကိုခေါ်ပြီး ပျော်ပွဲပေးနေပါတယ်။ ဟင်္သာတမြို့ ညောင်ပင်ရွာ ဦးဖေလေး၊ ခေါင်းဆေးကျွန်းက ဆန္ဒရှင်မောင်နမ၊ ပြီးတဲ့အခါ မဖဝါစသည်ဖြင့် စုံလို့ပါပဲ။

မဖဝါလည်း ဝင်လာရော နတ်ပွဲထဲကကျွေးတဲ့ အစာတွေနဲ့ မဝလို့ဆိုပြီး ခြံထဲက ကြက်အရှင်တစ်ကောင်ကို ဖမ်းယူပြီး အရှင်လတ်လတ် သွေးစိမ်းရှင်ရှင်တွေနဲ့ ငုတ်တုတ်ကြီးထိုင်ပြီး စားနေလေရဲ့။ အဲဒါ နတ်ကတော်တွေခများ မဖဝါကို ပြန်နှင်ထုတ်တာ မရတာနဲ့ အထက်ဂိုဏ်းဆရာတစ်ယောက်ကိုပင့်ပြီး နှင်ထုတ်ရပါတယ်။ မြင်ရ၊တွေ့ရတာကတော့ ကြက်သီးထစရာ အော်ဂလီဆန်စရာကြီးပါပဲ။

ည(၁၀း၀၀)နာရီ၊ (၁၁း၀၀)နာရီလောက်အထိ ကျွန်တော်ဟာ ကိုယ်မသိနားမလည်တဲ့ လောကီ၊လောကုတ္တရာ အကြောင်းအရာတွေကို ရှင်းလင်းသိရှိနားလည်ဖို့အတွက် ဆရာကို ခြေဆုပ်လက်နယ်ပြုပြီး မေးမြန်းနေပါတယ်။ ည(၁၂း၀၀)နာရီလောက် အိပ်ရာထဲကို ဝင်စဉ်အခါမှာ လူးလူးလဲနဲ့ အုံးအုံးကျွက်ကျွက် အော်သံဟစ်သံတွေကို ကြားရပါတော့တယ်။

'လိုက်ကြဟေ့..လိုက်ကြ'

'မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနဲ့ စစ်အင်္ကျီဝတ်ထားတဲ့ အကောင်။ သချိုင်းလာဖောက်တာဖြစ်မယ်။ လိုက်ကြ'

'ဟိုမှာတော့၊ ဟိုဘက်ကို ပြေးပြီ'

စစ်အင်္ကျီအဟောင်းဝတ်ထားပြီး မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနဲ့လူဆိုတော့ ကျွန်တော်ပြန်ခါနီးမှာ အဘသံသပိတ်ကြီး ခေါ်ပြီး မှာကြားတဲ့စကားကို သတိရလို့ မောင်ထဲမှာ တင်ယောက်တည်း ပြုံးမိပါတယ်။

'ဆရာလေး..မင်းလူကတော့ အဘပြောပြတဲ့ ဖဖေမောသွင်းနည်းကို လက်တွေ့စမ်းသပ်လိမ့်မယ်ကွယ့်။ အဲဒါ ဆရာလေး သတိပေးလိုက်ဦး။ တော်ကြာ သူ ဒုက္ခရောက်နေဦးမယ်'

မနက် ဆဲရာအိမ်က ကျွန်တော်ပြန်လာတဲ့အခါ ဦးစိန်ဝင်းကို လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာထိုင်ပြီး လက်ဖက်ရည်သောက်နေတာ တွေ့ရပါတယ်။

စစ်အင်္ကျီအစိမ်း ဝတ်လျက်သားနဲ့ပါပဲ။

ဒါနဲ့ ကျွန်တော်က-

'ဘယ့်နယ် ဦးစိန်ဝင်း၊ ညက ဖဖေမောသွားသွင်းတာ အောင်မြင်ခဲ့ရဲ့လား'

ဦးစိန်ဝင်းက ပြုံးဖြဲဖြဲနဲ့-

'ဘာမှတောင် မလုပ်ရသေးပါဘူး ဆရာကျောင်းရယ်။ သချိုင်းလာဖောက်တာဆိုပြီး တုတ်တွေ၊ ဓားတွေနဲ့ ဝိုင်းလိုက်လို့ လူကို မနည်းသေပြေးရှင်ပြေး ပြေးလာခဲ့ရတယ်။ ဒါနဲ့ ဆရာကျောင်းက ဒီအကြောင်းကို ဘယ်လိုလုပ်သိသလဲ'

ကျွန်တော်ကလည်း ဦးစိန်ဝင်းကို ပြုံးပြလိုက်ပြီး-

'ဒါကတော့ ကျွန်တော့်ဗိုက်ထဲမှာ ပုဏ္ဏားလေးဦးဘယ်လေ၊ ပုဏ္ဏားလေးရှိတယ်'

ကြည့်ဝင်း(ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းတျော်ဗေဒင်၊ လတ္ထကာ၊ ဝန်ဆောင်ခ၊ စာတိုရိုက်စက်ဆင်ဝင်ကြေးဝည့်ခွင့်

အယူတော်မဂ်လာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ဝိညာဏ်၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အပူအခင်းကိစ္စများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ္မ၊ ယဇ္ဇာအစီအရင်များ ပီဃလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ ပူကော်ခြင်းဖြင့်

ဘဝအောင်မြင်ရေးကို ရယူပါ။

သား, သမီးရုတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရတိုချုပ်ဇာတာဖွဲ့ပေးခြင်း၊
ဖြန့်ဝေးရုံးရာ နာမတရုဏာမင်္ဂလာနှင့်အညီ တပေးနာမည်ပေးခြင်း၊
နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ကောတက်ရန်)
S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် ဗီစဉ်ပေးခြင်း၊
အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ဟုန်ဝန္ဓဉ်းများ အမြန်ရောင်းထွက်ရန်
အာမခံဖြင့် **အဆူးယဇ်ကြာ** စီရင်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊
ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ
09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com
Website : http://sayamyatsan.blogspot.com

ကြိုးတင်ရက်ချိန်းယူပါ

www.burmeseclassic.com

www.burmeseclassic.com

မင်းဟိန်းခိုင်
ဦးထွန်းဦးနှင့်
ပြဒါးပြာ

မနက်စောစောတွင်ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းမြူများဖုံးအုပ်နေ၍ သိပ်ပြီး အဝေးကိုပင် ကြည့်၍မမြင်နိုင်သေးပေ။ ထို့ကြောင့် နေလုံးကြီးကိုလည်း ကြည့်၍ မမြင်ရသေး။

ကိုဝေထွန်းဦးသည် ရွှေတောင်ငွေတောင်တော ဆီသို့ ဦးတည်ပြီး ဆေးပေါင်းနှင့် အင်တွဲ၊ ပွဲလျက် ရှာဖွေရန် ခပ်မှန်မှန် လှမ်းနေ၏။ မြန်မြန်လည်း လျှောက်လှမ်းနိုင်စွမ်း မရှိပေ။ ကိုဝေထွန်းဦး ကျန်းမာရေးမကောင်း ဖြစ်နေသည်မှာ ကြာခဲ့ပြီ။ အဓိကမှာ ဝမ်းနေ မကောင်းခြင်းမှ စခဲ့၏။ ထို့နောက် ဝမ်းကိုက် ဝမ်းပျက် ဖြစ်လာပြီး အစားအသောက်ပါ ပျက်ကာ ခန္ဓာ ကိုယ် ဖောရောင် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု ခန္ဓာကိုယ်ကြီး လေးဖင့်ဖောရောင်ပြီး အတော်လေးပင်
နုံးချည့်နေလေသည်။

သားသမီးများကလည်း အားကိုးလောက်သောအရွယ်
တစ်ယောက်မျှ မရှိကြသေး။ သားသမီးလေးယောက်တွင်
အကြီးမလေးတစ်ယောက်သာ အပျိုအရွယ်ဖြစ်ပြီး ကျန်သော
သားလတ်နှစ်ယောက်က ကျောင်းနေအရွယ်နှင့် အငယ်ဆုံး
မလေးမှာ နို့စို့အရွယ်မျှသာ ရှိသေးသည်။

ထို့ကြောင့် ယခုလို တောလုပ်ငန်းနှင့်ပတ်သက်သော
ကိစ္စများတွင် ကူဖော်လောင်ဖက်ရသော သားသမီးတစ်
ယောက်မျှ မရှိသေးပေ။ အကြောင်းရှိတိုင်း စားမကြီးထမ်း
ပြီး တစ်ယောက်တည်း တောထဲသို့ ဝင်ရသည်ချည်းသာ
ဖြစ်၏။

ယခု ကိုဝေထွန်းဦး ဦးတည်ပြီးသွားနေသော ရွှေ
တောင်ငွေတောင်တောမှာ ကညင်ပင် များပေါသည်။ ကိုဝေ
ထွန်းဦးလည်း ကညင်ပင်မှထွက်သော အစေးအင်တွဲ(ပွဲ့
လျက်)နှင့် ဆေးပေါင်းများ ရလို၍ဖြစ်သည်။ ရွှေတောင်
ငွေတောင် တောသည်လည်း နာမည်ကြီးသည်။ ထို့ကြောင့်
ဤနေရာတွင် နှစ်ခုလုံးကို ထည့်သွင်းမည်ဖြစ်၍ ဦးစွာ
ကညင်အင်တွဲ(ပွဲ့လျက်)အကြောင်းကို ဆက်လျှင် သင့်မည်
ဟု ထင်၏။

ကညင်ပင်များတွင် အမျိုးအမည်အားဖြင့် နှစ်မျိုးမက
များမည်ဟုထင်သည်။ ဖိုးပြည့်မောင်အနေဖြင့် တောသား
လေးဖြစ်သော်လည်း တောမှာမွေး၊ ရန်ကုန်မှာကြီးသော
ကြောင့် တောကအပင်များအကြောင်းကို အမျိုးအမည်နှင့်
ဘာတွ သိပ်ပြီးနားမလည်ဟု ဝန်ခံရမည် ဖြစ်၏။

ယခု ကိုဝေထွန်းဦး အဓိကအလိုရှိနေသည်မှာ အင်တွဲ
ပွဲ့လျက်ဖြစ်၏။ အင်တွဲပွဲ့လျက်ကို ဒေသစကားဖြင့် ခုံနာ
ဟု ခေါ်ကြ၏။ ခုံနာမှာ စွဲမြဲခြင်း၊ စေးကပ်ခြင်း၊ ခိုင်မြဲစွာ
ကပ်နေခြင်း၊ စွဲကပ်သွားလျှင် ခွဲ၍မရနိုင်ခြင်း၊ အခွာ
ခက်ခြင်း စသောသဘောအဓိပ္ပာယ်ကို ဆောင်၏။

ကညင်ပင်များတွင် ခုံနာထွက်သော ကညင်ပင်လည်း
အစိမျိုးရှိ၏။ ထိုကညင်ပင်မှ ခုံနာများကိုခွာယူပြီး ကညင်
သီး ရေနံဆီ တစ်ခုခုဖြင့် ကျိုချက်တတ်မှ ခုံနာအစစ် ဖြစ်
သာ၏။ ထိုခုံနာကို ဈေးမှာ သွားရောင်းလျှင် ဈေးကောင်း
၏။

မော်တော်သမား၊ စပ်လှေသမားများသည် အလွန်
အန္တိုးထားပြီး ခုံနာကို ဝယ်ယူကြ၏။ လှေ၊ မော်တော်
အပေါက်အပြဲ၊ အစပ်အဟပ်များ၏အကြားကို ခုံနာနှင့်
ဖာထေးထားလျှင် အလွန်မှခိုင်မြဲ၏။ သာမန်အဝတ်စုတ်
များနှင့် ဖာထေးခြင်း၊ သပ်ရိုက်ပြီး ကျပ်ထားခြင်းထက်
များစွာသာ၏။ ရေလုံးဝမဝင်နိုင်သည်အထိ ကြာကြာခံ၏။

ထို့ကြောင့် ခုံနာကို လှေ၊ မော်တော်သမားများ ကြိုက်
ကြခြင်းဖြစ်၏။ ခုံနာထွက်သော ကညင်ပင်လည်း အလွန်
ရှား၏။ သို့ဖြစ်၍ ခုံနာသည် ရှားပါးပစ္စည်းဖြစ်၏။ အထာ
သိသောလူများသာ ရှာဖွေကျိုချက်ပြီး ဈေးကွက်တွင် တန်
ဖိုးကြီးကြီး ရောင်းချနိုင်ကြ၏။

ခုံနာထွက်သော ကညင်ပင်အချို့သည် ရွှေတောင်၊
ငွေတောင်တော၌ ရှိ၏။ လူတိုင်းမသိသောကြောင့် သိသော
လူများသာ ရနိုင်၏။

ကိုဝေထွန်းဦးက ရွှေတောင်၊ ငွေတောင်တော၌ ခုံနာ
ထွက်သော ကညင်ပင်ရှိသည်ကို သိ၏။ ထို့ကြောင့်လည်း
ခုံနာရလောက်သော အချိန်တိုင်းတွင် သွားကောက်ခွာယူ
လေ့ရှိသည်။

ရွှေတောင်ငွေတောင်တောသည် ရွာများနှင့် နှစ်မိုင်
ကျော် သုံးမိုင်ခန့်မျှသာ လှမ်းသော်လည်း တောနက်သည်။
ရွှေတောင်ငွေတောင်၏ ပတ်ဝန်းကျင်ရွာများသည်ပင် ရခိုင်
ရိုးမကြီးတောင်ခြေတွင် စီတန်းနေသောကြောင့် ရွာများနှင့်
နှစ်မိုင်ကျော် သုံးမိုင်ခန့်လှမ်းသော ရွှေတောင်ငွေတောင်
သည် တောနက်ဖြစ်နေ၏။

ရွှေတောင်ငွေတောင်အကြောင်းကို ဆက်ဦးမည်။

ရွှေတောင်ငွေတောင်အပြင် နတ်တောင်၊ ဓာတ်တောင်၊
ပတ္တမြားတောင်ဟုလည်း ရှိသေး၏။ ရွှေတောင်ငွေတောင်၊
နတ်တောင်နှင့် ဓာတ်တောင် စသောတောင်လေးလုံးသည်
လေးပွင့်ဆိုင်ဖြစ်ပြီး ပတ္တမြားတောင်သည် ရွှေတောင်နှင့်
တစ်ဆက်တည်းဖြစ်ကာ ရွှေတောင်၊ ငွေတောင်၊ နတ်တောင်၊
ဓာတ်တောင်များထက် ပိုမြင့်၏။

သို့သော်လည်း အများအားဖြင့် ရွှေတောင်ငွေတောင်
ဟုသာ အခေါ်များကြ၏။ အမ်းမြို့နယ်တွင်လည်း အလွန်
ထင်ရှားပြီး လူသိများ၏။ လျှို့ဝှက်ဆန်းကြယ်အကြောင်း
များ တောင်လိုပုံနေ၏။

ရွှေတောင်ငွေတောင်၏တောင်ဘက် မြေပြန့်၊ ဓာတ်
တော်(ယခု အောင်သပြေ)ရွာ၏အနီးတွင် စရိယဘုန်းတိုး
တန်းတင် ဓာတ်တော်ဘုရားကြီးဟူသည့် စေတီတော်ကြီး
တစ်ဆူ ရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်ငွေတောင်နှင့် စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးတို့သည် သမိုင်းချင်းနှယ်ယှက်လျက် ရှိ၏။ ရွှေတောင်ငွေတောင်နှင့် စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးတို့သည် ရှေးပဝေသဏီကပင် အမျိုးမျိုး အဖုံဖုံသော လှူဒါန်းဆန်းကြယ်သတင်းထူးများကြောင့် နာမည်ကျော်ကြား လူသိများလာခဲ့၏။

မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များ ကိန်းဝပ်စံကျော်ရာဒေသ ဖြစ်သောကြောင့်လည်း နှစ်စဉ်နှင့်အမျှ ရောင်ခြည်တော်များ ကွန့်မြူးတော်မူ၏။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးကို စတင်တည်ထားကိုးကွယ်ခဲ့ကြ၏။

ရွှေတောင်ငွေတောင်ဘုရားကြီးကိုမူ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော် အချိန်မှစ၍ (၁၃)တောင်ကျော် ထိုင်တော်မူဘုရားကြီးတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြ၏။

ထိုဘုရားကြီးနှစ်ဆူ၏ လှူဒါန်းဆန်းကြယ်သော အကြောင်းအရာများကို စာရေးဆရာကြီး ဖိုးကျော်၊ စာရေးဆရာ အရှင်ဣန္ဒာစာရ(အမ်း)၊ အရှင်ဣန္ဒာစာရ(ထိုင်း)(ထိုင်းလို အကျန်ဝိထို)၊ စာရေးဆရာ ယုဇန(ကျောက်ဖြူ)နှင့် စာရေးဆရာ မင်းဟိန်းထိပ်တို့ ရေးသားကြသည်ကို ဖတ်ဖူး၏။ ပုဒ်ရေ၊ အုပ်ရေ များများရေးသားကြသည်မှာ ဆရာကြီး ဖိုးကျော်နှင့် ဆရာမင်းဟိန်းထိပ်တို့ ဖြစ်ကြ၏။

ဆရာကြီးဖိုးကျော်သည် စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ သမိုင်းအကျဉ်းကို သီလဝမဂ္ဂဇင်းမှာ ရေးပြီး အမျိုးသားစာပေဆုရသော အောင်ပွဲသို့ ချီရာဝယ် ဝတ္ထုကိုလည်း ထိုစရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးပွဲတော်ကိုသာ အခြေခံပြီး ရေးသားထား၏။

စာရေးဆရာ မင်းဟိန်းထိပ်သည်လည်း ပခုက္ကူဦးအုံးဖေစာပေဆုရ စိမ်းစိုတောက်ပသောတောင်ယာ အမည်ရှိသော စာအုပ်ကို ရွှေတောင်ငွေတောင်၏ ပတ်ဝန်းကျင်များအား အခြေခံပြီး ရေးသားထား၏။ ထို့နောက် ရွှေတောင်ငွေတောင်သမိုင်းအကျဉ်းကို လပြည့်ဝန်းမဂ္ဂဇင်းမှာ ရေးသားပြီး စရိယဘုန်းတိုးတန်းတင်ဓာတ်တော်ဘုရားကြီး၏ သမိုင်းအကျဉ်းကို ရောင်ခြည်တော်ကွန့်မြူးနေခိုက်တွင် ရိုက်ကူးထားသော ဓာတ်ပုံနှင့်တကွ သူရဇ္ဈမဂ္ဂဇင်းမှာ ရေးသားသည်ကို ဖတ်ရ၏။

ထို့နောက် ဆရာမင်းဟိန်းထိပ်သည် ရွှေတောင်ငွေတောင်၊ နတ်တောင်၊ ဓာတ်တောင်တို့၏ အံ့ဖွယ်ထူးခြားဆန်းကြယ်သော အကြောင်းအရာ အတော်များများကို မဂ္ဂဇင်းအတော်များများတွင် ရေးသားဖူးသေး၏။

ထိုစာရေးဆရာ နှစ်ယောက်လုံးမှာလည်း စာရေးသူဆရာများသာ ဖြစ်ကြ၏။ ရွှေတောင်ငွေတောင်နှင့် နတ်တောင်၊ ဓာတ်တောင်တို့၏ ထူးခြားအံ့ဖွယ်အကြောင်းအရာများမှာ ပြောချမယုံနိုင်လောက်ပင် ရှိလေ၏။

သမီးလှစန္ဒာပင်၊ ရွက်နုပင်၊ ပျိုပင်၊ ဝိန္ဓာ ဧော်ဂို တပသီ၊ သံသေ၊ ပြဒါးသေ၊ သံပြာ၊ ပြဒါးပြာ၊ ဂမုန်းအမျိုးမျိုး၊ ဆေးပေါင်းအမျိုးမျိုး စသည်များမှာ ရွှေတောင်ငွေတောင်၌ ထင်ရှား၏။ ထိုထိုအကြောင်းအရာများသည်လည်း ပါးစပ်ရာဇဝင်မဟုတ်ဘဲ ရွှေတောင်ငွေတောင်နှင့်နီးသော ပတ်ဝန်းကျင်ရွာများက လူအတော်များများပင် တစ်ခဏမဟုတ်တစ်မျိုး တွေ့ဖူးကြုံဖူးကြသည်သာဖြစ်၏။

ဆိုခဲ့သည့် စာရေးဆရာကြီး၊ ငယ်တို့သည် ထိုအံ့ဖွယ်ဘုန်း ထူးဆန်းသော အကြောင်းအရာ မြောက်မြားစွာတို့ထဲမှ တစ်ယောက်မျှ ပြဒါးပြာအကြောင်းကို မရေးသေး။ ထိုပြဒါးပြာနှင့်ပတ်သက်၍ အစွမ်းထက်ကောင်းမွန်ပြီး ထူးကဲလွန်မြတ်သည့် အကြောင်းအရာသည်ကား ဤသို့ ရှိပေ၏။

♦♦♦

ကိုဝေထွန်းဦးသည် ဘန့်ပွေးကွင်းအဆုံး ကျောင်းကြမ်းအဝင်ဝသို့ရောက်လျှင် မတ်တတ်ရပ်လိုက်၏။ ရှေ့တိုးပြီး သွားရမည့် ခြေလှမ်းများမှာ ရွှေတောင်ငွေတောင်ဦးတိုက်နေသော ချေးခံချောင်း (ခေါ်) ကျောက်ကြမ်းချောင်းလမ်းအတိုင်းသာ ဆက်လျှောက်ရပေတော့မည်။

ဤနေရာသည်လည်း ပတ်ဝန်းကျင်ရွာများနှင့် နီးသည်ကား မဟုတ်ပေ။ ကိုဝေထွန်းဦးတို့ ကျဲကူးတောင်ရွာမှထွက်လျှင် လယ်ကွင်းကြီးတစ်ကွင်း၏အဆုံး၌ သစ်ပင်ကြီးများနှင့် အုံဆိုင်းနေသည့် သရီဝိုင်းကုန်းတောတန်းကို ကျော်ဖြတ်ရ၏။ ထို့နောက် လယ်ချောင်းတစ်ခုကို ဆက်လက်ကူးဖြတ်ပြီးမှ သည်ဘန့်ပွေးကွင်းကိုရောက်ပြီး ဘန့်ပွေးကွင်းသည်ပင် မိုင်ဝက်ကျော်ကျော်ခန့်ရှိလေရာ စုစုပေါင်းခရီးတာသည် သုံးမိုင်နီးပါးပင် ရှိပေလိမ့်မည်။

သည်အထဲ ယခု ကိုဝေထွန်းဦး ဆက်လျှောက်ရမည့် ကျောက်ကြမ်းချောင်းလမ်း တစ်လျှောက်သည်းတကယ်ဟေမဝန္တာတောကြီးကို လျှောက်သွားနေရသည်

www.burmeseclassic.com

www.burmeseclassic.com

အလား ရှိနေသည်။

ချောင်းလမ်းသည် အလံနှစ်ဆယ်ကျော်မျှသာ ကျယ်ပန်းပြီး ဟိုဘက်သည်ဘက် တောင်ကမ်းပါးယံကြီးများမှာ သည်း မြေသားများမဟုတ်ဘဲ မတ်စောက်သော ကျောက်တမ်းပါးယံကြီးများသာ ဖြစ်သည်။

ထိုကမ်းပါးယံကြီးနှစ်ဖက်မှ သစ်ပင်ကြီးများမှာလည်း ခက်မငါးဖြာထွက်လျက် လက်တံရှည်သော ကျောက်ကြမ်း ချောင်းလမ်းတစ်လျှောက်ကို နေပြောက်မျှပင် မထိုးပေ။

ထို့ကြောင့် မရောက်ဖူးသူများ အထူးအဆန်းဖြစ်ပြီး စိတ်ချောက်ချားဖွယ်ပင် ဖြစ်ရ၏။ ရွှေတောင်ငွေတောင်ကို သူသူလည်း အရောက်အပေါက် နည်း၏။ ရံခါ သူတော်ကောင်းများ တရားမမှုဖြင့် မွေ့လျော်ဖူးကြသော်လည်း ရွှေတောင်ငွေတောင်တောက သူတော်မကောင်းတို့မူကို ညအိပ်ကို မဆိုထားဘိ နေ့ချင်းပြတ်ပင် မောင်းထုတ်လေ့ရှိသည်။

ရဟန်းယောင်၊ ရသေ့ယောင်၊ သူတော်ယောင် အဖြူအတ်များ နေ့ခင်းသွားပြီး တရားယောင်လျှင်ပင် ထွက်ပြေးကြရသော ထောဖြစ်၏။ အမျိုးမျိုးသောအသံဖြင့် ခြိမ်းခြောက်ခြင်း၊ အရပ်ဖြင့် ခြိမ်းခြောက်ခြင်း၊ ထိုမျှဖြင့်ပင် အရွဲ့စွန့်ကာ မျက်စိကို စုံမှိတ်ပြီးနေလျှင် မြေပြင်သည် ဆောင်းထောင်လျက် ဆီးဖြူသီးကို ဆန်ကောမှာ ထည့်မွှေသကဲ့သို့ပင် လုပ်ပစ်တတ်သည်ဟု ဆို၏။

သို့သော်လည်း ရိုးသားဖြူစင်စွာဖြင့် ဆေးပေါင်းရှာရန် ကြသူများနှင့် အခြားဖြတ်သွားဖြတ်လာများကိုမူ မည်သည့်အနှောင့်အယှက်မျှ ပေးလေ့မရှိပေ။

ထိုကဲ့သို့ သိကြားနားလည်ဖူးသော ကိုဝေထွန်းဦးသည်သည်း သည်နေ့မနက် အရုဏ်တက်ကပင် သိ၍၊ သမာဓိကို ဆောက်တည်ပြီး ရွှေတောင်ငွေတောင် တောကြီးကိုလည်း အတ္ထာဘာဝနာများ ပို့ပွားပြီးသာ လာခဲ့၏။ ထို့ကြောင့် တစ်စုံတစ်ရာ အနှောင့်အယှက်တော့ ဖြစ်အံ့မထင်ပေ။

မတ်တတ်ရပ်လျက် တစ်အောင့်ကြာအောင် စဉ်းစားပြီးနောက် ကိုဝေထွန်းဦးသည် ကျောက်ကြမ်းချောင်းတမ်းအတိုင်း ခပ်မှန်မှန် လျှောက်လာခဲ့၏။ တောနက်လျှိုများ၊ မြောင်များ၏ သဘောအတိုင်း ဟိုကချောခနဲ၊ သည်ကခွခနဲ ကြားရတတ်၏။ ဝုန်း..ဒိုင်း..ဘောင်း..ဂွမ်း စသောခြောက်လှန့်သံကြီး စသည်များကိုမူ မကြားရပေ။

ကိုဝေထွန်းဦးသည် ခပ်မှန်မှန် လျှောက်တက်လာရင်း တစ်နေရာသို့ရောက်၍ ခေါင်းထောင်ပြီး ကြည့်လိုက်ရာ ချောက်လှျိုကို ဝိတ်ဆို့လုနီးပါး နေရာတစ်ခုကို ထွေ့လိုက်ရ၏။ ထို့ကြောင့် တစ်အောင့်ကြာမျှ ပတ်ဝန်းကျင်များကို ငေးမော်ပြီး ကြည့်နေမိသည်။

ယခင်သုံး,လေးကြိမ် ရောက်ဖူးစဉ်က သည်နေရာကို ကိုဝေထွန်းဦး မတွေ့ခဲ့ဖူးပေ။ ယခုမှ သည်နေရာကို တွေ့ရ၍ အံ့သြမလို ဖြစ်သွားမိ၏။ သို့သော်လည်း ကိုဝေထွန်းဦးသည် ရွှေတောင်ငွေတောင်ကို နှံ့စပ်ဖူးခြင်းမရှိသောကြောင့် တစ်စုံတစ်ရာ တွေးတောခြင်း မရှိတော့ဘဲ ရှေ့ခရီးကို ဆက်လျှောက်၏။

အင်တွဲပွဲလျက် ထွက်ရှိမည့် ကညင်ပင်ကြီးများကိုလည်း ရှိလိုရှိငြား တွေ့လိုတွေ့ငြား ကြည့်၏။ ဆေးပင်များ တွေ့လျှင်လည်း တူးယူရန် တူရွင်းအသင့်ပါလာ၏။

ကိုဝေထွန်းဦးက ဆေး၊ ဓာတ်၊ နက္ခတ်၊ ဗေဒင်များကိုလည်း ဝါသနာပါ၏။ လိုက်စားလေ့လည်းရှိ၏။ သို့သော်လည်း တစ်ဖက်ကမ်းခတ် တတ်မြောက်လိုက်စားသည်ဟူ၍တော့ မဆိုသာပေ။

ကိုဝေထွန်းဦးသည် ကညင်ပင်နှင့် ဆေးပင်များ တွေ့လိုတွေ့ငြား ကြည့်ရှုလျှောက်သွားရင်းက ရှေ့တစ်နေရာတွင် လျှိုမြောင်လေး ဆုံးနေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် ရှေ့ကို ဆက်လျှောက်သင့်,မလျှောက်သင့်ကို စဉ်းစား၏။

သို့သော် သည်နေရာကို မရောက်ဖူး၍ အရောက်ထူးနေဆဲအခါဝယ် ရောက်ဖူးသည်ရှိအောင် ရှေ့ကို ဆက်လျှောက်၏။ ရှေ့ကို အနည်းငယ် ဆက်လျှောက်သွားရာ ကျောက်နံရံကြီးများ ရှိနေသည်ကို တွေ့ရ၏။ စောင်းထောင်သဖွယ်ရှိနေသော ကျောက်နံရံများ၏အကြားမှ ရှေ့ကို ဆက်လျှောက်လျှင် ရောက်နိုင်သော အနေအထားကိုလည်း တွေ့နေရ၏။

ထို့ကြောင့် ကိုဝေထွန်းဦး ဆက်လျှောက်၏။ ကျောက်နံရံများအကြားမှ လူတစ်ယောက် ကောင်းစွာသွား၍လည်း ရနိုင်၏။ သို့သော် အမှတ်မထင် ကျောက်နံရံများ၏အကြား၌ မြွေကြီး၊ ကင်းကြီးများ၊ ကျား၊ ကျားသစ်၊ သစ်ကြွတ်များ စိုအိပ်နေသည်နှင့် တွေ့ရမည်စိုး၍ သတိကို ကောင်းစွာထား၏။

ကျောက်နံရံကြီးများ၏အကြားကို လျှောက်သွားနေရသော်လည်း အလင်းရောင်သည် ရှိနေဆဲဖြစ်၏။ ကိုဝေထွန်းဦးသည် ဖြည်းဖြည်းမှန်မှန် သတိကြီးကြီးထားပြီး ဆက်လျှောက်ရင်း ပေလေး,ငါးဆယ်ခန့်ကျယ်ဝန်းသည့် လျှောက်

www.burmeseclassic.com

www.burmeseclassic.com

လိုဏ်ဂူကြီးတစ်ခုထဲသို့ ဝင်လာမိနေသည်ကို သတိပြုလိုက်မိ၏။

ထိုကျောက်လိုဏ်ဂူကြီး၏ အထဲတွင်လည်း မှောင်မိုက်၍ မနေပေ။ အနည်းငယ်ဖျော့သော အလင်းရောင်သည် ရှိနေခဲ့ဖြစ်၏။ ထို့ကြောင့် ဟိုဟိုသည်သည်ကြည့်၍ မြင်နိုင်သော အနေအထားမှာရှိ၏။

ကျောက်လိုဏ်ဂူကြီးမှာမူ ကိုဝေထွန်းဦး ဝင်လာခဲ့သော တစ်လမ်းသာရှိပြီး အခြားမည်သည့် ဝင်ထွက်ပေါက်မျှ မရှိပေ။

ကိုဝေထွန်းဦးသည် ထူးဆန်းအံ့သြစွာဖြင့် ကျောက်လိုဏ်ဂူကြီးကို ငေးမောကြည့်နေမိရင်းက အံ့ဆွဲသဖွယ်ဖြစ်နေသော ကျောက်စွန်းတစ်ခုကိုမြင်၍ လျှောက်သွားပြီး လှမ်းဆွဲကြည့်လိုက်ရာ အထဲမှာ ကျောက်သပိတ်တစ်လုံးကို တွေ့ရလေ၏။

တောရဘုန်းကြီး တစ်ပါးပါးကများ ဤကျောက်သပိတ်ကို ထည့်ထားလေသလားဟု တွေးတောရင်းက ကိုဝေထွန်းဦးသည် ကျောက်သပိတ်ကို အသာဖွင့်ကြည့်၏။ ထိုအခါ အထဲတွင် အကန့်သုံးကန့် ဖြစ်နေ၏။

တစ်ကန့်မှာ ငါးလက်မခန့် သံချွန်လေးတစ်ခုနှင့် နောက်တစ်ကန့်မှာ ပေထုပ်တစ်ထုပ်ရှိပြီး ထိုဘက် အကန့်မှာမူ အရောင်အနည်းငယ်ရှိသော နို့ဆီတစ်ဘူးခန့် ပြာများကို တွေ့ရ၏။ သာမန်ပြာများနှင့်မတူဘဲ အရောင်အနည်းငယ်ရှိနေသောကြောင့် ထူးဆန်းသည်ဟု ထင်၏။

ထို့ကြောင့် ကိုဝေထွန်းဦးသည် ထိုပြာများထဲမှ လက်ညှိုးဖြင့်ကော်ပြီး လျှာဖြင့် တို့ကြည့်၏။ အရသာမထူးခြားသော်လည်း အတော်လေး အာဟာရလိုက်သော ဓာတ်တစ်မျိုးရှိသည်ကို ခံစားလိုက်ရ၏။ ထို့ကြောင့် ကိုဝေထွန်းဦးသည် သုံးကြိမ်တိုင်တိုင် လက်ညှိုးဖြင့် တို့ကော်စားပြီး အရသာခံကြည့်နေ၏။

ထိုခဏာမှာပင် မအီမသာဖြစ်နေသောကိုယ်သည် သိသိသာသာကြီး လန်းဆန်းလာလေ၏။ ထို့နောက် ပေါ့ပါးလာ၏။ ထို့ကြောင့် ဤသည်မှာ ရိုးရိုးပြာမဟုတ်ဘဲ အစွမ်းထက်သော ဆေးတစ်မျိုးပေလောဟု ကိုဝေထွန်းဦး စဉ်းစားမိ၏။ ထို့နောက် ကိုဝေထွန်းဦးသည် ဤပြာများကို လိုချင်လာ၏။

သို့သော်လည်း သပိတ်ဟူသည်မှာ ရဟန်းတော်တို့၏ အသုံးအဆောင်ဖြစ်သောကြောင့် ဤသပိတ်သည် ပိုင်ရှင်မဲ့မဖြစ်နိုင်ပေ။ ရဟန်းတော်တစ်ပါးပါးထားခဲ့သော သပိတ်သာ ဖြစ်နိုင်ဖွယ်ရှိ၏။ ထို့ကြောင့် ရဟန်းပိုင်ပြာများကို အမှတ်မဲ့ယူရန်မသင့်ဘဲ နောက်တစ်ဖန်ပြန်လာပြီး ပေးကမ်းစွန့်ကြဲပါရန် ရဟန်းတော်အား လျှောက်ထားတောင်းယူသင့်သည်ဟု သင့်၏။

ကိုဝေထွန်းဦးသည် ထိုကဲ့သို့ဆုံးဖြတ်ပြီး ကျောက်သပိတ်ကို ကျောက်အံဆွဲထဲသို့ပြန်ထည့်ကာ ပိတ်ထားလိုက်၏။ ထို့နောက် ကျောက်ဂူအတွင်းမှ အပြင်သို့ ထွက်လာခဲ့သည်။

♦ ♦ ♦

နောက်တစ်ပတ်ခန့်အကြာတွင် ကိုဝေထွန်းဦးသည် ခဲ့သည့် စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးရင်ပြင်တော်ဝင်၌ တရားကျင့်ကြံအားထုတ်နေသော တောင်းလာဆရာတော် ဦးပဏ္ဍိစ္စထံသို့ မုန့်လှူရန် သွား၏။

ကိုဝေထွန်းဦးသည် တောင်ဖီလာရွာမှာလည်း နေခဲ့ဖူး၏။ ထို့နောက်မှ ဝါသနာအလျောက် ဆေးမြစ်များ ရှာဖွေဖော်စပ်လို၍ တောရိပ်တောင်ရိပ်မကင်းသော ဆွေမျိုးမှာလည်းရှိသည့် သည်ကျွဲကူးတောင်ရွာကို ပြောင်းလာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ဆရာတော်ဦးပဏ္ဍိစ္စနှင့်လည်း ဆရာရင်းဒကာရင်းများသာ ဖြစ်ကြ၏။

ဆရာတော်သည် တစ်အောင့်ကြာအောင် ကိုဝေထွန်းဦးအား စိုက်ကြည့်နေ၏။ ထို့နောက် မေးသည်။

"ဟဲ့.. ဝေထွန်းဦး၊ မင်းကိုယ်တွေ့ ဖောရောင်ညို တရောင်ရောင်နဲ့ နေထိုင်မကောင်းဘူးဆို။ အခုတော့ လူလို့ ဝလို့ပါလားကွ။ ကျန်းမာရေးကောင်းသွားပြီလား"

"တပည့်တော် နာလန်ထလာတာ တစ်ပတ်လောတောင် ရှိနေပါပြီဘုရား" ဟု လျှောက်ထားပြီး ကိုဝေထွန်းဦးက အိမ်တွင်းဖြစ် ငှက်ပျောသီးမုန့်ပန်းကန်ကို ဆရာတော်အား ကပ်လှူလိုက်၏။

ဆရာတော်က မုန့်ပန်းကန်ကို အကပ်ခံပြီး မုန့်သုံးရင်း အခွံချွတ်ကာ ဘုရားအား ကပ်လှူနေ၏။

ကိုဝေထွန်းဦးကမူ သူ့ရောဂါ ပျောက်သွားသည့် အကြောင်းကို ဆရာတော်အား လျှောက်ထားချင်နေ၏။ ထို့ကြောင့် ဆရာတော်အား စကားပြန်ဆက်လိုက်သည်။

"ဆရာတော်.. တပည့်တော်ရဲ့ရောဂါ ပျောက်သွားတဲ့ အကြောင်းလည်း မေးပါဦးလေ"

"အေး.. မေးမှာပေါ့။ နေဦး" ဟု ဆိုကာ ဆရာတော်

www.burmeseclassic.com

သည် ဘုရားအား လက်အုပ်ချီ၍ အရဟာတာဒိ၊ နဝဂုဏောဟိ အစရှိသဖြင့်ဆိုပြီး မုန့်ဆွမ်းကပ်နေလေ၏။

ထို့နောက် ဆုတောင်းမျှဝေပြီးမှ ကိုဝေထွန်းဦးဘက်ကို ပြန်လှည့်ထိုင်ပြီး-

'ရောဂါပျောက်သွားတာ ထူးဆန်းပုံနဲ့တူတယ်။ ဒါကြောင့် မေးစေချင်လို့များလား။ ကိုင်း..မင်းရောဂါ ဘယ်လိုပျောက်သွားတာလဲ ဆိုစမ်းပါဦး' ဟု ပြောပြီး မေး၏။

ထို့ကြောင့် ကိုဝေထွန်းဦးက ရုက်သလိုလို အမူအရာဖြင့် တစ်ချက်ပြုံးလိုက်ပြီး-

'တပည့်တော် နောက်တစ်ပတ်လောက်က ဆေးမြစ်ရှာရင်း ဒုံနာလည်း ရှာခွာရင်း ရွှေတောင်ဌေတောင်ကို သွားဖါတယ်။ ဒီတော့ အရင်တစ်ပတ်ကသွားတဲ့ တောတွေမှာ ဒုံနာသိပ်ပြီး ရနိုင်မယ်လို့ မထင်တာနဲ့ ရွှေတောင်ဌေတောင်ရဲ့ လက်ယာဘက်လှည့်ကြီးထဲ လျှောက်ဝင်သွားရင်း သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေပြီး ကျောက်တုံးကျောက်နံရံကြီးတွေ ရှိနေတဲ့ ချောင်ထဲမှာ အိမ်တစ်လုံးစာသာသာလောက် ကျယ်ဝန်းတဲ့ ကျောက်လိုဏ်ဂူကြီးတစ်ခုကို တွေ့ရပါတယ်။ အဲဒီကျောက်လိုဏ်ဂူကြီးထဲမှာ အံ့ဆွဲလိုလို ကျောက်စွန်းလေးတစ်ခုကို တွေ့ရလို့ ဆွဲကြည့်လိုက်တော့ ကျောက်သပိတ်တစ်လုံး ရှိပါတယ်။ ကျောက်သပိတ်ထဲက အရောင်နည်းနည်းလေးရှိနေတဲ့ ပြာတွေကို လက်နဲ့ တို့ယူပြီး အရသာခံကြည့်ရင်း သုံးကြိမ်လောက် တောင်းစားလိုက်ခဲတဲ့အတွက် တပည့်တော်ရဲ့ရောဂါတွေ ချက်ချင်းပဲ ယူပစ်သလိုမျိုး ပျောက်သွားပါတယ်။ တော်တော့ကိုပဲ ထူးဆန်းပါတယ်'

ကိုဝေထွန်းဦးက ထိုသို့ပြောပြလိုက်ရာ ဆရာတော်သည် အလွန်အမင်းအံ့သြသော အမူအရာဖြင့် ကြည့်ကာ ခေး၏။

'ရော်..ဒါဆို မင်း အဲဒီပြာတွေကို အားလုံး ယူမလာဘူးလားကွ'

'ဘယ်ယူရဲမလဲဘုရား။ နည်းနည်းပါးပါးပဲဖြစ်ဖြစ် တောင်းယူရအောင်လည်း ဝိုင်ရှင်ကိုမှ မတွေ့တာ။ ဆရာတော်တစ်ပါးပါးရဲ့ သပိတ်ပဲ ဖြစ်မှာပေါ့'

'အဲဒါ ပြဒါးပြာကွ။ ဘယ်သူဝိုင်တာမှ မဟုတ်ဘူး။ မင်း စပြောကတည်းကပင် ငါ အသေအချာ နားထောင်နေတာ။ ရွှေတောင်ဌေတောင်ရဲ့ လက်ယာဘက်မှာလည်း ဘယ်ကျောက်လိုဏ်ဂူကြီးမှ မရှိပါဘူး။ ငါလည်း မကြာခဏ ရွှေတောင်ဌေတောင်ကို ရောက်ဖြစ်ပါတယ်။ နေ့ဆွမ်းခံစားပြီး တစ်နေ့ခင်းလုံး ရွှေတောင်ဌေတောင်ရဲ့ အရှေ့ဘက်တောထဲမှာ တရားပွားများ၊ ညနေ နေညိုမှ ပြန်လာတယ်။ မင်းပြောတဲ့ ကျောက်လိုဏ်ဂူကြီးကို တစ်ခါမှတောင် မတွေ့ဖူးပါလား။ အဲဒါ မင်းကို နတ်ပေးတဲ့ ပြဒါးပြာပဲကွ'

ကိုဝေထွန်းဦးသည် ဘာမျှမပြောတတ်သလိုဖြစ်ကာ ငေးကြောင်နေမိသည်။ ကျောက်လိုဏ်ဂူကြီးနဲ့ ပြဒါးပြာသပိတ်ကိုလည်း မျက်မှန်းနှင့် ကြည့်နေမိသည်။ ထို့နောက်မှ ဆရာတော်အား ယခင်အတိုင်း သံယောဇဉ်လိုက်ပြီး လျှောက်ထားလိုက်ပြန်သည်။

'တပည့်တော်က ဒီပြာဟာ ရိုးရိုးပြာမဟုတ်ဘူးလို့ ထင်တော့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ ဆရာတော်တစ်ပါးပါး ပိုင်တဲ့ဟာ ထင်ပြီးသာ မယူခဲ့ဖို့တာပါ'

'ဘယ်ဆရာတော်မှ ပိုင်တာမဟုတ်ဘူး။ အဲဒီဘက်မှာ ဘယ်ကျောက်ဂူမှ မရှိပါဘူးဆိုမှ။ ဆရာတော် ပိုင်ရမလားကွ။ အဲဒါ မင်းကို နတ်ကောင်းနတ်မြတ်တွေက အလွန်တန်ဖိုးကြီးတဲ့ ပြဒါးပြာကို ပေးတာပဲ။ ဒါတောင် မစားထိုက်ဘူး။ မင်းလို ပြာပုံတိုးချင်တဲ့အကောင်ခွေး ရှိပါတော့မလား'

'ပြဒါးပြာသာဆိုရင်တော့ တန်ဖိုးကြီးတဲ့အကြောင်းကို ကြားဖူးပါတယ်'

'ကြားဖူးရုံပဲလားကွ။ ပြဒါးပြာဆိုတာ အရာရာမှာ အဖိုးထိုက်တာပဲ။ တို့စားကြည့်လိုက်တာနဲ့တောင် မင်းရဲ့ ဖောသွပ်သွပ်မျက်နှာကြီး ပျောက်သွားပြီး လူကောင်းအတိုင်း ပြန်ဖြစ်လာတာပဲ။ ကြေးတွေကို

www.burmeseclassic.com

www.burmeseclassic.com

ဖျော်ပြီး ကွမ်းရိုးတစ်တို့ စာလေးလောက် ပစ်ထည့်လိုက်ရင်ပဲ အားလုံး ရွေဖြစ်တယ်ဆိုတာကော မင်း မကြားဘူးလားကွ"

"အဲဒါတော့ ကြားဖူးပါတယ်"

"ကြားဖူးရင် အခုသွားယူ။ တကယ့်နွားပဲ။ မင်းလို အနှတဲ့အကောင်မျိုး ရှိပါဦးမလားကွာ"

ဆရာတော်၏ စကားအဆုံးမှာပင် ကိုဝေထွန်းဦးသည် ဆရာတော်အား ဦးချရှိခိုးပြီး ကျောင်းပေါ်မှ ခပ်သုတ်သုတ် ဆင်းလာခဲ့၏။ ထို့နောက် အိမ်ကိုပင် မပြန်တော့ဘဲ ရွှေတောင်ဌေတောင်တောသို့သာ သုတ်ခြေတင်လေသည်။

စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ရင်ပြင်တော်မှ ရွှေတောင်ဌေတောင်ကို နာရီဝက်သာသာခန့် လျှောက်ရ၏။ ကျန်းမာရေးကောင်းနေပြီဖြစ်သော ကိုဝေထွန်းဦးသည် တစ်ဟုန်တည်း သွား၏။

သို့သော် ရွှေတောင်ဌေတောင်ကို ရောက်သွားသောအခါ ကိုဝေထွန်းဦး တွေ့ခဲ့၊ မှတ်သားထားခဲ့သော ပြဒါးပြာကျောက်သပိတ်၊ ကျောက်ဝှေ စသည်များကို လုံးဝမတွေ့ရတော့ဘဲ ရွှေတောင်ဌေတောင်၏ အရှေ့ဘက်၌ မူလသစ်တောအတိုင်းသာ ဖြစ်နေလေသည်။

မင်းဟိန်းခိုင်

စာကြွင်း * ဤဇာတ်လမ်း၌ ကိုဝေထွန်းဦး(ဦးဝေထွန်းဦး)သည် စာရေးသူ၏ ကျေးဇူးရှင် ဖခင်ကြီးဖြစ်၏။ ယခုအခါ ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ (၂၀၁၄)ခုနှစ်တွင် (၃၁)နှစ်ပင် ပြည့်မည်ဖြစ်ပေသည်။ ဤဇာတ်လမ်းသည်လည်း ကာလအားဖြင့် (၃၇)နှစ်ရှိခဲ့ပြီ။

ရွှေတောင်ဌေတောင်သည် အမ်းမြို့နယ်၊ တန်းတင်အုပ်စုတွင် ပါဝင်သည်။ ရန်ကုန်-တပ်တောင် ကားလမ်း တပ်တောင်ကိုမရောက်မီ လေးမိုင်ခန့်အလို တန်းတင်ရွာ၏ အရှေ့ဘက် နှစ်မိုင်ကျော်ခန့်တွင် တည်ရှိသည်။

ရွှေတောင်ဌေတောင်သည်လည်း ယခုအခါ ယခင်နှင့်မတူ တစ်မူကွာပြီး တောကြီးမျက်မည်းလည်း မဟုတ်တော့ဘဲ စည်ပင်လျက်ရှိနေပေပြီ။ စာသင်၊ စာချပရိယတ် လုပ်ငန်းများကို လက်စသတ်ပြီးနောက် ရဟန်းငယ်ဘဝမှာပင် ပဋိပတ်တရားအကျင့်ဖြင့် တောရ၌သာ ပျော်မွေ့လာခဲ့သော သက်တော်ရှည်ဆရာတော်ကြီး ဦးနန္ဒိယ(တန်းတင်ရွာအတွင်း တရားမမှု ကျင့်ကြံအားထုတ် ပြသလျက် ရှိနေပေသည်။

ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှန်းမူတီး ရွှေဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကောပီစနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက် ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကောပီစနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ်(Softwear)များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဖုန်း - ၀၉ ၈၃၁ ၁၉၈ ၂၆

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၂၁/၂၂၃(ပထမထပ်)၊ (၃၁)လမ်း(အထက်လမ်း)၊ စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ထန်းလျက်ဖြင့် ကုသနိုင်သော ဓနှမဆေးနည်းများ

အားလိုလျှင် အချိုစားရမည်ဟု မြန်မာ့အစဉ်အလာ တစ်ရပ်အနေဖြင့် ဆိုရိုးစကား တည်ရှိခဲ့ပါသည်။ သက်ကြီးရွယ်အိုအနေဖြင့် အစားအသောက်များကို စားသောက်ပြီး ချိန်တွင် ရေနွေးကြမ်း၊ လက်ဖက်ရည်နှင့် ထန်းလျက်ကို တွဲဖက်ကာ စားသောက်နေထိုင်ကြသည့် ဓလေ့သည် ကျွေးလက်တော်ရှာတို့၏ သဘာဝအလှပင် ဖြစ်ပါသည်။

ထန်းလျက်သည် တိုင်းရင်းသားလူမျိုးစုများအတွက် မရှိမဖြစ်သော သရေစာအဖြစ် အသုံးပြုကြပေသည်။ ထန်းလျက်သည် ဆေးဖက်ဝင်အနိသင် ရှိကြပါသည်။ ဆေးဝါးအဖြစ်လည်း မှီဝဲသုံးဆောင်နိုင်ပါသည်။ ထန်းလျက်နှင့် ဆေးဖက်ဝင် အပင်တို့ကို တွဲဖက်လျက် ရောဂါဝေဒနာကြီးငယ်မရွေး ကုသနိုင်ခဲ့ကြသော ဆရာစဉ်ဆက် လက်စွဲအသုံးပြုခဲ့ကြသော ဆေးနည်းတို့ကို ရေးသားဖော်ပြလိုက်ရပေသည်။

အိုးငုပ်၍ ဖျားသော်

ကွမ်းရွက်၊ ချင်းအနည်းငယ်နှင့် ထန်းလျက်ကို သင့်တင့်ရုံထည့်၍ ကျိုပြီး ပူပူကလေး မှုတ်၍ သောက်ပေးပါ။ ဆေးသောက်ပြီး စောင်ခြုံ၍ ခေတ္တအိပ်ပေးလိုက်ခြင်းဖြင့် အိုးပွင့်၍ အဖျားပျောက်ကင်းစေနိုင်သော ဆေးနည်းတစ်လက် ဖြစ်ပါသည်။

သလိပ်ပုပ်ထသော်

မနံကျည်းရွက်ကြမ်း တစ်ပြည်ကို အခြောက်လှန်းအမှုန့်ထောင်း၍ ထန်းလျက်နှင့် တေဆေးကဲ့သို့ တေထားပါ။ ဤတေဆေးကို တစ်ကြိမ် ကော်ဖီခွန်း(၁)ခွန်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးခြင်းဖြင့် သလိပ်ပုပ်ဆင်းခြင်းကို ပျောက်ကင်းစေနိုင်ပါသည်။

ချောင်းဆိုးသော်၊ ချောင်းဆိုးသွေးပါခဲ့သော်၊ သွေးအန်သော်

ကေရာဇ်ရွက်ကို ထန်းလျက်နှင့် သင့်တင့်ရုံရောရွက် သုံးခွက် တစ်ခွက်တင် ကျိုကာ အိမ်သုံးဆား အနည်းငယ်ကို ထည့်၍ သောက်ပေးနိုင်ပါသည်။ နံနက်တိုင်း မှန်မှန်သောက်ပေးခြင်းဖြင့် ချောင်းဆိုးခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ သွေးအန်ခြင်း စသည့် အသက်ရှူလမ်းကြောင်းရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်ပါသည်။

ရင်ကျပ်သော်

ကင်ပွန်းရွက်နှင့် ထန်းလျက်ကို သင့်တင့်ရုံယူ၍ သုံးခွက် တစ်ခွက်တင် ကျိုပြီး သောက်ပေးခြင်းဖြင့် ရင်ချောင်စေပါသည်။

သွေးဝမ်းလွန်သော်

ထမင်းခြောက်ကို လှော်ပြီး ထန်းလျက်နှင့်အတူ အညက်ကြိတ်၍စားသော် ပျောက်ကင်းချမ်းသာနိုင်ပေသည်။

လေနာသော်

ထန်းလျက်ကို ရေနှင့် ခပ်ပျစ်ပျစ်ကလေး ကျိုရွှေ့ရောက်ရည်နှင့် ဆားအနည်းငယ် ရောစပ်ပြီး သောက်ပေးခြင်းဖြင့် လေနာရောဂါကို ပျောက်ကင်းစေနိုင်သော ဆေးနည်း ဖြစ်ပါသည်။

လိပ်ခေါင်းဖြစ်သော်

ခုံညင်းတစ်လုံးကို ဖောက်ထွင်း၍ ဆံချည်မျှင် သင့်တင့်အောင်သွတ်ပြီး မီးကျွမ်းအောင် ဖုတ်ပါ။ ထန်းလျက်တစ်ကျပ်သား၊ ဆားမီးဖုတ် တံစ်မတ်သား ရောကြိတ်၍ စားသုံးပါက လိပ်ခေါင်းရောဂါကို ဆေးနည်းအဖြစ် အသုံးဝင်ပါသည်။

သူငယ်နာ ကြက်သွေးရောဂါဖြစ်သော်

ဟင်းနုနယ်နှင့် ထန်းနို့ပြာကို ထန်းလျက်နှင့် အညက်ကြိတ်ပြီး လက်ဖက်စားခွန်း(၁)ခွန်း တစ်နေ့ နှစ်ကြိမ် ကျွေးပေးခြင်းဖြင့် အမြန်ပျောက်ကင်းစေပါသည်။

ဆီးရောဂါဖြစ်သော်

ဆင်နာမောင်းပင် ပဉ္စင်းပါးကို လက်တွင်း တစ်ဆုပ် စာယူ၍ ထန်းလျက်နှင့် ရောကျိုသောက်ပေးသော် ဆီးရောဂါများကို ပျောက်ကင်းစေပြီး ဆီးကို ရှင်လန်းစေပါသည်။

ဝမ်းကိုက်သော်

ထန်းလျက်ပျော့၊ ထန်းလျက်မာကို ထုခြေ၍ ဆီအနည်းငယ်တွင် ထည့်ကြော်ပါ။ ခဏကြာလျှင် ချ၍ ၄င်း ထန်းလျက်ကြော်ကို မကြာခဏ စားပေးခြင်းဖြင့် ဝမ်းကိုက်ခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

[ကျော်တင့်ဆွေ၏ တိုင်းရင်းဆေးကုထုံး စာအုပ်မှ]

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ရဲ့ တောချောင်းရွာဆိုတာက အိမ်ခြေ(၁၀၀) နီးပါးလောက်တော့ ရှိပါတယ်။ အားလုံးကတော့ တောင်သူထွေချည်းပါပဲ။ ရိုးသားစွာနဲ့ လုပ်ကိုင်စားသောက်ကြတယ်လို့ ပြောရင်ရပါတယ်။ သိပ်ပြီးချမ်းသာတဲ့သူ မရှိသလို ဆင်းရဲတဲ့သူတွေလည်း မရှိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့က သက်ငယ်မိုး၊ ဝါးထရံကာနဲ့ နေရလည်း ကိုယ့်ဟာကိုယ် ဆင်းရဲတယ်လို့မှ မခံယူကြတာ။ အဓိကအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စိတ်အေးချမ်းသာ နေရရင်ကိုပဲ ကိုယ့်ဟာကိုယ် ပြည့်စုံနေတတ်ကြလို့ပါပဲ။

တိုက်တွေ၊ ကားတွေ မရှိပါဘူး။ တစ်နှစ်မှာ တစ်ခါလာပြီးပြတတ်တဲ့ ဓာတ်ရှင်တွေထဲမှာတော့ တွေ့ဖူးတာပေါ့။ သွပ်မိုးပျဉ်ထောင်အိမ်ရယ်လို့လည်း တစ်ရွာလုံးမှာမှ ဆယ့်ငါးလုံးလောက်ပဲ ရှိတာပါ။ ရေဒီယိုကတော့ (၆)လုံးလောက်ရှိတယ်။ အဲဒီရေဒီယို(၆)လုံးလောက်ရှိကြတဲ့ အိမ်တွေထဲမှာ ကျုပ်အိမ်လည်း ပါသေးရဲ့။ ဖိလစ်အမျိုးအစားပါ။ ရန်ကုန်ကနေ လွှင့်လာတဲ့ အသံလို့ ပြောတာပဲ။ အဲဒီအသံတွေက ကျုပ်တို့ ရွာအထိ ရောက်လာတယ်ဗျာ။ အံ့သြစရာပါပဲ။ ပြီးတော့ ကက်ဆက်။ အဲဒီကက်ဆက်ကတော့ တစ်ရွာလုံးမှာမှ တစ်လုံးတည်းပဲ ရှိတာပါ။ ဒါတောင် သွားဝယ်ခဲ့တာ မကြာသေးပါဘူး။ သူကတော့ ဈေးကြီးသလောက် အဆင့်မြင့်ပါတယ်။ ကိုယ်ကြိုက်ရာအခွေထည့်ပြီး နားထောင်နိုင်တယ်။

ကျုပ်တို့ အကြိုက်ဆုံးကတော့ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဖွားတော်မူခန်းတို့၊ တောထွက်ခန်းတို့၊ ပရိနိဗ္ဗာန်စံဝင်ခန်းတို့ပေါ့။ စိန်အောင်မင်းကိုလည်း ကြိုက်တယ်။ သီချင်း

ချစ်ဆိုင်ရာကြေးငေးစရဲ့ချစ်ခင်ကွ

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာတော့ တွံတေးသိန်းတန်၊ ဟာသိတအောင်တင်ဝင်းတို့ သီချင်းတွေပါပဲ။ အသံလွှင့်ဇာတ်လမ်းမှာတော့ တွံတေးသိန်းတန်၊ တင်တင်မြနဲ့ ချစ်စပယ်တို့ရဲ့ စိုးမိုးမေတ္တာဇာတ်လမ်း၊ တခြားဟာတွေလည်း ပါတာပေါ့ဗျာ။ အများကြီးပေါ့။

အဲ..အဲဒီကက်ဆက်ပိုင်ရှင် ဖိုးသာပြည့်ကြီးကတော့ ညချမ်းချိန်ခါ ရောက်ပြီဆိုတာနဲ့ ဖွင့်ပြတော့တာပါပဲ။ အဲဒီလို ဖွင့်ပြီဆိုတာနဲ့ သူ့အိမ်ပေါ်မှာလည်း လူတွေကပြည့်လို့။ တည်လိုက်ရတဲ့ ရေနွေးကြမ်းကလည်း တစ်အိုးပြီးတစ်အိုးပါပဲ။ လက်ဖက်သုပ်၊ မြေပဲကြော်၊ အဲဒါမျိုးတွေနဲ့လည်း စည့်ခံပေးရတာပေါ့။ တစ်ရွာလုံးမှာရှိကြတဲ့ လူတွေအားလုံး သူ့အိမ်ပေါ်တက်ပြီး ဘယ်နားထောင်နိုင်မှာလဲ။ ဒီတော့ နီးစပ်ရာ အားအိမ်မှာရယ်၊ ပြီးတော့ ရွာလယ်လမ်းကြောင်း တစ်လျှောက်မှာရယ်၊ လူတွေက တင်းကျမ်းပြည့်နေအောင် ထိုင်သူကထိုင်၊ မတ်တတ်ရပ်သူကရပ် ဒါမျိုးတွေနဲ့ ဝိုင်းပြီး နားထောင်ကြရတယ်။

လရဲ့အလင်းရောင်ကလေးကလည်းရှိနေရင် ဘာပြောကောင်းမလဲဗျာ။ လျှပ်စစ်မီးရဲ့ အလင်းရောင်တွေမရှိတဲ့ ကျေးတို့ တောအရပ်မှာတော့ လသာတဲ့ညများမှာဆိုရင် အလွန်အလွန်ကို ပျော်စရာကောင်းတဲ့ ညများပါပဲ။ ကလေးတွေဆိုရင် ဒိုးပစ်တမ်း၊ ဖန်ခုံတမ်း၊ ထုပ်ဆီးတိုးတမ်း၊ ကြက်ခွပ်တမ်းအထိ ကစားပြီး ပျော်ကြတာ။ အဲဒါ ထားတော့။

ခုနကပြောခဲ့တဲ့ ညချမ်းချိန်ခါမှာ ကက်ဆက်ထဲက အသံလွှင့်ဇာတ်လမ်းတွေ ဖွင့်လာပြီဆိုမှ ပြောခဲ့တဲ့အတိုင်းပါပဲဗျာ။ ရွာလယ်လမ်းမှာ လူတွေက စုစု,စုစုနဲ့ပေါ့။ ဇာတ်လမ်းမပြီးမချင်း နားထောင်ကြတာမှာ တစ်ခါတစ်ရံ ည(၁၁)နာရီနီးပါးလောက်အထိ ရှိတတ်ကြတယ်။ အဲဒီလူအုပ်ထဲမှာ လူပျို၊ အပျိုတွေလည်း ပါတယ်ဗျ။ အဲဒီလူပျို၊ အပျိုတွေကလည်း ကက်ဆက်သံနားထောင်ရင်း မယောင်မလည်နဲ့ လူပျိုလှည့်တတ်ကြသေးတယ် ဆိုပါတော့။

ပြောရရင် ကျေးကလည်း လူပျိုပေါက်တစ်ယောက်ပါဗျာ။ အခုထိ ရည်းစားသနာ မရှိသေးတာကတော့ အမှန်ပါပဲ။

ဒီနေရာမှာ တစ်ခုထည့်ပြီး ပြောချင်တာက ကျေးတို့ရွာဟာ ရှမ်းရွာပါ။ ကျေးကလည်း ရှမ်းလူမျိုးပါပဲ။ ပြီးတော့ ကျေးတို့အရပ်ဒေသမှာက စိုက်စရာပျိုးစရာ မြေကွက်တွေကပေါတယ်။ ဒီတော့ အခြားအရပ်ဒေသက ဗမာလူမျိုးအချို့ပါ ကျေးတို့အရပ်ဒေသကို အပြီးပြောင်းရွှေ့ပြီး လာရောက်လုပ်ကိုင်သူများ ရှိတတ်ကြသလို အချို့လည်း တစ်နှစ်မှာ တစ်ခါလောက် လုပ်ကိုင်ပြီး ပြန်သွားကြတဲ့သူတွေလည်း ရှိတယ်။ တချို့လည်း အဲဒီလို တစ်နှစ်မှာတစ်ခါ လာလာလုပ်ရင်း နောက်ဆုံးမှာတော့ အပြီးပြောင်းလာကြတဲ့သူတွေလည်း ရှိတာပေါ့။ အဲဒီလိုမျိုး ရှိနေတာပါ။

ဘာပဲဖြစ်ဖြစ်ပါ။ ကျေးကလည်း လူပျိုပေါက်ဆိုတော့ လူပျိုပေါက်တွေရဲ့ သဘာဝအရ လူပျိုလှည့်တော့ ကျေး အကြိုက်ဆုံးက အဲဒီအောက်ပြည်အောက်ရွာကနေ ရောက်လာတဲ့ ဗမာမလေး မိသန်းဌေးကိုပါပဲ။ ကျေ့တို့ရွာမှာလည်း သူ့လောက်လှတဲ့သူတွေတော့ ရှိပါရဲ့၊ ဒါပေမဲ့ဗျာ အလှချင်း တူရင်တောင် တစ်မူထူးမယ့် ဗမာမလေးဆိုတဲ့ဂုဏ်က ပိုနေသေးတာကိုး။ ရွာနားကမြက် ရွာနွားမစားချင်တာလည်း ပါတာပေါ့လေ။

ဘာပဲပြောပြော ပါဗျာ ကျေ့က ကက်ဆက်နားထောင်ရင်း၊ လူပျိုလှည့်ရင်းနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြိုးစားနေသလို အခြားလူပျိုတွေကလည်း ကျေ့အတိုင်းပါပဲ။ အဲဒီ ဗမာမလေးကို ပိုးပန်းနေကြတာပေါ့။ ဘယ်သူကမှတော့ ဗမာမလေးရဲ့အချစ်ကို မရသေးပါဘူး။ အဲဒီလို ပိုးပန်းကြတဲ့ လူပျိုတွေနဲ့ ကျေ့ရဲ့အနေအထားကို ယှဉ်ကြည့်မိတော့ ကျေ့က သူတို့လောက် မဝတ်စားနိုင်တာ အမှန်ပဲ။ မိန်းကလေးတွေဆိုတာ ပကာသနကို မက်မောကြမယ်လို့ပဲ ကျေ့ရဲ့စိတ်ထဲမှာ လှေနံဘေးထစ် မှတ်ထားခဲ့တာပါ။ လူချင်းတူနေရင် ပကာသနရှိရာဘက်ဆီကို သူတို့ ပါသွားမယ်ဆိုတဲ့ အသိက ကျေ့ရဲ့ရင်မှာ အရိုးစွဲနေတယ်။

ဒါကြောင့် ကျေ့က ကျေ့ရဲ့ဖခင် ဦးထွန်းအောင်ကို နာရီလေးတစ်လုံးလောက် ဝယ်ပေးပါဦး။ တန်ဖိုးကြီးတဲ့ အိုက်ဗီဘယ် ငါးတံဆိပ်လိုဟာမျိုးကြီး မဟုတ်ရင်တောင် သူထက်ညံ့တဲ့ အမျိုးအစားဖြစ်ဖြစ်ဆိုပြီး ပူဆာတော့ မြေပဲပေါမှတဲ့။ ဒါဆိုရင်လည်း မုံရွာကလာတဲ့ (KT-20000) တက်ထွန်စကြီး မဟုတ်ရင်နေပါစေ၊ ပေါပေါလင်စအင်္ကျီတစ်ထည်လောက် ဝယ်ပေးပါဦး ဆိုပြန်တော့ ဒါလည်း နှမ်းပေါမှတဲ့။

ကဲ..ကျေ့ ဘယ်လိုလုပ်ရမှာလဲ။ ဒီမှာက ဝတ်ကောင်းစားလူတွေနဲ့ ဗမာမလေးရဲ့အချစ်ကို သူထက်ငါ အပြိုင်ပိုးနေကြတာလေ။ ကျေ့ဖခင်ပြောသလို မြေပဲပေါမှဝတ်၊ နှမ်းပေါမှဝတ်ဆိုရင် အဲဒီအခါမှဝတ်ပြီး ကျေ့ အပြိုင်သွားလိုလို့ ရပါဦးတော့မှမလား။ ဒီမှာက စက္ကန့်ပိုင်းနဲ့အမျှ အေးကြီး

www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ဟာကို။ အဲဒီဗမာမလေးကတော့ အဲဒီမြေပဲပေါ်သည်အထိ၊ နှမ်းပေါ်သည်အထိ၊ ကျွဲပ် ဝတ်ကောင်းစားလှဝတ်ရသည်အထိ စောင့်နေနိုင်မှာလား။ ကျွဲပ်က ကျွဲပ်ရဲ့ဖခင်ကို စိတ်မဆိုးပါဘူး။ ဘယ်မိဘမဆို ကိုယ့်ရဲ့သားသမီးတွေကို ဝတ်စေ၊စားစေချင်ကြမှာပါပဲ။ မတတ်နိုင်လို့သာ လက်မှိုင်ချထားရတဲ့ အနေအထားမျိုးပဲ ရှိကြမှာပါ။ ကျွဲပ် မကျေနပ်ချင်တာက ကျွဲပ်ရဲ့ ဘဝပေးအခြေအနေပါ။

အခြားသူတွေက ကျွဲပ်ထက် ဝတ်နိုင်စားနိုင်ပေမယ့် ဗမာမလေးရဲ့ အနေအထားကတော့ဖြင့် ကျွဲပ်အထင်ပြောရရင်ဖြင့် ကျွဲပ်ဘက်ကို အလေးသာနေတယ်လို့ တွေးထင်ထားတယ်။ ကိုယ့်ငါးချဉ်စို့ ကိုယ်ချဉ်တာ မဟုတ်ဘူးနော်။ ကျွဲပ်နဲ့အပြိုင် ပိုးကြတဲ့သူတွေဆိုရင် လက်ပတ်နာရီတွေ ရှိကြတယ်။ အဲဒီအပြင် အချို့ဆိုရင် လက်စွပ်တောင် ရှိကြသဗျို့။

♦♦

အဲဒီလိုနဲ့ပဲ ကျွဲပ်တို့တစ်တွေ မြေပဲခင်းထဲ မဆင်းခင် လိုအပ်တဲ့ ထွန်၊ ထည် အစရှိသဖြင့် ကြိုတင်ပြင်ဆင်ရင်း ညရောက်တဲ့အခါမှာ ကက်ဆက်နားထောင်ရင်း လူပျိုလှည့်ရင်းနဲ့ အချိန်တွေ ကုန်နေခဲ့ရတယ် ဆိုပါတော့။

တစ်နေ့မှာတော့ ရွာဦးပိုင်းက ဘိုးမောင်ဘကြီး ကွယ်လွန်သွားတယ်။ အသုဘရှိလာတယ် ဆိုပါတော့။ အဲဒီလို အသုဘများ ရှိလာပြီဆိုရင်တော့ ကျွဲပ်တို့ရွာမှာ ရက်မလည်မချင်း ဖဝိုင်းက ရှိနေတော့တယ်။ ဖဝိုင်းရှိလာပြီဆိုတော့ ယခင်က ကျွဲပ်ရဲ့ဘလေး ဦးကံတင် ပြောပြခဲ့တဲ့ စကားလေးတစ်ခွန်းကို ကျွဲပ်က ပြေးပြီးသတိရလာတယ်။

ကျွဲပ်ရဲ့ ဘလေးက-

'ဒီမယ် ငါ့တူ..အဲဒီလိုဖဝိုင်းမျိုးကိုလေ သရဲနဲ့ပေါင်းပြီးသွားရိက်ရင် နိုင်တယ်လို့ ငါကြားဖူးတယ်'လို့ ပြောတယ်။

ကျွဲပ်က-

'ဘယ်လိုပေါင်းပြီး သွားရိက်ရမှာလဲ'

မေးတော့-

'ဘယ်လိုပေါင်းပြီး သွားရိက်ရမယ်ဆိုတော့ သူတို့ကို အစာကျွေးပါ့မယ်၊ ဖနိုင်အောင်လုပ်ပေးပါဆိုပြီး သရဲနိုင်းကုန်းမှာ သွားခေါ်ရမှာပေါ့'

ဘလေး လုပ်ဖူးလို့လား မေးတော့-

'အောင်မယ်လေး ငါ့တူရယ်၊ အဲဒါမျိုးကလေ လျှာကို မြှက်ပေါက်ချင် ပေါက်ပါစေ မလုပ်ပါရစေနဲ့။ လုပ်လည်း မလုပ်ရဲပါဘူး။ ဘလေးပြောတာက ငါ့တူ ကြားဖူးနားဝဗဟုသုတဖြစ်အောင် ပြောပြတာပါ'

အဲဒီလို ပြောပြခဲ့ဖူးတာကို အမှတ်ရလာစေတယ်။ ခုတော့ ဘလေးက ဆုံးခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် ဘလေးပြောပြခဲ့ချက်အရ ကျွဲပ်အတွက်ကတော့ လမ်းအစကို ရရှိခဲ့တာ အမှန်ပါပဲ။ လမ်းအစ တွေ့ရပြီဆိုမှတော့ လမ်းလျှောက်လို့ရပြီပေါ့။ လမ်းကြောင်းပေါ် ရောက်ပြီဆိုတာနဲ့ မီးစင်ကြည့်ပြီး ဆက်လျှောက်ရုံကလွဲပြီး ဘာရှိဦးမှာလဲ။ ဒီလိုပဲလေ၊ မွေးလာကတည်းက ဘယ်သူကကော တတ်ခဲ့ကြလို့လဲ။ မုဆိုးစိုင်သင် ဆိုတဲ့စကားတောင် ရှိသေးတာပဲဥစ္စာ။ မုဆိုးဆိုတာ အစက ဘာမှမတတ်ခဲ့ပါဘူး။ နောက်မှ သားကောင်တွေရဲ့ တံ့ပြန်တတ်လာမှုကိုကြည့်ပြီး လုပ်ရင်းကိုင်ရင်းနဲ့ တတ်လာကြရတာပဲ မဟုတ်လား။

ခုလည်း ဘာထူးလဲ။ သရဲနဲ့ပေါင်းပြီး ဖဲသွားရိက်မယ်၊ နိုင်ရင်အမြတ်၊ မနိုင်ရင် အရင်းပဲပေါ့။ လောင်းကစားတို့နဲ့ သဘောကကိုမှ နိုင်ရင်နိုင် မနိုင်ရင်ရှုံးလေ။ ပြီးတော့ သရဲနဲ့ပေါင်းလို့ သရဲက တံ့ပြန်လာလည်း အဲဒီအပေါ် အလိုက်အထိုက်ကြည့်ပြီး ဆက်ဆံလိုက်ရင် ကိစ္စကပြီးမှာပါ။ ကျွဲပ်ရဲ့ လတ်တလောကိစ္စ ဝတ်ကောင်းစားလှ ပြဿနာကို ဒီနည်းနဲ့ ဖြေရှင်းရင် ရနိုင်တယ်။ ဒါက ဖြတ်လမ်းနည်းလေ။

ဗမာမလေးရဲ့ အချစ်ကိုရဖို့ ဘယ်သူနဲ့မဆို ပေါင်းသင်းရင် ပေါင်းရမှာပဲ။ အောင်မြင့်မှုပန်းတိုင်ကို လှမ်းမကိုင်နိုင်သေးသမျှတော့ ဘက်စုံထောင့်စုံဆိုသလို တက်ကုန်ရွက်ကုန် ဖွင့်ပြီး လွှင့်ရမှာပဲ။ ဖဲနိုင်လို့ ဝတ်ကောင်းစားလှတွေ ဝတ်လာရပြီဆိုရင်ဖြင့် အဲဒီဗမာမလေးရဲ့အချစ်ကို ကျွဲပ် လုံးဝပိုင်ဆိုင်ခွင့်ရပြီ။ ကျွဲပ်နဲ့အပြိုင်ပိုးခဲ့ကြသူတွေမှာတော့ မြောင်ထဲမှာကျန်ခဲ့မှာ မြင်ယောင်နေသေးတော့။

ဒါကြောင့် ကျွဲပ်ဟာ အမဲသားတစ်တုံးကို လူမမြင်အောင်ယူပြီး သရဲနိုင်းကုန်းရှိရာ ရွာအောက်ပိုင်းကို စုန်ခဲ့တယ်။ ဗမာမလေးရဲ့အချစ်ကို အပိုင်ရယူဖို့ ကျွဲပ်ရဲ့ ပထမဆုံးသော စွန့်စားမှုတစ်ရပ်လို့ ပြောရင်လည်း ရတယ်။

သရဲနိုင်းကုန်းကို ရောက်တော့ ကျွဲပ်က-

'ကဲ..အဲဒီထဲမှာရှိတဲ့ သရဲထဲက တစ်ကောင်လောက် ကျွဲပ်နောက်ကိုလိုက်လာပြီး ဖနိုင်အောင် ကူညီပေးပါ။ ကျွန်တော်ဒီး အသားတစ်ခဲခု ကျွေးပါ့မယ်။ လောလောဆယ်ဟောဒီအမဲသားတစ်တုံးကို အရင်စားပြီး ကျွဲပ်နောက်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ခဲ့ပါ'

အဲဒီလိုပြောဆိုပြီး ပါလာတဲ့ အမဲသားတစ်တုံးကို သခ်ိုင်းကုန်းထဲ ပစ်ထည့်လိုက်တယ်။ အဲဒီလိုပစ်ထည့်လိုက်တယ် ဆိုရင်ပဲ သခ်ိုင်းကုန်းထဲက သစ်ပင်ကြီးငယ်တွေထဲက ကုက္ကိုပင်တစ်ပင်ရဲ့အကိုင်းက လေမတိုက်ပါဘဲနဲ့ ယိမ်းနွဲ့လို့ လှုပ်ရှားသွားတာကို တွေ့လိုက်ရတယ်။ ကျုပ်ရဲ့လုပ်ဆောင်မှုအောင်မြင်ကြောင်းကို ပြသလိုက်တဲ့ လက္ခဏာတစ်ခုလို့ ပြောရင်ရမယ်ထင်တယ်။ ကျုပ်ရဲ့လုပ်ဆောင်မှုကို ဘယ်သူမှ မမြင်တွေ့ကြရပါဘူး။ အကယ်၍ မြင်တွေ့သွားကြရင်လည်း ကျုပ်က သိပ်ပြီးဂရုမစိုက်ပါဘူး။ သူများဝေဖန်ကဲ့ရဲ့လည်း ခံထားပါပဲ။

လုပ်စရာရှိတာတွေကို လုပ်ပြီးတဲ့အခါမှာတော့ ကျုပ်ဟာ ခါးကလေးကော့ကော့ ရင်ကလေးမော့မော့နဲ့ အသုဘ ရှိရာဘက်ဆီကို ဆက်ပြီးထွက်ခဲ့တယ်။ စစ်တိုက်ဖို့ ထွက်ခွာလာတဲ့ သူရဲကောင်းကြီးနဲ့များ တူနေမလားရယ်လို့လည်း တွေးမိသေးတယ်။ ဟုတ်မှာပါ၊ ကျုပ်ဟာ ဗမာမရဲ့အချစ်ကိုအရယူဖို့ သရဲနဲ့ပေါင်းပြီးထွက်ခဲ့တဲ့ အချစ်သူရဲကောင်းကြီးပါပဲ။ ကျုပ်ဟာကျုပ် ဘယ်သူနဲ့ ပေါင်းပေါင်းပါ ကျုပ်ရဲ့ အဓိကပန်းတိုင်ကိုရောက်ဖို့က လိုရင်းပဲလေ။

ဒီလိုနဲ့ အသုဘအိမ်ကိုရောက်ပြီး ဖရိုက်တော့ ကျုပ်က ညလုံးပေါက်ဆိုသလို နိုင်တော့တာပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ရဲ့မိဘများက မတားကြပါဘူး။ ဒါတွေက ကျုပ်တို့ရဲ့ မိရိုးဖလာတွေပဲဟာ။ မနက်မိုးလင်းလာတော့ ကျုပ်နာရီတစ်လုံး ပိုင်ဆိုင်ခွင့်ရခဲ့ပါပြီ။ ဒီအခါ အသင့်ယူလာတဲ့ အမဲသားတစ်တုံးကို သူများမမြင်အောင် နီးစပ်ရာချုပ်တစ်ခုထဲ ပစ်ထည့်လိုက်တယ်။ စိတ်ထဲကနေပြီးမှလည်း 'ကဲ.. သရဲ၊ မင်း တာဝန်ကျေတယ်။ သွားစားပါ' ဆိုပြီး ပြောလိုက်တယ်။

♦ ♦ ♦

ဒီလိုနဲ့ ကျုပ်က ညတိုင်းဆိုသလို ဖရိုက်ဖြစ်လာခဲ့တယ်။ ညတိုင်းလည်း အချုံးမရှိ နိုင်ခဲ့တယ်။ အနည်းအများတော့ ရှိတာပေါ့လေ။ အဲဒီလို မနက်မိုးလင်းလို့ ဖိုင်းနားတိုင်း ကျုပ်က အသင့်စီစဉ်ထားတဲ့ အသားတစ်တုံးကို ခါတိုင်းလိုပဲ ချုံတစ်ခုခုထဲကို ပစ်ထည့်ပြီး ကျေးဇူးတင်ခဲ့တယ်။

အဲဒီလိုရိုက်လာခဲ့တာမှာ ကျုပ်အတွက် လက်စွပ်တစ်ကွင်း ထပ်ပြီးရလာပြန်တယ်။ ချစ်သောဗမာမလေးနဲ့ တစ်ခါတစ်ရံ လမ်းပေါ်မှာ ဆုံဖြစ်တယ်။ တစ်ခါတစ်ရံ အသုဘအိမ်မှာဆုံဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် စကားတော့ မပြောဖြစ်ကြပါဘူး။ အကြည့်ချင်း ဆုံကြတာပါ။ အကြည့်ချင်းဆုံတိုင်း ဗမာမလေးရဲ့ အပြုံးတွေက ကျုပ်ရဲ့ နှလုံးသားကို တည့်တည့်ကြီး လာမှန်တယ်။ အဲဒီအပြုံးနဲ့ အကြည့် ဒီနှစ်ခုကို ပေါင်းလိုက်တော့ ကျုပ်ကို သူချစ်သွားပြီးဆိုတဲ့အဖြေက ပေါ်လာစေတော့တယ်။

ချစ်သောဗမာမလေးရယ်..ချစ်တယ်ဆိုတဲ့ အဖြေဟာ ပါးစပ်ကဖြေမှ သိရနိုင်တာ မဟုတ်ပါဘူး။ တို့များ တောသားတွေဆိုပေမယ့် ဒီလောက်မည်လှသေးပါဘူး။ သိပါတယ်နော်။ ဗမာမလေး တို့ကို ချစ်တယ်လို့ ပါးစပ်က မပြောသွားပေမယ့် အကြည့်နဲ့ အပြုံးနှစ်ခုပေါင်းပြီး ပြသွားတဲ့ အဖြေကို။ ဒါပေမဲ့ ဒီအဖြေဟာ တရားမဝင်သေးပါဘူး။ တကယ်တမ်း ပါးစပ်က ထုတ်ဖော်ပြောခဲ့ကာမှ တရားဝင်ဖြစ်မှာ မဟုတ်လား။ အသုဘပွဲပြီးရင်တော့ ရွာလယ်မှာ ကက်ဆက်သံနားထောင်ရင်း တရားဝင်ချစ်သူဘဝကိုရောက်အောင် ဆက်ပြီးကြိုးစားသွားမှာပါ။ မကြာတော့ပါဘူး။ ခဏလေးစောင့်နော်။

♦ ♦ ♦

ဒီနေ့မှာတော့ ဖဝိုင်းရဲ့ နောက်ဆုံးနေ့ဆိုလည်းဟုတ်၊ နောက်ဆုံးညဆိုလည်း မှန်ပါတယ်။ နောက်ဆုံးပိတ် အိတ်နဲ့ လွယ်ဖို့ ကျုပ်ဆုံးဖြတ်ထားတယ်။ ခါတိုင်းလို ညအခါလောက်မှာသာ ရိုက်ဖို့ မစဉ်းစားတော့ဘဲ တစ်နေကုန် ရိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ညက တစ်ညလုံး မအိပ်ခဲ့ရပေမယ့် အပန်းမကြီးပါဘူး။ ဒါမျိုးဆိုတာက အခွင့်အရေးပေးတုန်းလေး လုပ်ရကိုင်ရမှာကိုး။ နောက်တစ်ခါ အသုဘရှိဖို့ဆိုတာ မသေချာဘူး။ သေချာတုန်း၊ ပြီးတော့ အဆင်ပြေတုန်းကလေး လုပ်ထားမှကောင်းမှာ။ သရဲဆိုတာကလည်း ခေါ်တိုင်း ရချင်မှရမှာ၊ ရတုန်းရခိုက်၊ ကြိုးတုန်းကြိုခိုက် မိုးရွာတုန်း ရေခံထားမှဖြစ်မှာ။

ပြီးတော့ အချစ်လေ..အချစ်။ အချစ်ရဲ့ စွမ်းအားက ကျုပ်ရဲ့ အိပ်ရေးပျက်မှုကို ကျော်လွှားနိုင်စေတယ်။ အဲဒါပြီးရင်တော့ ကျုပ်ရဲ့ စိတ်ကူးယဉ်အိပ်မက်လှလှလေးတွေက အကောင်အထည်ပေါ်လာတော့မှာလေ။

အဲဒီနေ့မှာတော့ ကျုပ်ဟာ စိတ်ကူးယဉ်အိပ်မက်ကမ္ဘာမှာ မေတ္တာသချိုတွေ တွက်ရင်း၊ တွက်ရင်းနဲ့ သရဲကို အသားကျွေးဖို့ မေ့ခဲ့ရတယ်။ အချစ်စောတွေ၊ လောဘစောတွေ ကြောင့်လည်း ပါတာပေါ့။ ဒီလိုနဲ့ အဲဒီနေ့မှာ ကျုပ်ရိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

တာ တစ်နေကုန်ဆိုသလို ရှုံးခဲ့ရတော့တာပါပဲ။ ဘယ်လောက်ရှုံးခဲ့သလဲဆိုတော့ ပွဲအစကနေပြီး နိုင်လာခဲ့သမျှတွေ အားလုံး ပြောင်တဲ့အပြင် မြေပဲပေါ်ပေးဆိုပြီး သွားချေးထားတဲ့ ငွေတွေပါ ကုန်ခဲ့ရတယ်။

ချွေးတွေကပြန်၊ ရင်တွေကဆူ၊ အသက်က ရှူမဝဖြစ်လာရတော့တယ်။ နောက်ဆုံး ကျုပ် ပက်လက်လှန်ပြီး သတိလစ်ခဲ့ရသည်အထိ ဖြစ်ခဲ့ရတယ်။

ကျုပ် သတိပြန်ရလာတော့ ကျုပ်ရဲ့ နေအိမ်အပေါ်ထပ်ကို ပြန်ရောက်နေမှန်း သိလိုက်ရတော့တယ်။ အိမ်ပေါ်မှာလည်း လူတွေက လေး၊ငါးဆယ်ယောက်လောက်ရှိတယ်။ ကျုပ်ကို ဝိုင်းကြည့်နေကြတာပေါ့။ ကျုပ်ကိုကျုပ် သတိထားပြီး ပြန်ကြည့်မိတော့ ဘယ်ခြေထောက်နဲ့ ညာလက်တွေမှာ ဝါးခြမ်းပြားတွေနဲ့ ညှပ်စည်းထားတာကို တွေ့ရတယ်။ နဖူးလောက်မှာလည်း ပတ်တီးစည်းထားတယ်ဆိုတာကို သတိထားမိလာတယ်။ ခန္ဓာကိုယ်ကို ဘယ်ညာလှည့်ကြည့်တော့ မရဘူး။ တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်နေတယ်။

ညှပ်စည်းထားပြီးဆိုမှတော့ ကျုပ်ရဲ့ ခြေတွေ၊ လက်တွေ ကျိုးသွားလို့နေမှာပါ။ ဘယ်သူက ကျုပ်ကို ဝိုင်းရိုက်လိုက်ကြတာပါလိမ့်။ ကျုပ် ဘယ်သူနဲ့ ရန်ဖြစ်ခဲ့မိတာပါလိမ့်။ မှတ်မိခဲ့သလောက်ကတော့ ကျုပ် ဘယ်သူနဲ့မှ ရန်မဖြစ်ခဲ့ပါဘူး။

♦ ♦ ♦

ခုချိန်မှာတော့ဖြင့် ကျုပ်ဟာ နေအိမ်ထဲမှာပဲ နီးထိုး၊ ဝါးဖြာ၊ တောင်းရက်နဲ့ မိဘရဲ့လုပ်စာကို မှီခိုပြီး စားနေရတယ်။ အလုပ်ကြမ်းတွေကိုမှ မလုပ်နိုင်တော့တာဘဲ။

ဖဝိုင်းမှာ ကျုပ် သတိလစ်သွားတော့ အပေါင်းအသင်းတွေက အိမ်ကိုဝိုင်းပြီး ပြန်ပို့ပေးခဲ့ကြတယ်လို့ဆိုတယ်။ အိမ်ရောက်တော့ ကယောင်ကတမ်းနဲ့ ဟိုအော်ဒီအော် လျှောက်အော်တယ်လို့ ပြောကြတယ်။ အဲဒီလိုအော်တဲ့အထဲမှာ 'ဘယ်မှာလဲကွ၊ ငါ့ကို အမဲသားကျွေးမယ်ဆိုပြီး ခေါ်လာစာ။ အခု ဒီနေ့မနက် ငါ ဘာမှမစားရသေးဘူး။ ငါ့မှာဖြင့် ဗိုက်ဆာနေတာ သေတော့မယ်' ဆိုပြီး အော်ဟစ်လို့ လျှောက်ပြေးနေသတဲ့။

ဒီအခါ မိဘနှစ်ပါးက ဒါ အစိမ်းသရဲဝင်ပူးနေတာပဲ ဆိုပြီး ရွာဦးကျောင်းကဆရာတော်ကို သွားပင့်ကြသတဲ့။ တို့ရွာဦးကျောင်းက ဆရာတော်ဆီမှာ အစိမ်းသရဲ ပယောဂတွေကိုနိုင်တဲ့ ဓာတ်လုံးရှိတယ်။ ပြီးတော့ ဆရာတော်ရဲ့ပရိတ်ရေကလည်း အစွမ်းထက်လှတာကိုး။ ဒါကြောင့် သွားပင့်ကြတာပါ။ ကျွန်တဲ့အပေါင်းအသင်းအချို့ကလည်း ကျုပ်ရဲ့ အခြေအနေကို ဝိုင်းပြီးကြည့်နေကြတယ်လို့ဆိုတယ်။ ဆရာတော်ကြီးက ဆရာတော်ရောက်မလာခင် ကျုပ်ဟာ သူများတွေ ဝိုင်းချုပ်ထားတဲ့ကြားကနေပြီး တစ်အားရန်းထလို့ (၂)ထပ်အိမ် အမြင့်ပေါ်ကနေ အောက်ကိုခုန်ချလိုက်ပါသတဲ့။ ဒါကို ခုချိန်ထိ ကျုပ် သတိမရဘူး၊ မသိဘူး။

အိမ်အောက်ကို ခုန်ချလိုက်တော့ ကျုပ်ရဲ့ ဘယ်ခြေသလုံးနှင့် ညာလက်ဖျံရိုးတွေ ကျိုးကုန်တယ်။ ပြီးတော့ နဖူးမှာလည်း ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုရ ရှိစေခဲ့တယ်။ ကံကောင်းလို့ မသေခဲ့တာပါ။ အမှန်က သေနိုင်တယ်။

ဒီဒဏ်ရာတွေကို ဆေးနည်းဆေးဖာနဲ့ ကျုပ်ထုပ်စီးပြီး ပြန်ကုခဲ့လို့ ကောင်းခဲ့ပေမယ့် မိမွေးတိုင်း ဖမွေးတိုင်းတော့ မဟုတ်တော့ဘူး။ ခြေနဲ့လက်တွေက ကောက်ကွေးသွားရပြီး နဖူးပေါ်က အမာရွတ်ဒဏ်ရာကြီးကတော့ဖြင့် ကြည့်လို့ မကောင်းအောင်ပါဘဲ။ ကျုပ် အလုပ်ကြမ်းတွေ မလုပ်နိုင်တော့ပါဘူး။ ကျုပ်တို့ တောသူတောင်သားတွေဆိုတာက ကျွဲတွေ၊နွားတွေနဲ့ ရုန်းကန်ပြီး ဖင်ကြားထဲ ရွံ့တစ်ဝိဿာဝင်မှ ထမင်းစားရတဲ့ အမျိုးပါ။

ခုတော့ဖြင့် ကျုပ်ဟာ ဒုက္ခိတဘဝကို ရောက်ခဲ့ရပါပြီ။ ဘယ်တော့မှ ပြန်မကောင်းနိုင်တော့တဲ့ ဒုက္ခိတပါ။ ကျုပ် အိမ်ပေါ်က ကယောင်ချောက်ချား သွေးရူးသွေးတန်းနဲ့ ခုန်ခုလို့ ခြေကျိုး၊လက်ကျိုးဖြစ်သွားမှန်း ဗမာမလေးသိသွားတဲ့ အခါမှာပဲ သူတို့နဲ့လူမျိုးတူ ဗမာအမျိုးသားတစ်ယောက်နဲ့ လက်ထပ်သွားခဲ့ကြပါတော့သတဲ့။ လက်ထပ်ပြီး ကျုပ်တို့ ရွာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ကျွန်းပေါ်ကို အပြီးပြောင်းရွှေ့သွားခဲ့ကြတယ်လို့ ဆိုတယ်။ ကျုပ်တောသား ထွန်းဦးတစ်ယောက် အချစ်ဒုက္ခကို ရင်မှာပိုက်ပြီး ကျန်ခဲ့ရပြီပေါ့။

♦ ♦ ♦

ဖြစ်ချင်တာကဆန္ဒ၊ ဖြစ်နေရတာကဘဝ။ ဖြစ်ချင်တဲ့ဆန္ဒနဲ့ ဖြစ်နေရတဲ့ဘဝ တစ်ထပ်တည်းမကျနိုင်တဲ့ကျုပ်ဟာ အခုတော့ ကျုပ်ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေဟာ နေလာနေပျောက်သလို ဖြစ်ခဲ့ရပြီ။ အိပ်မက်ကို အိပ်မက်မှာမထားလိုက်တော့ဘဝနဲ့ တစ်ထပ်တည်းကျချင်ခဲ့တဲ့ ကျုပ်ဟာ ခုတော့ဖြင့် လူလုံးမလှ အပူလုံးကြွ ဘဝကို ရောက်ခဲ့ရပြီ။

ဒါကြောင့် ရွာလယ်က ကက်ဆက်သံတွေကြားရလည်း အရင်ကလို သာယာနားမလည်တော့တဲ့ ဂီတသံတွေရော

www.burmeseclassic.com

www.burmeseclassic.com

သို့ ကျုပ်အတွက် ဖြစ်မလာနိုင်တော့ပါဘူး။ ကျုပ်ရင်မှာ ခံစားနေရတဲ့ အချစ်ဒုက္ခတွေကြောင့်ပဲပေါ့။ ဒါဟာ တစ်ခုထဲ မဟုတ်ဘူး၊ တစ်ဘဝပါ။ တကယ်တော့ ဗမာမလေးရဲ့ အချစ်ကိုရယူဖို့ ရိုးရိုးသားသား ကြိုးစားခဲ့ရင်လည်း ရနိုင်ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်က ဒီလိုမဟုတ်ဘူး။ ရယူလိုတဲ့ဆန္ဒတွေက များလာတဲ့အခါမှာ အမှား,အမှန်ကို ဝေဖန်နိုင်တဲ့အရာမှာ အားနည်းလာတယ်။ ဒီအခါမှာ သရဲနဲ့ပေါင်းတယ်။ သရဲနဲ့ပေါင်းပေမယ့် သရဲတွေရဲ့အကြောင်းကို ကျုပ်က သိတာလည်း မဟုတ်ဘူး။

ခေါ်တုန်းက သွားခေါ်ခဲ့ပြီး အချိန်တန်လို့ ကျွေးဖို့ကျတော့ မေ့နေတယ်။ ပြန်ပို့ဖို့ဆိုတာကတော့ ဝိုင်းမှတောင် သိဖြစ်ဦးမှာပါ။ ခုတော့ ဆရာတော်ကယ်လို့ ဒီသရဲရန်ကလွတ်ခဲ့ရပြီဆိုပေမယ့် ဒုက္ခထဆိုတဲ့ဘဝကိုတော့ ရာသက်ပန် မလွတ်နိုင်တော့ပါဘူး။

တကယ်တမ်းသာ ကျုပ်က ဒုက္ခတမဖြစ်ခဲ့ဘူးဆိုရင် ဗမာမလေးနဲ့ ညားရနိုင်ပါတယ်။ ဒုက္ခတဖြစ်ပြီး ခုလိုစွန့်ခွာသွားခဲ့တာကိုလည်း ကျုပ်က အပြစ်မတင်ရက်ပါဘူး။ ဒါမျိုးဆိုတာက ဖြစ်တတ်တာပဲမဟုတ်လား။ ဒုက္ခတဘဝကို ရောက်ခဲ့ရလို့သာ ခုလိုကွေကွင်းရတဲ့ဒုက္ခ၊ တစ်နည်းအားဖြင့် ကျုပ်အတွက် အချစ်ဒုက္ခတွေကို ရစေခဲ့တာပါ။

ဒီလိုဒုက္ခိတာဘဝကို ရောက်အောင်လုပ်ခဲ့တာ ဘယ်သူလဲလို့ပြောရင် ကျုပ်သွားခေါ်ခဲ့တဲ့ သရဲကြီးကြောင့်ပဲပေါ့။ သူလုပ်လို့ ကျုပ်ရခဲ့တာပါ။

နိဂုံးချုပ်ရရင်ဖြင့် ကျုပ်ရခဲ့ချင်တာက အချစ်သုခ၊ အခု ရနေတာက အချစ်ဒုက္ခ။ အဲဒီအချစ်ဒုက္ခကို ဗမာမလေးပေးခဲ့တဲ့ အချစ်ဒုက္ခ မဟုတ်ဘူးဗျ။ ဘုမသိ,ဘမသိနဲ့ ကျုပ်သွားခေါ်ခဲ့မိတဲ့ သရဲကြီးက ပေးခဲ့တဲ့ အချစ်ဒုက္ခဗျ၊ အချစ်ဒုက္ခ။

ဒါကြောင့် ကိုးအိမ်ကြား၊ ဆယ်အိမ်ကြား အော်ဟစ်ပြီး ပြောလိုက်ချင်တာကတော့-

"ဒုက္ခ...ဒုက္ခ၊
ကြော်...ဒုက္ခ၊
သရဲကြီးပေးခဲ့တဲ့ အချစ်ဒုက္ခ။
ဒီဒုက္ခက ဘယ်ဘဝ ဘယ်တော့များမှ လွတ်မှာပါလဲ"
လို့။

ရွှင်လန်းချမ်းမြေ့ကြပါစေ
ချစ်ဆိုင်

ကျီးကန်းပါးစပ်နာပျောက်ဆေး အာလာကာ

ကျီးကန်းပါးစပ်နာ ဖြစ်သောခါ
လေးညှင်းပွင့်ကို ပြာချက်ကာ
အနာထိအောင် သိပ်လိုးပေး
လက်တွေ့ပျောက်တဲ့ဆေး။

ကျီးကန်းပါးစပ်နာဖြစ်လျှင် လေးညှင်းပွင့်ကို ပြာချ၍ အနာကို ထိမိအောင် သိပ်ပေးပါ။ ပျောက်ကင်းသွားပါလိမ့်မည်။

ကြိုးထိုးပျောက်ဆေး အာလာကာ

ရေကျက်အေးနှင့် သကြားကို
ချိုချိုမျော်လို့ သောက်ရင်ဗျို့
ကြိုးထိုးခံရတဲ့ ရောဂါအား
ပျောက်စေပါတယ်ဗျား။

ကြိုးထိုးရောဂါဖြစ်လျှင် သကြားကို ရေကျက်အေးနှင့် ချိုချိုလေး သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

[မောင်နန္ဒာ(မန္တလေး)၏ သိမှတ်စရာ ဆေးနည်းအမြောက်မြား စာအုပ်မှ ...]

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဆွေးအောင်

သက်တံရောင်ဖြာစားနှင့် ကမ္ဘာ့ရုလက်စွပ်

ရံဖန်ရံခါ၌ ကျွန်ုပ်သည် အိန္ဒိယမျိုးနွယ် ဆရာကြီး ရန်းချန္ဒရာဆင်းကို သတိရလေ၏။ အိပ်မက်လည်း မကြာခဏ မက်လေ၏။ အထူးသဖြင့်မူ ကျွန်ုပ်သည် အခက်အခဲတစ်ခုနှင့် ကြုံတွေ့တိုင်း ဆရာကြီးကို ပို၍သတိရလေ၏။ ပို၍လည်း အားကိုး မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဆရာကြီး ရန်းချန္ဒရာဆင်းကား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းတစ်ဦး ဖြစ်သောကြောင့်တည်း။

'ငါတို့က လက်တွေ့နဲ့ သဘောတရားကို လက်ကိုင်ထားတဲ့ လူတွေကွ။ သဘောတရားပါပြီး လက်တွေ့မပါရင်လည်း အလုပ်မဖြစ်ဘူးကွ။ လက်တွေ့ပါပြီး သဘောတရား မပါရင်လည်း အလုပ်မဖြစ်ပြန်ဘူးကွ။ အဲဒီတော့ လက်တွေ့နဲ့ သဘောတရား ပေါင်းစပ်ညှိနှိုင်းပြီးလုပ်မှ အလုပ်ကဖြစ်တာ။ ဥပမာကွာ-ရွှေမှာ ရေကန်တစ်ကန် ရှိတယ်။ မင်း အဲဒီကို မသွားရင် အဲဒီရေကန်ဆီ ရောက်နိုင်ပါ့မလား။ သွားမှရောက်မှာမဟုတ်လား။ မင်းက ရောက်ချင်တယ်ဆိုရင် ရောက်အောင်ကို သွားလိုက်၊ မရောက်ချင်ဘူးဆိုရင် မသွားနဲ့။ စိတ်မပါရင် ဘာမှမလုပ်နဲ့၊ ဘာမှမဖြစ်ဘူး။ ယောဂကျင့်စဉ်က စိတ်ပါလက်ပါ လုပ်ဆောင်ရတဲ့ ကျင့်စဉ်တစ်ခုပဲ မောင်အာကာ'

ထိုစကားသည် ကျွန်ုပ်အား ပြောကြားခဲ့သော ဆရာကြီး၏ အမှန်စကားတစ်ရပ်ပင် ဖြစ်လေသည်။

ဆရာကြီးနှင့် ကျွန်ုပ်တွေ့စဉ် ကျွန်ုပ်မှာ ကျန်းမာရေး လွန်စွာချို့တဲ့နေချိန် ဖြစ်လေသည်။

'မင်း မကြီးပွား မချမ်းသာတာ မင်းရဲ့ ကျန်းမာရေးကြောင့်ပဲကွ။ လောကမှာ အရေးကြီးဆုံးအရာက ကျန်းမာရေးပဲ။ ကျန်းမာရင်ကွာ မင်း ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ။ အားလုံး ဖြစ်ချင်တာ၊ လုပ်ချင်တာ လုပ်လို့ရတယ်။ အဲဒီတော့ မင်းကို ကျန်းမာလာအောင် ငါပြုပြင်ပေးမယ်။ ငါပြောသလိုလုပ်၊ ငါလုပ်သလိုလုပ်' ဟုဆိုကာ ကျွန်ုပ်အား လေ့ကျင့်ခန်းကျင့်စဉ်များကို သင်ကြားပြသပေးလေ၏။

ရှေ့ကနေ၍ ဂုရုဆရာကြီးက လုပ်ပြသည်။ ကျွန်ုပ်က နောက်လိုက်၍ လုပ်ရလေတယ်။ တစ်လခန့်ကြာသောအခါ ကျွန်ုပ်၏ ချို့တဲ့နေသော ကျန်းမာရေးအခြေအနေသည် သိသိသာသာကို ပြောင်းလဲတိုးတက်၍လာလေ၏။

ယခုဆိုလျှင် ကျွန်ုပ်သည် ကျန်းမာသန်စွမ်း၍ အလုပ်ကို ကောင်းစွာလုပ်ကိုင်လာနိုင်ပြီ ဖြစ်လေ၏။ ဂုရုဆရာကြီး ရန်းချန္ဒရာဆင်း၏ ကျေးဇူးကား လွန်စွာမှ ကြီးမြတ်လေတော့သတည်း။

♦ ♦ ♦

ထိုနေ့ကား ကျွန်ုပ်၏ အဓိဋ္ဌာန်(၉)ရက်မြောက်သော နေ့ဖြစ်၍ တောင်ဥက္ကလာပစေတီသို့ ရောက်လာခဲ့လေ၏။ ဗုဒ္ဓဟူးကြိုဟ်တိုင်၌ ပုတီးထိုင်စိပ်သည်။ ပုတီး(၉)တော် ပြည့်သောအခါ ကျွန်ုပ်၏ တစ်နေ့တာ လုပ်ငန်းစဉ်သည် ပြီးမြောက်ခြင်းသို့ ရောက်လေ၏။

'ငါ့ကောင်ကြီး တော်တော်ဟုတ်နေပါလား' ဟု အသံကို ကြား၍ နောက်သို့ လှည့်ကြည့်လိုက်ရာ ဆရာကြီးကို တွေ့မြင်လိုက်ရလေ၏။

ဆရာကြီးမှာ ထုံးစံအတိုင်း သူကိုင်ဆောင်ထားသော ကြေးကရားအိုးတစ်လုံးနှင့် အဝါရောင်လွယ်အိတ်ကြီးကို လွယ်ကာ ကျွန်ုပ်ကိုကြည့်ကာ ပြုံး၍နေလေ၏။ ဆရာကြီး၏ အပြုံးသည် အလွန်အားကောင်းသော၊ အလွန်နှစ်လိုဖွယ်ကောင်းသော၊ အလွန်တရာမှလည်း ကြည်ညိုနှစ်သက်ဖွယ်ကောင်းသော အပြုံးမျိုးဖြစ်လေ၏။

'ဘုရားဖက်တော့ အသက်ရှည် တရားဖက်တော့ အမျက်ပြေ၊ အဲ..ယောဂကျင့်စဉ်ဖက်တော့ အခက်တွေ့ပေါ့ကွာ။ ထိုင်မယ်၊ မင်းနဲ့ စကားပြောမယ်' ဟု ဆိုကာ ကျွန်ုပ်၏ရှေ့၌ မျက်နှာချင်းဆိုင်ထိုင်လေ၏။

ထို့နောက် ဆရာကြီးက သူ၏လွယ်အိတ်ထဲမှ ငှက်ပျောသီးတစ်လုံးကို ထုတ်ယူ၍ 'ရော့..စား' ဟုဆိုကာ ကျွေးလေ၏။

ကျွန်ုပ်လည်း ယူ၍စားလေ၏။

ငှက်ပျောခွံကို တစ်နေရာသို့ လွှင့်ပစ်ဖို့လုပ်စဉ် ဆရာကြီးက 'ပေး..ပေး..ငါ့လွယ်အိတ်ထဲ ထည့်ထားမယ်' ဟုဆိုကာ ငှက်ပျောခွံကို သူ၏ လွယ်အိတ်ထဲယူ၍ ထည့်လေ၏။

'အန္တရာယ်ဖြစ်နိုင်တာကို ဘယ်တော့မှမလုပ်နဲ့။ ငှက်ပျောခွံ တက်နင်းမိရင် လဲတတ်တယ်။ ထိပ်ပေါက် ခေါင်းကွဲ ဖြစ်တတ်တယ်။ အဲဒီလို လွယ်အိတ်ထဲ ထည့်ထားလိုက်ရင် အများသူငါ ဘေးကင်းသွားကြတာပေါ့ကွာ။ အဲဒါ အသိတရားနဲ့ယှဉ်တဲ့ သတိထားပြီးလုပ်ရတဲ့ လုပ်ငန်းစဉ်တစ်ခုပဲ မောင်အာကာ၊ ငါ ပြန်တော့ နီးရာအမှိုက်ပုံးထဲထည့်လိုက်လို့ရပါတယ်။ မင်းနဲ့ စကားပြောချင်လို့ ငါလာတွေ့တာ။ အဲဒီတော့ စကားပြောကြမယ်' ဟုဆိုကာ ဂုရုကြီးက စကားစတင်၍ပြောလေတော့၏။

'ငါတို့ ယောဂကျင့်စဉ်မှာ လှုိက်လှဲချက်တွေရှိတယ်။ အဲဒါတွေ မင်း သိဖို့အောင်လို့၊ နားလည်အောင်လို့ ငါ လာပြောတာ။ နောက်တစ်ခုက ငါ့မိတ်ဆွေကြီး ကိုသူတော်ကောင်းလည်း တွေ့ဖေးချင်လို့။ အဲဒီအချက်နှစ်ချက်နဲ့ မင်းဆီ

www.burmeseclassic.com

ငါ လာခဲ့တာပဲ။ တစ်ခုတော့ရှိတယ်၊ ကိုသူတော်နဲ့ မင်း တွေ့ရင် မင်းကို ပညာတွေ စမ်းလိမ့်မယ်။ အဲဒီပညာခန်း တွေကို မင်းဖြေနိုင်လို့ရှိရင် မင်းကို အဲဒီပုဂ္ဂိုလ်က အလုပ် တစ်ခု ခိုင်းလိမ့်မယ်။ ဘာအလုပ်လဲဆိုတာတော့ ငါ မသိ ဘူး။ သူနဲ့တွေ့တော့ မင်း သိရမှာပေါ့ကွာ။ ကဲ..ပထမ အချက်အနေနဲ့ ငါပြောချင်တာက ငါတို့ ယောဂကျင့်စဉ်မှာ လမ်းစဉ်ကြီးဆိုပြီး အချက်ကြီး(၆)ချက်ရှိတယ်။

အဲဒါတွေက ဘာလဲဆိုတော့-

တစ်က ဈာနယောဂ(JNANA YOGA) ဆိုတာက ဈာန်ပညာစခန်းနဲ့ ကျင့်ကြံအားထုတ်ရတဲ့ လုပ်ငန်းကို ဆို လိုတာ။

နှစ်က ဘတ်ကိတိယောဂ(BHAKTI YOGA) ဆို တာက ကြည်ညိုသဒ္ဓါပွားများခြင်းနဲ့ မေတ္တာတရားကို ကျင့် ကြံအားထုတ်ရတာ။

သုံးက ကာရ်မယောဂ(KARMA YOGA) ဆိုတာက အလုပ်စခန်းနဲ့ ကျင့်ကြံအားထုတ်ရတာ။

လေးက မန္တရယောဂ(MANTRA YOGA) ဆိုတာ က မန္တန်ရွတ်ဆိုပွားခြင်းအတတ်နဲ့ ကျင့်ကြံအားထုတ်ရတာ မျိုးကွ။

ငါးက ဟဋ္ဌယောဂ(HATHA YOGA) ဆိုတာကကျ တော့ ကိုယ်ခန္ဓာကို ပြုပြင်ထိန်းသိမ်းလေ့ကျင့်ပြီး ကျင့်ကြံ အားထုတ်ရတာ။

ခြောက်ကတော့ ရာဇယောဂ(RAJA YOGA) စိတ် ကို ပြုပြင်ထိန်းသိမ်းလေ့ကျင့်ရတဲ့ ကျင့်ကြံအားထုတ်ရတာ မျိုးကွ' ဟု ရှင်းပြပြောဆိုလေ၏။

ထို့နောက် ဂုရုကြီးက လွယ်အိတ်ထဲက ကြေးခွက် ကလေးကိုထုတ်၍ ကြေးကရားမှ ဆီတစ်နို့ကို ငဲ့၍ ထည့် လေ၏။ နို့ရည်များ ခွက်ထဲပြည့်သွားသောအခါ 'ရော့.. သောက်၊ အားရှိတယ်' ဟုဆိုကာ ကျွန်ုပ်အား တိုက်လေ၏။ ကျွန်ုပ်လည်း ယူ၍သောက်လေ၏။

'ဘယ်နယ့်လဲ၊ အားရှိသွားပြီလား' ဟု ဆက်၍မေး လေ၏။

ကျွန်ုပ်လည်း 'အားပြည့်သွားပြီ ဆရာကြီး' ဟု ပြန်၍ ဖြေကြားလေ၏။

'အားပြည့်သွားရင် ကိုသူတော်ဆီကို သွားလိုက်တော့။ သူနဲ့တွေ့မှ မင်း ပို့ပြီးထူးခြားလိမ့်မယ်' ဟုဆို၍ ဦးသူတော် ၏ နေရပ်လိပ်စာကို ကျွန်ုပ်အား ပေးလေ၏။

ကျွန်ုပ်လည်း လိပ်စာကိုမှတ်၍ ဂုရုကြီးကို နှုတ်ဆက် ကာ ထွက်ခွာလာခဲ့လေတော့၏။

♦ ♦ ♦

ဦးသူတော်သည် ကျွန်ုပ်အား ကျောခိုင်းလျက် ပုတီး စိပ်၍နေလေ၏။ ကျွန်ုပ်လည်း အသံမပြုဘဲ ရပ်၍အကဲခတ် ကြည့်နေလေ၏။

'နေရာတစ်ခုမှာ ဝင်ထိုင်ကွ။ ငါ ပုတီးစိပ်တာ ကြာ ဦးမယ်' ဟု ဦးသူတော်ကဆို၍ 'မင်းကို ဆာဒူးကြီးက လမ်းညွှန်လိုက်တာမလား' ဟု မေးလေ၏။

'ဟုတ်ကဲ့ အဘ' ဟု ကျွန်ုပ်လည်း အဘအရှယ်ဖို့ အဘဟု ခေါ်လိုက်မိလေ၏။

'ထို့နောက် စကားလုံးဝမပြောတော့ဘဲ ဦးသူတော် ပုတီးကို ပြီးဆုံးအောင် စိပ်လေ၏။

ပြီးတော့မှ ကျွန်ုပ်အား မျက်နှာချင်းဆိုင်လျက်-

'မင်းကို ငါသိနေတာ ကြာပြီ။ ငါ့ကိုတော့ မင်းသိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကိစ္စမရှိဘူး။ မင်းက ငွေရော ပညာ ပါ လိုလားသူဆိုတော့ ငါနဲ့တွေ့တာ မင်း အကျိုးရှိပါတယ်။ မင်း အကျိုးရှိသလို ငါလည်း အကျိုးရှိနိုင်ပါတယ်။ မင်း က ငါ့ကို အလုပ်တစ်ခု လုပ်ပေးရမယ်။ အဲဒီအလုပ်အတွက် မင်း အကျိုးခံစားရမှာက ဟောဒီမှာ ဂန္ဓီရလက်စွပ်။ မင်းကို ငါ ဆုအဖြစ် ပေးမယ်။ အပေးအယူအလုပ်ပေါ့ကွာ။ မင်း စဉ်းစားဆုံးဖြတ်ပြီးမှ ငါ့ကို အဖြေပေးပါ' ဟု ဦးသူတော် က ပြောလေ၏။

ထို့နောက် ဂန္ဓီရလက်စွပ်အား ကျွန်ုပ်ကို ပြလေ၏။

၄င်းလက်စွပ်မှာ ဘာကျောက်မှ မပါဘဲ သံကွင်းဝိုင်း ငယ်တစ်ခုသဏ္ဌာန် ဖြစ်လေ၏။

ကျွန်တော်က 'ဘာကိုစဉ်းစားပြီး ဘာကိုဆုံးဖြတ်ရမှာ လဲဗျ။ ပြီးတော့ ဒီဂန္ဓီရလက်စွပ်က ဘယ်လိုအစွမ်းအင် ပါသလဲ' ဟု ကျွန်ုပ်က မေးလေ၏။

'အဲဒီဂန္ဓီရလက်စွပ်က အရေးအကြောင်းပေါ်လာရင် တန်ခိုးသတ္တိပြတဲ့အနေနဲ့ အရောင်ပြောင်းပြတယ်။ အား အမြင့်မှာတော့ သံရောင်၊ ရန်သူနဲ့တွေ့တော့မယ်ဆိုရင် အဲ ရောင်ပြောင်းတယ်။ ပင်ကိုသံရောင်ကနေပြီး အဖြူရောင် ပြောင်းသွားရင်တော့ သူတော်စင် တစ်ယောက်ယောက်နဲ့ တွေ့တော့မယ်လို့ နှိမိတ်ကြိုပြတယ်။ မင်းသွားမယ့်နေရာ က အန္တရာယ်ရှိတဲ့နေရာဆိုတော့ ဒီလက်စွပ်က မင်းအတွက် သိပ်ကိုအသုံးတည့်စေမှ်မယ်လို့ ငါထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့၊ ကျွန်တော်က ဘယ်ကိုသွားရမှာလဲ အဘ။ ပြီးတော့ အဘအတွက် ဘာကိုဆောင်ရွက်ပေးရမှာလဲခင်ဗျာ'

ဟု ကျွန်ုပ်က မေးလိုက်ရာ အဘဦးသူတော်က-

'မင်းသွားရမယ့်နေရာက ဗာရာဏသီ၊ မင်း ဆောင်ကြဉ်းပေးရမှာက ဆမ္မဂ္ဂန်းကုလားဆီက မြေပုံတစ်ခြမ်း ရအောင် ယူပေးပြီးရင် မင်းကိစ္စ ပြီးပြီ။ အဲဒီကိစ္စ အောင်မြင်ရင် မင်းအတွက် အကျိုးခံစားခွင့် သိန်းတစ်ထောင်'

'ဗျာ...သိန်းတစ်ထောင်'

အဘဦးသူတော်၏စကားကြောင့် ကျွန်ုပ် ထိတ်လန့်၍ သွားလေ၏။ ထိုမြေပုံတစ်ခြမ်းက အဘဦးသူတော်အတွက် လွန်စွာမှ အရေးတကြီးရှိနေပုံရလေ၏။ သိန်းတစ်ထောင် ဆိုသော ငွေမှာလည်း မနည်းလှပေ။ သို့သော် ထိုမြေပုံခြမ်းက ထိုထက်မကပင် တန်ဖိုးကြီးမည်မှာ သေချာပေ၏။ ထို့ကြောင့်လည်း သိန်းတစ်ထောင်နှင့် ကျွန်ုပ်အား တန်ဖိုးဖြတ်လိုက်ဟန်တူပေ၏။

'ကျွန်တော် တစ်ခုလောက်မေးပါရစေ'

ဟု ကျွန်ုပ်က တောင်းဆိုလိုက်ရာ-

'မေးပါ...မေးပါ။ မသိတာ၊ မရှင်းတာ ရှိရင် မေးပါ' ဟု အဘသူတော်က ဆိုလေ၏။

'အဘပြောတဲ့ ဆမ္မဂ္ဂန်းဆိုတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော် မသိဘူး။ မြင်လည်း မမြင်ဖူးဘူး။ သူက ဗာရာဏသီ ဘယ်အရပ်မှာနေမှန်းလည်း မသိဘူး။ ကျွန်တော် ဘယ်လို လုပ်ပြီး သူနဲ့ ဆက်သွယ်မိဖို့ လွယ်ပါ့မလား အဘ' ဟု ပြန်၍မေးလိုက်လေ၏။

'လွယ်ပါတယ်။ ဟောဒီမှာ သူ့ဓာတ်ပုံ၊ ဟောဒီမှာ သူ့လိပ်စာ၊ ဒီလောက်ဆိုရင် လုံလောက်ပါတယ်။ တစ်ခုတော့ ရှိတယ်။ ဆမ္မဂ္ဂန်းဆိုတဲ့ ဗမာပြည်ပေါက် ကုလားက လျှော့တွက်လို့မရတဲ့ကောင်ကွ။ လူမိုက်အုပ်စုဖွဲ့ပြီး ငါ့နောက်လိုက်နေတာ။ ငါ့ဆီက မြေပုံတစ်ခြမ်းရရင် ဒီကောင် သူဌေးဖြစ်ပြီ။ ငါရရင်လည်း ငါ သူဌေးဖြစ်ပြီ။ သူနဲ့ ငါနဲ့က ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ဖို့ပဲလိုတာ။ ဒါပေမဲ့ ငါ့လုပ်ရှားမှုကို ဒီကောင် မသိဘူး။ ဘယ်သိမလဲ ဒီကောင်က လူမိုက်ဘဏ်ပဲရှိတာ။ ငါ့လို ဓာတ်ပိုင်တဲ့ကောင်မှ မဟုတ်တာဘဲ။ ဟင်း...ဟင်း...ရုပ်ပြောင်းရုပ်လွဲအတတ်နဲ့ ငါလုပ်ရှားနေတာကို ဒီကောင် တစ်သက်လုံး သိနိုင်မှာ မဟုတ်ဘူး။ ထားပါ၊ ဒီကိစ္စက သိပ်အရေးမကြီးပါဘူး။ အရေးကြီးတာက ဒီကောင့်ဆီ မင်းရောက်သွားခဲ့ပြီး ပြီးတော့ မြေပုံတစ်ခြမ်း ငါ့ဆီရောက်လာဖို့ပဲ အရေးကြီးတယ်။ အဲဒီတော့ မင်းလုပ်ရှားဖို့ ပြင်ဆင်ပေတော့' ဟုဆိုကာ ကျွန်ုပ်အား လုံလောက်သော ခရီးစရိတ်နှင့် စားစရိတ်များ ထုတ်ပေးလေ၏။

ကျွန်ုပ်လည်း လက်ခံ၍ ယူလိုက်လေတော့၏။ ငွေသိန်းတစ်ထောင်ဆိုသည်မှာ မနည်းမနောငွေပင် မဟုတ်ပါလား။

♦♦♦

ဆမ္မဂ္ဂန်းလူမိုက်ကြီး၏ဓာတ်ပုံနှင့် မြေပုံလိပ်စာအညွှန်းကို လွယ်အိတ်ထဲထည့်သိမ်း၍ ကျွန်ုပ်သည် ခရီးစတင်ထွက်ခဲ့ပါတော့သတည်း။

'ဗာရာဏသီမြို့'

ဗာရာဏသီပြည်သည် ကာသိတိုင်းအပါအဝင်ဖြစ်၏။ ဒသနိပါတ် သခ်ိုဗြဟ္မဏဇာတ်၌ ဗာရာဏသီမြို့သည် ကေဠိနီ မည်၏။ စကာဒသနိပါတ် ဥဒဟဘဒ္ဒဇာတ်၌ သုရုန္ဓန မည်၏။ ၎င်းနိပါတ် ယုဒ္ဓဥယဇာတ်၌ ရမ္မာ မည်၏။ စတ္တာလီသနိပါတ်၊ စူဠသုတသောမဇာတ်၌ သုဒဿန မည်၏။ သတ္တတိနိပါတ် သောဏနန္ဒဇာတ်၌ ဗြဟ္မဝဓုန မည်၏။ စန္ဒကုမာရဇာတ်၌ ပုပ္ပဝတီ မည်၏။

ယခုခေတ်အခါ၌မူ အိန္ဒြပြည်၌ ဗာနာရသ်ဟူ၍လည်းကောင်း၊ ကာသျှီဟူ၍လည်းကောင်း ခေါ်ဆိုကြလေ၏။

နောက်လာမည့် အနာဂတ်ကာလ၌ ဤဗာရာဏသီပြည်သည် ကေတုမတီအမည်ဖြင့် မင်းနေပြည်တော်ဖြစ်၏။ မင်းပြု၏။ ထိုမင်း၏ အဂ္ဂအမည်ရှိသော ပုရောဟိတ်ပုဏ္ဏား၏ သားတော်သည် အရိမေတ္တေယျဟူသော အမည်ဖြင့် ဘုရားဖြစ်လိမ့်မည်ဟု သုတ်ပါထေယျပါဠိတော်၌ လာ၏။ ဟိန္ဒူလူမျိုးတို့သည် ဤဗာရာဏသီပြည်ကို ကမ္ဘာဦး တည်စကပင် ယခုအထိ မပျက်မစီးရှိနေခြင်းကြောင့် လောကဌ အမြတ်ဆုံးဟု အယူရှိကြကုန်၏။

ဗာရာဏသီမြို့၏ ယခုတည်ရှိနေပုံမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

ကာသိတိုင်းနယ်နိမိတ်သည် မြောက်ဘက် ရမ္မတီမြစ်မှ အိလာဟာဗာဒ်မြို့တိုင်အောင်လည်းကောင်း၊ အနောက်ဘက်၌ ဟုန်စ်မြစ်သည် ဗိလဟာရီရွာတိုင်အောင်လည်းကောင်း၊ တောင်ဘက်၌ ဆိုနပတ်အရပ်တိုင်အောင်လည်းကောင်း၊ အရှေ့ဘက်၌ ကရမကာဆ်မြစ်မှ ဂင်္ဂါမြစ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

အောင်လည်းကောင်း ရှိသည်။

မြေပုံ၌ အဖြောင့်တိုင်းလျှင် စတုရန်း(၅၉၅)မိုင်ရှိ၏။ ခြေကျင်လမ်းအတိုင်း လိုက်မည်ဆိုပါက မိုင်ပေါင်း(၆၅၀) ထက်မနည်း ရှိလေ၏။

ဤမြေလောက်ကျယ်ဝန်းသော ကာသီတိုင်း၌ အလျား (၃)မိုင်၊ အနံ(၁)မိုင်ခန့်ရှိသော ဗာရာဏသီမြို့သည် ဂင်္ဂါမြစ်၏ လက်ဝဲဘက် (သို့မဟုတ်) အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိ၏။

မြန်မာဗုဒ္ဓဘာသာကျမ်း အလိုအားဖြင့် မျောက်၏ဦးခေါင်းနှင့်တူသောကြောင့် ဗာရာဏသီမည်သည် ဆို၏။

ဗာရာဏသီမြို့၌ ယခုအခါ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အဆောက်အအုံတစ်ခုမျှ မရှိတော့ဘဲ မဟာဒေဝ စသော ဟိန္ဒူဘုရားကွန်းတို့သာ ရှိကုန်၏။ အထူးကြည့်ရှုရန်မှာ မြန်မာပြည်မှ ဆရာတော်ဦးကုသလ ဖွင့်လှစ်ထားသော စာကြည့်တိုက်တစ်ခု ရှိ၏။ ၄င်းပြင် မျှော်စင်ဂင်္ဂါဆိပ်ကမ်း၊ သိပ္ပံကျောင်းတော်ကြီးများ ဤမျှသာ တွေ့ရှိရတော့၏။

ခရီးစဉ်မှာ ဗာရာဏသီမြို့တော်သည် အိန္ဒိယတွင် ထင်ရှားသောမြို့တော်ဖြစ်၍ မည်သည့်နေရာကမဆို သွားနိုင်၏။

သို့သော် မြန်မာပြည်မှ သွားမည်ဆိုလျှင် ကာလကတ္တား၊ ရာဇဂြိဟ်၊ ဗုဒ္ဓဂယာသို့ အစဉ်အတိုင်း သွားကြပြီး ယခုခေတ်၌ခေါ်ကြသော ဗနာရဆ်မြို့သို့ သွားရောက်ကြပြီး ၄င်းမြို့ဘူတာ၏ တောင်ဘက်အနီးရှိ ဟိန္ဒူဓမ္မာရုံဇရပ်တစ်ခု၌ တည်းခိုနိုင်ကြသည်ဟု ဆိုလေ၏။

ကျွန်ုပ်သည် အထက်ပါအတိုင်း လမ်းညွှန်ချက်ဖြင့် ဗာရာဏသီသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေ၏။ ဟိန္ဒူဓမ္မာရုံ၌ ခရီးတစ်ထောက် နားလေ၏။ ကျွန်ုပ်ကဲ့သို့ပင် မြန်မာဘုန်းတော်ကြီးတစ်ပါးလည်း ထိုဓမ္မာရုံ၌ နားခိုလာ၏။

"ဒကာလေးက မြန်မာလား" ဟု ဘုန်းတော်ကြီးက ကျွန်ုပ်အား မေးလိုက်၏။

ကျွန်ုပ်လည်း လက်အုပ်ကိုချီလျက် "မှန်ပါဘုရား" ဟု ပြန်လည်၍ ဖြေကြားလိုက်လေ၏။

ဘုန်းတော်ကြီးက-

"ကျုပ်က ဘုရားလာဖူးတာ။ အလှူအတန်းလည်းလုပ်မယ်။ ဘုရားလည်းတည်မယ်။ ကုသိုလ်လုပ်တာပေါ့ ဒကာရယ်" ဟု ဆိုလေ၏။

ကျွန်ုပ်က ကျွန်ုပ်၏ လာရင်းကိစ္စကို မပြောဘဲ ဘုန်းတော်ကြီး၏ စကားကိုသာ ခေါင်းညိတ်နားထောင်လျက် ရှိလေ၏။

"ဒကာလေးကတော့ လောကကိစ္စနဲ့ လာတာဆိုတော့ ကိုယ့်ကိစ္စ အောင်မြင်အောင်သာလုပ်ပါ။ ဒကာလေးကို ခိုင်းတဲ့ပုဂ္ဂိုလ်က သူတော်ကောင်းပါ။ ဒကာလေး သွားရမယ့် နေရာက ရန်သူနယ်မြေ။ ဒါပေမဲ့ ဒကာလေး အောင်မြင်မှုရမှာပါ။ ဂန္ဓီရလက်စွပ်သာ မပျောက်စေနဲ့။ မောင်သူတော်က ငါ့တပည့်ပါ။ သူကိစ္စကို အမြန်ဆုံး ဆောင်ရွက်ပေးလိုက်ပါ ဒကာ" ဟုဆို၍ (၉)လုံးပုတီးကို စိပ်၍နေလေ၏။

ကျွန်ုပ်မှာ ဘုန်းတော်ကြီးကိုကြည့်ကာ အံ့သြ၍နေလေ၏။ ဘယ်ပုံဘယ်နည်းကြောင့် ငါတို့ အရေးကိစ္စကို သိနေပါလိမ့်ဟုတွေးမိကာ အံ့သြနေခြင်း ဖြစ်လေ၏။

ထို့နောက် ဘုန်းတော်ကြီးသည် ဘာစိတ်ကူးရသည်မသိ၊ ကျွန်ုပ်အား ထန်းလျက်လုံးတစ်လုံး ကျွေးလေ၏။

"အဲဒါက ဆေးထန်းလျက်လုံး၊ စားလိုက်။ အားမာန်တွေဝင်ပြီး အိပ်ပျော်သွားလိမ့်မယ်" ဟု ဆိုလေ၏။

ကျွန်ုပ်လည်း ဆေးထန်းလျက်လုံးကို စားလိုက်လေ၏။ စားပြီးခဏမှာပင် အိပ်ချင်လာသောကြောင့် ဓမ္မာရုံကြမ်းပေါ်မှာပင် အိပ်စက်လိုက်လေတော့၏။ ကျွန်ုပ် အိပ်ရာမှ နိုးထလာသောအခါ ဓမ္မာရုံတွင် လူတစ်ယောက်မှ မရှိတော့ပေ။ ဘုန်းတော်ကြီးလည်း မရှိတော့ပေ။ "ထူးဆန်းသည်က ကျွန်ုပ်ဘေးနား ကြမ်းပြင်ပေါ်တွင် စားအိမ်ငှက်ကြီးတောင်စားတစ်လက်နှင့် စာတစ်စောင်ကို တွေ့လိုက်ရလေ၏။

စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"စားအိမ်ထဲက စားကို ချွတ်လျှင် မျက်စိမှိတ်ထား ချွတ်ပြီး ပြန်သွင်းလျှင် မျက်စိပြန်ဖွင့်" ဟူ၍ ဖြစ်လေ၏။

စာမှာ ထူးဆန်းသော စာတစ်စောင်ဖြစ်လေ၏။ စားလည်း ထူးဆန်းသောစားပင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်မြင်မိလေ၏။

ထိုစဉ်မှာပင် အော်သံ၊ ဆူသံများဖြင့် ဆမ္မဂွန်းတို့အား ပြေးလာနေကြသည်ကို တွေ့လိုက်ရလေ၏။ ကျွန်ုပ်၌ ဆမ္မဂွန်း၏ဓာတ်ပုံ ရှိနေသောကြောင့် ရှေ့ဆုံးက ဦးဆောင်ပြေးလာသူမှာ ဆမ္မဂွန်းမှန်း ကျွန်ုပ် ချက်ချင်းသိလိုက်ပေလေ၏။

၄င်းတို့အဖွဲ့သည် ဓမ္မာရုံပေါ်သို့ ပြေးတက်လာကြ

www.burmeseclassic.com

www.burmeseclassic.com

လျှင် ကျွန်ုပ်အား ဝိုင်းဝန်းထားလိုက်လေ၏။

ကျွန်ုပ်သည် ဘုန်းတော်ကြီး၏ စာပါအတိုင်း မျက်စိကို မှိတ်၍ ဓားကိုဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်လေ၏။ ကျွန်ုပ် ဓားကို ဝှေ့ယမ်းလိုက်စဉ်မှာပင် 'ဒဘား...အမား' ဟူသော ကုလားလိုအော်သံများ ထွက်ပေါ်လာပြီးလျှင် ဘိုင်းခနဲ ဘိုင်းခနဲ လဲပြိုသံကို ဆက်၍ကြားလိုက်ရလေ၏။

ကျွန်ုပ်သည် ဓားကို ဓားအိမ်တွင်းသို့ ပြန်ထည့်လိုက်ပြီးနောက် မျက်စိကို ဖွင့်ကြည့်လိုက်လေ၏။ ဆမ္ဗဝွန်းနှင့် အဖွဲ့ တုံးလုံးပက်လက် လဲပြိုကျနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ဆမ္ဗဝွန်းဆီက မြေပုံတစ်ခြမ်းကို အရယူ၍ မန္တာရုံပေါ်မှ ဆင်းချသွားလေတော့၏။

တောလမ်းအတိုင်း လျှောက်လာရာ 'ဟော...ဒကာလေး၊ ခဏ' ဟု အော်သံကိုကြား၍ လှည့်ကြည့်လိုက်လေ၏။ မန္တာရုံပေါ်၌ တွေ့ခဲ့ရသော ဘုန်းတော်ကြီး ဖြစ်နေသည်ကို မြင်တွေ့လိုက်ရပေ၏။

'အဲဒီဓားက ခမ္မပီယဓားလို့ခေါ်တယ်။ လူသတ်တဲ့ဓား မဟုတ်ဘူး။ လူကို ခေတ္တမေ့စေတဲ့ဓားဖြစ်တယ်။ ဓားမျက်နှာပြင်နှစ်ခုမှာ သက်တံရောင်ခြည်(၇)သွယ် ပါတယ်။ အဲဒီအလင်းရောင်ကိုမြင်ရင် အမောင်ထုထဲ ရောက်သွားရသလို ခံစားရပြီး သတိမေ့သွားတတ်တယ်။ တစ်နာရီကြာမှ ပြန် သတိရတယ်။ အဲဒီဓားကို အဂ္ဂိရတ်ဓာတ်(၇)ပါးနဲ့ထိုးပြီး စီရင်ထားလို့ အဆိပ်သင့်ဓာတ်ဓားလို့လည်း ခေါ်လို့ရတယ်။ အဲဒီဓားကို ပြန်လာတောင်းတာ။ ဒကာလေးက အချိန်မတန်သေးလို့ ကျုပ် ပြန်လာသိမ်းတာ။ ခုလောလောဆယ်တော့ မင်းနဲ့ ဂန္ဓိရသဲလက်စွပ်နဲ့ပဲ တန်သေးတယ်။ ပေး...ဓား' ဟု ဆို၍ ဘုန်းတော်ကြီးက ဓားကို ပြန်၍အလှူခံလေ၏။

ကျွန်ုပ်လည်း ဓားကို ပြန်၍ပေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏ ညာဘက်လက်သူကြွယ်၌ ပူခဲ့ ခံစားလိုက်ရသဖြင့် လက်ကို ငုံ၍ကြည့်လိုက်လေ၏။ လက်သူကြွယ်၌ စွပ်ထားသော ဂန္ဓိရသဲလက်စွပ်လေးမှာ အနီရောင်မှ အဖြူရောင်သို့ ပြောင်းလဲသွားနေသလို ကျွန်ုပ်၏အနားမှ ဘုန်းတော်ကြီးမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်၍သွားလေတော့သတည်း။

ရှင်ထွဋ်ဒေဘဝင်

မှီငြမ်း * ဆရာရန်အောင်မျိုးညွှန်၏ ဗုဒ္ဓကြေးမုံ။

ကလေးအတတ်ပေါက်ဆေး အာလာကာ

ကလေးငယ်များ တက်သောအခါ
ကြက်သွန်နီကို ပါးပါးလွှာ
ငယ်ထိပ်ပေါ်မှာ ကပ်လိုက်ပေး
ပျောက်လိမ့်မယ်မနေး။

မိမိတို့၏ရင်သွေး သားငယ်၊ သမီးငယ်ကလေးများ တက်လျှင် ကြက်သွန်နီဥကို အခွဲနှာ၍ ပါးပါးလှီးပြီး ကလေးငယ်၏ ငယ်ထိပ်ပေါ်မှာ ကပ်ပေးပါ။ ခဏချင်း ပျောက်ကင်းသွားပါလိမ့်မည်။

ကျင်ငယ်တစ်စက်စက်ကျပျောက်ဆေး အာလာကာ

ကျင်ငယ်တစ်စက်စက် ကျသောခါ
ဆီးဖြူသီးကို ဖြုတ်လိုက်မှာ
အရည်ကိုသာ ယူးရည်နဲ့
ရောလို့ သောက်ပါကွယ်။

ကျင်ငယ် တစ်စက်,တစ်စက်ကျသော ရောဂါဖြစ်လျှင် ဆီးဖြူသီးပြုတ်ရည်ကို ယူးရည်နှင့် ရောစပ်၍ သောက်ပေးပါ။ ပျောက်ကင်းစေပါသည်။

[မောင်နန္ဒာ(မန္တလေး)၏ သိမှတ်စရာ ဆေးနည်းအပြားပြား စာအုပ်မှ ...]

www.burmeseclassic.com

www.burmeseclassic.com

ရောဇွန်း (စစ်ခရောင်း) ဟုတ်ဘုရင်

စစ်ခရောင်းရွာသည် မအူပင်မြို့နယ်အတွင်း မအူပင်မြို့၏ မြောက်ဝိုင်းတွင် တည်ရှိပြီး တိုက်နယ်ကျေးရွာကြီး တစ်ရွာ ဖြစ်ပါသည်။ မအူပင်မြို့နယ်မြောက်ဝိုင်းတွင် (၆၁) မိုင် (၆)ဖာလုံခန့် အလျားရှိသည့် ကျွန်းပတ်ရေကာတာ တစ်ပတ်လည် ပတ်ထားရှိ ၄င်းရေကာတာ တစ်ပတ်အတွင်းတွင် ကျေးရွာပေါင်း သုံးဆယ်ခန့်မျှ၊ လယ်ကေပေါင်း(၁၂၂၁၀၈)ကေရှိပြီး လယ်ယာလုပ်ခြင်း၊ ငါးဖမ်းခြင်း စသည့်အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။

စစ်ခရောင်းရွာ၏ ထူးခြားမှုကား ရွာအရှေ့ဘက်တွင် ရေကာတာတစ်ခု၊ ရွာအနောက်ဘက်တွင် ရေကာတာတစ်ခု ပတ်ထားပြီး ၄င်းရေကာတာအတွင်း ရွာတည်ထားခြင်း ဖြစ်ပါသည်။ ရေကာတာအပြင်ဘက်ရှိ ကုက္ကိုတန်း၊ လွှစင်ပိုင်း၊ ဈေးကုန်း၊ ကျွန်းထိပ်၊ ရေလဲကြီး စသည့်ကျေးရွာ ရပ်ကွက်များမှာ မိုးရာသီတွင် မြစ်ရေတက်သဖြင့် ရေလွတ်ရန် ခြေတံရှည်အိမ်များ ဆောက်ထားရပြီး မိုးတွင်းကာလ၌ အိမ်တိုင်းတွင် လှေရှိမှ သွားရေးလာရေး အဆင်ပြေပါသည်။

ရွာ၏ တာအတွင်းတွင် ရွာဦးကိုးနဝင်းစေတီ၊ ရွာဦးဘုန်းကြီးကျောင်း၊ ရွာ၏ တာအပြင်ဘက်တွင် စန္ဒမုနိဘုရားကြီးနှင့် ကမ်းနားတန်း ဘုန်းကြီးကျောင်း၊ ဈေးကုန်းဘက်တွင် လာဘမုနိဘုရားကြီးတို့ တည်ရှိပါသည်။ တာအတွင်းတွင်လည်း ဆန်စက်ကြီးနှစ်လုံး(ယခုမရှိတော့ပါ)၊ ကျေးရွာဆေးပေးခန်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် ရပ်ကွက်ဈေးတို့ရှိပြီး ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် သွားရေးလာရေး အဆင်ပြေပါသည်။ စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ အင်္ဂလိပ်ခေတ်မှ လွတ်လပ်ရေးရပြီး ဆယ်နှစ်ခန့်အထိ ခရုဖြူသင်္ဘောဆိုက်ကပ်သည့် ကျေးရွာကြီးတစ်ရွာလည်း ဖြစ်ခဲ့ပါသည်။ ယခုနောက်ပိုင်း မြစ်များ သောင်တွန်းလာပြီး တိမ်ကော့လာသဖြင့် သင်္ဘောမဝင်နိုင်တော့ပါ။

ယခုဖော်ပြမည့်ဖြစ်ရပ်မှာ လွန်ခဲ့သည့်နှစ်ပေါင်း(၅၅)နှစ်ကျော်က ဖြစ်စဉ်တစ်ခုပါ။ ထိုအချိန်က တိုက်နယ်ကျေးရွာ၏ သူကြီးမှာ ဦးဘအုန်းနှင့် သူကြီးကတော်မှာ ဒေါ်မြဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ငှင်းတို့တွင် ခင်လှဟူသည့် သမီးတစ်ယောက်နှင့် ကိုမြစ်ဟူသည့် သားတစ်ယောက် ထွန်းကားပါသည်။ ထိုစဉ်က မခင်လှမှာ (၁၃)နှစ်၊ (၁၄)နှစ်အရွယ် ဖြစ်ပါသည်။

မိန်းကလေးတို့ ဖြစ်တတ်သည့် သဘာဝအတိုင်း ခမ္မာရာသီ မမှန်သည့်အတွက် စားမဝင် အိပ်မပျော်ခြင်းနှင့် စိတ်ကစဉ့်ကလျားဖြစ်ခြင်းကြောင့် အစပိုင်းတွင် ဆေးမြီးတိုများနှင့် ကုသခြင်း၊ တိုင်းရင်းဆေးများနှင့် ကုသခြင်းများပြုခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးမှူးဖြင့် ကုသခြင်း ပြုလုပ်သော်လည်း မသက်သာမှါ။ မဆုပင်ဆေးရုံသို့ တက်၍ ကုသပြန်သည်။ မည်သို့ဖြစ်သည်မသိ။ လုံးဝသက်သာလာခြင်း မရှိတော့သဖြင့် ဆေးရုံမှဆင်း၍ ရွာသို့ ပြန်ခေါ်လာခဲ့ရသည်။

ရွာသို့ ပြန်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် မခင်လှ သတိလစ်သွားပါသည်။ တစ်ရက် သတိလစ်သွားပြီး သတိပြန်ရချိန်တွင် ယခင်က စကားမပြောနိုင်သော မခင်လှသည် စကားပြန်ပြောလာနိုင်ပါသည်။ စားချင်သည့် အစားအစာကို တောင်းစားခြင်းနှင့် အထူးသဖြင့် အသားငါးဟင်းများကို တမ်းတမ်းမက်မက် တောင်းစားခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် လူနာမခင်လှက "အမေ..ရွာတောင်ပိုင်းမှာ အမဲသားပေါနေတယ်။ သမီး စားချင်တယ်။ မြန်မြန် သွားဝယ်ပေးပါ အမေရယ်"ဟု ပြောလာသည်။

မိခင်ဒေါ်မြက "ဟယ်..သမီး၊ ဒီအချိန် ဘယ်က အမဲသားပေါ်ရမှာလဲ။ အမဲပေါ်ရင်လည်း အမေတို့ သိရမှာပေါ့။ မဟုတ်လား"

"ဟုတ်ပါတယ် အမေရယ်၊ ကုန်တော့မယ်။ အမြန်သွား ဝယ်ခိုင်းပေးပါ။ သမီးစားချင်လွန်းလို့ပါ"ဟု ထပ်မံပြောလာသဖြင့် အမေဒေါ်မြ မနေနိုင်တော့ပါ။

သူရင်းငှား မောင်စံပအား ရွာတောင်ပိုင်းကို လွှတ်ပြီး ဝယ်ခိုင်းလိုက်ရာ မခင်လှ ပြောသည့်အတိုင်း ဟုတ်နေသဖြင့် ဝယ်ပြီး ချက်ကျွေးလိုက်ရပါသည်။

ထို့နောက်ပိုင်း မခင်လှသည် မည်သည့်ငါးပိုက် ဆွဲသည်ကို အိပ်ရာထဲမှ အကုန်သိသည်။ အသားငါးဟင်းကို ဓာတုပါ ပန်းသီး၊ နာနတ်သီး၊ ငှက်ပျောသီး၊ လိမ္မော်သီး စသည့် ကောင်းမွေညှန့်မွေ့ဆိုသည့် အသီးအနှံများကိုပါ ဆောင်းစားပါသည်။ (ထိုစဉ်က ပန်းသီးမှာ လူတိုင်း မစားနိုင်ပါ။ ရန်ကုန်ကို တကူးတကမှာပြီး ကျွေးရခြင်း ဖြစ်ပါသည်။)

သို့နှင့် ရက်မှလသို့ ပြောင်းလဲခဲ့ပါပြီ။ အသားငါး အသီးအနှံနှင့် ကောင်းမွေညှန့်မွေ့ဆိုသော အစားအစာများကို ဘယ်လောက်ပဲစားစား မခင်လှ၏ မူလရုပ်သဏ္ဌာန်အရိုးပေါ် အရေတင်ကတော့ မပြောင်းလဲပါ။ မိဘများဖြစ်သော ဦးဘအုန်း၊ ဒေါ်မြ စဉ်းစားရပြီ။ ဆွေမျိုးများနှင့်လည်း တိုင်ပင်ရပြီ။ တချို့က ဒါ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး။ ဖုတ်ဝင်တာဖြစ်မယ်ဟု ပြောကြသည်။

ဖုတ်ထွက်ရန် သြဇာရွက်ခုနစ်ရွက်ကို အိပ်ရာအောက် ထားခြင်း၊ ခုံဖိနပ်ကို အိပ်ရာအောက်ထားခြင်း၊ လက်ဖွဲ့မျိုးစုံ ဆွဲပေးခြင်း စသည်ဖြင့် နည်းမျိုးစုံ ပြုလုပ်ကြည့်သည်။ မည်သို့မျှ ထူးခြားမလာပါ။

သိမ်ဝင့်ပုတီးဆွဲပေးလျှင်၊ ဂုဏ်တော်ပုတီးဆွဲပေးလျှင် မခင်လှက-

"ပုတီးဆွဲပေးတာ ကောင်းတာပေါ့ အမေရယ်။ ပုတီးနဲ့ဆိုတော့ ဝိုတောင် ခန့်သွားသေးတယ်။ လက်ဖွဲ့အမျိုးမျိုး ဆွဲပေးရင်လည်း လက်ဖွဲ့ကြိုးတွေပဲ ကောင်းတာပေါ့ အမေရယ်။ သမီးကတော့ ဘာမှမဖြစ်ဘူး"

ဘာအဆောင်လက်ဖွဲ့ပဲ ဆွဲပေးပေး၊ ဘယ်လောက် အစွမ်းထက်သည့် သိမ်ဝင်ပုတီးတို့၊ ဆေးပုတီးတို့ ဘယ်လိုပဲ ဆွဲပေးပေး မခင်လှ ဘာမှထူးခြားမလာပါ။ ဘာဆရာနှင့် ကုကု ထူးခြားမလာပါ။

"ဆေးတွေ များများသောက်ရတော့ ကောင်းတာပေါ့ အမေရယ်။ အမှေဆရာတွေလည်း ခဏ၊ခဏ လာနေတာ ဝင်ပန်းလှပြီ။ နောက်မလာပါနဲ့လို့ ပြောလိုက်စမ်းပါ။ သမီးက ဘာမှဖြစ်တာမှမဟုတ်တာ"

ဦးဘအုန်းနှင့် ဒေါ်မြတို့ ဆွေမျိုးတစ်သိုက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါ။ ကြားဖူးနားဝရှိတာက ဖုတ်ဝင်သည်ဆိုလျှင် စကားသိပ်မပြောဘဲ အမဲသားငါးအလွန်စားသည်။ မဝလျှင် မထနိုင်သည့် လူနာက ည လူခြေတိတ်ချိန် လူအများ အိပ်နေချိန် မီးဖိုဆောင်ထဲဝင်ပြီး ခိုးစားသည်။ တစ်ခုတစ်ယောက်က ပက်ပင်းတွေ့လျှင် ချက်ချင်း ပြန်လှဲလိုက်ပြီး သတိမေ့ချင်ယောင်ဆောင်တတ်သည်..စသည်တို့ကို ကြားဖူးသော်လည်း မခင်လှက ထိုသို့ မဟုတ်ပါ။ အသားငါး၊ အသီးအနှံ အကုန်စားသော်လည်း မူလရုပ်က မပြောင်းလဲ အရိုးပေါ် အရေတင် အိပ်ရာထဲမှ လုံးဝမထပါ။

တစ်နေ့ ရွာဦးကျောင်းဆရာတော် ကြွလာသည်။ ဦး

www.burmeseclassic.com

www.burmeseclassic.com

ဘအုန်း၊ ဒေါ်မြတို့က ပျာပျာသလဲ နေရာထိုင်ခင်းပေးပြီး ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားလိုက်သည်။

ဆရာတော်က လူနာကို အကဲခတ်ကြည့်ရှုပြီး 'ဒကာကြီးတို့..ကျောင်းကို ခဏလိုက်ခဲ့ပါ' ဟု မိန့်ကြား၍ ပြန်ကြွသွားသည်။

ဦးဘအုန်း၊ ဒေါ်မြတို့ ကျောင်းသို့ ရောက်ချိန်တွင် ကျောင်းပေါ်၌ ဦးဘအုန်းနှင့် သက်တူရွယ်တူခန့် ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။ ထိုသူမှာ အပေါ်ဖုံးအင်္ကျီနှင့် ဆံပင်ရှည်ကို စနစ်တကျ သွေ့ဆောင်ထုံး၍ ခေါင်းပေါင်းကို သေသပ်စွာ ပေါင်းထားသည်။

'ဒကာကြီး..ဒါ ဘုန်းကြီးတို့ရွာက ရွာသူကြီး ဦးဘအုန်းပါ။ ဒီဒကာကြီးက ဦးမောင်စိန်လို့ ခေါ်ပါတယ်။ အထက်ဂိုဏ်း ဝိန္ဓာလိုင်းလိုက်နေတဲ့ ပုဂ္ဂိုလ်ပဲ။ ခုနစ်ရက်သားသမီးများကို အခါအခွင့်ကြုံလျှင် ကယ်ထင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခရီးထွက်လာသူဖြစ်တယ်။ ဒါကြောင့် ဒကာကြီးသမီးမှာ ကပ်ရောက်နေတဲ့ ရောဂါဝေဒနာကို ဒီဆရာကြီး ဦးမောင်စိန်နဲ့ တိုင်ပင်ပြီး ကုသပေတော့။ ဘုန်းကြီးက လူမှုရေးကိစ္စတွေမှာ ဝင်မပါချင်ဘူး။ ဒကာကြီးတို့ လုပ်စရာရှိတာ လုပ်ကြပေတော့'

ဆရာတော်က ရှည်လျားစွာ မိန့်ဆိုပြီး ဘုရားခန်းအတွင်းသို့ ဝင်သွားပါတော့သည်။

ထို့နောက် သူကြီးဦးဘအုန်းက သမီး၏ရောဂါဖြစ်စဉ်ကို အသေးစိတ်ပြောပြရာ ဆရာကြီးဦးမောင်စိန်က ခေါင်းတညိတ်ညိတ်ဖြင့် သေချာစွာနားထောင်ပြီး ခေတ္တမျှငြိမ်သက်စွာ အာရုံခံလိုက်ပြီးနောက်-

'သူကြီး..သူကြီးသမီး အခုဖြစ်နေတာတွေဟာ သွေးရိုးသားရိုးရောဂါ မဟုတ်ဘူး။ သတိလစ်သွားပြီးကတည်းက သေဆုံးသွားတာဖြစ်တယ်။ ခုဟာက ရုပ်ခန္ဓာကိုယ်ကသာ သူကြီးရဲ့သမီး ရုပ်ခန္ဓာဖြစ်ပဲ။ နာမ်ဝိညာဉ်ကတော့ သူမဟုတ်ဘူး။ ဖုတ်ဝင်နေတာ။ ဖုတ်မှ ရိုးရိုးဖုတ်မဟုတ်ဘူး။ ဖုတ်ဘုရင်လို့ခေါ်တယ်။ အဲဒါကြောင့် ဘာနဲ့မှ ထုတ်လို့မရတာ ဖြစ်တယ်'

'ဒါဆိုရင် အဲဒီဖုတ်ဘုရင်ကို ထုတ်လို့မရဘူးလား ဆရာကြီးရယ်'

'ဒီလိုလည်း မဟုတ်ပါဘူး သူကြီးမင်း။ အနာသိရင် ဆေးရှိရမှာပေါ့။ သူ့ကို နိုင်တာကတော့ ဘုန်းကြီးကျောင်းတွေမှာ အလွယ်တကူရနိုင်တဲ့ ရွှေထီးပဲဖြစ်တယ်။ အဲဒီရွှေထီးကိုဖွင့်ပြီး ဆောင်းပေးလိုက်ရင် ဘာမှလုပ်စရာမလိုဘဲ သူ့အလိုလို ထွက်သွားပါလိမ့်မယ်။ ဒါပေမဲ့ သူကြီးနဲ့ သူကြီးကတော်တို့ သတိထားရမှာက ရွှေထီးကို ဖွင့်ဆောင်းတဲ့အထိ သနားစရာကောင်းအောင် ပြောလိမ့်မယ်။ အဲဒါ သူကြီးတို့ စိတ်မလည်သွားဖို့ဘဲ လိုအပ်တယ်။ ကြာရင် ပိုဆိုးလာပြီး အားလုံးအတွက် အန္တရာယ်ရှိတယ်။ မနက်ဖြန်မနက် ကိုးနာရီလောက်မှာ ကျောင်းမှာ ရွှေထီးလာယူဖွင့်ဆောင်းပေးလိုက်ပါ။ ကျွဲလည်း လာခဲ့ပါမယ်' ဟု ပြောလိုက်ရာ သူကြီး နှင့် သူကြီးကတော်တို့လည်း အိမ်ပြန်လာပြီး နောက်တစ်နေ့ လုပ်ရမယ့် အစီအစဉ်များကို ရေမျိုးများနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ရတော့သည်။

ထိုစဉ် အခန်းတွင်းမှ မခင်လှက 'အဖေတို့..ဘာတွေ ပြောနေကြတာလဲ။ ဘာဖြစ်လို့ ဘုန်းကြီးကျောင်းက ရွှေထီးငှားရတာလဲ။ အဖေတို့ အလုပ်မရှိ အလုပ်ရှာပြီး ဘာလုပ်ကြဦးမလို့လဲ' ဟု အိပ်ခန်းတွင်းမှ အသံကျယ်ကြီးဖြင့် လှမ်းပြောလိုက်ရာ အားလုံး အံ့သြတုန်လှုပ်သွားကြရပါသည်။

'မဟုတ်ပါဘူး သမီးရယ်။ သမီးရောဂါကို ပျောက်အောင်ကုဖို့ တိုင်ပင်နေတာပါ'

သူကြီးကစော်က ပြောရာ-

'သမီးမှာ ဘာရောဂါမှမရှိဘူး။ ဘာမှလည်း ကုစရာမလိုဘူး။ အမေတို့၊ အဖေတို့ သတိထားနေကြပါ' ဟု ကြိမ်းမောင်းခြိမ်းခြောက်သလို လေသံမာမာဖြင့် ပြန်ပြောရာ သူကြီးနှင့် သူကြီးကတော်မှာလည်း 'ဒီအတိုင်းဆို မဖြစ်ဘူး မြန်မြန်စီစဉ်မှပဲ' ဟု ဆုံးဖြတ်ပြီး သူရင်ဒူးစံပအား တွင်းမှ လူငယ်နှစ်ယောက် ခေါ်သွားပြီး မနက်ဖြန်နံနက်ကိုးနာရီလောက်မှာ ရွာဦးကျောင်းဆရာတော်ထံမှ ရွှေထီးနှစ်လက် အမြန်ဆုံးငှားပြီးယူလာရန် ညွှန်ကြားလိုက်ရတော့သည်။

နောက်တစ်နေ့မနက် ကိုးနာရီခန့်မှာ ရွာဦးကျောင်း ရွှေထီးနှစ်လက် ယူလာပါပြီ။

ထိုစဉ် မခင်လှမှ 'အမေ..ဘာလုပ်ဖို့ ရွှေထီးသွားငှားတာလဲ။ သမီး ဘာမှမဖြစ်ပါဘူး အမေရယ်။ အမေ ရွှေထီးကို ယူလာပြီး သမီးကို ပေးမလို့လား။ အိုအလုပ်ပေါ်မလုပ်ပါနဲ့ အမေရယ်။ သမီးလေ..ရှိုးတောင်းပန်ပါတယ်' သူကြီးကတော် မျက်ရည်လည်ရပါပြီ။ ထူးဆန်းသည်က သူကြီးနှင့် သူကြီးကတော်တို့ လုပ်မည့်အစီအစဉ်အား မခင်လှ အကုန်သိနေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုးနာရီခွဲခန့်တွင် ရွေထီးသွားယူသည့် လူငယ်များနှင့်အတူ ဆရာကြီးဦးမောင်စိန်ပါ ပါလာပြီး အိမ်ပေါ်တက်လိုက်သည်နှင့် မခင်လှမှ-

'အဖေ-ရွေထီးနှစ်လက် လှလိုက်တာ။ သမီးကို မိုးပေးမလို့လား။ မလုပ်ပါနဲ့ အမေရယ်။ သမီး တောင်းပန်ပါတယ်။ ပြန်ပို့လိုက်စမ်းပါ'

ဆရာကြီးဦးမောင်စိန်က ဘုရားခန်းအတွင်း ဝင်သွားပြီး ဖယောင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ပါသည်။

ဘုရားဝတ်ပြုနေစဉ်-

'အဖေ-သမီးကို အမဲသားဟင်းနဲ့ ထမင်းကျွေးပါ။ မနေ့က ရန်ကုန်ကို မှာလိုက်တဲ့ ပန်းသီးလည်း ကျွေးပါ' ဟု ပြောရာ ဆရာကြီးဦးမောင်စိန်မှ သူစားချင်တာကို ကျွေးလိုက်ပါဟု ပြောသဖြင့် အမဲသားဟင်းနှင့် ထမင်းကျွေးသည်။ ထမင်းစားပြီး ပန်းသီးကျွေးသည်။ ငှက်ပျောသီးစားချင်သည်ဟု ပြောသဖြင့် ငှက်ပျောသီးကိုပါ ကျွေးလေသည်။

ယခင် ထူပေးသူရှိမှ ထနိုင်သူက ယခု သူ့အလိုလို ထပြီး စားပါသည်။ စားပြီး အိပ်ရာထဲ ပြန်အိပ်လိုက်သည်နှင့် လူငယ်နှစ်ဦးက ရွေထီးကိုဖွင့်ပြီး မိုးပေးလိုက်ရာ မခင်လှသည် ရွေထီးနှစ်လက်ကို သေချာစွာ ဂိုက်ကြည့်ပြီး တောက်တစ်ချက် ပြင်းစွာခေါက်၍ မျက်လုံးလည်ပြီး ငြိမ်သက်သွားပါတော့သည်။

ထူးဆန်းသည်ကား ယခင်က မခင်လှသည် မျက်တွင်းဟောက်ပက် အရိုးပေါ် အရေတင်သည့် ရုပ်ရည်ထက် အရိုးပေါ် အရေပြား ဖုံးအုပ်ထားသကဲ့သို့ဖြစ်ပြီး ချက်ချင်း တောင့်တင်းသွားပါတော့သည်။

လူသည် မရဏသန္ဓေ ဝိထိစိတ်မကျသေးခင် ဝဋ်သန္ဓေဝိထိစိတ်ကလည်း - မဖြစ်သေးခင် ကြားကာလကို မျောနေခြင်းဟု သိရှိရပါသည်။ ယခုဖြစ်ရပ်က ထိုသို့မဟုတ် ဘဲ မရဏာသန္ဓဝိထိ စိတ်ကျပြီးပြီးချင်း တခြားမကျတတ်မလွတ် သေးသည့် ပြိတ္တာတစ်မျိုးမျိုး ဝင်ရောက်ပူးကပ်ခြင်းကို ဖုတ်ဝင်သည်ဟု ပြောဆိုကြပြီး တစ်ခုက ယခုပူးကပ်ဝင်ရောက်သည့် ဖုတ်အမျိုးအစားတွင် ရွေထီးဆောင်းမှ ထွက်သဖြင့် ဖုတ်ဘုရင်ဟု ခေါ်ကြပါသည်။

ရောထွန်း(စစ်ချောင်း)

ကျောက်တည်ပျောက်ဆေး အာယက်ဂါ

လက်ထုတ်ကြီး အခေါက်ခွာ
ဒိန်ချဉ်ရည်နဲ့ သွေးသောက်ပါ
ကျောက်တည်ရောဂါ ပျောက်စေတဲ့
ဆေးနည်းတစ်ခုကွယ်။

ကျောက်တည်ရောဂါဖြစ်လျှင် လက်ထုတ်ကြီးခေါက်ကို ဒိန်ချဉ်ရည်နှင့် သွေးသောက်ပါ။ ကျောက်တည်ပျောက်သော ဆေးနည်းကောင်းတစ်ခု ဖြစ်ပါသည်။

ကိုယ်ဖောကိုယ်ဇရာင်ပျောက်ဆေး အာယက်ဂါ

ကိုယ်ဖောကိုယ်ရောင် ဖြစ်သောခါ
ကြိတ်မှုန့်ရွက်ကို ယိုထိုးကာ
စားလို့သာပေးပါက
ပျောက်စေပါတယ်ဗျ။

ကိုယ်ဖောကိုယ်ရောင်ဖြစ်လျှင် ကြိတ်မှုန့်ရွက်ကို ယိုထိုး၍ စားပါ။ ပျောက်ကင်းစေပါသည်။

[မောင်နန္ဒာ(မန္တလေး)၏ သိမှတ်စရာ ဆေးနည်းအကြွယ်ကြွာ စာအုပ်မှ ...]

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဂေဟာကြီး

ခရစ်နှစ်(၁၆၉၀)ပြည့်နှစ်။

နွေဦးရာသီ လပြည့်ည တစ်ည။

အင်္ဂလန်နိုင်ငံ၊ ဆတ်ဖော့နယ်ရှိ ကက်စတင်ဟမ်စံအိမ်ကြီးတွင် ဖြစ်သည်။ အိမ်ကြီးရှင် ဆာမက်သယူးဖဲ(လ်)သည် အိပ်ခန်းပြတင်းဝအနီးတွင် ရပ်လျက်ရှိသည်။ သူသည် အိပ်ခန်းနံဘေးရှိ တောစိုးပင်ကြီးကို မျက်တောင်မခတ် စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

အောက်ထပ်ရှိ တိုင်ကပ်နာရီကြီး၏ ဆယ့်တစ်ချက်ခေါက်သံ ထွက်ပေါ်လာခဲ့သည်။ သူ၏ အာရုံများကို ပိုမိုစူးစိုက်ထားလိုက်သည်။ ထိုစဉ်တွင်ပင် တောစိုးပင်ကြီးအနီးသို့ မိန်းမကြီးတစ်ယောက် ခြေသံလုံလုံဖြင့် ချဉ်းကပ်လာသည်ကို တွေ့လိုက်ရလေသည်။

မိန်းမကြီးသည် တောစိုးပင်ကြီးခြေရင်းသို့ရောက်လျှင် အပေါ်သို့ မော့ကြည့်ပြီး တတွတ်တွတ် ရေရွတ်လိုက်သည်။ ထို့နောက် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးဖျတ်လတ်စွာဖြင့် သစ်ပင်ပေါ်သို့ တွယ်တက်သွားလေသည်။ သူမ၏ လက်ထဲတွင် ပါလာသည့် ထူးဆန်းသောဓားဖြင့်လည်း သစ်ကိုင်းသစ်ခက်အချို့ကို ခုတ်ချသွားခဲ့သည်။ ထို့နောက် သစ်ရွက်ဖားဖားကြီးများကြားသို့ တိုးဝင်ကာ ပျောက်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမလှ ပျောက်ကွယ်သွားတော့သည်။

ဆာမက်သယူး ယခု စောင့်ကြည့်နေခဲ့သည်မှာ သုံးကြိမ်မြောက် လပြည့်ညပင်ဖြစ်သည်။ ပထမဆုံးအကြိမ် အမှတ်တမဲ့ တွေ့လိုက်စဉ်က တစ္ဆေသရဲတစ်ကောင်ဟုထင်ကာ ထိတ်လန့်သွားခဲ့ရသည်။ ဒုတိယအကြိမ်တွင် ရွာသူကြီးကို ခေါ်ထားပြီး အတူစောင့်ကြည့်ခဲ့ကြသည်။ ထိန်ထိန်သာနေသည့် လရောင်အောက်တွင် တောစိုးပင်ကြီးအနီးသို့ လျှောက်လာသော မိန်းမကြီးကို မြင်လိုက်ရသည်နှင့် ရွာသူကြီး၏ ကိုယ်လုံးကြီး ဆတ်ခနဲဖြစ်သွားခဲ့သည်။ ထို့နောက် ဆာမက်သယူး၏ လက်မောင်းကို ဆွဲကိုင်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

'အဲ..အဲဒါ ရွာစွန်မှာ တစ်ယောက်တည်းနေတဲ့ မစ္ဆမားသားဆိုး(လ်)ဗျ'

'ဟေ..မင်းဟာက သေချာရဲ့လားကွ'

'ဟာ..ကျွန်တော် အကြိမ်တစ်ရာ ကျိန်ပြောရဲပါတယ်ဗျာ'

ဆာမက်သယူးသည် တောစိုးပင်ကြီးဆီသို့ လှမ်းကြည့်လိုက်ရာ မိန်းမကြီး၏ အရိပ်အယောင်ကိုပင် မမြင်ရတော့ပေ။ သို့ဖြင့် ရွာသူကြီးဘက်လှည့်၍ ပြောလိုက်လေသည်။

'ကဲ..လာ၊ သူ့အိမ်ကို သွားကြည့်ကြမယ်'

♦ ♦ ♦

'ခေါက်..ခေါက်..ခေါက်'

'မစ္ဆမားသားဆိုး(လ်)..တံခါးဖွင့်ပါဦး'

ဆာမက်သယူးနှင့် သူကြီးတို့သည် ရွာသားသုံး,လေးယောက်ကိုခေါ်၍ မစ္ဆမားသားဆိုး(လ်)အိမ်သို့ သွားခဲ့ကြခြင်း ဖြစ်သည်။ ညအချိန်မတော်ကြီးတွင် တံခါးခေါက်သူကခေါက်၊ အော်နိုးသူကနှိုးဖြင့် ဆူညံသွားခဲ့သည်။ သို့တိုင် အောင် အိမ်ရှင်၏ တုံ့ပြန်မှုက နေးကွေးလွန်းလှသည်။ ဂါးမိနစ်ခန့်ကြာမှ အိမ်တံခါး ပွင့်လာခဲ့သည်။ ညဝတ်အင်္ကျီဖြင့် အိပ်ချင်မူးတူးဖြစ်နေသော မစ္ဆမားသားဆိုး(လ်)ကို တွေ့လိုက်ကြရလေသည်။

'ဟဲလို..သူကြီး၊ အချိန်မတော် ဘာအရေးကြီးလာလို့လဲရှင့်'

'ဟို..ဟို..ဒီက ဆာမက်သယူး'

သူကြီးသည် ရုတ်တရက် စကားစရှာမရ ဖြစ်နေခဲ့သည်။ ဆာမက်သယူးက ခက်ထန်ထန် ဝင်မေးလိုက်သည်။

'ခင်ဗျား ဘယ်တုန်းက အိမ်ပြန်ရောက်နေတာလဲ'

'ရှင်..အိုး..ကျွန်မ ဘယ်ကိုမှလည်း မသွားရပါလားရှင့်'

'ကျုပ်ကို အူကြောင်ကြောင်မလုပ်နဲ့နော်။ မေးတာကအမှန်အတိုင်းဖြေ'

'ဒုက္ခပါလား။ အခုပဲ အိပ်ရာထဲက ထလာတာ မြင်လျက်သားနဲ့။ ကဲ..သူကြီး ကြည့်ရှုင်းပါဦး'

သူကြီးသည် ဆာမက်သယူးအား လက်တို့ကာ ခေါ်သွားခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ လေသံဖြင့် ပြောလိုက်သည်။

'ဒီမှာ ဆာမက်သယူး၊ ကျုပ်တို့မှာ ဘာသက်သေမှမဲ့ဘူးလေ။ အရမ်းလုပ်လို့ ဘယ်ဖြစ်မှာလဲ'

'ခင်ဗျားကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့တာပဲ မဟုတ်ဘူးလား။ ဒီလောက်အချိန်အတွင်း သူ့အိပ်ရာထဲ ဘယ်လို ပြန်ရောက်နိုင်မှာလဲ။ စုန်းမမို့သာပေါ့'

'အဲဒီလောက်နဲ့ မခိုင်လုံဘူးလေ'

'တော်ပြီဗျာ။ နောက်လပြည့်ညကျရင် ထပ်စောင့်ကြည့်မယ်။ တွေ့ရင်တော့ ကျုပ်ကို မတားနဲ့တော့'

ဆာမက်သယူးသည် ပြီးခဲ့သည့် လပြည့်ညက ဖြစ်ရပ်များအား ပြန်တွေးကြည့်နေခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မဲ့ပြုံး,ပြုံးလိုက်သည်။ တစ်စုံတစ်ခုကိုလည်း ယတိပြတ်ဆုံးဖြတ်လိုက်လေသည်။

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း။

ရွာလယ်ရှိ ကြိုးစင်ရှိရာသို့ လူများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ ဆာမက်သယူးနှင့် သူကြီးတို့သည် ကြိုးစင်အနီးတွင် ရပ်နေကြသည်။ မလှမ်းမကမ်းတွင်တော့ အခေါင်းတင်ထားသော အသုဘမြင်းလှည်းကလေးကို အသင့်တွေ့ရသည်။

'ကျွန်မကိုလွှတ်..မတရားမလုပ်ကြနဲ့။ ဘာအပြစ်ရှိလဲ။ အခု လွှတ်ပေး'

ရွာသား လူထွားကြီးနှစ်ယောက်သည် မစ္ဆမားသားဆိုး(လ်)အား လက်ပြန်ကြိုးတုပ်ကာ ဆွဲခေါ်လာကြသည်။ သူမသည် အော်ဟစ်ပြောဆိုရင်း ရုန်းကန်လျက်ရှိသည်။ သို့သော် အားချင်းမမျှသဖြင့် ကြိုးစင်အနီးသို့ ဒယ်ဒယ်ဝင်ပါလာလေသည်။ မစ္ဆမားသားဆိုး(လ်)သည် ကြိုးစင်အနီးတွင် ရပ်နေကြသည့် လူကြီးနှစ်ယောက်ကို မြင်လိုက်သော အခါ မျက်ထောင့်ရိကြိုးများဖြင့် လှမ်းကြည့်ရင်း အော်ပြော

www.burmeseclassic.com

www.burmeseclassic.com

လိုက်လေသည်။

"အသုံးမကျတဲ့သူကြီး၊ ဟို သက်ကြားအို မက်သယူး ပြောတိုင်း ရှင်က လိုက်လုပ်ရသလား။ ဘာအပြစ်လုပ်ခဲ့လို့လဲ။ ဘယ်မှာလဲ သက်သေ။ အခုချက်ချင်း လွှတ်ပေး"

မစ္ဆမားသားဆိုး(လ်)သည် အော်ဟစ်ခုန်ပေါက် ရုန်းကန်နေသဖြင့် မြေပေါ်သို့ဆွဲလဲကာ ဖိထားကြရသည်။ ဆာမက်သယူးက ခေါင်းဆတ်ပြလိုက်သည်။ သူကြီးကလည်း လက်ရိပ်ပြလိုက်သည်။ စုန်းမဟု စွပ်စွဲခံရသော မစ္ဆမားသားဆိုး(လ်)သည် ကြိုးစင်ပေါ်သို့ ယက်ကန်,ယက်ကန်ဖြင့် ပါသွားခဲ့သည်။ သူမ နောက်ဆုံးအော်ဟစ်ကြိမ်းဝါးသွားသံက တစ်ရွာလုံး ဟိန်းသွားသည်ဟုပင် ထင်လိုက်ရလေသည်။

"မက်သယူး သားစဉ်မြေးဆက် အကြွေးပြန်ဆပ်ရစေမယ်ဟေ့"

စင်စစ်တွင် စုန်းမဟု စွပ်စွဲခံရသူများအား ကြိုးပေးကွပ်မျက်ခဲ့ကြသည်မှာ (၁၇)ရာစုခေတ်က အင်္ဂလန်နိုင်ငံ၏ ခရေ့တစ်ခုပင် ဖြစ်လေသည်။

♦ ♦ ♦

မစ္ဆမားသားဆိုး(လ်)အား ကြိုးပေးကွပ်မျက်ပြီး တစ်လအကြာ လပြည့်နေ့။

"အခုတလော နေရထိုင်ရတာ စိတ်မကြည်မလင်ဖြစ်နေတယ်။ ဟိုမိန်းမကြီးကို သတ်လိုက်တာ မှားများသွားလားဟင်"

ဆာမက်သယူးသည် ၄င်းတံ အလည်လာသော သူငယ်ချင်း သင်းအုပ်ဆရာကို ရင်ဖွင့်လိုက်ခြင်းဖြစ်သည်။ သူသည် ထိုရက်ပိုင်းအတွင်း အကြောင်းရှာမရဘဲ စိတ်များလေးလံနေခဲ့သည်။ ညဘက်တွင်လည်း ကောင်းစွာ အိပ်မပျော်ခဲ့။ အိပ်မက်ဆိုးများမက်ကာ မကြာခဏ လန့်နိုးခဲ့ရသည်။ လူရော စိတ်ပါ မလန်းဆန်းတော့။

"မင်းလုပ်တာ မှန်ပါတယ်ကွ။ ရွာသားတွေကလည်း သဲသယဖြစ်နေတာ ကြာပြီ။ ကြောက်စရာစုန်းမကြီးဆိုတာ သေချာပါတယ်ကွာ"

သင်းအုပ်ဆရာက ဖြေသိမ့်စကား ပြောလိုက်သည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် ဆာမက်သယူး၏ မျက်နှာတွင် သွေးရောင်အနည်းငယ် ပြန်သမ်းလာခဲ့လေသည်။ ထိုနေ့ ညနေစောင်းတွင် သူငယ်ချင်းနှစ်ယောက် လမ်းလျှောက်ထွက်ခဲ့ကြသည်။ နာရီဝက်ခန့်အကြာတွင် တွေရာလေးပါး ပြောရင်း အိမ်ဘက်သို့ ပြန်လျှောက်လာကြသည်။ ခြံဝင်းအတွင်းသို့ ဝင်မိသည်နှင့် ဆာမက်သယူးသည် ကောင်းကြီးကို လက်ညှိုးထိုးရင်း တခဲ့တည်ပြောလိုက်သည်။

"ဟာ..အပင်ပေါ်က ဆင်းသွားတာ ဘာကောင်ကြီးလဲ မသိဘူး။ မင်း မြင်လိုက်သေးလား"

သင်းအုပ်ဆရာသည်လည်း ရိပ်မခနဲတော့ မြင်လိုက်မိသည်။ ခြေလေးချောင်းမကပါသော သတ္တဝါတစ်ကောင်ဟုသာ သိလိုက်သည်။ အမျိုးအမည် မခွဲခြားတတ်ခဲ့။

"ငါလည်း ပင်ပန်းပြီး အမြင်မကြည်တော့ဘူး ထင်တယ်။ ခြေလေးချောင်းမကရှိတာ ဘာကောင်များပါလိမ့်"

သူသည် စိတ်ထဲမှတွေးနေသော်လည်း နှုတ်က စကားတစ်ခွန်းမျှ ထွက်မလာပေ။ မှင်တက်နေမိခဲ့သည်။ ဆာမက်သယူးကလည်း ဘာမျှဆက်မပြောတော့သဖြင့် နှုတ်ဆက်ပြီး ပြန်သွားခဲ့တော့သည်။

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း။

ဆာမက်သယူးသည် နံနက်ခြောက်နာရီတွင် အိပ်ရာထနေကျဖြစ်သည်။ ထိုနေ့က ခုနစ်နာရီထိုးသည်အထိ ဆင်းမလာခဲ့။ အိမ်ဖော်များက စားသောက်ဖွယ်ရာများ ပြင်ဆင်ပြီး စောင့်နေခဲ့ကြသည်။ ရှစ်နာရီထိုးသည့်တိုင် အိမ်ကြီးရှင်က ပေါ်မလာပေ။ အခြေအနေမကောင်းတော့မှန်း ရိပ်မိလိုက်ကြသည်။ အပေါ်ထပ်သို့ ပြေးတက်ကြည့်ကြသော အခါ အိပ်ခန်းတံခါးကြီးကို ပိတ်လျက်သား တွေ့လိုက်ကြရသည်။

အကြိမ်ကြိမ် တံခါးခေါက်ကြည့်သော်လည်း အခန်းတွင်းက တုတ်တုတ်မျှမလှုပ်။ နောက်ဆုံးတွင် တံခါးချက်ကို ဖျက်ချိုး၍ ဝင်သွားကြသည်။ ၄င်းတို့ ဝိုးရိမ်ခဲ့ကြသည့် အတိုင်း အိမ်ကြီးရှင်၏ ကြမ္မာဆိုးကို တွေ့လိုက်ကြရတော့သည်။

ဆာမက်သယူးသည် အိပ်ရာထက်တွင် ဆန့်ဆန့်ကြီး အသက်ပျောက်လျက်ရှိသည်။ တစ်ကိုယ်လုံးလည်း ပြာနှမ်းနေလေသည်။ ကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မတွေ့ရ။ အခန်းတွင်းရှိ ပစ္စည်းများသည်လည်း ခြေရာလက်ရာ မပျက်ကြ။ ထူးခြားချက်ဟူ၍ ပြတင်းပေါက်တံခါး ဟာလာဟင်းလင်း ပွင့်နေခြင်းပင် ဖြစ်လေသည်။ အိမ်ဖော်များက အဆိပ်စာစ်မျိုးမျိုး မိသွားခြင်းဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့ရာတွင် အလောင်းစစ်ဆေးသော

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က အဆိပ်မိခြင်းမဟုတ်ကြောင်း ပြောခဲ့သည်။ ထို့အတူပင် သေဆုံးရသည့် အကြောင်းရင်းကိုလည်း မှတ်ချက်မံပေးခဲ့ပေ။

ဆာမက်သယူး၏သူငယ်ချင်း သင်းအုပ်ဆရာသည် သတင်းကြားကြားချင်း အပြေးအလွှားရောက်လာခဲ့သည်။ ဆရာဝန် ပြန်သွားပြီးနောက် သူသည် ဆာမက်သယူး ခုတင်ဘေးရှိ စားပွဲပေါ်တွင် တင်ထားသော သမ္မာကျမ်းစာအုပ်ကို သတိပြုလိုက်မိသည်။ ထူးခြားသည်မှာ စာအုပ်အား ဖတ်လက်စနေရာတွင်ဖွင့်ပြီး မှောက်လျက်ချထားခြင်းပင်ဖြစ်သည်။

သို့ဖြင့် စာအုပ်အား အသာဆွဲယူကာ လှန်ကြည့်လိုက်သည်။ လုခ်ကျမ်းစာတွဲ အမှတ်(၈)ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ထိပ်ဆုံးတွင် ရေးသားထားသည့် စာကြောင်းမှာ ထိုအရာအား သုတ်သင်ရှင်းလင်းပစ်လော်ဟူ၍ပင် ဖြစ်လေတော့သည်။

♦ ♦ ♦

နှစ်ပေါင်း(၄၀) ကြာသွားခဲ့ပြီးနောက်-

ကက်စတင်ဟမ် စံအိမ်ကြီး၏ အရှင်သခင်အသစ် ပြောင်းခဲ့လေပြီ။ ဆာမက်သယူး မြေးတော်စပ်သူ ဆာရစ်ချက်ဖဲ(လ်)ဖြစ်သည်။ အိမ်ကြီးရှင်အသစ်သည် ငွေအသုံးလက်ကြီးသူဖြစ်သည်။ အိမ်ကြီး၏ အချို့အပိုင်းများအား ပြန်လည်ပြုပြင်ခဲ့သည်။ ဗျက်သင့်သည့်နေရာ ဗျက်၍ ချဲ့သင့်သည့်နေရာ ချဲ့ခဲ့သည်။ သို့ရာတွင် ဆာမက်သယူး သေဆုံးပြီးချိန်မှစ၍ အသေပိတ်ထားခဲ့သည့် အခန်းကိုမူ လက်ဖျားနှင့်ပင် မတို့ခဲ့ပေ။

ဆာရစ်ချက်ဖဲ(လ်)သည် ရွာထိပ်ရှိ ဘုရားရှိခိုးကျောင်းကိုလည်း အဆောင်သစ် တိုးချဲ့ဆောက်စေခဲ့လေသည်။ ၄င်းတို့မိသားစု ဝတ်ပြုရန်နေရာသစ်ကိုလည်း သီးသန့်လုပ်ခိုင်းခဲ့သည်။ ထိုသို့တိုးချဲ့ဆောက်လုပ်ရာတွင် ဘုရားရှိခိုးကျောင်းဝင်းအတွင်းက သချိုင်းရှိရာနေရာ မလွတ်သောအုတ်ဂူအချို့

အား ဖယ်ရှင်းပစ်ခဲ့ရလေသည်။

ထိုအထဲတွင် စုန်းမဟု စွပ်စွဲကာ ကြိုးပေးကွပ်မျက်ခဲ့သည့် မစ္စမားသားဆိုး(လ်)၏ အုတ်ဂူလည်း ပါသွားခဲ့သည်။ သူမ၏အုတ်ဂူအား ဖြိုဖျက်သည့်နေ့က လူစည်ကားကာ ပွဲဆူခဲ့လေသည်။ သချိုင်းတစ်ခုလုံးတွင် လာရောက်စောင့်ကြည့်ခဲ့ကြသည့် ရွာသူရွာသားများ အပြည့်ပင်ဖြစ်သည်။ အခေါင်းဖုံးအား ဖွင့်လှန်ချလိုက်သောအခါ ပရိသတ်အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြတော့သည်။

'ဟာ..စုန်းမကြီးအလောင်း မရှိတော့ဘူးဟေ့'

'ဟင်..အရိုးတစ်စတောင် မကျန်ပါလား'

'အိုး..ဖုန်တစ်မှုန် သဲတစ်စတောင် မရှိတာက ဘာသဘောပါလိမ့်'

အနီကဲ့သို့ တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောလိုက်ကြသံများကလည်း ပွက်လောညံသွားခဲ့သည်။

'စုန်းမကြီး ပြန်ရှင်လာပြီ။ သတိထားဟော့၊ သတိထားကြ'

သွေးကြောင်သူတစ်ဦး ထအော်လိုက်သံသည် သချိုင်းတစ်ခုလုံး ဟိန်းသွားလေတော့သည်။

♦ ♦ ♦

ဆာရစ်ချက်ဖဲ(လ်)တစ်ယောက် စိတ်ကသိကအောက် ဖြစ်နေရသည်။

ထိုရက်ပိုင်းအတွင်း ကောင်းစွာအိပ်မရခဲ့။ တဖြူးဖြူးတိုက်ခတ်သောလေကြောင့် မီးလင်းဖိုသည် မီးကောင်းစွာ မတောက်ဘဲ မီးခိုးများ အုထွက်လာတတ်သည်။ ပြတင်းပေါက် လိုက်ကာများ၏ တဖျတ်ဖျတ် မြည်သံများကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည်။ ထို့အပြင် အခန်းက အရှေ့လှည့်ကြီး ဖြစ်နေသည်။ နေရောင်ထိုးသဖြင့် နေ့စဉ် စောစီးစွာ လန့်နိုးခဲ့ရသည်။ အိပ်ရေးမဝတော့အလိုလိုနေရင်း စိတ်တိုနေမိလေသည်။

သို့ဖြင့် သူသည် တစ်ခုသောနံနက်တွင် လက်ဖက်ရည်သောက်နေရင်းက လူခေါ်ခေါင်းလောင်းအား ဒေါသတကြီး နှိပ်လိုက်လေသည်။ မကြာမီတွင်ပင် အိမ်ဖော်ခေါင်းဆောင် ဂျိမ်း(စ်)သည် အပြေးအလွှားရောက်ရှိလာကာ လှမ်းမေးလိုက်သည်။

'ဘာများအလိုရှိလို့လဲခင်ဗျ'

'ဘာမှမလိုချင်ဘူး၊ ငါ့ကို ရှိသမျှအခန်းတွေအားလုံး လိုက်ဖွင့်ပြစမ်း။ သော့တွဲသွားယူပြီး မြန်မြန်လာခဲ့'

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဆာရစ်ချက်သည် တစ်အိမ်လုံး အပေါ်ထပ်၊ အောက်ထပ်အနှံ့ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ကြည့်ခဲ့တော့သည်။ အေးသည့်အခန်းက အေး၍ ပူလောင်သည့် အခန်းလည်း ရှိသည်။ အချို့အခန်းက မှောင်ရိပ်ကျလွန်းသည်။ တစ်နည်းမဟုတ်တစ်နည်း စိတ်တိုင်းမကျသည့် အခန်းချည်းများသာ ဖြစ်နေသည်။ နောက်ဆုံးတွင် သူ၏ အဘိုး ဆာမက်သယူး၏ အခန်းရှေ့သို့ ရောက်ခဲ့တော့သည်။ ဂျိမ်း(စ်)သည် အခန်းတံခါးအား မမွှင့်ရဲဟန်ဖြင့် ပြောလိုက်သည်။

"ဒါက အိပ်ခန်းသက်သက်ပဲခင်ဗျ။ ကြောက်လန့်စရာ အဖြစ်ဆိုးတွေ ဖြစ်ခဲ့တဲ့နေရာလို့လည်း ပြောသံကြားဖူးတယ်။ ပြီးတော့ ဟို..ဟို..ကျက်သရေမရှိတဲ့ တောစိုးပင်ကြီးကလည်း ပြတင်းပေါက်တည့်တည့်မှာ ပေါက်နေတာ ခင်ဗျ"

ဆာရစ်ချက်သည် သဘောကျစွာပြုံးရင်း ပြောလိုက်သည်။

"ကဲ..မင်းကြောက်နေရင် ငါ့ကို သော့ပေးလိုက်"

သူသည် ပြောပြောဆိုဆိုဖြင့် သော့တွဲကို လှမ်းယူလိုက်သည်။ ပြီးလျှင် အခန်းတံခါးကိုဖွင့်ကာ မာန်အပြည့်ဖြင့် လှမ်းဝင်သွားခဲ့သည်။ ထို့နောက် အခန်းလယ်တွင်ရပ်ကာ ပြောလိုက်လေသည်။

"ကြည့်..အခု ဘာဖြစ်လို့လဲ။ လာစမ်းပါကွ။ ငါတစ်ယောက်လုံး ရှိပါတယ်။ ဘာမှကြောက်စရာမလိုဘူး"

စကားဆုံးလျှင် သူသည် ပြတင်းပေါက်တံခါးအား သွားတွန်းဖွင့်လိုက်သည်။ အရွက်ဖားဖားကြီးများ ဖုံးအုပ်လျက်ရှိသည့် မြင့်မားသောတောစိုးပင်ကြီးကို ဘွားခနဲတွေ့လိုက်ရလေသည်။ သစ်ကိုင်းအချို့သည် အိပ်ခန်းအတွင်းသို့ ဝင်ကြတော့မည်ကဲ့သို့ ပြတင်းဝအနီးသို့ပင်. ရောက်လျက်ရှိကြသည်။ ဆာရစ်ချက်သည် သတိမမူမိ၍လော သို့တည်း မဟုတ် အလေးမထား၍လောမသိ သစ်ပင်ကြီးနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မဟခဲ့ပေ။ သူသည် အခန်းတွင်းရှိ ရှေးဟောင်းလက်ရာ ပန်းချီကားများနှင့် စာအုပ်ဟောင်းအချို့ကို လှည့်ပတ်ကြည့်နေခဲ့သည်။ ထိုစဉ်တွင် အိမ်ဖော်ကလေး တစ်ယောက်နှင့် မျက်နှာစိမ်းဧည့်သည် တစ်ယောက်တို့ အခန်းဝတွင် ပေါ်လာခဲ့သည်။ မျက်နှာစိမ်းဖြစ်သူက စတင်လှမ်းပြောလိုက်သည်။

"ခုလိုအနှောင့်အယှက်ပေးမိတာကို ခွင့်လွှတ်ပါ ဆာရစ်ချက်ခင်ဗျာ"

ဆာရစ်ချက်က ခေါင်းညိတ်ပြလိုက်မှ ထိုသူက စကားဆက်လာခဲ့သည်။

"ကျွန်းပြုပြီး မိတ်ဆက်ခွင့်ပြုပါ။ ကျွန်တော့်နာမည်က ဝီလီယံခရန်းလို့ ခေါ်ပါတယ်။ ကျွန်တော့်အဘိုးဟာ ခင်ဗျားအဘိုးရဲ့သူငယ်ချင်း သင်းအုပ်ဆရာပါ။ ခင်ဗျားကို ပေးဖို့ စာတွေ ပါလာပါတယ်"

"ဟုတ်ပြီ။ ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်"

ဆာရစ်ချက်သည် ပြုံး၍ ပဋိသန္ဓာရစကား ပြောလိုက်ပြီး အိမ်ဖော်ခေါင်းဆောင်ဘက်သို့ လှည့်ပြောလိုက်သည်။

"ကဲ..ဂျိမ်း(စ်)ရေ၊ တို့နှစ်ယောက်အတွက် ဝိုင်တစ်ခုခု စာကြည့်တိုက်ထဲကို လာပို့ပေး။ ပြီးရင် ငါ့အဝတ်အစားနဲ့ ပစ္စည်းတွေကို ဒီအခန်းထဲ ပြောင်းထားလိုက်။ ရှေ့လျှောက် ဒီမှာပဲ ငါအိပ်တော့မယ်"

◆◆◆

ကက်စတင်ဟမ်စ်အိမ်ကြီး၏ စာကြည့်တိုက်အတွင်း၌ ဖြစ်သည်။

ဆာရစ်ချက်သည် ဝီလီယံခရမ်းကို ဝိုင်ဖြင့် ဧည့်ခံခဲ့သည်။ သူသည် ဝိုင်ခွက်ကို ပြန်ချလိုက်ပြီး ဝီလီယံခရမ်းပေးခဲ့သည့် စာရွက်များကို ဖတ်ကြည့်လိုက်သည်။ ၄င်း၏ အဘိုး ဆာမက်သယူးထံ မပေးဖြစ်ခဲ့သည့် စာများပင်ဖြစ်သည်။ နောက်ဆုံးစာထဲတွင် ဆာမက်သယူး ထူးဆန်းစွာ သေဆုံးခဲ့သည့်နေ့က ထူးခြားချက်များကို အလေးပေးဖော်ပြထားကြောင်း တွေ့လိုက်ရလေသည်။ ဆာရစ်ချက်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ရင်း ပြောလာခဲ့သည်။

"ဟုတ်ပြီ..ဟုတ်ပြီ။ တကယ့်ကို မယုံနိုင်စရာဘဲဗျ။ အဘိုးသေတဲ့နေ့တုန်းက သူ့အလောင်းဘေးနားမှာ သမ္မာကျမ်းစာအုပ်ကို ခင်ဗျားအဘိုးက တွေ့ခဲ့သတဲ့။ အမှတ်တမဲ့ကောက်ယူလှန်ကြည့်လိုက်တော့ ထိပ်ဆုံးစာကြောင်းမှာ ထိုအရာအား သုတ်သင်ရှင်းလင်းပစ်လော့လို့ ရေးထားတာကို တွေ့လိုက်ရသတဲ့။ အဲဒါဟာ အိပ်ခန်းဘေးက တောစိုးပင်ကြီးကို ရည်ညွှန်းတာပဲဖြစ်မယ်လို့ ခင်ဗျားအဘိုးက ယုံကြည်ခဲ့သတဲ့လေ"

"ဟုတ်လား။ အဲဒါဟာ တိုက်ဆိုင်မှုတစ်ခုပဲလို့ ယူဆနိုင်ပေမယ့် ထူးခြားနေတာတော့ အမှန်ပဲ။ အဲဒီစာအုပ် ရှိသေးလား။ ကြည့်ချင်လိုက်တာဗျာ"

"ရှိတာပေါ့ဗျာ။ အဘိုးစာအုပ်တွေအားလုံး ဒီစာကြည့်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ထဲမှာ သိမ်းထားခဲ့တာ။ ဖုန်တွေဘာတွေတောင် တက်နေလား မသိဘူး'

ဆာရစ်ချက်သည် ပြောရင်းဆိုရင်း ထသွားခဲ့သည်။ တို့နောက် နံရံကပ်စာအုပ်စင် တစ်နေရာရှိ သားရေဖုံးစာအုပ်တစ်အုပ်အား ဆွဲယူ၍ နေရာတွင် ပြန်ထိုင်လိုက်သည်။ ပြီးလျှင် စာအုပ်အား လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ပြောလိုက်သည်။

'ဒီစာအုပ်ပဲဗျ။ ကြောင်တောင်တောင်တော့ နိုင်မလားမသိဘူး။ အခု ကျုပ်အထွက် ဘာများကြိုမလဲလို့ စမ်းကြည့်ချင်လာတယ်။ ကြိုရာစာမျက်နှာကိုလှန်ပြီး ထိပ်ဆုံးကစာကြောင်းကို ဖတ်ကြည့်မယ်လေ။ ကျုပ်တို့အဘိုးတွေ လုပ်ခဲ့ကြသလိုပေါ့'

သူသည် ပြောပြောဆိုဆိုနှင့် စာအုပ်ကို ဖျတ်ခနဲလှန်၍ ထိပ်ဆုံးကစာကြောင်းကို အသံထွက်ဖတ်လိုက်သည်။

'မိုးလင်းတာနဲ့ သင်ဟာ ကျွန်ုပ်ကို လိုက်ရှာလိမ့်မယ်။ ဒါပေမဲ့ ကျွန်ုပ်က အဲဒီနေရာမှာ ရှိတော့မှာ မဟုတ်ဘူးတဲ့။ ဒါဟာလည်း တောစိုးပင်ကြီးနဲ့ပတ်သက်ပြီး သတိပေးတာပဲ ဖြစ်လိမ့်မယ် ထင်တယ်'

ဆာရစ်ချက်သည် စာအုပ်ကို ပြန်ပိတ်လိုက်သည်။ တို့နောက် စိတ်ပိုင်းဖြတ်ပြီးဟန်ဖြင့် လှမ်းပြောလိုက်သည်။

'ကဲ..ဝီလီယံရေ၊ ကျုပ်အလှည့်မှာ လက်ဦးမှုယူထားမှဖြစ်မယ်။ မနက်ဖြန်ကျရင် အဲဒီအပင်ကြီးကို ရှင်းပစ်ခိုင်းလိုက်တော့မယ်'

◆◆◆

အဘိုးဖြစ်သူ၏ အခန်းသို့ ပြောင်းအိပ်သည့် ပထမဆုံးည။

သန်းခေါင်ယံတိတိအချိန်တွင်ဖြစ်သည်။ ဆာရစ်ချက်ဖဲ(လ်)တစ်ယောက် ကြမ္မာဆိုး၏ လက်ဦးမှုကို ခံသွားခဲ့ရသည်။ မရဏာတောစိုးပင်ကြီးအား သုတ်သင်ရှင်းလင်းပုံများကို မြင်မသွားခဲ့ရှာတော့။ သန်းခေါင်ယံအိပ်မောကျချိန်တွင် ထူးဆန်း၍ ကြောက်မက်ဖွယ် မည်းမည်းလုံးလုံး သတ္တဝါတစ်ကောင်သည် ၄င်း၏ ခုတင်ထက်မှ ဖျတ်ခနဲခုန်ဆင်းချလာခဲ့သည်။ ပြီးလျှင် ဖွင့်ထားသည့် ပြတင်းပေါက်ဆီသို့ လှစ်ခနဲ ပြေးသွားသည်။

ထိုသတ္တဝါ၏ လှုပ်ရှားပုံက လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှသော်လည်း မည်သည့်အသံမျှမထွက်ခဲ့။ မျက်စိတစ်မှိတ်အတွင်း၌ပင် ပြတင်းပေါက်မှတစ်ဆင့် တောစိုးပင်ကြီးပေါ်သို့ ခုန်ကူးကာ သစ်ကိုင်းသစ်ခက်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ထိုသတ္တဝါကို မြင်တွေ့လိုက်သူ တစ်ဦးမျှ မရှိပေ။ သို့ရာတွင် နောက်တစ်နေ့ နံနက်ပိုင်း၌ သူ၏အဘိုး ကြုံခဲ့ရသည့်အတိုင်း တစ်ကိုယ်လုံး ပြာနှမ်းနေသည့် ဆာရစ်ချက်၏ အလောင်းကိုသာ တွေ့မြင်ခဲ့ကြရလေသည်။ ဝီလီယံခရမ်းသည် မိတ်ဆွေအသစ်စက်စက် ဆာရစ်ချက်၏ ကြမ္မာဆိုးသတင်းကြောင့် တုန်လှုပ်သွားခဲ့ရသည်။

'မိုးလင်းတာနဲ့ သင်ဟာ ကျွန်ုပ်ကို လိုက်ရှာလိမ့်မယ်။ ဒါပေမဲ့ ကျွန်ုပ်က အဲဒီနေရာမှာ ရှိတော့မှာ မဟုတ်ဘူးဟူသော သမ္မာကျမ်းစာအုပ်ထဲက စာသားများကိုလည်း ပြန်လည်မြင်ယောင်လာမိလေသည်။

သူသည် ကက်စတင်ဟမ်စံအိမ်သို့ သုတ်ခြေတင်သွားခဲ့သည်။ သူ ရောက်သွားချိန်တွင် ဆာရစ်ချက်၏ မိသားစုနှင့် အိမ်ဖော်များသည် ကြမ္မာငင်တောစိုးပင်ကြီးအနီးတွင် ဝိုင်းအုံနေကြသည်ကို တွေ့လိုက်ရသည်။ အိမ်ဖော်ခေါင်းဆောင် ဂျိမ်း(စ်)က သူ့ကို ရှင်းပြလာခဲ့သည်။

'ဆာရစ်ချက် မနေ့ညက နောက်ဆုံးပေးခဲ့တဲ့ အမိန့်အတိုင်း ဒီအပင်ကြီးကို ခုတ်လှဲပစ်ဖို့ ပြင်နေကြတာပါ'

ဂျိမ်း(စ်)သည် ဝီလီယံ၏အနီးသို့တိုးကာ အသံနှိမ့်၍ ဆက်ပြောလိုက်သည်။

'ဒီအပင်ကြီးမှာ ထူးခြားချက်ရှိနေတယ် ဆရာရဲ့၊ သိပ်ကိုထူးခြားတယ်ဗျ။ ပင်စည်က အခေါင်းကြီးဖြစ်နေပြီး အထဲမှာ သတ္တဝါတစ်ကောင်ကောင် ဝင်အောင်းနေတယ်လို့ ပြောကြတယ်'

ထိုစဉ်တွင် ဥယျာဉ်မှူးသည် လှေကားတစ်စင်း ထမ်းလာပြီး သစ်ပင်ကြီးဘေးတွင် ကပ်ထောင်လိုက်သည်။ ထို့နောက် မီးအိမ်ကိုဆွဲလျက် တက်သွားကာ ခွဆုံရှိ သစ်ခေါင်းကြီးအတွင်းသို့ ငုံ့ကြည့်လိုက်သည်။

'အောင်မယ်လေး..ဘာကြီးလဲ'

သူသည် ကြောက်လန့်တကြား အော်ဟစ်လိုက်ပြီး လှေကားပေါ်မှ နောက်ပြန်လန်ကျလုနီးပါး ဖြစ်သွားခဲ့သည်။ လက်အတွင်းက မီးအိမ်သည်လည်း သစ်ခေါင်းကြီးအတွင်းသို့ လွတ်ကျသွားခဲ့သည်။ သစ်ခေါင်းကြီးအတွင်း၌ ခဏချင်းပင် မီးစွဲလောင်တော့သည်။

'ဟာ..ဟာ..ဟိုမှာ ဘာကောင်ကြီးလဲ မသိဘူး'

'ပင့်ကူကြီး..ဧရာမပင့်ကူကြီးဟေ့'

www.burmeseclassic.com

www.burmeseclassic.com

မီးလောင်နေသည့် သစ်ခေါင်းအတွင်းက ပြေးထွက်လာသူနှင့် မည်းမည်းသဏ္ဌာန်ကောင်ကို မော့ကြည့်လိုက်ရသဖြင့် တစ်ယောက်တစ်ပေါက် အော်လိုက်ကြခြင်းဖြစ်သည်။ ပင့်ကူနက်ကြီးနှင့်တူသော ထိုသတ္တဝါကြီးသည် လူဦးခေါင်းအရွယ်ခန့်ရှိသည်။ မီးခိုးရောင်အမွေးများကလည်း တစ်ကိုယ်လုံးကို ဖုံးအုပ်လျက်ရှိလေသည်။

'ဟာ..ဟိုမှာတစ်ကောင်၊ ဟင်..နောက်ထပ် ထွက်လာဖြန်ပြီ'

'ဟေ့..ဟေ့..တစ်ပြုံကြီး ထပ်ထွက်လာပြီ။ ဝိုင်းရိုက်ကြ။ ကြည့်မနေကြနဲ့။ လိုက်ရိုက်ကြလေ'

သစ်ခေါင်းကြီးအတွင်းမှ မီးလွတ်ရာသို့ ပြေးထွက်လာကြသည့် ကြောက်စရာသတ္တဝါများကို လက်ညှိုးထိုး၍ အော်သူကအော်၊ သတိပေးသူကပေးဖြင့် ဘဝဂ်ညံသွားတော့သည်။ ၄င်းတို့သည် ခေတ္တမျှကြောင်ကြည့်နေကြပြီးနောက် တွေ့ရာတုတ်များကိုဆွဲကာ အနီးသတ္တဝါများအား တစ်ယောက်တစ်လက် လိုက်ရိုက်ကြတော့သည်။

ပင်စည်ခေါင်းကြီးကို စွဲလောင်နေသည့် မီးသည် နာရီဝက်ခန့်အကြာတွင် အလိုအလျောက်ငြိမ်းသွားခဲ့သည်။ မီးခိုးများ တအုံကြွားတွင် ပင်စည်တစ်ခြမ်း ပွင့်ထွက်သွားသည်ကိုလည်း တွေ့လိုက်ကြရလေသည်။ ဝီလီယံခရမ်း၊ ဂျိမ်း(စ်)နှင့် မကြောက်တတ်သော အိမ်ဖော်အချို့သည် မီးလောင်လာသည့် သစ်ခေါင်းမည်းမည်းကြီးအတွင်းကို ဝိုင်းကြည့်ခဲ့ကြသည်။

'ဟိုဟာ ဘာတွေလဲမသိဘူး။ အရိုးတွေနဲ့ တူသလိုပဲ'

'ဟာ..ဟုတ်တယ်ဟေ့။ ဟို..ဟိုမှာ လူခေါင်းရိုးကြီး မဟုတ်လား'

'ဟင်..ဘယ်ကဘယ်လို လူရိုးတွေ ဒီသစ်ခေါင်းထဲရောက်နေရပါလိမ့်။ နေကြဦး၊ ဆရာဝန်ကြီးကို သွားခေါ်ကြမှဖြစ်မယ်'

'ကဲ..ဂျိမ်း(စ်)ရေ၊ မင်းပဲ ဆရာဝန်ကြီးကို ပြေးခေါ်လိုက်တာကွ'

တစ်ယောက်တစ်ခွန်း ထင်ကြေးပေးနေကြသဖြင့် ဝီလီယံခရမ်းက ဂျိမ်း(စ်)ကို လှမ်းပြောလိုက်လေသည်။

'ဟုတ်ကဲ့ ဆရာ'

ဂျိမ်း(စ်)သည် စကားမဆုံးမီပင် ခပ်သွက်သွက်လှမ်းထွက်သွားတော့သည်။

◆◆◆

'အင်း..ဒါတွေက အမျိုးသမီးကြီးတစ်ယောက်ရဲ့အရိုးတွေပဲ။ လွန်ခဲ့တဲ့အနှစ်လေးဆယ်လောက်က သေခဲ့တာဖြစ်မယ်'

ဆရာဝန်ကြီးသည် လူရိုးများကို အနုလုံပဋိလုံ စစ်ဆေးပြီးနောက် မှတ်ချက်ပေးလိုက်လေသည်။ ဝီလီယံခရမ်းသည် ထစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် ရုတ်တရက် ပြောလိုက်သည်။

'အင်း..အတိုးပြောပြခဲ့ဖူးတဲ့ ဟိုစုန်းမကြီးရဲ့ အရိုးတွေများလား မသိဘူး'

အိမ်ဖော်ခေါင်းဆောင် ဂျိမ်း(စ်)သည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး တအံ့တသြပြောလိုက်လေသည်။

'ဟာ..ဟုတ်တယ်။ အဲဒီစုန်းမကြီး အလောင်းကို ဘုရားရှိခိုးကျောင်းက သခ်ၤဂြိုင်းဖျက်တုန်းက မတွေ့ခဲ့ကြရဘူးလေ။ အဲဒီကနေ ဒီသစ်ခေါင်းကြီးထဲကို ဘယ်လိုရောက်နေရတာလဲ'

လူအားလုံး တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ မည်သူထံကမျှ အဖြေထွက်မလာခဲ့။

ထိုကိစ္စသည် ယနေ့အထိတိုင်အောင် အဖြေရှာမရသည့် ပဟေဠိတစ်ပုဒ်လည်း ဖြစ်နေလေတော့သည်။

ကျော်ဇော(စားလှုံ)

M.R.JAMES ၏ *THE ASH-TREE* ကို ဘာသာပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်မား (ဗိုလ်ကလေး) တေ၏ ဆန်းကြယ်ခြင်း

(အမဲလိုက်မှဆိုး ဂမ္ဘီရဝတ္ထု)

အချိန်ကာလအားဖြင့် (၁၉၇၀)ပြည့်နှစ်ဝန်းကျင်။

နေရာဒေသက ကချင်ပြည်နယ်၊ ဗန်းမော်နယ်စပ်က သစ်ပင်ထူထပ်လှသော တောကြီး။

ထိုတောကြီးအတွင်း ရောက်နေသူများက နယ်ခံမှဆိုး ဦးတူးရာနှင့် နယ်လှည့်မှဆိုး စောဂျိမ်း။ နောက်တစ်ယောက်က ဦးတူးရာ၏တပည့် ထန်ခူးမား။

တောပစ်ထွက်ကြရင်း ရွာနှင့် အတော်ဝေးဝေးကို ရောက်လာကြသောကြောင့် တောတွင်းမှာ တစ်ည အိပ်လိုက်ကြရပြီး ယခုလည်း နေအတော်စောင်းနေပြီဖြစ်၍ တောတွင်းမှာပင် အိပ်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

တောတောင်ထူထပ်၍ သစ်ခုတ်ရန် ခက်ခဲလှသော ဒေသဖြစ်ခြင်းကြောင့် ကျွန်း၊ ကညင်၊ အင်ကြင်းပင်ကြီးများက ကြီးချင်တိုင်းကြီးကာ တချို့အပင်ကြီးများဆိုလျှင် လူ(၃၊ ၄)ယောက်ဖက်စာမျှ ကြီးမားလှသည်။ ပင်ချင်းခက်၍ နွယ်ချင်းယှက်ဆိုသလို အောက်ခြေတွင် အပင်ချင်းဝေးကွာသော်လည်း အပေါ်တွင်တော့ အကိုင်း၊ အခက်၊ အရွက်များ ရောယှက်နေသည်။

ဦးတူးရာက-

"စောဂျိမ်း..တို့ ဒီနေ့တော့ ဒီမှာပဲ နားလိုက်ကြရအောင်ကွာ"

"ကောင်းတယ်လေ။ ခင်ဗျားတပည့် ထန်ခူးမားလည်း

www.burmeseclassic.com

www.burmeseclassic.com

ချေကို ထမ်းလာရတာ မောနေရောပေါ့'

အတော်ကြီးသော ကျွန်းပင်ကြီးတစ်ပင်အောက်တွင် အိုင်္ဂလိပ်သရိုက်များရှင်းကာ စခန်းချလိုက်ကြသည်။ စောဂျိမ်းတို့အဖွဲ့က မနေ့ကတစ်နေ့လုံး တောတွင်းမှာ ခြေတိုအောင် လျှောက်လာကြရသော်လည်း ဟင်းစားကောင်တစ်ကောင်မျှ မရခဲ့။ တောကောင်ခြေရာများ မကြာခဏ တွေ့ရသော်လည်း မိုးသာချုပ်သွားရော အချည်းနှီးသာ။

ဒါပေမဲ့ ဒီနေ့ ပစ်လိုက်သော ချေကို ရလိုက်ပုံက ထူးထူးဆန်းဆန်း။ မုဆိုးဆိုတာ ဟင်းစားကောင်ရရေး၊ တောကောင်ရရေးအတွက် ပင်ပင်ပန်းပန်းနှင့် သားကောင်နောက်ကို လိုက်နေရသော်လည်း တစ်ခါတလေ တစ်နေ့လုံး နေလို့ တစ်ကောင်မတွေ့။ တွေ့တော့လည်း ပစ်ဖို့ အခွင့်အရေးမရတတ်။ ပစ်ခွင့်ကြုံပြန်တော့လည်း မထိပြန်။ ပစ်လို့ ထိသွားသော်လည်း နေရာမှာ လဲမသွား၍ သားကောင်ကို မရလိုက်ပြန်။ သားကောင်တစ်ကောင်ရဖို့ အခက်အခဲအမျိုးမျိုး ကြုံရတတ်သည်။

တောကနက်သည့်အပြင် အောက်ခြေကလည်း ရွှံပ်သောကြောင့် ပင်ပင်ပန်းပန်း တောတိုးလာရသည့်အပြင် တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်ကျနေကြသောကြောင့် စောဂျိမ်းတို့အဖွဲ့ တစ်နေရာတွင် နားလိုက်ကြသည်။

ဦးတူးရာက-

'မောပြီဟေ့၊ ဒီနားမှာနားပြီး ထမင်းစားလိုက်ကြရအောင်'

တပည့်ထန်ခူးများက ဝါးပိုးဝါးတစ်လုံးကိုခုတ်ကာ ပါလာသော ဆန်များနှင့် ထမင်းချက်ရန်ပြင်သည်။ စောဂျိမ်းက ထန်ခူးများ လမ်းတွင် ဒူးလေးနှင့် ပစ်၍ရလာသော ငှက်ငန်း (ခေါ) ချိုးငန်းနှစ်ကောင်ကို ဟင်းစားလုပ်ရန် ဝိုင်းကူလိုက်သည်။ ငှက်ငန်းက တစ်ကောင်ကို ကြက်မတစ်းတစ်ကောင်မျှ အလေးချိန်စီးသည်။ စား၍ အင်မတန် အရသာရှိသည်။ စောဂျိမ်းက ငှက်ငန်းနှစ်ကောင်ကို ခေါင်းဖြတ် အရေခွံဆုတ်ကာ ခုတ်ထစ်၍ ပြုတ်လိုက်သည်။ ထို့နောက် ပါလာသော ဆား၊ နနွင်းများနှင့်နယ်ကာ ဟန်းကောချိုင့်တွင်ထည့်၍ ကြော်လိုက်သည်။

ထန်ခူးများက မီးဖိုကာ တန်းထိုး၍ ဆန်နှင့်ရေထည့်ဆားသော ဝါးပိုးဝါးဖြင့် ထမင်းချက်လိုက်သည်။ ဦးတူးရာက တောထဲကိုဝင်ကာ တစ်စုံတစ်ခုကို ဆွဲလာသည်။

စောဂျိမ်းတို့ကို ထောင်ပြလိုက်ကာ-

'ဒါ ဘာလဲဟေ့၊ မင်းတို့ သိလား'

စောဂျိမ်းက ဦးတူးရာကို ကြည့်ကာ-

'မျှစ်တွေပေါ့ဗျ'

'အေး..မျှစ်တော့မျှစ်ပဲ။ ဒါက ရိုးရိုးမျှစ် မဟုတ်ဘူးကွ။ မျှစ်ပျံလို့ခေါ်တယ်။ ဒီရာသီမှာ မျှစ်စို့၊ မျှစ်နုတွေက တုံးနေပြီ။ အချို့မျှစ်တွေက ပျံကုန်ပြီ။ ပျံကုန်တယ်ဆိုတာက ရင့်ကုန်တာ ပြောတာပါ။ ရင့်ကုန်တော့ စားလို့မရတော့ဘူးပေါ့'

ဦးတူးရာက ကိုင်လာသော မျှစ်များကို အပင်အရင်းမှ ကိုင်၍ သွက်သွက်ခါအောင် လှုပ်လိုက်သည်။ ထိုအခါ အမျှားပိုင်းက ဆတ်ခနဲ,ဆတ်ခနဲ ကျိုးကျလာသည်။ ထို ကျိုးကျလာသော မျှစ်ပျံအဆစ်များကို ဖယ်လိုက်ကာ အဆစ်နှစ်ခုကြားမှ နုသောအပိုင်းကို ဦးတူးရာက ဓားနှင့် လှီးထုတ်လိုက်သည်။

'ဒါကို ပြုတ်လိုက်ရင် တို့စရာရပြီပေါ့ကွာ'

တောထဲက ထမင်းဝိုင်းတွင် ဝါးနဲ့သင်းနေသော ထမင်းပူပူနွေးနွေး ငှက်ငန်းကြော်၊ ဆတ်သားခြောက်ဖုတ်၊ မျှစ်၊ တို့စရာ၊ ငရုတ်သီးခြောက်ကိုထောင်း ဆားနှင့်နယ်ကာ ဆီဆမ်းထားသော ငရုတ်သီးထောင်းတို့ဖြင့် မြိန်ဆိုင်လှသည်။ သုံးယောက်သား မောမောနှင့် ထမင်းကို ငုံကာ စားနေကြသည်မှာ ခေါင်းမဖော်နိုင်ကြ။

ထိုအချိန်တွင် ကိုက်(၃၀)ခန့်အကွာလောက်ဆီမှ-

'ဝေါ..ဗြော..ဗြော' ဟူသော အသံများနှင့်အတူ စောဂျိမ်းတို့ ထမင်းစားနေသော နေရာဆီသို့ တည့်တည့်ပြေးလာနေသော သတ္တဝါတစ်ကောင် စောဂျိမ်းတို့ ထမင်းစားနေသည့်နေရာက ကုန်းမြင့်ကလေးပေါ်ကို ရောက်နေသည့်အပြင် ပြေးလာသော သတ္တဝါကောင်နှင့် သူတို့အကြားတွင် ဥနဲ့ချုပုပုကလေးများ ပေါက်နေသောကြောင့် သတ္တဝါကောင်က စောဂျိမ်းတို့ကို မမြင်ဘဲ တည့်တည့်ပြေးလာနေခြင်း ဖြစ်သည်။

စောဂျိမ်းတို့လည်း ဆူဆူညံညံအသံကြောင့် ခေါင်းထောင်ကြည့်လိုက်ကြကာ မိမိတို့ရှိရာသို့ တည့်တည့်ပြေးလာနေသော သတ္တဝါကောင်ကြောင့် ကြောင်ကြည့်နေကြစဉ် သတ္တဝါကောင်က (၁၀)ကိုက်အကွာလောက်ရောက်မှ စောဂျိမ်းတို့ကို မြင်သွားသောကြောင့် တုံ့ခနဲဖြစ်သွားကာ ဝဲဘက်သို့ လှည့်၍ ပြေးလေတော့သည်။ သို့သော်-

'ဒိန်း'

www.burmeseclassic.com

www.burmeseclassic.com

ဦးတူးရာဆီမှ တူမီးက အသံထွက်သွားခြင်းဖြစ်သည်။ သတ္တဝါကောင်က (၃)ပေလောက်အထိ မြောက်တက်သွားကာ ပက်လက်လန်၍ မြေပြင်ပေါ်သို့ ဗုန်းခနဲမြည်ကာ ပြန်ကျသွားသည်။ မြေကြီးပေါ်မှ ကုန်းထရန် ကြိုးစားသော်လည်း ခွေခနဲ ပြန်လဲကျသွား၍ အကြောဆွဲနေတော့သည်။

ဦးတူးရာတို့ အနားရောက်တော့ အသက်ပျောက်နေပြီဖြစ်သည်။ စောဂျိမ်းက သတ္တဝါကောင် ပြေးထွက်လာသော လမ်းကြောင်းဆီသို့ တူမီးကို အသင့်ကိုင်ကာ ကြည့်နေသော်လည်း ဘာကောင်မျှထွက်မလာ။

ဦးတူးရာက-

'ချေပေါက်ကလေးပဲကွ။ တို့ကရွာတော့ မတွေ့ဘူး။ ဒီကောင်က တို့ဆီ ပြေးလာတော့ သေချင်လို့ပေါ့ကွာ'

ထန်ခူးမားက စကားသံဝဲဝဲဖြင့်-

'တို့ကံပဲဟေ့၊ စားထိုက်လို့ဟေ့'

စောဂျိမ်းက-

'တစ်ကောင်ကောင် နောက်က လိုက်လာတယ်ထင်လို့ ကြည့်နေတာဗျ။ ဘာကောင်မှ လိုက်မလာဘူး။ ဒီကောင်တော့ ကံဆိုးတာပဲ'

ဦးတူးရာက-

'ငါလည်း တစ်ကောင်ကောင် နောက်က လိုက်လာလို့ လန့်ပြီး ပြေးလာတာလို့ထင်တာ။ ဒါပေမဲ့ ချေဆိုတာမျိုးက ချေအီးချေလန့်ဆိုတာ ရှိတယ်မဟုတ်လား။ တစ်ခုခုကို လန့်ပြီး ပြေးလာတာပဲ။ သူ့အတွက်ကတော့ ကံဆိုး၊ တို့အတွက်ကတော့ မရှာရဘဲ ပစ်ကွင်းဆီကို ဝင်လာလို့ ကံကောင်း'

'ဦးတူးရာကတော့ လက်သွက်ပါဗျာ။ ကျုပ်တောင် ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေတာ။ ထမင်းစားရင်းတန်းလန်းဆိုတော့ တူမီးမှာတောင် ထမင်းတွေ ပေကုန်ပြီ'

'ကျုပ်လည်း ခင်ဗျားလိုပါပဲဗျာ။ ကမန်းကတန်းထပစ်ရတော့ တူမီးလည်း ညစ်ပတ်ကုန်ပြီ'

မုဆိုးကံကောင်း ဆိုသည့်အတိုင်း မမျှော်လင့်ဘဲရလိုက်သောချေကို တစ်ယောက်တလှည့်ထမ်းကာ ကျွန်းပင်ကြီးအိမ်တွင် နားလိုက်ကြသည်။ မကြာခင် မှောင်တော့မည်ဖြစ်၍ ထန်ခူးမားက မီးဖိုကြီးတစ်ခုကို အရင်လုပ်လိုက်သည်။ အမိုးအနားမှ ဝါးများကိုခုတ်ကာ ယာယီတဲတစ်လုံး ဆောက်လိုက်သည်။ အိုးကတော့ ကျွန်းဖက်၊ အင်ဖက်နှင့် ဝါးရွက်၊ ဝါးကိုင်းများ ဖြစ်သည်။

ထန်ခူးမား တဲဆောက်နေစဉ်တွင် ဦးတူးရာနှင့် စောဂျိမ်းက ချေကောင်ကို ဖျက်နေကြသည်။ တချို့အသားများကို ကျုပ်တင်ရန် လုပ်လိုက်သည်။ ထမင်းကတော့ နေ့လယ်ကတည်းက ချက်ထားပြီးဖြစ်၍ ပူစရာမလိုတော့။

ဦးတူးရာက-

'ထန်ခူးမားတို့ တောထဲဝင်ရင် လုပ်နေကျ တင်မြောက်တာတွေ မင်း လုပ်လိုက်ဦးနော်။ ချေရဲ့ အဖျားအနားတွေ ငါ ဖယ်ထားတယ်။ တောကောင်လည်း နောက်ထပ်ပေးအောင် တောင်းလိုက်ဦး'

ထန်ခူးမားက မီးပုံကို နောက်ထပ် နှစ်ပုံခွဲ၍ လုပ်နေရင်း-

'ဟုတ်'

ထိုနေ့က ညနေစာအတွက်က အထူးအထွေ ပြောစရာမလိုတော့။ ချေအူချိုသုပ်၊ ချေသားလုံးကြော်၊ မြူရွက်သုပ်နှင့် ငရုတ်သီးထောင်းတို့ဖြစ်သည်။ နေအတော်စောင်းသည်နှင့် တောက နက်လှသောကြောင့် အမှောင်ထုက စောစော စီးစီး ရောက်လာသည်။

ထမင်းမစားမီ ဦးတူးရာနှင့် ထန်ခူးမားတို့တွင် ပါလာသော ကချင်အရက်နှင့် ဝိုင်းစလိုက်ကြသည်။ မီးဖိုသုံးဖိုကို ထင်းခြောက်၊ ဝါးခြောက်များထည့်ရင်း ဝါးခြောက်များက တဖြောင်းဖြောင်းနှင့် မီးလောင်ပေါက်ကွဲသံက တောတွင်းကို ဖြိုခွင်းလိုက်သည်။

ထမင်းစားသောက်ပြီး အလှည့်နှင့် ကင်းစောင့်ရင်း အိပ်ရန်အတွက် ဦးတူးရာက ထန်ခူးမားကို အရင်ဆုံး စောင့်ခိုင်းလိုက်သည်။ တောက နက်သောကြောင့် သတိနှင့် စောင့်ရန်လည်း ထန်ခူးမားကို မှာရသည်။ ထန်ခူးမားက မီးပုံများကို ထင်းများ ကောက်ထည့်လိုက်၊ လမ်းလျှောက်လိုက်နှင့် သူတာဝန်ကို ကျေပွန်အောင် လုပ်သည်။

ည၌နက်လာသည်နှင့်အမျှ တောက တိတ်ဆိတ်ခြင်း သက်နေကာ တစ်ခါတစ်ရံတွင် တောမျောက်များ၏ အိပ်တန်းလုရင်း အော်သံမှအပ တိတ်ဆိတ်နေသည်။ ပုရစ်အော်သံများက ဟိုမှသည်မှ တစ်ချက်၊ တစ်ချက် ထွက်လာကာ ပျောက်သွားလိုက်၊ ပေါ်လာလိုက် တိတ်ဆိတ်နေသောကြောင့် ခပ်ဝေးဝေးမှ ကြွက်များ ပြေးနေသော အသံကိုပင် ကြားနေရသည်။

ထန်ခူးမားက လမ်းလျှောက်ရင်း ညောင်းလာသောကြောင့် ခဏထိုင်လိုက်သည်။ ထို့နောက် မည်းမှောင်ခ

www.burmeseclassic.com

www.burmeseclassic.com

သော ပတ်ဝန်းကျင်ကို ဘာရယ်လို့မဟုတ်၊ မေ့ကြည့်လိုက်သည်။ ထိုအချိန်တွင် ရှေ့ကိုက်(၃၀)အကွာလောက်တွင်ရှိသော ပင်စည်ဖွေးဖွေးနှင့် ကညင်ပင်ကြီးက လေတိုက်သလို အသံမြည်ကာ ကျုပ်ကျုရိုးများလို ကိုင်းညွှတ်လာသည်။

ထန်ခူးမားက ကြောင်၍ကြည့်နေသည်။ ကိုင်းညွှတ်လာသော ကညင်ပင်ကြီးက လဲကျမသွားဘဲ ပြန်ထောင်လာသည်။ နောက်တစ်ကြိမ် ထိုကဲ့သို့ ကိုင်းညွှတ်ကျလာပြန်သည်။

ထန်ခူးမားက ကြည့်နေဆဲ။ ဦးတူးရာနှင့် တောလည်ခဏ,ခဏ ထွက်ဖူးသောကြောင့် ထိုအတွေ့အကြုံများက သူ့အတွက် ရိုးနေပြီ။ ကညင်ပင်ကြီးက ပြန်ထောင်အသွားတွင် ထန်ခူးမားက တောက်တစ်ချက် ခတ်လိုက်သည်။

ထန်ခူးမား တောက်ခတ်ပြီးနောက် တစ်နေရာမှ ထန်ခူးမားလို တောက်ခတ်သံ တစ်ချက်က အကျယ်ကြီးထွက်လာသည်။ ထန်ခူးမားပင် လန့်သွားသည်။ ပဲ့တင်သံမျိုးမဟုတ်။ တစ်စုံတစ်ယောက်က ခတ်လိုက်သံမျိုးဖြစ်သည်။ ထိုအခါကျမှ ထန်ခူးမားက တူမီးသေနတ်ကြီးကို ကောက်ဆွဲကာ ပစ်ရန် ပြင်လိုက်သည်။

ထိုအချိန်တွင် ဦတူးရာက-

'ထန်ခူးမား..မလုပ်နဲ့၊ မလုပ်နဲ့'

ဦးတူးရာက အိပ်နေရာမှ ထလာကာ ထန်ခူးမားအနားကို ရောက်လာသည်။

'တူးရာ..နင်နိုးနေတာလား'

'အေး..ငါ အကုန်သိတယ်'

'ငါ့ကို ဒုက္ခပေးနေတာကွ။ ငါ့ကို ကြောက်မယ်ထင်လို့နဲ့တူတယ်'

ထိုအချိန်တွင် ကညင်ပင်ကြီးက ဘာလှုပ်ရှားမှုမှမရှိတော့၊ ငြိမ်ငြိမ်သက်သက်ပင်။ ဦးတူးရာက ထန်ခူးမားကို ပခုံးဖက်ကာ ထိုင်ခိုင်းလိုက်သည်။ နှစ်ယောက်သား ရေနွေးကြမ်း ထိုင်သောက်နေလိုက်ကြသည်။ စောဂျိမ်းကတော့ တခေါခေါနှင့် ဟောက်နေဆဲ။

နံနက်လင်းတော့ ပစ္စည်းများကို ထုပ်ပိုးလိုက်ကာ ခရီးဆက်ကြသည်။ လမ်းတွင် ဦးတူးရာက-

'စောဂျိမ်း..မင်း ညက ကောင်းကောင်းအိပ်ရရဲ့လား'

'ဦးတူးရာ..ပင်ပန်းလာလို့လား မသိဘူး၊ အရမ်းအိပ်လို့ကောင်း။ ကျုပ်ကို ဘာလို့ မနှိုးတာလဲ။ ကျုပ်လည်း တစ်လှည့်စောင့်မှာပေါ့'

'ထန်ခူးမားနဲ့ အဖော်ရအောင် ငါလည်း မဆိုဝံချင်တာနဲ့ စောင့်တာပါ။ ညက ထန်ခူးမား ဘာဖြစ်တယ်ဆိုတာမင်း မသိလိုက်ဘူး။ ထန်ခူးမား ပြောပြလိုက်ပါကွာ'

ထန်ခူးမားက စောဂျိမ်းကို အံ့အြောင်းစုံ ပြောပြသည်။ စောဂျိမ်းက အံ့သြဟန်မပြ။ သို့ပေမယ့်-

'ကျုပ်တို့ ဘာတွေ အမှားလုပ်ခဲ့လဲ'

'အဲဒါ ပြောမလို့ကွ။ တို့က ချေကောင်ကိုဖျက်ပြီး အဖျားအနားတွေကို တင်မြှောက်ဖို့ ထန်ခူးမားကို ငါက မှာလိုက်တယ်။ ဖယ်တောင်ထားပြီးသား အပုံလိုက်ပဲ။ ဒါပေမဲ့ ထန်ခူးမားက မေ့သွားလို့တဲ့။ ထန်ခူးမားတွေ့တဲ့ အတိုင်း ငါက အိပ်နေရင်း တစ်ရေးနိုးလာလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အကုန်တွေ့ရတယ်။ ထန်ခူးမား တောက်ခတ်လိုက်တာလည်း ငါကြားလိုက်ရတယ်။ ဒါပေမဲ့ နောက်တစ်ခါ အကျယ်ကြီး တောက်ခတ်လိုက်တာ ငါ မကြားရဘူး။ ထန်ခူးမားက သူ ကြားလိုက်တယ်တဲ့။ လန့်တောင်သွားတယ်တဲ့'

'ဟုတ်တယ်၊ ငါက နင်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက် လုပ်တယ် ထင်နေတာ'

'စောဂျိမ်းက အိပ်နေတာ သိတောင် မသိဘူး။ အကျယ်ကြီး တောက်ခတ်တာကို ထန်ခူးမားက ကြားပြီး ငါက မကြားဘူးဆိုတော့..'

စောဂျိမ်းက-

'ထန်ခူးမား တစ်ယောက်ကိုပဲ ကြားစေချင်လို့နေမှာပေါ့ဗျာ။ ထန်ခူးမားကို မြှောက်ခိုင်းတာ သူက မေ့သွားတာကိုး'

တောဟူသည် လှိုဂ်၏၊ ဆန်းကြယ်၏၊ နက်နဲ၏။ မုဆိုးတိုင်း ထိုအတွေ့အကြုံမျိုးကို တစ်မျိုးမဟုတ်တစ်မျိုး တွေ့ဖူးကြုံဖူးကြပေလိမ့်မည်။ သူ့ဝေလေ့နှင့် သူ့ထုံးစံနှင့် ရောက်သည့်နေရာတွင် ဓလေ့ထုံးစံအတိုင်း ကျင့်သုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

ဦးတူးရာတို့ စောဂျိမ်းတို့က ဝါသနာအရရော ဝမ်းရေးအတွက်ပါ မုဆိုးလုပ်နေကြသောကြောင့် ရှေ့ဆက်၍ တောနှင့် ရင်ဆိုင်ကြရဦးမည်သာ။

အံ့မိုင်းညို့ဆိုင်း မည်းမှောင်လျက်ရှိသော တောကြီးက ဆီးကြိုလျက်..။

မောင်မြင့်မား(ဓိုလ်ကာလေး)

www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်အေး
(မန္တလေး)

တောဆင်ရိုင်းကြီး၏ ကလဲ့စား

အရက်သည် နီးကြားစပြုနေပေပြီ။ အရှေ့ဆီမှ ရောင်နီပင် မရဲတရဲ ပြူထွက်လာနေပြီ ဖြစ်၏။ အရက်ဦးမို့ ဝန်းကျင်တစ်ခွင် တောင်ခိုးတွေ ဝေနေသည်။ မြူတွေကလည်း ဆိုင်းနေဆဲ။ နှန်းစလိန် ကျေးရွာသည် မြူခိုးဝေဝေ ဖုံးနေချိန် ငြိမ်ဆိမ်တိတ်ဆိတ်လျက် ရှိ၏။ ကလေးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေ နိုးထခြင်း မရှိသေး သဖြင့် အသံဗလံများ ဆိတ်နေခြင်း ဖြစ်ပုံရသည်။

တောတွင်းတစ်နေရာဆီမှ လင်းကြက်တွန်သံ ခပ်သဲ့သဲ့မှ ကြားလာရ၏။ နှန်းစလိန်ရွာသား မောင်သိန်းဝင်းသည် စလူဖက်များ ခုတ်ရန် ပလူဇဝေချောင်းဖျားသို့ ထွက်လာခဲ့လေသည်။ ချောင်းရေက တသွင်သွင် စီးဆင်းနေသည်။ တောင်ကျောကို တက်လိုက်လျှင် စလူပင်တွေ ထူထပ်စွာ ပေါက်ရောက်နေသည်။ ထို့ကြောင့် မောင်သိန်းဝင်းက ပလူဇဝေချောင်း ရှိရာသို့ လာခဲ့ခြင်း ဖြစ်သည်။

ချောင်းကို ဖြတ်ကူးလိုက်သည်။ ရေက အေးလှ၏။ သို့တစေ အအေးဒဏ်ကို အမှုထား မနေအား၊

ဝမ်းရေးက ရှိနေသေးသည် မဟုတ်လား။ စလူဖူးတွေကို ညာလက်ဖြင့် ကိုင်ကာ ပေါင်လယ်ခန့် ချောင်းရေအတွင်း တစ်ပတ်စပ် လျှောက်လှမ်းသွား၏။ တစ်ဖက်သို့ ရောက်လုလု ခြေလှမ်းနောက်တစ်လှမ်းလှမ်းဖို့ အားယူလိုက်သည့် တစ်ခဏ ချောင်းအဖျား တစ်နေရာတွင် ဇရာမတောဆင်ရိုင်းကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရလေသည်။ မောင်သိန်းဝင်း အကြီးအကျယ် ထိတ်လန့်ချောက်ချား သွား၏။ တောဆင်ရိုင်းကြီးသည် မောင်သိန်းဝင်းအား သတိထားမိဟန် မတူချေ။ ဦးကင်းကို မော့လျက် ကော့ပျံနေသည့် အစွယ်တစ်စုံအကြားမှ ခဲရိုင်သော နှာမောင်းကြီးကို ဆန့်တန်းပြီး တောင့်ကျောရိုင်းပင် တစ်ပင်ကို ရစ်ပတ်ဆွဲယူကာ ပါးစပ်တွင်းသို့ ထိုးသွင်းလျက်ရှိ၏။

တောဆင်ရိုင်းကြီး သူ့ကို တွေ့မြင်မသွားမီ ပြေးမှဖြစ်တော့မည်။ မောင်သိန်းဝင်းသည် ရှေ့သို့ လှမ်းလုဆဲဆဲ လက်ဝဲခြေထောက်ကို ဆတ်ခနဲ ရုပ်လျက် ကိုယ်ကို အသာအယာယိုင်ပြီး နောက်သို့လှည့်ကာ နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြေးလာခဲ့၏။ တောဆင်ရိုင်းကြီးသည် သူ့အစာနှင့်သူ့မို့ လူတစ်ယောက် ထွက်ပြေးသွားသည်ကို သတိထားမိဟန် မတူချေ။ တောင့်ကျောရိုင်းပင်ကိုသာ အမြစ်က ခွဲနုတ်ယူပြီး ပါးစပ်တွင်းသို့ သွင်းလျက်ရှိသည်။

မောင်သိန်းဝင်း ရွာသို့ ပြန်လည်ရောက်ရှိသွားပြီး အကျိုးအကြောင်းကို ကြားသိရသော ကျေးရွာလူကြီးက ရွာသားများအား အမြန်စုစည်းလျက် မီးတုတ်များ၊ မီးစည်းများ၊ ဝါးလက်ခုပ်၊ သံပုံး စသည်တို့ ရရာစုစည်း၍ ပလူစဝရွာ ချောင်းစပ်သို့ အပြေးအလွှား သွားရောက်ကြ၏။ ချောင်းသို့ ရောက်ကြသောအချိန်အထိ တောဆင်ရိုင်းကြီးက အစာစားမယ့်က် ရှိနေဆဲဖြစ်သည်။

သို့ဖြစ်၍ ကျေးရွာလူကြီးက ခေါင်းဆောင်လျက် မီးတုတ်တွေ တဝင့်ဝင့်၊ မီးစည်းများ တယမ်းယမ်း၊ သံပုံးတွေ တဘုန်းဘုန်း ရိုက်ပုတ်၍ လူအုပ်ဖြင့် တောဆင်ရိုင်းကြီးအား ဝိုင်းဝန်းခြောက်လှန့် မောင်းထုတ်ပစ်ကြ၏။ ကနဦးမှာ တောဆင်သည် လူအုပ်ကြီးကို အခိုက်အတန့်မျှ တွေ၍ ကြည့်နေလိုက်၏။ သည့်နောက် အတော်ကြာမှ တောတွင်းသို့ ချာခနဲ လှည့်ဝင်သွားလေသည်။ တောဆင်ကြီး တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့မှပင် ရွာသားများလည်း ဟီးချနိုင်ကြ၏။ ကျေးရွာသားများ အဆိုအရ တောဆင်ရိုင်းကြီးသည် ကလေးဝ-မော်လိုက် ကားလမ်းအတိုင်း ထွက်ခွာသွားသည်ဟု သိရှိရပေသည်။

* * *

နေထုန်းတစ်ဖျားအချိန်။

နန်းစလိန်ကျေးရွာ အစွန်ပိုင်းရှိ နေအိမ်တစ်ခုအနီးသို့ အရိပ်မည်းကြီးတစ်ခု တဖြည်းဖြည်း ချဉ်းကပ်လာနေလေသည်။ အရိပ်မည်းကြီး ချဉ်းကပ်လာပုံက တိုးတိတ်ညင်သာလွန်းသည်ဖြစ်ရကား နေအိမ်အတွင်းမှ အိမ်သားများ တစ်ယောက်မျှ သတိမထားမိလိုက်ကြ။ တောဆင်ရိုင်းကြီးက နေအိမ်ကို အစွယ်ဖြင့် ထိုးကော်လျက် ဦးကင်းနှင့်တိုက်ကာ ဖြိုချလိုက်သည်။ နေအိမ်သည် စက္ကူအိမ်တစ်လုံးလို ပြိုလုတဲတဲ ဖြစ်သွားရ၏။ နေအိမ်ပြိုကျသွားသဖြင့် အိမ်တွင်းမှာ ရှိနေကြသည့် အိမ်သားများ သက်စွန့်ဆံဖျား ကြောက်အားလန့်အား ပြေးထွက်လာကြရ၏။

အိမ်ရှင်ဖြစ်သော ဦးအဲညီထွေး တစ်ယောက်တော့ ကံမကောင်းရှာပါ။ တောဆင်ရိုင်းကြီး ရှေ့တည့်တည့်ကိုမှ ပြေးလာမိလျက်သား ဖြစ်သွားသည်။ တောဆင်ရိုင်းကြီးက ရှေ့တည့်တည့်သို့ ရောက်လာသော ဦးအဲညီထွေးကို အစွယ်ဖြင့် ထိုးပစ်လိုက်၏။ လူသားတစ်ဦး၏ တည်ဆောက်ထားပုံသည် အသား၊ အသွေး၊ အကြောနှင့် ပါးလွှာသော အရေခွံမျှသာဖြစ်ရကား တောကောင်ကြီး၏ မာကျောသောအစွယ်ဖြင့် ထိုးသွင်းခြင်း ခံလိုက်ရသောအခါ စိစိညက်ညက်ကြေလွှက် တစ်စစီ တစ်ပိုင်းစီ စုတ်ပြတ်သွားခဲ့ရလေသည်။ ဝမ်းဗိုက်တည့်တည့်တွင် တောဆင်ရိုင်းကြီး၏ အစွယ်ဖြင့် ထိုးသွင်းခြင်း ခံလိုက်ရသဖြင့် ဟောင်းလောင်းပွင့်သွားသည်။ အသက်ပင် ဘယ်ကထွက်သွားသည် မသိတတ်နိုင်။

တောဆင်ရိုင်းကြီးသည် နေအိမ်ကို ဖြိုလဲ၊ လူကိုလည်း သတ်ပြီးပြီ ဖြစ်သောကြောင့် တောတွင်းသို့ပင် ပြန်လည်ဝင်ရောက်သွားခဲ့ပြန်လေသည်။ သည့်နောက်တစ်ဖန် နေ့မွန်းမတည့်မီ တောဆင်ရိုင်းကြီးသည် ကလေးဝ-မော်လိုက် ကားလမ်းနံဘေးတစ်နေရာရှိ မန်ဖာလေးကျေးရွာသို့ ရောက်ရှိလာပြန်လေသည်။ ရွာသားတွေ ကိုယ်စီကိုယ်ငှ လယ်ကွင်း၊ ယာခင်းများဆီ ရောက်ကုန်ကြပြီ။ နေအိမ်များအတွင်း သက်ကြီးရွယ်အိုနှင့် ကလေးအချို့သာ ကျန်ရစ်သည်။

မန်ဖာလေးကျေးရွာအနီး လယ်ကွင်းတစ်ခုတွင် လယ်တဲတစ်လုံး ဆောက်ထားပြီး လယ်ထဲအတွင်းမှာ အသက် (၈၂)နှစ် ရှိနေပြီဖြစ်သော သက်ကြီးတစ်ဦးတည်းသာ လယ်စောင့်ကျန်ရစ်၏။ သားသမီးများက ယာခင်းထဲသို့ ရောက်နေကြ၍ပင်။

ထိုစဉ်ခိုက်ဝယ် တောဆင်ရိုင်းကြီးက တောတွင်းမှ ရုတ်တရက် ပြေးထွက်လာလေသည်။ တောဆင်ရိုင်းကြီး လှုပ်ရှားပုံမှာ မြန်ဆန်လှသည်ဖြစ်၍ လယ်တဲအနီးသို့ ဗြုန်းခနဲ ရောက်လာမှသာ တွေ့မြင်ကြရ၏။ တောဆင်ရိုင်းကြီးသည် လယ်ကွင်းအတွင်း တွေ့မြင်နေရသော လယ်တဲအနီးသို့ ချဉ်းကပ်ရောက်ရှိလာကာ လယ်တဲကို နှာမောင်းဖြင့် ရစ်ပတ်လျက် ဖြိုချဖျက်ဆီးပစ်လိုက်သည်။ လယ်စောင့်တဲဆိုသည်မှာ သစ်ကြီးဝါးကြီးများသုံးလျက် အခိုင်အခဲ ဆောက်လုပ်ထားသည် မဟုတ်ရကား မဒမတိုင် ခပ်သေးသေး၊ ဝါးနှက်ဝါး အချဉ်လုပ်၊ ခဏတစ်ဖြုတ် နေဖြစ်ရုံ ဆောက်လုပ်ထားသော တင်းကုပ်သာသာ တဲမျှသာဖြစ်၏။

တောဆင်ရိုင်းကြီး၏ နှာမောင်းဖြင့် ရစ်ပတ်ဆွဲဖြိုခြင်း ခံလိုက်ရသောအခါ အရုပ်အိမ်ကလေးတစ်လုံးလို ဖွဲ့နုံးခနဲ ယိုင်လဲပြိုဖျက်သွားရလေသည်။ တောဆင်ရိုင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com

အသက်(၈၂)နှစ်အရွယ် အဘိုးအိုကြီးကို မည်သူမတာ ရက်ရက်စက်စက် အစွယ်နှင့် ထိုးသတ်ပစ်လိုက်လေသည်။ အဘိုးအိုကြီး နေရာတွင်ပင် ပွဲချင်းပြီး အသက်ထွက်သွားရရှာသည်။

ဦးဘသောင်းအား တောဆင်ရိုင်းကြီး အစွယ်ဖြင့် ထိုးသတ်သွားခြင်း ခံလိုက်ရသည်ကို ညနေစောင်းအချိန် သားသမီးတွေ ယာခင်းမှ ပြန်လာမှသာ တွေ့ရှိကြရ၏။ တစ်မိသားစုလုံး အုံးအုံးကျက်ကျက် ဝမ်းနည်းမဆုံး ကြေမိမီအုံးသည့်အလား ခံစားကြရ၏။ ဒီတောဆင်ရိုင်းကြီး အလွန်ဆိုးရွားသောင်းကျန်းနေပြီ ဖြစ်သည်။ တစ်နေ့တည်းမှာပင် လူနှစ်ယောက်ကို သတ်လိုက်ပြီး ဖြစ်ပါသည်။

တောဆင်ရိုင်းကြီး နံနက်စောစော ပလူဇဝကျေးရွာသို့ ဝင်ရောက်အလာ ချောင်းစပ်အနီးတွင် ရွာသား မောင်သိန်းဝင်းက တွေ့ရှိခဲ့သည်။ မောင်သိန်းဝင်းက ရွာသို့ ပြန်ပြေးလာခဲ့ပြီး အကြောင်းကြားသဖြင့် ရွာလူကြီးက ဦးဆောင်လျက် မီးတုတ်၊ မီးစည်းများဖြင့် ခြောက်လှန့်မောင်းထုတ်ပစ်ခဲ့ကြ၏။ တောဆင်ရိုင်းကြီး ထိတ်လန့်ကြောက်ရွံ့စွာဖြင့် တောတွင်းသို့ ပြန်ပြေးသွားခဲ့ရ၏။ တောဆင်ရိုင်းကြီး လုံးဝအခဲအကြေ။

တောင်ပေါ်မှာ အစာရေစာများ ရှာရဖွေရ ခက်ခဲနေသည်။ ယခင်ရွေးကနှင့် မတူတော့။ စားကျက်တွေမှာ လူတွေက စိုက်ခင်းတွေ၊ ယာခင်းတွေ ပြုလုပ်နေကြသဖြင့် တောကောင်တွေအတွက် နေစရာ၊ စားစရာတွေ ရှားပါးနေပြီဖြစ်၍ လူတို့၏နေရာ တောင်ခြေက ကျေးရွာစိုက်ခင်းများဆီ ခြေဦးလှည့်လာကြခြင်း ဖြစ်လေသည်။ စားကျက်နယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ လူတို့က တောကောင်များအား အမဲလိုက် သတ်ဖြတ်ခြင်း၊ ဆင်စွယ်တန်ဖိုးကြီးသဖြင့် ဆင်တွေကို မုဆိုးများက လိုက်လံရှာဖွေ သတ်ဖြတ်ခြင်း စသည့်အကြောင်းရင်းများသည် လူနှင့်ဆင်တို့အကြားကြီးမားသော ပဋိပက္ခများပင် ဖြစ်သည်။ ဆင်များကို ဌာနေမုဆိုးများ တရားမဝင် အမဲလိုက် သတ်ဖြတ်မှုများကို သက်ဆိုင်ရာမှ အချိန်ပြည့် စောင့်ကြည့်ခြင်းလည်း ရှိမည်မဟုတ်ချေ။ သည့်အပြင် တောရိုင်းတိရစ္ဆာန်များအား တရားမဝင် အမဲလိုက် သတ်ဖြတ်ခြင်းကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း မရှိသောကြောင့် ကာကွယ်ထားသော သဘာဝကြိုးဝိုင်းများအတွင်းသို့ပင် ဝင်ရောက်လျက် အမဲလိုက် သတ်ဖြတ်ခြင်းများ ပြုလုပ်နေကြ၏။

ပလူဇဝကျေးရွာနှင့် မန်ဖာလေးကျေးရွာ နှစ်ရွာမှ ဦးဆဲညီထွေးနှင့် ဦးဘသောင်းတို့အား အစွယ်ဖြင့်ထိုးလျက် သတ်ဖြတ်သွားသော တောဆင်ရိုင်းကြီးကို ကလေးဝမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအပြင် ကလေးဝပြည်သူ့ဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ ဆေးရုံဝန်ထမ်းများပါ မကျန် ပူးပေါင်းပါဝင်လျက် တောတွင်းသို့ သွားရောက်ကာ ဆင်ဆိုးကြီးအား ခြောက်လှန့်ပစ်ခတ် မောင်းထုတ်ကြ၏။ သည်အခါ၌မူ လူနှစ်ယောက်ကို သတ်ဖြတ်သွားသည့် မသတီဖွယ်ရာ တိရစ္ဆာန်ကြီးသည် စုစည်းညီညွတ်သော လူသားတို့အား အနိမတုနိုင်တော့ဘဲ တောနက်ထဲသို့ ထွက်ပြေးဝင်ရောက် ပျောက်ကွယ်သွားခဲ့လေသည်။

မြန်မာနိုင်ငံတွင် စုစုပေါင်း ဓရိယာ(၈၈၂၅.၆၆)စတုရန်းမိုင်ခန့် ကျယ်ဝန်းသည့် ဆင်ဘေးမဲ့တောငါးခု တည်ထောင်ထားပြီးဖြစ်ကာ (၂၀၁၂)ခုနှစ်အတွင်း မူလဆင်စားကျက်များ ပါဝင်သော မြောက်စာမရီ၊ ရဲနွယ်၊ ကျောက်တံခါး၊ အုတ်ဖိုကြီးဝိုင်း ဓရိယာစုစုပေါင်း(၃၇၉.၅၃)စတုရန်းမိုင်ကို ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ဆောင်ရန် ရည်ရွယ်ထားကြောင်း အဓိန်ထုတ်ပြန်ထားကာ အတည်ပြုဖွဲ့စည်းနိုင်ရန် တိုင်းတာမှုများ ဆောင်ရွက်နေကြောင်း မြန်မာတိုင်းမ်ဂျာနယ်တွင် တွေ့မြင်ဖတ်ရှုရသဖြင့် မြန်မာတို့၏ ရတနာတန်းဝင် ဆင်တို့အတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ရင်အေးရပါလေသည်။

ခင်မောင်အေး(မန္တလေး)

စာကိုး

* ပြည်မြန်မာသတင်းဂျာနယ်၊ အမှတ်(၉၁၉)၊ (၂၀၁၄)ခုနှစ်၊ မေလ (၁၄)ရက်။
* မြန်မာတိုင်းမ်ဂျာနယ်၊ ပြည်တွင်းသတင်း။

www.burmeseclassic.com

www.burmeseclassic.com

အစာလမ်းကြောင်းနှင့်ပတ်သက်သော ရောဂါများတွင် အသုံးပြုနိုင်သည့် တိုင်းရင်းဆေးဝါးများ

အစာမကြေရောဂါ

ကြောင်လျှာခေါက် ငါးကျပ်သားကို အမှုန့်ပြု၍ ရေနွေး နှစ်ဆယ်သားတွင် နှစ်နာရီခန့် စိမ်ထားပါ။ ဆေးရည် အေးလျှင် ဆေးတစ်ခွက်စာ ပမာဏအနေဖြင့် တစ်ကျပ်သားကို တစ်ကြိမ်ကျ သောက်ပေးနိုင်ပါသည်။ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် သောက်ပေးခြင်းဖြင့် ဝမ်းမီးနှံခြင်းကြောင့်ဖြစ်သော အစာမကြေရောဂါကို ပျောက်ကင်းစေနိုင်သော ဆေးစွမ်းကောင်းတစ်လက်အဖြစ် လွယ်ကူစွာ ကုသနိုင်သော ဆေးနည်းအဖြစ် အသုံးဝင်ပါသည်။

အစာမကြေ မကြာခဏ ဖြစ်လေ့ရှိကြသူများ နေ့စဉ် စားသုံးသော ဟင်းစားသီးနှံတို့ဖြင့် ကုသနိုင်ပေသည်။ ကြက်ဟင်းခါးကို ထုထောင်းရရှိသော အရည်(သတ္တုရည်)တွင် အိမ်သုံးဆားမီးဖုတ် အနည်းငယ်ကို ထည့်ပါ။ ဆေးပမာဏ တစ်ကြိမ် ဟင်းစားစတီးဇွန်း တစ်ဇွန်းကို သောက်ပေးပါ။ တစ်နေ့ သုံးကြိမ် သောက်ပေးခြင်းဖြင့် အစာမကြေခြင်းကို ပျောက်ကင်းစေပါသည်။ အစာကြေချက်အားကို တိုးပွားစေပါသည်။

လေနာထခြင်း

ပရန္တဝါရွက်ကို ငါးပနေ်ကင်နှင့် မကြာခဏ ချက်စားပေးခြင်း၊ ဟင်းချိုချက်သောက်ပေးခြင်းဖြင့် လေနာထ၍ အစာမကြေခြင်းအတွက် ဆေးနည်းကောင်း တစ်လက်အဖြစ် အသုံးပြုနိုင်ပေသည်။

လေပွ အစာမကြေခြင်း

လေပွ၍ အစာမကြေတတ်သူများအတွက် သဘာဝဆေးနည်းတစ်နည်းကို ဖော်ပြလိုပေသည်။

ပျားရည်စစ်စစ်ကို ဆေးမြီးတိုအဖြစ် အသုံးပြုနိုင် ပေသည်။ ပျားရည်စစ်စစ်ကို တစ်နေ့ နှစ်ကြိမ် လျက်ပေးခြင်းဖြင့် အစာမကြေခြင်း၊ လေပွခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပေသည်။

အစာဝင်လျှင် အန်သောရောဂါ

စောင်းလျားသီးအမှည့်ကို မကြာခဏ စားသောက်ပေးခြင်းဖြင့် အစာဝင် အန်သော ရောဂါဝေဒနာကို ပျောက်ကင်းစေသည့် ဆေးတစ်လက် ဖြစ်ပေသည်။

ရင်ပြည့် ဝမ်းကျရောဂါ

ရင်ပြည့် ဝမ်းကျရောဂါကုထုံး ဆေးမြီးတိုတစ်လက်မှာ ကန်စွန်းရွက်ပြုတ် ဆေးရည်ကို မကြာခဏ သောက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သော ဆေးစွမ်းကောင်း တစ်လက်အဖြစ် အသုံးပြုနိုင်ပေသည်။

ရင်ပြည့် ရင်ကယ်ခြင်း

နေကြာစေ့လှော် စားပေးခြင်းဖြင့် ရင်ပြည့်ခြင်း၊ ရင်ကယ်ခြင်း ဝေဒနာကို ပျောက်ကင်း သက်သာစေသည့်အပြင် ဝမ်းကြောတင်းခြင်းကိုလည်း သက်သာစေပါသည်။

[ကျော်တင့်ဆွေ၏ တိုင်းရင်းဆေးကုထုံး စာအုပ်မှ..]

www.burmeseclassic.com

www.burmeseclassic.com

နေမင်းသူရိယ (ဆင်ဖြူကျွန်)

ပျံလွှင့်နေသည့် ဝိညာဉ်ကိုယ်ပွား စိတ်ခွဲပညာ

(၁)

မနောစိတ်စွမ်းအင်ကြောင့် ခန္ဓာကိုယ်နှစ်ခုရှိနေသော ဖြစ်စဉ်ကို အင်္ဂလိပ်လို (Disembody) ဒစ်ဆင်ဘော်ဒီဟု ခေါ်ဆိုပြီး [Separate setfree (The Soul or Spirit) from the body] အဓိပ္ပာယ်မှာ ဝိညာဉ်ကို ခန္ဓာကိုယ်နှင့် ကွဲကွာစေသည်ဟု အဓိပ္ပာယ်ရရှိပါသည်။

♦♦♦

(၂)

ရာသီဥတုသာယာသော နွေတစ်နေ့ဖြစ်၏။ နှင်းမှုန်လေးများလည်း ပါးလျစွာဖြင့် ကျဆင်းနေ၏။ ပါးလျစွာကျဆင်းနေသော နှင်းမှုန်လေးများ၏ အရိပ်ဘက်ကြောင့် အနက်ရောင် ကတ္တရာလမ်းမှာ ပေါ်လစ် (အရောင်ဆီ) တင်ထားသကဲ့သို့ ပြောင်လက်နေ၏။ ကားများ၊ လူများတို့၏ အရိပ်သည်လည်း မှန်ပြင်ကဲ့သို့ဖြစ်နေသော ကတ္တရာလမ်းမပေါ်တွင် ပြောင်းပြန်ထင်ဟပ်လျက် ထင်ထင်ရှားရှား ပေါ်လွင်နေ၏။

ပွင့်အာလာသော နေမင်း၏ အနီရောင်အဆင်းကြောင့် နယူးယောက်မြို့၏ ရွှေခင်းသဘာဝ ပုံသဏ္ဌာန်တို့သည် ပိုမို၍ သစ်လွင်တောက်ပနေသော ပန်းချီကားတစ်ချပ်သဖွယ် လှပနေ၏။ အရောင်အသွေးစုံလင်လှသည့် ရာပေါင်းများစွာသော ကားကြီး၊ ကားငယ် အသွယ်သွယ်တို့သည် ကတ္တရာလမ်းမပေါ်တွင် အသက်ဝင်လှုပ်ရှား ပြေးလွှားနေကြ၏။

အချို့နေရာများ၌ လက်ရာမြောက်လှသော (Church) ရှေးဟောင်း ခရစ်ယာန် ဘာသာရေးကျောင်းတော်ကြီးများ၊ ခရစ္စမတ်ခေါင်းလောင်းကြီးများမှာလည်း အလွန်ပင်လှပ တင့်တယ်စွာ ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးပျံတိုက်ကြိုးများ၊ မိုးပျံဟိုတယ်များ၊ မွေးနေ့ကိတ် ဒီဇိုင်းမျိုးစုံနှင့် မုန့်တိုက်ကြိုးများ၊ မီနီမားကတ်များ၊ စူပါ မားကတ်များ၊ စတိုးဆိုင်ကြိုးများ၊ ဆင်ခြေဖုံးရပ်ကွက်များ ၌ စက်ရုံကြိုးများဖြင့် ရွှမ်းယုက်ခတ်ပြည့်နှက်နေ၏။

လမ်းဘေးဌ်ရှိသော ပန်းခြံများကိုလည်း လွန်စွာလှပ အောင် ပြုပြင်ထားကြ၏။ သစ်ပင်များကို အလိုရှိရာ ပုံစံ ဒီဇိုင်းအမျိုးမျိုးဖြစ်အောင် ကိုက်ဖြတ်ထားကြ၏။ တချို့က ထုချွန်ပုံစံ၊ တချို့က ဆလင်ဒါပုံစံ၊ တချို့က ဘိုပွင့်ပုံသဏ္ဌာန်၊ တချို့ကျတော့ တိရစ္ဆာန်ပုံစံလေးများအဖြစ် ပုံသွန်းဖြတ်ညှပ် ထား၏။

ရေပန်းများကိုလည်း ဆန်းပြားသော ပုံသဏ္ဌာန်အမျိုး မျိုး ဖန်တီးထား၏။ ရေမြောင်းကလေးများ၊ တံတားသေး သေးလေးများနှင့် မြစိမ်းရောင်ကတ္တီပါကော်အောကြိုး တစ် ချပ်လို လိုရာပုံသွင်း ဖြတ်ညှပ်ထားသော မြက်ခင်းများက လည်း ရေပန်းများနှင့် လိုက်ဖက်လှ၏။

အလွန်ကျယ်ဝန်းသော နေရာကွက်လပ်တစ်ခုတွင်ရှိ သော (High Court) ဗဟိုတရားရုံးကြီး၏ ရှေ့ဘက်ဝဲယာ တွင်လည်း မြက်ခင်းများ၊ ပန်းအလှပင်များနှင့် ခြယ်မှုန်း ထား၏။ ကားများထားရှိရန်နေရာများ၊ တရားရုံးသို့ ရောက် ရှိလာသော ဧည့်သည်တော်များ နားနေနိုင်ရန် နေရာများ၊ တရားစစ်ဆေးသော တရားခုံရုံးများ၊ ခေတ္တတရားခံများ ထားရှိရာနေရာ၊ သက်ဆိုင်ရာ ဥပဒေဝန်ထမ်းများ၊ ဂျူရီလူ ကြီးများ၊ ရှေ့နေများ၊ တရားသူကြီးများ၊ ပုလိပ်အဖွဲ့ဝင်များ စသည်တို့သည် တရားရုံးဖွင့်သည့်နေ့ဆိုလျှင် ပျားပန်းခပ်မျှ ရှုပ်ထွေးစည်ကားလှ၏။

ယနေ့ ဟိုက်ကုတ်ဗဟိုတရားရုံးသည် ခါတိုင်းနေ့များ ထက်ပို၍ စည်ကားနေရခြင်းမှာ မက်ဒေါနယ်၏ အမှုကို အပြီးသတ်ဆုံးဖြတ်ချက်ပေးမည့်နေ့ ဖြစ်ခြင်းကြောင့်ပင်ဖြစ် ၏။ တရားရုံးခန်းကြီးအတွင်းရှိ ကုလားထိုင်များပေါ်တွင် အမှုသွား အမှုလာကို လာရောက်နားထောင်လိုသူများနှင့် သတင်းစာတိုက်များမှ သတင်းယူရန် သတင်းထောက်များ၊ ဘရုတ်ကလင်မြို့မှ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ ပါမောက္ခများ၊ စိတ်ပညာသုတေသနပညာရှင်များ၊ မြို့မိ မြို့ဖများလည်း ပါဝင်၏။ ထို့ပြင် (Jury box) ဂျူရီလူကြီး များအတွက် သီးသန့်နေရာတွင်လည်း ပြည့်နှက်နေသည့်အပြင် စကြံလမ်းပေါ်တွင်လည်း ခွဲကောင်းကောင်း ဖြင့် နားထောင်လိုသူများနှင့် ပြည့်နှက်နေ၏။

တရားသူကြီးထိုင်သော ကုလားထိုင်နောက်ကျော ဘက် နံရံပေါ်ရှိ ဘစ်ဘင်တိုင်ကပ်နာရီသည် နံနက်(၉)နာရီ ထိုးကြောင်း အချက်ပေးမြည်သံ ထွက်ပေါ်လာ၏။ ရုံး အတွင်းရှိ လူများသည်လည်း တိတ်ဆိတ်ငြိမ်သက်သွားကြ ၏။

တရားစီရင်သော စင်မြင့်ပေါ်သို့ ရှေးဦးစွာ လက်ရေး တို ရှေ့ဖတ်စာရေး တက်ရောက်လာ၏။ ပြီးမှ -

"တရားခံ မက်ဒေါနယ်၏အမှုကို အပြီးသတ်ဆုံးဖြတ် ချက် စီရင်ချက်ချမည်ဖြစ်၍ တရားလို၊ တရားခံ နှစ်ဖက်မှ သက်သေများသည် ငါးမိနစ်အတွင်း အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားကြပါရန် ပန်ကြားပါသည်ခင်ဗျာ"

ခဏကြာသော် ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထားသော တရားသူကြီးသည် တရားစီရင်သော စင်မြင့်ပေါ်သို့ တက် ရောက်လာ၏။ အားလုံးသောပရိသတ်ကြီးကလည်း ဝင်လာ သော တရားသူကြီးကို မတ်တတ်ရပ်၍ အလေးဂရုဂါရဝပြု ကြ၏။ တရားသူကြီးကလည်း မတ်တတ်ရပ်ဂါရဝပြုသော ပရိသတ်ကြီးကို အေးဆေးစွာ ထိုင်ပါရန် ပြောကြားလိုက် ၏။ ထို့နောက် တရားစီရင်သော ကုလားထိုင်ပေါ်သို့ ထိုင် ချလိုက်၏။ ပြီးတော့ မက်ဒေါနယ်၏ အမှုတွဲကို ဆွဲယူလိုက် ပြီး စတင်ဖတ်ရှုလေတော့၏။

◆ ◆ ◆

(၃)

ဘရုတ်ကလင်မြို့သည် နယူးယောက်မြို့နှင့် မိုင်ပေါင်း ရာချီ၍ ဝေးကွာလှ၏။ သို့သော် ထင်ရှားသော တော်ဝင် ပြဇာတ်ရုံရှိ၏။ နယူးယောက်မြို့လောက် မကြီးကျယ်သော်လည်း ပွဲရုံများ၊ ကုန်သည်ကြီးများ၊ ဂိုဒေါင် (Godown) ကြီးများ၊ ကုန်စုံဆိုင်ကြီးများ၊ ခရစ်ယာန် ချာ့(ချ်)များ၊ ကျောင်းများဖြင့် လှပသောမြို့ငယ်ကလေးတစ်မြို့ဖြစ်သည်။ တစ်ခါတစ်ရံ သူဌေးသူကြွယ်ဟု ယူဆရသော ပုဂ္ဂိုလ်များ သည် ကျားမျက်လုံးမှခဲဘီလူး တပ်ဆင်ထားသော ကြေး မီးအိမ်ငယ်များဖြင့် အလှဆင်ထားသည့် မြင်းလှည်းကို ခွာ လေးဘက်ကျ ခွပ်..ခွပ်..ခွပ်..ခွပ်ဟူသော ခွာကျသံဖြင့် မောင်းနှင်၍ လာတတ်သည်ကို တွေ့ရတတ်၏။ နယူး ယောက်မြို့ကြီးကဲ့သို့ ဆူညံပွက်မနေသောကြောင့် အေးချမ်း သည်ဟု ပြောလျှင်ရ၏။

ယနေ့သည် ဘရုတ်ကလင်မြို့ တော်ဝင်ပြဇာတ်ရုံကြီး အတွင်း၌ အိပ်မွေ့ချပြသာအကြောင်း ဟောပြောပွဲနှင့် သရုပ်

www.burmeseclassic.com

www.burmeseclassic.com

ပြပွဲ ပြုလုပ်မည်ဟု တစ်မြို့လုံးက သိရှိထားကြသည်။ ထို့ကြောင့်ပင် ပြဇာတ်ရုံတစ်ရုံလုံး လေ့လာသူများနှင့် ပြည့်နှက်နေ၏။ အချို့ကား ည(၈)နာရီခန့်ရှိပြီဖြစ်၍ သရုပ်ပြပွဲ အစီအစဉ်စတင်လျက်ရှိ၏။

ယင်းသရုပ်ပြပွဲကို ဘရုတ်ကလင်မြို့မှ မြို့မိမြို့ဖများ၊ စိတ်ပညာသုတေသနပညာရှင်များ၊ အသင်းဖွဲ့များ၊ ပညာတတ်အသိုင်းအဝိုင်းမှပုဂ္ဂိုလ်များ၊ သက်သေသက္ကာယအဖြစ် ခံသမာဓိလူကြီးမင်းများ ရှေ့မှောက်တွင် ပါမောက္ခ ဒေါက်တာဝိန်းသည် မည်သည့်ခေတ်မီဆေးဝါးများကိုမဆို အသုံးမပြုဘဲ စိတ်စွမ်းအင်သက်သက်ဖြင့်သာ အိပ်မွေ့ချ၍ ရနိုင်ကြောင်း သက်သေပြရမည် ဖြစ်သည်။

နယူးယောက်တက္ကသိုလ်မှ စိတ်ပညာပါမောက္ခ ဒေါက်တာဝိန်းသည် နှယ်နှယ်ရရမဟုတ်။ ကမ္ဘာ့တက္ကသိုလ်ကြီးများမှ ဆရာကြီးများကိုယ်တိုင် လေးစားကြရ၏။ အိပ်မွေ့ချပညာရပ်(Hypnosis) တွင်လည်း သူမတူအောင် တတ်မြောက်သူဟု ချီးမွမ်းခံရသူတစ်ယောက် ဖြစ်သည်။

မကြာမီ ပြဇာတ်စင်မြင့်ပေါ်သို့ ပါမောက္ခဝိန်း တက်လာ၏။ ပြီးနောက် မစ္ဆတာမက်ဒေါနယ်အား ဖိတ်ခေါ်လိုက်၏။ ဆရာဝန်များကလည်း ဆေးဝါးသုံးစွဲထားခြင်းရှိ,မရှိ စစ်ဆေးပြီးဖြစ်၍ ခံသမာဓိလူကြီးမင်းများကလည်း ပြဇာတ်စင်မြင့်ပေါ်သို့ တက်ရောက်ခွင့်ပေးလိုက်၏။ စင်မြင့်ပေါ်သို့ မက်ဒေါနယ် ရောက်ရှိလာသောအခါတွင် ဒေါက်တာဝိန်းက မက်ဒေါနယ်အား ကုလားထိုင်တစ်လုံးပေါ်တွင် သက်သောင့်သက်သာထိုင်ရန် ညွှန်ကြားလိုက်သည်။

ထို့နောက် လည်ပင်းတွင် ဆွဲထားသော ခရစ်တော်၏ လက်ဝါးကပ်တိုင်ပုံသဏ္ဌာန်ဆွဲကြိုးကို ဖြုတ်လိုက်ပြီး မက်ဒေါနယ်၏မျက်စိရှေ့ ကိုးလက်မ၊ ဆယ်လက်မ အကွာခန့်တွင် လက်ဝဲဘက်မှ လက်ယာဘက်သို့လည်းကောင်း၊ လက်ယာဘက်မှ လက်ဝဲဘက်သို့လည်းကောင်း ဖြည်းညည်းစွာ လှုပ်ယမ်းပြသနေ၏။ ပြသနေသော လက်ဝါးကပ်တိုင် ဆွဲကြိုးလေးကို စူးစိုက်စွာကြည့်ရှုရန် မက်ဒေါနယ်ကို အမိန့်ပေး နေ၏။

"မင်း အိပ်ချင်လာပြီ၊ မင်း အိပ်ချင်လာပြီ။ မင်းရဲ့မျက်လုံးတွေ မှေးစင်းလာနေပြီ၊ မင်းရဲ့မျက်လုံးတွေ မှေးစင်းလာနေပြီ"

"ဟုတ်ပြီ..ဟုတ်ပြီ။ ဆွဲပြားလေးကို စူးစူးစိုက်စိုက် ကြည့်ထားပါ"

"မင်း လုံးဝအိပ်ချင်လာပြီ။ မင်း အိပ်နိုင်ပြီ။ အေးအေးဆေးဆေး အိပ်နိုင်ပြီ။ မင်း လုံးဝအိပ်တော့။ မင်း လုံးဝအိပ်ပျော်နေပြီ။ မင်း လုံးဝအိပ်ပျော်နေပြီ"

ပါမောက္ခဝိန်းက အမိန့်ပေးနေ၏။

(၁၀)မိနစ်ခန့်ကြာသော် မက်ဒေါနယ်၏ မျက်လုံးများသည် ဖြည်းညင်းစွာမှိတ်သွားပြီး နောက်ကျောမီပါ လက်တင်ကုလားထိုင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

ပရော်ဖက်ဆာ ဒေါက်တာဝိန်းက ပရိသတ်ကြီးဘက်သို့ လှည့်ပြီး-

"လေးစားအပ်ပါသော ပညာရှင်များ၊ ဆရာဝန်များ စိတ်ပညာသုတေသနပညာရှင်များခင်ဗျာ..ကျွန်တော် အိပ်မွေ့ချထားတဲ့ မစ္ဆတာမက်ဒေါနယ်မှာ ယခုအချိန်ကစပြီး သူ့ရဲ့ မသိစိတ်(Sub Conscious-mind)ဟာ နီးကြားနေတဲ့ အချိန် ဖြစ်ပါတယ်။ ဒါကြောင့် အတိတ်အကြောင်းအရာများ စစ်ဆေးမှုပြုနိုင်ခြင်း၊ မိမိ၏ နောက်ဘဝဟောင်းများကို ပြန်လည်အမှတ်ရအောင် ပြုလုပ်နိုင်ခြင်း၊ ခက်ခဲသောပုစ္ဆာများ ဖြေကြားနိုင်ခြင်းတို့ကို ပြုလုပ်နိုင်ပါတယ်"

ပညာရှင်အသိုင်းအဝိုင်းမှ ပရိသတ်များကလည်း ဆရာကြီး ဒေါက်တာဝိန်းပြောတာ မှန်ကန်ကြောင်းကို တီးတိုးထောက်ခံကြသံများက ထောက်ခံကြ၏။

သို့လော,သို့လော ပြောကြားသူများကလည်း တစ်ခွန်းတစ်ဖုံ ထိုသို့ရှိနေစဉ်-

"လေးစားအပ်တဲ့ ပညာရှင်မိတ်ဆွေများအားလုံး လာရောက်စစ်ဆေးနိုင်ကြပါပြီခင်ဗျာ"

ပထမဦးဆုံး တက်ရောက်လာသူများမှာ ပရိသတ်များထဲမှ စိတ်ပညာသုတေသနပညာရှင်များအဖွဲ့မှ တက်ရောက်စစ်ဆေးကြ၏။ ဆရာဝန်များအဖွဲ့ကမူ နဂိုကတည်းက ဆေးဝါးသုံးစွဲမှုရှိ,မရှိ စစ်ဆေးခဲ့သူများဖြစ်၍ ပိုမိုစိတ်ဝင်စားကြ၏။ ဆေးပညာရှင်ထောင့်ဘက်မှလည်း တိုင်းထွာလေ့လာကြည့်ရှုစစ်ဆေးကြ၏။ နောက်ဆုံးတွင်မူ စိတ်ဝင်စားသူများကပါ တက်ရောက်ကြည့်ရှုကြ၏။

မက်ဒေါနယ်၏ ခန္ဓာကိုယ်ကြီးကတော့ ကုလားထိုင်ပေါ်မှာ အိပ်မောကျလျက်ပင်။

အချို့ကား (၃)နာရီထိုးပြီဖြစ်သော်လည်း တွေ့ဆုံးဆန်းပြားသော အိပ်မွေ့ချပညာရပ်အကြောင်းကို တခေါ်တနား ဟောပြောနေကြဆဲပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ရုံကြီး၏ အပြင်၌ရှိသော အများပြည်သူများ အနွေးဓာတ်ရရန် ပြုလုပ်ထားသည့် ပေပါပြတ်ကြီးထဲမှ မီးတောက်မီးလျှံတို့သည် အရှိန်ပြင်းစွာ တောက်လောင်နေဆဲ။

♦ ♦ ♦

(၄)

မာယာများသလောက် ချစ်စရာကောင်းသော နှင်းမှုန်ဖြူဖြူကလေးများမှာ လေဟုန်စီး၍ ဝေ့ကာဝိုက်ကာကျဆင်းနေ၏။ နယူးယောက်မြို့ အလှအပသည် ည၏ သမီးပျိုကြောင့် ပို၍တင့်တယ်နေ၏။ ကညင်ဆီဖြင့် ထွန်းညှိထားသော လေးထောင့်မှန်မီးအိမ်များ အစီအရီထွန်းညှိထားသော ကြောင့်လည်း အမှတ်(၂)လမ်းမကြီးတစ်လျှောက် ထင်လင်းစွာ မြင်နေရ၏။

အချို့နေရာတို့၌ အက်ဒီဆင်၏ လျှပ်စစ်မီးလုံးများ ထွန်းညှိထား၏။ အများအားဖြင့် ဤအမှတ်(၂)လမ်းမကြီး တစ်လျှောက်ရှိ နေထိုင်သော ပုဂ္ဂိုလ်များမှာ လူနေမှုအဆင့်အတန်း မြင့်မားသူများ၊ သူဌေးသူကြွယ်များ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများသာ ဖြစ်ကြ၏။

အမှတ်(၂)လမ်းအတွင်းရှိ အလွန်ချမ်းသာသော တိုက်အိမ်ကြီးတစ်ခုပေါ်သို့ မက်ဒေါနယ်သည် နံရံကို တွယ်ကပ်၍ တိုက်ပေါ်သို့ တက်နေ၏။ လမ်းထဲရှိ အချို့သောပုဂ္ဂိုလ်များက မြင်ကြ၏။ သို့သော် ထိုသူကား မက်ဒေါနယ်ဖြစ်နေ၍ အံ့အားသင့်နေကြ၏။ မက်ဒေါနယ်သည် အပေါ်ထပ်ရောက်သော် လသာဆောင် ဝရန်တာဘက်သို့ကူး၍ တံခါးကို ဖွင့်ပြီး ဝင်နိုင်အောင် ကြိုးစားနေစဉ် လမ်းထဲမှ လူများသည် တစ်ယောက်စကား တစ်ယောက်နားဖြင့် စုရုံးရောက်ရှိ များပြားလာကြ၏။

ထိုစဉ် ပရိသတ်ထဲမှ တစ်စုံတစ်ယောက်သောသူသည် "ဟဲလို..ဟဲလို၊ မစ္စတာမက်ဒေါနယ်..ခင်ဗျားဟာ ဖောက်ထွင်းမှုတစ်ခုကို ကျူးလွန်ဖို့ ကြိုးစားနေသူတစ်ယောက် ဖြစ်တယ်။ ဆင်းခဲ့ပါ။ အကယ်၍ မဆင်းခဲ့ဘူးဆိုရင်တော့ ကျွန်ုပ် သေနတ်နဲ့ ပစ်ရပါလိမ့်မယ်" ဟု အော်ပြောလိုက်၏။

ပြီး ပရိသတ်များကြားထဲမှ နှစ်လုံးပြူးသေနတ်နှင့် ထိုးပြီး ချိန်ရွယ်ထား၏။

မက်ဒေါနယ်သည် တိုက်ဝရန်တာပေါ်မှ အောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။ အောက်ဘက်မှ ပရိသတ်ကြီးကိုလည်း မြင်သွားပုံရ၏။ ထို့ကြောင့်ပင် တိုက်နံရံကို တွယ်ကပ်၍ အောက်သို့ဆင်းလာ၏။ အောက်သို့ ရောက်သော် တစ်လှမ်းချင်း၊ တစ်လှမ်းချင်း လမ်းလျှောက်ပြီး ပရိသတ်ကြီးရှိရာသို့ လာနေ၏။

ပရိသတ်အားလုံးကပင် မက်ဒေါနယ်ကို ပတ်၍ဝိုင်းထားသလို တိုး၍၊ တိုး၍ လာကြ၏။ ပရိသတ်ကြားထဲမှ သေနတ်နှင့် ချိန်ရွယ်ထားသူမှာလည်း မျက်နှာချင်းဆိုင် မက်ဒေါနယ်ရှိရာသို့ လျှောက်လာ၏။ နှစ်ဦးစလုံးကတော့ ပရိသတ်ကြီး၏အလယ်တွင်။

သေနတ်နှင့် အနီးကပ် ချိန်ရွယ်ထားသူက-

"မစ္စတာမက်ဒေါနယ်..ခင်ဗျားဟာ လူကြီးလူကောင်း တစ်ယောက်ဖြစ်ပြီး.."

စကားပင် မဆုံးလိုက်ချေ။ ရုတ်တရက် ချက်ချင်း လျှပ်တစ်ပြက်အတွင်း၌ အများပြည်သူရှေ့မှောက် မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

အားလုံးသော ပရိသတ်ကြီးမှာလည်း-

"ဟယ်..ဟင်..ဟာ.. အိုး..ဂျေ့(တ်).. အို ဘုရားသခင်..အိုး...အမေဇင်း(Amazing) အံ့သြစရာပဲ" ဟူသော အသံများ ဖုံးလွှမ်းသွား၏။

သို့သော်လည်း အားလုံးသော ပရိသတ်ကြီး၏ ရှေ့မှောက်တွင် ပျောက်ကွယ်သွားသူမှာ-

BURMESE CLASSIC

မက်ဒေါနယ်။

အချို့ကဲ့သို့ ည(၈း၀၀)နာရီနှင့် (၉း၀၀)နာရီကြား။

နေ့ကား အချို့ကိုစောင့်သော ရောမနတ်ဘုရား စေတန်၏နေ့ စနေနေ့။

ပရိသတ်ကြီးသည်လည်း အများသူငါ မျက်စိရှေ့မှောက်မြင်ကွင်းမှ ပျောက်ကွယ်သွားသော မက်ဒေါနယ်၏ ပြဿနာသည် ပဟေဠိပုစ္ဆာတစ်ပုဒ်သဖွယ် ကျန်ရစ်ခဲ့၏။ သို့သော် မက်ဒေါနယ်ကို ဥပဒေအရ...။

♦ ♦ ♦

(၅)

တရားရုံးအတွင်း၌ အားလုံးငြိမ်သက်နေကြ၏။ တရားသူကြီးသည် အမှုတွဲကို စစ်ဆေးရင်းမှ ရွေ့ကိုင်းမျက်မှန်ဝိုင်းပေါ်မှကျော်၍ တရားခံဖြစ်သူ မက်ဒေါနယ်အား အကဲခတ်သလို တစ်ချက်ကြည့်ရှုလိုက်၏။ တရားရုံးအတွင်း တရားခံများထားသည့် (ဝက်ခြံ)အချုပ်ငယ်(Dock)ထဲမှ မက်ဒေါနယ်သည် မိမိ၌ အပြစ်မရှိသလို လုံးဝကြည်လင်လျက် တည်ကြည်လျက် ရှိနေ၏။ စကြိလမ်းပေါ်ရှိ နာမည်ထောင်သူ

www.burmeseclassic.com

www.burmeseclassic.com

များကလည်း တရားရုံးအတွင်းသို့ ကြည့်ရှုလျက် တရားသူကြီး၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို စောင့်စားနေကြ၏။

ထိုအခိုက် တရားသူကြီး၏ လက်ယာဘက်ရှိ သစ်သားတူကို သုံးချက်ထုလိုက်၏။ တီးတိုးပြောနေသော စကားသံတို့ ရုတ်တရက်တိတ်ဆိတ်သွား၏။

ဆက်လက်၍ တရားသူကြီးသည် မတ်တတ်ရပ်ကာ နောက်ဆုံး ဆုံးဖြတ်ချက်အဖိန့်ကို ချမှတ်ရန် အဖိန့်ပြန်တမ်းစာရွက်ကို လက်မှကိုင်ရင်း-

"တရားခံ မက်ဒေါနယ်အား အဖိန့်ချမှတ်သည့်အဖိန့်" ဟု ခဲ့ညားတည်ကြည်သောအသံဖြင့် ဖတ်ကြားလိုက်ပြီးနေ့၌၊ အမှုအမှတ်စဉ်၊ မည်သည့်အမှု၊ မည်သည့်ဥပဒေပုဒ်မဖြင့် စွဲချက်တင်ခဲ့ကြောင်း စသည့်အကြောင်းအရာများကို ဖတ်ကြားပြီးနောက် နောက်ဆုံး ဆုံးဖြတ်အဖိန့်မှာ-

"ဤအမှုတွင် တရားခံဘက်မှ သက်သေဖြစ်သော စိတ်ပညာရှင် ပါမောက္ခဒေါက်တာဝိန်း၏ ထွက်ဆိုချက်အရ အမှုဖြစ်ပွားစဉ်အချိန်၌ မက်ဒေါနယ်သည် ဘရုတ်ကလင်မြို့ တော်ဝင်ပြဇာတ်ရုံအတွင်း၌ စိတ်ညှိုးငယ်ရေးချထားခြင်းခံနေရသည်ဟု ဘရုတ်ကလင်မြို့မှ ခုံသမာဓိ သက်သေလူကြီးမင်းများနှင့်အတူ တိကျစွာ ထွက်ဆိုနိုင်ခဲ့၏။

ထို့အတူ တရားလိုပြသက်သေများကလည်း မက်ဒေါနယ်သည် ဖောက်ထွင်းမှုကျူးလွန်ရန် ကြိုးစားနေသည်ကို သက်သေများစွာဖြင့် ဤရုံးတော်အား တင်ပြနိုင်ခဲ့သည်။ သို့သော် တရားလိုပြသက်သေများကပင် အများပြည်သူပရိသတ်ကြီး ရှေ့မှောက်၌ မက်ဒေါနယ်သည် ရုတ်တရက် ပျောက်ကွယ်သွားသည်ဟု ထွက်ဆိုသည်ကို တွေ့ရပြန်သည်။

၁။ ထို့ကြောင့် လူတစ်ယောက်သည် တစ်ချိန်တည်း၌ နေရာနှစ်နေရာ၊ မြို့နှစ်မြို့တွင် တစ်ပြိုင်တည်း ရှိနေသည်ဆိုခြင်းမှာ လုံးဝမဖြစ်နိုင်သော သဘာဝဖြစ်စေနိုင်သော အကြောင်းတရားပင် ဖြစ်၏။

၂။ ဒုတိယအချက်အနေဖြင့် နယူးယောက်မြို့ အမှတ်(၂) လမ်း၌ ဖောက်ထွင်းမှု ကျူးလွန်ရန် ကြိုးစားသူ မက်ဒေါနယ်အား လက်ရဖမ်းဆီးနိုင်ခဲ့ခြင်း မရှိသည်မှာလည်း သဘာဝဖြစ်စေနိုင်သော အကြောင်းတရားပင် ဖြစ်ခဲ့ပြန်သည်။

ထို့ကြောင့် တရားစီရင်ရေးမှုတွင် အပြစ်ရှိသူ ဆယ်ယောက် လွတ်မြောက်သွားစေကာမူ အပြစ်မဲ့သူ တစ်ယောက်ကို အပြစ်ပေးဒဏ်ခြင်း မရှိစေရဟု ဆိုထားပြန်သည်။

ဤအမှုကို အသေးစိတ်စစ်ဆေး၍ ရရှိသော အချက်အလက်များအရ တရားခံဖြစ်သူ မက်ဒေါနယ်တွင် အပြစ်မရှိကြောင်း တွေ့ရှိရသည့်အပြင် ကျူးရီလူကြီးမင်းများကလည်း အပြစ်မရှိကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ပေးခဲ့ကြသည်ကို တွေ့ရသည်။

ဥင်းအပြင် သံသယအကျိုးကို တရားခံသာလျှင် ခံစားခွင့် ရရှိစေရမည်။ (The benefit of doubt) ဖြစ်သောကြောင့် တရားခံဖြစ်သူ မက်ဒေါနယ်အား ဤအမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်စေရမည်ဟု ရုံးတော်မှ အဖိန့်ချမှတ်လိုက်သည်"

အားလုံးသော ပရိသတ်ကြီးမှာ လှိုက်လဲမျော်ရွှင် ဆူညံစွာဖြင့် မက်ဒေါနယ်အားလည်းကောင်း၊ ပါမောက္ခ ဒေါက်တာဝိန်းအားလည်းကောင်း လာရောက်နှုတ်ဆက်ကြ၏။

တရားရုံးအပြင်ဘက်သို့ရောက်သော် သတင်းစာဆရာများက စိတ်ပညာရှင် ပါမောက္ခဒေါက်တာဝိန်းနှင့် မက်ဒေါနယ်တို့ကို ဓာတ်ပုံရိုက်ကြ၊ သတင်းယူကြနှင့် စိတ်ပညာရှင်များကလည်း မသိနားမလည်သော စိတ်ပညာပိုင်းဆိုင်ရာ ကိစ္စရပ်များ မေးကြမြန်းကြနှင့် ရှိနေကြ၏။

ပရိသတ်အများစုကလည်း ဂေဇက်(Gazette) ထွတ်၍ စာမေးပွဲအောင်မြင်သော ကျောင်းသားများကဲ့သို့ ပျော်ရွှင်စွာဖြင့်...။

♦♦♦

(၆)

ပါမောက္ခ ဒေါက်တာဝိန်း အဆိုအရ နိဂုံးချုပ်ရလျှင်မူ တော်ဝင်ပြဇာတ်ရုံ၏ စင်မြင့်ပေါ်၌ စိတ်ညှိုးငယ်ရေးချထားခြင်းခံရသော မစ္စတာမက်ဒေါနယ်၏ ရုပ်ခန္ဓာကိုယ်မှ နာမ်ခန္ဓာကိုယ်သည် ကွဲကွာပြီး အခြားတစ်နေရာသို့ ရောက်၌သွားနိုင်သည်ဟု မှတ်ချက်ပေးခဲ့သလို ဤအမှုသည်လည်း ကမ္ဘာပေါ်တွင် စိတ်စွမ်းအင်ကြောင့် ဖြစ်ပေါ်သည့် ဖြစ်ရပ်ကို နယူးယောက်မြို့ရှိ ဗဟိုတရားရုံးမှ လက်ခံ၍ ပထမဆုံးဆုံး ဖြတ်ချက်ပေးခဲ့ရသော အမှုဖြစ်သည်ဟုဆိုပါလျှင် လွန်ခဲ့မထင်ပါကြောင်း...။

နေမင်းသူရိယ(ဆင်ပြေကျွန်း)

ကျမ်းကိုး

* Your Six Sense By B. Steiger
* Mental Telepathy Explained တို့ ကိုးကား၍ ဆီလျော်အောင် ရေးဖွဲ့သည်။

www.burmeseclassic.com